ဓမ္မဒစေတီတော်

# ပါစိတ်ပါဠိတော်မြန်မာပြန်

ကွယ်လွန်သူ မိဘနှစ်ပါး ဖြစ်သော
ဦးအေးမောင် ဒေါ်ခင်ခင်လှိုင် - တို့
ကွယ်လွန်သူ ညီအစ်ကိုဖြစ်သူ
မောင်ခင်ချမ်းမြေ့ အေး - အဘဂညီရှာ၏
သားကြီး-ကိုဝင်းထွန်းအောင်-မှ
ဓမ္မဒါနပြုသော (ရွှေ-ကျပ်)
သာသနာ့ယာ ကိုအောင်ပြည့်စုံအေး (ရွှေ ...)
မိသားစု၊ ထောက်ပံ့မှု
၁၃၇၂-ခုနှစ်

ပါစိတ်ပါဠိတော်မြန်မာပြန်

http://www.dhammadownload.com

http://www.dhammadownload.com

ဆဋ္ဌသံဂါယနာတင် ပိဋကတ်တော်

ခုဒ္ဒကနိကာယ်ဝင် ဝိနည်းပိဋကတ်

# ပါစိတ်ပါဠိတော်

## မြန်မာပြန်

ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ
သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၃၇ ကောဇာ ၁၃၅၅ ၁၉၉၃

http://www.dhammadownload.com

http://www.dhammadownload.com

# ပါစိတ်ပါဠိတော် မြန်မာပြန်

# မာတိကာ

---

| အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|


## ၅-ဘိက္ခုပါစိတ်အခဏ်း

### ၁-မုသာဝါဒဝဂ်

| | |
|---|---|
| ၁။ မုသာဝါဒသိက္ခာပုဒ် .... .... .... .... | ၁ |
| မုသာဝါဒသိက္ခာပုဒ် အဖွင့် .... .... .... .... | ၂ |
| ၂။ ဩမသဝါဒသိက္ခာပုဒ် .... .... .... .... | ၈ |
| ဩမသဝါဒသိက္ခာပုဒ် အဖွင့် .... .... .... .... | ၉ |
| ၃။ ပေသုညသိက္ခာပုဒ် .... .... .... .... | ၂၃ |
| ပေသုညသိက္ခာပုဒ် အဖွင့် .... .... .... .... | ၂၄ |
| ၄။ ပဒသောဓမ္မသိက္ခာပုဒ် .... .... .... .... | ၂၈ |
| ပဒသောဓမ္မသိက္ခာပုဒ် အဖွင့် .... .... .... .... | ၂၉ |
| ၅။ သဟသေယျသိက္ခာပုဒ် .... .... .... .... | ၃၀ |
| သဟသေယျသိက္ခာပုဒ် အဖွင့် .... .... .... .... | ၃၂ |
| ၆။ ဒုတိယသဟသေယျသိက္ခာပုဒ် .... .... .... .... | ၃၃ |
| ဒုတိယသဟသေယျသိက္ခာပုဒ် အဖွင့် .... .... .... .... | ၃၅ |
| ၇။ ဓမ္မဒေသနာသိက္ခာပုဒ် .... .... .... .... | ၃၆ |
| ဓမ္မဒေသနာသိက္ခာပုဒ် အဖွင့် .... .... .... .... | ၃၉ |
| ၈။ ဘူတာရောစနသိက္ခာပုဒ် .... .... .... .... | ၄၀ |
| ဘူတာရောစနသိက္ခာပုဒ် အဖွင့် .... .... .... .... | ၄၃ |
| ၉။ ဒုဋ္ဌုလ္လာရောစနသိက္ခာပုဒ် .... .... .... .... | ၅၁ |
| ဒုဋ္ဌုလ္လာရောစနသိက္ခာပုဒ် အဖွင့် .... .... .... .... | ၅၂ |
| ၁၀။ ပထဝီခဏနသိက္ခာပုဒ် နှင့် ၎င်းအဖွင့် .... .... .... .... | ၅၄ |

### ၂-ဘူတဂါမဝဂ်

| | |
|---|---|
| ၁။ ဘူတဂါမသိက္ခာပုဒ် .... .... .... .... | ၅၆ |
| ဘူတဂါမသိက္ခာပုဒ် အဖွင့် .... .... .... .... | ၅၇ |
| ၂။ အညဝါဒကသိက္ခာပုဒ် .... .... .... .... | ၅၈ |
| အညဝါဒကသိက္ခာပုဒ် အဖွင့် .... .... .... .... | ၆၁ |
| ၃။ ဥဇ္ဈာပနကသိက္ခာပုဒ် .... .... .... .... | ၆၂ |
| ဥဇ္ဈာပနကသိက္ခာပုဒ် အဖွင့် .... .... .... .... | ၆၃ |

http://www.dhammadownload.com



| အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|

## ၂-ဘူတဂါမဝဂ်


| | |
|---|---|
| ၄။ ပဌမသေနာသနသိက္ခာပုဒ် | ၆၅ |
| ပဌမသေနာသနသိက္ခာပုဒ် အဖွင့် | ၆၆ |
| ၅။ ဒုတိယသေနာသနသိက္ခာပုဒ် | ၆၇ |
| ဒုတိယသေနာသနသိက္ခာပုဒ် အဖွင့် | ၆၈ |
| ၆။ အနုပခဇ္ဇသိက္ခာပုဒ် | ၆၉ |
| အနုပခဇ္ဇသိက္ခာပုဒ် အဖွင့် | ၇၀ |
| ၇။ နိက္ကဍ္ဎနသိက္ခာပုဒ် | ၇၁ |
| နိက္ကဍ္ဎနသိက္ခာပုဒ် အဖွင့် | ၇၃ |
| ၈။ ဝေဟာသကုဋိသိက္ခာပုဒ် | ၇၄ |
| ဝေဟာသကုဋိသိက္ခာပုဒ် အဖွင့် | ၇၅ |
| ၉။ မဟလ္လကဝိဟာရသိက္ခာပုဒ် | ၇၆ |
| မဟလ္လကဝိဟာရသိက္ခာပုဒ် အဖွင့် | ၇၇ |
| ၁၀။ သပ္ပါဏကသိက္ခာပုဒ် | ၇၈ |
| သပ္ပါဏကသိက္ခာပုဒ် အဖွင့် | ၇၉ |


## ၃-ဩဝါဒဝဂ်


| | |
|---|---|
| ၁။ ဩဝါဒသိက္ခာပုဒ် | ၈၀ |
| ဘိက္ခုနောဝါဒကအင်္ဂါ (၈) ပါး | ၈၃ |
| ဩဝါဒသိက္ခာပုဒ်အဖွင့် | ၈၄ |
| ဂရုဓံတရား (၈) ပါး | ၈၅ |
| ၂။ အတ္ထင်္ဂတသိက္ခာပုဒ် | ၈၇ |
| အတ္ထင်္ဂတသိက္ခာပုဒ် အဖွင့် | ၈၉ |
| ၃။ ဘိက္ခုနုပဿယသိက္ခာပုဒ် | ၉၀ |
| ဘိက္ခုနုပဿယသိက္ခာပုဒ် အဖွင့် | ၉၁ |
| ၄။ အာမိသသိက္ခာပုဒ် | ၉၂ |
| အာမိသသိက္ခာပုဒ် အဖွင့် | ၉၃ |
| ၅။ စီဝရဒါနသိက္ခာပုဒ် | ၉၄ |
| စီဝရဒါနသိက္ခာပုဒ် အဖွင့် | ၉၆ |
| ၆။ စီဝရသိဗ္ဗနသိက္ခာပုဒ် | ၉၇ |
| စီဝရသိဗ္ဗနသိက္ခာပုဒ် အဖွင့် | ၉၈ |
| ၇။ သံဝိဓာနသိက္ခာပုဒ် | ၉၉ |
| သံဝိဓာနသိက္ခာပုဒ် အဖွင့် | ၁၀၁ |
| ၈။ နာဝါဘိရုဟနသိက္ခာပုဒ် | ၁၀၂ |
| နာဝါဘိရုဟနသိက္ခာပုဒ် အဖွင့် | ၁၀၃ |

http://www.dhammadownload.com




| အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|
| **၃-ဩဝါဒဝဂ်** | |
| ၉။ ပရိပါစိတသိက္ခာပုဒ် | ၁၀၄ |
| ပရိပါစိတသိက္ခာပုဒ် အဖွင့် | ၁၀၆ |
| ၁၀။ ရဟောနိသဇ္ဇသိက္ခာပုဒ် | ၁၀၇ |
| ရဟောနိသဇ္ဇသိက္ခာပုဒ် အဖွင့် | ၁၀၈ |
| **၄-ဘောဇနဝဂ်** | |
| ၁။ အာဝသထပိဏ္ဍသိက္ခာပုဒ် | ၁၀၉ |
| အာဝသထပိဏ္ဍသိက္ခာပုဒ် အဖွင့် | ၁၁၁ |
| ၂။ ဂဏဘောဇနသိက္ခာပုဒ် | ၁၁၂ |
| ဂဏဘောဇနသိက္ခာပုဒ် အဖွင့် | ၁၁၆ |
| ၃။ ပရမ္ပရဘောဇနသိက္ခာပုဒ် | ၁၁၇ |
| ပရမ္ပရဘောဇနသိက္ခာပုဒ် အဖွင့် | ၁၂၁ |
| ၄။ ကာဏမာတုသိက္ခာပုဒ် | ၁၂၂ |
| ကာဏမာတုသိက္ခာပုဒ် အဖွင့် | ၁၂၄ |
| ၅။ ပဌမပဝါရဏာသိက္ခာပုဒ် | ၁၂၅ |
| ပဌမပဝါရဏာသိက္ခာပုဒ် အဖွင့် | ၁၂၆ |
| ၆။ ဒုတိယပဝါရဏာသိက္ခာပုဒ် | ၁၂၈ |
| ဒုတိယပဝါရဏာသိက္ခာပုဒ် အဖွင့် | ၁၂၉ |
| ၇။ ဝိကာလဘောဇနသိက္ခာပုဒ် | ၁၃၀ |
| ဝိကာလဘောဇနသိက္ခာပုဒ် အဖွင့် | ၁၃၁ |
| ၈။ သန္နိဓိကာရသိက္ခာပုဒ် | ၁၃၂ |
| သန္နိဓိကာရသိက္ခာပုဒ် အဖွင့် | ၁၃၃ |
| ၉။ ပဏီတဘောဇနသိက္ခာပုဒ် | ၁၃၄ |
| ပဏီတဘောဇနသိက္ခာပုဒ် အဖွင့် | ၁၃၅ |
| ၁၀။ ဒန္တပေါနသိက္ခာပုဒ် | ၁၃၇ |
| ဒန္တပေါနသိက္ခာပုဒ် အဖွင့် | ၁၃၈ |
| **၅-အစေလကဝဂ်** | |
| ၁။ အစေလကသိက္ခာပုဒ် | ၁၃၉ |
| အစေလကသိက္ခာပုဒ် အဖွင့် | ၁၄၀ |
| ၂။ ဥယျောဇနသိက္ခာပုဒ် | ၁၄၁ |
| ဥယျောဇနသိက္ခာပုဒ် အဖွင့် | ၁၄၂ |
| ၃။ သဘောဇနသိက္ခာပုဒ် | ၁၄၃ |
| သဘောဇနသိက္ခာပုဒ် အဖွင့် | ၁၄၄ |

http://www.dhammadownload.com



အကြောင်းအရာ မျက်နှာအမှတ်

## ၅-အစေလကဝဂ်


| | | |
|---|---|---|
| ၄။ | ရဟောပဋ္ဋိစ္ဆန္နသိက္ခာပုဒ် .... .... .... .... | ၁၄၅ |
| | ရဟောပဋ္ဋိစ္ဆန္နသိက္ခာပုဒ် အဖွင့် .... .... .... .... | ၁၄၆ |
| ၅။ | ရဟောနိသဇ္ဇသိက္ခာပုဒ် .... .... .... .... | ၁၄၇ |
| | ရဟောနိသဇ္ဇသိက္ခာပုဒ် အဖွင့် .... .... .... .... | ၁၄၈ |
| ၆။ | စာရိတ္တသိက္ခာပုဒ် .... .... .... .... | ၁၄၉ |
| | စာရိတ္တသိက္ခာပုဒ် အဖွင့် .... .... .... .... | ၁၅၂ |
| ၇။ | မဟာနာမသိက္ခာပုဒ် .... .... .... .... | ၁၅၃ |
| | မဟာနာမသိက္ခာပုဒ် အဖွင့် .... .... .... .... | ၁၅၅ |
| ၈။ | ဥယျုတ္တသေနာသိက္ခာပုဒ် .... .... .... .... | ၁၅၇ |
| | ဥယျုတ္တသေနာသိက္ခာပုဒ် အဖွင့် .... .... .... .... | ၁၅၈ |
| ၉။ | သေနာဝါသသိက္ခာပုဒ် .... .... .... .... | ၁၅၉ |
| | သေနာဝါသသိက္ခာပုဒ် အဖွင့် .... .... .... .... | ၁၆၀ |
| ၁၀။ | ဥယျောဓိကသိက္ခာပုဒ် .... .... .... .... | ၁၆၀ |
| | ဥယျောဓိကသိက္ခာပုဒ် အဖွင့် .... .... .... .... | ၁၆၁ |


## ၆-သုရာပါနဝဂ်


| | | |
|---|---|---|
| ၁။ | သုရာပါနသိက္ခာပုဒ် .... .... .... .... | ၁၆၂ |
| | သုရာပါနသိက္ခာပုဒ် အဖွင့် .... .... .... .... | ၁၆၄ |
| ၂။ | အင်္ဂုလိပတောဒကသိက္ခာပုဒ် .... .... .... .... | ၁၆၅ |
| | အင်္ဂုလိပတောဒကသိက္ခာပုဒ် အဖွင့် .... .... .... .... | ၁၆၆ |
| ၃။ | ဟသဓမ္မသိက္ခာပုဒ် .... .... .... .... | ၁၆၆ |
| | ဟသဓမ္မသိက္ခာပုဒ် အဖွင့် .... .... .... .... | ၁၆၇ |
| ၄။ | အနာဒရိယသိက္ခာပုဒ် .... .... .... .... | ၁၆၈ |
| | အနာဒရိယသိက္ခာပုဒ် အဖွင့် .... .... .... .... | ၁၆၉ |
| ၅။ | ဘိံသာပနသိက္ခာပုဒ် နှင့် ၎င်းအဖွင့် .... .... .... | ၁၇၀ |
| ၆။ | ဇောတိကသိက္ခာပုဒ် .... .... .... .... | ၁၇၁ |
| | ဇောတိကသိက္ခာပုဒ် အဖွင့် .... .... .... .... | ၁၇၃ |
| ၇။ | နှာနသိက္ခာပုဒ် .... .... .... .... | ၁၇၄ |
| | နှာနသိက္ခာပုဒ် အဖွင့် .... .... .... .... | ၁၇၇ |
| ၈။ | ဒုဗ္ဗဏ္ဏကရဏသိက္ခာပုဒ် .... .... .... .... | ၁၇၈ |
| | ဒုဗ္ဗဏ္ဏကရဏသိက္ခာပုဒ် အဖွင့် .... .... .... .... | ၁၇၉ |
| ၉။ | ဝိကပ္ပနသိက္ခာပုဒ် နှင့် ၎င်းအဖွင့် .... .... .... | ၁၈၀ |
| ၁၀။ | စီဝရအပနိဓာနသိက္ခာပုဒ် နှင့် ၎င်းအဖွင့် .... .... .... .... | ၁၈၂ |

http://www.dhammadownload.com



အကြောင်းအရာ — မျက်နှာအမှတ်

## ၇-သပ္ပါဏကဝဂ်


၁။ သဉ္စိစ္စသိက္ခာပုဒ် နှင့် ၎င်းအဖွင့် .... .... .... .... ၁၈၄
၂။ သပ္ပါဏကသိက္ခာပုဒ် နှင့် ၎င်းအဖွင့် .... .... .... .... ၁၈၅
၃။ ဥက္ကောဋနသိက္ခာပုဒ် .... .... .... .... ၁၈၆
ဥက္ကောဋနသိက္ခာပုဒ် အဖွင့် .... .... .... .... ၁၈၇
၄။ ဒုဋ္ဌုလ္လသိက္ခာပုဒ် .... .... .... .... ၁၈၇
ဒုဋ္ဌုလ္လသိက္ခာပုဒ် အဖွင့် .... .... .... .... ၁၈၈
၅။ ဦနဝီသတိဝဿသိက္ခာပုဒ် .... .... .... .... ၁၈၉
ဦနဝီသတိဝဿသိက္ခာပုဒ် အဖွင့် .... .... .... .... ၁၉၀
၆။ ထေယျသတ္ထသိက္ခာပုဒ် .... .... .... .... ၁၉၂
ထေယျသတ္ထသိက္ခာပုဒ် အဖွင့် .... .... .... .... ၁၉၃
၇။ သံဝိဓာနသိက္ခာပုဒ် .... .... .... .... ၁၉၄
သံဝိဓာနသိက္ခာပုဒ် အဖွင့် .... .... .... .... ၁၉၅
၈။ အရိဋ္ဌသိက္ခာပုဒ် .... .... .... .... ၁၉၆
အရိဋ္ဌသိက္ခာပုဒ် အဖွင့် .... .... .... .... ၁၉၉
၉။ ဥက္ခိတ္တသမ္ဘောဂသိက္ခာပုဒ် .... .... .... .... ၂၀၀
ဥက္ခိတ္တသမ္ဘောဂသိက္ခာပုဒ် အဖွင့် .... .... .... .... ၂၀၂
၁၀။ ကဏ္ဋကသိက္ခာပုဒ် .... .... .... .... ၂၀၃
ကဏ္ဋကသိက္ခာပုဒ် အဖွင့် .... .... .... .... ၂၀၆


## ၈-သဟဓမ္မိကဝဂ်


၁။ သဟဓမ္မိကသိက္ခာပုဒ် .... .... .... .... ၂၀၈
သဟဓမ္မိကသိက္ခာပုဒ် အဖွင့် .... .... .... .... ၂၀၉
၂။ ဝိလေခနသိက္ခာပုဒ် .... .... .... .... ၂၁၁
ဝိလေခနသိက္ခာပုဒ် အဖွင့် .... .... .... .... ၂၁၂
၃။ မောဟနသိက္ခာပုဒ် .... .... .... .... ၂၁၃
မောဟနသိက္ခာပုဒ် အဖွင့် .... .... .... .... ၂၁၄
၄။ ပဟာရသိက္ခာပုဒ် .... .... .... .... ၂၁၅
ပဟာရသိက္ခာပုဒ် အဖွင့် .... .... .... .... ၂၁၆
၅။ တလသတ္တိကသိက္ခာပုဒ် နှင့် ၎င်းအဖွင့် .... .... .... .... ၂၁၇
၆။ အမူလကသိက္ခာပုဒ် .... .... .... .... ၂၁၈
အမူလကသိက္ခာပုဒ် အဖွင့် .... .... .... .... ၂၁၉
...ဉ္စိစ္စသိက္ခာပုဒ် နှင့် ၎င်းအဖွင့် .... .... .... .... ၂၂၀
...တိသိက္ခာပုဒ် .... .... .... .... ၂၂၁
...သိက္ခာပုဒ် အဖွင့် .... .... .... .... ၂၂၂

http://www.dhammadownload.com




| အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|
| **၈–သဟဓမ္မိကဝဂ်** | |
| ၉။ ကမ္မပဋိဗာဟနသိက္ခာပုဒ် .... .... .... .... | ၂၂၃ |
| ကမ္မပဋိဗာဟနသိက္ခာပုဒ် အဖွင့် .... .... .... .... | ၂၂၄ |
| ၁၀။ ဆန္ဒံအဒတွာဂမနသိက္ခာပုဒ် .... .... .... .... | ၂၂၅ |
| ဆန္ဒံအဒတွာဂမနသိက္ခာပုဒ် အဖွင့် .... .... .... .... | ၂၂၆ |
| ၁၁။ ဒုဗ္ဗလသိက္ခာပုဒ် .... .... .... .... | ၂၂၆ |
| ဒုဗ္ဗလသိက္ခာပုဒ် အဖွင့် .... .... .... .... | ၂၂၇ |
| ၁၂။ ပရိဏာမနသိက္ခာပုဒ် .... .... .... .... | ၂၂၈ |
| ပရိဏာမနသိက္ခာပုဒ် အဖွင့် .... .... .... .... | ၂၃၀ |
| **၉–ရတနဝဂ်** | |
| ၁။ အန္တေပုရသိက္ခာပုဒ် .... .... .... .... | ၂၃၁ |
| နန်းတော်ဝင်ခြင်းအပြစ်ဆယ်ပါး .... .... .... .... | ၂၃၃ |
| အန္တေပုရသိက္ခာပုဒ် အဖွင့် .... .... .... .... | ၂၃၅ |
| ၂။ ရတနသိက္ခာပုဒ် .... .... .... .... | ၂၃၆ |
| ရတနသိက္ခာပုဒ် အဖွင့် .... .... .... .... | ၂၃၈ |
| ၃။ ဝိကာလဂါမပ္ပဝိသနသိက္ခာပုဒ် .... .... .... .... | ၂၃၉ |
| ဝိကာလဂါမပ္ပဝိသနသိက္ခာပုဒ် အဖွင့် .... .... .... .... | ၂၄၂ |
| ၄။ သူစိဃရသိက္ခာပုဒ် .... .... .... .... | ၂၄၃ |
| သူစိဃရသိက္ခာပုဒ် အဖွင့် .... .... .... .... | ၂၄၄ |
| ၅။ မဉ္စပီဌသိက္ခာပုဒ် .... .... .... .... | ၂၄၄ |
| မဉ္စပီဌသိက္ခာပုဒ် အဖွင့် .... .... .... .... | ၂၄၅ |
| ၆။ တူလောနဒ္ဓသိက္ခာပုဒ် .... .... .... .... | ၂၄၆ |
| တူလောနဒ္ဓသိက္ခာပုဒ် အဖွင့် .... .... .... .... | ၂၄၇ |
| ၇။ နိသီဒနသိက္ခာပုဒ် .... .... .... .... | ၂၄၇ |
| နိသီဒနသိက္ခာပုဒ် အဖွင့် .... .... .... .... | ၂၄၉ |
| ၈။ ကဏ္ဍုပ္ပဋိစ္ဆာဒိသိက္ခာပုဒ် .... .... .... .... | ၂၄၉ |
| ကဏ္ဍုပ္ပဋိစ္ဆာဒိသိက္ခာပုဒ် အဖွင့် .... .... .... .... | ၂၅၁ |
| ၉။ ဝဿိကသာဋိကသိက္ခာပုဒ် .... .... .... .... | ၂၅[illegible] |
| ဝဿိကသာဋိကသိက္ခာပုဒ် အဖွင့် .... .... .... .... | [illegible] |
| ၁၀။ နန္ဒသိက္ခာပုဒ် .... .... .... .... | [illegible] |
| နန္ဒသိက္ခာပုဒ် အဖွင့် .... .... .... .... | [illegible] |

http://www.dhammadownload.com

http://www.dhammadownload.com

http://www.dhammadownload.com




| အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|
| **၇-သပ္ပါဏကဝဂ်** | |
| ၁။ သဒ္ဓိစ္စသိက္ခာပုဒ် နှင့် ၎င်းအဖွင့် .... .... .... .... | ၁၈၄ |
| ၂။ သပ္ပါဏကသိက္ခာပုဒ် နှင့် ၎င်းအဖွင့် .... .... .... .... | ၁၈၅ |
| ၃။ ဥက္ကောဋနသိက္ခာပုဒ် .... .... .... .... | ၁၈၆ |
| ဥက္ကောဋနသိက္ခာပုဒ် အဖွင့် .... .... .... .... | ၁၈၇ |
| ၄။ ဒုဋ္ဌုလ္လသိက္ခာပုဒ် .... .... .... .... | ၁၈၇ |
| ဒုဋ္ဌုလ္လသိက္ခာပုဒ် အဖွင့် .... .... .... .... | ၁၈၈ |
| ၅။ ဦနဝီသတိဝဿသိက္ခာပုဒ် .... .... .... .... | ၁၈၉ |
| ဦနဝီသတိဝဿသိက္ခာပုဒ် အဖွင့် .... .... .... .... | ၁၉၁ |
| ၆။ ထေယျသတ္ထသိက္ခာပုဒ် .... .... .... .... | ၁၉၂ |
| ထေယျသတ္ထသိက္ခာပုဒ် အဖွင့် .... .... .... .... | ၁၉၃ |
| ၇။ သံဝိဓာနသိက္ခာပုဒ် .... .... .... .... | ၁၉၄ |
| သံဝိဓာနသိက္ခာပုဒ် အဖွင့် .... .... .... .... | ၁၉၅ |
| ၈။ အရိဋ္ဌသိက္ခာပုဒ် .... .... .... .... | ၁၉၆ |
| အရိဋ္ဌသိက္ခာပုဒ် အဖွင့် .... .... .... .... | ၁၉၉ |
| ၉။ ဥက္ခိတ္တသမ္ဘောဂသိက္ခာပုဒ် .... .... .... .... | ၂၀၁ |
| ဥက္ခိတ္တသမ္ဘောဂသိက္ခာပုဒ် အဖွင့် .... .... .... .... | ၂၀၂ |
| ၁၀။ ကဏ္ဋကသိက္ခာပုဒ် .... .... .... .... | ၂၀၃ |
| ကဏ္ဋကသိက္ခာပုဒ် အဖွင့် .... .... .... .... | ၂၀၆ |
| **၈-သဟဓမ္မိကဝဂ်** | |
| ၁။ သဟဓမ္မိကသိက္ခာပုဒ် .... .... .... .... | ၂၀၈ |
| သဟဓမ္မိကသိက္ခာပုဒ် အဖွင့် .... .... .... .... | ၂၀၉ |
| ၂။ ဝိလေခနသိက္ခာပုဒ် .... .... .... .... | ၂၁၁ |
| ဝိလေခနသိက္ခာပုဒ် အဖွင့် .... .... .... .... | ၂၁၂ |
| ၃။ မောဟနသိက္ခာပုဒ် .... .... .... .... | ၂၁၃ |
| မောဟနသိက္ခာပုဒ် အဖွင့် .... .... .... .... | ၂၁၄ |
| ၄။ ပဟာရသိက္ခာပုဒ် .... .... .... .... | ၂၁၅ |
| ပဟာရသိက္ခာပုဒ် အဖွင့် .... .... .... .... | ၂၁၆ |
| ၅။ တလသတ္တိကသိက္ခာပုဒ် နှင့် ၎င်းအဖွင့် .... .... .... .... | ၂၁၇ |
| ၆။ အမူလကသိက္ခာပုဒ် .... .... .... .... | ၂၁၈ |
| အမူလကသိက္ခာပုဒ် အဖွင့် .... .... .... .... | ၂၁၉ |
| ၇။ သဉ္စိစ္စသိက္ခာပုဒ် နှင့် ၎င်းအဖွင့် .... .... .... .... | ၂၂၀ |
| ၈။ ဥပဿုတိသိက္ခာပုဒ် .... .... .... .... | ၂၂၁ |
| ဥပဿုတိသိက္ခာပုဒ် အဖွင့် .... .... .... .... | ၂၂၂ |

http://www.dhammadownload.com



အကြောင်းအရာ မျက်နှာအမှတ်

## ၈–သဟဓမ္မိကဝဂ်


၉။ ကမ္မပဋိဗာဟနသိက္ခာပုဒ် .... .... .... .... ၂၂၃
ကမ္မပဋိဗာဟနသိက္ခာပုဒ် အဖွင့် .... .... .... .... ၂၂၄
၁၀။ ဆန္ဒံအဒတွာဂမနသိက္ခာပုဒ် .... .... .... .... ၂၂၅
ဆန္ဒံအဒတွာဂမနသိက္ခာပုဒ် အဖွင့် .... .... .... .... ၂၂၆
၁၁။ ဒုဗ္ဗလသိက္ခာပုဒ် .... .... .... .... ၂၂၆
ဒုဗ္ဗလသိက္ခာပုဒ် အဖွင့် .... .... .... .... ၂၂၇
၁၂။ ပရိဏာမနသိက္ခာပုဒ် .... .... .... .... ၂၂၈
ပရိဏာမနသိက္ခာပုဒ် အဖွင့် .... .... .... .... ၂၃၀


## ၉–ရတနဝဂ်


၁။ အန္တေပုရသိက္ခာပုဒ် .... .... .... .... ၂၃၁
နန်းတော်ဝင်ခြင်းအပြစ်ဆယ်ပါး .... .... .... .... ၂၃၃
အန္တေပုရသိက္ခာပုဒ် အဖွင့် .... .... .... .... ၂၃၅
၂။ ရတနသိက္ခာပုဒ် .... .... .... .... ၂၃၆
ရတနသိက္ခာပုဒ် အဖွင့် .... .... .... .... ၂၃၈
၃။ ဝိကာလဂါမပ္ပဝိသနသိက္ခာပုဒ် .... .... .... .... ၂၃၉
ဝိကာလဂါမပ္ပဝိသနသိက္ခာပုဒ် အဖွင့် .... .... .... .... ၂၄၂
၄။ သူစိဃရသိက္ခာပုဒ် .... .... .... .... ၂၄၃
သူစိဃရသိက္ခာပုဒ် အဖွင့် .... .... .... .... ၂၄၄
၅။ မဉ္စပီဌသိက္ခာပုဒ် .... .... .... .... ၂၄၄
မဉ္စပီဌသိက္ခာပုဒ် အဖွင့် .... .... .... .... ၂၄၅
၆။ တူလောနဒ္ဓသိက္ခာပုဒ် .... .... .... .... ၂၄၆
တူလောနဒ္ဓသိက္ခာပုဒ် အဖွင့် .... .... .... .... ၂၄၇
၇။ နိသီဒနသိက္ခာပုဒ် .... .... .... .... ၂၄၇
နိသီဒနသိက္ခာပုဒ် အဖွင့် .... .... .... .... ၂၄၉
၈။ ကဏ္ဍုပ္ပဋိစ္ဆာဒိသိက္ခာပုဒ် .... .... .... .... ၂၄၉
ကဏ္ဍုပ္ပဋိစ္ဆာဒိသိက္ခာပုဒ် အဖွင့် .... .... .... .... ၂၅၁
၉။ ဝဿိကသာဋိကသိက္ခာပုဒ် .... .... .... .... ၂၅၁
ဝဿိကသာဋိကသိက္ခာပုဒ် အဖွင့် .... .... .... .... ၂၅၂
၁၀။ နန္ဒသိက္ခာပုဒ် .... .... .... .... ၂၅၂
နန္ဒသိက္ခာပုဒ် အဖွင့် .... .... .... .... ၂၅၃

## မာတိကာ


| အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|
| **၆–ပါဠိဒေသနီအခန်း** | |
| ၁။ ပဌမပါဠိဒေသနီသိက္ခာပုဒ် | ၂၅၅ |
| ပဌမပါဠိဒေသနီသိက္ခာပုဒ် အဖွင့် | ၂၅၆ |
| ၂။ ဒုတိယပါဠိဒေသနီသိက္ခာပုဒ် | ၂၅၇ |
| ဒုတိယပါဠိဒေသနီသိက္ခာပုဒ် အဖွင့် | ၂၅၈ |
| ၃။ တတိယပါဠိဒေသနီသိက္ခာပုဒ် | ၂၅၉ |
| တတိယပါဠိဒေသနီသိက္ခာပုဒ် အဖွင့် | ၂၆၁ |
| ၄။ စတုတ္ထပါဠိဒေသနီသိက္ခာပုဒ် | ၂၆၃ |
| စတုတ္ထပါဠိဒေသနီသိက္ခာပုဒ် အဖွင့် | ၂၆၄ |
| **၇–သေခိယအခန်း** | |
| **၁–ပရိမဏ္ဍလဝဂ်** | |
| ၁။ ပဌမသိက္ခာပုဒ် | ၂၆၇ |
| ၂။ ဒုတိယသိက္ခာပုဒ် | ၂၆၈ |
| ၃။ တတိယသိက္ခာပုဒ် | ၂၆၈ |
| ၄။ စတုတ္ထသိက္ခာပုဒ် | ၂၆၉ |
| ၅။ ပဉ္စမသိက္ခာပုဒ် | ၂၆၉ |
| ၆။ ဆဋ္ဌသိက္ခာပုဒ် | ၂၇၀ |
| ၇။ သတ္တမသိက္ခာပုဒ် | ၂၇၀ |
| ၈။ အဋ္ဌမသိက္ခာပုဒ် | ၂၇၀ |
| ၉။ နဝမသိက္ခာပုဒ် | ၂၇၁ |
| ၁၀။ ဒသမသိက္ခာပုဒ် | ၂၇၁ |
| **၂–ဥဇ္ဇဂ္ဃိကဝဂ်** | |
| ၁။ ပဌမသိက္ခာပုဒ် | ၂၇၂ |
| ၂။ ဒုတိယသိက္ခာပုဒ် | ၂၇၂ |
| ၃။ တတိယသိက္ခာပုဒ် | ၂၇၃ |
| ၄။ စတုတ္ထသိက္ခာပုဒ် | ၂၇၃ |
| ၅။ ပဉ္စမသိက္ခာပုဒ် | ၂၇၄ |
| ၆။ ဆဋ္ဌသိက္ခာပုဒ် | ၂၇၄ |
| ၇။ သတ္တမသိက္ခာပုဒ် | ၂၇၅ |
| ၈။ အဋ္ဌမသိက္ခာပုဒ် | ၂၇၅ |
| ၉။ နဝမသိက္ခာပုဒ် | ၂၇၆ |
| ၁၀။ ဒသမသိက္ခာပုဒ် | ၂၇၆ |

http://www.dhammadownload.com



| အကြောင်းအရာ | | | | | မျက်နှာအမှတ် |
|---|---|---|---|---|---|

### ၃-ခမ္ဘကတဝဂ်


| | | | | | |
|---|---|---|---|---|---|
| ၁။ ပဌမသိက္ခာပုဒ် | .... | .... | .... | .... | ၂၇၇ |
| ၂။ ဒုတိယသိက္ခာပုဒ် | .... | .... | .... | .... | ၂၇၇ |
| ၃။ တတိယသိက္ခာပုဒ် | .... | .... | .... | .... | ၂၇၈ |
| ၄။ စတုတ္ထသိက္ခာပုဒ် | .... | .... | .... | .... | ၂၇၈ |
| ၅။ ပဉ္စမသိက္ခာပုဒ် | .... | .... | .... | .... | ၂၇၉ |
| ၆။ ဆဋ္ဌသိက္ခာပုဒ် | .... | .... | .... | .... | ၂၇၉ |
| ၇။ သတ္တမသိက္ခာပုဒ် | .... | .... | .... | .... | ၂၈၀ |
| ၈။ အဋ္ဌမသိက္ခာပုဒ် | .... | .... | .... | .... | ၂၈၀ |
| ၉။ နဝမသိက္ခာပုဒ် | .... | .... | .... | .... | ၂၈၁ |
| ၁၀။ ဒသမသိက္ခာပုဒ် | .... | .... | .... | .... | ၂၈၁ |


### ၄-သက္ကစ္စဝဂ်


| | | | | | |
|---|---|---|---|---|---|
| ၁။ ပဌမသိက္ခာပုဒ် | .... | .... | .... | .... | ၂၈၂ |
| ၂။ ဒုတိယသိက္ခာပုဒ် | .... | .... | .... | .... | ၂၈၂ |
| ၃။ တတိယသိက္ခာပုဒ် | .... | .... | .... | .... | ၂၈၃ |
| ၄။ စတုတ္ထသိက္ခာပုဒ် | .... | .... | .... | .... | ၂၈၃ |
| ၅။ ပဉ္စမသိက္ခာပုဒ် | .... | .... | .... | .... | ၂၈၄ |
| ၆။ ဆဋ္ဌသိက္ခာပုဒ် | .... | .... | .... | .... | ၂၈၄ |
| ၇။ သတ္တမသိက္ခာပုဒ် | .... | .... | .... | .... | ၂၈၅ |
| ၈။ အဋ္ဌမသိက္ခာပုဒ် | .... | .... | .... | .... | ၂၈၆ |
| ၉။ နဝမသိက္ခာပုဒ် | .... | .... | .... | .... | ၂၈၇ |
| ၁၀။ ဒသမသိက္ခာပုဒ် | .... | .... | .... | .... | ၂၈၇ |


### ၅-ကဗဠဝဂ်


| | | | | | |
|---|---|---|---|---|---|
| ၁။ ပဌမသိက္ခာပုဒ် | .... | .... | .... | .... | ၂၈၈ |
| ၂။ ဒုတိယသိက္ခာပုဒ် | .... | .... | .... | .... | ၂၈၈ |
| ၃။ တတိယသိက္ခာပုဒ် | .... | .... | .... | .... | ၂၈၈ |
| ၄။ စတုတ္ထသိက္ခာပုဒ် | .... | .... | .... | .... | ၂၈၉ |
| ၅။ ပဉ္စမသိက္ခာပုဒ် | .... | .... | .... | .... | ၂၈၉ |
| ၆။ ဆဋ္ဌသိက္ခာပုဒ် | .... | .... | .... | .... | ၂၉၀ |
| ၇။ သတ္တမသိက္ခာပုဒ် | .... | .... | .... | .... | ၂၉၀ |
| ၈။ အဋ္ဌမသိက္ခာပုဒ် | .... | .... | .... | .... | ၂၉၁ |
| ၉။ နဝမသိက္ခာပုဒ် | .... | .... | .... | .... | ၂၉၁ |
| ၁၀။ ဒသမသိက္ခာပုဒ် | .... | .... | .... | .... | ၂၉၂ |

http://www.dhammadownload.com


အကြောင်းအရာ — မျက်နှာအမှတ်

## ၆–သုရှသုရှဝဂ်


| | |
|---|---|
| ၁။ ပဌမသိက္ခာပုဒ် .... .... .... .... | ၂၉၂ |
| ၂။ ဒုတိယသိက္ခာပုဒ် .... .... .... .... | ၂၉၃ |
| ၃။ တတိယသိက္ခာပုဒ် .... .... .... .... | ၂၉၄ |
| ၄။ စတုတ္ထသိက္ခာပုဒ် .... .... .... .... | ၂၉၄ |
| ၅။ ပဉ္စမသိက္ခာပုဒ် .... .... .... .... | ၂၉၅ |
| ၆။ ဆဋ္ဌသိက္ခာပုဒ် .... .... .... .... | ၂၉၅ |
| ၇။ သတ္တမသိက္ခာပုဒ် .... .... .... .... | ၂၉၆ |
| ၈။ အဋ္ဌမသိက္ခာပုဒ် .... .... .... .... | ၂၉၈ |
| ၉။ နဝမသိက္ခာပုဒ် .... .... .... .... | ၂၉၈ |
| ၁၀။ ဒသမသိက္ခာပုဒ် .... .... .... .... | ၂၉၉ |


## ၇–ပါဒုကဝဂ်


| | |
|---|---|
| ၁။ ပဌမသိက္ခာပုဒ် .... .... .... .... | ၂၉၉ |
| ၂။ ဒုတိယသိက္ခာပုဒ် .... .... .... .... | ၃၀၀ |
| ၃။ တတိယသိက္ခာပုဒ် .... .... .... .... | ၃၀၀ |
| ၄။ စတုတ္ထသိက္ခာပုဒ် .... .... .... .... | ၃၀၀ |
| ၅။ ပဉ္စမသိက္ခာပုဒ် .... .... .... .... | ၃၀၁ |
| ၆။ ဆဋ္ဌသိက္ခာပုဒ် .... .... .... .... | ၃၀၁ |
| ၇။ သတ္တမသိက္ခာပုဒ် .... .... .... .... | ၃၀၂ |
| ၈။ အဋ္ဌမသိက္ခာပုဒ် .... .... .... .... | ၃၀၂ |
| ၉။ နဝမသိက္ခာပုဒ် .... .... .... .... | ၃၀၃ |
| ၁၀။ ဒသမသိက္ခာပုဒ် .... .... .... .... | ၃၀၅ |
| ၁၁။ ဧကာဒသမသိက္ခာပုဒ် .... .... .... .... | ၃၀၅ |
| ၁၂။ ဒွါဒသမသိက္ခာပုဒ် .... .... .... .... | ၃၀၅ |
| ၁၃။ တေရသမသိက္ခာပုဒ် .... .... .... .... | ၃၀၆ |
| ၁၄။ စုဒ္ဒသမသိက္ခာပုဒ် .... .... .... .... | ၃၀၆ |
| ၁၅။ ပန္နရသမသိက္ခာပုဒ် .... .... .... .... | ၃၀၇ |


## ၈–အဓိကရဏသမထ


| | |
|---|---|
| အဓိကရဏသမထ ခုနစ်ပါး .... .... .... .... | ၃၀၈ |


ဘိက္ခုနီဝိဘင်း မာတိကာ ပြီး၏။

http://www.dhammadownload.com

http://www.dhammadownload.com

# ဘိက္ခုနီဝိဘင်းပါဠိတော် မြန်မာပြန်

# မာတိကာ

---

အကြောင်းအရာ — မျက်နှာအမှတ်

## ၁-ပါရာဇိကအခန်း


၅။ ပဌမပါရာဇိကသိက္ခာပုဒ် .... .... .... .... ၃၁၁
ပဌမပါရာဇိကသိက္ခာပုဒ် အဖွင့် နှင့် ဘိက္ခုနီရဟန်းမိန်းမခေါ်နိုင်ခြင်း(၁၂-ပါး).... ၃၁၄
၆။ ဒုတိယပါရာဇိကသိက္ခာပုဒ် .... .... .... .... ၃၁၇
ဒုတိယပါရာဇိကသိက္ခာပုဒ် အဖွင့် .... .... .... .... ၃၁၉
၇။ တတိယပါရာဇိကသိက္ခာပုဒ် .... .... .... .... ၃၂၀
တတိယပါရာဇိကသိက္ခာပုဒ် အဖွင့် .... .... .... .... ၃၂၁
၈။ စတုတ္ထပါရာဇိကသိက္ခာပုဒ် .... .... .... .... ၃၂၃
စတုတ္ထပါရာဇိကသိက္ခာပုဒ် အဖွင့် .... .... .... .... ၃၂၅


## ၂-သံဃာဒိသိသ်အခန်း


၁။ ပဌမသံဃာဒိသိသ်သိက္ခာပုဒ် .... .... .... .... ၃၂၇
ပဌမသံဃာဒိသိသ်သိက္ခာပုဒ် အဖွင့် .... .... .... .... ၃၂၈
၂။ ဒုတိယသံဃာဒိသိသ်သိက္ခာပုဒ် .... .... .... .... ၃၂၉
ဒုတိယသံဃာဒိသိသ်သိက္ခာပုဒ် အဖွင့် .... .... .... .... ၃၃၁
၃။ တတိယသံဃာဒိသိသ်သိက္ခာပုဒ် .... .... .... .... ၃၃၂
တတိယသံဃာဒိသိသ်သိက္ခာပုဒ် အဖွင့် .... .... .... .... ၃၃၅
၄။ စတုတ္ထသံဃာဒိသိသ်သိက္ခာပုဒ် .... .... .... .... ၃၃၆
စတုတ္ထသံဃာဒိသိသ်သိက္ခာပုဒ် အဖွင့် .... .... .... .... ၃၃၈
၅။ ပဉ္စမသံဃာဒိသိသ်သိက္ခာပုဒ် .... .... .... .... ၃၃၉
ပဉ္စမသံဃာဒိသိသ်သိက္ခာပုဒ် အဖွင့် .... .... .... .... ၃၄၀
၆။ ဆဋ္ဌသံဃာဒိသိသ်သိက္ခာပုဒ် .... .... .... .... ၃၄၁
ဆဋ္ဌသံဃာဒိသိသ်သိက္ခာပုဒ် အဖွင့် .... .... .... .... ၃၄၂
၁၀။ ဒသမသံဃာဒိသိသ်သိက္ခာပုဒ် .... .... .... .... ၃၄၃
ဒသမသံဃာဒိသိသ်သိက္ခာပုဒ် အဖွင့် .... .... .... .... ၃၄၄
၁၁။ ဧကာဒသမသံဃာဒိသိသ်သိက္ခာပုဒ် .... .... .... .... ၃၄၆
ဧကာဒသမသံဃာဒိသိသ်သိက္ခာပုဒ် အဖွင့် .... .... .... ၃၄၇
၁၂။ ဒွါဒသမသံဃာဒိသိသ်သိက္ခာပုဒ် .... .... .... .... ၃၄၉
ဒွါဒသမသံဃာဒိသိသ်သိက္ခာပုဒ် အဖွင့် .... .... .... .... ၃၅၀

http://www.dhammadownload.com


အကြောင်းအရာ မျက်နှာအမှတ်

## ၂-သံဃာဒိသိသ်အခဏ်း


| | | |
|---|---|---|
| ၁၃။ | တေရသမသံဃာဒိသိသ်သိက္ခာပုဒ် .... .... .... .... | ၃၅၃ |
| | တေရသမသံဃာဒိသိသ်သိက္ခာပုဒ် အဖွင့် .... .... .... .... | ၃၅၅ |
| | သတ္တရသကဏ်နိဂုံး .... .... .... .... | ၃၅၇ |


## ၃-နိဿဂ္ဂိအခဏ်း

### ၁-ပတ္တဝဂ်


| | | |
|---|---|---|
| ၁။ | ပဌမသိက္ခာပုဒ် နှင့် ၎င်းအဖွင့် .... .... .... .... | ၃၅၉ |
| ၂။ | ဒုတိယသိက္ခာပုဒ် .... .... .... .... | ၃၆၁ |
| | ဒုတိယသိက္ခာပုဒ် အဖွင့် .... .... .... .... | ၃၆၂ |
| ၃။ | တတိယသိက္ခာပုဒ် .... .... .... .... | ၃၆၃ |
| | တတိယသိက္ခာပုဒ် အဖွင့် .... .... .... .... | ၃၆၄ |
| ၄။ | စတုတ္ထသိက္ခာပုဒ် .... .... .... .... | ၃၆၅ |
| | စတုတ္ထသိက္ခာပုဒ် အဖွင့် .... .... .... .... | ၃၆၆ |
| ၅။ | ပဉ္စမသိက္ခာပုဒ် .... .... .... .... | ၃၆၇ |
| | ပဉ္စမသိက္ခာပုဒ် အဖွင့် .... .... .... .... | ၃၆၈ |
| ၆။ | ဆဋ္ဌသိက္ခာပုဒ် .... .... .... .... | ၃၆၉ |
| | ဆဋ္ဌသိက္ခာပုဒ် အဖွင့် .... .... .... .... | ၃၇၀ |
| ၇။ | သတ္တမသိက္ခာပုဒ် နှင့် ၎င်းအဖွင့် .... .... .... .... | ၃၇၁ |
| ၈။ | အဋ္ဌမသိက္ခာပုဒ် .... .... .... .... | ၃၇၂ |
| | အဋ္ဌမသိက္ခာပုဒ် အဖွင့် .... .... .... .... | ၃၇၃ |
| ၉။ | နဝမသိက္ခာပုဒ် .... .... .... .... | ၃၇၄ |
| | နဝမသိက္ခာပုဒ် အဖွင့် .... .... .... .... | ၃၇၅ |
| ၁၀။ | ဒသမသိက္ခာပုဒ် .... .... .... .... | ၃၇၆ |
| | ဒသမသိက္ခာပုဒ် အဖွင့် .... .... .... .... | ၃၇၇ |
| ၁၁။ | ဧကာဒသမသိက္ခာပုဒ် .... .... .... .... | ၃၇၈ |
| | ဧကာဒသမသိက္ခာပုဒ် အဖွင့် .... .... .... .... | ၃၇၉ |
| ၁၂။ | ဒွါဒသမသိက္ခာပုဒ် .... .... .... .... | ၃၈၀ |
| | ဒွါဒသမသိက္ခာပုဒ် အဖွင့် .... .... .... .... | ၃၈၁ |


## ၄-ပါစိတ်အခဏ်း

### ၁-လသုဏဝဂ်


| | | |
|---|---|---|
| ၁။ | ပဌမသိက္ခာပုဒ် .... .... .... .... | ၃၈၃ |
| | ပဌမသိက္ခာပုဒ် အဖွင့် .... .... .... .... | ၃၈၄ |
| ၂။ | ဒုတိယသိက္ခာပုဒ် နှင့် ၎င်းအဖွင့် .... .... .... .... | ၃၈၅ |

http://www.dhammadownload.com



အကြောင်းအရာ မျက်နှာအမှတ်

## ၁-လသုဇာဝဂ်


| | | |
|---|---|---|
| ၃။ | တတိယသိက္ခာပုဒ် .... .... .... .... | ၃၇၆ |
| | တတိယသိက္ခာပုဒ် အဖွင့် .... .... .... .... | ၃၇၇ |
| ၄။ | စတုတ္ထသိက္ခာပုဒ် .... .... .... .... | ၃၇၇ |
| | စတုတ္ထသိက္ခာပုဒ် အဖွင့် .... .... .... .... | ၃၈၈ |
| ၅။ | ပဉ္စမသိက္ခာပုဒ် .... .... .... .... | ၃၈၈ |
| | ပဉ္စမသိက္ခာပုဒ် အဖွင့် .... .... .... .... | ၃၈၉ |
| ၆။ | ဆဋ္ဌသိက္ခာပုဒ် နှင့် ၎င်းအဖွင့် .... .... .... .... | ၃၉၀ |
| ၇။ | သတ္တမသိက္ခာပုဒ် .... .... .... .... | ၃၉၁ |
| | သတ္တမသိက္ခာပုဒ် အဖွင့် .... .... .... .... | ၃၉၂ |
| ၈။ | အဋ္ဌမသိက္ခာပုဒ် .... .... .... .... | ၃၉၃ |
| | အဋ္ဌမသိက္ခာပုဒ် အဖွင့် .... .... .... .... | ၃၉၄ |
| ၉။ | နဝမသိက္ခာပုဒ် .... .... .... .... | ၃၉၄ |
| | နဝမသိက္ခာပုဒ် အဖွင့် .... .... .... .... | ၃၉၅ |
| ၁၀။ | ဒသမသိက္ခာပုဒ် .... .... .... .... | ၃၉၆ |
| | ဒသမသိက္ခာပုဒ် အဖွင့် .... .... .... .... | ၃၉၇ |


## ၂-အန္ဓကာရဝဂ်


| | | |
|---|---|---|
| ၁။ | ပဌမသိက္ခာပုဒ် နှင့် ၎င်းအဖွင့် .... .... .... .... | ၃၉၈ |
| ၂။ | ဒုတိယသိက္ခာပုဒ် .... .... .... .... | ၃၉၉ |
| | ဒုတိယသိက္ခာပုဒ် အဖွင့် .... .... .... .... | ၄၀၀ |
| ၃။ | တတိယသိက္ခာပုဒ် .... .... .... .... | ၄၀၀ |
| | တတိယသိက္ခာပုဒ် အဖွင့် .... .... .... .... | ၄၀၁ |
| ၄။ | စတုတ္ထသိက္ခာပုဒ် .... .... .... .... | ၄၀၂ |
| | စတုတ္ထသိက္ခာပုဒ် အဖွင့် .... .... .... .... | ၄၀၃ |
| ၅။ | ပဉ္စမသိက္ခာပုဒ် .... .... .... .... | ၄၀၄ |
| | ပဉ္စမသိက္ခာပုဒ် အဖွင့် .... .... .... .... | ၄၀၅ |
| ၆။ | ဆဋ္ဌသိက္ခာပုဒ် နှင့် ၎င်းအဖွင့် .... .... .... .... | ၄၀၆ |
| ၇။ | သတ္တမသိက္ခာပုဒ် .... .... .... .... | ၄၀၇ |
| | သတ္တမသိက္ခာပုဒ် အဖွင့် .... .... .... .... | ၄၀၈ |
| ၈။ | အဋ္ဌမသိက္ခာပုဒ် .... .... .... .... | ၄၀၉ |
| | အဋ္ဌမသိက္ခာပုဒ် အဖွင့် .... .... .... .... | ၄၁၀ |

http://www.dhammadownload.com




အကြောင်းအရာ မျက်နှာအမှတ်

## ၂-အန္ဓကာရဝဂ်

၉။ နဝမသိက္ခာပုဒ် နှင့် ၎င်းအဖွင့် .... .... .... .... ၄၁၁
၁၀။ ဒသမသိက္ခာပုဒ် .... .... .... .... ၄၁၂
ဒသမသိက္ခာပုဒ် အဖွင့် .... .... .... .... ၄၁၃

## ၃-နဂ္ဂဝဂ်

၁။ ပဌမသိက္ခာပုဒ် .... .... .... .... ၄၁၃
ပဌမသိက္ခာပုဒ် အဖွင့် .... .... .... .... ၄၁၄
၂။ ဒုတိယသိက္ခာပုဒ် .... .... .... .... ၄၁၄
ဒုတိယသိက္ခာပုဒ် အဖွင့် .... .... .... .... ၄၁၅
၃။ တတိယသိက္ခာပုဒ် နှင့် ၎င်းအဖွင့် .... .... .... .... ၄၁၆
၄။ စတုတ္ထသိက္ခာပုဒ် နှင့် ၎င်းအဖွင့် .... .... .... .... ၄၁၈
၅။ ပဥ္စမသိက္ခာပုဒ် .... .... .... .... ၄၁၉
ပဥ္စမသိက္ခာပုဒ် အဖွင့် .... .... .... .... ၄၂၀
၆။ ဆဋ္ဌသိက္ခာပုဒ် .... .... .... .... ၄၂၀
ဆဋ္ဌသိက္ခာပုဒ် အဖွင့် .... .... .... .... ၄၂၁
၇။ သတ္တမသိက္ခာပုဒ် နှင့် ၎င်းအဖွင့် .... .... .... .... ၄၂၂
၈။ အဋ္ဌမသိက္ခာပုဒ် .... .... .... .... ၄၂၃
အဋ္ဌမသိက္ခာပုဒ် အဖွင့် .... .... .... .... ၄၂၄
၉။ နဝမသိက္ခာပုဒ် .... .... .... ၄၂၄
နဝမသိက္ခာပုဒ် အဖွင့် .... .... .... .... ၄၂၅
၁၀။ ဒသမသိက္ခာပုဒ် .... .... .... .... ၄၂၆
ဒသမသိက္ခာပုဒ် အဖွင့် .... .... .... .... ၄၂၇

## ၄-တုဝဋ္ဋဝဂ်

၁။ ပဌမသိက္ခာပုဒ် .... .... .... .... ၄၂၈
ပဌမသိက္ခာပုဒ် အဖွင့် .... .... .... .... ၄၂၉
၂။ ဒုတိယသိက္ခာပုဒ် .... .... .... .... ၄၂၉
ဒုတိယသိက္ခာပုဒ် အဖွင့် .... .... .... .... ၄၃၀
၃။ တတိယသိက္ခာပုဒ် .... .... .... .... ၄၃၀
တတိယသိက္ခာပုဒ် အဖွင့် .... .... .... .... ၄၃၁
၄။ စတုတ္ထသိက္ခာပုဒ် .... .... .... .... ၄၃၂
စတုတ္ထသိက္ခာပုဒ် အဖွင့် .... .... .... .... ၄၃၃
၅။ ပဥ္စမသိက္ခာပုဒ် .... .... .... .... ၄၃၃
ပဥ္စမသိက္ခာပုဒ် အဖွင့် .... .... .... .... ၄၃၄
၆။ ဆဋ္ဌသိက္ခာပုဒ် .... .... .... .... ၄၃၆

http://www.dhammadownload.com



အကြောင်းအရာ မျက်နှာအမှတ်

## ၄–တုဝဋ္ဋဝဂ်


| | |
|---|---|
| ဆဋ္ဌသိက္ခာပုဒ် အဖွင့် .... .... .... .... | ၄၃၇ |
| ၇။ သတ္တမသိက္ခာပုဒ် .... .... .... .... | ၄၃၈ |
| သတ္တမသိက္ခာပုဒ် အဖွင့် .... .... .... .... | ၄၃၉ |
| ၈။ အဋ္ဌမသိက္ခာပုဒ် .... .... .... .... | ၄၃၉ |
| အဋ္ဌမသိက္ခာပုဒ် အဖွင့် .... .... .... .... | ၄၄၀ |
| ၉။ နဝမသိက္ခာပုဒ် နှင့် ၎င်းအဖွင့် .... .... .... .... | ၄၄၁ |
| ၁၀။ ဒသမသိက္ခာပုဒ် နှင့် ၎င်းအဖွင့် .... .... .... .... | ၄၄၂ |


## ၅–စိတ္တာဂါရဝဂ်


| | |
|---|---|
| ၁။ ပဌမသိက္ခာပုဒ် .... .... .... .... | ၄၄၃ |
| ပဌမသိက္ခာပုဒ် အဖွင့် .... .... .... .... | ၄၄၄ |
| ၂။ ဒုတိယသိက္ခာပုဒ် .... .... .... .... | ၄၄၄ |
| ဒုတိယသိက္ခာပုဒ် အဖွင့် .... .... .... .... | ၄၄၅ |
| ၃။ တတိယသိက္ခာပုဒ် .... .... .... .... | ၄၄၅ |
| တတိယသိက္ခာပုဒ် အဖွင့် .... .... .... .... | ၄၄၆ |
| ၄။ စတုတ္ထသိက္ခာပုဒ် .... .... .... .... | ၄၄၆ |
| စတုတ္ထသိက္ခာပုဒ် အဖွင့် .... .... .... .... | ၄၄၇ |
| ၅။ ပဥ္စမသိက္ခာပုဒ် .... .... .... .... | ၄၄၇ |
| ပဥ္စမသိက္ခာပုဒ် အဖွင့် .... .... .... .... | ၄၄၈ |
| ၆။ ဆဋ္ဌသိက္ခာပုဒ် .... .... .... .... | ၄၄၉ |
| ဆဋ္ဌသိက္ခာပုဒ် အဖွင့် .... .... .... .... | ၄၅၀ |
| ၇။ သတ္တမသိက္ခာပုဒ် .... .... .... .... | ၄၅၀ |
| သတ္တမသိက္ခာပုဒ် အဖွင့် .... .... .... .... | ၄၅၁ |
| ၈။ အဋ္ဌမသိက္ခာပုဒ် .... .... .... .... | ၄၅၂ |
| အဋ္ဌမသိက္ခာပုဒ် အဖွင့် .... .... .... .... | ၄၅၃ |
| ၉။ နဝမသိက္ခာပုဒ် .... .... .... .... | ၄၅၃ |
| နဝမသိက္ခာပုဒ် အဖွင့် .... .... .... .... | ၄၅၄ |
| ၁၀။ ဒသမသိက္ခာပုဒ် .... .... .... .... | ၄၅၄ |
| ဒသမသိက္ခာပုဒ် အဖွင့် .... .... .... .... | ၄၅၅ |


## ၆–အာရာမဝဂ်


| | |
|---|---|
| ၁။ ပဌမသိက္ခာပုဒ် .... .... .... .... | ၄၅၆ |
| ပဌမသိက္ခာပုဒ် အဖွင့် .... .... .... .... | ၄၅၇ |
| ၂။ ဒုတိယသိက္ခာပုဒ် .... .... .... .... | ၄၅၈ |

http://www.dhammadownload.com



အကြောင်းအရာ မျက်နှာအမှတ်

## ၆-အာဒရမဝဂ်


| | | |
|---|---|---|
| | ဒုတိယသိက္ခာပုဒ် အဖွင့် | ၄၅၉ |
| ၃။ | တတိယသိက္ခာပုဒ် | ၄၆၀ |
| | တတိယသိက္ခာပုဒ် အဖွင့် | ၄၆၁ |
| ၄။ | စတုတ္ထသိက္ခာပုဒ် | ၄၆၂ |
| | စတုတ္ထသိက္ခာပုဒ် အဖွင့် | ၄၆၃ |
| ၅။ | ပဉ္စမသိက္ခာပုဒ် | ၄၆၃ |
| | ပဉ္စမသိက္ခာပုဒ် အဖွင့် | ၄၆၄ |
| ၆။ | ဆဋ္ဌသိက္ခာပုဒ် နှင့် ၎င်းအဖွင့် | ၄၆၅ |
| ၇။ | သတ္တမသိက္ခာပုဒ် နှင့် ၎င်းအဖွင့် | ၄၆၆ |
| ၈။ | အဋ္ဌမသိက္ခာပုဒ် နှင့် ၎င်းအဖွင့် | ၄၆၇ |
| ၉။ | နဝမသိက္ခာပုဒ် နှင့် ၎င်းအဖွင့် | ၄၆၈ |
| ၁၀။ | ဒသမသိက္ခာပုဒ် | ၄၆၉ |
| | ဒသမသိက္ခာပုဒ် အဖွင့် | ၄၇၀ |


## ၇-ဂဗ္ဘိနီဝဂ်


| | | |
|---|---|---|
| ၁။ | ပဌမသိက္ခာပုဒ် နှင့် ၎င်းအဖွင့် | ၄၇၁ |
| ၂။ | ဒုတိယသိက္ခာပုဒ် | ၄၇၂ |
| | ဒုတိယသိက္ခာပုဒ် အဖွင့် | ၄၇၃ |
| ၃။ | တတိယသိက္ခာပုဒ် | ၄၇၄ |
| | တတိယသိက္ခာပုဒ် အဖွင့် | ၄၇၅ |
| ၄။ | စတုတ္ထသိက္ခာပုဒ် | ၄၇၆ |
| | စတုတ္ထသိက္ခာပုဒ် အဖွင့် | ၄၇၈ |
| ၅။ | ပဉ္စမသိက္ခာပုဒ် | ၄၇၉ |
| | ပဉ္စမသိက္ခာပုဒ် အဖွင့် | ၄၈၀ |
| ၆။ | ဆဋ္ဌသိက္ခာပုဒ် | ၄၈၁ |
| | ဆဋ္ဌသိက္ခာပုဒ် အဖွင့် | ၄၈၃ |
| ၇။ | သတ္တမသိက္ခာပုဒ် | ၄၈၄ |
| | သတ္တမသိက္ခာပုဒ် အဖွင့် | ၄၈၆ |
| ၈။ | အဋ္ဌမသိက္ခာပုဒ် နှင့် ၎င်းအဖွင့် | ၄၈၇ |
| ၉။ | နဝမသိက္ခာပုဒ် | ၄၈၈ |
| | နဝမသိက္ခာပုဒ် အဖွင့် | ၄၈၉ |
| ၁၀။ | ဒသမသိက္ခာပုဒ် | ၄၈၉ |
| | ဒသမသိက္ခာပုဒ် အဖွင့် | ၄၉၀ |

http://www.dhammadownload.com



အကြောင်းအရာ ... မျက်နှာအမှတ်

## ၈-ကုမာရိဘူတဝဂ်


| အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|
| ၁။ ပဌမသိက္ခာပုဒ် | ၄၉၀ |
| ပဌမသိက္ခာပုဒ် အဖွင့် | ၄၉၁ |
| ၂။ ဒုတိယသိက္ခာပုဒ် | ၄၉၂ |
| ဒုတိယသိက္ခာပုဒ် အဖွင့် | ၄၉၄ |
| ၃။ တတိယသိက္ခာပုဒ် | ၄၉၅ |
| တတိယသိက္ခာပုဒ် အဖွင့် | ၄၉၇ |
| ၄။ စတုတ္ထသိက္ခာပုဒ် | ၄၉၈ |
| ၅။ ပဉ္စမသိက္ခာပုဒ် | ၄၉၉ |
| ပဉ္စမသိက္ခာပုဒ် အဖွင့် | ၅၀၀ |
| ၆။ ဆဋ္ဌသိက္ခာပုဒ် | ၅၀၁ |
| ဆဋ္ဌသိက္ခာပုဒ် အဖွင့် | ၅၀၂ |
| ၇။ သတ္တမသိက္ခာပုဒ် | ၅၀၂ |
| သတ္တမသိက္ခာပုဒ် အဖွင့် | ၅၀၃ |
| ၈။ အဋ္ဌမသိက္ခာပုဒ် | ၅၀၄ |
| အဋ္ဌမသိက္ခာပုဒ် အဖွင့် | ၅၀၅ |
| ၉။ နဝမသိက္ခာပုဒ် | ၅၀၅ |
| နဝမသိက္ခာပုဒ် အဖွင့် | ၅၀၆ |
| ၁၀။ ဒသမသိက္ခာပုဒ် | ၅၀၇ |
| ဒသမသိက္ခာပုဒ် အဖွင့် | ၅၀၈ |
| ၁၁။ ဧကာဒသမသိက္ခာပုဒ် | ၅၀၈ |
| ဧကာဒသမသိက္ခာပုဒ် အဖွင့် | ၅၀၉ |
| ၁၂။ ဒွါဒသမသိက္ခာပုဒ် နှင့် ၎င်းအဖွင့် | ၅၁၀ |
| ၁၃။ တေရသမသိက္ခာပုဒ် | ၅၁၁ |
| တေရသမသိက္ခာပုဒ် အဖွင့် | ၅၁၂ |


## ၉-ဆတ္တုပါဟနဝဂ်


| အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|
| ၁။ ပဌမသိက္ခာပုဒ် | ၅၁၂ |
| ပဌမသိက္ခာပုဒ် အဖွင့် | ၅၁၃ |
| ၂။ ဒုတိယသိက္ခာပုဒ် | ၅၁၄ |
| ဒုတိယသိက္ခာပုဒ် အဖွင့် | ၅၁၅ |
| ၃။ တတိယသိက္ခာပုဒ် | ၅၁၅ |
| တတိယသိက္ခာပုဒ် အဖွင့် | ၅၁၆ |
| ၄။ စတုတ္ထသိက္ခာပုဒ် နှင့် ၎င်းအဖွင့် | ၅၁၇ |

http://www.dhammadownload.com



အကြောင်းအရာ မျက်နှာအမှတ်

## ၉–ဆတ္တုပါဟနဝဂ်


၅။ ပဌမသိက္ခာပုဒ် နှင့် ၎င်းအဖွင့် .... .... .... .... ၅၁၈
၆။ ဆဋ္ဌသိက္ခာပုဒ် နှင့် ၎င်းအဖွင့် .... .... .... .... ၅၁၉
၇။ သတ္တမသိက္ခာပုဒ် .... .... .... .... ၅၂၀
သတ္တမသိက္ခာပုဒ် အဖွင့် .... .... .... .... ၅၂၁
၈-၉-၁၀။ အဋ္ဌမ, နဝမ, ဒသမသိက္ခာပုဒ် .... .... .... .... ၅၂၁
အဋ္ဌမ, နဝမ, ဒသမသိက္ခာပုဒ် အဖွင့် .... .... .... .... ၅၂၂
၁၁။ ဧကာဒသမသိက္ခာပုဒ် .... .... .... .... ၅၂၂
ဧကာဒသမသိက္ခာပုဒ် အဖွင့် .... .... .... .... ၅၂၃
၁၂။ ဒွါဒသမသိက္ခာပုဒ် .... .... .... .... ၅၂၃
ဒွါဒသမသိက္ခာပုဒ် အဖွင့် .... .... .... .... ၅၂၄
၁၃။ တေရသသိက္ခာပုဒ် နှင့် ၎င်း အဖွင့် .... .... .... .... ၅၂၅


## ၅–ပါဋိဒေသနီအခန်း


၁။ ပဌမပါဋိဒေသနီသိက္ခာပုဒ် .... .... .... .... ၅၂၆
ပဌမပါဋိဒေသနီသိက္ခာပုဒ် အဖွင့် .... .... .... .... ၅၂၈
၂။ ဒုတိယစသော ပါဋိဒေသနီသိက္ခာပုဒ်များ .... .... .... ၅၂၈
ဒုတိယစသော ပါဋိဒေသနီသိက္ခာပုဒ် အဖွင့်များ .... .... .... ၅၃၀


## ၆–သေခိယအခန်း


၁။ ပရိမဏ္ဍလဝဂ် .... .... .... .... ၅၃၂
၂။ ပါဒုကဝဂ် .... .... .... .... ၅၃၃


## ၇–အဓိကရဏသမထအခန်း


အဓိကရဏခုနစ်ပါး .... .... .... .... ၅၃၄


ပါစိတ်ပါဠိတော်မြန်မာပြန်

မာတိကာ ပြီး၏။

http://www.dhammadownload.com

# ကြို့တင်သိမှတ်ရန် သင်္ကေတလက္ခဏာများ

" " ဤကဲ့သို့ ကော်မာပြလျှင် ကော်မာအတွင်းရှိ စာပိုဒ်များမှာ ပုဂ္ဂိုလ်တဦးဦး၏ ဆိုလိုသောအခြင်းအရာ အာကာရ ဟု သိမှတ်ရန်။

' ' ဤကဲ့သို့ ကော်မာပြလျှင် ရှေ့ကကပ်လျက်ရှိသော ပုဒ်နှင့်အဓိပ္ပါယ်သဏ္ဌာန်တူ ဟု သိမှတ်ရန်။

" ' ' " ဤကဲ့သို့ ကော်မာနှစ်ထပ်ပြလျှင် ပုဂ္ဂိုလ်တဦးဦး၏ ဆိုလိုသောစကားအတွင်း၌ အခြားပြောဆိုပုံ စကားတရပ်ရှိနေသည် ဟု သိမှတ်ရန်။

( ) ဤကဲ့သို့ ဘရက်ကက် လက်သည်းကွင်းပြလျှင် ၎င်းအတွင်းရှိပုဒ်သည် မူရင်းပါဠိတော်တွင် တိုက်ရိုက်မလာ၊ မြန်မာအသုံးအနှုန်းအရ ပြည့်စုံစေရန် ဖြည့်စွက်သောပုဒ် ဟု သိမှတ်ရန်။

— ဒက် ခေါ်သော မျဉ်းတိုပြလျှင် စကားဝါကျမဆုံးသေး ဟု သိမှတ်ရန်။

[ ] ဤကဲ့သို့ ကွင်းချိပ်ကိုပြလျှင် ၎င်းအတွင်းရှိစာများမှာ ရှေးနည်းတူ ဆက်လက်ပြုလုပ်ရန် မှာထားသောစကားများဖြစ်သည် ဟု သိမှတ်ရန်။

* ဤကဲ့သို့ ချယားပွင့်ကိုပြလျှင် ၎င်းချယားပွင့်ရှေ့၌ ကပ်လျက်ရှိသောပုဒ်၏ အဓိပ္ပါယ်ကို သိလွယ်စေရန် စာမျက်နှာအောက်ခြေတွင် မျဉ်းသားလျက် သီးခြားဖော်ပြထားသည် ဟု သိမှတ်ရန်။

အချို့နေရာ၌ ချယားပွင့်အစား ဂဏန်းဖြင့် ပြထားသည်၊ အဓိပ္ပါယ်တူပင် ဖြစ်၏။

ဤမြန်မာပြန်တွင် ပုဒ်မဂဏန်း, သိက္ခာပုဒ်ဂဏန်း ဟူ၍ ၂-မျိုးရှိရာ သိက္ခာပုဒ်ဂဏန်းမှာ တခဏ်းမှ တခဏ်းသို့ ကူးပြောင်းသွားသောအခါ ပုဒ်မဂဏန်းရှေ့တွင် ဂဏန်းစဉ် ၂-ခု ဖြစ်ပေါ်လာ၏။ ထို ၂-ခုတွင် ရှေ့ဂဏန်းမှာ သိက္ခာပုဒ်များကို အစဉ်လိုက် ပေါင်းသွားသောဂဏန်းဖြစ်၍ နောက်ဂဏန်းမှာ အခဏ်းစဉ်အရ သီးခြားသတ်သတ် ပေါင်းပြထားသောဂဏန်းဖြစ်၏။ အချို့သိက္ခာပုဒ်တို့၌ မူလပညတ်, အနုပညတ် ဟူ၍ ၂-မျိုးရှိရာ အနုပညတ်ပါသောသိက္ခာပုဒ်များ၌ မူလပညတ် အနုပညတ်များကို (က) (ခ) စသည်တပ်၍ နောက်ဆုံး အနုပညတ်ကျမှ သိက္ခာပုဒ်ဂဏန်းနှင့် တွဲ၍ ပြထား၏၊ (ခ) (ဂ) စသည်ဖြင့် နောက်ဂဏန်းနှင့် ကပ်လျက် ဖော်ပြထား၏။

http://www.dhammadownload.com

http://www.dhammadownload.com

## ဝိနည်းပိဋကတ်

# ပါစိတ်ပါဠိတော်

## မြန်မာပြန်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ၅–ဘိက္ခုပါစိတ်အခန်း

### ၁–မုသာဝါဒဝဂ် ၁–မုသာဝါဒသိက္ခာပုဒ်

အသျှင်တို့ ဤကိုးဆယ့်နှစ်ပါးသော ပါစိတ်*အာပတ်တို့သည် သရုပ်အားဖြင့် ပြဆိုအပ်သည်၏ အဖြစ်သို့ ရောက်ကုန်၏။

၁။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံ ဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ သာကီဝင်မင်းသား ဟတ္ထက ရဟန်း သည် အနိုင်ယူ၍ ပြောဆိုတတ်၏။ ထိုဟတ္ထက ရဟန်းသည် တိတ္ထိတို့နှင့် အတူတကွ စကားပြောဆို သောအခါ ပယ်ပြီးမှ ဝန်ခံ၏၊ ဝန်ခံပြီးမှ ပယ်၏၊ အကြောင်းတပါးဖြင့် အကြောင်းတပါးကို ဖုံးလွှမ်းပြောဆို၏၊ သိလျက် မဟုတ်မမှန်ကို ပြောဆို၏၊ ချိန်းဆိုပြီးမှ ပျက်ကွက်၏။

တိတ္ထိတို့သည် "အဘယ့်ကြောင့် သာကီဝင်မင်းသား ဟတ္ထကရဟန်းသည် ငါတို့နှင့်အတူ စကား ပြောဆိုသောအခါ ပယ်ပြီးမှ ဝန်ခံဘိသနည်း၊ ဝန်ခံပြီးမှ ပယ်ဘိသနည်း၊ အကြောင်းတပါးဖြင့် အကြောင်းတပါးကို ဖုံးလွှမ်းပြောဆိုဘိသနည်း၊ သိလျက် မဟုတ်မမှန်ကို ပြောဆိုဘိသနည်း၊ ချိန်းဆို ပြီးမှ ပျက်ကွက်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ရဟန်းတို့သည် ထိုတိတ္ထိတို့၏ ကဲ့ရဲ့ ရှုတ်ချ အပြစ်ပြ ပြောဆိုကြသော စကားကို ကြားကြသည် သာတည်း။ ထိုအခါ ထိုရဟန်းတို့သည် သာကီဝင်မင်းသား ဟတ္ထကရဟန်းထံသို့ ချဉ်းကပ်ပြီးလျှင် သာကီဝင်မင်းသား ဟတ္ထကရဟန်းအား "ငါ့သျှင် ဟတ္ထက သင်သည် တိတ္ထိတို့နှင့်အတူ စကားပြောဆို

---

* ကုသိုလ်စိတ်ကို လျှောကျစေတတ်သောကြောင့် ပါစိတ်မည်၏။

http://www.dhammadownload.com



သောအခါ ပယ်ပြီးမှ ဝန်ခံ၏၊ ဝန်ခံပြီးမှ ပယ်၏၊ အကြောင်းတပါးဖြင့် အကြောင်းတပါးကို ဖုံးလွှမ်း ပြောဆို၏၊ သိလျက် မဟုတ်မမှန်ကို ပြောဆို၏၊ ချိန်းဆိုပြီးမှ ပျက်ကွက်၏ ဟူသည် မှန်သလော" ဟု မေးမြန်းကုန်၏။

ငါ့သျှင်တို့ ထိုတိတ္ထိတို့ကို မည်သည့်နည်းနှင့်မဆို အနိုင်ယူအပ်ကုန်၏။ ထိုတိတ္ထိတို့အား အောင်မြင်မှုကို မပေးသင့်ချေ ဟု (ဆို၏)။

အလိုနည်းသော ရဟန်းတို့သည် "အဘယ့်ကြောင့် သာကီဝင်မင်းသား ဟတ္ထကရဟန်းသည် တိတ္ထိတို့နှင့်အတူ စကားပြောဆိုသောအခါ ပယ်ပြီးမှ ဝန်ခံဘိသနည်း၊ ဝန်ခံပြီးမှ ပယ်ဘိသနည်း၊ အကြောင်းတပါးဖြင့် အကြောင်းတပါးကို ဖုံးလွှမ်းပြောဆို ဘိသနည်း၊ သိလျက် မဟုတ်မမှန်ကို ပြောဆိုဘိသနည်း၊ ချိန်းဆိုပြီးမှ ပျက်ကွက်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ထိုအခါ၊ ထိုရဟန်းတို့သည် သာကီဝင်မင်းသား ဟတ္ထကကို များစွာသောအကြောင်းဖြင့် ကဲ့ရဲ့ ပြစ်တင်ကြပြီးလျှင် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ထိုအခါ မြတ်စွာ ဘုရားသည် ဤအကြောင်းအရာကြောင့် ရဟန်းသံဃာကို စည်းဝေးစေပြီးလျှင် သာကီဝင်မင်းသား ဟတ္ထက ရဟန်းကို—

"ဟတ္ထက သင်သည် တိတ္ထိတို့နှင့်အတူ စကားပြောဆိုသောအခါ ပယ်ပြီးမှ ဝန်ခံ၏၊ ဝန်ခံပြီးမှ ပယ်၏၊ အကြောင်းတပါးဖြင့် အကြောင်းတပါးကို ဖုံးလွှမ်းပြောဆို၏၊ သိလျက် မဟုတ်မမှန်ကို ပြောဆို၏၊ ချိန်းဆိုပြီးမှ ပျက်ကွက်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျာ်း အဘယ့်ကြောင့် သင်သည် တိတ္ထိတို့နှင့် အတူစကားပြောဆိုသောအခါ ပယ်ပြီးမှ ဝန်ခံဘိသနည်း၊ ဝန်ခံပြီးမှ ပယ်ဘိသနည်း၊ အကြောင်းတပါးဖြင့် အကြောင်းတပါးကို ဖုံးလွှမ်းပြောဆိုဘိသနည်း၊ သိလျက် မဟုတ်မမှန်ကို ပြောဆိုဘိသနည်း၊ ချိန်းဆိုပြီးမှ ပျက်ကွက်ဘိသနည်း။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျာ်း ဤ (သင်ပြုမိသောအမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ ရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

**၅၀။ ၁-၂။ "သိလျက် မဟုတ်မမှန်ကို ပြောဆိုခြင်းကြောင့် ပါစိတ်အာပတ် သင့်၏"** ဤသို့ (ပြ)ကြကုန်လော့ ဟု မိန့်တော်မူ၏။

## ၁-မုသာဝါဒသိက္ခာပုဒ် အဖွင့်

**၃။ သိလျက် မဟုတ်မမှန်ကို ပြောဆိုခြင်း** မည်သည် မမှန်မကန်ပြောဆိုခြင်းကို ရှေးရှုသော ရဟန်း၏ စကားအသံ စကားအကြောင်း နှုတ်မြွက်မှု နှုတ်ဥဖြစ်သော သိစေမှုတည်း။

မမြင်သည်ကို ငါမြင်၏ ဟူ၍၊ မကြားသည်ကို ငါကြား၏ ဟူ၍၊ မတွေ့သည်ကို ငါတွေ့၏ ဟူ၍၊ မသိသည်ကို ငါသိ၏ဟူ၍၊ မြင်သည်ကို ငါမမြင်ဟူ၍၊ ကြားသည်ကို ငါမကြားဟူ၍၊ တွေ့သည်ကို ငါမတွေ့ဟူ၍၊ သိသည်ကို ငါမသိဟူ၍ ပုထုဇန်တို့၏ ပြောဆိုမှုသည် ရှစ်ပါးတို့တည်း။

http://www.dhammadownload.com



မမြင် မည်သည်ကား မျက်စိဖြင့်မမြင်။
မကြား မည်သည်ကား နားဖြင့်မကြား။
မတွေ့ မည်သည်ကား နှာခေါင်းဖြင့် မနံ လျှာဖြင့် မလျက် ကိုယ်ဖြင့် မတွေ့ထိ။
မသိ မည်သည်ကား စိတ်ဖြင့်မသိ။
မြင် မည်သည်ကား မျက်စိဖြင့် မြင်၏။
ကြား မည်သည်ကား နားဖြင့်ကြား၏။
တွေ့ မည်သည်ကား နှာခေါင်းဖြင့် နမ်း၏ လျှာဖြင့် လျက်၏ ကိုယ်ဖြင့် တွေ့ထိ၏။
သိ မည်သည်ကား စိတ်ဖြင့်သိ၏။

၄။ မပြောမီ ရှေးမဆွကပင် ထိုရဟန်းသည် မဟုတ်မမှန်ပြောမည်ဟု သိ၏၊ ပြောဆဲရဟန်းသည် မဟုတ်မမှန် ပြောသည် ဟု သိ၏၊ ပြောပြီးရဟန်းသည် ငါမဟုတ်မမှန် ပြောမိပြီ ဟု သိ၏၊ ဤအကြောင်းသုံးမျိုးတို့ဖြင့် မမြင်သည်ကို ငါမြင်၏ ဟု သိလျက် မဟုတ်မမှန် ပြောဆိုသော ရဟန်းအား ပါစိတ်အာပတ် သင့်၏။

မပြောမီ ရှေးမဆွကပင် ထိုရဟန်းသည် မဟုတ်မမှန်ပြောမည် ဟု သိ၏၊ ပြောဆဲရဟန်းသည် မဟုတ်မမှန်ပြောသည် ဟု သိ၏၊ ပြောပြီး ရဟန်းသည် ငါမဟုတ်မမှန် ပြောမိပြီ ဟု သိ၏၊ မိမိ၏အယူအဆကို ဖုံးထားလျက် ဤအကြောင်းလေးမျိုးတို့ဖြင့် မမြင်သည်ကို ငါမြင်၏ ဟု သိလျက် မဟုတ်မမှန် ပြောဆိုသော ရဟန်းအား ပါစိတ်အာပတ် သင့်၏။

မပြောမီ ရှေးမဆွကပင် ထိုရဟန်းသည် မဟုတ်မမှန်ပြောမည် ဟု သိ၏၊ ပြောဆဲရဟန်းသည် မဟုတ်မမှန်ပြောသည် ဟု သိ၏၊ ပြောပြီးရဟန်းသည် ငါမဟုတ်မမှန် ပြောမိပြီ ဟု သိ၏၊ မိမိ၏ အယူအဆကို ဖုံးထားလျက် မိမိ၏ နှစ်သိမ့်သဘောတူညီမှုကို ဖုံးထားလျက် ဤအကြောင်းငါးမျိုးတို့ဖြင့် မမြင်သည်ကို ငါမြင်၏ ဟု သိလျက် မဟုတ်မမှန် ပြောဆိုသောရဟန်းအား ပါစိတ်အာပတ် သင့်၏။

မပြောမီ ရှေးမဆွကပင် ထိုရဟန်းသည် မဟုတ်မမှန်ပြောမည် ဟု သိ၏၊ ပြောဆဲရဟန်းသည် မဟုတ်မမှန်ပြောသည် ဟု သိ၏၊ ပြောပြီးရဟန်းသည် ငါမဟုတ်မမှန် ပြောမိပြီ ဟု သိ၏၊ မိမိ၏ အယူအဆကို ဖုံးထားလျက် မိမိ၏နှစ်သိမ့်သဘောတူညီမှုကို ဖုံးထားလျက် မိမိ၏ နှစ်သက်ကျေနပ်မှုကို ဖုံးထားလျက် ဤအကြောင်းခြောက်မျိုးတို့ဖြင့် မမြင်သည်ကို ငါမြင်၏ ဟု သိလျက် မဟုတ်မမှန် ပြောဆိုသော ရဟန်းအား ပါစိတ်အာပတ် သင့်၏။

မပြောမီ ရှေးမဆွကပင် ထိုရဟန်းသည် မဟုတ်မမှန်ပြောမည် ဟု သိ၏၊ ပြောဆဲရဟန်းသည် မဟုတ်မမှန်ပြောသည် ဟု သိ၏၊ ပြောပြီးရဟန်းသည် ငါမဟုတ်မမှန် ပြောမိပြီ ဟု သိ၏၊ မိမိ၏ အယူအဆကို ဖုံးထားလျက် မိမိ၏ နှစ်သိမ့်သဘောတူညီမှုကို ဖုံးထားလျက် မိမိ၏ နှစ်သက်ကျေနပ်မှုကို ဖုံးထားလျက် မိမိ၏ ရည်မှန်းချက်ကို ဖုံးထားလျက် ဤအကြောင်း ခုနစ်မျိုးတို့ဖြင့် မမြင်သည်ကို ငါမြင်၏ ဟု သိလျက် မဟုတ်မမှန်ပြောဆိုသော ရဟန်းအား ပါစိတ်အာပတ် သင့်၏။

၅။ မပြောမီ ရှေးမဆွကပင် ထိုရဟန်းသည် မဟုတ်မမှန်ပြောမည် ဟု သိ၏၊ ပြောဆဲ ရဟန်းသည် မဟုတ်မမှန် ပြောသည် ဟု သိ၏၊ ပြောပြီး ရဟန်းသည် ငါမဟုတ်မမှန် ပြောမိပြီ ဟု သိ၏၊ ဤအကြောင်း သုံးမျိုးတို့ဖြင့် မကြားအပ်သည်ကို ငါကြား၏ဟု။ပ။ နှာခေါင်း လျှာ ကိုယ်တို့ဖြင့် မတွေ့

http://www.dhammadownload.com



သည်ကို ငါတွေ့၏ဟု။ပ။ မသိသည်ကို ငါသိ၏ဟု သိလျက် မဟုတ်မမှန်ပြောဆိုသော ရဟန်းအား ပါစိတ်အာပတ် သင့်၏။

အကြောင်း လေးမျိုးတို့ဖြင့် ။ပ။ အကြောင်း ငါးမျိုးတို့ဖြင့် ။ပ။ အကြောင်း ခြောက်မျိုး တို့ဖြင့်။ပ။

မပြောမီ ရှေးမဆွကပင် ထိုရဟန်းသည် မဟုတ်မမှန် ပြောမည်ဟု သိ၏၊ ပြောဆဲ ရဟန်းသည် မဟုတ်မမှန် ပြောသည် ဟု သိ၏၊ ပြောပြီးရဟန်းသည် ငါ မဟုတ်မမှန် ပြောမိပြီ ဟု သိ၏၊ မိမိ၏ အယူအဆကို ဖုံးထားလျက် မိမိ၏ နှစ်သိမ့်သဘောတူညီမှုကို ဖုံးထားလျက် မိမိ၏ နှစ်သက်ကျေနပ်မှု ကို ဖုံးထားလျက် မိမိ၏ ရည်မှန်းချက်ကို ဖုံးထားလျက် ဤအကြောင်း ခုနစ်မျိုးတို့ဖြင့် မသိအပ် သည်ကို ငါသိ၏ဟု သိလျက် မဟုတ်မမှန် ပြောဆိုသော ရဟန်းအား ပါစိတ်အာပတ် သင့်၏။

၆။ အကြောင်းသုံးမျိုးတို့ဖြင့် မမြင်သည်ကို ငါသည် မြင်လည်းမြင်၏ ကြားလည်းကြား၏ ဟု သိလျက် မဟုတ်မမှန်ပြောဆိုသော ရဟန်းအား ပါစိတ်အာပတ် သင့်၏။ပ။

အကြောင်းသုံးမျိုးတို့ဖြင့် မမြင်သည်ကို ငါသည် မြင်လည်းမြင်၏၊ (နှာခေါင်း လျှာ ကိုယ်တို့ ဖြင့်)တွေ့လည်းတွေ့၏ဟု သိလျက် မဟုတ်မမှန် ပြောဆိုသောရဟန်းအား ပါစိတ်အာပတ် သင့်၏။ပ။

အကြောင်းသုံးမျိုးတို့ဖြင့် မမြင်သည်ကို ငါသည် မြင်လည်းမြင်၏ သိလည်း သိ၏ဟု သိလျက် မဟုတ်မမှန် ပြောဆိုသော ရဟန်းအား ပါစိတ်အာပတ် သင့်၏။ပ။

အကြောင်းသုံးမျိုးတို့ဖြင့် မမြင်သည်ကို ငါသည် မြင်လည်းမြင်၏ ကြားလည်းကြား၏ (နှာ ခေါင်း လျှာ ကိုယ်တို့ဖြင့်) တွေ့လည်းတွေ့၏ဟု။ပ။

အကြောင်းသုံးမျိုးတို့ဖြင့် မမြင်သည်ကို ငါသည် မြင်လည်းမြင်၏ ကြားလည်းကြား၏၊ သိလည်း သိ၏ဟု။ပ။

အကြောင်းသုံးမျိုးတို့ဖြင့် မမြင်သည်ကို ငါသည် မြင်လည်းမြင်၏ ကြားလည်းကြား၏ (နှာ ခေါင်း လျှာ ကိုယ်တို့ဖြင့်) တွေ့လည်းတွေ့၏ သိလည်းသိ၏ဟု သိလျက် မဟုတ်မမှန် ပြောဆိုသော ရဟန်းအား ပါစိတ်အာပတ် သင့်၏။ပ။

အကြောင်းသုံးမျိုးတို့ဖြင့် မကြားသည်ကို ငါသည် ကြားလည်းကြား၏ (နှာခေါင်း လျှာ ကိုယ် တို့ဖြင့်) တွေ့လည်းတွေ့၏ ဟု ။ပ။

အကြောင်းသုံးမျိုးတို့ဖြင့် မကြားသည်ကို ငါသည် ကြားလည်းကြား၏ သိလည်း သိ၏ဟု ။ပ။

အကြောင်းသုံးမျိုးတို့ဖြင့် မကြားသည်ကို ငါသည် ကြားလည်းကြား၏၊ မြင်လည်းမြင်၏ ဟု သိလျက် မဟုတ်မမှန် ပြောဆိုသော ရဟန်းအား ပါစိတ်အာပတ် သင့်၏။ပ။

အကြောင်းသုံးမျိုးတို့ဖြင့် မကြားသည်ကို ငါသည် ကြားလည်းကြား၏၊ (နှာခေါင်း လျှာ ကိုယ် တို့ဖြင့်) တွေ့လည်းတွေ့၏၊ သိလည်းသိ၏ ဟု ။ပ။

အကြောင်းသုံးမျိုးတို့ဖြင့် မကြားသည်ကို ငါသည် ကြားလည်းကြား၏၊ (နှာခေါင်း လျှာ ကိုယ် တို့ဖြင့်) တွေ့လည်းတွေ့၏၊ မြင်လည်းမြင်၏ ဟု ။ပ။

အကြောင်းသုံးမျိုးတို့ဖြင့် မကြားသည်ကို ငါသည် ကြားလည်းကြား၏၊ (နှာခေါင်း လျှာ ကိုယ်တို့ဖြင့်) တွေ့လည်း တွေ့၏၊ သိလည်းသိ၏၊ မြင်လည်းမြင်၏ ဟု သိလျက် မဟုတ်မမှန် ပြောဆို သော ရဟန်းအား ပါစိတ်အာပတ် သင့်၏။ပ။

http://www.dhammadownload.com



အကြောင်းသုံးမျိုးတို့ဖြင့် (နှာခေါင်း လျှာ ကိုယ်တို့ဖြင့်) မတွေ့သည်ကို ငါသည် တွေ့လည်း တွေ့၏၊ သိလည်းသိ၏ ဟု။ပ။

အကြောင်းသုံးမျိုးတို့ဖြင့် (နှာခေါင်း လျှာ ကိုယ်တို့ဖြင့်) မတွေ့သည်ကို ငါသည် တွေ့လည်း တွေ့၏၊ မြင်လည်းမြင်၏ ဟု ။ပ။

အကြောင်းသုံးမျိုးတို့ဖြင့် (နှာခေါင်း လျှာ ကိုယ်တို့ဖြင့်) မတွေ့သည်ကို ငါသည် တွေ့လည်း တွေ့၏၊ ကြားလည်း ကြား၏ ဟု သိလျက် မဟုတ်မမှန် ပြောဆိုသော ရဟန်းအား ပါစိတ်အာပတ် သင့်၏။ပ။

အကြောင်းသုံးမျိုးတို့ဖြင့် (နှာခေါင်း လျှာ ကိုယ်တို့ဖြင့်) မတွေ့သည်ကို ငါသည် တွေ့လည်း တွေ့၏၊ သိလည်းသိ၏၊ မြင်လည်းမြင်၏ ဟု ။ပ။

အကြောင်းသုံးမျိုးတို့ဖြင့် (နှာခေါင်း လျှာ ကိုယ်တို့ဖြင့်) မတွေ့သည်ကို ငါသည် တွေ့လည်း တွေ့၏၊ သိလည်းသိ၏၊ ကြားလည်းကြား၏ ဟု ။ပ။

အကြောင်းသုံးမျိုးတို့ဖြင့် (နှာခေါင်း လျှာ ကိုယ်တို့ဖြင့်) မတွေ့သည်ကို ငါသည် တွေ့လည်း တွေ့၏၊ သိလည်းသိ၏၊ မြင်လည်းမြင်၏၊ ကြားလည်းကြား၏ ဟု သိလျက် မဟုတ်မမှန် ပြောဆိုသော ရဟန်းအား ပါစိတ်အာပတ် သင့်၏။ပ။

အကြောင်းသုံးမျိုးတို့ဖြင့် မသိသည်ကို ငါသည် သိလည်းသိ၏၊ မြင်လည်းမြင်၏ ဟု ။ပ။

အကြောင်းသုံးမျိုးတို့ဖြင့် မသိသည်ကို ငါသည် သိလည်းသိ၏၊ ကြားလည်းကြား၏ဟု။ပ။

အကြောင်းသုံးမျိုးတို့ဖြင့် မသိသည်ကို ငါသည် သိလည်းသိ၏၊ (နှာခေါင်း လျှာ ကိုယ်တို့ဖြင့်) တွေ့လည်းတွေ့၏ ဟု သိလျက် မဟုတ်မမှန် ပြောဆိုသော ရဟန်းအား ပါစိတ်အာပတ် သင့်၏။

အကြောင်းသုံးမျိုးတို့ဖြင့် မသိသည်ကို ငါသည် သိလည်းသိ၏၊ မြင်လည်းမြင်၏၊ ကြားလည်း ကြား၏ ဟု ။ပ။

အကြောင်းသုံးမျိုးတို့ဖြင့် မသိသည်ကို ငါသည် သိလည်းသိ၏၊ မြင်လည်းမြင်၏၊ (နှာခေါင်း လျှာ ကိုယ်တို့ဖြင့်) တွေ့လည်းတွေ့၏ ဟု ။ပ။

အကြောင်းသုံးမျိုးတို့ဖြင့် မသိသည်ကို ငါသည် သိလည်းသိ၏၊ မြင်လည်းမြင်၏၊ ကြားလည်း ကြား၏၊ (နှာခေါင်း လျှာ ကိုယ်တို့ဖြင့်) တွေ့လည်း တွေ့၏ ဟု သိလျက် မဟုတ်မမှန် ပြောဆိုသော ရဟန်းအား ပါစိတ်အာပတ် သင့်၏။ပ။

၇။ အကြောင်းသုံးမျိုးတို့ဖြင့် မြင်သည်ကို ငါသည် မမြင်။ပ။ ကြားသည်ကို ငါသည် မကြား။ပ။ (နှာခေါင်း လျှာ ကိုယ် တို့ဖြင့်) တွေ့သည်ကို ငါသည် မတွေ့။ပ။ သိသည်ကို ငါသည် မသိ ဟု သိလျက် မဟုတ်မမှန် ပြောဆိုသော ရဟန်းအား ပါစိတ်အာပတ် သင့်၏။ပ။

၈။ အကြောင်းသုံးမျိုးတို့ဖြင့် မြင်သည်ကို ငါသည် ကြား၏ ဟု ။ပ။

အကြောင်းသုံးမျိုးတို့ဖြင့် မြင်သည်ကို (နှာ ခေါင်း လျှာ ကိုယ်တို့ဖြင့်) ငါသည်တွေ့၏ ဟု ။ပ။

အကြောင်းသုံးမျိုးတို့ဖြင့် မြင်သည်ကို ငါသည် သိ၏ ဟု သိလျက် မဟုတ်မမှန်ပြောဆိုသော ရဟန်းအား ပါစိတ်အာပတ် သင့်၏။ပ။

အကြောင်းသုံးမျိုးတို့ဖြင့် မြင်သည်ကို ငါသည်ကြားလည်း ကြား၏ (နှာခေါင်း လျှာ ကိုယ်တို့ဖြင့်) တွေ့လည်း တွေ့၏ ဟု ။ပ။

အကြောင်းသုံးမျိုးတို့ဖြင့် မြင်သည်ကို ငါသည် ကြားလည်း ကြား၏၊ သိလည်း သိ၏ ဟု ။ပ။

အကြောင်းသုံးမျိုးတို့ဖြင့် မြင်သည်ကို ငါသည် ကြားလည်း ကြား၏၊ (နှာခေါင်း လျှာ ကိုယ်တို့ဖြင့်) တွေ့လည်း တွေ့၏၊ သိလည်း သိ၏ ဟု သိလျက် မဟုတ်မမှန်ပြောဆိုသော ရဟန်းအား ပါစိတ်အာပတ် သင့်၏။ပ။

အကြောင်းသုံးမျိုးတို့ဖြင့် ကြားသည်ကို(နှာခေါင်း လျှာ ကိုယ်တို့ဖြင့်) ငါသည် တွေ့၏ ဟု ။ပ။

အကြောင်းသုံးမျိုးတို့ဖြင့် ကြားသည်ကို ငါသည် သိ၏ ဟု ။ပ။

အကြောင်းသုံးမျိုးတို့ဖြင့် ကြားသည်ကို ငါသည် မြင်၏ ဟု သိလျက် မဟုတ်မမှန်ပြောဆိုသော ရဟန်းအား ပါစိတ်အာပတ် သင့်၏။ပ။

အကြောင်းသုံးမျိုးတို့ဖြင့် ကြားသည်ကို (နှာခေါင်း လျှာ ကိုယ်တို့ဖြင့်) ငါသည် တွေ့လည်း တွေ့၏၊ သိလည်း သိ၏ ဟု ။ပ။

အကြောင်းသုံးမျိုးတို့ဖြင့် ကြားသည်ကို (နှာခေါင်း လျှာ ကိုယ်တို့ဖြင့်) ငါသည် တွေ့လည်း တွေ့၏၊ မြင်လည်း မြင်၏ ဟု ။ပ။

အကြောင်းသုံးမျိုးတို့ဖြင့် ကြားသည်ကို (နှာခေါင်း လျှာ ကိုယ်တို့ဖြင့်) ငါသည်တွေ့လည်း တွေ့၏၊ သိလည်း သိ၏၊ မြင်လည်း မြင်၏ ဟု သိလျက် မဟုတ်မမှန်ပြောဆိုသော ရဟန်းအား ပါစိတ်အာပတ် သင့်၏။ပ။

အကြောင်းသုံးမျိုးတို့ဖြင့် (နှာခေါင်း လျှာ ကိုယ်တို့ဖြင့်) တွေ့သည်ကို ငါသည် သိ၏ ဟု ။ပ။

အကြောင်းသုံးမျိုးတို့ဖြင့် (နှာခေါင်း လျှာ ကိုယ်တို့ဖြင့်) တွေ့သည်ကို ငါသည် မြင်၏ ဟု ။ပ။

အကြောင်းသုံးမျိုးတို့ဖြင့် (နှာခေါင်း လျှာ ကိုယ်တို့ဖြင့်) တွေ့သည်ကို ငါသည် ကြား၏ ဟု သိလျက် မဟုတ်မမှန် ပြောဆိုသော ရဟန်းအား ပါစိတ်အာပတ် သင့်၏။ပ။

အကြောင်းသုံးမျိုးတို့ဖြင့် (နှာခေါင်း လျှာ ကိုယ်တို့ဖြင့်) တွေ့သည်ကို ငါသည် သိလည်း သိ၏၊ မြင်လည်း မြင်၏ ဟု ။ပ။

အကြောင်းသုံးမျိုးတို့ဖြင့် (နှာခေါင်း လျှာ ကိုယ်တို့ဖြင့်) တွေ့သည်ကို ငါသည် သိလည်း သိ၏၊ ကြားလည်း ကြား၏ ဟု ။ပ။

အကြောင်းသုံးမျိုးတို့ဖြင့် (နှာခေါင်း လျှာ ကိုယ်တို့ဖြင့်) တွေ့သည်ကို ငါသည် သိလည်း သိ၏၊ မြင်လည်း မြင်၏၊ ကြားလည်း ကြား၏ ဟု သိလျက် မဟုတ်မမှန် ပြောဆိုသော ရဟန်းအား ပါစိတ်အာပတ် သင့်၏။ပ။

အကြောင်းသုံးမျိုးတို့ဖြင့် သိသည်ကို ငါသည် မြင်၏ ဟု ။ပ။

အကြောင်းသုံးမျိုးတို့ဖြင့် သိသည်ကို ငါသည် ကြား၏ ဟု ။ပ။

အကြောင်းသုံးမျိုးတို့ဖြင့် သိသည်ကို (နှာခေါင်းလျှာကိုယ်တို့ဖြင့်) ငါသည် တွေ့၏ ဟု သိလျက် မဟုတ်မမှန် ပြောဆိုသော ရဟန်းအား ပါစိတ်အာပတ် သင့်၏။ပ။

အကြောင်းသုံးမျိုးတို့ဖြင့် သိသည်ကို ငါသည် မြင်လည်း မြင်၏၊ ကြားလည်း ကြား၏ ဟု ။ပ။

http://www.dhammadownload.com



အကြောင်းသုံးမျိုးတို့ဖြင့် သိသည်ကို ငါသည် မြင်လည်း မြင်၏၊ (နှာခေါင်း လျှာ ကိုယ်တို့ဖြင့်) တွေ့လည်း တွေ့၏ ဟု ။ပ။

အကြောင်းသုံးမျိုးတို့ဖြင့် သိသည်ကို ငါသည် မြင်လည်း မြင်၏၊ ကြားလည်း ကြား၏၊ (နှာခေါင်း လျှာ ကိုယ်တို့ဖြင့်) တွေ့လည်း တွေ့၏ ဟု သိလျက် မဟုတ်မမှန် ပြောဆိုသော ရဟန်းအား ပါစိတ်အာပတ် သင့်၏။ပ။

၉။ အကြောင်းသုံးမျိုးတို့ဖြင့် မြင်သည်၌ ယုံမှားရှိ၏။ မြင်သည်ကို မယုံကြည်။ မြင်သည်ကို မအောက်မေ့မိ။ မြင်သည်ကို မေ့လျော့၏။ပ။

ကြားသည်၌ ယုံမှားရှိ၏။ ကြားသည်ကို မယုံကြည်။ ကြားသည်ကို မအောက်မေ့မိ။ ကြားသည်ကို မေ့လျော့၏။ပ။

(နှာခေါင်း လျှာ ကိုယ်တို့ဖြင့်) တွေ့သည်၌ ယုံမှားရှိ၏။ (နှာခေါင်း လျှာ ကိုယ်တို့ဖြင့်) တွေ့သည်ကို မယုံကြည်။ (နှာခေါင်း လျှာ ကိုယ်တို့ဖြင့်) တွေ့သည်ကို မအောက်မေ့မိ။ (နှာခေါင်း လျှာ ကိုယ်တို့ဖြင့်) တွေ့သည်ကို မေ့လျော့၏။ပ။

သိသည်၌ ယုံမှားရှိ၏။ သိသည်ကို မယုံကြည်။ သိသည်ကို မအောက်မေ့မိ။ သိသည်ကို မေ့လျော့၏။

(သိသည်ကို) ငါသည် သိလည်း သိ၏၊ မြင်လည်း မြင်၏။ပ။ သိသည်ကို မေ့လျော့၏၊ (သိသည်ကို) ငါသည် သိလည်း သိ၏၊ ကြားလည်း ကြား၏ ဟု ။ပ။ သိသည်ကို မေ့လျော့၏၊ (သိသည်ကို) ငါသည် သိလည်း သိ၏ (နှာခေါင်း လျှာ ကိုယ်တို့ဖြင့်) တွေ့လည်း တွေ့၏ ဟု ။ပ။ သိသည်ကို မေ့လျော့၏၊ (သိသည်ကို) ငါသည် သိလည်း သိ၏၊ မြင်လည်း မြင်၏၊ ကြားလည်း ကြား၏ ဟု ။ပ။ သိသည်ကို မေ့လျော့၏၊ (သိသည်ကို) ငါသည် သိလည်း သိ၏၊ မြင်လည်း မြင်၏၊ (နှာခေါင်း လျှာ ကိုယ်တို့ဖြင့်) တွေ့လည်း တွေ့၏ ဟု ။ပ။ သိသည်ကို မေ့လျော့၏၊ (သိသည်ကို) ငါသည် သိလည်း သိ၏၊ မြင်လည်း မြင်၏၊ ကြားလည်း ကြား၏၊ (နှာခေါင်း လျှာ ကိုယ်တို့ဖြင့်) တွေ့လည်း တွေ့၏ ဟု သိလျက် မဟုတ်မမှန် ပြောသော ရဟန်းအား ပါစိတ်အာပတ် သင့်၏။

၁၀။ အကြောင်း လေးမျိုးတို့ဖြင့်။ပ။

အကြောင်း ငါးမျိုးတို့ဖြင့်။ပ။

အကြောင်း ခြောက်မျိုးတို့ဖြင့်။ပ။

မပြောမီ ရှေးမဆွကပင် ထိုရဟန်းသည် မဟုတ် မမှန် ပြောမည် ဟု သိ၏၊ ပြောဆဲ ရဟန်းသည် မဟုတ်မမှန် ပြောသည် ဟု သိ၏၊ ပြောပြီး ရဟန်းသည် ငါ မဟုတ်မမှန် ပြောမိပြီ ဟု သိ၏၊ မိမိ၏အယူအဆကို ဖုံးထားလျက် မိမိ၏ နှစ်သိမ့် သဘောတူညီမှုကို ဖုံးထားလျက် မိမိ၏ နှစ်သက် ကျေနပ်မှုကို ဖုံးထားလျက် မိမိ၏ ရည်မှန်းချက်ကို ဖုံးထားလျက် ဤ အကြောင်းခုနစ်မျိုးတို့ဖြင့် သိသည်ကို မေ့လျော့၏၊ (သိသည်ကို) ငါသည် သိလည်း သိ၏၊ မြင်လည်း မြင်၏၊ ကြားလည်း ကြား၏၊ (နှာခေါင်း လျှာ ကိုယ်တို့ဖြင့်) တွေ့လည်း တွေ့၏ ဟု သိလျက် မဟုတ် မမှန် ပြောဆိုသော ရဟန်းအား ပါစိတ် အာပတ် သင့်၏။

http://www.dhammadownload.com



၁၁။ အဆောတလျှင် ပြောဆိုအံ့၊ ချွတ်ယွင်းပြောဆိုအံ့၊ အာပတ် မသင့်။

အဆောတလျှင် ပြောဆိုအံ့ မည်သည် အလျင် အမြန် ပြောဆိုအံ့။

ချွတ်ယွင်းပြောဆိုအံ့ မည်သည် 'အကြောင်းတခုကို ပြောအံ့ ဟု ရည်ရွယ်လျက် အခြား အကြောင်းတခုကို ပြောဆိုအံ့'။

ရှူးသော ရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

ပဌမ မုသာဝါဒသိက္ခာပုဒ် ပြီး၏။

---

## ၁-မုသာဝါဒဝဂ် ၂-ဩမသဝါဒသိက္ခာပုဒ်

၁၂။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံ ဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ ဆဗ္ဗဂ္ဂီရဟန်း*တို့သည် သီလကို ချစ်မြတ်နိုးကုန်သော ရဟန်းတို့နှင့်အတူ ငြင်းခုံကြသည်ရှိသော် သီလကို ချစ်မြတ်နိုးကုန်သော ရဟန်းတို့ကို နှုတ်လုံ့ထိုးကုန်၏၊ အမျိုးဇာတ်အားဖြင့်၎င်း အမည်အားဖြင့်၎င်း အနွယ်အားဖြင့်၎င်း အမှု 'အလုပ်အကိုင်' အားဖြင့်၎င်း အတတ်ပညာအားဖြင့်၎င်း အနာရောဂါအားဖြင့်၎င်း အသွင် 'ပုံသဏ္ဌာန်' အားဖြင့်၎င်း ညစ်ညမ်းမှု ကိလေသာအားဖြင့်၎င်း အာပတ်အားဖြင့်၎င်း ယုတ်ညံ့သော ဆဲရေးခြင်းအားဖြင့်၎င်း ဆဲရေးကြကုန်၏၊ ရှုတ်ချကြကုန်၏။

အလိုနည်းသော ရဟန်းတို့သည် "ဆဗ္ဗဂ္ဂီရဟန်းတို့သည် သီလကို ချစ်မြတ်နိုးကုန်သော ရဟန်းတို့ နှင့် အတူ ငြင်းခုံကြသည်ရှိသော် သီလကို ချစ်မြတ်နိုးကုန်သော ရဟန်းတို့ကို အဘယ့်ကြောင့် နှုတ်လုံ့ ထိုးကုန်ဘိသနည်း၊ အမျိုးဇာတ်အားဖြင့်၎င်း အမည်အားဖြင့်၎င်း အနွယ်အားဖြင့်၎င်း အမှုအားဖြင့် ၎င်း အတတ်ပညာအားဖြင့်၎င်း အနာရောဂါအားဖြင့်၎င်း အသွင် 'ပုံသဏ္ဌာန်'အားဖြင့်၎င်း ညစ်ညမ်းမှု ကိလေသာအားဖြင့်၎င်း အာပတ်အားဖြင့်၎င်း ယုတ်ညံ့သော ဆဲရေးခြင်းအားဖြင့်၎င်း ဆဲရေးကုန် ဘိသနည်း၊ ရှုတ်ချကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ထိုအခါ ထိုရဟန်းတို့သည် ဆဗ္ဗဂ္ဂီရဟန်းတို့ကို များစွာသော အကြောင်းဖြင့် ကဲ့ရဲ့ပြစ်တင်ကြ ပြီးလျှင် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ပ။ "ရဟန်းတို့ သင်တို့သည် သီလ ကို ချစ်မြတ်နိုးကုန်သော ရဟန်းတို့နှင့်အတူ ငြင်းခုံကြသည်ရှိသော် သီလကို ချစ်မြတ်နိုးကုန်သော ရဟန်းတို့ကို နှုတ်လုံ့ထိုးကုန်၏၊ အမျိုးဇာတ်အားဖြင့်၎င်း။ပ။ ယုတ်ညံ့သော ဆဲရေးခြင်းအားဖြင့်၎င်း ဆဲရေးကုန်၏၊ ရှုတ်ချကုန်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ သင်တို့သည် သီလကို ချစ်မြတ်နိုးကုန်သော ရဟန်းတို့နှင့်အတူ ငြင်းခုံကြသည်ရှိသော် သီလကို ချစ်မြတ်နိုးကုန်သော ရဟန်းတို့ကို အဘယ့်ကြောင့် နှုတ်လုံ့ထိုးကုန်ဘိသနည်း၊ အမျိုးဇာတ်

---

* ဆဗ္ဗဂ္ဂီရဟန်းခြောက်ပါး စတင်တည်ထောင်သော အသင်းဝင်ရဟန်းတို့ကို ဆိုသည်။

http://www.dhammadownload.com



အားဖြင့်ငှင်း။ပ။ ယုတ်ညံ့သော ဆဲရေးခြင်းအားဖြင့်ငှင်း ဆဲရေးကုန်ဘိသနည်း၊ ရှုတ်ချကုန်ဘိသနည်း၊ (မင်္ဂဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ ဤ (သင်တို့ပြုမိသောအမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါရင်း။ပ။ ကဲ့ရဲ့တော်မူ၍ တရားစကားကို ဟောတော်မူပြီးလျှင် ရဟန်းတို့အား မိန့်တော်မူ၏။

၁၃။ ရဟန်းတို့ ရှေး၌ ဖြစ်ဘူးသည်ကား တက္ကသိုလ်မြို့* ၌ ပုဏ္ဏားသာယောက်အား နန္ဒိဝိသာလ အမည်ရှိသော နွားလားသည်ရှိ၏။ ထိုအခါ နန္ဒိဝိသာလနွားလားသည် ထိုပုဏ္ဏားအား "ပုဏ္ဏား အသင်သွားချေ၊ ငါ၏နွားလားသည် တစပ်တည်းချည်နှောင်ထားသည့် ဝန်အပြည့်တင်သော လှည်းတရာကို လိမ့်စေနိုင်၏" ဟု သူဌေးနှင့်အတူ အသပြာတထောင် အလောင်းအစား ပြုလေလော့ ဟု ဆို၏။

ရဟန်းတို့ ထိုအခါ ထိုပုဏ္ဏားသည် ငါ၏ နွားလားသည် တစပ်တည်းချည်နှောင်ထားသည့်ဝန်အပြည့်တင်သော လည်းတရာကို လိမ့်စေနိုင်၏ ဟု သူဌေး နှင့် အတူ အသပြာတထောင် အလောင်းအစား ပြုလေ၏။

ထိုနောက် ထိုပုဏ္ဏားသည် လှည်းတရာကို မြဲမြံစွာနှောင်ဖွဲ့၍နန္ဒိဝိသာလ+နွားလားကို ကပြီးလျှင် "စဥ်းလဲကောက်ကျစ်သော နွား သွားလော့၊ စဥ်းလဲကောက်ကျစ်သော နွား ရုန်းလော့" ဟု ဆို၏။

ရဟန်းတို့ ထိုအခါ နန္ဒိဝိသာလနွားလားသည် ထိုကဲ့သို့နေရာ၌ပင် ရပ်တန့်နေလေ၏၊ ထိုပုဏ္ဏားသည်လည်း အသပြာတထောင် ဆုံးရှုံးသောကြောင့် မှိုင်တွေ၍နေ၏။

ထိုအခါ နန္ဒိဝိသာလ နွားလားသည် ထိုပုဏ္ဏားအား "ပုဏ္ဏားသင်သည် အဘယ့်ကြောင့် မှိုင်တွေနေသနည်း" ဟု ဆို၏။

နွားလား သင်သည် ငါ့ကို အသပြာတထောင် ဆုံးရှုံးစေသောကြောင့် မှိုင်တွေနေ၏ ဟု (ဆို၏)။

ပုဏ္ဏား သင်သည် မကောက်ကျစ်သောငါ့ကို ကောက်ကျစ်သောနွား ဟု အဘယ့်ကြောင့် ပြောဆိုဘိသနည်း၊ ပုဏ္ဏား သင်သွားချေဦး၊ "ငါ၏ နွားသည် တစပ်တည်း ချည်းနှောင်ထားသည့် ဝန်အပြည့်တင်သော လှည်းတရာကို လိမ့်စေနိုင်၏" ဟု သူဌေးနှင့်အတူ အသပြာနှစ်ထောင် အလောင်းအစားပြုလေဦးလော့၊ "မကောက်ကျစ်သော ငါ့ကိုလည်း ကောက်ကျစ်၏" ဟု မဆိုလင့်ဟု ဆို၏။

ရဟန်းတို့ ထိုအခါ ပုဏ္ဏားသည် "ငါ၏နွားလားသည် တစပ်တည်းချည်းနှောင်ထားသည့် ဝန်အပြည့်တင်သော လှည်းတရာကိုလိမ့်စေနိုင်၏" ဟု သူဌေးနှင့်အတူ အသပြာနှစ်ထောင် အလောင်းအစားပြုလေ၏။ ရဟန်းတို့ ထိုအခါ ပုဏ္ဏားသည် ဝန်အပြည့်တင်သော လှည်းတရာကိုခိုင်မြဲစွာ ဖွဲ့နှောင်၍ နန္ဒိဝိသာလ နွားလားကိုကပြီးလျှင် "ကောင်းသော နွားလား သွားပါလော့၊ ကောင်းသော နွားလား ရုန်းပါလော့" ဟု ပြောဆို၏။

ရဟန်းတို့ ထိုအခါ နန္ဒိဝိသာလ နွားလားသည် ဝန်အပြည့်တင်သော လှည်းပေါင်းတရာကို လိမ့်စေ၏။

နှစ်သက်ဖွယ်စကားကိုသာ ပြောဆိုရာ၏၊ မနှစ်သက်ဖွယ် စကားကို တရံတခါမျှ မပြောဆိုရာ၊ (နန္ဒိဝိသာလ နွားလားသည်)နှစ်သက်ဖွယ်ကို ပြောဆိုသော ပုဏ္ဏား၏ လေးလံသော (လှည်း

---

* တက္ကသိုလ်＝အတတ်ပညာအထူးထူးကို ကြံဆလေ့ရှိသောသူတို့၏နေထိုင်ရာမြို့တော်ဖြစ်သည်။

\+ နန္ဒိဝိသာလ＝နှစ်သက်ဖွယ်ဦးချိုခွဲညားခြင်းရှိသောနွား။

http://www.dhammadownload.com



ပေါင်းတရာ) ဝန်ကိုလည်း ရွက်ဆောင်နိုင်၏၊ ထို ပုဏ္ဏားအား ဥစ္စာကိုလည်း ရစေ၏၊ ထို့ကြောင့်ပင်လည်း ဝမ်းမြောက်လေ၏။

ရဟန်းတို့ ငွားတိရစ္ဆာန်ဖြစ်စဉ်အခါ၌ပင် ငါဘုရားသည် ဆဲရေးခြင်း ရှုတ်ချခြင်းကို မနှစ်သက်ခဲ့ပေ၊ ယခုအခါ၌မူကား ဆဲရေးခြင်း ရှုတ်ချခြင်းကို အဘယ်မှာနှစ်သက်ပါအံ့နည်း။ ရဟန်းတို့ ဤ(သင်တို့ပြုမိသောအမှု)သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှာရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

၅၁။ ၂-၁၄။ **"ထိခိုက် နာကျင်အောင် ပြောဆိုခြင်းကြောင့် ပါစိတ်အာပတ် သင့်၏"** ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

## ၂-ဩမသဝါဒသိက္ခာပုဒ် အဖွင့်

၁၅။ **ထိခိုက်နာကျင်အောင် ပြောဆိုခြင်း** မည်သည် အမျိုးဇာတ်အားဖြင့်ရင်း အမည်အားဖြင့်ရင်း အနွယ်အားဖြင့်ရင်း အလုပ်အားဖြင့်ရင်း အတတ်ပညာအားဖြင့်ရင်း အနာရောဂါအားဖြင့်ရင်း အသွင် 'ပုံသဏ္ဌာန်' အားဖြင့်ရင်း ညစ်ညမ်းမှု ကိလေသာအားဖြင့်ရင်း အာပတ်အားဖြင့်ရင်း ဆဲရေးခြင်း အားဖြင့်ရင်း ဆယ်ပါးသော အခြင်းအရာတို့ဖြင့် ထိခိုက်နာကျင်အောင် ပြောဆို၏။

**အမျိုးဇာတ်** မည်သည် ယုတ်သော အမျိုးဇာတ် မြတ်သော အမျိုးဇာတ် ဟူ၍ နှစ်မျိုးရှိ၏။

**ယုတ်သော အမျိုးဇာတ်** မည်သည် ဒွန်းစဏ္ဍားအမျိုးဇာတ် ဒေါင်းရွေသမား 'နှီးသမား' အမျိုးဇာတ် မုဆိုးတံငါအမျိုးဇာတ် သားရေနယ်သမားအမျိုးဇာတ် ပန်းမှိုက်သွန် အမျိုးဇာတ်တည်း၊ ဤကား ယုတ်သော အမျိုးဇာတ် မည်၏။

**မြတ်သော အမျိုးဇာတ်** မည်သည် မင်းမျိုးဇာတ် ပုဏ္ဏားမျိုးဇာတ်တည်း၊ ဤကား မြတ်သော အမျိုးဇာတ် မည်၏။

**အမည် နာမ** မည်သည် ယုတ်သောအမည် မြတ်သော အမည် ဟူ၍ နှစ်မျိုးရှိကုန်၏။

**ယုတ်သော အမည်** မည်သည် နွားချည်အမည် နွားပဲ့အမည် နွားလုံးအမည် နွားကျယ်အမည် မျိုးပွါးအမည်၊ ထိုမှတပါး ထိုထိုဇနပုဒ်တို့၌ ယုတ်ညံ့သောအားဖြင့် သိအပ်သောအမည် မထီမဲ့မြင် ပြုအပ်သောအမည် စက်ဆုပ်အပ်သောအမည် နှိပ်စက်အပ်သောအမည် အလေးအမြတ် မပြုအပ်သော အမည်တည်း၊ ဤကား ယုတ်သော အမည် မည်၏။

**မြတ်သောအမည်** မည်သည် ဘုရားနှင့်စပ်သောအမည် တရားနှင့်စပ်သောအမည် သံဃာနှင့် စပ်သောအမည်၊ ထိုမှတပါး ထိုထိုဇနပုဒ်တို့၌ ယုတ်ညံ့သောအားဖြင့် မသိအပ်သောအမည် မထီမဲ့မြင် မပြုအပ်သော အမည် မစက်ဆုပ်အပ်သောအမည် အလေးအမြတ်ပြုအပ်သော အမည်တည်း၊ ဤကား မြတ်သော အမည် မည်၏။

**အနွယ်** မည်သည် ယုတ်သောအနွယ် မြတ်သောအနွယ် ဟူ၍ နှစ်မျိုးရှိ၏။

**ယုတ်သော အနွယ်** မည်သည် ကောသိယအနွယ် ဘာရဒ္ဒါဇအနွယ်၊ ထိုမှတပါး ထိုထိုဇနပုဒ်တို့၌ ယုတ်ညံ့သောအားဖြင့် သိအပ်သောအနွယ် မထီမဲ့မြင်ပြုအပ်သောအနွယ် စက်ဆုပ်အပ်သောအနွယ်

http://www.dhammadownload.com


နှိပ်စက်အပ်သောအနွယ် အလေးအမြတ် မပြုအပ်သော အနွယ်တည်း၊ ဤကား ယုတ်သောအနွယ် မည်၏။

**မြတ်သော အနွယ်** မည်သည် ဂေါတမအနွယ် မောဂ္ဂလာနအနွယ် ကစ္စာနအနွယ် ဝါသိဋ္ဌအနွယ်၊ ထိုမှတပါး ထိုထိုဇနပုဒ်တို့၌ ယုတ်ညံ့သောအားဖြင့် မသိအပ်သောအနွယ် မထီမဲ့မြင် မပြုအပ်သော အနွယ် မစက်ဆုပ်အပ်သောအနွယ် မနှိပ်စက်အပ်သောအနွယ် အလေးအမြတ်ပြုအပ်သော အနွယ်တည်း၊ ဤကား မြတ်သော အနွယ် မည်၏။

**အလုပ်** မည်သည် ယုတ်သောအလုပ် မြတ်သောအလုပ် ဟူ၍ နှစ်မျိုးရှိ၏။

**ယုတ်သောအလုပ်** မည်သည် ကျီစောင့်အလုပ် ပန်းမှိုက်သွန်အလုပ်၊ ထိုမှတပါး ထိုထိုဇနပုဒ်တို့၌ ယုတ်ညံ့သောအားဖြင့် သိအပ်သောအလုပ် မထီမဲ့မြင် ပြုအပ်သောအလုပ် စက်ဆုပ်အပ်သော အလုပ် နှိပ်စက်အပ်သောအလုပ် အလေးအမြတ်မပြုအပ်သောအလုပ်တည်း၊ ဤကား ယုတ်သောအလုပ် မည်၏။

**မြတ်သောအလုပ်** မည်သည် လယ်ထွန်ခြင်းအလုပ် ကုန်သွယ်ခြင်းအလုပ် ကျွဲနွားမွေးမြူခြင်း အလုပ်၊ ထိုမှတပါး ထိုထိုဇနပုဒ်တို့၌ ယုတ်ညံ့သောအားဖြင့် မသိအပ်သော အလုပ် မထီမဲ့မြင် မပြုအပ်သောအလုပ် မစက်ဆုပ်အပ်သောအလုပ် မနှိပ်စက်အပ်သောအလုပ် အလေးအမြတ်ပြုအပ်သော အလုပ်တည်း၊ ဤကား မြတ်သောအလုပ် မည်၏။

**အတတ်** မည်သည် ယုတ်သောအတတ် မြတ်သောအတတ် ဟူ၍ နှစ်မျိုးရှိ၏။

**ယုတ်သောအတတ်** မည်သည် ကျူထရံသည်အတတ် အိုးထိန်းသည်အတတ် ရက်ကန်းသည် အတတ် သားရေနယ်သမားအတတ် ဆတ္တာသည်အတတ်၊ ထိုမှတပါး ထိုထိုဇနပုဒ် တို့၌ ယုတ်ညံ့သော အားဖြင့် သိအပ်သောအတတ် မထီမဲ့မြင်ပြုအပ်သောအတတ် စက်ဆုပ်အပ်သောအတတ် နှိပ်စက်အပ် သောအတတ် အရိုအသေမပြုအပ်သောအတတ်တည်း။ ဤကား ယုတ်သောအတတ်မည်၏။

**မြတ်သောအတတ်** မည်သည် လက်ချိုးရေခြင်းအတတ် ဂဏန်းဖြင့်ရေခြင်းအတတ် စာရေး အတတ်၊ ထိုမှတပါး ထိုထိုဇနပုဒ်တို့၌ အမြတ်အားဖြင့် သိအပ်သောအတတ် မထီမဲ့မြင် မပြုအပ်သော အတတ် မစက်ဆုပ်အပ်သော အတတ် မနှိပ်စက်အပ်သော အတတ် အရိုအသေ ပြုအပ်သော အတတ် တည်း၊ ဤကား မြတ်သောအတတ် မည်၏။

အလုံးစုံသော**အနာတို့သည်** ယုတ်ကုန်၏၊ သို့ရာတွင် ပျားရည်နှင့်တူသော မုတ်ကိုယိုစေတတ် သောအနာ (တူလာသရောနာဆီးချိုနာ) သည် မြတ်၏။

**အသွင် 'ပုံသဏ္ဌာန်'** မည်သည် ယုတ်သောအသွင် မြတ်သောအသွင် ဟူ၍ နှစ်မျိုးရှိ၏။

**ယုတ်သောအသွင် 'ပုံသဏ္ဌာန်'** မည်သည် အလွန်ရှည်ခြင်း အလွန်တိုခြင်း 'အလွန်ပုခြင်း' အလွန်မည်းခြင်း အလွန်ဖြူခြင်းတည်း၊ ဤကား ယုတ်သောအသွင် 'ပုံသဏ္ဌာန်' မည်၏။

မြတ်သောအသွင် 'ပုံသဏ္ဌာန်' မည်သည် မရှည်လွန်း မတိုလွန်း မမည်းလွန်း မဖြူလွန်းခြင်း တည်း၊ ဤကား မြတ်သောအသွင် 'ပုံသဏ္ဌာန်' မည်၏။

အလုံးစုံသော **ညစ်ညမ်းမှုကိလေသာတို့သည်** ယုတ်ကုန်၏။

http://www.dhammadownload.com



အလုံးစုံသောအာပတ်တို့သည် ယုတ်ကုန်၏၊ သို့ရာတွင်သောတာပတ္တိသမာပတ်သည် မြတ်၏။

**ဆဲရေးခြင်း** မည်သည် ယုတ်သောဆဲရေးခြင်း မြတ်သောဆဲရေးခြင်းဟူ၍ နှစ်မျိုးရှိ၏။

**ယုတ်သောဆဲရေးခြင်း** မည်သည် သင်သည် ကုလားအုပ်ဖြစ်၏၊ သိုးဖြစ်၏၊ နွားဖြစ်၏၊ မြည်းဖြစ်၏၊ တိရစ္ဆာန်ဖြစ်၏၊ ငရဲသူဖြစ်၏၊ သင့်အားကောင်းသော လားရာဂတိမရှိ၊ မကောင်းသောလားရာဂတိကိုသာလျှင် သင်အလိုရှိထိုက်၏ဟူ၍ရင်း ယအက္ခရာ ဘအက္ခရာဖြင့်ရင်း ယောကျ်ားနိမိတ် မိန်းမနိမိတ်ဖြင့်ရင်း (ဆဲရေးခြင်းတည်း)၊ ဤကား ယုတ်သောဆဲရေးခြင်း မည်၏။

**မြတ်သောဆဲရေးခြင်း** မည်သည် သင်သည် ဥာဏ်ပညာရှိသူဖြစ်၏၊ လိမ္မာသူဖြစ်၏၊ ထက်မြက်သောပညာရှိသူဖြစ်၏၊ အကြားအမြင်များသူဖြစ်၏၊ တရားဟောပုဂ္ဂိုလ်ဖြစ်၏၊ သင့်အားမကောင်းသောလားရာဂတိမရှိ၊ ကောင်းသောလားရာဂတိကိုသာလျှင် သင်အလိုရှိထိုက်၏ ဟု (ဆဲရေးခြင်းတည်း)၊ ဤကား မြတ်သောဆဲရေးခြင်း မည်၏။

## အမျိုးဇာတ်ဖြင့် ဆဲရေးခြင်း

၁၆။ ရဟန်းသည် ရဟန်းကို ဆဲရေးလို ရှုတ်ချလို အရှိန်အစော်မဲ့ ပြုလုပ်လို၍ ယုတ်သောဇာတ်ဖြင့် ယုတ်သောဇာတ်ရှိသူကို ပြောဆို၏၊ ဒွန်းစဏ္ဍားကို ဒေါင်းရွေသမား 'နှီးသမား' ကို မုဆိုးတံငါကို သားရေနယ်သမားကို ပန်းမှိုက်သွန်ကို "သင်သည် ဒွန်းစဏ္ဍားမျိုးဖြစ်၏၊ ဒေါင်းရွေသမားမျိုးဖြစ်၏၊ မုဆိုးတံငါမျိုးဖြစ်၏၊ သားရေနယ်သမားမျိုးဖြစ်၏၊ ပန်းမှိုက်သွန်မျိုးဖြစ်၏" ဟု ပြောဆိုအံ့၊ စကားခွန်းတိုင်းခွန်းတိုင်း ပါစိတ်အာပတ် သင့်၏။

ရဟန်းသည် ရဟန်းကို ဆဲရေးလို ရှုတ်ချလို အရှိန်အစော်မဲ့ကို ပြုလုပ်လို၍ ယုတ်သောဇာတ်အားဖြင့် မြတ်သော ဇာတ်ရှိသူကို ပြောဆို၏၊ ပုဏ္ဏားမျိုးကို မင်းမျိုးကို "သင်သည် ဒွန်းစဏ္ဍားမျိုးဖြစ်၏၊ ဒေါင်းရွေသမားမျိုး ဖြစ်၏၊ မုဆိုး တံငါမျိုး ဖြစ်၏၊ သားရေနယ်သမားမျိုး ဖြစ်၏၊ ပန်းမှိုက်သွန်မျိုး ဖြစ်၏" ဟု ပြောဆိုအံ့၊ စကားခွန်းတိုင်း ခွန်းတိုင်း ပါစိတ်အာပတ် သင့်၏။

ရဟန်းသည် ရဟန်းကို ဆဲရေးလို ရှုတ်ချလို အရှိန်အစော်မဲ့ကို ပြုလုပ်လို၍ မြတ်သောဇာတ်ဖြင့် ယုတ်သော ဇာတ်ရှိသူကို ပြောဆို၏၊ ဒွန်းစဏ္ဍားကို ဒေါင်းရွေသမားကို မုဆိုး တံငါကို သားရေနယ်သမားကို ပန်းမှိုက်သွန်ကို "သင်သည် မင်းမျိုးဖြစ်၏၊ ပုဏ္ဏားမျိုး ဖြစ်၏" ဟု ပြောဆိုအံ့၊ စကားခွန်းတိုင်း ခွန်းတိုင်း ပါစိတ်အာပတ် သင့်၏။

ရဟန်းသည် ရဟန်းကို ဆဲရေးလို ရှုတ်ချလို အရှိန်အစော်မဲ့ကို ပြုလုပ်လို၍ မြတ်သောဇာတ်ဖြင့် မြတ်သောဇာတ်ရှိသူကိုပြောဆို၏၊ မင်းမျိုးကို ပုဏ္ဏားမျိုးကို "သင်သည် မင်းမျိုးဖြစ်၏၊ ပုဏ္ဏားမျိုး ဖြစ်၏" ဟု ပြောဆိုအံ့၊ စကားခွန်းတိုင်း ခွန်းတိုင်း ပါစိတ်အာပတ် သင့်၏။

## အမည်နာမဖြင့် ဆဲရေးခြင်း

၁၇။ ရဟန်းသည် ရဟန်းကို ဆဲရေးလို ရှုတ်ချလို အရှိန်အစော်မဲ့ကို ပြုလုပ်လို၍ ယုတ်ညံ့သော အမည်အားဖြင့် ယုတ်ညံ့သော အမည်ရှိသူကို ပြောဆို၏၊ ငနားရှည်မည်သောသူကို ငနားပဲ့မည်သော သူကို ငနားလုံးမည်သော သူကို ငနားကျယ် မည်သော သူကို ငမျိုးပွါး မည်သောသူကို "သင်သည်

http://www.dhammadownload.com



နေ့ာ်းရှည် ဖြစ်၏၊ နေ့ာ်းပွဲ့ ဖြစ်၏၊ နေ့ာ်းလုံး ဖြစ်၏၊ နေ့ာ်းကျယ်ဖြစ်၏၊ မျေးပွါး ဖြစ်၏" ဟု ပြောဆိုအံ့၊ စကားခွန်းတိုင်း ခွန်းတိုင်း ပါစိတ်အာပတ် သင့်၏။

ရဟန်းသည် ရဟန်းကို ဆဲရေးလို ရှုတ်ချလို အရှိန်အစော်မဲ့ကို ပြုလုပ်လို၍ ယုတ်သော အမည်အားဖြင့် မြတ်သော အမည်ရှိသူကို ပြောဆို၏၊ ဗုဒ္ဓရက္ခိတ မည်သောသူကို ဓမ္မရက္ခိတ မည်သော သူကို သံဃရက္ခိတ မည်သောသူကို "သင်သည် နေ့ာ်းရှည် ဖြစ်၏၊ နေ့ာ်းပွဲ့ဖြစ်၏၊ နေ့ာ်းလုံးဖြစ်၏၊ နေ့ာ်းကျယ်ဖြစ်၏၊ မျေးပွါးဖြစ်၏" ဟု ပြောဆိုအံ့၊ စကားခွန်းတိုင်း ခွန်းတိုင်း ပါစိတ်အာပတ် သင့်၏။

ရဟန်းသည် ရဟန်းကို ဆဲရေးလို ရှုတ်ချလို အရှိန်အစော်မဲ့ကို ပြုလုပ်လို၍ မြတ်သော အမည်အားဖြင့် ယုတ်သော အမည်ရှိသူကို ပြောဆို၏၊ နေ့ာ်းရှည်မည်သောသူကို နေ့ာ်းပွဲ့မည်သောသူကို နေ့ာ်းလုံးမည်သောသူကို နေ့ာ်းကျယ်မည်သောသူကို မျေးပွါးမည်သော သူကို "သင်သည် ဗုဒ္ဓရက္ခိတ ဖြစ်၏၊ ဓမ္မရက္ခိတ ဖြစ်၏၊ သံဃရက္ခိတဖြစ်၏" ဟု ပြောဆိုအံ့၊ စကားခွန်းတိုင်းခွန်းတိုင်း ပါစိတ်အာပတ် သင့်၏။

ရဟန်းသည် ရဟန်းကို ဆဲရေးလို ရှုတ်ချလို အရှိန်အစော်မဲ့ကို ပြုလုပ်လို၍ မြတ်သောအမည်အားဖြင့် မြတ်သောအမည်ရှိသူကို ပြောဆို၏၊ ဗုဒ္ဓရက္ခိတမည်သောသူကို ဓမ္မရက္ခိတမည်သောသူကို သံဃရက္ခိတမည်သောသူကို "သင်သည် ဗုဒ္ဓရက္ခိတ ဖြစ်၏၊ ဓမ္မရက္ခိတဖြစ်၏၊ သံဃရက္ခိတ ဖြစ်၏" ဟု ပြောဆိုအံ့၊ စကားခွန်းတိုင်း ခွန်းတိုင်း ပါစိတ်အာပတ် သင့်၏။

## အနွယ်ဖြင့် ဆဲရေးခြင်း

၁၈။ ရဟန်းသည် ရဟန်းကို ဆဲရေးလို ရှုတ်ချလို အရှိန်အစော်မဲ့ကို ပြုလုပ်လို၍ ယုတ်သော အနွယ်အားဖြင့် ယုတ်သော အနွယ်ရှိသူကိုပြောဆို၏၊ ကောသိယအနွယ်ရှိသူကို ဘာရဒွါဇ အနွယ်ရှိသူကို "သင်သည် ကောသိယအနွယ်ဖြစ်၏၊ ဘာရဒွါဇအနွယ်ဖြစ်၏" ဟု ပြောဆိုအံ့၊ စကားခွန်းတိုင်း ခွန်းတိုင်း ပါစိတ်အာပတ် သင့်၏။

ရဟန်းသည် ရဟန်းကို ဆဲရေးလို ရှုတ်ချလို အရှိန်အစော်မဲ့ကို ပြုလုပ်လို၍ ယုတ်သောအနွယ်အားဖြင့် မြတ်သောအနွယ်ရှိသူကို ပြောဆို၏၊ ဂေါတမအနွယ်ရှိသောသူကို မောဂ္ဂလာနအနွယ်ရှိသော သူကို ကစ္စာနအနွယ်ရှိသောသူကို ဝါသိဋ္ဌအနွယ်ရှိသောသူကို "သင်သည် ကောသိယအနွယ်ဖြစ်၏၊ ဘာရဒွါဇအနွယ်ဖြစ်၏" ဟု ပြောဆိုအံ့၊ စကားခွန်းတိုင်းခွန်းတိုင်း ပါစိတ်အာပတ် သင့်၏။

ရဟန်းသည် ရဟန်းကို ဆဲရေးလို ရှုတ်ချလို အရှိန်အစော်မဲ့ကို ပြုလုပ်လို၍ မြတ်သောအနွယ်အားဖြင့် ယုတ်သောအနွယ်ရှိသူကို ပြောဆို၏၊ ကောသိယအနွယ်ရှိသူကို ဘာရဒွါဇအနွယ်ရှိသူကို "သင်သည် ဂေါတမအနွယ်ဖြစ်၏၊ မောဂ္ဂလာနအနွယ်ဖြစ်၏၊ ကစ္စာနအနွယ်ဖြစ်၏၊ ဝါသိဋ္ဌအနွယ်ဖြစ်၏" ဟု ပြောဆိုအံ့၊ စကားခွန်းတိုင်းခွန်းတိုင်း ပါစိတ်အာပတ် သင့်၏။

ရဟန်းသည် ရဟန်းကို ဆဲရေးလို ရှုတ်ချလို အရှိန်အစော်မဲ့ကို ပြုလုပ်လို၍ မြတ်သောအနွယ်အားဖြင့် မြတ်သော အနွယ်ရှိသူကို ပြောဆို၏၊ ဂေါတမအနွယ်ရှိသူကို မောဂ္ဂလာန အနွယ်ရှိသူကို ကစ္စာနအနွယ်ရှိသူကို ဝါသိဋ္ဌအနွယ်ရှိသူကို "သင်သည် ဂေါတမအနွယ်ဖြစ်၏၊ မောဂ္ဂလာနအနွယ်ဖြစ်၏၊ ကစ္စာနအနွယ်ဖြစ်၏၊ ဝါသိဋ္ဌအနွယ်ဖြစ်၏" ဟု ပြောဆိုအံ့၊ စကားခွန်းတိုင်းခွန်းတိုင်း ပါစိတ် အာပတ် သင့်၏။

http://www.dhammadownload.com



## အလုပ်အကိုင်ဖြင့် ဆဲရေးခြင်း

၁၉။ ရဟန်းသည် ရဟန်းကို ဆဲရေးလို ရှုတ်ချလို အရှိန်အစော်မဲ့ကို ပြုလုပ်လို၍ ယုတ်သော အလုပ်ဖြင့် ယုတ်သောအလုပ်ရှိသူကို ပြောဆို၏၊ ကျီစောင့်*ကို ပန်းမိုက်သွန်ကို "သင်သည်ကျီစောင့် ဖြစ်၏၊ ပန်းမိုက်သွန်ဖြစ်၏" ဟု ပြောဆိုအံ့၊ စကားခွန်းတိုင်းခွန်းတိုင်း ပါစိတ်အာပတ် သင့်၏။

ရဟန်းသည် ရဟန်းကို ဆဲရေးလို ရှုတ်ချလို အရှိန်အစော်မဲ့ကို ပြုလုပ်လို၍ ယုတ်သော အလုပ်အားဖြင့် မြတ်သောအလုပ်ရှိသူကို ပြောဆို၏၊ လယ်သမားကို ကုန်သည်ကို နွားမွေးမြူသူကို "သင်သည် ကျီစောင့်ဖြစ်၏၊ ပန်းမိုက်သွန်ဖြစ်၏" ဟု ပြောဆိုအံ့၊ စကားခွန်းတိုင်းခွန်းတိုင်း ပါစိတ်အာပတ် သင့်၏။

ရဟန်းသည် ရဟန်းကို ဆဲရေးလို ရှုတ်ချလို အရှိန်အစော်မဲ့ကို ပြုလုပ်လို၍ မြတ်သောအလုပ်ဖြင့် ယုတ်သောအလုပ်ရှိသူကို ပြောဆို၏၊ ကျီစောင့်ကို ပန်းမိုက်သွန်ကို "သင်သည် လယ်သမား ဖြစ်၏၊ ကုန်သည် ဖြစ်၏၊ နွားမွေးမြူသူ ဖြစ်၏" ဟု ပြောဆိုအံ့၊ စကားခွန်းတိုင်းခွန်းတိုင်း ပါစိတ်အာပတ် သင့်၏။

ရဟန်းသည် ရဟန်းကို ဆဲရေးလို ရှုတ်ချလို အရှိန်အစော်မဲ့ကို ပြုလုပ်လို၍ မြတ်သောအလုပ်ဖြင့် မြတ်သောအလုပ်ရှိသူကို ပြောဆို၏၊ လယ်သမားကို ကုန်သည်ကို နွားမွေးမြူသူကို "သင်သည် လယ်သမားဖြစ်၏၊ ကုန်သည်ဖြစ်၏၊ နွားမွေးမြူသူဖြစ်၏၊" ဟု ပြောဆိုအံ့၊ စကားခွန်းတိုင်းခွန်းတိုင်း ပါစိတ်အာပတ် သင့်၏။

## အတတ်ပညာဖြင့် ဆဲရေးခြင်း

၂၀။ ရဟန်းသည် ရဟန်းကို ဆဲရေးလို ရှုတ်ချလို အရှိန်အစော်မဲ့ကို ပြုလုပ်လို၍ ယုတ်သော အတတ်အားဖြင့် ယုတ်သောအတတ်ရှိသူကို ပြောဆို၏၊ ကျူထရံသည်ကို အိုးထိန်းသည်ကို ရက်ကန်းသည်ကို သားရေနယ်သမားကို ဆတ္တာသည်ကို "သင်သည် ကျူထရံသည်ဖြစ်၏၊ အိုးထိန်းသည်ဖြစ်၏၊ ရက်ကန်းသည်ဖြစ်၏၊ သားရေနယ်သမားဖြစ်၏၊ ဆတ္တာသည်ဖြစ်၏" ဟု ပြောဆိုအံ့၊ စကားခွန်းတိုင်းခွန်းတိုင်း ပါစိတ်အာပတ် သင့်၏။

ရဟန်းသည် ရဟန်းကို ဆဲရေးလို ရှုတ်ချလို အရှိန်အစော်မဲ့ကို ပြုလုပ်လို၍ ယုတ်သောအတတ်အားဖြင့် မြတ်သောအတတ်ရှိသူကို ပြောဆို၏၊ လက်ချိုးရေတွက်သူကို ဂဏန်းဖြင့် ရေတွက်သူကို စာရေးတတ်သူကို "သင်သည် ကျူထရံသည် ဖြစ်၏၊ အိုးထိန်းသည် ဖြစ်၏၊ ရက်ကန်းသည် ဖြစ်၏၊ သားရေနယ်သမားဖြစ်၏၊ ဆတ္တာသည်ဖြစ်၏" ဟု ပြောဆိုအံ့၊ စကားခွန်းတိုင်းခွန်းတိုင်း ပါစိတ် အာပတ် သင့်၏။

ရဟန်းသည် ရဟန်းကို ဆဲရေးလို ရှုတ်ချလို အရှိန်အစော်မဲ့ကို ပြုလုပ်လို၍ မြတ်သောအတတ် အားဖြင့် ယုတ်သောအတတ်ရှိသူကို ပြောဆို၏၊ ကျူထရံသည်ကို အိုးထိန်းသည်ကို ရက်ကန်းသည်ကို သားရေနယ်သမားကို ဆတ္တာသည်ကို "သင်သည် လက်ချိုးရေတွက်သူဖြစ်၏၊ ဂဏန်းဖြင့် ရေတွက်သူ ဖြစ်၏၊ စာရေးဖြစ်၏" ဟု ပြောဆိုအံ့၊ စကားခွန်းတိုင်းခွန်းတိုင်း ပါစိတ်အာပတ် သင့်၏။

---

* ကောဋ္ဌကကမ္မံရှိလျှင် သစ်ခွဲသမား လက်သမားအလုပ် ကျောက်ဆစ်သမားအလုပ်ဟု မြန်ဆိုရမည်။

http://www.dhammadownload.com



ရဟန်းသည် ရဟန်းကို ဆဲရေးလို ရှုတ်ချလို အရှိန်အစော်မဲ့ကို ပြုလုပ်လို၍ မြတ်သောအတတ်အားဖြင့် မြတ်သောအတတ်ရှိသူကို ပြောဆိုအံ့၊ လက်ချိုးရေတွက်သူကို ဂဏန်းဖြင့်ရေတွက်သူကို စာရေးကို "သင်သည် လက်ချိုးရေတွက်သူ ဖြစ်၏၊ ဂဏန်းဖြင့် ရေတွက်သူ ဖြစ်၏၊ စာရေးဖြစ်၏" ဟု ပြောဆိုအံ့၊ စကားခွန်းတိုင်းခွန်းတိုင်း ပါစိတ်အာပတ် သင့်၏။

## အနာရောဂါဖြင့် ဆဲရေးခြင်း

၂၁။ ရဟန်းသည် ရဟန်းကို ဆဲရေးလို ရှုတ်ချလို အရှိန်အစော်မဲ့ကို ပြုလုပ်လို၍ ယုတ်သောအနာအားဖြင့် ယုတ်သောအနာရှိသူကို ပြောဆို၏၊ နူနာရှိသူကို အိုင်းအမာနာရှိသူကို (ပွေးညှင်းတင်းတိပ်စသော) အရေပြားနာရှိသူကို ချောင်းဆိုးနာရှိသူကို ဝက်ရူးနာရှိသူကို "သင်သည် နူနာရှိသူ ဖြစ်၏၊ အိုင်းအမာနာရှိသူ ဖြစ်၏၊ (ပွေးညှင်းတင်းတိပ်စသော) အရေပြားနာရှိသူ ဖြစ်၏၊ ချောင်းဆိုးနာရှိသူ ဖြစ်၏၊ ဝက်ရူးနာရှိသူ ဖြစ်၏" ဟု ပြောဆိုအံ့၊ စကားခွန်းတိုင်းခွန်းတိုင်း ပါစိတ်အာပတ် သင့်၏။

ရဟန်းသည် ရဟန်းကို ဆဲရေးလို ရှုတ်ချလို အရှိန်အစော်မဲ့ကို ပြုလုပ်လို၍ ယုတ်သောအနာဖြင့် မြတ်သောအနာရှိသူကို ပြောဆို၏၊ ပျားရည်နှင့် တူသော မုတ်ယိုနာ (ဆီးချိုနာ) ရှိသူကို "သင်သည် နူနာရှိသူ ဖြစ်၏၊ အိုင်းအမာနာရှိသူ ဖြစ်၏၊ (ပွေးညှင်းတင်းတိပ်စသော) အရေပြားနာရှိသူ ဖြစ်၏၊ ချောင်းဆိုးနာရှိသူဖြစ်၏၊ ဝက်ရူးနာရှိသူဖြစ်၏" ဟု ပြောဆိုအံ့၊ စကားခွန်းတိုင်းခွန်းတိုင်း ပါစိတ်အာပတ် သင့်၏။

ရဟန်းသည် ရဟန်းကို ဆဲရေးလို ရှုတ်ချလို အရှိန်အစော်မဲ့ကို ပြုလုပ်လို၍ မြတ်သောအနာဖြင့် ယုတ်သောအနာရှိသူကို ပြောဆို၏၊ နူနာရှိသူကို အိုင်းအမာနာရှိသူကို (ပွေးညှင်းတင်းတိပ်စသော) အရေပြားနာရှိသူကို ချောင်းဆိုးနာရှိသူကို ဝက်ရူးနာရှိသူကို "သင်သည် ပျားရည်နှင့်တူသော မုတ်ယိုနာ (ဆီးချိုနာ) ရှိသူဖြစ်၏" ဟု ပြောဆိုအံ့၊ စကားခွန်းတိုင်းခွန်းတိုင်း ပါစိတ်အာပတ် သင့်၏။

ရဟန်းသည် ရဟန်းကို ဆဲရေးလို ရှုတ်ချလို အရှိန်အစော်မဲ့ကို ပြုလုပ်လို၍ မြတ်သောအနာဖြင့် မြတ်သောအနာရှိသူကို ပြောဆို၏၊ ပျားရည်နှင့်တူသော မုတ်ယိုနာ (ဆီးချိုနာ) ရှိသူကို "သင်သည် ပျားရည်နှင့်တူသော မုတ်ယိုနာ (ဆီးချိုနာ) ရှိသူဖြစ်၏" ဟု ပြောဆိုအံ့၊ စကားခွန်းတိုင်းခွန်းတိုင်း ပါစိတ်အာပတ် သင့်၏။

## အသွင် 'ပုံသဏ္ဌာန်' ဖြင့် ဆဲရေးခြင်း

၂၂။ ရဟန်းသည် ရဟန်းကို ဆဲရေးလို ရှုတ်ချလို အရှိန်အစော်မဲ့ကို ပြုလုပ်လို၍ ယုတ်သောအသွင်ဖြင့် ယုတ်သောအသွင်ရှိသူကို ပြောဆို၏၊ အလွန်ရှည်သောသူကို အလွန်တိုသောသူကို အလွန်မည်းသောသူကို အလွန်ဖြူသောသူကို "သင်သည် ရှည်လွန်းသူဖြစ်၏၊ တိုလွန်းသူဖြစ်၏၊ မည်းလွန်းသူဖြစ်၏၊ ဖြူလွန်းသူဖြစ်၏" ဟု ပြောဆိုအံ့၊ စကားခွန်းတိုင်းခွန်းတိုင်း ပါစိတ်အာပတ် သင့်၏။

ရဟန်းသည် ရဟန်းကို ဆဲရေးလို ရှုတ်ချလို အရှိန်အစော်မဲ့ကို ပြုလုပ်လို၍ ယုတ်သောအသွင်ဖြင့် မြတ်သောအသွင်ရှိသူကို ပြောဆို၏၊ မရှည်လွန်းသူကို မတိုလွန်းသူကို မမည်းလွန်းသူကို မဖြူလွန်းသူကို "သင်သည် ရှည်လွန်းသူဖြစ်၏၊ တိုလွန်းသူဖြစ်၏၊ မည်းလွန်းသူဖြစ်၏၊ ဖြူလွန်းသူဖြစ်၏" ဟု ပြောဆိုအံ့၊ စကားခွန်းတိုင်းခွန်းတိုင်း ပါစိတ်အာပတ် သင့်၏။

http://www.dhammadownload.com



ရဟန်းသည် ရဟန်းကို ဆဲရေးလို ရှုတ်ချလို အရှိန်အစော်မဲ့ကို ပြုလုပ်လို၍ မြတ်သောအသွင်ဖြင့် ယုတ်သောအသွင်ရှိသူကို ပြောဆို၏၊ အလွန်ရှည်သူကို အလွန်တိုသူကို အလွန်မည်းသူကို အလွန်ဖြူသူကို "သင်သည် မရှည်လွန်းသူ ဖြစ်၏၊ မတိုလွန်းသူ ဖြစ်၏၊ မမည်းလွန်းသူဖြစ်၏၊ မဖြူလွန်းသူဖြစ်၏" ဟု ပြောဆိုအံ့၊ စကားခွန်းတိုင်းခွန်းတိုင်း ပါစိတ်အာပတ် သင့်၏။

ရဟန်းသည် ရဟန်းကို ဆဲရေးလို ရှုတ်ချလို အရှိန်အစော်မဲ့ကို ပြုလုပ်လို၍ မြတ်သောအသွင်ဖြင့် မြတ်သောအသွင်ရှိသူကို ပြောဆို၏၊ မရှည်လွန်းသူကို မတိုလွန်းသူကို မမည်းလွန်းသူကို မဖြူလွန်းသူကို "သင်သည် မရှည်လွန်းသူဖြစ်၏၊ မတိုလွန်းသူဖြစ်၏၊ မမည်းလွန်းသူဖြစ်၏၊ မဖြူလွန်းသူဖြစ်၏" ဟု ပြောဆိုအံ့၊ စကားခွန်းတိုင်းခွန်းတိုင်း ပါစိတ်အာပတ် သင့်၏။

## ကိလေသာဖြင့် ဆဲရေးခြင်း

၂၃။ ရဟန်းသည် ရဟန်းကို ဆဲရေးလို ရှုတ်ချလို အရှိန်အစော်မဲ့ကို ပြုလုပ်လို၍ ယုတ်သောရာဂစသည်ဖြင့် ယုတ်သောရာဂစသည်ရှိသူကို ပြောဆို၏၊ ရာဂထကြွသူကို ဒေါသထကြွသူကို မောဟထကြွသူကို "သင်သည် ရာဂထကြွသူဖြစ်၏၊ ဒေါသထကြွသူဖြစ်၏၊ မောဟထကြွသူဖြစ်၏" ဟု ပြောဆိုအံ့၊ စကားခွန်းတိုင်းခွန်းတိုင်း ပါစိတ်အာပတ် သင့်၏။

ရဟန်းသည် ရဟန်းကို ဆဲရေးလို ရှုတ်ချလို အရှိန်အစော်မဲ့ကို ပြုလုပ်လို၍ ယုတ်သောရာဂစသည်ဖြင့် ကိလေသာမရှိ၍ မြတ်သောသူကို ပြောဆို၏၊ ရာဂကင်းသူကို ဒေါသကင်းသူကို မောဟကင်းသူကို "သင်သည် ရာဂထကြွသူဖြစ်၏၊ ဒေါသထကြွသူဖြစ်၏၊ မောဟထကြွသူဖြစ်၏" ဟု ပြောဆိုအံ့၊ စကားခွန်းတိုင်းခွန်းတိုင်း ပါစိတ်အာပတ် သင့်၏။

ရဟန်းသည် ရဟန်းကို ဆဲရေးလို ရှုတ်ချလို အရှိန်အစော်မဲ့ကို ပြုလုပ်လို၍ မြတ်သောစကားဖြင့် ယုတ်သောရာဂစသည် ရှိသူကို ပြောဆို၏၊ ရာဂထကြွသူကို ဒေါသထကြွသူကို မောဟထကြွသူကို "သင်သည် ရာဂကင်းသူဖြစ်၏၊ ဒေါသကင်းသူဖြစ်၏၊ မောဟကင်းသူဖြစ်၏" ဟု ပြောဆိုအံ့၊ စကားခွန်းတိုင်းခွန်းတိုင်း ပါစိတ်အာပတ် သင့်၏။

ရဟန်းသည် ရဟန်းကို ဆဲရေးလို ရှုတ်ချလို အရှိန်အစော်မဲ့ကို ပြုလုပ်လို၍ မြတ်သောစကားဖြင့် ကိလေသာမရှိ၍ မြတ်သောသူကို ပြောဆို၏၊ ရာဂကင်းသူကို ဒေါသကင်းသူကို မောဟကင်းသူကို "သင်သည် ရာဂကင်းသူ ဖြစ်၏၊ ဒေါသကင်းသူ ဖြစ်၏၊ မောဟကင်းသူ ဖြစ်၏" ဟု ပြောဆိုအံ့၊ စကားခွန်းတိုင်းခွန်းတိုင်း ပါစိတ်အာပတ် သင့်၏။

## အာပတ်ဖြင့် ဆဲရေးခြင်း

၂၄။ ရဟန်းသည် ရဟန်းကို ဆဲရေးလို ရှုတ်ချလို အရှိန်အစော်မဲ့ကို ပြုလုပ်လို၍ ယုတ်သောအာပတ်ဖြင့် ယုတ်သော အာပတ်သင့်သူကို ပြောဆို၏၊ ပါရာဇိကအာပတ် သင့်သူကို သံဃာဒိသိသ်အာပတ်သင့်သူကို ထုလ္လစ္စဉ်းအာပတ်သင့်သူကို ပါစိတ်အာပတ်သင့်သူကို ပါဋိဒေသနီအာပတ်သင့်သူကို ဒုက္ကဋ်အာပတ် သင့်သူကို ဒုဗ္ဘာသီအာပတ် သင့်သူကို "သင်သည် ပါရာဇိကအာပတ် သင့်သူ ဖြစ်၏၊ သံဃာဒိသိသ်အာပတ် သင့်သူဖြစ်၏၊ ထုလ္လစ္စဉ်းအာပတ် သင့်သူဖြစ်၏၊ ပါစိတ်အာပတ် သင့်သူဖြစ်၏၊ ပါဋိဒေသနီအာပတ် သင့်သူဖြစ်၏၊ ဒုက္ကဋ်အာပတ် သင့်သူဖြစ်၏၊ ဒုဗ္ဘာသီအာပတ် သင့်သူဖြစ်၏" ဟု ပြောဆိုအံ့၊ စကားခွန်းတိုင်းခွန်းတိုင်း ပါစိတ်အာပတ် သင့်၏။

http://www.dhammadownload.com



ရဟန်းသည် ရဟန်းကို ဆဲရေးလို ရှုတ်ချလို အရှိန်အစော်မဲ့ကို ပြုလုပ်လို၍ ယုတ်သောအာပတ်ဖြင့် (အာပတ်မရှိ၍) မြတ်သူကို ပြောဆို၏၊ သောတာပန်ကို "သင်သည် ပါရာဇိက အာပတ် သင့်သူဖြစ်၏။ပ။ ဒုဗ္ဘာသိအာပတ် သင့်သူဖြစ်၏" ဟု ပြောဆိုအံ့၊ စကားခွန်းတိုင်းခွန်းတိုင်း ပါစိတ်အာပတ် သင့်၏။

ရဟန်းသည် ရဟန်းကို ဆဲရေးလို ရှုတ်ချလို အရှိန်အစော်မဲ့ကို ပြုလုပ်လို၍ (အာပတ်မရှိ၍) မြတ်သောစကားဖြင့် (အာပတ် သင့်၍) ယုတ်သူကိုပြောဆို၏၊ ပါရာဇိကအာပတ် သင့်သူကို။ပ။ ဒုဗ္ဘာသိအာပတ် သင့်သူကို "သင်သည် သောတာပန်ဖြစ်၏" ဟု ပြောဆိုအံ့၊ စကားခွန်းတိုင်းခွန်းတိုင်း ပါစိတ်အာပတ် သင့်၏။

ရဟန်းသည် ရဟန်းကို ဆဲရေးလို ရှုတ်ချလို အရှိန်အစော်မဲ့ကို ပြုလုပ်လို၍ (အာပတ်မရှိ၍) မြတ်သောစကားဖြင့် (အာပတ်မရှိ၍) မြတ်သူကို ပြောဆို၏၊ သောတာပန်ကို "သင်သည် သောတာပန်ဖြစ်၏" ဟု ပြောဆိုအံ့၊ စကားခွန်းတိုင်း ခွန်းတိုင်း ပါစိတ်အာပတ် သင့်၏။

## အယုတ်အမြတ် ဆဲရေးခြင်းမျိုးဖြင့် ဆဲရေးခြင်း

၂၅။ ရဟန်းသည် ရဟန်းကို ဆဲရေးလို ရှုတ်ချလို အရှိန်အစော်မဲ့ကို ပြုလုပ်လို၍ ယုတ်သောဆဲရေးခြင်းဖြင့် ယုတ်သောသူကို ပြောဆို၏၊ ကုလားအုပ်ကို ဆိတ်ကို နွားကို မြည်းကို တိရစ္ဆာန်ကို ငရဲသူကို "သင်သည် ကုလားအုပ်ဖြစ်၏၊ ဆိတ်ဖြစ်၏၊ နွားဖြစ်၏၊ မြည်းဖြစ်၏၊ တိရစ္ဆာန်ဖြစ်၏၊ ငရဲသူဖြစ်၏၊ သင့်အား ကောင်းသော လားရာဂတိမရှိ၊ မကောင်းသော လားရာဂတိသို့သာလျှင် သင်ရောက်ထိုက်၏" ဟု ပြောဆိုအံ့၊ စကားခွန်းတိုင်းခွန်းတိုင်း ပါစိတ်အာပတ် သင့်၏။

ရဟန်းသည် ရဟန်းကို ဆဲရေးလို ရှုတ်ချလို အရှိန်အစော်မဲ့ကို ပြုလုပ်လို၍ ယုတ်သောဆဲရေးခြင်းဖြင့် မြတ်သောသူကို ပြောဆို၏၊ ပညာရှိသူကို လိမ္မာသူကို ထက်မြက်သော ပညာရှိသူကို အကြားအမြင်များသူကို တရားဟောတတ်သူကို "သင်သည် ကုလားအုပ်ဖြစ်၏၊ ဆိတ်ဖြစ်၏၊ နွားဖြစ်၏၊ မြည်းဖြစ်၏၊ တိရစ္ဆာန်ဖြစ်၏၊ ငရဲသူဖြစ်၏၊ သင့်အား ကောင်းသော လားရာဂတိမရှိ၊ မကောင်းသော လားရာဂတိသို့သာလျှင် သင်ရောက်ထိုက်၏" ဟု ပြောဆိုအံ့၊ စကားခွန်းတိုင်းခွန်းတိုင်း ပါစိတ်အာပတ် သင့်၏။

ရဟန်းသည် ရဟန်းကို ဆဲရေးလို ရှုတ်ချလို အရှိန်အစော်မဲ့ကို ပြုလုပ်လို၍ မြတ်သောဆဲရေးခြင်းဖြင့် ယုတ်သောသူကို ပြောဆို၏၊ ကုလားအုပ်ကို ဆိတ်ကို နွားကို မြည်းကို တိရစ္ဆာန်ကို ငရဲသူကို "သင်သည် ပညာရှိဖြစ်၏၊ လိမ္မာသူဖြစ်၏၊ ထက်မြက်သော ပညာရှိသူဖြစ်၏၊ အကြားအမြင်များသူဖြစ်၏၊ တရားဟောတတ်သူဖြစ်၏၊ သင့်အား မကောင်းသော လားရာဂတိမရှိ၊ ကောင်းသော လားရာဂတိသို့သာလျှင် သင်ရောက်ထိုက်၏" ဟု ပြောဆိုအံ့၊ စကားခွန်းတိုင်းခွန်းတိုင်း ပါစိတ်အာပတ် သင့်၏။

ရဟန်းသည် ရဟန်းကို ဆဲရေးလို ရှုတ်ချလို အရှိန်အစော်မဲ့ကို ပြုလုပ်လို၍ မြတ်သောဆဲရေးခြင်းဖြင့် မြတ်သောသူကို ပြောဆို၏၊ ပညာရှိသူကို လိမ္မာသူကို ထက်မြက်သော ပညာရှိသူကို အကြားအမြင်များသူကို တရားဟောတတ်သူကို "သင်သည် ပညာရှိဖြစ်၏၊ လိမ္မာသူဖြစ်၏၊ ထက်မြက်သောပညာရှိသူဖြစ်၏၊ အကြားအမြင်များသူဖြစ်၏၊ တရားဟောတတ်သူဖြစ်၏၊ သင့်အား

http://www.dhammadownload.com



မကောင်းသော လားရာဂတိမရှိ၊ ကောင်းသော လားရာဂတိသို့သာလျှင် သင်ရောက်ထိုက်၏” ဟု ပြောဆိုအံ့၊ စကားခွန်းတိုင်းခွန်းတိုင်း ပါစိတ်အာပတ် သင့်၏။

၂၆။ ရဟန်းသည် ရဟန်းကို ဆဲရေးလို ရှုတ်ချလို အရှိန်အစော်မဲ့ကို ပြုလုပ်လို၍ “ဤအရပ်၌ အချို့သော ဒွန်းစဏ္ဍား ဒေါင်းရွေသမား မုဆိုး တံငါသားရေနယ်သမား ပန်းမှိုက်သွန်တို့သည် ရှိကုန်၏” ဟု ပြောဆိုအံ့၊ စကားခွန်းတိုင်း ခွန်းတိုင်း ဒုက္ကဋ်အာပတ် သင့်၏။

ရဟန်းသည် ရဟန်းကို ဆဲရေးလို ရှုတ်ချလို အရှိန်အစော်မဲ့ကို ပြုလုပ်လို၍ “ဤအရပ်၌ အချို့သော မင်းမျိုး ပုဏ္ဏားမျိုးတို့သည် ရှိကုန်၏” ဟု ပြောဆိုအံ့၊ စကားခွန်းတိုင်း ခွန်းတိုင်း ဒုက္ကဋ်အာပတ် သင့်၏။

၂၇။ ရဟန်းသည် ရဟန်းကို ဆဲရေးလို ရှုတ်ချလို အရှိန်အစော်မဲ့ကို ပြုလုပ်လို၍ “ဤအရပ်၌ အချို့သော နွားရှည်မည်သောသူ နွားပုံမည်သောသူ နွားလုံးမည်သောသူ နွားကျယ်မည်သော သူ ငမျိုးပွါးမည်သော သူတို့သည် ရှိကုန်၏” ဟု ပြောဆိုအံ့။ပ။

“ဤအရပ်၌ အချို့သော ဗုဒ္ဓရက္ခိတ မည်သောသူ ဓမ္မရက္ခိတမည်သောသူ သံဃရက္ခိတမည်သော သူတို့သည် ရှိကုန်၏” ဟု ပြောဆိုအံ့။ပ။

“ဤအရပ်၌ အချို့သော ကောသိယအနွယ် ဘာရဒွါဇအနွယ်တို့သည် ရှိကုန်၏” ဟု ပြောဆို အံ့။ပ။

“ဤအရပ်၌ အချို့သော ဝါသေဋ္ဌအနွယ် မောဂ္ဂလာနအနွယ် ကစ္စာနအနွယ် ဝါသိဋ္ဌအနွယ်တို့ သည် ရှိကုန်၏” ဟု ပြောဆိုအံ့။ပ။

“ဤအရပ်၌ အချို့သော ကျီစောင့် ပန်းမှိုက်သွန်တို့သည် ရှိကုန်၏” ဟု ပြောဆိုအံ့။ပ။

“ဤအရပ်၌ အချို့သော လယ်သမား ကုန်သည် နွားမွေးမြူသူတို့သည် ရှိကုန်၏” ဟု ပြောဆို အံ့။ပ။

“ဤအရပ်၌ အချို့သော ကျူထရံသည် အိုးထိန်းသည် ရက်ကန်းသည် သားရေနယ်သမား ဆတ္တာသည်တို့သည် ရှိကုန်၏” ဟု ပြောဆိုအံ့။ပ။

“ဤအရပ်၌ အချို့သော လက်ချိုးရေတွက်တတ်သူ ဂဏန်းဖြင့် ရေတွက်တတ်သူ စာရေးတတ်သူ တို့သည် ရှိကုန်၏” ဟု ပြောဆိုအံ့။ပ။

“ဤအရပ်၌ အချို့သော နူနာရှိသူ အိုင်းအမာနာရှိသူ (ပွေးညှင်းတင်းတိပ်စသော) အရေပြား နာရှိသူ ချောင်းဆိုးနာရှိသူ ဝက်ရူးနာရှိသူတို့သည် ရှိကုန်၏” ဟု ပြောဆိုအံ့။ပ။

“ဤအရပ်၌ အချို့သော ပျားရည်နှင့်တူသော မုတ်ယိုနာ ‘ဆီးချိုနာ’ ရှိသူတို့သည် ရှိကုန်၏” ဟု ပြောဆိုအံ့။ပ။

“ဤအရပ်၌ အချို့သော ရှည်လွန်းသူ တိုလွန်းသူ မည်းလွန်းသူ ဖြူလွန်းသူတို့သည် ရှိကုန်၏” ဟု ပြောဆိုအံ့။ပ။

“ဤအရပ်၌ အချို့သော မရှည်လွန်းသူ မတိုလွန်းသူ မမည်းလွန်းသူ မဖြူလွန်းသူတို့သည် ရှိကုန် ၏” ဟု ပြောဆိုအံ့။ပ။

http://www.dhammadownload.com



"ဤအရပ်၌ အချို့သော ရာဂထကြွသူ ဒေါသထကြွသူ မောဟထကြွသူတို့သည် ရှိကုန်၏" ဟု ပြောဆိုအံ့။ပ။

"ဤအရပ်၌ အချို့သော ရာဂကင်းသူ ဒေါသကင်းသူ မောဟကင်းသူတို့သည် ရှိကုန်၏" ဟု ပြောဆိုအံ့။ပ။

"ဤအရပ်၌ အချို့သော ပါရာဇိကအာပတ်သင့်သူ။ပ။ ဒုဗ္ဘာသိ အာပတ်သင့်သူတို့သည် ရှိကုန်၏" ဟု ပြောဆိုအံ့။ပ။

"ဤအရပ်၌ အချို့သော သောတာပန်တို့သည် ရှိကုန်၏" ဟု ပြောဆိုအံ့။ပ။

"ဤအရပ်၌ အချို့သော ကုလားအုပ် ဆိတ် နွား မြည်း တိရစ္ဆာန် ငရဲသားတို့သည် ရှိကုန်၏၊ ထိုသူတို့အား ကောင်းသော လားရာဂတိမရှိ၊ မကောင်းသော လားရာဂတိကိုသာလျှင် ထိုသူတို့ အလို ရှိထိုက်၏" ဟု ပြောဆိုအံ့၊ စကားခွန်းတိုင်းခွန်းတိုင်း ဒုက္ကဋ်အာပတ် သင့်၏။

၂၈။ ရဟန်းသည် ရဟန်းကို ဆဲရေးလို ရှုတ်ချလို အရှိန်အစော်မဲ့ကို ပြုလုပ်လို၍ "ဤအရပ်၌ အချို့သော ပညာရှိသူ လိမ္မာသူ ထက်မြက်သော ပညာရှိသူ အကြားအမြင်များသူ တရားဟောတတ်သူတို့သည် ရှိကုန်၏၊ ထိုသူတို့အား မကောင်းသော လားရာဂတိမရှိ၊ ကောင်းသော လားရာဂတိသို့သာလျှင် ထိုသူတို့ရောက်ထိုက်၏" ဟု ပြောဆိုအံ့၊ စကားခွန်းတိုင်းခွန်းတိုင်း ဒုက္ကဋ်အာပတ် သင့်၏။

၂၉။ ရဟန်းသည် ရဟန်းကို ဆဲရေးလို ရှုတ်ချလို အရှိန်အစော်မဲ့ကို ပြုလုပ်လို၍ ဤသို့ ပြောဆို၏၊ "အကြင်သူတို့သည် ရှိကုန်၏၊ ထိုသူတို့ကား စင်စစ်အားဖြင့် ဒွန်းစဏ္ဍားမျိုး ဒေါင်းရွေ သမားမျိုး မုဆိုးတံငါမျိုး သားရေနယ်သမားမျိုး ပန်းမှိုက်သွန်မျိုးတို့တည်း" ဟု ပြောဆိုအံ့၊ စကား ခွန်းတိုင်းခွန်းတိုင်း ဒုက္ကဋ်အာပတ် သင့်၏။ပ။

ရဟန်းသည် ရဟန်းကို ဆဲရေးလို ရှုတ်ချလို အရှိန်အစော်မဲ့ကို ပြုလုပ်လို၍ ဤသို့ပြောဆို၏၊ "အကြင်သူတို့သည် ရှိကုန်၏၊ ထိုသူတို့ကား စင်စစ်အားဖြင့် ပညာရှိသူ လိမ္မာသူ ထက်မြက်သော ပညာရှိသူ အကြားအမြင်များသူ တရားဟောတတ်သူတို့တည်း" ဟု ပြောဆိုအံ့၊ စကားခွန်းတိုင်း ခွန်းတိုင်း ဒုက္ကဋ်အာပတ် သင့်၏။

၃၀။ ရဟန်းသည် ရဟန်းကို ဆဲရေးလို ရှုတ်ချလို အရှိန်အစော်မဲ့ကို ပြုလုပ်လို၍ ဤသို့ ပြောဆို၏၊ "ငါတို့ကား ဒွန်းစဏ္ဍားမျိုးမဟုတ်ကုန်၊ ဒေါင်းရွေသမားမျိုး မဟုတ်ကုန်၊ မုဆိုးတံငါမျိုး မဟုတ်ကုန်၊ သားရေနယ်သမားမျိုး မဟုတ်ကုန်၊ ပန်းမှိုက်သွန်မျိုး မဟုတ်ကုန်" ဟု ပြောဆိုအံ့။ပ။

"ငါတို့ကား ပညာရှိမဟုတ်ကုန်၊ လိမ္မာသူ မဟုတ်ကုန်၊ ထက်မြက်သော ပညာရှိမဟုတ်ကုန်၊ အကြားအမြင်များသူ မဟုတ်ကုန်၊ တရားဟောတတ်သူ မဟုတ်ကုန်၊ ငါတို့အား မကောင်းသော လားရာဂတိမရှိ ကောင်းသော လားရာဂတိသို့သာလျှင် ငါတို့ရောက်ထိုက်၏" ဟု ပြောဆိုအံ့၊ စကား ခွန်းတိုင်းခွန်းတိုင်း ဒုက္ကဋ်အာပတ် သင့်၏။

၃၁။ ရဟန်းသည် ရဟန်းမဟုတ်သူကို ဆဲရေးလို ရှုတ်ချလို အရှိန်အစော်မဲ့ကို ပြုလုပ်လို၍ ယုတ်သောအမည်ဖြင့် ယုတ်သော အမည်ရှိသူကို ပြောဆို၏။ပ။ ယုတ်သော အမည်ဖြင့် မြတ်သော အမည်ရှိသူကို ပြောဆို၏။ပ။ မြတ်သောအမည်ဖြင့် ယုတ်သော အမည်ရှိသူကို ပြောဆို၏။ပ။ မြတ်သော

http://www.dhammadownload.com



အမည်ဖြင့် မြတ်သော အမည်ရှိသူကို ပြောဆို၏။ပ။ ပညာရှိသူကို လိမ္မာသူကို ထက်မြက်သော ပညာရှိသူကို အကြားအမြင်များသူကို တရားဟောတတ်သူကို "သင်သည် ပညာရှိဖြစ်၏၊ လိမ္မာသူဖြစ်၏၊ ထက်မြက်သော ပညာရှိသူဖြစ်၏၊ အကြားအမြင်များသူဖြစ်၏၊ တရားဟောတတ်သူဖြစ်၏၊ သင့်အား မကောင်းသော လားရာဂတိမရှိ၊ ကောင်းသော လားရာဂတိသို့သာလျှင် သင်ရောက်ထိုက်၏" ဟု ပြောဆိုအံ့၊ စကားခွန်းတိုင်း ခွန်းတိုင်း ဒုက္ကဋ်အာပတ် သင့်၏။

ရဟန်းသည် ရဟန်းမဟုတ်သူကို ဆဲရေးလို ရှုတ်ချလို အရှိန်အစော်မဲ့ကို ပြုလုပ်လို၍ ဤသို့ပြောဆို၏၊ "ဤအရပ်၌ အချို့သော ဒွန်းစဏ္ဍားမျိုး ဒေါင်းရွေသမားမျိုး မုဆိုးတံငါမျိုး သားရေနယ်သမားမျိုး ပန်းမှိုက်သွန်မျိုး တို့သည် ရှိကုန်၏" ဟု ပြောဆိုအံ့။ပ။

"ဤအရပ်၌ အချို့သော ပညာရှိသူ လိမ္မာသူ ထက်မြက်သော ပညာရှိသူ အကြားအမြင်များသူ တရားဟောတတ်သူတို့သည် ရှိကုန်၏၊ ထိုသူတို့အား မကောင်းသော လားရာဂတိမရှိ၊ ကောင်းသော လားရာဂတိသို့သာလျှင် ထိုသူတို့ ရောက်ထိုက်၏" ဟု ပြောဆိုအံ့၊ စကားခွန်းတိုင်းခွန်းတိုင်း ဒုက္ကဋ်အာပတ် သင့်၏။

ရဟန်းသည် ရဟန်းမဟုတ်သူကို ဆဲရေးလို ရှုတ်ချလို အရှိန်အစော်မဲ့ကို ပြုလုပ်လို၍ ဤသို့ပြောဆို၏၊ "အကြင်သူတို့သည် ရှိကုန်၏၊ ထိုသူတို့ကား စင်စစ်အားဖြင့် ဒွန်းစဏ္ဍားမျိုး ဒေါင်းရွေသမားမျိုး မုဆိုးတံငါမျိုး သားရေနယ်သမားမျိုး ပန်းမှိုက်သွန်မျိုးတို့တည်း" ဟု ပြောဆိုအံ့။ပ။

"အကြင်သူတို့သည် ရှိကုန်၏၊ ထိုသူတို့ကား စင်စစ်အားဖြင့် ပညာရှိသူ လိမ္မာသူ ထက်မြက်သော ပညာရှိသူ အကြားအမြင်များသူ တရားဟောတတ်သူတို့တည်း" ဟု ပြောဆိုအံ့၊ စကားခွန်းတိုင်းခွန်းတိုင်း ဒုက္ကဋ်အာပတ် သင့်၏။

ရဟန်းသည် ရဟန်းမဟုတ်သူကို ဆဲရေးလို ရှုတ်ချလို အရှိန်အစော်မဲ့ကို ပြုလုပ်လို၍ ဤသို့ပြောဆို၏၊ "ငါတို့ကား ဒွန်းစဏ္ဍားမျိုး မဟုတ်ကုန်၊ ဒေါင်းရွေသမားမျိုး မဟုတ်ကုန်၊ မုဆိုးတံငါမျိုး မဟုတ်ကုန်၊ သားရေနယ်သမားမျိုး မဟုတ်ကုန်၊ ပန်းမှိုက်သွန်မျိုး မဟုတ်ကုန်" ဟု ပြောဆိုအံ့။ပ။

"ငါတို့ကား ပညာရှိ မဟုတ်ကုန်၊ လိမ္မာသူ မဟုတ်ကုန်၊ ထက်မြက်သောပညာရှိသူ မဟုတ်ကုန်၊ အကြားအမြင်များသူ မဟုတ်ကုန်၊ တရားဟောတတ်သူ မဟုတ်ကုန်၊ ငါတို့အား မကောင်းသော လားရာဂတိမရှိ၊ ကောင်းသောလားရာဂတိသို့သာလျှင် ငါတို့ရောက်ထိုက်၏" ဟု ပြောဆိုအံ့၊ စကားခွန်းတိုင်းခွန်းတိုင်း ဒုက္ကဋ်အာပတ် သင့်၏။

၃၂။ ရဟန်းသည် ရဟန်းကို မဆဲရေးလို မရှုတ်ချလို အရှိန်အစော်မဲ့ကို မပြုလုပ်လိုပဲ ရယ်မြူးလိုသဖြင့် ယုတ်သော အမျိုးဇာတ်အားဖြင့် ယုတ်သော အမျိုးဇာတ် ရှိသူကို ပြောဆို၏၊ ဒွန်းစဏ္ဍားမျိုးကို ဒေါင်းရွေ သမားမျိုးကို မုဆိုးတံငါမျိုးကို သားရေနယ်သမားမျိုးကို ပန်းမှိုက်သွန်မျိုးကို "သင်သည် ဒွန်းစဏ္ဍားမျိုးဖြစ်၏၊ ဒေါင်းရွေသမားမျိုးဖြစ်၏၊ မုဆိုးတံငါမျိုးဖြစ်၏၊ သားရေနယ်သမားမျိုးဖြစ်၏၊ ပန်းမှိုက်သွန်မျိုးဖြစ်၏" ဟု ပြောဆိုအံ့၊ စကားခွန်းတိုင်း ခွန်းတိုင်း ဒုဗ္ဘာသိအာပတ် သင့်၏။

ရဟန်းသည် ရဟန်းကို မဆဲရေးလို မရှုတ်ချလို အရှိန်အစော်မဲ့ကို မပြုလုပ်လိုပဲ ရယ်မြူးလိုသဖြင့် ယုတ်သော အမျိုးဇာတ်အားဖြင့် မြတ်သော အမျိုးဇာတ်ရှိသူကို ပြောဆို၏၊ မင်းမျိုးကို ပုဏ္ဏားမျိုးကို "သင်သည် ဒွန်းစဏ္ဍားမျိုးဖြစ်၏၊ ဒေါင်းရွေသမားမျိုးဖြစ်၏၊ မုဆိုးတံငါမျိုးဖြစ်၏၊ သားရေနယ်သမား

http://www.dhammadownload.com



မျိုးဖြစ်၏၊ ပန်းမှိုက်သွန်မျိုးဖြစ်၏" ဟု ပြောဆိုအံ့၊ စကားခွန်းတိုင်းခွန်းတိုင်း ဒုက္ကဋ်အာပတ် သင့်၏။

ရဟန်းသည် ရဟန်းကို မဆဲရေးလို မရှုတ်ချလို အရှိန်အစော်မဲ့ကို မပြုလုပ်လိုပဲ ရယ်မြူးလိုသဖြင့် မြတ်သော အမျိုးဇာတ်အားဖြင့် ယုတ်သော အမျိုးဇာတ်ရှိသူကို ပြောဆို၏၊ ဒွန်းစဏ္ဍားမျိုးကို ဒေါင်းရွေသမားမျိုးကို မုဆိုးတံငါမျိုးကို သားရေနယ်သမားမျိုးကို ပန်းမှိုက်သွန်မျိုးကို "သင်သည် မင်းမျိုးဖြစ်၏၊ ပုဏ္ဏားမျိုးဖြစ်၏" ဟု ပြောဆိုအံ့၊ စကားခွန်းတိုင်း ခွန်းတိုင်း ဒုက္ကဋ်အာပတ် သင့်၏။

ရဟန်းသည် ရဟန်းကို မဆဲရေးလို မရှုတ်ချလို အရှိန်အစော်မဲ့ကို မပြုလုပ်လိုပဲ ရယ်မြူးလိုသဖြင့် မြတ်သော အမျိုးဇာတ်အားဖြင့် မြတ်သောအမျိုးဇာတ်ရှိသူကို ပြောဆို၏၊ မင်းမျိုးကို ပုဏ္ဏားမျိုးကို "သင်သည် မင်းမျိုးဖြစ်၏၊ ပုဏ္ဏားမျိုးဖြစ်၏" ဟု ပြောဆိုအံ့၊ စကားခွန်းတိုင်း ခွန်းတိုင်း ဒုက္ကဋ်အာပတ် သင့်၏။

ရဟန်းသည် ရဟန်းကို မဆဲရေးလို မရှုတ်ချလို အရှိန်အစော်မဲ့ကို မပြုလုပ်လိုပဲ ရယ်မြူးလိုသဖြင့် အယုတ်ဖြင့် ယုတ်သောသူကို ပြောဆို၏။ပ။ အယုတ်ဖြင့် မြတ်သောသူကို ပြောဆို၏။ပ။ အမြတ်ဖြင့် ယုတ်သောသူကို ပြောဆို၏။ပ။ အမြတ်ဖြင့် မြတ်သောသူကို ပြောဆို၏၊ ပညာရှိသူကို လိမ္မာသူကို ထက်မြက်သော ပညာရှိသူကို အကြားအမြင်များသူကို တရားဟောတတ်သူကို "သင်သည် ပညာရှိသူဖြစ်၏၊ လိမ္မာသူဖြစ်၏၊ ထက်မြက်သော ပညာရှိသူဖြစ်၏၊ အကြားအမြင် များသူဖြစ်၏၊ တရားဟောတတ်သူဖြစ်၏၊ သင့်အား မကောင်းသော လားရာဂတိမရှိ၊ ကောင်းသော လားရာဂတိသို့သာလျှင် သင်ရောက်ထိုက်၏" ဟု ပြောဆိုအံ့၊ စကားခွန်းတိုင်းခွန်းတိုင်း ဒုက္ကဋ်အာပတ် သင့်၏။

၃၃။ ရဟန်းသည် ရဟန်းကို မဆဲရေးလို မရှုတ်ချလို အရှိန်အစော်မဲ့ကို မပြုလုပ်လိုပဲ ရယ်မြူးလိုသဖြင့် ဤသို့ဆို၏၊ "ဤအရပ်၌ အချို့သော ဒွန်းစဏ္ဍား ဒေါင်းရွေသမား မုဆိုးတံငါ သားရေနယ်သမား ပန်းမှိုက်သွန်တို့သည် ရှိကုန်၏" ဟု ပြောဆိုအံ့။ပ။

"ဤအရပ်၌ အချို့သော ပညာရှိသူ လိမ္မာသူ ထက်မြက်သော ပညာရှိသူ အကြားအမြင်များသူ တရားဟောတတ်သူတို့သည် ရှိကုန်၏၊ ထိုသူတို့အား မကောင်းသော လားရာဂတိမရှိ၊ ကောင်းသော လားရာဂတိသို့သာလျှင် ထိုသူတို့ ရောက်ထိုက်၏" ဟု ပြောဆိုအံ့၊ စကားခွန်းတိုင်း ခွန်းတိုင်း ဒုက္ကဋ်အာပတ် သင့်၏။

ရဟန်းသည် ရဟန်းကို မဆဲရေးလို မရှုတ်ချလို အရှိန်အစော်မဲ့ကို မပြုလုပ်လိုပဲ ရယ်မြူးလိုသဖြင့် ဤသို့ဆို၏၊ "အကြင်သူတို့သည် ရှိကြကုန်၏၊ ထိုသူတို့ကား စစ်စစ်အားဖြင့် ဒွန်းစဏ္ဍား ဒေါင်းရွေ သမား မုဆိုးတံငါ သားရေနယ်သမား ပန်းမှိုက်သွန်တို့တည်း" ဟု ပြောဆိုအံ့။ပ။

"အကြင်သူတို့သည် ရှိကြကုန်၏၊ ထိုသူတို့ကား စင်စစ်အားဖြင့် ပညာရှိသူ လိမ္မာသူ ထက်မြတ် သော ပညာရှိသူ အကြားအမြင်များသူ တရားဟောတတ်သူတို့တည်း" ဟု ပြောဆိုအံ့၊ စကားခွန်း တိုင်း ခွန်းတိုင်း ဒုက္ကဋ်အာပတ် သင့်၏။

ရဟန်းသည် ရဟန်းကို မဆဲရေးလို မရှုတ်ချလို အရှိန်အစော်မဲ့ကို မပြုလုပ်လိုပဲ ရယ်မြူးလိုသဖြင့် ဤသို့ ဆို၏၊ "ငါတို့ကား ဒွန်းစဏ္ဍားမျိုး ဒေါင်းရွေသမားမျိုး မုဆိုးတံငါမျိုး သားရေနယ်သမားမျိုး ပန်းမှိုက်သွန်မျိုး မဟုတ်ကုန်" ဟု ပြောဆိုအံ့။ပ။

http://www.dhammadownload.com



"ငါတို့ကား ပညာရှိများ လိမ္မာသူများ ထက်မြက်သော ပညာရှိသူများ အကြားအမြင် များသူများ တရားဟောတတ်သူများ မဟုတ်ကုန်၊ ငါတို့အား မကောင်းသော လားရာဂတိမရှိ၊ ကောင်းသော လားရာဂတိသို့သာလျှင် ငါတို့ ရောက်ထိုက်၏" ဟု ပြောဆိုအံ့၊ စကားခွန်းတိုင်း ခွန်းတိုင်း ဒုက္ကဋ်အာပတ် သင့်၏။

၃၄။ ရဟန်းသည် ရဟန်းမဟုတ်သူကို မဆဲရေးလို မရှုတ်ချလို အရှိန်အဝါမဲ့ကို မပြုလုပ်လိုပဲ ရယ်မြူးလိုသဖြင့် အယုတ်ဖြင့် ယုတ်သောသူကို ပြောဆိုအံ့။ပ။

အယုတ်ဖြင့် မြတ်သောသူကို ပြောဆိုအံ့။ပ။ အမြတ်ဖြင့် ယုတ်သောသူကို ပြောဆိုအံ့။ပ။ အမြတ်ဖြင့် မြတ်သောသူကိုပြောဆိုအံ့၊ ပညာရှိသူကို လိမ္မာသူကို ထက်မြက်သော ပညာရှိသူကို အကြားအမြင်များသူကို တရားဟောတတ်သူကို "သင်သည် ပညာရှိသူ ဖြစ်၏၊ လိမ္မာသူဖြစ်၏၊ ထက်မြက်သော ပညာရှိသူ ဖြစ်၏၊ အကြားအမြင်များသူ ဖြစ်၏၊ တရားဟောတတ်သူ ဖြစ်၏၊ သင့်အား မကောင်းသော လားရာဂတိမရှိ၊ ကောင်းသော လားရာဂတိသို့သာလျှင် သင်ရောက်ထိုက်၏" ဟူ၍ ပြောဆိုအံ့၊ စကားခွန်းတိုင်းခွန်းတိုင်း ဒုက္ကဋ်အာပတ် သင့်၏။

ရဟန်းသည် ရဟန်းမဟုတ်သူကို မဆဲရေးလို မရှုတ်ချလို အရှိန်အဝါမဲ့ကို မပြုလုပ်လိုပဲ ရယ်မြူးလိုသဖြင့် ဤသို့ ပြောဆို၏၊ "ဤအရပ်၌ အချို့ကုန်သော ဒွန်းစဏ္ဍားများ ဒေါင်းရွေသမားများ မုဆိုးတံငါများ သားရေနယ်သမားများ ပန်းမှိုက်သွန်များ ရှိကုန်၏" ဟု ပြောဆိုအံ့။ပ။

"ဤအရပ်၌ အချို့သော ပညာရှိသူများ လိမ္မာသူများ ထက်မြက်သော ပညာရှိသူများ အကြားအမြင်များသူများ တရားဟောတတ်သူများ ရှိကုန်၏၊ ထိုသူတို့အား မကောင်းသော လားရာဂတိမရှိ၊ ကောင်းသောလားရာဂတိသို့သာလျှင် ထိုသူတို့ ရောက်ထိုက်ကုန်၏" ဟု ပြောဆိုအံ့၊ စကားခွန်းတိုင်းခွန်းတိုင်း ဒုက္ကဋ်အာပတ် သင့်၏။

ရဟန်းသည် ရဟန်းမဟုတ်သူကို မဆဲရေးလို မရှုတ်ချလို အရှိန်အဝါမဲ့ကို မပြုလုပ်လိုပဲ ရယ်မြူးလိုသဖြင့် ဤသို့ပြောဆို၏၊ "အကြင်သူတို့သည် ရှိကြကုန်၏၊ ထိုသူတို့ကား စင်စစ်အားဖြင့် ဒွန်းစဏ္ဍားများ ဒေါင်းရွေသမားများ မုဆိုးတံငါများ သားရေနယ်သမားများ ပန်းမှိုက်သွန်များတည်း" ဟု ပြောဆိုအံ့။ပ။

ရဟန်းသည် ရဟန်းမဟုတ်သူကို မဆဲရေးလို မရှုတ်ချလို အရှိန်အဝါမဲ့ကို မပြုလုပ်လိုပဲ ရယ်မြူးလိုသဖြင့် ဤသို့ပြောဆို၏၊ "အကြင်သူတို့သည် ရှိကြကုန်၏၊ ထိုသူတို့ကား ပညာရှိသူများ လိမ္မာသူများ ထက်မြက်သော ပညာရှိသူများ အကြားအမြင်များသူများ တရားဟောတတ်သူများတည်း ထိုသူတို့အား မကောင်းသော လားရာဂတိမရှိ၊ ကောင်းသော လားရာဂတိသို့သာလျှင် ထိုသူတို့ ရောက်ထိုက်၏" ဟု ပြောဆိုအံ့၊ စကားခွန်းတိုင်း ခွန်းတိုင်း ဒုက္ကဋ်အာပတ် သင့်၏။

ရဟန်းသည် ရဟန်းမဟုတ်သူကို မဆဲရေးလို မရှုတ်ချလို အရှိန်အဝါမဲ့ကို မပြုလုပ်လိုပဲ ရယ်မြူးလိုသဖြင့် ဤသို့ပြောဆို၏၊ "ငါတို့ကား ဒွန်းစဏ္ဍားများ ဒေါင်းရွေသမားများ မုဆိုးတံငါများ သားရေနယ်သမားများ ပန်းမှိုက်သွန်များ မဟုတ်ကြကုန်" ဟု ပြောဆိုအံ့။ပ။

"ငါတို့ကား ပညာရှိသူများ လိမ္မာသူများ ထက်မြက်သောပညာရှိသူများ အကြားအမြင်များသူများ တရားဟောတတ်သူများ မဟုတ်ကုန်၊ ငါတို့အား မကောင်းသော လားရာဂတိမရှိ၊ ကောင်း

http://www.dhammadownload.com



သော လားရာဂတိသို့သာလျှင် ငါတို့ ရောက်ထိုက်၏” ဟု ပြောဆိုအံ့၊ စကားခွန်းတိုင်းခွန်းတိုင်း ဒုက္ကဋ်အာပတ် သင့်၏။

၃၅။ အနက်ကို ရှေးရှုသော ရဟန်း ပါဠိကို ရှေးရှုသောရဟန်း ဆုံးမခြင်းကို ရှေးရှုသော ရူးသောရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

ဒုတိယ ဩမသဝါဒသိက္ခာပုဒ် ပြီး၏။

---

## ၁-မုသာဝါဒဝဂ် ၃-ပေသုညသိက္ခာပုဒ်

၃၆။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ခိုက်ရန်ဖြစ်ကြ ငြင်းခုံကြ ဝါဒကွဲပြားခြင်းသို့ ရောက်ကြကုန်သော ရဟန်းတို့ထံသို့ ချောပစ်ဂုံးတိုက်သော စကားကို ပို့ဆောင်ကြကုန်၏။

ဤရဟန်း၏စကားကို နားထောင်၍ ဤရဟန်းနှင့် ကွဲပြားအောင် ထိုရဟန်းကို ပြောကြားကုန်၏၊ ထိုရဟန်း၏စကားကို နားထောင်၍ ထိုရဟန်းနှင့် ကွဲပြားအောင် ဤရဟန်းကို ပြောကြားကုန်၏၊ ထိုသို့ ပြောကြားခြင်းကြောင့် မဖြစ်သေးသော ခိုက်ရန်တို့သည်လည်း ဖြစ်ပွါးကုန်၏၊ ဖြစ်ပြီးသော ခိုက်ရန်တို့သည်လည်း အတိုင်းထက်အလွန် ပွါးများခြင်း ကျယ်ပြန့်ခြင်းသို့ ရောက်ကုန်၏။

အလိုနည်းသော ရဟန်းတို့သည် “ဆဗ္ဗဂ္ဂီရဟန်းတို့သည် ခိုက်ရန်ဖြစ်ကြ ငြင်းခုံကြ ဝါဒကွဲပြားခြင်းသို့ ရောက်ကြကုန်သော ရဟန်းတို့ထံသို့ ချောပစ်ဂုံးတိုက်သော စကားကို အဘယ့်ကြောင့် ပို့ဆောင်ကုန်ဘိသနည်း၊ ဤရဟန်း၏စကားကို နားထောင်၍ ဤရဟန်းနှင့် ကွဲပြားအောင် ထိုရဟန်းကို ပြောကြားကုန်ဘိသနည်း၊ ထိုရဟန်း၏စကားကိုနားထောင်၍ ထိုရဟန်းနှင့်ကွဲပြားအောင် ဤရဟန်းကို ပြောကြားကုန်ဘိသနည်း၊ ထိုသို့ ပြောကြားခြင်းကြောင့် မဖြစ်သေးသော ခိုက်ရန်တို့သည်လည်း ဖြစ်ပွါးကုန်၏၊ ဖြစ်ပြီးသော ခိုက်ရန်တို့သည်လည်း အတိုင်းထက်အလွန် ပွါးများခြင်း ကျယ်ပြန့်ခြင်းသို့ ရောက်ကုန်၏” ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြပြောဆိုကြကုန်၏။

ထိုအခါ ထိုရဟန်းတို့သည် ဆဗ္ဗဂ္ဂီရဟန်းတို့ကို များစွာသောအကြောင်းဖြင့် ကဲ့ရဲ့ပြစ်တင်ကြပြီးလျှင် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ပ။ “ရဟန်းတို့ သင့်တို့သည် ခိုက်ရန်ဖြစ်ကြ ငြင်းခုံကြ ဝါဒကွဲပြားခြင်းသို့ ရောက်ကြကုန်သော ရဟန်းတို့အထံသို့ ချောပစ်ဂုံးတိုက်သော စကားကို ပို့ဆောင်ကုန်၏၊ ဤရဟန်း၏စကားကို နားထောင်၍ ဤရဟန်းနှင့် ကွဲပြားအောင် ထိုရဟန်းကို ပြောကြားကုန်၏၊ ထိုရဟန်း၏စကားကို နားထောင်၍ ထိုရဟန်းနှင့် ကွဲပြားအောင် ဤရဟန်းကို ပြောကြားကုန်၏၊ ထိုသို့ ပြောကြားခြင်းကြောင့် မဖြစ်သေးသော ခိုက်ရန်တို့သည်လည်း ဖြစ်ပွါးကုန်၏၊ ဖြစ်ပြီးသော ခိုက်ရန်တို့သည်လည်း အတိုင်းထက်အလွန် ပွါးများခြင်း ကျယ်ပြန့်ခြင်းသို့ ရောက်ကုန်၏ ဟူသည် မှန်သလော” ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏) ။

http://www.dhammadownload.com



ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ (မင်္ဂိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ သင်တို့သည် ခိုက်ရန်ဖြစ်ကြ ငြင်းခုံကြ ဝါဒကွဲပြားခြင်းသို့ ရောက်ကြကုန်သော ရဟန်းတို့ထံသို့ ချောပစ်ဂုံးတိုက်သော စကားကို အဘယ့်ကြောင့် ပို့ဆောင်ကြကုန်ဘိသနည်း၊ ဤရဟန်း၏ စကားကို နားထောင်၍ ဤရဟန်းနှင့် ကွဲပြားအောင် ထိုရဟန်းကို ပြောကြားကုန်ဘိသနည်း၊ ထိုရဟန်း၏ စကားကို နားထောင်၍ ထိုရဟန်းနှင့် ကွဲပြားအောင် ဤရဟန်းကို ပြောကြားကုန်ဘိသနည်း၊ ထိုသို့ ပြောကြားခြင်းကြောင့် မဖြစ်သေးသော ခိုက်ရန်တို့သည်လည်း ဖြစ်ပွါးကုန်၏၊ ဖြစ်ပြီးသော ခိုက်ရန်တို့သည်လည်း အတိုင်းထက်အလွန် ပွါးများခြင်း ကျယ်ပြန့်ခြင်းသို့ ရောက်ကုန်၏။ (မင်္ဂိုလ်မှ) အချည်းနှီး ဖြစ်သော ယောကျ်ားတို့ ဤ (သင်တို့ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါလည်း ကြည်ညိုပြီးသောသူတို့အား တိုး၍ ကြည်ညိုစေခြင်းငှါ လည်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

၅၂။ ၃-၃၇။ **"ရဟန်းတို့အား ချောပစ်ဂုံးတိုက်သော စကားကို ပြောဆိုခြင်းကြောင့် ပါစိတ်အာပတ် သင့်၏"** ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

## ၃-ပေသုညသိက္ခာပုဒ် အဖွင့်

၃၈။ **ချောပစ်ဂုံးတိုက်ခြင်း** မည်သည် မိမိအား ချစ်ခင်စေလိုသောကြောင့်လည်း ကွဲပြားစေလိုသောကြောင့်လည်း ဤအကြောင်းနှစ်ပါးတို့ဖြင့် ချောပစ်ဂုံးတိုက်၏။

အမျိုးဇာတ်အားဖြင့်လည်း အမည်အားဖြင့်လည်း အနွယ်အားဖြင့်လည်း အလုပ်အားဖြင့်လည်း အတတ်ပညာအားဖြင့်လည်း အနာရောဂါအားဖြင့်လည်း အသွင် 'ပုံသဏ္ဌာန်' အားဖြင့်လည်း ညစ်ညမ်းမှုကိလေသာအားဖြင့်လည်း အာပတ်အားဖြင့်လည်း ဆဲရေးခြင်းအားဖြင့်လည်း ဆယ်ပါးသောအကြောင်းတို့ဖြင့် ချောပစ်ဂုံးတိုက်သော စကားကို ပို့ဆောင်၏။

**အမျိုးဇာတ်** မည်သည် ယုတ်သောအမျိုးဇာတ် မြတ်သောအမျိုးဇာတ် ဟူ၍ နှစ်မျိုးရှိ၏။

**ယုတ်သောအမျိုးဇာတ်** မည်သည် ဒွန်းစဏ္ဍားအမျိုးဇာတ် ဒေါင်းရွေသမားအမျိုးဇာတ် မုဆိုးယင်ါအမျိုးဇာတ် သားရေနယ်သမားအမျိုးဇာတ် ပန်းမှိုက်သွန်အမျိုးဇာတ်တည်း၊ ဤကား ယုတ်သောအမျိုးဇာတ် မည်၏။

**မြတ်သောအမျိုးဇာတ်** မည်သည် မင်းမျိုးဇာတ် ပုဏ္ဏားမျိုးဇာတ်တည်း၊ ဤကားမြတ်သောအမျိုးဇာတ်မည်၏။ပ။

**ဆဲရေးခြင်း** မည်သည် ယုတ်သော ဆဲရေးခြင်း မြတ်သောဆဲရေးခြင်းဟူ၍ နှစ်မျိုးရှိ၏။

**ယုတ်သောဆဲရေးခြင်း** မည်သည် (သင်သည်) ကုလားအုပ်ဖြစ်၏၊ သိုးဖြစ်၏၊ နွားဖြစ်၏၊ မြည်းဖြစ်၏၊ တိရစ္ဆာန်ဖြစ်၏၊ ငရဲသူဖြစ်၏၊ သင့်အား ကောင်းသော လားရာဂတိမရှိ၊ မကောင်းသော လားရာဂတိသို့သာလျှင် သင်ရောက်ထိုက်၏ ဟူ၍လည်း ယအက္ခရာ ဘအက္ခရာဖြင့်လည်း ယောကျ်ားနိမိတ် မိန်းမနိမိတ်ဖြင့်လည်း (ဆဲရေးခြင်းတည်း)။ ဤကား ယုတ်သောဆဲရေးခြင်း မည်၏။

http://www.dhammadownload.com



**မြတ်သောဆဲရေးခြင်း** မည်သည်ကား သင်သည် ပညာရှိသူဖြစ်၏၊ လိမ္မာသူဖြစ်၏၊ ထက်မြက်သောပညာရှိသူဖြစ်၏၊ အကြားအမြင်များသူဖြစ်၏၊ တရားဟောတတ်သူဖြစ်၏၊ သင့်အား မကောင်းသောလားရာဂတိမရှိ၊ ကောင်းသောလားရာဂတိသို့သာလျှင် သင်ရောက်ထိုက်၏ဟု ဆဲရေးခြင်းတည်း၊ ဤကား မြတ်သော ဆဲရေးခြင်း မည်၏။

၃၉။ ရဟန်းသည် ရဟန်း၏စကားကိုနားထောင်၍ (အခြား) ရဟန်းအထံသို့ "သင့်ကို ဤမည်သော ရဟန်းသည် 'ဒွန်းစဏ္ဍားမျိုးတည်း၊ ဒေါင်းရွေသမားမျိုးတည်း၊ မုဆိုးတံငါမျိုးတည်း၊ သားရေနယ်သမားမျိုးတည်း၊ ပန်းမှိုက်သွန်မျိုးတည်း' ဟူ၍ ဆို၏" ဟု ချောပစ်ဂုံးတိုက်စကားကို ပို့ဆောင်အံ့၊ စကားခွန်းတိုင်းခွန်းတိုင်း ပါစိတ်အာပတ် သင့်၏။

ရဟန်းသည် ရဟန်း၏စကားကိုနားထောင်၍ (အခြား) ရဟန်းအထံသို့ "သင့်ကို ဤ မည်သော ရဟန်းသည် 'မင်းမျိုးတည်း၊ ပုဏ္ဏားမျိုးတည်း' ဟူ၍ ပြောဆို၏" ဟု ချောပစ်ဂုံးတိုက်စကားကို ပို့ဆောင်အံ့၊ စကားခွန်တိုင်းခွန်းတိုင်း ပါစိတ်အာပတ် သင့်၏။

ရဟန်းသည် ရဟန်း၏စကားကိုနားထောင်၍ (အခြား) ရဟန်းအထံသို့ "သင့်ကိုဤ မည်သော ရဟန်းသည် 'နွားရှည်မည်၏၊ နွားပုမည်၏၊ နွားလုံးမည်၏၊ နွားကျယ်မည်၏ မျိုးပွါးမည်၏' ဟူ၍ ပြောဆို၏" ဟု ချောပစ်ဂုံးတိုက်စကားကို ပို့ဆောင်အံ့၊ စကားခွန်းတိုင်းခွန်းတိုင်း ပါစိတ် အာပတ် သင့်၏။

ရဟန်းသည် ရဟန်း၏စကားကိုနားထောင်၍ (အခြား) ရဟန်းအထံသို့ "သင့်ကို ဤမည်သော ရဟန်းသည် 'ဗုဒ္ဓရက္ခိတမည်၏၊ ဓမ္မရက္ခိတမည်၏၊ သံဃရက္ခိတမည်၏' ဟူ၍ ပြောဆို၏" ဟု ချောပစ်ဂုံးတိုက်စကားကို ပို့ဆောင်အံ့၊ စကားခွန်းတိုင်းခွန်းတိုင်း ပါစိတ်အာပတ် သင့်၏။

ရဟန်းသည် ရဟန်း၏ စကားကို နားထောင်၍ (အခြား) ရဟန်းအထံသို့ "သင့်ကို ဤမည်သော ရဟန်းသည် 'ကောသိယအနွယ်တည်း၊ ဘာရဒွါဇ အနွယ်တည်း' ဟူ၍ ပြောဆို၏" ဟု ချောပစ် ဂုံးတိုက်စကားကို ပို့ဆောင်အံ့၊ စကားခွန်းတိုင်း ခွန်းတိုင်း ပါစိတ် အာပတ် သင့်၏။

ရဟန်းသည် ရဟန်း၏ စကားကို နားထောင်၍ (အခြား) ရဟန်းအထံသို့ "သင့်ကို ဤမည်သော ရဟန်းသည် 'ဝေါဘမ အနွယ်တည်း၊ မောဂ္ဂလာန အနွယ်တည်း၊ ကစ္စာန အနွယ်တည်း၊ ဝါသိဋ္ဌ အနွယ်တည်း' ဟူ၍ ပြောဆို၏" ဟု ချောပစ် ဂုံးတိုက်စကားကို ပို့ဆောင်အံ့၊ စကား ခွန်းတိုင်း ခွန်းတိုင်း ပါစိတ် အာပတ် သင့်၏။

ရဟန်းသည် ရဟန်း၏ စကားကို နားထောင်၍ (အခြား) ရဟန်းအထံသို့ "သင့်ကို ဤမည်သော ရဟန်းသည် 'ကျီစောင့်တည်း၊ ပန်းမှိုက်သွန်တည်း' ဟု ပြောဆို၏" ဟု ချောပစ်ဂုံးတိုက်စကားကို ပို့ဆောင်အံ့၊ စကား ခွန်းတိုင်း ခွန်းတိုင်း ပါစိတ် အာပတ် သင့်၏။

ရဟန်းသည် ရဟန်း၏ စကားကို နားထောင်၍ (အခြား) ရဟန်း အထံသို့ "သင့်ကို ဤမည်သော ရဟန်းသည် 'လယ်သမားတည်း၊ ကုန်သည်တည်း၊ နွားမွေးမြူသူတည်း' ဟူ၍ ပြောဆို၏" ဟု ချောပစ်ဂုံးတိုက် စကားကို ပို့ဆောင်အံ့၊ စကား ခွန်းတိုင်း ခွန်းတိုင်း ပါစိတ် အာပတ် သင့်၏။

ရဟန်းသည် ရဟန်း၏ စကားကို နားထောင်၍ (အခြား) ရဟန်းအထံသို့ "သင့်ကို ဤမည်သော ရဟန်းသည် 'ကျူထရံသည်တည်း၊ အိုးထိန်းသည်တည်း၊ ရက်ကန်းသည်တည်း၊ သားရေနယ်

http://www.dhammadownload.com



သမားတည်း၊ ဆတ္တာသည်တည်း' ဟူ၍ ပြောဆို၏" ဟု ချေပစ် ငုံးတိုက်စကားကို ပို့ဆောင်အံ့၊ စကား ခွန်းတိုင်း ခွန်းတိုင်း ပါစိတ် အာပတ် သင့်၏။

ရဟန်းသည် ရဟန်း၏ စကားကို နားထောင်၍ (အခြား) ရဟန်းအထံသို့ "သင့်ကို ဤမည်သော ရဟန်းသည် 'လက်ချိုးရေတွက်တတ်သူတည်း၊ ဂဏန်းဖြင့် ရေတွက်တတ်သူတည်း၊ စာရေးတတ်သူတည်း' ဟူ၍ ပြောဆို၏" ဟု ချေပစ် ငုံးတိုက်စကားကို ပို့ဆောင်အံ့၊ စကား ခွန်းတိုင်း ခွန်းတိုင်း ပါစိတ် အာပတ် သင့်၏။

၄၀။ ရဟန်းသည် ရဟန်း၏ စကားကို နားထောင်၍ (အခြား) ရဟန်းအထံသို့ "သင့်ကို ဤမည်သော ရဟန်းသည် 'နူနာရှိသူတည်း၊ အိုင်းအမာ ရှိသူတည်း၊ (ပွေးညှင်း တင်းတိပ်စသော) အရေပြားနာ ရှိသူတည်း၊ ချောင်းဆိုးနာ ရှိသူတည်း၊ ဝက်ရူးနာ ရှိသူတည်း' ဟူ၍ ပြောဆို၏" ဟု ချေပစ် ငုံးတိုက် စကားကို ပို့ဆောင်အံ့၊ စကား ခွန်းတိုင်းခွန်းတိုင်း ပါစိတ်အာပတ် သင့်၏။

ရဟန်းသည် ရဟန်း၏ စကားကို နားထောင်၍ (အခြား) ရဟန်းအထံသို့ "သင့်ကို ဤမည်သော ရဟန်းသည် 'ပျားရည်နှင့် တူသော မုတ်ယိုနာ 'ဆီးချိုနာ' ရှိသူတည်း' ဟူ၍ ပြောဆို၏" ဟု ချေပစ် ငုံးတိုက်စကားကို ပို့ဆောင်အံ့၊ စကား ခွန်းတိုင်းခွန်းတိုင်း ပါစိတ်အာပတ် သင့်၏။

ရဟန်းသည် ရဟန်း၏ စကားကို နားထောင်၍ (အခြား) ရဟန်းအထံသို့ "သင့်ကို ဤမည်သော ရဟန်းသည် 'အလွန်ရှည်၏၊ အလွန်တို၏၊ အလွန်မည်း၏၊ အလွန် ဖြူ၏' ဟူ၍ ပြောဆို၏" ဟု ချေပစ်ငုံးတိုက် စကားကို ပို့ဆောင်အံ့၊ စကား ခွန်းတိုင်းခွန်းတိုင်း ပါစိတ်အာပတ် သင့်၏။

ရဟန်းသည် ရဟန်း၏ စကားကို နားထောင်၍ (အခြား) ရဟန်း အထံသို့ "သင့်ကို ဤမည်သော ရဟန်းသည် 'မရှည်လွန်း၊ မတိုလွန်း၊ မမည်းလွန်း၊ မဖြူလွန်း' ဟူ၍ ပြောဆို၏" ဟု ချေပစ် ငုံးတိုက် စကားကို ပို့ဆောင်အံ့၊ စကား ခွန်းတိုင်းခွန်းတိုင်း ပါစိတ်အာပတ် သင့်၏။

ရဟန်းသည် ရဟန်း၏ စကားကို နားထောင်၍ (အခြား) ရဟန်းအထံသို့ "သင့်ကို ဤမည်သော ရဟန်းသည် 'ရာဂထကြွသူ ဒေါသ ထကြွသူ မောဟ ထကြွသူ' ဟူ၍ ပြောဆို၏" ဟု ချေပစ်ငုံး တိုက် စကားကို ပို့ဆောင်အံ့၊ စကား ခွန်းတိုင်းခွန်းတိုင်း ပါစိတ်အာပတ် သင့်၏။

ရဟန်းသည် ရဟန်း၏ စကားကို နားထောင်၍ (အခြား) ရဟန်းအထံသို့ "သင့်ကို ဤမည်သော ရဟန်းသည် 'ရာဂ ကင်းသူတည်း၊ ဒေါသ ကင်းသူတည်း၊ မောဟ ကင်းသူတည်း' ဟူ၍ ပြောဆို၏" ဟု ချေပစ် ငုံးတိုက် စကားကို ပို့ဆောင်အံ့၊ စကားခွန်းတိုင်းခွန်းတိုင်း ပါစိတ်အာပတ် သင့်၏။

ရဟန်းသည် ရဟန်း၏ စကားကို နားထောင်၍ (အခြား) ရဟန်း အထံသို့ "သင့်ကို ဤမည်သော ရဟန်းသည် 'ပါရာဇိက အာပတ် သင့်သူတည်း၊ သံဃာဒိသိသ် အာပတ် သင့်သူတည်း၊ ထုလ္လစ္စဉ်း အာပတ် သင့်သူတည်း၊ ပါစိတ် အာပတ် သင့်သူတည်း၊ ပါဋိဒေသနီ အာပတ် သင့်သူတည်း၊ ဒုက္ကဋ် အာပတ် သင့်သူတည်း၊ ဒုဗ္ဘာသီ အာပတ် သင့်သူတည်း' ဟူ၍ ပြောဆို၏" ဟု ချေပစ် ငုံး တိုက် စကားကို ပို့ဆောင်အံ့၊ စကားခွန်းတိုင်းခွန်းတိုင်း ပါစိတ်အာပတ် သင့်၏။

ရဟန်းသည် ရဟန်း၏ စကားကို နားထောင်၍ (အခြား) ရဟန်းအထံသို့ "သင့်ကို ဤမည်သော ရဟန်းသည် 'သောတာပန်တည်း' ဟူ၍ ပြောဆို၏" ဟု ချေပစ် ငုံးတိုက် စကားကို ပို့ဆောင်အံ့၊ စကား ခွန်းတိုင်းခွန်းတိုင်း ပါစိတ်အာပတ် သင့်၏။

http://www.dhammadownload.com



ရဟန်းသည် ရဟန်း၏ စကားကို နားထောင်၍ (အခြား) ရဟန်းအထံသို့ "သင့်ကို ဤမည်သော ရဟန်းသည် 'ကုလားအုပ်တည်း၊ သိုးတည်း၊ နွားတည်း၊ မြည်းတည်း၊ တိရစ္ဆာန်တည်း၊ ငရဲသူတည်း၊ ထို ရဟန်းအား ကောင်းသော လားရာ ဂတိမရှိ၊ မကောင်းသော လားရာ ဂတိသို့သာလျှင် ထိုရဟန်း ရောက်လိုက်၏' ဟူ၍ ပြောဆို၏" ဟု ချောပစ် ဂုံးတိုက် စကားကို ပို့ဆောင်အံ့၊ စကား ခွန်းတိုင်းခွန်းတိုင်း ပါစိတ်အာပတ် သင့်၏။

ရဟန်းသည် ရဟန်း၏ စကားကို နားထောင်၍ (အခြား) ရဟန်း အထံသို့ "သင့်ကို ဤမည်သော ရဟန်းသည် 'ပညာရှိသူ တည်း၊ လိမ္မာသူ တည်း၊ ထက်မြက်သော ပညာရှိသူ တည်း၊ အကြားအမြင်များသူတည်း၊ တရားဟောတတ်သူ တည်း၊ ထို ရဟန်းအား မကောင်းသော လားရာဂတိမရှိ၊ ကောင်းသော လားရာ ဂတိသို့ သာလျှင် ထို ရဟန်းရောက်လိုက်၏' ဟူ၍ ပြောဆို၏" ဟု ချောပစ်ဂုံးတိုက် စကားကို ပို့ဆောင်အံ့၊ စကား ခွန်းတိုင်းခွန်းတိုင်း ပါစိတ်အာပတ် သင့်၏။

၄၁။ ရဟန်းသည် ရဟန်း၏ စကားကို နားထောင်၍ (အခြား) ရဟန်းအထံသို့ "ဤ မည်သော ရဟန်းသည် 'ဤ အရပ်၌ အချို့သော ဒွန်းစဏ္ဍားမျိုး ဒေါင်းမရှသမားမျိုး မုဆိုးတံငါမျိုး သားရေနယ် သမားမျိုး ပန်းမှိုက်သွန်မျိုးတို့သည် ရှိကုန်၏'ဟု ပြောဆို၏၊ ထိုရဟန်းသည် အခြားသူကို ဆိုသည် မဟုတ်၊ သင့်ကိုသာလျှင် ဆို၏" ဟု ချောပစ် ဂုံးတိုက် စကားကို ပို့ဆောင်အံ့၊ စကား ခွန်းတိုင်းခွန်းတိုင်း ဒုက္ကဋ်အာပတ် သင့်၏။

ရဟန်းသည် ရဟန်း၏ စကားကို နားထောင်၍ (အခြား) ရဟန်းအထံသို့ "ဤမည်သော ရဟန်းသည် 'ဤ အရပ်၌ အချို့သော မင်းမျိုး ပုဏ္ဏားမျိုးတို့သည် ရှိကုန်၏'ဟု ပြောဆို၏၊ ထို ရဟန်းသည် အခြားသူကို ဆိုသည်မဟုတ်၊ သင့်ကိုသာလျှင် ဆို၏" ဟု ချောပစ် ဂုံးတိုက် စကားကို ပို့ဆောင်အံ့၊ စကားခွန်းတိုင်းခွန်းတိုင်း ဒုက္ကဋ်အာပတ် သင့်၏။

ရဟန်းသည် ရဟန်း၏ စကားကို နားထောင်၍ (အခြား) ရဟန်း အထံသို့ "ဤမည်သော ရဟန်းသည် 'ဤအရပ်၌ အချို့သော ပညာရှိသူများ လိမ္မာသူများ ထက်မြက်သော ပညာရှိသူများ အကြားအမြင် များသူများ တရားဟောတတ် သူများ ရှိကုန်၏၊ ထိုသူတို့အား မကောင်းသော လားရာ ဂတိမရှိ၊ ကောင်းသော လားရာဂတိသို့သာလျှင် ထိုသူတို့ ရောက်လိုက်၏' ဟု ပြောဆို၏၊ ထိုရဟန်းသည် အခြားသူကို ဆိုသည် မဟုတ်၊ သင့်ကိုသာလျှင် ဆို၏" ဟု ချောပစ်ဂုံးတိုက် စကားကို ပို့ဆောင်အံ့၊ စကားခွန်းတိုင်း ခွန်းတိုင်း ဒုက္ကဋ်အာပတ် သင့်၏။

ရဟန်းသည် ရဟန်း၏ စကားကို နားထောင်၍ (အခြား) ရဟန်းအထံသို့ "ဤမည်သော ရဟန်းသည် 'အကြင်သူတို့သည် ရှိကုန်၏၊ ထိုသူတို့ကား စင်စစ်အားဖြင့် ဒွန်းစဏ္ဍားမျိုး ဒေါင်းရွေ့သမားမျိုး မုဆိုး တံငါမျိုး သားရေနယ်သမားမျိုး ပန်းမှိုက်သွန်မျိုးတို့တည်း' ဟု ပြောဆို၏၊ ထိုရဟန်းသည် အခြားသူကို ဆိုသည်မဟုတ်၊ သင့်ကိုသာလျှင် ဆို၏" ဟု ချောပစ် ဂုံးတိုက် စကားကို ပို့ဆောင်အံ့၊ စကားခွန်းတိုင်း ခွန်းတိုင်း ဒုက္ကဋ်အာပတ် သင့်၏။

ရဟန်းသည် ရဟန်း၏စကားကို နားထောင်၍ (အခြား) ရဟန်းအထံသို့ "ဤမည်သော ရဟန်းသည် 'အကြင်သူတို့သည် ရှိကုန်၏၊ ထိုသူတို့ကား စင်စစ်အားဖြင့် ပညာရှိသူများ လိမ္မာသူများထက်မြက်သော ပညာရှိသူများ အကြားအမြင်များသူများ တရားဟောတတ်သူများတည်း' ဟု ပြောဆို၏၊ ထိုရဟန်းသည် အခြားသူကို ဆိုသည်မဟုတ်၊ သင့်ကိုသာလျှင် ဆို၏" ဟု ချောပစ်ဂုံးတိုက်စကားကို ပို့ဆောင်အံ့၊ စကားခွန်းတိုင်းခွန်းတိုင်း ဒုက္ကဋ်အာပတ် သင့်၏။

http://www.dhammadownload.com



ရဟန်းသည် ရဟန်း၏ စကားကို နားထောင်၍ (အခြား) ရဟန်းအထံသို့ "ဤမည်သော ရဟန်းသည် 'ငါတို့ကား ဒွန်းစဏ္ဍားမျိုးမဟုတ်ကုန်၊ ဒေါင်းရွေသမားမျိုးမဟုတ်ကုန်၊ မုဆိုးတင်ငါမျိုး မဟုတ်ကုန်၊ သားရေနယ်သမားမျိုး မဟုတ်ကုန်၊ ပန်းမှိုက်သွန်မျိုး မဟုတ်ကုန်' ဟု ပြောဆို၏၊ ထိုရဟန်းသည် အခြားသူကို ဆိုသည်မဟုတ် သင့်ကိုသာလျှင် ဆို၏" ဟု ချောပစ် ဂုံးတိုက် စကားကို ပို့ဆောင်အံ့၊ စကားခွန်းတိုင်းခွန်းတိုင်း ဒုက္ကဋ်အာပတ် သင့်၏။

ရဟန်းသည် ရဟန်း၏ စကားကို နားထောင်၍ (အခြား) ရဟန်းအထံသို့ "ဤမည်သော ရဟန်းသည် 'ငါတို့ကား ပညာရှိသူတို့ မဟုတ်ကုန်၊ လိမ္မာသူတို့မဟုတ်ကုန်၊ ထက်မြက်သော ပညာရှိသူတို့ မဟုတ်ကုန်၊ အကြားအမြင်များသူတို့ မဟုတ်ကုန်၊ တရားဟောတတ်သူတို့ မဟုတ်ကုန်၊ ငါတို့အား မကောင်းသောလားရာဂတိမရှိ၊ ကောင်းသောလားရာဂတိသို့သာလျှင် ငါတို့ ရောက်ထိုက်၏' ဟု ပြောဆို၏၊ ထိုရဟန်းသည် အခြားသူကို ဆိုသည်မဟုတ် သင့်ကိုသာလျှင် ဆို၏" ဟု ချောပစ်ဂုံးတိုက် စကားကို ပို့ဆောင်အံ့၊ စကားခွန်းတိုင်း ခွန်းတိုင်း ဒုက္ကဋ်အာပတ် သင့်၏။

၄၂။ ရဟန်းသည် ရဟန်း၏ စကားကို နားထောင်၍ (အခြား) ရဟန်းအထံသို့ ချောပစ် ဂုံးတိုက် စကားကို ပို့ဆောင်အံ့၊ စကားခွန်းတိုင်း ခွန်းတိုင်း ပါစိတ်အာပတ် သင့်၏။

ရဟန်းသည် ရဟန်း၏ စကားကို နားထောင်၍ ရဟန်းမဟုတ်သူ အထံသို့ ချောပစ်ဂုံးတိုက် စကားကို ပို့ဆောင်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ရဟန်းသည် ရဟန်းမဟုတ်သူတို့၏ စကားကို နားထောင်၍ (အခြား) ရဟန်းအထံသို့ ချောပစ် ဂုံးတိုက်စကားကို ပို့ဆောင်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ရဟန်းသည် ရဟန်းမဟုတ်သူ၏ စကားကို နားထောင်၍ ရဟန်းမဟုတ်သူအထံသို့ ချောပစ် ဂုံးတိုက်စကားကို ပို့ဆောင်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

၄၃။ မိမိအား မချစ်ခင်စေလိုသော ရဟန်း မကွဲပြားစေလိုသော ရဟန်း ရူးသောရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

တတိယ ပေသုညသိက္ခာပုဒ် ပြီး၏။

---

## ၁-မုသာဝါဒဝဂ် ၄-ပဒသောဓမ္မသိက္ခာပုဒ်

၄၄။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ဥပါသကာတို့အား တရားကို ပုဒ်ပြိုင်ပို့ချကုန်၏၊ ဥပါသကာတို့သည် ရဟန်းတို့၌ မရိုသေကုန်၊ မတုပ်ဝပ်ကုန်၊ တူသော အသက်မွေးခြင်း မရှိကုန်သည် ဖြစ်၍ နေကုန်၏။

အလိုနည်းသော ရဟန်းတို့သည် "ဆဗ္ဗဂ္ဂီရဟန်းတို့သည် ဥပါသကာတို့အား တရားကို ပုဒ်ပြိုင် အဘယ့်ကြောင့် ပို့ချကုန်ဘိသနည်း၊ ဥပါသကာတို့သည် ရဟန်းတို့၌ မရိုသေကုန်၊ မတုပ်ဝပ်ကုန်၊ တူသော အသက်မွေးခြင်း မရှိကုန်သည်ဖြစ်၍ နေကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

http://www.dhammadownload.com



ထိုအခါ ထိုရဟန်းတို့သည် ဆဗ္ဗဂ္ဂီရဟန်းတို့ကို များစွာသော အကြောင်းဖြင့် ကဲ့ရဲ့ပြစ်တင်ကြပြီး လျှင် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ပ။ "ရဟန်းတို့ သင်တို့သည် ဥပါသကာတို့အား တရားကို ပုဒ်ပြိုင်ပို့ချကုန်၏၊ ဥပါသကာတို့သည် ရဟန်းတို့၌ မရိုသေကုန်၊ မတုပ်ဝပ်ကုန်၊ တူသော အသက်မွေးခြင်း မရှိကုန်သည်ဖြစ်၍ နေကုန်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ သင်တို့သည် ဥပါသကာတို့အား တရားကို ပုဒ်ပြိုင် အဘယ့်ကြောင့် ပို့ချကုန်ဘိသနည်း၊ ဥပါသကာတို့သည်လည်း ရဟန်းတို့၌ မရိုသေကုန်၊ မတုပ်ဝပ်ကုန်၊ တူသော အသက်မွေးခြင်း မရှိကုန် သည်ဖြစ်၍ နေကြကုန်၏။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ ဤ(သင်တို့ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါရင်း ကြည်ညိုပြီးသော သူတို့အား တိုး၍ ကြည်ညိုစေခြင်းငှါရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

၅၃။ ၄-၅၅။ **"အကြင်ရဟန်းသည် ရဟန်းမဟုတ်သောသူအား တရားကို ပုဒ်ပြိုင် ပို့ချ ငြားအံ့၊ (ထိုရဟန်းအား) ပါစိတ်အာပတ် သင့်၏"** ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော် မူ၏)။

## ၄-ပဒသောဓမ္မသိက္ခာပုဒ် အဖွင့်

၄၆။ **အကြင်** ဟူသည် အကြင်သို့ သဘောရှိသော။ပ။

**ရဟန်း** ဟူသည်။ပ။ ဤအရာ၌ ဤဉတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ရောက်သူကို "ရဟန်း" ဟူ၍ အလိုရှိအပ်၏။

**ရဟန်းမဟုတ်သောသူ** မည်သည် ရဟန်းယောကျ်ား ရဟန်းမိန်းမကို ချန်ထား၍ ကြွင်းကျန် သော သူသည် ရဟန်းမဟုတ်သော သူ မည်၏။

**ပုဒ်ပြိုင်** မည်သည် ပုဒ်ပြိုင် နောက်ပုဒ်ပြိုင် အက္ခရာတလုံးချင်းပြိုင် သဒ္ဒါအပေါင်းပြိုင်တည်း။

**ပုဒ်ပြိုင်** မည်သည် တပြိုင်နက် ရွတ်ဆို၍ တပြိုင်နက် ပြီးဆုံးစေ၏ 'အချီအချ ပြိုင်တူကျ၏'။

**နောက်ပုဒ်ပြိုင်** မည်သည် အသီးအခြား ရွတ်ဆိုပြီးမှ တပြိုင်နက် ပြီးဆုံးစေ၏ 'အချီမမျှ ပြိုင်တူချ၏'။

**အက္ခရာတလုံးချင်းပြိုင်** မည်သည် ရူပံ အနိစ္စံ ဟူ၍ ဆိုသောအခါ ရူ ဟူ၍ အကြား၌ ကျစေ၏ 'ရူ အက္ခရာတလုံးသာ သံပြိုင်ရွတ်ဆို၏'။

**သဒ္ဒါအပေါင်းပြိုင်** မည်သည် (ဆရာက) ရူပံ အနိစ္စံ ဟူ၍ ဆိုစဉ် (လူသာမဏေက) ဝေဒနာ အနိစ္စာ ဟူ၍ အသံမြွက်ဆို၏ 'အနိစ္စပုဒ်ချင်း ပြိုင်တူကျ၏'။

အကြင်ပုဒ်ပြိုင်သည်ရင်း နောက်ပုဒ်ပြိုင်သည်ရင်း အက္ခရာတလုံးချင်းပြိုင်သည်ရင်း သဒ္ဒါ အပေါင်းပြိုင်သည်ရင်း ရှိ၏၊ ဤအလုံးစုံသည် ပုဒ်ပြိုင်မည်၏။

http://www.dhammadownload.com



**တရား** မည်သည် ဘုရားဟောတရား သာဝကဟောတရား ရသေ့ဟောတရား နတ်ဟောတရား အဋ္ဌကထာနှင့်စပ်သောတရား ပါဠိတော်နှင့် စပ်သော တရားတည်း။

**ပို့ချခြင်းအံ့** ဟူသည် ပုဒ်ဖြင့်ပို့ချအံ့၊ ပုဒ်တိုင်းပုဒ်တိုင်း ပါစိတ်အာပတ် သင့်၏။

အက္ခရာဖြင့် ပို့ချအံ့၊ အက္ခရာတိုင်း အက္ခရာတိုင်း ပါစိတ်အာပတ် သင့်၏။

၄၇။ ရဟန်းမဟုတ်သူကို ရဟန်းမဟုတ်သူဟု အမှတ်ရှိသည်ဖြစ်၍ တရားကို ပုဒ်ပြိုင် ပို့ချအံ့၊ ပါစိတ်အာပတ် သင့်၏။

ရဟန်းမဟုတ်သူကို ယုံမှားရှိလျက် တရားကို ပုဒ်ပြိုင် ပို့ချအံ့၊ ပါစိတ်အာပတ် သင့်၏။

ရဟန်းမဟုတ်သူကို ရဟန်းဟု အမှတ်ရှိသည်ဖြစ်၍ တရားကို ပုဒ်ပြိုင် ပို့ချအံ့၊ ပါစိတ်အာပတ် သင့်၏။

ရဟန်းကို ရဟန်းမဟုတ်ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ရဟန်းကို ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ရဟန်းကို ရဟန်းဟု အမှတ်ရှိအံ့၊ အာပတ် မသင့်။

၄၈။ (လူသာမဏေနှင့်) တပြိုင်နက် ပါဠိသင်ယူအံ့၊ အာပတ် မသင့်။

(လူသာမဏေနှင့်) တပြိုင်နက် သရဇ္ဈာယ်အံ့၊ အာပတ် မသင့်။

အများအားဖြင့် လေ့လာပြီးသော ကျမ်းဂန်ကို ရွတ်ဆိုသော လူသာမဏေအား ထောက်ပေးအံ့၊ အာပတ် မသင့်။

ကြောက်ရွံ့စွာ ပါဠိကို ရွတ်ဆိုနေဆဲ လူသာမဏေအား ထောက်ပေးအံ့၊ အာပတ် မသင့်။

ရူးသောရဟန်း အစလက်ဦး လွန်ကျူးသောရဟန်းတို့အားလည်း အာပတ် မသင့်။

စတုတ္ထ ပဒသောဓမ္မသိက္ခာပုဒ် ပြီး၏။

---

## ၁-မုသာဝါဒဝဂ် ၅-သဟသေယျ သိက္ခာပုဒ်

၄၉။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် အာဠဝီပြည် အဂ္ဂါဠဝစေတီ၌ သီတင်းသုံး နေတော်မူသောအခါ ဥပါသကာတို့သည် တရားနာအံ့သောငှါ ကျောင်းအရံသို့ လာကုန်၏၊ တရား ဟောပြီးသောအခါ မထေရ်ကြီး ရဟန်းတို့သည် မိမိတို့နေရာ ကျောင်းသို့ ကြွသွားကုန်၏၊ ရဟန်းငယ် တို့မှာမူကား ထိုတရားဟောရာ စရပ်၌ပင်လျှင် ဥပါသကာတို့နှင့်အတူ သတိလွတ်ကင်းလျက် ပညာ အဆင်အခြင်မရှိပဲ အဝတ်ကိုယ်၌ မကပ်မူ၍ ဟောင်ရမ်း မြည်တမ်းကာ ကြိုးသံကဲ့သို့ ဟောက်လျက် အိပ်ကုန်၏။

ဥပါသကာတို့သည် "အဘယ့်ကြောင့် အသျှင်ကောင်းတိသည် သတိလွတ်ကင်းလျက် ပညာ အဆင်အခြင်မရှိပဲ အဝတ်ကိုယ်၌ မကပ်မူ၍ ယောင်ယမ်း မြည်တမ်းကာ ကြိုးသံကဲ့သို့ ဟောက်ကုန် လျက် အိပ်ကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

http://www.dhammadownload.com



ရဟန်းတို့သည် ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုကြသော ထိုဥပါသကာတို့၏ စကားကို ကြားကြသည်သာတည်း။ အလိုနည်းသော ရဟန်းတို့သည် "အဘယ့်ကြောင့် ရဟန်းတို့သည် ရဟန်းမဟုတ်သော သူနှင့် အတူ အိပ်ကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ထိုအခါ ထိုရဟန်းတို့သည် ရဟန်းငယ်တို့ကို များစွာသော အကြောင်းဖြင့် ကဲ့ရဲ့ပြစ်တင်ကြပြီးလျှင် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ပ။ "ရဟန်းတို့ ရဟန်းတို့သည်ရဟန်းမဟုတ်သောသူနှင့်အတူ အိပ်ကုန်၏ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရားဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့သည် အဘယ့်ကြောင့် ရဟန်းမဟုတ်သူတို့နှင့် အတူအိပ်ကုန်ဘိသနည်း။ ရဟန်းတို့ ဤ (ရဟန်းတို့ပြုမိသော အမှု)သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

**(က) "အကြင်ရဟန်းသည် ရဟန်းမဟုတ်သောသူနှင့်အတူ အိပ်ခြင်းကို ပြုငြားအံ့၊ (ထိုရဟန်းအား) ပါစိတ်အာပတ် သင့်၏"** ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

မြတ်စွာဘုရားသည် ရဟန်းတို့အား ဤသို့လျှင် ဤသိက္ခာပုဒ်ကို ပညတ်တော်မူ၏။

၅၀။ ထိုအခါ မြတ်စွာဘုရားသည် အာဠဝီပြည်၌ မွေ့လျော်တော်မူသရွေ့ သီတင်းသုံးနေတော်မူပြီးလျှင် ကောသမ္ဗီပြည်သို့ ခရီးဒေသစာရီ ကြွချီတော်မူ၏၊ အစဉ်အတိုင်း ခရီး ဒေသစာရီ ကြွချီတော်မူသည်ရှိသော် ကောသမ္ဗီပြည်သို့ ရောက်တော်မူ၏၊ မြတ်စွာဘုရားသည် ထိုကောသမ္ဗီပြည် ဗဒရိကာရုံကျောင်းတိုက်၌ သီတင်းသုံးနေတော်မူ၏။

ရဟန်းတို့သည် အသျှင်ရာဟုလာကို "ငါ့သျှင် ရာဟုလာ မြတ်စွာဘုရားသည် 'ရဟန်း မဟုတ်သောသူနှင့်အတူ မအိပ်ရ' ဟု သိက္ခာပုဒ်ကို ပညတ်တော်မူ၏၊ ငါ့သျှင် ရာဟုလာ အိပ်ရန်နေရာကို သိလော့" ဟု ဆိုကုန်၏။ ထိုအခါ အသျှင်ရာဟုလာသည် အိပ်ရန်နေရာကို မရသည်ဖြစ်၍ ကျင်ကြီးစွန့်ရာ ဝစ္စကုဋီ၌အိပ်၏။ ထိုအခါ မြတ်စွာဘုရားသည် ညဉ့်၏ မိုးသောက်ယံအခါ၌ ထတော်မူ၍ ဝစ္စကုဋီသို့ ချဉ်းကပ်ပြီးလျှင် ချောင်းဟန့်တော်မူ၏၊ အသျှင်ရာဟုလာသည်လည်း ချောင်းဟန့်လေ၏။

ဤနေရာ၌ မည်သူနည်း ဟု (မေးတော်မူရာ)။

မြတ်စွာဘုရား အကျွန်ုပ် ရာဟုလာပါတည်း ဟု (လျှောက်၏)။

ရာဟုလာ သင်သည် အဘယ့်ကြောင့် ဤနေရာ၌ နေဘိသနည်း ဟု (မေးတော်မူသောအခါ)။

ထိုအခါ အသျှင်ရာဟုလာသည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ထား၏။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် တရားစကားကို ဟောကြားတော်မူ၍ ရဟန်းတို့ကို—

http://www.dhammadownload.com



ရဟန်းတို့ ရဟန်းမဟုတ်သောသူနှင့် နှစ်ည သုံးည အတူတကွ အိပ်ခြင်းကို ပြုခြင်းငှါ ခွင့်ပြုတော်မူ၏ ဟု မိန့်တော်မူ၏။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

၅၄။ ၅-(ခ) ၅၁။ **"အကြင်ရဟန်းသည် ရဟန်းမဟုတ်သောသူနှင့် နှစ်ညသုံးညထက် အလွန် (တမိုးတရံတည်းသောကျောင်း၌) အတူတကွအိပ်ခြင်းကို ပြုငြားအံ့၊ (ထိုရဟန်းအား) ပါစိတ်အာပတ် သင့်၏"** ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

## ၅-သဟသေယျသိက္ခာပုဒ် အဖွင့်

၅၂။ **အကြင်** ဟူသည် အကြင်သို့ သဘောရှိသော။ပ။

**ရဟန်း** ဟူသည်။ပ။ ဤအရာ၌ ဤဥတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ရောက်သူကို "ရဟန်း" ဟူ၍ အလိုရှိအပ်၏။

**ရဟန်း မဟုတ်သောသူ** မည်သည် ရဟန်းကို ချန်ထား၍ ကြွင်းသော သူသည် ရဟန်းမဟုတ်သောသူ မည်၏။

**နှစ်ည သုံးညထက် အလွန်** ဟူသည် နှစ်ည သုံးညထက် ပိုလွန်၍။

**အတူတကွ** ဟူသည် တပေါင်းတည်း။

**အိပ်ရာ နေရာ** မည်သည် အလုံးစုံအမိုးရှိသော အလုံးစုံအကာအရံရှိသော အများအားဖြင့် အမိုးရှိသော အများအားဖြင့် အကာအရံရှိသော ကျောင်း အိပ်ရာ နေရာတည်း။

**အိပ်ခြင်းကို ပြုငြားအံ့** ဟူသည် လေးရက်မြောက်သောနေ့၌ နေဝင်သောအခါ ရဟန်းမဟုတ်သူ အိပ်သည်ရှိသော် ရဟန်းသည် အိပ်အံ့၊ ပါစိတ်အာပတ် သင့်၏။

ရဟန်းသည် အိပ်သည်ရှိသော် ရဟန်းမဟုတ်သူသည် လျောင်းအိပ်အံ့၊ ပါစိတ်အာပတ် သင့်၏။

နှစ်ဦးလုံးမူလည်း အိပ်ကြကုန်အံ့၊ ပါစိတ်အာပတ် သင့်၏။

ထ၍ အဖန်တလဲလဲ အိပ်ကုန်အံ့၊ ပါစိတ်အာပတ် သင့်၏။

၅၃။ ရဟန်းမဟုတ်သူကို ရဟန်းမဟုတ်ဟု အမှတ်ရှိသည်ဖြစ်၍ နှစ်ည သုံးညထက် အလွန် အတူတကွအိပ်ငြားအံ့၊ ပါစိတ်အာပတ် သင့်၏။

ရဟန်းမဟုတ်သူကို ယုံမှားရှိသည်ဖြစ်၍ နှစ်ည သုံးညထက်အလွန် အတူတကွ အိပ်ငြားအံ့၊ ပါစိတ်အာပတ် သင့်၏။

ရဟန်း မဟုတ်သူကို ရဟန်း ဟု အမှတ်ရှိသည်ဖြစ်၍ နှစ်ည သုံးညထက်အလွန် အတူတကွ အိပ်ငြားအံ့၊ ပါစိတ်အာပတ် သင့်၏။

အမိုးထက်ဝက် အကာအရံထက်ဝက်ရှိသော နေရာ၌ (အတူတကွ အိပ်ငြားအံ့)၊ ဒုက္ကဋ်အာပတ် သင့်၏။

ရဟန်းကို ရဟန်းမဟုတ် ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

http://www.dhammadownload.com



ရဟန်း၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ရဟန်းကို ရဟန်း ဟု အမှတ်ရှိအံ့၊ အာပတ် မသင့်။

၅၄။ နှစ်ညဉ့် သုံးညဉ့် နေအံ့၊ နှစ်ညဉ့် သုံးညဉ့်အောက် ယုတ်လျော့၍ နေအံ့၊ နှစ်ညဉ့်နေပြီး၍ သုံးညဉ့်မြောက်၌ အရုဏ်မတက်မီထ၍ တဖန်နေအံ့၊ အမိုးအလုံးစုံရှိသော်လည်း အကာအရံ လုံးလုံး မရှိသော နေရာ၌ နေအံ့၊ အကာအရံအလုံးစုံရှိသော်လည်း အမိုးလုံးလုံးမရှိသောနေရာ၌နေအံ့၊ အမျာ အားဖြင့် အမိုးမရှိသော အများအားဖြင့် အကာအရံ မရှိသော နေရာ၌နေအံ့၊ ရဟန်း မဟုတ်သူသည် အိပ်နေ၍ ရဟန်းသည် ထိုင်အံ့၊ ရဟန်းသည် အိပ်နေ၍ ရဟန်း မဟုတ်သူသည် ထိုင်အံ့၊ နှစ်ဦးစလုံးသော် လည်း ထိုင်နေကုန်အံ့၊ အာပတ်မသင့်။

ရူးသောရဟန်း အစလက်ဦး လွန်ကျူးသောရဟန်းတို့အားလည်း အာပတ် မသင့်။

ပဌမ သဟသေယျသိက္ခာပုဒ် ပြီး၏။

---

## ၁-မုသာဝါဒဝဂ် ၆-ဒုတိယသဟသေယျသိက္ခာပုဒ်

၅၅။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံ ဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ အသျှင်အနုရုဒ္ဓါသည် သာဝတ္ထိ ပြည်သို့ ကြွသွားရာ ညနေချမ်းအချိန်တွင် ကောသလတိုင်း ဇနပုဒ်ရွာတရွာသို့ ရောက်၏။

ထိုအခါ ထိုရွာ၌ မိန်းမတယောက်သည် ဧည့်သည် တည်းခိုရန် အိမ်ကို ပြုလုပ်ထား၏။ ထိုအခါ အသျှင်အနုရုဒ္ဓါသည် ထိုမိန်းမထံသို့ ချဉ်းကပ်ပြီးလျှင် ထိုမိန်းမကို "နှမ အကယ်၍ ဝန်မလေးပါမူကား ဧည့်သည် တည်းခိုရန်အိမ်၌ တညဉ့်နေလို၏" ဟု ပြောဆို၏။

အသျှင်ဘုရား နေတော်မူပါလော့ ဟု (လျှောက်၏)။ အခြားခရီးသည်တို့လည်း ထိုမိန်းမထံသို့ ချဉ်းကပ်ပြီးလျှင် ထိုမိန်းမကို "အရှင်မ သင့်အား အကယ်၍ ဝန်မလေးပါမူကား ဧည့်သည်တည်းခိုရန် အိမ်၌ တညဉ့်မျှ တည်းခိုကြပါရစေ" ဟု ပြောဆိုကြကုန်၏။

အမောင်တို့ ဤရဟန်းသည် ရှေးဦးစွာ ကြွလာ၏၊ ထိုရဟန်း ခွင့်ပြုပါက နေကုန်လော့ ဟု (ဆို၏)။ ထိုအခါ ထိုခရီးသည်တို့သည် အသျှင်အနုရုဒ္ဓါ မထေရ်ထံသို့ ချဉ်းကပ်၍ အသျှင်အနုရုဒ္ဓါကို "အသျှင်ဘုရား အသျှင့်အား အကယ်၍ ဝန်မလေးပါမူကား ဧည့်သည်တည်းခိုရန် အိမ်၌ တညဉ့်မျှ တည်းခိုကြပါရစေ" ဟု လျှောက်ကြကုန်၏။

ဒါယကာတို့ နေကုန်လော့ ဟု (မိန့်ဆို၏)။

ထိုအခါ ထိုမိန်းမသည် အသျှင်အနုရုဒ္ဓါကို မြင်သည်နှင့် တပြိုင်နက် တပ်မက်စိတ် ဖြစ်နေ၏။ ထိုအခါ ထိုမိန်းမသည် အသျှင်အနုရုဒ္ဓါထံသို့ ချဉ်းကပ်၍ အသျှင်အနုရုဒ္ဓါကို "အသျှင်ဘုရား အသျှင် သည် ဤလူတို့နှင့်ရောပြွမ်းသောကြောင့် ချမ်းသာစွာ နေရမည် မဟုတ်ပါ၊ အသျှင်ဘုရား တောင်းပန် ပါသည်၊ အကျွန်ုပ်သည် အသျှင်ဘုရား၏ ညောင်စောင်း 'ခဋင်' ကို အိမ်တွင်း၌ ခင်းပေးပါအံ့" ဟု လျှောက်၏။

အသျှင်အနုရုဒ္ဓါသည် ဆိတ်ဆိတ်နေ၍ လက်ခံလေ၏။

http://www.dhammadownload.com



ထိုအခါ ထိုမိန်းမသည် အသျှင်အနုရုဒ္ဓါ၏ ညောင်စောင်းကို အိမ်ကွင်း၌ ခင်း၍ အဝတ်တန်ဆာကောင်းစွာ ဝတ်စားဆင်ယင်ပြီးလျှင် သင်းပျံမွှေးကြိုင်သော နံ့သာအနံ့တို့ဖြင့် ကြိုင်လှိုင်စေလျက် အသျှင်အနုရုဒ္ဓါထံသို့ ချဉ်းကပ်၍ အသျှင်အနုရုဒ္ဓါကို "အသျှင်ဘုရား အသျှင်သည် အလွန် အဆင်းလှ၏၊ ရှုချင်စဖွယ်ရှိ၏၊ ကြည်ညိုဖွယ်ကောင်းလှ၏။ အကျွန်ုပ်သည်လည်း အဆင်းလှပါသည်၊ ရှုချင်စဖွယ် ရှိပါသည်၊ ကြည်ညိုဖွယ် ကောင်းပါသည်၊ အသျှင်ဘုရား တောင်းပန်ပါသည်၊ တပည့်တော်မသည် အသျှင်ဘုရား၏ မယားဖြစ်လိုပါ၏" ဟု လျှောက်၏။ ဤသို့ လျှောက်သောအခါ အသျှင်အနုရုဒ္ဓါမထေရ်သည် ဆိတ်ဆိတ်နေ၏။ နှစ်ကြိမ်မြောက်လည်း။ပ။ သုံးကြိမ်မြောက်လည်း ထိုမိန်းမသည် အသျှင်အနုရုဒ္ဓါကို "အသျှင်ဘုရား အသျှင်သည် အလွန် အဆင်းလှ၏၊ ရှုချင်စဖွယ် ရှိ၏၊ ကြည်ညိုဖွယ်ကောင်းလှ၏။ အကျွန်ုပ်သည်လည်း အလွန်အဆင်းလှပါသည်၊ ရှုချင်စဖွယ်ရှိပါသည်၊ ကြည်ညိုဖွယ်ကောင်းပါသည်၊ အသျှင်ဘုရား တောင်းပန်ပါသည်၊ အသျှင်သည် တပည့်တော်မနှင့် ဥစ္စာပစ္စည်းအားလုံးကို သိမ်းပိုက် ခံယူတော်မူပါ" ဟု လျှောက်၏။

အသျှင်အနုရုဒ္ဓါသည် သုံးကြိမ်မြောက်လည်း ဆိတ်ဆိတ်နေ၏။

ထိုအခါ ထိုမိန်းမသည် အဝတ်ထဘီကို ချွတ်၍ အသျှင်အနုရုဒ္ဓါ၏ ရှေ့မှ စင်္ကြံလည်းလျှောက်၏၊ ရပ်လည်းရပ်၏၊ ထိုင်လည်းထိုင်၏၊ အိပ်လည်းအိပ်၏။ ထိုအခါ အသျှင်အနုရုဒ္ဓါသည် (မျက်စိအစရှိသော) ဣန္ဒြေတို့ကို အောက်သို့ချ၍ ထိုမိန်းမကို ကြည့်လည်းမကြည့် စကားလည်း မပြော (နေတော်မူ၏)။

ထိုအခါ ထိုမိန်းမသည် "အချင်းတို့ အံ့ဘွယ်ရှိစွတကား အချင်းတို့ မဖြစ်ဘူးမြဲ ဖြစ်စွတကား များစွာသော လူတို့သည် ငါ့ကို အရာအထောင်သော ဥစ္စာပစ္စည်းဖြင့် စေလွှတ်၍ တောင်းရမ်းကုန်၏၊ (စေ့စပ်ကြောင်းလမ်းကြကုန်၏)။ ဤရဟန်းသည်ကား ငါကိုယ်တိုင် တောင်းပန်ပါလျက် ငါနှင့် ဥစ္စာပစ္စည်းအားလုံးကို သိမ်းပိုက်ခံယူဘို့ရန် အလိုမရှိ" ဟု ဆို၍ ထဘီကို ဝတ်ပြီးလျှင် အသျှင်အနုရုဒ္ဓါ၏ ခြေတို့၌ ဦးခေါင်းဖြင့် ငုပ်လျှိုးလျက် အသျှင်အနုရုဒ္ဓါကို "အသျှင်ဘုရား မိုက်သည့်အလျှောက် တွေဝေသည့်အလျှောက် မလိမ္မာသည့်အလျှောက် အပြစ်သည် တပည့်တော်မကို လွှမ်းမိုးကျရောက်ခဲ့ပါပြီ၊ တပည့်တော်မသည် ဤသို့ မတော်မလျော်သော အမှုကို ပြုမိပါ၏၊ အသျှင်ဘုရား အသျှင်သည် တပည့်တော်မ၏အပြစ်ကို အပြစ်အားဖြင့် နောင်အခါ စောင့်စည်းပါရခြင်းငှါ သည်းခံတော်မူပါလော့" ဟု လျှောက်၏။

နှမ ကောင်းပါပြီ၊ မိုက်သည့်အလျှောက် တွေဝေသည့်အလျှောက် မလိမ္မာသည့်အလျှောက် အပြစ်သည် သင့်ကို လွှမ်းမိုးနှိပ်စက်ခဲ့၏၊ သင်သည် ဤသို့ မတော်မလျော်သော အမှုကို ပြုမိ၏၊ နှမ သင်သည် အကြင့်ကြောင့် အပြစ်ကို အပြစ်အားဖြင့်မြင်၍ တရားနှင့်လျော်စွာ ကုစား၏၊ ထို့ကြောင့် သင်၏ ထိုအပြစ်ကို ငါတို့ သည်းခံကုန်၏။ နှမ အကြင်သူသည် အပြစ်ကို အပြစ်အားဖြင့် မြင်၍ တရားနှင့်လျော်စွာ ကုစား၏၊ နောင်အခါ၌လည်း စောင့်စည်း၏၊ ဤသို့ ပြုခြင်းသည် ဘုရား၏အဆုံးအမ၌ ကြီးပွါးကြောင်းသာလျှင် ဖြစ်၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ထိုမိန်းမသည် ထိုညဉ့်လွန်သဖြင့် အသျှင်အနုရုဒ္ဓါကို မွန်မြတ်သော ခဲဖွယ်ဘောဇဉ်ဖြင့် ရောင့်ရဲသည့်တိုင်အောင် တားမြစ်သည့်တိုင်အောင် ကိုယ်တိုင်လုပ်ကျွေးလျက် ဆွမ်းစားပြီး၍ သပိတ်မှ လက်ဖယ်ပြီးသောအခါ အသျှင်အနုရုဒ္ဓါကို ရှိခိုး၍ တခုသော နေရာ၌ ထိုင်နေ၏။

http://www.dhammadownload.com



တခုသောနေရာ၌ ထိုင်နေသော ထိုမိန်းမကို အသျှင်အနုရုဒ္ဓါသည် တရားစကားဖြင့် (အကျိုး စီးပွါးကို) သိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန် ရွှင်လန်းစေ၏။

ထိုအခါ ထိုမိန်းမသည် အသျှင်အနုရုဒ္ဓါက တရားစကားဖြင့် အကျိုးစီးပွါးကို သိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန်ရွှင်လန်းစေအပ်ပြီး ဖြစ်ရကား အသျှင် အနုရုဒ္ဓါအား—

"အသျှင်ဘုရား တရားတော်သည် အလွန် နှစ်သက်ဖွယ် ရှိပါပေ၏။

အသျှင်ဘုရား တရားတော်သည် အလွန် နှစ်သက်ဖွယ် ရှိပါပေ၏။

အသျှင်ဘုရား ဥပမာသော်ကား "မှောက်ထားသည်ကို လှန်ဘိသကဲ့သို့ရင်း ဖုံးလွှမ်းထားသည်ကို ဖွင့်လှစ်ဘိသကဲ့သို့ရင်း မျက်စိလည်သော သူအား လမ်းမှန်ကို ပြောကြားဘိသကဲ့သို့ရင်း 'မျက်စိ အမြင်ရှိသော သူတို့သည် အဆင်းတို့ကို မြင်ကြလိမ့်မည်' ဟု အမိုက်မှောင်၌ ဆီမီး တန်ဆောင်ကို ဆောင်ပြဘိသကဲ့သို့ရင်း ဤအတူသာလျှင် အသျှင် အနုရုဒ္ဓါသည် များစွာသော အကြောင်းဖြင့် တရားတော်ကို ပြတော်မူပါပေ၏။ အသျှင်ဘုရား ထိုတပည့်တော်မသည် ထိုမြတ်စွာဘုရားကို ကိုးကွယ် ရာဟူ၍ ဆည်းကပ်ပါ၏၊ တရားတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ သံဃာတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ အသျှင်သည် တပည့်တော်မကို ယနေ့မှစ၍ အသက်ထက်ဆုံး ကိုးကွယ် ဆည်းကပ်သော ဥပါသိကာမ-ဟူ၍ မှတ်တော်မူပါ" ဟု လျှောက်၏။

ထိုအခါ အသျှင်အနုရုဒ္ဓါသည် သာဝတ္ထိပြည်သို့ သွား၍ ရဟန်းတို့အား ဤအကြောင်းကို ပြောကြား၏။ အလိုနည်းသော ရဟန်းတို့သည် "အဘယ့်ကြောင့် အသျှင်အနုရုဒ္ဓါသည် မာတုဂါမနှင့် အတူ အိပ်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ထိုအခါ ထိုရဟန်းတို့သည် အသျှင်အနုရုဒ္ဓါကို များစွာသော အကြောင်းဖြင့် ကဲ့ရဲ့ပြစ်တင်ကြပြီး လျှင် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ပ။ "အနုရုဒ္ဓါ သင်သည် မာတုဂါမ နှင့်အတူ အိပ်၏ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရားဟု (လျှောက်၏)။

ဘုန်းတော်ကြီးသောမြတ်စွာဘုရားသည်ကဲ့ရဲ့တော်မူ၏။ပ။ အနုရုဒ္ဓါ သင်သည် အဘယ့်ကြောင့် မာတုဂါမနှင့်အတူ အိပ်ဘိသနည်း။ အနုရုဒ္ဓါ ဤ (သင်ပြုမိသောအမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာတော်ကို ပြကြကုန်လော့။

၅၅။ ၆-၅၆။ "အကြင် ရဟန်းသည် မတုဂါမနှင့်အတူအိပ်ခြင်းကိုပြုငြားအံ့၊ (ထိုရဟန်း အား) ပါစိတ်အာပတ်သင့်၏" ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

## ၆-ဒုတိယ သဃာဒိသေသသိက္ခာပုဒ် အဖွင့်

၅၇။ အကြင် ဟူသည် အကြင်သို့ သဘောရှိသော။ပ။

ရဟန်း ဟူသည်။ပ။ ဤအရာ၌ ဤဉတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သူကို "ရဟန်း" ဟူ၍ အလိုရှိအပ်၏။

http://www.dhammadownload.com



မာတုဂါမ ဟူသည် လူမိန်းမတည်း၊ ဘီလူးမ မဟုတ်၊ ပြိတ္တာမ မဟုတ်၊ တိရစ္ဆာန်မ မဟုတ်၊ အယုတ်ဆုံးအားဖြင့် ယနေ့ မွေးဖွားသော သူငယ်မပင် ဖြစ်စေကာမူ မာတုဂါမ မည်၏၊ ထို့ထက်ကြီးသော မိန်းမဖြစ်မူကား ဆိုဘွယ်ရာမရှိ။

အတူ ဟူသည် တပေါင်းတည်း။

အိပ်ရာနေရာ မည်သည် အမိုးအလုံးစုံရှိသော နေရာ အကာအရံ အလုံးစုံရှိသော နေရာ အများအားဖြင့် အမိုးရှိသောနေရာ အများအားဖြင့် အကာအရံရှိသော နေရာတည်း။

အိပ်ခြင်းကို ပြုငြားအံ့ ဟူသည် နေဝင်သောအခါ၌ မာတုဂါမ အိပ်နေသော် ရဟန်းသည် အိပ်ငြားအံ့၊ ပါစိတ်အာပတ် သင့်၏။ ရဟန်းအိပ်နေသော် မာတုဂါမသည် အိပ်ငြားအံ့၊ ပါစိတ်အာပတ် သင့်၏။ နှစ်ဦးလုံးမူလည်း အိပ်ကုန်အံ့၊ ပါစိတ်အာပတ် သင့်၏။ ထ၍ အဖန်တလဲလဲ အိပ်ကုန်အံ့၊ ပါစိတ် အာပတ်သင့်၏။

၅၇။ မာတုဂါမကို မာတုဂါမ ဟု အမှတ်ရှိသည်ဖြစ်၍ အတူအိပ်ငြားအံ့၊ ပါစိတ်အာပတ် သင့်၏။ မာတုဂါမ၌ ယုံမှားရှိသည်ဖြစ်၍ အတူအိပ်ငြားအံ့၊ ပါစိတ်အာပတ် သင့်၏။

မာတုဂါမ၌ မာတုဂါမ မဟုတ် ဟု အမှတ်ရှိသည်ဖြစ်၍ အတူအိပ်ငြားအံ့၊ပါစိတ်အာပတ် သင့်၏။

အမိုးတဝက် အကာအရံတဝက်ရှိသော ကျောင်း၌ (အိပ်အံ့)၊ ဒုက္ကဋ်အာပတ် သင့်၏။

ဘီလူးမနှင့်သော်၎င်း ပြိတ္တာမနှင့်သော်၎င်း ပဏ္ဍုက်နှင့်သော်၎င်း တိရစ္ဆာန်မနှင့်သော်၎င်း အတူ အိပ်ငြားအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

မာတုဂါမ မဟုတ်သူ၌ မာတုဂါမဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

မာတုဂါမ မဟုတ်သူ၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

မာတုဂါမ မဟုတ်သူ၌ မာတုဂါမ မဟုတ်ဟု အမှတ်ရှိအံ့၊ အာပတ် မသင့်။

၅၉။ အမိုးအလုံးစုံရှိ၍ အကာအရံ လုံးဝမရှိသောနေရာ အကာအရံ အလုံးစုံရှိ၍ အမိုးလုံးဝမရှိသောနေရာ အများအားဖြင့်အမိုးမရှိ၍ အများအားဖြင့်အကာအရံမရှိသော နေရာ၌ အာပတ် မသင့်။

မာတုဂါမအိပ်သော် ရဟန်းသည် ထိုင်နေအံ့၊ ရဟန်းအိပ်သော် မာတုဂါမထိုင်နေအံ့၊ နှစ်ဦးလုံးမူလည်း ထိုင်နေကုန်အံ့၊ အာပတ် မသင့်၊ ရူးသောရဟန်း အစလက်ဦးလွန်ကျူးသောရဟန်းတို့အားလည်း အာပတ် မသင့်။

ဆဋ္ဌ ဒုတိယသဟသေယျသိက္ခာပုဒ် ပြီး၏။

---

## ၁-မုသာဝါဒဝဂ် ၇-ဝမ္မ ဒေသနာသိက္ခာပုဒ်

၆၀။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏အရံ ဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသော အခါ အသျှင်ဥဒါယီသည် သာဝတ္ထိပြည်၌ အိမ်သို့ကပ်တတ်သော ရဟန်းဖြစ်၏၊ အိမ်ပေါင်းများစွာသို့ ချဉ်းကပ်၏။

http://www.dhammadownload.com



အသျှင်ဥဒါယီသည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူလျက် အိမ်တအိမ်သို့ ချဉ်းကပ်၏။ ထိုအခါ အိမ်ရှင်မသည် အိမ်တံခါးဝ၌ နေ၏၊ အိမ်ရှင်မ၏ ချွေးမကား အခန်းတံခါးဝ၌ နေ၏။ ထို့နောက် အသျှင်ဥဒါယီသည် အိမ်ရှင်မထံသို့ ချဉ်းကပ်ပြီးလျှင် အိမ်ရှင်မ၏ နားရင်းသို့ကပ်၍ တရားဟော၏။ ထိုအခါ ချွေးမဖြစ်သူအား "အသို့နည်း ထိုရဟန်းသည် ငါ့ယောက္ခမ၏ သယောက်လင်ငယ်လေလော၊ သို့မဟုတ် ပြက်ရယ်ပြောဆိုသလော" ဟု အကြံဖြစ်၏။

ထိုအခါ အသျှင်ဥဒါယီသည် အိမ်ရှင်မ၏ နားရင်းသို့ ချဉ်းကပ်၍ တရားဟောပြီးလျှင် အိမ်ရှင်မ၏ ချွေးမထံသို့ ချဉ်းကပ်၍ ချွေးမ၏ နားရင်းသို့ ကပ်၍တရားဟော၏။ ထိုအခါ အိမ်ရှင်မအား "အသို့နည်း ထိုရဟန်းသည် ငါ့ချွေးမ၏ သယောက်လင်ငယ်လေလော၊ သို့မဟုတ် ပြက်ရယ်ပြောဆိုလေသလော" ဟု အကြံဖြစ်၏။ ထို့နောက် အသျှင်ဥဒါယီသည် ချွေးမဖြစ်သူ၏ နားရင်းသို့ကပ်၍ တရားဟောပြီးလျှင် ပြန်ကြွသွား၏။

ထိုအခါ အိမ်ရှင်မသည် ချွေးမကို "ဟယ်ချွေးမ ဤရဟန်းသည် သင့်အား အဘယ်စကားကို ပြောဆိုဘိသနည်း" ဟု မေး၏။

အရှင်မ အကျွန်ုပ်အား တရားကို ဟောပါ၏၊ အရှင်မကိုမူကား အဘယ်စကားကို ပြောဆိုပါသနည်း ဟု (ပြန်မေး၏)။

ငါ့ကိုလည်း တရားဟော၏ ဟု (ဆို၏)။

ထိုမိန်းမတို့သည် "အဘယ့်ကြောင့် အသျှင်ဥဒါယီသည် နားရင်းသို့ ကပ်၍ တရားဟောဘိသနည်း၊ လွတ်လွတ်လပ်လပ် ပွင့်ပွင့်လင်းလင်း တရားဟောသင့်သည် မဟုတ်ပါလော" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ရဟန်းတို့သည် ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုကြသော ထိုမိန်းမတို့၏ စကားကို ကြားကြသည်သာတည်း။ အလိုနည်းသော ရဟန်းတို့သည် "အဘယ့်ကြောင့် အသျှင်ဥဒါယီသည် မာတုဂါမအား တရားဟောဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ ထိုအခါ ထိုရဟန်းတို့သည် အသျှင်ဥဒါယီကို များစွာသော အကြောင်းဖြင့် ကဲ့ရဲ့ပြစ်တင်ကြပြီးလျှင် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ပ။ "ဥဒါယီ သင်သည် မာတုဂါမအား တရားဟော၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သောယောကျ်ား အဘယ့်ကြောင့် သင်သည် မာတုဂါမအား တရားဟောဘိသနည်း။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား ဤ (သင်ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

**(က) "အကြင်ရဟန်းသည် မာတုဂါမအား တရားကို ဟောပြောအံ့၊ (ထိုရဟန်းအား) ပါစိတ်အာပတ် သင့်၏"** ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

ဤသို့လျှင် မြတ်စွာဘုရားသည် ရဟန်းတို့အား ဤသိက္ခာပုဒ်ကို ပညတ်တော်မူ၏။

http://www.dhammadownload.com


၆၁။ ထိုအခါ ဥပါသိကာမတို့သည် ရဟန်းတို့ကို တွေ့မြင်လျှင် "အသျှင်ဘုရားတို့ တောင်းပန်ပါသည် တရားဟောကြပါကုန်လော့" ဟု လျှောက်ကြကုန်၏။

နှမ မာတုဂါမအား တရားဟောခြင်းငှါ မအပ် ဟု (ဆိုကြကုန်၏)။

အသျှင်တို့ တောင်းပန်ပါ၏၊ ငါးခွန်း ခြောက်ခွန်းသော စကားတို့ဖြင့် တရားဟောကြပါကုန်လော့၊ ဤမျှလောက်ဖြင့် တရားကို သိခြင်းငှါ တတ်ကောင်းပါ၏ ဟု (လျှောက်ကြကုန်၏)။

"နှမ မာတုဂါမအား တရားဟောခြင်းငှါ မအပ်" ဟု (ပြောဆိုပြီး) တွေးတောမှု 'သံသယကုက္ကုစ္စ' ရှိကြကုန်၍ တရားမဟောကြကုန်။

ဥပါသိကာမတို့သည် "အဘယ့်ကြောင့် အသျှင်တို့သည် ငါတို့က တောင်းပန် တိုက်တွန်းအပ်ကုန်လျက် တရားကို မဟောကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ရဟန်းတို့သည် ဥပါသိကာမတို့၏ ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုကြသော စကားတို့ကို ကြားကြသည်သာတည်း။ ထိုအခါ ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် တရားစကားကို ဟောကြားတော်မူ၍ ရဟန်းတို့ကို—

"ရဟန်းတို့ မာတုဂါမအား ငါးခွန်း ခြောက်ခွန်းသော စကားတို့ဖြင့် တရားဟောခြင်းငှါ ခွင့်ပြုတော်မူ၏" ဟု မိန့်တော်မူ၏။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

(ခ) **"အကြင်ရဟန်းသည် မာတုဂါမအား ငါးခွန်းခြောက်ခွန်းထက် ပိုလွန်သော စကားတို့ဖြင့် တရားကိုဟောငြားအံ့၊ (ထိုရဟန်းအား) ပါစိတ်အာပတ် သင့်၏"** ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

ဤသို့လျှင် မြတ်စွာဘုရားသည် ရဟန်းတို့အား ဤသိက္ခာပုဒ်ကို ပညတ်တော်မူ၏။

၆၂။ ထိုအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် "မြတ်စွာဘုရားသည် မာတုဂါမအား ငါးခွန်းခြောက်ခွန်းသော စကားတို့ဖြင့် တရားဟောခြင်းငှါ ခွင့်ပြုတော်မူ၏" ဟု မသိမလိမ္မာသော ယောကျ်ားကို အနီး၌နေစေ၍ ငါးခွန်းခြောက်ခွန်းထက် ပိုလွန်သော စကားတို့ဖြင့် မာတုဂါမအား တရားဟောကုန်၏။

အလိုနည်းသော ရဟန်းတို့သည် "အဘယ့်ကြောင့် ဆဗ္ဗဂ္ဂီရဟန်းတို့သည် မသိမလိမ္မာသော ယောကျ်ားကို အနီး၌နေစေ၍ မာတုဂါမအား ငါးခွန်း ခြောက်ခွန်းထက် ပိုလွန်သော စကားတို့ဖြင့် တရားဟောကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ ထိုအခါ ထိုရဟန်းတို့သည် ဆဗ္ဗဂ္ဂီရဟန်းတို့ကို များစွာသော အကြောင်းဖြင့် ကဲ့ရဲ့ပြစ်တင်ကြပြီးလျှင် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ပ။ "ရဟန်းတို့ သင်တို့သည် မသိမလိမ္မာသော ယောကျ်ားကို အနီး၌ နေစေ၍ မာတုဂါမအား ငါးခွန်းခြောက်ခွန်းထက် ပိုလွန်သော စကားတို့ဖြင့် တရားဟောကုန်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

http://www.dhammadownload.com



ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ သင်တို့သည် အဘယ့်ကြောင့် မသိမလိမ္မာသော ယောကျ်ားကို အနီး၌ နေစေ၍ မာတုဂါမအား ငါးခွန်း ခြောက်ခွန်းထက် ပိုလွန်သော စကားတို့ဖြင့် တရားဟောကုန်ဘိသနည်း။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ ဤ (သင်တို့ပြုမိသောအမှု) သည် မကြည်ညိုသေးသောသူတို့အား ကြည်ညိုစေခြင်းငှါ ရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

၅၆။ ၇-(ဂ) ဖြင့်။ "အကြင်ရဟန်းသည် သိကြားလိမ္မာသူ လူယောကျ်ားကို ကြဉ်၍ မာတုဂါမအား ငါးခွန်းခြောက်ခွန်းထက် ပိုလွန်သော စကားတို့ဖြင့် တရားကို ဟောငြားအံ့၊ (ထိုရဟန်းအား) ပါစိတ်အာပတ် သင့်၏" ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

## ၇-ဓမ္မဒေသနာသိက္ခာပုဒ် အဖွင့်

၆၄။ အကြင် ဟူသည် အကြင်သို့သဘောရှိသော။ပ။

**ရဟန်း** ဟူသည်။ပ။ ဤအရာ၌ ဤဥတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သူကို "ရဟန်း" ဟူ၍ အလိုရှိအပ်၏။

**မာတုဂါမ** မည်သည် လူမိန်းမတည်း၊ ဘီလူးမ မဟုတ်၊ ပြိတ္တာမ မဟုတ်၊ တိရစ္ဆာန်မ မဟုတ်၊ ကောင်းသောစကား၊ မကောင်းသောစကား ရှုန့်ရင်းသောစကား မရှုန့်ရင်းသောစကားကို သိခြင်းငှါ စွမ်းနိုင်သူ မိန်းမတည်း။

**ငါးခွန်း ခြောက်ခွန်းထက်ပိုလွန်သော စကားတို့ဖြင့်** ဟူသည် ငါးခွန်း ခြောက်ခွန်းထက် အပို အလွန် စကားတို့ဖြင့်။

**တရား** မည်သည် ဘုရားဟောတရား သာဝကဟောတရား ရသေ့ဟောတရား နတ်ဟောတရား အဋ္ဌကထာနှင့်စပ်သောတရား ပါဠိတော်နှင့်စပ်သောတရားတည်း။

**ဟောငြားအံ့** ဟူသည် ပုဒ်ဖြင့် ဟောအံ့၊ ပုဒ်တိုင်း ပုဒ်တိုင်း ပါစိတ်အာပတ် သင့်၏။ အက္ခရာဖြင့် ဟောအံ့၊ အက္ခရာတိုင်း အက္ခရာတိုင်း ပါစိတ်အာပတ် သင့်၏။

**သိကြားလိမ္မာသူ လူယောကျ်ားကို ကြဉ်၍** ဟူသည် သိကြားလိမ္မာသော လူယောကျ်ားကို ဖယ်ထား၍။

**သိကြားလိမ္မာသူ** မည်သည် ကောင်းသောစကား မကောင်းသောစကား ရှုန့်ရင်းသောစကား မရှုန့်ရင်းသောစကားကို သိခြင်းငှါ စွမ်းနိုင်သူ ယောကျ်ားတည်း။

၆၅။ မာတုဂါမကို မာတုဂါမဟု အမှတ်ရှိသည်ဖြစ်၍ သိကြားလိမ္မာသူ လူယောကျ်ားကို ကြဉ်၍ ငါးခွန်း ခြောက်ခွန်းထက် ပိုလွန်သော စကားတို့ဖြင့် တရားဟောအံ့၊ ပါစိတ်အာပတ် သင့်၏။

မာတုဂါမ၌ ယုံမှားရှိသည်ဖြစ်၍ သိကြားလိမ္မာသူ လူယောကျ်ားကို ကြဉ်၍ ငါးခွန်း ခြောက်ခွန်းထက် ပိုလွန်သော စကားတို့ဖြင့် တရားဟောအံ့၊ ပါစိတ်အာပတ် သင့်၏။

http://www.dhammadownload.com



မာတုဂါမ၌ မာတုဂါမ မဟုတ်ဟု အမှတ်ရှိသည်ဖြစ်၍ သိကြားလိမ္မာသူ လူယောကျ်ားကို ကြဉ်၍ ငါးခွန်းခြောက်ခွန်းထက် ပိုလွန်သော စကားတို့ဖြင့် တရားဟောအံ့၊ ပါစိတ်အာပတ် သင့်၏။

ဘိလူးမအားရင်း ပြိတ္တာမအားရင်း ပဏ္ဍုက်အားရင်း လူယောင်ဆောင်သော တိရစ္ဆာန်မအားရင်း သိကြားလိမ္မာသူ လူယောကျ်ားကို ကြဉ်၍ ငါးခွန်း ခြောက်ခွန်းထက် ပိုလွန်သော စကားတို့ဖြင့် တရားဟောအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

မာတုဂါမ မဟုတ်သူကို မာတုဂါမဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

မာတုဂါမ မဟုတ်သူ၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

မာတုဂါမ မဟုတ်သူကို မာတုဂါမ မဟုတ်ဟု အမှတ်ရှိအံ့၊ အာပတ် မသင့်။

၆၆။ သိကြားလိမ္မာသော သူ လူယောကျ်ားအနားမှာ ရှိသည်ဖြစ်၍ တရားဟောအံ့၊ ငါးခွန်း ခြောက်ခွန်းသော စကားတို့ဖြင့် တရားဟောအံ့၊ ငါးခွန်း ခြောက်ခွန်းအောက် ယုတ်လျော့၍ တရားဟောအံ့၊ ထပြီးတဖန်ထိုင်၍ တရားဟောအံ့၊ ထပြီးတဖန်ပြန်ထိုင်သော မာတုဂါမအား တရားဟောအံ့၊ တပါးသော မာတုဂါမအား တရားဟောအံ့၊ အမေးပုစ္ဆာကို မေးအံ့၊ အမေးပုစ္ဆာ မေးသည်ကို ဖြေဆိုအံ့၊ သူတပါး၏ အကျိုးငှါပြောဆိုသည်ကို မာတုဂါမ ကြားနာအံ့၊ အာပတ်မသင့်၊ ရူးသောရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

သတ္တမ ဓမ္မဒေသနာသိက္ခာပုဒ် ပြီး၏။

---

## ၁-မုသာဝါဒဝဂ် ၈-ဘူတာရောစနသိက္ခာပုဒ်

၆၇။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဝေသာလီပြည် မဟာဝုန်တောတွင် ပြာသာဒ်ဆောင်ပေါက်သော ကျောင်းကြီး၌ သီတင်းသုံး နေတော်မူသောအခါ မြင်ဘူးခါမျှမိတ်ဆွေ အတူနေ အတူစား မိတ်ဆွေဖြစ်သော များစွာသော ရဟန်းတို့သည် ဝဂ္ဂုမုဒါ မြစ်ကမ်းနားဝယ် ဝါကပ်နေကြကုန်၏။

ထိုအခါ ဝဇ္ဇီတိုင်းသည် အစာ ခေါင်းပါး၏၊ အသက်မွေးရန် ခဲယဉ်း၏၊ ဖွေးဖွေးဖြူသောအရိုးရှိ၏၊ စာရေးတံလက်မှတ်ဖြင့် အသက်မွေးရ၏၊ သပိတ်စွဲ၍ ဆွမ်းခံခြင်းဖြင့် မျှတရန်မလွယ်ကူချေ။

ထိုအခါ ထိုရဟန်းတို့အား—

"ယခုအခါ ဝဇ္ဇီတိုင်းသည် အစာခေါင်းပါး၏၊ အသက်မွေးရန်* ခဲယဉ်း၏၊ ဖွေးဖွေးဖြူသော အရိုးရှိ၏၊ စာရေးတံလက်မှတ်ဖြင့် အသက်မွေးရ၏၊ သပိတ်စွဲ၍ ဆွမ်းခံခြင်းဖြင့် မျှတရန်မလွယ်ကူချေ။ ငါတို့သည် အဘယ်နည်းဖြင့် အညီအညွတ် ဝမ်းမြောက် ဝမ်းသာ မငြင်းခုံကြပဲ ချမ်းသာစွာ ဝါကပ်ကြရပါအံ့နည်း၊ ဆွမ်းဖြင့်လည်း မပင်ပန်းပဲ ရှိပါကုန်အံ့နည်း" ဟု အကြံဖြစ်၏။

အချို့သော ရဟန်းတို့က—

"ငါ့သျှင်တို့ ယခုငါတို့သည် လူတို့၏အမှုကြီးငယ်ကို စီရင်ကြကုန်အံ့၊ ဤသို့ စီရင်လျှင် ထိုလူတို့သည် ငါတို့အား ပေးလှူကြဘို့ရာ အမှတ်ရကြပေလိမ့်မည်၊ ဤသို့ လှူဒါန်းကြလျှင်

---

* ဒွိဟိတိကာ—နေ့သေရအံ့လော ညဉ့်သေရအံ့လော ဟု နှလုံးနှစ်ခွရှိခြင်း။

http://www.dhammadownload.com



ငါတို့သည် အညီအညွတ် ဝမ်းမြောက်ဝမ်းသာ မငြင်းခုံကြပဲ ချမ်းသာစွာ ဝါကပ်ကြရပေလိမ့်မည်၊ ဆွမ်းအတွက်လည်း မပင်ပန်းပဲ ရှိကြရပေလိမ့်မည်" ဟု ပြောဆိုကြကုန်၏။

အချို့သော ရဟန်းတို့က—

"ငါ့သျှင်တို့ လူတို့၏အမှုကြီးငယ်ကို စီရင်ကြခြင်းဖြင့် အကျိုးမရှိကြပါ၊ ငါ့သျှင်တို့ ယခုငါတို့သည် လူတို့၏တမန်မှုကို ဆောင်ကုန်အံ့၊ ဤသို့ဆောင်လျှင် လူတို့သည် ငါတို့အား ပေးလှူကြဘို့ရာ အမှတ်ရကြပေလိမ့်မည်၊ ဤသို့လှူဒါန်းကြလျှင် ငါတို့သည် အညီအညွတ် ဝမ်းမြောက်ဝမ်းသာ မငြင်းခုံကြပဲ ချမ်းသာစွာ ဝါကပ်ကြရပေလိမ့်မည်၊ ဆွမ်းအတွက်လည်း မပင်ပန်းပဲရှိကြရပေလိမ့်မည်" ဟု ပြောဆိုကြကုန်၏။

အချို့သော ရဟန်းတို့က—

"ငါ့သျှင်တို့ မသင့်လျော်ပါ၊ လူတို့၏အမှုကြီးငယ်ကို စီရင်ကြခြင်းဖြင့် အဘယ်အကျိုး ရှိပါမည်နည်း၊ လူတို့၏ တမန်မှုကို ဆောင်ခြင်းဖြင့် အဘယ်အကျိုး ရှိကြပါမည်နည်း၊ ငါ့သျှင်တို့ ယခုငါတို့သည် လူတို့အား အချင်းချင်း၏ လူတို့ကုသိုလ်ကမ္မပထတရား ဆယ်ပါးထက် လွန်မြတ်သော ဈာန်မဂ်ဖိုလ်တရား၏ ဂုဏ်ကျေးဇူးကို ပြောဆိုကုန်အံ့၊ ဤအမည်ရှိသော ရဟန်းသည် ပဌမဈာန်ကိုရ၏၊ ဤအမည်ရှိသော ရဟန်းသည် ဒုတိယ ဈာန်ကိုရ၏၊ ဤအမည်ရှိသော ရဟန်းသည် တတိယဈာန်ကိုရ၏၊ ဤအမည်ရှိသော ရဟန်းသည် စတုတ္ထဈာန်ကိုရ၏၊ ဤအမည်ရှိသော ရဟန်းသည် သောတာပန်တည်း၊ ဤအမည်ရှိသော ရဟန်းသည် သကဒါဂါမ်တည်း၊ ဤအမည်ရှိသော ရဟန်းသည် အနာဂါမ်တည်း၊ ဤအမည်ရှိသော ရဟန်းသည် ရဟန္တာတည်း၊ ဤအမည်ရှိသော ရဟန်းသည် ဝိဇ္ဇာသုံးပါးကို ရ၏၊ ဤအမည်ရှိသော ရဟန်းသည် အဘိညာဉ် ခြောက်ပါးကိုရ၏' ဟု ပြောဆိုကုန်အံ့၊ ဤသို့ပြောဆိုကြလျှင် ထိုလူတို့သည် ငါတို့အား ပေးလှူသင့်သည် ဟု မှတ်ထင်ကြပေလိမ့်မည်၊ ဤသို့ လှူဒါန်းကြလျှင် ငါတို့သည် အညီအညွတ် ဝမ်းမြောက် ဝမ်းသာ မငြင်းခုံကြပဲ ချမ်းသာစွာ ဝါကပ်ကြရပေလိမ့်မည်၊ ဆွမ်းအတွက်လည်း မပင်ပန်းပဲ ရှိကြရပေလိမ့်မည်" ဟု ပြောဆိုကြကုန်၏။

ငါ့သျှင်တို့ လူတို့အား အချင်းချင်း၏ လူတို့ကုသိုလ်ကမ္မပထတရား ဆယ်ပါးထက် လွန်မြတ်သော ဈာန်မဂ်ဖိုလ်တရား၏ ဂုဏ်ကျေးဇူးကို ပြောခြင်းသည်သာလျှင် မြတ်၏ ဟု သဘောတူညီကြလေ၏။

ထို့နောက် ထိုရဟန်းတို့သည် လူတို့အား အချင်းချင်း၏ လူတို့ကုသိုလ်ကမ္မပထတရားဆယ်ပါးထက် လွန်မြတ်သော ဈာန်မဂ်ဖိုလ်တရား၏ ဂုဏ်ကျေးဇူးကို ပြောဆိုကြကုန်၏။ "ဤအမည်ရှိသော ရဟန်းသည် ပဌမဈာန်ကိုရ၏။ပ။ ဤအမည်ရှိသော ရဟန်းသည် အဘိညာဉ် ခြောက်ပါးကို ရ၏" ဟု ပြောဆိုကြကုန်၏။

ထိုအခါ ထိုလူတို့သည် "ငါတို့အား အရတော်ကြလေစွတကား၊ ငါတို့သည် ကောင်းစွာ ရကြပေစွတကား၊ အကြင်ငါတို့၏အထံ၌ ဤကဲ့သို့သော ရဟန်းတော်များသည် ဝါကပ်တော်မူကြပေသည်တကား၊ အကျင့်သီလနှင့်ကောင်းသော တရားမမှရှိကုန်သော ဤရဟန်းတို့ကဲ့သို့သော ရဟန်းတို့သည် ဤအခါမှ ရှေးက ငါတို့၏ အထံ၌ ဝါကပ်တော်မမူကြဘူးပေတကား" ဟု အကြင် ဘောဇဉ်ခဲဖွယ် လျက်ဖွယ် သောက်ဖွယ်မျိုးတို့ကို မိမိတို့ မသုံးဆောင်ကြ မခဲကြ မလျက်ကြ မသောက်ကြကုန်၊ မိဘ သားမယား ကျွန်အမှုလုပ် မိတ်ဆွေခင်ပွန်း ဆွေမျိုးသားချင်းတို့အား မပေးကြကုန်၊ ထိုဘောဇဉ် ခဲဖွယ် လျက်ဖွယ် သောက်ဖွယ်တို့ကို ရဟန်းတို့အားသာ ပေးလှူကြကုန်၏။

http://www.dhammadownload.com



ထိုအခါ ထိုရဟန်းတို့အား အဆင်းလှခြင်း ဣန္ဒြေပြည့်ဖြိုးခြင်း မျက်နှာအဆင်းကြည်လင်ခြင်း ကိုယ်ရေအဆင်း အထူးကြည်လင်ခြင်း ရှိကြကုန်၏။

၆၈။ ဝါမှ ထကုန်သော ရဟန်းတို့၏ မြတ်စွာဘုရားကို ဖူးမြော်ကန်တော့ရန် ချဉ်းကပ်ကြခြင်း သည် အလေ့အထပင် ဖြစ်၏။

ထိုအခါ သုံးလလွန်မြောက်၍ ဝါမှ ထကုန်သော ထိုရဟန်းတို့သည် ကျောင်း အိပ်ရာ နေရာကို သိုမှီးပြီးလျှင် သပိတ်သင်္ကန်းကို ယူ၍ ဝေသာလီပြည်သို့ ချဉ်းကပ်ကုန်၏။ အစဉ်သဖြင့် ဝေသာလီပြည် မဟာဝုန်တော ပြာသာဒ်ဆောင် ပေါက်သော ကျောင်းကြီး၌ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ကြပြီး လျှင် မြတ်စွာဘုရားကို ရှိခိုး၍ တခုသော နေရာ၌ နေကြကုန်၏။

ထိုအခါ အရပ်လေးမျက်နှာတို့၌ ဝါမှ ထကုန်သော ရဟန်းတို့သည် ပိန်ကြုံကြကုန်၏၊ အသွေး အသား ခေါင်းပါးကြကုန်၏၊ မလှသော ရုပ်အဆင်းရှိကြကုန်၏၊ (ဖက်ရွက်လျှော်ကဲ့သို့) ဖြော့တော့ သော အဆင်းရှိကြကုန်၏၊ (ကြွန်ရက်ဖြန့်ခင်းသကဲ့သို့) အကြော ပြိုင်းပြိုင်းထသောကိုယ် ရှိကြ ကုန်၏။ ဝဂ္ဂုမုဒါမြစ်ကမ်းနေ ရဟန်းတို့သည်ကား လှပသောအဆင်းရှိကြကုန်၏၊ ပြည့်ဖြိုးသောဣန္ဒြေ ရှိကြကုန်၏၊ ကြည်လင်သော မျက်နှာအဆင်းရှိကြကုန်၏၊ အထူးကြည်လင်သော ကိုယ်ရေအဆင်း ရှိကြကုန်၏။

အာဂန္တုရဟန်းတို့နှင့်အတူတကွ ဝမ်းမြောက်စွာ နှုတ်ဆက်စကား ပြောကြားတော်မူခြင်းသည် ဘုန်းတော်ကြီးသော မြတ်စွာဘုရားတို့၏ အလေ့အထပင် ဖြစ်၏။

ထိုအခါ မြတ်စွာဘုရားသည် ဝဂ္ဂုမုဒါမြစ်ကမ်းနေ ရဟန်းတို့အား—

"ရဟန်းတို့ ကျန်းမာကြကုန်၏လော၊ မျှတကြကုန်၏လော၊ အညီအညွတ် ဝမ်းမြောက် ဝမ်းသာ မငြင်းမခုံပဲ ချမ်းသာစွာ ဝါကပ်ခဲ့ကြရကုန်၏လော၊ ဆွမ်းအတွက်လည်း မပင်ပန်းပဲ ရှိကြကုန်၏လော" ဟု မေးတော်မူရာ—

ကျန်းမာကြပါသည် မြတ်စွာဘုရား၊ မျှတကြပါသည် မြတ်စွာဘုရား၊ တပည့်တော်တို့သည် အညီအညွတ် ဝမ်းမြောက်ဝမ်းသာ မငြင်းမခုံပဲ ချမ်းသာစွာ ဝါကပ်ခဲ့ကြရပါသည် မြတ်စွာဘုရား၊ ဆွမ်းအတွက်လည်း မပင်ပန်းပဲ ရှိကြပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုရားသျှင်တို့သည် သိလျက်လည်း မေးတော်မူကုန်၏၊ သိလျက်လည်း မေးတော်မမူကုန်။ အချိန်အခါကိုသိ၍ မေးတော်မူကုန်၏၊ အချိန်အခါကို သိ၍ မေးတော်မမူကုန်။ မြတ်စွာဘုရားတို့သည် အကျိုးနှင့်စပ်သည်ကို မေးတော်မူကုန်၏၊ အကျိုးနှင့် မစပ်သည်ကို မေးတော်မမူကုန်၊ မြတ်စွာဘုရား တို့သည်အကျိုးနှင့်မစပ်သည်တို့ကို မဂ်ဖြင့် ပယ်တော်မူပြီး ဖြစ်ကုန်၏။ "တရားကိုသော်လည်း ဟော ကုန်အံ့၊ တပည့်သာဝကတို့အား သိက္ခာပုဒ်ကိုသော်လည်း ပညတ်ကုန်အံ့" ဟူသော အကြောင်းနှစ်မျိုး တို့ဖြင့် ဘုန်းတော်ကြီးကုန်သော မြတ်စွာဘုရားတို့သည် ရဟန်းတို့ကို မေးတော်မူကုန်၏။

ထို့နောက် မြတ်စွာဘုရားသည် ဝဂ္ဂုမုဒါမြစ်ကမ်းနေ ရဟန်းတို့ကို "ရဟန်းတို့ သင်တို့သည် အဘယ်သို့လျှင် အညီအညွတ် ဝမ်းမြောက်ဝမ်းသာ မငြင်းမခုံပဲ ချမ်းသာစွာ ဝါကပ်ခဲ့ကြကုန်သနည်း၊ ဆွမ်းအတွက်လည်း မပင်ပန်းပဲ ရှိကြကုန်သနည်း" ဟု မေးတော်မူသောအခါ ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို ပြန်ကြားလျှောက်ထားကြကုန်၏။

ရဟန်းတို့ သင်တို့အား (ဈာန်မဂ်ဖိုလ်တရား) တင်ရှားရှိကြပါ၏လော ဟု (မေးတော်မူရာ)—

ထင်ရှားရှိပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ သင်တို့သည် ဝမ်းရေးအတွက် လူတို့အား အချင်းချင်း၏ လူတို့ ကုသိုလ်ကမ္မပထတရား ဆယ်ပါးထက် လွန်မြတ်သော ဈာန်မဂ်ဖိုလ်တရား၏ ဂုဏ်ကျေးဇူးကို အဘယ့်ကြောင့် ပြောဆိုကြကုန်ဘိသနည်း။ ရဟန်းတို့ ဤ(သင်တို့ ပြုမိသောအမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ ရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

**၅၇။ ၈-၆၉။ "အကြင် ရဟန်းသည် ရဟန်းမဟုတ်သောသူအား လူတို့၏ ကုသိုလ်ကမ္မပထတရား ဆယ်ပါးထက်လွန်မြတ်သော ဈာန်မဂ်ဖိုလ်တရားကို ပြောကြားငြားအံ့၊ ပြောတိုင်းဟုတ်မှန်သော် (ထိုရဟန်းအား) ပါစိတ်အာပတ်သင့်၏"** ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

## ၈-ဘူတာရောစနသိက္ခာပုဒ် အဖွင့်

၇၀။ အကြင် ဟူသည် အကြင်သို့သဘောရှိသော။ပ။

ရဟန်း ဟူသည်။ပ။ ဤအရာ၌ ဤဥတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သူကို "ရဟန်း" ဟူ၍ အလိုရှိအပ်၏။

**ရဟန်းမဟုတ်သောသူ** မည်သည် ရဟန်းယောကျ်ား ရဟန်းမိန်းမ ကို ချန်ထား၍ ကြွင်းသောသူသည် ရဟန်း မဟုတ်သောသူ မည်၏။

**လူတို့၏ ကုသိုလ်ကမ္မပထတရားဆယ်ပါးထက် လွန်မြတ်သော ဈာန် မဂ်ဖိုလ်တရား** မည်သည် ဈာန် ဝိမောက္ခ သမာဓိ သမာပတ် ဉာဏ်အမြင် မဂ်ကို ပွါးများခြင်း ဖိုလ်ကို မျက်မှောက်ပြုခြင်း ကိလေသာကိုပယ်ခြင်း စိတ်၏ အပိတ်အပင် 'နီဝရဏ' မှ ကင်းခြင်း ဆိတ်ငြိမ်ရာ ကျောင်းသခ်မ်း၌ မွေ့လျော်ခြင်းတည်း။

**ဈာန်** ဟူသည် ပဌမဈာန် ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန်တည်း။

**ဝိမောက္ခ** ဟူသည် ကိလေသာ ဆိတ်သုဉ်း၍ လွတ်မြောက်ခြင်း 'သုညတဝိမောက္ခ' ကိလေသာ အကြောင်းနိမိတ် မရှိ၍ လွတ်မြောက်ခြင်း 'အနိမိတ္တဝိမောက္ခ' ကိလေသာတောင့်တမှု မရှိ၍ လွတ်မြောက်ခြင်း 'အပ္ပဏိဟိတ ဝိမောက္ခ' တည်း။

**သမာဓိ** ဟူသည် ကိလေသာ ဆိတ်သုဉ်း၍ တည်ကြည်ခြင်း 'သုညတသမာဓိ' ကိလေသာ အကြောင်းနိမိတ် မရှိ၍ တည်ကြည်ခြင်း 'အနိမိတ္တ သမာဓိ' ကိလေသာ တောင့်တမှု မရှိ၍ တည်ကြည်ခြင်း 'အပ္ပဏိဟိတ သမာဓိ' တည်း။

**သမာပတ်** ဟူသည် ကိလေသာ ဆိတ်သုဉ်း၍ ဝင်စားခြင်း 'သုညတသမာပတ်' ကိလေသာ အကြောင်းနိမိတ် မရှိ၍ ဝင်စားခြင်း 'အနိမိတ္တသမာပတ်' ကိလေသာ တောင့်တမှု မရှိ၍ ဝင်စားခြင်း 'အပ္ပဏိဟိတ သမာပတ်' တည်း။

http://www.dhammadownload.com



ဥဘတော်အမြင် ဟူသည် ဝိဇ္ဇာသုံးပါးတည်း။

မင်္ဂကိုပွါးများခြင်း ဟူသည် သတိပဋ္ဌာန်လေးပါး သမ္မပ္ပဓာန်လေးပါး ဣဒ္ဓိပါဒ်လေးပါး ဣန္ဒြေငါးပါး ဗိုလ်ငါးပါး ဗောဇ္ဈင် ခုနစ်ပါး မြတ်သော မဂ္ဂင်ရှစ်ပါးတည်း။

ဖိုလ်ကိုမျက်မှောက်ပြုခြင်း ဟူသည် သောတာပတ္တိဖိုလ်ကိုမျက်မှောက်ပြုခြင်း သကဒါဂါမိဖိုလ်ကို မျက်မှောက်ပြုခြင်း အနာဂါမိဖိုလ်ကို မျက်မှောက်ပြုခြင်း အရဟတ္တဖိုလ်ကို မျက်မှောက်ပြုခြင်းတည်း။

ကိလေသာကို ပယ်ခြင်း ဟူသည် ရာဂကိုပယ်ခြင်း ဒေါသကိုပယ်ခြင်း မောဟကိုပယ်ခြင်းတည်း။

စိတ်၏ အပိတ်အပင် 'နီဝရဏ' မှ ကင်းခြင်း ဟူသည် ရာဂမှ စိတ်၏ အပိတ်အပင် 'နီဝရဏ' ကင်းခြင်း ဒေါသမှ စိတ်၏အပိတ်အပင် 'နီဝရဏ' ကင်းခြင်း မောဟမှ စိတ်၏အပိတ်အပင် 'နီဝရဏ' ကင်းခြင်းတည်း။

ဆိတ်ငြိမ်ရာကျောင်းသခ်မ်း၌မွေ့လျော်ခြင်း ဟူသည် ပဌမစျာန်ဖြင့် ဆိတ်ငြိမ်ရာကျောင်းသခ်မ်း၌ မွေ့လျော်ခြင်း ဒုတိယစျာန်ဖြင့် ဆိတ်ငြိမ်ရာကျောင်းသခ်မ်း၌ မွေ့လျော်ခြင်း တတိယစျာန်ဖြင့် ဆိတ်ငြိမ်ရာကျောင်းသခ်မ်း၌မွေ့လျော်ခြင်း စတုတ္ထစျာန်ဖြင့် ဆိတ်ငြိမ်ရာကျောင်းသခ်မ်း၌ မွေ့လျော်ခြင်းတည်း။

၇၁။ ပြောကြားငြားအံ့ ဟူသည် ရဟန်းမဟုတ်သူအား ပဌမစျာန်ကို ဝင်စားခဲ့ပြီ ဟု ပြောဆိုသော ရဟန်းအား ပါစိတ်အာပတ် သင့်၏။

ပြောကြားငြားအံ့ ဟူသည် ရဟန်းမဟုတ်သူအား ပဌမစျာန်ကို ဝင်စား၏ ဟု ပြောဆိုသော ရဟန်းအား ပါစိတ်အာပတ် သင့်၏။

ပြောကြားငြားအံ့ ဟူသည် ရဟန်းမဟုတ်သူအား ပဌမစျာန်ကို ဝင်စားနေ၏ ဟု ပြောဆိုသော ရဟန်းအား ပါစိတ်အာပတ် သင့်၏။

ပြောကြားငြားအံ့ ဟူသည် ရဟန်းမဟုတ်သူအား ပဌမစျာန်ကို ရ၏ ဟု ပြောဆိုသော ရဟန်းအား ပါစိတ်အာပတ် သင့်၏။

ပြောကြားငြားအံ့ ဟူသည် ရဟန်းမဟုတ်သူအား ပဌမစျာန်ကို လေ့လာ၏ ဟု ပြောဆိုသော ရဟန်းအား ပါစိတ်အာပတ် သင့်၏။

ပြောကြားငြားအံ့ ဟူသည် ရဟန်းမဟုတ်သူအား ပဌမစျာန်ကို ငါမျက်မှောက်ပြုအပ်ပြီ ဟု ပြောဆိုသော ရဟန်းအား ပါစိတ်အာပတ် သင့်၏။

ပြောကြားငြားအံ့ ဟူသည် ရဟန်းမဟုတ်သူအား ဒုတိယစျာန်ကို။ပ။ တတိယစျာန်ကို။ စတုတ္ထစျာန်ကို ဝင်စားခဲ့ပြီ၊ ဝင်စားသည်၊ ဝင်စားနေ၏၊ စတုတ္ထစျာန်ကိုရ၏၊ လေ့လာ၏၊ စတုတ္ထစျာန်ကို ငါမျက်မှောက်ပြုအပ်ပြီ ဟု ပြောဆိုသော ရဟန်းအား ပါစိတ်အာပတ် သင့်၏။

ပြောကြားငြားအံ့ ဟူသည် ရဟန်းမဟုတ်သူအား ကိလေသာဆိတ်သုဉ်း၍ လွတ်မြောက်ခြင်း 'သုညတဝိမောက္ခ' ကို။ပ။ ကိလေသာ အကြောင်းနိမိတ် မရှိ၍ လွတ်မြောက်ခြင်း 'အနိမိတ္တဝိမောက္ခ' ကို ကိလေသာတောင့်တမှုမရှိ၍ လွတ်မြောက်ခြင်း 'အပ္ပဏိဟိတ ဝိမောက္ခ' ကို ကိလေသာ ဆိတ်သုဉ်း၍ တည်ကြည်ခြင်း 'သုညတသမာဓိ' ကို ကိလေသာ အကြောင်းနိမိတ် မရှိ၍ တည်ကြည်ခြင်း 'အနိမိတ္တ

http://www.dhammadownload.com



သမာဓိ' ကို ကိလေသာတောင့်တခြင်း မရှိ၍ တည်ကြည်ခြင်း 'အပ္ပဏိဟိတသမာဓိ'ကို ဝင်စားခဲ့ပြီ၊ ဝင်စားသည်၊ ဝင်စားနေ၏၊ အပ္ပဏိဟိတသမာဓိကို ရ၏၊ လေ့လာ၏၊ အပ္ပဏိဟိတ သမာဓိကို ငါမျက်မှောက်ပြုအပ်ပြီ ဟု ပြောဆိုသော ရဟန်းအား ပါစိတ်အာပတ် သင့်၏။

ပြောကြားငြားအံ့ ဟူသည် ရဟန်းမဟုတ်သူအား ကိလေသာဆိတ်သုဉ်း၍ ဝင်စားခြင်း 'သုညတသမာပတ်' ကို။ပ။ ကိလေသာ အကြောင်းနိမိတ် မရှိ၍ ဝင်စားခြင်း 'အနိမိတ္တသမာပတ်' ကို ကိလေသာတောင့်တခြင်း မရှိ၍ လွတ်မြောက်ခြင်း 'အပ္ပဏိဟိတသမာပတ်' ကို ဝင်စားခဲ့ပြီ၊ ဝင်စားသည်၊ ဝင်စားနေ၏၊ အပ္ပဏိဟိတ သမာပတ်ကို ရ၏၊ လေ့လာ၏၊ အပ္ပဏိဟိတ သမာပတ်ကို ငါမျက်မှောက်ပြုအပ်ပြီ ဟု ပြောဆိုသော ရဟန်းအား ပါစိတ်အာပတ် သင့်၏။

ပြောကြားငြားအံ့ ဟူသည် ရဟန်းမဟုတ်သူအား ဝိဇ္ဇာသုံးပါးတို့ကို ဝင်စားခဲ့ပြီ၊ ဝင်စားသည်၊ ဝင်စားနေ၏၊ ဝိဇ္ဇာသုံးပါးကိုရ၏၊ လေ့လာ၏၊ ဝိဇ္ဇာသုံးပါးတို့ကို ငါမျက်မှောက်ပြုအပ်ပြီ ဟု ပြောဆိုသော ရဟန်းအား ပါစိတ်အာပတ် သင့်၏။

ပြောကြားငြားအံ့ ဟူသည် ရဟန်းမဟုတ်သူအား သတိပဋ္ဌာန်လေးပါးတို့ကို။ပ။ သမ္မပ္ပဓာန်လေးပါးတို့ကို ဣဒ္ဓိပါဒ်လေးပါးတို့ကို ဝင်စားခဲ့ပြီ၊ ဝင်စားသည်၊ ဝင်စားနေ၏၊ ဣဒ္ဓိပါဒ်လေးပါးတို့ကို ရ၏၊ လေ့လာ၏၊ ဣဒ္ဓိပါဒ်လေးပါးတို့ကို ငါမျက်မှောက်ပြုအပ်ပြီ ဟု ပြောဆိုသော ရဟန်းအား ပါစိတ်အာပတ် သင့်၏။

ပြောကြားငြားအံ့ ဟူသည် ရဟန်း မဟုတ်သူအား ဣန္ဒြေငါးပါးတို့ကို။ပ။ ဗိုလ်ငါးပါးတို့ကို ဝင်စားခဲ့ပြီ၊ ဝင်စားသည်၊ ဝင်စားနေ၏၊ ဗိုလ်ငါးပါးတို့ကိုရ၏၊ လေ့လာ၏၊ ဗိုလ်ငါးပါးတို့ကို ငါမျက်မှောက်ပြုအပ်ပြီ ဟု ပြောဆိုသော ရဟန်းအား ပါစိတ်အာပတ် သင့်၏။

ပြောကြားငြားအံ့ ဟူသည် ရဟန်းမဟုတ်သူအား ဗောဇ္ဈင်ခုနစ်ပါးတို့ကို ဝင်စားခဲ့ပြီ၊ ဝင်စားသည်၊ ဝင်စားနေ၏၊ ဗောဇ္ဈင်ခုနစ်ပါးတို့ကိုရ၏၊ လေ့လာ၏၊ ဗောဇ္ဈင်ခုနစ်ပါးတို့ကို ငါမျက်မှောက်ပြုအပ်ပြီ ဟု ပြောဆိုသော ရဟန်းအား ပါစိတ်အာပတ် သင့်၏။

ပြောကြားငြားအံ့ ဟူသည် ရဟန်းမဟုတ်သူအား မြတ်သောမဂ္ဂင်ရှစ်ပါးကို ဝင်စားခဲ့ပြီ၊ ဝင်စားသည်၊ ဝင်စားနေ၏၊ မြတ်သောမဂ္ဂင်ရှစ်ပါးကိုရ၏၊ လေ့လာ၏၊ မြတ်သောမဂ္ဂင်ရှစ်ပါးကို ငါမျက်မှောက်ပြုအပ်ပြီ ဟု ပြောဆိုသော ရဟန်းအား ပါစိတ်အာပတ် သင့်၏။

ပြောကြားငြားအံ့ ဟူသည် ရဟန်းမဟုတ်သူအား သောတာပတ္တိဖိုလ်ကို။ပ။ သကဒါဂါမိဖိုလ်ကို အနာဂါမိဖိုလ်ကို အရဟတ္တဖိုလ်ကို ဝင်စားခဲ့ပြီ၊ ဝင်စားသည်၊ ဝင်စားနေ၏၊ အရဟတ္တဖိုလ်ကိုရ၏၊ လေ့လာ၏၊ အရဟတ္တဖိုလ်ကို ငါမျက်မှောက်ပြုအပ်ပြီ ဟု ပြောဆိုသော ရဟန်းအား ပါစိတ်အာပတ် သင့်၏။

ပြောကြားငြားအံ့ ဟူသည် ရဟန်းမဟုတ်သူအား ငါသည် ရာဂကိုစွန့်ပြီ။ပ။ ငါသည် ဒေါသကို စွန့်ပြီ၊ ငါသည် မောဟကို စွန့်ပြီ၊ ထွေးအန်ပြီ၊ လွတ်ပြီ၊ ပယ်ပြီ၊ စွန့်ပယ်ပြီ၊ ထိတ်လန့်စေပြီ၊ ကောင်းစွာ ထိတ်လန့်စေပြီ ဟု ပြောဆိုသော ရဟန်းအား ပါစိတ်အာပတ် သင့်၏။

ပြောကြားငြားအံ့ ဟူသည် ရဟန်းမဟုတ်သူအား ငါ၏ စိတ်သည် ရာဂမှ အပိတ်အပင် ကင်း၏။ပ။ ငါ၏စိတ်သည် ဒေါသမှ အပိတ်အပင်ကင်း၏၊ ငါ၏စိတ်သည် မောဟမှ အပိတ်အပင် ကင်း၏ ဟု ပြောဆိုသော ရဟန်းအား ပါစိတ်အာပတ်သင့်၏။

http://www.dhammadownload.com



ပြောကြားခြင်းအံ့ ဟူသည် ရဟန်းမဟုတ်သူအား ဆိတ်ငြိမ်ရာ၌ ပဌမစျာန်ကို။ပ။ ဒုတိယစျာန်ကို။ တတိယစျာန်ကို။ စတုတ္ထစျာန်ကို ဝင်စားခဲ့ပြီ၊ ဝင်စားသည်၊ ဝင်စားနေ၏၊ ဆိတ်ငြိမ်ရာ၌ စတုတ္ထစျာန်ကိုရ၏၊ လေ့လာ၏၊ ဆိတ်ငြိမ်ရာ၌ စတုတ္ထစျာန်ကို ငါမျက်မှောက်ပြုအပ်ပြီ ဟု ပြောဆိုသော ရဟန်းအား ပါစိတ်အာပတ် သင့်၏။

၇၂။ ပြောကြားခြင်းအံ့ ဟူသည် ရဟန်း မဟုတ်သူအား ပဌမစျာန်ကိုင်း ဒုတိယစျာန်ကိုင်း ဝင်စားခဲ့ပြီ၊ ဝင်စားသည်၊ ဝင်စားနေ၏၊ ပဌမစျာန်ကိုင်း ဒုတိယစျာန်ကိုင်း ရ၏၊ လေ့လာ၏၊ ပဌမစျာန်ကိုင်း ဒုတိယစျာန်ကိုင်း မျက်မှောက်ပြုအပ်ပြီ ဟု ပြောဆိုသော ရဟန်းအား ပါစိတ် အာပတ် သင့်၏။

ပြောကြားခြင်းအံ့ ဟူသည် ရဟန်းမဟုတ်သူအား ပဌမစျာန်ကိုင်း တတိယစျာန်ကိုင်း။ပ။ ပဌမစျာန်ကိုင်း စတုတ္ထစျာန်ကိုင်း ဝင်စားခဲ့ပြီ၊ ဝင်စားသည်၊ ဝင်စားနေ၏၊ ပဌမစျာန်ကိုင်း စတုတ္ထစျာန်ကိုင်း ရ၏၊ လေ့လာ၏၊ ပဌမစျာန်ကိုင်း စတုတ္ထစျာန်ကိုင်း ငါမျက်မှောက်ပြုအပ်ပြီ ဟု ပြောဆိုသော ရဟန်းအား ပါစိတ်အာပတ် သင့်၏။

ပြောကြားခြင်းအံ့ ဟူသည် ရဟန်းမဟုတ်သူအား ပဌမစျာန်ကိုင်း သုညတဝိမောက္ခကိုင်း။ပ။ အနိမိတ္တဝိမောက္ခကိုင်း အပ္ပဏိဟိတ ဝိမောက္ခကိုင်း သုညတသမာဓိကိုင်း အနိမိတ္တသမာဓိကိုင်း အပ္ပဏိဟိတ သမာဓိကိုင်း ဝင်စားခဲ့ပြီ၊ ဝင်စားသည်၊ ဝင်စားနေ၏၊ ပဌမစျာန်ကိုင်း အပ္ပဏိဟိတ သမာဓိကိုင်းရ၏၊ လေ့လာ၏၊ ပဌမစျာန်ကိုင်း အပ္ပဏိဟိတ သမာဓိကိုင်း ငါမျက်မှောက်ပြုအပ်ပြီ ဟု ပြောဆိုသော ရဟန်းအား ပါစိတ်အာပတ် သင့်၏။

ပြောကြားခြင်းအံ့ ဟူသည် ရဟန်းမဟုတ်သူအား ပဌမစျာန်ကိုင်း သုညတ သမာပတ်ကိုင်း။ပ။ အနိမိတ္တသမာပတ်ကိုင်း အပ္ပဏိဟိတ သမာပတ်ကိုင်း ဝင်စားခဲ့ပြီ၊ ဝင်စားသည်၊ ဝင်စားနေ၏၊ ပဌမစျာန်ကိုင်း အပ္ပဏိဟိတသမာပတ်ကိုင်း ရ၏၊ လေ့လာ၏၊ ပဌမစျာန်ကိုင်း အပ္ပဏိဟိတ သမာပတ်ကိုင်း ငါမျက်မှောက် ပြုအပ်ပြီ ဟု ပြောဆိုသော ရဟန်းအား ပါစိတ်အာပတ် သင့်၏။

ပြောကြားခြင်းအံ့ ဟူသည် ရဟန်း မဟုတ်သူအား ပဌမစျာန်ကိုင်း ဝိဇ္ဇာသုံးပါးတို့ကိုင်း ဝင်စားခဲ့ပြီ၊ ဝင်စားသည်၊ ဝင်စားနေ၏၊ ပဌမစျာန်ကိုင်း ဝိဇ္ဇာသုံးပါးတို့ကိုင်း ရ၏၊ လေ့လာ၏၊ ပဌမစျာန်ကိုင်း ဝိဇ္ဇာသုံးပါးတို့ကိုင်း ငါမျက်မှောက် ပြုအပ်ပြီ ဟု ပြောဆိုသော ရဟန်းအား ပါစိတ် အာပတ် သင့်၏။

ပြောကြားခြင်းအံ့ ဟူသည် ရဟန်းမဟုတ်သူအား ပဌမစျာန်ကိုင်း သတိပဋ္ဌာန် လေးပါးတို့ကိုင်း။ပ။ သမ္မပ္ပဓာန်လေးပါးတို့ကိုင်း။ ဣဒ္ဓိပါဒ်လေးပါးတို့ကိုင်း ဝင်စားခဲ့ပြီ၊ ဝင်စားသည်၊ ဝင်စားနေ၏၊ ပဌမစျာန်ကိုင်း ဣဒ္ဓိပါဒ်လေးပါးတို့ကိုင်း ရ၏၊ လေ့လာ၏၊ ပဌမစျာန်ကိုင်း ဣဒ္ဓိပါဒ် လေးပါးတို့ကိုင်း ငါမျက်မှောက် ပြုအပ်ပြီဟု ပြောဆိုသော ရဟန်းအား ပါစိတ်အာပတ် သင့်၏။

ပြောကြားခြင်းအံ့ ဟူသည် ရဟန်း မဟုတ်သူအား ပဌမစျာန်ကိုင်း ဣန္ဒြေငါးပါးတို့ကိုင်း။ပ။ ဗိုလ်ငါးပါးတို့ကိုင်း ဝင်စားခဲ့ပြီ၊ ဝင်စားသည်၊ ဝင်စားနေ၏၊ ပဌမစျာန်ကိုင်း ဗိုလ်ငါးပါးတို့ကိုင်း

http://www.dhammadownload.com



ရ၏၊ လေ့လာ၏၊ ပဌမစျာန်ကိုဝင်း ဗိုလ်ငါးပါးတို့ကိုဝင်း ငါမျက်မှောက် ပြုအပ်ပြီဟု ပြောဆိုသော ရဟန်းအား ပါစိတ်အာပတ် သင့်၏။

ပြောကြားငြားအံ့ ဟူသည် ရဟန်းမဟုတ်သူအား ပဌမစျာန်ကိုဝင်း ဗောဇ္ဈင် ခုနစ်ပါးတို့ကိုဝင်း ဝင်စားခဲ့ပြီ၊ ဝင်စားသည်၊ ဝင်စားနေ၏၊ ပဌမစျာန်ကိုဝင်း ဗောဇ္ဈင် ခုနစ်ပါးတို့ကိုဝင်း ရ၏၊ လေ့လာ၏၊ ပဌမစျာန်ကိုဝင်း ဗောဇ္ဈင်ခုနစ်ပါးတို့ကိုဝင်း ငါမျက်မှောက် ပြုအပ်ပြီဟု ပြောဆိုသော ရဟန်းအား ပါစိတ်အာပတ် သင့်၏။

ပြောကြားငြားအံ့ ဟူသည် ရဟန်းမဟုတ်သူအား ပဌမစျာန်ကိုဝင်း မြတ်သောမဂ္ဂင် ရှစ်ပါးကိုဝင်း ဝင်စားခဲ့ပြီ၊ ဝင်စားသည်၊ ဝင်စားနေ၏၊ ပဌမစျာန်ကိုဝင်း မြတ်သော မဂ္ဂင်ရှစ်ပါးကိုဝင်းရ၏၊ လေ့လာ၏၊ ပဌမစျာန်ကိုဝင်း မြတ်သော မဂ္ဂင်ရှစ်ပါးကိုဝင်း ငါမျက်မှောက် ပြုအပ်ပြီ ဟု ပြောဆိုသော ရဟန်းအား ပါစိတ်အာပတ် သင့်၏။

ပြောကြားငြားအံ့ ဟူသည် ရဟန်းမဟုတ်သူအား ပဌမစျာန်ကိုဝင်း သောတာပတ္တိဖိုလ်ကိုဝင်း။ပ။ သကဒါဂါမိဖိုလ်ကိုဝင်း။ အနာဂါမိဖိုလ်ကိုဝင်း။ အရဟတ္တဖိုလ်ကိုဝင်း ဝင်စားခဲ့ပြီ၊ ဝင်စားသည်၊ ဝင်စားနေ၏၊ ပဌမစျာန်ကိုဝင်း အရဟတ္တဖိုလ်ကိုဝင်း ရ၏၊ လေ့လာ၏၊ ပဌမစျာန်ကိုဝင်း အရဟတ္တ ဖိုလ်ကိုဝင်း ငါမျက်မှောက်ပြုအပ်ပြီ ဟု ပြောဆိုသော ရဟန်းအား ပါစိတ်အာပတ် သင့်၏။

ပြောကြားငြားအံ့ ဟူသည် ရဟန်းမဟုတ်သူအား ပဌမစျာန်ကိုလည်း ဝင်စားခဲ့ပြီ၊ ဝင်စားသည်၊ ဝင်စားနေ၏။ပ။ ရာဂကိုလည်းငါစွန့်ပြီ၊ ဒေါသကိုလည်း ငါစွန့်ပြီ၊ မောဟကိုလည်း ငါစွန့်ပြီ၊ ထွေးအန်ပြီ၊ လွှတ်ပြီ၊ ပယ်ပြီ၊ စွန့်ပစ်ပြီ၊ ထိက်လန့်စေပြီ၊ ကောင်းစွာ ထိတ်လန့်စေပြီ ဟု ပြောဆိုသော ရဟန်းအား ပါစိတ်အာပတ် သင့်၏။

ပြောကြားငြားအံ့ ဟူသည် ရဟန်းမဟုတ်သူအား ပဌမစျာန်ကို ဝင်စားခဲ့ပြီ၊ ဝင်စားသည်၊ ဝင်စားနေ၏။ပ။ ငါ၏စိတ်သည် ရာဂမှ အပိတ်အပင်ကင်းပြီ၊ ငါ၏စိတ်သည် ဒေါသမှ အပိတ်အပင်ကင်းပြီ၊ ငါ၏စိတ်သည် မောဟမှ အပိတ်အပင်ကင်းပြီ ဟု ပြောဆိုသော ရဟန်းအား ပါစိတ်အာပတ် သင့်၏။

၇၃။ ပြောကြားငြားအံ့ ဟူသည် ရဟန်းမဟုတ်သူအား ဒုတိယစျာန်ကိုဝင်း တတိယစျာန်ကိုဝင်း။ပ။ ဒုတိယစျာန်ကိုဝင်း စတုတ္ထစျာန်ကိုဝင်း ဝင်စားခဲ့ပြီ၊ ဝင်စားသည်၊ ဝင်စားနေ၏၊ ဒုတိယစျာန်ကိုဝင်း စတုတ္ထစျာန်ကိုဝင်း ရ၏၊ လေ့လာ၏၊ ဒုတိယစျာန်ကိုဝင်း စတုတ္ထစျာန်ကိုဝင်း ငါမျက်မှောက် ပြုအပ်ပြီ ဟု ပြောဆိုသော ရဟန်းအား ပါစိတ်အာပတ် သင့်၏။

ပြောကြားငြားအံ့ ဟူသည် ရဟန်းမဟုတ်သူအား ဒုတိယစျာန်ကိုဝင်း သုညတဝိမောက္ခကိုဝင်း။ပ။ ငါ၏စိတ်သည် မောဟမှ အပိတ်အပင် ကင်းပြီ ဟု ပြောဆိုသော ရဟန်းအား ပါစိတ်အာပတ် သင့်၏။

ပြောကြားငြားအံ့ ဟူသည် ရဟန်းမဟုတ်သူအား ဒုတိယစျာန်ကိုဝင်း ပဌမစျာန်ကိုဝင်း ဝင်စားခဲ့ပြီ၊ ဝင်စား သည်၊ ဝင်စားနေ၏၊ ဒုတိယစျာန်ကိုဝင်း ပဌမစျာန်ကိုဝင်း ရ၏၊ လေ့လာ၏၊ ဒုတိယစျာန်ကိုဝင်း ပဌမစျာန်ကိုဝင်း ငါမျက်မှောက်ပြုအပ်ပြီ ဟု ပြောဆိုသော ရဟန်းအား ပါစိတ်အာပတ် သင့်၏။ပ။

[မူကိုအကျဉ်းချုံးအပ်ပြီ]။

http://www.dhammadownload.com



ပြောကြားခြင်းအံ့ ဟူသည် ရဟန်းမဟုတ်သူအား ငါ၏ စိတ်သည် မောဟမှလည်း အပိတ်အပင် ကင်း၏၊ ပဌမစျာန်ကိုလည်း ဝင်စားခဲ့ပြီ၊ ဝင်စားသည်၊ ဝင်စားနေ၏၊ ငါ၏ စိတ်သည် မောဟမှလည်း အပိတ်အပင် ကင်း၏၊ ပဌမစျာန်ကိုလည်း ရ၏၊ လေ့လာ၏၊ ငါ၏စိတ်သည် မောဟမှလည်း အပိတ်အပင်ကင်း၏၊ ပဌမစျာန်ကိုလည်း ငါမျက်မှောက်ပြုအပ်ပြီ ဟု ပြောဆိုသော ရဟန်းအား ပါစိတ်အာပတ် သင့်၏။ပ။

ပြောကြားခြင်းအံ့ ဟူသည် ရဟန်းမဟုတ်သူအား ငါ၏စိတ်သည် မောဟမှလည်း အပိတ်အပင် ကင်း၏၊ ငါ၏ စိတ်သည် ဒေါသမှလည်း အပိတ်အပင်ကင်း၏ ဟု ပြောဆိုသော ရဟန်းအား ပါစိတ်အာပတ် သင့်၏။ပ။

ပြောကြားခြင်းအံ့ ဟူသည် ရဟန်းမဟုတ်သူအား ပဌမစျာန်ကိုဖြစ်စေ ဒုတိယစျာန်ကိုဖြစ်စေ တတိယစျာန်ကိုဖြစ်စေ စတုတ္ထစျာန်ကိုဖြစ်စေ သုညတဝိမောက္ခကိုဖြစ်စေ အနိမိတ္တဝိမောက္ခကိုဖြစ်စေ အပ္ပဏိဟိတဝိမောက္ခကိုဖြစ်စေ သုညတသမာဓိကိုဖြစ်စေ အနိမိတ္တသမာဓိကိုဖြစ်စေ အပ္ပဏိဟိတသမာဓိကိုဖြစ်စေ သုညတသမာပတ်ကိုဖြစ်စေ အနိမိတ္တသမာပတ်ကိုဖြစ်စေ အပ္ပဏိဟိတသမာပတ်ကိုဖြစ်စေ ဝိဇ္ဇာသုံးပါးတို့ကိုဖြစ်စေ သတိပဋ္ဌာန် လေးပါးတို့ကိုဖြစ်စေ သမ္မပ္ပဓာန် လေးပါးတို့ကိုဖြစ်စေ ဣဒ္ဓိပါဒ်လေးပါးတို့ကိုဖြစ်စေ ဣန္ဒြေငါးပါးတို့ကိုဖြစ်စေ ဗိုလ်ငါးပါးတို့ကိုဖြစ်စေ ဗောဇ္ဈင်ခုနစ်ပါးတို့ကိုဖြစ်စေ မြတ်သော မဂ္ဂင်ရှစ်ပါးကိုဖြစ်စေ သောတာပတ္တိဖိုလ်ကိုဖြစ်စေ သကဒါဂါမိဖိုလ်ကိုဖြစ်စေ အနာဂါမိဖိုလ်ကိုဖြစ်စေ အရဟတ္တဖိုလ်ကိုဖြစ်စေ ဝင်စားခဲ့ပြီ- ဝင်စားသည်။ပ။ ရာဂကိုလည်း ငါစွန့်ပြီ၊ ဒေါသကိုလည်း ငါစွန့်ပြီ၊ မောဟကိုလည်း ငါစွန့်ပြီ၊ ထွေးအန်ပြီ၊ လွှတ်ပြီ၊ ပယ်ပြီ၊ စွန့်ပစ်ပြီ၊ ထိတ်လန့်စေပြီ၊ ကောင်းစွာ ထိတ်လန့်စေပြီ၊ ငါ၏ စိတ်သည် ရာဂမှလည်း အပိတ်အပင်ကင်းပြီ၊ ငါ၏ စိတ်သည် ဒေါသမှလည်း အပိတ်အပင်ကင်းပြီ၊ ငါ၏ စိတ်သည် မောဟမှလည်း အပိတ်အပင်ကင်းပြီ ဟု ပြောဆိုသော ရဟန်းအား ပါစိတ်အာပတ် သင့်၏။

၇၄။ ပြောကြားခြင်းအံ့ ဟူသည် ရဟန်းမဟုတ်သူအား ပဌမစျာန်ကို ဝင်စားခဲ့ပြီ ဟု ပြောဆိုလိုလျက် ဒုတိယစျာန်ကို ဝင်စားခဲ့ပြီ ဟု ပြောဆိုသော ရဟန်းအား (နားထောင်သူ) သိနားလည်သော် ပါစိတ်အာပတ် သင့်၏၊ (နားထောင်သူ) မသိနားမလည်သော် ဒုက္ကဋ်အာပတ် သင့်၏။

ပြောကြားခြင်းအံ့ ဟူသည် ရဟန်းမဟုတ်သူအား ပဌမစျာန်ကို ဝင်စားခဲ့ပြီ ဟု ပြောဆိုလိုလျက် တတိယစျာန်ကို။ပ။ စတုတ္ထစျာန်ကို သုညတဝိမောက္ခကို အနိမိတ္တဝိမောက္ခကို အပ္ပဏိဟိတဝိမောက္ခကို သုညတသမာဓိကို အနိမိတ္တသမာဓိကို အပ္ပဏိဟိတ သမာဓိကို သုညတသမာပတ်ကို အနိမိတ္တသမာပတ်ကို အပ္ပဏိဟိတသမာပတ်ကို ဝိဇ္ဇာသုံးပါးတို့ကို သတိပဋ္ဌာန်လေးပါးတို့ကို သမ္မပ္ပဓာန်လေးပါးတို့ကို ဣဒ္ဓိပါဒ်လေးပါးတို့ကို ဣန္ဒြေငါးပါးတို့ကို ဗိုလ်ငါးပါးတို့ကို ဗောဇ္ဈင်ခုနစ်ပါးတို့ကို မြတ်သော မဂ္ဂင်ရှစ်ပါးကို သောတာပတ္တိဖိုလ်ကို သကဒါဂါမိဖိုလ်ကို အနာဂါမိဖိုလ်ကို အရဟတ္တဖိုလ်ကို ဝင်စားခဲ့ပြီ။ပ။ ရာဂကို ငါစွန့်ပြီ၊ ဒေါသကို ငါစွန့်ပြီ၊ မောဟကို ငါစွန့်ပြီ၊ ထွေးအန်ပြီ၊ လွှတ်ပြီ၊ ပယ်ပြီ၊ စွန့်ပစ်ပြီ၊ ထိတ်လန့်စေပြီ၊ ကောင်းစွာ ထိတ်လန့်စေပြီ၊ ငါ၏ စိတ်သည် ရာဂမှ အပိတ်အပင်ကင်းပြီ၊ ငါ၏ စိတ်သည် ဒေါသမှ အပိတ်အပင်ကင်းပြီ၊ ငါ၏ စိတ်သည် မောဟမှ အပိတ်အပင် ကင်းပြီ ဟု ပြောဆိုသော ရဟန်းအား (နားထောင်သူ) သိနားလည်သော် ပါစိတ်အာပတ်သင့်၏၊ (နားထောင်သူ) မသိနားမလည်သော် ဒုက္ကဋ်အာပတ် သင့်၏။

ပြောကြားခြင်းအံ့ ဟူသည် ရဟန်းမဟုတ်သူအား ဒုတိယစျာန်ကို ဝင်စားခဲ့ပြီ ဟု ပြောဆိုလိုလျက်။ပ။ ငါ၏ စိတ်သည် မောဟမှ အပိတ်အပင်ကင်းပြီ ဟုပြောဆိုသော ရဟန်းအား (နားထောင်

http://www.dhammadownload.com



သူ) သိနားလည်သော် ပါစိတ်အာပတ် သင့်၏၊ (နားထောင်သူ) မသိနားမလည်သော် ဒုက္ကဋ်အာပတ် သင့်၏။

ပြောကြားခြင်းအံ့ ဟူသည် ရဟန်းမဟုတ်သူအား ဒုတိယဈာန်ကို ဝင်စားခဲ့ပြီ ဟု ပြောဆိုလို လျက် ပဌမဈာန်ကို ဝင်စားခဲ့ပြီ ဟု ပြောဆိုသော ရဟန်းအား (နားထောင်သူ) သိနားလည်သော် ပါစိတ်အာပတ် သင့်၏၊ (နားထောင်သူ) မသိနားမလည်သော် ဒုက္ကဋ်အာပတ် သင့်၏။ပ။

[မူကို အကျဉ်းချုံးအပ်ပြီ]။

ပြောကြားခြင်းအံ့ ဟူသည် ရဟန်းမဟုတ်သူအား ငါ၏ စိတ်သည် မောဟမှ အပိတ်အပင် ကင်းပြီ ဟု ပြောဆိုလိုလျက် ပဌမဈာန်ကို ဝင်စားခဲ့ပြီ ဟု ပြောဆိုသော ရဟန်းအား (နားထောင်သူ) သိနားလည်သော် ပါစိတ်အာပတ် သင့်၏၊ (နားထောင်သူ) မသိနားမလည်သော် ဒုက္ကဋ်အာပတ် သင့်၏။ပ။

ပြောကြားခြင်းအံ့ ဟူသည် ရဟန်းမဟုတ်သူအား ငါ၏ စိတ်သည် မောဟမှ အပိတ်အပင်ကင်းပြီ ဟု ပြောဆိုလိုလျက် ငါ၏ စိတ်သည် ဒေါသမှ အပိတ်အပင်ကင်းပြီ ဟု ပြောဆိုသော ရဟန်းအား (နားထောင်သူ) သိနားလည်သော် ပါစိတ်အာပတ် သင့်၏၊ (နားထောင်သူ) မသိနားမလည်သော် ဒုက္ကဋ်အာပတ် သင့်၏။ပ။

ပြောကြားခြင်းအံ့ ဟူသည် ရဟန်းမဟုတ်သူအား ပဌမဈာန်ကိုငင်း ဒုတိယဈာန်ကိုငင်း တတိယ ဈာန်ကိုငင်း စတုတ္ထဈာန်ကိုငင်း။ပ။ ငါ၏စိတ်သည် ဒေါသမှ အပိတ်အပင်ကင်းပြီ ဟု ပြောဆိုလို လျက် ငါ၏စိတ်သည် မောဟမှ အပိတ်အပင် ကင်းပြီ ဟု ပြောဆိုသော ရဟန်းအား (နားထောင်သူ) သိနားလည်သော် ပါစိတ်အာပတ် သင့်၏၊ (နားထောင်သူ) မသိနားမလည်သော် ဒုက္ကဋ်အာပတ် သင့်၏။

ပြောကြားခြင်းအံ့ ဟူသည် ရဟန်းမဟုတ်သူအား ဒုတိယဈာန်ကိုငင်း တတိယဈာန်ကိုငင်း စတုတ္ထဈာန်ကိုငင်း။ပ။ ငါ၏ စိတ်သည် မောဟမှ အပိတ်အပင် ကင်းပြီ ဟု ပြောဆိုလိုလျက် ပဌမ ဈာန်ကို ဝင်စားပြီ ဟု ပြောဆိုသော ရဟန်းအား (နားထောင်သူ) သိနားလည်သော် ပါစိတ်အာပတ် သင့်၏၊ (နားထောင်သူ) မသိနားမလည်သော် ဒုက္ကဋ်အာပတ် သင့်၏။ပ။

၇၅။ ပြောကြားခြင်းအံ့ ဟူသည် ရဟန်းမဟုတ်သူအား သင်၏ ကျောင်း၌ နေသော ရဟန်း သည် ပဌမဈာန်ကို ဝင်စားခဲ့ပြီ၊ ဝင်စားသည်၊ ဝင်စားနေ၏၊ ထိုရဟန်းသည် ပဌမဈာန်ကိုရ၏၊ လေ့လာ ၏၊ ထိုရဟန်းသည် ပဌမဈာန်ကို မျက်မှောက်ပြုအပ်ပြီ ဟု ပြောဆိုသော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏။

ပြောကြားခြင်းအံ့ ဟူသည် ရဟန်းမဟုတ်သူအား သင်၏ ကျောင်း၌နေသော ရဟန်းသည် ဒုတိယဈာန်ကို။ပ။ တတိယဈာန်ကို။ စတုတ္ထဈာန်ကို ဝင်စားခဲ့ပြီ၊ ဝင်စားသည်၊ ဝင်စားနေ၏၊ ထို ရဟန်းသည် စတုတ္ထဈာန်ကို ရ၏၊ လေ့လာ၏၊ ထိုရဟန်းသည် စတုတ္ထဈာန်ကို မျက်မှောက်ပြုအပ်ပြီ ဟု ပြောဆိုသော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏။

ပြောကြားခြင်းအံ့ ဟူသည် ရဟန်းမဟုတ်သူအား သင်၏ကျောင်း၌နေသော ရဟန်းသည် သုညတဝိမောက္ခကို။ပ။ အနိမိတ္တဝိမောက္ခကို အပ္ပဏိဟိတဝိမောက္ခကို သုညတသမာဓိကို အနိမိတ္တ

http://www.dhammadownload.com



သမာဓိကို အပ္ပဏိဟိတသမာဓိကို ဝင်စားခဲ့ပြီ၊ ဝင်စားသည်၊ ဝင်စားနေ၏၊ ထိုရဟန်းသည် အပ္ပဏိဟိတသမာဓိကို ရ၏၊ လေ့လာ၏၊ ထိုရဟန်းသည် အပ္ပဏိဟိတသမာဓိကို မျက်မှောက်ပြုအပ်ပြီ ဟု ပြောဆိုသော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏။

ပြောကြားငြားအံ့ ဟူသည် ရဟန်းမဟုတ်သူအား သင်၏ ကျောင်း၌နေသော ရဟန်းသည် သုညတသမာပတ်ကို။ပ။ အနိမိတ္တသမာပတ်ကို။ အပ္ပဏိဟိတသမာပတ်ကို ဝင်စားခဲ့ပြီ၊ ဝင်စားသည်၊ ဝင်စားနေ၏၊ အပ္ပဏိဟိတသမာပတ်ကို ရ၏၊ လေ့လာ၏၊ ထိုရဟန်းသည် အပ္ပဏိဟိတသမာပတ်ကို မျက်မှောက်ပြုအပ်ပြီ ဟု ပြောဆိုသော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏။

ပြောကြားငြားအံ့ ဟူသည် ရဟန်းမဟုတ်သူအား သင်၏ကျောင်း၌နေသော ရဟန်းသည် ဝိဇ္ဇာသုံးပါးတို့ကို။ပ။ သတိပဋ္ဌာန်လေးပါးတို့ကို။ သမ္မပ္ပဓာန်လေးပါးတို့ကို။ ဣဒ္ဓိပါဒ်လေးပါးတို့ကို။ ဣန္ဒြေငါးပါးတို့ကို။ ဗိုလ်ငါးပါးတို့ကို။ ဗောဇ္ဈင်ခုနစ်ပါးတို့ကို။ မြတ်သောမဂ္ဂင်ရှစ်ပါးကို။ သောတာပတ္တိဖိုလ်ကို။ သကဒါဂါမိဖိုလ်ကို။ အနာဂါမိဖိုလ်ကို။ အရဟတ္တဖိုလ်ကို ဝင်စားခဲ့ပြီ၊ ဝင်စားသည်၊ ဝင်စားနေ၏။ပ။ ထိုရဟန်းသည် ရာဂကိုစွန့်ပြီ၊ ဒေါသကိုစွန့်ပြီ၊ မောဟကိုစွန့်ပြီ၊ ထွေးအန်ပြီ၊ လွှတ်ပြီ၊ ပယ်ပြီ၊ စွန့်ပစ်ပြီ၊ ထိတ်လန့်စေပြီ၊ ကောင်းစွာ ထိတ်လန့်စေပြီ၊ ထိုရဟန်း၏ စိတ်သည် ရာဂမှ အပိတ်အပင် ကင်းပြီ၊ ဒေါသမှ အပိတ်အပင်ကင်းပြီ၊ မောဟမှ အပိတ်အပင်ကင်းပြီ ဟု ပြောဆိုသော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏။

ပြောကြားငြားအံ့ ဟူသည် ရဟန်းမဟုတ်သူအား သင်၏ကျောင်း၌နေသော ရဟန်းသည် ဆိတ်ငြိမ်ရာ၌ ပဌမစျာန်ကို။ပ။ ဒုတိယစျာန်ကို။ တတိယစျာန်ကို။ စတုတ္ထစျာန်ကို ဝင်စားခဲ့ပြီ၊ ဝင်စားသည်၊ ဝင်စားနေ၏၊ ထိုရဟန်းသည် ဆိတ်ငြိမ်ရာ၌ စတုတ္ထစျာန်ကို ရ၏၊ လေ့လာ၏၊ ထိုရဟန်းသည် ဆိတ်ငြိမ်ရာ၌ စတုတ္ထစျာန်ကို မျက်မှောက်ပြုအပ်ပြီ ဟု ပြောဆိုသော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏။

ပြောကြားငြားအံ့ ဟူသည် ရဟန်းမဟုတ်သူအား သင်၏သင်္ကန်းကို သုံးဆောင်သော ရဟန်းသည်၊ သင်၏ဆွမ်းကို သုံးဆောင်သော ရဟန်းသည်၊ သင့်၏ကျောင်းအိပ်ရာ နေရာကို သုံးဆောင်သော ရဟန်းသည်၊ သင်၏ သူနာ၏ အထောက်အပံ့ဖြစ်သော ဆေးအသုံးအဆောင်ကို သုံးဆောင်သော ရဟန်းသည် ဆိတ်ငြိမ်ရာ၌ စတုတ္ထစျာန်ကို ဝင်စားခဲ့ပြီ၊ ဝင်စားသည်၊ ဝင်စားနေ၏၊ ထိုရဟန်းသည် ဆိတ်ငြိမ်ရာ၌ စတုတ္ထစျာန်ကို ရ၏၊ လေ့လာ၏၊ ထိုရဟန်းသည် ဆိတ်ငြိမ်ရာ၌ စတုတ္ထစျာန်ကို မျက်မှောက်ပြုအပ်ပြီ ဟု ပြောဆိုသော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏။

၇၆။ ပြောကြားငြားအံ့ ဟူသည် ရဟန်းမဟုတ်သူအား သင်၏ကျောင်းကို သုံးဆောင်သော ရဟန်းသည်။ပ။ သင်၏သင်္ကန်းကို သုံးဆောင်သော ရဟန်းသည်၊ သင်၏ ဆွမ်းကို သုံးဆောင်သော ရဟန်းသည်၊ သင်၏ ကျောင်း အိပ်ရာ နေရာကို သုံးဆောင်သော ရဟန်းသည်၊ သင်၏ သူနာ၏ အထောက်အပံ့ ဆေးအသုံးအဆောင်ကို သုံးဆောင်သော ရဟန်းသည်၊ ဆိတ်ငြိမ်ရာ၌ စတုတ္ထစျာန်ကို ဝင်စားပြီ၊ ဝင်စားသည်၊ ဝင်စားနေ၏၊ ထိုရဟန်းသည် ဆိတ်ငြိမ်ရာ၌ စတုတ္ထစျာန်ကိုရ၏၊ လေ့လာ၏၊ ထိုရဟန်းသည် ဆိတ်ငြိမ်ရာ၌ စတုတ္ထစျာန်ကို မျက်မှောက်ပြုအပ်ပြီ ဟု ပြောဆိုသော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏။

ပြောကြားငြားအံ့ ဟူသည် ရဟန်းမဟုတ်သူအား သင်သည် အကြင်ရဟန်းကို အကြောင်းပြု၍ ကျောင်းကို ပေးလှူ၏။ပ။ သင်္ကန်းကိုပေးလှူ၏၊ ဆွမ်းကိုပေးလှူ၏၊ ကျောင်း အိပ်ရာနေရာကို

http://www.dhammadownload.com



ပေးလျှ၏၊ သူနာ၏ အထောက်အပံ့ ဆေးအသုံးအဆောင်ကို ပေးလှူ၏၊ ထိုရဟန်းသည် ဆိတ်ငြိမ်ရာ၌ စတုတ္ထဈာန်ကို ဝင်စားခဲ့ပြီ၊ ဝင်စားသည်၊ ဝင်စားနေ၏၊ ထိုရဟန်းသည် ဆိတ်ငြိမ်ရာ၌ စတုတ္ထဈာန်ကို ရ၏၊ လေ့လာ၏၊ ထိုရဟန်းသည် ဆိတ်ငြိမ်ရာ၌ စတုတ္ထဈာန်ကို မျက်မှောက်ပြုအပ်ပြီ ဟု ပြောဆိုသော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏။

၇၇။ ရဟန်းဖြစ်သူအား အမှန်ကို ပြောကြားငြားအံ့၊ အာပတ် မသင့်၊ အစလက်ဦး လွန်ကျူးသော ရဟန်းအားလည်း အာပတ် မသင့်။

အဋ္ဌမ ဘူတာရောစနသိက္ခာပုဒ် ပြီး၏။

---

## ၁-မုသာဝါဒဝဂ် ၉-ဒုဋ္ဌုလ္လာရောစနသိက္ခာပုဒ်

၇၈။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ သာကီဝင်မင်းသား အသျှင်ဥပနန္ဒသည် ဆဗ္ဗဂ္ဂီ ရဟန်းတို့နှင့် ခိုက်ရန် ဖြစ်၏။

ထိုအသျှင်ဥပနန္ဒသည် စေတနာနှင့်တကွ ဖြစ်သော သုက်လွှတ်မှု အာပတ်သို့ရောက်၍ သံဃာအား ထိုအာပတ်၏ ပရိဝါသ်*ကို တောင်း၏၊ သံဃာသည်ထိုအသျှင်ဥပနန္ဒအား ထိုအာပတ်၏ ပရိဝါသ်ကို ပေး၏။

ထိုအခါ သာဝတ္ထိပြည်တွင် မထင်ရှားသော အသင်းတခု၌ သံဃာဘတ်ရှိ၏၊ ထိုအသျှင်ဥပနန္ဒသည် ပရိဝါသ် ကျင့်သုံးနေစဉ်ဖြစ်၍ ဆွမ်းစားစရပ်၌ အစွန်ဆုံးနေရာတွင် ထိုင်နေ၏။ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ထိုဥပါသကာတို့ကို "ဥပါသကာတို့ သင်တို့ချီးမွမ်းအပ်သော အိမ်သို့ ကစ်တတ်သော သာကီဝင်မင်းသား အသျှင်ဥပနန္ဒရဟန်းသည် အကြင်လက်ဖြင့်ပင် သဒ္ဓါကြည်ညို၍ လှူအပ်သော ဆွမ်းကို သုံးဆောင်၏၊ ထိုလက်ဖြင့်ပင် လုံ့လပြု၍ သုက်ကိုလွှတ်စေ၏၊ ထိုအသျှင်ဥပနန္ဒသည် စေတနာနှင့်တကွ ဖြစ်သော သုက်လွှတ်မှု အာပတ်သို့ရောက်၍ သံဃာအား ထိုအာပတ်၏ ပရိဝါသ်ကို တောင်း၏၊ သံဃာသည် ထိုအသျှင်ဥပနန္ဒအား ထိုအာပတ်၏ ပရိဝါသ်ကို ပေး၏၊ ထိုအသျှင်ဥပနန္ဒသည် ပရိဝါသ်ကျင့်သုံးနေရသောကြောင့် အစွန်ဆုံးနေရာမှာ နေရ၏ ဟု" ပြောဆိုကုန်၏။

အလိုနည်းသော ရဟန်းတို့သည် "အဘယ့်ကြောင့် ဆဗ္ဗဂ္ဂီရဟန်းတို့သည် ရဟန်း၏ ရှုန့်ရင်းသော အာပတ်ကို ရဟန်းမဟုတ်သူအား ပြောကြားကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။ "ရဟန်းတို့ သင်တို့သည် ရဟန်း၏ ရှုန့်ရင်းသော အာပတ်ကို ရဟန်းမဟုတ်သူအား ပြောကြားကုန်၏ ဟူသည် မှန်သလော ဟု" စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ သင်တို့သည် အဘယ့်ကြောင့် ရဟန်း၏ ရှုန့်ရင်းသောအာပတ်ကို ရဟန်းမဟုတ်သူ

---

* ပရိဝါသ် = ကျူးလွန်သောအပြစ် ဖုံးလွှမ်းသောရက်အပိုင်းအခြား အားလျော်စွာ ဆောက်တည်နေထိုင်ရသောအကျင့်။

http://www.dhammadownload.com



အား ပြောကြားကုန်ဘိသနည်း။ (မင်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ ဤ (သင်တို့ ပြုမိသောအမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

၅၀။ ၉-၇၉။ "အကြင်ရဟန်းသည် ရဟန်း၏ ရုန့်ရင်းသော အာပတ်ကို ရဟန်းတို့၏ သမ္မုတိ*မရပဲ ရဟန်းမဟုတ်သူအား ပြောကြားငြားအံ့ (ထိုရဟန်းအား) ပါစိတ်အာပတ်သင့်၏" ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

## ၉-ဒုဋ္ဌုလ္လာရောစနသိက္ခာပုဒ် အဖွင့်

၈၀။ **အကြင်** ဟူသည် အကြင်သို့သဘောရှိသော။ပ။

**ရဟန်း** ဟူသည်။ပ။ ဤအရာ၌ ဤဉတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သူကို "ရဟန်း" ဟူ၍ အလိုရှိအပ်၏။

**ရဟန်း၏** ဟူသည် အခြားသော ရဟန်း၏။

**ရုန့်ရင်းသော အာပတ်** မည်သည် ပါရာဇိကလေးပါး သံဃာဒိသိသ် တဆယ့်သုံးပါးတို့တည်း။

**ရဟန်းမဟုတ်သူ** မည်သည် ရဟန်းယောကျ်ား ရဟန်းမိန်းမကို ချန်ထား၍ ကြွင်းကျန်သောသူသည် ရဟန်းမဟုတ်သောသူ မည်၏။

**ပြောကြားငြားအံ့** ဟူသည် မိန်းမအားရင်း ယောကျ်ားအားရင်း လူအားရင်း ရဟန်းအားရင်း ပြောကြားငြားအံ့။

**ရဟန်းတို့၏ သမ္မုတိ မရပဲ** ဟူသည် ရဟန်းတို့၏ သမ္မုတိကို ချန်ထား၍။

အာပတ်အပိုင်းအခြားရှိ၍ အမျိုး 'ဒါယကာ' အပိုင်းအခြားမရှိသော ရဟန်းတို့၏ သမ္မုတိသည် ရှိ၏။

အမျိုး 'ဒါယကာ' အပိုင်းအခြားရှိ၍ အာပတ်အပိုင်းအခြား မရှိသော ရဟန်းတို့၏ သမ္မုတိသည် ရှိ၏။

အာပတ်အပိုင်းအခြားလည်းရှိ အမျိုးအပိုင်းအခြားလည်း ရှိသော ရဟန်းတို့၏ သမ္မုတိသည် ရှိ၏။

အာပတ်အပိုင်းအခြားလည်းမရှိ အမျိုးအပိုင်းအခြားလည်း မရှိသော ရဟန်းတို့၏ သမ္မုတိသည် ရှိ၏။

**အာပတ်အပိုင်းအခြား** မည်သည် ဤမျှသော အာပတ်တို့ဖြင့် ပြောကြားအပ်၏ ဟု အာပတ်တို့ကို ပိုင်းခြား သတ်မှတ်ထားခြင်းတည်း။

---

* သမ္မုတိ = အာပတ်မပြတ်သင့်သောရဟန်းအား နောင်အခါစောင့်ရှောက်စိမ့်သောငှါ သုံးကြိမ်တိုင်တိုင်ဖန်ကြား၍ သံဃာက ပြောကြားရန် သမုတ်ခြင်း။

http://www.dhammadownload.com



**အမျိုးအပိုင်းအခြား** မည်သည် ဤမျှသော အမျိုးတို့၌ ပြောကြားအပ်၏ ဟု အမျိုးတို့ကို ပိုင်းခြား သတ်မှတ်ထားခြင်းတည်း။

**အာပတ်အပိုင်းအခြားလည်းရှိ အမျိုးအပိုင်းအခြားလည်းရှိ** မည်သည် ဤမျှသောအာပတ်တို့ဖြင့် ဤမျှလောက်ကုန်သော အမျိုးတို့၌ ပြောကြားအပ်၏ ဟု အာပတ်တို့ကိုလည်း ပိုင်းခြား သတ်မှတ်ထားခြင်း အမျိုးတို့ကိုလည်း ပိုင်းခြား သတ်မှတ်ထားခြင်းတည်း။

**အာပတ်အပိုင်းအခြားလည်းမရှိ အမျိုးအပိုင်းအခြားလည်းမရှိ** မည်သည် ဤမျှသော အာပတ်တို့ဖြင့် ဤမျှသော အမျိုးတို့၌ ပြောကြားအပ်၏ ဟု အာပတ်တို့ကိုလည်း မပိုင်းခြားခြင်း အမျိုးတို့ကိုလည်း မပိုင်းခြားခြင်းတည်း။

၇၁။ အာပတ်အပိုင်းအခြားရှိရာ၌ ပိုင်းခြားသတ်မှတ်၍ ထားအပ်ကုန်သော အာပတ်တို့ကို ကြဉ်၍ တပါးသော အာပတ်တို့ဖြင့် ပြောကြားအံ့၊ ပါစိတ်အာပတ် သင့်၏။

အမျိုးအပိုင်းအခြားရှိရာ၌ ပိုင်းခြားသတ်မှတ်၍ ထားအပ်ကုန်သော အမျိုးတို့ကို ကြဉ်၍ တပါးသော အမျိုးတို့၌ ပြောကြားအံ့၊ ပါစိတ်အာပတ် သင့်၏။

အာပတ် အပိုင်းအခြားလည်းရှိ အမျိုးအပိုင်းအခြားလည်းရှိရာ၌ ပိုင်းခြား သတ်မှတ်၍ထားသော အာပတ် ပိုင်းခြားသတ်မှတ်၍ ထားသော အမျိုးတို့ကို ကြဉ်၍ တပါးသော အာပတ်တို့ဖြင့် တပါးသော အမျိုးတို့၌ ပြောကြားအံ့၊ ပါစိတ်အာပတ် သင့်၏။

အာပတ်အပိုင်းအခြားလည်းမရှိ အမျိုးအပိုင်းအခြားလည်းမရှိရာ၌ အာပတ် မသင့်။

၇၂။ ရှုန့်ရင်းသော အာပတ်၌ ရှုန့်ရင်းသော အာပတ်ဟု အမှတ်ရှိသည်ဖြစ်၍ ရဟန်းမဟုတ်သူအား ပြောကြားအံ့၊ ရဟန်းတို့၏ သမ္မုတိကို ချန်ထား၍ ပါစိတ်အာပတ် သင့်၏။

ရှုန့်ရင်းသော အာပတ်၌ ယုံမှားရှိသည်ဖြစ်၍ ရဟန်းမဟုတ်သူအား ပြောကြားအံ့၊ ရဟန်းတို့၏ သမ္မုတိကို ချန်ထား၍ ပါစိတ်အာပတ် သင့်၏။

ရှုန့်ရင်းသော အာပတ်၌ မရှုန့်ရင်းသော အာပတ် ဟု အမှတ်ရှိသည်ဖြစ်၍ ရဟန်းမဟုတ်သူအား ပြောကြားအံ့၊ ရဟန်းတို့၏ သမ္မုတိကို ချန်ထား၍ ပါစိတ်အာပတ် သင့်၏။

မရှုန့်ရင်းသော အာပတ်ကို ပြောကြားအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

သာမဏေ၏ ရှုန့်ရင်းသော လွန်ကျူးခြင်း မရှုန့်ရင်းသော လွန်ကျူးခြင်းကို ပြောကြားအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

မရှုန့်ရင်းသော အာပတ်ကို ရှုန့်ရင်းသော အာပတ် ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

မရှုန့်ရင်းသော အာပတ်၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

မရှုန့်ရင်းသော အာပတ်၌ မရှုန့်ရင်းသော အာပတ်ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

၇၃။ ဝတ္ထု (သုက်လွှတ်မှု) ကို ပြောကြား၍ အာပတ်ကို မပြောကြားသော်၎င်း အာပတ် (သံဃာဒိသိသ်) ကို ပြောကြား၍ ဝတ္ထုကိုမပြောကြားသော်၎င်း အာပတ် မသင့်၊ သမ္မုတိရသော ရဟန်း ရူးသောရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

နဝမ ဒုဋ္ဌုလ္လာရောစနသိက္ခာပုဒ် ပြီး၏။

http://www.dhammadownload.com



## ၁-မုသာဝါဒဝဂ် ၁၀-ပထဝီခဏန သိက္ခာပုဒ်

၈၄။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် အာဠဝီပြည် အဂ္ဂါဠဝစေတီ၌ သီတင်းသုံးနေတော်မူသောအခါ အာဠဝီပြည်သား ရဟန်းတို့သည် အမှုသစ်ကို ပြုလုပ်ကုန်သော် မြေကို ကိုယ်တိုင်လည်း တူးဆွကုန်၏၊ သူတပါးတို့အားလည်း တူးဆွစေကုန်၏။

လူတို့သည် "အဘယ့်ကြောင့် သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့သည် မြေကြီးကို ကိုယ်တိုင်တူးဆွကုန်ဘိသနည်း၊ သူတပါးတို့အားလည်း တူးဆွစေကုန်ဘိသနည်း၊ သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့သည် တခုသော ဣန္ဒြေရှိသော အသက်ကို ညှဉ်းဆဲကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ရဟန်းတို့သည် ထိုလူတို့၏ ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုကြသော စကားတို့ကို ကြားကြသည်သာတည်း။ အလိုနည်းသော ရဟန်းတို့သည် "အဘယ့်ကြောင့် အာဠဝီပြည်သား ရဟန်းတို့သည် မြေကြီးကို ကိုယ်တိုင် တူးဆွကုန်ဘိသနည်း၊ သူတပါးတို့ကို တူးဆွစေကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ သင်တို့သည် မြေကြီးကို ကိုယ်တိုင် တူးဆွကုန်၏၊ သူတပါးကိုလည်း တူးဆွစေကုန်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ (မင်္ဂဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ သင်တို့သည် အဘယ့်ကြောင့် မြေကြီးကို ကိုယ်တိုင်တူးဆွကုန်ဘိသနည်း သူတပါးတို့ကို တူးဆွစေကုန်ဘိသနည်း။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ လူတို့သည် မြေကြီး၌ အသက်ရှိ၏ ဟု ထင်မှတ်ကုန်၏။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ ဤ(သင်တို့ပြုမိသောအမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ မဟုတ်။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

**၅၉။ ၁၀-၈၅။ "အကြင်ရဟန်းသည် မြေကို တူးမူလည်း တူးငြားအံ့၊ တူးစေမူလည်း တူးစေငြားအံ့၊ (ထိုရဟန်းအား) ပါစိတ်အာပတ် သင့်၏"** ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

## ၁၀-ပထဝီခဏနသိက္ခာပုဒ် အဖွင့်

၈၆။ **အကြင်** ဟူသည် အကြင်သို့သဘောရှိသော။ပ။

**ရဟန်း** ဟူသည်။ပ။ ဤအရာ၌ ဤဉတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ရောက်သူကို "ရဟန်း" ဟူ၍ အလိုရှိအပ်၏။

**မြေ** မည်သည် မြေစစ် မြေတုဟူ၍နှစ်မျိုးရှိ၏။

**မြေစစ်** မည်သည် မြေမှုန့်သက်သက် မြေညက်သက်သက် ကျောက်ခဲ အနည်းငယ်ရှိသောမြေ ကျောက်စရစ် အနည်းငယ်ရှိသောမြေ အိုးခြမ်းကွဲ အနည်းငယ်ရှိသောမြေ ကျောက်ပြုတ် အနည်းငယ်ရှိသောမြေ သဲအနည်းငယ်ရှိသောမြေ မြေမှုန့်များသောမြေ မြေညက်များသော မြေတည်း၊ မီးမလောင်သောမြေကိုလည်း မြေစစ်ဟူ၍ ဆိုအပ်၏။ ဥလေးလထက် လွန်၍ မိုးစွတ်စိုသော မြေမှုန့်အစုအပုံ မြေညက်အစုအပုံ ကိုလည်း မြေစစ်ဟူ၍ ဆိုအပ်၏။

http://www.dhammadownload.com


မြေတု မည်သည် ကျောက်ခဲသက်သက် ကျောက်စရစ်သက်သက် အိုးခြမ်းကွဲသက်သက် ကျောက်ပြုတ်သက်သက် သဲသက်သက် မြေမှုန့်အနည်းငယ်ရှိသောမြေ မြေညက်အနည်းငယ်ရှိသော မြေ ကျောက်ခဲများသောမြေ ကျောက်စရစ်များသောမြေ အိုးခြမ်းကွဲ များသောမြေ ကျောက်ပြုတ် များသောမြေ သဲများသောမြေတည်း၊ မီးလောင်သော မြေကိုလည်း မြေတုဟူ၍ ဆိုအပ်၏။ လေးလ အောက် ယုတ်လျော့၍ မိုးစွတ်စိုသော မြေမှုန့်အစုအပုံ မြေညက်အစုအပုံကိုလည်း မြေတု ဟူ၍ ဆိုအပ်၏။

တူးငြားအံ့ ဟူသည် ကိုယ်တိုင်တူးအံ့၊ ပါစိတ်အာပတ် သင့်၏။

တူးစေငြားအံ့ ဟူသည် သူတပါးကို တူးစေငြားအံ့၊ ပါစိတ်အာပတ် သင့်၏။

တကြိမ်စေခိုင်းအပ်လျက် အကြိမ်များစွာ တူးငြားအံ့၊ ပါစိတ်အာပတ် သင့်၏။

၈၇။ မြေကြီး၌ မြေကြီး ဟု အမှတ်ရှိသည်ဖြစ်၍ တူးသော်၎င်း တူးစေသော်၎င်း ခွဲဖျက်သော်၎င်း ခွဲဖျက်စေသော်၎င်း မီးတိုက်သော်၎င်း မီးတိုက်စေသော်၎င်း ပါစိတ်အာပတ် သင့်၏။

မြေကြီး၌ ယုံမှားရှိသည်ဖြစ်၍ တူးသော်၎င်း တူးစေသော်၎င်း ခွဲဖျက်သော်၎င်း ခွဲဖျက်စေသော်၎င်း မီးတိုက်သော်၎င်း မီးတိုက်စေသော်၎င်း ဒုက္ကဋ်အာပတ် သင့်၏။

မြေကြီး၌ မြေကြီးမဟုတ် ဟု အမှတ်ရှိသည်ဖြစ်၍ တူးသော်၎င်း တူးစေသော်၎င်း ခွဲဖျက်သော်၎င်း ခွဲဖျက်စေသော်၎င်း မီးတိုက်သော်၎င်း မီးတိုက်စေသော်၎င်း အာပတ် မသင့်။

မြေကြီးမဟုတ်သည်၌ မြေကြီး ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

မြေကြီးမဟုတ်သည်၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

မြေကြီးမဟုတ်သည်၌ မြေကြီးမဟုတ် ဟု အမှတ်ရှိအံ့၊ အာပတ် မသင့်။

၈၈။ "ဤမြေကို သိလော့၊ ဤမြေကိုပေးလော့၊ ဤမြေကို ဆောင်ခဲ့လော့၊ ဤမြေဖြင့် အလို ရှိ၏၊ ဤမြေကို အပ်စပ်အောင်ပြုလော့" ဟု ဆိုအံ့၊ အာပတ် မသင့်။

စေတနာ မရှိပဲ တူးအံ့၊ သတိမေ့လျော့၍ တူးအံ့၊ အာပတ် မသင့်။

မသိသောရဟန်း ရူးသောရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

ဒသမ ပထဝီခဏနသိက္ခာပုဒ် ပြီး၏။

ပဌမ မုသာဝါဒဝဂ် ပြီး၏။

---

## မုသာဝါဒဝဂ်၏ အကျဉ်းချုပ်

မဟုတ်မမှန်ရာကိုပြောသော မုသာဝါဒသိက္ခာပုဒ်၊ နှုတ်လုံ့ထိုးသော စကားကို ဆိုသော ဩမသ ဝါဒသိက္ခာပုဒ်၊ ရဟန်းတို့ကို ဂုံးတိုက်သော ဘိက္ခုပေသုညသိက္ခာပုဒ်၊ ပုဒ်ပြိုင်တရားကို ပို့ချသော ပဒသောဓမ္မသိက္ခာပုဒ်၊ အတူအိပ်သော သဟသေယျသိက္ခာပုဒ်နှစ်ပါး၊ မာတုဂါမအား တရားဟော သော ဓမ္မဒေသနာသိက္ခာပုဒ်၊ ဟုတ်မှန်ရာ ပြောကြားသော ဘူတာရောစနသိက္ခာပုဒ်၊ ရှုန့်ရင်းသော အာပတ်ကိုပြောကြားသော ဒုဋ္ဌုလ္လာပတ္တိရောစနသိက္ခာပုဒ်၊မြေကိုတူးသော ပထဝီခဏနသိက္ခာပုဒ်တို့။

ဤကား အကျဉ်းချုပ်တည်း။

http://www.dhammadownload.com



## ၂-ဘူတဂါမဝဂ် ၁-ဘူတဂါမသိက္ခာပုဒ်

၇၉။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် အာဠဝီပြည် အဂ္ဂါဠဝစေတီ၌ သီတင်းသုံး နေတော်မူသောအခါ အာဠဝီပြည်သား ရဟန်းတို့သည် အမှုသစ်ကို ပြုလုပ်ကုန်သော် သစ်ပင်ကို ကိုယ်တိုင်လည်း ခုတ်ဖြတ်ကုန်၏၊ သူတပါးတို့ကိုလည်း ခုတ်ဖြတ်စေကုန်၏။

အာဠဝီပြည်သား ရဟန်းတပါးသည်လည်း သစ်ပင်ကို ခုတ်ဖြတ်ရာ ထိုသစ်ပင်ကို စိုးအုပ်၍ နေသော နတ်သမီးသည် ထိုရဟန်းအား "အသျှင်ဘုရား မိမိ၏ ဗိမာန်ကို ပြုလုပ်လို၍ အကျွန်ုပ်၏ ဗိမာန်ကို မခုတ်ဖြတ်ပါလင့်" ဟု ဆို၏။ ထိုရဟန်းသည် (ထိုနတ်သမီး၏စကားကို) နားမထောင်မူ၍ ခုတ်ဖြတ်မြဲ ခုတ်ဖြတ်လေရာ ထိုနတ်သမီး၏ ကလေး လက်မောင်းကို ခုတ်ဖြတ်မိ၏။ ထိုအခါ ထိုနတ်သမီးအား "ငါသည် ဤရဟန်းကို ဤနေရာ၌ပင် သတ်ဖြတ်လိုက်ရမူ ကောင်းလေစွ" ဟု အကြံဖြစ်၏။

ထို့နောက် ထိုနတ်သမီးအား "ငါသည် ဤရဟန်းကို ဤနေရာ၌ပင် သတ်ဖြတ်ခြင်းသည် မသင့် လျော်ချေ၊ စင်စစ်သော်ကား မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ရမူ ကောင်းလေရာ၏" ဟု အကြံဖြစ်ပြန်၏။

ထိုအခါ ထိုနတ်သမီးသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်၏။ နတ်သမီး ကောင်းလေစွ ကောင်းလေစွ၊ နတ်သမီး သင်သည် ထိုရဟန်းကို မသတ်ဖြတ်ခြင်းသည် ကောင်းမွန်လှပေစွ၊ နတ်သမီး သင်သည် ထိုရဟန်းကို အကယ်၍ သတ်ဖြတ်မိပါမူ သင့်အား မကောင်းမှု တိုးပွါးလေရာ၏၊ နတ်သမီး သင်သွားချေလော့၊ ဤမည်သော အရပ်၌ ရှိသောသစ်ပင်သည် (အုပ်စိုးသူ နတ်မှ) ကင်းဆိတ်၏၊ ထိုသစ်ပင်ကို စွဲမှီ၍ နေလေလော့ ဟု မိန့်တော်မူ၏။

လူတို့သည် "အဘယ့်ကြောင့် သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့သည် သစ်ပင်ကို ကိုယ်တိုင်လည်း ခုတ်ဖြတ်ကုန်ဘိသနည်း၊ သူတပါးတို့ကိုလည်း ခုတ်ဖြတ်စေကုန်ဘိသနည်း။ သာကီဝင်မင်းသား ဘုရားအနွယ်တော် ဖြစ်သော ရဟန်းတို့သည် တခုသော ဣန္ဒြေရှိသော အသက်ကို အဘယ့်ကြောင့် ညှဉ်းဆဲကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ ရဟန်းတို့သည် ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုကြသော ထိုလူတို့၏ စကားတို့ကို ကြားကြသည် သာတည်း။ အလိုနည်းသော ရဟန်းတို့သည် "အဘယ့်ကြောင့် အာဠဝီပြည်သား ရဟန်းတို့သည် သစ်ပင်ကို ကိုယ်တိုင်လည်း ခုတ်ဖြတ်ကုန်ဘိသနည်း၊ သူတပါးတို့ကိုလည်း ခုတ်ဖြတ်စေကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ သင်တို့သည် သစ်ပင်ကို ကိုယ်တိုင်လည်းခုတ်ဖြတ်ကုန်၏၊ သူတပါးတို့ကိုလည်းခုတ် ဖြတ်စေကုန်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရားဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။

(မင်္ဂိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ သင်တို့သည် အဘယ့်ကြောင့် သစ်ပင်ကို ကိုယ်တိုင်လည်း ခုတ်ဖြတ်ကုန်ဘိသနည်း၊ သူတပါးတို့ကိုလည်း ခုတ်ဖြတ်စေကုန်ဘိသနည်း၊ (မင်္ဂိုလ်

http://www.dhammadownload.com



မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ လူတို့သည် သစ်ပင်၌ အသက်ရှိ၏ ဟု မှတ်ထင်ကြကုန်၏။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ ဤ (သင်တို့ပြုမိသောအမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

၆၀။ ၁၁-၉၀။ "ကြီးပွါးပြီး ကြီးပွါးဆဲဖြစ်သော မျိုးစေ့ မြက် သစ်ပင်အပေါင်းကို ခုတ်ဖြတ် ဖျက်ဆီးခြင်းကြောင့် ပါစိတ်အာပတ် သင့်၏" ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

## ၁-ဘူတဂါမသိက္ခာပုဒ် အဖွင့်

၉၁။ ကြီးပွါးပြီး ကြီးပွါးဆဲဖြစ်သော မျိုးစေ့မြက်သစ်ပင်အပေါင်း မည်သည် အမြစ်မျိုးစေ့ ပင်စည်မျိုးစေ့ အဆစ်မျိုးစေ့ အညွန့်မျိုးစေ့ ငါးခုမြောက် အစေ့မျိုးစေ့ဟူ၍ မျိုးစေ့ငါးမျိုးတည်း။

**အမြစ်မျိုးစေ့** မည်သည် နနွင်း ချင်းစိမ်း လင်းလေ ဆိတ်ဖူး မိဝုတ် ကုလားဆောင်းမေခါး ပန်းရင်း နွားမြေရင်းတည်း၊ ထိုမှတပါး အမြစ်၌ဖြစ်ကုန်သော အမြစ်ကိုစိုက်၍ ကောင်းစွာ ပေါက်ရောက်ကုန်သော အပင်တို့သည် ရှိကုန်၏၊ ဤအလုံးစုံသည် အမြစ်မျိုးစေ့မည်၏။

**ပင်စည်မျိုးစေ့** မည်သည် ညောင်ဗုဒ္ဓဟေပင် ပညောင်ပင် ညောင်ကြတ်ပင် သဖန်းပင် ခအောင်းပင် ညောင်ချဉ်ပင်တည်း၊ ထိုမှတပါး ပင်စည်အကိုင်းအခက်၌ ဖြစ်ကုန်သော အကိုင်းအခက်ကို စိုက်၍ ကောင်းစွာ ပေါက်ရောက်ကုန်သော အပင်တို့သည် ရှိကုန်၏၊ ဤအလုံးစုံသည် ပင်စည်မျိုးစေ့မည်၏။

**အဆစ်မျိုးစေ့** မည်သည် ကြံပင် ဝါးပင် ကျူပင်တည်း၊ ထိုမှတပါး အဆစ်၌ ဖြစ်ကုန်သော အဆာ်ကို စိုက်၍ ကောင်းစွာ ပေါက်ရောက်ကုန်သော အပင်တို့သည် ရှိကုန်၏၊ ဤ အလုံးစုံသည် အဆစ်မျိုးစေ့ မည်၏။

**အညွန့်မျိုးစေ့** မည်သည် ကညို့ပင် ရုံးရိုင်းပင် (တောရုံးဖြူပင်) ပန်းမပင် (ခေါင်ရမ်းကြီးပင်) တည်း၊ ထိုမှတပါး အညွန့်၌ဖြစ်ကုန်သော အညွန့်ကိုစိုက်၍ ကောင်းစွာ ပေါက်ရောက်ကုန်သော အပင်တို့သည် ရှိကုန်၏၊ ဤအလုံးစုံသည် အညွန့်မျိုးစေ့မည်၏။

**အစေ့မျိုးစေ့** မည်သည် ကောက်စပါးပဲတည်း၊ ထိုမှတပါး အစေ့၌ ဖြစ်ကုန်သော အစေ့ကိုစိုက်၍ ကောင်းစွာ ပေါက်ရောက်ကုန်သော အပင်တို့သည် ရှိကုန်၏၊ ဤအလုံးစုံသည် အစေ့မျိုးစေ့မည်၏။

၉၂။ မျိုးစေ့၌ မျိုးစေ့ဟု အမှတ်ရှိသည်ဖြစ်၍ ဖြတ်မှုလည်းဖြတ်အံ့၊ ဖြတ်စေမှုလည်း ဖြတ်စေအံ့၊ ခွဲဖျက်မှုလည်း ခွဲဖျက်အံ့၊ ခွဲဖျက်စေမှုလည်းခွဲဖျက်စေအံ့၊ ချက်မှုလည်း ချက်အံ့၊ ချက်စေမှုလည်း ချက်စေအံ့၊ ပါစိတ်အာပတ် သင့်၏။

မျိုးစေ့၌ ယုံမှားရှိသည်ဖြစ်၍ ဖြတ်မှုလည်းဖြတ်အံ့၊ ဖြတ်စေမှုလည်း ဖြတ်စေအံ့၊ ခွဲဖျက်မှုလည်း ခွဲဖျက်အံ့၊ ခွဲဖျက်စေမှုလည်း ခွဲဖျက်စေအံ့၊ ချက်မှုလည်းချက်အံ့၊ ချက်စေမှုလည်း ချက်စေအံ့၊ ဒုက္ကဋ် အာပတ် သင့်၏။

http://www.dhammadownload.com



မျိုးစေ့၌ မျိုးစေ့မဟုတ်ဟု အမှတ်ရှိသည်ဖြစ်၍ ဖြတ်မှုလည်းဖြတ်အံ့၊ ဖြတ်စေမှုလည်း ဖြတ်စေအံ့၊ ခွဲဖျက်မှုလည်းခွဲဖျက်အံ့၊ ခွဲဖျက်စေမှုလည်း ခွဲဖျက်စေအံ့၊ ချက်မှုလည်းချက်အံ့၊ ချက်စေမှုလည်း ချက်စေအံ့၊ အာပတ် မသင့်။

မျိုးစေ့မဟုတ်သည်၌ မျိုးစေ့ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

မျိုးစေ့မဟုတ်သည်၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

မျိုးစေ့မဟုတ်သည်၌ မျိုးစေ့မဟုတ်ဟု အမှတ်ရှိအံ့၊ အာပတ် မသင့်။

၉၃။ "ဤမျိုးစေ့ကို သိလော့၊ ဤမျိုးစေ့ကို ပေးလော့၊ ဤမျိုးစေ့ကို ဆောင်ယူခဲ့လော့၊ ဤမျိုးစေ့ဖြင့်အလိုရှိ၏၊ ဤမျိုးစေ့ကို အပ်အောင်ပြုလော့" ဟု ဆိုအံ့၊ အာပတ် မသင့်။

စေတနာ မရှိသော ရဟန်း သတိမေ့လျော့၍ ပြုမိသော ရဟန်း မသိသောရဟန်း ရူးသောရဟန်း အစလက်ဦးလွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

ပဌမ ဘူတဂါမသိက္ခာပုဒ် ပြီး၏။

---

## ၂-ဘူတဂါမဝဂ် ၂-အညဝါဒကသိက္ခာပုဒ်

၉၄။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကောသမ္ဗီပြည် ဃောသိတာရုံ ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ အသျှင်ဆန္နသည် မပြုကျင့်သင့်သော အရာကိုပြုကျင့်၍ သံဃာ့အလယ်၌ အာပတ်ဖြင့် မေးမြန်းစိစစ်သောအခါ "အဘယ်သူသည် အာပတ်သင့်သနည်း၊ အဘယ်သို့ အာပတ်သင့်သနည်း၊ အဘယ်အကြောင်းကြောင့် အာပတ်သင့်သနည်း၊ အဘယ်သို့သော အခြင်းအရာဖြင့် အာပတ်သင့်သနည်း၊ အဘယ်သူကိုပြောဆိုကုန်သနည်း၊ အဘယ်ကို ပြောဆိုကုန်သနည်း" ဟု အကြောင်းတပါးဖြင့် အကြောင်းတပါးကို ဖုံးလွှမ်းပြောဆို၏။

အလိုနည်းသော ရဟန်းတို့သည် "အသျှင်ဆန္နသည် သံဃာ့အလယ်၌ အာပတ်ဖြင့် မေးမြန်းစိစစ်သောအခါ အဘယ်သူသည် အာပတ်သင့်သနည်း၊ အဘယ်သို့ အာပတ် သင့်သနည်း၊ အဘယ်အကြောင်းကြောင့် အာပတ်သင့်သနည်း၊ အဘယ်သို့သော အခြင်းအရာဖြင့် အာပတ်သင့်သနည်း၊ အဘယ်သူကို ပြောဆိုကုန်သနည်း၊ အဘယ်ကို ပြောဆိုကုန်သနည်း ဟူ၍ အကြောင်းတပါးဖြင့် အကြောင်းတပါးကို အဘယ့်ကြောင့် ဖုံးလွှမ်းပြောဆိုဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ဆန္န သင်သည် သံဃာ့အလယ်၌ အာပတ်ဖြင့် မေးမြန်းစိစစ်သော အခါ "အဘယ်သူသည် အာပတ်သင့်သနည်း၊ အဘယ်သို့ အာပတ်သင့်သနည်း၊ အဘယ်အကြောင်းကြောင့် အာပတ်သင့်သနည်း၊ အဘယ်သို့သော အခြင်းအရာဖြင့် အာပတ်သင့်သနည်း၊ အဘယ်သူကို ပြောဆိုကုန်သနည်း၊ အဘယ်ကို ပြောဆိုကုန်သနည်း" ဟု အကြောင်းတပါးဖြင့် အကြောင်းတပါးကို ဖုံးလွှမ်းပြောဆို၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်၏)။

http://www.dhammadownload.com



ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား သင်သည် သံဃာ့ အလယ်၌ အာပတ်ဖြင့် မေးမြန်းစိစစ်သောအခါ "အဘယ်သူသည် အာပတ်သင့်သနည်း၊ အဘယ်သို့ အာပတ်သင့်သနည်း၊ အဘယ်အကြောင်းကြောင့် အာပတ်သင့်သနည်း၊ အဘယ်သို့သော အခြင်းအရာဖြင့် အာပတ်သင့်သနည်း၊ အဘယ်သူကို ပြောဆိုကုန်သနည်း၊ အဘယ်ကို ပြောဆိုကုန်သနည်း" ဟု အကြောင်းတပါးဖြင့် အကြောင်းတပါးကို အဘယ့်ကြောင့် ဖုံးလွှမ်းပြောဆိုဘိသနည်း။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား ဤ (သင်ပြုမိသောအမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ်ငှါ၊ ။ပ။ ဟု ကဲ့ရဲ့တော်မူ၍ တရားစကားကို ဟောကြားတော်မူပြီးလျှင် ရဟန်းတို့ကို မိန့်တော်မူ၏။

ရဟန်းတို့ သို့ဖြစ်လျှင် သံဃာသည် ဆန္နရဟန်းအား အညဝါဒက ကံ* သို့တင်လော့ 'မေးသည်မှ တပါးသော စကားကို ပြောဆိုတတ်သူ အဖြစ်၌ တည်စေလော့'။ ရဟန်းတို့ ဤဆိုလတ္တံ့သောအတိုင်း တင်အပ်၏၊ ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်။

၉၅။ "အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤဆန္နရဟန်းသည် သံဃာ့အလယ်၌ အာပတ်ဖြင့် မေးမြန်းစိစစ်သောအခါ အကြောင်းတပါးဖြင့် အကြောင်းတပါးကို ဖုံးလွှမ်းပြောဆို၏၊ သံဃာအား လျှောက်ပတ်သောအခါရှိသော ကံသည် အကယ်၍ ဖြစ်ငြားအံ့၊ သံဃာသည် ဆန္နရဟန်းအား အညဝါဒကကံသို့ တင်ရာ၏၊ ဤကား သိစေခြင်းတည်း။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤဆန္နရဟန်းသည် သံဃာ့အလယ်၌ အာပတ်ဖြင့် မေးမြန်းစိစစ်သောအခါ အကြောင်းတပါးဖြင့် အကြောင်းတပါးကို ဖုံးလွှမ်းပြောဆို၏၊ သံဃာသည် ဆန္နရဟန်းအား အညဝါဒကကံသို့ တင်၏ 'မေးသည်မှ တပါးသော စကားကို ပြောဆိုတတ်သူအဖြစ်၌ တည်စေ၏'။ ဆန္နရဟန်းအား အညဝါဒကကံသို့ တင်ခြင်းကို အကြင်အသျှင်အား နှစ်သက်ခြင်းရှိ၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင်အသျှင်အား နှစ်သက်ခြင်းမရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏၊

သံဃာသည် ဆန္နရဟန်းအား အညဝါဒကကံသို့ တင်အပ်ပြီ၊ သံဃာအား နှစ်သက်ခြင်းရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့် အဖြစ်ကို သိမှတ်ရပါသည်" ဟု (သိစေရမည်)။

ထိုအခါ မြတ်စွာဘုရားသည် အသျှင်ဆန္နကို များစွာသော အကြောင်းဖြင့် ကဲ့ရဲ့ပြစ်တင်တော်မူပြီးလျှင် ကိုယ်တိုင်ပြုစု မွေးမြူရန် ခက်ခဲခြင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့"

**(က) "မေးသည်မှ တပါးသောစကားကို ပြောဆိုခြင်းကြောင့် ပါစိတ်အာပတ် သင့်၏"** ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

ဤသို့လျှင် မြတ်စွာဘုရားသည် ရဟန်းတို့အား ဤသိက္ခာပုဒ်ကို ပညတ်တော်မူ၏။

---

* မေးသည်မှတပါးသောစကားကိုပြောဆိုသောကြောင့် ပြုအပ်သောကံကို အညဝါဒကကံဟုခေါ်ဆိုသည်။

http://www.dhammadownload.com



၉၆။ ထိုအခါ အသျှင်ဆန္နသည် သံဃာ့အလယ်၌ အာပတ်ဖြင့် မေးမြန်း စိစစ်သောအခါ "အကြောင်းတပါးဖြင့် အကြောင်းတပါးကို ဖုံးလွှမ်းပြောဆိုသော် အာပတ်သင့်၏" ဟု နှလုံးသွင်း၍ ဆိတ်ဆိတ်နေလျက် သံဃာကို ညှဉ်းဆဲ၏။

အလိုနည်းသော ရဟန်းတို့သည် "အသျှင်ဆန္နသည် သံဃာ၏အလယ်၌ အာပတ်ဖြင့် မေးမြန်း စိစစ်သောအခါ ဆိတ်ဆိတ်နေ၍ သံဃာကို အဘယ့်ကြောင့် ညှဉ်းဆဲဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ဆန္န သင်သည် သံဃာ့အလယ်၌ အာပတ်ဖြင့် မေးမြန်းစိစစ်သောအခါ ဆိတ်ဆိတ်နေ၍ သံဃာကို ညှဉ်းဆဲ၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား သင်သည် သံဃာ့ အလယ်၌ အာပတ်ဖြင့် မေးမြန်းစိစစ်သောအခါ ဆိတ်ဆိတ်နေ၍ သံဃာကိုအဘယ့်ကြောင့် ညှဉ်းဆဲဘိသနည်း။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား ဤ(သင် ပြုမိသောအမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါရင်း။ပ။ ကဲ့ရဲ့တော်မူ၍ တရားစကားကို ဟောကြားတော်မူပြီးလျှင် ရဟန်းတို့ကို မိန့်တော်မူ၏။

ရဟန်းတို့ သို့ဖြစ်လျှင် သံဃာသည် ဆန္နရဟန်းအား ဝိဟေသကကံ * သို့ တင်လော့ 'ညှဉ်းဆဲ တတ်သောသူအဖြစ်၌ တည်စေလော့'။ ရဟန်းတို့ ဤဆိုလတ္တံ့သောအတိုင်း တင်အပ်၏၊ ကျမ်းကျင် လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်။

၉၇။ "အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤဆန္န ရဟန်းသည် သံဃာ့အလယ်၌ အာပတ်ဖြင့် မေးမြန်း စိစစ်သောအခါ ဆိတ်ဆိတ်နေခြင်းဖြင့် သံဃာကိုညှဉ်းဆဲ၏၊ သံဃာအား လျှောက်ပတ်သော အခါရှိသော် ကံသည် အကယ်၍ ဖြစ် ငြားအံ့၊ သံဃာသည် ဆန္နရဟန်းအား ဝိဟေသကကံသို့ တင်ရာ၏ 'ညှဉ်းဆဲတတ်သူ အဖြစ်၌ တည်စေရာ၏'၊ ဤကားသိစေခြင်းတည်း။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤဆန္နရဟန်းသည် သံဃာ့အလယ်၌ အာပတ်ဖြင့် မေးမြန်း စိစစ်သောအခါ ဆိတ်ဆိတ်နေခြင်းဖြင့် သံဃာကိုညှဉ်း ဆဲ၏၊ သံဃာသည် ဆန္နရဟန်းအား ဝိဟေသကကံသို့တင်၏။ ဆန္န ရဟန်းအား ဝိဟေသက ကံသို့တင်ခြင်းကို အကြင်အသျှင်အား နှစ်သက်ခြင်းရှိ၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင်အသျှင်အား နှစ်သက်ခြင်းမရှိ၊ ထို အသျှင်သည် ပြောဆိုရာ၏။

သံဃာသည် ဆန္နရဟန်းအား ဝိဟေသကကံသို့ တင်အပ်ပြီ 'ညှဉ်းဆဲတတ်သော သူအဖြစ်၌ တည်စေပြီ'၊ သံဃာအား နှစ်သက်ခြင်းရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ဆိတ်ဆိတ်နေ သဖြင့် ဤနှစ်သက်သည့်အဖြစ်ကို သိမှတ်ရပါသည်" ဟု (သိစေရမည်)။

* သံဃာအားစကားတို့ မပြန်ပဲ ဆိတ်ဆိတ်နေ၍ညှဉ်းဆဲသောကြောင့် ပြုအပ်သောကံကို ဝိဟေသကကံဟုခေါ်ဆိုသည်။

http://www.dhammadownload.com



ထိုအခါ မြတ်စွာဘုရားသည် အသျှင်ဆန္နကို များစွာသော အကြောင်းဖြင့် ကဲ့ရဲ့ပြစ်တင်တော်မူပြီးလျှင် ကိုယ်တိုင်ပြုစု မေးမြန်းရန် ခက်ခဲခြင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

၆၁။၁၂-(ခ) ၉၈။ **"မေးသည်မှ တပါးသောစကားကို ပြောဆိုခြင်း ဆိတ်ဆိတ်နေခြင်းဖြင့် သံဃာကိုညှဉ်းဆဲခြင်းကြောင့် ပါစိတ် အာပတ် သင့်၏"** ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

## ၂-အညဝါဒကသိက္ခာပုဒ် အဖွင့်

၉၉။ **မေးသည်မှ တပါးသောစကားကို ပြောဆိုခြင်း** မည်သည် သံဃာ့အလယ်၌ ဝတ္ထု (အကြောင်း) ၌သော်၎င်း အာပတ် (အပြစ်) ၌သော်၎င်း မေးမြန်းစိစစ်သောအခါ ထိုအကြောင်းဝတ္ထုအာပတ်ကို မဖြေဆိုလို ထိုအကြောင်းဝတ္ထု အာပတ်ကို မထင်ရှားစေလို၍ အကြောင်းတပါးဖြင့် အကြောင်းတပါးကို ဖုံးလွှမ်းပြောဆို၏။ "အဘယ်သူသည် အာပတ် သင့်သနည်း၊ အဘယ်သို့ အာပတ်သင့်သနည်း၊ အဘယ်အကြောင်းကြောင့် အာပတ် သင့်သနည်း၊ အဘယ်သို့သော အခြင်းအရာဖြင့် အာပတ်သင့်သနည်း၊ အဘယ်သူကို ပြောဆိုကုန်သနည်း၊ အဘယ်ကို ပြောဆိုကုန်သနည်း" ဟုပြောဆို၏၊ ဤသို့ပြောဆိုခြင်းသည် မေးသည်မှတပါးသော စကားကို ပြောဆိုခြင်းမည်၏။

**သံဃာကိုညှဉ်းဆဲခြင်း** မည်သည် သံဃာ့အလယ်၌ ဝတ္ထု၌သော်၎င်း အာပတ်၌သော်၎င်း မေးမြန်း စိစစ်သောအခါ ထိုအကြောင်းဝတ္ထု အာပတ်ကို မဖြေဆိုလို ထိုအကြောင်းဝတ္ထု အာပတ်ကို မထင်ရှားစေလို၍ ဆိတ်ဆိတ်နေလျက် သံဃာကို ညှဉ်းဆဲ၏၊ ဤဆိတ်ဆိတ်နေခြင်းသည် သံဃာကို ညှဉ်းဆဲခြင်းမည်၏။

၁၀၀။ အညဝါဒက ကံသို့မတင်အပ်မီ သံဃာ့အလယ်၌ ဝတ္ထုကိုသော်၎င်း အာပတ်ကိုသော်၎င်း မေးမြန်းစိစစ်သောအခါ ထိုအကြောင်းဝတ္ထုအာပတ်ကို မဖြေဆိုလို ထိုအကြောင်းဝတ္ထုအာပတ်ကို မထင်ရှားစေလို၍ "အဘယ်သူသည် အာပတ် သင့်သနည်း၊ အဘယ်သို့ အာပတ်သင့်သနည်း၊ အဘယ်အကြောင်းကြောင့် အာပတ်သင့်သနည်း၊ အဘယ်သို့သော အခြင်းအရာဖြင့် အာပတ်သင့်သနည်း၊ အဘယ်သူကို ပြောဆိုကုန်သနည်း၊ အဘယ်ကို ပြောဆိုကုန်သနည်း" ဟု အကြောင်းတပါးဖြင့် အကြောင်းတပါးကို ဖုံးလွှမ်းပြောဆိုအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ဝိဟေသကကံသို့ မတင်အပ်မီ သံဃာ့အလယ်၌ ဝတ္ထုကိုသော်၎င်း အာပတ်ကိုသော်၎င်း မေးမြန်း စိစစ်သောအခါ ထိုအကြောင်းဝတ္ထု အာပတ်ကို မဖြေဆိုလို ထိုအကြောင်းဝတ္ထု အာပတ်ကို မထင်ရှားစေလို၍ ဆိတ်ဆိတ်နေလျက် သံဃာကိုညှဉ်းဆဲအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

အညဝါဒကကံသို့ တင်ပြီးမှ သံဃာ့အလယ်၌ ဝတ္ထုကိုသော်၎င်း အာပတ်ကိုသော်၎င်း မေးမြန်း စိစစ်သောအခါ ထိုအကြောင်းဝတ္ထုအာပတ်ကို မဖြေဆိုလို ထိုအကြောင်းဝတ္ထုအာပတ်ကို မထင်ရှားစေလို၍ "အဘယ်သူသည် အာပတ်သင့်သနည်း၊ အဘယ်သို့ အာပတ်သင့်သနည်း၊ အဘယ်အကြောင်းကြောင့် အာပတ် သင့်သနည်း၊ အဘယ်သို့သော အခြင်းအရာဖြင့် အာပတ်သင့်သနည်း၊ အဘယ်သူကို ပြောဆိုကုန်သနည်း၊ အဘယ်ကို ပြောဆိုကုန်သနည်း" ဟု အကြောင်းတပါးဖြင့် အကြောင်းတပါးကို ဖုံးလွှမ်းပြောဆိုအံ့၊ ပါစိတ်အာပတ် သင့်၏။

http://www.dhammadownload.com



ဝိဟေသကကံသို့ တင်ပြီးမှ သံဃာ့အလယ်၌ ဝတ္ထုကိုသော်ငြင်း အာပတ်ကိုသော်ငြင်း မေးမြန်းစိစစ်သောအခါ ထိုအကြောင်းဝတ္ထုအာပတ်ကို မဖြေဆိုလို ထိုအကြောင်းဝတ္ထုအာပတ်ကို မထင်ရှားစေလို၍ ဆိတ်ဆိတ်နေသဖြင့် သံဃာကို ညှဉ်းဆဲအံ့၊ ပါစိတ်အာပတ် သင့်၏။

၁၀၁။ ဓမ္မကံ၌ ဓမ္မကံဟု အမှတ်ရှိသည်ဖြစ်၍ မေးသည်မှ တပါးသောစကားကို ပြောဆိုခြင်း ဆိတ်ဆိတ်နေခြင်းဖြင့် သံဃာကို ညှဉ်းဆဲခြင်းကြောင့် ပါစိတ်အာပတ် သင့်၏။

ဓမ္မကံ၌ ယုံမှားခြင်းရှိသည်ဖြစ်၍ မေးသည်မှ တပါးသော စကားကို ပြောဆိုခြင်း ဆိတ်ဆိတ်နေခြင်းဖြင့် သံဃာကိုညှဉ်းဆဲခြင်းကြောင့် ပါစိတ်အာပတ် သင့်၏။

ဓမ္မကံ၌ အဓမ္မကံဟု အမှတ်ရှိသည်ဖြစ်၍ မေးသည်မှ တပါးသောစကားကို ပြောဆိုခြင်း ဆိတ်ဆိတ် နေခြင်းဖြင့် သံဃာကို ညှဉ်းဆဲခြင်းကြောင့် ပါစိတ်အာပတ် သင့်၏။

အဓမ္မကံ၌ ဓမ္မကံဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

အဓမ္မကံ၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏၊ အဓမ္မကံ၌ အဓမ္မကံဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

၁၀၂။ မသိ၍မေးအံ့၊ (ခံတွင်း) နာ၍လည်း မပြောဆိုအံ့၊ "သံဃာ၏ ခိုက်ရန်ဖြစ်မှု ငြင်းခုံမှု ဆန့်ကျင်သောအယူကိုယူမှု ဆန့်ကျင်သော စကားကို ပြောဆိုမှုဖြစ်လတ္တံ့" ဟု မပြောဆိုအံ့၊ "သံဃာကွဲပြားခြင်းသည်ငြင်း သံဃာအရေးသည်ငြင်း ဖြစ်လတ္တံ့" ဟု မပြောဆိုအံ့၊ "မတရားသဖြင့်ငြင်း နှစ်ပါးသုံးပါး အစုဖြင့်ငြင်း ကံမပြုထိုက်ပဲလျက် ကံပြုလတ္တံ့" ဟု မပြောဆိုအံ့၊ အာပတ် မသင့်၊ ရူးသောရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

ဒုတိယ အညဝါဒကသိက္ခာပုဒ် ပြီး၏။

---

## ၂-ဘူတဂါမဝဂ်၊ ၃-ဥဇ္ဈာပနကသိက္ခာပုဒ်

၁၀၃။ ဘုန်းတော်ကြီးသောမြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ရှဉ့်နက်တို့အား အစာကျွေးရာဖြစ်သော ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ မလ္လမင်း၏သား အသျှင်ဒဗ္ဗသည် သံဃာ၏ ကျောင်း အိပ်ရာ နေရာကိုလည်း ခင်း၏၊ ဆွမ်းတို့ကိုလည်း ညွှန်ကြား၏။

ထိုအခါ မေတ္တိယဘုမ္မဇကရဟန်း* တို့သည်သီတင်းငယ်လည်း ဖြစ်ကုန်၏၊ ဘုန်းကံလည်း နည်းပါးကုန်၏၊ သံဃာ၏ ယုတ်ညံ့သော ကျောင်းအိပ်ရာ နေရာ ယုတ်ညံ့ကုန်သော ဆွမ်းတို့သည် ထိုရဟန်းတို့အား ရောက်ကုန်၏။ ထိုမေတ္တိယဘုမ္မဇက ရဟန်းတို့သည် မလ္လမင်း၏သား အသျှင်ဒဗ္ဗကို "မလ္လမင်း၏သား ဒဗ္ဗသည် ချစ်သဖြင့် (ဆန္ဒာဂတိသို့လိုက်၍) ကျောင်းအိပ်ရာနေရာကို ခင်း၏၊ ချစ်သဖြင့် (ဆန္ဒာဂတိသို့ လိုက်၍) ဆွမ်းတို့ကို ညွှန်ကြား၏" ဟု ရဟန်းတို့ကို ကဲ့ရဲ့စေကုန်၏။

---

* ဆဗ္ဗဂ္ဂီ ရဟန်းခြောက်ပါးတို့တွင် အပါအဝင်ဖြစ်သော မေတ္တိယမည်သောရဟန်း ဘုမ္မဇကမည်သော ရဟန်းနှစ်ပါးတို့တည်း။

http://www.dhammadownload.com



အလိုနည်းသော ရဟန်းတို့သည် "အဘယ့်ကြောင့် မေတ္တိယဘုမ္မဇကရဟန်းတို့သည် မလ္လမင်း၏သား အသျှင်ဒဗ္ဗကို ရဟန်းတို့ကို ကဲ့ရဲ့စေကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ သင်တို့သည် မလ္လမင်း၏သား ဒဗ္ဗကို ရဟန်းတို့ကို ကဲ့ရဲ့စေကုန်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ (မဂ်ဖိုလ်မှ) အချည်းနှီး ဖြစ်သော ယောကျ်ားတို့ သင်တို့သည် အဘယ့်ကြောင့် မလ္လမင်း၏သား ဒဗ္ဗကို ရဟန်းတို့ကို ကဲ့ရဲ့စေကုန်ဘိသနည်း။ (မဂ်ဖိုလ်မှ) အချည်းနှီး ဖြစ်သော ယောကျ်ားတို့ ဤ(သင်တို့ပြုမိသောအမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

(က) **"ကဲ့ရဲ့စေခြင်းကြောင့် ပါစိတ်အာပတ် သင့်၏"** ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

ဤသို့လျှင် မြတ်စွာဘုရားသည် ရဟန်းတို့အား ဤသိက္ခာပုဒ်ကို ပညတ်တော်မူ၏။

၁၀၄။ ထိုအခါ မေတ္တိယဘုမ္မဇကရဟန်းတို့သည် "မြတ်စွာဘုရားသည် ကဲ့ရဲ့စေခြင်းကို ပယ်တော်မူ၏" ဟူသော "ဤစကားတော်အရဖြင့် ရဟန်းတို့သည် နှိပ်စက်ကုန်လိမ့်မည်" ဟု ရဟန်းတို့၏ အနီးအနား၌ မလ္လမင်း၏သား အသျှင်ဒဗ္ဗကို "မလ္လမင်း၏သား အသျှင်ဒဗ္ဗသည် ချစ်သဖြင့် (ဆန္ဒာဂတိသို့လိုက်၍) ကျောင်းအိပ်ရာ နေရာကိုခင်း၏၊ ချစ်သဖြင့် (ဆန္ဒာဂတိသို့ လိုက်၍) ဆွမ်းတို့ကို ညွှန်ကြား၏" ဟု ရှုတ်ချပြောဆိုကုန်၏။

အလိုနည်းသော ရဟန်းတို့သည် "အဘယ့်ကြောင့် မေတ္တိယဘုမ္မဇကရဟန်းတို့သည် မလ္လမင်း၏သား အသျှင်ဒဗ္ဗကို ရှုတ်ချပြောဆိုကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ သင်တို့သည် မလ္လမင်း၏သား ဒဗ္ဗကို ရှုတ်ချပြောဆိုကုန်၏ ဟူသည်မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ သင်တို့သည် အဘယ့်ကြောင့် မလ္လမင်း၏သား ဒဗ္ဗကို ရှုတ်ချပြောဆိုကုန်ဘိသနည်း။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ ဤ (သင်တို့ပြုမိသောအမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

၆၂။ ၁၃-(ခ) ၁၀၅။ **"ကဲ့ရဲ့စေခြင်း ရှုတ်ချပြောဆိုခြင်းကြောင့် ပါစိတ်အာပတ် သင့်၏"** ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

http://www.dhammadownload.com



## ၃-ဥဇ္ဈာပနကသိက္ခာပုဒ် အဖွင့်

၁၀၆။ ကဲ့ရဲ့စေခြင်း မည်သည် သံဃာသည် ကျောင်းအိပ်ရာနေရာ ခင်းခြင်းငှါလည်း ဆွမ်းညွှန်းခြင်းငှါလည်း ယာဂုဝေဘန်ခြင်းငှါလည်း သစ်သီးဝေဘန်ခြင်းငှါလည်း ခဲဖွယ်ဝေဘန်ခြင်းငှါလည်း အနည်းငယ်ကို စွန့်ခြင်းငှါလည်း သမုတ်ထားသော ရဟန်းကို ကျေးဇူးမဲ့ ပြုလို၍ အကျော်အစောမဲ့ကိုပြုလို၍ မျက်နှာမသာမှု ပြုလို၍ ရဟန်းဖြစ်သောသူကို ကဲ့ရဲ့စေငြားအံ့၊ ရှုတ်ချ ပြောဆိုငြားအံ့၊ ပါစိတ်အာပတ် သင့်၏။

ဓမ္မကံ၌ ဓမ္မကံ ဟု အမှတ်ရှိသည်ဖြစ်၍ ကဲ့ရဲ့စေခြင်း ရှုတ်ချပြောဆိုခြင်းကြောင့် ပါစိတ်အာပတ်သင့်၏။

ဓမ္မကံ၌ ယုံမှား၍ ကဲ့ရဲ့စေခြင်း ရှုတ်ချပြောဆိုခြင်းကြောင့် ပါစိတ်အာပတ်သင့်၏။

ဓမ္မကံ၌ အဓမ္မကံ ဟု အမှတ်ရှိသည်ဖြစ်၍ ကဲ့ရဲ့စေခြင်း ရှုတ်ချပြောဆိုခြင်းကြောင့် ပါစိတ်အာပတ် သင့်၏။

ရဟန်းမဟုတ်သူကို ကဲ့ရဲ့စေငြားအံ့၊ ရှုတ်ချ ပြောဆိုငြားအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

သံဃာသည် ကျောင်းအိပ်ရာ နေရာခင်းခြင်းငှါလည်း ဆွမ်းညွှန်းခြင်းငှါလည်း ယာဂုဝေဘန်ခြင်းငှါလည်း သစ်သီးဝေဘန်ခြင်းငှါလည်း ခဲဖွယ်ဝေဘန်ခြင်းငှါလည်း အနည်းငယ်ကို စွန့်ခြင်းငှါလည်း မသမုတ်အပ်သော ရဟန်းကို ကျေးဇူးမဲ့ ပြုလို၍ အကျော်အစောမဲ့ ပြုလို၍ မျက်နှာမသာမှုကိုပြုလို၍ ရဟန်းကိုလည်း ရဟန်းမဟုတ်သူကိုလည်း ကဲ့ရဲ့စေငြားအံ့၊ ရှုတ်ချ ပြောဆိုငြားအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

သံဃာသည် ကျောင်းအိပ်ရာ နေရာခင်းခြင်းငှါလည်း ဆွမ်းညွှန်းခြင်းငှါလည်း ယာဂုဝေဘန်ခြင်းငှါလည်း သစ်သီးဝေဘန်ခြင်းငှါလည်း ခဲဖွယ်ဝေဘန်ခြင်းငှါလည်း အနည်းငယ်ကို စွန့်ခြင်းငှါလည်း သမုတ်ထားသည်လည်းဖြစ်သော သမုတ်မထားသည်လည်းဖြစ်သော ရဟန်းမဟုတ်သူကို ကျေးဇူးမဲ့ ပြုလို၍ အကျော်အစောမဲ့ပြုလို၍ မျက်နှာမသာမှုပြုလို၍ ရဟန်းကိုလည်း ရဟန်းမဟုတ်သူကိုလည်း ကဲ့ရဲ့စေငြားအံ့၊ ရှုတ်ချ ပြောဆိုငြားအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

အဓမ္မကံ၌ ဓမ္မကံ ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

အဓမ္မကံ၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

အဓမ္မကံ၌ အဓမ္မကံ ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

၁၀၇။ ပကတိ သဘောအားဖြင့် ချစ်ခြင်း (ဆန္ဒာဂတိ) ကြောင့်၊ အမျက်ထွက်ခြင်း (ဒေါသာဂတိ) ကြောင့်၊ တွေဝေမိုက်မှားခြင်း (မောဟာဂတိ) ကြောင့်၊ ကြောက်လန့်ခြင်း (ဘယာဂတိ) ကြောင့် ပြုရသော ရဟန်းကို ကဲ့ရဲ့စေငြားအံ့၊ ရှုတ်ချ ပြောဆိုငြားအံ့၊ အာပတ် မသင့်၊ ရူးသောရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

တတိယ ဥဇ္ဈာပနကသိက္ခာပုဒ် ပြီး၏။

http://www.dhammadownload.com



## ၂-ဘူတဂါမဝဂ် ၄-ပဥ္စမသေနာသနသိက္ခာပုဒ်

၁၀၈။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏အရံ ဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ရဟန်းတို့သည် ဆောင်းဥတုအခါ လွင်တီးခေါင်၌ အိပ်ရာ နေရာကိုခင်း၍ ကိုယ်ကို ပူနွေးစေကုန်လျက် နေဆာလှုံကုန်လျက် အချိန် ကာလကို ပြောကြားသောအခါ ဖဲသွားကုန်သော် ထိုအိပ်ရာ နေရာကို မသိမ်းဆည်းကုန်၊ မသိမ်းဆည်း စေကုန်၊ မပန်ကြားမူ၍လည်း ဖဲသွားကုန်၏၊ အိပ်ရာ နေရာသည် (မိုးနှင်း) စိုစွတ်၏။

အလိုနည်းသော ရဟန်းတို့သည် "အဘယ့်ကြောင့် ရဟန်းတို့သည် လွင်တီးခေါင်၌ အိပ်ရာနေရာ ကို ခင်း၍ ဖဲသွားသော် ထိုအိပ်ရာနေရာကို မသိမ်းဆည်းကုန်ဘိသနည်း၊ မသိမ်းဆည်းစေကုန်ဘိ သနည်း၊ မပန်ကြားမူ၍လည်း ဖဲသွားကုန်ဘိသနည်း၊ အိပ်ရာနေရာသည် (မိုးနှင်း) စိုစွတ်၏" ဟု ကဲ့ရဲ့ ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ထိုအခါ ထိုရဟန်းတို့သည် ထိုရဟန်းတို့ကို များစွာသော အကြောင်းဖြင့် ကဲ့ရဲ့ပြစ်တင်ကြပြီး လျှင် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ပ။

"ရဟန်းတို့ ရဟန်းတို့သည် လွင်တီးခေါင်၌။ပ။ မပန်ကြားမူ၍လည်း ဖဲသွားကုန်၏ ဟူသည် မှန်သလော" ။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

၆၃။ ၁၄-၁၀၉။ "အကြင်ရဟန်းသည် သံဃာ၏ ဥစ္စာ 'သံဃိက' ဖြစ်သော ညောင် စောင်း 'ခုတင်' ကို သော်၎င်း အင်းပျဉ် 'ခုံရှည်' ကို သော်၎င်း ဘုံလျို 'ဖုံ' ကို သော်၎င်း ဖျာအခင်း*ကို သော်၎င်း လွင်တီးခေါင်၌ ခင်း၍၎င်း ခင်းစေ၍၎င်း ဖဲသွားသော် ထိုသံဃိက ညောင်စောင်း အင်းပျဉ်စသည်ကို မသိမ်းငြားအံ့၊ မသိမ်းစေငြားအံ့၊ မပန်ကြားမူ၍လည်း ဖဲသွားငြားအံ့၊ (ထိုရဟန်းအား) ပါစိတ်အာပတ် သင့်၏" ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

ဤသို့လျှင် မြတ်စွာဘုရားသည် ရဟန်းတို့အား ဤသိက္ခာပုဒ်ကို ပညတ်တော်မူ၏။

၁၁၀။ ထိုအခါ ရဟန်းတို့သည် လွင်တီးခေါင်၌ နေ၍ စောစောကပင်လျှင် အိပ်ရာနေရာကို တဖန်ပြန်၍ ဆောင်ကုန်၏ 'သိမ်းဆည်းကုန်၏'။ မြတ်စွာဘုရားသည် စောစောကပင် အိပ်ရာနေရာ ကို တဖန်ပြန်၍ ဆောင်ကုန်သော ထိုရဟန်းတို့ကို မြင်တော်မူသဖြင့် ဤအကြောင်းအရာကြောင့် တရားစကားကို ဟောကြားတော်မူ၍ ရဟန်းတို့အား "ရဟန်းတို့ (မိုးနှင်း) မစိုစွတ် ဟု မှတ်အပ်သော မဏ္ဍပ်၌သော်၎င်း သစ်ပင်ရင်း၌သော်၎င်း ကျီးငှက် သိမ်းစွန်တို့ ကျင်ကြီးမစွန့်သော အရပ်၌သော်၎င်း ရှစ်လတို့ ပတ်လုံး အိပ်ရာနေရာကို ထားခြင်းငှါ ခွင့်ပြုတော်မူ၏" ဟု မိန့်တော်မူ၏။

---

* ရှေးဆရာကြီးများသည် ကတ်ကျစ်အခင်း ခတ်အခင်းဟု မြန်မာပြန်သည်၊ နေရာထိုင်ရာအခင်းအထူးပင်တည်း။

http://www.dhammadownload.com



## ၄-ပဌမသေနာသနသိက္ခာပုဒ် အဖွင့်

၁၁၁။ အကြင် ဟူသည် အကြင်သို့ သဘောရှိသော။ပ။

ရဟန်း ဟူသည် ။ပ။ ဤအရာ၌ ဤဉတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သူကို "ရဟန်း" ဟူ၍ အလိုရှိအပ်၏။

**သံဃာ၏ဥစ္စာ 'သံဃိက'** မည်သည် သံဃာအား ပေးလှူအပ်သောပစ္စည်း စွန့်လှူအပ်သော ပစ္စည်းတည်း။

**ညောင်စောင်း 'ခဋ္ဂ'** မည်သည် အခြေ၌ အပေါင်စွပ်သော ညောင်စောင်း ထုပ်လျှောက်ဖွဲ့သော 'အခြေနှင့်တစပ်တည်း အပေါင်ရှိသော' ညောင်စောင်း ပုဇွန်ခြေသဏ္ဌာန် ကောက်သော အခြေရှိသော ညောင်စောင်း အပေါင်၌ အခြေတပ်သော ညောင်စောင်းဟူ၍ ညောင်စောင်း လေးမျိုးတို့တည်း။

**အင်းပျဉ် 'ခုံရှည်'** မည်သည် အခြေ၌ အပေါင်စွပ်သော အင်းပျဉ် ထုပ်လျှောက်ဖွဲ့သော 'အခြေနှင့် တစပ်တည်း အပေါင်ရှိသော' အင်းပျဉ် ပုဇွန်ခြေသဏ္ဌာန် ကောက်သောအခြေရှိသော အင်းပျဉ် အပေါင်၌ အခြေတပ်သော အင်းပျဉ်ဟူ၍ အင်းပျဉ် လေးမျိုးတို့တည်း။

**ဘုံလျှို 'ဖုံ'** မည်သည် သားမွေးအစာသွပ်သော ဘုံလျှို အဝတ်အစာသွပ်သော ဘုံလျှို လျှော် အစာသွပ်သော ဘုံလျှို မြက်အစာသွပ်သော ဘုံလျှို သင်ရွက်အစာသွပ်သော ဘုံလျှိုဟူ၍ ဘုံလျှို ငါးမျိုးတို့တည်း။

**ဖျာအခင်း** မည်သည် လျှော်ဖြင့်ပြုလုပ်သောဖျာ ပန်းရင်းဖြင့် ပြုလုပ်သောဖျာ ဖြူဆံမြက်ဖြင့် ပြုလုပ်သောဖျာ ပြိတ်မြက်ဖြင့် ပြုလုပ်သောဖျာတည်း၊ (ထိုဖျာအားလုံးသည်) အတွင်း၌ ခေါက်သွင်း၍ ဖွဲ့ချုပ်သည်ချည်းတည်း။

**ခင်း၍** ဟူသည် ကိုယ်တိုင်ခင်း၍။

**ခင်းစေ၍** ဟူသည် သူတပါးကို ခင်းစေ၍ ရဟန်းမဟုတ်သူကို ခင်းစေအံ့၊ စေခိုင်းသော ရဟန်း၏ တာဝန်ဖြစ်၏၊ ရဟန်းကို ခင်းစေအံ့၊ ခင်းသောရဟန်း၏ တာဝန်ဖြစ်၏။

**ဖဲသွားသော် ထိုသံဃိကညောင်စောင်းအင်းပျဉ်စသည်ကို မသိမ်းငြားအံ့** ဟူသည် ကိုယ်တိုင် မသိမ်းဆည်းငြားအံ့။

**မသိမ်းစေငြားအံ့** ဟူသည် သူတပါးကို မသိမ်းဆည်းစေငြားအံ့။

**မပန်ကြားမူ၍လည်း ဖဲသွားငြားအံ့** ဟူသည် ရဟန်းကိုသော်ငြင်း သာမဏေကိုသော်ငြင်း အရံစောင့်ကိုသော်ငြင်း မပန်ကြားပဲ အားအလတ်ရှိသော ယောကျ်ား၏ ခဲတကျကို လွန်စေသော ရဟန်းအား ပါစိတ်အာပတ် သင့်၏။

၁၁၂။ သံဃိက 'သံဃာပိုင်' ပစ္စည်း၌ သံဃိက 'သံဃာပိုင်' ပစ္စည်းဟု အမှတ်ရှိ၍ လွင်တီးခေါင်၌ ခင်း၍သော်ငြင်း ခင်းစေ၍သော်ငြင်း ဖဲသွားသော် ထိုပစ္စည်းကို မသိမ်းငြားအံ့၊ မသိမ်းစေငြားအံ့၊ မပန်ကြားမူ၍သော်လည်း သွားငြားအံ့၊ ပါစိတ်အာပတ် သင့်၏။

သံဃိက 'သံဃာပိုင်' ပစ္စည်း၌ ယုံမှားရှိသည်ဖြစ်၍။ပ။ သံဃိက "သံဃာပိုင်' ပစ္စည်း၌ ပုဂ္ဂလိက 'ပုဂ္ဂိုလ်ပိုင်' ပစ္စည်း ဟု အမှတ်ရှိသည်ဖြစ်၍ လွင်တီးခေါင်၌ ခင်း၍သော်ငြင်း ခင်းစေ၍သော်ငြင်း

http://www.dhammadownload.com



ဖဲသွားသော် ထိုပစ္စည်းကို မသိမ်းငြားအံ့၊ မသိမ်းစေငြားအံ့၊ မပန်ကြားမူ၍သော်လည်း သွားငြားအံ့၊ ပါစိတ်အာပတ် သင့်၏။

ပုဆိုးအခင်းကိုသော်၎င်း အပေါ်လွှမ်း အခင်းကိုသော်၎င်း မြေအခင်းကိုသော်၎င်း ကတ်ကျစ် (ဖျာ) အခင်းကိုသော်၎င်း သားရေပိုင်း အခင်းကိုသော်၎င်း ခြေသုတ်ကြိုးဝန်းကိုသော်၎င်း ပျဉ်ချပ် အင်းပျဉ်ကိုသော်၎င်း လှင်တီးခေါင်၌ ခင်း၍သော်၎င်း ခင်းစေ၍သော်၎င်း ဖဲသွားသော် ထိုအခင်း စသည်ကို မသိမ်းငြားအံ့၊ မသိမ်းစေငြားအံ့၊ မပန်ကြားမူ၍သော်လည်း ဖဲသွားငြားအံ့၊ ဒုက္ကဋ် အာပတ် သင့်၏။

ပုဂ္ဂလိက ပစ္စည်း၌ သံဃိက ပစ္စည်းဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ပုဂ္ဂလိကပစ္စည်း၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ပုဂ္ဂလိကပစ္စည်းကို ပုဂ္ဂလိကပစ္စည်းဟု အမှတ်ရှိရာ၌ တပါးသော ပုဂ္ဂိုလ်၏ ပစ္စည်းဖြစ်မူ ဒုက္ကဋ် အာပတ် သင့်၏။

မိမိကိုယ်ပိုင်ပစ္စည်းဖြစ်မူ အာပတ် မသင့်။

၁၁၃။ သိမ်း၍သွားအံ့၊ သိမ်းစေ၍သွားအံ့၊ ပန်ကြား၍သွားအံ့၊ သေ့ခြောက်စေလို၍သွားအံ့၊ တစုံတခုသော ဘေးရန်နှိပ်စက်၍ မသိမ်းပဲသွားအံ့၊ ဘေးရန် ဥပဒ် ဖြစ်ပေါ်လတ်သဖြင့် မသိမ်းပဲ သွားအံ့၊ အာပတ် မသင့်၊ ရူးသောရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

စတုတ္ထ ပဌမသေနာသနသိက္ခာပုဒ် ပြီး၏။

---

## ၂-ဘူတဂါမဝဂ် ၅-ဒုတိယသေနာသနသိက္ခာပုဒ်

၁၁၄။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံ ဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ သတ္တရသဝဂ္ဂီ ရဟန်းတို့သည် အဆွေ ခင်ပွန်းဖြစ်ကုန်၏။ ထိုရဟန်းတို့သည် နေသောအခါလည်း အတူသာလျှင် နေကုန်၏၊ ဖဲသွားသော အခါလည်း အတူသာလျှင် ဖဲသွားကုန်၏။ ထိုရဟန်းတို့သည် မထင်ရှားသော သံဃိက ကျောင်း တကျောင်း၌ အိပ်ရာ နေရာကို ခင်း၍ ဖဲသွားကုန်သော် ထိုအိပ်ရာ နေရာကို မသိမ်းကုန်၊ မသိမ်းစေကုန်၊ မပန်ကြားမူ၍သော်လည်း ဖဲသွားကုန်၏၊ အိပ်ရာ နေရာကို ခြတို့သည် ကိုက်ခဲကုန်၏။

အလိုနည်းသော ရဟန်းတို့သည် "သတ္တရသဝဂ္ဂီရဟန်းတို့သည် သံဃိကကျောင်း၌ အိပ်ရာ နေရာကို ခင်း၍ ဖဲသွားကုန်သော် ထိုအိပ်ရာနေရာကို အဘယ့်ကြောင့် မသိမ်းကုန်ဘိသနည်း၊ မသိမ်း စေကုန်ဘိသနည်း၊ မပန်ကြားမူ၍သော်လည်း ဖဲသွားကုန်ဘိသနည်း၊ အိပ်ရာနေရာကို ခြတို့သည် ကိုက်ခဲကုန်၏" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ထိုအခါ ထိုရဟန်းတို့သည် သတ္တရသဝဂ္ဂီရဟန်းတို့ကို များစွာသော အကြောင်းဖြင့် ကဲ့ရဲ့ပြစ်တင် ကြပြီးလျှင် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ပ။

http://www.dhammadownload.com



"ရဟန်းတို့ သတ္တရသဝဂ္ဂီရဟန်းတို့သည် သံဃိက ကျောင်း၌ အိပ်ရာ နေရာကိုခင်း၍ ဖဲသွားကုန်သော် ထိုအိပ်ရာ နေရာကို မသိမ်းကုန် မသိမ်းစေကုန် မပန်ကြားမူ၍သော်လည်း ဖဲသွားကုန်၏၊ အိပ်ရာနေရာကို ခြတို့သည် ကိုက်ခဲကုန်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။

ရဟန်းတို့ ထို (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့သည် သံဃိကကျောင်း၌ အိပ်ရာနေရာကို ခင်း၍ ဖဲသွားကုန်သော် ထိုနေရာကို အဘယ့်ကြောင့် မသိမ်းကုန်ဘိသနည်း၊ မသိမ်းစေကုန်ဘိသနည်း၊ မပန်ကြားမူ၍သော်လည်း ဖဲသွားကုန်ဘိသနည်း၊ အိပ်ရာ နေရာကို ခြတို့သည် ကိုက်ခဲကုန်၏။ ရဟန်းတို့ ဤ (သင်တို့ပြုမိသောအမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ၊ငှါ။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

**၆၄။ ၁၅-၁၁၅။ "အကြင်ရဟန်းသည် သံဃိကကျောင်း၌ အိပ်ရာနေရာကို ခင်း၍သော်လည်းကောင်း ခင်းစေ၍သော်လည်းကောင်း ဖဲသွားသော် ထိုအိပ်ရာနေရာကို မသိမ်းငြားအံ့၊ မသိမ်းစေငြားအံ့၊ မပန်ကြားမူ၍သော်လည်း ဖဲသွားငြားအံ့၊ (ထိုရဟန်းအား) ပါစိတ်အာပတ် သင့်၏" ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။**

## ၅-ဒုတိယသေနာသနသိက္ခာပုဒ် အဖွင့်

၁၁၆။ အကြင် ဟူသည် အကြင်သို့ သဘောရှိသော။ပ။

**ရဟန်း** ဟူသည် ။ပ။ ဤအရာ၌ ဤဥတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သူကို "ရဟန်း" ဟူ၍ အလိုရှိအပ်၏။

**သံဃိကကျောင်း** မည်သည် သံဃာအား ပေးလှူအပ် စွန့်လှူအပ်သော ကျောင်းတည်း။

**အိပ်ရာနေရာ** မည်သည် ဘုံလျှို ပုဆိုးအခင်း အပေါ်လွှမ်းအခင်း မြေအခင်း ဖျာကြမ်းအခင်း သားရေပိုင်းအခင်း နေရာထိုင် နိသီဒိုင်အခင်း အိပ်ရာအခင်း မြက်အခင်း သစ်ရွက်အခင်းတည်း။

**ခင်း၍** ဟူသည် ကိုယ်တိုင် ခင်း၍။

**ခင်းစေ၍** ဟူသည် သူတပါးကို ခင်းစေ၍။

**ဖဲသွားသော် ထိုအိပ်ရာ နေရာကို မသိမ်းငြားအံ့** ဟူသည် ကိုယ်တိုင် မသိမ်းငြားအံ့။

**မသိမ်းစေငြားအံ့** ဟူသည် သူတပါးကို မသိမ်းစေငြားအံ့။

**မပန်ကြားမူ၍သော်လည်း ဖဲသွားငြားအံ့** ဟူသည် ရဟန်းကိုသော်လည်းကောင်း သာမဏေကိုသော်လည်းကောင်း အရံစောင့်ကိုသော်လည်းကောင်း မပန်ကြားမူ၍ ဝင်းခြံရှိသော ကျောင်းအရံ၌ ဝင်းခြံကိုလွန်သော ရဟန်းအား ပါစိတ်အာပတ် သင့်၏။ ဝင်းခြံမရှိသော ကျောင်းအရံ၌ ကျောင်းဥပစာကို လွန်သော ရဟန်းအား ပါစိတ်အာပတ် သင့်၏။

သံဃိကပစ္စည်း၌ သံဃိကပစ္စည်း ဟု အမှတ်ရှိသည်ဖြစ်၍ အိပ်ရာနေရာကို ခင်း၍သော်လည်းကောင်း ခင်းစေ၍သော်လည်းကောင်း ဖဲသွားသော် ထိုအိပ်ရာ နေရာကို မသိမ်းငြားအံ့၊ မသိမ်းစေငြားအံ့၊ မပန်ကြားမူ၍သော်လည်း ဖဲသွားအံ့၊ ပါစိတ်အာပတ် သင့်၏။

http://www.dhammadownload.com



သံဃိကပစ္စည်း၌ ယုံမှားရှိသည်ဖြစ်၍ အိပ်ရာ နေရာကို ကိုယ်တိုင်ခင်း၍သော်၎င်း သူတပါးကို ခင်းစေ၍သော်၎င်း ဖဲသွားသော် ထိုအိပ်ရာနေရာကို မသိမ်းငြားအံ့၊ မသိမ်းစေငြားအံ့၊ မပန်ကြားမူ၍သော်လည်း ဖဲသွားအံ့၊ ပါစိတ်အာပတ် သင့်၏။

သံဃိကပစ္စည်း၌ ပုဂ္ဂလိက ပစ္စည်း ဟု အမှတ်ရှိသည် ဖြစ်၍ အိပ်ရာနေရာကို ကိုယ်တိုင်ခင်း၍ သော်၎င်း သူတပါးကို ခင်းစေ၍သော်၎င်း ဖဲသွားသော် ထိုအိပ်ရာနေရာကို မသိမ်းငြားအံ့၊ မသိမ်းစေ ငြားအံ့၊ မပန်ကြားမူ၍သော်လည်း ဖဲသွားအံ့၊ ပါစိတ်အာပတ် သင့်၏။

၁၁၇။ ကျောင်း၏ဥပစာ၌သော်၎င်း စည်းဝေးရာစရပ်၌သော်၎င်း မဏ္ဍပ်၌သော်၎င်း သစ်ပင် ရင်း၌သော်၎င်း အိပ်ရာနေရာကို ခင်း၍သော်၎င်း ခင်းစေ၍သော်၎င်း ဖဲသွားသော် ထိုအိပ်ရာ နေရာကို မသိမ်းငြားအံ့၊ မသိမ်းစေငြားအံ့၊ မပန်ကြားမူ၍သော်လည်း ဖဲသွားအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ကျောင်း၌သော်၎င်း ကျောင်း၏ဥပစာ၌သော်၎င်း စည်းဝေးရာ စရပ်၌သော်၎င်း မဏ္ဍပ်၌သော် ၎င်း သစ်ပင်ရင်း၌သော်၎င်း ညောင်စောင်း အင်းပျဉ်ကို ခင်း၍သော်၎င်း ခင်းစေ၍သော်၎င်း ဖဲသွား သော် ထိုညောင်စောင်း အင်းပျဉ်ကို မသိမ်းငြားအံ့၊ မသိမ်းစေငြားအံ့၊ မပန်ကြားမူ၍သော်လည်း ဖဲသွားအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ပုဂ္ဂလိကပစ္စည်း၌ သံဃိကပစ္စည်း ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ပုဂ္ဂလိကပစ္စည်း၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ပုဂ္ဂလိကပစ္စည်းကို ပုဂ္ဂလိကပစ္စည်း ဟု အမှတ်ရှိရာ၌ သူတပါး၏ ပုဂ္ဂလိက 'သူတပါးပိုင်' ပစ္စည်း ဖြစ်မူ ဒုက္ကဋ်အာပတ် သင့်၏။

မိမိ၏ ပုဂ္ဂလိက 'ကိုယ်ပိုင်' ပစ္စည်းဖြစ်မူ အာပတ် မသင့်။

၁၁၈။ သိမ်းဆည်း၍ဖဲသွားအံ့၊ သိမ်းဆည်းစေ၍ ဖဲသွားအံ့၊ ပန်ကြား၍ ဖဲသွားအံ့၊ တစုံတခု သော ဘေးရန်အနှောင့်အယှက်ရှိအံ့၊ (ယနေ့လာပြီး သိမ်းဆည်းအံ့ ဟု) ငဲ့ကွက်ခြင်းဖြင့်သွား၍ ထိုရောက်ရာအရပ်၌ (ခရီးဆက်လိုပြန်သဖြင့်) ရပ်လျက် (တစုံတယောက်ကို စေလွှတ်၍) ပန်ကြားအံ့၊ တစုံတရာသော ဘေးဥပဒ်အနှောင့်အယှက်ရှိအံ့ 'ပြန်မလာနိုင်အံ့'၊ ဘေးရန်ဥပဒ်ဖြစ်ပေါ်လာ သဖြင့် မရပ်သိမ်းပဲ သွားအံ့၊ အာပတ် မသင့်၊ ရူးသောရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းတို့ အားလည်း အာပတ် မသင့်။

ပဌမ ဒုတိယသေနာသနသိက္ခာပုဒ် ပြီး၏။

---

## ၂-ဘူတဂါမဝဂ် ၆-အနုပခဇ္ဇသိက္ခာပုဒ်

၁၁၉။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏အရံ ဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် မြတ်သော အိပ်ရာနေရာတို့ကို နှောင့်ယှက်ကုန်၏၊ မထေရ်ကြီးရဟန်းတို့ကို ထစေကုန်၏။ ထိုအခါ ဆဗ္ဗဂ္ဂီရဟန်း

http://www.dhammadownload.com



တို့အား "ငါတို့သည် အဘယ်သို့သော အကြောင်းဥပါယ်ဖြင့် ဤကျောင်း၌သာလျှင် ဝါတွင်း (သုံးလ) ပတ်လုံး နေရပါကုန်အံ့နည်း" ဟု အကြံဖြစ်၏။ ထို့နောက် ဆဗ္ဗဂ္ဂီရဟန်းတို့သည် "ကျဉ်းမြောင်း ကျပ်တည်းသော ရဟန်းသည် ဖဲသွားလတ္တံ့" ဟု မထေရ်ကြီးရဟန်းတို့ကို တိုးဝှေ့၍ အိပ်ကုန်၏။

အလိုနည်းသော ရဟန်းတို့သည် "အဘယ့်ကြောင့် ဆဗ္ဗဂ္ဂီရဟန်းတို့သည် မထေရ်ကြီး ရဟန်း တို့ကို တိုးဝှေ့၍ အိပ်ကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ထိုအခါ ထိုရဟန်းတို့သည် ဆဗ္ဗဂ္ဂီရဟန်းတို့ကို များစွာသော အကြောင်းဖြင့် ကဲ့ရဲ့ပြစ်တင်ကြပြီး လျှင် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ပ။

"ရဟန်းတို့ သင်တို့သည် မထေရ်ကြီးရဟန်းတို့ကို တိုးဝှေ့၍ အိပ်ကုန်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။

(မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ သင်တို့သည် အဘယ့်ကြောင့် မထေရ်ကြီး ရဟန်းတို့ကို တိုးဝှေ့၍ အိပ်ကုန်ဘိသနည်း။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ ဤ (သင်တို့ပြုမိသောအမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

၆၅။ ၁၆-၁၂၀။ "အကြင်ရဟန်းသည် သံဃိကကျောင်း၌ ရှေးဦးနေလင့်သော ရဟန်း ကို သိလျက် တိုးဝှေ့၍ 'အကြင်ရဟန်းအား ကျဉ်းမြောင်း ကျပ်တည်းလတ္တံ့၊ ထိုရဟန်းသည် ဖဲသွားလတ္တံ့' ဟု အကြောင်းတပါးမရှိပဲ ဖဲသွားစေလိုခြင်းကိုသာ အကြောင်းပြု၍ အိပ်ခြင်း ကို ပြုငြားအံ့၊ (ထိုရဟန်းအား) ပါစိတ်အာပတ် သင့်၏" ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော် မူ၏)။

## ၆-အနုပခဇ္ဇသိက္ခာပုဒ်အဖွင့်

**၁၂၁။ အကြင်** ဟူသည် အကြင်သို့ သဘောရှိသော။ပ။

**ရဟန်း** ဟူသည် ။ပ။ ဤအရာ၌ ဤဉတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သူကို "ရဟန်း" ဟူ၍ အလိုရှိအပ်၏။

**သံဃိကကျောင်း** မည်သည် သံဃာအား ပေးလှူအပ် စွန့်လှူအပ်သော ကျောင်းတည်း။

**သိ၏** မည်သည် သိတင်းကြီး 'သိက္ခာဝါကြီးသူ' ဟူ၍ သိ၏၊ သူနာဟူ၍ သိ၏၊ သံဃာသည် ပေးအပ်သည် ဟူ၍ သိ၏။

**တိုးဝှေ့၍** ဟူသည် အနီးသို့ တိုးဝင်၍။

**အိပ်ခြင်းကို ပြုငြားအံ့** ဟူသည် ညောင်စောင်း၏သော်၎င်း အင်းပျဉ်း၏သော်၎င်း ဝင်သော ရဟန်း၏သော်၎င်း ထွက်သော ရဟန်း၏သော်၎င်း အနီးဥပစာ၌ အိပ်ရာ နေရာကို ခင်းသော်

http://www.dhammadownload.com



ရှင်း ခင်းစေသော်ရှင်း ဒုက္ကဋ်အာပတ် သင့်၏။ ထိုင်မူလည်း ထိုင်ငြားအံ့၊ အိပ်မူလည်း အိပ်ငြားအံ့၊ ပါစိတ်အာပတ် သင့်၏။

**အကြောင်းတပါးမရှိပဲ ဖဲသွားစေလိုခြင်းကိုသာ အကြောင်းပြု၍** ဟူသည် တိုးဝှေ့၍ အိပ်ခြင်းငှါ တပါးသော အကြောင်းတစုံတရာမရှိ။

၁၂၂။ **သံဃိကကျောင်း၌** သံဃိကကျောင်း ဟု အမှတ်ရှိလျက် တိုးဝှေ့၍ အိပ်ငြားအံ့၊ ပါစိတ်အာပတ် သင့်၏။

သံဃိကကျောင်း၌ ယုံမှားရှိ၍ တိုးဝှေ့၍ အိပ်ငြားအံ့၊ ပါစိတ်အာပတ် သင့်၏။

သံဃိကကျောင်း၌ ပုဂ္ဂလိကကျောင်း ဟု အမှတ်ရှိလျက် တိုးဝှေ့၍ အိပ်ငြားအံ့၊ ပါစိတ်အာပတ် သင့်၏။

ညောင်စောင်း၏သော်ရှင်း အင်းပျဉ်၏သော်ရှင်း ဝင်သောရဟန်း၏သော်ရှင်း ထွက်သော ရဟန်း၏သော်ရှင်း အနီးဥပစာကို 'ပတ်ဝန်းကျင် တတောင့်ထွာကို' ထား၍ အိပ်ရာ နေရာကို ခင်းသော်ရှင်း ခင်းစေသော်ရှင်း၊ ဒုက္ကဋ်အာပတ် သင့်၏။ ထိုင်သော်ရှင်း အိပ်သော်ရှင်း၊ ဒုက္ကဋ်အာပတ် သင့်၏။

ကျောင်း၏ဥပစာ၌သော်ရှင်း စည်းဝေးရာ စရပ်၌သော်ရှင်း မဏ္ဍပ်၌သော်ရှင်း သစ်ပင်ရင်း၌သော်ရှင်း လွင်တီးခေါင်၌သော်ရှင်း အိပ်ရာ နေရာကို ခင်းသော်ရှင်း ခင်းစေသော်ရှင်း၊ ဒုက္ကဋ်အာပတ် သင့်၏။ ထိုင်သော်ရှင်း အိပ်သော်ရှင်း၊ ဒုက္ကဋ်အာပတ် သင့်၏။

ပုဂ္ဂလိကကျောင်း၌ သံဃိကကျောင်း ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ပုဂ္ဂလိကကျောင်း၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ပုဂ္ဂလိကကျောင်းကို ပုဂ္ဂလိကကျောင်း ဟု အမှတ်ရှိရာ၌ သူတပါး၏ ပုဂ္ဂလိကကျောင်းဖြစ်မူ ဒုက္ကဋ်အာပတ် သင့်၏။ မိမိ၏ ပုဂ္ဂလိကကျောင်းဖြစ်မူ အာပတ် မသင့်။

၁၂၃။ နာဖျား၍ ဝင်နေအံ့၊ အချမ်းအပူနှိပ်စက်၍ ဝင်နေအံ့၊ အာပတ် မသင့်။

ဘေးရန်များကြောင့် ဝင်နေသော ရဟန်း ရူးသော ရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်း တို့အားလည်း အာပတ် မသင့်။

ဆဋ္ဌ အနုပခဇ္ဇသိက္ခာပုဒ် ပြီး၏။

---

## ၂-တူတဂါမဝဂ် ၇-နိဿဂ္ဂိယသိက္ခာပုဒ်

၁၂၄။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံ ဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ သတ္တရသဝဂ္ဂီ ရဟန်းတို့သည် အစွန် အဖျားကျသော ကျောင်းကြီးတကျောင်းကို "ဤကျောင်းကြီး၌ ငါတို့သည် ဝါကပ်နေကုန်အံ့" ဟု ပြုပြင်ကုန်၏။

ဆဗ္ဗဂ္ဂီရဟန်းတို့သည် သတ္တရသဝဂ္ဂီ ရဟန်းတို့ ကျောင်းပြုပြင်သည်ကို မြင်၍ "ငါ့သျှင်တို့ ဤ သတ္တရသဝဂ္ဂီ ရဟန်းတို့သည် ကျောင်းကိုပြုပြင်ကုန်၏။ ယခု ထိုရဟန်းတို့ကို ထွက်သွားစေကုန်အံ့" ဟု

http://www.dhammadownload.com



ပြောဆိုကုန်၏။ အချို့သော ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် "ငါ့သျှင်တို့ ပြုပြင်၍ ပြီးသည်တိုင်အောင် ဆိုင်းငံ့ကုန်ဦးလော့၊ ပြုပြင်ပြီးမှ ထွက်သွားစေကုန်အံ့" ဟု ဆိုကုန်၏။

ထိုအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် သတ္တရသဝဂ္ဂီရဟန်းတို့ကို "ငါ့သျှင်တို့ ထွက်သွားကြလော့၊ ကျောင်းသည် ငါတို့အတွက် ဖြစ်၏"* ဟု ဆိုကုန်၏။

ငါ့သျှင်တို့ စောစောကပင် ပြောကြားသင့်သည် မဟုတ်ပါလော၊ ငါတို့သည်လည်း တပါးသော ကျောင်းကို ပြုပြင်နိုင်ကုန်ရာ၏ ဟု (ဆိုကုန်လတ်သော်)—

ငါ့သျှင်တို့ သံဃိက ကျောင်းမဟုတ်ပါလော ဟု (မေးကုန်၏)။

ငါ့သျှင်တို့ သံဃိကကျောင်း ဟုတ်ပေ၏ ဟု (ဆိုကုန်လတ်သော်)—

ငါ့သျှင်တို့ ထွက်သွားကြလော့၊ ကျောင်းသည် ငါတို့အတွက် ဖြစ်၏ဟု (ဆိုကြကုန်၏)။

ငါ့သျှင်တို့ ကျောင်းသည် ကြီးမား၏၊ သင်တို့လည်း နေကုန်လော့၊ ငါတို့လည်းနေကုန်အံ့ ဟု (ဆိုကြပြန်သော်)—

"ငါ့သျှင်တို့ ထွက်သွားကြလော့၊ ကျောင်းသည် ငါတို့အတွက်ဖြစ်၏"ဟု ဆို၍ အမျက်ထွက်ကာ နှလုံးမသာသဖြင့် လည်ပင်းကို ကိုင်ပြီးလျှင် နှင်ထုတ်ကုန်၏။ ထိုသတ္တရသဝဂ္ဂီ ရဟန်းတို့သည် နှင်ထုတ်ခံရသောကြောင့် ငိုယိုကုန်၏။

ရဟန်းတို့သည် "ငါ့သျှင်တို့ သင်တို့သည် အဘယ့်ကြောင့် ငိုယိုကုန်သနည်း" ဟု မေးကုန်၏။

ငါ့သျှင်တို့ ဤဆဗ္ဗဂ္ဂီရဟန်းတို့သည် အမျက်ထွက်ကာနှလုံးမသာသဖြင့် ငါတို့ကို သံဃိကကျောင်းမှ နှင်ထုတ်ကုန်၏ ဟု (ပြန်ပြောကုန်၏)။

အလိုနည်းသော ရဟန်းတို့သည် "အဘယ့်ကြောင့် ဆဗ္ဗဂ္ဂီရဟန်းတို့သည် အမျက်ထွက်ကာ နှလုံးမသာသဖြင့် ရဟန်းတို့ကို သံဃိကကျောင်းမှ နှင်ထုတ်ကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ထိုအခါ ထိုရဟန်းတို့သည် ဆဗ္ဗဂ္ဂီရဟန်းတို့ကို များစွာသော အကြောင်းဖြင့် ကဲ့ရဲ့ပြစ်တင်ကြပြီးလျှင် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ပ။

"ရဟန်းတို့ သင်တို့သည် အမျက်ထွက်ကာ နှလုံးမသာသဖြင့် ရဟန်းတို့ကို သံဃိကကျောင်းမှ နှင်ထုတ်ကုန်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။

(မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ သင်တို့သည် အဘယ့်ကြောင့် အမျက်ထွက်ကာ နှလုံးမသာသဖြင့် ရဟန်းတို့ကို သံဃိကကျောင်းမှ နှင်ထုတ်ကုန်ဘိသနည်း။ (မဂ်ဖိုလ်မှ) အချည်း

---

* ဥဒ္ဒေသာဝုဒေသာ အမှာက် ဝိဟာရေပါပုဏာတိ (ပါဠိတော်)။

http://www.dhammadownload.com



နီးဖြစ်သော ယောက်ျားတို့ ဤ (သင်တို့ပြုမိသောအမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

၆၆။ ၁၇-၁၂၅။ "အကြင်ရဟန်းသည် (တပါးသော) ရဟန်းကို အမျက်ထွက်ကာ နှလုံးမသာသဖြင့် သံဃိကကျောင်းမှ နှင်ထုတ်ငြားအံ့၊ နှင်ထုတ်စေငြားအံ့၊ (ထို ရဟန်းအား) ပါစိတ်အာပတ် သင့်၏" ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

## ၇-နိက္ကစုနသိက္ခာပုဒ် အဖွင့်

၁၂၆။ အကြင် ဟူသည် အကြင်သို့ သဘောရှိသော။ပ။

**ရဟန်း** ဟူသည်။ပ။ ဤအရာ၌ ဤဥတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သူကို "ရဟန်း" ဟူ၍ အလိုရှိအပ်၏။

**ရဟန်းကို** ဟူသည် (မိမိမှ) တပါးသော ရဟန်းကို။

**အမျက်ထွက်ကာ နှလုံးမသာသဖြင့်** ဟူသည် မမွေ့လျော်သည်ဖြစ်၍ ထိပါးလိုသော စိတ်ရှိသည်ဖြစ်၍ ငြောင့်ကဲ့သို့ ဖြစ်သောစိတ် ရှိသည်ဖြစ်၍။

**သံဃိကကျောင်း** မည်သည် သံဃာအား လှူအပ်စွန့်အပ်သော ကျောင်းတည်း။

**နှင်ထုတ်ငြားအံ့** ဟူသည် တိုက်ခန်းထည်း၌ လက်စသည်ကိုကိုင်၍ ကျောင်းဦးသို့ နှင်ထုတ်အံ့၊ ပါစိတ်အာပတ် **သင့်၏**။ ကျောင်းဦး၌ လက်စသည်ကိုကိုင်၍ အပသို့ နှင်ထုတ်အံ့၊ ပါစိတ်အာပတ် သင့်၏။ တကြိမ်သော လှုံ့လပယောဂဖြင့် တံခါးများစွာတို့ကိုလည်း လွန်စေအံ့၊ ပါစိတ်အာပတ် သင့်၏။

**နှင်ထုတ်စေငြားအံ့** ဟူသည် သူတပါးကို စေခိုင်းအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ တကြိမ်စေခိုင်းခြင်းဖြင့် တံခါးများစွာတို့ကိုလည်း လွန်စေအံ့၊ ပါစိတ်အာပတ် သင့်၏။

၁၂၇။ သံဃိကကျောင်း၌ သံဃိကကျောင်းဟု အမှတ်ရှိလျက် အမျက်ထွက်ကာ နှလုံးမသာသဖြင့် ကိုယ်တိုင် နှင်ထုတ်သော်ငြား သူတပါးကို နှင်ထုတ်စေသော်ငြား ပါစိတ်အာပတ် သင့်၏။

သံဃိကကျောင်း၌ ယုံမှားရှိလျက် အမျက်ထွက်ကာ နှလုံးမသာသဖြင့် ကိုယ်တိုင်နှင်ထုတ်သော်ငြား သူတပါးကို နှင်ထုတ်စေသော်ငြား၊ ပါစိတ်အာပတ် သင့်၏။

သံဃိကကျောင်း၌ ပုဂ္ဂလိက ကျောင်းဟု အမှတ်ရှိလျက် အမျက်ထွက်ကာ နှလုံးမသာသဖြင့် ကိုယ်တိုင် နှင်ထုတ်သော်ငြား သူတပါးကို နှင်ထုတ်စေသော်ငြား၊ ပါစိတ်အာပတ် သင့်၏။

ထိုရဟန်း၏ ပရိက္ခရာကို ကိုယ်တိုင်ဆွဲထုတ်သော်ငြား သူတပါးကို ဆွဲထုတ်စေသော်ငြား၊ ဒုက္ကဋ် အာပတ် သင့်၏။

ကျောင်း၏ ဥပစာမှသော်ငြား စည်းဝေးရာ စရပ်မှသော်ငြား မဏ္ဍပ်မှသော်ငြား သစ်ပင်ရင်းမှ သော်ငြား လွင်တီးခေါင်မှသော်ငြား နှင်ထုတ်သော်ငြား နှင်ထုတ်စေသော်ငြား၊ ဒုက္ကဋ်အာပတ် သင့်၏။

ထိုရဟန်း၏ ပရိက္ခရာကို ဆွဲထုတ်သော်ငြား ဆွဲထုတ်စေသော်ငြား၊ ဒုက္ကဋ်အာပတ် သင့်၏။

http://www.dhammadownload.com



ရဟန်းမဟုတ်သော လူသာမဏေကို ကျောင်းမှသော်၎င်း ကျောင်း၏ ဥပစာမှသော်၎င်း စည်းဝေးရာ စရပ်မှသော်၎င်း မဏ္ဍပ်မှသော်၎င်း သစ်ပင်ရင်းမှသော်၎င်း လွင်တီးခေါင်မှသော်၎င်း နှင်ထုတ်သော်၎င်း နှင်ထုတ်စေသော်၎င်း၊ ဒုက္ကဋ်အာပတ် သင့်၏။ ထိုရဟန်းမဟုတ်သူ၏ ပရိက္ခာရကို ဆွဲထုတ်သော်၎င်း ဆွဲထုတ်စေသော်၎င်း၊ ဒုက္ကဋ်အာပတ် သင့်၏။

ပုဂ္ဂလိကကျောင်း၌ သံဃိကကျောင်း ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ပုဂ္ဂလိကကျောင်း၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ပုဂ္ဂလိကကျောင်းကို ပုဂ္ဂလိကကျောင်း ဟု အမှတ်ရှိရာ၌ တပါးသော ရဟန်း၏ ပုဂ္ဂလိကကျောင်းဖြစ်မူ ဒုက္ကဋ်အာပတ် သင့်၏။ မိမိ၏ ကိုယ်ပိုင် ပုဂ္ဂလိကကျောင်းဖြစ်မူ အာပတ် မသင့်။

၁၂၈။ အလဇ္ဇီ 'မကောင်းမှုမှ မရှက်သော' ပုဂ္ဂိုလ်ကို နှင်ထုတ်သော်၎င်း နှင်ထုတ်စေသော်၎င်း၊ ထိုပုဂ္ဂိုလ်၏ ပရိက္ခာရကို ဆွဲထုတ်သော်၎င်း ဆွဲထုတ်စေသော်၎င်း၊ အာပတ် မသင့်၊ ရူးသောသူကို နှင်ထုတ်သော်၎င်း နှင်ထုတ်စေသော်၎င်း၊ ထိုရူးသူ၏ ပရိက္ခာရကို ဆွဲထုတ်သော်၎င်း ဆွဲထုတ်စေသော်၎င်း၊ အာပတ် မသင့်။

ရန်ဖြစ်တတ် ငြင်းခုံတတ် ဆန့်ကျင်ဘက်စကားကို ပြောတတ် စကားများတတ် သံဃာ၌ အဓိကရုဏ်းကို ပြုစေတတ်သော ရဟန်းကို နှင်ထုတ်သော်၎င်း နှင်ထုတ်စေသော်၎င်း ထိုရဟန်း၏ ပရိက္ခာရကို ဆွဲထုတ်သော်၎င်း ဆွဲထုတ်စေသော်၎င်း၊ အာပတ် မသင့်။

ဆရာဥပဇ္ဈာယ်၏ ဝတ်ကို ကောင်းစွာ မပြုကျင့်သော အနီးနေ 'အန္တေဝါသိက' တပည့်ကိုသော်၎င်း အတူနေ 'သဒ္ဓိဝိဟာရိက' တပည့်ကိုသော်၎င်း နှင်ထုတ်သော်၎င်း နှင်ထုတ်စေသော်၎င်း၊ ထိုရဟန်း၏ ပရိက္ခာရကို ဆွဲထုတ်သော်၎င်း ဆွဲထုတ်စေသော်၎င်း၊ အာပတ် မသင့်။

ရူးသောရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

သတ္တမ နိက္ကဍ္ဎနသိက္ခာပုဒ် ပြီး၏။

---

## ၂-ဘူတဂါမဝဂ် ၈-ဝေဟာသကုဋိသိက္ခာပုဒ်

၁၂၉။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ ရဟန်းနှစ်ပါးတို့သည် သံဃိကကျောင်း အထက်ဆင့်တွင် ပျဉ်မခင်း၍ ဟင်းလင်းအပြင်ရှိသော ကုဋိ၌ ရဟန်းတပါးသည် အောက်၌ နေ၍ ရဟန်းတပါးသည် အထက်၌ နေ၏။

အထက်၌နေသော ရဟန်းသည် အပေါင်၌ အခြေတပ်သော ညောင်စောင်းကို အဆောတလျင် ဖိ၍ ထိုင်၏၊ ညောင်စောင်း၏ ခြေသည် ကျွတ်ကျ၍ အောက်၌နေသော ရဟန်း၏ ဦးခေါင်းကို ထိခိုက်မိလေ၏၊ ထိုရဟန်းသည် ကျယ်လောင်စွာ ဟစ်အော်၏ 'ဖောက်ပြန်သော အသံကိုပြု၏'။ ရဟန်းတို့သည် ပြေးလာကုန်၍ "ငါ့ရှင် သင်သည် အဘယ့်ကြောင့် ကျယ်လောင်စွာ ဟစ်အော်ဘိသနည်း" ဟု မေးမြန်းကုန်၏။ ထိုအခါ ထိုရဟန်းသည် ရဟန်းတို့အား ဤအကြောင်းကို ပြောကြား၏။

http://www.dhammadownload.com



အလိုနည်းသော ရဟန်းတို့သည် "အဘယ့်ကြောင့် ရဟန်းသည် သံဃိကကျောင်းအထက်ဆင့်တွင် ပျဉ်မခင်း၍ ဟင်းလင်းအပြင်ရှိသော ကုဋိ၌ အပေါင်တွင် အခြေတပ်သော ညောင်စောင်းကို အဆောတလျှင် ဖိ၍ ထိုင်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ထိုအခါ ထိုရဟန်းတို့သည် ထိုရဟန်းကို များစွာသော အကြောင်းဖြင့် ကဲ့ရဲ့ပြစ်တင်ကြပြီးလျှင် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ပ။ "ရဟန်း သင်သည် သံဃိကကျောင်း အထက်ဆင့်တွင် ပျဉ်မခင်း၍ ဟင်းလင်းအပြင်ရှိသော ကုဋိ၌ အပေါင်တွင် အခြေတပ်သော ညောင်စောင်းကို အဆောတလျှင် ဖိ၍ ထိုင်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား အဘယ့်ကြောင့် သင်သည် သံဃိကကျောင်း အထက်ဆင့်တွင် ပျဉ်မခင်း၍ ဟင်းလင်းအပြင်ရှိသော ကုဋိ၌ အပေါင်တွင် အခြေတပ်သော ညောင်စောင်းကို အဆောတလျှင် ဖိ၍ ထိုင်ဘိသနည်း။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား ဤ(သင်ပြုမိသောအမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ မဟုတ်။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

၆၇။ ၁၈-၁၃၀။ **"အကြင် ရဟန်းသည် သံဃိကကျောင်း အထက် ဆင့်တွင် ပျဉ်မခင်း၍ ဟင်းလင်းအပြင်ရှိသော ကုဋိ၌ အပေါင်တွင် အခြေတပ်သော ညောင်စောင်း ကိုသော်၎င်း အင်းပျဉ်ကိုသော်၎င်း ဖိ၍မူလည်း ထိုင်ငြားအံ့၊ ဖိ၍မူလည်း အိပ်ငြားအံ့၊ (ထိုရဟန်းအား) ပါစိတ်အာပတ် သင့်၏"** ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

## ၈-ဝေဟာသကုဋိသိက္ခာပုဒ် အဖွင့်

၁၃၁။ အကြင် ဟူသည် အကြင်သို့ သဘောရှိသော။ပ။

**ရဟန်း** ဟူသည်။ပ။ ဤအရာ၌ ဤဥတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သူကို "ရဟန်း" ဟူ၍ အလိုရှိအပ်၏။

**သံဃိကကျောင်း** မည်သည် သံဃာအား ပေးလှူအပ် စွန့်လှူအပ်သော ကျောင်းတည်း။

**ဟင်းလင်းအပြင်ရှိသောကုဋိ** မည်သည် အလတ်ဖြစ်သော ယောကျ်ား 'မဇ္ဈိမပုရိသ'၏ ဦးခေါင်း မထိသော ကုဋိတည်း။

**အပေါင်တွင် အခြေတပ်သော ညောင်စောင်း** မည်သည် အပေါင်၌ ထွင်းဖောက်၍ တည်၏။

**အပေါင်တွင် အခြေတပ်သော အင်းပျဉ်** မည်သည် အပေါင်၌ ထွင်းဖောက်၍ တည်၏။

**ဖိ၍ ထိုင်ငြားအံ့** ဟူသည် ထိုညောင်စောင်းကို ဖိ၍ ထိုင်အံ့၊ ပါစိတ်အာပတ် သင့်၏။

**ဖိ၍ အိပ်ငြားအံ့** ဟူသည် ထိုညောင်စောင်းကို ဖိ၍ အိပ်ငြားအံ့၊ ပါစိတ်အာပတ် သင့်၏။

၁၃၂။ သံဃိကကျောင်း၌ သံဃိကကျောင်းဟု အမှတ်ရှိသည်ဖြစ်၍ အထက်ဆင့်တွင် ပျဉ်မခင်း၍ ဟင်းလင်းအပြင်ရှိသော ကုဋိ၌ အပေါင်တွင် အခြေတပ်သော ညောင်စောင်းကိုသော်၎င်း အင်းပျဉ်ကိုသော်၎င်း ဖိ၍ သော်လည်း ထိုင်အံ့၊ ဖိ၍သော်လည်းအိပ်အံ့၊ ပါစိတ်အာပတ် သင့်၏။

http://www.dhammadownload.com



သံဃိကကျောင်း၌ ယုံမှားရှိအံ့။ပ။ သံဃိကကျောင်း၌ ပုဂ္ဂလိကကျောင်း ဟု အမှတ်ရှိသည် ဖြစ်၍ အထက်ဆင့်တွင် ပျဉ်မခင်း၍ ဟင်းလင်းအပြင်ရှိသော ကုဋိ၌ အပေါင်တွင် အခြေတပ်သော ညောင်စောင်းကိုသော်ရင်း အင်းပျဉ်ကိုသော်ရင်း ဖိ၍သော်လည်းထိုင်အံ့၊ ဖိ၍သော်လည်း အိပ်အံ့၊ ပါစိတ်အာပတ် သင့်၏။

ပုဂ္ဂလိကကျောင်း၌ သံဃိကကျောင်း ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ပုဂ္ဂလိကကျောင်း၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ပုဂ္ဂလိကကျောင်း၌ ပုဂ္ဂလိကကျောင်း ဟု အမှတ်ရှိရာ၌ တပါးသော ရဟန်း၏ ပုဂ္ဂလိကကျောင်း ဖြစ်မူ ဒုက္ကဋ်အာပတ် သင့်၏။ မိမိ၏ ပုဂ္ဂလိကကျောင်း ဖြစ်မူ အာပတ် မသင့်။

၁၃၃။ အထက်ဆင့်တွင် ပျဉ်ခင်း၍ ဟင်းလင်းအပြင် မရှိသော ကုဋိ၌သော်ရင်း အလတ် ဖြစ်သော ယောကျာ်း 'မဇ္ဈိမပုရိသ' ၏ ဦးခေါင်းမလွတ် ထိခိုက်နိုင်သော ကုဋိ၌သော်ရင်း အာပတ် မသင့်၊ အောက်ဆင့် 'အောက်ထပ်' ၌ မသုံးဆောင်အံ့၊ ပျဉ်ချပ်စီခင်းထားအံ့၊ စို့ မယ်နန့်ထားအံ့၊ ထိုညောင်စောင်း အင်းပျဉ်၌ ရပ်လျက် (တစုံတခုကို) ယူသော်ရင်း ဆွဲချိတ်သော်ရင်း အာပတ် မသင့်၊ ရူးသောရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

အဋ္ဌမ-ဝေဟာသကုဋိသိက္ခာပုဒ် ပြီး၏။

---

## ၂-ဘူတဂါမဝဂ် ၉-မဟလ္လကဝိဟာရသိက္ခာပုဒ်

၁၃၄။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း၌ သီတင်းသုံး-နေတော်မူသောအခါ အသျှင်ဆန္န၏ အလုပ်အကျွေးဖြစ်သော အမတ်ကြီးသည် အသျှင် ဆန္န၏ကျောင်းကို ဆောက်လုပ်စေ၏။ ထိုအခါ အသျှင်ဆန္နသည် ပြုလုပ်ပြီးဖြစ်သော ကျောင်းကို အထပ်ထပ်မိုးစေ၍ အထပ်ထပ် လိမ်းကျံစေ၍ ကျောင်းသည် အလွန်လေးလံသောကြောင့် ပြိုကျ လေ၏။

ထိုအခါ အသျှင်ဆန္နသည် မြက်ကိုရင်း သစ်ကိုရင်း စုရုံးသော် ပုဏ္ဏားတယောက်၏ မုယော ခင်းသည် ပျက်စီး၏။ ထိုအခါ ထို ပုဏ္ဏားသည် "အဘယ့်ကြောင့် အသျှင်ကောင်းတို့သည် ငါ၏ မုယောခင်းကို ဖျက်ဆီးကုန်ဘိသနည်း" ဟု ကဲ့ရဲ့၏၊ ရှုတ်ချ၏၊ အပြစ်ပြ ပြောဆို၏။

ရဟန်းတို့သည် ကဲ့ရဲ့ရှုတ်ချ အပြစ်ပြပြောဆိုသော ထိုပုဏ္ဏား၏ စကားကို ကြားကြသည်သာ တည်း။

အလိုနည်းသော ရဟန်းတို့သည် "အဘယ့်ကြောင့် အသျှင်ဆန္နသည် ဆောက်လုပ်ပြီးဖြစ်သော ကျောင်းကို အထပ်ထပ် မိုးစေဘိသနည်း၊ အထပ်ထပ် လိမ်းကျံစေဘိသနည်း၊ ကျောင်းသည် အလွန် လေးလံသောကြောင့် ပြိုကျ၏" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ထိုအခါ ထိုရဟန်းတို့သည် အသျှင်ဆန္နကို များစွာသော အကြောင်းဖြင့် ကဲ့ရဲ့ပြစ်တင်ကြပြီး လျှင် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ပ။

http://www.dhammadownload.com



"ဆန္န သင်သည် ဆောက်လုပ်ပြီးဖြစ်သော ကျောင်းကို အထပ်ထပ် မိုးစေ၏၊ အထပ်ထပ် လိမ်းကျံစေ၏၊ ကျောင်းသည် အလွန်လေးလံသောကြောင့် ပြိုကျ၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ (မင်ဖိုလ်မှ) အချည်းနှီးဖြစ်သောယောကျ်ား အဘယ့်ကြောင့် သင်သည် ဆောက်လုပ်ပြီး ဖြစ်သော ကျောင်းကို အထပ်ထပ် မိုးစေဘိသနည်း၊ အထပ်ထပ် လိမ်းကျံစေဘိသနည်း၊ ကျောင်းသည် လေးလံသောကြောင့် ပြိုကျ၏။ (မင်ဖိုလ်မှ) အချည်းနှီးဖြစ်သောယောကျ်ား ဤ (သင်ပြုမိသောအမှု) သည် မကြည်ညိုသေးသောသူတို့အား ကြည်ညိုစေခြင်းငှါရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

၆၈။ ၁၉-၁၃၅။ **"ကြီးသောကျောင်းကို ဆောက်လုပ်စေလိုသော ရဟန်းသည် တံခါး အိမ်တိုင်အောင် တံခါးရွက်ကို ထားခြင်းငှါရင်း တံခါးပေါင်နှင့် တံခါးရွက်ကို မတုန်လှုပ် စေခြင်းငှါရင်း လေသာတံခါးရွက်ကို အပြေအပြစ်ပြုခြင်းငှါရင်း အထပ်ထပ် လိမ်းကျံ အပ်၏၊ အထပ်ထပ်လိမ်းကျံစေအပ်၏၊ အမိုးနှစ်ထပ်သုံးထပ် 'နှစ်စဉ်သုံးစဉ်' မိုးခြင်းကို စိမ်းသောကောက်ပဲ မရှိရာ အရပ်၌ ရပ်၍ စီရင်အပ်၏၊ ထို နှစ်ထပ်သုံးထပ် မိုးခြင်းထက် အလွန်စိမ်းသော ကောက်ပဲမရှိရာ အရပ်၌လည်း ရပ်၍စီရင်ငြားအံ့၊ (ထိုရဟန်းအား) ပါစိတ် အာပတ် သင့်၏"** ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

## ၆-မဟလ္လကဝိဟာရသိက္ခာပုဒ် အဖွင့်

၁၃၆။ **ကြီးသောကျောင်း** မည်သည် ဆောက်လုပ်သူ ဒါယကာရှိသော ကျောင်းကို ဆိုအပ်၏။

**ကျောင်း** မည်သည် အတွင်း၌ လိမ်းကျံအပ်သော ကျောင်းသည်သော်ရင်း အပ၌ လိမ်းကျံအပ်သော ကျောင်းသည်သော်ရင်း အတွင်းအပ၌ လိမ်းကျံအပ်သော ကျောင်းသည်သော်ရင်းတည်း။

**ဆောက်လုပ်စေလိုသော** ဟူသည် ဆောက်လုပ်သော်ရင်း ဆောက်လုပ်စေသော်ရင်း။

**တံခါးအိမ်တိုင်အောင်** ဟူသည် တံခါးပေါင်၏ ထက်ဝန်းကျင်မှ နှစ်တောင့်ထွာ ဟတ္ထပါသ် တိုင်အောင်။

**တံခါးရွက်ကိုထားခြင်းငှါ** ဟူသည် တံခါးရွက်နှင့်တကွ တံခါးဖွဲ့ကို ထားခြင်းငှါ 'တံခါးရွက်နှင့် တကွ တံခါးဖွဲ့၏ မတုန်မလှုပ်စေခြင်းငှါ'။

**လေသာတံခါးရွက်ကို အပြေအပြစ်ပြုခြင်း** ဟူသည် လေသာ တံခါးရွက်ကို အပြေအပြစ်ပြုခြင်း ငှါ ဖြူသောအဆင်း မည်းသောအဆင်း ဂွေနီဖြင့် အပြေအပြစ်ပြုခြင်း ခြူးပန်း ခြူးနွယ် မကန်းသွား လက်ငါးချောင်းရာ ပြုလုပ်ခြင်းတို့တည်း။

**အမိုးနှစ်ထပ် သုံးထပ် မိုးခြင်းကို စိမ်းသောကောက်ပဲ မရှိရာအရပ်၌ ရပ်၍ စီရင်အပ်၏** ဟူရာ၌ စိမ်းသောကောက်ပဲ မည်သည် စပါးမျိုး ပဲမျိုးတည်း၊ စိမ်းသော ကောက်ပဲရှိသော အရပ်၌ ရပ်လျက် စီရင်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

http://www.dhammadownload.com



ဖြောင့်သော အကြောင်းဖြင့် မိုးသော ရဟန်းအား အကြောင်းနှစ်ခုတို့ကို စီရင်၍ သုံးခုမြောက် အကြောင်းကို (ဤသို့ပြုလော့ ဟု) စေခိုင်း၍ ဖဲသွားအပ်၏။ ဝန်းဝိုင်းသော အစဉ် 'အထပ်'ဖြင့် မိုးသော ရဟန်းအား ဝန်းဝိုင်းသော အစဉ် 'အထပ်' နှစ်ခုတို့ကို စီရင်၍ သုံးခုမြောက် ဝန်းဝိုင်းသောအစဉ် 'အထပ်' ကို (ဤသို့ပြုလော့ ဟု) စေခိုင်း၍ ဖဲသွားအပ်၏။

၁၃၇။ **ထိုနှစ်ထပ်သုံးထပ် မိုးခြင်းထက် အလွန်စိမ်းသော ကောက်ပဲမရှိရာအရပ်၌လည်း ရပ်၍ စီရင်ငြားအံ့** ဟူသည် အုတ်ဖြင့် မိုးသော ရဟန်းအား အုတ်ချပ်တိုင်း အုတ်ချပ်တိုင်း ပါစိတ်အာပတ် သင့်၏။ ကျောက်ဖြင့်မိုးသော ရဟန်းအား ကျောက်ချပ်တိုင်း ကျောက်ချပ်တိုင်း ပါစိတ်အာပတ် သင့်၏။ အင်္ဂတေဖြင့် မိုးသော ရဟန်းအား အင်္ဂတေ အစိုင်အခဲတိုင်း အစိုင်အခဲတိုင်း ပါစိတ်အာပတ် သင့်၏။ မြက်ဖြင့်မိုးသော ရဟန်းအား မြက်ဆုပ်တိုင်း မြက်ဆုပ်တိုင်း ပါစိတ်အာပတ် သင့်၏။ သစ်ရွက်ဖြင့်မိုးသော ရဟန်းအား သစ်ရွက်တိုင်း သစ်ရွက်တိုင်း ပါစိတ်အာပတ် သင့်၏။

နှစ်ထပ်သုံးထပ် လွန်ရာ၌ လွန်၏ ဟု အမှတ်ရှိသည်ဖြစ်၍ စီရင်အံ့၊ ပါစိတ်အာပတ် သင့်၏။ နှစ်ထပ် သုံးထပ်ထက် လွန်ရာ၌ ယုံမှားရှိသည်ဖြစ်၍ စီရင်အံ့၊ ပါစိတ်အာပတ် သင့်၏။ နှစ်ထပ် သုံးထပ်ထက်လွန်ရာ၌ ယုတ်လျော့၏ ဟု အမှတ်ရှိသည်ဖြစ်၍ စီရင်အံ့၊ ပါစိတ်အာပတ် သင့်၏။

နှစ်ထပ်သုံးထပ်အောက် ယုတ်ရာ၌ လွန်၏ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ နှစ်ထပ် သုံးထပ်အောက် ယုတ်ရာ၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ နှစ်ထပ်သုံးထပ်အောက် ယုတ်ရာ၌ ယုတ်၏ဟု အမှတ်ရှိအံ့၊ အာပတ် မသင့်။

၁၃၈။ နှစ်ထပ်သုံးထပ် မိုးခြင်း၌ နှစ်ထပ်သုံးထပ်အောက် ယုတ်၍ မိုးခြင်း၌ လိုဏ်၌ ဂူ၌ မြက်မိုး ကျောင်း၌ အာပတ် မသင့်၊ သူတပါးအကျိုးငှါ ပြုသော ရဟန်း မိမိဥစ္စာဖြင့်ပြုသော ရဟန်းအား အာပတ် မသင့်၊ နေစရာကျောင်းကိုဖယ်ထား၍ အလုံးစုံသော ဥပုသ်အိမ် စသည်၌ အာပတ် မသင့်၊ ရူးသောရဟန်း အစလက်ဦး လွန်ကျူးသောရဟန်းတို့အားလည်း အာပတ် မသင့်။

နဝမ မဟလ္လကဝိဟာရသိက္ခာပုဒ် ပြီး၏။

---

## ၂-ဘူတဂါမဝဂ် ၁၀-သပ္ပါဏကသိက္ခာပုဒ်

၁၃၉။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် အာဠဝီပြည် အဂ္ဂါဠဝစေတီ၌ သီတင်းသုံး နေတော်မူသောအခါ အာဠဝီပြည်သား ရဟန်းတို့သည် အမှုသစ်ကို ပြုလုပ်ကုန်သော် သိလျက် ပိုး ရှိသော ရေကို မြက်၌သော်ရင်း မြေ၌သော်ရင်း သွန်းလည်း သွန်းလောင်းကုန်၏၊ သွန်းလောင်းမှု လည်း သွန်းလောင်းစေကုန်၏။

အလိုနည်းသော ရဟန်းတို့သည် "အဘယ့်ကြောင့် အာဠဝီပြည်သား ရဟန်းတို့သည် သိလျက် ပိုးရှိသောရေကို မြက်၌သော်ရင်း မြေ၌သော်ရင်း သွန်းလောင်းလည်း သွန်းလောင်းကုန်ဘိသနည်း၊ သွန်းလောင်းမှုလည်း သွန်းလောင်းစေကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

http://www.dhammadownload.com



ထိုအခါ ထိုရဟန်းတို့သည် အာဠဝီပြည်သား ရဟန်းတို့ကို များစွာသော အကြောင်းဖြင့် ကဲ့ရဲ့ ပြစ်တင်ကြပြီးလျှင် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ပ။ "ရဟန်းတို့ သင်တို့သည် သိလျက် ပိုးရှိသောရေကို မြက်၌သော်ရင်း မြေ၌သော်ရင်း သွန်းလောင်းကုန်၏၊ သွန်းလောင်းစေကုန်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။

(မင်ဖိုလ်မှ) အချည်းနှီး ဖြစ်သော ယောကျ်ားတို့ သင်တို့သည် အဘယ့်ကြောင့် သိလျက် ပိုးရှိသော ရေကို မြက်၌သော်ရင်း မြေ၌သော်ရင်း သွန်းလောင်းလည်း သွန်းလောင်းကုန်ဘိသနည်း၊ သွန်းလောင်းမူလည်း သွန်းလောင်းစေကုန်ဘိသနည်း။ (မင်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ ဤ(သင်တို့ပြုမိသောအမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ ရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

၆၉။ ၂၀–၁၄၀။ **"အကြင် ရဟန်းသည် သိလျက် ပိုးရှိသော ရေကို မြက်၌သော်ရင်း မြေ၌သော်ရင်း သွန်းလောင်းလည်း သွန်းလောင်းငြားအံ့၊ သွန်းလောင်းမူလည်း သွန်းလောင်းစေငြားအံ့၊ (ထိုရဟန်းအား) ပါစိတ်အာပတ် သင့်၏"** ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

### ၁၀–သပ္ပါဏကသိက္ခာပုဒ် အဖွင့်

၁၄၁။ **အကြင်** ဟူသည် အကြင်သို့ သဘောရှိသော။ပ။

**ရဟန်း** ဟူသည်။ပ။ ဤအရာ၌ ဤဉတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သူကို "ရဟန်း" ဟူ၍ အလိုရှိအပ်၏။

**သိ၏** မည်သည် ကိုယ်တိုင်သော်လည်း သိ၏၊ သူတပါးတို့သည်လည်း ထိုရဟန်းအား ပြောကြားကုန်၏။

**သွန်းလောင်းငြားအံ့** ဟူသည် ကိုယ်တိုင် သွန်းလောင်းအံ့၊ ပါစိတ်အာပတ် သင့်၏။

**သွန်းလောင်းစေငြားအံ့** ဟူသည် သူတပါးကို စေခိုင်းအံ့၊ ပါစိတ်အာပတ် သင့်၏။

တကြိမ်စေခိုင်း၍ များစွာလည်း သွန်းလောင်းအံ့၊ ပါစိတ်အာပတ် သင့်၏။

၁၄၂။ ပိုးရှိသော ရေကို ပိုးရှိသော ရေဟု အမှတ်ရှိသည်ဖြစ်၍ မြက်၌သော်ရင်း မြေ၌သော်ရင်း သွန်းလောင်းလည်း သွန်းလောင်းအံ့၊ သွန်းလောင်းမူလည်း သွန်းလောင်းစေအံ့၊ ပါစိတ်အာပတ် သင့်၏။

ပိုးရှိသော ရေ၌ ယုံမှားရှိသည်ဖြစ်၍ မြက်၌သော်ရင်း မြေ၌သော်ရင်း သွန်းလောင်းလည်း သွန်းလောင်းအံ့၊ သွန်းလောင်းမူလည်း သွန်းလောင်းစေအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ပိုးရှိသော ရေကို ပိုးမရှိသောရေ ဟု မှတ်ထင်၍ မြက်၌သော်ရင်း မြေ၌သော်ရင်း သွန်းလောင်းလည်း သွန်းလောင်းအံ့၊ သွန်းလောင်းမူလည်း သွန်းလောင်းစေအံ့၊ အာပတ် မသင့်။

http://www.dhammadownload.com



ပိုးမရှိသော ရေကို ပိုးရှိသော ရေဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ပိုးမရှိသော ရေ၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ပိုးမရှိသော ရေကို ပိုးမရှိသော ရေ ဟု အမှတ်ရှိအံ့၊ အာပတ် မသင့်။

၁၄၃။ သေစေလိုသော စေတနာ မရှိပဲ သွန်းလောင်းသော ရဟန်း သတိမေ့လျော့၍ သွန်းလောင်းသော ရဟန်း မသိသော ရဟန်း ရူးသောရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းတို့ အားလည်း အာပတ် မသင့်။

ဒသမ သပ္ပါဏကသိက္ခာပုဒ် ပြီး၏။

ဒုတိယ ဘူတဂါမဝဂ် ပြီး၏။

## ထို ဘူတဂါမဝဂ်၏ အကျဉ်းချုပ်

အညဝါဒကသိက္ခာပုဒ်နှင့်တကွ ဘူတဂါမသိက္ခာပုဒ်၊ ဥဇ္ဈာပနကသိက္ခာပုဒ်၊ အခင်းတို့ကို မသိမ်းပဲ ဖဲသွားသော ပဌမသေနာသန ဒုတိယသေနာသန သိက္ခာပုဒ်နှစ်ပါး၊ ရှေးဦးနေ ရဟန်းကို တိုးဝှေ့ နေသော အနုပခဇ္ဇသိက္ခာပုဒ်၊ နှင်ထုတ်သော နိက္ကဍ္ဎနသိက္ခာပုဒ်၊ အပေါ်ထပ်တွင် အခြေစွပ်သော ညောင်စောင်း၌ ဖိထိုင်သော ဝေဟာသကုဋိသိက္ခာပုဒ်၊ သပ္ပါဏကသိက္ခာပုဒ်နှင့်တကွ တံခါးခုံတိုင် အောင် လိမ်းကျံသော မဟလ္လကဝိဟာရသိက္ခာပုဒ်၊ ဤကား အကျဉ်းချုပ်တည်း။

---

## ၃-ဩဝါဒဝဂ် ၁-ဩဝါဒသိက္ခာပုဒ်

၁၄၄။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံ ဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသော အခါ မထေရ်ကြီးဖြစ်ကုန်သော ရဟန်း တို့သည် ရဟန်းမိန်းမတို့ကို ဆုံးမကုန်သည်ရှိသော် သင်္ကန်း ဆွမ်း ကျောင်း အိပ်ရာ နေရာ သူနာ၏ အထောက်အပံ့ ဆေးအသုံးအဆောင်တို့ကို ရကုန်၏။

ထိုအခါ ဆဗ္ဗဂ္ဂီရဟန်းတို့အား "ငါ့သျှင်တို့ ယခုအခါ၌ မထေရ်ကြီးဖြစ်ကုန်သော ရဟန်းတို့သည် ရဟန်းမိန်းမတို့ကို ဆုံးမကုန်သည်ရှိသော် သင်္ကန်း ဆွမ်း ကျောင်း အိပ်ရာ နေရာ သူနာ၏ အထောက် အပံ့ ဆေး အသုံးအဆောင်တို့ကို ရကုန်၏၊ ငါ့သျှင်တို့ ယခုအခါ ငါတို့သည်လည်း ရဟန်းမိန်းမတို့ကို ဆုံးမကုန်အံ့" ဟု အကြံဖြစ်၏။

ထိုအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ရဟန်းမိန်းမတို့ထံသို့ ချဉ်းကပ်၍ "နှမတို့ ငါတို့ထံသို့လည်း ချဉ်း ကပ်ကုန်လော့၊ ငါတို့သည်လည်း ဆုံးမကုန်အံ့" ဟု ဆိုကုန်၏။ ထိုအခါ ထိုရဟန်းမိန်းမတို့သည် ဆဗ္ဗဂ္ဂီ ရဟန်းတို့ထံသို့ ချဉ်းကပ်ကုန်၍ ဆဗ္ဗဂ္ဂီရဟန်းတို့ကို ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်နေကုန်၏။ ထိုအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ရဟန်းမိန်းမတို့အား အနည်းငယ်မျှသာ ဖြစ်သော တရားစကားကို ပြောကြား၍ တနေ့ပတ်လုံး မင်္ဂဖိုလ်မှ ဖီလာဖြစ်သော စကားတို့ဖြင့် (အချိန်ကို) ကုန်လွန်စေလျက် "နှမတို့ သွားကုန်လော့" ဟု ဆို၍ လွှတ်လိုက်ကုန်၏။

http://www.dhammadownload.com



ထိုအခါ ထိုရဟန်းမိန်းမတို့သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ကုန်၍ မြတ်စွာဘုရားကို ရှိခိုး ပြီးလျှင် တခုသော နေရာ၌ တည်နေကုန်၏။ မြတ်စွာဘုရားသည် တခုသော နေရာ၌ တည်နေကုန်သော ထိုရဟန်းမိန်းမတို့အား "ရဟန်းမိန်းမတို့ အဆုံးအမ ဩဝါဒသည် ပြည့်စုံပြီ မဟုတ်လော" ဟု မိန့်တော်မူ၏။

အသျှင်ဘုရား အဘယ်မှာလျှင် အဆုံးအမ ဩဝါဒသည် ပြည့်စုံနိုင်ပါအံ့နည်း၊ အသျှင်ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် အနည်းငယ်မျှသာလျှင် ဖြစ်သော တရားစကားကို ဟောကြား၍ တနေ့ပတ်လုံး မင်္ဂဖိုလ်မှ ဖီလာဖြစ်သော စကားတို့ဖြင့် (အချိန်ကို) ကုန်လွန်စေ၍ လွှတ်လိုက်ကုန်၏ ဟု (လျှောက် ကုန်၏)။

ထိုအခါ မြတ်စွာဘုရားသည် ထိုရဟန်းမိန်းမတို့အား တရားစကားဖြင့် (အကျိုးစီးပွါးကို) သိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန်ရွှင်လန်းစေတော် မူ၏။ ထိုအခါ ထိုရဟန်းမိန်းမတို့သည် မြတ်စွာဘုရားက တရားစကားဖြင့် (အကျိုးစီးပွါးကို) သိမြင် စေလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန်ရွှင်လန်းစေပြီးသော် မြတ်စွာဘုရားကို ရှိခိုး၍ အရှိအသေပြုကာ ဖဲခွါသွားကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် ရဟန်းအပေါင်းကို စည်းဝေးစေ၍ ဆဗ္ဗဂ္ဂီရဟန်းတို့ကို—

"ရဟန်းတို့ သင်တို့သည် ရဟန်းမိန်းမတို့အား အနည်းငယ်မျှသာလျှင် ဖြစ်သော တရားစကား ကို ဟောကြား၍ တနေ့ပတ်လုံး မင်္ဂဖိုလ်မှ ဖီလာဖြစ်သော စကားဖြင့် (အချိန်ကို) ကုန်လွန်စေလျက် လွှတ်လိုက်ကုန်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ (မင်္ဂဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ သင်တို့သည် အဘယ့်ကြောင့် ရဟန်းမိန်းမတို့အား အနည်းငယ်မျှသာလျှင် ဖြစ်သော တရားစကားကို ဟောကြား၍ တနေ့ပတ်လုံး မင်္ဂဖိုလ်မှ ဖီလာဖြစ်သော စကားဖြင့် (အချိန်ကို) ကုန်လွန်စေ၍ လွှတ်လိုက်ကုန်ဘိသနည်း။ (မင်္ဂဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ ဤ (သင်တို့ ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ မဖြစ်နိုင်။ပ။ ကဲ့ရဲ့တော်မူ၍ တရားစကားကို ဟောကြားတော်မူပြီးလျှင် ရဟန်းတို့ကို—

"ရဟန်းတို့ ရဟန်းမိန်းမတို့အား ဆုံးမတတ်သော ရဟန်းကို သမုတ်ခြင်းငှါ ခွင့်ပြုတော်မူ၏" ဟု မိန့်တော်မူ၏။ ရဟန်းတို့ ဤသို့ သမုတ်အပ်၏၊ ရှေးဦးစွာ ရဟန်းကို တောင်းပန်အပ်၏၊ တောင်း ပန်ပြီးနောက် ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေအပ်၏။

၁၄၅။ "အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ သံဃာ အား လျှောက်ပတ်သော အခါရှိသော် ကံသည် အကယ်၍ ဖြစ်ငြားအံ့၊ သံဃာသည် ဤမည် သော ရဟန်းကို ရဟန်းမိန်းမတို့အား ဆုံးမတတ်သော ရဟန်း ဟု သမုတ်ရာ၏၊ ဤကား သိစေခြင်းတည်း။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ သံဃာသည် ဤမည်သော ရဟန်းကို ရဟန်းမိန်းမတို့အား ဆုံးမတတ်သော ရဟန်း ဟု သမုတ်၏၊ ဤမည်

http://www.dhammadownload.com



သော ရဟန်းကို ရဟန်းမိန်းမတို့အား ဆုံးမတတ်သော ရဟန်း ဟု သမုတ်ခြင်းကို အကြင် အသျှင်အား နှစ်သက်ခြင်း ရှိ၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင်အသျှင်အား နှစ်သက်ခြင်းမရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

နှစ်ကြိမ်မြောက်လည်း ဤအကြောင်းကို ပြောဆိုပါ၏။ပ။ သုံးကြိမ်မြောက်လည်း ဤအကြောင်းကို ပြောဆိုပါ၏၊ အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ သံဃာသည် ဤမည်သော ရဟန်းကို ရဟန်းမိန်းမတို့အား ဆုံးမတတ်သော ရဟန်း ဟု သမုတ်၏။

ဤမည်သော ရဟန်းကို ရဟန်းမိန်းမတို့အား ဆုံးမတတ်သော ရဟန်း ဟု သမုတ်ခြင်းကို အကြင်အသျှင်အား နှစ်သက်ခြင်းရှိ၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင်အသျှင် အား နှစ်သက်ခြင်းမရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

သံဃာသည် ဤမည်သော ရဟန်းကို ရဟန်းမိန်းမတို့အား ဆုံးမတတ်သော ရဟန်း ဟု သမုတ်၏၊ သံဃာအား နှစ်သက်ခြင်းရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေ သဖြင့် ဤနှစ်သက်သည့်အဖြစ်ကို သိမှတ်ရပါသည်" ဟု (သိစေရမည်)။

ထိုအခါ မြတ်စွာဘုရားသည် ဆဗ္ဗဂ္ဂီရဟန်းတို့ကို များစွာသော အကြောင်းဖြင့် ကဲ့ရဲ့ပြစ်တင် တော်မူပြီးလျှင် ကိုယ်တိုင်ပြုစုမွေးမြူရန်ခက်ခဲခြင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

၇၀။ ၂၁-၁၄၆။ "အကြင် ရဟန်းသည် သမ္မုတိမရပဲ ရဟန်း မိန်းမတို့ကို ဆုံးမငြားအံ့၊ (ထိုရဟန်းအား) ပါစိတ်အာပတ် သင့်၏" ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

ဤသို့လျှင် မြတ်စွာဘုရားသည် ရဟန်းတို့အား ဤသိက္ခာပုဒ်ကို ပညတ်တော်မူ၏။

၁၄၇။ ထိုအခါ သမ္မုတိရသော မထေရ်ကြီးဖြစ်ကုန်သော ရဟန်းတို့သည် ရဟန်းမိန်းမတို့ကို ဆုံးမကုန်လတ်သော် ထိုအတူပင် သင်္ကန်း ဆွမ်း ကျောင်း အိပ်ရာ နေရာ သူနာ၏ အထောက်အပံ့ ဆေးအသုံးအဆောင်တို့ကို ရကုန်၏။

ထိုအခါ ဆဗ္ဗဂ္ဂီရဟန်းတို့အား—

"ငါ့သျှင်တို့ ယခုအခါ၌ သမ္မုတိရသော မထေရ်ကြီးဖြစ်ကုန်သော ရဟန်းတို့သည် ရဟန်း မိန်းမတို့ကို ဆုံးမကုန်လတ်သော် ထိုအတူပင်လျှင် သင်္ကန်း ဆွမ်း ကျောင်း အိပ်ရာ နေရာ သူနာ၏ အထောက်အပံ့ ဆေးအသုံးအဆောင်တို့ကို ရကုန်၏။ ငါ့သျှင်တို့ ယခုအခါ ငါတို့သည်လည်း သိမ်အပြင်သို့ သွား၍ အချင်းချင်း ရဟန်းမိန်းမတို့အား ဆုံးမတတ်သော ရဟန်း ဟု သမုတ်၍ ရဟန်းမိန်းမတို့ကို ဆုံးမကုန်အံ့" ဟု အကြံဖြစ်၏။

ထိုအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် သိမ်အပြင်သို့ သွား၍ အချင်းချင်း ရဟန်းမိန်းမတို့အား ဆုံးမ တတ်သော ရဟန်း ဟု သမုတ်ကြပြီးလျှင် ရဟန်းမိန်းမတို့ထံသို့ ချဉ်းကပ်၍ "နှမတို့ ငါတို့သည်လည်း သမ္မုတိ ရကုန်ပြီ၊ ငါတို့ထံသို့လည်း ချဉ်းကပ်ကုန်လော့၊ ငါတို့သည်လည်း ဆုံးမကုန်အံ့" ဟု ဆိုကုန်၏။

ထိုအခါ ထိုရဟန်းမိန်းမတို့သည် ဆဗ္ဗဂ္ဂီရဟန်းတို့ထံသို့ ချဉ်းကပ်၍ ဆဗ္ဗဂ္ဂီရဟန်းတို့ကို ရှိခိုးပြီး လျှင် တခုသော နေရာ၌ ထိုင်နေကုန်၏။ထိုအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ရဟန်းမိန်းမတို့အား အနည်း

http://www.dhammadownload.com



ငယ်မျှသာလျှင် ဖြစ်သော တရားစကားကို ဟောကြား၍ တနေ့ပတ်လုံး မင်္ဂပိုလ်မှ ဗီလာဖြစ်သော စကားတို့ဖြင့် (အချိန်ကို) ကုန်လွန်စေလျက် "နှမတို့ သွားကုန်လော့" ဟု ဆို၍ လွှတ်လိုက်ကုန်၏။

ထိုအခါ ထိုရဟန်းမိန်းမတို့သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသော နေရာ၌ တည်နေကုန်၏။ တခုသော နေရာ၌ တည်နေကုန်သော ထိုရဟန်းမိန်းမတို့ကို မြတ်စွာဘုရားသည် "ရဟန်းမိန်းမတို့ အဆုံးအမ ဩဝါဒသည် ပြည့်စုံပြီ မဟုတ်လော" ဟု မိန့်တော်မူ၏။

အသျှင်ဘုရား အဆုံးအမသည် အဘယ်မှာ ပြည့်စုံပါအံ့နည်း၊ အသျှင်ဆဗ္ဗဂ္ဂီရဟန်းတို့သည် အနည်းငယ်မျှသာလျှင် ဖြစ်သော တရားစကားကို ဟောကြား၍ တနေ့ပတ်လုံး မင်္ဂပိုလ်မှ ဗီလာဖြစ်သော စကားဖြင့် (အချိန်ကို) ကုန်လွန်စေ၍ လွှတ်လိုက်ကုန်၏ ဟု (လျှောက်ကုန်၏)။

ထိုအခါ မြတ်စွာဘုရားသည် ထိုရဟန်းမိန်းမတို့ကို တရားစကားဖြင့် (အကျိုးစီးပွားကို) ကောင်းစွာ ပြတော်မူ၏။ပ။ ထိုအခါ ထိုရဟန်းမိန်းမတို့သည် မြတ်စွာဘုရားက တရားစကားဖြင့် (အကျိုးစီးပွားကို) သိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန် ရွှင်လန်းစေပြီးသော် မြတ်စွာဘုရားကို ရှိခိုး၍ အရိုအသေပြုကာ ဖဲခွါသွားကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် ရဟန်းသံဃာကို စည်းဝေးစေ၍ ဆဗ္ဗဂ္ဂီရဟန်းတို့ကို—

"ရဟန်းတို့ သင်တို့သည် ရဟန်းမိန်းမတို့အား အနည်းငယ်မျှသာလျှင် ဖြစ်သော တရားစကားကို ဟောကြား၍ တနေ့ပတ်လုံး မင်္ဂပိုလ်မှ ဗီလာဖြစ်သော စကားဖြင့် (အချိန်ကို) ကုန်လွန်စေလျက် လွှတ်လိုက်ကုန်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ (မင်္ဂပိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ အဘယ့်ကြောင့် သင်တို့သည် ရဟန်းမိန်းမတို့အား အနည်းငယ်မျှသာလျှင် ဖြစ်သော တရားစကားကို ဟောကြား၍ တနေ့ပတ်လုံး မင်္ဂပိုလ်မှ ဗီလာဖြစ်သော စကားဖြင့် (အချိန်ကို) ကုန်လွန်စေ၍ လွှတ်လိုက်ကုန်ဘိသနည်း။ (မင်္ဂပိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ ဤ(သင်တို့ ပြုမိသော အမှုသည်) မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ၎င်း။ပ။ ကဲ့ရဲ့တော်မူ၍ တရားစကားကို ဟောကြားတော်မူပြီးလျှင် ရဟန်းတို့ကို—

## တိက္ခုနေ့ဝါဒကအင်္ဂါ (၈) ပါး

ရဟန်းတို့ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ရဟန်းကို ရဟန်းမိန်းမတို့အား ဆုံးမတတ်သော ရဟန်း ဟူ၍ သမုတ်ခြင်းငှါ ခွင့်ပြုတော်မူ၏။

(၁) သီလရှိ၏ ပါတိမောက္ခသံဝရသီလ 'ရဟန်းတို့၏ သိက္ခာပုဒ်ကိုစောင့်ရှောက်သော အလေ့အကျင့်' ကို စောင့်စည်းလျက်နေ၏၊ အကျင့်ကျက်စားရာ အရပ်နှင့် ပြည့်စုံ၏၊ အနည်းငယ်မျှသော အပြစ်တို့၌ ဘေး ဟု ရှုလေ့ရှိ၏၊ သိက္ခာပုဒ် တို့၌ ဆောက်တည်၍ ကျင့်၏။ ။

(၂) အကြားအမြင် 'ဗဟုဿုတ' များ၏၊ အကြားအမြင်ကို ဆောင်၏၊ အကြားအမြင်ကို ဆည်းပူး၏၊ အကြင်တရားတို့သည် အစ၏ကောင်းခြင်း အလယ်၏ကောင်းခြင်း အဆုံး၏ကောင်းခြင်း ရှိကုန်၏။ ။အနက်နှင့်ပြည့်စုံသော သဒ္ဒါနှင့်ပြည့်စုံသော အလုံးစုံ ထက်ဝန်းကျင်ပြည့်စုံသော

http://www.dhammadownload.com



ထက်ဝန်းကျင်စင်ကြယ်သော မြတ်သော အကျင့်ကို ဟောကြားကုန်၏၊ ထိုသို့ သဘောရှိသော တရားတို့၌ ထိုရဟန်းသည် အကြားအမြင်များ၏၊ ဆောင်၏ နှုတ်ဖြင့်လေ့ကျက်၏ 'လေ့လာ၏' စိတ်ဖြင့် အဖန်တလဲလဲရှု၏ ပညာဖြင့် ထိုးထွင်း၍ သိ၏။ ။

(၃) ထိုရဟန်းအား ပါတိမောက်နှစ်ပါးတို့သည် အကျယ်အားဖြင့် နှုတ်၌လာကုန်၏၊ ကောင်းစွာ ဝေဘန်အပ်ကုန်၏၊ ကောင်းစွာ ဖြစ်ခြင်းရှိကုန်၏၊ ပါဠိတော်အဋ္ဌကထာအားဖြင့် ကောင်းစွာဆုံးဖြတ်နိုင်ကုန်၏။ ။

(၄) ကောင်းသော စကားရှိ၏၊ ကောင်းသော အသံရှိ၏။ ။

(၅) အများအားဖြင့် ရဟန်း မိန်းမတို့သည် ချစ်ခင်အပ် နှစ်လိုအပ်၏။ ။

(၆) ရဟန်းမိန်းမတို့ကို ဆုံးမခြင်းငှါ စွမ်းနိုင်၏။ ။

(၇) ထိုမြတ်စွာဘုရားကို ရည်မှတ်၍ ရဟန်းပြုသော ဖန်ရည်ဆိုးအဝတ်ကို ဝတ်သော မိန်းမ၌ ကြီးလေးသော အာပတ်ကို မလွန်ကျူးဘူးချေ။ ။

(၈) ဝါနှစ်ဆယ်သော်၎င်း ဝါနှစ်ဆယ်ထက် အလွန်သော်၎င်း ရ၏။ ။

ရဟန်းတို့ ဤအင်္ဂါရှစ်ပါးတို့နှင့် ပြည့်စုံသော ရဟန်းကို ရဟန်းမိန်းမတို့အား ဆုံးမသော ရဟန်းဟူ၍ သမုတ်ခြင်းငှါ ခွင့်ပြုတော်မူ၏ ဟု မိန့်တော်မူ၏။

## ၁-ဩဝါဒသိက္ခာပုဒ် အဖွင့်

၁၄၈။ အကြင် ဟူသည် အကြင်သို့ သဘောရှိသော။ပ။

**ရဟန်း** ဟူသည်။ပ။ ဤအရာ၌ ဤဥတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သူကို "ရဟန်း" ဟူ၍ အလိုရှိအပ်၏။

**သမ္မုတိ မရပဲ** မည်သည် ဥတ်လျှင် လေးကြိမ်မြောက်သော ကံဖြင့် မသမုတ်အပ်ပဲ။

**ရဟန်းမိန်းမတို့** မည်သည် ဘိက္ခုသံဃာ 'ရဟန်းသံဃာ' ဘိက္ခုနီသံဃာ 'ရဟန်းမိန်းမ သံဃာ' နှစ်ဖက်တို့၌ ပဉ္စင်းခံသော ရဟန်းမိန်းမတို့တည်း။

**ဆုံးမငြားအံ့** ဟူသည် ဂရုဓံ 'အလေးအမြတ်ပြုအပ်သော တရား' ရှစ်ပါးတို့ဖြင့် ဆုံးမအံ့၊ ပါစိတ်အာပတ် သင့်၏။

တပါးသော တရားဖြင့် ဆုံးမအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

တဖက်သံဃာ၌ ပဉ္စင်းဖြစ်သော ရဟန်းမိန်းမကို ဆုံးမအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

၁၄၉။ သမ္မုတိရသော ထိုရဟန်းသည် ပရိဝုဏ်ကျောင်းဝင်းကို တံမြက်လှည်း၍ သောက်ရေ သုံးဆောင်ရေကို တည်ထားပြီးလျှင် နေရာကိုခင်းလျက် အဖော်ကိုခေါ်၍ နေထိုင်အပ်၏။ ရဟန်းမိန်းမတို့သည် ထိုပရိဝုဏ်သို့ သွား၍ သမ္မုတိရသော ထိုရဟန်းကို ရှိခိုးပြီးလျှင် သင့်လျော်သော အရပ်၌ နေထိုင်အပ်၏။ သမ္မုတိရသော ထိုရဟန်းသည် "နှမတို့ညီညွတ်ကုန်၏လော" ဟု မေးအပ်၏၊ "အသျှင် ညီညွတ်ပါကုန်၏" ဟု အကယ်၍ဆိုကုန်အံ့၊ နှမတို့ ဂရုဓံတရားရှစ်ပါးတို့သည် နှုတ်၌လာကုန်၏လော 'နှုတ်တက်ကုန်၏လော' ဟု မေးအပ်၏၊ "အသျှင် နှုတ်၌လာပါကုန်၏" ဟု အကယ်၍ ဆိုကုန်အံ့၊

http://www.dhammadownload.com



"နှုတ်ဖြင့် ဤဂရုဓမ်သည် အဆုံးအမပင်တည်း" ဟု ဆို၍ ဆောက်နှင်းအပ်၏။ "အသျှင် နှုတ်၌မလာပါကုန် 'နှုတ်မတက်ပါကုန်' ဟု အကယ်၍ ဆိုကုန်အံ့၊ ဂရုဓမ် 'အလေးအမြတ် ပြုအပ်သော တရား' ပါဠိကို ရွတ်အပ်၏။

## ဂရုဓမ်တရား (၈) ပါး

(၁) "ပဥ္စင်းခံ၍ ဝါတရာရပြီးသော ရဟန်းမိန်းမသည် ထိုနေ့ပဥ္စင်းခံသော ရဟန်းအား ရှိခိုးခြင်း ခရီးဦးကြိုပြုခြင်း လက်အုပ်ချီခြင်း အရိုအသေပြုခြင်းကို ပြုအပ်၏၊ ဤတရားကိုလည်း အရိုအသေပြု၍ အလေးအမြတ်ပြု၍ မြတ်နိုး၍ ပူဇော်၍ အသက်ထက်ဆုံး မလွန်ကျူးအပ်။

(၂) ရဟန်းမိန်းမသည် ရဟန်းယောကျ်ား မရှိသော ကျောင်း၌ ဝါမကပ်အပ်၊ ဤတရားကိုလည်း အရိုအသေပြု၍ အလေးအမြတ်ပြု၍ မြတ်နိုး၍ ပူဇော်၍ အသက်ထက်ဆုံး မလွန်ကျူးအပ်။

(၃) လခွဲတကြိမ် ရဟန်းမိန်းမသည် ဘိက္ခုသံဃာမှ ဥပုသ်မေးခြင်းကိုရင်း အဆုံးအမခံယူခြင်းငှါ ချဉ်းကပ်ခြင်းကိုရင်း ဤနှစ်ပါးသော တရားတို့ကို တောင့်တအပ်ကုန်၏၊ ဤတရားကိုလည်း။ပ။

(၄) ဝါမှထပြီးသော ရဟန်းမိန်းမသည် ဘိက္ခု ဘိက္ခုနီ နှစ်ဖက်သော သံဃာ၌ မြင်သဖြင့်သော်ရင်း ကြားသဖြင့်သော်ရင်း ယုံမှားသဖြင့်သော်ရင်း ဤသုံးပါးသော အကြောင်းတို့ဖြင့် ဖိတ်ကြားအပ်၏၊ ဤတရားကိုလည်း။ပ။

(၅) သံဃာဒိသိသ်အာပတ်သို့ရောက်သော ရဟန်းမိန်းမသည် ဘိက္ခု ဘိက္ခုနီ 'ရဟန်း ရဟန်းမိန်းမ' နှစ်ဖက်သော သံဃာ၌ ပက္ခမာနတ်ကို ကျင့်အပ်၏၊ ဤတရားကိုလည်း။ပ။

(၆) ခြောက်ပါးသော တရားတို့၌ နှစ်နှစ်တိုင်အောင် ကျင့်ပြီးသော သိက္ခာရှိသော သိက္ခမာန်၏ ဘိက္ခု ဘိက္ခုနီ 'ရဟန်း ရဟန်းမိန်းမ' နှစ်ဖက်သော သံဃာ၌ ပဥ္စင်းအဖြစ်ကို ရှာအပ်၏၊ ဤတရားကိုလည်း။ပ။

(၇) ရဟန်းမိန်းမသည် တစုံတခုသော အကြောင်းနှင့်မျှ ရဟန်းယောကျ်ားကို မဆဲရေး 'မပြည်တွန်' အပ်၊ မရေရွတ်အပ်၊ ဤတရားကိုလည်း။ပ။

(၈) ယနေ့မှအစပြု၍ ရဟန်းမိန်းမတို့အား ရဟန်းယောကျ်ားတို့၌ ပြောဆိုခြင်းအကြောင်းကို ပိတ်ပင်တားမြစ်အပ်၏၊ရဟန်းယောကျ်ားတို့အား ရဟန်းမိန်းမတို့၌ ပြောဆိုခြင်းအကြောင်းကို မပိတ်ပင် မတားမြစ်အပ်၊ ဤတရားကိုလည်း အရိုအသေပြု၍ အလေးအမြတ်ပြု၍ မြတ်နိုး၍ ပူဇော်၍ အသက်ထက်ဆုံး မလွန်ကျူးအပ်" ဟု (ရွတ်အပ်၏)။

အသျှင် ညီညွတ်ပါကုန်၏ ဟု ဆိုသော ရဟန်းမိန်းမအား (ဂရုဓမ်မှ) တပါးသော တရားကို အကယ်၍ ဟောအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

အသျှင် မညီညွတ်ပါကုန် ဟု ဆိုသော ရဟန်းမိန်းမအား ဂရုဓမ်တရားရှစ်ပါးတို့ကို အကယ်၍ ဟောအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

(အသျှင် ဂရုဓမ်သည် နှုတ်၌ လာပါ၏ ဟု ဆိုသော ရဟန်းမိန်းမအား) အဆုံးအမကို မဆောက်နှင်းမူ၍ 'မအပ်နှံမူ၍' တပါးသော တရားကို အကယ်၍ ဟောအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

http://www.dhammadownload.com



၁၅၀။ အဝမ္မကံ၌ အဝမ္မကံ ဟု အမှတ်ရှိလျက် မညီညွတ်သော ရဟန်းမိန်းမ သံဃာကို မညီညွတ် ဟု အမှတ်ရှိသည်ဖြစ်၍ ဆုံးမအံ့၊ ပါစိတ်အာပတ် သင့်၏။

အဓမ္မကံ၌ အဓမ္မကံ ဟု အမှတ်ရှိလျက် မညီညွတ်သော ရဟန်းမိန်းမ သံဃာကို ယုံမှားရှိသည် ဖြစ်၍ ဆုံးမအံ့၊ ပါစိတ်အာပတ် သင့်၏။

အဓမ္မကံ၌ အဓမ္မကံ ဟု အမှတ်ရှိလျက် မညီညွတ်သော ရဟန်းမိန်းမ သံဃာကို ညီညွတ်၏ ဟု အမှတ်ရှိသည်ဖြစ်၍ ဆုံးမအံ့၊ ပါစိတ်အာပတ် သင့်၏။

အဓမ္မကံ၌ ယုံမှားရှိလျက် မညီညွတ်သော ရဟန်းမိန်းမ သံဃာကို မညီညွတ် ဟု အမှတ်ရှိသည် ဖြစ်၍ ဆုံးမအံ့၊ ပါစိတ်အာပတ် သင့်၏။

အဓမ္မကံ၌ ယုံမှားရှိလျက် မညီညွတ်သော ရဟန်း မိန်းမသံဃာကို ယုံမှားရှိသည်ဖြစ်၍ ဆုံးမအံ့၊ ပါစိတ်အာပတ် သင့်၏။

အဓမ္မကံ၌ ယုံမှားရှိလျက် မညီညွတ်သော ရဟန်းမိန်းမ သံဃာကို ညီညွတ်၏ ဟု အမှတ်ရှိသည် ဖြစ်၍ ဆုံးမအံ့၊ ပါစိတ်အာပတ် သင့်၏။

အဓမ္မကံ၌ ဓမ္မကံ ဟု အမှတ်ရှိလျက် မညီညွတ်သော ရဟန်းမိန်းမ သံဃာကို မညီညွတ် ဟု အမှတ်ရှိသည်ဖြစ်၍ ဆုံးမအံ့၊ ပါစိတ်အာပတ် သင့်၏။

အဓမ္မကံ၌ ဓမ္မကံ ဟု အမှတ်ရှိလျက် မညီညွတ်သော ရဟန်းမိန်းမ သံဃာကို ယုံမှားရှိသည်ဖြစ်၍ ဆုံးမအံ့၊ ပါစိတ်အာပတ် သင့်၏။

အဓမ္မကံ၌ ဓမ္မကံ ဟု အမှတ်ရှိလျက် မညီညွတ်သော ရဟန်းမိန်းမ သံဃာကို ညီညွတ်၏ ဟု အမှတ်ရှိသည်ဖြစ်၍ ဆုံးမအံ့၊ ပါစိတ်အာပတ် သင့်၏။

အဓမ္မကံ၌ အဓမ္မကံ ဟု အမှတ်ရှိလျက် ညီညွတ်သော ရဟန်းမိန်းမ သံဃာကို မညီညွတ် ဟု အမှတ်ရှိသည် ဖြစ်၍ ဆုံးမအံ့၊ ပါစိတ်အာပတ် သင့်၏။

အဓမ္မကံ၌ အဓမ္မကံ ဟု အမှတ်ရှိလျက် ညီညွတ်သော ရဟန်းမိန်းမ သံဃာကို ယုံမှားရှိသည်ဖြစ်၍ ဆုံးမအံ့၊ ပါစိတ်အာပတ် သင့်၏။

အဓမ္မကံ၌ အဓမ္မကံ ဟု အမှတ်ရှိလျက် ညီညွတ်သော ရဟန်းမိန်းမ သံဃာကို ညီညွတ်၏ ဟု အမှတ်ရှိသည်ဖြစ်၍ ဆုံးမအံ့၊ ပါစိတ်အာပတ် သင့်၏။

အဓမ္မကံ၌ ယုံမှားရှိလျက် ညီညွတ်သော ရဟန်းမိန်းမ သံဃာကို မညီညွတ် ဟု အမှတ် ရှိသည်ဖြစ်၍ ဆုံးမအံ့ ။ပ။ ယုံမှားရှိသည်ဖြစ်၍ ဆုံးမအံ့ ။ပ။ ညီညွတ်၏ ဟု အမှတ်ရှိသည်ဖြစ်၍ ဆုံးမအံ့၊ ပါစိတ်အာပတ် သင့်၏။

အဓမ္မကံ၌ ဓမ္မကံ ဟု အမှတ်ရှိလျက် ညီညွတ်သော ရဟန်းမိန်းမ သံဃာကို မညီညွတ် ဟု အမှတ်ရှိသည်ဖြစ်၍ ဆုံးမအံ့။ပ။ ယုံမှားရှိသည်ဖြစ်၍ ဆုံးမအံ့။ပ။ ညီညွတ်၏ ဟု အမှတ်ရှိသည်ဖြစ်၍ ဆုံးမအံ့၊ ပါစိတ်အာပတ် သင့်၏။

၁၅၁။ ဓမ္မကံ၌ အဓမ္မကံ ဟု အမှတ်ရှိလျက် မညီညွတ်သော ရဟန်းမိန်းမ သံဃာကို မညီညွတ် ဟု အမှတ်ရှိသည် ဖြစ်၍ ဆုံးမအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ဓမ္မကံ၌ အဓမ္မကံ ဟု အမှတ်ရှိလျက် မညီညွတ်သော ရဟန်းမိန်းမ သံဃာကို ယုံမှားရှိသည် ဖြစ်၍ ဆုံးမအံ့။ပ။ ညီညွတ်၏ ဟု အမှတ်ရှိသည်ဖြစ်၍ ဆုံးမအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

http://www.dhammadownload.com



ဓမ္မကံ၌ ယုံမှားရှိလျက် မညီညွတ်သော ရဟန်းမိန်းမ သံဃာကို မညီညွတ် ဟု အမှတ်ရှိသည်ဖြစ်၍ ဆုံးမအံ့။ပ။ ယုံမှားရှိသည် ဖြစ်၍ ဆုံးမအံ့။ပ။ ညီညွတ်၏ ဟု အမှတ်ရှိသည်ဖြစ်၍ ဆုံးမအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ဓမ္မကံ၌ ဓမ္မကံ ဟု အမှတ်ရှိလျက် မညီညွတ်သော ရဟန်းမိန်းမ သံဃာကို မညီညွတ် ဟု အမှတ်ရှိသည်ဖြစ်၍ ဆုံးမအံ့။ပ။ ယုံမှားရှိသည်ဖြစ်၍ ဆုံးမအံ့။ပ။ ညီညွတ်၏ ဟု အမှတ်ရှိသည် ဖြစ်၍ ဆုံးမအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ဓမ္မကံ၌ အဓမ္မကံ ဟု အမှတ်ရှိလျက် ညီညွတ်သော ရဟန်းမိန်းမ သံဃာကို မညီညွတ် ဟု အမှတ်ရှိသည်ဖြစ်၍ ဆုံးမအံ့။ပ။ ယုံမှားရှိသည်ဖြစ်၍ ဆုံးမအံ့။ပ။ ညီညွတ်၏ ဟု အမှတ်ရှိသည်ဖြစ်၍ ဆုံးမအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ဓမ္မကံ၌ ယုံမှားရှိလျက် ညီညွတ်သော ရဟန်းမိန်းမ သံဃာကို မညီညွတ် ဟု အမှတ်ရှိသည် ဖြစ်၍ ဆုံးမအံ့။ပ။ ယုံမှားရှိသည်ဖြစ်၍ ဆုံးမအံ့။ပ။ ညီညွတ်၏ ဟု အမှတ်ရှိသည်ဖြစ်၍ ဆုံးမအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ဓမ္မကံ၌ ဓမ္မကံ ဟု အမှတ်ရှိလျက် ညီညွတ်သော ရဟန်းမိန်းမ သံဃာကို မညီညွတ် ဟု အမှတ် ရှိသည်ဖြစ်၍ ဆုံးမအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ဓမ္မကံ၌ ဓမ္မကံ ဟု အမှတ်ရှိလျက် ညီညွတ်သော ရဟန်းမိန်းမ သံဃာကို ယုံမှားရှိသည်ဖြစ်၍ ဆုံးမအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ဓမ္မကံ၌ ဓမ္မကံ ဟု အမှတ်ရှိလျက် ညီညွတ်သော ရဟန်းမိန်းမ သံဃာကို ညီညွတ်၏ ဟု အမှတ် ရှိသည်ဖြစ်၍ ဆုံးမအံ့၊ အာပတ် မသင့်။

၁၅၂။ (ဂရုဓံ) ပါဠိကို သင်ပေးအံ့၊ (ဂရုဓံ) ပါဠိ၏ အနက်ကို 'အဋ္ဌကထာကို' သင်ပေးအံ့၊ အသျှင်ရွတ်ပါလော့ ဟု ဆိုသောကြောင့် ရွတ်ဆိုအံ့၊ ပြဿနာကို မေးအံ့၊ ပြဿနာကိုမေးသောကြောင့် ဖြေအံ့၊ သုတပါးအကျိုးငှါ ဟောသော တရားကို ရဟန်းမိန်းမတို့သည် နာကုန်အံ့၊ အာပတ် မသင့်၊ သိက္ခမာန်သာမဏေအား ဆုံးမအံ့၊ အာပတ် မသင့်၊ ရူးသောရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

ပဌမ ဩဝါဒသိက္ခာပုဒ် ပြီး၏။

---

## ၃-ဩဝါဒဝဂ် ၂-အတ္ထင်္ဂတသိက္ခာပုဒ်

၁၅၃။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ မထေရ်ကြီးဖြစ်ကုန်သော ရဟန်းတို့သည် အလှည့်အားဖြင့် ရဟန်းမိန်းမတို့ကို ဆုံးမကုန်၏။

ထိုအခါ၌ ရဟန်းမိန်းမတို့ကို ဆုံးမခြင်းငှါ အသျှင်စူဠပန်၏ အလှည့်ဖြစ်၏။ ရဟန်း မိန်းမတို့သည် "ယခုအခါ၌ ယနေ့အဆုံးအမသည် မပြည့်စုံလတ္တံ့၊ ယခုအခါ၌ ထိုဥဒါန်းကိုသာလျှင် အသျှင်စူဠပန် သည် အဖန်တလဲလဲ ရွတ်ဆိုလတ္တံ့" ဟု ဆိုကုန်၏။

http://www.dhammadownload.com



ထိုအခါ ထိုရဟန်းမိန်းမတို့သည် အသျှင်စူဠပန်ထံသို့ ချဉ်းကပ်ပြီးလျှင် အသျှင်စူဠပန်ကို ရှိခိုး၍ တခုသောနေရာ၌ ထိုင်ကုန်၏၊ တခုသောနေရာ၌ ထိုင်သော ထို ရဟန်းမိန်းမတို့ကို အသျှင် စူဠပန်သည်—

"နှမတို့ ညီညွတ်ကုန်၏လော" ဟု မေး၏။

ညီညွတ်ပါကုန်၏ အသျှင်ဘုရား ဟု (လျှောက်ကြကုန်၏)။

နှမတို့ ဂရုဓမ္မရှစ်ပါးတို့သည် နှုတ်၌ လာကုန်၏လော ဟု (မေးပြန်၏)။

ဂရုဓမ္မ ရှစ်ပါးတို့သည် နှုတ်၌ လာပါကုန်၏ အသျှင်ဘုရား ဟု (လျှောက်ကြကုန်၏)။

"နှမတို့ ဤသည်ကား အဆုံးအမပေတည်း" ဟု ဆောက်နှင်း၍ 'အပ်နှံ၍' ဤဥဒါန်းကို အဖန် တလဲလဲရွတ်ဆို၏—

"လွန်ကဲသော 'အရဟတ္တဖိုလ်' စိတ်ရှိသော မမေ့မလျော့သော (အရဟတ္တမဂ် အရဟတ္တဖိုလ်) ဉာဏ်၏အကြောင်းဖြစ်သော (ဗောဓိပက္ခိယ) တရားတို့၌ ကျင့်သော တာဒိဂုဏ် 'သည်းခံခြင်း စသော မတုန်လှုပ်သောဂုဏ်' နှင့်ပြည့်စုံသော (ရာဂစသည်မှ) ငြိမ်းပြီးသော အခါခပ်သိမ်း သတိရှိသော ရဟန္တာ ပုဂ္ဂိုလ်အား စိုးရိမ်ခြင်းတို့သည် မဖြစ်ကုန်" ဟု (ဤဥဒါန်းကို အဖန် တလဲလဲ ရွတ်ဆို၏)။

ရဟန်းမိန်းမတို့သည် "ယခုအခါ၌ ယနေ့အဆုံးအမသည် မပြည့်စုံလတ္တံ့၊ ယခုအခါ၌ ထိုဥဒါန်း ကိုသာလျှင် အသျှင်စူဠပန်သည် အဖန်တလဲလဲ ရွတ်ဆိုလတ္တံ့ဟု ဆိုခဲ့သည် မဟုတ်ပါလော" ဟု ပြောဆို ကုန်၏။

အသျှင်စူဠပန်သည် ထိုရဟန်းမိန်းမတို့၏ ဤသို့သော စကားပြောဆိုခြင်းကို ကြားလေ၏။

ထိုအခါ အသျှင်စူဠပန်သည် ကောင်းကင်သို့ ပျံတက်၍ ဟင်းလင်းပြင်ဟု ဆိုအပ်သော ကောင်း ကင်၌ စင်္ကြံလည်းသွား၏၊ ရပ်လည်းရပ်၏၊ ထိုင်လည်းထိုင်၏၊ အိပ်လည်းအိပ်၏၊ အခိုးလည်းလွှတ်၏၊ အလျှံလည်းလွှတ်၏၊ အကြား၌လည်း ကွယ်၏၊ ထိုဥဒါန်းကိုလည်း ရွတ်ဆို၏၊ တပါးသော ဘုရား စကားတော် များစွာကိုလည်း ရွတ်ဆို၏။

ရဟန်းမိန်းမတို့သည် "အံ့ဘွယ်ရှိပေစွ အချင်းတို့ မဖြစ်ဘူးမြဲဖြစ်ပေစွ အချင်းတို့ အသျှင်စူဠပန်၏ အဆုံးအမသည် ပြည့်စုံသကဲ့သို့ ထိုအတူငါတို့အား ဤအခါမှ ရှေးကာလ၌ အဆုံးအမသည် မပြည့်စုံ စဘူးချေ" ဟု ဆိုကြကုန်၏။ ထိုအခါ အသျှင်စူဠပန်သည် ရဟန်းမိန်းမတို့ကို မှောင်မိုက်သည့် တိုင်အောင် အဆုံးအမပေး၍ "နှမတို့ သွားကုန်လော့" ဟု လွှတ်လိုက်၏။

ထိုအခါ ထိုရဟန်းမိန်းမတို့သည် မြို့တံခါးပိတ်ထားသောကြောင့် မြို့၏အပ၌နေ၍ နံနက်စော စောကလျှင် မြို့တွင်းသို့ဝင်ကုန်၏။ လူတို့သည် "မမြတ်သောအကျင့်ကို ကျင့်ကုန်သော ဤရဟန်း မိန်းမတို့သည် ကျောင်းအရံ၌ ရဟန်းယောကျ်ားတို့နှင့်အတူ နေ၍ ယခုအခါ မြို့တွင်းသို့ ဝင်ကုန်၏" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ရဟန်းတို့သည် ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုကြသော ထို လူတို့၏ စကားကို ကြားကြသည်သာ တည်း။ အလိုနည်းသော ရဟန်းတို့သည် "အဘယ့်ကြောင့် အသျှင်စူဠပန်သည် နေဝင်သည့်တိုင်

http://www.dhammadownload.com



အောင် ရဟန်းမိန်းမတို့ကို ဆုံးမဘိသနည်း” ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြု ပြောဆိုကြကုန်၏။ပ။ “စင္စစ်ပင် သင်သည် နေဝင်သည့်တိုင်အောင် ရဟန်းမိန်းမတို့ကို ဆုံးမ၏ဟူသည် မှန်သလော” ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ စင္စစ်ပင် အဘယ့်ကြောင့် နေဝင်သည့်တိုင်အောင် ရဟန်းမိန်းမတို့ကို အဆုံးအမပေးဘိသနည်း။ ဤ(သင်ပြုမိသော အမှု)သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ ရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

**၇၁။ ၂၂-၁၅၄။ “သမ္မုတိရသော ရဟန်းသည်လည်း နေဝင်သည့်တိုင်အောင် ရဟန်းမိန်းမတို့ကို အကယ်၍ ဆုံးမငြားအံ့၊ (ထိုရဟန်းအား) ပါစိတ်အာပတ် သင့်၏” ဤသို့** (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

## ၂-အတ္ထင်္ဂတသိက္ခာပုဒ် အဖွင့်

၁၅၅။ **သမ္မုတိရသော ရဟန်း** မည်သည် ဥတ်လျှင် လေးကြိမ်မြောက်သော ကံဖြင့် သမုတ်အပ်သော ရဟန်းတည်း။

**နေဝင်သည့်တိုင်အောင်** ဟူသည် နေသည် ကွယ်ပျောက်သည့် တိုင်အောင်။

**ရဟန်းမိန်းမ** မည်သည် ဥဘတောသံဃာ ‘ရဟန်း ယောကျ်ားသံဃာ ရဟန်းမိန်းမသံဃာ နှစ်ပါး စုံ’၌ ပဥ္စင်းခံသော ရဟန်းမိန်းမတည်း။

**ဆုံးမငြားအံ့** ဟူသည် ဂရုဓမ်တရားရှစ်ပါးတို့ဖြင့်သော်ရင်း တပါးသော တရားဖြင့်သော်ရင်း ဆုံးမငြားအံ့၊ ပါစိတ်အာပတ် သင့်၏။

၁၅၆။ နေဝင်သည်၌ နေဝင်သည် ဟု အမှတ်ရှိသည်ဖြစ်၍ ဆုံးမငြားအံ့၊ ပါစိတ်အာပတ် သင့်၏။

နေဝင်သည်၌ ယုံမှားရှိသည်ဖြစ်၍ ဆုံးမငြားအံ့၊ ပါစိတ်အာပတ် သင့်၏။

နေဝင်သည်၌ နေမဝင် ဟု အမှတ်ရှိသည်ဖြစ်၍ ဆုံးမငြားအံ့၊ ပါစိတ်အာပတ် သင့်၏။

တဖက်သံဃာ၌သာ ပဥ္စင်းခံသော ရဟန်းမိန်းမကို ဆုံးမအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

နေမဝင်ပဲလျက် နေဝင်သည် ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ နေမဝင်ရာ၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ နေမဝင်ရာ၌ နေမဝင် ဟု အမှတ်ရှိအံ့၊ အာပတ် မသင့်။

၁၅၇။ (ဂရုဓမ်) ရှစ်ပါး ပါဠိကို သင်ပေးအံ့၊ (ဂရုဓမ်) ရှစ်ပါး ပါဠိ၏အနက်ကို သင်ပေးအံ့၊ အသျှင် ဂရုဓမ်ပါဠိကို ရွတ်ပါလော့ ဟု ဆိုသောကြောင့် ရွတ်အံ့၊ ပြဿနာကိုမေးအံ့၊ ပြဿနာမေးသည်ကို ဖြေအံ့၊ အာပတ် မသင့်၊ သူတပါးအကျိုးငှါ ဟောပြောစဉ် ရဟန်းမိန်းမတို့သည် နာကုန်အံ့၊ အာပတ် မသင့်၊ သိက္ခမာန် သာမဏေမအား ဆုံးမအံ့၊ အာပတ် မသင့်၊ ရူးသောရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

ဒုတိယ အတ္ထင်္ဂတသိက္ခာပုဒ် ပြီး၏။

http://www.dhammadownload.com



## ၁-ဩဝါဒဝဂ် ၁-ဘိက္ခုနုပဿယသိက္ခာပုဒ်

၁၅၈။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သက္ကတိုင်း ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ရဟန်းမိန်းမကျောင်းသို့ ချဉ်းကပ်၍ ဆဗ္ဗဂ္ဂီရဟန်းမိန်းမတို့ကို ဆုံးမကုန်၏။ ရဟန်းမိန်းမတို့သည် ဆဗ္ဗဂ္ဂီရဟန်းမိန်းမတို့အား "အသျှင်မတို့ လာကြကုန်လော့ အဆုံးအမကို ခံယူခြင်းငှါ သွားကုန်အံ့" ဟု ဆိုကုန်၏။

အသျှင်မတို့ အကျွန်ုပ်တို့သည် အဆုံးအမခံယူခြင်း၏ အကြောင်းကြောင့် အကြင်အရပ်သို့ သွားကုန်ရာ၏၊ (ထိုသွားဖွယ်ကိစ္စ မရှိတော့ပြီ)။ အသျှင်ဆဗ္ဗဂ္ဂီရဟန်းတို့သည်ကား ဤအရပ်၌ပင် အကျွန်ုပ်တို့ကို ဆုံးမကုန်၏ ဟု ဆိုကြကုန်၏။

ရဟန်းမိန်းမတို့သည် "အဘယ့်ကြောင့် ဆဗ္ဗဂ္ဂီရဟန်းတို့သည် ရဟန်းမိန်းမတို့ကျောင်းသို့ ချဉ်းကပ်၍ ရဟန်းမိန်းမတို့ကို ဆုံးမကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ထိုအခါ ထိုရဟန်းမိန်းမတို့သည် ရဟန်းယောကျ်ားတို့အား ဤအကြောင်းကို ပြောကြားကြကုန်၏။ အလိုနည်းသော ရဟန်းတို့သည် "အဘယ့်ကြောင့် ဆဗ္ဗဂ္ဂီရဟန်းတို့သည် ရဟန်းမိန်းမတို့ကျောင်းသို့ ချဉ်းကပ်၍ ရဟန်းမိန်းမတို့ကို ဆုံးမကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ သင်တို့သည် ရဟန်းမိန်းမကျောင်းသို့ ချဉ်းကပ်၍ ရဟန်းမိန်းမတို့ကို ဆုံးမကုန်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ အဘယ့်ကြောင့် သင်တို့သည် ရဟန်းမိန်းမတို့ ကျောင်းသို့ ချဉ်းကပ်၍ ရဟန်းမိန်းမတို့ကို ဆုံးမကုန်ဘိသနည်း။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ ဤ (သင်တို့ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ်ရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

(က) **"အကြင်ရဟန်းသည် ရဟန်းမိန်းမကျောင်းသို့ ချဉ်းကပ်၍ ရဟန်းမိန်းမတို့ကို ဆုံးမငြားအံ့၊ (ထိုရဟန်းအား) ပါစိတ်အာပတ် သင့်၏"** ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

ဤသို့လျှင် မြတ်စွာဘုရားသည် ရဟန်းတို့အား ဤသိက္ခာပုဒ်ကို ပညတ်တော်မူ၏။

၁၅၉။ ထိုအခါ၌ မဟာပဇာပတိဂေါတမီသည် ဖျားနာ၏၊ မထေရ်ကြီးဖြစ်ကုန်သော ရဟန်းတို့သည် မဟာပဇာပတိဂေါတမီထံသို့ ချဉ်းကပ်ပြီးလျှင် မဟာပဇာပတိဂေါတမီကို "ဂေါတမီ ခံ့ကျန်းပါ၏လော မျှတပါ၏လော" ဟု မေးမြန်းကြကုန်၏။

အသျှင်ဘုရားတို့ အကျွန်ုပ်သည် မခံ့ကျန်းပါ မမျှတပါ တောင်းပန်တိုက်တွန်းပါ၏၊ အသျှင်တို့သည် တရားကို ဟောပါကုန်လော့ ဟု (လျှောက်၏)။

http://www.dhammadownload.com



"နှမ ရဟန်းမိန်းမတို့ ကျောင်းသို့ချဉ်းကပ်၍ ရဟန်းမိန်းမတို့အား တရားဟောခြင်းငှါ မအပ်" ဟု (ပြောဆိုပြီး) တွေးတောမှု 'သံသယကုက္ကုစ္စ' ရှိကုန်သည်ဖြစ်၍ မဟောကုန်။

ထိုအခါ မြတ်စွာဘုရားသည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူပြီးလျှင် မဟာပဇာပတိဂေါတမီထံသို့ ချဉ်းကပ်၍ ခင်းထားသော နေရာ၌ ထိုင်တော်မူပြီးလျှင် မဟာပဇာပတိ ဂေါတမီကို "ဂေါတမီ ခံ့ကျန်း၏လော မျှတ၏လော" ဟု မိန့်တော်မူ၏။

အသျှင်ဘုရား ရှေးအခါက မထေရ်ကြီးဖြစ်သော ရဟန်းတို့သည် လာ၍ အကျွန်ုပ်အား တရားကို ဟောကုန်၏၊ ထိုသို့ တရားဟောခြင်းဖြင့် အကျွန်ုပ် ချမ်းသာပါ၏၊ ယခုအခါ၌မူကား "မြတ်စွာဘုရား သည် (ထိုသို့ တရားဟောခြင်းကို) ပယ်တော်မူ၏" ဟု တွေးတောမှု 'သံသယကုက္ကုစ္စ' ရှိကုန်သည် ဖြစ်၍ (တရားကို) မဟောကုန်၊ ထို့ကြောင့် အကျွန်ုပ်အားမချမ်းမသာ ဖြစ်ပါ၏ ဟု (လျှောက်၏)။

ထိုအခါ မြတ်စွာဘုရားသည် မဟာပဇာပတိ ဂေါတမီကို တရားစကားဖြင့် (အကျိုးစီးပွါးကို) သိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန်ရွှင်လန်းစေပြီး သော် နေရာမှထကာ ဖဲခွါသွားတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာ ကြောင့် တရားစကားကို ဟောကြားတော်မူ၍ ရဟန်းတို့ကို "ရဟန်းတို့ ရဟန်းမိန်းမတို့ ကျောင်းသို့ ချဉ်းကပ်၍ နာဖျားသော ရဟန်းမိန်းမကို ဆုံးမခြင်းငှါ ခွင့်ပြုတော်မူ၏" ဟု မိန့်တော်မူ၏။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

**၃၂-၂၃-(ခ) ၁၆၀။ "အကြင်ရဟန်းသည် အချိန်အခါကို ကြဉ်၍ ရဟန်းမိန်းမတို့ ကျောင်းသို့ ချဉ်းကပ်၍ ရဟန်းမိန်းမတို့ကို ဆုံးမငြားအံ့၊ ထို ရဟန်းအား ပါစိတ်အာပတ် သင့်၏။ ထို ရဟန်းမိန်းမတို့ကျောင်းသို့ သွား၍ ဆုံးမရာ၌ ဤ ဆိုလတ္တံ့သည်ကား အချိန် အခါတည်း၊ ရဟန်းမိန်းမသည် ဖျားနာ၏၊ ဤကား ထိုရဟန်းမိန်းမတို့ကျောင်းသို့ သွား၍ ဆုံးမရာ၌ အချိန်အခါတည်း"** ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

## ၃-ဘိက္ခုနုပဿယသိက္ခာပုဒ် အဖွင့်

၁၆၁။ **အကြင်** ဟူသည် အကြင်သို့ သဘောရှိသော။ပ။

**ရဟန်း** ဟူသည်။ပ။ ဤအရာ၌ ဤ ဉတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သူကို "ရဟန်း" ဟူ၍ အလိုရှိအပ်၏။

**ရဟန်းမိန်းမကျောင်း** မည်သည် အကြင်ကျောင်း၌ ရဟန်းမိန်းမတို့သည် တညဉ့်မျှလည်း နေ ကုန်၏ (ထိုကျောင်းသည် ရဟန်းမိန်းမ ကျောင်း မည်၏)။

**ချဉ်းကပ်၍** ဟူသည် ထိုအရပ်သို့သွား၍။

**ရဟန်းမိန်းမ** မည်သည် ဥဘတောသံဃာ 'ဘိက္ခုဘိက္ခုနီသံဃာ နှစ်ပါးစုံ' ၌ ပဉ္စင်းခံသောရဟန်း မိန်းမတည်း။

**ဆုံးမငြားအံ့** ဟူသည် ဂရုဓံ တရားရှစ်ပါးတို့ဖြင့် ဆုံးမအံ့၊ ပါစိတ်အာပတ် သင့်၏။

**အချိန်အခါကိုကြဉ်၍** ဟူသည် အချိန်အခါကို ထား၍။

**ဖျားနာသော ရဟန်းမိန်းမ** ဟူသည် အဆုံးအမ ခံယူရန်သော်၎င်း ကံကြီးကံငယ် ဆောင်ရန် သော်၎င်း သွားခြင်းငှါ မစွမ်းနိုင်သော (ရဟန်းမိန်းမတည်း)။

http://www.dhammadownload.com



၁၆၂။ ရဟန်းမိန်းမ၌ ရဟန်းမိန်းမ ဟု အမှတ်ရှိသည်ဖြစ်၍ ရဟန်းမိန်းမ ကျောင်းသို့ ချဉ်းကပ်၍ အချိန်အခါမှတပါး ဆုံးမငြားအံ့၊ ပါစိတ်အာပတ် သင့်၏။

ရဟန်းမိန်းမ၌ ယုံမှားရှိသည်ဖြစ်၍ ရဟန်းမိန်းမ ကျောင်းသို့ ချဉ်းကပ်၍ အချိန်အခါမှတပါး ဆုံးမငြားအံ့၊ ပါစိတ်အာပတ် သင့်၏။

ရဟန်းမိန်းမ၌ ရဟန်းမိန်းမ မဟုတ် ဟု အမှတ်ရှိသည်ဖြစ်၍ ရဟန်းမိန်းမ ကျောင်းသို့ ချဉ်းကပ်၍ အချိန်အခါမှတပါး ဆုံးမငြားအံ့၊ ပါစိတ်အာပတ် သင့်၏။

ဂရုဓမ်ရှစ်ပါးမှ တပါးသော တရားဖြင့် ဆုံးမအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

တဖက်သံဃာ၌ ပဉ္စင်းခံသော မိန်းမကို ဆုံးမအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ရဟန်းမိန်းမ မဟုတ်သောသူ၌ ရဟန်းမိန်းမ ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ရဟန်းမိန်းမ မဟုတ်သောသူ၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ရဟန်းမိန်းမ မဟုတ်သောသူ၌ ရဟန်းမိန်းမ မဟုတ် ဟု အမှတ်ရှိအံ့၊ အာပတ် မသင့်။

၁၆၃။ အချိန်အခါ၌ (ဆုံးမအံ့)၊ ဂရုဓမ်ရှစ်ပါး ပါဠိကိုသင်ပေးအံ့၊ ဂရုဓမ်ရှစ်ပါးပါဠိ၏ အနက်ကို သင်ပေးအံ့၊ အသျှင် ဂရုဓမ်ပါဠိကို ရွတ်ပါလော့ ဟု ဆိုသောကြောင့်ရွတ်အံ့၊ ပြဿနာကိုမေးအံ့၊ပြဿနာ မေးသည်ကို ဖြေဆိုအံ့၊ အာပတ် မသင့်၊ သူတပါးအကျိုးငှါ ဟောပြောစဉ် ရဟန်းမိန်းမတို့သည် နာကုန်အံ့၊ အာပတ် မသင့်၊ သိက္ခမာန်သာမဏေမအား ဆုံးမအံ့၊ အာပတ် မသင့်၊ ရူးသောရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

တတိယ ဘိက္ခုနုပဿယသိက္ခာပုဒ် ပြီး၏။

---

## ၃-ဩဝါဒဝဂ် ၄-အာမိသသိက္ခာပုဒ်

၁၆၄။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ မထေရ်ကြီးဖြစ်ကုန်သော ရဟန်းတို့သည် ရဟန်းမိန်းမတို့ကို ဆုံးမကုန်သော် သင်္ကန်း ဆွမ်း ကျောင်း အိပ်ရာနေရာ သူနာ၏အထောက်အပံ့ ဆေး အသုံးအဆောင်တို့ကို ရကုန်၏။

ဆဗ္ဗဂ္ဂီရဟန်းတို့သည် “မထေရ်ကြီး ဖြစ်ကုန်သော ရဟန်းတို့သည် ရဟန်းမိန်းမတို့ကို ဆုံးမခြင်းငှါ များစွာမြတ်နိုးခြင်းကို မပြုကုန်၊ (သင်္ကန်းစသော) အာမိသဟူသော အကြောင်းကြောင့် မထေရ်ကြီးဖြစ်ကုန်သော ရဟန်းတို့သည် ရဟန်းမိန်းမတို့ကို ဆုံးမကုန်၏” ဟု ဆိုကုန်၏။

အလိုနည်းသော ရဟန်းတို့သည် “အဘယ့်ကြောင့် ဆဗ္ဗဂ္ဂီရဟန်းတို့သည် မထေရ်ကြီး ဖြစ်ကုန်သော ရဟန်းတို့သည် ရဟန်းမိန်းမတို့ကို ဆုံးမခြင်းငှါ များစွာ မြတ်နိုးခြင်းကို မပြုကုန်၊ (သင်္ကန်းစသော) အာမိသဟူသော အကြောင်းကြောင့် မထေရ်ကြီး ဖြစ်ကုန်သော ရဟန်းတို့သည် ရဟန်းမိန်းမတို့ကို ဆုံးမကုန်၏ ဟု ဆိုကုန်ဘိသနည်း” ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

http://www.dhammadownload.com



"ရဟန်းတို့ သင်တို့သည် 'မထေရ်ကြီး ဖြစ်ကုန်သော ရဟန်းတို့သည် ရဟန်းမိန်းမတို့ကို ဆုံးမခြင်းငှါ များစွာမြတ်နိုးခြင်းကို မပြုကုန်၊ (သက်နိုးစသော) အာမိသဟူသော အကြောင်းကြောင့် မထေရ်ကြီး ဖြစ်ကုန်သော ရဟန်းတို့သည် ရဟန်းမိန်းမတို့ကို ဆုံးမကုန်၏' ဟု ဆိုကုန်၏ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ အဘယ့်ကြောင့် သင်တို့သည် "မထေရ်ကြီး ဖြစ်ကုန်သော ရဟန်းတို့သည် ရဟန်းမိန်းမတို့ကို ဆုံးမခြင်းငှါ များစွာမြတ်နိုးခြင်းကို မပြုကုန်၊ (သက်နိုးစသော) အာမိသဟူသော အကြောင်းကြောင့် မထေရ်ကြီး ဖြစ်ကုန်သော ရဟန်းတို့သည် ရဟန်းမိန်းမတို့ကို ဆုံးမကုန်၏" ဟု ပြောဆိုကုန်ဘိသနည်း။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ ဤ (သင်တို့ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

**၃၃။ ၂၄-၁၆၅။ "အကြင်ရဟန်းသည် (သက်နိုးစသော) အာမိသဟူသော အကြောင်းကြောင့် မထေရ်ကြီးဖြစ်ကုန်သော ရဟန်းတို့သည် ရဟန်းမိန်းမတို့ကို ဆုံးမကုန်၏ ဟု ဆိုငြားအံ့၊ (ထိုရဟန်းအား) ပါစိတ်အာပတ် သင့်၏"** ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

## ၄-အာမိသသိက္ခာပုဒ် အဖွင့်

၁၆၆။ **အကြင်** ဟူသည် အကြင်သို့ သဘောရှိသော။ပ။

ရဟန်း ဟူသည်။ပ။ ဤအရာ၌ ဤဉတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သူကို "ရဟန်း" ဟူ၍ အလိုရှိအပ်၏။

**အာမိသဟူသော အကြောင်းကြောင့်** ဟူသည် သင်္ကန်းဟူသော အကြောင်းကြောင့် ဆွမ်းဟူသော အကြောင်းကြောင့် ကျောင်းအိပ်ရာ နေရာဟူသော အကြောင်းကြောင့် သူနာ၏အထောက်အပံ့ ဆေးအသုံးအဆောင်ဟူသော အကြောင်းကြောင့် အရိုအသေပြုမှု ဟူသော အကြောင်းကြောင့် အလေးအမြတ်ပြုမှု ဟူသော အကြောင်းကြောင့် မြတ်နိုးမှု ဟူသော အကြောင်းကြောင့် ရှိခိုးမှု ဟူသော အကြောင်းကြောင့် ပူဇော်မှု ဟူသော အကြောင်းကြောင့်။

**ဆိုငြားအံ့** ဟူသည် သံဃာသည် သမုတ်အပ်သော ရဟန်းမိန်းမတို့ကို ဆုံးမတတ်သောရဟန်းကို ကျေးငူးမဲ့ကို ပြုလို၍ အကျော်အစောမဲ့ကို ပြုလို၍ နှလုံးမသာခြင်းကို ပြုလို၍။

"သင်္ကန်း ဟူသော အကြောင်းကြောင့် ဆွမ်း ဟူသော အကြောင်းကြောင့် ကျောင်း အိပ်ရာ နေရာ ဟူသော အကြောင်းကြောင့် သူနာ၏အထောက်အပံ့ ဆေးအသုံးအဆောင် ဟူသော အကြောင်းကြောင့် အရိုအသေပြုမှု ဟူသော အကြောင်းကြောင့် အလေးအမြတ်ပြုမှု ဟူသော အကြောင်းကြောင့် မြတ်နိုးမှု ဟူသော အကြောင်းကြောင့် ရှိခိုးမှု ဟူသော အကြောင်းကြောင့် ပူဇော်မှု ဟူသော အကြောင်းကြောင့် ဆုံးမ၏" ဟု ဆိုအံ့၊ ပါစိတ်အာပတ် သင့်၏။

http://www.dhammadownload.com



၁၆၇။ ဓမ္မကံ၌ ဓမ္မကံ ဟု အမှတ်ရှိသည်ဖြစ်၍ ဤသို့ဆိုအံ့၊ ပါစိတ်အာပတ် သင့်၏။

ဓမ္မကံ၌ ယုံမှားရှိသည်ဖြစ်၍ ဤသို့ဆိုအံ့၊ ပါစိတ်အာပတ် သင့်၏။

ဓမ္မကံ၌ အဓမ္မကံ ဟု အမှတ်ရှိသည်ဖြစ်၍ ဤသို့ ဆိုအံ့၊ ပါစိတ်အာပတ် သင့်၏။

သံဃာသည် မသမုတ်အပ်သော ရဟန်း မိန်းမတို့အား ဆုံးမတတ်သော ရဟန်းကို ကျေးဇူးမဲ့ကို ပြုလို၍ အကျော်အစောမဲ့ကို ပြုလို၍ နှလုံးမသာမှုကို ပြုလို၍ "သင်္ကန်း ဟူသော အကြောင်းကြောင့်။ပ။ ပူဇော်မှု ဟူသော အကြောင်းကြောင့် ဆုံးမ၏" ဟု ဆိုအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

သံဃာသည် သမုတ်အပ်သည်လည်း ဖြစ်သော မသမုတ်အပ်သည်လည်း ဖြစ်သော ရဟန်းမိန်းမတို့အား ဆုံးမတတ်သော ရဟန်းမဟုတ်သော သူကို ကျေးဇူးမဲ့ကို ပြုလို၍ အကျော်အစောမဲ့ကို ပြုလို၍ နှလုံးမသာမှုကို ပြုလို၍ "သင်္ကန်းဟူသော အကြောင်းကြောင့် ဆွမ်းဟူသော အကြောင်းကြောင့် ကျောင်း အိပ်ရာနေရာဟူသော အကြောင်းကြောင့် သူနာ၏အထောက်အပံ့ ဆေးအသုံးအဆောင် ဟူသော အကြောင်းကြောင့် အရိုအသေပြုမှု ဟူသော အကြောင်းကြောင့် အလေးအမြတ်ပြုမှု ဟူသော အကြောင်းကြောင့် မြတ်နိုးမှု ဟူသော အကြောင်းကြောင့် ရိုခိုးမှု ဟူသော အကြောင်းကြောင့် ပူဇော်မှု ဟူသော အကြောင်းကြောင့် ဆုံးမ၏" ဟု ဆိုအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

အဓမ္မကံ၌ ဓမ္မကံ ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

အဓမ္မကံ၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

အဓမ္မကံ၌ အဓမ္မကံ ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

၁၆၈။ ပကတိသဘောအားဖြင့် သင်္ကန်း ဟူသော အကြောင်းကြောင့် ဆွမ်း ဟူသော အကြောင်းကြောင့် ကျောင်း အိပ်ရာ နေရာ ဟူသော အကြောင်းကြောင့် သူနာ၏အထောက်အပံ့ ဆေးအသုံးအဆောင် ဟူသော အကြောင်းကြောင့် အရိုအသေပြုမှု ဟူသော အကြောင်းကြောင့် အလေးအမြတ်ပြုမှု ဟူသော အကြောင်းကြောင့် မြတ်နိုးမှု ဟူသော အကြောင်းကြောင့် ရှိခိုးမှု ဟူသော အကြောင်းကြောင့် ပူဇော်မှု ဟူသော အကြောင်းကြောင့် ဆုံးမသော ရဟန်းကို ဆိုအံ့၊ အာပတ် မသင့်၊ ရူးသော ရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

စတုတ္ထ အာမိသသိက္ခာပုဒ် ပြီး၏။

---

## ၃-ဩဝါဒဝဂ် ၅-စီဝရဒါနသိက္ခာပုဒ်

၁၆၉။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ ရဟန်းတပါးသည် သာဝတ္ထိပြည်တွင် ခရီးလမ်းမ တခု၌ ဆွမ်းအလို့ငှါ လှည့်လည်၏၊ တပါးသော ရဟန်းမိန်းမသည်လည်း ထိုခရီးလမ်းမ၌ ဆွမ်းအလို့ငှါ လှည့်လည်၏။ ထိုအခါ ထိုရဟန်းသည် ထိုရဟန်းမိန်းမအား "နှမ သွားချေ၊ ဤမည်သော အရပ်၌ ဆွမ်းလောင်းလှူ၏" ဟု ဆို၏။ ထိုရဟန်း မိန်းမသည်လည်း "အသျှင်ဘုရားသွားပါချေ၊ ဤ

http://www.dhammadownload.com



မည်သော အရပ်၌ ဆွမ်းလောင်းလှူ၏” ဟု ဆို၏၊ ထိုရဟန်း ယောကျ်ား ရဟန်းမိန်းမတို့သည် မပြတ်တွေ့မြင်သဖြင့် မြင်ဘူးတွေ့ဘူးသော အဆွေခင်ပွန်း ဖြစ်ကြကုန်၏။

ထိုအခါ သံဃာသည် သင်္ကန်းကိုဝေဘန်၏။ ထိုအခါ ထိုရဟန်း မိန်းမသည် အဆုံးအမခံရာသို့ သွား၍ ထိုရဟန်းထံသို့ ချဉ်းကပ်ပြီးလျှင် ထိုရဟန်းကို ရှိခိုး၍ တခုသောနေရာ၌ ရပ်တည်၏၊ တခုသောနေရာ၌ ရပ်တည်သော ထိုရဟန်းမိန်းမကို ထိုရဟန်းသည် “နှမ ငါ၏အဖို့ ‘ဝေစု’ ဖြစ်သော သင်္ကန်းကို သာယာလတ္တံ့လော” ဟု ဆို၏၊ အသျှင်ဘုရား သာယာပါအံ့၊ တပည့်တော်မသည် ညစ်နွမ်းသော သင်္ကန်းရှိပါ၏ ဟု ဆို၏။

ထိုအခါ ထိုရဟန်းသည် ထိုရဟန်းမိန်းမအား သင်္ကန်းကို ပေး၏၊ ထိုရဟန်းသည်လည်း ညစ်နွမ်းသော သင်္ကန်းရှိ၏။ ရဟန်းတို့သည် ထိုရဟန်းကို “ငါ့သျှင် ယခုအခါ၌ သင်၏သင်္ကန်းကို ပြုလော့”ဟု ဆိုကြကုန်၏။ ထိုအခါ ထိုရဟန်းသည် ရဟန်းတို့အား ဤအကြောင်းကို ပြောကြား၏။ အလိုနည်းသော ရဟန်းတို့သည် “အဘယ့်ကြောင့် ရဟန်းသည် ရဟန်းမိန်းမအား သင်္ကန်းကို ပေးဘိသနည်း” ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။ “ရဟန်း သင်သည် ရဟန်းမိန်းမအား သင်္ကန်းကိုပေး၏ ဟူသည် မှန်သလော” ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်၏)။

ရဟန်း သင်နှင့် ဆွေမျိုးတော်စပ်သလော ဆွေမျိုးမတော်စပ်သလော ဟု (မေးတော်မူရာ)—

ဆွေမျိုးမတော်စပ်ပါ မြတ်စွာဘုရား ဟု (လျှောက်၏)။

(မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား ဆွေမျိုးမတော်စပ်သော ရဟန်းသည် ဆွေမျိုးမတော်စပ်သော ရဟန်းမိန်းမအား သင်္ကန်းကိုပေးသဖြင့် သင့်တော်သည်ကိုဖြစ်စေ မသင့်တော်သည်ကိုဖြစ်စေ ထင်ရှားရှိသည်ကိုဖြစ်စေ ထင်ရှားမရှိသည်ကိုဖြစ်စေ မသိချေ၊ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား အဘယ့်ကြောင့် သင်သည် ဆွေမျိုးမတော်စပ်သောရဟန်းမိန်းမအား သင်္ကန်းကိုပေးဘိသနည်း။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား ဤ(သင်ပြုမိသောအမှု)သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါဖြစ်စေ။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

**(က) “အကြင် ရဟန်းသည် ဆွေမျိုးမတော်စပ်သော ရဟန်းမိန်းမအား သင်္ကန်းကို ပေးငြားအံ့၊ (ထိုရဟန်းအား) ပါစိတ်အာပတ် သင့်၏” ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။**

ဤသို့လျှင် မြတ်စွာဘုရားသည် ရဟန်းတို့အား ဤသိက္ခာပုဒ်ကို ပညတ်တော်မူ၏။

၁၇၀။ ထိုအခါ ရဟန်းတို့သည် တွေးတောမှု ‘သံသယကုက္ကုစ္စ’ ရှိကုန်သည်ဖြစ်၍ ရဟန်းမိန်းမတို့အား လဲလှယ်သော သင်္ကန်းကိုမပေးကုန် သင်္ကန်းချင်း မလဲလှယ်ကုန်။ ရဟန်းမိန်းမတို့သည် “အဘယ့်ကြောင့် အသျှင်ကောင်းတို့သည် ငါတို့အား လဲလှယ်သော သင်္ကန်းကို မပေးကုန် သနည်း” ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ ရဟန်းတို့သည် ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုကြသော ထိုရဟန်းမိန်းမတို့၏ စကားကို ကြားကြသည်သာတည်း။

http://www.dhammadownload.com



ထိုအခါ ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းအရာကို လျှောက်ကြကုန်၏။ ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် တရားစကားကို ဟောတော်မူ၍ ရဟန်းတို့ကို ရဟန်းတို့ ရဟန်းယောကျ်ားအားရင်း ရဟန်းမိန်းမအားရင်း သိက္ခမာန်အားရင်း သာမဏေယောကျ်ားအားရင်း သာမဏေမိန်းမအားရင်း သီတင်းသုံးဖော် ငါးယောက်တို့အား လဲလှယ်သော သင်္ကန်းကို ပေးခြင်းငှါ 'သင်္ကန်းချင်း လဲလှယ်ခြင်းငှါ' ခွင့်ပြုတော်မူ၏၊ ရဟန်းတို့ ဤသီတင်းသုံးဖော် ငါးယောက်တို့အား သင်္ကန်းချင်း လဲလှယ်ခြင်းကို ခွင့်ပြုတော်မူ၏ ဟု မိန့်တော်မူ၏။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

၇၄။ ၂၅-(ခ) ၁၇၁။ **"အကြင် ရဟန်းသည် ဆွေမျိုးမတော်စပ်သော ရဟန်းမိန်းမအား လဲလှယ်ခြင်းကို ကြဉ်၍ သင်္ကန်းကိုပေးငြားအံ့၊ (ထိုရဟန်းအား) ပါစိတ်အာပတ် သင့်၏"** ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

## ၅-စီဝရဒါနသိက္ခာပုဒ် အဖွင့်

၁၇၂။ **အကြင်** ဟူသည် အကြင်သို့ သဘောရှိသော။ပ။

**ရဟန်း** ဟူသည် ဤအရာ၌ ဤဥ တ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သူကို "ရဟန်း" ဟူ၍ အလိုရှိအပ်၏။

**ဆွေမျိုးမတော်စပ်သော** မည်သည် အမိဖက်မှသော်ရင်း အဖဖက်မှသော်ရင်း ဘိုးဘေး ခုနစ်ဆက်တိုင်အောင် ဆွေမျိုးမတော်စပ်သော။

**ရဟန်းမိန်းမ** မည်သည် ဥဘတောသံဃာ၌ ပဉ္စင်းဖြစ်သော ရဟန်းမိန်းမတည်း။

**သင်္ကန်း** မည်သည် သင်္ကန်းခြောက်ထည်တို့တွင် နောက်ဆုံး ဝိကပ္ပနာပြုလောက်သော တထည်ထည်သော သင်္ကန်းတည်း။

**လဲလှယ်ခြင်းကို ကြဉ်၍** ဟူသည် လဲလှယ်ခြင်းကိုထား၍ 'လဲလှယ်သည်မှတပါး' သင်္ကန်းကို ပေးငြားအံ့၊ ပါစိတ်အာပတ် သင့်၏။

၁၇၃။ ဆွေမျိုးမတော်စပ်သော ဘိက္ခုနီမ၌ ဆွေမျိုးမတော်စပ် ဟု အမှတ်ရှိသည်ဖြစ်၍ လဲလှယ်ခြင်းကိုကြဉ်၍ သင်္ကန်းကိုပေးအံ့၊ ပါစိတ်အာပတ် သင့်၏။

ဆွေမျိုးမတော်စပ်သော ဘိက္ခုနီမ၌ ယုံမှားရှိသည်ဖြစ်၍ လဲလှယ်ခြင်းကို ကြဉ်၍ သင်္ကန်းကို ပေးအံ့၊ ပါစိတ်အာပတ် သင့်၏။

ဆွေမျိုးမတော်စပ်သော ဘိက္ခုနီမ၌ ဆွေမျိုးတော်စပ်၏ ဟု အမှတ်ရှိသည်ဖြစ်၍ လဲလှယ်ခြင်းကို ကြဉ်၍ သင်္ကန်းကိုပေးအံ့၊ ပါစိတ်အာပတ် သင့်၏။

တဖက်သော သံဃာ၌ ပဉ္စင်းဖြစ်သော ရဟန်း မိန်းမအား လဲလှယ်ခြင်းကို ကြဉ်၍ သင်္ကန်းကို ပေးအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ဆွေမျိုးတော်စပ်သော ဘိက္ခုနီမ၌ ဆွေမျိုးမတော်စပ် ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ဆွေမျိုးတော်စပ်သော ဘိက္ခုနီမ၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ **ဆွေမျိုးတော်စပ်သော ဘိက္ခုနီမ၌ ဆွေမျိုးတော်စပ်၏ ဟု အမှတ်ရှိအံ့၊ အာပတ် မသင့်။**

http://www.dhammadownload.com



၁၇၄။ ဆွေမျိုးတော်စပ်သော ဘိက္ခုနီမအား (ပေးအံ့)၊ အဖိုးအနည်းငယ်ထိုက်သော ဝတ္ထုဖြင့် အဖိုးအများထိုက်သော ဝတ္ထုကိုရင်း အဖိုးအများထိုက်သော ဝတ္ထုဖြင့် အဖိုးအနည်းငယ်ထိုက်သော ဝတ္ထုကိုရင်း လဲလှယ်အံ့၊ ရဟန်းမိန်းမသည် အကျွမ်းဝင်၍ ယူအံ့၊ အခိုက်အတန့် ခေတ္တမျှယူအံ့၊ သင်္ကန်းကိုထား၍ တပါးသော ပရိက္ခရာကိုပေးအံ့၊ သိက္ခမာန်အား ပေးအံ့၊ သာမဏေမအား ပေးအံ့၊ အာပတ် မသင့်၊ ရူးသောရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

ပဥ္စမ စီဝရဒါနသိက္ခာပုဒ် ပြီး၏။

---

## ၃-ဩဝါဒဝဂ် ၆-စီဝရသိဗ္ဗနသိက္ခာပုဒ်

၁၇၅။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ အသျှင်ဥဒါယီသည် သင်္ကန်းချုပ်ခြင်း အမှုကို ပြုခြင်းငှါ တတ်ကျွမ်းလိမ္မာ၏။ ရဟန်းမိန်းမတပါးသည် အသျှင်ဥဒါယီထံသို့ ချဉ်းကပ်ပြီးလျှင် အသျှင်ဥဒါယီကို "အသျှင်ဘုရား တောင်းပန်ပါ၏၊ အသျှင်သည် အကျွန်ုပ်၏ သင်္ကန်းကို ချုပ်ပေးပါလော့" ဟု လျှောက်၏။

ထိုအခါ အသျှင်ဥဒါယီသည် ထိုရဟန်းမိန်းမ၏ သင်္ကန်းကို ချုပ်၍ ကောင်းစွာဆိုး ကောင်းစွာ အပြေအပြစ်ပြုပြီးလျှင် အလယ်၌ မိမိဉာဏ်အထင်ဖြင့် ပြုလုပ်သော ဆန်းကြယ်သော (မိန်းမ ယောကျ်ား) အရုပ်ကို ကောင်းစွာ ထင်စေ၍ ခေါက်ထား၏။

ထိုအခါ ထိုရဟန်းမိန်းမသည် အသျှင်ဥဒါယီထံသို့ ချဉ်းကပ်၍ အသျှင်ဥဒါယီကို "အသျှင်ဘုရား ထိုသင်္ကန်းသည် အဘယ်မှာနည်း" ဟု လျှောက်၏။ "နှမ ယူလော့ ဤသင်္ကန်းကို ခေါက်ထားသည့် အတိုင်း ဆောင်ယူသိမ်းထား၍ ရဟန်းမိန်းမ သံဃာသည် အဆုံးအမခံရာ အရပ်သို့ လာသောအခါ ဤသင်္ကန်းကိုရုံ၍ ရဟန်းမိန်းမသံဃာ၏ နောက်မှ နောက်မှ လိုက်၍ လာလော့" ဟု (ဆို၏)။

ထိုအခါ ထိုရဟန်းမိန်းမသည် ထိုသင်္ကန်းကို ခေါက်ထားသည့်အတိုင်း ဆောင်ယူသိမ်းထား၍ ရဟန်းမိန်းမသံဃာသည် အဆုံးအမကို ခံယူရန် လာသောအခါ ထိုသင်္ကန်းကို ရုံ၍ ရဟန်းမိန်းမ သံဃာ၏ နောက်မှနောက်မှ လိုက်လာ၏။

လူတို့သည် "ဤရဟန်းမိန်းမတို့သည် အလွန် အကြောက်အလန့် ကင်းပြတ်ကုန်၏၊ အပျော်အပါးကြူးကုန်၏၊ အရှက်မရှိကုန်၊ အကြင်ရဟန်းမိန်းမတို့စင်လျက် သင်္ကန်း၌ ဆန်းကြယ်သော မိန်းမရုပ် ယောကျ်ားရုပ်ကို ထင်စေကုန်ဘိ၏" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြု ပြောဆိုကြကုန်၏။

ရဟန်းမိန်းမတို့သည် "ဤအမှုသည် အဘယ်သူ၏ အမှုနည်း" ဟု ဆိုကုန်၏၊ အသျှင်ဥဒါယီ၏ အမှုတည်း ဟု ဆိုလတ်သော် အကြောက်အလန့် ကင်းပြတ်ကုန် အပျော်အပါးကြူးကုန် အရှက်မရှိကုန်သော သူတို့အားသော်မှလည်း ဤသို့သော အမှုသည် မတင့်တယ်ရာ၊ အသျှင်ဥဒါယီအားမူကား အဘယ်မှာ တင့်တယ်ရာပါအံ့နည်း ဟု (ဆိုကုန်၏)။

ထိုအခါ ထိုရဟန်းမိန်းမတို့သည် ရဟန်းယောကျ်ားတို့အား ဤအကြောင်းကို လျှောက်ကုန်၏။ အလိုနည်းသော ရဟန်းတို့သည် "အဘယ့်ကြောင့် အသျှင်ဥဒါယီသည် ရဟန်းမိန်းမ၏သင်္ကန်းကို ချုပ်လုပ်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြု ပြောဆိုကြကုန်၏။ပ။

http://www.dhammadownload.com



"ဥဒါယီ သင်သည် ရဟန်းမိန်းမ၏ သင်္ကန်းကို ချုပ်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်၏)။

ဥဒါယီ သင်နှင့် ဆွေမျိုးတော်စပ်သလော ဆွေမျိုးမတော်စပ်သလော ဟု (မေးတော်မူရာ)—

ဆွေမျိုးမတော်စပ်ပါ မြတ်စွာဘုရား ဟု (လျှောက်၏)။

(မင်္ဂိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား ဆွေမျိုးမတော်စပ်သောသူသည် ဆွေမျိုးမတော်စပ်သော ရဟန်းမိန်းမ၏သင်္ကန်းကို ချုပ်သဖြင့် သင့်တော်သည်ကိုငြင်း မသင့်တော်သည်ကိုငြင်း ကြည်ညိုဖွယ်ဖြစ်သည်ကိုငြင်း ကြည်ညိုဖွယ်မဖြစ်သည်ကိုငြင်း မသိ၊ (မင်္ဂိုလ်မှ) အချည်းနှီး ဖြစ်သော ယောကျ်ား အဘယ့်ကြောင့် သင်သည် ဆွေမျိုးမတော်စပ်သော ရဟန်းမိန်းမ၏သင်္ကန်းကို ချုပ်ဘိသနည်း။ (မင်္ဂိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား ဤ (သင်ပြုမိသောအမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါငြင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

**၁၇၅။ ၂၆-၁၇၆။ "အကြင် ရဟန်းသည် ဆွေမျိုးမတော်စပ်သော ရဟန်းမိန်းမ၏ သင်္ကန်းကို ကိုယ်တိုင်မူလည်း ချုပ်ငြားအံ့၊ သူတပါးကိုမူလည်း ချုပ်စေငြားအံ့၊ (ထိုရဟန်းအား) ပါစိတ်အာပတ် သင့်၏" ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။**

## ၆-စီဝရသိဗ္ဗနသိက္ခာပုဒ် အဖွင့်

၁၇၇။ အကြင် ဟူသည် အကြင်သို့ သဘောရှိသော။ပ။

ရဟန်း ဟူသည်။ပ။ ဤအရာ၌ ဤဥတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သူကို "ရဟန်း" ဟူ၍ အလိုရှိအပ်၏။

**ဆွေမျိုးမတော်စပ်သော** မည်သည် အမိဖက်မှသော်ငြင်း အဖဖက်မှသော်ငြင်း ဘိုးဘေး ခုနစ်ဆက်တိုင်အောင် ဆွေမျိုးမတော်စပ်သော။

**ရဟန်းမိန်းမ** မည်သည် ဥဘတောသံဃာ၌ ပဉ္စင်းဖြစ်သော ရဟန်းမိန်းမတည်း။

**သင်္ကန်း** မည်သည် သင်္ကန်းခြောက်ထည်တို့တွင် တထည်ထည်သော သင်္ကန်းတည်း။

**ချုပ်ငြားအံ့** ဟူသည် ကိုယ်တိုင်ချုပ်အံ့၊ အပ်နုတ်တိုင်း အပ်နုတ်တိုင်း ပါစိတ်အာပတ် သင့်၏။

**ချုပ်စေငြားအံ့** ဟူသည် သူတပါးကို စေခိုင်းအံ့၊ ပါစိတ်အာပတ် သင့်၏။ တကြိမ်စေခိုင်းရာ၌ များစွာလည်း ချုပ်အံ့၊ ပါစိတ်အာပတ် သင့်၏။

၁၇၈။ ဆွေမျိုးမတော်စပ်သော ရဟန်းမိန်းမ၌ ဆွေမျိုး မတော်စပ် ဟု အမှတ်ရှိသည်ဖြစ်၍ သင်္ကန်းကို ချုပ်မူလည်း ချုပ်အံ့၊ ချုပ်စေမူလည်း ချုပ်စေအံ့၊ ပါစိတ်အာပတ် သင့်၏။

ဆွေမျိုးမတော်စပ်သော ရဟန်းမိန်းမ၌ ယုံမှားရှိသည်ဖြစ်၍ သင်္ကန်းကို ချုပ်မူလည်း ချုပ်အံ့၊ ချုပ်စေမူလည်း ချုပ်စေအံ့၊ ပါစိတ်အာပတ် သင့်၏။

http://www.dhammadownload.com



ဆွေမျိုးမတော်စပ်သော ရဟန်းမိန်းမ၌ ဆွေမျိုးတော်စပ်၏ ဟု အမှတ်ရှိသည်ဖြစ်၍ ချုပ်၊ လည်း ချုပ်အံ့၊ ချုပ်စေမှုလည်း ချုပ်စေအံ့၊ ပါစိတ်အာပတ် သင့်၏။

တဖက်သံဃာ၌ ပဉ္စင်းဖြစ်သော ရဟန်းမိန်းမ၏ သင်္ကန်းကို ချုပ်မှုလည်း ချုပ်အံ့၊ ချုပ်စေ၊ လည်း ချုပ်စေအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ဆွေမျိုးတော်စပ်သော ရဟန်းမိန်းမ၌ ဆွေမျိုးမတော်စပ်၏ ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပ၊ သင့်၏။ ဆွေမျိုးတော်စပ်သော ရဟန်းမိန်းမ၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ဆွေမျိုးတော် စပ်သော ရဟန်းမိန်းမ၌ ဆွေမျိုးတော်စပ်၏ ဟု အမှတ်ရှိအံ့၊ အာပတ် မသင့်။

၁၇၉။ ဆွေမျိုးတော်စပ်သော ရဟန်းမိန်းမ၏ (သင်္ကန်းကိုချုပ်အံ့)၊ သင်္ကန်းကို ထား၍ တပါ သော ပရိက္ခရာကို ချုပ်မှုလည်း ချုပ်အံ့၊ ချုပ်စေမှုလည်း ချုပ်စေအံ့၊ အာပတ် မသင့်၊ သိက္ခမာန်၊ သာမဏေမ၏ (သင်္ကန်းကိုချုပ်အံ့)၊ အာပတ် မသင့်၊ ရူးသောရဟန်း အစလက်ဦးလွန်ကျူးသေ ရဟန်းတို့အားလည်း အာပတ် မသင့်။

ဆဋ္ဌ စီဝရသိဗ္ဗနသိက္ခာပုဒ် ပြီး၏။

---

## ၁-ဩဝါဒဝဂ် ၇-သံဝိဓာနသိက္ခာပုဒ်

၁၈၀။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အဝ ဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ရဟန်းမိန်းမ တို့နှင့်အတူ တိုင်ပင်ညီညွတ်၍ 'ချိန်းဆို၍' တကြောင်းထည်း အခွန်ရှည်သော ခရီးကို သွားကုန်၏။ လူတို့သည် "ငါတို့သည် မယားနှင့်တကွ လှည့်လည်သွားလာ ကုန်သကဲ့သို့ ဤအတူပင်လျှင် သာကီဝင် မင်းသား ဘုရားအနွယ်တော် ဖြစ်ကုန်သော ဤရဟန်းတို့သည် ရဟန်းမိန်းမတို့နှင့်အတူ လှည့်လည် သွားလာကုန်၏" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ရဟန်းတို့သည် ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုကြသော ထိုလူတို့၏ စကားတို့ကို ကြားကြ သည်သာတည်း။ အလိုနည်းသော ရဟန်းတို့သည် "အဘယ့်ကြောင့် ဆဗ္ဗဂ္ဂီရဟန်းတို့သည် ရဟန်း မိန်းမတို့နှင့်အတူ တိုင်ပင်ညီညွတ်၍ တကြောင်းထည်း အခွန်ရှည်သော ခရီးကို သွားကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ သင်တို့သည် ရဟန်းမိန်းမတို့နှင့်အတူ တိုင်ပင်ညီညွတ်၍ တကြောင်းထည်း အခွန် ရှည်သော ခရီးသို့ သွားကုန်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ (မင်္ဂလိမ္မ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ သင်တို့သည် အဘယ့်ကြောင့် ရဟန်းမိန်းမတို့နှင့်အတူ တိုင်ပင်ညီညွတ်၍ တကြောင်း

http://www.dhammadownload.com



ထည်း အခွန့်ရှည်သော ခရီးသို့ သွားကုန်ဘိသနည်း။ (မင်ဖိုလ်မှ) အချည်းနှီးဖြစ်သောယောကျ်ားတို့ ဤ (သင်တို့ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

**(က) "အကြင် ရဟန်းသည် ရဟန်းမိန်းမနှင့်အတူ တိုင်ပင် ညီညွတ်၍ တကြောင်းထည်း အခွန့်ရှည်သော ခရီးသို့ သွားငြားအံ့၊ အယုတ်သဖြင့် ရွာတပါးသို့သော်လည်း သွားငြားအံ့၊ (ထိုရဟန်းအား) ပါစိတ်အာပတ် သင့်၏"** ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

ဤသို့လျှင် မြတ်စွာဘုရားသည် ရဟန်းတို့အား ဤသိက္ခာပုဒ်ကို ပညတ်တော်မူ၏။

၁၈၁။ တရံရောအခါ မျ‌ားစွာကုန်သော ရဟန်းယောကျ်ား ရဟန်းမိန်းမတို့သည် သာကေတ မြို့မှ သာဝတ္ထိပြည်သို့ အခွန့်ရှည်သော ခရီးကိုသွားကုန်၏။ ထိုအခါ ရဟန်းမိန်းမတို့သည် ထိုရဟန်းယောကျ်ားတို့ကို "အကျွန်ုပ်တို့သည်လည်း အသျှင်ဘုရားတို့နှင့်အတူ သွားပါကုန်အံ့" ဟု ဆိုကုန်၏။ နှမတို့ ရဟန်းမိန်းမနှင့်အတူ တိုင်ပင်ညီညွတ်၍ တကြောင်းထည်း အခွန့်ရှည်သော ခရီးသို့ သွားခြင်းငှါ မအပ်၊ သင်တို့သော်လည်း ရှေးဦးစွာ သွားကုန်လော့၊ ငါတို့သော်လည်း သွားကုန်အံ့ ဟု (ဆိုကုန်၏)။ အသျှင်ဘုရားတို့ အသျှင်တို့သည် ယောကျ်ားမြတ်တို့ပါတည်း အသျှင်ဘုရားတို့သာလျှင် ရှေးဦးစွာ ကြွတော်မူပါကုန်လော့ ဟု (ဆိုကုန်၏)။

ထိုအခါ နောက်မှ သွားကြကုန်သော ထိုရဟန်းမိန်းမတို့အား လမ်းခရီး၌ ခိုးသူတို့သည် လုလည်း လုယက်ကုန်၏၊ ဖျက်လည်းဖျက်ဆီးကုန်၏။ ထိုအခါ ရဟန်းမိန်းမတို့သည် သာဝတ္ထိပြည်သို့ သွား၍ ရဟန်းမိန်းမတို့အား ဤအကြောင်းကို ပြောကြားကုန်၏။ ရဟန်းမိန်းမတို့သည် ရဟန်းယောကျ်ား တို့အား ဤအကြောင်းကို လျှောက်ကုန်၏။ ရဟန်းယောကျ်ားတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် တရားစကားကို ဟောကြားတော်မူ၍ ရဟန်းတို့ကို "ရဟန်းတို့ အဖော်ကုန်သည်နှင့် သွားအပ်သော ရွှံရွာဖွယ် 'ယုံမှားတွေးတောဖွယ် ရှိ၏' ဟု သမုတ်အပ်သော ဘေးဘျမ်းနှင့်တကွဖြစ်သော 'ဘေးအန္တရာယ်များသော' ခရီး၌ ရဟန်း မိန်းမနှင့်အတူ တိုင်ပင်ညီညွတ်၍ တကြောင်းထည်း အခွန့်ရှည်သော ခရီးသို့ သွားခြင်းငှါ ခွင့်ပြုတော် မူ၏" ဟု မိန့်တော်မူ၏။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

**၇၆။ ၂၇-(ခ) ၁၈၂။ "အကြင် ရဟန်းသည် ရဟန်းမိန်းမနှင့်အတူ တိုင်ပင် ညီညွတ်၍ တကြောင်းထည်း အခွန့်ရှည်သော ခရီးသို့ (သွားသင့်သော) အချိန်အခါကို ကြဉ်၍ သွားငြားအံ့၊ အယုတ်သဖြင့် ရွာတပါးသို့လည်း သွားငြားအံ့၊ (ထိုရဟန်းအား) ပါစိတ် အာပတ် သင့်၏။ ထို တိုင်ပင်ညီညွတ်၍ သွားရာ၌ ဤဆိုလတ္တံ့သည်ကား အချိန်အခါတည်း၊ လမ်းခရီးသည် အဖော်ကုန်သည်နှင့်အတူ သွားအပ်၏၊ ရွံရှာဖွယ် 'ယုံမှားတွေးတောဖွယ် ရှိ၏' ဟု သမုတ်အပ်၏၊ ဘေးဘျမ်းနှင့်တကွဖြစ်၏ 'ဘေးရန်အန္တရာယ်ရှိ၏'၊ ဤကား ထို တိုင်ပင် ညီညွတ်၍ သွားရာ၌ အချိန်အခါတည်း"** ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

http://www.dhammadownload.com



## ၇-သံဝိဓာနသိက္ခာပုဒ် အဖွင့်

၁၀၃။ အကြောင်း ဟူသည် အကြောင်းသို့ သဘောရှိသော။ပ။

ရဟန်း ဟူသည်။ပ။ ဤအရာ၌ ဤ ဥ တ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သူကို "ရဟန်း" ဟူ၍ အလိုရှိအပ်၏။ပ။

ရဟန်းမိန်းမ မည်သည် ဥဘတောသံဃာ၌ ပဉ္စင်း ဖြစ်သော ရဟန်းမိန်းမတည်း။

အတူ ဟူသည် တပေါင်းတည်း။

**တိုင်ပင်ညှိနှိုင်း၍** ဟူသည် "နှမ သွားကုန်အံ့ အသျှင်ဘုရား သွားပါကုန်အံ့၊ အသျှင်ဘုရား သွားကြကုန်အံ့ နှမသွားကုန်အံ့၊ ယနေ့သော်၎င်း နက်ဖြန်သော်၎င်း သန်ဘက်သော်၎င်း သွားကုန်အံ့" ဟု တိုင်ပင်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

**အယုတ်သဖြင့် ရွာတပါးသို့လည်း** ဟူသည် ကြက်ပျံတကျဝေးသောရွာ၌ ရွာတပါးတိုင်း ရွာတပါးတိုင်း 'တခြားရွာတိုင်း တခြားရွာတိုင်း' ပါစိတ်အာပတ် သင့်၏။ ရွာမဟုတ်သော တော၌ ယူဇနာခွဲတိုင်း ယူဇနာခွဲတိုင်း ပါစိတ်အာပတ် သင့်၏။

**အချိန်အခါကို ကြည့်၍** ဟူသည် အချိန်အခါကာလကို ကြည့်၍။

**အဖော်ကုန်သည်နှင့်သွားအပ်သော ခရီး** မည်သည် လမ်းခရီးသည် အဖော်ကုန်သည်နှင့်ကင်း၍ သွားခြင်းငှါ မတတ်ကောင်း။

**ရွံရှာဖွယ် 'ယုံမှားတွေးတောဖွယ်' ရှိ၏** မည်သည် ထိုခရီးလမ်း၌ ခိုးသူတို့၏ ဝင်ရာ အရပ်သည် ထင်၏၊ စားရာအရပ်သည် ထင်၏၊ တည်ရာအရပ်သည် ထင်၏၊ နေရာအရပ်သည် ထင်၏၊ အိပ်ရာ အရပ်သည် ထင်၏။

**ဘေးဘျမ်းနှင့်တကွ ဖြစ်၏ 'ဘေးရန်အန္တရာယ်ရှိ၏'** မည်သည် ထိုခရီးလမ်း၌ ခိုးသူတို့သည် လူတို့ကို သတ်သည်တို့ကို မြင်ကုန်၏၊ လုယက်သည်တို့ကို မြင်ကုန်၏၊ ရိုက်ပုတ်သည်တို့ကို မြင်ကုန်၏၊ ဘေးရန်ရှိသော လမ်းခရီးကို အတူသွား၍ ဘေးရန်မရှိသော လမ်းခရီးကို ပြ၍ "နှမတို့ သွားကုန်လော့" ဟု (ဆို၍ )လွှတ်အပ်ကုန်၏။

၁၀၄။ တိုင်ပင်ရာ၌ တိုင်ပင်၏ ဟု အမှတ်ရှိသည်ဖြစ်၍ တကြောင်းထည်း အခွန့်ရှည်သော ခရီးကို သွားငြားအံ့၊ အယုတ်သဖြင့် အချိန်အခါကို ကြည့်၍ ရွာတပါးသို့သော်လည်း သွားငြားအံ့၊ ပါစိတ်အာပတ် သင့်၏။

တိုင်ပင်ရာ၌ ယုံမှားရှိသည်ဖြစ်၍ တကြောင်းထည်း အခွန့်ရှည်သော ခရီးကို သွားငြားအံ့၊ အယုတ်သဖြင့် အချိန်အခါကိုကြည့်၍ ရွာတပါးသို့သော်လည်း သွားငြားအံ့၊ ပါစိတ်အာပတ် သင့်၏။

တိုင်ပင်ရာ၌ မတိုင်ပင် ဟု အမှတ်ရှိသည်ဖြစ်၍ တကြောင်းထည်း အခွန့်ရှည်သော ခရီးကို သွားငြားအံ့၊ အယုတ်သဖြင့် အချိန်အခါကို ကြည့်၍ ရွာတပါးသို့သော်လည်း သွားငြားအံ့၊ ပါစိတ် အာပတ် သင့်၏။

ရဟန်းယောကျ်ားသည် တိုင်ပင်၏ ရဟန်းမိန်းမသည် မတိုင်ပင်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

http://www.dhammadownload.com



မတိုင်ပင်ရာ၌ တိုင်ပင်၏ ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ မတိုင်ပင်ရာ၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ မတိုင်ပင်ရာ၌ မတိုင်ပင် ဟု အမှတ်ရှိအံ့၊ အာပတ် မသင့်။

၁၇၅။ အချိန်အခါ၌ (သွားအံ့)၊ မတိုင်ပင်မူ၍ သွားအံ့၊ ရဟန်းမိန်းမသည် တိုင်ပင်၏ ရဟန်း သာကျ၊ားသည် မတိုင်ပင်အံ့၊ ချိန်းဆိုမှု ချွတ်ယွင်း၍ သွားကုန်အံ့၊ ဘေးရန်တို့ကြောင့် သွားအံ့၊ အာပတ် မသင့်၊ ရူးသောရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

သတ္တမ သံဝိဓာနသိက္ခာပုဒ် ပြီး၏။

---

## ၃-ဩဝါဒဝဂ် ၈-နာဝါဘိရုဟနသိက္ခာပုဒ်

၁၇၆။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏အရံ ဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ရဟန်းမိန်းမတို့ နှင့်အတူ တိုင်ပင်ညီညွတ်၍ လှေတစင်းထည်းကို စီးကုန်၏။

လူတို့သည် "ငါတို့သည် မယားနှင့်တကွ လှေဖြင့် ကစားကုန်ဘိသကဲ့သို့ ဤအတူသာလျှင် သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်ကုန်သော ဤရဟန်းတို့သည် ရဟန်းမိန်းမတို့နှင့်အတူ တိုင်ပင် ညီညွတ်၍ လှေဖြင့် ကစားကုန်၏" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြု ပြောဆိုကြကုန်၏။

ရဟန်းတို့သည် ကဲ့ရဲ့ရှုတ်ချ အပြစ်ပြု ပြောဆိုကြသော ထိုလူတို့၏ စကားကို ကြားကြသည် သာတည်း။ အလိုနည်းသော ရဟန်းတို့သည် "အဘယ့်ကြောင့် ဆဗ္ဗဂ္ဂီရဟန်းတို့သည် ရဟန်းမိန်းမတို့ နှင့်အတူ တိုင်ပင် ညီညွတ်၍ တစင်းထည်းသော လှေကို စီးကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချ ကုန်၏၊ အပြစ်ပြု ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ သင်တို့သည် ရဟန်းမိန်းမတို့နှင့်အတူ တိုင်ပင် ညီညွတ်၍ တစင်းထည်းသော လှေကို စီး ကုန်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ အဘယ့်ကြောင့် သင်တို့သည် ရဟန်းမိန်းမတို့နှင့်အတူ တိုင်ပင် ညီညွတ်၍ တစင်း ထည်းသောလှေကို စီးကုန်ဘိသနည်း။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ ဤ (သင်တို့ ပြုသောအမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ ရန်မဟုတ်။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

(က) "အကြင် ရဟန်းသည် ရဟန်းမိန်းမနှင့်အတူ တိုင်ပင်ညီညွတ်၍ အထက်သို့ ဆန်တက် သည်လည်းဖြစ်သော အောက်သို့ စုန်ဆင်းသည်လည်းဖြစ်သော တစင်းထည်းသော လှေကို စီးငြားအံ့၊ (ထိုရဟန်းအား) ပါစိတ်အာပတ် သင့်၏" ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော် မူ၏)။

ဤသို့လျှင် မြတ်စွာဘုရားသည် ရဟန်းတို့အား ဤသိက္ခာပုဒ်ကို ပညတ်တော်မူ၏။

http://www.dhammadownload.com



၁၈၇။ တရံရောအခါ များစွာသော ရဟန်းယောကျ်ားရဟန်းမိန်းမတို့သည် သာကေတမြို့မှ သာဝတ္ထိပြည်သို့ အဓွန့်ရှည်သော ခရီးသို့သွားကုန်၏။ လမ်းခရီးအကြား၌ မြစ်ကိုကူးရ၏။ ထိုအခါ ထိုရဟန်းမိန်းမတို့သည် ထိုရဟန်းယောကျ်ားတို့ကို "အကျွန်ုပ်တို့သည်လည်း အသျှင်ဘုရားတို့နှင့်အတူ ကူးကုန်အံ့" ဟု ဆိုကုန်၏။ နှမ ရဟန်းမိန်းမနှင့်အတူ တိုင်ပင်ညီညွတ်၍ တစင်းထည်းသောလှေကို စီးခြင်းငှါ မအပ်ချေ၊ သင်တို့သော်လည်း ရှေးဦးစွာ ကူးကုန်လော့ ငါတို့သော်လည်း ကူးကုန်အံ့ ဟု (ဆိုကုန်၏)။

အသျှင်ဘုရား အသျှင်တို့သည် ယောကျ်ားမြတ်တို့ပါတည်း၊ အသျှင်တို့သည်သာလျှင် ရှေးဦးစွာ ကူးကုန်လော့ ဟု (ဆိုကုန်၏)။ ထိုအခါ နောက်မှကူးကုန်သော ထိုရဟန်းမိန်းမတို့အား ခိုးသူတို့သည် လုလည်း လုယက်ကုန်၏၊ ဖျက်လည်း ဖျက်ဆီးကုန်၏။

ထိုအခါ ထိုရဟန်းမိန်းမတို့သည် သာဝတ္ထိပြည်သို့သွား၍ ရဟန်းမိန်းမတို့အား ဤအကြောင်းကို ပြောကြားကုန်၏။ ရဟန်းမိန်းမတို့သည် ရဟန်းယောကျ်ားတို့အား ဤအကြောင်းကို လျှောက်ကုန်၏၊ ရဟန်းယောကျ်ားတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် တရားစကားကို ဟောတော်မူ၍ ရဟန်းတို့ကို "ရဟန်းတို့ မြစ်ကို ဖီလာကန့်လန့်ဖြတ်၍ ကူးသည်မှသော် ရဟန်းမိန်းမနှင့်အတူ တိုင်ပင်ညီညွတ်၍ တစင်းထည်းသောလှေကို စီးခြင်းငှါ ခွင့်ပြုတော်မူ၏" ဟု မိန့်တော်မူ၏။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

၇၇။ ၂၈-(ခ) ၁၈၈။ "**အကြင် ရဟန်းသည် ရဟန်းမိန်းမနှင့်အတူ တိုင်ပင်ညီညွတ်၍ ဖီလာကန့်လန့် ဖြတ်ကူးခြင်းကို ကြဉ်၍ အထက်သို့ ဆန်တက်သည်လည်း ဖြစ်သော အောက်သို့ စုန်ဆင်းသည်လည်းဖြစ်သော တစင်းထည်းသောလှေကို စီးငြားအံ့၊ (ထိုရဟန်းအား) ပါစိတ်အာပတ် သင့်၏**" ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

## ၈-နာဝါဘိရူဟနသိက္ခာပုဒ် အဖွင့်

၁၈၉။ **အကြင်** ဟူသည် အကြင်သို့ သဘောရှိသော။ပ။

**ရဟန်း** ဟူသည်။ပ။ ဤအရာ၌ ဤဥတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သူကို "ရဟန်း" ဟူ၍ အလိုရှိအပ်၏။

**ရဟန်းမိန်းမ** မည်သည် ဥဘတောသံဃာ၌ ပဉ္စင်းဖြစ်သော ရဟန်းမိန်းမတည်း။

**အတူ** ဟူသည် တပေါင်းတည်း။

**တိုင်ပင်ညီညွတ်၍** ဟူသည် "နှမ စီးကုန်အံ့ အသျှင်ဘုရား စီးကုန်အံ့၊ အသျှင်ဘုရား စီးကုန်အံ့ နှမ စီးကုန်အံ့၊ ယနေ့သော်၎င်း နက်ဖြန်သော်၎င်း သန်ဘက်သော်၎င်း စီးကုန်အံ့" ဟု တိုင်ပင်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ရဟန်းမိန်းမ စီးရာ၌ ရဟန်းယောကျ်ားစီးအံ့၊ ပါစိတ်အာပတ် သင့်၏။ ရဟန်းယောကျ်ား စီးရာ၌ ရဟန်းမိန်းမ စီးအံ့၊ ပါစိတ်အာပတ် သင့်၏။ နှစ်ဦးလုံးသော်လည်း စီးကုန်အံ့၊ ပါစိတ်အာပတ် သင့်၏။

**အထက်သို့ဆန်တက်သော** ဟူသည် အထက်အညာသို့ ဆန်တက်သော လှေဖြင့်။

http://www.dhammadownload.com



**အောက်သို့ စုန်ဆင်းသော** ဟူသည် အောက်အကြောသို့ စုန်ဆင်းသော လှေဖြင့်။

**ဖိလာကန့်လန့် ကူးခြင်းကို ကြဉ်၍** ဟူသည် ဖီလာကန့်လန့်မြစ်ကို ကူးခြင်းကို ကြဉ်၍။

ကြက်ပျံတကျ ဝေးသော ရွာ၌ ရွာတပါးတိုင်း ရွာတပါးတိုင်း ပါစိတ်အာပတ် သင့်၏။ ရွာမဟုတ်သော တော၌ ယူဇနာခွဲတိုင်း ယူဇနာခွဲတိုင်း ပါစိတ်အာပတ် သင့်၏။

၁၉၀။ တိုင်ပင်ရာ၌ တိုင်ပင်၏ ဟု အမှတ်ရှိသည်ဖြစ်၍ ဖီလာကန့်လန့်ဖြတ်ကူးခြင်းကို ကြဉ်၍ အထက်သို့ ဆန်တက်သည်လည်း ဖြစ်သော အောက်သို့ စုန်ဆင်းသည်လည်း ဖြစ်သော တစင်းထည်းသော လှေကို စီးငြားအံ့၊ ပါစိတ်အာပတ် သင့်၏။

တိုင်ပင်ရာ၌ ယုံမှားရှိသည်ဖြစ်၍ ဖီလာကန့်လန့်ဖြတ်ကူးခြင်းကို ကြဉ်၍ အထက်သို့ ဆန်တက်သည်လည်း ဖြစ်သော အောက်သို့ စုန်ဆင်းသည်လည်း ဖြစ်သော တစင်းထည်းသော လှေကို စီးငြားအံ့၊ ပါစိတ်အာပတ် သင့်၏။

တိုင်ပင်ရာ၌ မတိုင်ပင် ဟု အမှတ်ရှိသည်ဖြစ်၍ ဖီလာကန့်လန့် ဖြတ်ကူးခြင်းကို ကြဉ်၍ အထက်သို့ ဆန်တက်သည်လည်းဖြစ်သော အောက်သို့ စုန်ဆင်းသည်လည်းဖြစ်သော တစင်းထည်းသော လှေကို စီးငြားအံ့၊ ပါစိတ်အာပတ် သင့်၏။

ရဟန်းယောကျ်ားသည် တိုင်ပင်၏၊ ရဟန်းမိန်းမသည် မတိုင်ပင်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ မတိုင်ပင်ရာ၌ တိုင်ပင်၏ ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ မတိုင်ပင်ရာ၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ မတိုင်ပင်ရာ၌ မတိုင်ပင် ဟု အမှတ်ရှိအံ့၊ အာပတ် မသင့်။

၁၉၁။ မြစ်ကို ဖီလာကန့်လန့် ဖြတ်ကူးခြင်းဖြင့် ကူးအံ့၊ မတိုင်ပင်မူ၍ စီးကုန်အံ့၊ ရဟန်းမိန်းမသည် တိုင်ပင်၏၊ ရဟန်းယောကျ်ားကား မတိုင်ပင်အံ့၊ ချိန်းဆိုခြင်း ချွတ်ယွင်းသဖြင့် စီးကုန်အံ့၊ ဘေးရန် ရှိ၍ စီးအံ့၊ အာပတ် မသင့်၊ ရူးသောရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

အဋ္ဌမ-နာဝါဘိရုဟနသိက္ခာပုဒ် ပြီး၏။

---

## ၃-ဩဝါဒဝဂ် ၉-ပရိပါစိတသိက္ခာပုဒ်

၁၉၂။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ရှဉ့်နက်တို့အား အစာကျွေးရာဖြစ်သော ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေေ [illegible] အခါ ထုလ္လနန္ဒာရဟန်းမိန်းမသည် တဦးသော အမျိုး၏အိမ်သို့ ကပ်ရောက်သော ဆွမ်းဖြစ်၍ အမြဲဆွမ်းခံ (ဆွမ်းစား) လှေ့ရှိ၏၊ ထိုသူကြွယ်သည်လည်း မထေရ်ဖြစ်ကုန်သော ရဟန်းတို့ကို ပင့်ဖိတ်ထားကုန်၏။

ထိုအခါ ထုလ္လနန္ဒာရဟန်းမိန်းမသည် နံနက်အချိန်၌ သင်္ကန်းကိုပြင်ဝတ်၍ သပိတ် သင်္ကန်းကို ယူပြီးလျှင် ထိုအမျိုးအိမ်သို့ ချဉ်းကပ်ပြီး၍ ထိုသူကြွယ်ကို—

"သူကြွယ် ဤမျှားစွာသော ခဲဖွယ်ဘောဇဉ်တို့ကို အဘယ်အကျိုးငှါ စီရင်ထားသနည်း" ဟု မေး၏။

http://www.dhammadownload.com



အသျှင်မ အကျွန်ုပ်သည် မထေရ်ကြီးတို့ကို ပင့်ဖိတ်ထားပါ၏ ဟု (လျှောက်၏)။

သူကြွယ် ထိုမထေရ်ကြီးတို့ ဟူသည် အဘယ် ပုဂ္ဂိုလ်တို့နည်း ဟု (မေးပြန်ရာ)—

အသျှင်သာရိပုတြာ အသျှင်မောဂ္ဂလာန် အသျှင်မဟာကစ္စည်း အသျှင်မဟာကောဋ္ဌိက အသျှင်မဟာကပ္ပိန အသျှင်မဟာစုန္ဒ အသျှင်အနုရုဒ္ဓါ အသျှင်ရေဝတ အသျှင်ဥပါလိ အသျှင်အာနန္ဒာ အသျှင်ရာဟုလာတို့တည်း ဟု (လျှောက်၏)။

သူကြွယ် ရဟန္တာ ပုဂ္ဂိုလ်ကြီးတို့သည် ထင်ရှားတည်ရှိပါကုန်လျက် အဘယ့်ကြောင့် သင်သည် ရဟန်းငယ်တို့ကို ပင့်ဖိတ်ဘိသနည်း ဟု (ဆိုပြန်ရာ)—

အသျှင်မ သင်၏ ရဟန္တာပုဂ္ဂိုလ်ကြီးတို့ ဟူသည် အဘယ်တို့နည်း ဟု (မေးလျှောက်၏)။

သူကြွယ် အသျှင်ဒေဝဒတ် အသျှင်ကောကာလိက အသျှင်ကဋမောဒကတိဿ အသျှင်ခဏ္ဍဒေဝိပုတ္တ အသျှင်သမုဒ္ဒဒတ္တတို့တည်း ဟု (ဆို၏)။

ထုလ္လနန္ဒာ ရဟန်းမိန်းမ၏ ဤစကားသည် မပြီးဆုံးမီ ထိုမထေရ်ကြီး ရဟန်းတို့သည် ဝင်လာကုန်၏။ သူကြွယ် သင်ပင့်ဖိတ်ထားသော ပုဂ္ဂိုလ်တို့သည် ရဟန္တာကြီးတို့ မှန်ကြပါ၏ ဟု (ဆိုပြန်ရာ)—

"သင်သည် ယခုပင်လျှင် အသျှင်တို့ကို ရဟန်းငယ်ပြု၍ ယခုတဖန် ရဟန္တာကြီးတို့ ဟု ဆိုပြန်၏" ဟု (ပြောဆိုလျက်) ထုလ္လနန္ဒာကို အိမ်မှ နှင်ထုတ်၏၊ နိစ္စဘတ်ဆွမ်းဝတ်ကိုလည်း ဖြတ်၏။

အလိုနည်းသော ရဟန်းတို့သည် "အဘယ့်ကြောင့် ဒေဝဒတ်သည် ရဟန်းမိန်းမ တိုက်တွန်းစီရင်အပ်သော ဆွမ်းကို သိလျက် သုံးဆောင်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။ "ဒေဝဒတ် သင်သည် ရဟန်းမိန်းမ တိုက်တွန်းစီရင်အပ်သော ဆွမ်းကို သိလျက် သုံးဆောင်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား အဘယ့်ကြောင့် သင်သည် ရဟန်းမိန်းမ တိုက်တွန်းစီရင်အပ်သော ဆွမ်းကို သိလျက် သုံးဆောင်ဘိသနည်း။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား ဤ(သင်ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

**(က) "အကြင် ရဟန်းသည် ရဟန်းမိန်းမတို့ တိုက်တွန်း စီရင်သော ဆွမ်းကို သိလျက် သုံးဆောင်ငြားအံ့၊ (ထိုရဟန်းအား) ပါစိတ်အာပတ် သင့်၏" ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။**

ဤသို့လျှင် မြတ်စွာဘုရားသည် ရဟန်းတို့အား ဤသိက္ခာပုဒ်ကို ပညတ်တော်မူ၏။

၁၉၃။ တရံရောအခါ ရဟန်းတပါးသည် ရာဇဂြိုဟ်ပြည်မှ ရဟန်းပြု၍ အဆွေအမျိုးတို့ထံသို့ သွား၏။ လူတို့သည် "အသျှင်ကောင်းသည် ကြာမြင့်မှ ကြွလာ၏" ဟု (နှလုံးသွင်း၍) ရိုသေစွာ ဆွမ်းကို စီရင်ကုန်၏။ ထိုအမျိုး၏အိမ်သို့ ကပ်ရောက်သော ရဟန်းမိန်းမသည် ထိုလူတို့ကို "ဒါယကာတို့

http://www.dhammadownload.com



အသျှင့်အား ဆွမ်းကို ပေးလှူကြကုန်လော့” ဟု ဆို၏။ ထိုအခါ ထိုရဟန်းသည် “ရဟန်းမိန်းမ တိုက်တွန်းစီရင်သော ဆွမ်းကို သိလျက် သုံးဆောင်ခြင်းကို မြတ်စွာဘုရားသည် ပယ်တော်မူ၏” ဟု တွေးတောမှု ‘သံသယကုက္ကုစ္စ’ ရှိသည်ဖြစ်၍ မခံယူ ဆွမ်းခံသွားခြင်းငှါလည်း မတတ်နိုင်ချေ၊ ဆွမ်းပြတ်လေ၏ ‘ဆွမ်းမစားရ’။

ထိုအခါ ထိုရဟန်းသည် ကျောင်းအရံသို့ သွား၍ ရဟန်းတို့အား ဤအကြောင်းကို ပြောကြား၏။ ရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် တရားစကားကို ဟောကြားတော်မူ၍ ရဟန်းတို့ကို—

“ရဟန်းတို့ ရှေး၌ လူတို့ စီမံအပ်ပြီးသည်ရှိသော် ရဟန်းမိန်းမစီရင်အပ်သော ဆွမ်းကို သိလျက် သုံးဆောင်ခြင်းငှါ ခွင့်ပြုတော်မူ၏” ဟု မိန့်တော်မူ၏။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

၇၀။ ၂၉-(ခ) ၁၉၄။ **“အကြင် ရဟန်းသည် (ရဟန်းမိန်းမ စီရင်သည်မှ) ရှေး၌ လူတို့ စီရင်အပ်သော ဆွမ်းကို ကြဉ်၍ ရဟန်းမိန်းမ စီရင်အပ်သော ဆွမ်းကို သိလျက် သုံးဆောင်ငြားအံ့၊ (ထိုရဟန်းအား) ပါစိတ်အာပတ် သင့်၏” ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။**

## ၉-ပရိပါစိတသိက္ခာပုဒ် အဖွင့်

၁၉၅။ **အကြင်** ဟူသည် အကြင်သို့ သဘောရှိသော။ပ။

**ရဟန်း** ဟူသည် ။ပ။ ဤအရာ၌ ဤဉတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သူကို “ရဟန်း” ဟူ၍ အလိုရှိအပ်၏။

**သိ၏** မည်သည် ကိုယ်တိုင်သော်လည်း သိ၏၊ သူတပါးတို့သည်လည်း ထိုရဟန်းအား ပြောကြားကုန်၏၊ ထိုရဟန်းမိန်းမသော်လည်း ပြောကြား၏။

**ရဟန်းမိန်းမ** မည်သည် ဥဘတောသံဃာ၌ ပဉ္စင်းဖြစ်သော ရဟန်းမိန်းမတည်း။

**စီရင်၏** မည်သည် ရှေး၌ မလှူလိုကုန်သော မပြုလိုကုန်သော သူတို့အား အသျှင်သည် နိကာယ် ငါးပါးကို ဆောင်၏၊ အသျှင်သည် ဗဟုဿုတရှိ၏၊ အသျှင်သည် သုတ္တန်ကို ဆောင်နိုင်၏၊ အသျှင်သည် ဝိနည်းကို ဆောင်၏၊ အသျှင်သည် တရားဟော ပုဂ္ဂိုလ်တည်း၊ အသျှင့်အား ပေးလှူကုန်လော့၊ အသျှင့်အား ပြုစုကုန်လော့ ဟု (ဆို၏)၊ ဤကား စီမံသည် မည်၏။

**ဆွမ်း** မည်သည် ဘောဇဉ် ငါးပါးတို့တွင် တပါးပါးသော ဘောဇဉ်တည်း။

**ရှေး၌ လူတို့ စီရင်အပ်သော ဆွမ်းကို ကြဉ်၍** ဟူသည် လူတို့ စီရင်သော ဆွမ်းကို ထား၍။

**လူတို့ စီရင်သည်** မည်သည် ဆွေမျိုးတို့သော်၎င်း ဖိတ်မန်သော သူတို့သော်၎င်း ပကတိစီရင်သော သူတို့သော်၎င်း ဖြစ်ကုန်၏။

၁၉၆။ ရှေး၌ လူတို့ စီရင်အပ်သော ဆွမ်းကို ကြဉ်၍ သုံးဆောင်အံ့ ဟု အကယ်၍ ခံယူအံ့၊ ဒုက္ကဋ် အာပတ် သင့်၏။ မျိုတိုင်းမျိုတိုင်း ပါစိတ် အာပတ် သင့်၏။

http://www.dhammadownload.com



ရဟန်းမိန်းမ စီရင်သည်၌ စီရင်၏ ဟု အမှတ်ရှိသည်ဖြစ်၍ ရှေး၌ လူတို့ စီရင်သော ဆွမ်းကိုကြည်၍ သုံးဆောင်အံ့၊ ပါစိတ် အာပတ် သင့်၏။

ရဟန်းမိန်းမ စီရင်သည်၌ ယုံမှားရှိသည် ဖြစ်၍ ရှေး၌ လူတို့ စီရင်သော ဆွမ်းကို ကြည်၍ သုံးဆောင်အံ့၊ ဒုက္ကဋ် အာပတ် သင့်၏။

ရဟန်းမိန်းမ စီရင်သည်၌ မစီရင် ဟု အမှတ်ရှိသည်ဖြစ်၍ ရှေး၌ လူတို့ စီရင်သော ဆွမ်းကို ကြည်၍ သုံးဆောင်အံ့၊ အာပတ် မသင့်။

ရှေး၌ လူတို့ စီရင်သော ဆွမ်းကို ကြည်၍ တဖက်သံဃာ၌ ပဋ္ဌင်းဖြစ်သော ရဟန်းမိန်းမသည် စီရင်သော ဆွမ်းကို သုံးဆောင်အံ့၊ ဒုက္ကဋ် အာပတ် သင့်၏။

မစီရင်ရာ၌ စီရင်၏ ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ် အာပတ် သင့်၏။ မစီရင်ရာ၌ ယုံမှားရှိအံ့၊ ဒုက္ကဋ် အာပတ် သင့်၏။ မစီရင်ရာ၌ မစီရင် ဟု အမှတ်ရှိအံ့၊ အာပတ် မသင့်။

၁၉၇။ ရှေး၌ လူတို့ စီရင်သော ဆွမ်း၌ အာပတ် မသင့်၊ သိက္ခမာန်သည် စီရင်အံ့၊ သာမဏေမသည် စီရင်အံ့၊ အာပတ် မသင့်၊ ဘောဇဉ်ငါးပါးတို့ကို ကြဉ်ထား၍ အလုံးစုံသော ခဲဖွယ်တို့၌ အာပတ် မသင့်၊ ရူးသောရဟန်း အစလက်ဦးလွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

နဝမ ပရိပါစိတသိက္ခာပုဒ် ပြီး၏။

---

## ၃-ဩဝါဒဝဂ် ၁၀-ရဟောနိသဇ္ဇသိက္ခာပုဒ်

၁၉၈။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံ ဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ အသျှင် ဥဒါယီ၏ မယား ဟောင်းသည် ရဟန်းမိန်းမတို့ထံ၌ ရဟန်းပြု၏။ ထို ရဟန်းမိန်းမသည် အသျှင် ဥဒါယီထံသို့ မပြတ်လာ၏၊ အသျှင် ဥဒါယီသည်လည်း ထို ရဟန်းမိန်းမ၏ အထံသို့ မပြတ်သွား၏။ ထိုအခါ အသျှင် ဥဒါယီသည် ထိုရဟန်းမိန်းမ နှင့် အတူ တယောက်ချင်းချင်း ဆိတ်ကွယ်ရာအရပ်၌ နေထိုင်၏။

အလိုနည်းသော ရဟန်းတို့သည် "အဘယ့်ကြောင့် အသျှင် ဥဒါယီသည် ရဟန်းမိန်းမ နှင့် အတူ တယောက်ချင်းချင်း ဆိတ်ကွယ်ရာ အရပ်၌ နေထိုင်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ဥဒါယီ သင်သည် ရဟန်းမိန်းမနှင့်အတူ တယောက်ချင်းချင်း ဆိတ်ကွယ်ရာ အရပ်၌ နေထိုင်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား အဘယ့်ကြောင့် သင်သည် ရဟန်းမိန်းမနှင့်အတူ တယောက်ချင်းချင်း ဆိတ်ကွယ်ရာ

http://www.dhammadownload.com



အရပ်၌ နေထိုင်ဘိသနည်း။ (မင်္ဂဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား ဤ(သင်ပြုမိသော အမှု)သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ ရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

၇၉။ ၃၀-၁၉၉။ "အကြင် ရဟန်းသည် ရဟန်းမိန်းမနှင့် အတူ တယောက်ချင်းချင်း ဆိတ်ကွယ်ရာအရပ်၌ နေထိုင်ခြင်းကို ပြုငြားအံ့၊ (ထိုရဟန်းအား) ပါစိတ်အာပတ် သင့်၏" ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

## ၁၀-ရဟောနိသဇ္ဇသိက္ခာပုဒ် အဖွင့်

၂၀၀။ အကြင် ဟူသည် အကြင်သို့ သဘောရှိသော။ပ။

ရဟန်း ဟူသည်။ပ။ ဤအရာ၌ ဤဥတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သူကို "ရဟန်း" ဟူ၍ အလိုရှိအပ်၏။

ရဟန်းမိန်းမ မည်သည် ဥဘတောသံဃာ၌ ပဉ္စင်းဖြစ်သော ရဟန်းမိန်းမတည်း။

အတူ ဟူသည် တပေါင်းတည်း။

**တယောက်ချင်းချင်း** ဟူသည် ရဟန်းယောကျ်ားသည်ငှင်း ရဟန်းမိန်းမသည်ငှင်း ဖြစ်၏။

**ဆိတ်ကွယ်ရာ အရပ်** မည်သည် မျက်စိဆိတ်ကွယ်ရာအရပ် နားဆိတ်ကွယ်ရာ အရပ်တည်း။

**မျက်စိဆိတ်ကွယ်ရာ အရပ်** မည်သည် မျက်စိကိုဖွင့်သော်ငှင်း မျက်မှောင်ကိုချီသော်ငှင်း ဦးခေါင်းကိုမော့သော်ငှင်း မြင်ခြင်းငှါ မစွမ်းနိုင်သော အရပ်တည်း။

**နားဆိတ်ကွယ်ရာ အရပ်** မည်သည် ပကတိသော စကားပြောခြင်းကို ကြားခြင်းငှါ မစွမ်းနိုင်သော အရပ်တည်း။

**နေထိုင်ခြင်းကို ပြုငြားအံ့** ဟူသည် ရဟန်းမိန်းမသည် ထိုင်နေသော် ရဟန်းယောကျ်ားသည် ချဉ်းကပ်၍ ထိုင်နေသော်ငှင်း ချဉ်းကပ်၍ အိပ်သော်ငှင်း ပါစိတ်အာပတ် သင့်၏။

၂၀၁။ ရဟန်းယောကျ်ား ထိုင်နေသော် ရဟန်းမိန်းမသည် ချဉ်းကပ်၍ ထိုင်နေသော်ငှင်း ချဉ်းကပ်၍ အိပ်သော်ငှင်း ပါစိတ်အာပတ် သင့်၏။

နှစ်ယောက်လုံးထိုင်နေသော်ငှင်း နှစ်ယောက်လုံးအိပ်နေသော်ငှင်း ပါစိတ်အာပတ် သင့်၏။

ဆိတ်ကွယ်ရာအရပ်၌ ဆိတ်ကွယ်၏ ဟု အမှတ်ရှိသည်ဖြစ်၍ တယောက်ချင်းချင်း ထိုင်နေအံ့၊ ပါစိတ်အာပတ် သင့်၏။

ဆိတ်ကွယ်ရာ အရပ်၌ ယုံမှားရှိသည်ဖြစ်၍ တယောက်ချင်းချင်း ထိုင်နေအံ့၊ ပါစိတ်အာပတ် သင့်၏။

ဆိတ်ကွယ်ရာ အရပ်၌ မဆိတ်ကွယ် ဟု အမှတ်ရှိသည်ဖြစ်၍ တယောက်ချင်းချင်း ထိုင်နေအံ့၊ ပါစိတ်အာပတ် သင့်၏။

မဆိတ်ကွယ်ရာ အရပ်၌ ဆိတ်ကွယ်ရာ ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ မဆိတ်ကွယ်ရာ အရပ်၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ မဆိတ်ကွယ်ရာအရပ်၌ မဆိတ်ကွယ် ဟု အမှတ်ရှိအံ့၊ အာပတ် မသင့်။

http://www.dhammadownload.com



၂၀၂။ အမှတ်မရှိ သိကြားလိမ်မာသော သူ အဖော်ရှိအံ့၊ ရပ်သော်လည်း မထိုင်အံ့၊ ဆိတ်ကွယ်ခြင်းကို မငဲ့အံ့၊ တပါးကို အားရုံပြု၍ ထိုင်နေအံ့၊ အာပတ် မသင့်၊ ရူးသောရဟန်း အစလက်ဦးလွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

ဒသမ ရဟောနိသဇ္ဇသိက္ခာပုဒ် ပြီး၏။

တတိယ ဩဝါဒဝဂ် ပြီး၏။

## ထိုဩဝါဒဝဂ်၏ အကျဉ်းချုပ်

သမ္မုတိရမပဲ ရဟန်းမိန်းမတို့ကို ဆုံးမသော သိက္ခာပုဒ်၊ နေဝင်မှ ဆုံးမသော သိက္ခာပုဒ်၊ ရဟန်းမိန်းမကျောင်းသို့ သွား၍ ဆုံးမသော သိက္ခာပုဒ်၊ အာမိသကြောင့် ဆုံးမ၏ ဟု ဆိုသော သိက္ခာပုဒ်၊ ရဟန်းမိန်းမအား သင်္ကန်းပေးသော သိက္ခာပုဒ်၊ ရဟန်းမိန်းမ၏ သင်္ကန်းကို ချုပ်သော သိက္ခာပုဒ်၊ ရဟန်းမိန်းမနှင့် တိုင်ပင်ညီညွတ်၍ ခရီးသွားသော သိက္ခာပုဒ်၊ တိုင်ပင်ညီညွတ်၍ လှေစီးသော သိက္ခာပုဒ်၊ ရဟန်းမိန်းမ စီရင်သော ဆွမ်းကိုစားသော သိက္ခာပုဒ်၊ တယောက်ချင်းချင်း နေထိုင်သော သိက္ခာပုဒ်၊ ထိုသိက္ခာပုဒ်တို့သည် ဆယ်ပါးတို့တည်း။

ဤကား အကျဉ်းချုပ်တည်း။

---

## ၄-ဘောဇနဝဂ် ၁-အာဝသထပိဏ္ဍသိက္ခာပုဒ်

၂၀၃။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ အသင်းတခုသည် သာဝတ္ထိပြည်အနီး၌ လာလာသမျှ ဧည့်သည်တို့ တည်းခိုရန် စရပ်ဆောက်၍ ဧည့်သည်တို့အား ထမင်း ဟင်း စသည်တို့ဖြင့် ကြိုဆို ဧည့်ခံ၍ နေ၏။

ဆဗ္ဗဂ္ဂီရဟန်းတို့သည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူပြီးလျှင် သာဝတ္ထိပြည်သို့ ဆွမ်းခံဝင်သည်ရှိသော် ဆွမ်းမရသောကြောင့် လာလာသမျှ ဧည့်သည်တို့တည်းခိုရန် စရပ်သို့ သွားကုန်၏။ "အသျှင်ကောင်းတို့သည် ကြာမြင့်မှလည်း ကြွလာကုန်၏" ဟု လူတို့သည် ရိုသေစွာ လုပ်ကျွေးကုန်၏။

ထိုအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ဒုတိယနေ့၌လည်း။ပ။ တတိယနေ့၌လည်း နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူပြီးလျှင် သာဝတ္ထိပြည်သို့ ဆွမ်းခံဝင်သည်ရှိသော် ဆွမ်းမရသောကြောင့် လာလာသမျှ ဧည့်သည်တို့ တည်းခိုရန် စရပ်သို့ သွား၍ သုံးဆောင်ကုန်၏။ ထိုအခါ ဆဗ္ဗဂ္ဂီရဟန်းတို့အား "ငါတို့သည် ကျောင်းအရံသို့ ပြန်သွားသဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ နက်ဖြန်လည်း ဤစရပ်သို့ပင် လာသင့်၏" ဟု အကြံဖြစ်၍ ထိုစရပ်၌ပင် နေ့တိုင်းနေ့တိုင်းနေ၍ လာလာသမျှ ဧည့်သည်တို့ တည်းခိုရန် စရပ်၌ ဆွမ်းကို သုံးဆောင်ကုန်၏။ တိတ္ထိတို့သည် ဆုတ်ခွါ ဖဲသွားကုန်၏။

လူတို့သည်—"အဘယ့်ကြောင့် သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်ကုန်သော ရဟန်းတို့သည် နေ့တိုင်းနေ့တိုင်း နေ၍ လာလာသမျှ ဧည့်သည်တို့ တည်းခိုရန် စရပ်၌ ဆွမ်းကို သုံးဆောင်

http://www.dhammadownload.com



ကုန်ဘိသနည်း၊ ဤရဟန်းတို့အလိုငှါသာလျှင် ညှော်သည်တို့ တည်းခိုရန် စရပ်၌ ဆွမ်းဝတ်တည်ထားသည်မဟုတ်၊ ခပ်သိမ်းသော သူတို့အလိုငှါသာလျှင် ညှော်သည်တို့ တည်းခိုရန် စရပ်၌ ဆွမ်းဝတ်တည်ထား၏" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ ရဟန်းတို့သည် ကဲ့ရဲ့ရှုတ်ချအပြစ်ပြ ပြောဆိုကြသော ထိုလူတို့၏ စကားကို ကြားကြသည်သာတည်း။ အလိုနည်းသောရဟန်းတို့သည် "အဘယ့်ကြောင့်ဆဗ္ဗဂ္ဂီရဟန်းတို့သည် နေ့တိုင်းနေ့တိုင်းနေ၍ လာလာသမျှ ညှော်သည်တို့ တည်းခိုရန်စရပ်၌ ဆွမ်းကို သုံးဆောင်ကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ သင်တို့သည် နေ့တိုင်းနေ့တိုင်းနေ၍ လာလာသမျှ ညှော်သည်တို့ တည်းခိုရန်စရပ်၌ ဆွမ်းကို သုံးဆောင်ကုန်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ သင်တို့သည် အဘယ့်ကြောင့် နေ့တိုင်း နေ့တိုင်း နေ၍ လာလာသမျှ ညှော်သည်တို့ တည်းခိုရန်စရပ်၌ ဆွမ်းကို သုံးဆောင်ကုန်ဘိသနည်း။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ ဤ (သင်တို့ပြုမိသောအမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ၎င်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

(က) **"တကြိမ်သာလျှင် လာလာသမျှ ညှော်သည်တို့ တည်းခိုရန်စရပ်၌ ဆွမ်းကိုသုံးဆောင်အပ်၏၊ ထိုတကြိမ်ထက်အလွန် အကယ်၍ သုံးဆောင်ငြားအံ့၊ (ထိုရဟန်းအား) ပါစိတ်အာပတ် သင့်၏"** ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

ဤသို့လျှင် မြတ်စွာဘုရားသည် ရဟန်းတို့အား ဤသိက္ခာပုဒ်ကို ပညတ်တော်မူ၏။

၂၀၄။ ထိုအခါ အသျှင်သာရိပုတြာသည် သာဝတ္ထိပြည်သို့ သွားသော် ကောသလတိုင်းဇနပုဒ်၌ လာလာသမျှ ညှော်သည်တို့ တည်းခိုရန် စရပ်တခုသို့ ချဉ်းကပ်၏၊ "မထေရ်သည် ကြာမြင့်မှလည်းလာ၏" ဟု လူတို့သည် ရိုသေစွာ လုပ်ကျွေးကုန်၏။ ထိုအခါ ဆွမ်းစားပြီးသော အသျှင်သာရိပုတြာအား ကြမ်းတမ်းသော အနာရောဂါ* ဖြစ်ပေါ်လာ၏၊ လာလာသမျှ ညှော်သည်တို့ တည်းခိုရန်ဖြစ်သော ထိုစရပ်မှ ဖဲသွားခြင်းငှါ မတတ်နိုင်။

ထိုအခါ ထိုလူတို့သည် ဒုတိယနေ့၌လည်း အသျှင်သာရိပုတြာအား "အသျှင်ဘုရား သုံးဆောင်တော်မူပါကုန်လော့" ဟု လျှောက်ကုန်၏။ ထိုအခါ အသျှင်သာရိပုတြာသည် "နေ့တိုင်းနေ့တိုင်းနေ၍ လာလာသမျှ ညှော်သည်တို့ တည်းခိုရန်စရပ်၌ ဆွမ်းသုံးဆောင်ခြင်းကို မြတ်စွာဘုရားသည် ပယ်တော်မူသောကြောင့် မအပ်" ဟု တွေးတောမှု 'သံသယကုက္ကုစ္စ' ရှိသည်ဖြစ်၍ မခံယူသဖြင့် ဆွမ်းပြတ်၏။ 'ဆွမ်းမစားရချေ'။

---

* အသျှင်သာရိပုတြာအား ပြင်းထန်သောလေရောဂါ ခဏခဏ ဖြစ်လေ့ရှိသောကြောင့် ဤနေရာ၌လည်း လေရောဂါဟုယူဆသင့်၏။

http://www.dhammadownload.com



ထိုအခါ အသျှင်သာရိပုတြာသည် သာဝတ္ထိပြည်သို့သွား၍ ရဟန်းတို့အား ဤအကြောင်းကို ပြောကြား၏။ ရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ထိုအခါ မြတ်စွာဘုရားသည် ဤသို့သော အကြောင်းအရာကြောင့် တရားစကားကို ဟောတော်မူ၍ ရဟန်းတို့ကို—

"ရဟန်းတို့ နာဖျားသော ရဟန်းသည် နေ့တိုင်း နေ့တိုင်း နေ၍ လာလာသမျှ ဧည့်သည်တို့ တည်းခိုရန်စရပ်၌ ဆွမ်းကို သုံးဆောင်ခြင်းငှါ ခွင့်ပြုတော်မူ၏" ဟု မိန့်တော်မူ၏။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

၈၀။ ၃၁-(ခ) ၂၀၅။ **"မနာမဖျားသော ရဟန်းသည် တကြိမ်သာလျှင် လာလာသမျှ ဧည့်သည်တို့တည်းခိုရန် စရပ်၌ ဆွမ်းကိုသုံးဆောင်အပ်၏၊ ထိုတကြိမ်ထက်အလွန် အကယ်၍ သုံးဆောင်ငြားအံ့၊ (ထိုရဟန်းအား) ပါစိတ်အာပတ် သင့်၏"** ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

## ၁-အာဝသထပိဏ္ဍသိက္ခာပုဒ် အဖွင့်

၂၀၆။ **မနာမဖျားသော** ရဟန်း မည်သည် ထိုလာလာသမျှ ဧည့်သည်တို့ တည်းခိုရန် စရပ်မှ ဖဲသွားခြင်းငှါ စွမ်းနိုင်သော ရဟန်းတည်း။

**နာဖျားသော** ရဟန်း မည်သည် ထိုလာလာသမျှ ဧည့်သည်တို့ တည်းခိုရန် စရပ်မှ ဖဲသွားခြင်းငှါ မစွမ်းနိုင်သော ရဟန်းတည်း။

**လာလာသမျှ ဧည့်သည်တို့ တည်းခိုရန် စရပ်၌ ဆွမ်း** မည်သည် ဘောဇဉ်ငါးပါးတို့တွင် တပါးပါးသော ဘောဇဉ်ကို စရပ်၌သော်၎င်း မဏ္ဍပ်၌သော်၎င်း သစ်ပင်ရင်း၌သော်၎င်း လွင်ပြင်၌သော်၎င်း မရည်ညွှန်းမူ၍ အလိုရှိတိုင်း ဝတ်တည်ထားအပ်သော ဆွမ်းတည်း။

မနာမဖျားသော ရဟန်းသည် တကြိမ်သုံးဆောင်အပ်၏၊ ထိုတကြိမ်ထက်အလွန် သုံးဆောင်အံ့ ဟု ခံယူအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ မျိုတိုင်း မျိုတိုင်း ပါစိတ်အာပတ် သင့်၏။

၂၀၇။ မနာမဖျားပဲ မနာမဖျား ဟု အမှတ်ရှိသည်ဖြစ်၍ ထိုတကြိမ်ထက် အလွန် လာလာသမျှ ဧည့်သည်တို့ တည်းခိုရန် စရပ်၌ ဆွမ်းကိုသုံးဆောင်အံ့၊ ပါစိတ်အာပတ် သင့်၏။ မနာမဖျားပဲ ယုံမှားရှိသည်ဖြစ်၍ ထိုတကြိမ်ထက် အလွန် လာလာသမျှ ဧည့်သည်တို့ တည်းခိုရန်စရပ်၌ ဆွမ်းကို သုံးဆောင်အံ့၊ ပါစိတ်အာပတ် သင့်၏။

မနာမဖျားပဲ နာဖျား၏ ဟု အမှတ်ရှိသည်ဖြစ်၍ ထိုတကြိမ်ထက် အလွန် လာလာသမျှ ဧည့်သည်တို့တည်းခိုရန် စရပ်၌ ဆွမ်းကို သုံးဆောင်အံ့၊ ပါစိတ်အာပတ် သင့်၏။

နာဖျားလျက် မနာမဖျား ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ နာဖျားလျက် ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ နာဖျားလျက် နာဖျား၏ ဟု အမှတ်ရှိအံ့၊ အာပတ် မသင့်။

၂၀၈။ နာဖျားသော ရဟန်းအား အာပတ် မသင့်၊ မနာမဖျားပဲ တကြိမ်သာ သုံးဆောင်အံ့၊ သွားလျက်၎င်း လာလျက်၎င်း သုံးဆောင်အံ့၊ ဥစ္စာရှင်တို့သည် ပင့်ဖိတ်၍ ကျွေးမွေးကုန်အံ့၊ (ရဟန်းတို့

http://www.dhammadownload.com



အားသာလျှင်) ရည်ညွှန်း၍ ဝတ်တည်ထားအံ့၊ အလိုရှိတိုင်း ဝတ်တည်ထားသည် မဟုတ်အံ့၊ အာပတ် မသင့်၊ ဘောဇဉ်ငါးပါးတို့ကို ထား၍ အလုံးစုံသော ခဲဖွယ်တို့၌ အာပတ် မသင့်၊ ရူးသော ရဟန်း အစ လက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

ပဉ္စမ အာဝသထပိဏ္ဍသိက္ခာပုဒ် ပြီး၏။

---

## ၄-ဘောဇနဝဂ် ၂-ဂဏဘောဇနသိက္ခာပုဒ်

၂၀၉။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ရှဉ့်နက်တို့အား အစာကျွေးရာ ဖြစ်သော ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ ဒေဝဒတ်သည် လာဘ်ပူဇော်သက္ကာမှ ဆုတ်ယုတ်သည်ဖြစ်၍ ပရိသတ်နှင့်တကွ ဒါယကာတို့ထံ၌ တောင်း၍ တောင်း၍ သုံးဆောင်၏။

လူတို့သည် "သာကီဝင်မင်းသား ဘုရားအနွယ်တော် ဖြစ်ကုန်သော ရဟန်းတို့သည် ဒါယကာတို့ ထံ၌ တောင်း၍ တောင်း၍ အဘယ့်ကြောင့် သုံးဆောင်ကုန်ဘိသနည်း၊ အဘယ်သူသည် ချိုမြိန်သော အရသာကို မကြိုက်ပဲ ရှိအံ့နည်း၊ အဘယ်သူသည် ကောင်းသောအရသာကို မနှစ်သက်ပဲ ရှိအံ့နည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ရဟန်းတို့သည် ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုကြသော ထိုလူတို့၏ စကားကို ကြားကြသည် သာတည်း။ အလိုနည်းသော ရဟန်းတို့သည် "အဘယ့်ကြောင့် ဒေဝဒတ်သည် ပရိသတ်နှင့်တကွ ဒါယကာတို့ထံ၌တောင်း၍ တောင်း၍ သုံးဆောင်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ဒေဝဒတ် သင်သည် ပရိသတ်နှင့်တကွ ဒါယကာတို့ထံ၌ တောင်း၍ တောင်း၍ သုံးဆောင်၏ ဟူ သည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ (မင်္ဂဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား သင်သည် ပရိသတ်နှင့်တကွ ဒါယကာတို့ထံ၌ တောင်း၍ တောင်း၍ အဘယ့်ကြောင့် သုံးဆောင်ဘိသနည်း။ (မင်္ဂဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား ဤ(သင်ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ ရင်း။ ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

(က) "ဂဏဘောဇဉ်ကို သုံးဆောင်ခြင်းကြောင့် ပါစိတ်အာပတ် သင့်၏" ဤသို့ (ပြကြ ကုန်လော့ ဟု မိန့်တော်မူ၏)။

ဤသို့လျှင် မြတ်စွာဘုရားသည် ရဟန်းတို့အား ဤသိက္ခာပုဒ်ကို ပညတ်တော်မူ၏။

၂၁၀။ ထိုအခါ၌ လူတို့သည် နာဖျားသောရဟန်းတို့ကို ဆွမ်းဖြင့်ဖိတ်ကုန်၏။ ရဟန်းတို့သည် "ဂဏဘောဇဉ်ကို မြတ်စွာဘုရားပယ်တော်မူသောကြောင့် မအပ်" ဟု တွေးတောမှု 'သံသယကုက္ကုစ္စ' ရှိကုန်သည်ဖြစ်၍ မခံယူကုန်။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

http://www.dhammadownload.com



ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် တရားစကားကို ဟောတော်မူ၍ "ရဟန်းတို့ နာဖျားသော ရဟန်းအား ဂဏဘောဇဉ်ကို သုံးဆောင်ခြင်းငှါ ခွင့်ပြုတော်မူ၏" ဟု မိန့်တော်မူ၏။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

(ခ) **"အချိန်အခါကို ကြဉ်၍ ဂဏဘောဇဉ်ကို သုံးဆောင်ခြင်းကြောင့် ပါစိတ်အာပတ်သင့်၏။ ထိုဂဏဘောဇဉ်ကို သုံးဆောင်ရာ၌ ဤဆိုလတ္တံ့သည်ကား အချိန်အခါတည်း၊ နာဖျားသောအခါ၊ ဤကား ထိုဂဏဘောဇဉ်ကို သုံးဆောင်ရာ၌ အချိန်အခါတည်း"** ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

ဤသို့လျှင် မြတ်စွာဘုရားသည် ရဟန်းတို့အား ဤသိက္ခာပုဒ်ကို ပညတ်တော်မူ၏။

၂၁၁။ ထိုအခါ လူတို့သည် သင်္ကန်းလှူသောအခါ၌ သင်္ကန်းနှင့်တကွ ဆွမ်းစီရင်၍ ဆွမ်းကျွေးပြီးလျှင် သင်္ကန်းလှူဒါန်းကုန်အံ့ ဟု ရဟန်းတို့ကို ပင့်ဖိတ်ကုန်၏၊ ရဟန်းတို့သည် "ဂဏဘောဇဉ်ကို မြတ်စွာဘုရား ပယ်တော်မူသောကြောင့် မအပ်" ဟု တွေးတောမှု 'သံသယကုက္ကုစ္စ' ရှိသည်ဖြစ်၍ မခံယူကုန်။ သင်္ကန်းအရနည်း၏၊ ရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ပ။

"ရဟန်းတို့ သင်္ကန်းလှူသောအခါ၌ ဂဏဘောဇဉ်ကို သုံးဆောင်ခြင်းငှါ ခွင့်ပြုတော်မူ၏" ဟု မိန့်တော်မူ၏။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

(ဂ) **"အချိန်အခါကို ကြဉ်၍ ဂဏဘောဇဉ်ကို သုံးဆောင်ခြင်းကြောင့် ပါစိတ်အာပတ်သင့်၏။ ထို ဂဏဘောဇဉ်ကို သုံးဆောင်ရာ၌ ဤဆိုလတ္တံ့သည်ကား အချိန်အခါတည်း၊ နာဖျားသောအခါ သင်္ကန်းလှူသောအခါ၊ ဤကား ဂဏဘောဇဉ်ကို သုံးဆောင်ရာ၌ အချိန်အခါတည်း"** ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

ဤသို့လျှင် မြတ်စွာဘုရားသည် ရဟန်းတို့အား ဤသိက္ခာပုဒ်ကို ပညတ်တော်မူ၏။

၂၁၂။ ထိုအခါ လူတို့သည် သင်္ကန်းချုပ်ကုန်သော ရဟန်းတို့ကို ဆွမ်းဖြင့် ပင့်ဖိတ်ကုန်၏၊ ရဟန်းတို့သည် "ဂဏဘောဇဉ်ကို မြတ်စွာဘုရား ပယ်တော်မူသောကြောင့် မအပ် ဟု" တွေးတောမှု 'သံသယကုက္ကုစ္စ' ရှိသည်ဖြစ်၍ မခံယူကုန်၊ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ပ။

"ရဟန်းတို့ သင်္ကန်းချုပ်သောအခါ၌ ဂဏဘောဇဉ်ကို သုံးဆောင်ခြင်းငှါ ခွင့်ပြုတော်မူ၏" ဟု မိန့်တော်မူ၏။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

(ဃ) **"အချိန်အခါကို ကြဉ်၍ ဂဏဘောဇဉ်ကို သုံးဆောင်ခြင်းကြောင့် ပါစိတ်အာပတ်သင့်၏။ ထို ဂဏဘောဇဉ်ကို သုံးဆောင်ရာ၌ ဤဆိုလတ္တံ့သည်ကား အချိန်အခါတည်း၊ နာဖျားသောအခါ သင်္ကန်းလှူသောအခါ သင်္ကန်းချုပ်သောအခါ၊ ဤကား ထိုဂဏဘောဇဉ်ကို သုံးဆောင်ရာ၌ အချိန်အခါတည်း"** ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

ဤသို့လျှင် မြတ်စွာဘုရားသည် ရဟန်းတို့အား ဤသိက္ခာပုဒ်ကို ပညတ်တော်မူ၏။

http://www.dhammadownload.com



၂၁၃။ ထိုအခါ၌ ရဟန်းတို့သည် လူ 'ဒါယကာ' တို့နှင့်အတူ အခွန့်ရှည်သော ခရီးသို့ သွားကုန်၏။ ထိုအခါ ထိုရဟန်းတို့သည် ထိုလူတို့ကို "ဒါယကာတို့ တခဏမျှ ဆိုင်းငံ့ကုန်ဦးလော့၊ ဆွမ်းအလို့ငှါ လှည့်လည်ကုန်အံ့" ဟု ဆိုကုန်၏။ ထိုလူတို့သည် "အသျှင်ဘုရားတို့ ဤအရပ်၌ပင် သုံးဆောင်တော်မူပါကုန်လော့" ဟု လျှောက်ကုန်၏။ ရဟန်းတို့သည် "ဂဏဘောဇဉ်ကို မြတ်စွာဘုရား ပယ်တော်မူသောကြောင့် မအပ်" ဟု တွေးတောမှု 'သံသယကုက္ကုစ္စ' ရှိသည်ဖြစ်၍ မခံယူကုန်။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ပ။

"ရဟန်းတို့ အခွန့်ရှည်သော ခရီးသို့ သွားသောအခါ၌ ဂဏဘောဇဉ်ကို သုံးဆောင်ခြင်းငှါ ခွင့်ပြုတော်မူ၏" ဟု မိန့်တော်မူ၏။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

**( င) "အချိန်အခါကို ကြဉ်၍ ဂဏဘောဇဉ်ကို သုံးဆောင်ခြင်းကြောင့် ပါစိတ်အာပတ်သင့်၏။ ထို ဂဏဘောဇဉ်ကို သုံးဆောင်ရာ၌ ဤဆိုလတ္တံ့သည်ကား အချိန်အခါတည်း၊ နာဖျားသောအခါ သင်္ကန်းလှူသောအခါ သင်္ကန်းချုပ်သောအခါ အခွန့်ရှည်သော ခရီးသို့ သွားသောအခါ၊ ဤကား ထိုဂဏဘောဇဉ်ကို သုံးဆောင်ရာ၌ အချိန်အခါတည်း" ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။**

ဤသို့လျှင် မြတ်စွာဘုရားသည် ရဟန်းတို့အား ဤသိက္ခာပုဒ်ကို ပညတ်တော်မူ၏။

၂၁၄။ ထိုအခါ ရဟန်းတို့သည် လူဒါယကာတို့နှင့်အတူ လှေဖြင့်သွားကုန်၏။ ထိုအခါ ထိုရဟန်းတို့သည် ထိုလူတို့ကို "ဒါယကာတို့ တခဏမျှ ကမ်းသို့ကပ်ကုန်လော့၊ ဆွမ်းအလို့ငှါ လှည့်လည်ကုန်အံ့" ဟု ဆိုကုန်၏။ ထိုလူတို့သည် "အသျှင်ဘုရားတို့ ဤ (လှေ) ၌ပင် သုံးဆောင်တော်မူပါကုန်လော့" ဟု လျှောက်ကုန်၏။ ရဟန်းတို့သည် "ဂဏဘောဇဉ်ကို မြတ်စွာဘုရား ပယ်တော်မူသောကြောင့် မအပ်" ဟု တွေးတောမှု 'သံသယကုက္ကုစ္စ' ရှိသည်ဖြစ်၍ မခံယူကုန်။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ပ။

"ရဟန်းတို့ လှေစီးသောအခါ၌ ဂဏဘောဇဉ်ကို သုံးဆောင်ခြင်းငှါ ခွင့်ပြုတော်မူ၏" ဟု မိန့်တော်မူ၏။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

**(စ) "အချိန်အခါကို ကြဉ်၍ ဂဏဘောဇဉ်ကို သုံးဆောင်ခြင်းကြောင့် ပါစိတ်အာပတ်သင့်၏။ ထိုဂဏဘောဇဉ်ကို သုံးဆောင်ရာ၌ ဤဆိုလတ္တံ့သည်ကား အချိန်အခါတည်း၊ နာဖျားသောအခါ သင်္ကန်းလှူသောအခါ သင်္ကန်းချုပ်သောအခါ အခွန့်ရှည်သော ခရီးသို့ သွားသောအခါ လှေစီးသောအခါ၊ ဤကား ထိုဂဏဘောဇဉ်ကို သုံးဆောင်ရာ၌ အချိန်အခါတည်း" ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။**

ဤသို့လျှင် မြတ်စွာဘုရားသည် ရဟန်းတို့အား ဤသိက္ခာပုဒ်ကို ပညတ်တော်မူ၏။

၂၁၅။ ထိုအခါ အရပ်မျက်နှာတို့၌ ဝါဆိုကုန်သော 'ဝါကျွတ်ကုန်သော' ရဟန်းတို့သည် မြတ်စွာဘုရားကို ဖူးမြော်ခြင်းငှါ ရာဇဂြိုဟ်ပြည်သို့ လာကုန်၏။ လူတို့သည် အထူးထူးသော တိုင်းပြည်

http://www.dhammadownload.com



တို့၌ နေကုန်သော ရဟန်းတို့ကို တွေ့မြင်၍ ဆွမ်းဖြင့် ပင့်ဖိတ်ကုန်၏။ ရဟန်းတို့သည် "ဂဏဘောဇဉ်ကို မြတ်စွာဘုရား ပယ်တော်မူသောကြောင့် မအပ်" ဟု တွေးတောမှု 'သံသယကုက္ကုစ္စ' ရှိသည်ဖြစ်၍ မခံယူကုန်။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ပ။

"ရဟန်းတို့ အခါကြီး၌ ဂဏဘောဇဉ်ကို သုံးဆောင်ခြင်းငှါ ခွင့်ပြုတော်မူ၏" ဟု မိန့်တော်မူ၏။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

**(ဆ) "အချိန်အခါကို ကြည့်၍ ဂဏဘောဇဉ်ကို သုံးဆောင်ခြင်းကြောင့် ပါစိတ်အာပတ်သင့်၏။ ထိုဂဏဘောဇဉ်ကို သုံးဆောင်ရာ၌ ဤဆိုလတ္တံ့သည်ကား အချိန်အခါတည်း၊ နာဖျားသောအခါ သင်္ကန်းလှူသောအခါ သင်္ကန်းချုပ်သောအခါ အဓွန့်ရှည်သောခရီးသို့ သွားသောအခါ လှေစီးသောအခါ အခါကြီး။ ဤကား ထိုဂဏဘောဇဉ်ကို သုံးဆောင်ရာ၌ အချိန်အခါတည်း"** ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

ဤသို့လျှင် မြတ်စွာဘုရားသည် ရဟန်းတို့အား ဤသိက္ခာပုဒ်ကို ပညတ်တော်မူ၏။

၂၁၆။ ထိုအခါ မဂဓတိုင်းရှင် သေနိယမည်သော ဗိမ္ဗိသာရမင်းကြီး၏ ဆွေမျိုးတော်သူ တဇယာက်သည် အာဇီဝက 'တက္ကတွန်း' တို့ထံ၌ ရဟန်းပြု၏။ ထိုအခါ ထိုအာဇီဝက 'တက္ကတွန်း' သည် မဂဓတိုင်းရှင် သေနိယမည်သော ဗိမ္ဗိသာရမင်းကြီးထံသို့ ချဉ်းကပ်၍ မဂဓတိုင်းရှင် သေနိယမည်သော ဗိမ္ဗိသာရမင်းကြီးအား "မင်းကြီး ငါသည် ပါသဏ္ဍအယူရှိသူ အားလုံးတို့အား ထမင်းကျွေးလို၏" ဟု ပြော၏။

အသျှင်ဘုရား အသျှင်သည် အကယ်၍ မြတ်စွာဘုရားအမှူးရှိသော ရဟန်းသံဃာကို ရှေးဦးစွာ ကျွေးမွေးပါမူကား အသျှင်ပြောသော အတိုင်းပြုပါအံ့ ဟု (ဆို၏)။

ထိုအခါ ထိုအာဇီဝက 'တက္ကတွန်း' သည် ရဟန်းတို့ထံသို့ "ရဟန်းတို့သည် နက်ဖြန်အဘို့အကျွန်ုပ်၏ ဆွမ်းကို ခံယူပါကုန်" ဟု တမန်စေလွှတ်လိုက်၏။ ရဟန်းတို့သည် "ဂဏဘောဇဉ်ကို မြတ်စွာဘုရား ပယ်တော်မူသောကြောင့် မအပ်" ဟု တွေးတောမှု 'သံသယကုက္ကုစ္စ' ရှိသည်ဖြစ်၍ မခံယူကုန်။

ထိုအခါ အာဇီဝက 'တက္ကတွန်း' သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားနှင့်အတူ ဝမ်းမြောက်ဝမ်းသာ (နှုတ်ဆက်) ပြောဆို၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို ပြီးဆုံးစေ၍ တခုသော နေရာ၌ထိုင်နေ၏၊ တခုသောနေရာ၌ ထိုင်နေပြီးသော ထိုအာဇီဝက 'တက္ကတွန်း' သည် မြတ်စွာဘုရားအား—

"အသျှင်ဂေါတမသည်လည်း ရဟန်းဖြစ်၏၊ အကျွန်ုပ်သည်လည်း ရဟန်းဖြစ်၏၊ ရဟန်းသည် ရဟန်း၏ဆွမ်းကို ခံယူခြင်းငှါထိုက်၏၊ အသျှင်ဂေါတမသည် ရဟန်းသံဃာနှင့်အတူ နက်ဖြန်အဘို့ အကျွန်ုပ်၏ဆွမ်းကို လက်ခံတော်မူပါလော့" ဟု လျှောက်၏။

မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေခြင်းဖြင့် လက်ခံတော်မူ၏၊ ထိုအခါ ထိုအာဇီဝက 'တက္ကတွန်း' သည် မြတ်စွာဘုရား လက်ခံတော်မူသည်ကို သိ၍ ဖဲခွါသွား၏။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် တရားစကားကို ဟောတော်မူ၍ ရဟန်းတို့ကို—

http://www.dhammadownload.com



"ရဟန်းတို့ ရဟန်းက ဆွမ်းကျွေးသောအခါ ဂဏဘောဇဉ်ကို သုံးဆောင်ခြင်းငှါ ခွင့်ပြုတော်မူ၏" ဟု မိန့်တော်မူ၏။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

၈၁။ ၃၂-(၈) ၂၁၇။ **"အချိန်အခါကို ကြဉ်၍ ဂဏဘောဇဉ်ကို သုံးဆောင်ခြင်းကြောင့် ပါစိတ်အာပတ် သင့်၏။ ထိုဂဏဘောဇဉ်ကို သုံးဆောင်ရာ၌ ဤဆိုလတ္တံ့သည်ကား အချိန်အခါတည်း၊ နာဖျားသောအခါ သင်္ကန်းလှူသောအခါ သင်္ကန်းချုပ်သောအခါ အဓွန့်ရှည်သော ခရီးသို့သွားသောအခါ လှေစီးသောအခါ အခါကြီး ရဟန်းက ဆွမ်းလှူသောအခါ၊ ဤကား ထိုဂဏဘောဇဉ်ကို သုံးဆောင်ရာ၌ အချိန်အခါတည်း"** ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

## ၂-ဂဏဘောဇနသိက္ခာပုဒ် အဖွင့်

၂၁၈။ **ဂဏဘောဇဉ်** မည်သည် အကြင်အရပ်၌ ရဟန်းလေးပါးတို့ကို ဘောဇဉ်ငါးပါးတို့တွင် တပါးပါးသော ဘောဇဉ်ဖြင့် ပင့်ဖိတ်သောကြောင့် သုံးဆောင်ကုန်၏၊ ဤသည်လျှင် ဂဏဘောဇဉ် မည်၏။

**အချိန်အခါကို ကြဉ်၍** ဟူသည် အချိန်အခါကို ကြဉ်ထား၍။

**နာဖျားသောအခါ** မည်သည် အယုတ်သဖြင့် ခြေတို့သော်လည်း ကွဲပြကုန်အံ့၊ နာဖျားသောအခါဟူ၍ သုံးဆောင်အပ်၏။

**သင်္ကန်းလှူသောအခါ** မည်သည် ကထိန်မခင်းသော် မိုးဥတု၏ နောက်ဆုံးဖြစ်သော လပတ်လုံးငှင်း၊ ကထိန်ခင်းသော် ငါးလတို့ပတ်လုံးငှင်း၊ သင်္ကန်းလှူသောအခါဟူ၍ သုံးဆောင်အပ်၏။

**သင်္ကန်းချုပ်သောအခါ** မည်သည် သင်္ကန်းကိုချုပ်သော် သင်္ကန်းချုပ်သော အခါဟူ၍ သုံးဆောင်အပ်၏။

**အဓွန့်ရှည်သော ခရီးသို့သွားသောအခါ** မည်သည် ယူဇနာခွဲခရီးသို့ သွားအံ့ ဟု သုံးဆောင်အပ်၏။ သွားဆဲရဟန်းသည် သုံးဆောင်အပ်၏၊ သွားပြီးရဟန်းသည် သုံးဆောင်အပ်၏။

**လှေစီးသောအခါ** မည်သည် လှေကိုစီးအံ့ ဟု သုံးဆောင်အပ်၏၊ စီးဆဲရဟန်းသည် သုံးဆောင်အပ်၏၊ လှေမှဆင်းသော ရဟန်းသည် သုံးဆောင်အပ်၏။

**အခါကြီး 'မဟာသမယ'** မည်သည် အကြင်အရပ်၌ ရဟန်း နှစ်ပါးသုံးပါးတို့သည် ဆွမ်းခံလှည့်လည်၍ မျှတကုန်၏၊ လေးပါးမြောက် ရဟန်းလာသည်ရှိသော် မမျှတကုန်၊ (ထိုအရပ်၌) (ထိုအခါမျိုးကို) အခါကြီးဟူ၍ သုံးဆောင်အပ်၏။

**ရဟန်းက ဆွမ်းလှူသောအခါ** မည်သည် တစုံတယောက်သောသူသည် ပရိဗိုဇ်အဖြစ်သို့ ရောက်၍ ဆွမ်းကိုပြုလုပ်စီရင်၏၊ (ထိုအခါမျိုးကို) ရဟန်းက ဆွမ်းလှူသောအခါ ဟူ၍ သုံးဆောင်အပ်၏။

အခါကာလကို ကြဉ်၍ သုံးဆောင်အံ့ ဟု ခံယူအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ မျိုတိုင်းမျိုတိုင်း ပါစိတ်အာပတ် သင့်၏။

http://www.dhammadownload.com



၂၁၉။ ဂဏဘောဇဉ်ကို ဂဏဘောဇဉ် ဟု အမှတ်ရှိသည်ဖြစ်၍ အချိန်အခါကို ကြဉ်၍သုံးဆောင်အံ့၊ ပါစိတ်အာပတ် သင့်၏။

ဂဏဘောဇဉ်၌ ယုံမှားလျက် အချိန်အခါကို ကြဉ်၍ သုံးဆောင်အံ့၊ ပါစိတ်အာပတ် သင့်၏။

ဂဏဘောဇဉ်၌ ဂဏဘောဇဉ်မဟုတ် ဟု အမှတ်ရှိလျက် အချိန်အခါကို ကြဉ်၍ သုံးဆောင်အံ့၊ ပါစိတ်အာပတ် သင့်၏။

ဂဏဘောဇဉ် မဟုတ်ရာ၌ ဂဏဘောဇဉ် ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ဂဏဘောဇဉ် မဟုတ်ရာ၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ဂဏဘောဇဉ် မဟုတ်ရာ၌ ဂဏဘောဇဉ်မဟုတ် ဟု အမှတ်ရှိအံ့၊ အာပတ် မသင့်။

၂၂၀။ အချိန်အခါ၌ အာပတ် မသင့်၊ ရဟန်း နှစ်ပါး သုံးပါးတို့သည် တပေါင်းတည်း အတူသုံးဆောင်ကုန်အံ့၊ ဆွမ်းအလို့ငှါ လှည့်လည်ပြီးလျှင် တပေါင်းတည်း စုဝေး၍ သုံးဆောင်ကုန်အံ့၊ အမြဲလှူသော ဆွမ်းကိုဓရင်း၊စာရေးတန်ချ၍ လှူသောဆွမ်းကိုဓရင်း၊ လဆန်းလဆုတ်၌ လှူသောဆွမ်းကိုဓရင်း၊ ဥပုသ်နေ့၌လှူသော ဆွမ်းကိုဓရင်း၊ အထွက်တရက်နေ့၌ လှူသော ဆွမ်းကိုဓရင်း၊ သုံးဆောင်အံ့၊ အာပတ် မသင့်။

ဘောဇဉ်ငါးပါးတို့ကို ထား၍ (ခဲဖွယ်စသည်) အလုံးစုံတို့၌ အာပတ် မသင့်၊ ရူးသောရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

ဒုတိယ ဂဏဘောဇနသိက္ခာပုဒ် ပြီး၏။

---

## ၄-ဘောဇနဝဂ် ၃-ပရမ္ပရဘောဇနသိက္ခာပုဒ်

၂၂၁။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဝေသာလီပြည် မဟာဝုန်တော ပြာသာဒ်ဆောင်ပေါက်သော ကျောင်းကြီး၌ သီတင်းသုံး နေတော်မူသောအခါ ဝေသာလီပြည်၌ မွန်မြတ်သော ဆွမ်းအလှူ့ကို တည်ထား၏။ ထိုအခါ အလုပ်သမား ဆင်းရဲသား တယောက်အား—

> "အကြင်အမှတ်ဖြင့် ဤလူအပေါင်းတို့သည် ဆွမ်းကို ရိုသေစွာ ပြုပြင်ကုန်၏၊ ထိုအမှတ်ဖြင့် ဆွမ်းကို ရိုသေစွာ ပြုပြင်ခြင်းသည် မယုတ်ညံ့သည်ဖြစ်လတ္တံ့. ငါသည်လည်း ဆွမ်းကို ပြုပြင်ရမူ ကောင်းလေရာ၏" ဟု အကြံဖြစ်၏။

ထိုအခါ အလုပ်သမား ဆင်းရဲသားသည် ကိရပတိက အမည်ရှိသူထံသို့ ချဉ်းကပ်ပြီးလျှင် ထို ကိရပတိက အမည်ရှိသော သူအား "အရှင့်သား အကျွန်ုပ်သည် ဘုရားအမှူးရှိသော ရဟန်းသံဃာအား ဆွမ်းကျွေးလို၏၊ အကျွန်ုပ်အား အခရိက္ခာကို ပေးပါလော့" ဟု ဆို၏။ ထိုကိရပတိက အမည်ရှိသော သူသည်လည်း သဒ္ဓါတရားရှိ၏ ကြည်ညို၏၊ ထိုကိရပတိက အမည်ရှိသော သူသည်လည်း ထို အလုပ်သမား ဆင်းရဲသားအား ပိုလွန်သော အခရိက္ခာကို ပေး၏။

http://www.dhammadownload.com



ထိုအခါ ထိုအလုပ်သမား ဆင်းရဲသားသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသောနေရာ၌ ထိုင်နေ၏၊ တခုသောနေရာ၌ ထိုင်ပြီးသော ထို အလုပ်သမား ဆင်းရဲသားသည် မြတ်စွာဘုရားအား "အသျှင်ဘုရား မြတ်စွာဘုရားသည် ရဟန်းသံဃာနှင့်အတူ နက်ဖြန်အဘို့ အကျွန်ုပ်၏ ဆွမ်းကို လက်ခံတော်မူပါလော့" ဟု လျှောက်၏။

"ဒါယကာ ရဟန်းသံဃာသည် များလှ၏၊ စဉ်းစားဦးလော့" ဟု (မိန့်တော်မူ၏)။

"အသျှင်ဘုရား ရဟန်းသံဃာသည် များသည် ဖြစ်စေကာမူ အကျွန်ုပ်သည် များစွာသော ဆီးယိုတို့ကို စီရင်ထားပါကုန်၏၊ ဆီးယိုနှင့်ရောသော ခဲဖွယ်နှင့်တကွ သောက်ဖွယ်တို့သည် ပြည့်စုံပါကုန်လတ္တံ့" ဟု (လျှောက်၏)။

မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေခြင်းဖြင့် လက်ခံတော်မူ၏။

ထိုအခါ ထိုအလုပ်သမား ဆင်းရဲသားသည် မြတ်စွာဘုရား လက်ခံတော်မူသည်ကို သိ၍ နေရာမှ ထပြီးလျှင် မြတ်စွာဘုရားကို ရှိခိုးလျက် အရိုအသေပြုကာ ဖဲခွါသွားလေ၏။

"အလုပ်သမား ဆင်းရဲသားသည် နက်ဖြန်အလို့ငှါ ဘုရားအမှူးရှိသော ရဟန်းသံဃာကို ပင့်ဖိတ်ထားသတတ်၊ ဆီးယိုနှင့်ရောသော ခဲဖွယ်နှင့်တကွ သောက်ဖွယ်တို့သည် ပြည့်စုံကုန်လတ္တံ့" ဟု ရဟန်းတို့သည် ကြားကြသည်သာတည်း။ ထိုရဟန်းတို့သည် နံနက်စောစောကပင်လျှင် ဆွမ်းခံလှည့်လည်၍ ဆွမ်းကို သုံးဆောင်ကုန်၏။

"အလုပ်သမား ဆင်းရဲသားသည် မြတ်စွာဘုရား အမှူးရှိသော ရဟန်းသံဃာကို ဆွမ်းဖြင့် ပင့်ဖိတ်၏" ဟု လူအပေါင်းတို့သည် ကြားကြသည်သာတည်း။ ထိုလူအပေါင်းတို့သည် အလုပ်သမား ဆင်းရဲသား အထံသို့ များစွာသော ခဲဖွယ်ဘောဇဉ်ကို ပို့ဆောင် (ကူညီ) ကုန်၏။ ထိုအခါ ထိုအလုပ်သမား ဆင်းရဲသားသည် ထိုည၌ လွန်မြောက်ပြီးနောက် မွန်မြတ်သော ခဲဖွယ်ဘောဇဉ်ကို စီရင်စေ၍ မြတ်စွာဘုရားအား "အသျှင်ဘုရား အချိန်တန်ပါပြီ ဆွမ်းပြင်ပြီးပါပြီ" ဟု (အချိန်တန်ကြောင်းကို) လျှောက်စေ၏။

ထို့နောက် မြတ်စွာဘုရားသည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်တော်မူ၍ သပိတ်သင်္ကန်းကို ယူလျက် ထိုအလုပ်သမား ဆင်းရဲသား အိမ်သို့ ချဉ်းကပ်တော်မူပြီးလျှင် ခင်းထားသောနေရာ၌ ရဟန်းသံဃာနှင့်အတူ ထိုင်နေတော်မူ၏။ ထိုအခါ ထိုအလုပ်သမား ဆင်းရဲသားသည် ဆွမ်းစားရာ၌ ရဟန်းတို့ကို လုပ်ကျွေး၏။

ရဟန်းတို့သည် "ဒါယကာ အနည်းငယ်သာ လှူလော့ အနည်းငယ်သာ လှူလော့" ဟု ဆိုကုန်၏။

အသျှင်ဘုရားတို့ အသျှင်တို့သည် ဤသူကား အလုပ်သမား ဆင်းရဲသားတည်း ဟု (အောက်မေ့၍) အနည်းငယ် အနည်းငယ် မခံယူပါကုန်လင့်၊ အကျွန်ုပ်သည် များစွာသော ခဲဖွယ်ဘောဇဉ်ကို စီရင်ထားပါ၏၊ အသျှင်ဘုရားတို့ အလိုရှိတိုင်း ခံယူတော်မူပါကုန်လော့ ဟု (လျှောက်၏)။

ဒါယကာ ဤအကြောင်းကြောင့် ငါတို့သည် အနည်းငယ် အနည်းငယ်သာ ခံယူကုန်သည် မဟုတ်၊ စင်စစ်သော်ကား ငါတို့သည် နံနက်စောစောကပင်လျှင် ဆွမ်းခံလှည့်လည်၍ သုံးဆောင်ခဲ့ကုန်ပြီ၊ ထို့ကြောင့် ငါတို့သည် အနည်းငယ် အနည်းငယ်သာ ခံယူကုန်၏ ဟု (ဆိုကြကုန်၏)။

http://www.dhammadownload.com



ထိုအခါ ထိုအလုပ်သမား ဆင်းရဲသားသည် "အဘယ့်ကြောင့် အသျှင်ကောင်းတို့သည် ငါသည် ပင့်ဖိတ်ထားပါလျက် တပါးသောအရပ်၌ သုံးဆောင်ကုန်ဘိသနည်း၊ ငါသည် အလိုရှိတိုင်း ပေးလှူခြင်းငှါ စွမ်းနိုင်သည် မဟုတ်ပါလော" ဟု ကဲ့ရဲ့၏၊ ရှုတ်ချ၏၊ အပြစ်ပြ ပြောဆို၏။

ရဟန်းတို့သည် ထိုကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုသော ထိုအလုပ်သမား ဆင်းရဲသား၏ စကားကို ကြားကြသည်သာတည်း။ အလိုနည်းသော ရဟန်းတို့သည် "အဘယ့်ကြောင့် ရဟန်းတို့သည် တပါးသော အရပ်၌ပင့်ဖိတ်ထားပါလျက် တပါးသောအရပ်၌ သုံးဆောင်ကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ ရဟန်းတို့သည် တပါးသော အရပ်၌ ပင့်ဖိတ်ထားပါလျက် တပါးသော အရပ်၌ သုံးဆောင်ကုန်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ ထို (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့သည် အဘယ့်ကြောင့် တပါးသော အရပ်၌ ပင့်ဖိတ်ထားပါလျက် တပါးသောအရပ်၌ သုံးဆောင်ကုန်ဘိသနည်း။ ရဟန်းတို့ ဤ (သင်တို့ပြုမိသော အမှု) သည် မကြည်ညိုသေးသောသူတို့အား ကြည်ညိုစေခြင်းငှါ ငါ ရည်၊ ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

(က) "ပရမ္ပရဘောဇဉ်ကို စားခြင်းကြောင့် ပါစိတ်အာပတ် သင့်၏" ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

ဤသို့လျှင် မြတ်စွာဘုရားသည် ရဟန်းတို့အား ဤသိက္ခာပုဒ်ကို ပညတ်တော်မူ၏။

၂၂၂။ ထိုအခါ ရဟန်းတပါးသည် နာဖျား၏။ရဟန်းတပါးသည် ဆွမ်းကိုယူဆောင်၍ ထိုရဟန်းထံသို့ ချဉ်းကပ်ပြီးလျှင် ထိုရဟန်းအား "ငါ့သျှင် သုံးဆောင်လော့" ဟု ဆို၏။

ငါ့သျှင် တန်ပြီ ငါ့အားဆွမ်းကို ရနိုးခြင်းရှိ၏ ဟု ဆို၏။ ထိုရဟန်း၏ဆွမ်းကို နေမြင့်မှ ယူဆောင်ခဲ့၏၊ ထိုရဟန်းသည် စိတ်သဘောရှိတိုင်း မစားနိုင်။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် တရားစကားကို ဟောတော်မူ၍ ရဟန်းတို့ကို—

"ရဟန်းတို့ နာဖျားသော ရဟန်းသည် ပရမ္ပရဘောဇဉ်ကို သုံးဆောင်ခြင်းငှါ ခွင့်ပြုတော်မူ၏" ဟု မိန့်တော်မူ၏။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

(ခ) "အချိန်အခါကို ကြဉ်၍ ပရမ္ပရဘောဇဉ်ကို စားခြင်းကြောင့် ပါစိတ်အာပတ် သင့်၏။ ထိုပရမ္ပရဘောဇဉ်ကို စားရာ၌ ဤဆိုလတ္တံ့သည်ကား အချိန်အခါတည်း၊ နာဖျားသောအခါ၊ ဤကား ထိုပရမ္ပရဘောဇဉ်ကို စားရာ၌ အချိန်အခါတည်း" ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

ဤသို့လျှင် မြတ်စွာဘုရားသည် ရဟန်းတို့အား ဤသိက္ခာပုဒ်ကို ပညတ်တော်မူ၏။

http://www.dhammadownload.com


၂၂၃။ ထိုအခါ လူတို့သည် သက်န်းလှူသောအခါ၌ သင်္ကန်းနှင့်တကွသော ဆွမ်းကို စီရင်စေ၍ "ဆွမ်းကျွေးပြီးလျှင် သင်္ကန်းလှူဒါန်းကုန်အံ့" ဟု ရဟန်းတို့ကို ပင့်ဖိတ်ကုန်၏။ ရဟန်းတို့သည် "ပရမ္ပရဘောဇဉ် စားခြင်းကို မြတ်စွာဘုရား ပယ်တော်မူသောကြောင့် မအပ်" ဟု တွေးတောမှု 'သံသယကုက္ကုစ္စ' ရှိသည်ဖြစ်၍ မခံယူကြကုန်။ သင်္ကန်း အရနည်းပါး၏၊ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ပ။ "ရဟန်းတို့ သင်္ကန်းလှူသော အခါ၌ ပရမ္ပရဘောဇဉ်ကို သုံးဆောင်ခြင်းငှါ ခွင့်ပြုတော်မူ၏" ဟု မိန့်တော်မူ၏။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

(ဂ) **"အချိန်အခါကို ကြဉ်၍ ပရမ္ပရဘောဇဉ်ကို စားခြင်းကြောင့် ပါစိတ်အာပတ် သင့်၏။ ထိုပရမ္ပရဘောဇဉ်ကိုစားရာ၌ ဤဆိုလတ္တံ့သည်ကား အချိန်အခါတည်း၊ နာဖျားသော အခါ သင်္ကန်းလှူသောအခါ၊ ဤကား ထိုပရမ္ပရဘောဇဉ်ကို စားရာ၌ အချိန်အခါတည်း"** ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

ဤသို့လျှင် မြတ်စွာဘုရားသည် ရဟန်းတို့အား ဤသိက္ခာပုဒ်ကို ပညတ်တော်မူ၏။

၂၂၄။ ထိုအခါ လူတို့သည် သင်္ကန်းချုပ်ကုန်သော ရဟန်းတို့ကို ဆွမ်းဖြင့် ဖိတ်ကုန်၏။ ရဟန်းတို့သည် "ပရမ္ပရဘောဇဉ်ကို မြတ်စွာဘုရား ပယ်တော်မူသောကြောင့် မအပ်" ဟု တွေးတောမှု 'သံသယကုက္ကုစ္စ' ရှိသည်ဖြစ်၍ မခံယူကြကုန်။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ပ။ "ရဟန်းတို့ သင်္ကန်းချုပ်သောအခါ၌ ပရမ္ပရဘောဇဉ်ကို သုံးဆောင်ခြင်းငှါ ခွင့်ပြုတော်မူ၏" ဟု မိန့်တော်မူ၏။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

၈၂။ ၃၃-(ဃ)၂၂၅။ **"အချိန်အခါကို ကြဉ်၍ ပရမ္ပရဘောဇဉ်ကို စားခြင်းကြောင့် ပါစိတ်အာပတ် သင့်၏။ ထိုပရမ္ပရဘောဇဉ်ကို စားရာ၌ ဤဆိုလတ္တံ့သည်ကား အချိန်အခါတည်း၊ နာဖျားသောအခါ သင်္ကန်းလှူသောအခါ သင်္ကန်းချုပ်သောအခါ၊ ဤကား ထိုပရမ္ပရဘောဇဉ်ကို စားရာ၌ အချိန်အခါတည်း"** ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

ဤသို့လျှင် မြတ်စွာဘုရားသည် ရဟန်းတို့အား ဤသိက္ခာပုဒ်ကို ပညတ်တော်မူ၏။

၂၂၆။ ထိုအခါ မြတ်စွာဘုရားသည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူလျက် နောက်ပါ ရဟန်းဖြစ်သော အသျှင်အာနန္ဒာနှင့်အတူ တဦးသော ဒါယကာအိမ်သို့ ချဉ်းကပ်၍ ခင်းထားသော နေရာ၌ ထိုင်နေတော်မူ၏။ ထိုအခါ ထိုလူတို့သည် မြတ်စွာဘုရားအားလည်း အသျှင်အာနန္ဒာအားလည်း ဘောဇဉ်ကို လှူဒါန်းကုန်၏။

အသျှင်အာနန္ဒာသည် မအပ် ဟု တွေးတောမှု 'သံသယကုက္ကုစ္စ' ရှိသည်ဖြစ်၍ မခံယူချေ၊ မြတ်စွာဘုရားသည် အာနန္ဒာ ခံယူလော့ ဟု (မိန့်တော်မူ၏)။ မြတ်စွာဘုရား တန်ပါပြီ အကျွန်ုပ်အား ဆွမ်းကို ရနိုးခြင်းသည် ရှိပါ၏ ဟု (လျှောက်၏)။ အာနန္ဒာ သို့ဖြစ်လျှင် ဝိကပ္ပနာပြု၍ ခံယူလော့ ဟု (မိန့်တော်မူ၏)။ ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် တရားစကားကို ဟောတော်မူ၍ ရဟန်းတို့ကို—

http://www.dhammadownload.com



"ရဟန်းတို့ ဝိကပ္ပနာပြု၍ ပရမ္ပရဘောဇဉ်ကို သုံးဆောင်ခြင်းငှါ ခွင့်ပြုတော်မူ၏" ဟု မိန့်တော်မူ၏။

ရဟန်းတို့ ဤသို့လျှင် ဝိကပ္ပနာ*ပြုအပ်၏။

"ငါ၏ ရရှိသော ဆွမ်းကို ဤမည်သော ရဟန်းအား လှူဒါန်းပါ၏" ဟု (ဝိကပ္ပနာ ပြုအပ်၏)။

## ၃-ပရမ္ပရဘောဇနသိက္ခာပုဒ် အဖွင့်

၂၂၇။ **ပရမ္ပရဘောဇဉ်** မည်သည် ဘောဇဉ်ငါးပါးတို့တွင် တပါးပါးသော ဘောဇဉ်တို့ဖြင့် ပင့်ဖိတ်လတ်သော် ထိုဘောဇဉ်ကို ထား၍ အခြားသော ဘောဇဉ်ငါးပါးတို့တွင် တပါးပါးသော ဘောဇဉ်ကို စားငြားအံ့၊ ဤဘောဇဉ်သည် ပရမ္ပရဘောဇဉ် မည်၏။

**အချိန်အခါကို ကြဉ်၍** ဟူသည် အခါကာလကို ကြဉ်ထား၍။

**နာဖျားသောအခါ** မည်သည် နေရာတခုတည်း၌ နေလျက် အလိုရှိတိုင်း သုံးဆောင်စားသောက်ခြင်းငှါ မစွမ်းနိုင်အံ့၊ နာဖျားသောအခါဟူ၍ သုံးဆောင်အပ်၏။

**သင်္ကန်းလှူသောအခါ** မည်သည် ကထိန်မခင်းသော် မိုးဥတု၏ နောက်ဆုံး လ ပတ်လုံးရင်း၊ ကထိန်ခင်းသော် ငါးလတို့ပတ်လုံးရင်း၊ သင်္ကန်းလှူသောအခါ ဟူ၍ သုံးဆောင်အပ်၏။

**သင်္ကန်းချုပ်သောအခါ** မည်သည် သင်္ကန်းကိုချုပ်သော် သင်္ကန်းချုပ်သောအခါ ဟူ၍ သုံးဆောင်အပ်၏။

အချိန်အခါကို ကြဉ်၍ သုံးဆောင်အံ့ ဟု ခံယူအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ မျိုတိုင်းမျိုတိုင်း ပါစိတ်အာပတ် သင့်၏။

၂၂၈။ အချိန်အခါကို ကြဉ်၍ ပရမ္ပရဘောဇဉ်၌ ပရမ္ပရဘောဇဉ် ဟု အမှတ်ရှိသည်ဖြစ်၍ သုံးဆောင်အံ့၊ ပါစိတ်အာပတ် သင့်၏။

အချိန်အခါကို ကြဉ်၍ ပရမ္ပရဘောဇဉ်၌ ယုံမှားရှိသည် ဖြစ်၍ သုံးဆောင်အံ့၊ ပါစိတ်အာပတ် သင့်၏။

အချိန်အခါကို ကြဉ်၍ ပရမ္ပရဘောဇဉ်၌ ပရမ္ပရဘောဇဉ် မဟုတ် ဟု အမှတ်ရှိသည်ဖြစ်၍ သုံးဆောင်အံ့၊ ပါစိတ်အာပတ် သင့်၏။

ပရမ္ပရဘောဇဉ် မဟုတ်ရာ၌ ပရမ္ပရဘောဇဉ် ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ပရမ္ပရဘောဇဉ် မဟုတ်ရာ၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ပရမ္ပရဘောဇဉ် မဟုတ်ရာ၌ ပရမ္ပရဘောဇဉ် မဟုတ် ဟု အမှတ်ရှိအံ့၊ အာပတ် မသင့်။

၂၂၉၊ အခါကာလ၌ သုံးဆောင်အံ့၊ ဝိကပ္ပနာပြု၍ သုံးဆောင်အံ့၊ နှစ်ဦးသုံးဦး ပင့်ဖိတ်ရာ၌ တပေါင်းတည်း အတူ သုံးဆောင်အံ့၊ ပင့်ဖိတ်အပ်သော အစဉ်ဖြင့် သုံးဆောင်အံ့၊ အလုံးစုံသောရွာ

---

* ဆွမ်းစားရန် ကိုယ်စားထည့်ခြင်းကို ဆိုသည်။

http://www.dhammadownload.com



'ရွာသူအားလုံး' သည် ပင့်ဖိတ်လတ်သော် ထိုရွာ၀ယ် အမှတ်မရှိသောအိမ်၌ သုံးဆောင်အံ့၊ အလုံးစုံသောအသင်း 'အသင်းဝင်အားလုံး' သည် ပင့်ဖိတ်လတ်သော် ထိုအသင်းတွင် အမှတ်မရှိသော အိမ်၌ သုံးဆောင်အံ့၊ (ဆွမ်းဖြင့်) ပင့်ဖိတ်လတ်သော် ဆွမ်းကို ခံယူအံ့ ဟူ၍ ဆိုအံ့၊ အာပတ် မသင့်။ အမြဲလှူသောဆွမ်း၌ရင်း စာရေးတန်ဆွမ်း၌ရင်း လဆန်း လဆုတ် ပက္ခ၀ယ် လှူသော ဆွမ်း၌ရင်း ဥပုသ်နေ့လှူသော ဆွမ်း၌ရင်း အထွက်တရက်နေ့လှူသော ဆွမ်း၌ရင်း သုံးဆောင်အံ့၊ အာပတ် မသင့်။ ဘောဇဉ်ငါးပါးတို့ကိုထား၍ (ခဲဖွယ်စသည်) အလုံးစုံ၌ အာပတ် မသင့်၊ ရူးသောရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

တတိယ ပရမ္ပရဘောဇနသိက္ခာပုဒ် ပြီး၏။

---

## ၄-ဘောဇနဝဂ် ၄-ကာဏမာတုသိက္ခာပုဒ်

၂၃၀။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ကာဏာ၏ အမိ ဥပါသိကာမသည် သဒ္ဓါတရားရှိ၏ ကြည်ညို၏၊ ကာဏာ 'အမည်ရှိသောသူငယ်မ' ကို ရွာငယ်တခု၌ ယောကျ်ားတယောက် အား ထိမ်းမြားပေးစား၏။ ထိုအခါ ကာဏာသည် တစုံတခုသော ပြုဖွယ်ကိစ္စဖြင့် မိခင်၏နေအိမ်သို့ သွား၏။ ထိုအခါ ကာဏာ၏ လင်ယောကျ်ားသည် ကာဏာ၏ထံသို့ "ကာဏာပြန်လာခဲ့ပါလော့၊ ကာဏာ၏ ပြန်လာခြင်းကို အလိုရှိပါ၏" ဟု တမန်ကို စေလွှတ်၏။

ထိုအခါ ကာဏာ၏အမိ ဥပါသိကာမသည် "လက်ချည်း သွားခြင်းသည် အသရေပျက် ရှက်ဖွယ် ကဲ့သို့ဖြစ်၏" ဟု မုံ့ကိုကြော်၏။ မုံ့ကျက်လတ်သော် ဆွမ်းခံသောရဟန်းတပါးသည် ကာဏာ၏အမိ ဥပါသိကာမ၏ နေအိမ်သို့ဝင်၏။ ထိုအခါ ကာဏာ၏အမိ ဥပါသိကာမသည် ထိုရဟန်းအား မုံ့ကို လှူစေ၏၊ ထိုရဟန်းသည် ထွက်သွားပြီးလျှင် ရဟန်းတပါးအား ပြောကြား၏၊ ထိုရဟန်းအားလည်း မုံ့ကိုပေးလှူစေ၏၊ ထို (နှစ်ကြိမ်မြောက် လာသော) ရဟန်းသည် ထွက်သွား၍ ရဟန်းတပါးအား ပြောကြား၏၊ (သုံးကြိမ်မြောက် လာသော) ထိုရဟန်းအားလည်း မုံ့ကို ပေးလှူစေ၏၊ စီရင်တိုင်းသောမုံ့သည် ကုန်လေ၏။

နှစ်ကြိမ်မြောက်လည်း။ပ။ သုံးကြိမ်မြောက်လည်း ကာဏာ၏ လင်ယောကျ်ားသည် ကာဏာ ၏ အထံသို့ "ကာဏာပြန်လာခဲ့ပါလော့၊ ကာဏာ၏ပြန်လာခြင်းကို အလိုရှိပါ၏၊ အကယ်၍ ကာဏာ ပြန်မလာခဲ့သော် အခြားသော မယားကိုယူတော့အံ့" ဟု တမန်ကို စေလွှတ်၏။ သုံးကြိမ်မြောက် လည်း။ပ။ စီရင်တိုင်းသော မုံ့သည် ကုန်လေ၏။ ထိုအခါ ကာဏာ၏ လင်ယောကျ်ားသည် အခြား မယားကိုယူလေ၏။ "ထိုယောကျ်ားသည် အခြားမယားကို ယူသတတ်" ဟု ကာဏာသည် ကြား၏။ ထိုသူငယ်မသည် ငိုကြွေးမြည်တမ်းလျက် နေရှာ၏။

ထိုအခါ မြတ်စွာဘုရားသည် နံနက်အချိန်၌ သင်္ကန်းကိုပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူပြီးလျှင် ကာဏာ၏အမိ ဥပါသိကာမ အိမ်သို့ ချဉ်းကပ်ပြီးလျှင် ခင်းထားသောနေရာ၌ ထိုင်နေတော်မူ၏။ ထိုအခါ ကာဏာ၏အမိ ဥပါသိကာမသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီး၍ မြတ်စွာဘုရားကို ရှိခိုး ပြီးလျှင် တခုသောနေရာ၌ ထိုင်နေ၏၊ တခုသောနေရာ၌ ထိုင်နေပြီးသော ကာဏာ၏အမိ ဥပါသိကာမ ကို မြတ်စွာဘုရားသည် "အဘယ့်ကြောင့် ဤကာဏာသည် ငိုကြွေးဘိသနည်း" ဟု မိန့်တော်မူ၏။

http://www.dhammadownload.com



ထိုအခါ ကာဏာ၏အမိ ဥပါသိကာမသည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်၏။ ထိုအခါ မြတ်စွာဘုရားသည် ကာဏာ၏အမိ ဥပါသိကာမကို တရားစကားဖြင့် (အကျိုးစီးပွားကို) သိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန်စေ၍ ရွှင်လန်းစေပြီးလျှင် နေရာမှထ၍ ဖဲခွါကြွသွားတော်မူ၏။

၂၃၁။ ထိုအခါ ကုန်သည်တယောက်သည် ရာဇဂြိုဟ်ပြည်မှ အနောက်မျက်နှာအရပ်သို့ သွားလို၏။ ဆွမ်းခံ ရဟန်းတပါးသည် ထိုကုန်သည်ထံသို့ ဆွမ်းအလို့ငှါဝင်၏။ ဥပါသကာတယောက်သည် ထို ရဟန်းအား မုံ့လုံးကိုလှူစေ၏၊ ထိုရဟန်းသည် ထွက်သွား၍ တပါးသောရဟန်းအား ပြောကြား၏၊ ထိုရဟန်းအားလည်း မုံ့လုံးကိုလှူစေ၏။ ထို (နှစ်ကြိမ်မြောက် ရောက်လာသော) ရဟန်းသည် ထွက်သွားပြီးလျှင် တပါးသော ရဟန်းအား ပြောကြား၏၊ (သုံးကြိမ်မြောက် ရောက်လာသော) ထိုရဟန်းအားလည်း မုံ့လုံးကို လှူစေ၏၊ စီရင်တိုင်းသော ရိက္ခာသည် ကုန်လေ၏။

ထိုအခါ ထိုဥပါသကာသည် ထိုလူအပေါင်းတို့ကို "အမောင်တို့ ယနေ့တရက်မျှ ဆိုင်းငံ့ကုန်ဦးလော့၊ စီရင်တိုင်းသော ရိက္ခာကို အသျှင်ကောင်းတို့အား လှူဒါန်းလိုက်ပြီ၊ ရိက္ခာကိုစီရင်ဦးအံ့" ဟု ဆို၏။ "အရှင် ဆိုင်းငံ့ခြင်းငှါ မတတ်နိုင်၊ အဖော်ဖြစ်သော ကုန်သည်တစုတို့သည် ထွက်သွားနှင့်ပြီ" ဟု ဆို၍ သွားကြကုန်၏။ ထိုအခါ ထိုဥပါသကာသည် ရိက္ခာကို စီရင်ပြီး၍ နောက်ကျမှ ထွက်သွားလတ်သော် ခိုးသူတို့သည် လုယက်ကုန်၏။

လူတို့သည် "အဘယ့်ကြောင့် သာကီဝင်မင်းသား ဘုရားအနွယ်တော် ဖြစ်ကုန်သော ရဟန်းတို့သည် အတိုင်းအရှည်ကို မသိကုန်မူ၍ ခံယူကုန်ဘိသနည်း၊ ဤကုန်သည် ဥပါသကာသည် ဤရဟန်းတို့အား လှူပြီး၍ နောက်မှ ထွက်သွားသောကြောင့် ခိုးသူတို့သည် လုယက်၏" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ ရဟန်းတို့သည် ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုကြသော ထိုလူတို့၏ စကားတို့ကို ကြားကြသည်သာတည်း။

ထိုအခါ ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် တရားစကားကို ဟောတော်မူ၍ ရဟန်းတို့ကို—

"ရဟန်းတို့ သို့ဖြစ်လျှင် သံဃာတော်၏ ကောင်းပါပြီ ဟု ဝန်ခံကျင့်သုံးရန် သံဃာတော်များ ချမ်းသာစေရန်။ပ။ ဝိနည်း 'စည်းမျဉ်းဥပဒေ' ကို ချီးမြှောက်ရန်ဟူသော အကျိုးထူးဆယ်ပါးတို့ကို အစွဲပြု၍ ရဟန်းတို့အား သိက္ခာပုဒ်ကို ပညတ်တော်မူမည်" ဟု မိန့်တော်မူ၏။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

**၈၃။ ၃၄-၂၃၂။ "အမျိုးအိမ်သို့ ကပ်သောရဟန်းကိုသာလျှင် မုံ့ကြော် မုံ့ရှက်တို့ဖြင့်ငင်း မုံ့ကြွက်ကျစ် 'မုံ့ဆုပ် နှမ်း ဆန် စသည်' တို့ဖြင့်ငင်း ရှေးရှုဆောင်၍ ပင့်ဖိတ်ငြားအံ့၊ အလိုရှိသော ရဟန်းသည် နှစ်သပိတ် သုံးသပိတ်ပြည့်အောင် မုံ့တို့ကို ခံယူအပ်ကုန်၏၊ ထို နှစ်သပိတ် သုံးသပိတ်ထက်အလွန် အကယ်၍ ခံယူငြားအံ့၊ ပါစိတ်အာပတ် သင့်၏။ နှစ်သပိတ် သုံးသပိတ် ပြည့်အောင် မုံ့တို့ကို ခံယူပြီး၍ ထို ခံရာအရပ်မှ ဆောင်ပြီးလျှင် ရဟန်းတို့နှင့်အတူ ခွဲဝေ သုံးဆောင်အပ်၏၊ ဤသို့ ခွဲဝေသုံးဆောင်ခြင်းသည် ထို နှစ်သပိတ် သုံးသပိတ် ပြည့်အောင် မုံ့ကို ခံယူရာ၌ ကျင့်ဝတ်တည်း" ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။**

http://www.dhammadownload.com



## ၄-ကာဏမာတုသိက္ခာပုဒ် အဖွင့်

၂၃၃။ အမျိုးအိမ်သို့ ကပ်သောရဟန်းကိုသာလျှင် ဟူရာ၌ အမျိုး မည်သည် မင်းမျိုး ပုဏ္ဏားမျိုး ကုန်သည်မျိုး သူဆင်းရဲမျိုး ဟူ၍ အမျိုးလေးပါးတို့တည်း။

ကပ်သော ဟူသည် ထိုအမျိုးအိမ်သို့ ရောက်သော။

မုန့်ကြော် မုန့်ရှက် မည်သည် လက်ဆောင်အကျိုးငှါ စီရင်အပ်သော အလုံးစုံသော မုန့်တည်း။

မုန့်ကြွက်ကျစ် မည်သည် ရိက္ခာအလို့ငှါ စီရင်အပ်သော အလုံးစုံသော မုန့်တည်း။

ရှေးရှုဆောင်၍ ပင့်ဖိတ်ခြင်းအံ့ ဟူသည် အလိုရှိတိုင်း ခံယူပါလော့ ဟု ပင့်ဖိတ်ခြင်းအံ့။

အလိုရှိသော ရဟန်း ဟူသည် တောင့်တလိုလားသော ရဟန်းတည်း။

နှစ်သပိတ် သုံးသပိတ်ပြည့်အောင် မုန့်တို့ကို ခံယူအပ်ကုန်၏ ဟူသည် သပိတ်နှစ်လုံး သုံးလုံး ပြည့်အောင် မုန့်တို့ကို ခံယူအပ်ကုန်၏။

ထိုထက်အလွန် ခံယူခြင်းအံ့ ဟူသည် ထိုနှစ်သပိတ် သုံးသပိတ်ထက်အလွန် ခံယူခြင်းအံ့၊ပါစိတ် အာပတ် သင့်၏။

နှစ်သပိတ် သုံးသပိတ်ပြည့်အောင် မုန့်တို့ကို ခံယူပြီး၍ ထိုအိမ်မှထွက်သော ရဟန်းသည် ရဟန်းကို မြင်လျှင် "ငါသည် ဤအိမ်၌ နှစ်သပိတ် သုံးသပိတ်ပြည့်အောင် မုန့်တို့ကို ခံယူအပ်ကုန်ပြီ၊ ထိုအိမ်မှ မခံယူလေလင့်" ဟု ပြောကြားအပ်၏။ အကယ်၍ မြင်လျက် မပြောကြားခြင်းအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ပြောကြားပါလျက် အကယ်၍ ခံယူခြင်းအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ထိုခံရာအရပ်မှ ဆောင်ပြီးလျှင် ရဟန်းတို့နှင့်အတူ ခွဲဝေသုံးဆောင်အပ်၏ ဟူသည် ဆွမ်းစားစရပ်သို့ ထုတ်ဆောင်၍ ခွဲဝေ သုံးဆောင်အပ်၏။

ဤသို့ ခွဲဝေ သုံးဆောင်ခြင်းသည် ထို နှစ်သပိတ် သုံးသပိတ် ပြည့်သော မုန့်တို့ကို ခံယူရာ၌ ကျင့်ဝတ်တည်း ဟူသည် ဤသို့ ခွဲဝေသုံးဆောင်ခြင်းသည် မုန့်တို့ကို ခံယူရာ၌ တရားနှင့်လျော်သော ကျင့်ဝတ်တည်း။

၂၃၄။ နှစ်သပိတ် သုံးသပိတ် ပြည့်သည်ထက် ပိုလွန်သော မုန့်၌ ပိုလွန်၏ ဟု အမှတ်ရှိသည်ဖြစ်၍ ခံယူအံ့၊ ပါစိတ်အာပတ် သင့်၏။

နှစ်သပိတ် သုံးသပိတ် ပြည့်သည်ထက် ပိုလွန်သောမုန့်၌ ယုံမှားရှိသည်ဖြစ်၍ ခံယူအံ့၊ ပါစိတ် အာပတ် သင့်၏။

နှစ်သပိတ် သုံးသပိတ် ပြည့်သည်ထက် ပိုလွန်သော မုန့်၌ ယုတ်လျော့၏ ဟု အမှတ်ရှိသည်ဖြစ်၍ ခံယူအံ့၊ ပါစိတ်အာပတ် သင့်၏။

နှစ်သပိတ် သုံးသပိတ် မပြည့် ယုတ်လျော့သော မုန့်၌ ပိုလွန်၏ ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

နှစ်သပိတ် သုံးသပိတ် မပြည့် ယုတ်လျော့သောမုန့်၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

http://www.dhammadownload.com



နှစ်သပိတ် သုံးသပိတ်မပြည့် ယုတ်လျော့သော မှု၌ ယုတ်လျော့၏ ဟု အမှတ်ရှိအံ့၊ အာပတ်မသင့်။

၂၃၅။ နှစ်သပိတ် သုံးသပိတ်ပြည့်သော မုံ့တို့ကို ခံယူအံ့၊ နှစ်သပိတ် သုံးသပိတ် မပြည့် ယုတ်လျော့သော မုံ့တို့ကို ခံယူအံ့၊ လက်ဆောင်အကျိုးငှါ မစီရင်သော မုံ့ ရိက္ခာအလို့ငှါ မစီရင်သော မုံ့ကို ပေးလှူကုန်အံ့၊ လက်ဆောင်အကျိုးငှါရင်း ရိက္ခာအလို့ငှါရင်း စီရင်အပ်သော မုံ့တို့မှ ကြွင်းကျန်သော မုံ့ကို ပေးလှူကုန်အံ့၊ ခရီးသွားမှု ငြိမ်းသော် လှူကုန်အံ့၊ ဆွေမျိုးတို့၏ မုံ့ကိုရင်း ပင့်ဖိတ်သူတို့၏ မုံ့ကိုရင်း ခံယူအံ့၊ သူတပါး၏အကျိုးငှါ ခံယူအံ့၊ မိမိဥစ္စာဖြင့် (ပြုလုပ်သော မုံ့အစရှိသည်တို့ကို) ခံယူအံ့၊ အာပတ် မသင့်၊ ရူးသောရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

စတုတ္ထ ကာဏမာတုသိက္ခာပုဒ် ပြီး၏။

---

## ၄-ဘောဇနဝဂ် ၅-ပဉ္စမပဝါရဏာသိက္ခာပုဒ်

၂၃၆။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏အရံ ဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ ပုဏ္ဏားတယောက်သည် ရဟန်းတို့ကို ပင့်ဖိတ်၍ ဆွမ်းကျွေး၏။ ရဟန်းတို့သည် ဆွမ်းစားစဉ် (တော်ပြီ တန်ပြီ ဟု) တားမြစ်၍ ဆွေမျိုးအိမ်တို့သို့ သွားလျက် အချို့က စား၍ အချို့က ဆွမ်းကို ယူ၍ သွားကုန်၏။

ထိုအခါ ထိုပုဏ္ဏားသည် အိမ်နီးချင်းတို့ကို "အမောင်တို့ ငါသည် အသျှင်ရဟန်းတို့ကို (ဆွမ်းဖြင့်) ရောင့်ရဲစေအပ်ကုန်ပြီ၊ လာကုန်လော့၊ သင်တို့ကိုလည်း (ကျွေးမွေး) ရောင့်ရဲစေအံ့" ဟု ဆို၏။ ထိုသူတို့သည်—

"အသျှင်ပုဏ္ဏားသည် အဘယ်သို့လျှင် အကျွန်ုပ်တို့ကို ရောင့်ရဲစေမည်နည်း၊ သင် ပင့်ဖိတ်အပ်သော ရဟန်းတို့သည် ငါတို့၏အိမ်သို့လာ၍ အချို့သော ရဟန်းတို့သည် သုံးဆောင်ကုန်၏၊ အချို့သော ရဟန်းတို့သည် ဆွမ်းကို ယူ၍ သွားကုန်၏" ဟု ဆိုကုန်၏။

ထိုအခါ ထိုပုဏ္ဏားသည် "အသျှင်ကောင်းတို့သည် ငါတို့၏အိမ်၌ ဆွမ်းစားပြီး၍ တပါးသော အရပ်၌ အဘယ့်ကြောင့် စားကုန်ဘိသနည်း၊ ငါသည် အလိုရှိတိုင်း လှူဒါန်းခြင်းငှါ စွမ်းနိုင်သည် မဟုတ်ပါလော" ဟု ကဲ့ရဲ့၏၊ ရှုတ်ချ၏၊ အပြစ်ပြ ပြောဆို၏။

ရဟန်းတို့သည် ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုသော ထိုပုဏ္ဏား၏ စကားကို ကြားကြသည် သာတည်း။ အလိုနည်းသော ရဟန်းတို့သည် "အဘယ့်ကြောင့် ရဟန်းတို့သည် ဆွမ်းစားစဉ် (တော်ပြီ တန်ပြီ ဟု) တားမြစ်၍ တပါးသော အရပ်၌ သုံးဆောင် စားသောက်ကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။ "ရဟန်းတို့ ရဟန်းတို့သည် ဆွမ်းစားစဉ် (တော်ပြီ တန်ပြီ ဟု) တားမြစ်၍ တပါးသော အရပ်၌ သုံးဆောင် စားသောက်ကုန်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

http://www.dhammadownload.com



ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။

ရဟန် တို့ ထို(မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျာ်းတို့သည် ဆွမ်းစားစဉ် (တော်ပြီ တန်ပြီ ဟု) တားမြစ်၍ တပါးသော အရပ်၌ အဘယ့်ကြောင့် သုံးဆောင်ကုန်ဘိသနည်း၊ ရဟန်းတို့ ဤ (သင်တို့ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ ရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

(က) **"အကြင် ရဟန်းသည် ဆွမ်းစားစဉ် (တော်ပြီ တန်ပြီ ဟု) တားမြစ်လျက် ခဲဖွယ် ကိုသော်၎င်း ဘောဇဉ်ကိုသော်၎င်း ခဲမူလည်း ခဲငြားအံ့ စားမူလည်း စားငြားအံ့၊ (ထိုရဟန်း အား) ပါစိတ်အာပတ် သင့်၏"** ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

ဤသို့လျှင် မြတ်စွာဘုရားသည် ရဟန်းတို့အား ဤသိက္ခာပုဒ်ကို ပညတ်တော်မူ၏။

၂၃၇။ ထိုအခါ ရဟန်းတို့သည် နာဖျားကုန်သော ရဟန်းတို့၏ (အလို့ငှါ) မွန်မြတ်သော ဆွမ်း တို့ကို ဆောင်ယူကုန်၏၊ နာဖျားသော ရဟန်းတို့သည် စိတ်သဘောရှိတိုင်း မစားနိုင်ကုန်၊ ထိုဆွမ်းတို့ကို ရဟန်းတို့သည် စွန့်ကုန်၏။ မြတ်စွာဘုရားသည် ပြင်းပြကျယ်လောင်သော အသံ ကျီးအုပ်တို့၏ အော် သံကို ကြားတော်မူ၍ "အာနန္ဒာ ထိုပြင်းပြကျယ်လောင်သောအသံ ကျီးအုပ်တို့၏အော်သံသည် အဘယ်အကြောင်းကြောင့်နည်း" ဟု အာနန္ဒာကို မေးတော်မူ၏။ ထိုအခါ အသျှင်အာနန္ဒာသည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်၏။ အာနန္ဒာ ရဟန်းတို့သည် သူနာ၏ ပိုလွန်ကြွင်းကျန် သော ဆွမ်းကို စားကြသလော ဟု(မေးတော်မူ၏) မြတ်စွာဘုရား မစားကြပါကုန် ဟု (လျှောက်၏)။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် တရားစကားကို ဟောတော်မူ၍ ရဟန်းတို့ကို "ရဟန်းတို့ နာဖျားသော ရဟန်း၏၎င်း မနာမဖျားသော ရဟန်း၏၎င်း ပိုလွန်ကြွင်းကျန် သော ဆွမ်းကို သုံးဆောင်ခြင်းငှါ ခွင့်ပြုတော်မူ၏" ဟု မိန့်တော်မူ၏။

ရဟန်းတို့ ဤ သို့လျှင် "ဤအလုံးစုံကို ငါတန်ပြီ" 'ဤခွက်ထည်း၌ရှိသော အလုံးစုံကို ငါတော်ပြီ' ဟု အတိရိက် ဝိနည်းကံ 'ပိုလွန်ကြွင်းကျန်မှု' ကို ပြုအပ်၏။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

၈၄။ ၃၅-(ခ) ၂၃၈။ **"အကြင် ရဟန်းသည် ဆွမ်းစားစဉ် (တော်ပြီ တန်ပြီ ဟု) တား မြစ်၍ အတိရိက်ဝိနည်းကံ 'ပိုလွန်ကြွင်းကျန်မှု' မပြုသော ခဲဖွယ်ကိုသော်၎င်း ဘောဇဉ်ကိုသော် ၎င်း ခဲမူလည်းခဲငြားအံ့ စားမူလည်းစားငြားအံ့၊ (ထိုရဟန်းအား) ပါစိတ်အာပတ် သင့်၏"** ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

## ၅-ပဌမပဝါရဏာသိက္ခာပုဒ် အဖွင့်

၂၃၉။ အကြင် ဟူသည် အကြင်သို့ သဘောရှိသော။ပ။

**ရဟန်း** ဟူသည်။ပ။ ဤအရာ၌ ဤဉ တ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သူကို "ရဟန်း" ဟူ၍ အလိုရှိအပ်၏။

http://www.dhammadownload.com



**ဆွမ်းစားစဉ်** မည်သည် ဘောဇဉ်ငါးပါးတို့တွင် တပါးပါးသော ဘောဇဉ်ကို အယုတ်သဖြင့် သမန်းမြက်ဖျားမျှဖြင့်သော်လည်း စားပြီးဖြစ်၏။

**မြစ်ခြင်း** မည်သည် စားဆဲသည် ထင်ရှား၏၊ ဘောဇဉ်သည် ထင်ရှား၏၊ (ရဟန်း၏နှစ်တောင့်ထွာ) ဟတ္ထပါသ်အတွင်း၌ ရပ်တည်လျက် ရှေးရှုဆောင်၏၊ မြစ်ပယ်ခြင်းသည် ထင်ရှား၏။

**အတိရိက် ဝိနည်းကံ'ပိုလွန်ကြွင်းကျန်မှု'မပြုသော** မည်သည် မကပ္ပိပဲ 'မအပ်သည်ကို' ပြုအပ်၏၊ အကပ်မခံပဲ ပြုအပ်၏၊ မချီမကြွပဲ ပြုအပ်၏၊ ဟတ္ထပါသ် 'နှစ်တောင့်ထွာ' ၌ မတည်ပဲ ပြုအပ်၏၊ မစားပဲ ပြုအပ်၏၊ ဆွမ်းစားစဉ် တားမြစ်မိ၍ နေရာမှုထသော ရဟန်းသည် ပြုအပ်၏၊ "ဤအလုံးစုံကို ငါတန်ပြီ" ဟု မဆိုအပ်၊ သူနာ၏ အကြွင်းအကျန်မဟုတ်၊ ဤအလုံးစုံသည် အတိရိက် ဝိနည်းကံ မပြုသည် မည်၏။

**အတိရိက် ဝိနည်းကံပြုသည်** မည်သည် ကပ္ပိ၍ 'အပ်သည်ကို' ပြုအပ်၏၊ အကပ်ခံ၍ ပြုအပ်၏၊ ချီမ၍ ပြုအပ်၏၊ ဟတ္ထပါသ်၌ ပြုအပ်၏၊ ဆွမ်းစားစဉ် ပြုအပ်၏၊ ဆွမ်းစားစဉ် တားမြစ်မိသော ရဟန်းသည် နေရာမှ မထမီ ပြုအပ်၏၊ "ဤအလုံးစုံကို ငါတန်ပြီ" ဟု ဆိုအပ်၏၊ သူနာ၏ အကြွင်းဖြစ်၏၊ ဤအလုံးစုံသည် အတိရိက် ဝိနည်းကံ ပြုသည် မည်၏။

**ခဲဖွယ်** မည်သည် ဘောဇဉ်ငါးပါးတို့ကိုရင်း ယာမကာလိကကို*ရင်း သတ္တာဟကာလိကကိုရင်း ယာဝဇီဝိကကိုရင်း ထား၍ အကြွင်းသည် ခဲဖွယ် မည်၏။

**ဘောဇဉ်** မည်သည် ထမင်း မုယောမုံ့ မုံ့လုံး ငါး စမဲဟင်းလျာ ဟူ၍ ဤဘောဇဉ်ငါးပါး တို့တည်း။

"ခဲအံ့ သုံးဆောင်အံ့" ဟူ၍ ယူအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ မျိုတိုင်း မျိုတိုင်း ပါစိတ်အာပတ် သင့်၏။

၂၄၀။ အတိရိက် ဝိနည်းကံ မပြုသော ခဲဖွယ်ဘောဇဉ်၌ အတိရိက် ဝိနည်းကံ မပြုသော ခဲဖွယ် ဘောဇဉ် ဟု အမှတ်ရှိသည်ဖြစ်၍ ခဲဖွယ်ကိုရင်း ဘောဇဉ်ကိုရင်း ခဲမူလည်း ခဲငြားအံ့ စားမူလည်း စားငြားအံ့၊ ပါစိတ်အာပတ် သင့်၏။ အတိရိက် ဝိနည်းကံ မပြုသော ခဲဖွယ်ဘောဇဉ်၌ ယုံမှားရှိသည် ဖြစ်၍ ခဲဖွယ်ကိုရင်း ဘောဇဉ်ကိုရင်း ခဲမူလည်း ခဲငြားအံ့၊ စားမူလည်း စားငြားအံ့၊ ပါစိတ်အာပတ် သင့်၏။ အတိရိက် ဝိနည်းကံ မပြုသော ခဲဖွယ်ဘောဇဉ်၌ အတိရိက် ဝိနည်းကံ ပြုသော ခဲဖွယ်ဘောဇဉ် ဟု အမှတ်ရှိသည်ဖြစ်၍ ခဲဖွယ်ကိုရင်း ဘောဇဉ်ကိုရင်း ခဲမူလည်း ခဲငြားအံ့ စားမူလည်း စားငြားအံ့၊ ပါစိတ်အာပတ် သင့်၏။

ယာမကာလိကကိုရင်း သတ္တာဟကာလိကကိုရင်း ယာဝဇီဝိတကိုရင်း အာဟာရအလို့ငှါ ခံယူအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ မျိုတိုင်း မျိုတိုင်း ဒုက္ကဋ်အာပတ် သင့်၏။

အတိရိက် ဝိနည်းကံ ပြုသော ခဲဖွယ်ဘောဇဉ်၌ အတိရိက် ဝိနည်းကံ မပြုသော ခဲဖွယ်ဘောဇဉ် ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ အတိရိက် ဝိနည်းကံ ပြုသော ခဲဖွယ်ဘောဇဉ်၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ အတိရိက် ဝိနည်းကံပြုသော ခဲဖွယ်ဘောဇဉ်၌ အတိရိက် ဝိနည်းကံ ပြုသော ခဲဖွယ်ဘောဇဉ် ဟု အမှတ်ရှိအံ့၊ အာပတ် မသင့်။

---

* (၁) ယာမကာလိက = တအရှက် (၂၄-နာရီ) အတွင်း သုံးဆောင်အပ်သောအဖျော်ရှစ်ပါး (၂) သတ္တာဟကာလိက = အကပ်ခံပြီး ခုနစ်ရက်အတွင်း သုံးဆောင်အပ်သော ထောပတ်ပျားစသည် (၃) ယာဝဇီဝိက = အကပ်ခံပြီးလျှင် မကုန်မချင်း သုံးဆောင်အပ်သောဆေးများ (၄) ကြွင်းကျန်သော ခဲဖွယ်ဘောဇဉ်တို့သည် ယာဝကာလိက ဖြစ်ကုန်၏။

http://www.dhammadownload.com



၂၄၁။ အတိရိက် ဝိနည်းကံကို ပြုစေ၍ စားအံ့၊ "အတိရိက် ဝိနည်းကံ ပြုစေ၍ စားအံ့" ဟု ခံယူအံ့၊ သူတပါးအကျိုးငှါ ယူဆောင်၍ သွားအံ့၊ နာသော ရဟန်း၏ အကြွင်းအကျန်ကို စားအံ့၊ ယာမကာလိက 'ဖျော်ရည်စသည်' ကိုရင်း သတ္တာဟကာလိက 'စတုမဓု' စသည်ကိုရင်း ယာဝဇီဝိက 'ဆားစသည်ကိုရင်း' (ဆာလောင် မွတ်သိပ်ခြင်း အနာဟူသော) အကြောင်းရှိလတ်သော် သုံးဆောင်အံ့၊ အာပတ် မသင့်၊ ရူးသော ရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

ပဥ္စမ ပဝါရဏာသိက္ခာပုဒ် ပြီး၏။

---

## ၄-ဘောဇနဝဂ် ၆-ဒုတိယပဝါရဏာသိက္ခာပုဒ်

၂၄၂။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ ရဟန်းနှစ်ပါးတို့သည် ကောသလတိုင်း ဇနပုဒ်၌ သာဝတ္ထိပြည်သို့ ခရီးရှည် ကြွသွားကုန်၏၊ ရဟန်းတပါးသည် မကျင့်သင့်သည်ကို ကျင့်၏၊ အဖော်ဖြစ်သော ရဟန်းသည် ထိုရဟန်းကို "ငါ့သျှင် ဤသို့ သဘောရှိသော အမှုကို မပြုကျင့်ပါလင့် ဤအမှုသည် မအပ်" ဟု ဆို၏။ ထိုရဟန်းသည် ထိုဆိုးမသော ရဟန်း၌ ရန်ငြိုးဖွဲ့၏။ ထို့နောက် ထိုရဟန်းတို့သည် သာဝတ္ထိပြည်သို့ သွားကုန်၏။

ထိုအခါ သာဝတ္ထိပြည်၌ အသင်းတခုသည် သံဃာအား ဆွမ်းလှူ၏၊ အဖော်ဖြစ်သော ရဟန်းသည် ဆွမ်းစားစဉ် တန်ပြီ ဟု မြစ်ပယ်၏၊ ရန်ငြိုးဖွဲ့သော ရဟန်းသည် ဆွေမျိုးအိမ်သို့ သွား၍ ဆွမ်းကို ယူလျက် ထိုရဟန်းထံသို့ ချဉ်းကပ်ပြီးလျှင် ထိုရဟန်းအား "ငါ့သျှင် စားလော့" ဟု ဆို၏။

ငါ့သျှင် တန်ပြီ ပြည့်စုံပြီ ဟု (ဆို၏)။

ငါ့သျှင် ဆွမ်းသည် ကောင်းမွန်လှ၏ စားပါလော့ ဟု (ဆိုပြန်၏)။

ထိုအခါ ရဟန်းသည် ထိုရန်ငြိုးဖွဲ့သော ရဟန်းက အတင်းအကြပ် ခိုင်းသောကြောင့် ထိုဆွမ်းကို စားရ၏။

ရန်ငြိုးဖွဲ့သော ရဟန်းသည် ထိုရဟန်းအား——

"ငါ့သျှင် သင်ကဲ့သို့သောသူသည် ငါ့ကို ဆိုဆုံးမအပ်၏ ဟု မှတ်ထင်ဘိ၏၊ သင်သည် ဆွမ်းစားစဉ် တန်ပြီ ဟု မြစ်ပယ်ပြီးပါလျက် အတိရိက် ဝိနည်းကံမပြုသော ဘောဇဉ်ကို စားဘိ၏" ဟု ဆို၏။

ငါ့သျှင် ပြောကြားသင့်သည် မဟုတ်လော ဟု (ပဌမရဟန်းက ဆို၏)။

ငါ့သျှင် မေးမြန်းသင့်သေးသည် မဟုတ်လော ဟု (ဒုတိယရဟန်းက ဆို၏)။

ထိုအခါ ထိုရဟန်းသည် ရဟန်းတို့အား ဤအကြောင်းကို ပြောကြား၏။

အလိုနည်းသော ရဟန်းတို့သည် "အဘယ့်ကြောင့် ရဟန်းသည် ဆွမ်းစားစဉ် တန်ပြီ ဟု မြစ်ပယ်သော ရဟန်းကို အတိရိက်ဝိနည်းကံ မပြုသော ဘောဇဉ်ဖြင့် ဖွေးရှုဆောင်၍ ဖိတ်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

http://www.dhammadownload.com



"ရဟန်း သင်သည် ဆွမ်းစားစဉ် (တန်ပြီ ဟု) မြစ်သောရဟန်းကို အတိရိက် ဝိနည်းကံ မပြုသော ဘောဇဉ်ဖြင့် ရွေးရှုဆောင်၍ ဖိတ်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ (မင်္ဂဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား အဘယ့်ကြောင့် သင်သည် ဆွမ်းစားစဉ် (တန်ပြီ ဟု) မြစ်သောရဟန်းကို အတိရိက် ဝိနည်းကံမပြုအပ်သော ဘောဇဉ်ဖြင့် ရွေးရှုဆောင်၍ ဖိတ်ဘိသနည်း။ (မင်္ဂဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား ဤ (သင်ပုံမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်း ငှါ ရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

၇၅။ ၃၆-၂၄၃။ **"အကြင် ရဟန်းသည် ဆွမ်းစားစဉ် (တန်ပြီ ဟု) မြစ်သော ရဟန်းကို အတိရိက်ဝိနည်းကံ မပြုသော ခဲဖွယ်ဖြင့်သော်ရင်း ဘောဇဉ်ဖြင့်သော်ရင်း ရွေးရှုဆောင်ယူ၍ 'ရဟန်း ခဲမူလည်းခဲလော့ စားမူလည်းစားလော့' ဟု (ပဝါရိက်သင့်မှန်း) သိလျက် အရှိန် အစော်မဲ့ ဂုဏ်သတင်းပျက်စေခြင်းကို အလိုရှိသည်ဖြစ်၍ ဖိတ်ငြားအံ့၊ စားသည်ရှိသော် ထို (ဖိတ်သောရဟန်းအား) ပါစိတ်အာပတ် သင့်၏"** ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

## ၆-ဒုတိယပဝါရဏာသိက္ခာပုဒ် အဖွင့်

၂၄၄။ **အကြင်** ဟူသည် အကြင်သို့ သဘောရှိသော။ပ။

**ရဟန်း** ဟူသည်။ပ။ ဤအရာ၌ ဤဉတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သူကို "ရဟန်း" ဟူ၍ အလိုရှိအပ်၏။

**ရဟန်းကို** ဟူသည် အခြားသော ရဟန်းကို။

**ဆွမ်းစားစဉ်** မည်သည် ဘောဇဉ်ငါးပါးတို့တွင် တပါးပါးသော ဘောဇဉ်ကို အယုတ်သဖြင့် သမန်းမြက်ဖျားမျှဖြင့်သော်လည်း စားပြီးဖြစ်၏။

**မြစ်ခြင်း** မည်သည် စားခြင်းသည် ထင်ရှား၏၊ ဘောဇဉ်သည်ထင်ရှား၏၊ (ရဟန်း၏နှစ်တောင့်ထွာ) ဟတ္ထပါသ်အတွင်း၌ ရပ်တည်လျက် ရွေးရှုဆောင်၏၊ မြစ်ခြင်းသည် ထင်ရှား၏။

**အတိရိက် ဝိနည်းကံမပြုသော** မည်သည် မကပ္ပိယ 'မအပ်သည်ကို' ပြုအပ်၏၊ အကပ်မခံပဲပြုအပ်၏၊ မချီမကြွပဲပြုအပ်၏၊ ဟတ္ထပါသ် 'နှစ်တောင့်ထွာ' ၌ မတည်ပဲပြုအပ်၏၊ မစားပဲပြုအပ်၏၊ ဆွမ်းစားစဉ် တားမြစ်မိ၍ နေရာမှထသော ရဟန်းသည် ပြုအပ်၏၊ "ဤအလုံးစုံကိုငါတန်ပြီ" ဟု မဆိုအပ်၊ သူနာ၏ အကြွင်းအကျန်မဟုတ်၊ ဤအလုံးစုံသည် အတိရိက်ဝိနည်းကံ မပြုအပ်သည် မည်၏။

**ခဲဖွယ်** မည်သည် ဘောဇဉ်ငါးပါးတို့ကိုရင်း ယာမကာလိကကိုရင်း သတ္တာဟကာလိကကိုရင်း ယာဝဇီဝိကကိုရင်း ဖယ်ထား၍ အကြွင်းသည် ခဲဖွယ်မည်၏။

**ဘောဇဉ်** မည်သည် ထမင်း မုယောမုံ့ မုံ့လုံး ငါး စမဲဟင်းလျာ ဟူသော ဘောဇဉ် ငါးပါး တို့တည်း။

http://www.dhammadownload.com



ရှေးရှုဆောင်၍ ဖိတ်ငြားအံ့ ဟူသည် အလိုရှိသလောက် ယူလော့ ဟု ဆိုငြားအံ့။

သိ၏ မည်သည် မိမိကိုယ်တိုင် မူလည်း သိ၏၊ သူတပါးတို့သည်လည်း ထိုသူအား ပြောကြားကုန်၏၊ ထိုသူသည်လည်း ပြောကြား၏။

အရှိန်အဝါမဲ့ ဂုဏ်သတင်းပျက်စေခြင်းကို အလိုရှိသည် ဖြစ်၍ ဟူသည် ဤဝတ္ထုဖြင့် ဤရဟန်းကို "စောဒနာအံ့ အောက်မေ့စေအံ့၊ တဖန် စောဒနာအံ့ တဖန် အောက်မေ့စေအံ့၊ မျက်နှာမလှ ဖြစ်စေအံ့" ဟူ၍ ရှေးရှုဆောင်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ထိုရဟန်း၏ စကားဖြင့် "ခံအံ့ စားအံ့" ဟု ခံယူအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ မျိုတိုင်း မျိုတိုင်း ဒုက္ကဋ်အာပတ် သင့်၏။ စားသည်၏ အဆုံး၌ ပါစိတ်အာပတ် သင့်၏။

၂၄၅။ တန်ပြီ ဟု မြစ်ပြီးသော ရဟန်း၌ တန်ပြီ ဟု မြစ်ပြီးသော ရဟန်း ဟု အမှတ်ရှိသည် ဖြစ်၍ အတိရိက် ဝိနည်းကံ မပြုသော ခဲဖွယ်ဖြင့်သော်၎င်း ဘောဇဉ်ဖြင့်သော်၎င်း ရှေးရှုဆောင်၍ ဖိတ်အံ့၊ ပါစိတ်အာပတ် သင့်၏။ တန်ပြီ ဟု မြစ်ပြီးသော ရဟန်း၌ ယုံမှားရှိသည် ဖြစ်၍ အတိရိက် ဝိနည်းကံ မပြုသော ခဲဖွယ်ဖြင့်သော်၎င်း ဘောဇဉ်ဖြင့်သော်၎င်း ရှေးရှုဆောင်၍ ဖိတ်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ တန်ပြီ ဟု မြစ်ပြီးသော ရဟန်း၌ တန်ပြီ ဟု မြစ်ပြီးသော ရဟန်း မဟုတ် ဟု အမှတ်ရှိသည်ဖြစ်၍ အတိရိက် ဝိနည်းကံ မပြုသော ခဲဖွယ်ဖြင့်သော်၎င်း ဘောဇဉ်ဖြင့်သော်၎င်း ရှေးရှုဆောင်၍ ဖိတ်အံ့၊ အာပတ် မသင့်။ ယာမကာလိကကို၎င်း သတ္တာဟကာလိကကို၎င်း ယာဝဇီဝိကကို၎င်း အာဟာရ အလို့ငှါ ရှေးရှုဆောင်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ထိုရဟန်း၏ စကားဖြင့် "ခံအံ့ စားအံ့" ဟု ခံယူအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ မျိုတိုင်း မျိုတိုင်း ဒုက္ကဋ်အာပတ် သင့်၏။ တန်ပြီ ဟု မမြစ်သော ရဟန်း၌ တန်ပြီ ဟု မြစ်သော ရဟန်း ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

တန်ပြီ ဟု မမြစ်သော ရဟန်း၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ တန်ပြီ ဟု မမြစ်သော ရဟန်း၌ တန်ပြီ ဟု မမြစ်သော ရဟန်း ဟု အမှတ်ရှိအံ့၊ အာပတ် မသင့်။

၂၄၆။ အတိရိက် ဝိနည်းကံ ပြုစေ၍ ပေးအံ့၊ အတိရိက် ဝိနည်းကံ ပြုစေ၍ စားလော့ ဟု ပေးအံ့၊ သူတပါး၏ အကျိုးငှါ ဆောင်၍ သွားလော့ ဟု ပေးအံ့၊ နာဖျားသော ရဟန်း၏ အကြွင်းအကျန်ကို ပေးအံ့၊ ယာမကာလိကကို၎င်း သတ္တာဟကာလိကကို၎င်း ယာဝဇီဝိကကို၎င်း (ဆာလောင်မွတ်သိပ်ခြင်း အနာဟူသော) အကြောင်းရှိသော် သုံးဆောင်လော့ ဟု ပေးအံ့၊ အာပတ် မသင့်၊ ရူးသော ရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

ဆဋ္ဌ ဒုတိယပဝါရဏာသိက္ခာပုဒ် ပြီး၏။

---

## ၄-ဘောဇနဝဂ် ၇-ဝိကာလဘောဇနသိက္ခာပုဒ်

၂၄၇။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ရှဉ့်နက်တို့အား အစာကျွေးရာ ဖြစ်သော ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ ရာဇဂြိုဟ်ပြည်၌ တောင်ထိပ်ပွဲသဘင်သည် ဖြစ်၏။ သတ္တရသဝဂ္ဂီ ရဟန်းတို့သည် တောင်ထိပ်ပွဲသဘင်ကို ကြည့်ရှုခြင်းငှါ သွားကြကုန်၏။ လူတို့သည် သတ္တရသဝဂ္ဂီ 'ဆဲ့ခုနစ်ပါးအဖွဲ့' ရဟန်းတို့ကို မြင်၍ ရေချိုးစေ (နံ့သာတို့ကို) လိမ်းကျံစေ၍

http://www.dhammadownload.com



ဆွမ်းကျွေးပြီးသော် ခဲဖွယ်တို့ကို လှူဒါန်းကုန်၏။ သတ္တရသဝဂ္ဂီ 'ဆဲ့ခုနစ်ပါးအဖွဲ့' ရဟန်းတို့သည် ခဲဖွယ်ကို ယူ၍ (ကျောင်းတိုက်) အရံသို့ သွား၍ ဆဗ္ဗဂ္ဂီရဟန်းတို့ကို "ငါ့သျှင်တို့ ယူကုန်လော့ ခဲဖွယ်ကို ခဲကုန်လော့" ဟု ဆိုကုန်၏။ ငါ့သျှင်တို့ သင်တို့သည် ခဲဖွယ်ကို အဘယ်အရပ်မှ ရသနည်း ဟု (မေးကုန်သော်) သတ္တရသဝဂ္ဂီ ရဟန်းတို့သည် ဆဗ္ဗဂ္ဂီရဟန်းတို့အား ထိုအကြောင်းကို ပြောကြားကုန်၏။

ငါ့သျှင်တို့ အသို့နည်း သင်တို့သည် မွန်းလွဲသောအခါ၌ ဘောဇဉ်ကို စားကုန်သလော ဟု (မေးကုန်၏)။ ငါ့သျှင်တို့ စားကုန်၏ ဟု (ဆိုကုန်၏)။ ဆဗ္ဗဂ္ဂီရဟန်းတို့သည် "အဘယ့်ကြောင့် သတ္တရသဝဂ္ဂီ ရဟန်းတို့သည် မွန်းလွဲသော အခါ၌ ဘောဇဉ်ကို စားကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ထိုအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ရဟန်းတို့အား ဤအကြောင်းကို ပြောကြားကုန်၏။ အလိုနည်းသော ရဟန်းတို့သည် "အဘယ့်ကြောင့် သတ္တရသဝဂ္ဂီ ရဟန်းတို့သည် မွန်းလွဲသောအခါ၌ ဘောဇဉ်ကို စားကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ သင်တို့သည် မွန်းလွဲသောအခါ၌ ဘောဇဉ်ကို စားကုန်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ (မင်္ဂလိမှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ အဘယ့်ကြောင့် သင်တို့သည် မွန်းလွဲသောအခါ၌ ဘောဇဉ်ကို စားကုန်ဘိသနည်း။ (မင်္ဂလိမှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ ဤ(သင်တို့ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ ရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

**၈၆။ ၃၇-၂၄၈။ "အကြင် ရဟန်းသည် မွန်းလွဲသောအခါ၌ ခဲဖွယ်ကိုသော်ရင်း ဘောဇဉ်ကိုသော်ရင်း ခဲမူလည်းခဲငြားအံ့ စားမူလည်းစားငြားအံ့၊ (ထိုရဟန်းအား) ပါစိတ်အာပတ်သင့်၏"** ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

## ၇-ဝိကာလဘောဇနသိက္ခာပုဒ် အဖွင့်

၂၄၉။ **အကြင်** ဟူသည် အကြင်သို့ သဘောရှိသော။ပ။

**ရဟန်း** ဟူသည်။ပ။ ဤအရာ၌ ဤဥတ္တိစတုတ္ထကံဖြင့် ရဟန်း အဖြစ်သို့ ရောက်သူကို "ရဟန်း" ဟူ၍ အလိုရှိအပ်၏။

**မွန်းလွဲသောအခါ** မည်သည် နေမွန်းတည့်ချိန်လွန်သည်မှ အရုဏ်တက်သည့်တိုင်အောင် (အခါတည်း)။

**ခဲဖွယ်** မည်သည် ဘောဇဉ် ငါးပါးတို့ကိုရင်း ယာမကာလိကကိုရင်း သတ္တာဟကာလိကကိုရင်း ယာဝဇီဝိကကိုရင်း ဖယ်ထား၍ အကြွင်းသည် ခဲဖွယ် မည်၏။

**ဘောဇဉ်** မည်သည် ထမင်း မုယော မုံ့ မုံ့လုံး ငါး စမဲဟင်းလျာ ဟူသော ဘောဇဉ် ငါးပါးတို့တည်း။

**"ခဲအံ့ စားအံ့"** ဟူ၍ ခံယူအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ မျိုတိုင်း မျိုတိုင်း ပါစိတ်အာပတ် သင့်၏။

http://www.dhammadownload.com



၂၅၀။ မွန်းလွဲသောအခါ၌ မွန်းလွဲသောအခါ ဟု အမှတ်ရှိသည် ဖြစ်၍ ခဲဖွယ်ကိုသော်၎င်း ဘောဇဉ်ကိုသော်၎င်း ခဲမူလည်း ခဲငြားအံ့ စားမူလည်း စားငြားအံ့၊ ပါစိတ်အာပတ် သင့်၏။

မွန်းလွဲသောအခါ၌ ယုံမှားရှိသည်ဖြစ်၍ ခဲဖွယ်ကိုသော်၎င်း ဘောဇဉ်ကိုသော်၎င်း ခဲမူလည်း ခဲငြားအံ့ စားမူလည်း စားငြားအံ့၊ ပါစိတ်အာပတ် သင့်၏။

မွန်းလွဲသောအခါ၌ မွန်းမလွဲ ဟု အမှတ်ရှိသည်ဖြစ်၍ ခဲဖွယ်ကိုသော်၎င်း ဘောဇဉ်ကိုသော်၎င်း ခဲမူလည်းခဲငြားအံ့ စားမူလည်း စားငြားအံ့၊ ပါစိတ်အာပတ် သင့်၏။

ယာမကာလိကကိုင်၎င်း သတ္တာဟကာလိကကိုင်၎င်း ယာဝဇီဝိကကိုင်၎င်း အာဟာရအလို့ငှါ ခံယူအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ မျိုတိုင်း မျိုတိုင်း ဒုက္ကဋ်အာပတ် သင့်၏။

မွန်းမလွဲသည်၌ မွန်းလွဲ၏ ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

မွန်းမလွဲသည်၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ မွန်းမလွဲသည်၌ မွန်းမလွဲ ဟု အမှတ်ရှိအံ့၊ အာပတ် မသင့်။

၂၅၁။ ယာမကာလိကကိုင်၎င်း သတ္တာဟကာလိကကိုင်၎င်း ယာဝဇီဝိကကိုင်၎င်း (ဆာလောင်မွတ်သိပ်ခြင်း အနာကုသော) အကြောင်းရှိခဲ့သော် စားအံ့၊ အာပတ် မသင့်၊ ရူးသော ရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

သတ္တမ ဝိကာလဘောဇနသိက္ခာပုဒ် ပြီး၏။

---

## ၄-ဘောဇနဝဂ် ၈-သန္နိဓိကာရကသိက္ခာပုဒ်

၂၅၂။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ အသျှင်အာနန္ဒာ၏ ဥပဇ္ဈာယ်ဖြစ်သော အသျှင်ဗေလဋ္ဌသီသသည် တောခွင်နေ၏၊ ထိုဗေလဋ္ဌသီသသည် ဆွမ်းအလို့ငှါ လှည့်လည်ပြီး၍ (ဟင်းလျာကင်းသော) ထမင်းသက်သက်ကို အရံသို့ ယူဆောင်၍ ခြောက်သွေ့စေလျက် (သိုမှီးသိမ်းဆည်း) ထား၏၊ အာဟာရအလိုရှိသောအခါ၌ ရေဖြင့်ဆွတ်၍ ဆွတ်၍ သုံးဆောင်၏၊ ကြာမြင့်မှ ရွာသို့ ဆွမ်းအလို့ငှါ ဝင်၏။

ရဟန်းတို့သည် အသျှင်ဗေလဋ္ဌသီသကို "ငါ့သျှင် အဘယ့်ကြောင့် သင်သည် ကြာမြင့်မှ ရွာသို့ ဆွမ်းအလို့ငှါ ဝင်ဘိသနည်း" ဟု ဆိုကုန်၏။ ထိုအခါ အသျှင်ဗေလဋ္ဌသီသသည် ရဟန်းတို့အား ဤအကြောင်းကိုပြောကြား၏။ ငါ့သျှင် အသို့နည်း သင်သည် သိုမှီးသိမ်းဆည်းခြင်းကိုပြု၍ ဘောဇဉ်ကို စားသလော ဟု (မေးကုန်၏)။

မှန်ပေသည် ငါ့သျှင်တို့ ဟု (ဆို၏)။

အလိုနည်းသော ရဟန်းတို့သည် "အဘယ့်ကြောင့် အသျှင်ဗေလဋ္ဌသီသသည် သိုမှီးသိမ်းဆည်းခြင်းကိုပြု၍ ဘောဇဉ်ကို စားဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

http://www.dhammadownload.com



"ဗေလဋ္ဌသီသ သင်သည် သိုမှီးသိမ်းဆည်းခြင်းကို ပြု၍ ဘောဇဉ်ကို စား၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ဗေလဋ္ဌသီသ အဘယ့်ကြောင့် သင်သည် သိုမှီးသိမ်းဆည်းခြင်းကိုပြု၍ ဆွမ်းကိုစားဘိသနည်း။ ဗေလဋ္ဌသီသ ဤ (သင်ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

၈၃။ ၃၈-၂၅၃။ "အကြင် ရဟန်းသည် သိုမှီးသိမ်းဆည်းခြင်းကို ပြု၍ ခဲဖွယ်ကိုသော်ရင်း ဘောဇဉ်ကိုသော်ရင်း ခဲမူလည်း ခဲငြားအံ့ စားမူလည်း စားငြားအံ့၊ (ထိုရဟန်းအား) ပါစိတ် အာပတ် သင့်၏" ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

## ၈-သန္နိဓိကာရကသိက္ခာပုဒ် အဖွင့်

၂၅၄။ အကြင် ဟူသည် အကြင်သို့ သဘောရှိသော။ပ။

**ရဟန်း** ဟူသည်။ပ။ ဤအရာ၌ ဤဥတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သူကို "ရဟန်း" ဟူ၍ အလိုရှိအပ်၏။

**သိုမှီးသိမ်းဆည်းခြင်းကိုပြုခြင်း** မည်သည် ယနေ့အကပ်ခံထားသော ခဲဖွယ်ဘောဇဉ်ကို တပါးသောနေ့၌ ခဲ၏။

**ခဲဖွယ်** မည်သည် ဘောဇဉ် ငါးပါးတို့ကိုရင်း ယာမကာလိကကိုရင်း သတ္တာဟကာလိကကိုရင်း ယာဝဇီဝိကကိုရင်း ဖယ်ထား၍ အကြွင်းသည် ခဲဖွယ်မည်၏။

**ဘောဇဉ်** မည်သည် ထမင်း မုယောမုံ့ မုံ့လုံး ငါး စမဲဟင်းလျာ ဟူသော ဘောဇဉ်ငါးပါးတို့ တည်း။

"ခဲအံ့စားအံ့" ဟူ၍ ခံယူငြားအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ မျိုတိုင်းမျိုတိုင်း ပါစိတ်အာပတ် သင့်၏။

၂၅၅။ သိုမှီးသိမ်းဆည်းထားသော ခဲဖွယ်ဘောဇဉ်၌ သိုမှီးသိမ်းဆည်းထားသော ခဲဖွယ်ဘောဇဉ် ဟု အမှတ်ရှိသည်ဖြစ်၍ ခဲဖွယ်ကိုသော်ရင်း ဘောဇဉ်ကိုသော်ရင်း ခဲမူလည်း ခဲငြားအံ့၊ စားမူလည်း စားငြားအံ့၊ ပါစိတ်အာပတ် သင့်၏။

သိုမှီးသိမ်းဆည်းထားသော ခဲဖွယ်ဘောဇဉ်၌ ယုံမှားရှိသည်ဖြစ်၍ ခဲဖွယ်ကိုသော်ရင်း ဘောဇဉ်ကိုသော်ရင်း ခဲမူလည်း ခဲငြားအံ့၊ စားမူလည်း စားငြားအံ့၊ ပါစိတ်အာပတ် သင့်၏။

သိုမှီးသိမ်းဆည်းထားသော ခဲဖွယ်ဘောဇဉ်၌ သိုမှီးသိမ်းဆည်းထားသော ခဲဖွယ်ဘောဇဉ်မဟုတ် ဟု အမှတ်ရှိသည်ဖြစ်၍ ခဲဖွယ်ကိုသော်ရင်း ဘောဇဉ်ကိုသော်ရင်း ခဲမူလည်း ခဲငြားအံ့၊ စားမူလည်း စားငြားအံ့၊ ပါစိတ်အာပတ် သင့်၏။

http://www.dhammadownload.com


ယာမကာလိကကိုရင်း သတ္တာဟကာလိကကိုရင်း ယာဝဇီဝိကကိုရင်း အာဟာရအလို့ငှါ ခံယူအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ မျိုတိုင်းမျိုတိုင်း ဒုက္ကဋ်အာပတ် သင့်၏။

သိုမှီးသိမ်းဆည်းထားသော ခဲဖွယ်ဘောဇဉ် မဟုတ်သည်၌ သိုမှီးသိမ်းဆည်းထားသော ခဲဖွယ်ဘောဇဉ် ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

သိုမှီးသိမ်းဆည်းထားသော ခဲဖွယ်ဘောဇဉ် မဟုတ်သည်၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

သိုမှီးသိမ်းဆည်းထားသော ခဲဖွယ်ဘောဇဉ် မဟုတ်သည်၌ သိုမှီးသိမ်းဆည်းထားသော ခဲဖွယ်ဘောဇဉ် မဟုတ် ဟု အမှတ်ရှိအံ့၊ အာပတ် မသင့်။

၂၅၆။ ယာဝကာလိကကို မွန်းမလွဲမီအခါ၌ သိုမှီးသိမ်းဆည်း၍ စားငြားအံ့၊ ယာမကာလိကကို ယာမ်၌သိုမှီးသိမ်းဆည်း၍ စားငြားအံ့၊ သတ္တာဟကာလိကကို ခုနစ်ရက်ပတ်လုံး သိုမှီးသိမ်းဆည်း၍ စားငြားအံ့၊ ယာဝဇီဝိကကို (အနာဟူသော) အကြောင်းရှိခဲ့သော် စားငြားအံ့၊ အာပတ် မသင့်၊ ရူးသောရဟန်း အစလက်ဦး လွန်ကျူးသောရဟန်းတို့အားလည်း အာပတ် မသင့်။

အဋ္ဌမ သန္နိဓိကာရကသိက္ခာပုဒ် ပြီး၏။

---

## ၄-ဘောဇနဝဂ် ၉-ပဏီတဘောဇနသိက္ခာပုဒ်

၂၅၇။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် မွန်မြတ်သော ဘောဇဉ်တို့ကို မိမိ၏အကျိုးငှါ တောင်း၍ စားသောက်ကုန်၏။

လူတို့သည် "အဘယ့်ကြောင့် သာကီဝင်မင်းသား ဘုရားအနွယ်တော် ဖြစ်သော ရဟန်းတို့သည် မွန်မြတ်သော ဘောဇဉ်တို့ကို မိမိ၏အကျိုးငှါ တောင်း၍ စားကုန်ဘိသနည်း၊ အဘယ်သူသည် ချိုမြိန်သော အရသာကို မကြိုက်ပဲ ရှိအံ့နည်း၊ အဘယ်သူသည် ကောင်းမြတ်သော အရသာကို မနှစ်သက်ပဲ ရှိအံ့နည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ ရဟန်းတို့သည် ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုကြသော ထိုလူတို့၏စကားကို ကြားကြသည်သာတည်း။

အလိုနည်းသော ရဟန်းတို့သည် "အဘယ့်ကြောင့် ဆဗ္ဗဂ္ဂီရဟန်းတို့သည် မွန်မြတ်သော ဘောဇဉ် တို့ကို မိမိအကျိုးငှါ တောင်း၍ စားကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆို ကြကုန်၏။ပ။

"ရဟန်းတို့ သင်တို့သည် မွန်မြတ်သော ဘောဇဉ်တို့ကို မိမိအကျိုးငှါ တောင်း၍ စားကြကုန်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော မောဃပုရိသတို့ အဘယ့်ကြောင့် သင်တို့သည် မွန်မြတ်သော ဘောဇဉ်တို့ကို မိမိအကျိုးငှါ တောင်း၍

http://www.dhammadownload.com


စားကုန်ဘိသနည်း။ (မင်္ဂိုလ်မှ) အချည်းနှီးဖြစ်သော ယောက်ျားတို့ ဤ (သင်တို့ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ ရှင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

(က) "အကြင် မွန်မြတ်သော ဘောဇဉ်တို့သည် ရှိကုန်၏၊ ထိုဘောဇဉ်တို့ ဟူသည် အဘယ်တို့နည်း၊ ထောပတ် ဆီဦ 'ထောပေး' ဆီ ပျားရည် တင်လဲ ငါး စမဲဟင်းလျာ နို့ရည် နို့ဓမ်း (ဤသည်တို့ပင်တည်း)၊ အကြင် ရဟန်းသည် ဤသို့သဘောရှိသော မွန်မြတ်သော ဘောဇဉ်တို့ကို မိမိ၏အကျိုးငှါ တောင်း၍ စားငြားအံ့၊ (ထိုရဟန်းအား) ပါစိတ်အာပတ် သင့်၏" ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

ဤသို့လျှင် မြတ်စွာဘုရားသည် ရဟန်းတို့အား ဤသိက္ခာပုဒ်ကို ပညတ်တော်မူ၏။

၂၅၇။ ထိုအခါ ရဟန်းတို့သည် နာဖျားကြကုန်၏။ သူနာမေးကုန်သော ရဟန်းတို့သည် နာဖျားသော ရဟန်းတို့ကို "ငါ့သျှင်တို့ ခန့်ကျန်း၏လော မျှတ၏လော" ဟု မေးကုန်၏။ ငါ့သျှင်တို့ ငါတို့သည် ရှေးအခါ၌ မွန်မြတ်သော ဘောဇဉ်တို့ကို မိမိအကျိုးငှါ တောင်း၍ စားကုန်၏၊ ထို့ကြောင့် ငါတို့အား ကျန်းမာခြင်း ဖြစ်၏၊ ယခုအခါ၌ကား "မြတ်စွာဘုရားသည် မြစ်တော်မူသောကြောင့် မအပ်" ဟု တွေးတောမှု 'သံသယကုက္ကုစ္စ' ရှိသည်ဖြစ်၍ မတောင်းယူကြကုန်၊ ထို့ကြောင့် ငါတို့အား ကျန်းမာခြင်းမဖြစ် ဟု (ပြောဆိုကုန်၏)။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် တရားစကားကို ဟောကြားတော်မူ၍ ရဟန်းတို့အား "ရဟန်းတို့ နာဖျားသော ရဟန်းသည် မွန်မြတ်သော ဘောဇဉ်တို့ကို မိမိအကျိုးငှါ တောင်း၍စားခြင်းငှါ ခွင့်ပြုတော်မူ၏" ဟု မိန့်တော်မူ၏။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

၈၈။ ၃၉-(ခ) ၂၅၉။ "အကြင်မွန်မြတ်သော ဘောဇဉ်တို့သည် ရှိကုန်၏၊ ထိုဘောဇဉ်တို့ ဟူသည် အဘယ်တို့နည်း၊ ထောပတ် ဆီဦ 'ထောပေး' ဆီ ပျားရည် တင်လဲ ငါး စမဲဟင်းလျာ နို့ရည် နို့ဓမ်း (ဤသည်တို့ပင်တည်း)၊ အကြင်ရဟန်းသည် ဤသို့ သဘောရှိသော မွန်မြတ်သော ဘောဇဉ်တို့ကို မနာဖျားပဲ မိမိ၏အကျိုးငှါ တောင်း၍ စားငြားအံ့၊ (ထိုရဟန်းအား) ပါစိတ်အာပတ် သင့်၏" ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

## ၉-ပဏီတဘောဇနသိက္ခာပုဒ် အဖွင့်

၂၆၀။ **အကြင်မွန်မြတ်သော ဘောဇဉ်တို့ဟူရာ၌ ထောပတ်** မည်သည် နွားထောပတ် ဆိတ်ထောပတ် ကျွဲထောပတ် အသားအပ်သော သတ္တဝါတို့မှ ဖြစ်သော ထောပတ်တည်း။

**ဆီဦ** မည်သည် ထိုအသားအပ်သော သတ္တဝါတို့မှသာလျှင် ဖြစ်သော ဆီဦတည်း။

**ဆီ** မည်သည် နှမ်းဆီ မုန်ညင်းဆီ မယ်ဇယ်ဆီ ကြက်ဆူဆီ အသားဆီတည်း။

**ပျားရည်** မည်သည် ပျားငယ်သည် ပြုအပ်သော ပျားရည်တည်း။

**တင်လဲ** မည်သည် ကြံမှဖြစ်သော တင်လဲတည်း။

http://www.dhammadownload.com



ငါး မည်သည် ရေ၌ကျက်စားသော သတ္တဝါကို ဆို၏။

စမဲဟင်းလျာ မည်သည် အသားအပ်သော သတ္တဝါတို့၏ အသားတည်း။

နို့ရည် မည်သည် နွားနို့ရည် ဆိတ်နို့ရည် ကျွဲနို့ရည် အသားအပ်သော သတ္တဝါတို့မှ ဖြစ်သော နို့ရည်တည်း။

နို့ဓမ်း မည်သည် ထိုအသားအပ်သော သတ္တဝါတို့မှသာလျှင် ဖြစ်သော နို့ဓမ်းတည်း။

အကြင် ဟူသည် အကြင်သို့ သဘောရှိသော။ပ။

ရဟန်း ဟူသည်။ပ။ ဤအရာ၌ ဤဉတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သူကို "ရဟန်း" ဟူ၍ အလိုရှိအပ်၏။

ဤသို့သဘောရှိသော မွန်မြတ်သော ဘောဇဉ် ဟူသည် ထိုသို့သဘောရှိသော မွန်မြတ်သော ဘောဇဉ်တို့တည်း။

**မနာဖျားသောရဟန်း** မည်သည် မွန်မြတ်သော ဘောဇဉ်တို့နှင့်ကင်း၍ ကျန်းမာသော ရဟန်းတည်း။

**နာဖျားသောရဟန်း** မည်သည် မွန်မြတ်သော ဘောဇဉ်တို့နှင့် ကင်း၍ မကျန်းမာသော ရဟန်းတည်း။

မနာဖျားပဲ မိမိအကျိုးငှါ တောင်းငြားအံ့၊ အားထုတ်တိုင်း အားထုတ်တိုင်း ဒုက္ကဋ်အာပတ် သင့်၏။ "ရသည်ရှိသော် စားအံ့" ဟူ၍ ခံယူအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ မျိုတိုင်းမျိုတိုင်း ပါစိတ် အာပတ် သင့်၏။

၂၆၁။ မနာဖျားပဲ မနာဖျား ဟု အမှတ်ရှိသည်ဖြစ်၍ မွန်မြတ်သော ဘောဇဉ်တို့ကို မိမိအကျိုးငှါ တောင်း၍ စားငြားအံ့၊ ပါစိတ်အာပတ် သင့်၏။

မနာဖျားပဲ ယုံမှားရှိသည်ဖြစ်၍ မွန်မြတ်သော ဘောဇဉ်တို့ကို မိမိအကျိုးငှါ တောင်း၍စား ငြားအံ့၊ ပါစိတ်အာပတ် သင့်၏။

မနာဖျားပဲ နာဖျား၏ ဟု အမှတ်ရှိသည်ဖြစ်၍ မွန်မြတ်သော ဘောဇဉ်တို့ကို မိမိအကျိုးငှါ တောင်း၍ စားငြားအံ့၊ ပါစိတ်အာပတ် သင့်၏။

နာဖျားလျက် မနာဖျား ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

နာဖျားလျက် ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

နာဖျားလျက် နာဖျား၏ ဟု အမှတ်ရှိအံ့၊ အာပတ် မသင့်။

၂၆၂။ နာဖျားသော ရဟန်းအား အာပတ် မသင့်၊ နာဖျား၍ တောင်းပြီးလျှင် မနာဖျားပဲ စားအံ့၊ နာဖျားသောရဟန်း၏ အကြွင်းအကျန်ကို စားအံ့၊ ဆွေမျိုးတော်စပ်သူ ပင့်ဖိတ်ထားသူတို့၏ (အထံမှ တောင်းစားအံ့)၊ သူတပါးအကျိုးငှါ (တောင်းစားအံ့)၊ မိမိ၏ဥစ္စာဖြင့် (ဝယ်စားအံ့)၊ အာပတ် မသင့်၊ ရူးသောရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

နဝမ ပဏီတဘောဇနသိက္ခာပုဒ် ပြီး၏။

http://www.dhammadownload.com



## ၄-ဘောဇနဝဂ် ၁၀-ဒန္တပေါနသိက္ခာပုဒ်

၂၆၃။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဝေသာလီပြည် မဟာဝုန်တောတွင် ပြာသာဒ်ဆောင်ပေါက်သော ကျောင်းကြီး၌ သီတင်းသုံး နေတော်မူသောအခါ ရဟန်းတပါးသည် (ပစ္စည်း) အလုံးစုံပံသုကူဝုတင်ကို ဆောင်ရွ် သုသာန်၌နေ၏။ ထိုရဟန်းသည် လူတို့ပေးလှူသည်ကို ခံယူခြင်းငှါ အလိုမရှိ သုသာန်၌ရှင်း သစ်ပင်ရင်း၌ရှင်း တံခါးခုံ၌ရှင်း သေလွန်သော မိဘဘိုးဘွား စသည်တို့၏ အကျိုးငှါ စွန့်ထားသော ခဲဖွယ်ဘောဇဉ်တို့ကို ကိုယ်တိုင်ယူ၍ စား၏။

လူတို့သည် "အဘယ့်ကြောင့် ဤရဟန်းသည် ငါတို့၏သေလွန်သော မိဘဘိုးဘွား စသည်တို့၏ အကျိုးငှါ စွန့်သော ခဲဖွယ်ဘောဇဉ်တို့ကို ကိုယ်တိုင်ယူ၍ စားဘိသနည်း၊ ဤရဟန်းသည် ဆူဖြိုး၏ လူသားကို စားလေယောင် တကား" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ ရဟန်းတို့သည် ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုကြသော ထိုလူတို့၏ စကားကို ကြားကြသည် သာတည်း။

အလိုနည်းသော ရဟန်းတို့သည် "အဘယ့်ကြောင့် ရဟန်းသည် မပေးအပ်သော 'အကပ်မခံရသေးသော' အာဟာရကို ခံတွင်းဝသို့ ဆောင်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်း သင်သည် မပေးအပ်သော 'အကပ်မခံရသေးသော' အာဟာရကို ခံတွင်းဝသို့ ဆောင်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား အဘယ့်ကြောင့် သင်သည် မပေးအပ်သော 'အကပ်မခံရသေးသော' အာဟာရကိုခံတွင်း ဝသို့ ဆောင်ဘိသနည်း။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား ဤ (သင်ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

**(က) "အကြင် ရဟန်းသည် မပေးအပ်သော 'အကပ်မခံရသေးသော' အာဟာရကို ခံတွင်းဝသို့ ဆောင်ငြားအံ့၊ (ထိုရဟန်းအား) ပါစိတ်အာပတ် သင့်၏" ဤသို့** (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

ဤသို့လျှင် မြတ်စွာဘုရားသည် ရဟန်းတို့အား ဤသိက္ခာပုဒ်ကို ပညတ်တော်မူ၏။

၂၆၄။ ထိုအခါ ရဟန်းတို့သည် ရေဒန်ပူတို့ကို မအပ် ဟု တွေးတောမူ 'သံသယကုက္ကုစ္စ' ရှိကြကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ "ရဟန်းတို့ ရေဒန်ပူကိုကိုယ်တိုင် ယူ၍ သုံးဆောင်ခြင်းငှါ ခွင့်ပြုတော်မူ၏" ဟု မိန့်တော်မူ၏။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

၇၉။ ၄၀-(ခ) ၂၆၅။ **"အကြင် ရဟန်းသည် ရေဒန်ပူကို ကြဉ်၍ မပေးအပ်သော 'အကပ်မခံရသေးသော' အာဟာရကို ခံတွင်းဝသို့ ဆောင်ငြားအံ့၊ (ထိုရဟန်းအား) ပါစိတ်အာပတ် သင့်၏" ဤသို့** (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

http://www.dhammadownload.com



## ၁၀-ဒန္တပေါနသိက္ခာပုဒ် အဖွင့်

၂၆၆။ အကြင် ဟူသည် အကြင်သို့ သဘောရှိသော။ပ။

ရဟန်း ဟူသည်။ပ။ ဤအရာ၌ ဤဥတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သူကို "ရဟန်း" ဟူ၍ အလိုရှိအပ်၏။

မပေးအပ် မည်သည် အကပ်မခံအပ်သော ခဲဖွယ်ဘောဇဉ်ကို ဆို၏။

ပေးအပ် မည်သည် ကိုယ်ဖြင့်သော်၎င်း ကိုယ်နှင့်စပ်သော ဝတ္ထုဖြင့်သော်၎င်း ပစ်လွှင့်သော အားဖြင့်သော်၎င်း ပေးသည်ရှိသော် ဟတ္ထပါသ် 'နှစ်တောင့်ထွာ' အတွင်း၌ ရပ်တည်လျက် ကိုယ်ဖြင့် သော်၎င်း ကိုယ်နှင့်စပ်သော ဝတ္ထုဖြင့်သော်၎င်း ခံယူအံ့၊ ဤကား ပေးအပ်သည် မည်၏။

အာဟာရ မည်သည် ရေဒန်ပူကို ဖယ်ထား၍ အလုံးစုံသော မျိုအပ်သော ဝတ္ထုသည် အာဟာရ မည်၏။

ရေဒန်ပူကိုကြဉ်၍ ဟူသည် ရေဒန်ပူကိုကြဉ်ထား၍။

"ခဲအံ့စားအံ့" ဟူ၍ ခံယူအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ မျိုတိုင်း မျိုတိုင်း ပါစိတ်အာပတ် သင့်၏။

၂၆၇။ အကပ်မခံအပ်သော ခဲဖွယ်ဘောဇဉ်၌ အကပ်မခံအပ်သော ခဲဖွယ်ဘောဇဉ် ဟု အမှတ်ရှိ သည်ဖြစ်၍ ရေဒန်ပူကို ကြဉ်၍ မပေးအပ်သော 'အကပ်မခံအပ်သော' အာဟာရကို ခံတွင်းဝသို့ဆောင် အံ့၊ ပါစိတ်အာပတ် သင့်၏။

အကပ်မခံအပ်သော ခဲဖွယ်ဘောဇဉ်၌ ယုံမှားရှိသည် ဖြစ်၍ ရေဒန်ပူကိုကြဉ်၍ မပေးအပ် သော အာဟာရကို ခံတွင်းဝသို့ ဆောင်အံ့၊ ပါစိတ်အာပတ် သင့်၏။

အကပ်မခံအပ်သော ခဲဖွယ်ဘောဇဉ်၌ အကပ်မခံအပ်သော ခဲဖွယ်ဘောဇဉ် ဟု အမှတ်ရှိသည် ဖြစ်၍ ရေဒန်ပူကို ကြဉ်၍ မပေးအပ်သော အာဟာရကို ခံတွင်းဝသို့ ဆောင်အံ့၊ ပါစိတ်အာပတ် သင့်၏။

အကပ်ခံအပ်သော ခဲဖွယ်ဘောဇဉ်၌ အကပ်မခံအပ်သော ခဲဖွယ်ဘောဇဉ် ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

အကပ်ခံအပ်သော ခဲဖွယ်ဘောဇဉ်၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

အကပ်ခံအပ်သော ခဲဖွယ်ဘောဇဉ်၌ အကပ်ခံအပ်သော ခဲဖွယ်ဘောဇဉ် ဟု အမှတ်ရှိအံ့၊ အာပတ် မသင့်။

၂၆၈။ ရေဒန်ပူတို့ကို၎င်း (ကျင်ကြီးကျင်ငယ် ပြာ မြေညက် ဟု ဆိုအပ်သော) ဆေးကြီးလေး ပါးတို့ကို၎င်း (မြွေခဲခြင်းဟူသော) အကြောင်းရှိခဲ့သော် ကပ္ပိယကာရက 'အပ်အောင်ပြုသူ' မရှိခဲ့လျှင် ကိုယ်တိုင်ယူ၍ သုံးဆောင်ငြားအံ့၊ အာပတ် မသင့်၊ ရူးသောရဟန်း အစလက်ဦး လွန်ကျူးသောရဟန်း တို့အားလည်း အာပတ် မသင့်။

ဒသမ ဒန္တပေါနသိက္ခာပုဒ် ပြီး၏။

စတုတ္ထ ဘောဇနဝဂ် ပြီး၏။

http://www.dhammadownload.com


## ထို ဘောဇနဝဂ်၏ အကျဉ်းချုပ်

အာဝသထပိဏ္ဍသိက္ခာပုဒ် ဂဏဘောဇနသိက္ခာပုဒ် ပရမ္ပရဘောဇနသိက္ခာပုဒ် ကာဏမာတုသိက္ခာပုဒ် စားစဉ်မြစ်မိသော ပဝါရဏာသိက္ခာပုဒ်နှစ်ပါး ဝိကာလဘောဇနသိက္ခာပုဒ် သန္နိဓိကာရကသိက္ခာပုဒ် နို့ရည်ရေသော ပဏီတဘောဇနသိက္ခာပုဒ် ဒန္တပေါနသိက္ခာပုဒ်နှင့်တကွ တိုသိက္ခာပုဒ်တို့သည် ဆယ်ပါးတို့တည်း။

ဤကားအကျဉ်းချုပ်တည်း။

---

## ၅-အစေလကဝဂ် ၁-အစေလကသိက္ခာပုဒ်

၂၆၉။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဝေသာလီပြည် မဟာဝုန်တောတွင် ပြာသာဒ်ဆောင်ပေါက်သော ကျောင်းကြီး၌ သီတင်းသုံး နေတော်မူသောအခါ သံဃာတော်အား ခဲဖွယ်သည် ပေါများ၏။ ထိုအခါ အသျှင်အာနန္ဒာသည် ဤအကြောင်းကို မြတ်စွာဘုရားအား လျှောက်၏။

အာနန္ဒာ သို့ဖြစ်လျှင် စားကြွင်းစားတို့အား မုံ့ကိုပေးလော့ ဟု (ဆို၏)။ အသျှင်အာနန္ဒာသည် "ကောင်းပါပြီ အသျှင်ဘုရား" ဟု မြတ်စွာဘုရားအား ဝန်ခံပြီးလျှင် စားကြွင်းစားတို့ကို အစဉ်အတိုင်း နေစေ၍ တခုတခုစီ မုံ့ကိုပေးသော် ပရိဗိုဇ်မတယောက်အား တခု ဟု မှတ်ထင်၍ မုံ့နှစ်ခုပေးမိ၏။ အနီးအနားမှ ပရိဗိုဇ်မတို့သည် ထိုပရိဗိုဇ်မကို "ဤရဟန်းသည် သင်၏သယောက်လင်တည်း" ဟု ပြောဆိုကုန်၏၊ ဤရဟန်းသည် ငါ၏ သယောက်လင်မဟုတ်၊ တခုမှတ်ထင်၍ မုံ့နှစ်ခု ပေးမိ၏ ဟု (ဆို၏)။

နှစ်ကြိမ်မြောက်လည်း။ပ။ သုံးကြိမ်မြောက်လည်း အသျှင်အာနန္ဒာသည် တခုတခုစီ မုံ့ကိုပေးသော် ထိုပရိဗိုဇ်မအားသာလျှင် တခုမှတ်ထင်၍ မုံ့နှစ်ခုပေးမိ၏။ အနီးအနားမှ ပရိဗိုဇ်မတို့သည် ထိုပရိဗိုဇ်မကို "ဤရဟန်းသည် သင်၏သယောက်လင်တည်း" ဟု ပြောဆိုကုန်၏၊ ဤရဟန်းသည် ငါ၏ သယောက်လင်မဟုတ် တခု ဟု မှတ်ထင်၍ မုံ့နှစ်ခုပေးမိ၏ ဟု (ဆို၏)။ "သယောက်လင် သယောက်လင်မဟုတ်" ဟု ငြင်းခုံကြကုန်၏။

အာဇီဝက တယောက်သည်လည်း ကျောင်းအရံသို့ သွား၏။ ရဟန်းတပါးသည် များစွာသောယောပတ်ဖြင့် ထမင်းကိုနယ်၍ ထိုအာဇီဝကအား ထမင်းခဲကြီးကို ပေးလေ၏။ ထိုအခါ ထိုအာဇီဝကသည် ထမင်းခဲကြီးကို ယူ၍ သွားလေ၏။ အာဇီဝကတယောက်သည် ထမင်းခဲကြီး ယူလာသော ထိုအာဇီဝကကို "ငါ့သျှင် သင်သည် အဘယ်အရပ်မှ ထမင်းခဲကြီးကို ရသနည်း" ဟု ဆို၏။ ငါ့သျှင် ခေါင်းတုံး 'ဦးပြည်း' သူကြွယ်ဖြစ်သော ထိုရဟန်း ဂေါတမ၏ ကျောင်းပရိဝုဏ်မှရခဲ့၏" ဟု ပြောဆို၏။

ဥပါသကာတို့သည် ထိုအာဇီဝကတို့၏ စကားပြောဆိုသည်ကို ကြားကုန်၏။ ထိုအခါ ထိုဥပါသကာတို့သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသောနေရာ၌ ထိုင်နေကုန်၏၊ တခုသောနေရာ၌ ထိုင်နေပြီးသော ထိုဥပါသကာတို့သည် မြတ်စွာဘုရားအား "အသျှင်ဘုရား ဤတိတ္ထိတို့သည် မြတ်စွာဘုရား၏ ကျေးဇူးမဲ့ကို အလိုရှိကုန်၏၊ တရားတော်၏ ကျေးဇူးမဲ့ကို အလိုရှိကုန်၏၊ သံဃာတော်၏ ကျေးဇူးမဲ့ကို အလိုရှိကုန်၏။ အသျှင်ဘုရား တောင်းပန်ပါ၏၊ အသျှင်တို့သည် တိတ္ထိတို့အား မိမိလက်ဖြင့် (ကိုယ်တိုင်) မပေးပါစေကုန်လင့်" ဟု လျှောက်ကုန်၏။

http://www.dhammadownload.com



ထိုအခါ မြတ်စွာဘုရားသည် ထိုဥပါသကာတို့ကို တရားစကားဖြင့် (အကျိုးစီးပွါးကို) သိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန်ရွှင်လန်းစေတော်မူ၏။ ထိုအခါ ထိုဥပါသကာတို့သည် မြတ်စွာဘုရားက တရားစကားဖြင့် (အကျိုးစီးပွါးကို) သိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန်စေ၍ ရွှင်လန်းစေပြီးသော် နေရာမှ ထလျက် မြတ်စွာဘုရားကို ရှိခိုး၍ အရိုအသေပြုပြီး ဖဲခွါသွားကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် တရားစကားကို ဟောတော်မူ၍ ရဟန်းတို့အား—

"ရဟန်းတို့ သို့ဖြစ်လျှင် သံဃာတော်၏ ကောင်းပါပြီ ဟု ပန်ခံကျင့်သုံးရန် သံဃာတော်များ ချမ်းသာစေရန်။ပ။ သူတော်ကောင်းတရား 'သာသနာသုံးရပ်' တည်တန့်ရန် ဝိနည်း 'စည်းမျဉ်း ဥပဒေ' ကို ချီးမြှောက်ရန်ဟူသော အကျိုးထူး ဆယ်ပါးတို့ကို အစွဲပြု၍ ရဟန်းတို့အား သိက္ခာပုဒ်ကို ပညတ်တော်မူမည်" ဟု မိန့်တော်မူ၏။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

**၉၀။ ၄၁-၂၇၀။ "အကြင် ရဟန်းသည် တက္ကတွန်းအားရင်း ပရိဗိုဇ်ယောကျ်ားအားရင်း ပရိဗိုဇ်မအားရင်း မိမိလက်ဖြင့် (ကိုယ်တိုင်) ခဲဖွယ်ကိုသော်ရင်း ဘောဇဉ်ကိုသော်ရင်း ပေးငြားအံ့၊ (ထိုရဟန်းအား) ပါစိတ်အာပတ် သင့်၏"** ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

## ၁-အစေလကသိက္ခာပုဒ် အဖွင့်

၂၇၁။ အကြင် ဟူသည် အကြင်သို့ သဘောရှိသော။ပ။

**ရဟန်း** ဟူသည်။ပ။ ဤအရာ၌ ဤဉတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သူကို "ရဟန်း" ဟူ၍ အလိုရှိအပ်၏။

**တက္ကတွန်း** မည်သည် အမှတ်မရှိသော ပရိဗိုဇ်အဖြစ်သို့ ရောက်သော (အဝတ်မဆီး) အချည်းနှီးသောသူတည်း။

**ပရိဗိုဇ်** မည်သည် ရဟန်းသာမဏေကို ဖယ်ထား၍ အမှတ်မရှိ ပရိဗိုဇ်အဖြစ်သို့ ရောက်သော ယောကျ်ားတည်း။

**ပရိဗိုဇ်မ** မည်သည် ရဟန်းမိန်းမ သိက္ခမာန် သာမဏေမကို ဖယ်ထား၍ အမှတ်မရှိ ပရိဗိုဇ်မ အဖြစ်သို့ ရောက်သော မိန်းမတည်း။

**ခဲဖွယ်** မည်သည် ဘောဇဉ်ငါးပါး နှင့် ရေဒန်ပူကို ဖယ်ထား၍ အကြွင်းသည် ခဲဖွယ် မည်၏။

**ဘောဇဉ်** မည်သည် ထမင်း မုယောမုံ့ မုံ့လုံး ငါး စမဲဟင်းလျာ ဟူသော ဘောဇဉ် ငါးပါး တို့တည်း။

**ပေးငြားအံ့** ဟူသည် ကိုယ်ဖြင့်ရင်း ကိုယ်နှင့်စပ်သော ဝတ္ထုဖြင့်ရင်း စွန့်လွှတ်လိုက်သဖြင့်ရင်း ပေးငြားအံ့၊ ပါစိတ်အာပတ် သင့်၏။

http://www.dhammadownload.com



၂၃၂။ တိတ္ထိ၌ တိတ္ထိ ဟု အမှတ်ရှိသည်ဖြစ်၍ မိမိလက်ဖြင့် ခဲဖွယ်ကိုသော်ငင်း ဘောဇဉ်ကို သော်ငင်း ပေးအံ့၊ ပါစိတ်အာပတ် သင့်၏။

တိတ္ထိ၌ ယုံမှားရှိသည်ဖြစ်၍ မိမိလက်ဖြင့် ခဲဖွယ်ကိုသော်ငင်း ဘောဇဉ်ကိုသော်ငင်း ပေးအံ့၊ ပါစိတ်အာပတ် သင့်၏။

တိတ္ထိ၌ တိတ္ထိမဟုတ် ဟု အမှတ်ရှိသည်ဖြစ်၍ မိမိလက်ဖြင့် ခဲဖွယ်ကိုသော်ငင်း ဘောဇဉ်ကိုသော်ငင်း ပေးအံ့၊ပါစိတ်အာပတ် သင့်၏။

ရေဒန်ပူကို ပေးအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

တိတ္ထိမဟုတ်သူ၌ တိတ္ထိ ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

တိတ္ထိမဟုတ်သူ၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

တိတ္ထိမဟုတ်သူ၌ တိတ္ထိမဟုတ် ဟု အမှတ်ရှိအံ့၊ အာပတ် မသင့်။

၂၃၃။ သူတပါးကို ပေးစေ၏ (ကိုယ်တိုင်) မပေးအံ့၊ အနီး၌ ချထား၍ ပေးအံ့၊ (ဝမ်းစာမှ) အပ ကိုယ်၌ လိမ်းကျံစရာကို ပေးအံ့၊ အာပတ် မသင့်၊ ရူးသောရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

ပဉ္စမ အစေလကသိက္ခာပုဒ် ပြီး၏။

---

## ၅-အစေလကဝဂ် ၂-ဥယျောဇနသိက္ခာပုဒ်

၂၃၄။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ် သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ သာကီဝင် မင်းသားဖြစ်သော အသျှင် ဥပနန္ဒသည် အစ်ကို၏ အတူနေတပည့်ဖြစ်သော ရဟန်းအား "ငါ့သျှင် လာလော့၊ ရွာသို့ ဆွမ်းအလို့ငှါ ဝင်ကုန်အံ့" ဟု ဆို၍ ထိုရဟန်းအား အာမိသကို မပေးပဲ "ငါ့သျှင် သွားပေတော့ ငါ့အား သင်နှင့်အတူ စကားပြောရခြင်းသည်၎င်း နေထိုင်ရခြင်းသည်၎င်း မချမ်းသာ၊ တယောက်ထည်းထည်းသော ငါ့အား စကားပြောရခြင်းသည်၎င်း နေထိုင် ရခြင်းသည်၎င်း ချမ်းသာ၏" ဟု (ဆို၍) လွှတ်လိုက်၏။

ထိုအခါ ထိုရဟန်းသည် မွန်းလွဲခါနီးကပ်လတ်သော် ဆွမ်းခံခြင်းငှါလည်း မတတ်နိုင်၊ ဆွမ်းစား စရပ်၌လည်း ဆွမ်းစားမမှီ၊ ဆွမ်းပြတ်၏ 'ဆွမ်းမစားရတော့ချေ'။

ထိုအခါ ထိုရဟန်းသည် အရံသို့သွား၍ ရဟန်းတို့အား ဤအကြောင်းကို ပြောကြား၏။ အလို နည်းသော ရဟန်းတို့သည် "အဘယ့်ကြောင့် သာကီဝင်မင်းသား ဖြစ်သော အသျှင်ဥပနန္ဒသည် ရဟန်းကို 'ငါ့သျှင်လာလော့၊ ရွာသို့ဆွမ်းအလို့ငှါ ဝင်ကုန်အံ့' ဟု ဆို၍ ထိုရဟန်းအား အာမိသကိုမပေး ပဲ လွှတ်လိုက်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ဥပနန္ဒ သင်သည် ရဟန်းကို 'ငါ့သျှင်လာလော့၊ ရွာသို့ဆွမ်းအလို့ငှါ ဝင်ကုန်အံ့' ဟု ဆို၍ ထို ရဟန်းအား အာမိသကိုမပေးပဲ လွှတ်လိုက်၏ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်၏)။

http://www.dhammadownload.com



ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲတော်မူ၏။ပ။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား အဘယ်ကြောင့် သင်သည် ရဟန်းကို "ငါ့သျှင် လာလော့၊ ရွာတွင်းသို့ ဆွမ်းအလို့ငှါ ဝင်ကုန်အံ့" ဟု ဆို၍ ထိုရဟန်းအား အာမိသကိုမပေးပဲ လွှတ်လိုက်ဘိသနည်း။ (မဂ်ဖိုလ်မှ) အချည်းနှီး ဖြစ်သောယောကျ်ား ဤ (သင်ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညို စေခြင်းငှါရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

**၉၁။ ၄၂-၂၇၅။ "အကြင် ရဟန်းသည် ရဟန်းအား 'ငါ့သျှင် လာလော့၊ ရွာသို့သော်၎င်း နိဂုံးသို့သော်၎င်း ဆွမ်းအလို့ငှါ ဝင်ကုန်အံ့' ဟု (ဆို၍) ထိုရဟန်းအား အာမိသကိုပေးစေ၍ သော်၎င်း မပေးစေမူ၍သော်၎င်း 'ငါ့သျှင် သွားပေတော့ ငါ့အား သင်နှင့်အတူ စကားပြော ရခြင်းသည်၎င်း နေထိုင်ရခြင်းသည်၎င်း မချမ်းသာ၊ တယောက်ထည်းထည်းသော ငါ့အား စကားပြောရခြင်းသည်၎င်း နေထိုင်ရခြင်းသည်၎င်း ချမ်းသာ၏' ဟု ထိုအကြောင်းကိုသာ လျှင်အကြောင်းပြု၍ အကြောင်းတပါးမရှိပဲ လွှတ်လိုက်ငြားအံ့၊ (ထိုရဟန်းအား) ပါစိတ် အာပတ် သင့်၏"** ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

## ၂-ဥယျောဇနသိက္ခာပုဒ် အဖွင့်

၂၇၆။ **အကြင်** ဟူသည် အကြင်သို့ သဘောရှိသော။ပ။

**ရဟန်း** ဟူသည်။ပ။ ဤအရာ၌ ဤဉတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သူကို "ရဟန်း" ဟူ၍ အလိုရှိအပ်၏။

**ရဟန်းကို** ဟူသည် မိမိမှ တပါးသော ရဟန်းကို။

**ငါ့သျှင် လာလော့၊ ရွာသို့သော်၎င်း နိဂုံးသို့သော်၎င်း** ဟူသည် ရွာသည်၎င်း နိဂုံးသည်၎င်း မြို့သည်၎င်း ရွာလည်းမည်၏ နိဂုံးလည်းမည်၏။

**ထိုရဟန်းအား အာမိသကိုပေးစေ၍** ဟူသည် ယာဂုကိုသော်၎င်း ခဲဖွယ်ကိုသော်၎င်း ဘောဇဉ် ကိုသော်၎င်း ပေးစေ၍။

**မပေးစေမူ၍** ဟူသည် တစုံတခုကိုမျှ မပေးစေမူ၍။

**လွှတ်လိုက်ငြားအံ့** ဟူသည် မာတုဂါမနှင့်အတူ ရယ်ရွှင်လို၍ မြူးထူးလို၍ ဆိတ်ကွယ်ရာ၌နေလို၍ မကျင့်အပ်သော အကျင့်ကို ကျင့်လို၍ "ငါ့သျှင် သွားပေတော့ ငါ့အား သင်နှင့်အတူ စကားပြောရ ခြင်းသည်၎င်း နေထိုင်ရခြင်းသည်၎င်း မချမ်းသာ၊ တယောက် ထည်းထည်းသော ငါ့အား စကားပြော ရခြင်းသည်၎င်း နေထိုင်ရခြင်းသည်၎င်း ချမ်းသာ၏" ဟု ဆို၍ လွှတ်လိုက်ငြားအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ မြင်လောက်သော ဥပစာကိုရင်း ကြားလောက်သော ဥပစာကိုရင်း စွန့်စဉ် ဒုက္ကဋ်အာပတ် သင့်၏။ စွန့်ပြီးသော် ပါစိတ်အာပတ် သင့်၏။

**ထိုအကြောင်းကိုသာလျှင် အကြောင်းပြု၍ အကြောင်းတပါးမရှိပဲ** ဟူသည် စေလွှတ်ခြင်းငှါ အခြားသော အကြောင်းတစုံတခုမရှိ။

http://www.dhammadownload.com



၂၇၇။ ရဟန်း၌ ရဟန်း ဟု အမှတ်ရှိသည်ဖြစ်၍ လွှတ်လိုက်အံ့၊ ပါစိတ်အာပတ် သင့်၏။ ရဟန်း၌ ယုံမှားရှိသည်ဖြစ်၍ လွှတ်လိုက်အံ့၊ ပါစိတ်အာပတ် သင့်၏။ ရဟန်း၌ ရဟန်းမဟုတ် ဟု အမှတ်ရှိသည်ဖြစ်၍ လွှတ်လိုက်အံ့၊ ပါစိတ်အာပတ် သင့်၏။ အမျက်ထွက်၍ ဆုံးမအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ရဟန်း မဟုတ်သောသူကို လွှတ်လိုက်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ အမျက်ထွက်၍ ဆုံးမအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ရဟန်းမဟုတ်သောသူကို ရဟန်း ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ရဟန်းမဟုတ်သောသူ၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ရဟန်းမဟုတ်သောသူကို ရဟန်းမဟုတ် ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

၂၇၈။ "ရဟန်းနှစ်ပါးတို့သည် တပေါင်းတည်း ဖြစ်မှု မမျှတကုန်လတ္တံ့" ဟု လွှတ်လိုက်အံ့၊ အာပတ် မသင့်၊ "အဖိုးထိုက်တန်သော ဘဏ္ဍာကို တွေ့မြင်၍ လောဘတရား ဖြစ်လိမ့်မည်" ဟု လွှတ်လိုက်အံ့၊ "မာတုဂါမကို တွေ့မြင်၍ (သာသနာတော်၌) မမွေ့ လျော်ခြင်းဖြစ်လိမ့်မည်" ဟု လွှတ်လိုက်အံ့၊ အာပတ် မသင့်၊ "နာဖျားလာသောရဟန်း ကျန်ရစ်သောရဟန်း ကျောင်းစောင့်ရဟန်း အား အာပတ် မသင့်၊ ယာဂု ထမင်း ခဲဖွယ် ဘောဇဉ်ကို ပို့ဆောင်လော့" ဟု စေလွှတ်အံ့၊ မကျင့်အပ်သော အကျင့်ကို မကျင့်လိုပဲ အကြောင်းရှိ၍ လွှတ်လိုက်အံ့၊ အာပတ် မသင့်၊ ရူးသောရဟန်း အစ လက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

ဒုတိယ ဥယျောဇနသိက္ခာပုဒ် ပြီး၏။

---

## ၅-အစေလကဝဂ် ၃-သဘောဇနသိက္ခာပုဒ်

၂၇၉။ ဘုန်းတော်ကြီးသောမြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ သာကီဝင် မင်းသားဖြစ်သော အသျှင် ဥပနန္ဒသည် မိတ်ဆွေ၏အိမ်သို့ သွား၍ ထို မိတ်ဆွေ၏ မယားနှင့်အတူ အိပ်ခန်း၌ ထိုင်နေ၏။

ထိုအခါ ထိုယောကျ်ားသည် သာကီဝင်မင်းသား အသျှင်ဥပနန္ဒထံသို့ ချဉ်းကပ်၍ သာကီဝင်မင်းသား အသျှင်ဥပနန္ဒကို ရှိခိုးပြီးလျှင် တခုသောနေရာ၌ ထိုင်နေ၏၊ တခုသောနေရာ၌ ထိုင်နေပြီးသော ထိုယောကျ်ားသည် "အသျှင့်အား ဆွမ်းကို ပေးလှူလော့" ဟု မယားကို ပြောဆို၏။

ထိုအခါ ထိုမိန်းမသည် သာကီဝင်မင်းသား အသျှင်ဥပနန္ဒအား ဆွမ်းကို ပေးလှူ၏။ ထိုအခါ ထိုယောကျ်ားသည် သာကီဝင်မင်းသား အသျှင်ဥပနန္ဒအား "အသျှင်ဘုရား ကြွတော်မူပါလော့၊ အသျှင့်အားဆွမ်းလှူပြီးပါပြီ" ဟု ဆို၏။ ထိုအခါ ထိုမိန်းမသည် 'ဤယောကျ်ားကား ရာဂစိတ်ထကြွ၏' ဟု အမှတ်ပြုမိ၍ သာကီဝင်မင်းသား အသျှင်ဥပနန္ဒအား "အသျှင်ဘုရား မကြွပါနှင့်ဦး၊ ထိုင်နေတော်မူပါဦး" ဟု ပြောဆို၏။

နှစ်ကြိမ်မြောက်လည်း ထိုယောကျ်ားသည်။ပ။ သုံးကြိမ်မြောက်လည်း ထိုယောကျ်ားသည် သာကီဝင်မင်းသား အသျှင်ဥပနန္ဒအား "အသျှင်ဘုရား ကြွတော်မူပါလော့၊ အသျှင့်အား ဆွမ်းကို ပေးလှူပြီးပါပြီ" ဟု ဆို၏။ သုံးကြိမ်မြောက်လည်း ထိုမိန်းမသည် သာကီဝင်မင်းသား အသျှင်ဥပနန္ဒအား "အသျှင်ဘုရား မကြွပါနှင့်ဦး၊ ထိုင်နေတော်မူပါဦး" ဟု ပြောဆို၏။

http://www.dhammadownload.com



ထိုအခါ ထိုယောကျ်ားသည် ထွက်သွား၍ ရဟန်းတို့ကို—"အသျှင်ဘုရားတို့ ဤအသျှင်ဥပနန္ဒသည် အကျွန်ုပ်၏မယားနှင့်အတူ အိပ်ခန်း၌နေပါ၏၊ ထိုရဟန်းသည် အကျွန်ုပ်က နှင်ထုတ်အပ်ပါသော်လည်း သွားခြင်းငှါ အလိုမရှိ၊ အကျွန်ုပ်တို့သည် များသောကိစ္စရှိကုန်၏၊ များသောပြုဖွယ်ရှိကုန်၏" ဟု စောင်းမြောင်းစေ၏ 'ကဲ့ရဲ့ရှုတ်ချစေ၏'။

အလိုနည်းသော ရဟန်းတို့သည် "အဘယ့်ကြောင့် သာကီဝင်မင်းသား အသျှင်ဥပနန္ဒသည် လင်မယား နှစ်ယောက်သာရှိသောအိမ်၌ ဝင်၍ ထိုင်နေဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ဥပနန္ဒ သင်သည် လင်မယားနှစ်ယောက်သာရှိသောအိမ်၌ ဝင်၍ထိုင်နေ၏ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ (မင်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား သင်သည် အဘယ့်ကြောင့် လင်မယားနှစ်ယောက်သာ ရှိသောအိမ်၌ ဝင်၍ထိုင်နေဘိသနည်း။ (မင်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား ဤ (သင်ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

**၉၂။ ၄၃-၂၀၀။ "အကြင် ရဟန်းသည် လင်မယားနှစ်ယောက်သာရှိသော အိမ်၌ ဝင်၍ ထိုင်နေငြားအံ့၊ (ထိုရဟန်းအား) ပါစိတ်အာပတ် သင့်၏" ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။**

### ၃-သဘောဇနေသိက္ခာပုဒ် အဖွင့်

၂၀၁။ **အကြင်** ဟူသည် အကြင်သို့ သဘောရှိသော။ပ။

**ရဟန်း** ဟူသည်။ပ။ ဤအရာ၌ ဤဥတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သူကို "ရဟန်း" ဟူ၍ အလိုရှိအပ်၏။

**လင်မယား နှစ်ယောက်သာရှိသောအိမ်** မည်သည် မိန်းမသည်၎င်း ယောကျ်ားသည်၎င်း ရှိ၏၊ မိန်းမသည်၎င်း ယောကျ်ားသည်၎င်း နှစ်ယောက်လုံး (အပြင်သို့) မထွက်ကုန်၊ နှစ်ဦးသောသူတို့သည် တပ်မက်ခြင်း မကင်းကုန်။

**ဝင်၍** ဟူသည် အတွင်းသို့ဝင်၍။

**ထိုင်နေငြားအံ့** ဟူသည် ကြီးသောအိမ်၌ တံခါးပေါင်၏ နှစ်တောင့်ထွာ 'ဟတ္ထပါသ' ကိုလွန်၍ နေငြားအံ့၊ ပါစိတ်အာပတ် သင့်၏။ ငယ်သောအိမ်၌ ခေါင်လျှောက်ကို လွန်၍ ထိုင်နေငြားအံ့၊ ပါစိတ်အာပတ် သင့်၏။

၂၀၂။ အိပ်ခန်း၌ အိပ်ခန်း ဟု အမှတ်ရှိသည်ဖြစ်၍ လင်မယား နှစ်ယောက်သာရှိသော အိမ်၌ ဝင်၍ နေငြားအံ့၊ ပါစိတ်အာပတ် သင့်၏။

http://www.dhammadownload.com



အိပ်ခန်း၌ ယုံမှားရှိသည်ဖြစ်၍ လင်မယားနှစ်ယောက်သာ ရှိသောအိမ်၌ ဝင်၍နေငြားအံ့၊ ပါစိတ်အာပတ် သင့်၏။

အိပ်ခန်း၌ အိပ်ခန်းမဟုတ် ဟု အမှတ်ရှိသည်ဖြစ်၍ လင်မယား နှစ်ယောက်သာ ရှိသောအိမ်၌ ဝင်၍နေငြားအံ့၊ ပါစိတ်အာပတ် သင့်၏။

အိပ်ခန်းမဟုတ်သည်၌ အိပ်ခန်း ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ အိပ်ခန်းမဟုတ်သည်၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ အိပ်ခန်းမဟုတ်သည်၌ အိပ်ခန်းမဟုတ် ဟု အမှတ်ရှိအံ့၊ အာပတ် မသင့်။

၂၈၃။ ကြီးသောအိမ်၌ တံခါးဘောင်၏ နှစ်တောင့်ထွာ 'ဟတ္ထပါသ်' ကို မစွန့်မူ၍ နေအံ့၊ ငယ်သောအိမ်၌ ခေါင်လျှောက်ကို မလွန်မူ၍နေအံ့၊ အဖော်ရဟန်းရှိအံ့၊ မိန်းမယောကျ်ား နှစ်ယောက်လုံး အပြင်သို့ ထွက်ကုန်အံ့၊ နှစ်ယောက်လုံး ရာဂကင်းကုန်အံ့၊ အိပ်ခန်းမဟုတ်အံ့၊ အာပတ် မသင့်၊ ရူးသောရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

တတိယ သဘောဇနသိက္ခာပုဒ် ပြီး၏။

---

## ၅-အစေလကဝဂ် ၄-ရဟောပဋိစ္ဆန္နသိက္ခာပုဒ်

၂၈၄။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ် သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ သာကီဝင်မင်းသား အသျှင်ဥပနန္ဒသည် မိတ်ဆွေ၏အိမ်သို့ သွား၍ ထိုမိတ်ဆွေ၏မယားနှင့်အတူ ဆိတ်ကွယ်ဖုံးလွှမ်းသော နေရာ၌ ထိုင်နေ၏။

ထိုအခါ ထိုယောကျ်ားသည် "အဘယ့်ကြောင့် အသျှင်ဥပနန္ဒသည် ငါ၏မယားနှင့်အတူ ဆိတ်ကွယ် ဖုံးလွှမ်းသောနေရာ၌ ထိုင်နေဘိသနည်း" ဟု ကဲ့ရဲ့၏၊ ရှုတ်ချ၏၊ အပြစ်ပြ ပြောဆို၏။

ရဟန်းတို့သည် ကဲ့ရဲ့ရှုတ်ချ အပြစ်ပြပြောဆိုသော ထိုယောကျ်ား၏ စကားကို ကြား ကြသည်သာတည်း။ အလိုနည်းသော ရဟန်းတို့သည် "အဘယ့်ကြောင့် သာကီဝင်မင်းသား အသျှင်ဥပနန္ဒသည် မာတုဂါမနှင့်အတူ ဆိတ်ကွယ်ဖုံးလွှမ်းသော နေရာ၌ ထိုင်နေဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ဥပနန္ဒ သင်သည် မာတုဂါမနှင့်အတူ ဆိတ်ကွယ်ဖုံးလွှမ်းသော နေရာ၌ ထိုင်နေ၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား သင်သည် အဘယ်ကြောင့် မာတုဂါမနှင့်အတူ ဆိတ်ကွယ် ဖုံးလွှမ်းသော နေရာ၌ ထိုင်နေ

http://www.dhammadownload.com


ဘိသနည်း။ (မင်္ဂဖိုလ်မှ) အချည်းနှီးဖြစ်သောယောကျ်ား ဤ (သင်ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ ရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

၉၃။ ၄၄-၂၈၅။ "အကြင် ရဟန်းသည် မာတုဂါမနှင့်အတူ ဆိတ်ကွယ် ဖုံးလွှမ်းသော နေရာ၌ ထိုင်နေငြားအံ့၊ (ထိုရဟန်းအား) ပါစိတ်အာပတ် သင့်၏" ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

## ၄-ရဟောပဋိစ္ဆန္နသိက္ခာပုဒ် အဖွင့်

၂၈၆။ **အကြင်** ဟူသည် အကြင်သို့ သဘောရှိသော။ပ။

**ရဟန်း** ဟူသည်။ပ။ ဤအရာ၌ ဤဥပသမ္ပဒာကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သူကို "ရဟန်း" ဟူ၍ အလိုရှိအပ်၏။

**မာတုဂါမ** မည်သည် လူမိန်းမတည်း၊ ဘီလူးမ မဟုတ် ပြိတ္တာမ မဟုတ် တိရစ္ဆာန်မ မဟုတ်၊ အယုတ်သဖြင့် ထိုနေ့မွေးဖွားသော သူငယ်မသည်လည်း (မာတုဂါမ မည်၏)၊ ကြီးသောမိန်းမမှုကား အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်း။

**အတူ** ဟူသည် အတူတကွတည်း။

**ဆိတ်ကွယ်ရာ** မည်သည် မျက်စိ၏ဆိတ်ကွယ်ရာ နား၏ဆိတ်ကွယ်ရာတည်း။

**မျက်စိဆိတ်ကွယ်ရာ** မည်သည် မျက်စိကိုမှိတ်သော်ရင်း မျက်မှောင်ကို ချီသော်ရင်း ဦးခေါင်းကို မော့သော်ရင်း မြင်ခြင်းငှါ မစွမ်းနိုင်သော နေရာတည်း။

**နား၏ဆိတ်ကွယ်ရာ** မည်သည် ပကတိပြောသော စကားကို ကြားခြင်းငှါ မစွမ်းနိုင်သော နေရာတည်း။

**ဖုံးလွှမ်းသောနေရာ** မည်သည် နေရာကို နံရံဖြင့်သော်ရင်း တံခါးရွက်ဖြင့်သော်ရင်း ဖျာဖြင့်သော်ရင်း တင်းတိမ်ကန့်လန့်ကာဖြင့်သော်ရင်း သစ်ပင်ဖြင့်သော်ရင်း တိုင်ဖြင့်သော်ရင်း ရိုင်ဖြင့်သော်ရင်း အမှတ်မရှိ တခုခုသော အရာဝတ္ထုဖြင့် ဖုံးကွယ်သော နေရာတည်း။

**ထိုင်နေငြားအံ့** ဟူသည် မာတုဂါမသည် ထိုင်နေစဉ် ရဟန်းသည် အနီး၌ ထိုင်နေသော်ရင်း အနီး၌အိပ်နေသော်ရင်း ပါစိတ်အာပတ် သင့်၏။

ရဟန်းသည် ထိုင်နေစဉ် မာတုဂါမသည် အနီး၌ ထိုင်နေသော်ရင်း အနီး၌ အိပ်နေသော်ရင်း ပါစိတ်အာပတ် သင့်၏။ နှစ်ယောက်လုံး ထိုင်နေသော်ရင်း နှစ်ယောက်လုံး အိပ်နေသော်ရင်းပါစိတ်အာပတ် သင့်၏။

၂၈၇။ မာတုဂါမ၌ မာတုဂါမ ဟု အမှတ်ရှိသည်ဖြစ်၍ ဆိတ်ကွယ်ဖုံးလွှမ်းသော နေရာ၌ ထိုင်နေငြားအံ့၊ ပါစိတ်အာပတ် သင့်၏။ မာတုဂါမ၌ ယုံမှားရှိသည်ဖြစ်၍ ဆိတ်ကွယ်ဖုံးလွှမ်းသောနေရာ၌ ထိုင်နေငြားအံ့၊ ပါစိတ်အာပတ် သင့်၏။ မာတုဂါမ၌ မာတုဂါမ မဟုတ် ဟု အမှတ်ရှိသည်ဖြစ်၍ ဆိတ်ကွယ်ဖုံးလွှမ်းသော နေရာ၌ ထိုင်နေငြားအံ့၊ ပါစိတ်အာပတ် သင့်၏။

http://www.dhammadownload.com



ဘီလူးမနှင့်သော်၎င်း ပြိတ္တာမနှင့်သော်၎င်း ပဏ္ဍုက်နှင့်သော်၎င်း တိရစ္ဆာန်မနှင့်သော်၎င်း လူယောင်ဖန်ဆင်းသော တိရစ္ဆာန်မနှင့်သော်၎င်း အတူ ဆိတ်ကွယ်ဖုံးလွှမ်းသော နေရာ၌ ထိုင်နေငြားအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

မာတုဂါမ မဟုတ်သူ၌ မာတုဂါမ ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ မာတုဂါမ မဟုတ်သူ၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ မာတုဂါမ မဟုတ်သူ၌ မာတုဂါမ မဟုတ် ဟု အမှတ်ရှိအံ့၊ အာပတ် မသင့်။

၂၈၈။ အမှတ်မရှိ သိကြားလိမ့်မာသော အဖော်ယောကျ်ားရှိအံ့၊ ရပ်သာရပ်၍ မထိုင်အံ့၊ ဆိတ်ကွယ်သည်ကို မငဲ့အံ့၊ အခြားအာရုံကိုနှလုံးသွင်းလျက် ထိုင်နေအံ့၊ အာပတ် မသင့်၊ ရူးသောရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

စတုတ္ထ ရဟောပဋိစ္ဆန္နသိက္ခာပုဒ် ပြီး၏။

---

## ၅-အစေလကဝဂ် ၅-ရဟောနိသဇ္ဇသိက္ခာပုဒ်

၂၈၉။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ သာကီဝင်မင်းသား အသျှင်ဥပနန္ဒသည် မိတ်ဆွေ၏အိမ်သို့သွား၍ ထိုမိတ်ဆွေ၏မယားနှင့်အတူ တယောက်ချင်းချင်း ဆိတ်ကွယ်ရာ အရပ်၌ ထိုင်နေ၏။ ထိုအခါ ထိုယောကျ်ားက "အဘယ့်ကြောင့် အသျှင် ဥပနန္ဒသည် မာတုဂါမနှင့်အတူ တယောက်ချင်းချင်း ဆိတ်ကွယ်ရာအရပ်၌ ထိုင်နေဘိသနည်း" ဟု ကဲ့ရဲ့၏၊ ရှုတ်ချ၏၊ အပြစ်ပြ ပြောဆို၏။

ရဟန်းတို့သည် ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုသော ထိုယောကျ်ား၏ စကားကို ကြားကြသည်သာတည်း။ အလိုနည်းသော ရဟန်းတို့သည် "အဘယ့်ကြောင့် သာကီဝင်မင်းသား အသျှင် ဥပနန္ဒသည် မာတုဂါမနှင့်အတူ ဆိတ်ကွယ်ရာအရပ်၌ ထိုင်နေဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ဥပနန္ဒ သင်သည် မာတုဂါမနှင့်အတူ တယောက်ချင်းချင်း ဆိတ်ကွယ်ရာအရပ်၌ ထိုင်နေ၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား သင်သည် အဘယ့်ကြောင့် မာတုဂါမနှင့်အတူ တယောက်ချင်းချင်း ဆိတ်ကွယ်ရာအရပ်၌ ထိုင်နေဘိသနည်း။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား ဤ (သင်ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ၎င်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

**၉၄။ ၄၅-၂၉၀။ "အကြင် ရဟန်းသည် မာတုဂါမနှင့်အတူ တယောက်ချင်းချင်း ဆိတ်ကွယ်ရာအရပ်၌ ထိုင်နေငြားအံ့၊ (ထိုရဟန်းအား) ပါစိတ်အာပတ် သင့်၏"** ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

http://www.dhammadownload.com



## ၅-ရဟောနိသဇ္ဇသိက္ခာပုဒ် အဖွင့်

၂၉၁။ အကြောင်း ဟူသည် အကြောင်းသို့ သဘောရှိသော။ပ။

ရဟန်း ဟူသည်။ပ။ ဤအရာ၌ ဤဥတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သူကို "ရဟန်း" ဟူ၍ အလိုရှိအပ်၏။

မာတုဂါမ မည်သည် ကောင်းစွာ ဆိုသောစကား မကောင်းသဖြင့် ဆိုသောစကား ရှုန့်ရင်းသောစကား မရှုန့်ရင်းသောစကားကို သိခြင်းငှါ စွမ်းနိုင်သော သိကြားလိမ္မာသော လူမိန်းမတည်း၊ ဘီလူးမ မဟုတ် ပြိတ္တာမ မဟုတ် တိရစ္ဆာန်မ မဟုတ်။

အတူ ဟူသည် အတူတကွတည်း။

တယောက်ချင်းချင်း ဟူသည် ရဟန်းတပါးနှင့် မာတုဂါမ တယောက်ပင် ဖြစ်၏။

ဆိတ်ကွယ်ရာ မည်သည် မျက်စိ၏ ဆိတ်ကွယ်ရာ နား၏ ဆိတ်ကွယ်ရာတည်း။

မျက်စိ၏ဆိတ်ကွယ်ရာ မည်သည် မျက်စိကို မှိတ်သော်ငြားလည်း မျက်မှောင်ကို ချီသော်ငြားလည်း ဦးခေါင်းကို မော့သော်ငြားလည်း မြင်ခြင်းငှါ မစွမ်းနိုင်သော နေရာတည်း။

နား၏ ဆိတ်ကွယ်ရာ မည်သည် ပကတိပြောသော စကားကို ကြားခြင်းငှါ မစွမ်းနိုင်သော နေရာတည်း။

ထိုင်နေငြားအံ့ ဟူသည် မာတုဂါမသည် ထိုင်နေစဉ် ရဟန်းသည် အနီး၌ ထိုင်နေသော်ငြားလည်း အနီး၌အိပ်နေသော်ငြားလည်း၊ ပါစိတ်အာပတ် သင့်၏။

ရဟန်းသည် ထိုင်နေစဉ် မာတုဂါမသည် အနီး၌ ထိုင်နေသော်ငြားလည်း အနီး၌ အိပ်နေသော်ငြားလည်း၊ ပါစိတ်အာပတ် သင့်၏။ နှစ်ယောက်လုံး ထိုင်နေသော်ငြားလည်း နှစ်ယောက်လုံး အိပ်နေသော်ငြားလည်း၊ ပါစိတ်အာပတ် သင့်၏။

၂၉၂။ မာတုဂါမ၌ မာတုဂါမ ဟု အမှတ်ရှိသည်ဖြစ်၍ တယောက်ချင်းချင်း ဆိတ်ကွယ်ရာ အရပ်၌ ထိုင်နေငြားအံ့၊ ပါစိတ်အာပတ် သင့်၏။ မာတုဂါမ၌ ယုံမှားရှိသည်ဖြစ်၍ တယောက်ချင်းချင်း ဆိတ်ကွယ်ရာအရပ်၌ ထိုင်နေငြားအံ့၊ ပါစိတ်အာပတ် သင့်၏။ မာတုဂါမ၌ မာတုဂါမ မဟုတ် ဟု အမှတ်ရှိသည်ဖြစ်၍ တယောက်ချင်းချင်း ဆိတ်ကွယ်ရာအရပ်၌ ထိုင်နေငြားအံ့၊ ပါစိတ်အာပတ် သင့်၏။

ဘီလူးမနှင့်သော်ငြားလည်း ပြိတ္တာမနှင့်သော်ငြားလည်း ပဏ္ဍုက်နှင့်သော်ငြားလည်း တိရစ္ဆာန်မနှင့်သော်ငြားလည်း၊ လူယောင်ဖန်ဆင်းသော တိရစ္ဆာန်မနှင့်သော်ငြားလည်း အတူ တယောက်ချင်းချင်း ဆိတ်ကွယ်ရာ အရပ်၌ ထိုင်နေငြားအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ မာတုဂါမ မဟုတ်သူ၌ မာတုဂါမ ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ မာတုဂါမ မဟုတ်သူ၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ မာတုဂါမ မဟုတ်သူ၌ မာတုဂါမ မဟုတ် ဟု အမှတ်ရှိအံ့၊ အာပတ် မသင့်။

၂၉၃။ အမှတ်မရှိ သိကြားလိမ္မာသော အဖော်ယောကျာ်းရှိအံ့၊ ရပ်သာရပ်၍ မထိုင်အံ့၊ ဆိတ်ကွယ်သည်ကို မငဲ့အံ့၊ အခြားအာရုံကို နှလုံးသွင်းလျက် ထိုင်နေအံ့၊ အာပတ် မသင့်၊ ရူးသော ရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

ပဉ္စမ ရဟောနိသဇ္ဇသိက္ခာပုဒ် ပြီး၏။

http://www.dhammadownload.com



## ၅-အစေလကဝဂ် ၆-စာရိတ္တသိက္ခာပုဒ်

၂၉၄။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ရှဉ့်နက်တို့အား အစာကျွေးရာ ဖြစ်သော ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ သာကီဝင်မင်းသား အသျှင်ဥပနန္ဒ၏ အလုပ်အကျွေး ဒါယကာသည် သာကီဝင်မင်းသား အသျှင်ဥပနန္ဒကို ဆွမ်းစားပင့်၏။ တပါးသော ရဟန်းတို့ကိုလည်း ဆွမ်းစားပင့်၏။ ထိုအခါ သာကီဝင်မင်းသား အသျှင်ဥပနန္ဒသည် ဆွမ်းမစားမီ ရှေးအဘို့၌ (အခြား) ဒါယကာအိမ်တို့သို့ ချဉ်းကပ်၏။

ထိုအခါ ထိုရဟန်းတို့သည် ထိုလူတို့ကို "ဒါယကာတို့ ဆွမ်းကို လှူကုန်လော့" ဟု ဆိုကုန်၏။ အသျှင်ဘုရားတို့ အသျှင်ဥပနန္ဒ ကြွလာသည့်တိုင်အောင် ဆိုင်းငံ့တော် မူကုန်လော့ ဟု (လျှောက်ကုန်၏)။

နှစ်ကြိမ်မြောက်လည်း ထိုရဟန်းတို့သည်။ပ။ သုံးကြိမ်မြောက်လည်း ထိုရဟန်းတို့သည် ထိုလူတို့ကို "ဒါယကာတို့ ဆွမ်းလှူကုန်လော့ နံနက် ဆွမ်းစားချိန် ကုန်လွန်ပြီ" ဟု ဆိုကုန်၏။ အသျှင်ဘုရား ထိုအသျှင်ဥပနန္ဒ၏ အကြောင်းကြောင့် အကျွန်ုပ်တို့သည် ဆွမ်းကို ပြုစီရင်ကုန်၏၊ အသျှင်ဘုရားတို့ အသျှင်ဥပနန္ဒ ကြွလာသည့်တိုင်အောင် ဆိုင်းငံ့တော်မူပါကုန်လော့ ဟု (လျှောက်ကုန်၏)။

ထိုအခါ သာကီဝင်မင်းသား အသျှင်ဥပနန္ဒသည် ဆွမ်းမစားမီ နံနက်အချိန်တွင် (အခြားသော) ဒါယကာအိမ်တို့သို့ ချဉ်းကပ်၍ နေမြင့်မှ ကြွလာ၏။ ရဟန်းတို့သည် စိတ်သဘောရှိတိုင်း မသုံးဆောင်ရကုန်။

အလိုနည်းသော ရဟန်းတို့သည် "အဘယ့်ကြောင့် သာကီဝင်မင်းသား အသျှင်ဥပနန္ဒသည် ဆွမ်းစားပင့်ထားပြီး ဖြစ်လျက် ဆွမ်းမစားမီ ရှေးအဖို့၌ (အခြား) ဒါယကာအိမ်တို့သို့ လှည့်လည်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ဥပနန္ဒ သင်သည် ဆွမ်းစားပင့်ထားပြီးဖြစ်လျက် ဆွမ်းမစားမီ ရှေးအဖို့၌ (အခြား) ဒါယကာအိမ်တို့သို့ လှည့်လည် သွားလာ၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ (မင်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား သင်သည် အဘယ့်ကြောင့် ဆွမ်းစားပင့်ထားပြီး ဖြစ်လျက် ဆွမ်းမစားမီ ရှေးအဖို့၌ (အခြား) ဒါယကာ အိမ်တို့သို့ လှည့်လည်ဘိသနည်း။ (မင်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား ဤ(သင်ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ ဒိုင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

(က) "အကြင်ရဟန်းသည် ဆွမ်းစားပင့်ထား၍ ဆွမ်းထင်ရှားရှိလျက် ဆွမ်းမစားမီ ရှေးအဖို့၌ (အခြား) ဒါယကာအိမ်တို့သို့ လှည့်လည်ငြားအံ့၊ (ထိုရဟန်းအား) ပါစိတ်အာပတ် သင့်၏" ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

ဤသို့လျှင် မြတ်စွာဘုရားသည် ရဟန်းတို့အား ဤသိက္ခာပုဒ်ကို ပညတ်တော်မူ၏။

http://www.dhammadownload.com



၂၉၅။ ထိုအခါ သာကီဝင်မင်းသား အသျှင်ဥပနန္ဒ၏ အလုပ်အကျွေး ဒါယကာသည် သံဃာ၏ အလို့ငှါ ခဲဖွယ်ကို "အသျှင်ဥပနန္ဒအား ပြ၍ သံဃာအား ပေးလှူလော့" ဟု ပို့စေ၏။ ထိုအခါ သာကီဝင် မင်းသား အသျှင်ဥပနန္ဒသည် ရွာသို့ ဆွမ်းခံဝင်နေခိုက် ဖြစ်၏။ ထိုအခါ လူတို့သည် အရံသို့သွား၍ ရဟန်းတို့ကို "အသျှင်ဘုရားတို့ အသျှင်ဥပနန္ဒသည် အဘယ်မှာနည်း" ဟု မေးကုန်၏။ ဒါယကာတို့ သာကီဝင်မင်းသား ထိုအသျှင် ဥပနန္ဒသည် ရွာသို့ ဆွမ်းခံဝင်နေ၏ ဟု (ဆိုကုန်၏)။ အသျှင်ဘုရားတို့ ဤခဲဖွယ်ကို အသျှင်ဥပနန္ဒအား ပြ၍ သံဃာအား လှူလိုက်ပါ ဟု (လျှောက်ကုန်၏)။

မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် တရားစကားကို ဟောတော်မူ၍ ရဟန်းတို့ကို—

"ရဟန်းတို့ သို့ဖြစ်လျှင် အကပ်ခံ၍ ဥပနန္ဒလာသည့်တိုင်အောင် ထားကုန်လော့" ဟု မိန့်တော်မူ၏။

ထိုအခါ သာကီဝင်မင်းသား အသျှင်ဥပနန္ဒသည် "ဆွမ်းမစားမီ ရှေးအဖို့၌ (အခြား) ဒါယကာ အိမ်တို့သို့ လှည့်လည်ခြင်းကို မြတ်စွာဘုရားသည် ပယ်တော်မူ၏" ဟု (နှလုံးသွင်း၍) ဆွမ်းစားပြီး နောက်မှ (အခြား) ဒါယကာ အိမ်တို့သို့ သွား၍ နေမြင့်မှ ပြန်လာ၏၊ ခဲဖွယ်ကို (အိမ်သို့) တဖန် ပြန်၍ ဆောင်ယူရကုန်၏။

အလိုနည်းသော ရဟန်းတို့သည် "အဘယ့်ကြောင့် သာကီဝင်မင်းသား အသျှင်ဥပနန္ဒသည် ဆွမ်းစားပြီးနောက်မှ (အခြား) ဒါယကာအိမ်တို့သို့ လှည့်လည်နေဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ဥပနန္ဒ သင်သည် ဆွမ်းစားပြီးနောက်မှ (အခြား) ဒါယကာ အိမ်တို့သို့ လှည့်လည်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား အဘယ့်ကြောင့် သင်သည် ဆွမ်းစားပြီးနောက်မှ (အခြား) ဒါယကာ အိမ်တို့သို့ လှည့်လည်ဘိသနည်း။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား ဤ (သင်ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ ရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

**(ခ) "အကြင် ရဟန်းသည် ဆွမ်းစားပင့်ထား၍ ဆွမ်းထင်ရှားရှိလျက် ဆွမ်းမစားမီ ရှေးအဖို့၌သော်၎င်း ဆွမ်းစားပြီးသည့်နောက်၌သော်၎င်း (အခြား) ဒါယကာအိမ်တို့သို့ လှည့်လည်ငြားအံ့၊ (ထိုရဟန်းအား) ပါစိတ်အာပတ် သင့်၏"** ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

ဤသို့လျှင် မြတ်စွာဘုရားသည် ရဟန်းတို့အား ဤသိက္ခာပုဒ်ကို ပညတ်တော်မူ၏။

၂၉၆။ ထိုအခါ ရဟန်းတို့သည် သင်္ကန်းလှူသောအခါ၌ မအပ် ဟုတွေးတောမှု 'သံသယ ကုက္ကုစ္စ' ရှိသည်ဖြစ်၍ (အခြား) ဒါယကာ အိမ်တို့သို့မချဉ်းကပ်ကုန်၊ သင်္ကန်းအရ နည်းပါး၏၊ မြတ်စွာ

http://www.dhammadownload.com



ဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ပ။ "ရဟန်းတို့ သက်န်းလျှုသောအခါ၌ (အခြား) ဒါယကာအိမ်တို့သို့ ချဉ်းကပ်ခြင်းငှါ ခွင့်ပြုတော်မူ၏" ဟု မိန့်တော်မူ၏။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

**(ဂ) "အကြင် ရဟန်းသည် ဆွမ်းစားပင့်ထား၍ ဆွမ်းထင်ရှားရှိလျက် ဆွမ်းမစားမီ ရှေးအဖို့၌သော်၎င်း ဆွမ်းစားပြီးသည့်နောက်၌သော်၎င်း (အခြား) ဒါယကာအိမ်တို့သို့အချိန်အခါကို ကြည့်၍ လှည့်လည်ငြားအံ့၊ (ထိုရဟန်းအား) ပါစိတ်အာပတ် သင့်၏။ ထိုအိမ်တပါးသို့သွားရာ၌ ဤဆိုလတ္တံ့သည်ကား အချိန်အခါတည်း၊ သက်န်းလျှုသောအခါ၊ ဤကား ထိုအိမ်တပါးသို့သွားရာ၌အချိန်အခါတည်း"** ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

ဤသို့လျှင် မြတ်စွာဘုရားသည် ရဟန်းတို့အား ဤသိက္ခာပုဒ်ကို ပညတ်တော်မူ၏။

၂၉၇။ ထိုအခါ ရဟန်းတို့သည် သက်န်းချုပ်ကြသောကြောင့် အပ်ချည် ဒေးငယ်တို့ကို အလိုရှိကုန်၏။ ရဟန်းတို့သည် မအပ် ဟု တွေးတောမှု 'သံသယကုက္ကုစ္စ' ရှိသည်ဖြစ်၍ (အခြား) ဒါယကာ အိမ်တို့သို့ မချဉ်းကပ်ကုန်။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ပ။ "ရဟန်းတို့ သက်န်းချုပ်သောအခါ၌ (အခြား) ဒါယကာ အိမ်တို့သို့ ချဉ်းကပ်ခြင်းငှါ ခွင့်ပြုတော်မူ၏" ဟု မိန့်တော်မူ၏။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

**(ဃ) "အကြင် ရဟန်းသည် ဆွမ်းစားပင့်ထား၍ ဆွမ်းထင်ရှားရှိလျက် ဆွမ်းမစားမီ ရှေးအဖို့၌သော်၎င်း ဆွမ်းစားပြီးသည့်နောက်၌သော်၎င်း (အခြား) ဒါယကာအိမ်တို့သို့အချိန်အခါကိုကြည့်၍ လှည့်လည်ငြားအံ့၊ (ထိုရဟန်းအား) ပါစိတ်အာပတ် သင့်၏။ ထိုအိမ်တပါးသို့သွားရာ၌ ဤဆိုလတ္တံ့သည်ကား အချိန်အခါတည်း၊ သက်န်းလျှုသောအခါ သက်န်းချုပ်သောအခါ၊ ဤကား ထိုအိမ်တပါးသို့ သွားရာ၌ အချိန်အခါတည်း"** ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

ဤသို့လျှင် မြတ်စွာဘုရားသည် ရဟန်းတို့အား ဤသိက္ခာပုဒ်ကို ပညတ်တော်မူ၏။

၂၉၈။ ထိုအခါ ရဟန်းတို့သည် နာဖျားကြသောကြောင့် ဆေးတို့ကို အလိုရှိကုန်၏။ ရဟန်းတို့သည် မအပ် ဟု တွေးတောမှု 'သံသယကုက္ကုစ္စ' ရှိသည်ဖြစ်၍ (အခြား) ဒါယကာအိမ်တို့သို့ မချဉ်းကပ်ကုန်။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ပ။ "ရဟန်းတို့ ထင်ရှားရှိသော ရဟန်းကို ပန်ကြား၍ (အခြား) ဒါယကာအိမ်တို့သို့ ချဉ်းကပ်ခြင်းငှါ ခွင့်ပြုတော်မူ၏" ဟု မိန့်တော်မူ၏။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

၈၅။ ၄၆–(င) ၂၉၉။ **"အကြင် ရဟန်းသည် ဆွမ်းစားပင့်ထား၍ ဆွမ်းထင်ရှားရှိလျက် ထင်ရှားရှိသောရဟန်းကို မပန်ကြားမူ၍ ဆွမ်းမစားမီရှေးအဖို့၌သော်၎င်း ဆွမ်းစားပြီးသည့် နောက်၌သော်၎င်း (အခြား) ဒါယကာအိမ်တို့သို့ အချိန်အခါကို ကြည့်၍ လှည့်လည်ငြားအံ့၊ (ထိုရဟန်းအား) ပါစိတ်အာပတ် သင့်၏။ ထိုအိမ်တပါးသို့သွားရာ၌ ဤဆိုလတ္တံ့သည်ကား**

http://www.dhammadownload.com


အချိန်အခါတည်း၊ သက်န်းလှူသောအခါ သက်န်းချုပ်သောအခါ နာဖျားသောအခါ၊ ဤကား ထိုအိမ်တပါးသို့ သွားရာ၌ အချိန်အခါတည်း" ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

## ၆-စာရိတ္တသိက္ခာပုဒ် အဖွင့်

၃၀၀။ အကြင် ဟူသည် အကြင်သို့ သဘောရှိသော။ပ။

**ရဟန်း** ဟူသည်။ပ။ ဤအရာ၌ ဤဥ တ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သူကို "ရဟန်း" ဟူ၍ အလိုရှိအပ်၏။

**ဆွမ်းစားပင့်ထား၍** မည်သည် ဘောဇဉ် ငါးပါးတို့တွင် တပါးပါးသော ဘောဇဉ်ဖြင့် ဆွမ်းစားပင့်ထားပြီးဖြစ်၏။

**ဆွမ်းထင်ရှားရှိ** မည်သည် ပင့်ဖိတ်ထားအပ်သော ဆွမ်းဖြင့် ဆွမ်းထင်ရှားရှိ၏။

**ထင်ရှားရှိသော** မည်သည် ရဟန်းကို ပန်ကြား၍ ဝင်ခြင်းငှါ စွမ်းနိုင်၏။

**ထင်ရှားမရှိ** မည်သည် ရဟန်းကို ပန်ကြား၍ ဝင်ခြင်းငှါ မစွမ်းနိုင်။

**ဆွမ်းမစားမီရှေးအဖို့** မည်သည် ပင့်ဖိတ်ထားသော ဆွမ်းကိုမစားရသေးမီ။

**ဆွမ်းစားပြီးသည့်နောက်** မည်သည် ပင့်ဖိတ်ထားသော ဆွမ်းကို အယုတ်သဖြင့် သမန်းမြက်ဖျားမျှဖြင့် သော်လည်း စားပြီးဖြစ်၏။

**ဒါယကာအိမ်** မည်သည် မင်းမျိုးအိမ် ပုဏ္ဏားမျိုးအိမ် ကုန်သည်မျိုးအိမ် သူဆင်းရဲမျိုးအိမ်ဟူ၍ ဒါယကာအိမ်တို့သည် လေးမျိုးတို့တည်း။

**(အခြား) ဒါယကာအိမ်တို့သို့ လှည့်လည်ငြားအံ့** ဟူသည် သူတပါး၏အိမ် ဥပစာသို့ သက်သော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏။ ပဌမခြေလှမ်းသည် တံခါးခုံကို လွန်ငြားအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ဒုတိယခြေလှမ်းသည် လွန်ငြားအံ့၊ ပါစိတ်အာပတ် သင့်၏။

**အချိန်အခါကိုကြဉ်၍** ဟူသည် အခါကာလကို ဖယ်ထား၍။

**သက်န်းလှူသောအခါ** မည်သည် ကထိန်မခင်းသည်ရှိသော် မိုးလတို့၏ အဆုံးဖြစ်သောလတို့ ပတ်လုံးငင်း ကထိန်ခင်းသည်ရှိသော် ငါးလတို့ပတ်လုံးငင်းတည်း။

**သက်န်းချုပ်သောအခါ** မည်သည် သက်န်းကို ချုပ်သည်ရှိသော်။

၃၀၁။ ပင့်ဖိတ်ထားသည်၌ ပင့်ဖိတ်ထားသည် ဟု အမှတ်ရှိသည်ဖြစ်၍ ထင်ရှားရှိသော ရဟန်းကို မပန်ကြားပဲ ဆွမ်းမစားမီ ရှေးအဖို့၌သော်ငင်း ဆွမ်းစားပြီးသည့် နောက်၌သော်ငင်း အချိန်အခါကို ကြဉ်၍ (အခြား) ဒါယကာအိမ်တို့သို့ လှည့်လည်ငြားအံ့၊ ပါစိတ်အာပတ် သင့်၏။

ပင့်ဖိတ်ထားသည်၌ ယုံမှားရှိသည်ဖြစ်၍ ထင်ရှားရှိသော ရဟန်းကို မပန်ကြားပဲ ဆွမ်းမစားမီ ရှေးအဖို့၌သော်ငင်း ဆွမ်းစားပြီးသည့်နောက်၌သော်ငင်း အချိန်အခါကိုကြဉ်၍ (အခြား) ဒါယကာအိမ်တို့သို့ လှည့်လည်ငြားအံ့၊ ပါစိတ်အာပတ် သင့်၏။

ပင့်ဖိတ်ထားသည်၌ မပင့်ဖိတ် ဟု အမှတ်ရှိသည်ဖြစ်၍ ထင်ရှားရှိသော ရဟန်းကို မပန်ကြားပဲ ဆွမ်းမစားမီ ရှေးအဖို့၌သော်ငင်း ဆွမ်းစားပြီးသည့်နောက်၌သော်ငင်း အချိန်အခါကိုကြဉ်၍ (အခြား) ဒါယကာအိမ်တို့သို့ လှည့်လည်ငြားအံ့၊ ပါစိတ်အာပတ် သင့်၏။

http://www.dhammadownload.com



မပင့်ဖိတ်သည်၌ ပင့်ဖိတ်၏ ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ မပင့်ဖိတ်သည်၌ ယုံမှား ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ မပင့်ဖိတ်သည်၌ မပင့်ဖိတ် ဟု အမှတ်ရှိအံ့၊ အာပတ် မသင့်။

၃၀၂။ အချိန်အခါ၌ အာပတ် မသင့်၊ ထင်ရှားရှိသောရဟန်းကို ပန်ကြားရှ်ဝင်အံ့၊ ထင်ရှား မရှိသော ရဟန်းကို မပန်ကြားပဲ ဝင်အံ့၊ သူတပါး၏ ဖြတ်သန်းသွားရသော လမ်းဖြစ်အံ့၊ အိမ်ဥပစာဖြင့် ဖြတ်သန်းသွားရသော လမ်းဖြစ်အံ့၊ ရွာတွင်းကျောင်းသို့ သွားအံ့၊ ရဟန်းမိန်းမကျောင်းသို့ သွားအံ့၊ တိတ္ထိတို့ (နေရာ) ကျောင်းသို့ သွားအံ့၊ ဆွမ်းစားစရပ်သို့ သွားအံ့၊ ဆွမ်းချက်ရာ စရိုအိမ်သို့ သွားအံ့၊ ဘေးရန်ရှိသောကြောင့် သွားအံ့၊ အာပတ် မသင့်၊ ရူးသောရဟန်း အစလက်ဦးလွန်ကျူး သော ရဟန်းတို့အားလည်း အာပတ် မသင့်။

ဆဋ္ဌ စာရိတ္တသိက္ခာပုဒ် ပြီး၏။

---

## ၅-အစေလကဝဂ် ၇-မဟာနာမသိက္ခာပုဒ်

၃၀၃။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သက္ကတိုင်း ကပိလဝတ်ပြည် နိဂြောဓာရုံ ကျောင်း၌ သီတင်းသုံးနေတော်မူသော အခါ မဟာနာမ် မည်သော သာကီဝင်မင်းအား ဆေးပေါများ ၏။ ထိုအခါ မဟာနာမ် မည်သော သာကီဝင်မင်းသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် တခုသော နေရာ၌ထိုင်ကာ မြတ်စွာဘုရားအား "အသျှင်ဘုရား အကျွန်ုပ်သည် သံဃာကို လေးလတို့ ပတ်လုံး ဆေးဖြင့် ဖိတ်ကြားလိုပါ၏" ဟု လျှောက်၏။ မဟာနာမ် ကောင်းပေစွ ကောင်းပေစွ၊ မဟာနာမ် သို့ဖြစ်လျှင် သင်သည် သံဃာကို လေးလတို့ပတ်လုံး ဆေးဖြင့် ဖိတ်ကြားလော့ ဟု (မိန့် တော်မူ၏)။

ရဟန်းတို့သည် မအပ် ဟု တွေးတောမှု 'သံသယကုက္ကုစ္စ' ရှိသည်ဖြစ်၍ လက်မခံကုန်။ မြတ်စွာ ဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ပ။

"ရဟန်းတို့ လေးလတို့ပတ်လုံး ဆေးဖြင့် ဖိတ်ကြားခြင်းကို (လက်ခံ) သာယာခြင်းငှါ ခွင့်ပြု တော်မူ၏" ဟု မိန့်တော်မူ၏။

၃၀၄။ ထိုအခါ ရဟန်းတို့သည် မဟာနာမ် မည်သော သာကီဝင်မင်းအား အနည်းငယ် သော ဆေးကိုသာ တောင်းကုန်၏။ မဟာနာမ် မည်သော သာကီဝင်မင်းအား ဆေးပေါများမြဲ ပေါများ၏။ နှစ်ကြိမ်မြောက်လည်း မဟာနာမ် မည်သော သာကီဝင်မင်းသည် မြတ်စွာဘုရားထံ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်ကာ မြတ်စွာဘုရားအား "အသျှင်ဘုရား အကျွန်ုပ် သည် သံဃာကို နောက်ထပ် လေးလတို့ပတ်လုံး ဆေးဖြင့် ဖိတ်ကြားလိုပါ၏" ဟု လျှောက်ပြန်၏။ မဟာနာမ် ကောင်းပေစွ ကောင်းပေစွ၊ မဟာနာမ် သို့ဖြစ်လျှင် သင်သည် သံဃာကို နောက်ထပ် လေးလတို့ပတ်လုံး ဆေးဖြင့် ဖိတ်ကြားဦးလော့ ဟု (မိန့်တော်မူ၏)။ ရဟန်းတို့သည် မအပ် ဟု တွေးတောမှု 'သံသယကုက္ကုစ္စ' ရှိသည်ဖြစ်၍ လက်မခံကုန်။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ပ။

"ရဟန်းတို့ နောက်ထပ်ဖိတ်ကြားခြင်းကိုလည်း လက်ခံ (သာယာ) ခြင်းငှါ ခွင့်ပြုတော်မူ၏" ဟု မိန့်တော်မူ၏။

http://www.dhammadownload.com



၂၀၅။ ထိုအခါ ရဟန်းတို့သည် မဟာနာမ် မည်သော သာကီဝင်မင်းအား အနည်းငယ်မျှသော ဆေးကိုသာလျှင် တောင်းကုန်၏။ မဟာနာမ် မည်သော သာကီဝင်မင်းအား ရှေးအတူပင် ဆေးသည် ပေါများမြဲ ပေါများနေပြန်၏။ သုံးကြိမ်မြောက်လည်း မဟာနာမ် မည်သော သာကီဝင်မင်းသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်ကာ မြတ်စွာဘုရားအား "အသျှင်ဘုရား အကျွန်ုပ်သည် သံဃာကို အသက်ထက်ဆုံး ဆေးဖြင့် ဖိတ်ကြားလိုပါ၏" ဟု လျှောက်၏။ မဟာနာမ် ကောင်းပေစွ ကောင်းပေစွ၊ မဟာနာမ် သို့ဖြစ်လျှင် သင်သည် သံဃာကို အသက်ထက်ဆုံး ပင် ဆေးဖြင့် ဖိတ်ကြားလော့ ဟု (မိန့်တော်မူ၏)။ ရဟန်းတို့သည် မအပ် ဟု တွေးတောမှု 'သံသယ ကုက္ကုစ္စ' ရှိသည်ဖြစ်၍ လက်မခံကုန်။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ပ။

"ရဟန်းတို့ အမြဲဖိတ်ကြားခြင်းကို လက်ခံ(သာယာ)ခြင်းငှါ ခွင့်ပြုတော်မူ၏" ဟု မိန့်တော်မူ၏။

ထိုအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် မကောင်းသဖြင့် ဝတ်ဆင်ကုန်၏၊ မကောင်းသဖြင့် ဝတ်ရုံကုန်၏၊ (ရဟန်း၏) အသွင်နှင့် မပြည့်စုံကုန်။ မဟာနာမ် မည်သော သာကီဝင်မင်းသည် "အသျှင်ဘုရားတို့ အသျှင်တို့သည် အဘယ့်ကြောင့် မကောင်းသဖြင့် ဝတ်ဆင်ကုန်ဘိသနည်း မကောင်းသဖြင့် ဝတ်ရုံ ကုန်ဘိသနည်း (ရဟန်း၏) အသွင်နှင့် မပြည့်စုံကုန်ဘိသနည်း၊ ရဟန်းဖြစ်သော သူသည် ကောင်းစွာ ဝတ်ဆင်သင့်သည် ကောင်းစွာ ဝတ်ရုံသင့်သည် (ရဟန်း၏) အသွင်နှင့် ပြည့်စုံသင့်သည် မဟုတ်ပါ လော" ဟု ပြောဆိုလေ့ရှိ၏။ ဆဗ္ဗဂ္ဂီရဟန်းတို့သည် မဟာနာမ် အမည်ရှိသော သာကီဝင်မင်း၌ ရန်ငြိုးဖွဲ့ကုန်၏။

ထိုအခါ ဆဗ္ဗဂ္ဂီရဟန်းတို့အား "ငါတို့သည် အဘယ်သို့သော အကြောင်းဥပါယ်ဖြင့် မဟာနာမ် မည်သော သာကီဝင်မင်းကို မျက်နှာမလှအောင် ပြုရပါကုန်အံ့နည်း" ဟု အကြံဖြစ်၏။

ထိုအခါ ဆဗ္ဗဂ္ဂီရဟန်းတို့အား "ငါ့သျှင်တို့ မဟာနာမ် မည်သော သာကီဝင်မင်းသည် သံဃာကို ဆေးဖြင့် ဖိတ်ကြား၏၊ ငါ့သျှင်တို့ ယခုပင်လျှင် ငါတို့သည် မဟာနာမ် မည်သော သာကီဝင်မင်းအား ထောပတ်ကို တောင်းကြကုန်အံ့" ဟု အကြံဖြစ်၏။

ထို့နောက် ဆဗ္ဗဂ္ဂီရဟန်းတို့သည် မဟာနာမ် မည်သော သာကီဝင်မင်းထံသို့ ချဉ်းကပ်၍ "ဒါယကာ တစိတ်(လေးပြည်ဝင်) ထောပတ်အလိုရှိ၏" ဟု မဟာနာမ် မည်သော သာကီဝင်မင်းအား ပြောဆိုကုန်၏။ အသျှင်ဘုရားတို့ ယနေ့တရက်မျှ ဆိုင်းငံ့ပါကုန်ဦးလော့၊ လူတို့သည် ထောပတ် ဆောင်ယူရန် နွားခြံသို့ သွားပါကုန်၏၊ အချိန်တန်လျှင် ဆောင်ယူလာပါကုန်လတ္တံ့ ဟု (ဆို၏)။

နှစ်ကြိမ်မြောက်လည်း။ပ။ သုံးကြိမ်မြောက်လည်း ဆဗ္ဗဂ္ဂီရဟန်းတို့သည် "ဒါယကာ တစိတ် (လေးပြည်ဝင်) ထောပတ် အလိုရှိ၏" ဟု မဟာနာမ် မည်သော သာကီဝင်မင်းအား ပြောဆို ကုန်၏။ အသျှင်ဘုရားတို့ ယနေ့တရက်မျှ ဆိုင်းငံ့ပါကုန်ဦးလော့၊ လူတို့သည် ထောပတ်ဆောင် ယူရန် နွားခြံသို့ သွားပါကုန်၏၊ အချိန်တန်လျှင် ဆောင်ယူလာပါကုန်လတ္တံ့ ဟု (ဆို၏)။ ဒါယကာ သင်သည် မပေးလှူလိုပဲ ဖိတ်ကြားခြင်းဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ သင်သည် (ဟုတ်လေယောင်ယောင်) ဖိတ်ကြား၍ မပေးလှူပဲ နေဘိ၏ ဟု (ဆိုကြကုန်၏)။

ထိုအခါ မဟာနာမ် မည်သော သာကီဝင်မင်းသည် "အဘယ့်ကြောင့် အသျှင်ကောင်းတို့သည် 'ယနေ့တရက်မျှ ဆိုင်းငံ့ကုန်ဦးလော့' ဟု ဆိုအပ်ပါလျက် မဆိုင်းငံ့ကုန်ဘိသနည်း" ဟု ကဲ့ရဲ့၏၊ ရှုတ်ချ၏၊ အပြစ်ပြ ပြောဆို၏။

http://www.dhammadownload.com



ရဟန်းတို့သည် ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုသော မဟာနာမ် မည်သော သာကီဝင်မင်း၏ စကားကို ကြားကြသည်သာတည်း။

အလိုနည်းသော ရဟန်းတို့သည် "အဘယ့်ကြောင့် ဆဗ္ဗဂ္ဂီရဟန်းတို့သည် မဟာနာမ် မည်သော သာကီဝင်မင်းက 'အသျှင်ဘုရားတို့ ယနေ့တရက်မျှ ဆိုင်းငံ့ကုန်ဦးလော့' ဟု ဆိုပါလျက် မဆိုင်းငံ့ကုန် ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ သင်တို့သည် မဟာနာမ် မည်သော သာကီဝင်မင်းက အသျှင်ဘုရားတို့ ယနေ့ တရက်မျှ ဆိုင်းငံ့ကုန်ဦးလော့ ဟု ဆိုပါလျက် မဆိုင်းငံ့ကြကုန် ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ (မင်္ဂဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ သင်တို့သည် အဘယ့်ကြောင့် မဟာနာမ် မည်သော သာကီဝင်မင်းက "အသျှင်ဘုရား တို့ ယနေ့တရက်မျှ ဆိုင်းငံ့ကုန်ဦးလော့" ဟု ဆိုပါလျက် မဆိုင်းငံ့ကုန်ဘိသနည်း။ (မင်္ဂဖိုလ်မှ) အချည်း နှီး ဖြစ်သော ယောကျ်ားတို့ ဤ (သင်တို့ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါငှင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

**၉၆။ ၄၇-၁၀၆။ "မနာမဖျားသော ရဟန်းသည် နောက်ထပ် ဖိတ်ကြားခြင်းနှင့် အမြဲ ဖိတ်ကြားခြင်းကိုကြဉ်၍ လေးလတို့ပတ်လုံး ဆေးဖြင့်ဖိတ်ကြားခြင်းကို လက်ခံ (သာယာ) အပ်၏၊ ထိုလေးလထက်အလွန် သာယာငြားအံ့၊ (ထိုရဟန်းအား) ပါစိတ်အာပတ် သင့်၏"** ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

## ၇-မဟာနာမသိက္ခာပုဒ် အဖွင့်

၃၀၇။ **မနာမဖျားသော ရဟန်းသည် လေးလတို့ပတ်လုံး ဆေးဖြင့် ဖိတ်ကြားခြင်းကို သာယာ အပ်၏** ဟူသည် သူနာ၏အထောက်အပံ့ဆေးဖြင့် ဖိတ်ကြားသည်ကို သာယာအပ်၏။

**နောက်ထပ် ဖိတ်ကြားခြင်းကို သာယာအပ်၏** ဟူသည် အကြင်အခါ နာဖျားအံ့၊ ထိုအခါ တောင်းအံ့ ဟု သာယာအပ်၏။

**အမြဲဖိတ်ကြားခြင်းကို သာယာအပ်၏** ဟူသည် အကြင်အခါ နာဖျားအံ့၊ ထိုအခါ တောင်းအံ့ ဟု သာယာအပ်၏။

**ထိုလေးလထက် အလွန်သာယာငြားအံ့** ဟူသည် ဆေးအပိုင်းအခြားသာရှိ၍ ညဉ့်အပိုင်းအခြား မရှိသော ဖိတ်ကြားခြင်းသည် ရှိ၏၊ ညဉ့်အပိုင်းအခြားသာ ရှိ၍ ဆေးအပိုင်းအခြား မရှိသော ဖိတ်ကြားခြင်းသည် ရှိ၏၊ ဆေးအပိုင်းအခြားလည်းရှိ ညဉ့်အပိုင်းအခြားလည်း ရှိသော ဖိတ်ကြား ခြင်းသည် ရှိ၏၊ ဆေးအပိုင်းအခြားလည်း မရှိ ညဉ့်အပိုင်းအခြားလည်း မရှိသော ဖိတ်ကြားခြင်း သည် ရှိ၏။

**ဆေးအပိုင်းအခြားရှိသော** မည်သည် "ဤမျှအတိုင်းအရှည်ရှိသော ဆေးတို့ဖြင့် ဖိတ်ကြား၏" ဟု ဆေးတို့ကို သိမ်းဆည်း (သတ်မှတ်) အပ်ကုန်၏။

http://www.dhammadownload.com



ညစ္စ်အပိုင်းအခြားရှိသော မည်သည် "ဤမျှအတိုင်းအရှည်ရှိသော ညဉ့်တို့၌ ဖိတ်ကြား၏" ဟု ညဉ့်တို့ကို သိမ်းဆည်း (သတ်မှတ်) အပ်ကုန်၏။

ဆေးအပိုင်းအခြားလည်းရှိ ညဉ့်အပိုင်းအခြားလည်းရှိ မည်သည် "ဤမျှအတိုင်းအရှည်ရှိသော ဆေးတို့ဖြင့် ဤမျှအတိုင်းအရှည်ရှိသော ညဉ့်တို့၌ ဖိတ်ကြား၏" ဟု ဆေးတို့ကိုလည်း သိမ်းဆည်း (သတ်မှတ်) အပ်ကုန်၏၊ ညဉ့်တို့ကိုလည်း သိမ်းဆည်း (သတ်မှတ်) အပ်ကုန်၏။

ဆေးအပိုင်းအခြားလည်းမရှိ ညဉ့်အပိုင်းအခြားလည်းမရှိ မည်သည် ဆေးတို့ကိုလည်း မသိမ်းဆည်း (မသတ်မှတ်) အပ်ကုန်၊ ညဉ့်တို့ကိုလည်း မသိမ်းဆည်း (မသတ်မှတ်) အပ်ကုန်။

၃၀၇။ ဆေးအပိုင်းအခြား ရှိရာ၌ ဖိတ်ကြားထားသော ဆေးတို့ကို ဖယ်ထား၍ တပါးသော ဆေးတို့ကို တောင်းအံ့၊ ပါစိတ်အာပတ် သင့်၏။

ညဉ့်အပိုင်းအခြားရှိရာ၌ ဖိတ်ကြားထားသော ညဉ့်တို့ကို ဖယ်ထား၍ တပါးသော ညဉ့်တို့၌ တောင်းအံ့၊ ပါစိတ်အာပတ် သင့်၏။

ဆေးအပိုင်းအခြားလည်း ရှိ၍ ညဉ့်အပိုင်းအခြားလည်း ရှိရာ၌ ဖိတ်ကြားထားသော ဆေး ဖိတ်ကြားထားသော ညဉ့်တို့ကို ဖယ်ထား၍ တပါးသောဆေးတို့ကို တပါးသော ညဉ့်တို့၌ တောင်းအံ့၊ ပါစိတ်အာပတ် သင့်၏။

ဆေးအပိုင်းအခြား မရှိ ညဉ့်အပိုင်းအခြား မရှိရာ၌ အာပတ် မသင့်။

၃၀၈။ ဆေးဖြင့် ပြုဖွယ်ကိစ္စမရှိပဲ ဆေးကိုတောင်းအံ့၊ ပါစိတ်အာပတ် သင့်၏။ တပါးသော ဆေးဖြင့် ပြုဖွယ်ကိစ္စရှိလျက် ထိုမှတပါးသော ဆေးကို တောင်းအံ့၊ ပါစိတ်အာပတ် သင့်၏။

ထိုဆေး ထိုညဉ့်ထက်လွန်သည်၌ ထိုဆေး ထိုညဉ့်ထက်လွန်၏ ဟု အမှတ်ရှိသည်ဖြစ်၍ ဆေးကို တောင်းအံ့၊ ပါစိတ်အာပတ် သင့်၏။ ထိုဆေး ထိုညဉ့်ထက်လွန်ရာ၌ ယုံမှားရှိ၍ ဆေးကို တောင်းအံ့၊ ပါစိတ်အာပတ် သင့်၏။ ထိုဆေးကို ထိုညဉ့်ထက်လွန်ရာ၌ ထိုဆေးကို ထိုညဉ့်ထက်မလွန် ဟု အမှတ်ရှိသည်ဖြစ်၍ ဆေးကိုတောင်းအံ့၊ ပါစိတ်အာပတ် သင့်၏။

ထိုဆေး ထိုညဉ့်ထက်မလွန်ရာ၌ ထိုဆေး ထိုညဉ့်ထက်လွန်၏ ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ထိုဆေး ထိုညဉ့်ထက်မလွန်ရာ၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ထိုဆေး ထိုညဉ့်ထက် မလွန်ရာ၌ ထိုဆေး ထိုညဉ့်ထက်မလွန် ဟု အမှတ်ရှိအံ့၊ အာပတ် မသင့်။

၃၁၀။ ဖိတ်ကြားထားသော ဆေးတို့ကို တောင်းအံ့၊ ဖိတ်ကြားထားသော ညဉ့်တို့၌ တောင်းအံ့၊ "သင်သည် ဤဆေးတို့ဖြင့် ဖိတ်ကြားထား၏၊ ငါတို့သည်ကား ဤမည်ဤမည်သော ဆေးကိုအလိုရှိ၏" ဟု ပြောကြား၍ တောင်းအံ့၊ "သင်ဖိတ်ကြားထားသော ညဉ့်တို့သည် လွန်ကုန်ပြီ၊ ငါတို့သည်လည်း ဆေးကိုအလိုရှိ၏" ဟု ပြောကြား၍ တောင်းအံ့၊ ဆွေမျိုးတော်စပ်သူတို့ကိုသော်၎င်း ဖိတ်ကြားသော သူတို့ကိုသော်၎င်း တောင်းအံ့၊ သူတပါးအကျိုးငှါ တောင်းအံ့၊ မိမိဥစ္စာဖြင့် တောင်းအံ့၊ အာပတ် မသင့်၊ ရူးသောရဟန်း အစလက်ဦး လွန်ကျူးသောရဟန်းတို့အားလည်း အာပတ် မသင့်။

သတ္တမ မဟာနာမသိက္ခာပုဒ် ပြီး၏။

http://www.dhammadownload.com



## ၅-အစေလကဝဂ် ၈-ဥယျောဇ္ဈာသေနာသိက္ခာပုဒ်

၃၁၁။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ် သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ပသေနဒီကောသလ မင်းကြီးသည် စစ်တပ်ဖြင့် ချီတက်၏။ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ချီတက်သော စစ်တပ်ကို ကြည့်ရှုရန်သွားကုန်၏။ ပသေနဒီကောသလမင်းကြီးသည် အဝေးမှလာကုန်သော ဆဗ္ဗဂ္ဂီရဟန်းတို့ကို မြင်၍ ပင့်ခေါ် စေပြီးလျှင် "အသျှင်ဘုရားတို့ အသျှင်တို့သည် အဘယ့်ကြောင့် လာကုန်သနည်း" ဟု လျှောက်၏။

မင်းကြီး ငါတို့သည် မင်းကြီးကို တွေ့မြင်လိုကုန်၏ ဟု (ဆိုကုန်၏)။

အသျှင်ဘုရားတို့ စစ်ထိုးခြင်းကို နှစ်သက်သော အကျွန်ုပ်ကို တွေ့မြင်သဖြင့် အဘယ်အကျိုးရှိပါအံ့နည်း၊ မြတ်စွာဘုရားကို ဖူးမြော်သင့်သည် မဟုတ်ပါလော ဟု (လျှောက်၏)။

လူတို့သည် "အဘယ့်ကြောင့် သာကီဝင်မင်းသား ဘုရားအနွယ်တော် ဖြစ်ကုန်သော ရဟန်းတို့သည် ချီတက်သော စစ်တပ်ကိုကြည့်ရှုခြင်းငှါ လာကုန်ဘိသနည်း၊ အကြင်ငါတို့သည် အသက်မွေးမှုဟူသော အကြောင်းကြောင့် သားမယား (မွေးမှု) ဟူသော အကြောင်းကြောင့် စစ်ထိုးခြင်းငှါ လာရကုန်၏၊ ထိုငါတို့အားလည်း လူ့အဖြစ်ကို အရတော်သည်မဟုတ်၊ ထိုငါတို့သည် ဤလူ့အဖြစ်ကို မကောင်းသဖြင့် ရအပ်၏" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ရဟန်းတို့သည် ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုကြသော ထိုလူတို့၏စကားကို ကြားကြသည်သာတည်း။ အလိုနည်းသော ရဟန်းတို့သည် "အဘယ့်ကြောင့် ဆဗ္ဗဂ္ဂီရဟန်းတို့သည် ချီတက်သော စစ်တပ်ကို ကြည့်ရှုခြင်းငှါ သွားကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ သင်တို့သည် ချီတက်သော စစ်တပ်ကို ကြည့်ရှုခြင်းငှါ သွားကုန်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ အဘယ့်ကြောင့် သင်တို့သည် ချီတက်သော စစ်တပ်ကို ကြည့်ရှုခြင်းငှါ သွားကုန်ဘိသနည်း။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ ဤ (သင်တို့ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

**(က) "အကြင် ရဟန်းသည် ချီတက်သောစစ်တပ်ကို ကြည့်ရှုခြင်းငှါ သွားငြားအံ့၊ (ထိုရဟန်းအား) ပါစိတ်အာပတ် သင့်၏"** ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

ဤသို့လျှင် မြတ်စွာဘုရားသည် ရဟန်းတို့အား ဤသိက္ခာပုဒ်ကို ပညတ်တော်မူ၏။

၃၁၂။ ထိုအခါ ရဟန်းတပါး၏ ဦးရီးသည် စစ်တပ်ထဲ၌ နာဖျားနေ၏။ ထိုသူက "အကျွန်ုပ်သည် စစ်တပ်ထည်း၌ နာဖျားနေပါ၍ ကြွခဲ့ပါလော့၊ အသျှင်၏ ကြွလာခြင်းကို အလိုရှိပါ၏" ဟု ထိုရဟန်း

http://www.dhammadownload.com



ထံသို့ တမန်ကိုစေလွှတ်၏။ ထိုအခါ ထိုရဟန်းအား "မြတ်စွာဘုရားသည် 'ချီတက်သော စစ်တပ်ကို ကြည့်ရှုခြင်းငှါ မသွားအပ်' ဟု သိက္ခာပုဒ်ကို ပညတ်တော်မူ၏၊ ဤငါ၏ဦးရီးသည်လည်း စစ်တပ်ထည်း၌ နာဖျားနေ၏၊ ငါသည် အဘယ်သို့ ပြုကျင့်ရပါမည်နည်း" ဟု အကြံဖြစ်၍ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်၏။ ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်း အရာကြောင့် တရားစကားကို ဟောကြားတော်မူ၍ ရဟန်းတို့ကို—

"ရဟန်းတို့ ထိုသို့သဘောရှိသော (သွားသင့်သော) အကြောင်းရှိခဲ့သော် စစ်တပ်သို့ သွားခြင်းငှါ ခွင့်ပြုတော်မူ၏" ဟု မိန့်တော်မူ၏။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

**၉၇။ ၄၈-(ခ) ၁၁၃။ "အကြင် ရဟန်းသည် ထိုသို့ သဘောရှိသော (သွားသင့်သော) အကြောင်းကို ကြဉ်၍ ချီတက်သော စစ်တပ်ကို ကြည့်ရှုခြင်းငှါ သွားငြားအံ့၊ (ထိုရဟန်းအား) ပါစိတ်အာပတ် သင့်၏"** ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

### ၈-ဥယျုတ္တသေနာသိက္ခာပုဒ် အဖွင့်

၁၁၄။ **အကြင်** ဟူသည် အကြင်သို့ သဘောရှိသော။ပ။

**ရဟန်း** ဟူသည်။ပ။ ဤအရာ၌ ဤဥတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သူကို "ရဟန်း" ဟူ၍ အလိုရှိအပ်၏။

**ချီတက်** မည်သည် စစ်တပ်သည် ရွာမှ ထွက်၍ ဝင်လည်း ဝင်၏၊ သွားလည်းသွား၏။

**စစ်တပ်** မည်သည် ဆင် မြင်း ရထား ခြေသည် သူရဲတို့တည်း။ ယောကျ်ား တကျိပ်နှစ်ယောက် ရှိသော ဆင်သည် ဆင်မည်၏၊ ယောကျ်ား သုံးယောက် ရှိသော မြင်းသည် မြင်းမည်၏၊ ယောကျ်ား လေးယောက်ရှိသော ရထားသည် ရထားမည်၏၊ မြား လက်၌ စွဲသော ယောကျ်ား လေးယောက်တို့သည် ခြေသည် သူရဲမည်၏။

ကြည့်ရှုခြင်းငှါ သွားအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ အကြင်မြင်လောက်သော အရပ်၌ ရပ်လျက် ကြည့်အံ့၊ ပါစိတ်အာပတ် သင့်၏။ မြင်လောက်သော ဥပစာကို စွန့်၍ အဖန်တလဲလဲ ကြည့်အံ့၊ ပါစိတ်အာပတ် သင့်၏။

**ထိုသို့ သဘောရှိသော (သွားသင့်သော) အကြောင်းကို ကြဉ်၍** ဟူသည် ထိုသို့ သဘောရှိသော (သွားသင့်သော) အကြောင်းကို ကြဉ်ထား၍။

၁၁၅။ ချီတက်ရာ၌ ချီတက်၏ ဟု အမှတ်ရှိသည်ဖြစ်၍ ထိုသို့ သဘောရှိသော အကြောင်းကို ကြဉ်၍ ကြည့်ခြင်းငှါ သွားအံ့၊ ပါစိတ်အာပတ် သင့်၏။ ချီတက်ရာ၌ ယုံမှားရှိသည်ဖြစ်၍ ထိုသို့ သဘောရှိသော အကြောင်းကို ကြဉ်၍ ကြည့်ခြင်းငှါ သွားအံ့၊ ပါစိတ်အာပတ် သင့်၏။ ချီတက်ရာ၌ **မချီတက်** ဟု အမှတ်ရှိသည်ဖြစ်၍ ထိုသို့ သဘောရှိသော အကြောင်းကို ကြဉ်၍ ကြည့်ခြင်းငှါ သွားအံ့၊ ပါစိတ်အာပတ် သင့်၏။

http://www.dhammadownload.com



တခုသော စစ်အင်္ဂါကို ကြည့်ခြင်းငှါ သွားအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ အကြင် မြင်လောက်သော အရပ်၌ ရပ်လျက်ကြည့်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ မြင်လောက်သော ဥပစာကို စွန့်၍ အဖန်တလဲလဲကြည့်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ မချီတက်ရာ၌ ချီတက်၏ ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ မချီတက်ရာ၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ မချီတက်ရာ၌ မချီတက် ဟု အမှတ်ရှိအံ့၊ အာပတ် မသင့်။

၃၁၆။ အရံ၌ ရပ်တည်လျက် ကြည့်အံ့၊ ရဟန်း၏ ရပ်သော နေရာသို့သော်၎င်း ထိုင်သော နေရာသို့သော်၎င်း အိပ်သော နေရာသို့သော်၎င်း လာအံ့၊ ခရီးရင်ဆိုင်သွားစဉ် မြင်အံ့၊ ထိုသို့သဘောရှိသော (သွားသင့်သော) အကြောင်းကြောင့် သွားအံ့၊ ဘေးရန်တို့ကြောင့် သွားအံ့၊ အာပတ် မသင့်၊ ရူးသော ရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

အဋ္ဌမ ဥယျောတ္တသေနာသိက္ခာပုဒ် ပြီး၏။

---

## ၅-အစေလကဝဂ် ၉-သေနာသဝါသသိက္ခာပုဒ်

၃၁၇။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဋ္ဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ပြုဖွယ်ကိစ္စရှိ၍ စစ်တပ်ထည်းသို့ သွားပြီးလျှင် သုံးညဥ့်ထက်အလွန် စစ်တပ်ထဲ၌ နေကုန်၏။

လူတို့သည် "အဘယ့်ကြောင့် သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်ကုန်သော ရဟန်းတို့သည် စစ်တပ်ထည်း၌ နေကုန်ဘိသနည်း၊ အကြင် ငါတို့သည် အသက်မွေးမှု ဟူသော အကြောင်းကြောင့် သားမယား (မွေးမှု) ဟူသော အကြောင်းကြောင့် စစ်တပ်ထည်း၌ နေရကုန်၏၊ ထိုငါတို့အားလည်း လူ့အဖြစ်ကို အရသာတော်သည် မဟုတ်၊ ထိုငါတို့သည် လူ့အဖြစ်ကို မကောင်းသဖြင့် ရအပ်၏" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ရဟန်းတို့သည် ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုကြသော ထိုလူတို့၏ စကားကို ကြားကြသည်သာတည်း။ အလိုနည်းသော ရဟန်းတို့သည် "အဘယ့်ကြောင့် ဆဗ္ဗဂ္ဂီရဟန်းတို့သည် သုံးညဥ့်ထက် အလွန် စစ်တပ်ထည်း၌ နေကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ သင်တို့သည် သုံးညဥ့်ထက်အလွန် စစ်တပ်ထည်း၌ နေကုန်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့ တော်မူ၏။ပ။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ အဘယ့်ကြောင့် သင်တို့သည် သုံးညဥ့်ထက်အလွန် စစ်တပ်ထည်း၌ နေကုန်ဘိသနည်း။

http://www.dhammadownload.com



(မင်္ဂိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ ဤ (သင်တို့ပြုမိသော အမှု) သည် မကြည်ညို သေးသော သူတို့အား ကြည်ညိုစေခြင်းငှါရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

၉၈။ ၄၉-၁၁၈။ "ထိုရဟန်းအား စစ်တပ်သို့သွားခြင်းငှါ အကြောင်းတစုံတရာ ရှိငြားအံ့၊ ထိုရဟန်းသည် နှစ်ညဉ့်သုံးညဉ့်တို့ပတ်လုံး စစ်တပ်၌နေအပ်၏၊ ထိုနှစ်ညဉ့်သုံးညဉ့်ထက်အလွန် နေငြားအံ့ (ထိုရဟန်းအား) ပါစိတ်အာပတ် သင့်၏" ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

## ၉-သေနာဝါသသိက္ခာပုဒ် အဖွင့်

၁၁၉။ ထိုရဟန်းအား စစ်တပ်သို့ သွားခြင်းငှါ အကြောင်းတစုံတရာရှိငြားအံ့ ဟူသည် အကြောင်းသည် ရှိငြားအံ့၊ ပြုဖွယ်ကိစ္စသည် ရှိငြားအံ့။

ထိုရဟန်းသည် နှစ်ညဉ့် သုံးညဉ့်တို့ပတ်လုံး စစ်တပ်၌ နေအပ်၏ ဟူသည် နှစ်ညဉ့်သုံးညဉ့်တို့ ပတ်လုံး နေနိုင်၏။

ထို နှစ်ညဉ့် သုံးညဉ့်ထက်အလွန် နေငြားအံ့ ဟူသည် လေးရက်မြောက်သောနေ့၌ နေဝင်သည် တိုင်အောင် စစ်တပ်၌ နေအံ့၊ ပါစိတ်အာပတ် သင့်၏။

၁၂၀။ သုံးညဉ့်လွန်ရာ၌ သုံးညဉ့်လွန်၏ ဟု အမှတ်ရှိသည်ဖြစ်၍ စစ်တပ်၌နေအံ့၊ ပါစိတ်အာပတ် သင့်၏။ သုံးညဉ့်လွန်ရာ၌ ယုံမှားရှိသည်ဖြစ်၍ စစ်တပ်၌ နေအံ့၊ ပါစိတ်အာပတ် သင့်၏။ သုံးညဉ့် လွန်ရာ၌ ယုတ်လျော့၏ ဟု အမှတ်ရှိသည်ဖြစ်၍ စစ်တပ်၌ နေအံ့၊ ပါစိတ်အာပတ် သင့်၏။

သုံးညဉ့်အောက် ယုတ်ရာ၌လွန်၏ ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ သုံးညဉ့်အောက် ယုတ်ရာ၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ သုံးညဉ့်အောက် ယုတ်ရာ၌ ယုတ်၏ ဟု အမှတ်ရှိအံ့၊ အာပတ် မသင့်။

၁၂၁။ နှစ်ညဉ့် သုံးညဉ့်တို့ပတ်လုံးနေအံ့၊ နှစ်ညဉ့် သုံးညဉ့်အောက် ယုတ်လျော့၍ နေအံ့၊ နှစ်ညဉ့် နေပြီး၍ တတိယညဉ့်၌ အရုဏ်မတက်မီ ထွက်၍ တဖန်နေအံ့၊ နာဖျား၍ နေအံ့၊ သူနာ၏ ပြုဖွယ်ကိစ္စကြောင့် နေအံ့၊ မိမိနေသော စစ်တပ်ကိုမူလည်း အခြားသော စစ်တပ်က ဝိုင်းထားအံ့၊ တစုံ တရာသော ဘေးရန်သည် နှောင့်ယှက်အံ့၊ ဘေးရန်ရှိသောကြောင့် နေအံ့၊ အာပတ် မသင့်၊ ရူးသော ရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

နဝမ သေနာဝါသသိက္ခာပုဒ် ပြီး၏။

---

## ၅-အစေလကဝဂ် ၁၀-ဥယျောဓိကသိက္ခာပုဒ်

၁၂၂။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံ ဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် နှစ်ညဉ့် သုံးညဉ့်ပတ်လုံး စစ်တပ်၌ နေကုန်လျက် စစ်ထိုးပွဲသို့ရင်း စစ်သည်စစ်ဆေးပွဲသို့ရင်း စစ်ဆင်ပွဲသို့ရင်း စစ်အင်ကျင်းပွဲသို့ရင်း သွားကုန်၏။ ဆဗ္ဗဂ္ဂီရဟန်းတပါးသည်လည်း စစ်ထိုးပွဲသို့ သွားသောကြောင့် မြှားမှန်၏။

http://www.dhammadownload.com



လူတို့သည် ထိုရဟန်းကို "အသျှင်ဘုရား အဘယ်သို့ပါနည်း ကောင်းစွာ စစ်ထိုးရပါ၏လော၊ အသျှင်သည် အဘယ်မျှသော အဖိုးအခတို့ကို ရပါသနည်း" ဟု ပြက်ရယ်ပြုကုန်၏။ ထိုရဟန်းသည် ထိုလူတို့က ပြက်ရယ်ပြုသောကြောင့် နှလုံးမသာ ဖြစ်၏၊ လူတို့သည် "အဘယ့်ကြောင့် သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်ကုန်သော ရဟန်းတို့သည် စစ်ထိုးပွဲကို ကြည့်ရှုခြင်းငှါ လာကုန်ဘိသနည်း၊ အကြင် ငါတို့သည် အသက်မွေးမှု ဟူသော အကြောင်းကြောင့် သားမယား (မွေးမှု) ဟူသော အကြောင်းကြောင့် စစ်ထိုးပွဲသို့ လာရကုန်၏၊ ထိုငါတို့အားလည်း လူ့အဖြစ်ကို အရတော်သည်မဟုတ်၊ ထိုငါတို့သည် ဤလူ့အဖြစ်ကို မကောင်းသဖြင့် ရအပ်၏" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ရဟန်းတို့သည် ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုကြသော ထိုလူတို့၏ စကားကို ကြားကြသည်သာတည်း။ အလိုနည်းသော ရဟန်းတို့သည် "အဘယ့်ကြောင့် ဆဗ္ဗဂ္ဂီရဟန်းတို့သည် စစ်ထိုးပွဲကို ကြည့်ရှုခြင်းငှါ သွားကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ သင်တို့သည် စစ်ထိုးပွဲကို ကြည့်ရှုခြင်းငှါ သွားကုန်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ သင်တို့သည် အဘယ့်ကြောင့် စစ်ထိုးပွဲကို ကြည့်ရှုခြင်းငှါ သွားကုန်ဘိသနည်း။ (မဂ်ဖိုလ်မှ) အချည်းနှီး ဖြစ်သော ယောကျ်ားတို့ ဤ(သင်တို့ပြုမိသော အမှု)သည် မကြည်ညိုသေးသောသူတို့အား ကြည်ညိုစေခြင်းငှါ၊ရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

၉၉။ ၅၀-၃၂၃။ "**နှစ်ညဉ့်သုံးညဉ့်ပတ်လုံး စစ်တပ်၌နေသော ရဟန်းသည် စစ်ထိုးပွဲသို့ရင်း စစ်သည်စစ်ဆေးပွဲသို့ရင်း စစ်ဆင်ပွဲသို့ရင်း စစ်အင်ကျင်းပွဲသို့ရင်း သွားငြားအံ့၊(ထိုရဟန်းအား) ပါစိတ်အာပတ် သင့်၏**" ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

## ၁၀-ဥယျောဓိကသိက္ခာပုဒ် အဖွင့်

၃၂၄။ **နှစ်ညဉ့် သုံးညဉ့်ပတ်လုံး စစ်တပ်၌နေသော ရဟန်း** ဟူသည် နှစ်ညဉ့် သုံးညဉ့်တို့ပတ်လုံး နေသော ရဟန်းတည်း။

**စစ်ထိုးပွဲ** မည်သည် ထိုးပစ် တိုက်ခိုက်ရာ အရပ်တည်း။

**စစ်သည် စစ်ဆေးပွဲ** မည်သည် ဆင်တို့သည် ဤမျှ ရှိကုန်၏၊ မြင်းတို့သည် ဤမျှ ရှိကုန်၏၊ ရထားတို့သည် ဤမျှ ရှိကုန်၏၊ ခြေသည်သူရဲတို့သည် ဤမျှ ရှိကုန်၏ ဟု ရေတွက်ခြင်းတည်း။

**စစ်ဆင်ပွဲ** မည်သည် ဤအရပ်မှ ဆင်တို့ နေစေကုန်၊ ဤအရပ်မှ မြင်းတို့ နေစေကုန်၊ ဤအရပ်မှ ရထားတို့ နေစေကုန်၊ ဤအရပ်မှ ခြေသည်သူရဲတို့ နေစေကုန် ဟု ခင်းကျင်းစီစဉ်ခြင်းတည်း။

**စစ်အင်္ဂါ** မည်သည် ဆင်အပေါင်း မြင်းအပေါင်း ရထားအပေါင်း ခြေသည်သူရဲအပေါင်းတည်း။

http://www.dhammadownload.com



သုံးစီးသော ဆင်တို့သည် အယုတ်ဆုံး ဆင်တပ် မည်၏၊ သုံးစီးသော မြင်းတို့သည် အယုတ်ဆုံး မြင်းတပ်မည်၏၊ သုံးစီးသော ရထားတို့သည် အယုတ်ဆုံး ရထားတပ် မည်၏၊ မြားလက်စွဲသော ယောကျ်ားလေးယောက်တို့သည် အယုတ်ဆုံး ခြေလျင်တပ် မည်၏။

ကြည့်ရှုခြင်းငှါ သွားအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ အကြင်မြင်လောက်သော အရပ်၌ ရပ်၍ ကြည့်အံ့၊ ပါစိတ်အာပတ် သင့်၏။ မြင်လောက်သော ဥပစာကို စွန့်၍ အဖန်တလဲလဲကြည့်အံ့၊ ပါစိတ် အာပတ် သင့်၏။

တခုတခုသော စစ်အင်္ဂါကို ကြည့်ခြင်းငှါ သွားအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ အကြင်အရပ်၌ရပ်၍ ကြည့်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ မြင်လောက်သော ဥပစာကို စွန့်၍ အဖန်တလဲလဲ ကြည့်အံ့၊ ဒုက္ကဋ် အာပတ် သင့်၏။

၃၂၅။ အရံ၌ ရပ်တည်လျက်ကြည့်အံ့၊ ရဟန်း၏ ရပ်သော နေရာသို့သော်၎င်း ထိုင်သော နေရာသို့သော်၎င်း အိပ်သော နေရာသို့သော်၎င်း လာရောက်၍ စစ်ထိုးသည်ကို ကြည့်အံ့၊ ခရီးရင်ဆိုင်သွားစဉ် တွေ့မြင်အံ့၊ ပြုဖွယ်ကိစ္စရှိ၍ သွားရာ တွေ့မြင်အံ့၊ ဘေးရန်ရှိသော အခါတို့၌ တွေ့မြင်အံ့၊ အာပတ် မသင့်၊ ရူးသော ရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

ဒသမ ဥယျောဓိကသိက္ခာပုဒ် ပြီး၏။

**ပဉ္စမ အစေလကဝဂ် ပြီး၏။**

## ထို အစေလကဝဂ်၏ အကျဉ်းချုပ်

မုန့်ပေးသောသိက္ခာပုဒ် ဥပနန္ဒ၏ စကားနှင့်စပ်ဆိုင်သောသိက္ခာပုဒ် သုံးပါးသောသိက္ခာပုဒ် အလုပ်အကျွေးနှင့်စပ်သောသိက္ခာပုဒ် မဟာနာမသိက္ခာပုဒ် ပသေနဒီသိက္ခာပုဒ် စစ်တပ်၌နေသော သိက္ခာပုဒ် မြားမှန်သောသိက္ခာပုဒ် ဤဆယ်ပါးတို့တည်း။

ဤကား အကျဉ်းချုပ်တည်း။

---

## ၆-သုရာပါနဝဂ် ၁-သုရာပါနသိက္ခာပုဒ်

၃၂၆။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် စေတီယတိုင်း၌ ဒေသစာရီ လှည့်လည်သည်ရှိသော် ဘဒ္ဒဝတိကာရွာသို့ ရောက်တော်မူ၏။ နွားကျောင်းသား ဆိတ်ကျောင်းသား လယ်ထွန်သမား ခရီးသွားသော သူတို့သည် အဝေးကပင်လျှင် မြတ်စွာဘုရား ကြွလာတော်မူသည်ကို မြင်၍ "အသျှင်ဘုရား သရက်ပင်ဆိပ်သို့ ကြွတော်မမူပါလင့် သရက်ပင်ဆိပ် ရသေ့၏ ကျောင်းသခ်မ်း၌ လျှင်သော ကြမ်းသော အဆိပ်ရှိသည့် တန်ခိုးနှင့် ပြည့်စုံသော နဂါးသည်နေပါ၏ဘုရား၊ ထိုနဂါးသည် မြတ်စွာဘုရားကို မညှဉ်းဆဲပါစေလင့်" ဟု လျှောက်ကုန်၏။ ဤသို့ လျှောက်သည်ရှိသော် မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေတော်မူ၏။

နှစ်ကြိမ်မြောက်လည်း။ပ။ သုံးကြိမ်မြောက်လည်း နွားကျောင်းသား ဆိတ်ကျောင်းသား လယ်ထွန်သမား ခရီးသွားသော သူတို့သည် မြတ်စွာဘုရားကို "အသျှင်ဘုရား သရက်ပင်ဆိပ်သို့

http://www.dhammadownload.com



ကြွတော်မမူပါလင့်၊ အသျှင်ဘုရား သရက်ပင်ဆိပ် ရသေ့၏ ကျောင်းသခ်မ်း၌ လျင်သော ကြမ်းသော အဆိပ်ရှိသည့် တန်ခိုးနှင့် ပြည့်စုံသော နဂါးသည် နေပါ၏ဘုရား၊ ထိုနဂါးသည် မြတ်စွာဘုရားကို မညှဉ်းဆဲပါစေလင့်" ဟု လျှောက်ကုန်၏။ သုံးကြိမ်မြောက်လည်း မြတ်စွာဘုရားသည် ဆိတ်ဆိတ် နေတော်မူ၏။

ထိုအခါ မြတ်စွာဘုရားသည် အစဉ်အတိုင်း ဒေသစာရီ လှည့်လည်သည်ရှိသော် ဘဒ္ဒဝတိကာရွာသို့ ဆိုက်ရောက်တော်မူ၍ ထိုဘဒ္ဒဝတိကာရွာ၌ပင် သီတင်းသုံးနေတော်မူ၏။

ထိုအခါ အသျှင်သာဂတသည် သရက်ပင်ဆိပ် ရသေ့ကျောင်းသခ်မ်းသို့ ချဉ်းကပ်လျက် မီးတင်းကုပ်သို့ ဝင်၍ မြက်ဖျာကို ခင်းပြီးလျှင် ထက်ဝယ်ဖွဲ့ခွေနေကာ ကိုယ်ကို ဖြောင့်မတ်စွာ ထားလျက် ကမ္မဋ္ဌာန်းသို့ ရှေးရှုသတိကို ဖြစ်စေ၍ ထိုင်၏။

ထိုအခါ နဂါးသည် အသျှင်သာဂတဝင်လာသည်ကို မြင်၍ နှလုံးမသာယာသဖြင့် အခိုးလွှတ်၏၊ အသျှင်သာဂတသည်လည်း အခိုးလွှတ်၏၊ ထိုအခါ နဂါးသည် အမျက်ဒေါသကို သည်းမခံနိုင်၍ အလျှံလွှတ်၏၊ အသျှင်သာဂတသည်လည်း တေဇောကသိဏ်းကို ဝင်စား၍ အလျှံလွှတ်၏၊ ထိုအခါ အသျှင်သာဂတသည် နဂါး၏ တန်ခိုးကို (မိမိ၏) တန်ခိုးဖြင့် ကုန်စေ၍ ဘဒ္ဒဝတိကာရွာသို့ ချဉ်းကပ်၏။

ထိုအခါ မြတ်စွာဘုရားသည် ဘဒ္ဒဝတိကာရွာ၌ မွေ့လျော်တော်မူသမျှ သီတင်းသုံးနေတော်မူပြီးလျှင် ကောသမ္ဗီပြည်သို့ ဒေသစာရီ လှည့်လည်ကြွသွားတော်မူ၏။ ကောသမ္ဗီပြည်သား ဥပါသကာတို့သည် "သရက်ပင်ဆိပ်၌ နေသော နဂါးနှင့်အတူ အသျှင်သာဂတသည် စစ်ထိုးသတတ်" ဟု ကြားကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် အစဉ်အတိုင်း ဒေသစာရီ လှည့်လည်တော် မူသည်ရှိသော် ကောသမ္ဗီပြည်သို့ ရောက်တော်မူ၏။ ထိုအခါ ကောသမ္ဗီပြည်သား ဥပါသကာတို့သည် မြတ်စွာဘုရားအား ခရီးဦးကြိုဆို၍ အသျှင်သာဂတထံသို့ ချဉ်းကပ်ပြီးနောက် အသျှင်သာဂတကို ရှိခိုးပြီးလျှင် တခုသောနေရာ၌ ရပ်ကုန်လျက် "အသျှင်ဘုရား အသျှင်ဘုရားတို့အား အဘယ်ဝတ္ထုပစ္စည်းသည် ရခဲပါသနည်း၊ နှစ်ခြိုက်ဖွယ်လည်း ဖြစ်ပါသနည်း၊ အဘယ်ဝတ္ထုပစ္စည်းကို စီရင်ရပါကုန်အံ့နည်း" ဟု လျှောက်ကုန်၏။

ဤသို့ လျှောက်သည်ရှိသော် ဆဗ္ဗဂ္ဂီရဟန်းတို့သည် ကောသမ္ဗီပြည်သား ဥပါသကာတို့ကို "ဒါယကာတို့ ကာပေါတိက အမည်ရှိသော 'ခိုခြေအဆင်းနှင့် အတူ နီသော အဆင်းရှိသော' ကြည်လင်သော သေအရက်သည် ရဟန်းတို့အား ရလည်းရခဲ၏၊ နှစ်ခြိုက်ဖွယ်လည်း ဖြစ်၏၊ ထိုသေအရက်ကို စီရင်ကုန်လော့" ဟု ပြောဆိုကုန်၏။

ထိုအခါ ကောသမ္ဗီပြည်သား ဥပါသကာတို့သည် အိမ်တိုင်း အိမ်တိုင်း၌ ကာပေါတိက မည်သော ကြည်လင်သော သေအရက်ကို စီရင်ပြီးလျှင် ဆွမ်းခံဝင်လာသော အသျှင်သာဂတကို မြင်၍ "အသျှင်ဘုရား အသျှင်သာဂတသည် ကာပေါတိက မည်သော ကြည်လင်သော သေအရက်ကို သောက်တော်မူပါလော့၊ အသျှင်ဘုရား အသျှင်သာဂတသည် ကာပေါတိက မည်သော ကြည်လင်သော သေအရက်ကို သောက်တော်မူပါလော့" ဟု အသျှင်သာဂတကို လျှောက်ကုန်၏။ ထိုအခါ အသျှင်သာဂတသည် အိမ်တိုင်းအိမ်တိုင်း၌ ကာပေါတိက မည်သော ကြည်လင်သော သေအရက်ကို သောက်၍ မြို့မှ ထွက်လာသည် ရှိသော် မြို့တံခါးဝ၌ လဲကျ 'တိမ်းလည်း' လေ၏။

http://www.dhammadownload.com



ထိုအခါ မြတ်စွာဘုရားသည် များစွာသော ရဟန်းတို့နှင့်အတူ မြို့မှ ထွက်လာသည်ရှိသော် မြို့တံခါးဝ၌ လဲနေသော အသျှင်သာဂတကို မြင်၍ ရဟန်းတို့ကို "ရဟန်းတို့ သာဂတကို ယူဆောင်ခဲ့ကုန်လော့"ဟု မိန့်တော်မူ၏။ ထိုရဟန်းတို့သည် "ကောင်းပါပြီ အသျှင်ဘုရား" ဟု မြတ်စွာဘုရားအား ဝန်ခံကြပြီးလျှင် အသျှင်သာဂတကို ကျောင်းအရံသို့ ဆောင်ယူခဲ့၍ မြတ်စွာဘုရား ရှိတော်မူရာ အရပ်သို့ ခေါင်းပြုလျက် အိပ်စေကုန်၏၊ ထိုအခါ အသျှင်သာဂတသည် ပြန်လှန်၍ မြတ်စွာဘုရား ရှိတော်မူရာ အရပ်ကို ခြေရင်းပြုလျက် အိပ်လေ၏။

ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို "ရဟန်းတို့ ရှေးအခါ၌ သာဂတသည် ငါဘုရား၌ ရိုသေခြင်း တုံ့ဝပ်ခြင်း ရှိသည် မဟုတ်ပါလော" ဟု မေးတော်မူ၏။

အသျှင်ဘုရား ရိုသေခြင်း တုံ့ဝပ်ခြင်း ရှိသည် မှန်ပါ၏ ဟု (လျှောက်ကုန်၏)။

ရဟန်းတို့ သာဂတသည် ယခုအခါ ငါဘုရား၌ ရိုသေခြင်း တုံ့ဝပ်ခြင် ရှိသေး၏လော ဟု (မေးတော်မူ၏)။

အသျှင်ဘုရား ရိုသေခြင်း တုံ့ဝပ်ခြင်း မရှိတော့ပါ ဟု (လျှောက်ကုန်၏)။

ရဟန်းတို့ သာဂတသည် သရက်ပင်ခံဘိပ်၌ နေသော နဂါးနှင့်အတူ စစ်ထိုးသည် မဟုတ်ပါလော ဟု (မေးတော်မူ၏)။

အသျှင်ဘုရား ဤသို့ စစ်ထိုးသည် မှန်ပါ၏ ဟု (လျှောက်ကုန်၏)။ ရဟန်းတို့ ယခုအခါ သာဂတသည် နဂါးနှင့်အတူ စစ်ထိုးခြင်းငှါ စွမ်းနိုင်ပါဦးမည်လော ဟု (မေးတော်မူ၏)။

အသျှင်ဘုရား မစွမ်းနိုင်တော့ပါ ဟု (လျှောက်ကုန်၏)။ ရဟန်းတို့ အကြင် သေအရက်ကို သောက်၍ (မူးယစ်သောကြောင့်) အမှတ်သညာ ကင်းရာ၏ 'မိန်းမော တွေဝေရာ၏'၊ ထိုသေအရက်ကို သောက်သင့်ပါ၏လော ဟု (မေးတော်မူ၏)။

အသျှင်ဘုရား မသောက်သင့်ပါ ဟု (လျှောက်ကုန်၏)။

ရဟန်းတို့ သာဂတအား မလျော်ကပတ် မလျော်ကန် မသင့်တင့် ရဟန်းတို့၏ အပြုအမူ မဟုတ် မ...ပ် မပြုသင့်၊ ရဟန်းတို့ အဘယ့်ကြောင့် သာဂတသည် သေအရက်ကို သောက်ဘိသနည်း။ ရဟန်းတို့ ဤ(သာဂတပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

၁၀၀။ ၅၁-၃၂၇။ "သေအရက်ကို သောက်ခြင်းကြောင့် ပါစိတ်အာပတ် သင့်၏" ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

## ၁-သုရာပါနသိက္ခာပုဒ် အဖွင့်

၃၂၈။ သေ မည်သည် မုံ့ညက်ဖြင့်ပြုသောသေ မုံ့ဖြင့်ပြုသောသေ ထမင်းဖြင့်ပြုသောသေ တဆေးခပ်၍ ပြုသောသေ အထူးထူးသော အရာဝတ္ထုတို့နှင့် ယှဉ်စေ၍ ပြုသော သေတည်း။

အရက် မည်သည် အပွင့်ဖြင့်ပြုသောအရက် အသီးဖြင့်ပြုသောအရက် ပျားရည်ဖြင့်ပြုသော အရက် ထန်းလျက် တင်လဲဖြင့်ပြုသောအရက် အထူးထူးသော အရာဝတ္ထုတို့နှင့် ယှဉ်စေ၍ ပြုသော အရက်တည်း။

http://www.dhammadownload.com



သောက်ပြားအံ့ ဟူသည် အယုတ်သဖြင့် သနင်္မြက်ဖျားဖြင့်သော်လည်း သောက်အံ့၊ ပါစိတ် အာပတ် သင့်၏။

သေအရက်၌ သေအရက် ဟု အမှတ်ရှိသည်ဖြစ်၍ သောက်အံ့၊ ပါစိတ်အာပတ် သင့်၏။ သေ အရက်၌ ယုံမှားရှိသည်ဖြစ်၍ သောက်အံ့၊ ပါစိတ်အာပတ် သင့်၏။ သေအရက်၌ သေအရက် မဟုတ် ဟု အမှတ်ရှိသည်ဖြစ်၍ သောက်အံ့၊ ပါစိတ်အာပတ် သင့်၏။

သေအရက် မဟုတ်သည်၌ သေအရက် ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ သေအရက် မဟုတ်သည်၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ သေအရက် မဟုတ်သည်၌ သေအရက် မဟုတ် ဟု အမှတ်ရှိအံ့၊ အာပတ် မသင့်။

၃၂၉။ သေအရက် မဟုတ်ပဲ သေအရက်၏အဆင်း သေအရက်၏ အနံ့ သေအရက်၏ အရသာ ရှိသော အဖျော်ကို သောက်အံ့၊ ဟင်းချက်ရာ၌ငှင်း စမဲဟင်းလျာ ချက်ရာ၌ငှင်း ဆီချက်ရာ၌ငှင်း သျှိသျှား (ဖန်ခါး) တင်လဲ၌ငှင်း (အနံ့ကောင်းစိမ့်သောငှါ သေအရက်အနည်းငယ် ထည့်ချက်၍ စားအံ့)၊ သေအရက် မဟုတ်သော အရိဋ္ဌ မည်သော (ဆေးနက်ရေ) အဖျော်ကို သောက်အံ့၊ အာပတ် မသင့်၊ ရူးသောရဟန်း အစလက်ဦး လွန်းကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

ပဉ္စမ သုရာပါနသိက္ခာပုဒ် ပြီး၏။

---

## ၆-သုရာပါနဝဂ် ၂-အင်္ဂုလိပတောဒကသိက္ခာပုဒ်

၃၃၀။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံ ဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် သတ္တရသ ဝဂ္ဂီဂိုဏ်းသား ရဟန်းကို လက်ချောင်းထိုးသဖြင့် 'ကလိထိုးသဖြင့်' ရယ်ရွှင်စေကုန်၏။ ထိုရဟန်းသည် ပင်ပန်းသည်ဖြစ်၍ ထွက်သက် ဝင်သက် ပြတ်သောကြောင့် သေလေ၏။ အလိုနည်းသော ရဟန်းတို့ သည် "အဘယ့်ကြောင့် ဆဗ္ဗဂ္ဂီရဟန်းတို့သည် ရဟန်းကို လက်ချောင်းထိုးသဖြင့် 'ကလိထိုးသဖြင့်' ရယ်ရွှင်စေကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ သင်တို့သည် ရဟန်းကို လက်ချောင်းထိုးသဖြင့် 'ကလိထိုးသဖြင့်' ရယ်ရွှင်စေကုန်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ (မင်္ဂဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျာ်းတို့ သင်တို့သည် အဘယ့်ကြောင့် ရဟန်းကို လက်ချောင်းထိုးသဖြင့် 'ကလိထိုးသဖြင့်' ရယ်ရွှင်စေကုန်ဘိသနည်း။ (မင်္ဂဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျာ်းတို့ ဤ (သင်တို့ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ မဖြစ်။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

၁၀၁။ ၅၂-၃၃၁။ "လက်ချောင်းထိုး 'ကလိထိုး' ခြင်းကြောင့် ပါစိတ်အာပတ် သင့်၏" ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

## ၂-အင်္ဂုလိပတောဒကသိက္ခာပုဒ် အဖွင့်

၃၃၂။ လက်ချောင်းထိုး မည်သည် ရဟန်းသည် ရဟန်းကို ရယ်ရွှင်စေလိုသည်ဖြစ်၍ မိမိကိုယ်ဖြင့် သူတပါးကိုယ်ကို သုံးသပ်အံ့၊ ပါစိတ်အာပတ် သင့်၏။ ရဟန်း၌ ရဟန်း ဟု အမှတ်ရှိသည်ဖြစ်၍ လက်ချောင်းထိုးသဖြင့် ရွှင်စေအံ့၊ ပါစိတ်အာပတ် သင့်၏။

ရဟန်း၌ ယုံမှားရှိသည်ဖြစ်၍ လက်ချောင်းထိုးသဖြင့် ရွှင်စေအံ့၊ ပါစိတ်အာပတ် သင့်၏။ ရဟန်း၌ ရဟန်းမဟုတ် ဟု အမှတ်ရှိသည်ဖြစ်၍ လက်ချောင်းထိုးသဖြင့် ရွှင်စေအံ့၊ ပါစိတ်အာပတ် သင့်၏။

ကိုယ်ဖြင့် ကိုယ်နှင့်စပ်သော ဝတ္ထုကို သုံးသပ်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ကိုယ်နှင့်စပ်သော ဝတ္ထုဖြင့် ကိုယ်ကိုသုံးသပ်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ကိုယ်နှင့်စပ်သော ဝတ္ထုဖြင့် ကိုယ်နှင့်စပ်သော ဝတ္ထုကို သုံးသပ်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

စွန့်လွှတ်အပ်သော ဝတ္ထုဖြင့် ကိုယ်ကိုသုံးသပ်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ စွန့်လွှတ်အပ်သော ဝတ္ထုဖြင့် ကိုယ်နှင့်စပ်သော ဝတ္ထုကို သုံးသပ်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ စွန့်လွှတ်အပ်သော ဝတ္ထုဖြင့် စွန့်လွှတ်အပ်သော ဝတ္ထုကို သုံးသပ်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

၃၃၃။ ရဟန်းမဟုတ်သူကို ကိုယ်ဖြင့် ကိုယ်ကိုသုံးသပ်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ကိုယ်ဖြင့် ကိုယ်နှင့်စပ်သော ဝတ္ထုကို သုံးသပ်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ကိုယ်နှင့်စပ်သောဝတ္ထုဖြင့် ကိုယ်ကို သုံးသပ်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ကိုယ်နှင့်စပ်သော ဝတ္ထုဖြင့် ကိုယ်နှင့်စပ်သော ဝတ္ထုကိုသုံးသပ်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

စွန့်လွှတ်အပ်သော ဝတ္ထုဖြင့် ကိုယ်ကိုသုံးသပ်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ စွန့်လွှတ်အပ်သော ဝတ္ထုဖြင့် ကိုယ်နှင့်စပ်သော ဝတ္ထုကို သုံးသပ်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ စွန့်လွှတ်အပ်သော ဝတ္ထုဖြင့် စွန့်လွှတ်အပ်သော ဝတ္ထုကို သုံးသပ်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ရဟန်းမဟုတ်သူ၌ ရဟန်း ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ရဟန်းမဟုတ်သူ၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ရဟန်းမဟုတ်သူ၌ ရဟန်းမဟုတ် ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

၃၃၄။ ရယ်ရွှင်စေလိုသော သဘောမရှိပဲ သုံးသပ်အံ့၊ အကြောင်းရှိ၍ သုံးသပ်အံ့၊ အာပတ် မသင့်၊ ရူးသောရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

ဒုတိယ အင်္ဂုလိပတောဒကသိက္ခာပုဒ် ပြီး၏။

---

## ၆-သုရာပါနဝဂ် ၁-ဟသဓမ္မသိက္ခာပုဒ်

၃၃၅။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ သတ္တရသဝဂ္ဂီ ရဟန်းတို့သည် အစိရဝတီ မြစ်ရေ၌ (မြူးထူးပျော်ပါး) ကစားကုန်၏။

http://www.dhammadownload.com



ထိုအခါ ပသေနဒီကောသလ မင်းကြီးသည် မလ္လိကာ မိဖုရားနှင့်အတူ မြတ်သော ပြာသာဒ် ထက်၌စံနေ၏၊ ပသေနဒီကောသလ မင်းကြီးသည် အစိရဝတီ မြစ်ရေ၌ (မျှုးထူးပျော်ပါး) ကစား နေကုန်သော သတ္တရသဝဂ္ဂီ ရဟန်းတို့ကို မြင်၍ မလ္လိကာ မိဖုရားကို "မလ္လိကာ သင်၏ ဤရဟန္တာ တို့သည် ရေ၌ (မျှုးထူးပျော်ပါး) ကစား၍နေကုန်၏" ဟု ပြောဆို၏။

မင်းကြီး စင်စစ် မြတ်စွာဘုရားသည် သိက္ခာပုဒ်တော်ကို မပညတ်ရသေး၍သော်လည်း ဖြစ်ရာ၏၊ ထိုရဟန်းတို့က (သိက္ခာပုဒ်တော်ကို) မသိသေး၍သော်လည်း ဖြစ်ကုန်ရာ၏ ဟု (ပြောဆို၏)။

ထိုအခါ ပသေနဒီကောသလ မင်းကြီးအား "ငါကလည်း မြတ်စွာဘုရားအား (တိုက်ရိုက်) မလျှောက်ထားပဲ မြတ်စွာဘုရားကလည်း ဤရဟန်းတို့သည် ရေ၌ (မျှုးထူးပျော်ပါး) ကစားကုန်၏ ဟု အဘယ်နည်းဖြင့် သိတော်မူရာအံ့နည်း" ဟူ၍ အကြံဖြစ်၏။

ထိုအခါ ပသေနဒီကောသလ မင်းကြီးသည် သတ္တရသဝဂ္ဂီ ရဟန်းတို့ကို ပင့်စေပြီးလျှင် ကြီးစွာ သော တင်လဲခဲကိုလှူ၍ "အသျှင်ဘုရားတို့ ဤတင်လဲခဲကို မြတ်စွာဘုရားအား လှူပါကုန်လော့" ဟု (လျှောက်၏)။

သတ္တရသဝဂ္ဂီရဟန်းတို့သည် တင်လဲခဲကိုယူ၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် "အသျှင် ဘုရား ပသေနဒီကောသလ မင်းကြီးသည် မြတ်စွာဘုရားအား ဤတင်လဲခဲကို လှူလိုက်ပါ၏" ဟု လျှောက်ကုန်၏။

ရဟန်းတို့ ပသေနဒီကောသလ မင်းကြီးသည် အဘယ်အရပ်မှာ သင်တို့ကိုမြင်သနည်း ဟု (မေးတော်မူရာ)—

အသျှင်ဘုရား အစိရဝတီ မြစ်ရေ၌ (မျှုးထူးပျော်ပါး) ကစားနေကြစဉ် မြင်ပါ၏ ဟု (လျှောက် ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ သင်တို့သည် အဘယ့်ကြောင့် ရေ၌ (မျှုးထူးပျော်ပါး) ကစားကုန်ဘိသနည်း။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ ဤ (သင်တို့ပြုမိသော အမှု) သည် မကြည်ညိုသေး သော သူတို့အား ကြည်ညိုစေခြင်းငှါ်မဟုတ်။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

**၁၀၂။ ၅၃-၃၃၆။ "ရေ၌ မျှုးထူးပျော်ပါး ကစားခြင်းကြောင့် ပါစိတ်အာပတ် သင့်၏"** ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

## ၃-ဟာသဓမ္မသိက္ခာပုဒ် အဖွင့်

၃၃၇။ ရေ၌ မျှုးထူးပျော်ပါး ကစားခြင်း မည်သည် ဖမျက်၏ အထက် (နက်သော) ရေ၌ မျှုးထူးပျော်ပါး ကစားလိုသည်ဖြစ်၍ ငုပ်မူလည်း ငုပ်အံ့၊ ပေါ်မူလည်း ပေါ်အံ့၊ ကူးသွားမူလည်း ကူးသွားအံ့၊ ပါစိတ်အာပတ် သင့်၏။

၃၃၈။ ရေ၌ မျှုးထူးပျော်ပါး ကစားခြင်း၌ မျှုးထူးပျော်ပါး ကစား၏ ဟု အမှတ်ရှိအံ့၊ ပါစိတ် အာပတ် သင့်၏။

http://www.dhammadownload.com



ရေ၌ မြူးထူးပျော်ပါး ကစားခြင်း၌ ယုံမှားရှိအံ့၊ ပါစိတ်အာပတ် သင့်၏။ ရေ၌ မြူးထူးပျော်ပါး ကစားခြင်း၌ မြူးထူးပျော်ပါး မကစား ဟု အမှတ်ရှိအံ့၊ ပါစိတ်အာပတ် သင့်၏။

ဖမျက်အောက် (တိမ်သော) ရေ၌ မြူးထူးပျော်ပါး ကစားအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ရေ၌ လှေဖြင့်ကစားအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ လက်ဖြင့်သော်၎င်း ခြေဖြင့်သော်၎င်း သစ်သားဖြင့်သော်၎င်း အိုးခြမ်းဖြင့်သော်၎င်း ရေကိုပုတ်ခတ်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

အိုးခွက်၌ ရှိသော ရေကိုသော်၎င်း ဆန်ပုံးရည်ကိုသော်၎င်း နို့ရည်ကိုသော်၎င်း ရက်တက်ရည်ကိုသော်၎င်း ဆိုးရည်ကိုသော်၎င်း ကျင်ငယ်ကိုသော်၎င်း ရွှံ့ရည်ကိုသော်၎င်း မြူးထူးပျော်ပါးကစားအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ရေ၌ မြူးထူးပျော်ပါး မကစားသည်၌ မြူးထူးပျော်ပါး ကစား၏ ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ရေ၌ မြူးထူးပျော်ပါး မကစားသည်၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ရေ၌ မြူးထူးပျော်ပါး မကစားသည်၌ မြူးထူးပျော်ပါး မကစား ဟု အမှတ်ရှိအံ့၊ အာပတ် မသင့်။

၃၃၉။ မြူးထူးပျော်ပါး မကစားလိုသော သဘောဖြင့်သော်၎င်း၊ အကြောင်းကိစ္စ ရှိခဲ့သော်၎င်း ရေသို့သက်ဆင်း၍ ငုပ်မူလည်း ငုပ်အံ့၊ ပေါ်မူလည်း ပေါ်အံ့၊ ကူးသွားမူလည်း ကူးသွားအံ့၊ အာပတ် မသင့်။ တဖက်ကမ်းသို့ သွားလိုသောကြောင့် ငုပ်သော်၎င်း ပေါ်သော်၎င်း ကူးသွားသော်၎င်း အာပတ် မသင့်၊ ဘေးရန်တို့ကြောင့် အာပတ် မသင့်၊ ရူးသောရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

တတိယ ဟာသဓမ္မသိက္ခာပုဒ် ပြီး၏။

---

## ၆-သုရာပါနဝဂ် ၄-အနာဒရိယသိက္ခာပုဒ်

၃၄၀။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ အသျှင် ဆန္နသည် မကျင့်အပ်သော အကျင့်ကို ပြုကျင့်၏။ ရဟန်းတို့သည် "ငါ့သျှင် ဆန္န ဤသို့သဘောရှိသော အမှုကို မပြုပါလင့်၊ ဤအမှုသည် ရဟန်းတို့အား မအပ်" ဟု ပြောဆိုကုန်၏။ ထိုအသျှင်ဆန္နသည် မရိုသေခြင်းကို စွဲ၍ ပြုကျင့်မြဲ ပြုကျင့်သည်သာလျှင်တည်း။

အလိုနည်းသော ရဟန်းတို့သည် "အဘယ့်ကြောင့် အသျှင်ဆန္နသည် မရိုသေခြင်းကို ပြုဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ဆန္န သင်သည် မရိုသေခြင်းကို ပြု၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သောယောကျ်ား သင်သည် အဘယ့်ကြောင့် မရိုသေခြင်းကို ပြုဘိသနည်း။ (မဂ်ဖိုလ်မှ) အချည်းနှီး

http://www.dhammadownload.com



ဖြစ်သောယောက်ျား ဤ (သင်ပြမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညို စေခြင်းငှါရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

၁၀၃။ ၃၄-၃၄၁။ "မရိုသေခြင်းကြောင့် ပါစိတ်အာပတ် သင့်၏" ဤသို့ (ပြကြကုန် လော့ ဟု မိန့်တော်မူ၏)။

## ၄-အနာဒရိယသိက္ခာပုဒ် အဖွင့်

၃၄၂။ **မရိုသေခြင်း** မည်သည်ပုဂ္ဂိုလ်၌ မရိုသေခြင်း တရားတော်၌ မရိုသေခြင်း ဟူ၍ မရိုသေ ခြင်း နှစ်မျိုးရှိ၏။

**ပုဂ္ဂိုလ်၌ မရိုသေခြင်း** မည်သည် ရဟန်းတပါးက ပညတ်တော်ဖြင့် ပြောဆိုလာသည်ရှိသော် (အပြောခံရသော ရဟန်းက) "ဤ (ပြောဆိုလာသူ) ရဟန်းသည် နှင်ထုတ်အပ်သူတည်း၊ ရှုတ်ချ အပ်သူတည်း၊ ကဲ့ရဲ့အပ်သူတည်း၊ ဤ (ပြောဆိုလာသူ) ရဟန်း၏ စကားကို လိုက်နာသင့်သည် မဟုတ်" ဟု မရိုသေခြင်းကိုပြုအံ့၊ ပါစိတ်အာပတ် သင့်၏။

**တရားတော်၌ မရိုသေခြင်း** မည်သည် ရဟန်းတပါးက ပညတ်တော်ဖြင့် ပြောဆိုလာသည် ရှိသော် ဤတရားသည် အဘယ်သို့လျှင် ပျောက်မှုလည်း ပျောက်ရာအံ့နည်း ပျက်စီးမှုလည်း ပျက်စီး ရာအံ့နည်း ကွယ်မှုလည်း ကွယ်ရာအံ့နည်း ဟု သော်၎င်း ထိုပညတ်တော်ကို မကျင့်လို၍ သော်၎င်း မရိုသေခြင်းကို ပြုအံ့၊ ပါစိတ်အာပတ် သင့်၏။

၃၄၃။ ရဟန်း၌ ရဟန်း ဟု အမှတ်ရှိသည်ဖြစ်၍ မရိုသေခြင်းကို ပြုအံ့၊ ပါစိတ်အာပတ် သင့်၏။ ရဟန်း၌ ယုံမှားရှိသည်ဖြစ်၍ မရိုသေခြင်းကို ပြုအံ့၊ ပါစိတ်အာပတ် သင့်၏။ ရဟန်း၌ ရဟန်း မဟုတ် ဟု အမှတ်ရှိသည်ဖြစ်၍ မရိုသေခြင်းကိုပြုအံ့၊ ပါစိတ်အာပတ် သင့်၏။

ပညတ်တော် မဟုတ်သော စကားဖြင့် ပြောဆိုလာသည်ရှိသော် "ဤစကားသည် ခေါင်းပါး ခြင်းငှါမဖြစ် ကိလေသာကို ခါထုတ်ခြင်းငှါမဖြစ် ကြည်ညိုဖွယ်ကို ဆောင်ခြင်းငှါမဖြစ် ကိလေသာကို ဖျက်ဆီးခြင်းငှါမဖြစ် လုံ့လကို အားထုတ်ခြင်းငှါ မဖြစ်" ဟု မရိုသေခြင်းကို ပြုအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ရဟန်းမဟုတ်သောသူသည် ပညတ်တော်ဖြင့်သော်၎င်း ပညတ်တော် မဟုတ်သော စကားဖြင့် သော်၎င်း ပြောဆိုလာသည်ရှိသော် "ဤစကားသည် ခေါင်းပါးခြင်းငှါမဖြစ် ကိလေသာကို ခါထုတ် ခြင်းငှါမဖြစ် ကြည်ညိုဖွယ်ကို ဆောင်ခြင်းငှါမဖြစ် ကိလေသာကို ဖျက်ဆီးခြင်းငှါမဖြစ် လုံ့လကို အားထုတ်ခြင်းငှါမဖြစ်" ဟု မရိုသေခြင်းကို ပြုအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ရဟန်းမဟုတ်သောသူ၌ ရဟန်း ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ရဟန်းမဟုတ်သူ၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ရဟန်းမဟုတ်သောသူ၌ ရဟန်း မဟုတ် ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ် အာပတ် သင့်၏။

http://www.dhammadownload.com



၃၄၄။ "ငါတို့ ဆရာများ၏ ပါဠိသင်ခြင်းသည် ဤသို့ ဖြစ်၏၊ အဋ္ဌကထာ သင်ခြင်းသည် ဤသို့ ဖြစ်၏" ဟု ဆိုအံ့၊ အာပတ် မသင့်၊ ရူးသောရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

တတ္ထ အနာဒရိယသိက္ခာပုဒ် ပြီး၏။

---

## ၆-သုရာပါနဝဂ် ၅-ဘိံသာပနသိက္ခာပုဒ်

၃၄၅။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံ ဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် သတ္တရသဝဂ္ဂီ ရဟန်းတို့ကို ခြောက်လှန့်ကုန်၏၊ ခြောက်လှန့်ခံရသော ထိုသတ္တရသဝဂ္ဂီ ရဟန်းတို့သည် ငိုကုန်၏။

ရဟန်းတို့သည် "ငါ့သျှင်တို့ သင်တို့သည် အဘယ့်ကြောင့် ငိုကုန်သနည်း" ဟု မေးကုန်၏။ ငါ့သျှင်တို့ ဤဆဗ္ဗဂ္ဂီရဟန်းတို့သည် ငါတို့ကို ခြောက်လှန့်ကုန်၏ ဟု (ဆိုကုန်၏)။ အလိုနည်းသော ရဟန်းတို့သည် "အဘယ့်ကြောင့် ဆဗ္ဗဂ္ဂီရဟန်းတို့သည် ရဟန်းကို ခြောက်လှန့်ကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ သင်တို့သည် ရဟန်းကို ခြောက်လှန့်ကုန်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ သင်တို့သည် အဘယ့်ကြောင့် ရဟန်းကို ခြောက်လှန့်ကုန်ဘိသနည်း။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ ဤ (သင်တို့ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ ရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

**၁၀၄။ ၅၅-၃၄၆။ "အကြင် ရဟန်းသည် ရဟန်းကို ခြောက်လှန့်ငြားအံ့၊ (ထိုရဟန်းအား) ပါစိတ်အာပတ် သင့်၏"** ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

## ၅-ဘိံသာပနသိက္ခာပုဒ် အဖွင့်

၃၄၇။ **အကြင်** ဟူသည် အကြင်သို့ သဘောရှိသော။ပ။

**ရဟန်း** ဟူသည်။ပ။ ဤအရာ၌ ဤ ဉတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သူကို "ရဟန်း" ဟူ၍ အလိုရှိအပ်၏။

**ရဟန်းကို** ဟူသည် အခြားသော ရဟန်းကို။

**ခြောက်လှန့်ငြားအံ့** ဟူသည် ရဟန်းသည် အခြားရဟန်းကို ခြောက်လှန့်လိုသည်ဖြစ်၍ အဆင်းကိုသော်ရင်း အသံကိုသော်ရင်း အနံ့ကိုသော်ရင်း အရသာကိုသော်ရင်း အတွေ့ကိုသော်ရင်း အနီးသို့

http://www.dhammadownload.com



ဆောင်အံ့၊ ထိုရဟန်းသည် ကြောက်သည်မူလည်း ဖြစ်စေ မကြောက်သည်မူလည်း ဖြစ်စေ၊ ပါစိတ် အာပတ် သင့်၏။

ခိုးသူရှိသော ခရီးခဲကိုသော်၎င်း သားရဲရှိသော ခရီးခဲကိုသော်၎င်း မြေဘုတ်ဘီလူးရှိသောခရီး ခဲကိုသော်၎င်း ပြောကြားအံ့၊ ထိုရဟန်းသည် ကြောက်သည်မူလည်းဖြစ်စေ မကြောက်သည်မူလည်း ဖြစ်စေ ပါစိတ်အာပတ် သင့်၏။

၃၄၈။ ရဟန်း၌ ရဟန်း ဟု အမှတ်ရှိသည်ဖြစ်၍ ခြောက်လှန့်အံ့၊ ပါစိတ်အာပတ် သင့်၏။ ရဟန်း၌ ယုံမှားရှိသည် ဖြစ်၍ ခြောက်လှန့်အံ့၊ ပါစိတ်အာပတ် သင့်၏။ ရဟန်း၌ ရဟန်းမဟုတ် ဟု အမှတ်ရှိသည်ဖြစ်၍ ခြောက်လှန့်အံ့၊ ပါစိတ်အာပတ် သင့်၏။

ရဟန်းမဟုတ်သူကို ခြောက်လှန့်လိုသည်ဖြစ်၍ အဆင်းကိုသော်၎င်း အသံကိုသော်၎င်း အနံ့ကို သော်၎င်း အရသာကိုသော်၎င်း အတွေ့ကိုသော်၎င်း အနီးသို့ဆောင်အံ့၊ ထိုသူသည် ကြောက်သည် မူလည်းဖြစ်စေ မကြောက်သည်မူလည်းဖြစ်စေ၊ ဒုက္ကဋ်အာပတ် သင့်၏။

ခိုးသူရှိသော ခရီးခဲကိုသော်၎င်း သားရဲရှိသော ခရီးခဲကိုသော်၎င်း မြေဘုတ်ဘီလူးရှိသော ခရီး ခဲကိုသော်၎င်း ပြောကြားအံ့၊ ထိုသူသည် ကြောက်သည်မူလည်းဖြစ်စေ မကြောက်သည်မူလည်း ဖြစ်စေ၊ ဒုက္ကဋ်အာပတ် သင့်၏။ ရဟန်းမဟုတ်သူကို ရဟန်း ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ရဟန်း မဟုတ်သူ၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ရဟန်း မဟုတ်သူကို ရဟန်း မဟုတ် ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

၃၄၉။ ခြောက်လှန့်လိုသော သဘောမရှိပဲ အဆင်းကိုသော်၎င်း အသံကိုသော်၎င်း အနံ့ကို သော်၎င်း အရသာကိုသော်၎င်း အတွေ့ကိုသော်၎င်း အနီးသို့ ဆောင်အံ့၊ အာပတ် မသင့်၊ ခိုးသူရှိသော ခရီးခဲကိုသော်၎င်း သားရဲရှိသော ခရီးခဲကိုသော်၎င်း မြေဘုတ်ဘီလူးရှိသော ခရီးခဲကိုသော်၎င်း ပြော ကြားအံ့၊ အာပတ် မသင့်၊ ရူးသောရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

ပဌမ ဘိံသာပနသိက္ခာပုဒ် ပြီး၏။

---

## ၆-သုရာပါနဝဂ် ၆-ဇောတိကသိက္ခာပုဒ်

၃၅၀။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဘဂ္ဂတိုင်း သံသုမာရဂိရိမြို့ သမင် စသော သားကောင်တို့ကို ဘေးမဲ့ပေးရာ ပဲစင်းငုံတော၌ သီတင်းသုံးနေတော်မူသောအခါ ရဟန်းတို့သည် ဆောင်းတွင်း၌ ကြီးမားသော အခေါင်းရှိသော သစ်တုံးတခုကို မီးမွေး၍ လှုံကုန်၏။ ထိုသစ်ခေါင်း၌ မြွေဟောက်သည် မီးပူသောကြောင့် အပြင်သို့ထွက်၍ ရဟန်းတို့ကို လိုက်၏။ ရဟန်းတို့သည် ထိုထို အရပ်တို့သို့ ပြေးကြကုန်၏။

အလိုနည်းသော ရဟန်းတို့သည် "အဘယ့်ကြောင့် ရဟန်းတို့သည် မီးမွေး၍ လှုံကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ ရဟန်းတို့သည် မီးမွေး၍ လှုံကုန်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော် မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

http://www.dhammadownload.com



ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ထိုယောကျ်ားတို့သည် အဘယ့်ကြောင့် မီးမွေး၍ လှုံကုန်ဘိသနည်း။ ရဟန်းတို့ ဤ(ထိုရဟန်းတို့ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ ရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

(က) "အကြင် ရဟန်းသည် မီးလှုံလို၍ မီးကိုမွေးမှုလည်း မွေးငြားအံ့ မွေးစေမှုလည်း မွေးစေငြားအံ့၊ (ထိုရဟန်းအား) ပါစိတ်အာပတ် သင့်၏" ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏။

ဤသို့လျှင် မြတ်စွာဘုရားသည် ရဟန်းတို့အား ဤသိက္ခာပုဒ်ကို ပညတ်တော်မူ၏။

၃၅၁။ ထိုအခါ ရဟန်းတို့သည် နာဖျားကုန်၏၊ သူနာမေးသော ရဟန်းတို့သည် နာဖျားသော ရဟန်းတို့ကို "ငါ့သျှင်တို့ ခံ့ကျန်းပါ၏လော မျှတပါ၏လော" ဟု မေးကုန်၏။

ငါ့သျှင်တို့ ငါတို့သည် ရှေးက မီးမွေး၍ လှုံကုန်၏၊ ထိုမီးလှုံခြင်းဖြင့် ငါတို့အား ချမ်းသာကုန်၏၊ ယခုမူကား "မြတ်စွာဘုရားသည် ပယ်တော်မူသောကြောင့် မအပ်" ဟု တွေးတောမှု 'သံသယကုက္ကုစ္စ' ရှိသည်ဖြစ်၍ မီးမလှုံရကုန်၊ ထို့ကြောင့် ငါတို့အား ချမ်းသာမှု မဖြစ် ဟု (ဆိုကုန်၏)။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ပ။

"ရဟန်းတို့ နာဖျားသော ရဟန်းသည် မီးကိုမွေး၍ သော်၎င်း မွေးစေ၍ သော်၎င်း လှုံစိမ့်သောငှါ ခွင့်ပြုတော်မူ၏" ဟု မိန့်တော်မူ၏။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

(ခ) "အကြင် ရဟန်းသည် မနာမဖျားပဲ မီးလှုံလို၍ မီးကိုမွေးမှုလည်း မွေးငြားအံ့ မွေးစေမှုလည်း မွေးစေငြားအံ့၊ (ထိုရဟန်းအား) ပါစိတ်အာပတ် သင့်၏" ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

ဤသို့လျှင် မြတ်စွာဘုရားသည် ရဟန်းတို့အား ဤသိက္ခာပုဒ်ကို ပညတ်တော်မူ၏။

၃၅၂။ ထိုအခါ ရဟန်းတို့သည် ဆီမီးထွန်းရာဌာန၌၎င်း (သပိတ်ဖုတ်ရန် စသည်အလို့ငှါ) မီးမွေးရာဌာန၌၎င်း မီးဇရုံးအိမ် ၌၎င်း မအပ် ဟု တွေးတောမှု 'သံသယကုက္ကုစ္စ' ရှိကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ပ။

"ရဟန်းတို့ ထိုသို့ သဘောရှိသော (ဆီမီးထွန်းခြင်းစသော) အကြောင်းကြောင့် မီးကိုမွေးခြင်းငှါ၎င်း မွေးစေခြင်းငှါ၎င်း ခွင့်ပြုတော်မူ၏" ဟု မိန့်တော်မူ၏။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

၁၀၅။ ၅၆-(ဂ) ၃၅၃။ "အကြင် ရဟန်းသည် မနာမဖျားပဲ မီးလှုံလို၍ ထိုသို့သဘောရှိသော (ဆီမီးထွန်းခြင်းစသော) အကြောင်းကို ကြဉ်၍ မီးကိုမွေးမှုလည်း မွေးငြားအံ့ မွေးစေမှုလည်း မွေးစေငြားအံ့၊ (ထိုရဟန်းအား) ပါစိတ်အာပတ် သင့်၏" ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

http://www.dhammadownload.com



## ၆-ဇောတိကသိက္ခာပုဒ် အဖွင့်

၃၅၄။ အကြင် ဟူသည် အကြင်သို့ သဘောရှိသော။ပ။

ရဟန်း ဟူသည်။ပ။ ဤအရာ၌ ဤဥတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သူကို "ရဟန်း" ဟူ၍ အလိုရှိအပ်၏။

မနာမဖျားသူ မည်သည် မီးနှင့်ကင်း၍ ချမ်းသာသော ပုဂ္ဂိုလ်တည်း။

နာဖျားသူ မည်သည် မီးနှင့်ကင်း၍ မချမ်းသာသော ပုဂ္ဂိုလ်တည်း။

လှုံလို၍ ဟူသည် ပူနွေးစေလို၍။

မီး မည်သည် မီးကိုပင် ဆိုအပ်၏။

မွေးငြားအံ့ ဟူသည် ကိုယ်တိုင်မွေးအံ့၊ ပါစိတ်အာပတ် သင့်၏။

မွေးစေငြားအံ့ ဟူသည် အခြားသူကိုစေခိုင်းအံ့၊ ပါစိတ်အာပတ် သင့်၏။ တကြိမ်သာစေခိုင်း ပါလျက် အကြိမ်များစွာ မွေးအံ့၊ ပါစိတ်အာပတ် သင့်၏။

ထိုသို့ သဘောရှိသော အကြောင်းကို ကြဉ်၍ ဟူသည် ထိုသို့သဘောရှိသော (ဆီမီး ညှိထွန်း ခြင်းစသော) အကြောင်းကို ဖယ်ထား၍။

၃၅၅။ မနာမဖျားပဲ မနာမဖျား ဟု အမှတ်ရှိသည်ဖြစ်၍ လှုံလိုသောကြောင့် ထိုသို့ သဘော ရှိသော (ဆီမီးထွန်းခြင်းစသော)အကြောင်းကို ဖယ်ထား၍ မွေးမူလည်း မွေးငြားအံ့၊ မွေးစေမူလည်း မွေးစေငြားအံ့၊ ပါစိတ်အာပတ် သင့်၏။

မနာမဖျားပဲ ယုံမှားရှိသည်ဖြစ်၍ လှုံလိုသောကြောင့် ထိုသို့သဘောရှိသော အကြောင်းကို ဖယ်ထား၍ မီးကိုမွေးမူလည်း မွေးငြားအံ့၊ မွေးစေမူလည်း မွေးစေငြားအံ့၊ ပါစိတ်အာပတ် သင့်၏။

မနာမဖျားပဲ နာဖျား၏ ဟု အမှတ်ရှိသည်ဖြစ်၍ လှုံလိုသောကြောင့် ထိုသို့သဘောရှိသော အကြောင်းကို ဖယ်ထား၍ မီးကို မွေးမူလည်း မွေးငြားအံ့၊ မွေးစေမူလည်း မွေးစေငြားအံ့၊ ပါစိတ် အာပတ် သင့်၏။

မီးစကို ချီမအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

နာဖျားသည်ကို မနာမဖျား ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ နာဖျားသည်ကို ယုံမှား ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ နာဖျားသည်ကို နာဖျား၏ ဟု အမှတ်ရှိအံ့၊ အာပတ် မသင့်။

၃၅၆။ နာဖျားသော ရဟန်းအား အာပတ် မသင့်၊ သူတပါး ပြုလုပ်ပေးအပ်သော မီးကိုလှုံအံ့၊ အလျှံကင်းသော မီးကျီးခဲကို လှုံအံ့၊ အာပတ် မသင့်၊ ဆီမီးထွန်းရာ၌၎င်း (သပိတ်ဖုတ်ရန် စသည် အလို့ ငှါ) မီးမွေးရာ၌၎င်း မီးဇရုံးအိမ်၌၎င်း ထိုသို့သဘောရှိသော အကြောင်းကြောင့်၎င်း ဘေးရန်တို့ ကြောင့်၎င်း မီးမွေးအံ့ မီးမွေးစေအံ့၊ အာပတ် မသင့်၊ ရူးသောရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

ဆဋ္ဌ ဇောတိကသိက္ခာပုဒ် ပြီး၏။

http://www.dhammadownload.com



## ၆-သုရာပါနဝဂ် ၇-နှာနသိက္ခာပုဒ်

၃၅၇။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ရှဉ့်နက်တို့အား အစာကျွေးရာဖြစ်သော ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ ရဟန်းတို့သည် တပေါဒါမြစ်၌ ရေချိုးကြကုန်၏။ ထိုအခါ မဂဓတိုင်းရှင် သေနိယမည်သော ဗိမ္ဗိသာရမင်းသည် "ဦးခေါင်းနှင့်တကွ ရေချိုးအံ့ 'ခေါင်းဆေးမင်္ဂလာပြုအံ့' " ဟု တပေါဒါမြစ်သို့ သွား၍ "အသျှင်တို့သည် ရေချိုး၍ မပြီးကုန်သေး" ဟု တခုသောအရပ်၌ ငံ့လင့်၍ နေ၏။ ရဟန်းတို့သည် မိုးချုပ်သည်တိုင်အောင် ရေချိုးနေကုန်၏။

ထိုအခါ မဂဓတိုင်းရှင် သေနိယမည်သော ဗိမ္ဗိသာရမင်းသည် အခါမဲ့ 'မိုးချုပ်မှ' ဦးခေါင်းနှင့်တကွ ရေချိုး 'ခေါင်းဆေးမင်္ဂလာ' ပြုပြီးလျှင် မြို့တံခါး ပိတ်ထားနှင့်သောကြောင့် မြို့၏အပြင်၌ နေ၍ လိမ်းကျံထားသော နံ့သာပျောင်း မပျက်သေးပဲ နံနက်စောစော၌ပင် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ရှိခိုးလျက် တခုသော နေရာ၌ ထိုင်နေစဉ် မြတ်စွာဘုရားသည်––

"မင်းကြီး သင်သည် အဘယ့်ကြောင့် လိမ်းကျံထားသော နံ့သာပျောင်း မပျက်သေးပဲလျက် နံနက်စောစော၌ပင် လာသနည်း" ဟု မိန့်တော်မူ၏။

ထိုအခါ မဂဓတိုင်းရှင် သေနိယမည်သော ဗိမ္ဗိသာရ မင်းကြီးသည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်၏။ ထိုအခါ မြတ်စွာဘုရားသည် မဂဓတိုင်းရှင် သေနိယမည်သော ဗိမ္ဗိသာရမင်းကြီးအား (အကျိုးစီးပွါးကို) သိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန် ရွှင်လန်းစေပြီးသော် မဂဓတိုင်းရှင် သေနိယမည်သော ဗိမ္ဗိသာရမင်းကြီးသည် နေရာမှထ၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် အရိုအသေပြုကာ ဖဲခွါသွားလေ၏။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် ရဟန်း အပေါင်းကို စည်းဝေးစေ၍ ရဟန်းတို့ကို– "ရဟန်းတို့ မင်းကိုမြင်လျက်လည်း အဘိုင်းအရှည်ကို မသိပဲ ရဟန်းများ ရေချိုးကုန်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ (မင်္ဂဖိုလ်မှ) အချည်းနှီးဖြစ်သော ထိုယောကျ်ားတို့သည် အဘယ့်ကြောင့် မင်းကိုမြင်လျက်လည်း အတိုင်းအရှည်ကို မသိပဲ ရေချိုးကုန်ဘိသနည်း။ ရဟန်းတို့ ဤ (ထိုရဟန်းတို့ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

(က) "အကြင် ရဟန်းသည် လခွဲ 'တဆယ့်ငါးရက်' အတွင်း၌ ရေချိုးငြားအံ့၊ (ထိုရဟန်းအား) ပါစိတ်အာပတ် သင့်၏" ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

ဤသို့လျှင် မြတ်စွာဘုရားသည် ရဟန်းတို့အား ဤသိက္ခာပုဒ်ကို ပညတ်တော်မူ၏။

၃၅၈။ ထိုအခါ ရဟန်းတို့သည် ပူသောအခါ အိုက်သောအခါ၌ မအပ် ဟု တွေးတောမှု 'သံသယကုက္ကုစ္စ' ရှိသည်ဖြစ်၍ ရေမချိုးကုန်၊ ချွေးယိုစီးသောကိုယ်ဖြင့် အိပ်သောကြောင့် သင်္ကန်းနှင့် အိပ်ရာနေရာတို့သည် ပျက်စီးကုန်၏။

http://www.dhammadownload.com



မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ပ။ "ရဟန်းတို့ ပူသောအခါ အိုက်သောအခါဝယ် လခွဲ 'တဆယ့်ငါးရက်' အတွင်း၌ ရေချိုးစိမ့်သောငှါ ခွင့်ပြုတော်မူ၏" ဟု မိန့်တော်မူ၏။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

**(ခ) "အကြင် ရဟန်းသည် အချိန်အခါကို ကြဉ်၍ လခွဲ 'တဆယ့်ငါးရက်' အတွင်း၌ ရေချိုးငြားအံ့၊ (ထိုရဟန်းအား) ပါစိတ်အာပတ် သင့်၏။ ထိုရေချိုးရာ၌ ဤဆိုလတ္တံ့သည်ကား အချိန်အခါတည်း၊ နွေလတို့၏ ကြွင်းသော တလခွဲ* မိုးဥတု၏ ရှေးဦးစွာသော တလ+ ထိုနှစ်လခွဲ တည်းဟူသော ပူသောအခါ အိုက်သောအခါ၊ ဤကား ထိုရေချိုးရာ၌ အချိန်အခါတည်း" ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။**

ဤသို့လျှင် မြတ်စွာဘုရားသည် ရဟန်းတို့အား ဤသိက္ခာပုဒ်ကို ပညတ်တော်မူ၏။

၃၅၉။ ထိုအခါ ရဟန်းတို့သည် နာဖျားကုန်၏၊ သူနာမေးသော ရဟန်းတို့သည် နာဖျားသော ရဟန်းတို့ကို "ငါ့သျှင်တို့ ခံ့ကျန်းပါ၏လော၊ မျှတပါ၏လော" ဟု မေးကုန်၏။

ငါ့သျှင်တို့ ငါတို့သည် ရှေးအခါက လခွဲအတွင်း၌ ရေချိုးရကုန်၏၊ ထို့ကြောင့် ငါတို့အား ချမ်းသာ၏၊ ယခုအခါ၌ကား "မြတ်စွာဘုရားသည် ရေချိုးခြင်းကို တားမြစ်တော်မူသောကြောင့် မအပ်" ဟု တွေးတောမှု 'သံသယကုက္ကုစ္စ' ရှိသည်ဖြစ်၍ ရေမချိုးကြကုန်၊ ထို့ကြောင့် ငါတို့အား မချမ်းသာပါ ဟု ပြောဆိုကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ပ။ "ရဟန်းတို့ နာဖျားသော ရဟန်းအား လခွဲ 'တဆယ့်ငါးရက်' အတွင်း၌ ရေချိုးခြင်းငှါ ခွင့်ပြုတော်မူ၏" ဟု မိန့်တော်မူ၏။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

**(ဂ) "အကြင် ရဟန်းသည် အချိန်အခါကို ကြဉ်၍ လခွဲ 'တဆယ့်ငါးရက်' အတွင်း၌ ရေချိုးငြားအံ့၊ (ထိုရဟန်းအား) ပါစိတ်အာပတ် သင့်၏။ ထိုရေချိုးရာ၌ ဤဆိုလတ္တံ့သည်ကား အချိန်အခါတည်း၊ နွေလတို့၏ ကြွင်းသော တလခွဲ မိုးဥတု၏ ရှေးဦးစွာသော တလ ထိုနှစ်လခွဲတည်းဟူသော ပူသောအခါ အိုက်သောအခါ နာဖျားသောအခါ၊ ဤကား ထိုရေချိုးရာ၌ အချိန်အခါတည်း" ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။**

ဤသို့လျှင် မြတ်စွာဘုရားသည် ရဟန်းတို့အား ဤသိက္ခာပုဒ်ကို ပညတ်တော်မူ၏။

၃၆၀။ ထိုအခါ ရဟန်းတို့သည် အလုပ်သစ်ကို ပြုလုပ်ပြီးနောက် မအပ် ဟု တွေးတောမှု 'သံသယကုက္ကုစ္စ' ရှိသည်ဖြစ်၍ ရေမချိုးကြကုန်။ ထိုရဟန်းတို့သည် ချွေးယိုစီးသော ကိုယ်ဖြင့် အိပ်ကြသောကြောင့် သင်္ကန်းနှင့် အိပ်ရာနေရာတို့သည် ပျက်စီးကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို

---

* ကဆုန်လကွယ်နေ့မှ ဝါဆိုလပြည့်နေ့အထိ။

\+ ဝါဆိုလပြည့်ကျော်တရက်နေ့မှ ဝါခေါင်လပြည့်နေ့အထိ။

http://www.dhammadownload.com



လျှောက်ကြကုန်၏။ပ။ "ရဟန်းတို့ အလုပ်လုပ်သောအခါ လခွဲ 'တဆယ့်ငါးရက်' အတွင်း၌ ရေချိုးခြင်းငှါ ခွင့်ပြုတော်မူ၏" ဟု မိန့်တော်မူ၏။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

(ဃ) "အကြင် ရဟန်းသည် လခွဲ 'တဆယ့်ငါးရက်' အတွင်း၌ အချိန်အခါကို ကြဉ်၍ ရေချိုးငြားအံ့၊ (ထိုရဟန်းအား) ပါစိတ်အာပတ် သင့်၏။ ထိုရေချိုးရာ၌ ဤဆိုလတ္တံ့သည်ကား အချိန်အခါတည်း၊ နွေလတို့၏ ကြွင်းသော တလခွဲ မိုးဦးတုရ်၏ ရှေးဦးစွာသော တလ ထိုနှစ်လခွဲတည်းဟူသော ပူသောအခါ အိုက်သောအခါ နာဖျားသောအခါ အလုပ်လုပ်သောအခါ၊ ဤကား ထိုရေချိုးရာ၌ အချိန်အခါတည်း" ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

ဤသို့လျှင် မြတ်စွာဘုရားသည် ရဟန်းတို့အား ဤသိက္ခာပုဒ်ကို ပညတ်တော်မူ၏။

၃၆၁။ ထိုအခါ ရဟန်းတို့သည် ခရီးရှည်သွားပြီးနောက် မအပ် ဟု တွေးတောမှု 'သံသယကုက္ကုစ္စ' ရှိသည်ဖြစ်၍ ရေမချိုးကြကုန်။ ထိုရဟန်းတို့သည် ချွေးယိုစီးသော ကိုယ်ဖြင့် အိပ်ကြသောကြောင့် သင်္ကန်းနှင့် အိပ်ရာနေရာတို့သည် ပျက်စီးကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ပ။ "ရဟန်းတို့ ခရီးရှည် သွားသောအခါဝယ် လခွဲ 'တဆယ့်ငါးရက်' အတွင်း၌ ရေချိုးခြင်းငှါ ခွင့်ပြုတော်မူ၏" ဟု မိန့်တော်မူ၏။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

(င) "အကြင် ရဟန်းသည် အချိန်အခါကို ကြဉ်၍ လခွဲ 'တဆယ့်ငါးရက်' အတွင်း၌ ရေချိုးငြားအံ့၊ (ထိုရဟန်းအား) ပါစိတ်အာပတ် သင့်၏။ ထိုရေချိုးရာ၌ ဤဆိုလတ္တံ့သည်ကား အချိန်အခါတည်း၊ နွေလတို့၏ ကြွင်းသော တလခွဲ မိုးဦးတုရ်၏ ရှေးဦးစွာသော တလ ထိုနှစ်လခွဲ တည်းဟူသော ပူသောအခါ အိုက်သောအခါ နာဖျားသောအခါ အလုပ်လုပ်သောအခါ ခရီးရှည်သွားသောအခါ၊ ဤကား ထိုရေချိုးရာ၌ အချိန်အခါတည်း" ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

ဤသို့လျှင် မြတ်စွာဘုရားသည် ရဟန်းတို့အား ဤသိက္ခာပုဒ်ကို ပညတ်တော်မူ၏။

၃၆၂။ ထိုအခါ များစွာသော ရဟန်းတို့သည် လွင်ပြင်၌ သင်္ကန်းချုပ်ကုန်သည် ရှိသော် မြူနှင့်တကွသော လေဖြင့် ပြွမ်းကုန်၏၊ မိုးသည်လည်း အနည်းငယ် အနည်းငယ် စွတ်၏။ ရဟန်းတို့သည် မအပ် ဟု တွေးတောမှု 'သံသယကုက္ကုစ္စ' ရှိသည်ဖြစ်၍ ရေမချိုးကြကုန်၊ စွတ်စိုသောကိုယ်ဖြင့် အိပ်ကြသောကြောင့် သင်္ကန်းနှင့် အိပ်ရာနေရာတို့သည် ပျက်စီးကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ပ။ "ရဟန်းတို့ လေပြင်းထ၍ မိုးကျသောအခါဝယ် လခွဲ 'တဆယ့်ငါးရက်' အတွင်း၌ ရေချိုးခြင်းငှါ ခွင့်ပြုတော်မူ၏" ဟု မိန့်တော်မူ၏။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

**၁၀၆။ ၅၇-(စ) ၃၆၃။ "အကြင် ရဟန်းသည် အချိန်အခါကို ကြဉ်၍ လခွဲ 'တဆယ့်ငါးရက်' အတွင်း၌ ရေချိုးငြားအံ့၊ (ထိုရဟန်းအား) ပါစိတ်အာပတ် သင့်၏။ ထို**

http://www.dhammadownload.com



ရေချိုးရာ၌ ဤဆိုလတ္တံ့သည်ကား အချိန်အခါတည်း၊ နွေလတို့၏ ကြွင်းသော တလခွဲ မိုးဥတု၏ ရှေးဦးစွာသော တလ ထိုနှစ်လခွဲ တည်းဟူသော ပူသောအခါ အိုက်သောအခါ နာဖျားသောအခါ အလုပ်လုပ်သောအခါ ခရီးရှည်သွားသောအခါ လေပြင်းထ၍ မိုးကျသောအခါ၊ ဤကား ထိုရေချိုးရာ၌ အချိန်အခါတည်း" ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

## ၇-နှာနသိက္ခာပုဒ် အဖွင့်

၃၆၄။ **အကြင်** ဟူသည် အကြင်သို့ သဘောရှိသော။ပ။

**ရဟန်း** ဟူသည်။ပ။ ဤအရာ၌ ဤဥတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သူကို "ရဟန်း" ဟူ၍ အလိုရှိအပ်၏။

**လခွဲအတွင်း၌** ဟူသည် လဝက်အောက် ယုတ်လျော့သည်၌။

**ရေချိုးငြားအံ့** ဟူသည် ကသယ်မှုန့်ဖြင့်၎င်း မြေညက်ဖြင့်၎င်း ရေချိုးအံ့၊ လှုံ့လပြုတိုင်း လှုံ့လပြုတိုင်း ဒုက္កဋ်အာပတ် သင့်၏။ ရေချိုးပြီးသည်၏ အဆုံး၌ ပါစိတ်အာပတ် သင့်၏။

**အချိန်အခါကို ကြဉ်၍** ဟူသည် အချိန်အခါကို ဖယ်ထား၍။

**ပူသောအခါ** မည်သည် နွေလတို့၏ ကြွင်းသော တလခွဲတည်း။

**အိုက်သောအခါ** မည်သည် မိုးဥတု၏ ရှေးဦးစွာ တလတည်း၊ ထိုနှစ်လခွဲတို့သည် "ပူသောအခါ အိုက်သော အခါ မည်၏" ဟု (နှလုံးသွင်း၍) ရေချိုးအပ်၏။

**နာဖျားသောအခါ** မည်သည် အကြင် ရဟန်းအား ရေချိုးခြင်းနှင့်ကင်း၍ ချမ်းသာမှု မဖြစ်အံ့၊ "နာဖျားသောအခါ" ဟု (နှလုံးသွင်း၍) ရေချိုးအပ်၏။

**အလုပ်လုပ်သောအခါ** မည်သည် အဆုံးတတ်သဖြင့် ပရိဝုဏ်ကိုသော်လည်း တံမြက်လှည်းအံ့၊ "အလုပ်လုပ်သောအခါ" ဟု (နှလုံးသွင်း၍) ရေချိုးအပ်၏။

**ခရီးရှည်သွားသောအခါ** မည်သည် ယူဇနာဝက် ခရီးသွားအံ့ ဟု (နှလုံးသွင်း၍) ရေချိုးအပ်၏၊ သွားဆဲ သွားပြီးသော ရဟန်းသည် ရေချိုးအပ်၏။

**လေပြင်းထ၍ မိုးကျသောအခါ** မည်သည် ရဟန်းတို့သည် မြူနှင့်တကွသော လေဖြင့် ပြွမ်းကုန်အံ့ နှစ်ခု သုံးခုသော မိုးရေပေါက်တို့သည် ကိုယ်၌ ကျကုန်အံ့၊ "လေပြင်းထ၍ မိုးကျသောအခါ" ဟု (နှလုံးသွင်း၍) ရေချိုးအပ်၏။

၃၆၅။ လဝက်အောက် ယုတ်လျော့သည်၌ လဝက်အောက် ယုတ်လျော့၏ ဟု အမှတ်ရှိသည်ဖြစ်၍ အခါကို ဖယ်ထားလျက် ရေချိုးအံ့၊ ပါစိတ်အာပတ် သင့်၏။ လဝက်အောက် ယုတ်လျော့သည်၌ ယုံမှားရှိသည်ဖြစ်၍ အခါကို ဖယ်ထားလျက် ရေချိုးအံ့၊ ပါစိတ်အာပတ် သင့်၏။ လဝက်အောက် ယုတ်လျော့သည်၌ လွန်၏ ဟု အမှတ်ရှိသည်ဖြစ်၍ အခါကို ဖယ်ထားလျက် ရေချိုးအံ့၊ ပါစိတ်အာပတ် သင့်၏။

လဝက်ထက် ပိုလွန်သည်၌ ယုတ်လျော့၏ ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ လဝက်ထက် ပိုလွန်သည်၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ လဝက်ထက် ပိုလွန်သည်၌ ပိုလွန်၏ ဟု အမှတ်ရှိအံ့၊ အာပတ် မသင့်။

http://www.dhammadownload.com



၃၆၆။ အချိန်အခါ၌ ရေချိုးအံ့၊ လဝက်၌ ရေချိုးအံ့၊ လဝက်လွန်မှ ရေချိုးအံ့၊ မြစ်ကမ်းတဖက်သို့ သွားသောကြောင့် ရေချိုးအံ့၊ အလုံးစုံသော ပစ္စန္တရစ် ဇနပုဒ်တို့၌ ရေချိုးအံ့၊ အာပတ် မသင့်၊ ဘေးရန်တို့ကြောင့် ရေချိုးအံ့၊ အာပတ် မသင့်၊ ရူးသော ရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

သတ္တမ နှာနသိက္ခာပုဒ် ပြီး၏။

---

## ၆-သုရာပါနဝဂ် ၈-ဒုဗ္ဗဏ္ဏကရဏသိက္ခာပုဒ်

၃၆၇။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ များစွာကုန်သော ရဟန်းတို့သည်၎င်း ပရိဗိုဇ်တို့သည်၎င်း သာကေတမြို့မှ သာဝတ္ထိပြည်သို့ ခရီးရှည် သွားကြကုန်၏။ ခရီးအကြား၌ ခိုးသူတို့သည် ထွက်၍ ထိုရဟန်းနှင့် ပရိဗိုဇ်တို့ကို လုယက်ကုန်၏။ သာဝတ္ထိပြည်မှ မင်းမှုထမ်းတို့သည် ထွက်လာ၍ ထိုခိုးသူတို့ကို ပစ္စည်းနှင့်တကွ ဖမ်းယူပြီးလျှင် ရဟန်းတို့အထံသို့ "အသျှင်တို့သည် ကြွလာကုန်လော့၊ မိမိ မိမိတို့၏ သင်္ကန်းကို မှတ်သား၍ (မမှားအောင် ရွေးချယ်၍) ယူကြကုန်လော့" ဟု တမန်ကို စေလွှတ်လိုက်ကုန်၏။ ရဟန်းတို့သည်ကား (ရွေးချယ်ဘို့ရန်) ကောင်းစွာ မမှတ်မိကုန်။

ထိုသူတို့သည် "အဘယ့်ကြောင့် အသျှင်တို့သည် မိမိ မိမိတို့၏ သင်္ကန်းတို့ကို မသိကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ ရဟန်းတို့သည် ကဲ့ရဲ့ ရှုတ်ချ အပြစ်ပြ ပြောဆိုကြသော ထိုလူတို့၏ စကားကို ကြားကြသည်သာတည်း။ ထိုအခါ ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် ရဟန်းအပေါင်းကို စည်းဝေးစေ၍ ရဟန်းတို့အား ထိုအမှုနှင့် လျော်ပတ်သော ထိုအမှုနှင့်လျော်သော တရားစကားကို ဟောတော်မူ၍ ရဟန်းတို့ကို—

"ရဟန်းတို့ သို့ဖြစ်လျှင် သံဃာတော်၏ ကောင်းပါပြီ ဟု ဝန်ခံကျင့်သုံးရန်၊ သံဃာတော်များ ချမ်းသာစေရန်။ပ။ သူတော်ကောင်းတရား 'သာသနာသုံးရပ်' တည်တန့်ရန် ဝိနည်း 'စည်းမျဉ်းဥပဒေ' ကို ချီးမြှောက်ရန် ဟူသော အကျိုးထူး ဆယ်ပါးတို့ကို အစွဲပြု၍ ရဟန်းတို့အား သိက္ခာပုဒ်ကို ပညတ်တော်မူမည်" ဟု မိန့်တော်မူ၏။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

၁၀၇။ ၅၈-၃၆၈။ "သင်္ကန်းအသစ်ကိုရသော ရဟန်းသည် ညိုသောအဆင်းကိုသော်၎င်း ညွန် အဆင်းကိုသော်၎င်း မည်းနက်သော အဆင်းကိုသော်၎င်း (ဤ) အဆင်းပျက်အောင် ပြုခြင်း သုံးမျိုးတို့တွင် တခုခုသော အဆင်းပျက်အောင် ပြုခြင်းကို ယူအပ်၏၊ အကယ်၍ ရဟန်းသည် အဆင်းပျက်အောင် ပြုခြင်းသုံးမျိုးတို့တွင် တခုခုသော အဆင်းပျက်အောင် ပြုခြင်းကို မယူမူ၍သင်္ကန်းအသစ်ကို ဝတ်ရုံသုံးဆောင်ငြားအံ့၊ (ထိုရဟန်းအား)ပါစိတ်အာပတ်သင့်၏" ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

http://www.dhammadownload.com



## ၈-ဒုဗ္ဗဏ္ဏကရဏသိက္ခာပုဒ် အဖွင့်

၃၆၉။ **အသစ်** ဟူသည် ကပ္ပဗိန္ဒု မထိုးသေးသော သင်္ကန်းကို ဆိုအပ်၏။

**သင်္ကန်း** မည်သည် သင်္ကန်းခြောက်ထည်တို့တွင် တထည်ထည်သော သင်္ကန်းတည်း။

**အဆင်းပျက်အောင် ပြုခြင်း သုံးမျိုးတို့တွင် တခုခုသော အဆင်းပျက်အောင် ပြုခြင်းကို ယူအပ်၏** ဟူသည် အသုံးဘ်သဖြင့် သမန်းမြက်ဖျားမျှဖြင့်သော်လည်း (အဆင်းပျက်အောင် ပြုခြင်းကို) ယူအပ်၏။

**ညိုသောအဆင်း** မည်သည် ကြေးညိုအဆင်း သစ်ရွက်ညိုအဆင်း ဟူ၍ ညိုသော အဆင်း နှစ်မျိုးရှိ၏။

**ညွန် အဆင်း** မည်သည် ရေနှင့်ရောသော ညွန်ကို ဆို၏။

**မည်းနက်သောအဆင်း** မည်သည် အမှတ်မရှိ တစုံတခု အမည်းအရွေ ရောသောအဆင်းတည်း။

**အကယ်၍ ရဟန်းသည် အဆင်းပျက်အောင် ပြုခြင်းသုံးမျိုးတို့တွင် တခုခုသော အဆင်းပျက်အောင်ပြုခြင်းကို မယူမူ၍** ဟူသည် အဆင်းပျက်အောင် ပြုခြင်း သုံးမျိုးတို့တွင် တခုခုသော အဆင်းပျက်အောင် ပြုခြင်းကို အယုဘ်သဖြင့် သမန်းမြက်ဖျားမျှဖြင့်သော်လည်း (အဆင်းပျက်အောင် ပြုခြင်းကို) မယူမူ၍ သင်္ကန်းအသစ်ကို ဝတ်ရုံသုံးဆောင်ငြားအံ့၊ ပါစိတ်အာပတ် သင့်၏။

၃၇၀။ မယူအပ်သေးသည်၌ မယူအပ်သေး 'ကပ္ပဗိန္ဒု*မထိုးအပ်သေးသည်၌ မထိုးအပ်သေး' ဟု အမှတ်ရှိသည်ဖြစ်၍ သုံးဆောင်အံ့၊ ပါစိတ်အာပတ် သင့်၏။ မယူအပ်သေးသည်၌ ယုံမှားရှိသည်ဖြစ်၍ သုံးဆောင်အံ့၊ ပါစိတ်အာပတ် သင့်၏။ မယူအပ်သေးသည်၌ ယူအပ်ပြီး ဟု အမှတ်ရှိသည်ဖြစ်၍ သုံးဆောင်အံ့၊ ပါစိတ်အာပတ် သင့်၏။

ယူအပ်ပြီးသည်၌ မယူအပ်သေး 'ကပ္ပဗိန္ဒုထိုးအပ်ပြီးသည်၌ မထိုးအပ်သေး' ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ယူအပ်ပြီးသည်၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ယူအပ်ပြီးသည်၌ ယူအပ်ပြီး ဟု အမှတ်ရှိအံ့၊ အာပတ် မသင့်။

၃၇၁။ ယူပြီး၍ 'ကပ္ပဗိန္ဒုထိုး၍ ' သုံးဆောင်အံ့၊ ကပ္ပဗိန္ဒုသည် ပျက်အံ့၊ ကပ္ပဗိန္ဒုထိုးရာ အရပ်သည် ဆွေးမြေ့အံ့၊ ကပ္ပဗိန္ဒုထိုးပြီးသော သင်္ကန်းနှင့် ကပ္ပဗိန္ဒုမထိုးသေးသော သင်္ကန်းကို စပ်၍ ချုပ်အံ့၊ အပေါ်လွှာ၌ရင်း အလျားအနားပတ်၌ရင်း အနံအနားပတ်၌ရင်း ကပ္ပဗိန္ဒုထိုးအံ့၊ အာပတ် မသင့်၊ ရူးသောရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

အဋ္ဌမ ဒုဗ္ဗဏ္ဏကရဏသိက္ခာပုဒ် ပြီး၏။

---

* အပ်စပ်အောင်ပြုသောအမှတ်အသားအပြောက်။

http://www.dhammadownload.com



## ၆-သုရာပါနဝဂ် ၉-ဝိကပ္ပနသိက္ခာပုဒ်

၃၇၂။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ သာကီဝင်မင်းသား အသျှင်ဥပနန္ဒသည် အစ်ကို၏ အဘူနေတပည့်ဖြစ်သော ရဟန်းအား သင်္ကန်းကို ကိုယ်တိုင် ဝိကပ္ပနာပြုပြီး၍ 'မိမိဥစ္စာအဖြစ်မှ ကင်းအောင်ပြုလုပ်ပြီး၍' ပစ္စုဒ္ဓိုရ်ဂ 'တဖန်ဆောက်နှင်းခြင်း' မပြုပဲ သုံးဆောင်၏။

ထိုအခါ ထိုရဟန်းသည် ရဟန်းတို့အား- "ငါ့သျှင်တို့ ဤသာကီဝင်မင်းသား အသျှင် ဥပနန္ဒသည် အကျွန်ုပ်အား သင်္ကန်းကို ကိုယ်တိုင် ဝိကပ္ပနာပြုပြီး၍ ပစ္စုဒ္ဓိုရ်မပြုပဲ သုံးဆောင်၏" ဟု ပြောကြား၏။

အလိုနည်းသော ရဟန်းတို့သည် "အဘယ့်ကြောင့် သာကီဝင်မင်းသား အသျှင် ဥပနန္ဒသည် ရဟန်းအား သင်္ကန်းကို ကိုယ်တိုင် ဝိကပ္ပနာပြုပြီး၍ ပစ္စုဒ္ဓိုရ်မပြုပဲ သုံးဆောင်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ဥပနန္ဒ သင်သည် ရဟန်းအား သင်္ကန်းကို ကိုယ်တိုင်ဝိကပ္ပနာပြု၍ ပစ္စုဒ္ဓိုရ်မပြုပဲ သုံးဆောင်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား သင်သည် အဘယ့်ကြောင့် ရဟန်းအား သင်္ကန်းကို ကိုယ်တိုင် ဝိကပ္ပနာပြုပြီး၍ ပစ္စုဒ္ဓိုရ်မပြုပဲ သုံးဆောင်ဘိသနည်း။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား ဤ (သင်ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ မဟုတ်။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

၁၀၀။ ၅၉-၃၇၃။ "အကြင် ရဟန်းသည် ရဟန်းအားလည်းကောင်း ရဟန်းမိန်းမအားလည်းကောင်း သိက္ခမာန်အားလည်းကောင်း သာမဏေအားလည်းကောင်း သာမဏေမအားလည်းကောင်း သင်္ကန်းကို ကိုယ်တိုင် ဝိကပ္ပနာပြုပြီး၍ 'မိမိဥစ္စာအဖြစ်မှ ကင်းအောင်ပြုလုပ်ပြီး၍' ပစ္စုဒ္ဓိုရ်မပြုပဲ 'တဖန်ဆောက်နှင်းခြင်းမပြုပဲ' သုံးဆောင်အံ့၊ (ထိုရဟန်းအား) ပါစိတ်အာပတ် သင့်၏" ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

## ၉-ဝိကပ္ပနသိက္ခာပုဒ် အဖွင့်

၃၇၄။ အကြင် ဟူသည် အကြင်သို့ သဘောရှိသော။ပ။

**ရဟန်း** ဟူသည်။ပ။ ဤအရာ၌ ဤဉတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သူကို "ရဟန်း" ဟူ၍ အလိုရှိအပ်၏။

**ရဟန်းအား** ဟူသည် တပါးသော ရဟန်းအား။

**ရဟန်းမိန်းမ** မည်သည် (ရဟန်းယောကျ်ား ရဟန်းမိန်းမဟူသော) နှစ်ဖက်သံဃာ၌ ပဉ္စင်းဖြစ်သော မိန်းမတည်း။

http://www.dhammadownload.com



**သိက္ခမာန်** မည်သည် နှစ်နှစ်ပတ်လုံး သိက္ခာပုဒ်ခြောက်ပါးကို ကျင့်ပြီးသော မိန်းမတည်း။

**သာမဏေ** မည်သည် သိက္ခာပုဒ်ဆယ်ပါး*ရှိသောသူတည်း။

**သာမဏေမ** မည်သည် သိက္ခာပုဒ် ဆယ်ပါးရှိသော သူမတည်း။

**ကိုယ်တိုင်** ဟူသည် ကိုယ်တိုင် ဝိကပ္ပနာပြုပြီး၍။

**သင်္ကန်း** မည်သည် သင်္ကန်း ခြောက်ထည်တို့တွင် အယုတ်ဆုံး ဝိကပ္ပနာလောက်သော တထည်ထည်သော သင်္ကန်းတည်း။

**ဝိကပ္ပနာ** မည်သည် မျက်မှောက် ဝိကပ္ပနာ မျက်ကွယ် ဝိကပ္ပနာ ပြုခြင်းဟူ၍ ဝိကပ္ပနာနှစ်မျိုး ရှိ၏။

**မျက်မှောက် ဝိကပ္ပနာပြုခြင်း** မည်သည် ဤသင်္ကန်းကို သင့်အား ဝိကပ္ပနာပြု၏၊ သို့မဟုတ် ဤမည်သော ရဟန်းအား ဝိကပ္ပနာပြု၏ ဟု ပြုခြင်းတည်း။

**မျက်ကွယ် ဝိပ္ပကနာပြုခြင်း** မည်သည် ဤသင်္ကန်းကို ဝိကပ္ပနာပြုခြင်းငှါ သင့်အား ပေးပါ၏ ဟု ဆိုရမည်။

ထို (သင်္ကန်းလက်ခံသူ) ရဟန်းက "သင်၏ အကျွမ်းဝင်သော မိတ်ဆွေ သို့မဟုတ် မြင်ဘူးကာမျှသော မိတ်ဆွေသည် အဘယ်သူနည်း" ဟု မေးရမည်။

ဤမည်ဤမည်သော ရဟန်းသည် (အကျွန်ုပ်၏) အကျွမ်းဝင်သော မိတ်ဆွေ သို့မဟုတ် မြင်ဘူးကာမျှဖြစ်သော မိတ်ဆွေတည်း ဟု ဆိုရမည်။

ထို (သင်္ကန်းလက်ခံသူ) ရဟန်းက "အကျွန်ုပ်သည် ထို (သင်ပြောသော) ရဟန်းတို့အား ပေးပါ၏ ဟု (ဆို၍တဖန်) ထိုသူတို့၏ ဥစ္စာကို သုံးဆောင်မှုလည်း သုံးဆောင်လော့၊ စွန့်မှုလည်း စွန့်လော့ အကြောင်းအားလျော်စွာ ပြုမှုလည်း ပြုလော့" ဟု ဆိုရမည်။

**ပစ္စုဒ္ဓိုရ်မပြုခြင်း** မည်သည် ထိုရဟန်းအားလည်း မပေး ထိုရဟန်းနှင့်လည်း အကျွမ်းမဝင်ပဲ သုံးဆောင်အံ့၊ ပါစိတ်အာပတ် သင့်၏။

၃၇၅။ ပစ္စုဒ္ဓိုရ် မပြုရာ၌ ပစ္စုဒ္ဓိုရ်မပြု ဟု အမှတ်ရှိသည်ဖြစ်၍ သုံးဆောင်အံ့၊ ပါစိတ်အာပတ် သင့်၏။ ပစ္စုဒ္ဓိုရ် မပြုရာ၌ ယုံမှားရှိသည်ဖြစ်၍ သုံးဆောင်အံ့၊ ပါစိတ်အာပတ် သင့်၏။ ပစ္စုဒ္ဓိုရ်မပြုရာ၌ ပစ္စုဒ္ဓိုရ်ပြု၏ ဟု အမှတ်ရှိသည်ဖြစ်၍ သုံးဆောင်အံ့၊ ပါစိတ်အာပတ် သင့်၏။ အဓိဋ္ဌာန်တင်သော်ငြားစွန့်သော်ငြား၊ ဒုက္ကဋ်အာပတ် သင့်၏။

ပစ္စုဒ္ဓိုရ်ပြုပြီးသည်၌ ပစ္စုဒ္ဓိုရ်မပြု ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ပစ္စုဒ္ဓိုရ် ပြုပြီးသည်၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ပစ္စုဒ္ဓိုရ်ပြုပြီးသည်၌ ပစ္စုဒ္ဓိုရ်ပြု၏ ဟု အမှတ်ရှိအံ့၊ အာပတ် မသင့်။

ထို (သင်္ကန်းလက်ခံသော ဝိနည်းဓိုရ်) ရဟန်းကသော်လည်း ပေးအံ့၊ ထိုရဟန်းနှင့်သော်လည်း အကျွမ်းဝင်၍ သုံးဆောင်အံ့၊ အာပတ် မသင့်၊ ရူးသောရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

နဝမ ဝိကပ္ပနသိက္ခာပုဒ် ပြီး၏။

---

* ဆယ်ပါးဆိုသော်လည်း လိင်ဒဏ်သေခိယစသည်၌လာသော ကျင့်ဝတ်များစွာရှိသေး၏။

http://www.dhammadownload.com



## ၆-သုရာပါနဝဂ် ၁၀-စီဝရအပနိဓာနသိက္ခာပုဒ်

၃၇၇။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသော အခါ သတ္တရသဝဂ္ဂီရဟန်းတို့သည် သက်န်းဝသော ပရိက္ခာရာ 'အသုံးအဆောင်' တို့ကို မသိမ်းဆည်းကုန်။ ဆဗ္ဗဂ္ဂီရဟန်းတို့သည် သတ္တရသဝဂ္ဂီရဟန်းတို့၏ သပိတ်သင်္ကန်းတို့ကို ဝှက်ထားကုန်၏။

သတ္တရသဝဂ္ဂီ ရဟန်းတို့သည် ဆဗ္ဗဂ္ဂီရဟန်းတို့ကို "ငါ့သျှင်တို့ အကျွန်ုပ်တို့၏ သပိတ်သင်္ကန်းတို့ကို ပေးကုန်လော့" ဟု ဆိုကုန်၏၊ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ရယ်ကုန်၏၊ ထိုသတ္တရသဝဂ္ဂီ ရဟန်းတို့သည် ငိုကုန်၏။ ရဟန်းတို့သည် "ငါ့သျှင်တို့ သင်တို့သည် အဘယ့်ကြောင့် ငိုကုန်ဘိသနည်း" ဟု မေးကုန်၏။ ငါ့သျှင်တို့ ဤဆဗ္ဗဂ္ဂီရဟန်းတို့သည် အကျွန်ုပ်တို့၏ သပိတ်သင်္ကန်းတို့ကို ဝှက်ထားကုန်၏ ဟု ဖြေဆိုကုန်၏။

အလိုနည်းသော ရဟန်းတို့သည် "အဘယ့်ကြောင့် ဆဗ္ဗဂ္ဂီရဟန်းတို့သည် ရဟန်းတို့၏ သပိတ်သင်္ကန်းတို့ကို ဝှက်ထားကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ သင်တို့သည် ရဟန်းတို့၏ သပိတ်သင်္ကန်း ကို ဝှက်ထားကုန်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ (မင်္ဂဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ သင်တို့သည် အဘယ့်ကြောင့် ရဟန်းတို့၏ သပိတ်သင်္ကန်းတို့ကို ဝှက်ထားကုန်ဘိသနည်း။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ ဤ (သင်တို့ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ ရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

၁၀၉။ ၆၀–၃၇၈။ "အကြင် ရဟန်းသည် ရဟန်း၏သပိတ်ကိုသော်ရင်း သင်္ကန်းကိုသော်ရင်း နိသီဒိုင်အခင်းကိုသော်ရင်း အပ်ကျည် 'အပ်ဗူး' ကို သော်ရင်း ခါးပန်းကြိုးကိုသော်ရင်း ဝှက်မူလည်း ဝှက်ထားငြားအံ့၊ ဝှက်ထားစေမူလည်း ဝှက်ထားစေငြားအံ့၊ အယုတ်သဖြင့် ရယ်မြူးလိုသည်ဖြစ်၍လည်း ဝှက်ထားငြားအံ့၊ (ထိုရဟန်းအား) ပါစိတ်အာပတ် သင့်၏" ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

## ၁၀-စီဝရအပနိဓာနသိက္ခာပုဒ် အဖွင့်

၃၇၉။ အကြင် ဟူသည် အကြင်သို့ သဘောရှိသော။ပ။

ရဟန်း ဟူသည်။ပ။ ဤအရာ၌ ဤဉတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သူကို "ရဟန်း" ဟူ၍ အလိုရှိအပ်၏။

ရဟန်း၏ ဟူသည် တပါးသော ရဟန်း၏။

သပိတ် မည်သည် သံသပိတ် မြေသပိတ် ဟူ၍ သပိတ်နှစ်မျိုးရှိ၏။

သင်္ကန်း မည်သည် သင်္ကန်းခြောက်ထည်တို့တွင် အယုတ်ဆုံး ဝိကပ္ပနာလောက်သော တထည်သောသည်သော သင်္ကန်းတည်း။

http://www.dhammadownload.com



**နိသီဒိုင် အခင်း** မည်သည် အမြိတ်အဆာရှိသော အခင်းကို ဆို၏။

**အပ်ကျည်** မည်သည် အပ်ရှိသော အပ်ကျည် အပ်မရှိသော အပ်ကျည်တည်း။

**ခါးပန်းကြိုး** မည်သည် ပုဆိုးဖြင့် ပြုအပ်သော ခါးပန်းကြိုးပြား ဝက်အူခါးပန်းကြိုးလုံး ဟူ၍ ခါးပန်းကြိုး နှစ်မျိုးရှိ၏။

**ဝှက်ထားငြားအံ့** ဟူသည် ကိုယ်တိုင် ဝှက်ထားငြားအံ့၊ ပါစိတ်အာပတ် သင့်၏။

**ဝှက်ထားစေငြားအံ့** ဟူသည် သူတပါးကို စေခိုင်းအံ့၊ ပါစိတ်အာပတ် သင့်၏။ တကြိမ်သာ စေခိုင်းပါလျက် အကြိမ်များစွာ ဝှက်ထားအံ့၊ ပါစိတ်အာပတ် သင့်၏။

**အယုတ်သဖြင့် ရယ်မြူးလိုသည် ဖြစ်၍လည်း** ဟူသည် မြူးထူးပျော်ပါး ကစားလို၍။

၃၇၀။ ရဟန်း၌ ရဟန်း ဟု အမှတ်ရှိသည်ဖြစ်၍ သပိတ် သင်္ကန်း နိသီဒိုင်အခင်း အပ်ကျည် ခါးပန်းကြိုး (တခုခု) ကို အယုတ်သဖြင့် ရယ်မြူးလိုသည် ဖြစ်၍ သော်လည်း ဝှက်ထားမူလည်း ဝှက်ထားအံ့၊ ဝှက်ထားစေမူလည်း ဝှက်ထားစေငြားအံ့၊ ပါစိတ်အာပတ် သင့်၏။

ရဟန်း၌ ယုံမှားရှိသည် ဖြစ်၍ ။ပ။ ရဟန်း၌ ရဟန်း မဟုတ် ဟု အမှတ်ရှိသည်ဖြစ်၍ သပိတ် သင်္ကန်း နိသီဒိုင် အခင်း အပ်ကျည် ခါးပန်းကြိုး (တခုခု) ကို ရယ်မြူးလိုသည် ဖြစ်၍ သော်လည်း ဝှက်ထားမူလည်း ဝှက်ထားအံ့၊ ဝှက်ထားစေမူလည်း ဝှက်ထားစေငြားအံ့၊ ပါစိတ်အာပတ် သင့်၏။

အခြားသော ပရိက္ခရာ 'အသုံးအဆောင်' ကို အယုတ်သဖြင့် ရယ်မြူးလိုသည်ဖြစ်၍ သော်လည်း ဝှက်ထားမူလည်း ဝှက်ထားအံ့၊ ဝှက်ထားစေမူလည်း ဝှက်ထားစေငြားအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ရဟန်း မဟုတ်သူ၏ သပိတ်ကို ဖြစ်စေ သင်္ကန်းကို ဖြစ်စေ အခြား ပရိက္ခရာကို ဖြစ်စေ အယုတ်သဖြင့် ရယ်မြူးလိုသည် ဖြစ်၍ သော်လည်း ဝှက်ထားမူလည်း ဝှက်ထားအံ့၊ ဝှက်ထားစေမူလည်း ဝှက်ထားစေငြားအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ရဟန်းမဟုတ်သူ၌ ရဟန်း ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ရဟန်း မဟုတ်သူ၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ရဟန်းမဟုတ်သူ၌ ရဟန်း မဟုတ် ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

၃၇၁။ ရယ်မြူးလိုသော သဘောမရှိပဲ သိမ်းဆည်းထားအံ့၊ မကောင်းသဖြင့် ထားသည်ကို သိမ်းဆည်းထားအံ့၊ "တရားဟောပြီးမှ ပေးအံ့" ဟု နှလုံးပိုက်၍ သိမ်းဆည်းထားအံ့၊ အာပတ် မသင့်၊ ရူးသောရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

ဒသမ စိဝရအပနိဓာနသိက္ခာပုဒ် ပြီး၏။

ဆဋ္ဌ သုရာပါနဝဂ် ပြီး၏။

## ထိုသုရာပါနဝဂ်၏ အကျဉ်းချုပ်

သုရာပါနသိက္ခာပုဒ်၊ အင်္ဂုလိပတောဒကသိက္ခာပုဒ်၊ ဥဒကဟသမ္မေသိက္ခာပုဒ်၊ အနာဒရိယသိက္ခာပုဒ်၊ ဘိံသာပနသိက္ခာပုဒ်၊ ဇောတိသမာဒဟနသိက္ခာပုဒ်၊ နှာနသိက္ခာပုဒ်၊ ဒုဗ္ဗဏ္ဏကရဏသိက္ခာပုဒ်၊ အပနိဓာနသိက္ခာပုဒ်နှင့် ကိုယ်တိုင် ဝိကပ္ပနာပြု၍ ပစ္စုဒ္ဓါရ်မပြုပဲ သုံးဆောင်သော သိက္ခာပုဒ်။

ဤကား အကျဉ်းချုပ်တည်း။

http://www.dhammadownload.com



## ၇-သပ္ပါဏကဝဂ် ၁-သဉ္စိစ္စသိက္ခာပုဒ်

၃၈၂။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံ ဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ လေးသမား ဖြစ်ခဲ့ဘူးသော အသျှင် ဥဒါယိသည် ကျီးတို့ကို မနှစ်သက်သောကြောင့် ပစ်၍ ပစ်၍ ခေါင်းကို ဖြတ်ပြီးလျှင် တံစို့၌ အစဉ် အတိုင်း ထိုးသီ၍ ထား၏။

ရဟန်းတို့သည် "ငါ့သျှင် ဤကျီးတို့ကို အဘယ်သူသည် သတ်ဖြတ်သနည်း" ဟု မေးကုန်၏။

ငါ့သျှင်တို့ ငါသတ်သည်၊ ဤကျီးတို့ကို ငါ မနှစ်သက် ဟု ဆို၏။ အလိုနည်းသော ရဟန်းတို့သည် "အဘယ့်ကြောင့် အသျှင်ဥဒါယိသည် သေစေလိုသော စေတနာရှိသည်ဖြစ်၍ သတ္တဝါကို သတ်ဖြတ် ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ဥဒါယိ သင်သည် သေစေလိုသော စေတနာ ရှိသည်ဖြစ်၍ သတ္တဝါကို သတ်ဖြတ်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ (မဂ်ဖိုလ်မှ) အချည်းနှီး ဖြစ်သော ယောကျ်ား သင်သည် အဘယ့်ကြောင့် သေစေလိုသော စေတနာရှိသည် ဖြစ်၍ သတ္တဝါကို သတ်ဖြတ် ဘိသနည်း။ (မဂ်ဖိုလ်မှ) အချည်းနှီး ဖြစ်သော ယောကျ်ား ဤ (သင်ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ မဟုတ်ချေ။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

**၁၁၀။ ၆၁-၃၈၃။ "အကြင် ရဟန်းသည် သေစေလိုသော စေတနာရှိသည်ဖြစ်၍ သတ္တဝါ ကို သတ်ဖြတ်ငြားအံ့၊ (ထိုရဟန်းအား) ပါစိတ်အာပတ် သင့်၏"** ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

## ၁-သဉ္စိစ္စသိက္ခာပုဒ် အဖွင့်

၃၈၄။ **အကြင်** ဟူသည် အကြင်သို့ သဘောရှိသော။ပ။

**ရဟန်း** ဟူသည်။ပ။ ဤအရာ၌ ဤဉတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သူကို "ရဟန်း" ဟူ၍ အလိုရှိအပ်၏။

**သေစေလိုသော စေတနာရှိသည်ဖြစ်၍** ဟူသည် သိလျက် ကောင်းစွာသိလျက် စေ့ဆော်၍ လွှမ်းမိုး၍ လွန်ကျူးခြင်းတည်း။

**သတ္တဝါ** မည်သည် တိရစ္ဆာန်ဖြစ်သော သတ္တဝါကို ဆို၏။

**သတ်ဖြတ်ငြားအံ့** ဟူသည် ဇီဝိတိန္ဒြေ 'အသက်' ကို ဖြတ်အံ့ ကင်းစေအံ့ အစဉ်ကို ပျက်စေအံ့၊ ပါစိတ်အာပတ် သင့်၏။

၃၈၅။ သတ္တဝါ၌ သတ္တဝါ ဟု အမှတ်ရှိသည်ဖြစ်၍ သတ်ဖြတ်ငြားအံ့၊ ပါစိတ်အာပတ် သင့်၏။ သတ္တဝါ၌ ယုံမှားရှိသည်ဖြစ်၍ သတ်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ သတ္တဝါ၌ သတ္တဝါ မဟုတ် ဟု အမှတ် ရှိ၍ သတ်အံ့၊ အာပတ် မသင့်။

http://www.dhammadownload.com



သတ္တဝါ မဟုတ်သည်၌ သတ္တဝါ ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ သတ္တဝါမဟုတ်သည်၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အပတ် သင့်၏။ သတ္တဝါ မဟုတ်သည်၌ သတ္တဝါ မဟုတ် ဟု အမှတ်ရှိအံ့၊ အာပတ် မသင့်။

၃၇၆။ သေစေလိုသော စေတနာ မရှိသော ရဟန်း သတိမထားမိသော ရဟန်း မသိသောရဟန်း သေစေလိုသော သဘော မရှိသောရဟန်း ရူးသောရဟန်း အစလက်ဦး လွန်ကျူးသောရဟန်းတို့ အားလည်း အာပတ် မသင့်။

ပဉ္စမ သဉ္စိစ္စသိက္ခာပုဒ် ပြီး၏။

---

## ၇-သပ္ပါဏကဝဂ် ၂-သပ္ပါဏကသိက္ခာပုဒ်

၃၇၇။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံ ဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် သိလျက် ပိုးရှိသော ရေကို သုံးဆောင်ကုန်၏။ အလိုနည်းသော ရဟန်းတို့သည် "အဘယ့်ကြောင့် ဆဗ္ဗဂ္ဂီရဟန်းတို့ သည် သိလျက် ပိုးရှိသော ရေကို သုံးဆောင်ကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ သင်တို့သည် သိလျက် ပိုးရှိသော ရေကို သုံးဆောင်ကုန်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ သင်တို့သည် သိလျက် ပိုးရှိသော ရေကို အဘယ့်ကြောင့် သုံးဆောင်ကုန်ဘိသနည်း။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ ဤ(သင်တို့ပြုမိသော အမှု) သည် မကြည်ညိုသေး သော သူတို့အား ကြည်ညိုစေခြင်းငှါရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

**၁၁၁။ ၆၂-၃၇၇။ "အကြင် ရဟန်းသည် သိလျက် ပိုးရှိသော ရေကို သုံးဆောင်ငြားအံ့ (ထိုရဟန်းအား) ပါစိတ်အာပတ် သင့်၏"** ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

## ၂-သပ္ပါဏကသိက္ခာပုဒ် အဖွင့်

၃၇၈။ **အကြင်** ဟူသည် အကြင်သို့ သဘောရှိသော။ပ။

**ရဟန်း** ဟူသည်။ပ။ ဤအရာ၌ ဤဉတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သူကို "ရဟန်း" ဟူ၍ အလိုရှိအပ်၏။

**သိ၏** မည်သည် ကိုယ်တိုင်သော်လည်း သိ၏၊ အခြားသောသူတို့သော်လည်း ထိုရဟန်းအား ပြောကြားကုန်၏။

http://www.dhammadownload.com



ပိုးရှိ၏ ဟု သိလျက် သုံးဆောင်ခြင်းကြောင့် သေကုန်လတ္တံ့ ဟု သိလျက် သုံးဆောင်ငြားအံ့၊ ပါစိတ်အာပတ် သင့်၏။

၃၉၀။ ပိုးရှိသော ရေကို ပိုးရှိ၏ ဟု အမှတ်ရှိသည်ဖြစ်၍ သုံးဆောင်အံ့၊ ပါစိတ်အာပတ် သင့်၏။

ပိုးရှိသော ရေ၌ ယုံမှားရှိသည်ဖြစ်၍ သုံးဆောင်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ပိုးရှိသောရေ၌ ပိုးမရှိ ဟု အမှတ်ရှိသည်ဖြစ်၍ သုံးဆောင်အံ့၊ အာပတ် မသင့်။

ပိုးမရှိသော ရေ၌ ပိုးရှိ၏ ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ပိုးမရှိသော ရေ၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ပိုးမရှိသော ရေ၌ ပိုးမရှိ ဟု အမှတ်ရှိအံ့၊ အာပတ် မသင့်။

၃၉၁။ ပိုးရှိ၏ ဟု မသိ၍သော်ငြား ပိုးမရှိ ဟု သိ၍သော်ငြား သုံးဆောင်ခြင်းကြောင့် သေလိမ့်မည် မဟုတ် ဟု သိ၍သော်ငြား သုံးဆောင်အံ့၊ အာပတ် မသင့်၊ ရူးသောရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

ဒုတိယ သပ္ပါဏကသိက္ခာပုဒ် ပြီး၏။

---

## ၇-သပ္ပါဏကဝဂ် ၃-ဥက္ကောဋနသိက္ခာပုဒ်

၃၉၂။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် သိလျက် တရားအားလျော်စွာ ငြိမ်းလေပြီးသော အဓိကရုဏ်းကို တဖန် ကံဖြစ်စေခြင်းငှါ "ကံကို မပြုရသေး၊ မကောင်းသဖြင့်ပြုထားသော ကံတည်း၊ တဖန် ပြန်၍ ပြုထိုက်၏၊ မငြိမ်းစေရသေး၊ မကောင်းသဖြင့် ငြိမ်းထားသော ကံတည်း၊ တဖန် ပြန်၍ ငြိမ်းစေထိုက်၏" ဟု လှုံ့ဆော်ကုန်၏။

အလိုနည်းသော ရဟန်းတို့သည် "အဘယ့်ကြောင့် ဆဗ္ဗဂ္ဂီရဟန်းတို့သည် သိလျက် တရားအားလျော်စွာ ငြိမ်းလေပြီးသော အဓိကရုဏ်းကို တဖန် ကံဖြစ်စေခြင်းငှါ လှုံ့ဆော်ကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ သင်တို့သည် သိလျက် တရားအားလျော်စွာ ငြိမ်းလေပြီးသော အဓိကရုဏ်းကို တဖန် ကံဖြစ်စေခြင်းငှါ လှုံ့ဆော်ကုန်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ အဘယ့်ကြောင့် သင်တို့သည် သိလျက် တရားအားလျော်စွာ ငြိမ်းလေပြီးသော အဓိကရုဏ်းကို တဖန် ကံဖြစ်စေခြင်းငှါ လှုံ့ဆော်ကုန်ဘိသနည်း။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ ဤ (သင်တို့ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ ရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

**၁၁၂။ ၆၃-၃၉၃။ "အကြင် ရဟန်းသည် သိလျက် တရားအားလျော်စွာ ငြိမ်းလေပြီးသော အဓိကရုဏ်းကို တဖန် ကံဖြစ်စေခြင်းငှါ လှုံ့ဆော်ငြားအံ့၊ (ထိုရဟန်းအား) ပါစိတ်အာပတ် သင့်၏"** ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

http://www.dhammadownload.com



## ၃-ဥဇ္ဈောဒ္ဓနသိက္ခာပုဒ် အဖွင့်

၃၉၄။ **အကြင်** ဟူသည် အကြင်သို့ သဘောရှိသော။ပ။

**ရဟန်း** ဟူသည်။ပ။ ဤအရာ၌ ဤဥ တ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သူကို "ရဟန်း" ဟူ၍ အလိုရှိအပ်၏။

**သိ၏** မည်သည် ကိုယ်တိုင်သော်လည်း သိ၏၊ သူတပါးတို့သော်လည်း ထိုရဟန်းအား ပြောကြားကုန်၏၊ ထိုရဟန်းကမူလည်း ပြောကြား၏။

**တရားအားလျော်စွာ** မည်သည် ဟုတ်မှန်သော တရားသဘောဖြင့် ဝိနည်းဖြင့် မြတ်စွာဘုရား၏ အဆုံးအမတော်ဖြင့် (ဥ တ်ကမ္မဝါစာဖြင့်) ပြုလုပ်ထား၏၊ ဤသို့ပြုလုပ်ခြင်းသည် တရားအားလျော် သည် မည်၏။

**အဓိကရုဏ်း** မည်သည် ငြင်းခုံမှု 'ဝိဝါဒ' အဓိကရုဏ်း၊ စွပ်စွဲမှု 'အနုဝါဒ' အဓိကရုဏ်း၊ အာပတ် ခုနစ်ပါး ဟူသော 'အာပတ္တိ' အဓိကရုဏ်း၊ ကံပြုမှု 'ကိစ္စ' အဓိကရုဏ်း ဟူ၍ အဓိကရုဏ်း လေးမျိုးရှိ၏။

**တဖန် ကံဖြစ်စေခြင်းငှါ လှုံ့ဆော်ငြားအံ့** ဟူသည် "ကံကို မပြုရသေး၊ မကောင်းသဖြင့် ပြုထားသော ကံတည်း၊ ကံကို တဖန် ပြန်၍ ပြုထိုက်၏၊ မငြိမ်းစေရသေး၊ မကောင်းသဖြင့် ငြိမ်းစေ ထားသော ကံတည်း၊ တဖန် ပြန်၍ ငြိမ်းစေထိုက်၏" ဟု လှုံ့ဆော်ငြားအံ့၊ ပါစိတ်အာပတ် သင့်၏။

၃၉၅။ ဓမ္မကံ၌ ဓမ္မကံ ဟု အမှတ်ရှိသည်ဖြစ်၍ လှုံ့ဆော်ငြားအံ့၊ ပါစိတ်အာပတ် သင့်၏။ ဓမ္မကံ၌ ယုံမှားရှိသည်ဖြစ်၍ လှုံ့ဆော်ငြားအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ဓမ္မကံ၌ အဓမ္မကံ ဟု အမှတ် ရှိသည်ဖြစ်၍ လှုံ့ဆော်ငြားအံ့၊ အာပတ် မသင့်။

အဓမ္မကံ၌ ဓမ္မကံ ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ အဓမ္မကံ၌ ယုံမှားရှိအံ့၊ ဒုက္ကဋ် အာပတ် သင့်၏။ အဓမ္မကံ၌ အဓမ္မကံ ဟု အမှတ်ရှိအံ့၊ အာပတ် မသင့်။

၃၉၆။ "မဟုတ်မမှန်သော သဘောဖြင့်သော်၎င်း ဝဂ် 'တသိမ်တည်း၌ တစုစီ' ဖြစ်သဖြင့်သော် ၎င်း ကံမထိုက်သော ရဟန်းအားသော်၎င်း ကံပြု၏" ဟု သိ၍ လှုံ့ဆော်ငြားအံ့၊ အာပတ် မသင့်၊ ရူးသောရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

တတိယ ဥဇ္ဈောဒ္ဓနသိက္ခာပုဒ် ပြီး၏။

---

## ၇-သပ္ပါဏကဝဂ် ၄-ဒုဋ္ဌုလ္လသိက္ခာပုဒ်

၃၉၇။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံ ဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ သာကီဝင်မင်းသား အသျှင်ဥပနန္ဒ သည် စေတနာ ထင်ရှားရှိသော သုက်လွှတ်ခြင်း သံဃာဒိသိသ် အာပတ်သင့်သောကြောင့် အစ်ကို၏ အတူနေ တပည့်ဖြစ်သော ရဟန်းအား "ငါ့သျှင် ငါသည် စေတနာ ထင်ရှားရှိသော သုက်လွှတ်ခြင်း သံဃာဒိသိသ် အာပတ် သင့်၏။ တစုံတယောက်သော ရဟန်းအား မပြောပါလင့်" ဟု ပြောကြား၏။

http://www.dhammadownload.com



ထိုအခါ ရဟန်းတပါးသည် စေတနာ ထင်ရှားရှိသော သုက်လွှတ်ခြင်း သံဃာဒိသိသ် အာပတ်သင့်သောကြောင့် သံဃာတော်အား ထိုအာပတ်နှင့် သက်ဆိုင်သော ပရိဝါသ်ကို တောင်း၏၊ သံဃာတော်သည် ထိုရဟန်းအား ထိုအာပတ်နှင့် သက်ဆိုင်သော ပရိဝါသ်ကို ပေး၏၊ ထိုရဟန်းသည် ပရိဝါသ်နေသည်ရှိသော် ထိုရဟန်းကို တွေ့မြင်၍ "ငါ့သျှင် အကျွန်ုပ်သည် စေတနာ ထင်ရှားရှိသော သုက်လွှတ်ခြင်း သံဃာဒိသိသ် အာပတ်သင့်သောကြောင့် သံဃာတော်အား ထိုအာပတ်နှင့် သက်ဆိုင်သော ပရိဝါသ်ကို တောင်း၏၊ သံဃာတော်သည် ထိုအကျွန်ုပ်အား ထိုအာပတ်နှင့် သက်ဆိုင်သော ပရိဝါသ်ကို ပေး၏၊ ထိုငါသည်လည်း ပရိဝါသ် နေ၏၊ ငါ့သျှင် အကျွန်ုပ်သည် ပရိဝါသ်ကို ကြားပါ၏၊ အကျွန်ုပ်ကို ပရိဝါသ်ကြားသောသူ ဟူ၍ အသျှင်သည် မှတ်တော်မူပါလော့" ဟု ဆို၏။

ငါ့သျှင် အသို့ပါနည်း အကြင် အခြားသော ပုဂ္ဂိုလ်သည်လည်း ဤသံဃာဒိသိသ် အာပတ် သင့်၏။ ထိုပုဂ္ဂိုလ်သည်လည်း ဤသို့ပင် ပြုရသလော ဟု မေး၏။ ငါ့သျှင် ဤသို့ပင် ပြုရ၏ ဟု ပြောဆို၏။ ငါ့သျှင် သာကီဝင်မင်းသား ဤအသျှင်ဥပနန္ဒသည် စေတနာ ထင်ရှားရှိသော သုက်လွှတ်ခြင်း သံဃာဒိသိသ် အာပတ်သင့်သောကြောင့် ထိုအသျှင်ဥပနန္ဒသည် အကျွန်ုပ်အား "တစုံတယောက်သော သူကိုမျှ မပြောပါလင့်" ဟု ပြောကြား၏ ဟူ၍ ဆို၏။

ငါ့သျှင် အသို့နည်း သင်သည် ဖုံးလွှမ်းထားလေသလော ဟု မေး၏၊ ငါ့သျှင် ဖုံးလွှမ်းထားသည် မှန်၏ ဟု ဆို၏။ ထိုအခါ ထိုရဟန်းသည် ရဟန်းတို့အား ဤအကြောင်းကို ပြောကြား၏။ အလိုနည်းသော ရဟန်းတို့သည် "အဘယ့်ကြောင့် ရဟန်းသည် ရဟန်း၏ ရုန့်ရင်းသော အာပတ်ကို သိလျက် ဖုံးလွှမ်းဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်း သင်သည် ရဟန်း၏ ရုန့်ရင်းသော အာပတ်ကို သိလျက် ဖုံးလွှမ်းထား၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား သင်သည် သိလျက် ရဟန်း၏ ရုန့်ရင်းသောအာပတ်ကို အဘယ့်ကြောင့် ဖုံးလွှမ်းဘိသနည်း။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား ဤ (သင်ပြုမိသော အမှု) သည် မကြည်ညိုသေးသောသူတို့အား ကြည်ညိုစေခြင်းငှါ ရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

**၁၁၃။ ၆၄-၃၉၈။ "အကြင် ရဟန်းသည် သိလျက် ရဟန်း၏ ရုန့်ရင်းသော သံဃာဒိသိသ်အာပတ်ကို ဖုံးလွှမ်းငြားအံ့၊ (ထိုရဟန်းအား) ပါစိတ်အာပတ် သင့်၏" ဤသို့** (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

## ၄-ဒုဋ္ဌုလ္လသိက္ခာပုဒ် အဖွင့်

၃၉၉။ အကြင် ဟူသည် အကြင်သို့ သဘောရှိသော။ပ။

**ရဟန်း** ဟူသည်။ပ။ ဤအရာ၌ ဤဉ တ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သူကို "ရဟန်း" ဟူ၍ အလိုရှိအပ်၏။

http://www.dhammadownload.com



ရဟန်း၏ ဟူသည် တပါးသော ရဟန်း၏။

သိ၏ မည်သည် ကိုယ်တိုင်သော်လည်း သိ၏၊ သူတပါးတို့သော်လည်း ထိုရဟန်းအား ပြောကြားကုန်၏၊ ထိုရဟန်းကမူလည်း ပြောကြား၏။

ရုန့်ရင်းသော အာပတ် မည်သည် ပါရာဇိက အာပတ်လေးပါး သံဃာဒိသိသ် အာပတ် တဆယ့်သုံးပါးတို့တည်း။

ဖုံးလွှမ်းခြားအံ့ ဟူသည် "ဤရဟန်းကို (သူတပါးတို့က) သိလျှင် စောဒနာကုန်လတ္တံ့၊ အောက်မေ့စကုန်လတ္တံ့၊ ဆဲရေးကုန်လတ္တံ့၊ ရှုတ်ချကုန်လတ္တံ့၊ မျက်နှာမလှ ဖြစ်စေကုန်လတ္တံ့၊ (ငါ) မပြောကြားတော့အံ့" ဟု ဝန်ချကာမျှနှင့် ပါစိတ်အာပတ် သင့်၏။

၄၀၀။ ရုန့်ရင်းသော အာပတ်၌ ရုန့်ရင်းသော အာပတ် ဟု အမှတ်ရှိသည်ဖြစ်၍ ဖုံးလွှမ်းအံ့၊ ပါစိတ်အာပတ် သင့်၏။ ရုန့်ရင်းသော အာပတ်၌ ယုံမှားရှိသည်ဖြစ်၍ ဖုံးလွှမ်းအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ရုန့်ရင်းသော အာပတ်၌ မရုန့်ရင်းသော အာပတ် ဟု အမှတ်ရှိသည်ဖြစ်၍ ဖုံးလွှမ်းအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

မရုန့်ရင်းသော အာပတ်ကို ဖုံးလွှမ်းအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ရဟန်းမဟုတ်သူ၏ ရုန့်ရင်းသည်လည်း ဖြစ်သော မရုန့်ရင်းသည်လည်း ဖြစ်သော လွန်ကျူး၍ ကျင့်ခြင်းကို ဖုံးလွှမ်းအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

မရုန့်ရင်းသော အာပတ်၌ ရုန့်ရင်းသော အာပတ် ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ မရုန့်ရင်းသော အာပတ်၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ မရုန့်ရင်းသော အာပတ်၌ မရုန့်ရင်းသော အာပတ် ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

၄၀၁။ "သံဃာတော်၏ ခိုက်ရန်ဖြစ်ခြင်း ငြင်းခုံခြင်း ဆန့်ကျင်သော စကားကို ယူခြင်း ဆန့်ကျင်သော စကားကို ဆိုခြင်းသည် ဖြစ်လတ္တံ့" ဟု အောက်မေ့၍ မပြောကြားအံ့၊ အာပတ် မသင့်။

"သံဃာ၏ ကွဲပြားခြင်းသော်၎င်း သံဃာ၏ အရေး 'အက်ကြောင်း' သော်၎င်း ဖြစ်လတ္တံ့" ဟု နှလုံးပိုက်၍ မပြောကြားအံ့၊ "ဤရဟန်းသည် ခက်ထန်၏၊ ကြမ်းတမ်း၏၊ အသက်၏ အန္တရာယ်ကိုသော်၎င်း သာသနာတော်၏ အန္တရာယ်ကိုသော်၎င်း ပြုလတ္တံ့ ဟု" (နှလုံးသွင်း၍) မပြောကြားအံ့၊ လျောက်ပတ်သော အခြားရဟန်းတို့ကို မမြင်သောကြောင့် မပြောကြားအံ့၊ ဖုံးလွှမ်းရန် အလိုမရှိပဲ မပြောကြားအံ့၊ "မိမိအမှုဖြင့် ထင်ရှားလတ္တံ့ ဟု" (အောက်မေ့၍) မပြောကြားအံ့၊ အာပတ် မသင့်၊ ရူးသောရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

စတုတ္ထ ဒုဋ္ဌုလ္လသိက္ခာပုဒ် ပြီး၏။

---

## ၇-သပ္ပါဏကဝဂ် ၅-ဦနစိသတိဝဿသိက္ခာပုဒ်

၄၀၂။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ရှဉ့်နက်တို့အား အစာကျွေးရာ ဖြစ်သော ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ ရာဇဂြိုဟ်ပြည်၌ (ဆယ့်ခုနစ်ယောက် အစုရှိသောကြောင့်) သတ္တရသဝဂ္ဂီ အမည်ရှိသော သူငယ်တို့သည် အပေါင်းအသင်း မိတ်ဆွေ ဖြစ်ကုန်၏။ ထိုသူငယ်တို့တွင် ဥပါလိ အမည်ရှိသော သူငယ်သည် အကြီးအမှူး ဖြစ်၏။

http://www.dhammadownload.com



ထိုအခါ ဥပါလိ သူငယ်၏ အမိအဖတို့အား—

"ဥပါလိသည် ငါတို့ သေလွန်သော အခါ၌ အဘယ်သို့သော အကြောင်းဖြင့် ချမ်းသာစွာ အသက်ရှည်၍ မပင်မပန်းပဲလည်း ရှိရာအံ့နည်း" ဟု အကြံဖြစ်၏။

ထို့နောက် ဥပါလိ၏ အမိအဖတို့အား—

"ဥပါလိသည် စာရေးအတတ်ကို သင်သည်ရှိသော် ငါတို့သေလွန်သောအခါ ချမ်းသာစွာ အသက်ရှည်ရာ၏၊ ပင်လည်း မပင်ပန်းရာ" ဟု အကြံဖြစ်၏။

ထို့နောက် ဥပါလိ၏ အမိအဖတို့အား—

"ဥပါလိသည် စာရေးအတတ်ကို သင်ငြားအံ့ လက်ချောင်းတို့သည် နာကျင်ကုန်လတ္တံ့၊ ဥပါလိသည် ဂဏန်းအတတ်ကို သင်မှသာလျှင် ငါတို့သေလွန်သောအခါ ချမ်းသာစွာ အသက်ရှည်ရာ၏၊ ပင်လည်း မပင်ပန်းရာ" ဟု အကြံဖြစ်ပြန်၏။

ထို့နောက် ဥပါလိ၏ အမိအဖတို့အား—

"ဥပါလိသည် ဂဏန်းအတတ်ကို သင်ငြားအံ့ ရင်ပတ်အောင့် (ဆင်းရဲ) ရာ၏၊ ဥပါလိသည် ငွေစာရင်းအတတ်ကို သင်မှ သာလျှင် ငါတို့သေလွန်သောအခါ ချမ်းသာစွာ အသက်ရှည်ရာ၏၊ ပင်လည်း မပင်ပန်းရာ" ဟု အကြံဖြစ်ပြန်၏။

ထို့နောက် ဥပါလိ၏ အမိအဖတို့အား—

"ဥပါလိသည် ငွေစာရင်းအတတ်ကို သင်သည်ရှိသော် မျက်စိ ကျိန်းစပ်ရာ၏၊ ဤသာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့သည် ချမ်းသာသော အလေ့ရှိကုန်၏၊ ချမ်းသာသော အကျင့်ရှိကုန်၏၊ ကောင်းသော စားဖွယ်တို့ကို စား၍ လေမိုးလုံသော အိပ်ရာ နေရာတို့၌ သာလျှင် အိပ်ရကုန်၏၊ ဥပါလိသည် သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်း၏ အထံ၌ ရဟန်းပြုမှသာလျှင် ငါတို့သေလွန်သည့်အခါ ချမ်းသာစွာ အသက်ရှည်ရာ၏၊ ပင်လည်း မပင်ပန်းရာ" ဟု အကြံဖြစ်ပြန်၏။

ဥပါလိ သူငယ်သည် အမိအဖတို့ ကြံစည်ပြောဆိုခြင်းကို ကြားလေ၏။ ထိုအခါ ဥပါလိ သူငယ်သည် အပေါင်းအဖော် သူငယ်တို့ထံသို့ ချဉ်းကပ်၍ ထိုသူငယ်တို့ကို "အချင်းတို့ လာကုန်လော့ ငါတို့သည် သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့၏ အထံ၌ ရဟန်းပြုကြကုန်အံ့" ဟု ဆို၏၊ အမောင် သင် ရဟန်းပြုလျှင် အကျွန်ုပ်တို့လည်း ရဟန်းပြုပါကုန်အံ့ ဟု ပြောဆိုကုန်၏။

ထိုအခါ ထိုသူငယ်တို့သည် အမိအဖအသီးသီးတို့ထံသို့ ချဉ်းကပ်၍ "လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ခြင်းငှါ အကျွန်ုပ်တို့ကို ခွင့်လွှတ်ပါကုန်လော့" ဟု ပြောဆိုကုန်၏။

ထိုအခါ ထိုသူငယ်တို့၏ အမိအဖတို့သည် "ဤသူငယ်အားလုံးတို့သည် တူမျှသော ဆန္ဒရှိကုန်၏၊ ကောင်းသော အလိုရှိကုန်၏" ဟု ခွင့်ပြုကုန်၏။ ထိုသူငယ်တို့သည် ရဟန်းတို့ထံသို့ ချဉ်းကပ်၍ ရှင်အဖြစ်ကို တောင်းကုန်၏၊ ရဟန်းတို့သည် ထိုသူငယ်တို့ကို ရှင်လည်း ပြုပေးကုန်၏၊ ရဟန်းလည်း ခံပေးကုန်၏။

ထိုသူငယ်တို့သည် ညဥ့်၏ မိုးသောက်ယံအခါ၌ စောစောထ၍ "ယာဂုကို ပေးကုန်လော့ ထမင်းကို ပေးကုန်လော့ ခဲဖွယ်ကို ပေးကုန်လော့" ဟု ငိုကုန်၏။ ရဟန်းတို့သည် "ငါ့သျှင်တို့ မိုးလင်း

http://www.dhammadownload.com



ရှိမှု ငုံလင့်ကုန်ဦးလော့ အကယ်၍ ယာဂုရှိပါမူ သောက်ရကုန်လတ္တံ့၊ အကယ်၍ ဆွမ်းရှိပါမူ စားရကုန်လတ္တံ့၊ အကယ်၍ ခဲဖွယ်ရှိပါမူ ခဲရကုန်လတ္တံ့၊ အကယ်၍ ယာဂု ထမင်း ခဲဖွယ်မရှိမူ ဆွမ်းခံ၍ စားရကုန်လတ္တံ့" ဟု ပြောဆိုကုန်၏။

ထိုသူငယ် ရဟန်းတို့သည် ရဟန်းတို့က ဤသို့ပြောဆိုသော်လည်း "ယာဂုကို ပေးကုန်လော့ ထမင်းကို ပေးကုန်လော့ ခဲဖွယ်ကို ပေးကုန်လော့" ဟု ဆို၍ ငိုကြွေးမြဲ ငိုကြွေးကြကုန်သည်သာလျှင်တည်း၊ အိပ်ရာ နေရာတို့သည် ကျင်ကြီးလည်း လူးကုန်၏၊ ကျင်ငယ်လည်း လူးကုန်၏။

မြတ်စွာဘုရားသည် ညဉ့်၏ မိုးသောက်ယံအခါ၌ စောစောထတော်မူသော် သူငယ်တို့ ငိုကြွေးသံကို ကြားတော်မူ၍ "အာနန္ဒာ ထိုသူငယ်တို့ ငိုသံသည် အဘယ့်ကြောင့်နည်း" ဟု အသျှင်အာနန္ဒာကို မေးတော်မူ၏။ ထိုအခါ အသျှင်အာနန္ဒာသည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်၏။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် ရဟန်းအပေါင်းကို စည်းဝေးစေပြီးလျှင် ရဟန်းတို့ကို "ရဟန်းတို့ ရဟန်းတို့သည် သိလျက် အသက်နှစ်ဆယ် မပြည့်သေးသော ပုဂ္ဂိုလ်ကို ရဟန်းခံပေးကုန်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ထိုယောကျ်ားတို့သည် အဘယ့်ကြောင့် သိလျက် အသက်နှစ်ဆယ် မပြည့်သေးသော ပုဂ္ဂိုလ်ကို ပဉ္စင်းခံပေးကုန်ဘိသနည်း။ ရဟန်းတို့ အသက်နှစ်ဆယ် မပြည့်သေးသော ပုဂ္ဂိုလ်သည် အချမ်းအပူ ဆာလောင်ခြင်း မွတ်သိပ်ခြင်း မှက် ခြင် လေ နေပူ မြွေ ကင်း သန်း တို့၏ အတွေ့တို့ကို သည်းမခံနိုင်၊ မကောင်းသဖြင့်ဆိုအပ် မကောင်းသဖြင့်ရောက်လာသော စကားတို့ကိုလည်း ကိုယ်၌ ဖြစ်ဆဲဖြစ်သော ပြင်းထန် ကြမ်းကြုတ် ခါးစပ်ကျင်နာ မသာယာဖွယ် မနှစ်သက်ဖွယ်ဖြစ်သော သေလောက်သော ဆင်းရဲ ဝေဒနာတို့ကိုလည်း သည်းခံခြင်း သဘောမရှိသည်သာလျှင်တည်း။ ရဟန်းတို့ အသက်နှစ်ဆယ်ပြည့်သော ပုဂ္ဂိုလ်သည်သာလျှင် အချမ်း အပူ စသော ဆင်းရဲ ဝေဒနာတို့ကို သည်းခံနိုင်ခြင်း သဘောရှိ၏။

ရဟန်းတို့ ဤ (သင်တို့ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

၁၁၄။ ၆၅-၄၀၃။ **"အကြင် ရဟန်းသည် သိလျက်နှင့် အသက်နှစ်ဆယ်မပြည့်သေးသော ပုဂ္ဂိုလ်ကို ပဉ္စင်းခံပေးငြားအံ့၊ ထို (အသက်နှစ်ဆယ်မပြည့်သေးသော) ပုဂ္ဂိုလ်သည်လည်း ရဟန်းမဖြစ်၊ ထိုပဉ္စင်းခံပေးသော ရဟန်းတို့ကိုလည်း ကဲ့ရဲ့ထိုက်ကုန်၏၊ (ဒုက္ကဋ်အာပတ် သင့်ကုန်၏)၊ ထိုဉပဇ္ဈာယ်ပြု၍ ပဉ္စင်းခံပေးသော ရဟန်းအား ဤပါစိတ်အာပတ် သင့်၏"** ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

## ၅-ဉီနဝီသတိဝဿသိက္ခာပုဒ် အဖွင့်

၄၀၄။ အကြင် ဟူသည် အကြင်သို့ သဘောရှိသော။ပ။

ရဟန်း ဟူသည်။ပ။ ဤအရာ၌ ဤဉတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သူကို "ရဟန်း" ဟူ၍ အလိုရှိအပ်၏။

http://www.dhammadownload.com



**သိ၏** မည်သည် ကိုယ်တိုင်သော်လည်း သိ၏၊ သူတပါးတို့သော်လည်း ထိုရဟန်းအား ပြောကြားကုန်၏၊ ထိုရဟန်းကမူလည်း ပြောကြား၏။

**အသက် နှစ်ဆယ် မပြည့်သေး** မည်သည် အသက်နှစ်ဆယ်သို့ မရောက်သေးသော သူတည်း။

ပဉ္စင်းခံအံ့ ဟူ၍ ဂိုဏ်းကိုသော်၎င်း ကမ္မဝါစာ ဆရာကိုသော်၎င်း သပိတ်ကိုသော်၎င်း သင်္ကန်းကိုသော်၎င်း ရှာအံ့၊ သိမ်ကိုလည်း သမုတ်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ဉတ်ဖြင့် ဒုက္ကဋ်အာပတ် သင့်၏၊ ကမ္မဝါစာ နှစ်ကြိမ်တို့ဖြင့် ဒုက္ကဋ်အာပတ်တို့ သင့်ကုန်၏။ ကမ္မဝါစာ အဆုံး၌ ဥပဇ္ဈာယ် ဆရာအား ပါစိတ်အာပတ် သင့်၏။ ဂိုဏ်းအားရင်း ကမ္မဝါစာ ဆရာအားရင်း ဒုက္ကဋ်အာပတ် သင့်၏။

၄၀၅။ အသက်နှစ်ဆယ် မပြည့်သေးသည်၌ အသက်နှစ်ဆယ် မပြည့်သေး ဟု အမှတ်ရှိသည်ဖြစ်၍ ပဉ္စင်းခံအံ့၊ ပါစိတ်အာပတ် သင့်၏။

အသက်နှစ်ဆယ် မပြည့်သေးသည်၌ ယုံမှားရှိသည်ဖြစ်၍ ပဉ္စင်းခံအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

အသက်နှစ်ဆယ် မပြည့်သေးသည်၌ အသက်နှစ်ဆယ် ပြည့်၏ ဟု အမှတ်ရှိသည်ဖြစ်၍ ပဉ္စင်းခံအံ့၊ အာပတ် မသင့်။

အသက်နှစ်ဆယ် ပြည့်သည်၌ အသက်နှစ်ဆယ် မပြည့်သေး ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

အသက်နှစ်ဆယ် ပြည့်သည်၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ အသက်နှစ်ဆယ်ပြည့်သည်၌ အသက်နှစ်ဆယ် ပြည့်၏ ဟု အမှတ်ရှိအံ့၊ အာပတ် မသင့်။

၄၀၆။ အသက်နှစ်ဆယ် မပြည့်သောသူကို အသက်နှစ်ဆယ် ပြည့်၏ ဟု အမှတ်ရှိသည်ဖြစ်၍ ပဉ္စင်းခံအံ့၊ အသက်နှစ်ဆယ် ပြည့်သောသူကို အသက်နှစ်ဆယ် ပြည့်သောသူ ဟု အမှတ်ရှိသည်ဖြစ်၍ ပဉ္စင်းခံအံ့၊ အာပတ် မသင့်၊ ရူးသောရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

ပဉ္စမ ဦနဝီသတိဝဿသိက္ခာပုဒ် ပြီး၏။

---

## ၇-သပ္ပါဏကဝဂ် ၆-ထေယျသတ္ထသိက္ခာပုဒ်

၄၀၇။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ လှည်းကုန်သည် တဦးသည် ရာဇဂြိုဟ်ပြည်မှ အနောက်မျက်နှာ အရပ်သို့ သွားလို၏။ ရဟန်းတပါးသည် ထိုလူတို့ကို "ငါသည်လည်း ဒါယကာတို့နှင့် အတူ သွားလို၏" ဟု ဆို၏။ အသျှင်ဘုရား အကျွန်ုပ်တို့သည်ကား ကင်းကို ရှောင်လွှဲကုန်အံ့ ဟု ဆိုသောအခါ ဒါယကာတို့ သိကုန်လော့ (နားလည်ကြပါကုန်လော့) ဟု (မြွာဆို၏)။

ကင်းစောင့်တို့သည် "ကုန်သည်သည် ကင်းခွန်ကို ရှောင်လွှဲလတ္တံ့" ဟု ကြားကုန်၏။ ထို ကင်းစောင့်တို့သည် ခရီး၌ အစောင့်အရှောက် ထားကုန်၏။ ထိုအခါ ထိုကင်းစောင့်တို့သည် ကုန်သည်ကို ဖမ်းယူ လုယက်၍ ထိုရဟန်းအား—

http://www.dhammadownload.com



"အသျှင်ဘုရား အသျှင်ဘုရားသည် သိလျက် အဘယ့်ကြောင့် ထိုခိုးသူကုန်သည်နှင့်အတူ သွားသနည်း" ဟု နှောင့်ယှက်၍ လွှတ်လိုက်ကုန်၏။

ထိုအခါ ထိုရဟန်းသည် သာဝတ္ထိပြည်သို့ သွား၍ ရဟန်းတို့အား ဤအကြောင်းကို ပြောကြား၏။ အလိုနည်းသော ရဟန်းတို့သည် "အဘယ့်ကြောင့် ရဟန်းသည် သိလျက် ခိုးသူကုန်သည်နှင့် အတူ တိုင်ပင်၍ တကြောင်းထည်း အဓွန့်ရှည်သော ခရီးသို့ သွားဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်း သင်သည် သိလျက် ခိုးသူကုန်သည်နှင့်အတူ တိုင်ပင်၍ တကြောင်းထည်း အဓွန့်ရှည်သော ခရီးသို့ သွား၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား သင်သည် အဘယ့်ကြောင့် သိလျက် ခိုးသူကုန်သည်နှင့်အတူ တိုင်ပင်၍ တကြောင်းထည်း အဓွန့်ရှည်သော ခရီးသို့ သွားဘိသနည်း။ (မဂ်ဖိုလ်မှ) အချည်းနှီး ဖြစ်သော ယောကျ်ား ဤ (သင်ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ ရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

**၁၁၅။ ၆၆-၄၀၈။ အကြင် ရဟန်းသည် သိလျက် ခိုးသူကုန်သည်နှင့်အတူ တိုင်ပင်၍ တကြောင်းထည်း အဓွန့်ရှည်သောခရီးသို့ သွားငြားအံ့၊ အယုတ်သဖြင့် ရွာတပါးသို့သော်လည်း သွားငြားအံ့၊ (ထိုရဟန်းအား) ပါစိတ်အာပတ် သင့်၏" ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။**

## ၆-ထေယျသတ္ထသိက္ခာပုဒ် အဖွင့်

၄၀၉။ **အကြင်** ဟူသည် အကြင်သို့ သဘောရှိသော။ပ။

**ရဟန်း** ဟူသည်။ပ။ ဤအရာ၌ ဤဥ တ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သူကို "ရဟန်း" ဟူ၍ အလိုရှိအပ်၏။

**သိ၏** မည်သည် ကိုယ်တိုင်သော်လည်းသိ၏၊ အခြားသော သူတို့သော်လည်း ထိုရဟန်းအား ပြောကြားကုန်၏၊ ထိုရဟန်းကမူလည်း ပြောကြား၏။

**ခိုးသူကုန်သည်** မည်သည် ခိုးမှုကိုပြုပြီး မပြုရသေးသော ခိုးသူတို့သည် မင်းကို (မင်း၏ဥစ္စာကို) သော်လည်း ခိုး၍ သွားကုန်၏ ကင်းခွန်ကိုသော်လည်း ရှောင်လွှဲကုန်၏။

**အတူ** ဟူသည် အတူတကွတည်း။

**တိုင်ပင်၍** ဟူသည် "ဒါယကာ သွားကုန်အံ့ အသျှင်ဘုရား သွားပါကုန်အံ့၊ အသျှင်ဘုရား သွားကုန်အံ့ ဒါယကာ သွားကုန်အံ့၊ ယနေ့သော်ရင်း နက်ဖြန်သော်ရင်း သန်ဘက်ခါ သော်ရင်း သွားကုန်အံ့" ဟု တိုင်ပင်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

http://www.dhammadownload.com



အယုတ်သဖြင့် ရွာတပါးသို့သော်လည်း ဟူသည် ကြက်ပျံတကျဖြစ်သော ရွာ၌ ရွာအကြားတိုင်း ရွာအကြားတိုင်း ပါစိတ်အာပတ် သင့်၏။ ရွာမရှိသော တောခရီးဖြစ်မူကား ယူဇနာခွဲတိုင်း ယူဇနာခွဲတိုင်း ပါစိတ်အာပတ် သင့်၏။

၄၁၀။ ခိုးသူကုန်သည်ကို ခိုးသူကုန်သည် ဟု အမှတ်ရှိသည်ဖြစ်၍ တိုင်ပင်လျက် တကြောင်းထည်း အခွန့်ရှည်သော ခရီးသို့ သွားအံ့၊ အယုတ်သဖြင့် ရွာတပါးသို့သော်လည်း သွားအံ့၊ ပါစိတ်အာပတ် သင့်၏။

ခိုးသူကုန်သည်၌ ယုံမှားရှိသည်ဖြစ်၍ တိုင်ပင်လျက်တကြောင်းတည်း အခွန့်ရှည်သော ခရီးသို့ သွားအံ့၊ အယုတ်သဖြင့် ရွာတပါးသို့သော်လည်း သွားအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ခိုးသူကုန်သည်ကို ခိုးသူကုန်သည် မဟုတ် ဟု အမှတ်ရှိသည်ဖြစ်၍ တိုင်ပင်လျက် တကြောင်းထည်း အခွန့်ရှည်သော ခရီးသို့ သွားအံ့၊ အယုတ်သဖြင့် ရွာတပါးသို့သော်လည်း သွားအံ့၊ အာပတ်မသင့်။

ရဟန်းသည် တိုင်ပင်၏ လူတို့သည် မတိုင်ပင်ကုန်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ခိုးသူကုန်သည် မဟုတ်သောသူ၌ ခိုးသူကုန်သည် ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ခိုးသူကုန်သည် မဟုတ်သောသူ၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ခိုးသူကုန်သည် မဟုတ်သောသူ၌ ခိုးသူကုန်သည် မဟုတ် ဟု အမှတ်ရှိအံ့၊ အာပတ် မသင့်။

၄၁၁။ မတိုင်ပင်မူ၍ သွားကုန်အံ့၊ လူတို့သည် တိုင်ပင်၍ ရဟန်းတို့သည် မတိုင်ပင်အံ့၊ အချိန်းအချက်လွှဲ၍ သွားကုန်အံ့၊ အာပတ် မသင့်။ ဘေးရန်တို့ကြောင့် အာပတ် မသင့်၊ ရူးသောရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

ဆဋ္ဌ ထေယျသတ္ထသိက္ခာပုဒ် ပြီး၏။

---

## ၇-သပ္ပါဏကဝဂ် ၇-သံဝိဓာနသိက္ခာပုဒ်

၄၁၂။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ရဟန်းတပါးသည် ကောသလတိုင်း ဇနပုဒ်တို့၌ သာဝတ္ထိပြည်သို့ သွားသည်ရှိသော် မထင်ရှားသော ရွာတံခါးကို လွန်သွားလေ၏။

မိန်းမတယောက်သည်လည်း လင်နှင့် ခိုက်ရန်ဖြစ်၍ ရွာမှ ထွက်လာရာ ထိုရဟန်းကို မြင်၍ "အသျှင်ဘုရား အသျှင်သည် အဘယ်အရပ်သို့ သွားမည်နည်း" ဟု လျှောက်၏။

နှမ ငါသည် သာဝတ္ထိပြည်သို့ သွားအံ့ ဟု ဆိုသည်ရှိသော် အကျွန်ုပ်သည် အသျှင်နှင့် အတူ လိုက်လိုပါ၏ ဟု (လျှောက်၏)။

နှမ (လိုက်ခဲ့) သွားမည် ဟု (ပြောဆို၍ သွားလေ၏)။

ထိုအခါ ထိုမိန်းမ၏ လင်သည် ရွာမှထွက်၍ လူတို့ကို "အမောင်တို့ ဤသို့သဘောရှိသော မိန်းမကို မြင်ကြပါသလော" ဟု မေး၏။

အမောင် ဤမိန်းမသည် ရဟန်းနှင့်အတူ သွား၏ ဟု (ဆိုကုန်၏)။

http://www.dhammadownload.com



ထိုယောကျ်ားသည် အစဉ်လိုက်၍ ထိုရဟန်းကို ဖမ်းပြီးလျှင် ထောင်းထု၍ လွှတ်လိုက်၏။ ထို အခါ ထိုရဟန်းသည် တခုသော သစ်ပင်ရင်း၌ ကြုံမှိုင်လျက် ထိုင်နေ၏။ ထိုအခါ ထိုမိန်းမသည် ထို ယောကျ်ားကို "အမောင် ထိုရဟန်းသည် အကျွန်ုပ်ကို ခေါ်၍မသွားပေ၊ စင်စစ်မူကား ငါသာလျှင် ထိုရဟန်းနှင့်အတူ သွား၏၊ ထိုရဟန်းအား အပြစ်မရှိပေ၊ သွားချေ ထိုရဟန်းကို ဝန်ချတောင်းပန် ချေလော့" ဟု ပြောဆိုလေ၏။ ထိုအခါ ထိုယောကျ်ားသည် ထိုရဟန်းကို ဝန်ချတောင်းပန်၏ 'သည်း ခံစေ၏'။

ထိုအခါ ထိုရဟန်းသည် သာဝတ္ထိပြည်သို့သွား၍ ရဟန်းတို့အား ဤအကြောင်းကို ပြောကြား ၏။ အလိုနည်းသော ရဟန်းတို့သည် "အဘယ့်ကြောင့် ရဟန်းသည် မာတုဂါမနှင့်အတူ တိုင်ပင်၍ တကြောင်းထည်း အစွန့်ရှည်သော ခရီးသို့ သွားဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်း သင်သည် မာတုဂါမနှင့်အတူ တိုင်ပင်၍ တကြောင်းထည်း အစွန့်ရှည်သော ခရီးသို့ သွား၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ (မဂ်ဖိုလ်မှ) အချည်းနှီး ဖြစ်သောယောကျ်ား သင်သည် အဘယ်ကြောင့် မာတုဂါမနှင့်အတူ တိုင်ပင်၍ တကြောင်းထည်း အစွန့်ရှည်သောခရီးသို့ သွားဘိသနည်း။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သောယောကျ်ား ဤ (သင်ပြုမိ သော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ ရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဤ သိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

၁၁၆။ ၆၇-၄၁၃။ "**အကြင် ရဟန်းသည် မာတုဂါမနှင့်အတူ တိုင်ပင်၍ တကြောင်းထည်း အစွန့်ရှည်သော ခရီးသို့ သွားငြားအံ့ အယုတ်သဖြင့် ရွာတပါးသို့သော်လည်း သွားငြားအံ့၊ (ထိုရဟန်းအား) ပါစိတ်အာပတ် သင့်၏**" ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

## ၇-သံဝိဓာနသိက္ခာပုဒ် အဖွင့်

၄၁၄။ အကြင် ဟူသည် အကြင်သို့ သဘောရှိသော။ပ။

ရဟန်း ဟူသည်။ပ။ ဤအရာ၌ ဤ ဥတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သူကို "ရဟန်း" ဟူ၍ အလိုရှိအပ်၏။

မာတုဂါမ မည်သည် ဘီလူးမ မဟုတ် ပြိတ္တာမ မဟုတ် တိရစ္ဆာန်မ မဟုတ် ကောင်းစွာဆိုသော စကား မကောင်းသဖြင့်ဆိုသော စကားကိုရင်း ရုန့်ရင်းသောစကား မရုန့်ရင်းသောစကားကိုရင်း သိခြင်းငှါ စွမ်းနိုင်သော လူမိန်းမတည်း။

အတူ ဟူသည် အတူတကွတည်း။

တိုင်ပင်၍ ဟူသည် "နှမ သွားကုန်အံ့ အသျှင်ဘုရား သွားပါကုန်အံ့၊ အသျှင်ဘုရား သွားကုန်အံ့ နှမ သွားကုန်အံ့၊ ယနေ့သော်ရင်း နက်ဖြန်သော်ရင်း သန်ဘက်ခါသော်ရင်း သွားကုန်အံ့" ဟု တိုင်ပင် အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

http://www.dhammadownload.com



အယုတ်သဖြင့် ရွာတပါးသို့သော်လည်း ဟူသည် ကြက်ပျံတကျဖြစ်သောရွာ၌ ရွာအကြားတိုင်း ရွာအကြားတိုင်း ပါစိတ်အာပတ် သင့်၏။ ရွာမရှိသော တောခရီးဖြစ်မူကား ယူဇနာခွဲတိုင်း ယူဇနာခွဲတိုင်း ပါစိတ်အာပတ် သင့်၏။

၄၁၅။ မာတုဂါမ၌ မာတုဂါမ ဟု အမှတ်ရှိသည်ဖြစ်၍ တိုင်ပင်လျက် တကြောင်းထည်း အခွင့်ရှည်သောခရီးသို့ သွားအံ့၊ အယုတ်သဖြင့် ရွာတပါးသို့သော်လည်းသွားအံ့၊ ပါစိတ်အာပတ် သင့်၏။

မာတုဂါမ၌ ယုံမှားရှိသည်ဖြစ်၍ တိုင်ပင်လျက် တကြောင်းထည်း အခွင့်ရှည်သော ခရီးသို့ သွားအံ့၊ အယုတ်သဖြင့် ရွာတပါးသို့သော်လည်း သွားအံ့၊ ပါစိတ်အာပတ် သင့်၏။

မာတုဂါမ၌ မာတုဂါမ မဟုတ် ဟု အမှတ်ရှိသည်ဖြစ်၍ တိုင်ပင်လျက် တကြောင်းထည်း အခွင့်ရှည်သောခရီးသို့ သွားအံ့၊ အယုတ်သဖြင့် ရွာတပါးသို့သော်လည်း သွားအံ့၊ ပါစိတ်အာပတ် သင့်၏။

ရဟန်းသည် တိုင်ပင်၏ မာတုဂါမသည် မတိုင်ပင်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ဘီလူးမနှင့်သော်၎င်း ပြိတ္တာမနှင့်သော်၎င်း ပဏ္ဍုက်နှင့်သော်၎င်း လူယောင်ဆောင်သော တိရစ္ဆာန်မနှင့်သော်၎င်း အတူတိုင်ပင်၍ တကြောင်းထည်း အခွင့်ရှည်သောခရီးသို့ သွားအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

မာတုဂါမ မဟုတ်သည်၌ မာတုဂါမ ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ မာတုဂါမ မဟုတ်သည်၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ မာတုဂါမ မဟုတ်သည်၌ မာတုဂါမ မဟုတ် ဟု အမှတ်ရှိအံ့၊ အာပတ် မသင့်။

၄၁၆။ မတိုင်ပင်ပဲ သွားအံ့၊ မာတုဂါမသည် တိုင်ပင်၍ ရဟန်းက မတိုင်ပင်အံ့၊ အချိန်းအချက်လွဲသဖြင့် သွားအံ့၊ ဘေးရန်တို့ကြောင့် သွားအံ့၊ အာပတ် မသင့်၊ ရူးသောရဟန်း အစလက်ဦးလွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

သတ္တမ သံဝိဓာနသိက္ခာပုဒ် ပြီး၏။

---

## ၇-သပ္ပါဏကဝဂ် ၈-အရိဋ္ဌသိက္ခာပုဒ်

၄၁၇။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ လင်းတသတ်အမျိုး၌ ဖြစ်ဘူးသော အရိဋ္ဌမည်သော ရဟန်းအား "(စျာန်မဂ်ဖိုလ်၏) အန္တရာယ်ကို ပြုတတ်ကုန်၏ ဟု မြတ်စွာဘုရား ဟောထား သော တရားတို့ကို ဟောထားတော်မူသည့်အတိုင်း ငါသိ၏၊ ထိုတရားတို့သည် မှီဝဲသော သူအား (စျာန်မဂ်ဖိုလ်၏) အန္တရာယ်ကိုပြုခြင်းငှါ မစွမ်းနိုင်" ဟု ယုတ်မာသော မိစ္ဆာအယူရှိ၏။

များစွာသော ရဟန်းတို့သည် လင်းတသတ်အမျိုး၌ ဖြစ်ဘူးသော အရိဋ္ဌမည်သော ရဟန်းအား "(စျာန်မဂ်ဖိုလ်၏) အန္တရာယ်ကို ပြုတတ်ကုန်၏ ဟု မြတ်စွာဘုရား ဟောထားသော တရားတို့ကို ဟောထားတော်မူသည့်အတိုင်း ငါသိ၏၊ ထိုတရားတို့သည် မှီဝဲသောသူအား (စျာန်မဂ်ဖိုလ်၏) အန္တရာယ်ကိုပြုခြင်းငှါ မစွမ်းနိုင်" ဟု ယုတ်မာသော မိစ္ဆာအယူရှိ၏ ဟူ၍ ကြားကုန်၏။

http://www.dhammadownload.com



ထိုအခါ၌ ထိုရဟန်းတို့သည် လင်းတသတ်အမျိုး၌ ဖြစ်ဘူးသော အရိဋ္ဌမည်သော ရဟန်းထံသို့ ချဉ်းကပ်ပြီးလျှင် လင်းတသတ်အမျိုး၌ ဖြစ်ဘူးသော အရိဋ္ဌမည်သော ရဟန်းအား—

"ငါ့သျှင် အရိဋ္ဌ သင့်အား (ချွန်မက်ဖိုလ်၏) အန္တရာယ်ကို ပြုတတ်ကုန်၏ ဟု မြတ်စွာဘုရား ဟောထားသော တရားတို့ကို ဟောထားတော်မူသည့်အတိုင်း ငါသိပါ၏၊ ထိုတရားတို့သည် မှီဝဲသောသူအား (ချွန်မက်ဖိုလ်၏) အန္တရာယ်ကိုပြုခြင်းငှါ မစွမ်းနိုင် ဟု ယုတ်မာသော အယူ ရှိ၏ ဟူသည် မှန်သလော" ဟု မေးကြကုန်၏။

ငါ့သျှင်တို့ ကြားသည့်အတိုင်း မှန်ပေ၏၊ (ချွန်မက်ဖိုလ်၏) အန္တရာယ်ကို ပြုတတ်ကုန်၏ ဟု မြတ်စွာဘုရား ဟောထားသော တရားတို့ကို ဟောထားတော်မူသည့်အတိုင်း ငါသိပါ၏၊ ထိုတရားတို့သည် မှီဝဲသောသူအား (ချွန်မက်ဖိုလ်၏) အန္တရာယ်ကိုပြုခြင်းငှါ မစွမ်းနိုင်ပါ ဟု (ဆို၏)။

ငါ့သျှင် အရိဋ္ဌ ဤသို့မဆိုပါလင့်၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရားကို မစွပ်စွဲပါလင့်၊ မြတ်စွာဘုရားအား စွပ်စွဲခြင်းသည် မကောင်းချေ၊ မြတ်စွာဘုရားသည် ဤသို့ဟောတော်မမူရာ။

ငါ့သျှင် အရိဋ္ဌ များစွာသော အကြောင်းဖြင့် မြတ်စွာဘုရားသည် (ချွန်မက်ဖိုလ်၏) အန္တရာယ်ကို ပြုတတ်ကုန်သော တရားတို့ကို (ချွန်မက်ဖိုလ်၏) အန္တရာယ်ကို ပြုတတ်ကုန်၏ ဟု ဟောတော်မူ၏၊ ထိုတရားတို့သည် မှီဝဲသောသူအား အန္တရာယ်ကို ပြုခြင်းငှါ စွမ်းနိုင်သည်သာလျှင်တည်း။

မြတ်စွာဘုရားသည် ကာမဂုဏ်တို့ကိုသာယာဖွယ် နည်းကုန်၏ ဆင်းရဲများကုန်၏ ပူဆွေးခြင်းများကုန်၏၊ ဤကာမဂုဏ်တို့၌ အပြစ်များလှ၏ ဟူ၍ ဟောတော်မူ၏။ မြတ်စွာဘုရားသည် ကာမဂုဏ်တို့ကို အသားမကပ်သော အရိုးနှင့် တူကုန်၏ ဆင်းရဲများကုန်၏ ပူဆွေးခြင်း များကုန်၏၊ ဤကာမဂုဏ်တို့၌ အပြစ်များ၏ ဟူ၍ ဟောတော်မူ၏။ သားတစ်နှင့် တူကုန်၏ ဟူ၍ငြင်း မြက်မီးရှူးနှင့် တူကုန်၏ ဟူ၍ငြင်း မီးကျီးတွင်းနှင့် တူကုန်၏ ဟူ၍ငြင်း အိပ်မက်နှင့် တူကုန်၏ ဟူ၍ငြင်း အငှါးပစ္စည်းနှင့် တူကုန်၏ ဟူ၍ငြင်း အသီးရှိသော အပင်နှင့် တူကုန်၏ ဟူ၍ငြင်း စဉ်းတီးတုံးနှင့် တူကုန်၏ ဟူ၍ငြင်း လှံတံကျင်နှင့်တူကုန်၏ ဟူ၍ငြင်း မြွေဦးခေါင်းနှင့်တူကုန်၏ ဟူ၍ငြင်း ဟောတော်မူ၏၊ မြတ်စွာဘုရားသည် ကာမဂုဏ်တို့ကို ဆင်းရဲများကုန်၏ ပူဆွေးခြင်းများကုန်၏ ဤကာမဂုဏ်တို့၌ အပြစ်များလှ၏ ဟူ၍ ဟောတော်မူ၏ ဟု (ပြောဆိုကုန်၏)။

လင်းတသတ်အမျိုး၌ ဖြစ်ဘူးသော အရိဋ္ဌရဟန်းသည် ဤသို့ ထိုရဟန်းတို့က ပြောဆိုပါသော်လည်း "ငါ့သျှင်တို့ ကြားသည့်အတိုင်း မှန်ပေ၏၊ (ချွန်မက်ဖိုလ်၏) အန္တရာယ်ကို ပြုတတ်ကုန်၏ ဟု မြတ်စွာဘုရား ဟောထားသော တရားတို့ကို ဟောထားတော်မူသည့်အတိုင်း ငါသိပါ၏၊ ထိုတရားတို့သည် မှီဝဲသောသူအား (ချွန်မက်ဖိုလ်၏) အန္တရာယ်ကို ပြုခြင်းငှါ မစွမ်းနိုင်ပါ" ဟု ထိုရှေးအတူသာလျှင် ထိုယုတ်မာသော မိစ္ဆာအယူကို အစွမ်းကုန် မှားသောအားဖြင့် သုံးသပ်ကာ စွဲစွဲမြဲမြဲ ပြောဆို၏။

ထိုရဟန်းတို့သည် လင်းတသတ်အမျိုး၌ ဖြစ်ဘူးသော အရိဋ္ဌရဟန်းအား ယုတ်မာသော ထိုမိစ္ဆာအယူမှ လွတ်စေခြင်းငှါ မတတ်နိုင်ကြသောအခါ မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ဤအကြောင်းကို လျှောက်ကြကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် ပဟန်းအပေါင်းကို စည်းဝေးစေ၍ လင်းတသတ်အမျိုး၌ ဖြစ်ဘူးသော အရိဋ္ဌရဟန်းအား—

http://www.dhammadownload.com



"အရိဋ္ဌ သင့်အား (ချွန်မင်္ဂိုလ်၏) အန္တရာယ်ကို ပြုတတ်ကုန်၏ ဟု မြတ်စွာဘုရား ဟောထားသော တရားတို့ကို ဟောထားတော်မူသည့်အတိုင်း ငါသိ၏၊ ထိုတရားတို့သည် မှီဝဲသောသူအား(ချွန်မင်္ဂိုလ်၏) အန္တရာယ်ကို ပြုခြင်းငှါ မစွမ်းနိုင် ဟု ယုတ်မာသော မိစ္ဆာအယူရှိ၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

အသျှင်ဘုရား ကြားတော်မူသည့်အတိုင်း မှန်ပါ၏ (ချွန်မင်္ဂိုလ်၏) အန္တရာယ်ကို ပြုတတ်ကုန်၏ ဟု မြတ်စွာဘုရား ဟောထားသော တရားတို့ကို ဟောထားတော်မူသည့်အတိုင်း သိပါ၏၊ ထိုတရားတို့သည် မှီဝဲသောသူအား (ချွန်မင်္ဂိုလ်၏) အန္တရာယ်ကို ပြုခြင်းငှါ မစွမ်းနိုင်ပါ ဟု (လျှောက်၏)။

(မင်္ဂိုလ်မှ) အချည်းနှီးဖြစ်သောယောကျ်ား ငါသည် အဘယ်သူအား ဤသို့ တရားဟောတော်မူသည်ကို သင်သိသနည်း၊ (မင်္ဂိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား ငါသည်များစွာသော အကြောင်းဖြင့် (ချွန်မင်္ဂိုလ်၏) အန္တရာယ်ကို ပြုတတ်ကုန်သော တရားတို့ကို (ချွန်မင်္ဂိုလ်၏) အန္တရာယ်ကို ပြုတတ်ကုန်၏ ဟူ၍ ဟောတော်မူသည် မဟုတ်ပါလော၊ ထိုတရားတို့သည် မှီဝဲသော ရဟန်းအား အန္တရာယ်ကိုပြုခြင်းငှါ စွမ်းနိုင်သည်သာလျှင်တည်း။

ငါဘုရားသည် ကာမဂုဏ်တို့ကို သာယာဖွယ် နည်းကုန်၏ ဆင်းရဲများကုန်၏ ပူဆွေးခြင်း များကုန်၏၊ ဤကာမဂုဏ်တို့၌ အပြစ်များလှ၏ ဟူ၍ ဟောတော်မူ၏။ ငါဘုရားသည် ကာမဂုဏ်တို့ကို အသားမကပ်သော အရိုးနှင့်တူကုန်၏ ဟူ၍၎င်း။ပ။ သားတစ်နှင့်တူကုန်၏ ဟူ၍၎င်း မြက်မီးရှူးနှင့်တူကုန်၏ ဟူ၍၎င်း မီးကျီးတွင်းနှင့်တူကုန်၏ ဟူ၍၎င်း အိပ်မက်နှင့် တူကုန်၏ ဟူ၍၎င်း အငှါးပစ္စည်းနှင့်တူကုန်၏ ဟူ၍၎င်း အသီးရှိသော အပင်နှင့် တူကုန်၏ ဟူ၍၎င်း စဉ်းတီးတုံးနှင့် တူကုန်၏ ဟူ၍၎င်း လှံတံကျင်နှင့် တူကုန်၏ ဟူ၍၎င်း မြွေဦးခေါင်းနှင့် တူကုန်၏ ဟူ၍၎င်း ဟောတော်မူ၏၊ ငါဘုရားသည် ကာမဂုဏ်တို့ကို သာယာဖွယ် နည်းကုန်၏ ဆင်းရဲများကုန်၏ ပူဆွေးခြင်းများကုန်၏၊ ဤကာမဂုဏ်တို့၌ အပြစ်များလှ၏ ဟူ၍ ဟောတော်မူသည် မဟုတ်ပါလော။

(မင်္ဂိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား ထိုသို့ ငါဟောထားပါလျက် သင်သည် မိမိ၏ မကောင်းသော စွဲယူခြင်းဖြင့် ငါတို့ကိုလည်း စွပ်စွဲဘိ၏၊ မိမိကိုယ်ကိုလည်း တူးဖြိုဖျက်ဆီးဘိ၏၊ အကုသိုလ် တရားကိုလည်း များစွာ ပွါးစေဘိ၏၊ (မင်္ဂိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား သင့်အား ထိုယုတ်မာသော မိစ္ဆာအယူသည် ကာလရှည်မြင့်စွာ အစီးအပွါးမဲ့ခြင်းငှါ ဆင်းရဲခြင်းငှါ ဖြစ်လတ္တံ့။ (မင်္ဂိုလ်မှ) အချည်းနှီး ဖြစ်သော ယောကျ်ား ဤ (သင်ပြုမိသော အမှု) သည် မကြည်ညိုသေးသောသူတို့အား ကြည်ညိုစေခြင်းငှါ၎င်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

၁၁၇။ ၆၈-၃၁၈။ "အကြင် ရဟန်းသည် '(ချွန်မင်္ဂိုလ်၏) အန္တရာယ်ကို ပြုတတ်ကုန်၏ ဟု မြတ်စွာဘုရား ဟောထားသောတရားတို့ကို မှီဝဲသောသူအား (ချွန်မင်္ဂိုလ်၏) အန္တရာယ်ကို ပြုခြင်းငှါ မစွမ်းနိုင်' ဟု ပြောဆိုငြားအံ့၊ ထိုရဟန်းကို အခြားသော ရဟန်းတို့က 'အသျှင်သည် ဤသို့ မဆိုပါလင့် မြတ်စွာဘုရားကို ဤသို့ မစွပ်စွဲပါလင့် မြတ်စွာဘုရားအား စွပ်စွဲခြင်းသည် မကောင်းချေ၊ မြတ်စွာဘုရားသည်ကား ဤသို့ ဟောတော်မမူရာ၊ ငါ့သျှင် များစွာသော အကြောင်းဖြင့် (ချွန်မင်္ဂိုလ်၏) အန္တရာယ်ကို ပြုတတ်သော တရားတို့ကို (ချွန်

http://www.dhammadownload.com


မင်္ဂိုလ်၏) အန္တရာယ်ကို ပြုတတ်သော တရားတို့ဟူ၍ မြတ်စွာဘုရားသည် ဟောတော်မူ၏၊ ထိုတရားတို့ကို မှီဝဲသော ရဟန်းအား အန္တရာယ်ကို ပြုခြင်းငှါ စွမ်းနိုင်သည်သာလျှင်တည်း' ဟု ဆိုဆုံးမရာ၏၊ ဤသို့လျှင် ထိုရဟန်းကို ရဟန်းတို့က ဆိုဆုံးမပါလျက် ထိုရှေးအတူသာလျှင် ဆက်လက်ယူငြားအံ့၊ ထိုရဟန်းကို ရဟန်းတို့သည် သုံးကြိမ်မြောက်အောင် ထိုအယူကို စွန့်စိမ့်သောငှါ ဥတ်ကမ္မဝါစာဖြင့် ဆိုဆုံးမရမည်၊ သုံးကြိမ်မြောက်အောင် ဥတ်ကမ္မဝါဖြင့် ဆိုဆုံးမသဖြင့် ထိုမိစ္ဆာအယူကို အကယ်၍ စွန့်ငြားအံ့၊ ဤသို့ စွန့်ခြင်းသည် ကောင်း၏၊ အကယ်၍ မစွန့်ငြားအံ့၊ (ထိုရဟန်းအား) ပါစိတ်အာပတ် သင့်၏" ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

## ဂ-အရိဋ္ဌသိက္ခာပုဒ် အဖွင့်

၄၁၉။ အကြင် ဟူသည် အကြင်သို့ သဘောရှိသော။ပ။

ရဟန်း ဟူသည်။ပ။ ဤအရာ၌ ဤဥတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သူကို "ရဟန်း" ဟူ၍ အလိုရှိအပ်၏။

ဟု ပြောဆိုငြားအံ့ ဟူသည် (ဈာန် မင်္ဂိုလ်၏) အန္တရာယ်ကို ပြုတတ်ကုန်၏ ဟု မြတ်စွာဘုရား ဟောထားသော တရားတို့ကို မြတ်စွာဘုရားဟောထားတော်မူသည့်အတိုင်း ငါသိ၏၊ ထိုတရားတို့သည် မှီဝဲသော သူအား (ဈာန်မင်္ဂိုလ်၏) အန္တရာယ်ကို ပြုခြင်းငှါ မစွမ်းနိုင် ဟု (ပြောဆိုငြားအံ့)။

ထိုရဟန်းကို ဟူသည် ဤသို့ ပြောဆိုလေ့ရှိသော ရဟန်းကို။

ရဟန်းတို့သည် ဟူသည် အခြားသော ရဟန်းတို့တည်း၊ မြင်ကုန် ကြားကုန်သော ရဟန်းတို့သည် "အသျှင်သည် ဤသို့ မဆိုပါလင့် မြတ်စွာဘုရားကို ဤသို့ မစွပ်စွဲပါလင့်၊ မြတ်စွာဘုရားကို စွပ်စွဲခြင်းသည် မကောင်းချေ၊ မြတ်စွာဘုရားသည်ကား ဤသို့ ဟောတော်ခမူရာ၊ ငါ့သျှင် များစွာသော အကြောင်းဖြင့် အန္တရာယ်ကို ပြုတတ်ကုန်သော တရားတို့ကို အန္တရာယ်ပြုတတ်သော တရားတို့ဟူ၍ မြတ်စွာဘုရားသည် ဟောတော်မူ၏၊ ထိုတရားတို့သည် မှီဝဲသော ရဟန်းအား အန္တရာယ်ကို ပြုခြင်းငှါ စွမ်းနိုင်သည်သာလျှင်တည်း" ဟု ပြောဆို ဆုံးမရမည်။

နှစ်ကြိမ်မြောက်လည်း ပြောဆို ဆုံးမရမည်။ သုံးကြိမ်မြောက်လည်း ပြောဆို ဆုံးမရမည်။ အကယ်၍ အယူကို စွန့်အံ့၊ ဤသို့ စွန့်ခြင်းသည် ကောင်း၏၊ အကယ်၍ မစွန့်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ကြားပါလျက် မပြောဆိုကုန်ငြားအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ထိုရဟန်းကို သံဃာ၏အလယ်သို့လည်း ဆွဲငင်၍ "အသျှင်သည် ဤသို့ မဆိုပါလင့် မြတ်စွာဘုရားကို ဤသို့ မစွပ်စွဲပါလင့် မြတ်စွာဘုရားအား စွပ်စွဲခြင်းသည် မကောင်းချေ၊ မြတ်စွာဘုရားသည်ကား ဤသို့ ဟောတော်မမူရာ၊ ငါ့သျှင် များစွာသော အကြောင်းဖြင့် အန္တရာယ်ကို ပြုတတ်သော တရားတို့ကို အန္တရာယ်ကို ပြုတတ်သော တရားတို့ ဟူ၍ မြတ်စွာဘုရားသည် ဟောတော်မူ၏၊ ထိုတရားတို့သည် မှီဝဲသော ရဟန်းအား အန္တရာယ်ကို ပြုခြင်းငှါ စွမ်းနိုင်သည်သာလျှင်တည်း" ဟု ပြောဆို ဆုံးမရမည်။

နှစ်ကြိမ်မြောက်လည်း ပြောဆို ဆုံးမရမည်။ သုံးကြိမ်မြောက်လည်း ပြောဆို ဆုံးမရမည်။ အကယ်၍ အယူကို စွန့်အံ့၊ ဤသို့ အယူကို စွန့်ခြင်းသည် ကောင်း၏၊ အကယ်၍ မစွန့်အံ့၊ ဒုက္ကဋ် အာပတ် သင့်၏။

http://www.dhammadownload.com



ထိုရဟန်းကို ဉတ်ကမ္မဝါစာဖြင့် ဆိုဆုံးမရမည်၊ ရဟန်းတို့ ဤသို့လျှင် ဉတ်ကမ္မဝါစာဖြင့် ဆိုဆုံးမရမည်၊ ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာတော်ကို သိစေရမည်။

၄၂၀။ "အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့။ ဤမည်သော ရဟန်းအား '(ချွန်မင်ဖိုလ်၏) အန္တရာယ်ကို ပြုတတ်ကုန်၏ ဟု မြတ်စွာဘုရား ဟောထားသော တရားတို့ကို ဟောထားတော်မူသည့်အတိုင်း ငါသိ၏၊ ထို တရားတို့သည် မှီဝဲသောသူအား (ချွန်မင်ဖိုလ်၏) အန္တရာယ်ကို ပြုခြင်းငှါ မစွမ်းနိုင်' ဟု ယုတ်မာသော မိစ္ဆာအယူရှိ၏။

ထိုရဟန်းသည် ထိုအယူကို မစွန့်၊ သံဃာအား လျှောက်ပတ်သော အခါရှိသော် ကံသည် အကယ်၍ ဖြစ်ငြားအံ့၊ သံဃာသည် ဤမည်သော ရဟန်းအား ထိုမိစ္ဆာအယူကို စွန့်စေခြင်းငှါ ဉတ်ကမ္မဝါစာဖြင့် ဆိုဆုံးမရာ၏၊ ဤကား သိစေခြင်းတည်း။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤမည်သော ရဟန်းအား '(ချွန်မင်ဖိုလ်၏) အန္တရာယ်ကို ပြုတတ်ကုန်၏ ဟု မြတ်စွာဘုရား ဟောထားသော တရားတို့ကို ဟောထားတော်မူသည့်အတိုင်း ငါသိ၏၊ ထိုတရားတို့သည် မှီဝဲသော သူအား (ချွန်မင်ဖိုလ်၏) အန္တရာယ်ကို ပြုခြင်းငှါ မစွမ်းနိုင်' ဟု ယုတ်မာသော မိစ္ဆာအယူရှိ၏။

ထိုရဟန်းသည် ထိုအယူကို မစွန့်၊ သံဃာသည် ဤမည်သော ရဟန်းအား ထိုအယူကို စွန့်စေခြင်းငှါ ဉတ်ကမ္မဝါစာဖြင့် ကောင်းစွာ ဆိုဆုံးမ၏၊ ဤမည်သော ရဟန်းအား ထိုအယူကို စွန့်စေခြင်းငှါ၊ ဉတ်ကမ္မဝါစာဖြင့် ဆိုဆုံးမခြင်းကို အကြင် အသျှင်အား နှစ်သက်ခြင်းရှိ၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင် အသျှင်အား နှစ်သက်ခြင်းမရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။ နှစ်ကြိမ်မြောက်လည်း ဤအကြောင်းကို ပြောဆိုရာ၏။ပ။ သုံးကြိမ်မြောက်လည်း ဤအကြောင်းကို ပြောဆိုရာ၏။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤမည်သော ရဟန်းအား '(ချွန်မင်ဖိုလ်၏) အန္တရာယ်ကို ပြုတတ်ကုန်၏ ဟု မြတ်စွာဘုရား ဟောထားသော တရားတို့ကို ဟောထားတော်မူသည့်အတိုင်း ငါသိ၏၊ ထိုတရားတို့သည် မှီဝဲသော သူအား (ချွန်မင်ဖိုလ်၏) အန္တရာယ်ကို ပြုခြင်းငှါ မစွမ်းနိုင်' ဟု ယုတ်မာသော မိစ္ဆာအယူရှိ၏၊ ထိုရဟန်းသည် ထိုအယူကို မစွန့်၊ သံဃာသည် ဤမည်သော ရဟန်းအား ထိုမိစ္ဆာအယူကို စွန့်စေခြင်းငှါ ဉတ်ကမ္မဝါစာဖြင့် ကောင်းစွာ ဆိုဆုံးမ၏၊ ဤမည်သော ရဟန်းအား ထိုအယူကို စွန့်စေခြင်းငှါ ဉတ်ကမ္မဝါစာဖြင့် ဆိုဆုံးမခြင်းကို အကြင် အသျှင်အား နှစ်သက်ခြင်းရှိ၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင်အသျှင်အား နှစ်သက်ခြင်းမရှိအံ့၊ ထိုအသျှင်သည် ပြောဆိုရာ၏။

သံဃာသည် ဤမည်သော ရဟန်းအား ထိုမိစ္ဆာအယူကို စွန့်စေခြင်းငှါ ဉတ်ကမ္မဝါစာဖြင့် ကောင်းစွာ ဆိုဆုံးမအပ်ပြီ၊ သံဃာအား နှစ်သက်ခြင်းရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့် အဖြစ်ကို သိမှတ်ရပါသည်" ဟု (သိစေရမည်)။

ဉတ်ဖြင့် ဒုက္ကဋ်အာပတ် သင့်၏။ ကမ္မဝါစာ နှစ်ကြိမ်တို့ဖြင့် ဒုက္ကဋ်အာပတ် နှစ်ချက် သင့်၏။ ကမ္မဝါစာ အဆုံး၌ ပါစိတ်အာပတ် သင့်၏။

http://www.dhammadownload.com



၄၂၁။ ဓမ္မကံ၌ ဓမ္မကံ ဟု အမှတ်ရှိသည်ဖြစ်၍ (မိစ္ဆာအယူကို) မစွန့်အံ့၊ ပါစိတ်အာပတ် သင့်၏။ ဓမ္မကံ၌ ယုံမှားရှိသည်ဖြစ်၍ (မိစ္ဆာအယူကို) မစွန့်အံ့၊ ပါစိတ်အာပတ် သင့်၏။ ဓမ္မကံ၌ အဓမ္မကံ ဟု အမှတ်ရှိသည်ဖြစ်၍ (မိစ္ဆာအယူကို) မစွန့်အံ့၊ ပါစိတ်အာပတ် သင့်၏။

အဓမ္မကံ၌ ဓမ္မကံ ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

အဓမ္မကံ၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ အဓမ္မကံ၌ အဓမ္မကံ ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ် အာပတ် သင့်၏။

၄၂၂။ ဥတ်ကမ္မဝါစာဖြင့် မဆို မဆုံးမအပ်သော ရဟန်း အယူကို စွန့်သော ရဟန်း ရူးသော ရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

အဋ္ဌမ အရိဋ္ဌသိက္ခာပုဒ် ပြီး၏။

---

## ၇-သပ္ပါဏကဝဂ် ၉-ဥက္ခိတ္တသမ္ဘောဂသိက္ခာပုဒ်

၄၂၃။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံ ဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် သိလျက် ထိုသို့ မိစ္ဆာအယူရှိခြင်း ဝိနည်းတရားနှင့်အညီ မပြုရသေးခြင်း ထို မိစ္ဆာအယူကို စွန့်ခြင်း မရှိသော အရိဋ္ဌရဟန်းနှင့် အတူလည်း သုံးဆောင်ကုန်၏၊ အတူလည်း နေကုန်၏၊ အတူလည်း အိပ်ကုန်၏။

အလိုနည်းသော ရဟန်းတို့သည် "အဘယ့်ကြောင့် ဆဗ္ဗဂ္ဂီရဟန်းတို့သည် သိလျက် ထိုသို့ မိစ္ဆာအယူရှိခြင်း ဝိနည်းတရားနှင့်အညီ မပြုရသေးခြင်း ထိုမိစ္ဆာအယူကို စွန့်ခြင်းမရှိသော အရိဋ္ဌ ရဟန်းနှင့် အတူလည်း သုံးဆောင်ကုန်ဘိသနည်း အတူလည်း နေကုန်ဘိသနည်း အတူလည်း အိပ်ကုန် ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ သင်တို့သည် သိလျက် ထိုသို့ မိစ္ဆာအယူရှိခြင်း ဝိနည်းတရားနှင့်အညီ မပြုရသေးခြင်း ထိုမိစ္ဆာအယူကို စွန့်ခြင်းမရှိသော အရိဋ္ဌရဟန်းနှင့်အတူလည်း သုံးဆောင်ကုန်၏၊ အတူလည်း နေကုန် ၏၊ အတူလည်း အိပ်ကုန်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ် သောယောကျ်ားတို့ သင်တို့သည် သိလျက် အဘယ့်ကြောင့် ထိုသို့ မိစ္ဆာအယူရှိခြင်း ဝိနည်းတရား နှင့်အညီ မပြုရသေးခြင်း ထိုမိစ္ဆာအယူကို စွန့်ခြင်းမရှိသော အရိဋ္ဌရဟန်းနှင့်အတူလည်း သုံး ဆောင်ကုန်ဘိသနည်း၊ အတူလည်း နေကုန်ဘိသနည်း၊ အတူလည်း အိပ်ကုန်ဘိသနည်း။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ ဤ (သင်တို့ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့ အား ကြည်ညိုစေခြင်းငှါ ရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

၁၁၈။ ၆၉-၄၂၄။ "အကြင် ရဟန်းသည်သိလျက် ထိုသို့ မိစ္ဆာအယူရှိခြင်း ဝိနည်းတရား နှင့်အညီ မပြုရသေးခြင်း ထို မိစ္ဆာအယူကို စွန့်ခြင်းမရှိသောရဟန်းနှင့်အတူလည်း သုံးဆောင် ငြားအံ့ အတူလည်း နေငြားအံ့ အတူလည်း အိပ်ငြားအံ့၊ (ထိုရဟန်းအား) ပါစိတ်အာပတ် သင့်၏" ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

http://www.dhammadownload.com


## ၉-ဥက္ခိတ္တသမ္ဘောဂသိက္ခာပုဒ် အဖွင့်

၄၂၅။ အကြင် ဟူသည် အကြင်သို့ သဘောရှိသော။ပ။

ရဟန်း ဟူသည်။ပ။ ဤအရာ၌ ဤဥတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သူကို "ရဟန်း" ဟူ၍ အလိုရှိအပ်၏။

သိ၏ မည်သည် ကိုယ်တိုင်သော်လည်း သိ၏၊ သူတပါးတို့သော်လည်း ထိုရဟန်းအား ပြောကြားကုန်၏၊ ထိုရဟန်းကမူလည်း ပြောကြား၏။

ထိုသို့ မိစ္ဆာအယူရှိခြင်း ဟူသည် " (ဈာန်မဂ်ဖိုလ်၏) အန္တရာယ်ကို ပြုတတ်ကုန်၏ ဟု မြတ်စွာဘုရား ဟောထားသော တရားတို့ကို မြတ်စွာဘုရား ဟောထားတော်မူသည့်အတိုင်း ငါသိပါ၏၊ ထိုတရားတို့သည် မှီဝဲသောသူအား (ဈာန်မဂ်ဖိုလ်၏) အန္တရာယ်ကို ပြုခြင်းငှါ မစွမ်းနိုင်" ဟု မိစ္ဆာအယူရှိခြင်းတည်း။

ဝိနည်းတရားနှင့်အညီ မပြုရသေးခြင်း မည်သည် ထုတ်ပယ် နှင်ထုတ်ထားခြင်း မထည့်သွင်းခြင်းတည်း။

ထိုမိစ္ဆာအယူကို စွန့်ခြင်းမရှိသော ရဟန်းနှင့်အတူ ဟူသည် ဤမှားသောအယူကို မစွန့်သော ရဟန်းနှင့်အတူ။

အတူသုံးဆောင်ငြားအံ့ ဟူရာ၌ သုံးဆောင်ခြင်း မည်သည် ပစ္စည်း သုံးဆောင်ခြင်း 'အာမိသ သမ္ဘောဂ' တရား သုံးဆောင်ခြင်း 'ဓမ္မသမ္ဘောဂ' ဟူ၍ သုံးဆောင်ခြင်း နှစ်မျိုးရှိ၏။

ပစ္စည်းသုံးဆောင်ခြင်း 'အာမိသ သမ္ဘောဂ' မည်သည် ဆွမ်း စသော အာမိသကို ပေးမူလည်း ပေးအံ့၊ ယူမူလည်း ယူအံ့၊ ပါစိတ်အာပတ် သင့်၏။

တရားသုံးဆောင်ခြင်း 'ဓမ္မသမ္ဘောဂ' မည်သည် သင်မူလည်း သင်အံ့ သင်စေမူလည်း သင်စေအံ့ ပုဒ်ဖြင့်သင်မူလည်း သင်အံ့ သင်စေမူလည်း သင်စေအံ့၊ ပုဒ်တိုင်း ပုဒ်တိုင်း ပါစိတ်အာပတ် သင့်၏။ အက္ခရာဖြင့် သင်မူလည်း သင်အံ့ သင်စေမူလည်း သင်စေအံ့၊ အက္ခရာတိုင်း အက္ခရာတိုင်း ပါစိတ် အာပတ် သင့်၏။

အတူလည်း နေငြားအံ့ ဟူသည် နှင်ထုတ်ထားသော ရဟန်းနှင့်အတူ ဥပုသ်ကိုသော်၎င်း ပဝါရဏာကိုသော်၎င်း သံဃကံကိုသော်၎င်း ပြုအံ့၊ ပါစိတ်အာပတ် သင့်၏။

အတူလည်း အိပ်ငြားအံ့ ဟူသည် အမိုးတခုတည်းရှိသော ကျောင်း၌ နှင်ထုတ်ထားသော ရဟန်းအိပ်သည်ရှိသော် (အခြား) ရဟန်းသည် အိပ်အံ့၊ ပါစိတ်အာပတ် သင့်၏။

(အခြား) ရဟန်း အိပ်သည်ရှိသော် နှင်ထုတ်ထားသော ရဟန်း အိပ်အံ့၊ ပါစိတ်အာပတ် သင့်၏။ နှစ်ယောက်လုံးပင် အိပ်ကုန်အံ့၊ ပါစိတ်အာပတ် သင့်၏။ ထ၍ အဖန်ဖန် အိပ်ကုန်အံ့၊ ပါစိတ် အာပတ် သင့်၏။

၄၂၆။ နှင်ထုတ်ထားသော ရဟန်း၌ နှင်ထုတ်ထားသော ရဟန်း ဟု အမှတ်ရှိသည်ဖြစ်၍ အတူလည်း သုံးဆောင်အံ့ အတူလည်း နေအံ့ အတူလည်း အိပ်အံ့၊ ပါစိတ်အာပတ် သင့်၏။

http://www.dhammadownload.com



နှင်ထုတ်ထားသော ရဟန်း၌ ယုံမှားရှိသည်ဖြစ်၍ အတူလည်း သုံးဆောင်အံ့ အတူလည်း နေအံ့ အတူလည်း အိပ်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ နှင်ထုတ်ထားသော ရဟန်း၌ နှင်ထုတ်ထားသော ရဟန်း မဟုတ် ဟု အမှတ်ရှိသည်ဖြစ်၍ အတူလည်း သုံးဆောင်အံ့ အတူလည်း နေအံ့ အတူလည်းအိပ်အံ့၊ အာပတ် မသင့်။ နှင်ထုတ်ထားသော ရဟန်း မဟုတ်ရာ၌ နှင်ထုတ်ထားသော ရဟန်း ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ နှင်ထုတ်ထားသော ရဟန်း မဟုတ်ရာ၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ နှင်ထုတ်ထားသော ရဟန်းမဟုတ်ရာ၌ နှင်ထုတ်ထားသော ရဟန်း မဟုတ် ဟု အမှတ်ရှိအံ့၊ အာပတ် မသင့်။

၄၂၇။ နှင်ထုတ်ထားသော ရဟန်း မဟုတ် ဟု သိအံ့၊ နှင်ထုတ်ထားသော ရဟန်းကို သံဃာ မဘောင်သို့ သွင်းပြီ ဟု သိအံ့၊ ထိုအယူကို စွန့်ပြီ ဟု သိအံ့၊ အာပတ် မသင့်၊ ရူးသောရဟန်း အစ လက်ဦးလွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

နဝမ ဥက္ခိတ္တသမ္ဘောဂသိက္ခာပုဒ် ပြီး၏။

---

## ၇-သပ္ပါဏကဝဂ် ၁၀-ကဏ္ဍကသိက္ခာပုဒ်

၄၂၈။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံ ဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ကဏ္ဍကမည်သော သာမဏေအား "(ချွန်မင်ဖိုလ်၏) အန္တရာယ်ကို ပြုတတ်ကုန်၏ ဟု မြတ်စွာဘုရား ဟောထားသော တရားတို့ကို ဟောထားတော်မူသည့်အတိုင်း ငါသိ၏၊ ထိုတရားတို့သည် မှီဝဲသောသူအား (ချွန်မင်ဖိုလ်၏) အန္တရာယ်ကို ပြုခြင်းငှါမစွမ်းနိုင်" ဟု ယုတ်မာသောမိစ္ဆာအယူရှိ၏။

များစွာသောရဟန်းတို့သည် "ကဏ္ဍက မည်သော သာမဏေအား (ချွန်မင်ဖိုလ်၏) အန္တရာယ် ကို ပြုတတ်ကုန်၏ ဟု မြတ်စွာဘုရားဟောထားသော တရားတို့ကို ဟောထားတော် မူသည့်အတိုင်း ငါသိ၏၊ ထိုတရားတို့သည် မှီဝဲသောသူအား (ချွန်မင်ဖိုလ်၏) အန္တရာယ်ကို ပြုခြင်းငှါ မစွမ်းနိုင် ဟု ယုတ်မာသော မိစ္ဆာအယူရှိ၏" ဟူ၍ ကြားကြသည်သာတည်း။

ထိုအခါ ထိုရဟန်းတို့သည် ကဏ္ဍကမည်သော သာမဏေထံသို့ ချဉ်းကပ်၍ ကဏ္ဍကမည်သော သာမဏေကို "ငါ့သျှင် ကဏ္ဍက သင့်အား (ချွန်မင်ဖိုလ်၏) အန္တရာယ်ကို ပြုတတ်ကုန်၏ ဟု မြတ်စွာဘုရားဟောထားသော တရားတို့ကို ဟောထားတော် မူသည့်အတိုင်း ငါသိ၏၊ ထိုတရား တို့သည် မှီဝဲသောသူအား (ချွန်မင်ဖိုလ်၏) အန္တရာယ်ကိုပြုခြင်းငှါ မစွမ်းနိုင် ဟု ယုတ်မာသော မိစ္ဆာအယူရှိ၏ ဟူသည် မှန်သလော" ဟု မေးကြကုန်၏။

အသျှင်တို့ ကြားသည့် အတိုင်းမှန်ပေ၏။ (ချွန်မင်ဖိုလ်၏) အန္တရာယ်ကို ပြုတတ်ကုန်၏ ဟု မြတ်စွာဘုရား ဟောထားသော တရားတို့ကို ဟောထားတော် မူသည့်အတိုင်း အကျွန်ုပ်သိပါ၏၊ ထို တရားတို့သည် မှီဝဲသောသူအား (ချွန်မင်ဖိုလ်၏) အန္တရာယ်ကို ပြုခြင်းငှါ မစွမ်းနိုင်ပါ ဟု (လျှောက်၏)။

ငါ့သျှင် ကဏ္ဍက ဤသို့ မဆိုလင့်၊ မြတ်စွာဘုရားကို ဤသို့ မစွပ်စွဲလင့်၊ မြတ်စွာဘုရားအား စွပ်စွဲခြင်းသည် မကောင်းချေ၊ မြတ်စွာဘုရားသည် ဤသို့ ဟောတော်မမူရာ။

http://www.dhammadownload.com



ငါ့သျှင် ကဏ္ဍက များစွာသောအကြောင်းဖြင့် အန္တရာယ်ကိုပြုတတ်သောတရားတို့ကို အန္တရာယ်ကို ပြုတတ်သောတရားတို့ ဟူ၍ မြတ်စွာဘုရား ဟောတော်မူ၏၊ ထိုတရားတို့သည် မှီဝဲသောသူအား အန္တရာယ်ကို ပြုခြင်းငှါ စွမ်းနိုင်သည်သာတည်း၊ ကာမဂုဏ်တို့ကို သာယာဖွယ်နည်းကုန်၏ ဆင်းရဲများကုန်၏ ပူဆွေးခြင်းများကုန်၏၊ ဤကာမဂုဏ်တို့၌ အပြစ်များလှ၏ ဟု မြတ်စွာဘုရားသည် ဟောတော်မူ၏။ပ။

ဤသို့လျှင် ကဏ္ဍကသာမဏေသည် ထိုရဟန်းတို့က ပြောဆို ဆုံးမပါလျက်—

"အသျှင်ဘုရားတို့ကြားသည့်အတိုင်း မှန်ပါသည်။ (စျာန်မဂ်ဖိုလ်၏) အန္တရာယ်ကိုပြုတတ်ကုန်၏ ဟု မြတ်စွာဘုရားဟောထားသောတရားတို့ကို ဟောထားတော်မူသည့်အတိုင်း အကျွန်ုပ် သိပါ၏၊ ထိုတရားတို့သည် မှီဝဲသောသူအား (စျာန်မဂ်ဖိုလ်၏) အန္တရာယ်ကို ပြုခြင်းငှါ မစွမ်းနိုင်ပါ ဟု ထိုရှေးအတူသာလျှင် ထိုယုတ်မာသော မိစ္ဆာအယူကို အစွမ်းကုန် မှားသောအားဖြင့် သုံးသပ်ကာ စွဲစွဲမြဲမြဲ ပြောဆို၏။

ထိုရဟန်းတို့သည် ကဏ္ဍကသာမဏေကို ထိုယုတ်မာသော မိစ္ဆာအယူမှ လွတ်စေခြင်းငှါ မတတ်နိုင်ကြသောအခါ မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ဤအကြောင်းကို လျှောက်ကြကုန်၏။ ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် ရဟန်းအပေါင်းကို စည်းဝေးစေ၍ ကဏ္ဍကသာမဏေကို—

"ကဏ္ဍက သင့်အား (စျာန်မဂ်ဖိုလ်၏) အန္တရာယ်ကို ပြုတတ်ကုန်၏ ဟု မြတ်စွာဘုရား ဟောထားသော တရားတို့ကို ဟောထားတော်မူသည့်အတိုင်း ငါသိပါ၏၊ ထိုတရားတို့သည် မှီဝဲသော သူအား (စျာန်မဂ်ဖိုလ်၏) အန္တရာယ်ကို ပြုခြင်းငှါ မစွမ်းနိုင်ပါ ဟု ယုတ်မာသော မိစ္ဆာအယူရှိ၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

ကြားတော်မူသည့်အတိုင်း မှန်ပါသည် အသျှင်ဘုရား၊ (စျာန်မဂ်ဖိုလ်၏) အန္တရာယ်ကို ပြုတတ်ကုန်၏ ဟု မြတ်စွာဘုရား ဟောထားသော တရားတို့ကို ဟောထားတော်မူသည့်အတိုင်း တပည့်တော် သိပါ၏၊ ထိုတရားတို့သည် မှီဝဲသော သူအား (စျာန်မဂ်ဖိုလ်၏) အန္တရာယ်ကိုပြုခြင်းငှါ မစွမ်းနိုင်ပါ ဟု (လျှောက်၏)။

(မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား ငါသည် အဘယ်သူအား ဤသို့တရားဟောတော်မူသည်ကို သင်သိသနည်း၊ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား ငါသည် များစွာသော အကြောင်းဖြင့် အန္တရာယ်ကို ပြုတတ်ကုန်သော တရားတို့ကို အန္တရာယ်ကို ပြုတတ်ကုန်၏ ဟူ၍ ဟောတော်မူသည် မဟုတ်ပါလော၊ ထိုတရားတို့သည် မှီဝဲသော သူအား အန္တရာယ်ပြုခြင်းငှါ စွမ်းနိုင်သည်သာတည်း ဟု (ဟောတော်မူသည် မဟုတ်လော)။

ငါသည် ကာမဂုဏ်တို့ကို သာယာဖွယ် နည်းကုန်၏ ဆင်းရဲများကုန်၏ ပူဆွေးခြင်း များကုန်၏၊ ဤကာမဂုဏ်တို့၌ အပြစ်များလှ၏ ဟူ၍ ဟောတော်မူ၏။ ငါသည် ကာမဂုဏ်တို့ကို အသားမကပ်သော အရိုးနှင့်တူကုန်၏။ပ။ မြွေဦးခေါင်းနှင့် တူကုန်၏ ဟူ၍ငင်း ဟောတော်မူ၏၊ ငါသည် ကာမဂုဏ်တို့ကို သာယာဖွယ် နည်းကုန်၏ ဆင်းရဲများကုန်၏ ပူဆွေးခြင်း များကုန်၏၊ ဤကာမဂုဏ်တို့၌ အပြစ်များလှ၏ ဟူ၍ ဟောထားသည် မဟုတ်လော။

http://www.dhammadownload.com



(မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား ထိုသို့ဟောထားပါလျက် သင်သည် မိမိ၏ မကောင်းသော စွဲယူခြင်းဖြင့် ငါတို့ကိုလည်း စွပ်စွဲဘိ၏၊ မိမိကိုယ်ကိုလည်း တူးဖြိုဖျက်ဆီးဘိ၏၊ အကုသိုလ်တရားတို့ကိုလည်း များစွာ ပွါးများစေဘိ၏၊ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား သင့်အား ထိုယုတ်မာသော မိစ္ဆာအယူသည် ကာလရှည်မြင့်စွာ အစီးအပွါးမဲ့ခြင်းငှါ ဆင်းရဲခြင်းငှါ ဖြစ်လတ္တံ့။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား ဤ (သင်ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါရင်း။ပ။ ကြည်ညိုပြီးသော အချို့သူတို့အားလည်း အကြည်ညို ပျက်စေခြင်းငှါရင်း ဖြစ်၏ ဟု ကဲ့ရဲ့တော်မူ၍ တရားစကားကို ဟောကြားပြီးလျှင် ရဟန်းတို့ကို—

"ရဟန်းတို့ သို့ဖြစ်လျှင် သံဃာတော်သည် ကဏ္ဍက မည်သော သာမဏေကို ဖျက်ဆီးလော့" ဟု မိန့်တော်မူ၏။

ရဟန်းတို့ ဤသို့ ဖျက်ဆီးရမည်။

"ငါ့သျှင် ကဏ္ဍက ဘင်သည် ယနေ့မှစ၍ ထိုမြတ်စွာဘုရားကို ဆရာဟူ၍လည်း မညွှန်ကြားနှင့်တော့၊ သင်မှ တပါးသောသာမဏေတို့သည် ရဟန်းတို့နှင့်အတူ နှစ်ညဥ့် သုံးညဥ့်ပတ်လုံး အတူအိပ်ခြင်းကိုလည်း ရကုန်၏၊ ထိုအတူ အိပ်ခြင်းသည်လည်း သင့်အား မရှိတော့ပြီ၊ မမြတ်နိုးအပ်သော သာမဏေ သွားလေတော့၊ ပျောက်ပျက်လေတော့" ဟု (ဆို၍ ဖျက်ဆီးရမည်)။

ထိုအခါ၌ သံဃာသည် ကဏ္ဍကသာမဏေကို ဖျက်ဆီး၏။

ထိုအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် သိလျက် ထိုသို့ဖျက်ဆီးထားပြီးသော ကဏ္ဍကသာမဏေကို ဖြားယောင်းလည်း ဖြားယောင်းကုန်၏ လုပ်ကျွေးလည်း လုပ်ကျွေးစေကုန်၏ အတူလည်း သုံးဆောင်ကုန်၏ အတူလည်း အိပ်ကုန်၏။

အလိုနည်းသော ရဟန်းတို့သည် "အဘယ့်ကြောင့် ဆဗ္ဗဂ္ဂီရဟန်းတို့သည် သိလျက် ထိုသို့ဖျက်ဆီးထားပြီးသော ကဏ္ဍကသာမဏေကို ဖြားယောင်းလည်း ဖြားယောင်းကုန်ဘိသနည်း လုပ်ကျွေးလည်း လုပ်ကျွေးစေကုန်ဘိသနည်း အတူလည်း သုံးဆောင်ကြကုန်ဘိသနည်း အတူလည်း အိပ်ကြကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ သင်တို့သည် သိလျက် ထိုသို့ ဖျက်ဆီးထားပြီးသော ကဏ္ဍက သာမဏေကို ဖြားယောင်းလည်း ဖြားယောင်းကုန်၏ လုပ်ကျွေးလည်း လုပ်ကျွေးစေကုန်၏ အတူလည်း သုံးဆောင်ကုန်၏ အတူလည်း အိပ်ကုန်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။

(မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ သင်တို့သည် အဘယ့်ကြောင့် သိလျက် ထိုသို့ ဖျက်ဆီးထားပြီးသော ကဏ္ဍကသာမဏေကို ဖြားယောင်းလည်း ဖြားယောင်းကုန်ဘိသနည်း လုပ်ကျွေးလည်း လုပ်ကျွေးစေကုန်ဘိသနည်း အတူလည်း သုံးဆောင်ကုန်ဘိသနည်း အတူလည်း

http://www.dhammadownload.com



အိပ်ကုန်ဘိသနည်း။ (မက်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ ဤ (သင်တို့ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

၁၃၉။ ၇၀-၅၂၉။ "သာမဏေသည်လည်း အကယ်၍ '(ချွန်မက်ဖိုလ်၏) အန္တရာယ်ကို ပြုတတ်ကုန်၏ ဟု မြတ်စွာဘုရား ဟောထားသော တရားတို့ကို မြတ်စွာဘုရားဟောထားတော်မူသည့်အတိုင်း ငါသိပါ၏၊ ထိုတရားတို့သည် မှီဝဲသောသူအား (ချွန်မက်ဖိုလ်၏) အန္တရာယ်ကို ပြုခြင်းငှါ မစွမ်းနိုင်' ဟု ဆိုငြားအံ့။

ထိုသာမဏေကို ရဟန်းတို့သည် 'ငါ့သျှင်သာမဏေ ဤသို့ မဆိုလင့်၊ မြတ်စွာဘုရားကို ဤသို့ မစွပ်စွဲလင့်၊ မြတ်စွာဘုရားအား စွပ်စွဲခြင်းသည် မကောင်းချေ၊ မြတ်စွာဘုရားသည် ဤသို့ ဟောတော်မမူရာ၊ ငါ့သျှင် သာမဏေ များစွာသော အကြောင်းဖြင့် (ချွန်မက်ဖိုလ်၏) အန္တရာယ်ကို ပြုတတ်သော တရားတို့ကို (ချွန်မက်ဖိုလ်၏) အန္တရာယ်ကို ပြုတတ်သော တရားတို့ ဟူ၍ မြတ်စွာဘုရားသည် ဟောတော်မူ၏၊ ထိုတရားတို့သည် မှီဝဲသော ရဟန်းအား အန္တရာယ်ကို ပြုခြင်းငှါ စွမ်းနိုင်သည်သာလျှင်တည်း' ဟူ၍ ပြောဆို ဆုံးမရာ၏၊ ဤသို့လျှင် ထိုသာမဏေသည် ရဟန်းတို့က ဆုံးမပါလျက် ရှေးနည်းအတူသာလျှင် ချီးမြှောက်ငြားအံ့၊ ထိုသာမဏေကို ရဟန်းတို့သည် 'ငါ့သျှင် သာမဏေ ယနေ့မှ အစပြု၍ သင်သည် မြတ်စွာဘုရားကို ဆရာဟူ၍ မညွှန်းနှင့်တော့၊ သင်မှတပါးသော သာမဏေတို့သည် ရဟန်းတို့နှင့်အတူ နှစ်ည သုံးည ပတ်လုံး အတူအိပ်ခြင်းကို ရကြကုန်၏၊ ထိုအတူ အိပ်ခြင်းသည်လည်း သင့်အား မရှိတော့ချေ၊ မမြတ်နိုးအပ်သော သာမဏေ သွားလေတော့၊ ပျောက်ပျက်လေတော့' ဟု ပြောဆိုရာ၏။

အကြင် ရဟန်းသည် သိလျက် ထိုသို့ ဖျက်ဆီးထားပြီးသော သာမဏေကို မြှားယောင်းမူလည်း မြှားယောင်းငြားအံ့ လုပ်ကျွေးမူလည်း လုပ်ကျွေးစေငြားအံ့ အတူမူလည်း သုံးဆောင်ငြားအံ့ အတူမူလည်း အိပ်ငြားအံ့၊ (ထိုရဟန်းအား) ပါစိတ်အာပတ် သင့်၏" ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

## ၁၀-ကဏ္ဍကသိက္ခာပုဒ် အဖွင့်

၄၃၀။ သာမဏေ မည်သည် ရှင်သာမဏေကိုပင် ဆို၏။

ဟု ဆိုငြားအံ့ ဟူသည် (ချွန်မက်ဖိုလ်၏) အန္တရာယ်ကို ပြုတတ်ကုန်၏ ဟု မြတ်စွာဘုရား ဟောထားသော တရားတို့ကို ဟောထားတော်မူသည့်အတိုင်း ငါသိပါ၏၊ ထိုတရားတို့သည် မှီဝဲသော သူအား (ချွန်မက်ဖိုလ်၏) အန္တရာယ်ကို ပြုခြင်းငှါ မစွမ်းနိုင် ဟု ဆိုငြားအံ့။

ထိုသာမဏေသည် ဟူသည် ဤသို့ ပြောဆိုလေ့ရှိသော သာမဏေတည်း။

ရဟန်းတို့သည် ဟူသည် အခြားသော ရဟန်းတို့သည်။

မြင်ကုန်ကြားကုန်သော ရဟန်းတို့သည် "ငါ့သျှင် သာမဏေ ဤသို့ မဆိုပါလင့် မြတ်စွာဘုရားကို ဤသို့ မစွပ်စွဲပါလင့်၊ မြတ်စွာဘုရားအား စွပ်စွဲခြင်းသည် မကောင်းချေ၊ မြတ်စွာဘုရားသည် ဤသို့ ဟောတော်မမူရာ၊ ငါ့သျှင် သာမဏေ မြတ်စွာဘုရားသည် များစွာသော အကြောင်းဖြင့် (ချွန်

http://www.dhammadownload.com



မင်ဖိုလ်၏) အန္တရာယ်ကို ပြုတတ်သော တရားတို့ကို (စျာန်မဂ်ဖိုလ်၏) အန္တရာယ်ကို ပြုတတ်သော တရားတို့ ဟူ၍ ဟောထားတော်မူ၏၊ ထိုတရားတို့ကို မှီဝဲသော ရဟန်းအား (စျာန်မဂ်ဖိုလ်၏) အန္တရာယ်ကို ပြုခြင်းငှါ စွမ်းနိုင်သည်သာလျှင်တည်း" ဟု ဆိုးမရာ၏။

နှစ်ကြိမ်မြောက်လည်း ပြောဆို ဆုံးမရာ၏။ သုံးကြိမ်မြောက်လည်း ပြောဆို ဆုံးမရာ၏။ပ။ အကယ်၍ အယူကို စွန့်အံ့၊ ဤသို့ စွန့်ခြင်းသည် ကောင်း၏။ အကယ်၍ အယူကို မစွန့်အံ့၊ ထိုသာမဏေကို ရဟန်းတို့သည် "ငါ့ချင် သာမဏေ သင့်အား ယနေ့မှအစပြု၍ မြတ်စွာဘုရားကို ဆရာဟူ၍ မညွှန်းနှင့်တော့၊ သင်မှတပါးသော သာမဏေတို့သည် ရဟန်းတို့နှင့်အတူ နှစ်ည သုံးညပတ်လုံး အတူတကွ အိပ်ခြင်းကို ရကုန်၏၊ ထိုအတူအိပ်ခြင်းသည်လည်း သင့်၌ မရှိတော့ပြီ၊ မမြတ်နိုးအပ်သော သာမဏေ သွားလေတော့၊ ပျောက်ပျက်လေတော့" ဟု ပြောဆိုရာ၏။

**အကြင်** ဟူသည် အကြင်သို့ သဘောရှိသော။ပ။

**ရဟန်း** ဟူသည်။ပ။ ဤအရာ၌ ဤဉ တ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သူကို "ရဟန်း" ဟူ၍ အလိုရှိအပ်၏။

**သိ၏** မည်သည် ကိုယ်တိုင်သော်လည်း သိ၏၊ သူတပါးတို့သော်လည်း ထိုရဟန်းအား ပြောကြားကုန်၏၊ ထိုသူ 'သာမဏေ' က သော်လည်း ပြောကြား၏။

**ထိုသို့ ဖျက်ဆီးထားပြီးသော သာမဏေ** ဟူသည် ဤသို့ ဖျက်ဆီးထားပြီးသော သာမဏေတည်း။

**သာမဏေ** မည်သည် ရှင်သာမဏေကိုပင် ဆို၏။

**ဖြားယောင်းမှုလည်း ဖြားယောင်းငြားအံ့** ဟူသည် ထိုသာမဏေအား သပိတ်ကိုသော်၎င်း သင်္ကန်းကိုသော်၎င်း ပါဠိသင်ခြင်းကိုသော်၎င်း အဋ္ဌကထာသင်ခြင်းကိုသော်၎င်း ပေးမည် ဟု ဖြားယောင်းအံ့၊ ပါစိတ်အာပတ် သင့်၏။

**လုပ်ကျွေးမှုလည်း လုပ်ကျွေးစေငြားအံ့** ဟူသည် ထိုသာမဏေ၏ ကသယ်မှုန့်ကိုသော်၎င်း မြေညက်ကိုသော်၎င်း ဒန်ပူကိုသော်၎င်း မျက်နှာသစ်ရေကိုသော်၎င်း သာယာအံ့၊ ပါစိတ်အာပတ် သင့်၏။

**အတူမှုလည်း သုံးဆောင်ငြားအံ့** ဟူရာ၌ အတူသုံးဆောင်ခြင်းမည်သည် ပစ္စည်းအတူ သုံးဆောင်ခြင်း 'အာမိသသမ္ဘောဂ' တရားအတူ သုံးဆောင်ခြင်း 'ဓမ္မသမ္ဘောဂ' ဟူ၍ နှစ်ပါးရှိ၏။ ပစ္စည်းအတူ သုံးဆောင်ခြင်း 'အာမိသသမ္ဘောဂ' မည်သည် ဆွမ်းစသော အာမိသကို ပေးမှုလည်း ပေးအံ့ ယူမှုလည်း ယူအံ့၊ ပါစိတ်အာပတ် သင့်၏။

တရားအတူသုံးဆောင်ခြင်း 'ဓမ္မသမ္ဘောဂ' မည်သည် သင်မှုလည်း သင်အံ့၊ သင်စေမှုလည်း သင်စေအံ့၊ ပုဒ်အားဖြင့် သင်မှုလည်း သင်အံ့၊ သင်စေမှုလည်း သင်စေအံ့၊ ပုဒ်တိုင်းပုဒ်တိုင်း ပါစိတ်အာပတ် သင့်၏။ အက္ခရာအားဖြင့် သင်မှုလည်း သင်အံ့၊ သင်စေမှုလည်း သင်စေအံ့၊ အက္ခရာတိုင်း အက္ခရာတိုင်း ပါစိတ်အာပတ် သင့်၏။

**အတူမှုလည်း အိပ်ငြားအံ့** ဟူသည် တမိုးတရံထည်းသော ကျောင်း၌ ဖျက်ဆီးထားပြီးသော သာမဏေအိပ်သည်ရှိသော် ရဟန်းသည် အိပ်အံ့၊ ပါစိတ်အာပတ် သင့်၏။ ရဟန်းအိပ်သည်ရှိသော် ဖျက်ဆီးထားပြီးသော သာမဏေသည် အိပ်အံ့၊ ပါစိတ်အာပတ် သင့်၏။

http://www.dhammadownload.com



နှစ်ယောက်လုံး အိပ်ကုန်အံ့၊ ပါစိတ်အာပတ် သင့်၏။ ထပြီး၍ အဖန်ဖန်အိပ်ကုန်အံ့၊ ပါစိတ်အာပတ် သင့်၏။

၄၃၁။ ဖျက်ဆီးထားပြီးသော သာမဏေ၌ ဖျက်ဆီးထားပြီးသော သာမဏေ ဟု အမှတ်ရှိသည်ဖြစ်၍ ဖြားယောင်းမှုလည်း ဖြားယောင်းအံ့ လုပ်ကျွေးမှုလည်း လုပ်ကျွေးစေအံ့ အတူမှုလည်း သုံးဆောင်အံ့ အတူမှုလည်း အိပ်အံ့၊ ပါစိတ်အာပတ် သင့်၏။

ဖျက်ဆီးထားပြီးသော သာမဏေ၌ ယုံမှားရှိသည်ဖြစ်၍ ဖြားယောင်းမှုလည်း ဖြားယောင်းအံ့ လုပ်ကျွေးမှုလည်း လုပ်ကျွေးစေအံ့ အတူမှုလည်း သုံးဆောင်အံ့ အတူမှုလည်း အိပ်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ဖျက်ဆီးထားပြီးသော သာမဏေ၌ ဖျက်ဆီးထားပြီးသော သာမဏေမဟုတ် ဟု အမှတ်ရှိသည်ဖြစ်၍ ဖြားယောင်းမှုလည်း ဖြားယောင်းအံ့ လုပ်ကျွေးမှုလည်း လုပ်ကျွေးစေအံ့ အတူမှုလည်း သုံးဆောင်အံ့ အတူမှုလည်း အိပ်အံ့၊ အာပတ် မသင့်။

ဖျက်ဆီးမထားသော သာမဏေ၌ ဖျက်ဆီးထားသော သာမဏေ ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ဖျက်ဆီးမထားသော သာမဏေ၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ဖျက်ဆီးမထားသော သာမဏေ၌ ဖျက်ဆီးမထားသော သာမဏေ ဟု အမှတ်ရှိအံ့၊ အာပတ် မသင့်။

၄၃၂။ ဖျက်ဆီးမထားသော သာမဏေ ဟု သိအံ့၊ ထိုမိစ္ဆာအယူကို စွန့်ပြီ ဟု သိအံ့၊ အာပတ် မသင့်၊ ရူးသောရဟန်း အစလက်ဦး လွန်ကျူးသောရဟန်းတို့အားလည်း အာပတ် မသင့်။

ဒသမ ကဏ္ဋကသိက္ခာပုဒ် ပြီး၏။

သတ္တမ သပ္ပါဏကဝဂ် ပြီး၏။

## ထိုသပ္ပါဏကဝဂ်၏ အကျဉ်းချုပ်

စေတနာရှိသည်ဖြစ်၍ တိရစ္ဆာန် သတ္တဝါကို သတ်သောသိက္ခာပုဒ်၊ သပ္ပါဏက သိက္ခာပုဒ်၊ ဥက္ကောဋန သိက္ခာပုဒ်၊ ရှုန်ရင်းသော အာပတ်ကိုဖုံးလွှမ်းသော သိက္ခာပုဒ်၊ အသက်နှစ်ဆယ်မပြည့်မီ ရဟန်းခံသော သိက္ခာပုဒ်၊ ထေယျသတ္ထသိက္ခာပုဒ်၊ မာတုဂါမသံဝိဓာနသိက္ခာပုဒ်၊ အရိဋ္ဌသိက္ခာပုဒ်၊ ဥက္ခိတ္တသိက္ခာပုဒ်၊ ကဏ္ဋကသိက္ခာပုဒ်၊ ဤဆယ်ပါးတို့တည်း။

ဤကား အကျဉ်းချုပ်တည်း။

---

## ၈-သဟဓမ္မိကဝဂ် ၁-သဟဓမ္မိကသိက္ခာပုဒ်

၄၃၃။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကောသမ္ဗီပြည်ဃောသိတာရုံကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ အသျှင်ဆန္နသည် မကျင့်ထိုက်သော အကျင့်ကို ကျင့်၏။

ရဟန်းတို့သည် "ငါ့သျှင်ဆန္န ဤသို့သဘောရှိသော အမှုကို မပြုပါလင့် ဤအမှုသည် မအပ်" ဟု ပြောဆိုကုန်၏။

http://www.dhammadownload.com



ထိုဆန္နသည် "ငါသျှင်တို့ ကျွမ်းကျင်လိမ္မာသော အခြားဝိနည်းဓိုရ် ရဟန်းကို မမေးရသေးသမျှ ကာလပတ်လုံး ငါသည် ဤသိက္ခာပုဒ်၌ ကျင့်လိမ့်မည်မဟုတ် "ဟု ပြောဆို၏။

အလိုနည်းသော ရဟန်းတို့သည် "အဘယ့်ကြောင့် အသျှင်ဆန္နသည် ရဟန်းတို့က သိက္ခာပုဒ်တော်နှင့် လျော်ညီစွာ ဆိုဆုံးမသည်ရှိသော် ငါသျှင်တို့ ကျွမ်းကျင်လိမ္မာသော အခြားဝိနည်းဓိုရ်ရဟန်းကို မမေးရသေးသမျှ ကာလပတ်လုံး ငါသည် ဤသိက္ခာပုဒ်၌ ကျင့်လိမ့်မည် မဟုတ်ဟူ၍ ဆိုဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ဆန္န သင်သည် ရဟန်းတို့က သိက္ခာပုဒ်တော်နှင့် လျော်ညီစွာ ဆုံးမသည်ရှိသော် 'ငါသျှင်တို့ ကျွမ်းကျင်လိမ္မာသော အခြားဝိနည်းဓိုရ် ရဟန်းကို မမေးရသေးသမျှ ကာလပတ်လုံး ငါသည် ဤသိက္ခာပုဒ်၌ ကျင့်လိမ့်မည် မဟုတ်' ဟု ပြောဆို၏ ဟူသည်မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရားဟု (လျှောက်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား သင်သည် အဘယ့်ကြောင့် ရဟန်းတို့က သိက္ခာပုဒ်တော်နှင့် လျော်ညီစွာ ဆိုဆုံးမသည်ရှိသော် "ငါသျှင်တို့ ကျွမ်းကျင်လိမ္မာသော အခြားဝိနည်းဓိုရ် ရဟန်းကို မမေးရသေးသမျှ ကာလပတ်လုံး ငါသည် ဤသိက္ခာပုဒ်၌ ကျင့်လိမ့်မည်မဟုတ်"ဟု ပြောဆိုဘိသနည်း။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား ဤ (သင်ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

၁၂၀။ ၇၁-၄၃၄။ "အကြင် ရဟန်းသည် ရဟန်းတို့က တရားနှင့်လျော်ညီစွာ ပြောဆိုဆုံးမသည်ရှိသော် 'ငါသျှင်တို့ ကျွမ်းကျင်လိမ္မာသော အခြား ဝိနည်းဓိုရ်ရဟန်းတို့ကို မမေးရသေးသမျှကာလပတ်လုံး ငါသည် ဤသိက္ခာပုဒ်၌ ကျင့်လိမ့်မည် မဟုတ်' ဟု ပြောဆိုငြားအံ့၊ (ထိုရဟန်းအား) ပါစိတ်အာပတ် သင့်၏။ ရဟန်းတို့ ကျင့်လိုသောရဟန်းသည် သိအောင်ပြုရမည် အဖန်တလဲလဲမေးမြန်းရမည် အဖန်တလဲလဲ စုံစမ်းဆင်ခြင်ရမည်၊ ဤသို့ ပြုခြင်းသည် ထိုသိက္ခာပုဒ်ကို ကျင့်လိုရာ၌ ကျင့်ဝတ်တည်း" ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

## ၁-သဟဓမ္မိကသိက္ခာပုဒ် အဖွင့်

၄၃၅။ အကြင် ဟူသည် အကြင်သို့ သဘောရှိသော။ပ။

ရဟန်း ဟူသည်။ပ။ ဤအရာ၌ ဤဉတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သူကို "ရဟန်း" ဟူ၍ အလိုရှိအပ်၏။

ရဟန်းတို့က ဟူသည် အခြားသော ရဟန်းတို့သည်။

တရားနှင့်လျော်ညီစွာ မည်သည် မြတ်စွာဘုရား ပညတ်တော်မူသော သိက္ခာပုဒ်တော်သည် တရားနှင့် လျော်သည်မည်၏။

ထိုသိက္ခာပုဒ်တော်ဖြင့် ဆိုဆုံးမသည်ရှိသော် ငါသျှင်တို့ ကျွမ်းကျင်လိမ္မာသော အခြား ဝိနည်းဓိုရ် ရဟန်းကို မမေးရသေးသမျှ ကာလပတ်လုံး ငါသည် ဤသိက္ခာပုဒ်၌ ကျင့်လိမ့်မည် မဟုတ်ဟူသည်

http://www.dhammadownload.com



ဝိနည်း သိက္ခာပုဒ်၌ ကျမ်းကျင်ထက်မြက်သော အကြားအမြင်များသော တရားစကားကို ပြောဆိုတတ်သော ပညာရှိ ရဟန်းကို မေးဦးအံ့ ဟု ပြောဆိုအံ့၊ ပါစိတ်အာပတ် သင့်၏။

၄၃၆။ ရဟန်း၌ ရဟန်း ဟု အမှတ်ရှိသည်ဖြစ်၍ ဤသို့ပြောဆိုအံ့၊ ပါစိတ်အာပတ် သင့်၏။ ရဟန်း၌ ယုံမှားရှိသည်ဖြစ်၍ ဤသို့ပြောဆိုအံ့၊ ပါစိတ်အာပတ် သင့်၏။ ရဟန်း၌ ရဟန်း မဟုတ် ဟု အမှတ်ရှိသည်ဖြစ်၍ ဤသို့ပြောဆိုအံ့၊ ပါစိတ်အာပတ် သင့်၏။

ပညတ်တော်မဟုတ်သော သိက္ခာပုဒ်ဖြင့် ဆိုဆုံးမသည် ရှိသော် "ဤသိက္ခာပုဒ်သည် ကိလေသာကို မခေါင်းပါးစေနိုင် ကိလေသာကို မခါတွက်စေနိုင် ကြည်ညိုဖွယ်ကို မဆောင်စေနိုင် ကိလေသာကို မပယ်စေနိုင် လုံ့လထုတ်ခြင်းငှါ မဖြစ်နိုင်" ဟု ပြောဆို၏၊ "ငါသျှင်တို့ ကျမ်းကျင်လိမ္မာသော အခြားဝိနည်းဓိုရ် ရဟန်းကို မမေးရသေးသမျှ ကာလပတ်လုံး ငါသည် ဤသိက္ခာပုဒ်၌ ကျင့်လိမ့်မည် မဟုတ် ကျမ်းကျင်ထက်မြက်သော အကြားအမြင်များသော တရားစကားကို ပြောဆိုတတ်သော ပညာရှိ ရဟန်းကို မေးဦးအံ့" ဟု ပြောဆိုအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ရဟန်း မဟုတ်သော သူသည် ပညတ်တော် ဟုတ် မဟုတ်သော သိက္ခာပုဒ်ဖြင့် ဆိုဆုံးမသည် ရှိသော် "ဤသိက္ခာပုဒ်သည် ကိလေသာကို မခေါင်းပါးစေနိုင် ကိလေသာကို မခါတွက်စေနိုင် ကြည်ညိုဖွယ်ကို မဆောင်စေနိုင် ကိလေသာကို မပယ်စေနိုင် လုံ့လထုတ်ခြင်းငှါ မဖြစ်နိုင်" ဟု ပြောဆို၏။ "ငါသျှင်တို့ ကျမ်းကျင်လိမ္မာသော အခြားဝိနည်းဓိုရ် ရဟန်းကို မမေးရသေးသမျှ ကာလပတ်လုံး ငါသည် ဤသိက္ခာပုဒ်၌ ကျင့်လိမ့်မည် မဟုတ် ဝိနည်းသိက္ခာပုဒ်၌ ကျမ်းကျင်ထက်မြက်သော အကြားအမြင်များသော တရားစကားကို ပြောဆိုတတ်သော ပညာရှိ ရဟန်းကို မေးဦးအံ့" ဟု ပြောဆိုအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ရဟန်းမဟုတ်သော သူ၌ ရဟန်း ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ရဟန်း မဟုတ်သော သူ၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ရဟန်း မဟုတ်သောသူ၌ ရဟန်း မဟုတ် ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

**ကျင့်လိုသော** ဟူသည် ကျင့်ခြင်းငှါ အလိုရှိသော သူတည်း။

**သိအောင် ပြုရမည်** ဟူသည် သိရမည်။

**အဖန်တလဲလဲ မေးမြန်းရမည်** ဟူသည် အသျှင်ဘုရား ဤသိက္ခာပုဒ်သည် အဘယ် အခြင်းအရာဖြင့် ပြီးသနည်း ဤသိက္ခာပုဒ်၏ အနက်ကား အဘယ်ပါနည်း ဟု မေးမြန်းရမည်။

**အဖန်တလဲလဲ စုံစမ်း ဆင်ခြင်ရမည်** ဟူသည် ကြံစည်ရမည် နှိုင်းချိန်ရမည်။

ဤသို့ ပြုခြင်းသည် ထိုသိက္ခာပုဒ်ကို ကျင့်လိုရာ၌ ကျင့်ဝတ်တည်း ဟူသည် ဤသို့ ပြုခြင်းသည် ထိုသိက္ခာပုဒ်တော်ကို ကျင့်လိုရာ၌ တရားနှင့် လျော်သော် အကျင့်တည်း။

၄၃၇။ "သိအံ့ ကျင့်အံ့" ဟု ပြောဆိုအံ့၊ အာပတ် မသင့်၊ ရူးသောရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

ပဌမ သဟဓမ္မိကသိက္ခာပုဒ် ပြီး၏။

http://www.dhammadownload.com



## ၈-သဟဓမ္မိကဝဂ် ၂-ဝိလေခနသိက္ခာပုဒ်

၄၃၈။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသော အခါ ရဟန်းတို့အား များစွာသော အကြောင်းဖြင့် ဝိနည်းနှင့်စပ်သော စကားကို ဟောတော်မူ၏။ ဝိနည်း၏ ဂုဏ်ကျေးဇူးကို ဟောတော်မူ၏၊ ဝိနည်းသင်ခြင်း၏ ဂုဏ်ကျေးဇူးကို ဟောတော်မူ၏။ ရည်ညွှန်း၍ ရည်ညွှန်း၍ အသျှင်ဥပါလိ၏ ဂုဏ်ကျေးဇူးကို ပြောဆိုတော်မူ၏။

ရဟန်းတို့သည် "မြတ်စွာဘုရားကား များစွာသော အကြောင်းဖြင့် ဝိနည်းနှင့် စပ်သော စကားကို ဟောတော်မူ၏၊ ဝိနည်း၏ ဂုဏ်ကျေးဇူးကို ဟောတော်မူ၏၊ ဝိနည်းသင်ခြင်း၏ ဂုဏ်ကျေးဇူးကို ဟောတော်မူ၏၊ ရည်ညွှန်း၍ ရည်ညွှန်း၍ အသျှင်ဥပါလိ၏ ဂုဏ်ကျေးဇူးကို ပြောဆိုတော်မူ၏။

"ငါ့သျှင်တို့ ယခုအခါ အကျွန်ုပ်တို့သည် အသျှင်ဥပါလိ၏ အထံ၌ ဝိနည်း တရားတော်ကို သင်ကြကုန်အံ့" ဟု ပြောဆို၍ မထေရ်ကြီး မထေရ်လတ် မထေရ်ငယ် ဖြစ်ကြသော များစွာသော ရဟန်းတို့သည် အသျှင်ဥပါလိ၏ အထံ၌ ဝိနည်း တရားတော်ကို သင်ကုန်၏။

ထိုအခါ ဆဗ္ဗဂ္ဂီရဟန်းတို့အား—

"ငါ့သျှင်တို့ ယခုအခါ၌ မထေရ်ကြီး မထေရ်လတ် မထေရ်ငယ် ဖြစ်ကြသော များစွာသော ရဟန်းတို့သည် အသျှင်ဥပါလိ၏ အထံ၌ ဝိနည်းကို သင်ကုန်၏၊ ဤရဟန်းတို့သည် ဝိနည်း၌ လိမ္မာသည်ရှိသော် ငါတို့ကို သူတို့အလိုကျ သူတို့အလိုရှိသောအခါ သူတို့အလိုရှိတိုင်း တိုက်ရိုက်ဆွဲဆောင်ကုန်လတ္တံ့, သွယ်ဝိုက်၍ ဆွဲဆောင်ကုန်လတ္တံ့၊ ငါ့သျှင်တို့ ငါတို့သည် ယခုအခါ၌ ဝိနည်းကို ကဲ့ရဲ့ရှုတ်ချကုန်အံ့" ဟု အကြံဖြစ်၏။

ထိုအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ရဟန်းတို့ အထံသို့ ချဉ်းကပ်၍ "ငယ်ကုန် အလွန်ငယ်ကုန်သော ဤသိက္ခာပုဒ်တို့ကို ပြဆိုခြင်းဖြင့် အဘယ်အကျိုးရှိအံ့နည်း အတိုင်းထက်အလွန် တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်ရုံမျှသာ စိတ်နှလုံး ပင်ပန်းရုံမျှသာ စိတ်နှလုံးကို ရေးခြစ်ရှုပ်ထွေး စေရုံမျှသာ ဖြစ်ကုန်၏" ဟု ဆိုကုန်၏။

အလိုနည်းသော ရဟန်းတို့သည် "အဘယ့်ကြောင့် ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် ဝိနည်းကို ကဲ့ရဲ့ရှုတ်ချကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ သင်တို့သည် ဝိနည်းကို ကဲ့ရဲ့ရှုတ်ချကုန်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ သင်တို့သည် အဘယ့်ကြောင့် ဝိနည်းကို ကဲ့ရဲ့ရှုတ်ချကုန်ဘိသနည်း။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ ဤ (သင်တို့ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

၁၂၁။ ၇၂-၄၃၉။ "အကြင် ရဟန်းသည် ပါတိမောက် 'ရဟန်းတို့၏ သိက္ခာပုဒ်' ကို ပြဆိုသည်ရှိသော် 'ငယ်ကုန် အလွန်ငယ်ကုန်သော ဤသိက္ခာပုဒ်တို့ကို ပြဆိုခြင်းကြောင့် အဘယ်

http://www.dhammadownload.com


အကျိုးရှိအံ့နည်း၊ အတိုင်းထက်အလွန် တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်ရုံမျှသာ စိတ်နှလုံး ပင်ပန်းရုံမျှသာ စိတ်နှလုံးကို ရေးခြစ်ရှုပ်ထွေးစေရုံမျှသာ ဖြစ်ကုန်၏' ဟု ပြောဆိုငြားအံ့၊ သိက္ခာပုဒ်တော်ကို ကဲ့ရဲ့ခြင်းကြောင့် (ထိုရဟန်းအား) ပါစိတ်အာပတ် သင့်၏" ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

## ၂-ဝိလေခနသိက္ခာပုဒ် အဖွင့်

၄၄၀။ အကြင် ဟူသည် အကြင်သို့ သဘောရှိသော။ပ။

ရဟန်း ဟူသည်။ပ။ ဤအရာ၌ ဤဉတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သူကို "ရဟန်း" ဟူ၍ အလိုရှိအပ်၏။

ပါတိမောက်ကို ပြဆိုသည်ရှိသော် ဟူသည် ပြသော်၎င်း ပြစေသော်၎င်း သရဇ္ဈာယ်သော်၎င်းတည်း။

ဟု ပြောဆိုငြားအံ့ ဟူသည် ငယ်ကုန် အလွန်ငယ်ကုန်သော ဤသိက္ခာပုဒ်တို့ကို ပြဆိုခြင်းဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ အတိုင်းထက်အလွန် တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်ရုံမျှသာ စိတ်နှလုံး ပင်ပန်းရုံမျှသာ စိတ်နှလုံးကို ရေးခြစ်ရှုပ်ထွေး စေရုံမျှသာ ဖြစ်ကုန်၏ ဟု (ပြောဆိုငြားအံ့)။

"ပါတိမောက်ကို သင်ကုန်သော ရဟန်းတို့အား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏၊ စိတ်နှလုံး ပင်ပန်းခြင်းဖြစ်၏၊ စိတ်နှလုံးကို ရေးခြစ်ရှုပ်ထွေးစေခြင်းဖြစ်၏၊ ပါတိမောက်ကို မသင်ကုန်သော ရဟန်းတို့အား တွေးတောမှု 'သံသယကုက္ကုစ္စ' မဖြစ်၊ စိတ်နှလုံးပင်ပန်းခြင်း မဖြစ်၊ စိတ်နှလုံးကို ရေးခြစ်ရှုပ်ထွေးစေခြင်း မဖြစ်။ ဤသိက္ခာပုဒ်ကို မပြခြင်းသည် မြတ်၏၊ ဤသိက္ခာပုဒ်ကို မယူခြင်းသည် မြတ်၏၊ ဤသိက္ခာပုဒ်ကို မသင်ခြင်းသည်မြတ်၏၊ ဤသိက္ခာပုဒ်ကို မဆောင်ခြင်းသည် မြတ်၏၊ ဝိနည်းတရားသည်လည်း ကွယ်ပျောက်စေသတည်း၊ ဤရဟန်းတို့သည် ဝိနည်း၌ မလိမ္မာစေကုန်သတည်း" ဟု ရဟန်း၏အထံ၌ ဝိနည်းကို ကဲ့ရဲ့ရှုတ်ချအံ့၊ ပါစိတ်အာပတ် သင့်၏။

၄၄၁။ ရဟန်း၌ ရဟန်း ဟု အမှတ်ရှိသည် ဖြစ်၍ ဝိနည်းကို ကဲ့ရဲ့ရှုတ်ချအံ့၊ ပါစိတ်အာပတ် သင့်၏။ ရဟန်း၌ ယုံမှားရှိသည် ဖြစ်၍ ဝိနည်းကို ကဲ့ရဲ့ရှုတ်ချအံ့၊ ပါစိတ်အာပတ် သင့်၏။ ရဟန်း၌ ရဟန်းမဟုတ် ဟု အမှတ်ရှိသည်ဖြစ်၍ ဝိနည်းကို ကဲ့ရဲ့ရှုတ်ချအံ့၊ ပါစိတ်အာပတ် သင့်၏။

(ဝိနည်းမှ) တပါးသော တရားကို ကဲ့ရဲ့ရှုတ်ချအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ရဟန်းမဟုတ်သူ၏ (အထံ၌) ဝိနည်းကို၎င်း အခြားသော တရားကို၎င်း ကဲ့ရဲ့ရှုတ်ချအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ရဟန်းမဟုတ်သူ၌ ရဟန်း ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ရဟန်းမဟုတ်သူ၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ရဟန်းမဟုတ်သူ၌ ရဟန်းမဟုတ် ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

၄၄၂။ "ဝိနက်တွန်းပါ၏ သင်သည် သုတ္တန်တို့ကိုသော်၎င်း ဂါထာတို့ကိုသော်၎င်း အဘိဓမ္မာကိုသော်၎င်း သင်ဦးလော့၊ နောက်မှ ဝိနည်းတရားကို သင်ရအံ့" ဟု မကဲ့ရဲ့လိုပဲ ပြောဆိုအံ့၊ အာပတ် မသင့်၊ ရူးသောရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

ဒုတိယ ဝိလေခနသိက္ခာပုဒ် ပြီး၏။

http://www.dhammadownload.com



## ၈-သဟဓမ္မိကဝဂ် ၃-မောဟနသိက္ခာပုဒ်

၄၄၃။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် မကျင့်ထိုက်သော အကျင့်ကို ကျင့်ပြီးလျှင် "မသိခြင်းကြောင့် အာပတ် သင့်ကုန်၏" ဟု သိစေလို၍ ပါတိမောက်ပြသည်ရှိသော် "ငါတို့သည် ယခုမှသာလျှင် သိကုန်၏၊ ဤတရားသည်လည်း ပါတိမောက်၌ လာသတတ် ပါတိမောက်၌ အကျုံးဝင်သတတ် လခွဲတိုင်း လခွဲတိုင်း အကျဉ်းပြခြင်းသို့ ရောက်သတတ်" ဟု ဆိုကုန်၏။

အလိုနည်းသော ရဟန်းတို့သည် "အဘယ့်ကြောင့် ဆဗ္ဗဂ္ဂီရဟန်းတို့သည် ပါတိမောက်ကို ပြသည်ရှိသော် ငါတို့သည် ယခုမှသာလျှင် သိကုန်၏ ဤတရားသည်လည်း ပါတိမောက်၌ လာသတတ် ပါတိမောက်၌ အကျုံးဝင်သတတ် လခွဲတိုင်း လခွဲတိုင်း အကျဉ်းပြခြင်းသို့ ရောက်သတတ် ဟူ၍ ဆိုကြကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ သင်တို့သည် ပါတိမောက်ကို ပြသည်ရှိသော် 'ငါတို့သည် ယခုမှသာလျှင် သိကုန်၏ ဤတရားသည်လည်း ပါတိမောက်၌ လာသတတ် ပါတိမောက်၌ အကျုံးဝင်သတတ် လခွဲတိုင်း လခွဲတိုင်း အကျဉ်းပြခြင်းသို့ ရောက်သတတ်' ဟူ၍ ဆိုကြကုန်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ အဘယ့်ကြောင့် သင်တို့သည် ပါတိမောက်ကို ပြသည်ရှိသော် "ငါတို့သည် ယခုမှသာလျှင် သိကုန်၏ ဤတရားသည်လည်း ပါတိမောက်၌ လာသတတ် ပါတိမောက်၌ အကျုံးဝင်သတတ် လခွဲတိုင်း လခွဲတိုင်း အကျဉ်းပြခြင်းသို့ ရောက်သတတ် ဟူ၍ ဆိုကုန်ဘိသနည်း။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ ဤ (သင်တို့ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ ရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

၁၂၂။ ၇၃-၄၄၄။ "အကြင် ရဟန်းသည် လခွဲတိုင်းလခွဲတိုင်း ပါတိမောက်ပြသည် ရှိသော် 'ငါသည် ယခုမှသာလျှင် သိ၏၊ ဤတရားသည်လည်း ပါတိမောက်၌ လာသတတ် ပါတိမောက်၌ အကျုံးဝင်သတတ် လခွဲတိုင်းလခွဲတိုင်း အကျဉ်းပြခြင်းသို့ ရောက်သတတ်' ဟု ဆိုငြားအံ့၊ ဤရဟန်းသည် နှစ်ကြိမ်သုံးကြိမ် ပါတိမောက်ပြရာ၌ နေဘူး၏ဟူ၍ ထိုရဟန်းကို တပါးသော ရဟန်းတို့က သိငြားအံ့၊ ထိုထက်အလွန် နေဘူးသည်ကိုကား ဆိုဖွယ်ရာမရှိ၊ ထိုရဟန်းအား မသိယောင်ဆောင်သဖြင့် အာပတ်မှ မလွတ်နိုင်၊ ထိုမသိယောင်ဆောင်ခြင်းကြောင့် သင့်သော အာပတ်ကိုလည်း တရားအားလျော်စွာ ဆုံးဖြတ်ရမည်၊ ထိုထက်အလွန်လည်း ထိုရဟန်းအား မိုက်မဲတွေဝေသော အဖြစ်သို့ (ဉတ္တိဒုတိယကံဖြင့်) တင်ရမည်၊ 'ငါ့သျှင် အကြင် သင်သည် ပါတိမောက်ကို ပြသည်ရှိသော် ကောင်းကောင်းမွန်မွန် ရိုရိုသေသေ နှလုံးမသွင်း၊ ထိုသင့်အား

http://www.dhammadownload.com



ရဟန်း၏အဖြစ်ကို အရမတော်၊ ထိုသင်သည် ရဟန်းဘဝကို မကောင်းသဖြင့် ရအပ်၏’ ဟု (ကဲ့ရဲ့၍ မိုက်မဲတွေဝေသော အဖြစ်သို့ တင်ရမည်)၊ မိုက်မဲတွေဝေသော အဖြစ်သို့ တင်ပြီးသည်ရှိသော် ထိုမသိယောင်ဆောင်သော ရဟန်း၌ ဤပါစိတ်အာပတ် သင့်၏” ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

## ၃-မောဟနသိက္ခာပုဒ် အဖွင့်

၄၄၅။ အကြင် ဟူသည် အကြင်သို့ သဘောရှိသော။ပ။

ရဟန်း ဟူသည်။ပ။ ဤအရာ၌ ဤဥတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သူကို “ရဟန်း” ဟူ၍ အလိုရှိအပ်၏။

**လခွဲတိုင်း လခွဲတိုင်း** ဟူသည် (လပြည့် လကွယ်) ဥပုသ်နေ့တိုင်း ဥပုသ်နေ့တိုင်း။
**ပါတိမောက်ကို ပြသည်ရှိသော်** ဟူသည် ပြနေစဉ်။

**ဟု ဆိုငြားအံ့** ဟူသည် မကျင့်ထိုက်သော အကျင့်ကို ကျင့်ပြီးလျှင် “မသိခြင်းကြောင့် အာပတ် သင့်၏” ဟု သိစေလို၍ ပါတိမောက်ပြရာ၌ “ငါသည် ယခုမှသာလျှင် သိ၏ ဤတရားသည်လည်း ပါတိမောက်၌ လာသတတ် ပါတိမောက်၌ အကျုံးဝင်သတတ် လခွဲတိုင်း လခွဲတိုင်း အကျဉ်းပြခြင်းသို့ ရောက်သတတ်” ဟု ဆိုအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ဤရဟန်းကား နှစ်ကြိမ် သုံးကြိမ် ပါတိမောက်ပြရာ၌ နေဘူး၏ ဟု ထိုရဟန်းကို တပါးသော ရဟန်းတို့က သိငြားအံ့၊ ထို့ထက်အလွန် နေဘူးရာ၌ကား ဆိုဖွယ်ရာမရှိ၊ ထိုရဟန်းအား မသိယောင်ဆောင်ခြင်းဖြင့် အာပတ်မှ မလွတ်နိုင်၊ ထိုမသိယောင် ဆောင်ခြင်းကြောင့် သင့်သော အာပတ်ကိုလည်း တရားအားလျော်စွာ ဆုံးဖြတ်ရမည်၊ ထို့ထက်အလွန်လည်း ထိုရဟန်းအား မိုက်မဲတွေဝေသော အဖြစ်သို့ တင်ရမည်၊ ရဟန်းတို့ ဤသို့လျှင် (မိုက်မဲတွေဝေသော အဖြစ်သို့) တင်ရမည်၊ ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်။

၄၄၆။ “အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤမည်သော ရဟန်းသည် ပါတိမောက်ကို ပြသည်ရှိသော် ကောင်းကောင်းမွန်မွန် ရှိရှိသေသေ နှလုံးမသွင်း၊ သံဃာအား လျောက်ပတ်သော အခါရှိသော် ကံသည် အကယ်၍ ဖြစ်ငြားအံ့၊ သံဃာသည် ဤမည်သော ရဟန်းအား မိုက်မဲတွေဝေသော အဖြစ်သို့ တင်ရာ၏၊ ဤကား သိစေခြင်းတည်း။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤမည်သော ရဟန်းသည် ပါတိမောက်ကို ပြသည်ရှိသော် ကောင်းကောင်းမွန်မွန် ရှိရှိသေသေ နှလုံးမသွင်း၊ သံဃာသည် ဤမည်သော ရဟန်းအား မိုက်မဲတွေဝေသော အဖြစ်သို့ တင်၏၊ ဤမည်သော ရဟန်းအား မိုက်မဲတွေဝေသော အဖြစ်သို့ တင်ခြင်းကို အကြင် အသျှင်အား နှစ်သက်ခြင်း ရှိ၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင် အသျှင်အား နှစ်သက်ခြင်းမရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

သံဃာသည် ဤမည်သော ရဟန်းအား မိုက်မဲတွေဝေသော အဖြစ်သို့ တင်အပ်ပြီ၊ သံဃာအား နှစ်သက်ခြင်း ရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့်အဖြစ်ကို သိမှတ်ရပါသည်” ဟု (သိစေရမည်)။

http://www.dhammadownload.com



မိုက်မဲတွေဝေခြင်းသို့ မတင်မီ မိုက်ယောင်မှုအံ့ 'မသိယောင်ဆောင်အံ့'၊ ဒုက္ကဋ်အာပတ် သင့်၏။ မိုက်မဲတွေဝေခြင်းသို့ တင်ပြီးမှ မိုက်ယောင်မှုအံ့ 'မသိယောင်ဆောင်အံ့'၊ ပါစိတ် အာပတ် သင့်၏။

၄၄၇။ ဓမ္မကံ၌ ဓမ္မကံ ဟု အမှတ်ရှိသည် ဖြစ်၍ မိုက်ယောင်မှုအံ့၊ ပါစိတ်အာပတ် သင့်၏။ ဓမ္မကံ၌ ယုံမှားရှိသည်ဖြစ်၍ မိုက်ယောင်မှုအံ့၊ ပါစိတ်အာပတ် သင့်၏။ ဓမ္မကံ၌ အဓမ္မကံ ဟု အမှတ်ရှိသည်ဖြစ်၍ မိုက်ယောင်မှုအံ့၊ ပါစိတ်အာပတ် သင့်၏။

အဓမ္မကံ၌ ဓမ္မကံ ဟု အမှတ်ရှိသည်ဖြစ်၍ မိုက်ယောင်မှုအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ အဓမ္မကံ၌ ယုံမှားရှိသည်ဖြစ်၍ မိုက်ယောင်မှုအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ အဓမ္မကံ၌ အဓမ္မကံ ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

၄၄၈။ အကျယ်အားဖြင့် မကြားနာဘူးမူ အာပတ် မသင့်၊ နှစ်ကြိမ် သုံးကြိမ်အောက် ယုတ်လျော့၍ အကျယ်အားဖြင့် ကြားနာဘူးမူ အာပတ် မသင့်၊ မိုက်ယောင်မှုခြင်းကို အလိုမရှိသော ရဟန်း ရူးသောရဟန်း အစလက်ဦး လွန်ကျူးသောရဟန်းတို့အားလည်း အာပတ် မသင့်။

တတိယ မောဟနသိက္ခာပုဒ် ပြီး၏။

---

## ၈-သဟဓမ္မိကဝဂ် ၄-ပဟာရသိက္ခာပုဒ်

၄၄၉။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် အမျက်ထွက်သည်ဖြစ်၍ နှလုံးမသာသည်ဖြစ်၍ သတ္တရသဝဂ္ဂီ ရဟန်းတို့အား ပုတ်ခတ်ကုန်၏၊ ထိုရဟန်းတို့သည် ငိုကြွေးကုန်၏။

ရဟန်းတို့သည် "ငါ့သျှင်တို့ အဘယ့်ကြောင့် သင်တို့သည် ငိုကြွေးကြကုန်ဘိသနည်း" ဟု မေးကုန်၏။ ငါ့သျှင်တို့ ဤဆဗ္ဗဂ္ဂီရဟန်းတို့သည် အမျက်ထွက်သည်ဖြစ်၍ နှလုံးမသာသည်ဖြစ်၍ ငါတို့အား ပုတ်ခတ်ကုန်၏ ဟု (ပြောဆိုကုန်၏)။

အလိုနည်းသော ရဟန်းတို့သည် "အဘယ့်ကြောင့် ဆဗ္ဗဂ္ဂီရဟန်းတို့သည် အမျက်ထွက်သည်ဖြစ်၍ နှလုံးမသာသည်ဖြစ်၍ ပုတ်ခတ်ကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ သင်တို့သည် အမျက်ထွက်သည်ဖြစ်၍ နှလုံးမသာသည်ဖြစ်၍ ရဟန်းတို့အား ပုတ်ခတ်ကုန်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ သင်တို့သည် အဘယ့်ကြောင့် အမျက်ထွက်သည်ဖြစ်၍ နှလုံးမသာသည်

http://www.dhammadownload.com



ဖြစ်၍ ရဟန်းတို့အား ပုတ်ခတ်ကုန်ဘိသနည်း။ (မင်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျာ်းတို့ ဤ (သင်တို့ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

၁၂၃။ ၇၄-၄၅၀။ 'အကြင် ရဟန်းသည် ရဟန်းအား အမျက်ထွက်သည်ဖြစ်၍ နှလုံး မသာသည်ဖြစ်၍ ပုတ်ခတ်ငြားအံ့၊ (ထိုရဟန်းအား) ပါစိတ်အာပတ် သင့်၏" ဤသို့ (ပြကြ ကုန်လော့ ဟု မိန့်တော်မူ၏)။

## ၄-ပဟာရသိက္ခာပုဒ် အဖွင့်

၄၅၁။ အကြင် ဟူသည် အကြင်သို့ သဘောရှိသော။ပ။

ရဟန်း ဟူသည်။ပ။ ဤအရာ၌ ဤဥ တ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သူကို "ရဟန်း" ဟူ၍ အလိုရှိအပ်၏။

ရဟန်းအား ဟူသည် အခြားသော ရဟန်းအား။

အမျက်ထွက်သည်ဖြစ်၍ နှလုံးမသာသည်ဖြစ်၍ ဟူသည် မမွေ့လျော်သည်ဖြစ်၍ ထိခိုက်သော စိတ်ရှိသည်ဖြစ်၍ ငြောင့်ကဲ့သို့ ဖြစ်သော စိတ်ရှိသည်ဖြစ်၍။

ပုတ်ခတ်ငြားအံ့ ဟူသည် ကိုယ်ဖြင့်သော်၎င်း ကိုယ်နှင့်စပ်သော ဝတ္ထုဖြင့်သော်၎င်း လွှတ်အပ်သော ဝတ္ထုဖြင့်သော်၎င်း အယုတ်သဖြင့် ကြာရွက်ဖြင့်လည်း ပုတ်ခတ်အံ့၊ ပါစိတ်အာပတ် သင့်၏။

၄၅၂။ ရဟန်း၌ ရဟန်း ဟု အမှတ်ရှိသည်ဖြစ်၍ အမျက်ထွက်သည်ဖြစ်၍ နှလုံးမသာသည် ဖြစ်၍ ပုတ်ခတ်အံ့၊ ပါစိတ်အာပတ် သင့်၏။ ရဟန်း၌ ယုံမှားရှိသည်ဖြစ်၍ အမျက်ထွက်သည်ဖြစ်၍ နှလုံးမသာသည်ဖြစ်၍ ပုတ်ခတ်အံ့၊ ပါစိတ်အာပတ် သင့်၏။

ရဟန်း၌ ရဟန်း မဟုတ် ဟု အမှတ်ရှိသည်ဖြစ်၍ အမျက်ထွက်သည်ဖြစ်၍ နှလုံးမသာသည် ဖြစ်၍ ပုတ်ခတ်အံ့၊ ပါစိတ်အာပတ် သင့်၏။

ရဟန်း မဟုတ်သောသူအား အမျက်ထွက်သည်ဖြစ်၍ နှလုံးမသာသည်ဖြစ်၍ ပုတ်ခတ်အံ့၊ ဒုက္ကဋ် အာပတ် သင့်၏။ ရဟန်းမဟုတ်သောသူ၌ ရဟန်း ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ရဟန်း မဟုတ်သောသူ၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ရဟန်း မဟုတ်သောသူ၌ ရဟန်းမဟုတ် ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

၄၅၃။ တစုံတယောက်သော သူက ညှဉ်းဆဲသောကြောင့် လွတ်စေလိုသော သဘောရှိသည် ဖြစ်၍ ပုတ်ခတ်ငြားအံ့၊ အာပတ် မသင့်၊ ရူးသောရဟန်း အစလက်ဦး လွန်ကျူးသောရဟန်းတို့ အားလည်း အာပတ် မသင့်။

စတုတ္ထ ပဟာရသိက္ခာပုဒ် ပြီး၏။

http://www.dhammadownload.com



## ဂ-သပ္ပာဏကဝဂ် ၅-တလသတ္တိကသိက္ခာပုဒ်

၄၅၄။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် အမျက်ထွက်သည်ဖြစ်၍ နှလုံးမသာသည်ဖြစ်၍ သတ္တရသဝဂ္ဂီရဟန်းတို့အား လက်ဝါးဖြင့် (ပုတ်ခတ်ရန်) ရွယ်ကုန်၏။ ထိုရဟန်းတို့သည် ပုတ်ခတ်ခြင်း ခံရဖန်များသောကြောင့် ငိုကြွေးကုန်၏။

ရဟန်းတို့သည် "ငါ့သျှင်တို့ သင်တို့သည် အဘယ့်ကြောင့် ငိုကြွေးကုန်သနည်း" ဟု မေးကုန်၏။ ငါ့သျှင်တို့ ဤဆဗ္ဗဂ္ဂီရဟန်းတို့သည် အမျက်ထွက်သည်ဖြစ်၍ နှလုံးမသာသည်ဖြစ်၍ ငါတို့အား လက်ဝါးဖြင့် (ပုတ်ခတ်ရန်) ရွယ်ကုန်၏ ဟု (ပြောဆိုကုန်၏)။

အလိုနည်းသော ရဟန်းတို့သည် "အဘယ့်ကြောင့် ဆဗ္ဗဂ္ဂီရဟန်းတို့သည် အမျက်ထွက်သည်ဖြစ်၍ နှလုံးမသာသည်ဖြစ်၍ သတ္တရသဝဂ္ဂီရဟန်းတို့အား လက်ဝါးဖြင့် (ပုတ်ခတ်ရန်) ရွယ်ကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ သင်တို့သည် အမျက်ထွက်သည်ဖြစ်၍ နှလုံးမသာသည်ဖြစ်၍ သတ္တရသဝဂ္ဂီရဟန်းတို့အား လက်ဝါးဖြင့် (ပုတ်ခတ်ရန်) ရွယ်ကုန်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ (မင်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ သင်တို့သည် အဘယ့်ကြောင့် အမျက်ထွက်သည်ဖြစ်၍ နှလုံးမသာသည်ဖြစ်၍ သတ္တရသဝဂ္ဂီရဟန်းတို့အား လက်ဝါးဖြင့် (ပုတ်ခတ်ရန်) ရွယ်ကုန်ဘိသနည်း။ (မင်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ ဤ(သင်တို့ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ ရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

၁၂၄။ ၇၅-၄၅၅။ "အကြင် ရဟန်းသည် ရဟန်းအား အမျက်ထွက်သည်ဖြစ်၍ နှလုံးမသာသည်ဖြစ်၍ လက်ဝါးဖြင့် (ပုတ်ခတ်ရန်) ရွယ်အံ့၊ (ထိုရဟန်းအား) ပါစိတ်အာပတ်သင့်၏" ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

## ၅-တလသတ္တိကသိက္ခာပုဒ် အဖွင့်

၄၅၆။ အကြင် ဟူသည် အကြင်သို့ သဘောရှိသော။ပ။

**ရဟန်း** ဟူသည်။ပ။ ဤအရာ၌ ဤ ဥပသမ္ပဒကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သူကို "ရဟန်း" ဟူ၍ အလိုရှိအပ်၏။

**ရဟန်းအား** ဟူသည် အခြားသော ရဟန်းအား။

**အမျက်ထွက်သည် ဖြစ်၍ နှလုံးမသာသည်ဖြစ်၍** ဟူသည် မမွေ့လျော်သည်ဖြစ်၍ ထိခိုက်သော စိတ်ရှိသည်ဖြစ်၍ ငြောင့်ကဲ့သို့ဖြစ်သော စိတ်ရှိသည်ဖြစ်၍။

http://www.dhammadownload.com



လက်ဝါးဖြင့် (ပုတ်ခတ်ရန်) ရွယ်အံ့ ဟူသည် ကိုယ်ကိုသော်၎င်း ကိုယ်နှင့်စပ်သော ဝတ္ထုကို သော်၎င်း အယုတ်အားဖြင့် ကြာရွက်ကိုသော်လည်း မြှောက်အံ့၊ ပါစိတ်အာပတ် သင့်၏။

၄၅၇။ ရဟန်း၌ ရဟန်း ဟု အမှတ်ရှိသည်ဖြစ်၍ အမျက်ထွက်သည်ဖြစ်၍ နှလုံးမသာသည် ဖြစ်၍ လက်ဝါးဖြင့် (ပုတ်ခတ်ရန်) ရွယ်အံ့၊ ပါစိတ်အာပတ် သင့်၏။

ရဟန်း၌ ယုံမှားရှိသည်ဖြစ်၍ အမျက်ထွက်သည်ဖြစ်၍ နှလုံးမသာသည်ဖြစ်၍ လက်ဝါးဖြင့် (ပုတ်ခတ်ရန်) ရွယ်အံ့၊ ပါစိတ်အာပတ် သင့်၏။

ရဟန်း၌ ရဟန်းမဟုတ် ဟု အမှတ်ရှိသည်ဖြစ်၍ အမျက်ထွက်သည်ဖြစ်၍ နှလုံးမသာသည်ဖြစ်၍ လက်ဝါးဖြင့် (ပုတ်ခတ်ရန်) ရွယ်အံ့၊ ပါစိတ်အာပတ် သင့်၏။

ရဟန်းမဟုတ်သောသူအား အမျက်ထွက်သည်ဖြစ်၍ နှလုံးမသာသည်ဖြစ်၍ လက်ဝါးဖြင့် (ပုတ်ခတ်ရန်) ရွယ်အံ့၊ ဒုက္ကဋ်အာပတ်သင့်၏။

ရဟန်းမဟုတ်သောသူ၌ ရဟန်း ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏၊ ရဟန်းမဟုတ်သော သူ၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏၊ ရဟန်းမဟုတ်သောသူ၌ ရဟန်းမဟုတ် ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

၄၅၈။ တစုံတယောက်သောသူသည် ညှဉ်းဆဲသောကြောင့် လွတ်စေလိုသောသဘောရှိသည် ဖြစ်၍ လက်ဝါးဖြင့် (ပုတ်ခတ်ရန်) ရွယ်အံ့၊ အာပတ် မသင့်၊ ရူးသောရဟန်း အစလက်ဦးလွန်ကျူး သောရဟန်းတို့အားလည်း အာပတ် မသင့်။

ပဉ္စမ တလသတ္တိကသိက္ခာပုဒ် ပြီး၏။

---

## ၈-သဟဓမ္မိကဝဂ် ၆-အမူလကသိက္ခာပုဒ်

၄၅၉။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် (အခြားသော) ရဟန်းကို (မြင်ခြင်း ကြားခြင်း ရွံရှာခြင်း) အကြောင်းရင်းမရှိပဲ သံဃာဒိသိသ် အာပတ်ဖြင့် စွပ်စွဲကုန်၏။

အလိုနည်းသော ရဟန်းတို့သည် "အဘယ့်ကြောင့် ဆဗ္ဗဂ္ဂီရဟန်းတို့သည် ရဟန်းကို (မြင်ခြင်း ကြားခြင်း ရွံရှာခြင်း) အကြောင်းရင်းမရှိပဲ သံဃာဒိသိသ်အာပတ်ဖြင့် စွပ်စွဲကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ သင်တို့သည် ရဟန်းကို (မြင်ခြင်း ကြားခြင်း ရွံရှာခြင်း) အကြောင်းရင်း မရှိပဲ သံဃာဒိသိသ်အာပတ်ဖြင့် စွပ်စွဲကုန်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏၊ (မင်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ သင်တို့သည် အဘယ့်ကြောင့်ရဟန်းကို (မြင်ခြင်း ကြားခြင်း ရွံရှာခြင်း) အကြောင်း

http://www.dhammadownload.com



ရင်းမရှိပဲ သံဃာဒိသိသ် အာပတ်ဖြင့် စွပ်စွဲကုန်ဘိသနည်း။ (မဂ်ဖိုလ်မှ) အချည်းနှီး ဖြစ်သော ယောကျ်ားတို့ ဤ (သင်တို့ပြုမိသော အမှု) သည် မကြည်ညိုသေးသောသူတို့အား ကြည်ညို စေခြင်းငှါရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

၁၂၅။ ၇၆-၄၆၀။ "အကြင် ရဟန်းသည် ရဟန်းကို (မြင်ခြင်း ကြားခြင်း ရွံ့ရှာခြင်း) အကြောင်းရင်းမရှိပဲ သံဃာဒိသိသ်အာပတ်ဖြင့် စွပ်စွဲငြားအံ့၊ (ထိုရဟန်းအား) ပါစိတ် အာပတ် သင့်၏" ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

## ၆-အမူလကသိက္ခာပုဒ် အဖွင့်

၄၆၁။ အကြင် ဟူသည် အကြင်သို့ သဘောရှိသော။ပ။

ရဟန်း ဟူသည်။ပ။ ဤအရာ၌ ဤဥတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သူကို "ရဟန်း ဟူ၍ အလိုရှိအပ်၏

ရဟန်းကု ဟူသည် အခြားသော ရဟန်းကို။

အကြောင်းရင်းမရှိပဲ မည်သည် မြင်လည်းမမြင် ကြားလည်းမကြား ရွံ့ရှာလည်းမရွံ့ရှာ။

သံဃာဒိသိသ်အာပတ်ဖြင့် ဟူသည် သံဃာဒိသိသ်အာပတ် တဆယ့်သုံးပါးတို့တွင် တပါးပါး သော အာပတ်ဖြင့်။

စွပ်စွဲငြားအံ့ ဟူသည် စောဒနာမူလည်း စောဒနာအံ့ စောဒနာစေမူလည်း စောဒနာစေအံ့၊ ပါစိတ်အာပတ် သင့်၏။

၄၆၂။ ရဟန်း၌ ရဟန်း ဟု အမှတ်ရှိသည်ဖြစ်၍ အကြောင်းရင်းမရှိပဲ သံဃာဒိသိသ် အာပတ် ဖြင့် စွပ်စွဲအံ့၊ ပါစိတ်အာပတ် သင့်၏။ ရဟန်း၌ ယုံမှားရှိသည်ဖြစ်၍ အကြောင်းရင်းမရှိပဲ သံဃာဒိသိသ် အာပတ်ဖြင့် စွပ်စွဲအံ့၊ ပါစိတ်အာပတ် သင့်၏။ ရဟန်း၌ ရဟန်းမဟုတ် ဟု အမှတ်ရှိသည်ဖြစ်၍ အကြောင်းရင်းမရှိပဲ သံဃာဒိသိသ်အာပတ်ဖြင့် စွပ်စွဲအံ့၊ ပါစိတ်အာပတ် သင့်၏။

အကျင့်၏ ပျက်စီးခြင်းဖြင့်ရင်း အယူ၏ ပျက်စီးခြင်းဖြင့်ရင်း စွပ်စွဲအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ရဟန်း မဟုတ်သောသူကို စွပ်စွဲအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ရဟန်း မဟုတ်သောသူ၌ ရဟန်း ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ရဟန်းမဟုတ်သောသူ၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ရဟန်းမဟုတ်သောသူ၌ ရဟန်း မဟုတ် ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

၄၆၃။ ထိုသို့ သံဃာဒိသိသ် အာပတ် သင့်၏ ဟု အမှတ်ရှိသည် ဖြစ်၍ စောဒနာမူလည်း စောဒနာအံ့ စောဒနာစေမူလည်း စောဒနာစေအံ့၊ အာပတ် မသင့်၊ ရူးသောရဟန်း အစလက်ဦး လွန် ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

ဆဋ္ဌ အမူလကသိက္ခာပုဒ် ပြီး၏။

http://www.dhammadownload.com



## ၈-သဟဓမ္မိကဝဂ် ၇-သဥ္စိစ္စသိက္ခာပုဒ်

၄၆၄။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဋ္ဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် သတ္တရသဝဂ္ဂီရဟန်းတို့အား—

"ငါ့သျှင်တို့ မြတ်စွာဘုရားသည် 'အသက်နှစ်ဆယ် မပြည့်သော သူကို ပဉ္စင်းမခံရ' ဟု သိက္ခာပုဒ်ကို ပညတ်ထားတော်မူ၏၊ သင်တို့သည်လည်း အသက်နှစ်ဆယ် မပြည့်ပဲ ပဉ္စင်းခံကုန်၏၊ သင်တို့သည် သာမဏေတို့လော" ဟု တွေးတောမှု 'သံသယကုက္ကုစ္စ' ကို ဖြစ်စေကုန်၏။ ထိုသတ္တရသဝဂ္ဂီရဟန်းတို့သည် ငိုကြွေးကုန်၏။

ရဟန်းတို့သည် "ငါ့သျှင်တို့ သင်တို့သည် အဘယ့်ကြောင့် ငိုကြွေးကုန်ဘိသနည်း" ဟု မေးကုန်၏၊ ငါ့သျှင်တို့ ဤဆဗ္ဗဂ္ဂီရဟန်းတို့သည် ငါတို့အား စေတနာရှိသည်ဖြစ်၍ တွေးတောမှု 'သံသယကုက္ကုစ္စ' ကို ဖြစ်စေကုန်၏ ဟု (ပြောဆိုကုန်၏)။

အလိုနည်းသော ရဟန်းတို့သည် "အဘယ့်ကြောင့် ဆဗ္ဗဂ္ဂီရဟန်းတို့သည် ရဟန်းတို့အား စေတနာ ရှိသည်ဖြစ်၍ တွေးတောမှု 'သံသယကုက္ကုစ္စ' ကို ဖြစ်စေကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ သင်တို့သည် ရဟန်းတို့အား စေတနာရှိသည်ဖြစ်၍ တွေးတောမှု 'သံသယကုက္ကုစ္စ' ကို ဖြစ်စေကုန်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ သင်တို့သည် အဘယ့်ကြောင့် ရဟန်းတို့အား စေတနာရှိသည် ဖြစ်၍ တွေးတောမှု 'သံသယကုက္ကုစ္စ' ကို ဖြစ်စေကုန်ဘိသနည်း။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ ဤ (သင်တို့ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ ရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

**၁၂၆။ ၇၇-၄၆၅။ "အကြင် ရဟန်းသည် ရဟန်းအား 'ဤသို့ ပြောဆိုလျှင် တခဏမျှလည်း မချမ်းသာခြင်းဖြစ်လတ္တံ့' ဟု ထိုမချမ်းသာခြင်းတည်းဟူသော အကြောင်းကိုသာလျှင် အကြောင်းပြု၍ အကြောင်းတပါးမရှိပဲ စေတနာရှိသည်ဖြစ်၍ တွေးတောမှု 'သံသယကုက္ကုစ္စ' ကို ဖြစ်စေငြားအံ့၊ (ထိုရဟန်းအား) ပါစိတ်အာပတ် သင့်၏" ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။**

## ၇-သဥ္စိစ္စသိက္ခာပုဒ် အဖွင့်

၄၆၆။ **အကြင်** ဟူသည် အကြင်သို့ သဘောရှိသော။ပ။

**ရဟန်း** ဟူသည် ။ပ။ ဤအရာ၌ ဤဉ တ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သူကို "ရဟန်း" ဟူ၍ အလိုရှိအပ်၏။

http://www.dhammadownload.com



**ရဟန်းအား** ဟူသည် အခြားသော ရဟန်းအား။

**စေတနာရှိသည်ဖြစ်၍** ဟူသည် သိလျက် အသေအချာသိလျက် စေ့ဆော်လျက် လွှမ်းမိုး၍ လွန်ကျူးခြင်းတည်း။

**တွေးတောမှု 'သံသယကုက္ကုစ္စ' ကို ဖြစ်စေငြားအံ့** ဟူသည် "သင်သည် အသက်နှစ်ဆယ်မပြည့်ပဲ ပဉ္စင်းခံလေယောင်တကား၊ သင်သည် နေလွဲသောအခါ၌ စားလေယောင်တကား၊ သင်သည် သေအရက်ကို သောက်လေယောင်တကား၊ သင်သည် မိန်းမနှင့်အတူ ဆိတ်ကွယ်ရာအရပ်၌ ထိုင်နေယောင်တကား" ဟု တွေးတောမှု 'သံသယကုက္ကုစ္စ' ကို ဖြစ်စေအံ့၊ ပါစိတ်အာပတ် သင့်၏။

**ထို မချမ်းသာခြင်းတည်းဟူသော အကြောင်းကိုသာလျှင် အကြောင်းပြု၍ အကြောင်းတပါး မရှိပဲ** ဟူသည် တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်စေခြင်းငှါ တစုံတခုသော အခြားအကြောင်း သည် မရှိ။

၄၆၇။ ရဟန်း၌ ရဟန်း ဟု အမှတ်ရှိသည်ဖြစ်၍ စေတနာရှိသည်ဖြစ်၍ တွေးတောမှု 'သံသယကုက္ကုစ္စ' ကို ဖြစ်စေအံ့၊ ပါစိတ်အာပတ် သင့်၏။ ရဟန်း၌ ယုံမှားရှိသည်ဖြစ်၍ စေတနာရှိသည်ဖြစ်၍ တွေးတောမှု 'သံသယကုက္ကုစ္စ' ကို ဖြစ်စေအံ့၊ ပါစိတ်အာပတ် သင့်၏။ ရဟန်း၌ ရဟန်း မဟုတ် ဟု အမှတ်ရှိသည်ဖြစ်၍ စေတနာရှိသည်ဖြစ်၍ တွေးတောမှု 'သံသယကုက္ကုစ္စ' ကို ဖြစ်စေအံ့၊ ပါစိတ် အာပတ် သင့်၏။

ရဟန်း မဟုတ်သောသူအား စေတနာရှိသည်ဖြစ်၍ တွေးတောမှု 'သံသယကုက္ကုစ္စ' ကို ဖြစ်စေအံ့၊ ဒုက္ကဋ်အာပတ် သင့်၏၊ ရဟန်းမဟုတ်သောသူ၌ ရဟန်း ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ရဟန်းမဟုတ်သောသူ၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ရဟန်းမဟုတ်သောသူ၌ ရဟန်း မဟုတ် ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

၄၆၈။ တွေးတောမှု 'သံသယကုက္ကုစ္စ' ကို ဖြစ်စေခြင်းငှါ အလိုမရှိမူ၍ "သင်သည် အသက်နှစ်ဆယ် မပြည့်ပဲ ပဉ္စင်းခံလေယောင်တကား၊ သင်သည် နေလွဲသောအခါ၌ စားလေယောင်တကား၊ သင်သည် သေအရက်ကို သောက်လေယောင်တကား၊ သင်သည် မိန်းမနှင့်အတူ ဆိတ်ကွယ်ရာအရပ်၌ ထိုင်နေယောင်တကား၊ တိုက်တွန်း၏ သိလော့၊ သင့်အား နောက်မှ တွေးတောမှု 'သံသယကုက္ကုစ္စ' သည် မဖြစ်ပါစေလင့်" ဟု ပြောဆိုအံ့၊ အာပတ် မသင့်၊

ရူးသောရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

သတ္တမ သဉ္စိစ္စသိက္ခာပုဒ် ပြီး၏။

---

## ၈-သဟဓမ္မိကဝဂ် ၈-ဥပဿုတိသိက္ခာပုဒ်

၄၆၉။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် သီလကို ချစ်မြတ်နိုးကုန်သော ရဟန်းတို့နှင့်အတူ ခိုက်ရန်ဖြစ်ကုန်၏။ သီလကို ချစ်မြတ်နိုးကုန်သော ရဟန်းတို့သည် "ငါ့သျှင်တို့ ဤဆဗ္ဗဂ္ဂီရဟန်းတို့သည် အရှက်မရှိကုန်၊ ဤရဟန်းတို့နှင့် အတူ ခိုက်ရန်ဖြစ်ခြင်းငှါ မသင့်" ဟု ပြောဆိုကုန်၏။

http://www.dhammadownload.com



ဆဗ္ဗဂ္ဂီရဟန်းတို့သည် "ငါ့သျှင်တို့ သင်တို့သည် အဘယ့်ကြောင့် ငါတို့ကို အရှက်မရှိ" ဟု ဆိုကုန်ဘိသနည်း ဟူ၍ ပြောဆိုကုန်၏၊ ငါ့သျှင်တို့ သင်တို့သည် အဘယ်သို့သော အခြင်းအရာဖြင့် ကြားကုန်သနည်း ဟု (ဆိုသည်ရှိသော်) ငါတို့သည် အသျှင်တို့၏ စကားသံကို ကြားလောက်ရာ အနီးအရပ်၌တည်နေကုန်၏ ဟု (ပြောဆိုကုန်၏)။

အလိုနည်းသော ရဟန်းတို့သည် "အဘယ့်ကြောင့် ဆဗ္ဗဂ္ဂီရဟန်းတို့သည် ခိုက်ရန်ဖြစ်ကုန်သော ငြင်းခုံကုန်သော ဆန့်ကျင်သော စကားကို ပြောဆိုကုန်သော ရဟန်းတို့၏ စကားသံကို ကြားလောက်ရာ အနီးအရပ်၌ တည်နေကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြော ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ သင်တို့သည် ခိုက်ရန်ဖြစ်ကုန်သော ငြင်းခုံကုန်သော ဆန့်ကျင်သော စကားကို ပြောဆိုကုန်သော ရဟန်းတို့၏ စကားသံကို ကြားလောက်ရာ အနီးအရပ်၌ တည်နေကုန်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။ပ။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ (မင်္ဂဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ သင်တို့သည် အဘယ့်ကြောင့် ခိုက်ရန်ဖြစ်ကုန်သော ငြင်းခုံကုန်သော ဆန့်ကျင်သော စကားကို ပြောဆိုကုန်သော ရဟန်းတို့၏ စကားသံကို ကြားလောက်ရာ အနီးအရပ်၌ တည်နေကုန်ဘိသနည်း။ (မင်္ဂဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ ဤ (သင်တို့ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ ရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

**၁၂၉။ ၇၈-၄၇၈။ "အကြင် ရဟန်းသည် ခိုက်ရန်ဖြစ်ကုန်သော ငြင်းခုံကုန်သော ဆန့်ကျင်သော စကားကို ဆိုကုန်သော ရဟန်းတို့၏ စကားသံကို ကြားလောက်ရာ အနီးအရပ်၌ 'ဤရဟန်းတို့ ပြောဆိုလတ္တံ့သော စကားကို နားထောင်အံ့' ဟု ထိုအကြောင်းကိုသာလျှင် အကြောင်းပြု၍ အခြားအကြောင်းမရှိပဲ တည်ငြားအံ့၊ (ထိုရဟန်းအား) ပါစိတ်အာပတ် သင့်၏" ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။**

## ၈-ဥပဿုတိသိက္ခာပုဒ် အဖွင့်

၄၇၁။ အကြင် ဟူသည် အကြင်သို့ သဘောရှိသော။ပ။

ရဟန်း ဟူသည်။ပ။ ဤအရာ၌ ဤဉတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သူကို "ရဟန်း" ဟူ၍ အလိုရှိအပ်၏။

ရဟန်းတို့၏ ဟူသည် အခြားသော ရဟန်းတို့၏။

ခိုက်ရန်ဖြစ်ကုန်သော ငြင်းခုံကုန်သော ဆန့်ကျင်သော စကားကို ဆိုကုန်သော ဟူသည် အဓိကရုဏ်း ဖြစ်ကုန်သော။

http://www.dhammadownload.com



စကားသံကို ကြားလောက်ရာ အနီးအရပ်၌ တည်ငြားအံ့ ဟူသည် "ဤရဟန်းတို့၏ (စကားကို) ကြား၍ စောဒနာအံ့ အောက်မေ့စေအံ့ တဖန် ပြန်၍ စောဒနာအံ့ တဖန်ပြန်၍ အောက်မေ့စေအံ့ မျက်နှာမလှအောင် ပြုအံ့" ဟု သွားအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ အကြင်အရပ်၌ ရပ်တည်လျက် နားကြားအံ့၊ ပါစိတ်အာပတ် သင့်၏။ နောက်မှ သွားသော ရဟန်းသည် နားကြားအံ့ ဟု နှလုံးပိုက်၍ လျင်လျင်မြန်မြန်သွားအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ အကြင်အရပ်၌ ရပ်လျက် နားထောင်အံ့၊ ပါစိတ်အာပတ် သင့်၏။ ရှေ့မှ သွားသော ရဟန်းသည် နားကြားအံ့ ဟု နှလုံးပိုက်၍ ချန်နေရစ်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ အကြင်အရပ်၌ ရပ်တည်၍ နားကြားအံ့၊ ပါစိတ်အာပတ် သင့်၏။ ရဟန်း၏ တည်ရာအရပ်သို့ရင်း နေရာအရပ်သို့ရင်း အိပ်ရာအရပ်သို့ရင်း လာ၍ တိုင်ပင်သည်ရှိသော် ချောင်းဟန့်ရမည် သိစေရမည် အကယ်၍မူလည်း ချောင်းမဟန့်ငြားအံ့ အကယ်၍မူလည်း မသိစေငြားအံ့၊ ပါစိတ်အာပတ် သင့်၏။

ထိုအကြောင်းကိုသာလျှင် အကြောင်းပြု၍ အခြားအကြောင်းမရှိပဲ ဟူသည် စကားသံကို ကြားလောက်ရာ အနီးအရပ်၌ တည်နေခြင်းငှါ တစုံတခုသော အခြားအကြောင်းသည် မရှိ။

၄၇၂။ ရဟန်း၌ ရဟန်း ဟု အမှတ်ရှိသည်ဖြစ်၍ ကြားလောက်ရာ အနီးအရပ်၌ တည်အံ့၊ ပါစိတ်အာပတ် သင့်၏။ ရဟန်း၌ ယုံမှားရှိသည်ဖြစ်၍ ကြားလောက်ရာ အနီးအရပ်၌ တည်အံ့၊ ပါစိတ်အာပတ် သင့်၏။ ရဟန်း၌ ရဟန်း မဟုတ် ဟု အမှတ်ရှိသည်ဖြစ်၍ ကြားလောက်ရာ အနီးအရပ်၌ တည်အံ့၊ ပါစိတ်အာပတ် သင့်၏။

ရဟန်း မဟုတ်သောသူ၏ ကြားလောက်ရာ အနီးရပ်၌ တည်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ရဟန်း မဟုတ်သောသူ၌ ရဟန်း ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ရဟန်း မဟုတ်သောသူ၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ရဟန်း မဟုတ်သောသူ၌ ရဟန်း ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

၄၇၃။ "ဤရဟန်းတို့၏ စကားကို ကြား၍ ရှောင်ကြဉ်အံ့ အထူးရှောင်ကြဉ်အံ့ ငြိမ်းစေအံ့ မိမိကိုယ်ကို လွတ်စေအံ့" ဟု နှလုံးသွင်း၍ သွားအံ့၊ အာပတ် မသင့်၊ ရူးသော ရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

အဋ္ဌမ ဥပဿုတိသိက္ခာပုဒ် ပြီး၏။

---

## ဂ–သဟဓမ္မိကဝဂ် ၉–ကမ္မပဋိဗာဟနသိက္ခာပုဒ်

၄၇၄။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် မကျင့်ထိုက်သော အကျင့်ကို ကျင့်၍ ကံပြုခံရသည်ရှိသော် အချင်းချင်းအတွက် တားမြစ်ကြကုန်၏။

ထိုအခါ သံဃာသည် တစုံတခုသော ပြုဖွယ်ကိစ္စဖြင့် စည်းဝေး၏၊ ဆဗ္ဗဂ္ဂီရဟန်းတို့သည် သင်္ကန်းချုပ်နေဆဲ ဖြစ်၍ ရဟန်းတပါးအား ဆန္ဒ 'အလိုတူမှု' ပေးလိုက်ကြကုန်၏။

http://www.dhammadownload.com



ထိုအခါ သံဃာသည် "ငါ့သျှင်တို့ ဤဆဗ္ဗဂ္ဂီရဟန်းသည် တပါးထည်းလာ၏၊ ယခုအခါ ငါတို့သည် ထိုရဟန်းအား ကထိန်ကို ပြုကြကုန်အံ့" ဟု ဆို၍ ထိုရဟန်းအား ကထိန်ပြု၏။

ထိုအခါ ထိုရဟန်းသည် ဆဗ္ဗဂ္ဂီရဟန်းတို့ထံသို့ ချဉ်းကပ်၏၊ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ထိုရဟန်းကို "ငါ့သျှင် သံဃာသည် အဘယ်ကို ပြုလုပ်သနည်း" ဟု မေးကုန်၏၊ ငါ့သျှင်တို့ သံဃာသည် အကျွန်ုပ်အား ကထိန်ပြု၏ ဟု (ပြောဆို၏)၊ ငါ့သျှင် ငါတို့သည် "သင့်အား ကထိန်ပြုလတ္တံ့" ဟု (နှလုံးသွင်း၍) ထိုကထိန်ပြုခြင်းအကျိုးငှါ ဆန္ဒပေးသည် မဟုတ်ကုန်၊ ငါတို့သည် "သင့်အား ကထိန်ပြုလတ္တံ့" ဟု အကယ်၍ သိကုန်အံ့၊ ဆန္ဒမပေးကုန်ရာ ဟု ပြောဆိုကုန်၏။

အလိုနည်းသော ရဟန်းတို့သည် "အဘယ့်ကြောင့် ဆဗ္ဗဂ္ဂီရဟန်းတို့သည် တရားနှင့်လျော်သော ကံတို့အား ဆန္ဒပေးပြီးနောက် ကဲ့ရဲ့ရှုတ်ချခြင်း သဘောသို့ ရောက်ကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ သင်တို့သည် တရားနှင့်လျော်သော ကံတို့အား ဆန္ဒပေးပြီးနောက် ကဲ့ရဲ့ရှုတ်ချခြင်း သဘောသို့ ရောက်ကုန်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ (မင်္ဂဖိုလ်မှ)အချည်းနှီးဖြစ်သော ယောကျ်ားတို့ သင်တို့သည် အဘယ့်ကြောင့် တရားနှင့်လျော်သော ကံကို ဆန္ဒပေးပြီးနောက် ကဲ့ရဲ့ရှုတ်ချခြင်း သဘောသို့ ရောက်ကုန်ဘိသနည်း။ (မင်္ဂဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ ဤ (သင်တို့ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ မဟုတ်။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

၁၂၈။ ၇၉-၄၇၅။ "အကြင် ရဟန်းသည် တရားနှင့်လျော်သော ကံတို့အား ဆန္ဒပေးပြီးနောက် ကဲ့ရဲ့ရှုတ်ချခြင်း သဘောသို့ ရောက်ငြားအံ့၊ (ထိုရဟန်းအား) ပါစိတ်အာပတ် သင့်၏" ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

## ၉-ကမ္မပဋိဗာဟနသိက္ခာပုဒ် အဖွင့်

၄၇၆။ အကြင် ဟူသည် အကြင်သို့ သဘောရှိသော။ပ။

**ရဟန်း** ဟူသည်။ပ။ ဤအရာ၌ ဤဉတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သူကို "ရဟန်း" ဟူ၍ အလိုရှိအပ်၏။

**တရားနှင့် လျော်သောကံ** မည်သည် ဟုတ်မှန်သော သဘောဖြင့် ဝိနည်းဖြင့် မြတ်စွာဘုရား အဆုံးအမဖြင့် ပြုအပ်သောအပလောကနကံ ဉတ္တိကံ ဉတ္တိဒုတိယကံ ဉတ္တိစတုတ္ထကံသည် တရားနှင့် လျော်သောကံ မည်၏။ ဆန္ဒပေးပြီးမှ ကဲ့ရဲ့ရှုတ်ချအံ့၊ ပါစိတ်အာပတ် သင့်၏။

၄၇၇။ ဓမ္မကံ၌ ဓမ္မကံ ဟု အမှတ်ရှိသည်ဖြစ်၍ ဆန္ဒပေးပြီးမှ ကဲ့ရဲ့ရှုတ်ချအံ့၊ ပါစိတ်အာပတ် သင့်၏။

http://www.dhammadownload.com



ဓမ္မကံ၌ ယုံမှားရှိသည်ဖြစ်၍ ဆန္ဒပေးပြီးမှ ကဲ့ရဲ့ရှုတ်ချအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ဓမ္မကံ၌ အဓမ္မကံ ဟု အမှတ်ရှိသည်ဖြစ်၍ ဆန္ဒပေးပြီးမှ ကဲ့ရဲ့ရှုတ်ချအံ့၊ အာပတ် မသင့်။

အဓမ္မကံ၌ ဓမ္မကံ ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ အဓမ္မကံ၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ အဓမ္မကံ၌ အဓမ္မကံ ဟု အမှတ်ရှိအံ့၊ အာပတ် မသင့်။

၄၇၈။ "မဟုတ်မမှန်သဖြင့်ရင်း ဝဂ် 'တသိမ်ထည်း၌ တစုစီ' ဖြစ်သဖြင့်ရင်း ကံမထိုက်သော ရဟန်းအားရင်း ကံပြုသည်" ဟု သိသောကြောင့် ကဲ့ရဲ့ရှုတ်ချအံ့၊ အာပတ် မသင့်၊ ရူးသော ရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းကိုအားလည်း အာပတ် မသင့်။

နဝမ ကမ္မပဋိဗာဟနသိက္ခာပုဒ် ပြီး၏။

---

## ဂ-သဟဓမ္မိကဝဂ် ၁၀-ဆန္ဒအဒတွာဂမနသိက္ခာပုဒ်

၄၇၉။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံ ဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ သံဃာသည် ကိစ္စတစုံတခုဖြင့် စည်းဝေး၏။ ဆဗ္ဗဂ္ဂီရဟန်းတို့သည် သင်္ကန်းချုပ်နေဆဲဖြစ်၍ ရဟန်းတပါးအား ဆန္ဒ 'အလိုတူမှု' ပေး လိုက် ကုန်၏။

ထိုအခါ သံဃာသည် "အကြင်ကံအ်ါ အကျိုးငှါ စည်းဝေး၏၊ ထိုကံကို ပြုအံ့" ဟု ဉတ်ကို ထား၏။ ထိုအခါ ထို ဆဗ္ဗဂ္ဂီ ရဟန်းသည်။ "ဤသို့လျှင် ဤ ရဟန်းတို့သည် တပါးတပါးသော ရဟန်း အား ကံကိုပြုကုန်၏၊ သင်တို့သည် အဘယ်ရဟန်းအား ကံကို ပြုကုန်ဘိသနည်း" ဟု ဆို၍ ဆန္ဒကို မပေးပဲ နေရာမှ ထ၍ ဖဲသွား၏။

အလိုနည်းသော ရဟန်းတို့သည် "အဘယ့်ကြောင့် ရဟန်းသည် သံဃာ၌ အဆုံးအဖြတ်စကား ဖြစ်နေစဉ် ဆန္ဒကို မပေးမူ၍ နေရာမှ ထ၍ ဖဲသွားဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်း သင်သည် သံဃာ၌ အဆုံးအဖြတ်စကား ဖြစ်နေစဉ် ဆန္ဒကို မပေးမူ၍ နေရာမှ ထ၍ ဖဲသွား၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား သင်သည် အဘယ့်ကြောင့် သံဃာ၌ အဆုံးအဖြတ်စကား ဖြစ်နေစဉ် ဆန္ဒကို မပေး ပဲ နေရာမှ ထ၍ ဖဲသွားဘိသနည်း။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား ဤ(သင်ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ ရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဤ သိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

**၁၂၉။ ၈၀-၄၈၀။ "အကြင် ရဟန်းသည် သံဃာ၌ အဆုံးအဖြတ်စကားသည် ဖြစ်လတ်သော် ဆန္ဒမပေးမူ၍ နေရာမှထကာ ဖဲသွားငြားအံ့၊ (ထိုရဟန်းအား) ပါစိတ်အာပတ် သင့်၏" ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။**

http://www.dhammadownload.com



### ၁၀-ဆန္ဒံအဒတွာဂမနသိက္ခာပုဒ် အဖွင့်

၄၇၁။ **အကြင်** ဟူသည် အကြင်သို့ သဘောရှိသော။ပ။

ရဟန်း ဟူသည်။ပ။ ဤအရာ၌ ဤ ဥတ္တိ စတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သူကို “ရဟန်း” ဟူ၍ အလိုရှိအပ်၏။

**သံဃာ၌ အဆုံးအဖြတ်စကား** မည်သည် ဝတ္ထုကိုလည်း ပြောကြား၏ မဆုံးဖြတ်သေး။ ဥတ်ကို လည်းထား၏။ ကမ္မဝါစာသည်လည်း မပြီးဆုံးသေး။

**ဆန္ဒမပေးမူ၍ နေရာမှထကာ ဖဲသွားခြင်းအံ့** ဟူသည် “အဘယ်သို့လျှင် ဤ ကံသည် ပျက် ရာသနည်း အစုကွဲဖြစ်ရာသနည်း မပြုပါအံ့နည်း” ဟု (နှလုံးသွင်း၍) သွားအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ပရိသတ်၏ ဟတ္ထပါသ်ကို စွန့်စဉ် ဒုက္ကဋ်အာပတ် သင့်၏။ စွန့်ပြီးသော် ပါစိတ် အာပတ် သင့်၏။

၄၇၂။ ဓမ္မကံ၌ ဓမ္မကံ ဟု အမှတ်ရှိသည် ဖြစ်၍ ဆန္ဒကို မပေးပဲ နေရာမှ ထ၍ ဖဲသွားအံ့၊ ပါစိတ် အာပတ် သင့်၏။

ဓမ္မကံ ၌ ယုံမှားရှိသည် ဖြစ်၍ ဆန္ဒကို မပေးပဲ နေရာမှထ၍ ဖဲသွားအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ဓမ္မကံ၌ အဓမ္မကံ ဟု အမှတ်ရှိသည်ဖြစ်၍ ဆန္ဒကို မပေးပဲ နေရာမှ ထ၍ ဖဲသွားအံ့၊ အာပတ် မသင့်။

အဓမ္မကံ၌ ဓမ္မကံ ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ် အာပတ် သင့်၏။ အဓမ္မကံ၌ ယုံမှားရှိအံ့၊ ဒုက္ကဋ် အာပတ် သင့်၏။ အဓမ္မကံ၌ အဓမ္မကံ ဟု အမှတ်ရှိအံ့၊ အာပတ် မသင့်။

၄၇၃။ “သံဃာအား ခိုက်ရန် ဖြစ်ခြင်းသော်၎င်း၊ ငြင်းခုံခြင်းသော်၎င်း၊ ဆန့်ကျင်သော အယူ ကို ယူခြင်းသော်၎င်း၊ ဆန့်ကျင်သော စကားကို ဆိုခြင်းသော်၎င်း ဖြစ်လတ္တံ့” ဟု (နှလုံးသွင်း၍) သွားအံ့၊ “သံဃာ၏ ကွဲပြားခြင်းသော်၎င်း၊ သံဃာ၏အရေးသော်၎င်း ဖြစ်လတ္တံ့” ဟု (နှလုံးသွင်း၍) ဖဲသွားအံ့၊ “မတရားသဖြင့် သော်၎င်း၊ အစုကွဲ၍သော်၎င်း ကံပြုလတ္တံ့” ဟု (နှလုံးသွင်း၍) သွားအံ့၊ ဖျားနာ၍ သွားအံ့၊ ဖျားနာသော ရဟန်း၏ ပြုဖွယ်ကိစ္စကြောင့် သွားအံ့၊ ကျင်ကြီး ကျင်ငယ် နှိပ်စက် သောကြောင့် သွားအံ့၊ “ကံ မပျက်စေလိုပဲ တဖန် ပြန်လာအံ့” ဟု (နှလုံးသွင်း၍) သွားအံ့၊ အာပတ် မသင့်။

ရူးသော ရဟန်းအစလက်ဦးလွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

ဒသမ ဆန္ဒံအဒတွာဂမနသိက္ခာပုဒ် ပြီး၏။

---

### ၈-သဟဓမ္မိကဝဂ် ၁၁-ဒုဗ္ဗလသိက္ခာပုဒ်

၄၇၄။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ရှဉ့်နက်တို့အား အစာကျွေး ရာဖြစ်သော ဝေဠုဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ မလ္လမင်း၏သား အသျှင် ဒဗ္ဗသည် သံဃာအား ကျောင်းအိပ်ရာ နေရာကို ခင်း၏၊ ဆွမ်းတို့ကိုလည်း ညွှန်း၏။ ထို အသျှင် ဒဗ္ဗသည် အား ညစ်နွမ်းသော သင်္ကန်းရှိ၏။ ထိုအခါ သံဃာအား သင်္ကန်းတထည် ဖြစ်ပေါ်၏။ ထိုအခါ သံဃာသည် ထိုသင်္ကန်းကို မလ္လမင်း၏ သား အသျှင် ဒဗ္ဗအား ပေးလှူ၏။

http://www.dhammadownload.com



ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် "အကြင် အကြင် ချစ်ကျွမ်းဝင်သူအား ရဟန်းတို့သည် သံဃိကဖြစ်သော လာဘ်ကို ညွှတ်စေကုန်ဘိ၏" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

အလိုနည်းသော ရဟန်းတို့သည် "အဘယ့်ကြောင့် ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် ညီညွတ်သော သံဃာက သင်္ကန်းကို ပေးပြီးနောက် ရှုတ်ချခြင်းသဘောသို့ ရောက်ကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏။ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ သင်တို့သည် ညီညွတ်သော သံဃာက သင်္ကန်းကို ပေးပြီးနောက် ရှုတ်ချခြင်း သဘောသို့ ရောက်ကုန်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ သင်တို့သည် အဘယ့်ကြောင့် ညီညွတ်သော သံဃာက သင်္ကန်းကို ပေးပြီးနောက် ရှုတ်ချခြင်း သဘောသို့ ရောက်ကုန်ဘိသနည်း။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ ဤ (သင်တို့ ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ ငြင်း ။ပ။

ရဟန်းတို့ ဤသို့လျှင် ဤ သိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

**၁၃၀။ ဂ၁–၄၇၅။ "အကြင် ရဟန်းသည် ညီညွတ်သော သံဃာက သင်္ကန်းကို ပေးပြီး နောက် 'ရဟန်းတို့သည် ချစ်ကျွမ်းဝင်သည်အားလျော်စွာ သံဃိကဖြစ်သော လာဘ်ကို ညွှတ်စေကုန်၏' ဟု နောက်မှရှုတ်ချခြင်းသဘောသို့ ရောက်ငြားအံ့၊ (ထိုရဟန်းအား) ပါစိတ် အာပတ် သင့်၏"** ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

## ၁၁–ဒုဗ္ဗလသိက္ခာပုဒ် အဖွင့်

၄၇၆။ အကြင် ဟူသည် အကြင်သို့ သဘောရှိသော ။ပ။

**ရဟန်း** ဟူသည်။ပ။ ဤအရာ၌ ဤဉတ္တိ စတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သူကို "ရဟန်း" ဟူ၍ အလိုရှိအပ်၏။

**ညီညွတ်သောသံဃာ** မည်သည် တူသော ပေါင်းဖော်ခြင်းရှိသော သိမ်တခု ထည်း၌ တည်သော သံဃာတည်း။

**သင်္ကန်း** မည်သည် သင်္ကန်းခြောက်ထည်တို့တွင် အယုတ်ဆုံးအားဖြင့် ဝိကပ္ပနာ လောက်သော တထည်ထည်သော သင်္ကန်းတည်း။

**ပေးပြီးနောက်** ဟူသည် ကိုယ်တိုင်ပေးပြီး၍။

**ချစ်ကျွမ်းဝင်သည်အား လျော်စွာ** မည်သည် အဆွေခင်ပွန်း၏အဖြစ် မြင်ဘူးကာမျှသော အဆွေခင်ပွန်း၏အဖြစ်နှင့်တကွ သုံးဆောင် စားသောက်ဖက် ဖြစ်သော အဆွေခင်ပွန်း၏အဖြစ် ဥပဇ္ဈာယ် တူသော သူ၏အဖြစ် ဆရာတူသော သူ၏ အဖြစ်တည်း။

**သံဃိကဖြစ်သော** မည်သည် သံဃာအား လှူအပ်စွန့်အပ်သော ဝတ္ထုတည်း။

http://www.dhammadownload.com



လာဘ် မည်သည် သင်္ကန်း ဆွမ်း ကျောင်းအိပ်ရာ နေရာ သူနာ၏ အထောက်အပံ့ ဆေးအသုံး အဆောင်တို့တည်း၊ အယုတ်အားဖြင့် အမှုန့်ခဲ 'ဆပ်ပြာခဲ' သည်၎င်း ဒန်ပူသည်၎င်း မြိတ်ဆာချဉ်မျှင် သည်၎င်း (လာဘ်မည်၏)။

နောက်မှ ရွတ်ချခြင်းသဘောသို့ ရောက်ငြားအံ့ ဟူသည် သံဃာသည် သမုတ်အပ်သော နေရာ ခင်းသော ရဟန်းအားသော်၎င်း ဆွမ်းညွှန်းသော ရဟန်းအားသော်၎င်း ယာဂုဝေသော ရဟန်း အားသော်၎င်း သစ်သီးဝေသော ရဟန်းအားသော်၎င်း ခဲဖွယ်ဝေသော ရဟန်းအားသော်၎င်း အနည်းငယ်မျှကို စွန့် 'ဝေ'သော ရဟန်းအားသော်၎င်း သင်္ကန်းကို ပေးလှူသည် ရှိသော် ရွတ်ချအံ့၊ ပါစိတ် အာပတ် သင့်၏။

၄၇၇။ ဓမ္မကံ၌ ဓမ္မကံ ဟု အမှတ်ရှိသည်ဖြစ်၍ သင်္ကန်းပေးလှူသည်ရှိသော် ရွတ်ချအံ့၊ ပါစိတ် အာပတ် သင့်၏။ ဓမ္မကံ၌ ယုံမှားရှိသည်ဖြစ်၍ သင်္ကန်းပေးလှူသည်ရှိသော် ရွတ်ချအံ့၊ ပါစိတ်အာပတ် သင့်၏။ ဓမ္မကံ၌ အဓမ္မကံ ဟု အမှတ်ရှိသည် ဖြစ်၍ သင်္ကန်းပေးလှူသည်ရှိသော် ရွတ်ချအံ့၊ ပါစိတ် အာပတ် သင့်၏။

တပါးသော ပရိက္ခရာကို ပေးလှူသည် ရှိသော် ရွတ်ချအံ့၊ ဒုက္ကဋ် အာပတ် သင့်၏။

နေရာခင်း ဆွမ်းညွှန်း ယာဂုဝေ သစ်သီးဝေ ခဲဖွယ်ဝေ အနည်းငယ်မျှကို စွန့်သော သံဃာသည် မသမုတ်အပ်သော ရဟန်းအား သင်္ကန်းကိုသော်၎င်း အခြားသော ပရိက္ခရာကိုသော်၎င်း ပေးလှူ သည်ရှိသော် ရွတ်ချအံ၊ ဒုက္ကဋ် အာပတ် သင့်၏။

နေရာခင်း ဆွမ်းညွှန်း ယာဂုဝေ သစ်သီးဝေ ခဲဖွယ်ဝေ အနည်းငယ်မျှကို စွန့်သော သံဃာသည် သမုတ်အပ်သော ရဟန်းမဟုတ်သူအား သော်၎င်း မသမုတ်အပ်သော ရဟန်းမဟုတ်သူအား သော်၎င်း သင်္ကန်းကိုသော်၎င်း အခြားပရိက္ခရာကို သော်၎င်း ပေးလှူသည် ရှိသော် ရွတ်ချအံ့၊ ဒုက္ကဋ် အာပတ် သင့်၏။

အဓမ္မကံ၌ ဓမ္မကံ ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ အဓမ္မကံ၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ အဓမ္မကံ၌ အဓမ္မကံ ဟု အမှတ်ရှိအံ့၊ အာပတ် မသင့်။

၄၇၈။ ပကတိ သဘောအားဖြင့် ချစ်ခြင်းကြောင့် မုန်းခြင်းကြောင့် တွေဝေခြင်းကြောင့် ကြောက်ခြင်းကြောင့် ပြုသည်ကို "ထို ရဟန်းအား ပေးလှူသဖြင့် အဘယ်အကျိုးရှိအံ့နည်း ရသော် လည်း ဖျက်ဆီးလတ္တံ့ ကောင်းစွာမဆောင်လတ္တံ့" ဟု ရွတ်ချအံ့၊ အာပတ် မသင့်၊ ရူးသောရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

ကောဒသမ ဒုဗ္ဗလသိက္ခာပုဒ် ပြီး၏။

---

## ၈-သဟဓမ္မိကဝဂ် ၁၂-ပရိဏာမနသိက္ခာပုဒ်

၄၇၉။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ် သူဌေး၏ အရံဖြစ် သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ သာဝတ္ထိပြည်၌ မထင်ရှားသော အသင်း တခုသည် သံဃာအား "ဆွမ်းကျွေးပြီးလျှင် သင်္ကန်းကိုလှူအံ့" ဟု သင်္ကန်းနှင့်တကွ ဆွမ်းကိုစီရင် ထား၏။

http://www.dhammadownload.com



ထိုအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ထိုအသင်းသို့ ချဉ်းကပ်ပြီးလျှင် ထိုအသင်းကို “ဒါယကာတို့ ဤသင်္ကန်းတို့ကို ဤရဟန်းတို့အား ပေးလှူကုန်လော့” ဟု ဆိုကုန်၏။

အသျှင်ဘုရားတို့ အကျွန်ုပ်တို့သည် မပေးမလှူနိုင်ကြပါ၊ အကျွန်ုပ်တို့သည် သံဃာအား နှစ်စဉ် နှစ်တိုင်း သင်္ကန်းနှင့်တကွ ဆွမ်းကို ဝတ်တည်ကြပါသည် ဟု (လျှောက်ကြကုန်၏)။

ဒါယကာတို့ သံဃာအား အလှူရှင်တို့သည် ပေါများပါကုန်၏၊ သံဃာအား လှူအပ်သော ဆွမ်းတို့သည် ပေါများပါကုန်၏၊ ဤရဟန်းတို့သည်ကား သင်တို့ကိုသာ အမှီပြု၍ သင်တို့ကို မျှော်မြင် ကုန်၍ ဤအရပ်၌ နေကြပါသည်၊ ဤရဟန်းတို့အား သင်တို့သည် အကယ်၍ မလှူကုန်အံ့၊ ထိုသို့ မလှူကုန်သည်ရှိသော် ဤရဟန်းတို့အား အဘယ်သူသည် လှူတော့အံ့နည်း၊ ဒါယကာတို့ ဤရဟန်း တို့အား ဤသင်္ကန်းတို့ကို ပေးလှူကုန်လော့ ဟု (ပြောဆိုကုန်၏)။

ထိုအခါ ထိုအသင်းသည် ဆဗ္ဗဂ္ဂီရဟန်းတို့က အတင်းအကြပ်ပြောဆိုအပ်သဖြင့် စီရင်တိုင်းသော သင်္ကန်းကို ဆဗ္ဗဂ္ဂီရဟန်းတို့အား ပေးလှူပြီးနောက် သံဃာတော်ကို ဆွမ်းဖြင့်လုပ်ကျွေး၏။

အကြင်ရဟန်းတို့သည် “သံဃာအားသင်္ကန်းနှင့်တကွ ဆွမ်းကိုစီရင်သည် ဟု သိကုန်၏၊ ဆဗ္ဗဂ္ဂီ ရဟန်းတို့အား လှူအပ်ပြီ” ဟုကား မသိကုန်၊ ထိုရဟန်းတို့သည် “ဒါယကာတို့ သံဃာအား သင်္ကန်းကို လှူကုန်လော့” ဟု ဆိုကုန်၏။

အသျှင်ဘုရားတို့ မရှိတော့ပါ စီရင်တိုင်းသော သင်္ကန်းကို အသျှင်ဆဗ္ဗဂ္ဂီရဟန်းတို့သည် အသျှင် ဆဗ္ဗဂ္ဂီရဟန်းတို့အား ညွှတ်စေကြပါသည် ဟု (လျှောက်ကြကုန်၏)။

အလိုနည်းသော ရဟန်းတို့သည် “အဘယ့်ကြောင့် ဆဗ္ဗဂ္ဂီရဟန်းတို့သည် သိလျက် သံဃာသို့ ညွှတ်ပြီးသော သံဃိကလာဘ်ကို ပုဂ္ဂိုလ်အား ညွှတ်စေကုန်ဘိသနည်း” ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြု ပြောဆိုကြကုန်၏။ပ။

“ရဟန်းတို့ သင်တို့သည် သိလျက် သံဃာသို့ ညွှတ်ပြီးသော သံဃိကလာဘ်ကို ပုဂ္ဂိုလ်အား ညွှတ်စေကြကုန်၏ ဟူသည် မှန်သလော” ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ သင်တို့သည် အဘယ့်ကြောင့် သိလျက် သံဃာသို့ ညွှတ်ပြီးသော သံဃိကလာဘ်ကို ပုဂ္ဂိုလ်အား ညွှတ်စေကုန်ဘိသနည်း။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ ဤ (သင်တို့ပြု မိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ ရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

**၁၃၁။ ၈၂-၄၉၀။ “အကြင် ရဟန်းသည် သိလျက် သံဃာသို့ ညွှတ်ပြီးသော သံဃိက လာဘ်ကို ပုဂ္ဂိုလ်အား ညွှတ်စေငြားအံ့၊ (ထိုရဟန်းအား) ပါစိတ်အာပတ် သင့်၏”** ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)

http://www.dhammadownload.com



## ၁၂-ပရိဏာမနသိက္ခာပုဒ် အဖွင့်

၄၉၁။ အကြင် ဟူသည် အကြင်သို့ သဘောရှိသော။ပ။

ရဟန်း ဟူသည်။ပ။ ဤအရာ၌ ဤဉတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သူကို "ရဟန်း" ဟူ၍ အလိုရှိအပ်၏။

**သိ၏** မည်သည် ကိုယ်တိုင်သော်လည်း သိ၏၊ အခြားသူတို့ကသော်လည်း ထိုရဟန်းအား ပြောကြားကုန်၏၊ ထိုရဟန်းကသော်လည်း ပြောကြား၏။

**သံဃိက** မည်သည် သံဃာအား လှူအပ် စွန့်အပ်သော ဝတ္ထုတည်း။

**လာဘ်** မည်သည် သင်္ကန်း ဆွမ်း ကျောင်း အိပ်ရာ နေရာ သူနာ၏ အထောက်အပံ့ ဆေးပစ္စည်းတို့တည်း၊ အယုတ်သဖြင့် အမှုန့်ခဲ 'ဆပ်ပြာခဲ' သည်ရင်း ဒန်ပူသည်ရင်း မြိတ်ဆာ ချည်မျှင်သည်ရင်း (လာဘ် မည်၏)။

**ညွတ်ပြီး** မည်သည် "ပေးလှူကုန်အံ့၊ ပြုကုန်အံ့" ဟု နှုတ်မြွက်၏၊ ထို အလှူဝတ္ထုကို ပုဂ္ဂိုလ်အား ညွတ်စေအံ့၊ ပါစိတ်အာပတ် သင့်၏။

၄၉၂။ ညွတ်ပြီးသော အလှူဝတ္ထု၌ ညွတ်ပြီး ဟု အမှတ်ရှိသည်ဖြစ်၍ ပုဂ္ဂိုလ်အား ညွတ်စေအံ့၊ ပါစိတ်အာပတ် သင့်၏။

ညွတ်ပြီးသော အလှူဝတ္ထု၌ ယုံမှားရှိသည်ဖြစ်၍ ပုဂ္ဂိုလ်အား ညွတ်စေအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ညွတ်ပြီးသော အလှူဝတ္ထု၌ မညွတ်သေး ဟု အမှတ်ရှိသည်ဖြစ်၍ ပုဂ္ဂိုလ်အား ညွတ်စေအံ့၊ အာပတ် မသင့်။

သံဃာသို့ ညွတ်ပြီးသော အလှူဝတ္ထုကို အခြားသံဃာအားရင်း စေတီအားရင်း ညွတ်စေအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

စေတီသို့ ညွတ်ပြီးသော အလှူဝတ္ထုကို အခြားစေတီအားရင်း သံဃာအားရင်း ပုဂ္ဂိုလ်အားရင်း ညွတ်စေအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ပုဂ္ဂိုလ်သို့ ညွတ်ပြီးသော အလှူဝတ္ထုကို အခြားပုဂ္ဂိုလ်အားရင်း သံဃာအားရင်း စေတီအားရင်း ညွတ်စေအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

မညွတ်သေးသည်၌ ညွတ်ပြီး ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏၊ မညွတ်သေးသည်၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ မညွတ်သေးသည်၌ မညွတ်သေး ဟု အမှတ်ရှိအံ့၊ အာပတ် မသင့်။

၄၉၃။ "အဘယ်အရပ်၌ လှူရပါကုန်အံ့နည်း" ဟု မေးသည် ရှိသော် "အကြင် အရပ်၌ သင်တို့ လှူသော ဝတ္ထုသည် သုံးဆောင်ခြင်းကိုလည်း ရရာ၏၊ ပြုပြင်စီရင်ခြင်းကိုလည်း ရရာ၏၊ ကြာမြင့်စွာ

http://www.dhammadownload.com



လည်း တည်တံ့ရာ၏၊ သို့မဟုတ် အကြင်အရပ်၌ သင်တို့၏ စိတ်သည် ကြည်လင်ကုန်၏၊ ထို အရပ်၌ လှူကုန်လော့" ဟု ပြောဆိုအံ့၊ အာပတ် မသင့်၊ ရူးသော ရဟန်း အစလက်ဦးလွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

ဒွါဒသမ ပရိဏာမနသိက္ခာပုဒ် ပြီး၏။

အဋ္ဌမ သဟဓမ္မိကဝဂ် ပြီး၏။

## ထိုသဟဓမ္မိကဝဂ်၏ အကျဉ်းချုပ်

သဟဓမ္မိကသိက္ခာပုဒ် ဝိနယဝိဝဏ္ဏနသိက္ခာပုဒ် မောဟာရောပနသိက္ခာပုဒ် ပဟာရဒိန္နသိက္ခာပုဒ် တလသတ္တိ (ဥဂ္ဂိရဏ) သိက္ခာပုဒ် အမူလကသံဃာဒိသေသသိက္ခာပုဒ် သဉ္စိစ္စ ဥပဒဟနသိက္ခာပုဒ် ဥပဿုတိတိဋ္ဌနသိက္ခာပုဒ် ပဋိဗာဟနကမ္မသိက္ခာပုဒ် ဆန္ဒအဒါနသိက္ခာပုဒ် ဒုဗ္ဗသိက္ခာပုဒ် သံဃိကလာဘပရိဏာမနသိက္ခာပုဒ်။

ဤကား အကျဉ်းချုပ်တည်း။

---

## ၉-ရတနဝဂ် ၁-အန္တေပုရသိက္ခာပုဒ်

၄၉၄။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသော အခါ ပသေနဒီကောသလ မင်းကြီးသည် "အချင်း သွားချေ၊ ဥယျာဉ်ကို သုတ်သင် ရှင်းလင်းလေလော့၊ ဥယျာဉ်သို့ သွားကြအံ့" ဟု ဥယျာဉ်စောင့်ကို စေခိုင်း၏။

"ကောင်းပါပြီ အသျှင် မင်းကြီး" ဟု ထို ဥယျာဉ် စောင့်သည် ပသေနဒီကောသလ မင်းကြီးအား ဝန်ခံပြီးလျှင် ဥယျာဉ်ကို သုတ်သင်သည် ရှိသော် တခုသော သစ်ပင်ရင်း၌ သီတင်းသုံးနေတော်မူသော မြတ်စွာဘုရားကို တွေ့မြင်သော ကြောင့် ပသေနဒီကောသလ မင်းကြီးထံသို့ ချဉ်းကပ်ပြီးလျှင် "အသျှင်မင်းကြီး ဥယျာဉ်သည်ကား သန့်ရှင်း စင်ကြယ်ပါပြီ၊ သို့ရာတွင် မြတ်စွာဘုရားသည် ထို ဥယျာဉ်၌ နေတော်မူပါ၏" ဟု လျှောက်၏။ အချင်းရှိပါစေ ငါတို့သည် မြတ်စွာဘုရားကို ဆည်းကပ်ကုန်၏အံ့ ဟု (ပြောဆို၏)။

ထိုအခါ ပသေနဒီ ကောသလမင်းကြီးသည် ဥယျာဉ်သို့ သွား၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်၏။ ထိုစဉ်အခါ ဥပါသကာ တယောက်သည် မြတ်စွာဘုရားကို ဆည်းကပ်၍ နေ၏၊ ပသေနဒီ ကောသလမင်းကြီးသည် မြတ်စွာဘုရားကို ဆည်းကပ်၍ နေသော ထို ဥပါသကာကို မြင်၍ ကြောက်ရွံ့သဖြင့် ရပ်နေ၏။ ထို့နောက် ပသေနဒီကောသလမင်းကြီးအား "ဤ ယောကျ်ားသည် မြတ်စွာဘုရားကို ဆည်းကပ်၍ နေသူ တယောက်ဖြစ်ရကား ယုတ်ညံ့သူ မဖြစ်တန်ရာ" ဟု အကြံဖြစ်၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် ရှိခိုးလျက် တခုသော နေရာ၌ ထိုင်နေ၏။

ထိုအခါ ထို ဥပါသကာသည် မြတ်စွာဘုရားကို ရိုသေသောအားဖြင့် ပသေနဒီကောသလမင်းကြီးကို ရှိလည်းမခိုး၊ ခရီးဦးလည်း မကြိုဆိုပဲ ရှိရကား ပသေနဒီကောသလ မင်းကြီးအား "ဤ

http://www.dhammadownload.com



ယောက်ျားသည် ငါလာသော အခါ၌ အဘယ့်ကြောင့် ရှိမခိုးလေဘိသနည်း၊ ခရီးဦးလည်းမကြို ဆိုဘိသနည်း" ဟု နှလုံးမသာ ဖြစ်၏၊ ထိုအခါ မြတ်စွာဘုရားသည် ပသေနဒီကောသလမင်းကြီး နှလုံးမသာသည်ကို သိတော်မူ၍ "မင်းကြီး ဤဥပါသကာသည် အကြားအမြင်လည်းများ၏၊ အာဂုံ (ပါဠိ)နှုတ်၌လာပြီးသူလည်းဖြစ်၏၊ ကာမဂုဏ်တို့၌ တပ်နှစ်သက်ခြင်းလည်း ကင်း၏" ဟု ပသေနဒီကောသလမင်းကြီးအား မိန့်တော်မူ၏။

ထိုအခါ ပသေနဒီကောသလမင်းကြီးအား "ဤ ဥပါသကာသည် ယုတ်ညံ့သူ မဖြစ်တန်ရာ မြတ်စွာဘုရားသည်လည်း ဤ ဥပါသကာ၏ ဂုဏ်ကျေးဇူးကို ချီးမွမ်းတော်မူ၏" ဟု အကြံ ဖြစ်၍ ထို ဥပါသကာကို "ဥပါသကာ သင်အလိုရှိရာကို ပြောကြားလော့" ဟု ဆို၏။

ကောင်းလှပါပြီ အသျှင်မင်းကြီး၏ ဟု (လျှောက်၏)။

ထိုအခါ မြတ်စွာဘုရားသည် ပသေနဒီကောသလမင်းကြီးကို တရားစကားဖြင့် (အကျိုးစီးပွါးကို) သိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန် ရွှင်လန်းစေပြီးသော် ပသေနဒီကောသလမင်းကြီးသည် နေရာမှထ၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် အရိုအသေပြုကာ ဖဲခွါသွားလေ၏။

၄၉၅။ ထိုအခါ ပသေနဒီကောသလမင်းကြီးသည် မြတ်သော ပြာသာဒ်ထက်၌ စံနေစဉ် လမ်းခရီး၌ ထီးကိုင်စွဲလျက် သွားနေသော ထိုဥပါသကာကို မြင်၍ ခေါ်စေပြီးလျှင် "ဥပါသကာ သင်သည် အကြားအမြင် များစွာရှိသတတ်၊ အာဂုံ(ပါဠိ) နှုတ်၌ လာပြီးသူဖြစ်သတတ်၊ ဥပါသကာ တောင်းပန်ပါ၏၊ ငါတို့၏ မောင်းမ အပေါင်းအား တရားတော်ကို ပို့ချ သင်ပြပါလော့" ဟု ဆို၏။ အသျှင်မင်းကြီး အကျွန်ုပ်သည် အသျှင်ကောင်းတို့၏အကြောင်းကြောင့် တရားတော်ကို သိပါ၏၊ ထို တရားတော်ကို အသျှင် ကောင်းတို့သည် သာလျှင် အသျှင်မင်းကြီး၏ မောင်းမအပေါင်းကို သင်ပြပို့ချစေကုန်လတ္တံ့ ဟု (ပြောဆို၏)။ ထိုအခါ ပသေနဒီကောသလမင်းကြီးသည် "ဥပါသကာသည်ကား အမှန်ကို ပြောဆိုပေ၏" ဟု (နှလုံးသွင်း၍) မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် ရိုသေစွာ ရှိခိုး၍ တခုသော နေရာ၌ ထိုင်နေကာ "အသျှင်ဘုရား တောင်းပန်ပါ၏၊ မြတ်စွာဘုရားသည် အကျွန်ုပ်တို့၏ မောင်းမ အပေါင်းတို့အား တရားတော်ကို သင်ပြပို့ချနိုင်မည့် ရဟန်းတပါးကို စေလွှတ်တော်မူပါ" ဟု မြတ်စွာဘုရားအား လျှောက်၏။

ထိုအခါ မြတ်စွာဘုရားသည် ပသေနဒီကောသလမင်းကြီးကို တရားစကားဖြင့် (အကျိုးစီးပွါး) ကို သိမြင်စေ၏။ပ။ အရိုအသေပြုကာ ဖဲခွါသွား၏။

ထိုနောက် မြတ်စွာဘုရားသည် အသျှင်အာနန္ဒာကို "အာနန္ဒာ တိုက်တွန်း၏ မင်းကြီး၏ မောင်းမမိဿံ အပေါင်းအား တရားတော်ကို သင်ပြပို့ချချေလော့" ဟု မိန့်တော်မူ၏။ ကောင်းပါပြီ အသျှင်ဘုရား ဟု အသျှင်အာနန္ဒာသည် မြတ်စွာဘုရားအား ဝန်ခံလျက် အခါကာလအားလျော်စွာ နန်းတော်တွင်းသို့ဝင်၍ မင်းကြီး၏ မောင်းမမိဿံအပေါင်းအား တရားတော်ကို သင်ပြပို့ချလေ၏။ ထိုအခါ အသျှင်အာနန္ဒာသည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူပြီးလျှင် ပသေနဒီကောသလမင်းကြီး၏ နန်းတော်သို့ ချဉ်းကပ်၏။

၄၉၆။ ထိုအခါ ပသေနဒီကောသလမင်းကြီးသည် မလ္လိကာမိဖုရားကြီးနှင့်အတူ အိပ်ရာတိုက်ခန်း၌ စံနေ၏၊ မလ္လိကာမိဖုရားကြီးသည် အဝေးကပင်လျှင် အသျှင်အာနန္ဒာ လာနေသည်ကိုမြင်၍

http://www.dhammadownload.com



အဆောတုလျင်ထ၏၊ ဝါဝင်းချောမွေ့သော အဝတ်သည် လျှောကျ၏၊ ထိုအခါ အသျှင်အာနန္ဒာသည် ထိုအရပ်မှသာလျှင် ပြန်လှည့်ကာ အရံသို့သွား၍ ရဟန်းတို့အား ဤအကြောင်းကို ပြောကြား၏။

အလိုနည်းသော ရဟန်းတို့သည် "အဘယ့်ကြောင့် အသျှင်အာနန္ဒာသည် လာသောအကြောင်းကို ရှေးဦးစွာ မသိစေပဲ မင်း၏ နန်းတော်တွင်းသို့ ဝင်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"အာနန္ဒာ သင်သည် လာသောအကြောင်းကို ရှေးဦးစွာ မသိစေပဲ မင်း၏ နန်းတော်တွင်းသို့ ဝင်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ အာနန္ဒာ သင်သည် အဘယ့်ကြောင့် လာသော အကြောင်းကို ရှေးဦးစွာ မသိစေပဲ နန်းတော်တွင်းသို့ ဝင်ဘိသနည်း။ အာနန္ဒာ ဤ (သင်ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ မဟုတ်။ပ။ ကဲ့ရဲ့တော်မူ၍ တရားစကားကို ဟောကြားတော်မူပြီးလျှင် ရဟန်းတို့ကို မိန့်တော်မူ၏။

## နန်းတော်ဝင်ခြင်းအပြစ် ၁၀-ပါး

၄၉၇။ ရဟန်းတို့ နန်းတော်သို့ ဝင်ခြင်း၌ အပြစ်တို့သည် ဤဆယ်ပါးတို့တည်း အဘယ်ဆယ်ပါး တို့ နည်းဟူမူ—

(၁) ရဟန်းတို့ မင်းနှင့် မိဖုရား အတူနေရာသို့ ရဟန်းဝင်သောအခါ မိဖုရားကသော်လည်း ရဟန်းကိုမြင်၍ ပြုံးရယ်မိတတ်၏၊ ရဟန်းကသော်လည်း မိဖုရားကိုမြင်၍ ပြုံးရယ်မိတတ်၏၊ ထိုသို့ ပြုံးရယ်မိရာ၌ မင်းကြီးအား "ဤရဟန်းနှင့် မိဖုရားတို့သည် လွန်ကျူးပြီးသော်ငှင်း လွန်ကျူးလတ္တံ့ သော်ငှင်း မချွတ်ဖြစ်ရာ၏" ဟု အထင်မှားခြင်း ဖြစ်တတ်၏၊ ရဟန်းတို့ ဤသည်ကား နန်းတော်သို့ ဝင်ခြင်း၌ ပဌမ အပြစ်တည်း။

(၂) ရဟန်းတို့ တဖန် ထို့ပြင်လည်း မင်း မည်သည်ကား များသော ကိစ္စရှိ၏၊ များသော ပြုဖွယ် ရှိ၏၊ မိန်းမ 'မိဖုရားငယ်' တယောက်ကို သွားလာပြီးနောက် အမှတ်မရ၊ ထိုမိန်းမသည် ထိုမင်းသွားလာ ခြင်းကြောင့် ကိုယ်ဝန်စွဲယူရာ၌ "ဤအရပ်၌ ရဟန်းမှတပါး အခြားသူ တစုံတယောက်မျှမဝင်၊ ရဟန်း၏ အမှုပင် ဖြစ်လေသလော" ဟု မင်းအား အထင်မှားခြင်း ဖြစ်တတ်၏၊ ရဟန်းတို့ ဤသည်ကား နန်းတော်သို့ ဝင်ခြင်း၌ ဒုတိယ အပြစ်တည်း။

(၃) ရဟန်းတို့ တဖန် ထို့ပြင်လည်း နန်းတော်တွင်း၌ တစုံတခုသော ရတနာပျောက်သောအခါ "ဤအရပ်၌ ရဟန်းမှတပါး အခြားသူ တစုံတယောက်မျှ မဝင်၊ ရဟန်း၏ အမှုပင် ဖြစ်လေသလော" ဟု မင်းအား အထင်မှားခြင်း ဖြစ်တတ်၏၊ ရဟန်းတို့ ဤသည်ကား နန်းတော်သို့ ဝင်ခြင်း၌ တတိယ အပြစ်တည်း။

(၄) ရဟန်းတို့ တဖန် ထို့ပြင်လည်း နန်းတော်တွင်း၌ လျှို့ဝှက်ထားသော တိုင်ပင်ချက် နန်း တွင်းရေးသည် အပြင်ဘက်တွင် ပြန့်နှံ့သောအခါ "ဤအရပ်၌ ရဟန်းမှတပါး အခြားသူတစုံတယောက် မျှမဝင်၊ ရဟန်း၏ အမှုပင် ဖြစ်လေသလော" ဟု မင်းအား အထင်မှားခြင်း ဖြစ်တတ်၏၊ ရဟန်းတို့ ဤသည်ကား နန်းတော်သို့ ဝင်ခြင်း၌ စတုတ္ထ အပြစ်တည်း။

http://www.dhammadownload.com



(၅) ရဟန်းတို့ တဖန် ထို့ပြင်လည်း နန်းတော်တွင်း၌ သားကသော်လည်း အဖကို (သတ်ခြင်းငှါ) အလိုရှိတတ်၏၊ အဖကသော်လည်း သားကို (သတ်ခြင်းငှါ) အလိုရှိတတ်၏၊ "ဤအရပ်၌ ရဟန်းမှ တပါး အခြားသူ တစုံတယောက်မျှမဝင်၊ ရဟန်း၏ အမှုပင် ဖြစ်လေသလော" ဟု ထိုသူတို့အား အထင်မှားခြင်းဖြစ်တတ်၏၊ ရဟန်းတို့ ဤသည်ကား နန်းတော်သို့ ဝင်ခြင်း၌ ပဉ္စမ အပြစ်တည်း။

(၆) ရဟန်းတို့ တဖန် ထို့ပြင်လည်း မင်းသည် နိမ့်သော ရာထူးရှိသူကို မြင့်သောရာထူး၌ထားသောအခါ "မင်းသည် ရဟန်းနှင့် ရောနှော၏၊ ရဟန်း၏ အမှုပင် ဖြစ်လေသလော" ဟု ထို (ရာထူးပြောင်းလွဲခြင်းကို မနှစ်သက်) သူတို့အား အထင်မှားခြင်း ဖြစ်တတ်၏၊ ရဟန်းတို့ ဤသည်ကား နန်းတော်သို့ ဝင်ခြင်း၌ ဆဋ္ဌ အပြစ်တည်း။

(၇) ရဟန်းတို့ တဖန် ထို့ပြင်လည်း မင်းသည် မြင့်သောရာထူးရှိသူ 'ရာထူးကြီးသူ' ကို နိမ့်သော ရာထူး၌ ထားသောအခါ "မင်းသည် ရဟန်းနှင့် ရောနှော၏၊ ရဟန်း၏ အမှုပင် ဖြစ်လေသလော" ဟု ထို (ရာထူးပြောင်းလွဲခြင်းကို မနှစ်သက်) သူတို့အား အထင်မှားခြင်း ဖြစ်တတ်၏၊ ရဟန်းတို့ ဤသည်ကား နန်းတော်သို့ ဝင်ခြင်း၌ သတ္တမ အပြစ်တည်း။

(၈) ရဟန်းတို့ တဖန် ထို့ပြင်လည်း မင်းသည် အခါမဟုတ်သည်၌ စစ်တပ်ကို လွှတ်လိုက်သောအခါ "မင်းသည် ရဟန်းနှင့် ရောနှော၏၊ ရဟန်း၏ အမှုပင် ဖြစ်လေသလော" ဟု ထို (အခါမဲ့ စစ်တပ်လွှတ်ခြင်းကို မနှစ်သက်) သူတို့အား အထင်မှားခြင်း ဖြစ်တတ်၏၊ ရဟန်းတို့ ဤသည်ကား နန်းတော်သို့ဝင်ခြင်း၌ အဋ္ဌမ အပြစ်တည်း။

(၉) ရဟန်းတို့ တဖန် ထို့ပြင်လည်း မင်းသည် လွှတ်သင့်သောအခါ၌ စစ်တပ်ကို လွှတ်လိုက်ပြီးနောက် ခရီးအကြားမှ တဖန် ပြန်လာစေသောအခါ "မင်းသည် ရဟန်းနှင့် ရောနှော၏၊ ရဟန်း၏ အမှုပင်ဖြစ်လေသလော" ဟု ထို (စစ်ပြန်ခြင်းကို မနှစ်သက်) သူတို့အား အထင်မှားခြင်း ဖြစ်တတ်၏၊ ရဟန်းတို့ ဤသည်ကား နန်းတော်သို့ ဝင်ခြင်း၌ နဝမ အပြစ်တည်း။

(၁၀) ရဟန်းတို့ တဖန် ထို့ပြင်လည်း မင်း၏ နန်းတော်သည် ဆင် မြင်း ရထား တို့ဖြင့် ကျဉ်းမြောင်း ကြပ်တည်း၏၊ တပ်နှစ်သက်ဖွယ် ဖြစ်သော ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ တို့လည်း ရှိကုန်၏၊ ယင်းအာရုံတို့သည် ရဟန်းအား မလျော်ကန်ပတ်ကုန်၊ ရဟန်းတို့ ဤသည်ကား နန်းတော်သို့ ဝင်ခြင်း၌ ဒသမ အပြစ်တည်း။ ရဟန်းတို့ နန်းတော်သို့ ဝင်ခြင်း၌ အပြစ်တို့သည် ဤဆယ်ပါးတို့တည်း ဟု (မိန့်တော်မူ၏)။

ထိုအခါ မြတ်စွာဘုရားသည် အသျှင်အာနန္ဒာကို များစွာသော အကြောင်းဖြင့် ကဲ့ရဲ့ပြစ်တင်တော်မူပြီးလျှင်၊ ကိုယ်တိုင်ပြုစုမွေးမြူရန်ခက်ခဲခြင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

**၁၃၂။ ၈၃-၄၉၈။ "အကြင် ရဟန်းသည် ထိပ်၌ အဘိသိက် သွန်းအပ်ပြီးသော မင်းမျိုးဖြစ်သောမင်း၏ မင်းနှင့်မိဖုရားရတနာ မထွက်သေးသော အိပ်ရာတိုက်ခန်း၌ (မိမိလာကြောင်းကို) ရှေးကတင်ကြို၍ အသိမပေးပဲ တံခါးခုံကို လွန်စေငြားအံ့၊ (ထိုရဟန်းအား) ပါစိတ်အာပတ်သင့်၏" ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။**

http://www.dhammadownload.com



## ၁-အန္တေပုရသိက္ခာပုဒ် အဖွင့်

၄၉၉။ အကြောင်း ဟူသည် အကြောင်းသို့ သဘောရှိသော။ပ။

**ရဟန်း ဟူသည်။ပ။** ဤအရာ၌ ဤဥ တ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သူကို "ရဟန်း" ဟူ၍ အလိုရှိအပ်၏။

**မင်းမျိုး** မည်သည် အမိဖက် အဖဖက် နှစ်ဖက်လုံးတို့မှ ကောင်းသော ဇာတ်ရှိ၏၊ ဘိုးဘေး ခုနစ်ဆက်တိုင်အောင် မျိုးရိုးသန့်သော အမိဝမ်းရှိ၏၊ ဇာတ်နှင့်စပ်သော စကားဖြင့် အပယ်မခံခဲ့ရ အကဲ့ရဲ့မခံခဲ့ရသောသူတည်း။

**ထိပ်၌ အဘိသိက် သွန်းအပ်ပြီးသော** မည်သည် မင်း၏ အဘိသိက်ဖြင့် ထိပ်၌ သွန်းအပ်ပြီး ဖြစ်၏။

**မင်းမထွက်သေး** ဟူသည် မင်းသည် အိပ်ရာ တိုက်ခန်းမှ မထွက်သေးသည်ပင် ဖြစ်၏။

**မိဖုရားရတနာ မထွက်သေး** ဟူသည် မိဖုရားသည် အိပ်ရာ တိုက်ခန်းမှ မထွက်သေးသည်ပင် ဖြစ်၏၊ နှစ်ယောက်လုံးတို့သော်လည်း မထွက်ကြသေးကုန်။

**(မိမိလာကြောင်းကို) ရှေးကတင်ကြို၍ အသိမပေးပဲ** ဟူသည် ရှေးဦးစွာ မပန်ကြားမူ၍ 'အကြောင်းမကြားမူ၍'။

**တံခါးခုံ** မည်သည် အိပ်ရာ တိုက်ခန်း၏ တံခါးခုံကို ဆို၏။

**အိပ်ရာ တိုက်ခန်း** မည်သည် တစုံတခုသော နေရာ၌ မင်း၏ အိပ်ရာကို ခင်းထား၏၊ အယုတ်သဖြင့် တင်းတိမ် 'ကန့်လန့်ကာ' ကို ကာရံထားသော နေရာသည်လည်း အိပ်ရာ တိုက်ခန်း မည်၏။

**တံခါးခုံကို လွန်စေငြားအံ့** ဟူသည် ပဌမခြေလှမ်းကို တံခါးခုံကို လွန်စေအံ့၊ ဒုက္ကဋ်အာပတ် သင့်၏၊ ဒုတိယခြေလှမ်းကို လွန်စေအံ့၊ ပါစိတ်အာပတ် သင့်၏။

၅၀၀။ (မိမိလာကြောင်းကို) အသိမပေးသည်၌ အသိမပေး ဟု အမှတ်ရှိသည်ဖြစ်၍ တံခါးခုံကို လွန်စေအံ့၊ ပါစိတ်အာပတ် သင့်၏။ အသိမပေးသည်၌ ယုံမှားရှိသည်ဖြစ်၍ တံခါးခုံကို လွန်စေအံ့၊ ပါစိတ်အာပတ် သင့်၏။ အသိမပေးသည်၌ အသိပေးပြီး ဟု အမှတ်ရှိသည်ဖြစ်၍ တံခါးခုံကို လွန်စေအံ့၊ ပါစိတ်အာပတ် သင့်၏။

အသိပေးပြီးသည်၌ အသိမပေးသေး ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ အသိပေးပြီးသည်၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ အသိပေးပြီးသည်၌ အသိပေးပြီးပြီ ဟု အမှတ်ရှိအံ့၊ အာပတ် မသင့်။

၅၀၁။ အသိပေးပြီးသည်ရှိသော် အာပတ် မသင့်၊ မင်းမျိုးမဟုတ်အံ့၊ မင်း၏ အဘိသိက်ဖြင့် မသွန်းလောင်းအပ်သေးသူ ဖြစ်အံ့၊ မင်းသည် အိပ်ရာတိုက်ခန်းမှ ထွက်အံ့၊ မိဖုရားသည် အိပ်ရာတိုက်ခန်းမှ ထွက်အံ့၊ မင်းမိဖုရား နှစ်ပါးလုံးတို့သော်လည်း အိပ်ရာတိုက်ခန်းမှ ထွက်ကုန်အံ့၊ အိပ်ရာတိုက်ခန်း၌ မဟုတ်အံ့၊ အာပတ် မသင့်၊ ရူးသော ရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

ပဌမ အန္တေပုရသိက္ခာပုဒ် ပြီး၏။

http://www.dhammadownload.com



## ၉-ရတနဝဂ် ၂-ရတနသိက္ခာပုဒ်

၅၀၂။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ ရဟန်းတပါးသည် အစိရဝတီမြစ်၌ ရေချိုး၏။ ပုဏ္ဏားတယောက်သည်လည်း (အသပြာ) ငါးရာအိတ်ကို ကုန်းပေါ်၌ ချထား၍ အစိရဝတီမြစ်၌ ရေချိုးပြီးသော် မေ့လျော့ကာ ဖဲသွား၏။

ထိုအခါ ထိုရဟန်းသည် "ဤပုဏ္ဏား၏ ဥစ္စာအိတ်သည် ဤနေရာ၌ မပျောက်ပါစေလင့်" ဟု နှလုံးသွင်း၍ ယူထားလေ၏။ ထိုအခါ ထိုပုဏ္ဏားသည် သတိရ၍ အဆောတလျင် ပြေးလာပြီးလျှင် ထိုရဟန်းကို "ရဟန်း အကျွန်ုပ်၏ အိတ်ကို မြင်ပါသလော" ဟု မေး၏။ "ပုဏ္ဏားယူလော့" ဟု ဆို၍ ပေးလိုက်၏။ ထိုအခါ ထိုပုဏ္ဏားသည် "ငါသည် အဘယ်သို့သော အကြောင်းဖြင့် ဤရဟန်းအား ဆုလာဘ်မပေးပဲ နေရအံ့နည်း" ဟု ကြံ၍ "ရဟန်း အကျွန်ုပ်၏ ဥစ္စာသည် ငါးရာမဟုတ်၊ အကျွန်ုပ်၏ ဥစ္စာသည် တထောင်ပါတည်း" ဟု ဆိုကာနှောင့်ယှက်၍ လွှတ်လိုက်၏။

ထိုအခါ ထိုရဟန်းသည် ကျောင်းအရံသို့သွား၍ ရဟန်းတို့အား ဤအကြောင်းကို ပြောကြား၏။ အလိုနည်းသော ရဟန်းတို့သည် "အဘယ့်ကြောင့် ရဟန်းသည် ရတနာကို ကောက်ယူထားဘိသနည်း" ဟူ၍ ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်း သင်သည် ရတနာကို ကောက်ယူထား၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား သင်သည် အဘယ့်ကြောင့် ရတနာကို ကောက်ယူထားဘိသနည်း။ (မဂ်ဖိုလ်မှ) အချည်းနှီး ဖြစ်သော ယောကျ်ား ဤ (သင်ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ မဟုတ်၊ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

(က) **"အကြင် ရဟန်းသည် ရတနာကိုဖြစ်စေ ရတနာ ဟု သမုတ်အပ်သော ဝတ္ထုကိုဖြစ်စေ ကောက်ယူမူလည်း ကောက်ယူငြားအံ့ ကောက်ယူစေမူလည်း ကောက်ယူစေငြားအံ့ (ထိုရဟန်းအား) ပါစိတ်အာပတ် သင့်၏"** ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

ဤသို့လျှင် မြတ်စွာဘုရားသည် ရဟန်းတို့အား ဤသိက္ခာပုဒ်ကို ပညတ်တော်မူ၏။

၅၀၃။ ထိုအခါ သာဝတ္ထိပြည် ၌ ပွဲသဘင် ဖြစ်၏၊ လူတို့သည် တန်ဆာဆင်ကုန်လျက် ဥယျာဉ်သို့ သွားကုန်၏၊ မိဂါရမာတာမည်သော ဝိသာခါသည်လည်း တန်ဆာဆင်၍ "ဥယျာဉ်သို့ သွားအံ့" ဟု ရွာမှ ထွက်သည်ရှိသော် "ငါသည် ဥယျာဉ်သို့ သွား၍ အသို့ပြုရအံ့နည်း၊ ငါသည် မြတ်စွာဘုရားကို ဆည်းကပ်ရပါမူကား ကောင်းလိမ့်မည်" ဟု ကြံ၍ (မဟာလတာ) တန်ဆာကို ချွတ်၍ အပေါ်ရုံဖြင့် အထုပ်ထုပ်၍ ကျွန်မအား "ဟယ်ကျွန်မ ဤတန်ဆာထုပ်ကို ယခု ယူခဲ့လော့" ဟု ဆို၍ ပေးလိုက်၏။

http://www.dhammadownload.com



ထိုအခါ မိဂါရမာတာ မည်သော ဝိသာခါသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားကို ရှိခိုးပြီး၍ တခုသော အရပ်၌ ထိုင်၏၊ တခုသော အရပ်၌ ထိုင်ပြီးသော မိဂါရမာတာ မည်သော ဝိသာခါကို မြတ်စွာဘုရားသည် တရားစကားဖြင့် (အကျိုးစီးပွါးကို) သိမြင်စေ၍ (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန်ရွှင်လန်းစေပြီးသော် မိဂါရမာတာ မည်သော ဝိသာခါသည် နေရာမှ ထ၍ မြတ်စွာဘုရားကို ရှိခိုးလျက် အရှိအသေ ပြုကာ ဖဲခွါသွား၏။

ထိုအခါ ကျွန်မသည် ဥစ္စာထုပ်ကို သတိမေ့လျော့၍ ဖဲသွား၏။ ရဟန်းတို့ မြင်၍ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏၊ "ရဟန်းတို့ သိုဖြစ်လျှင် ကောက်ယူ၍ သိမ်းထားကုန်လော့" ဟု (မိန့်တော်မူ၏)။ ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် တရားစကားကိုဟောတော်မူ၍ ရဟန်းတို့ကို—

"ရဟန်းတို့ ရတနာကိုသော်၎င်း ရတနာ ဟု သမုတ်အပ်သော ဝတ္ထုကိုသော်၎င်း ကျောင်းအရံတွင်း၌ ကောက်ယူ၍သော်၎င်း ကောက်ယူစေ၍သော်၎င်း 'ဥစ္စာရှင်သည် ယူလတ္တံ့' ဟု နှလုံးပိုက်၍ သိမ်းထားခြင်းငှါ ခွင့်ပြုတော်မူ၏" ဟု မိန့်တော်မူ၏။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

**(ခ) "အကြင် ရဟန်းသည် ရတနာကိုသော်၎င်း ရတနာ ဟု သမုတ်အပ်သော ဝတ္ထုကိုသော်၎င်း ကျောင်းအရံတွင်းကို ဖယ်ထား၍ ကောက်ယူမူလည်း ကောက်ယူငြားအံ့ ကောက်ယူစေမူလည်း ကောက်ယူစေငြားအံ့၊ (ထိုရဟန်းအား) ပါစိတ်အာပတ် သင့်၏"** ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

ဤသို့လျှင် မြတ်စွာဘုရားသည် ရဟန်းတို့အား ဤသိက္ခာပုဒ်ကို ပညတ်တော်မူ၏။

၅၀၄။ ထိုအခါ ကာသိတိုင်း ဇနပုဒ်တို့၌ အနာထပိဏ်သူဌေး၏ အလုပ်သမားရွာရှိ၏၊ ထိုသူဌေးသည် "အကယ်၍ အသျှင်ကောင်းတို့လာကုန်အံ့၊ ဆွမ်းလုပ်ကျွေးလော့" ဟု စာပည့်ကို စေခိုင်း၏။ ထိုအခါ များစွာသောရဟန်းတို့သည် ကာသိတိုင်း ဇနပုဒ်တို့၌ ဒေသစာရီ လှည့်လည်သောအခါ အနာထပိဏ်သူဌေး၏ အလုပ်သမားရွာသို့ ချဉ်းကပ်ကုန်၏၊ ထိုယောကျ်ားသည် အဝေးမှ ကြွလာကုန်သော ထိုရဟန်းတို့ကို မြင်၍ ထိုရဟန်းတို့အထံသို့ ချဉ်းကပ်ပြီးလျှင် ရှိခိုးလျက် "အသျှင်ဘုရားတို့ အသျှင်တို့သည် နက်ဖြန်အလို့ငှါ သူဌေး၏ ဆွမ်းကို ခံယူတော်မူပါကုန်လော့" ဟု လျှောက်၏။ ထိုရဟန်းတို့သည် ဆိတ်ဆိတ်နေခြင်းဖြင့် လက်ခံကုန်၏။ ထိုအခါ ထိုယောကျ်ားသည် ထိုညဉ့် လွန်သောအခါ၌ မွန်မြတ်သော ခဲဖွယ်ဘောဇဉ်တို့ကို စီရင်စေပြီးနောက် အချိန်ကာလကို ကြားလျှောက်စေ၍ လက်စွပ်ကိုချွတ်ကာ ထိုရဟန်းတို့အား ဆွမ်းလုပ်ကျွေးပြီးလျှင် "အသျှင်ကောင်းတို့သည် ဆွမ်းစားပြီးသော် ကြွတော်မူပါကုန်၊ အကျွန်ုပ်သည်လည်း အလုပ်ခွင်သို့ သွားပါအံ့" ဟု လျှောက်ကာ လက်စွပ်ကို မေ့လျော့၍ ဖဲခွါသွား၏။

ရဟန်းတို့ မြင်လေလျှင် "ဤလက်စွပ်သည် ငါတို့သွားလျှင်ပျောက်လတ္တံ့" ဟု နှလုံးသွင်း၍ ထိုအရပ်၌သာလျှင်နေကုန်၏။ ထိုအခါ ထိုယောကျ်ားသည် အလုပ်ခွင်မှ ပြန်လာသောအခါ ထိုရဟန်းတို့ကိုမြင်၍ "အသျှင်ဘုရားတို့ အသျှင်တို့သည် အဘယ့်ကြောင့် ဤအရပ်၌ နေကုန်ဘိသနည်း" ဟု လျှောက်လေသော် ရဟန်းတို့သည် ထိုယောကျ်ားအား ဤအကြောင်းကို ပြောကြားပြီးနောက်

http://www.dhammadownload.com



သာဝတ္ထိပြည်သို့သွား၍ ရဟန်းတို့အားလည်း ဤအကြောင်းကိုပင် ပြောကြားကုန်၏။ ရဟန်းတို့သည်လည်း မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် တရားစကားကို ဟောကြားတော်မူ၍ ရဟန်းတို့ကို—

"ရဟန်းတို့ ရတနာကိုသော်ငြားလည်း ရတနာ ဟု သမုတ်အပ်သော ဝတ္ထုကိုသော်ငြားလည်း အရံတွင်း၌ဖြစ်စေ တည်းခိုရာ အိမ်တွင်း၌ဖြစ်စေ ကောက်ယူ၍သော်ငြားလည်း ကောက်ယူစေ၍သော်ငြားလည်း 'ဥစ္စာရှင်သည် ဆောင်ယူလတ္တံ့' ဟု နှလုံးသွင်း၍ သိမ်းထားခြင်းငှါ ခွင့်ပြုတော်မူ၏" ဟု မိန့်တော်မူ၏။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

၁၃၃။ ၈၄ (၂) ၅၀၅။ "အကြင် ရဟန်းသည် ရတနာကိုသော်ငြားလည်း ရတနာ ဟု သမုတ်အပ်သော ဝတ္ထုကိုသော်ငြားလည်း အရံအတွင်းနှင့် တည်းခိုရာဌာန အတွင်းမှတပါး (အခြားနေရာတို့၌) ကောက်ယူမူလည်း ကောက်ယူငြားအံ့ ကောက်ယူစေမူလည်း ကောက်ယူစေငြားအံ့၊ (ထိုရဟန်းအား) ပါစိတ်အာပတ် သင့်၏၊ ရဟန်းသည် ရတနာကို သော်ငြားလည်း ရတနာ ဟု သမုတ်အပ်သော ဝတ္ထုကိုသော်ငြားလည်း အရံအတွင်းနှင့် တည်းခိုရာဌာနအတွင်း၌ ကောက်ယူ၍ သော်ငြားလည်း ကောက်ယူစေ၍သော်ငြားလည်း၊ 'ဥစ္စာရှင်သည် ဆောင်ယူလတ္တံ့' ဟု နှလုံးသွင်း၍ သိမ်းထားရမည်၊ ဤကား ထိုဥစ္စာကို မေ့ကျန်ရာ၌ ပြုရသောဝတ်တည်း" ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

## ၂-ရတနသိက္ခာပုဒ် အဖွင့်

၅၀၆။ အကြင် ဟူသည် အကြင်သို့ သဘောရှိသော။ပ။

ရဟန်း ဟူသည်။ပ။ ဤအရာ၌ ဤဥ တ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သူကို "ရဟန်း" ဟူ၍ အလိုရှိအပ်၏။

ရတနာ မည်သည် ပုလဲ မြ ကျောက်မြက်ရွဲ ခရုသင်း ကျောက်သလင်း သန္တာ ငွေ ရွှေ ပတ္တမြားနီ ပတ္တမြားပြောက်တည်း။

ရတနာ ဟု သမုတ်အပ်သော ဝတ္ထု မည်သည် လူတို့၏ အတွင်းအသုံးအဆောင် အပအသုံးအဆောင်တည်း၊ ဤကား ရတနာ ဟု သမုတ်အပ်သော ဝတ္ထုမည်၏။

အရံအတွင်းနှင့် တည်းခိုရာဌာနအတွင်းမှတပါး ဟူသည် အရံတွင်းကို တည်းခိုရာအိမ်တွင်းကို ချန်ထား၍။

အရံတွင်း မည်သည် အရံအတားရှိလျှင် ကျောင်း၏အရံတွင်းတည်း၊ အရံမရှိလျှင် (ကျောင်း၏) ဥပစာတည်း။

တည်းခိုရာဌာနအတွင်း မည်သည် အရံရှိလျှင် တည်းခိုရာအိမ်၏ အရံတွင်းတည်း၊ အရံအတားမရှိလျှင် (တည်းခိုရာအိမ်၏) ဥပစာတည်း။

http://www.dhammadownload.com



ကောက်ယူခြင်းအံ့ ဟူသည် ကိုယ်တိုင် ကောက်ယူခြင်းအံ့၊ ပါစိတ်အာပတ် သင့်၏။

ကောက်ယူစေခြင်းအံ့ ဟူသည် အခြားသူကို ကောက်ယူစေခြင်းအံ့၊ ပါစိတ်အာပတ် သင့်၏။

ရဟန်းသည် ရတနာကိုသော်၎င်း ရတနာ ဟု သမုတ်အပ်သော ဝတ္ထုကိုသော်၎င်း အရံအတွင်းနှင့် တည်းခိုရာဌာနအတွင်း၌ ကောက်ယူ၍သော်၎င်း ကောက်ယူစေ၍သော်၎င်း သိမ်းထားရမည် ဟူသည် အဆင်းဖြင့်သော်၎င်း အမှတ်အသားဖြင့်သော်၎င်း အမှတ်ပြု၍ သိမ်းထားပြီးလျှင် "ဥစ္စာ ပျောက်သောသူသည် လာစေသတည်း"ဟု ပြောကြားရမည်။ ထို အရပ်သို့ အကယ်၍လာအံ့၊ ထိုသူကို "ဒါယကာ သင်၏ဥစ္စာသည် အဘယ်သို့ သဘောရှိသနည်း" ဟု မေးမြန်းရမည်။ အဆင်းနှင့်သော်၎င်း အမှတ်အသားနှင့်သော်၎င်း အကယ်၍ ညီညွတ်ပြည့်စုံအံ့၊ ပေးရမည်။ အကယ်၍ မညီညွတ်မပြည့်စုံအံ့၊ "ဒါယကာ ရှာပါဦးလော့" ဟု ပြောဆိုရမည်။

ထိုကျောင်းမှ ဖဲသွားလိုသော ရဟန်းသည် ထိုကျောင်း၌ သင့်လျော်သော ရဟန်းတို့၏လက်၌ ထား၍ ဖဲသွားရမည်။ သင့်လျော်သော ရဟန်းတို့ အကယ်၍မရှိမူ၊ ထိုကျောင်း၌ သင့်လျော်သော လူတို့၏လက်၌ ထား၍ ဖဲသွားရမည်။

ဤကား ထို ဥစ္စာကို မပျောက်မပျက်စေရာ၌ ပြုရသော ဝတ်တည်း ဟူသည် ဤသို့ သိမ်းထားခြင်း သည် ထိုဥစ္စာကို မပျောက်မပျက်စေရာ၌ တရားနှင့် လျော်သော အကျင့်တည်း။

၅၀၇။ ရတနာ (ဆယ်ပါး) ကိုသော်၎င်း ရတနာ ဟု သမုတ်အပ်သော ဝတ္ထုကိုသော်၎င်း အရံ တွင်းနှင့် တည်းခိုရာဌာနအတွင်း၌ ကောက်ယူ၍သော်၎င်း ကောက်ယူစေ၍သော်၎င်း "ဥစ္စာရှင်သည် လာ၍ ဆောင်ယူလတ္တံ့" ဟု (နှလုံးသွင်း၍) သိမ်းထားအံ့၊ အာပတ် မသင့်။

ရတနာ ဟု သမုတ်အပ်သော အသုံးအဆောင်ကို အကျွမ်းဝင်၍ ကောက်ယူထားအံ့၊ အာပတ် မသင့်၊ ခေတ္တခဏယူထားအံ့၊ အာပတ် မသင့်၊ ပံသုကူ ဟု အမှတ်ရှိသောရဟန်း ရူးသောရဟန်း အစ လက်ဦး လွန်ကျူးသောရဟန်းတို့အားလည်း အာပတ် မသင့်။

ဒုတိယ ရတနသိက္ခာပုဒ် ပြီး၏။

---

## ၉-ရတနဝဂ် ၃-ဝိကာလဂါမပ္ပဝိသနသိက္ခာပုဒ်

၅၀၈။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ် သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် နေလွဲသောအခါ ရွာသို့ဝင်၍ ပွဲသဘင်၌ ထိုင်နေပြီးလျှင် မင်းဖိုလ်နှင့် ဗီလာဖြစ်သော စကားအမျိုးမျိုးကို ပြောဆို ကုန်၏။

ဤသည်ကား အဘယ်နည်း—

မင်းနှင့် စပ်သောစကား ခိုးသူနှင့် စပ်သောစကား မှူးမတ်နှင့် စပ်သောစကား စစ်သည်နှင့် စပ် သောစကား ကြောက်ဖွယ်ဘေးနှင့် စပ်သောစကား စစ်နှင့် စပ်သောစကား အစားနှင့် စပ်သော စကား အသောက်နှင့် စပ်သောစကား အဝတ်နှင့် စပ်သောစကား နေရာနှင့် စပ်သောစကား ပန်းနှင့် စပ်သောစကား နံ့သာနှင့် စပ်သောစကား ဆွေမျိုးနှင့် စပ်သောစကား ယာဉ်နှင့် စပ် သောစကား ရွာနှင့် စပ်သောစကား နိဂုံးနှင့် စပ်သောစကား မြို့နှင့် စပ်သောစကား နယ်နှင့် စပ်

http://www.dhammadownload.com



သောစကား မိန်းမနှင့် စပ်သောစကား ယောကျ်ားနှင့် စပ်သောစကား သူရဲကောင်းနှင့် စပ်သော စကား ခရီးဆိုနှင့် စပ်သောစကား ရေခပ်ဆိပ်နှင့် စပ်သောစကား သေလွန်သူနှင့် စပ်သော စကား အထွေထွေနှင့် စပ်သောစကား လောက (အကြောင်း) နှင့် စပ်သောစကား သမုဒ္ဒရာ (အကြောင်း) နှင့် စပ်သောစကား ကြီးပွါးခြင်း ဆုတ်ယုတ်ခြင်းနှင့် စပ်သော စကားတို့တည်း။

လူတို့သည် "အဘယ့်ကြောင့် သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့သည် နေလွဲသောအခါ ရွာသို့ဝင်၍ ပွဲသဘင်၌ ထိုင်နေပြီးလျှင် ကာမဂုဏ်ခံစားသော လူတို့ကဲ့သို့ မင်္ဂိုလ်နှင့် ဖိလာဖြစ်သော ထွေရာလေးပါး စကားအမျိုးမျိုးကို ပြောဆိုကုန်ဘိသနည်း၊ ဤသည်ကား အဘယ်နည်းဟူမူ မင်းနှင့် စပ်သောစကား ခိုးသူနှင့် စပ်သောစကား။ပ။ ကြီးပွါးခြင်း ဆုတ်ယုတ် ခြင်းနှင့် စပ်သောစကားတို့တည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ ရဟန်း တို့သည် ထိုလူတို့၏ ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုကြသော စကားတို့ကို ကြားကြသည်သာတည်း။

အလိုနည်းသော ရဟန်းတို့သည် "အဘယ့်ကြောင့် ဆဗ္ဗဂ္ဂီရဟန်းတို့သည် နေလွဲသောအခါ ရွာသို့ဝင်၍ ပွဲသဘင်၌ ထိုင်ပြီးလျှင် မင်္ဂိုလ်နှင့် ဖိလာဖြစ်သော ထွေရာလေးပါး စကားအမျိုးမျိုးကို ပြောဆိုကုန်ဘိသနည်း၊ ဤသည်ကား အဘယ်နည်းဟူမူ မင်းနှင့် စပ်သောစကား ခိုးသူနှင့် စပ်သော စကား။ပ။ ကြီးပွါးခြင်း ဆုတ်ယုတ်ခြင်းနှင့် စပ်သော စကားတို့တည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန် ၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

"ရဟန်းတို့ သင်တို့သည် နေလွဲသောအခါ၌ ရွာသို့ဝင်၍ ပွဲသဘင်၌ ထိုင်ပြီးလျှင် မင်္ဂိုလ်နှင့် ဖိလာဖြစ်သော ထွေရာလေးပါး စကားအမျိုးမျိုးကို ပြောဆိုကုန်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ (မင်္ဂိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ သင်တို့သည် အဘယ့်ကြောင့် နေလွဲသောအခါ ရွာသို့ဝင်၍ ပွဲသဘင်၌ ထိုင်နေပြီးလျှင် မင်္ဂိုလ်နှင့် ဖိလာဖြစ်သော ထွေရာလေးပါး စကားအမျိုးမျိုးကို ပြောဆိုကုန်ဘိသနည်း။ (မင်္ဂိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ ဤ (သင်တို့ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ၊ငှင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

**(က) "အကြင် ရဟန်းသည် နေလွဲသောအခါ၌ ရွာသို့ဝင်ငြားအံ့၊ (ထိုရဟန်းအား) ပါစိတ် အာပတ် သင့်၏"** ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

ဤသို့လျှင် မြတ်စွာဘုရားသည် ရဟန်းတို့အား ဤသိက္ခာပုဒ်ကို ပညတ်တော်မူ၏။

၅၀၉။ ထိုအခါ များစွာသော ရဟန်းတို့သည် ကောသလတိုင်း ဇနပုဒ်တို့၌ သာဝတ္ထိပြည်သို့ သွားသည်ရှိသော် ညချမ်းအခါ ရွာတရွာသို့ ရောက်ကုန်၏။ လူတို့သည် ထိုရဟန်းတို့ကို မြင်၍ "အသျှင် ဘုရားတို့ ရွာသို့ ဝင်တော်မူကုန်လော့" ဟု လျှောက်ကုန်၏။ ထိုအခါ ထိုရဟန်းတို့သည် "မြတ်စွာဘုရား သည် နေလွဲသော အခါ ရွာသို့ဝင်ခြင်းကို တားမြစ်တော်မူသောကြောင့် မအပ်" ဟု တွေးတောမှု 'သံသယကုက္ကုစ္စ' ရှိသည်ဖြစ်၍ မဝင်ကုန်၊ ခိုးသူတို့သည် ထိုရဟန်းတို့ကို လုယက်ကုန်၏။ ထိုအခါ

http://www.dhammadownload.com



ထိုရဟန်းတို့သည် သာဝတ္ထိပြည်သို့ သွား၍ ရဟန်းတို့အား ဤအကြောင်းကို ပြောကြားကုန်၏။ ရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ထိုအခါ မြတ်စွာဘုရား သည် ဤအကြောင်းအရာကြောင့် တရားစကားကို ဟောကြားတော်မူ၍ ရဟန်းတို့ကို "ရဟန်းတို့ နေလွဲသောအခါ ပန်ကြား၍ ရွာတွင်းသို့ ဝင်ခြင်းငှါ ခွင့်ပြုတော်မူ၏" ဟု မိန့်တော်မူ၏။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

**(ခ) "အကြင် ရဟန်းသည် နေလွဲသောအခါ မပန်ကြားမူ၍ ရွာတွင်းသို့ဝင်ငြားအံ့၊ (ထိုရဟန်းအား) ပါစိတ်အာပတ် သင့်၏"** ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

ဤသို့လျှင် မြတ်စွာဘုရားသည် ရဟန်းတို့အား ဤသိက္ခာပုဒ်ကို ပညတ်တော်မူ၏။

၅၁၀။ ထိုအခါ ရဟန်းတပါးသည် ကောသလတိုင်း ဇနပုဒ်တို့၌ သာဝတ္ထိပြည်သို့ သွားသည် ရှိသော် ညချမ်းအခါ ရွာတရွာသို့ ရောက်လေ၏။ လူတို့သည် ထိုရဟန်းကို မြင်၍ "အသျှင်ဘုရား ရွာတွင်းသို့ ဝင်တော်မူပါလော့" ဟု လျှောက်ကုန်၏။ ထိုအခါ ထိုရဟန်းသည် "မြတ်စွာဘုရားသည် နေလွဲသောအခါ မပန်ကြားပဲ ရွာတွင်းသို့ ဝင်ခြင်းကို တားမြစ်တော်မူသောကြောင့် မအပ်" ဟု တွေးတောမှု 'သံသယကုက္ကုစ္စ' ရှိသည်ဖြစ်၍ မဝင်ပဲနေ၏။ ခိုးသူတို့သည် ထိုရဟန်းကို လုယက်ယူ ကုန်၏။ ထိုအခါ ထိုရဟန်းသည် သာဝတ္ထိပြည်သို့ သွား၍ ရဟန်းတို့အား ဤအကြောင်းကို ပြော ကြား၏။ ရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် တရားစကားကို ဟောကြားတော်မူ၍ ရဟန်း တို့ကို—

"ရဟန်းတို့ နေလွဲသောအခါ၌ ထင်ရှားရှိသော ရဟန်းကို ပန်ကြား၍ ရွာတွင်းသို့ဝင်ခြင်းငှါ ခွင့်ပြုတော်မူ၏" ဟု မိန့်တော်မူ၏။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

**(ဂ) "အကြင် ရဟန်းသည် နေလွဲသောအခါ၌ ထင်ရှားရှိသော ရဟန်းကို မပန်ကြားမူ၍ ရွာတွင်းသို့ဝင်ငြားအံ့၊ (ထိုရဟန်းအား) ပါစိတ်အာပတ် သင့်၏"** ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

ဤသို့လျှင် မြတ်စွာဘုရားသည် ရဟန်းတို့အား ဤသိက္ခာပုဒ်ကို ပညတ်တော်မူ၏။

၅၁၁။ ထိုအခါ ရဟန်းတပါးကို မြွေကိုက်၏၊ အခြားရဟန်းတပါးသည် "မီးကို ဆောင်ယူအံ့" ဟု ရွာသို့ သွား၏။ ထိုအခါ ထိုရဟန်းသည် "မြတ်စွာဘုရားသည် နေလွဲသောအခါ ထင်ရှားရှိသော ရဟန်းကို မပန်ကြားပဲ ရွာတွင်းသို့ဝင်ခြင်းကို ပယ်တော်မူသောကြောင့် မအပ်" ဟု တွေးတောမှု 'သံသယကုက္ကုစ္စ' ရှိသည်ဖြစ်၍ မဝင်ပဲ နေ၏၊ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြ ကုန်၏။ ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် တရားစကားကို ဟောကြား တော်မူ၍ ရဟန်းတို့ကို—

http://www.dhammadownload.com



တို့ကိုတောင်းကုန်ဘိသနည်း။ ရဟန်းတို့ ဤ (ရဟန်းတို့ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ မဖြစ်။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

၁၃၅။ ၈၆-၅၁၇။ "အကြင် ရဟန်းသည် အရိုး အစွယ် ဦးချိုတို့ဖြင့် ပြီးသော အပ်ကျည်ကို ပြုလုပ်စေငြားအံ့၊ (ထိုရဟန်းအား) ခွဲပစ်ခြင်း ရှေးရှိသော ပါစိတ်အာပတ် သင့်၏" ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

## ၄-သူစိဃရသိက္ခာပုဒ် အဖွင့်

၅၁၈။ အကြင် ဟူသည် အကြင်သို့ သဘောရှိသော။ပ။

**ရဟန်း** ဟူသည်။ပ။ ဤအရာ၌ ဤဥပသမ္ပဒ်ကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သူကို "ရဟန်း" ဟူ၍ အလိုရှိအပ်၏။

**အရိုး** မည်သည် အမှတ်မရှိ တစုံတခုသော အရိုးတည်း။

**အစွယ်** မည်သည် ဆင်၏အစွယ်ကို ဆိုအပ်၏။

**ဦးချို** မည်သည် အမှတ်မရှိ တစုံတခုသော ဦးချိုတည်း။

**ပြုလုပ်စေငြားအံ့** ဟူသည် ပြုလုပ်မူလည်းပြုလုပ်အံ့၊ ပြုလုပ်စေမူလည်း ပြုလုပ်စေအံ့၊ ပယောဂတိုင်း ပယောဂတိုင်း ဒုက္ကဋ်အာပတ် သင့်၏။ ရခြင်းကြောင့် (အပ်ကျည်ကို) ခွဲဖျက်၍ ပါစိတ်အာပတ်ကို ဒေသနာကြားအပ်၏။

၅၁၉။ မိမိကိုယ်တိုင် ပြုလုပ်၍ မပြီးသေးသော အပ်ကျည်ကို မိမိကိုယ်တိုင်ပင် ပြုလုပ်၍ ပြီးဆုံးစေအံ့၊ ပါစိတ်အာပတ် သင့်၏။ မိမိကိုယ်တိုင် ပြုလုပ်၍ မပြီးသေးသော အပ်ကျည်ကို သူတပါးတို့ကို ပြုလုပ်၍ ပြီးဆုံးစေအံ့၊ ပါစိတ်အာပတ် သင့်၏။ သူတပါးတို့ ပြုလုပ်၍ မပြီးသေးသော အပ်ကျည်ကို မိမိကိုယ်တိုင် ပြုလုပ်၍ပြီးဆုံးစေအံ့၊ ပါစိတ်အာပတ် သင့်၏။ သူတပါးတို့ ပြုလုပ်၍ မပြီးသေးသော အပ်ကျည်ကို သူတပါးတို့ကိုပင် ပြုလုပ်၍ပြီးဆုံးစေအံ့၊ ပါစိတ်အာပတ် သင့်၏။

သူတပါး၏ အကျိုးငှါ ပြုလုပ်မူလည်းပြုလုပ်အံ့၊ ပြုလုပ်စေမူလည်း ပြုလုပ်စေအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ သူတပါး ပြုလုပ်သော အပ်ကျည်ကိုရ၍ သုံးဆောင်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

၅၂၀။ အနာပတ်သီး မီးပွတ်လေး ခါးပန်းသီး မျက်စဉ်းကျည် မျက်စဉ်းတံ ပဲခွပ်ရိုး ရေသုတ်တို့၌ အာပတ် မသင့်၊ ရူးသောရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

စတုတ္ထ သူစိဃရသိက္ခာပုဒ် ပြီး၏။

---

## ၉-ရတနဝဂ် ၅-မဉ္စပီဌသိက္ခာပုဒ်

၅၂၁။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန် ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ သာကီဝင် မင်းသား ဥပနန္ဒသည် မြင့်သော ညောင်စောင်း၌အိပ်၏။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းအပေါင်းများစွာတို့နှင့်

http://www.dhammadownload.com



အတူ ကျောင်းစဉ်ဒေသစာရီ လှည့်လည်သည်ရှိသော် သာကီဝင်မင်းသား အသျှင်ဥပနန္ဒ၏ကျောင်းသို့ ချဉ်းကပ်တော်မူ၏။ သာကီဝင်မင်းသား အသျှင်ဥပနန္ဒသည် မြတ်စွာဘုရား ကြွလာတော်မူသည်ကို အဝေးကပင်လျှင်မြင်၍ "အသျှင်ဘုရား ကြွလာတော်မူပါ၊ အကျွန်ုပ်၏ အိပ်ရာကို ကြည့်တော်မူပါ" ဟု လျှောက်၏။

ထိုအခါ မြတ်စွာဘုရားသည် ထိုအရပ်ကပင်လျှင် ပြန်လှည့်တော်မူ၍ "ရဟန်းတို့ နေထိုင်ပုံ (အမူအရာ) အားဖြင့် (မင်္ဂဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား ဟု သိထိုက်၏" ဟု မိန့်တော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် သာကီဝင်မင်းသား အသျှင်ဥပနန္ဒကို များစွာသော အကြောင်းဖြင့် ကဲ့ရဲ့ ပြစ်တင်တော်မူပြီးလျှင် ကိုယ်တိုင် ပြုဖုမွေးမြူရန် ခက်ခဲခြင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

၁၃၆။ ၇၃-၅၂၂။ "**ညောင်စောင်းသစ် ကိုသော်ငင်း အင်းပျဉ်သစ် ကိုသော်ငင်း ပြုလုပ်လိုသော ရဟန်းသည် အပေါင် 'ဘောင်' အောက်စွန်းကို ကြဉ်၍ မြတ်စွာဘုရား လက်သစ်တော်ဖြင့် ရှစ်သစ်အခြေရှိသော ညောင်စောင်း အင်းပျဉ်ကို ပြုလုပ်စေရမည်၊ ထိုလက်ရှစ်သစ် အခြေထက် လွန်စေသော ရဟန်းအား ဖြတ်ခြင်း ရှေးရှိသော ပါစိတ်အာပတ် သင့်၏**" ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

## ၅-မဉ္စပီဌသိက္ခာပုဒ် အဖွင့်

၅၂၃။ **အသစ်** မည်သည် ပြုလုပ်ခြင်းကို စွဲ၍ ဆို၏။

**ညောင်စောင်း** မည်သည် အခြေ၌အပေါင်စွပ်သော ညောင်စောင်း၊ ထုပ်လျှောက်ဖွဲ့သော ညောင်စောင်း၊ ကောက်သော အခြေရှိသော ညောင်စောင်း၊ အပေါင်၌ အခြေစွပ်သော ညောင်စောင်းဟူ၍ ညောင်စောင်း လေးမျိုးရှိ၏။

**အင်းပျဉ် 'ခုံရှည်'** မည်သည် အခြေ၌ အပေါင်စွပ်သော အင်းပျဉ်၊ ထုပ်လျှောက်ဖွဲ့သော အင်းပျဉ်၊ ကောက်သော အခြေရှိသော အင်းပျဉ်၊ အပေါင်၌ အခြေစွပ်သော အင်းပျဉ်ဟူ၍ အင်းပျဉ် လေးမျိုးရှိ၏။

**ပြုလုပ်လိုသောရဟန်း** ဟူသည် ပြုသောရဟန်းသော်ငင်း ပြုစေသောရဟန်းသော်ငင်း။

**အပေါင် 'ဘောင်' အောက်စွန်းကို ကြဉ်၍ မြတ်စွာဘုရား လက်သစ်တော်ဖြင့် ရှစ်သစ် အရှည်ရှိသော ညောင်စောင်း အင်းပျဉ်ကို ပြုလုပ်စေရမည်** ဟူသည် အပေါင်အောက်ဆုံးစွန်းကို ဖယ်ထား၍။

ထိုလက်ရှစ်သစ် အခြေထက်လွန်စေ၍ ပြုလုပ်မူလည်း ပြုလုပ်ငြားအံ့၊ ပြုလုပ်စေမူလည်းပြုလုပ်စေငြားအံ့၊ ပယောဂတိုင်း ပယောဂတိုင်း ဒုက္ကဋ်အာပတ် သင့်၏။ ရခြင်းကြောင့် (ညောင်စောင်း အင်းပျဉ်ကို) ဖြတ်တောက်၍ ပါစိတ်အာပတ်ကို ဒေသနာ ကြားအပ်၏။

၅၂၄။ ကိုယ်တိုင်ပြုလုပ်၍ မပြီးသေးသော ညောင်စောင်း အင်းပျဉ်ကို ကိုယ်တိုင်ပင် ပြုလုပ်ပြီး ဆုံးစေအံ့၊ ပါစိတ်အာပတ် သင့်၏။ ကိုယ်တိုင်ပြုလုပ်၍ မပြီးသေးသော ညောင်စောင်း အင်းပျဉ်ကို သူတပါးတို့ကို ပြုလုပ်ပြီးဆုံးစေအံ့၊ ပါစိတ်အာပတ် သင့်၏။ သူတပါးတို့ ပြုလုပ်၍မပြီးသေးသော ညောင်

http://www.dhammadownload.com



စောင်း အင်းပျဉ်ကို ကိုယ်တိုင်ပြုလုပ်ပြီးဆုံးစေအံ့၊ ပါစိတ်အာပတ် သင့်၏။ သူတပါးတို့ ပြုလုပ်၍မပြီးသေးသော ညောင်စောင်း အင်းပျဉ်ကို သူတပါးတို့ကိုပင် ပြုလုပ်ပြီးဆုံးစေအံ့၊ ပါစိတ်အာပတ် သင့်၏။

သူတပါး၏ အကျိုးငှါ ပြုလုပ်မှုလည်းပြုလုပ်အံ့၊ ပြုလုပ်စေမှုလည်း ပြုလုပ်စေအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ သူတပါး ပြုလုပ်ထားသော ညောင်စောင်း အင်းပျဉ်ကို ရ၍သုံးဆောင်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

၅၂၅။ အတိုင်းအရှည် ပမာဏနှင့် ယှဉ်သော ညောင်စောင်း အင်းပျဉ်ကို ပြုလုပ်အံ့၊ အတိုင်းအရှည်အောက် ယုတ်လျော့သော ညောင်စောင်း အင်းပျဉ်ကို ပြုလုပ်အံ့၊ သူတပါးပြုလုပ်သော အတိုင်းအရှည်ထက် ပိုလွန်သော ညောင်စောင်း အင်းပျဉ်ကို ရသောအခါ ဖြတ်၍ သုံးဆောင်အံ့၊ အာပတ် မသင့်၊ ရူးသောရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

ပဌမ မဥ္စပီဌသိက္ခာပုဒ် ပြီး၏။

---

## ၉-ရတနဝဂ် ၆-တူလောနဒ္ဓသိက္ခာပုဒ်

၅၂၆။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ညောင်စောင်းကိုရှင်း အင်းပျဉ်ကိုရှင်း လဲဖြင့် ဖွဲ့ရှက်ကာ ပြုလုပ်ကုန်၏။ ကျောင်းစဉ် လှည့်လည်သော လူတို့သည်မြင်သဖြင့် "သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့သည် ကာမဂုဏ်ခံစားသော လူတို့ကဲ့သို့ အဘယ့်ကြောင့် ညောင်စောင်းကိုရှင်း အင်းပျဉ်ကိုရှင်း လဲဖြင့်ဖွဲ့ရှက်၍ ပြုလုပ်ကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

ရဟန်းတို့သည် ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုကြသော ထိုလူတို့၏စကားကို ကြားကြသည်သာ တည်း။ အလိုနည်းသော ရဟန်းတို့သည် "အဘယ့်ကြောင့် ဆဗ္ဗဂ္ဂီရဟန်းတို့သည် ညောင်စောင်းကိုရှင်း အင်းပျဉ်ကိုရှင်း လဲဖြင့်ဖွဲ့ရှက်၍ ပြုလုပ်ကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ သင်တို့သည် ညောင်စောင်းကိုရှင်း အင်းပျဉ်ကိုရှင်း လဲဖြင့်ဖွဲ့ရှက်၍ ပြုလုပ်ကုန်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ (မင်းဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ သင်တို့သည် အဘယ့်ကြောင့် ညောင်စောင်းကိုရှင်း အင်းပျဉ်ကိုရှင်း လဲဖြင့်ဖွဲ့ရှက်၍ ပြုလုပ်စေဘိသနည်း။ (မင်းဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ ဤ (သင်တို့ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ မဟုတ်။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

၁၃၇။ ဂဂ-၅၂၇။ "အကြင် ရဟန်းသည် ညောင်စောင်းကိုရှင်း အင်းပျဉ်ကိုရှင်း လဲဖြင့် ဖွဲ့ရှက်၍ပြုလုပ်စေခြင်းအံ့၊ (ထိုရဟန်းအား) လဲကို ထုတ်ခြင်း ရှေးရှိသော ပါစိတ် အာပတ် သင့်၏" ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

http://www.dhammadownload.com



## ၆-တူလောနဒ္ဓသိက္ခာပုဒ် အဖွင့်

၅၂၈။ **အကြင် ဟူသည် အကြင်သို့ သဘောရှိသော။ပ။**

**ရဟန်း ဟူသည်။ပ။** ဤအရာ၌ ဤဥ တ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သူကို "ရဟန်း" ဟူ၍ အလိုရှိအပ်၏။

**ညောင်စောင်း** မည်သည် အခြေ၌ အပေါင်စွပ်သော ညောင်စောင်း၊ ထုပ်လျောက်ဖွဲ့သော ညောင်စောင်း၊ ကောက်သော အခြေရှိသော ညောင်စောင်း၊ အပေါင်၌ အခြေစွပ်သော ညောင်စောင်းဟူ၍ ညောင်စောင်း လေးမျိုးရှိ၏။

**အင်းပျဉ်** မည်သည် အခြေ၌ အပေါင်စွပ်သော အင်းပျဉ်၊ ထုပ်လျောက်ဖွဲ့သော အင်းပျဉ်၊ ကောက်သော အခြေရှိသော အင်းပျဉ်၊ အပေါင်၌ အခြေစွပ်သော အင်းပျဉ်ဟူ၍ အင်းပျဉ်လေးမျိုး ရှိ၏။

**လဲ** မည်သည် သစ်ပင်လဲ နွယ်လဲ ဖောင်းခါးမြက်လဲ ဟူ၍ လဲသုံးမျိုးရှိ၏။

**ပြုလုပ်စေငြားအံ့** ဟူသည် ပြုလုပ်မူလည်း ပြုလုပ်အံ့၊ ပြုလုပ်စေမူလည်း ပြုလုပ်စေအံ့၊ ပယောဂ တိုင်း ပယောဂတိုင်း ဒုက္ကဋ်အာပတ် သင့်၏။ ရခြင်းကြောင့် (လဲကို) ထုတ်၍ ပါစိတ်အာပတ်ကို ဒေသနာကြားအပ်၏။

၅၂၉။ မိမိပြုလုပ်၍ မပြီးသေးသော ညောင်စောင်း အင်းပျဉ်ကို မိမိသည်ပင် ပြီးဆုံးစေအံ့၊ ပါစိတ်အာပတ် သင့်၏။ မိမိပြုလုပ်၍ မပြီးသေးသော ညောင်စောင်း အင်းပျဉ်ကို သူတပါးတို့ကို ပြီးဆုံး စေအံ့၊ ပါစိတ်အာပတ် သင့်၏။ သူတပါးတို့ ပြုလုပ်၍မပြီးသေးသော ညောင်စောင်း အင်းပျဉ်ကို မိမိသည် ပြီးဆုံးစေအံ့၊ ပါစိတ်အာပတ် သင့်၏။ သူတပါးတို့ ပြုလုပ်၍ မပြီးသေးသော ညောင်စောင်း အင်းပျဉ်ကို သူတပါးတို့ကိုပင် ပြီးဆုံးစေအံ့၊ ပါစိတ်အာပတ် သင့်၏။

သူတပါးအကျိုးငှါ ပြုလုပ်မူလည်း ပြုလုပ်အံ့၊ ပြုလုပ်စေမူလည်း ပြုလုပ်စေအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ သူတပါးတို့ ပြုလုပ်သော ညောင်စောင်း အင်းပျဉ်ကို ရ၍သုံးဆောင်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

၅၃၀။ အာယောဂပတ်၌ရင်း ခါးပန်း၌ရင်း အံသကိုဋ်၌ရင်း သပိတ်အိတ်၌ရင်း ရေစစ်၌ရင်း အာပတ် မသင့်၊ ခေါင်းအုံးကိုပြုလုပ်အံ့၊ သူတပါးတို့ ပြုလုပ်သော ညောင်စောင်း အင်းပျဉ်ကိုရသဖြင့် လဲကိုထုတ်၍ သုံးဆောင်အံ့၊ အာပတ် မသင့်၊ ရူးသောရဟန်း အစလက်ဦး လွန်ကျူးသောရဟန်း တို့အားလည်း အာပတ် မသင့်။

ဆဋ္ဌ တူလောနဒ္ဓသိက္ခာပုဒ် ပြီး၏။

---

## ၉-ရတနဝဂ် ၇-နိသီဒနသိက္ခာပုဒ်

၅၃၁။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံ ဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ မြတ်စွာဘုရားသည် ရဟန်းတို့အား နိသီဒိုင်ကို ခွင့်ပြုတော်မူ၏။ ဆဗ္ဗဂ္ဂီရဟန်းတို့သည် "နိသီဒိုင်ကို မြတ်စွာဘုရား ခွင့်ပြုအပ်ပြီ" ဟု အတိုင်း

http://www.dhammadownload.com



အရှည် ပမာဏမရှိသော နိသီဒိုင်တို့ကို ဆောင်ကြကုန်၏၊ ညောင်စောင်း အင်းပျဉ်တို့၏ ရှေ့မှသော်၎င်း နောက်မှသော်၎င်း တွဲရရွဲ ဆွဲကုန်၏။

အလိုနည်းသော ရဟန်းတို့သည် "အဘယ့်ကြောင့် ဆဗ္ဗဂ္ဂီရဟန်းတို့သည် အတိုင်းအရှည် ပမာဏ မရှိပဲ နိသီဒိုင်ကို ဆောင်ကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ သင်တို့သည် အတိုင်းအရှည် ပမာဏ မရှိကုန်သော နိသီဒိုင်တို့ကို ဆောင်ကုန်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ (မင်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ သင်တို့သည် အဘယ့်ကြောင့် အတိုင်းအရှည် ပမာဏ မရှိသော နိသီဒိုင်တို့ကို ဆောင်ကုန်ဘိသနည်း။ (မင်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ ဤ (သင်တို့ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ၎င်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

(က) **"နိသီဒိုင်ကို ပြုလုပ်လိုသောရဟန်းသည် အတိုင်းအရှည်ပမာဏနှင့်ယှဉ်သော နိသီဒိုင်ကို ပြုလုပ်ရမည်၊ ထိုနိသီဒိုင်၌ ဤဆိုလတ္တံ့သည်ကား ပမာဏတည်း၊ မြတ်စွာဘုရား အထွာတော်ဖြင့် အလျားနှစ်ထွာ အနံ တထွာခွဲတည်း၊ ထို ပမာဏကို လွန်စေသော ရဟန်းအား ဖြတ်ခြင်း ရှေးရှိသော ပါစိတ်အာပတ် သင့်၏"** ဤသို့ (ပြကြကုန်လော့ ဟုမိန့်တော်မူ၏)။

ဤသို့လျှင် မြတ်စွာဘုရားသည် ရဟန်းတို့အား ဤသိက္ခာပုဒ်ကို ပညတ်တော်မူ၏။

၅၃၂။ ထိုအခါ၌ အသျှင်ဥဒါယီသည် ကြီးသော ကိုယ်ကာယရှိ၏။ ထိုဥဒါယီသည် မြတ်စွာဘုရား၏ ရှေ့မှ နိသီဒိုင်ကို ခင်း၍ ထက်ဝန်းကျင်မှ ဆွဲဖြန့်လျက် ထိုင်၏။ ထိုအခါ မြတ်စွာဘုရားသည် အသျှင်ဥဒါယီကို "ဥဒါယီ သင်သည် အဘယ့်ကြောင့် နိသီဒိုင်ကို ထက်ဝန်းကျင်မှ ဆွဲဖြန့်ဘိသနည်း၊ ရှေးဟောင်း သားရေသမားကဲ့သို့တည်း" ဟု မိန့်တော်မူ၏။

အသျှင်ဘုရား မြတ်စွာဘုရားသည် အလွန်ငယ်သော နိသီဒိုင်ကို ခွင့်ပြုထားတော်မူသောကြောင့် ပါတည်း ဟု (လျှောက်၏)။ ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် တရားစကားကို ဟောကြားတော်မူ၍ ရဟန်းတို့ကို—"ရဟန်းတို့ နိသီဒိုင်၌ တထွာရှိသော အဆာအမြိတ်ကို ခွင့်ပြုတော်မူ၏" ဟု မိန့်တော်မူ၏။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

၁၃၇။ ၈၉-(ခ)၅၃၃။ **"နိသီဒိုင်ကို ပြုလုပ်လိုသော ရဟန်းသည် အတိုင်းအရှည် ပမာဏနှင့်ယှဉ်သော နိသီဒိုင်ကို ပြုလုပ်ရမည်၊ ထို နိသီဒိုင်၌ ဤဆိုလတ္တံ့သည်ကား ပမာဏတည်း မြတ်စွာဘုရား အထွာတော်ဖြင့် အလျားနှစ်ထွာ အနံတထွာခွဲ အဆာအမြိတ်ကား တထွာတည်း၊ ထိုပမာဏကို လွန်စေသော ရဟန်းအား ဖြတ်ခြင်း ရှေးရှိသော ပါစိတ်အာပတ် သင့်၏"** ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

http://www.dhammadownload.com



## ၇-နိသီဒနသိက္ခာပုဒ် အဖွင့်

၅၃၄။ **နိသီဒိုင် မည်သည် အဆာအမြိတ်ရှိသော နိသီဒိုင်အခင်းကို ဆိုအပ်၏။**

ပြုလုပ်လိုသော ရဟန်း ဟူသည် ပြုသော်ငြား ပြုစေသော်ငြား အတိုင်းအရှည် ပမာဏနှင့်ယှဉ်သော နိသီဒိုင်ကို ပြုလုပ်အပ်၏။

ထိုနိသီဒိုင်၌ ဤဆိုလတ္တံ့သည်ကား အတိုင်းအရှည်ပမာဏတည်း၊ မြတ်စွာဘုရား အထွာတော်ဖြင့် အလျားမှ နှစ်ထွာတို့တည်း၊ အနံကား တထွာခွဲတည်း၊ အဆာအမြိတ်ကား တထွာတည်း၊ ထိုအတိုင်းအရှည်ပမာဏကို လွန်စေ၍ ပြုလုပ်မူလည်း ပြုလုပ်အံ့၊ ပြုလုပ်စေမူလည်း ပြုလုပ်စေအံ့၊ ပယောဂတိုင်း ပယောဂတိုင်း ဒုက္ကဋ်အာပတ် သင့်၏။ ရခြင်းကြောင့် (ပမာဏထက် လွန်သည်ကို) ဖြတ်၍ ပါစိတ်အာပတ်ကို ဒေသနာ ကြားအပ်၏။

၅၃၅။ မိမိပြုလုပ်၍ မပြီးသေးသော နိသီဒိုင်ကို မိမိသည်ပင် ပြီးဆုံးစေအံ့၊ ပါစိတ်အာပတ် သင့်၏။ မိမိပြုလုပ်၍ မပြီးသေးသော နိသီဒိုင်ကို သူတပါးတို့ကို ပြီးဆုံးစေအံ့၊ ပါစိတ်အာပတ် သင့်၏။ သူတပါးတို့ ပြုလုပ်၍မပြီးသေးသော နိသီဒိုင်ကို မိမိသည် ပြီးဆုံးစေအံ့၊ ပါစိတ်အာပတ် သင့်၏။ သူတပါးတို့ ပြုလုပ်၍ မပြီးသေးသော နိသီဒိုင်ကို သူတပါးတို့ကိုပင် ပြီးဆုံးစေအံ့၊ ပါစိတ် အာပတ် သင့်၏။

သူတပါး၏ အကျိုးငှါ ပြုလုပ်မူလည်း ပြုလုပ်အံ့၊ ပြုလုပ်စေမူလည်း ပြုလုပ်စေအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ သူတပါး ပြုလုပ်သော နိသီဒိုင်ကို ရ၍ သုံးဆောင်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

၅၃၆။ အတိုင်းအရှည်ပမာဏနှင့် ယှဉ်သော နိသီဒိုင်ကို ပြုလုပ်အံ့၊ အတိုင်းအရှည် ပမာဏအောက် ယုတ်လျော့သော နိသီဒိုင်ကို ပြုလုပ်အံ့၊ သူတပါးပြုလုပ်ထားသော ပမာဏထက် ပိုလွန်သော နိသီဒိုင်ကို ရသော် ဖြတ်၍ သုံးဆောင်အံ့၊ ဗိတာန်မျက်နှာကြက်ကိုငြား၊ မြေအခင်းကိုငြား၊ တင်းတိမ်အကာကိုငြား၊ ဘုံလျှို 'ဖုံ'ကိုငြား၊ ခေါင်းအုံးကို ငြား၊ ပြုလုပ်အံ့၊ အာပတ် မသင့်၊ ရူးသော ရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

သတ္တမ နိသီဒနသိက္ခာပုဒ် ပြီး၏။

## ၉-ရတနဝဂ် ၈-ကဏ္ဍုပ္ပဋိစ္ဆာဒိသိက္ခာပုဒ်

၅၃၇။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ မြတ်စွာဘုရားသည် ရဟန်းတို့အား အမာလွှမ်း 'အနာဖုံးလွှမ်းသော' သင်္ကန်းကို ခွင့်ပြုတော်မူ၏။ ဆဗ္ဗဂ္ဂီရဟန်းတို့သည် "အမာလွှမ်း သင်္ကန်းကို မြတ်စွာဘုရား ခွင့်ပြုအပ်ပြီ" ဟု အတိုင်းအရှည် ပမာဏမရှိသော အမာလွှမ်း သင်္ကန်းတို့ကို ဆောင်ကုန်၏၊ ရှေ့မှငြား နောက်မှငြား (ဒရွပ်တိုက်)ဆွဲငင်ကုန်လျက် လှည့်လည်ကုန်၏။

အလိုနည်းသော ရဟန်းတို့သည် "အဘယ့်ကြောင့် ဆဗ္ဗဂ္ဂီရဟန်းတို့သည် အတိုင်းအရှည်ပမာဏ မရှိသော အမာလွှမ်း သင်္ကန်းတို့ကို ဆောင်ကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

http://www.dhammadownload.com



"ရဟန်းတို့ သင်တို့သည် အတိုင်းအရှည် ပမာဏမရှိသော အမာလွှမ်း သင်္ကန်းတို့ကို ဆောင်ကုန်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ (မင်္ဂဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ သင်တို့သည် အဘယ့်ကြောင့် အတိုင်းအရှည် ပမာဏမရှိသော အမာလွှမ်း သင်္ကန်းတို့ကို ဆောင်ကုန်ဘိသနည်း။ (မင်္ဂဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ ဤ (သင်တို့ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

**၁၃၉။ ၉၀-၅၃၈။ "အမာလွှမ်း သင်္ကန်းကို ပြုလုပ်လိုသော ရဟန်းသည် အတိုင်းအရှည် ပမာဏနှင့်ယှဉ်သော အမာလွှမ်း သင်္ကန်းကို ပြုလုပ်ရမည်၊ ထို အမာလွှမ်းသင်္ကန်း၌ ဤဆိုလတ္တံ့သည်ကား ပမာဏတည်း၊ မြတ်စွာဘုရား အထွာတော်ဖြင့် အလျားလေးထွာ၊ အနံနှစ်ထွာတို့တည်း၊ ထို ပမာဏကို လွန်စေသော ရဟန်းအား ဖြတ်ခြင်း ရှေးရှိသော ပါစိတ်အာပတ် သင့်၏" ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။**

## ၈-ကဏ္ဍုပ္ပဋိစ္ဆာဒိသိက္ခာပုဒ် အဖွင့်

၅၃၉။ အမာလွှမ်းသင်္ကန်း မည်သည် အကြင်ရဟန်း၏ ချက်မှအောက် ပုဆစ်ဒူးဝန်းမှ အထက်၌ ရှိသော ဝဲနာ အိုင်းအနာ အရိယိုသောအနာ ဝဲကြီးနာတို့ကို ဖုံးလွှမ်းခြင်းငှါ ပြုလုပ်ထားသော သင်္ကန်းတည်း။

ပြုလုပ်လိုသောရဟန်း ဟူသည် ပြုသော်ရင်း ပြုစေသော်ရင်း အတိုင်းအရှည်ပမာဏနှင့် ယှဉ်သော အမာလွှမ်း သင်္ကန်းကို ပြုလုပ်ရမည်။ ထိုအမာလွှမ်း သင်္ကန်း၌ ဤဆိုလတ္တံ့သည်ကား အတိုင်းအရှည် ပမာဏတည်း၊ မြတ်စွာဘုရား၏ အထွာတော်ဖြင့် အလျားလေးထွာ၊ အနံနှစ်ထွာတို့တည်း၊ ထိုအတိုင်းအရှည်ကို လွန်စေ၍ ပြုလုပ်မူလည်း ပြုလုပ်အံ့၊ ပြုလုပ်စေမူလည်း ပြုလုပ်စေအံ့၊ ပယောဂတိုင်း ပယောဂတိုင်း ဒုက္ကဋ်အာပတ် သင့်၏။ ရခြင်းကြောင့် (ပမာဏထက် လွန်သည်ကို) ဖြတ်၍ ပါစိတ်အာပတ်ကို ဒေသနာ ကြားအပ်၏။

၅၄၀။ မိမိပြုလုပ်၍ မပြီးသေးသော အမာလွှမ်းသင်္ကန်းကို မိမိသည်ပင် ပြီးဆုံးစေအံ့၊ ပါစိတ်အာပတ် သင့်၏။ မိမိပြုလုပ်၍ မပြီးသေးသော အမာလွှမ်း သင်္ကန်းကို သူတပါးတို့ကို ပြီးဆုံးစေအံ့၊ ပါစိတ်အာပတ် သင့်၏။ သူတပါးတို့ ပြုလုပ်၍မပြီးသေးသော အမာလွှမ်း သင်္ကန်းကို မိမိသည်ပြီးဆုံးစေအံ့၊ ပါစိတ်အာပတ် သင့်၏။ သူတပါးတို့ ပြုလုပ်၍မပြီးသေးသော အမာလွှမ်းသင်္ကန်းကို သူတပါးတို့ကိုပင် ပြီးဆုံးစေအံ့၊ ပါစိတ်အာပတ် သင့်၏။

သူတပါးအကျိုးငှါ ပြုလုပ်သော်ရင်း ပြုလုပ်စေသော်ရင်း ဒုက္ကဋ်အာပတ် သင့်၏။ သူတပါး ပြုလုပ်ပြီးသော အမာလွှမ်းသင်္ကန်းကိုရ၍ သုံးဆောင်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

http://www.dhammadownload.com



၅၄၁။ အတိုင်းအရှည် ပမာဏနှင့်ယှဉ်သော အမာလွှမ်းသက်န်းကို ပြုလုပ်အံ့၊ အတိုင်းအရှည် ပမာဏအောက် ယုတ်လျော့သော အမာလွှမ်းသက်န်းကို ပြုလုပ်အံ့၊ သူတပါးပြုလုပ်သော ပမာဏထက် ပိုလွန်သော အမာလွှမ်းသက်န်းကို ရသော် ဖြတ်၍ သုံးဆောင်အံ့၊ ဇိတာန်မျက်နှာကြက်ကိုဖြင်း မြေအခင်းကိုဖြင်း တင်းတိမ်အကာအရံကိုဖြင်း ဘုံလျှိုကိုဖြင်း ခေါင်းအုံးကိုဖြင်း ပြုလုပ်အံ့၊ အာပတ် မသင့်၊ ရူးသောရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

အဋ္ဌမ ကဏ္ဍုပ္ပဋိစ္ဆာဒိသိက္ခာပုဒ် ပြီး၏။

---

## ၉-ရတနဝဂ် ၉-ဝဿိကသာဋိကသိက္ခာပုဒ်

၅၄၂။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံ ဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ မြတ်စွာဘုရားသည် ရဟန်းတို့အား မိုးရေခံ သက်န်းကို ခွင့်ပြုတော်မူ၏။ ဆဗ္ဗဂ္ဂီရဟန်းတို့သည် "မိုးရေခံသက်န်းကို မြတ်စွာဘုရား ခွင့်ပြု အပ်ပြီ" ဟု အတိုင်းအရှည်ပမာဏ မရှိသော မိုးရေခံသက်န်းတို့ကို ဆောင်ကုန်၏၊ ရှေ့မှဖြင်း နောက်မှ ဖြင်း (ဒရွပ်တိုက်) ဆွဲငင်ကုန်လျက် လှည့်လည်ကုန်၏။

အလိုနည်းသော ရဟန်းတို့သည် "အဘယ့်ကြောင့် ဆဗ္ဗဂ္ဂီရဟန်းတို့သည် အတိုင်းအရှည် ပမာဏ မရှိသော မိုးရေခံသက်န်းတို့ကို ဆောင်ကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြော ဆိုကြကုန်၏။ပ။

"ရဟန်းတို့ သင်တို့သည် အတိုင်းအရှည် ပမာဏ မရှိသော မိုးရေခံ သက်န်းတို့ကို ဆောင်ကုန်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ သင်တို့သည် အဘယ့်ကြောင့် အတိုင်းအရှည်ပမာဏ မရှိသော မိုးရေခံ သက်န်းတို့ကို ဆောင်ကုန်ဘိသနည်း။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ ဤ (သင်တို့ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ ဖြင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

၁၄၀။ ၉၁-၅၄၃။ "မိုးရေခံ သက်န်းကို ပြုလုပ်လိုသော ရဟန်းသည် အတိုင်း အရှည် ပမာဏနှင့်ယှဉ်သော မိုးရေခံသက်န်းကို ပြုလုပ်ရမည်၊ ထိုမိုးရေခံသက်န်း၌ ဤဆိုလတ္တံ့သည် ကား အတိုင်းအရှည်ပမာဏတည်း၊ မြတ်စွာဘုရား၏ အထွာတော်ဖြင့် အလျား ခြောက်ထွာ အနံနှစ်ထွာခွဲတို့တည်း၊ ထိုအတိုင်းအရှည်ပမာဏကို လွန်စေသော ရဟန်းအား ဖြတ်ခြင်း ရှေးရှုသော ပါစိတ်အာပတ် သင့်၏" ဤသို့(ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

http://www.dhammadownload.com



## ၉-ဝဿိကသာဋိကသိက္ခာပုဒ် အဖွင့်

၃၄၄။ **မိုးရေခံသင်္ကန်း** မည်သည် မိုးလေးလ အကျိုးငှါ ပြုလုပ်ထားသော သင်္ကန်းတည်း။

**ပြုလုပ်လိုသော ရဟန်း** ဟူသည် ပြုသော်၎င်း ပြုစေသော်၎င်း အတိုင်းအရှည်ပမာဏနှင့် ယှဉ်သော မိုးရေခံ သင်္ကန်းကို ပြုလုပ်ရမည်၊ ထိုမိုးရေခံ သင်္ကန်း၌ ဤဆိုလတ္တံ့သည်ကား အတိုင်းအရှည် ပမာဏတည်း၊ မြတ်စွာဘုရား၏ အထွာတော်အားဖြင့် အလျားခြောက်ထွာ အနံ နှစ်ထွာခွဲတို့တည်း၊ ထိုအတိုင်းအရှည် ပမာဏကို လွန်စေ၍ ပြုလုပ်မူလည်း ပြုလုပ်အံ့၊ ပြုလုပ်စေမူလည်း ပြုလုပ်စေအံ့၊ ပယောဂတိုင်း ပယောဂတိုင်း ဒုက္ကဋ်အာပတ် သင့်၏။ ရခြင်းကြောင့် (ပမာဏထက် ပိုလွန်သည်ကို) ဖြတ်၍ ပါစိတ်အာပတ်ကို ဒေသနာ ကြားအပ်၏။

၃၄၅။ မိမိပြုလုပ်၍ မပြီးသေးသော မိုးရေခံ သင်္ကန်းကို မိမိသည်ပင်လျှင် ပြီးဆုံးစေအံ့၊ ပါစိတ်အာပတ် သင့်၏။ မိမိပြုလုပ်၍ မပြီးသေးသော မိုးရေခံ သင်္ကန်းကို သူတပါးတို့ကို ပြီးဆုံးစေအံ့၊ ပါစိတ်အာပတ် သင့်၏။ သူတပါးတို့ ပြုလုပ်၍ မပြီးသေးသော မိုးရေခံ သင်္ကန်းကို မိမိသည် ပြီးဆုံးစေအံ့၊ ပါစိတ်အာပတ် သင့်၏။ သူတပါးတို့ ပြုလုပ်၍ မပြီးသေးသော မိုးရေခံ သင်္ကန်းကို သူတပါးတို့ကိုပင် ပြီးဆုံးစေအံ့၊ ပါစိတ်အာပတ် သင့်၏။

သူတပါး၏ အကျိုးငှါ ပြုလုပ်မူလည်း ပြုလုပ်အံ့၊ ပြုလုပ်စေမူလည်း ပြုလုပ်စေအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ သူတပါးပြုလုပ်သော မိုးရေခံ သင်္ကန်းကိုရ၍ သုံးဆောင်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

၃၄၆။ အတိုင်းအရှည် ပမာဏနှင့် ယှဉ်သော မိုးရေခံသင်္ကန်းကို ပြုလုပ်အံ့၊ အတိုင်းအရှည် ပမာဏအောက် ယုတ်လျော့သော မိုးရေခံသင်္ကန်းကို ပြုလုပ်အံ့၊ သူတပါး ပြုလုပ်ထားသော အတိုင်းအရှည် ပမာဏထက် ပိုလွန်သော မိုးရေခံသင်္ကန်းကို ရသော် ဖြတ်၍ သုံးဆောင်အံ့၊ ဇိတာန် မျက်နှာကြက်ကိုင်၎င်း မြေအခင်းကို၎င်း တင်းတိမ် အကာအရံကို၎င်း ဘုံလျှိုကို၎င်း ခေါင်းအုံးကို၎င်း ပြုလုပ်အံ့၊ အာပတ် မသင့်၊ ရူးသော ရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

နဝမ ဝဿိကသာဋိကသိက္ခာပုဒ် ပြီး၏။

---

## ၉-ရတနဝဂ် ၁၀-နန္ဒသိက္ခာပုဒ်

၃၄၇။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ မြတ်စွာဘုရား၏ မိထွေးတော်သားဖြစ်သော အသျှင်နန္ဒသည် သာလွန်သော အဆင်းရှိ၏၊ ရှုချင်ဖွယ်ရှိ၏၊ ကြည်ညိုဖွယ်ရှိ၏၊ မြတ်စွာဘုရားအောက် လက်လေးသစ် ယုတ်လျော့၏၊ ထိုအသျှင်နန္ဒသည် မြတ်စွာဘုရား သင်္ကန်းတော်ပမာဏရှိသော သင်္ကန်းကို ဆောင်၏။

မထေရ်ကြီးဖြစ်သော ရဟန်းတို့သည် အသျှင်နန္ဒ လာနေသည်ကို အဝေးကပင် မြင်၍ "မြတ်စွာဘုရားသည် ကြွလာတော်မူ၏" ဟု နေရာမှ ထကုန်၏။ ထိုမထေရ်ကြီးတို့သည် အနီးသို့

http://www.dhammadownload.com



ရောက်လာသည်ရှိသော် သိကုန်၍ "အဘယ့်ကြောင့် အသျှင်နန္ဒသည် မြတ်စွာဘုရား၏ သင်္ကန်းတော် ပမာဏရှိသော သင်္ကန်းကို ဆောင်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ ပ။

"နန္ဒ သင်သည် မြတ်စွာဘုရား သင်္ကန်းတော် ပမာဏရှိသော သင်္ကန်းကို ဆောင်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ နန္ဒ သင်သည် အဘယ့်ကြောင့် မြတ်စွာဘုရား သင်္ကန်းတော် ပမာဏရှိသော သင်္ကန်းကို ဆောင်ဘိသနည်း။ နန္ဒ ဤ (သင်ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

**၁၄၁။ ၉၂-၅၄၀။ "အကြင် ရဟန်းသည် မြတ်စွာဘုရား၏ သင်္ကန်းတော် ပမာဏရှိသော သင်္ကန်းကိုရင်း ထိုထက်လွန်သောသင်္ကန်းကိုရင်းပြုလုပ်စေငြားအံ့၊ (ထိုရဟန်းအား) ဖြတ်ခြင်း ရှေးရှိသော ပါစိတ်အာပတ် သင့်၏။ ထိုမြတ်စွာဘုရား သင်္ကန်းတော် ပမာဏရှိသော သင်္ကန်း ဟူရာ၌ ဤဆိုလတ္တံ့သည်ကား မြတ်စွာဘုရား သင်္ကန်းတော် ပမာဏတည်း၊ မြတ်စွာဘုရား၏ အထွာတော်ဖြင့် အလျားမှကိုးထွာ အနံမှခြောက်ထွာတို့တည်း၊ ဤကား မြတ်စွာဘုရား သင်္ကန်းတော် ပမာဏတည်း"** ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

## ၁၀-နန္ဒသိက္ခာပုဒ် အဖွင့်

၅၄၉။ **အကြင်** ဟူသည် အကြင်သို့ သဘောရှိသော။ပ။

**ရဟန်း** ဟူသည်။ပ။ ဤအရာ၌ ဤဥတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သူကို "ရဟန်း" ဟူ၍ အလိုရှိအပ်၏။

**မြတ်စွာဘုရား၏ သင်္ကန်းတော် ပမာဏ** မည်သည် မြတ်စွာဘုရား အထွာတော်ဖြင့် အလျား ကိုးထွာ အနံခြောက်ထွာတို့တည်း။

**ပြုလုပ်စေငြားအံ့** ဟူသည် ပြုလုပ်မူလည်း ပြုလုပ်အံ့၊ ပြုလုပ်စေမူလည်း ပြုလုပ်စေအံ့၊ ပယောဂတိုင်း ပယောဂတိုင်း ဒုက္ကဋ်အာပတ် သင့်၏။ ရခြင်းကြောင့် (ပမာဏထက်လွန်သည်ကို) ဖြတ်၍ ပါစိတ်အာပတ်ကို ဒေသနာကြားအပ်၏။

၅၅၀။ မိမိပြုလုပ်၍ မပြီးသေးသော သင်္ကန်းကို မိမိသည်ပင် ပြီးဆုံးစေအံ့၊ ပါစိတ်အာပတ် သင့်၏။ မိမိပြုလုပ်၍ မပြီးသေးသော သင်္ကန်းကို သူတပါးတို့ကို ပြီးဆုံးစေအံ့၊ ပါစိတ်အာပတ် သင့်၏။ သူတပါးတို့ ပြုလုပ်၍ မပြီးသေးသော သင်္ကန်းကို မိမိသည် ပြီးဆုံးစေအံ့၊ ပါစိတ်အာပတ် သင့်၏။ သူတပါးတို့ ပြုလုပ်၍ မပြီးသေးသော သင်္ကန်းကို သူတပါးတို့ကိုပင် ပြီးဆုံးစေအံ့၊ ပါစိတ်အာပတ် သင့်၏။

သူတပါးအကျိုးငှါ ပြုလုပ်မူလည်း ပြုလုပ်အံ့၊ ပြုလုပ်စေမူလည်း ပြုလုပ်စေအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ သူတပါးပြုလုပ်ထားသော သင်္ကန်းကိုရ၍ သုံးဆောင်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

http://www.dhammadownload.com



၅၁၁။ မြတ်စွာဘုရား၏ သင်္ကန်းတော်အောက် ယုတ်လျော့သော သင်္ကန်းကို ပြုလုပ်အံ့၊ သူတပါးပြုလုပ်ထားသော သင်္ကန်းကို ရသော် ဖြတ်၍ သုံးဆောင်အံ့၊ ဗိတာန် မျက်နှာကြက်ကိုငင်း မြေအခင်းကိုငင်း တင်းတိမ် အကာအရံကိုငင်း ဘုံလျို 'ဖုံ'ကိုငင်း ခေါင်းအုံးကိုငင်း ပြုလုပ်အံ့၊ အာပတ် မသင့်၊ ရူးသောရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

ဒသမ နန္ဒသိက္ခာပုဒ် ပြီး၏။

ရတနဝဂ် ပြီး၏။

## ထိုရတနဝဂ်၏ အကျဉ်းချုပ်

မင်းနှင့်စပ်သောသိက္ခာပုဒ်၊ ရတနာကို ကောက်ယူသောသိက္ခာပုဒ်၊ ထင်ရှားရှိသော ရဟန်းကိုပန်၍ ဝင်သောသိက္ခာပုဒ်၊ အပ်ကျည် 'အပ်ဖူး' သိက္ခာပုဒ်၊ ပမာဏလွန်သော ညောင်စောင်း သိက္ခာပုဒ်၊ လဲသွတ်သောသိက္ခာပုဒ်၊ နိသီဒိုင်သိက္ခာပုဒ်၊ အမာလွှမ်းသိက္ခာပုဒ်၊ မိုးရေခံသင်္ကန်း သိက္ခာပုဒ်၊ မြတ်စွာဘုရား သင်္ကန်းတော် ပမာဏ သိက္ခာပုဒ်၊

ဤကား အကျဉ်းချုပ်တည်း။

အသျှင်ဘုရားတို့ ကိုးဆယ့်နှစ်ပါးကုန်သော ပါစိတ်အာပတ် တို့ကို သရုပ်အားဖြင့် ပြအပ်ပြီးပါကုန်ပြီ၊ ထိုပါစိတ်အာပတ်တို့၌ အသျှင်တို့ကို မေးပါ၏၊ အာပတ်မှ စင်ကြယ်ကြပါကုန်၏လော၊ နှစ်ကြိမ်မြောက်လည်း မေးပါ၏၊ အာပတ်မှ စင်ကြယ်ကြပါကုန်၏လော၊ သုံးကြိမ်မြောက်လည်း မေးပါ၏၊ အာပတ်မှ စင်ကြယ်ကြပါကုန်၏လော၊ အသျှင်တို့သည် ဤကိုးဆယ့်နှစ်ပါးသော ပါစိတ်အာပတ်တို့၌ အာပတ်မှ စင်ကြယ်ကြပါကုန်၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤပါစိတ်အာပတ်မှ စင်ကြယ်သည့် အဖြစ်ကို သိမှတ်ရပါသည်။

ဘိက္ခုပါစိတ်အခဏ်း ပြီး၏။

http://www.dhammadownload.com

# ၆-ပါဒိုဒေသနီအခန်း

## ၁-ပဌမပါဋိဒေသနီ သိက္ခာပုဒ်

အသျှင်ဘုရားတို့ ဤပါဋိဒေသနီ 'သီးခြားပြောကြားရသော' အာပတ်လေးပါးတို့သည် သရုပ်အားဖြင့် ပြဆိုအပ်သည် အဖြစ်သို့ ရောက်ကုန်၏။

၅၅၂။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ရဟန်းမိန်းမတဦးသည် သာဝတ္ထိပြည်၌ ဆွမ်းခံလှည့်လည်ပြီးနောက် ဆွမ်းခံရာမှ ဖဲသောအခါ ရဟန်းတပါးကို မြင်လျှင် "အသျှင် ဆွမ်းကို ယခု ခံယူပါလော့" ဟု ပြောဆိုသဖြင့် "ကောင်းပြီ နှမ" ဟု ဆိုကာ ဆွမ်းကို အကုန်လုံး ခံယူလေ၏။ ထိုရဟန်းမိန်းမသည် မွန်းတည့်အချိန် နီးလတ်ရကား ဆွမ်းခံလှည့်လည်ခြင်းငှါ မတတ်နိုင်သဖြင့် ဆွမ်းပြတ်လေ၏။

ထိုအခါ ထိုရဟန်းမိန်းမသည် နှစ်ရက်မြောက်သော နေ့၌လည်း။ပ။ သုံးရက်မြောက်သော နေ့၌လည်း သာဝတ္ထိပြည်၌ ဆွမ်းခံလှည့်လည်ပြီးနောက် ဆွမ်းခံရာမှ ဖဲသောအခါ ထိုရဟန်းကို မြင်လျှင် "အသျှင် ဆွမ်းကို ယခု ခံယူပါလော့" ဟု ပြောဆိုပြန်သဖြင့် "ကောင်းပြီ နှမ" ဟု ဆိုကာ ဆွမ်းကို အကုန်လုံးခံယူပြန်လေ၏။ ထိုရဟန်းမိန်းမသည် မွန်းတည့်အချိန် နီးလတ်ရကား ဆွမ်းခံလှည့်လည်ခြင်းငှါ မတတ်နိုင်သဖြင့် ဆွမ်းပြတ်လေ၏။

ထိုအခါ ထိုရဟန်းမိန်းမသည် လေးရက်မြောက်သောနေ့၌ (ခရီး) လမ်းမတွင် တုန်တုန်ရီရီ သွားနေ၏၊ အိမ်ရှင်သူဌေးသည် ရထားဖြင့် ခရီးရင်ဆိုင်လာသည်ရှိသော် "အသျှင်မ ဖယ်ရှားပါလော့" ဟု ထိုရဟန်းမိန်းမအား ဆို၏။ ထိုရဟန်းမိန်းမသည် လမ်းဘေးသို့ သက်ဆင်းသည်ရှိသော် ခရီးလမ်းမ၌ ပင်လျှင် တိမ်းလည်းလေ၏။ အိမ်ရှင်သူဌေးသည် ထိုရဟန်းမိန်းမအား "အသျှင်မ သည်းခံပါလော့၊ အကျွန်ုပ်သည် (အသျှင်မကို) တိမ်းလည်းစေအပ်ပါပြီ 'အကျွန်ုပ်ကြောင့် အသျှင်မ လဲကျပါသည်' " ဟု ဆို၏။ အိမ်ရှင်သူဌေး သင်သည် ငါ့ကို တိမ်းလည်းစေအပ်သည် မဟုတ်ပါ၊ စင်စစ်သော်ကား ငါသည်သာလျှင် အားနည်းသူဖြစ်ပါ၏ ဟု ပြောဆိုသဖြင့် အသျှင်မ သင်သည် အဘယ့်ကြောင့် အားနည်းသူ ဖြစ်ရပါသနည်း ဟု မေးလေ၏။ ထိုအခါ ရဟန်းမိန်းမသည် အိမ်ရှင်သူဌေးအား ဤအကြောင်းကို ပြောကြားလေ၏။

အိမ်ရှင်သူဌေးသည် ထိုရဟန်းမိန်းမကို အိမ်သို့ ပင့်ဆောင်၍ ဆွမ်းကျွေးပြီးလျှင် "အသျှင်ကောင်းတို့သည် အဘယ့်ကြောင့် ရဟန်းမိန်းမ၏ လက်မှ (ဆွမ်းစသော) အာမိသကို ခံယူကုန်ဘိသနည်း၊ မိန်းမတို့ မည်သည်ကား ဆင်းရဲငြိုငြင်သော လာဘ်ရှိ၏" ဟု ကဲ့ရဲ့၏၊ ရှုတ်ချ၏၊ အပြစ်ပြ ပြောဆို၏။

ရဟန်းတို့သည် ထိုအိမ်ရှင်သူဌေး၏ ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုသော စကားကို ကြားကြသည်သာတည်း။ အလိုနည်းကုန်သော ရဟန်းတို့သည် "အဘယ့်ကြောင့် ရဟန်းသည် ရဟန်းမိန်းမ၏ လက်မှ (ဆွမ်းစသော) အာမိသကို ခံယူဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

http://www.dhammadownload.com



"ရဟန်း သင်သည် ရဟန်းမိန်းမ၏ လက်မှ (ဆွမ်းစသော) အာမိသကို ခံယူ၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်၏)။

ရဟန်း သင်နှင့် ဆွေမျိုးတော်စပ်သလော ဆွေမျိုးမတော်စပ်သလော ဟု (မေးတော်မူရာ)—

ဆွေမျိုးမတော်စပ်ပါ မြတ်စွာဘုရား ဟု (လျှောက်၏)။

(မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား ဆွေမျိုးမတော်စပ်သော သူသည် ဆွေမျိုးမတော်စပ်သူ၌ သင့်မသင့်ကိုငြင်း ရှိမရှိကိုငြင်း မသိနိုင်၊ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား သင်သည် အဘယ့်ကြောင့် ဆွေမျိုးမတော်စပ်သော ရဟန်းမိန်းမ၏ လက်မှ (ဆွမ်းစသော) အာမိသကို ခံယူဘိသနည်း။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား ဤ (သင်ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

၁၄၂။ ၁-၅၅၃ "အကြင် ရဟန်းသည် ရွာတွင်းသို့ ဝင်သော ဆွေမျိုး မတော်စပ်သော ရဟန်းမိန်းမ၏ လက်မှ ခဲဖွယ်ကိုသော်ငြင်း၊ ဘောဇဉ်ကိုသော်ငြင်း၊ မိမိလက်ဖြင့် ခံယူ၍ ခဲမှုလည်း ခဲခြေးအံ့ စားမှုလည်း စားခြေးအံ့၊ ထိုရဟန်းသည် ငါသျှင်တို့ အကျွန်ုပ်သည် ကဲ့ရဲ့အပ် မလျှောက်ပတ်သော ပါဋိဒေသနီ အာပတ်သို့ ရောက်ပြီ၊ ထိုပါဋိဒေသနီ အာပတ်ကို ပြော ကြားပါ၏ ဟု ပြောကြားရမည်" ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

### ၁-ပဌမပါဋိဒေသနီသိက္ခာပုဒ် အဖွင့်

၅၅၄။ အကြင် ဟူသည် အကြင်သို့ သဘောရှိသော။ပ။

ရဟန်း ဟူသည်။ပ။ ဤအရာ၌ ဤဉတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သူကို "ရဟန်း" ဟူ၍ အလိုရှိအပ်၏။

**ဆွေမျိုးမတော်စပ်သော** မည်သည် အမိဖက်မှငြင်း အဖဖက်မှငြင်း အဘိုးအဘွား ခုနစ်ဆက် မြောက် တိုင်အောင် မတော်စပ်သောသူတည်း။

**ရဟန်းမိန်းမ** မည်သည် နှစ်ဖက်သံဃာ၌ ပဉ္စင်းဖြစ်သော မိန်းမတည်း။

**ရွာတွင်း** မည်သည် ခရီးလမ်းမ ထုတ်ချင်းမထွင်းသောခရီး ခရီးဆုံအိမ်တည်း။

**ခဲဖွယ်** မည်သည် ဘောဇဉ်ငါးပါး ယာမကာလိက သတ္တာဟကာလိက ယာဝဇီဝိက တို့ကို ဖယ် ထား၍ အကြွင်းသည် ခဲဖွယ် မည်၏။

**ဘောဇဉ်** မည်သည် ထမင်း မုယောမုံ့ မုံ့လုံး ငါး အမဲအားဖြင့် ငါးပါးသော ဘောဇဉ်တို့တည်း။ "ခဲမည် စားမည်" ဟု ခံယူအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ မျိုတိုင်း မျိုတိုင်း ပါဋိဒေသနီ အာပတ် သင့်၏။

http://www.dhammadownload.com



၅၅၅။ ဆွေမျိုးမတော်သော ရဟန်းမိန်းမ၌ ဆွေမျိုးမတော် ဟု အမှတ်ရှိသည်ဖြစ်၍ ရွာတွင်းသို့ ဝင်သော ရဟန်းမိန်းမ၏ လက်မှ ခဲဖွယ်ကိုသော်၎င်း ဘောဇဉ်ကိုသော်၎င်း မိမိလက်ဖြင့် ခံယူ၍ ခဲမှုလည်း ခဲအံ့၊ စားမှုလည်း စားအံ့၊ ပါဋိဒေသနီအာပတ် သင့်၏။

ဆွေမျိုးမတော်သော ရဟန်းမိန်းမ၌ ယုံမှားရှိသည်ဖြစ်၍ ရွာတွင်းသို့ဝင်သော ရဟန်းမိန်းမ၏ လက်မှ ခဲဖွယ်ကိုသော်၎င်း ဘောဇဉ်ကိုသော်၎င်း မိမိလက်ဖြင့် ခံယူ၍ ခဲမှုလည်း ခဲအံ့၊ စားမှုလည်း စားအံ့၊ ပါဋိဒေသနီအာပတ် သင့်၏။

ဆွေမျိုးမတော်သော ရဟန်းမိန်းမ၌ ဆွေမျိုးတော်၏ ဟု အမှတ်ရှိသည်ဖြစ်၍ ရွာတွင်းသို့ ဝင်သော ရဟန်းမိန်းမ၏ လက်မှ ခဲဖွယ်ကိုသော်၎င်း ဘောဇဉ်ကိုသော်၎င်း မိမိလက်ဖြင့် ခံယူ၍ ခဲမှုလည်း ခဲအံ့၊ စားမှုလည်း စားအံ့၊ ပါဋိဒေသနီအာပတ် သင့်၏။

ယာမကာလိက သတ္တာဟကာလိက ယာဝဇီဝိကကို အာဟာရ အကျိုးငှါ ခံယူအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ မျိုတိုင်း မျိုတိုင်း ဒုက္ကဋ်အာပတ် သင့်၏။

တဖက်သံဃာ၌ ပဉ္စင်းဖြစ်သော ရဟန်းမိန်းမ၏ လက်မှ ခဲဖွယ်ကိုသော်၎င်း ဘောဇဉ်ကိုသော်၎င်း "ခဲမည် စားမည်" ဟု ခံယူအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ မျိုတိုင်း မျိုတိုင်း ဒုက္ကဋ်အာပတ် သင့်၏။

ဆွေမျိုးတော်သော ရဟန်းမိန်းမ၌ ဆွေမျိုးမတော် ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ဆွေမျိုးတော်သော ရဟန်းမိန်းမ၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ဆွေမျိုးတော်သော ရဟန်းမိန်းမ၌ ဆွေမျိုးတော်၏ ဟု အမှတ်ရှိအံ့၊ အာပတ် မသင့်။

၅၅၆။ ဆွေမျိုးတော်သော ရဟန်းမိန်းမ၌ အာပတ် မသင့်၊ အပေးခိုင်းသော်လည်း မပေးအံ့၊ အနီး၌ ချထား၍ ပေးအံ့၊ အရံတွင်း ရဟန်းမိန်းမတို့၏ကျောင်း တိတ္ထိတို့နေရာ ဆွမ်းစားစရပ်၌ ပေးအံ့၊ ရွာမှထုတ်ဆောင်၍ ပေးအံ့၊ ယာမကာလိက သတ္တာဟကာလိက ယာဝဇီဝိကကို "အကြောင်းရှိသော် သုံးဆောင်လော့" ဟု ပေးအံ့၊ သိက္ခမာန်နှင့် သာမဏေမတို့၌ အာပတ် မသင့်၊ ရူးသောရဟန်း အစ လက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

ပဌမ ပါဋိဒေသနီသိက္ခာပုဒ် ပြီး၏။

---

## ၂-ဒုတိယ ပါဋိဒေသနီသိက္ခာပုဒ်

၅၅၇။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ရှဉ့်နက်တို့အား အစာကျွေးရာ ဖြစ်သော ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ ရဟန်းတို့သည် ပင့်ဖိတ်အပ်ကုန်သည် ဖြစ်၍ ဒါယကာတို့၏ အိမ်၌ ဆွမ်းစားကုန်၏၊ ဆဗ္ဗဂ္ဂီရဟန်းမိန်းမတို့သည် ဆဗ္ဗဂ္ဂီရဟန်းတို့အတွက် "ဤ (သပိတ်) ၌ ဟင်းကို ထည့်ပေးကုန်လော့၊ ဤ (သပိတ်) ၌ ဆွမ်းကိုထည့်ပေးကုန်လော့" ဟု စီမံလျက် တည်နေကုန်၏။ ဆဗ္ဗဂ္ဂီရဟန်းတို့သည် အလိုရှိတိုင်း စားကုန်၏၊ အခြားသော ရဟန်းတို့ သည်ကား စိတ်တိုင်းကျ မစားရကုန်။

အလိုနည်းသော ရဟန်းတို့သည် "အဘယ့်ကြောင့် ဆဗ္ဗဂ္ဂီရဟန်းတို့သည် ရဟန်းမိန်းမတို့ စီမံ သည်တို့ကို မတားမြစ်ကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

http://www.dhammadownload.com



"ရဟန်းတို့ သင်တို့သည် ရဟန်းမိန်းမတို့ စီမံသည်တို့ကို မတားမြစ်ကြကုန် ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ သင်တို့သည် အဘယ့်ကြောင့် ရဟန်းမိန်းမတို့ စီမံသည်တို့ကို တားမြစ်ကုန်ဘိသနည်း။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ ဤ (သင်တို့ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ မဟုတ်။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

၁၄၃။ ၂-၅၅၈ "ရဟန်းတို့သည်သာလျှင် ပင့်ဖိတ်အပ်ကုန်သည်ဖြစ်၍ ဒါယကာတို့ အိမ်၌ ဆွမ်းစားကုန်၏၊ ထိုသို့စားရာ၌ ထိုရဟန်းမိန်းမသည် 'ဤ (သပိတ်) ၌ ဟင်းကို ထည့်ပေးကုန်လော့၊ ဤ (သပိတ်) ၌ ဆွမ်းကို ထည့်ပေးကုန်လော့' ဟု စီမံသော သဘောရှိသည်ဖြစ်၍ တည်နေငြားအံ့၊ ထိုရဟန်းတို့သည် ထိုရဟန်းမိန်းမကို 'နှမ ရဟန်းတို့ ဆွမ်းစား နေသမျှ ဖယ်ရှားလေဦး' ဟု ပြစ်တင်မောင်းမဲရမည်၊ 'နှမ ရဟန်းတို့ ဆွမ်းစားနေသမျှ ဖယ်ရှားလေဦး' ဟု ထိုရဟန်းမိန်းမကို ပြစ်တင်မောင်းမဲခြင်းငှါ တပါးသော ရဟန်းမျှလည်း မဆိုငြားအံ့၊ ထိုရဟန်းတို့သည် ငါ့သျှင်တို့ ငါတို့သည် ကဲ့ရဲ့အပ် မလျောက်ပတ်သော ပါဋိဒေသနီအာပတ်သို့ ရောက်ကုန်ပြီ၊ ထိုပါဋိဒေသနီ အာပတ်ကို ပြောကြားပါကုန်၏ ဟု ပြောကြားရမည်" ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

## ၂-ဒုတိယ ပါဋိဒေသနီသိက္ခာပုဒ် အဖွင့်

၅၅၉။ ရဟန်းတို့သည်သာလျှင် ပင့်ဖိတ်အပ်ကုန်သည်ဖြစ်၍ ဒါယကာတို့အိမ်၌ ဆွမ်းစားကုန်၏ ဟူရာ၌ ဒါယကာမည်သည် မင်းမျိုး ပုဏ္ဏားမျိုး ကုန်သည်မျိုး သူဆင်းရဲမျိုး ဟူ၍ ဒါယကာ လေးမျိုး ရှိ၏။

ပင့်ဖိတ်အပ်ကုန်သည်ဖြစ်၍ ဆွမ်းစားကုန်၏ ဟူသည် ဘောဇဉ်ငါးပါးတို့တွင် တပါးပါးသော ဘောဇဉ်ဖြင့် ပင့်ဖိတ်အပ်ကုန်သည်ဖြစ်၍ စားကုန်၏။

ရဟန်းမိန်းမ မည်သည် နှစ်ဖက်သံဃာ၌ ပဉ္စင်းဖြစ်သော မိန်းမတည်း။

စီမံသော မည်သည် အဆွေခင်ပွန်း ဖြစ်သည်အားလျော်စွာ ကောင်းစွာသိကျွမ်းသည်အားလျော်စွာ အတူစားသောက်ဖော်ဖြစ်သည်အားလျော်စွာ ဥပဇ္ဈာယ်တူ ဖြစ်သည်အားလျော်စွာ ဆရာတူဖြစ်သည်အားလျော်စွာ " ဤ (သပိတ်) ၌ ဟင်းကို ထည့်ပေးကုန်လော့၊ ဤ (သပိတ်) ၌ ဆွမ်းကို ထည့်ပေးကုန်လော့" ဟု ပြောဆိုခြင်းသည်ပင် စီမံသည် မည်၏။

ထိုရဟန်းတို့သည် ဟူသည် ဆွမ်းစားဆဲ ရဟန်းတို့သည်။

ထိုရဟန်းမိန်းမကို ဟူသည် စီမံတတ်သော ရဟန်းမိန်းမကို။

ထိုရဟန်းတို့သည် ထိုရဟန်းမိန်းမကို "နှမ ရဟန်းတို့ ဆွမ်းစားနေသမျှ ဆုတ်ခွါဖယ်ရှားလေဦး" ဟု ပြစ်တင်မောင်းမဲရမည်၊ ရဟန်းတပါးမျှလည်း မမောင်းမဲမူ၍ "ခံမည်စားမည်" ဟု ခံယူအံ့၊ ဒုက္ကဋ် အာပတ် သင့်၏။ မျိုတိုင်းမျိုတိုင်း ပါဋိဒေသနီ အာပတ် သင့်၏။

http://www.dhammadownload.com



၅၆၀။ ရဟန်းမိန်းမ၌ ရဟန်းမိန်းမ ဟု အမှတ်ရှိသည်ဖြစ်၍ စီမံသည်ကို မတားမြစ်အံ့၊ ပါဋိဒေသနီ အာပတ် သင့်၏။ ရဟန်းမိန်းမ၌ ယုံမှားရှိသည်ဖြစ်၍ စီမံသည်ကို မတားမြစ်အံ့၊ ပါဋိဒေသနီ အာပတ် သင့်၏။ ရဟန်းမိန်းမ၌ ရဟန်းမိန်းမ မဟုတ် ဟု အမှတ်ရှိသည်ဖြစ်၍ စီမံသည်ကို မတားမြစ်အံ့၊ ပါဋိဒေသနီ အာပတ် သင့်၏။

တဖက် (ဘိက္ခုနီ) သံဃာ၌ ပဉ္စင်းဖြစ်သော ရဟန်းမိန်းမ စီမံသည်ကို မတားမြစ်အံ့၊ ဒုက္ကဋ် အာပတ် သင့်၏။ ရဟန်းမဟုတ်သော မိန်းမ၌ ရဟန်းမိန်းမ ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ရဟန်းမဟုတ်သော မိန်းမ၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ရဟန်းမဟုတ်သော မိန်းမ၌ ရဟန်း မိန်းမ မဟုတ် ဟု အမှတ်ရှိအံ့၊ အာပတ် မသင့်။

၅၆၁။ မိမိ၏ဆွမ်းကို (သူတပါးကိုသာ) ပေးစေ၍ ကိုယ်တိုင်မပေးအံ့၊ သူတပါးတို့၏ ဆွမ်းကို ကိုယ်တိုင်သာပေး၍ သူတပါးကို မပေးစေအံ့၊ မပေးရသေး ဝတ္ထုကို ပေးစေအံ့၊ မထည့်ပေးရသေး သောသပိတ်၌ ထည့်ပေးစေအံ့၊ အလုံးစုံသော ရဟန်းတို့အား အညီအမျှ ပေးစေအံ့၊ သိက္ခမာန် စီမံအံ့၊ သာမဏေမ စီမံအံ့၊ အာပတ် မသင့်၊ ဘောဇဉ်ငါးပါးမှတပါး အလုံးစုံသော အရာတို့၌ အာပတ် မသင့်၊ ရူးသောရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

ဒုတိယ ပါဋိဒေသနီသိက္ခာပုဒ် ပြီး၏။

---

## ၃-တတိယ ပါဋိဒေသနီသိက္ခာပုဒ်

၅၆၂။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံ ဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ သာဝတ္ထိပြည်တွင် တဦးသောအမျိုး သည် လင်ဖက်မယားဖက် နှစ်ဖက်လုံးမှပင် ကြည်ညို၏။ သဒ္ဓါတရားအားဖြင့် ပွါးများ၏၊ ပစ္စည်းဥစ္စာ အားဖြင့်ကား ဆုတ်ယုတ်၏၊ ထိုအမျိုး၌ နံနက်အခါ ဖြစ်ပေါ် သမျှသော ခဲဖွယ်ဘောဇဉ် အလုံးစုံကို ရဟန်းတို့အား စွန့်လှူသဖြင့် တရံတခါ မစားပဲနေရကုန်၏။

လူတို့သည် "အဘယ့်ကြောင့် သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့သည် အတိုင်းအရှည်မသိပဲ ခံယူကုန်ဘိသနည်း၊ ဤသူတို့သည် ဤရဟန်းတို့အား ပေးလှူရသောကြောင့် တရံတခါ မစားပဲ နေရကုန်၏" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ရဟန်းတို့သည် ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုကြသော ထိုလူတို့၏ စကားကို ကြားကြသည် သာတည်း။ ထိုအခါ ရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် တရားစကားကို ဟောတော်မူ၍ ရဟန်း တို့ကို—

"ရဟန်းတို့ အကြင်အမျိုးသည် သဒ္ဓါတရားအာ ဖြင့် ပွါးများ၏၊ ပစ္စည်းဥစ္စာအာ ဖြင့်ကား ဆုတ် ယုတ်၏၊ ဤသို့သဘောရှိသော အမျိုးအား ဉတ်ဒုတိယကံဖြင့် သေက္ခသမ္မုတိ 'သေက္ခ ဟု သမုတ်ခြင်း' ကို ပေးခြင်းငှါ ခွင့်ပြုတော်မူ၏" ဟု မိန့်တော်မူ၏။ ရဟန်းတို့ ဤသို့ပေးရမည်၊ ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်။

၅၆၃။ "အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤမည် သောအမျိုးသည် သဒ္ဓါတရားအားဖြင့် ပွါးများ၏၊ ပစ္စည်းဥစ္စာအားဖြင့်ကား ဆုတ်ယုတ်၏၊

http://www.dhammadownload.com



သံဃာအား လျှောက်ပတ်သော အခါရှိသော် ကံသည် အကယ်၍ ဖြစ်ငြားအံ့၊ သံဃာသည် ဤမည်သော အမျိုးအား သေက္ခ 'အရိယာပုဂ္ဂိုလ်' ဟု သမုတ်ခြင်းကိုပေးရာ၏၊ ဤကား သိစေခြင်းတည်း။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤမည်သော အမျိုးသည် သဒ္ဓါတရားအားဖြင့် ပွါးများ၏၊ ပစ္စည်းဥစ္စာအားဖြင့်ကား ဆုတ်ယုတ်၏၊ သံဃာသည် ဤမည်သော အမျိုးအား သေက္ခ ဟု သမုတ်ခြင်းကိုပေး၏ 'သေက္ခ ဟု သမုတ်'၏၊ ဤမည်သောအမျိုးအား သေက္ခသမ္မုတိပေးခြင်းကို အကြင်အသျှင်အား နှစ်သက်ခြင်းရှိ၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင်အသျှင်အား နှစ်သက်ခြင်း မရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

သံဃာသည် ဤမည်သော အမျိုးအား သေက္ခသမ္မုတိကို ပေးအပ်ပြီ၊ သံဃာအား နှစ်သက်ခြင်းရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့်အဖြစ်ကို သိမှတ်ရပါသည်" ဟု (သိစေရမည် ဟု မိန့်တော်မူ၏)။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

(က) "သေက္ခ ဟု သမုတ်အပ်ကုန်သော အကြင်အမျိုးတို့သည်ရှိကုန်၏၊ အကြင် ရဟန်းသည်ဆိုသို့ သဘောရှိကုန်သော သေက္ခ ဟု သမုတ်အပ်ပြီးသော အမျိုးတို့၌ ခဲဖွယ်ကိုသော်၎င်း ဘောဇဉ်ကိုသော်၎င်း မိမိလက်ဖြင့်ခံယူ၍ ခဲမူလည်း ခဲငြားအံ့၊ စားမူလည်း စားငြားအံ့၊ ထို ရဟန်းသည် ငါ့သျှင်တို့ ငါသည် ကဲ့ရဲ့အပ် မလျှောက်ပတ်သော ပါဋိဒေသနီ အာပတ်သို့ ရောက်ပြီ၊ ထိုအာပတ်ကို ပြောကြားပါ၏ ဟု ပြောကြားရမည်" ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

ဤသို့လျှင် မြတ်စွာဘုရားသည် ရဟန်းတို့အား ဤသိက္ခာပုဒ်ကို ပညတ်တော်မူ၏။

၅၆၄။ ထိုအခါ သာဝတ္ထိပြည်၌ ပွဲသဘင်ဖြစ်၏။ လူတို့သည် ရဟန်းတို့ကို ပင့်ဖိတ်၍ဆွမ်းကျွေးကုန်၏၊ ထိုအမျိုးသည်လည်း ရဟန်းတို့ကို ပင့်ဖိတ်လေ၏၊ ရဟန်းတို့သည် "သေက္ခ ဟု သမုတ်အပ်ပြီးသော အမျိုးတို့၌ ခဲဖွယ်ကိုသော်၎င်း ဘောဇဉ်ကိုသော်၎င်း မိမိလက်ဖြင့် ခံယူ၍ ခဲခြင်းစားခြင်းကို မြတ်စွာဘုရား မြစ်ပယ်တော်မူသောကြောင့် မအပ်" ဟု တွေးတောမှု 'သံသယကုက္ကုစ္စ' ရှိသည်ဖြစ်၍ လက်မခံကုန်၊ ထိုအမျိုးတို့သည် "အသျှင်တို့သည် ငါတို့၏ လှူဖွယ်ဝတ္ထုကို မခံယူကုန်၊ ငါတို့အား အသက်ရှည်သဖြင့် အဘယ်အကျိုး ရှိတော့အံ့နည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ ရဟန်းတို့သည် ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုကြသောထိုလူတို့၏ စကားကို ကြားကြသည်သာတည်း။ ထိုအခါ ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် တရားစကားကို ဟောတော်မူ၍ ရဟန်းတို့ကို "ရဟန်းတို့ သေက္ခ ဟု သမုတ်အပ်ကုန်သော အမျိုးတို့၌ ပင့်ဖိတ်သဖြင့် ခဲဖွယ်ကိုသော်၎င်း ဘောဇဉ်ကိုသော်၎င်း မိမိလက်ဖြင့် ခံယူ၍ ခဲခြင်း စားခြင်းငှါ ခွင့်ပြုတော်မူ၏" ဟု မိန့်တော်မူ၏။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

(ခ) "သေက္ခဟု သမုတ်အပ်ကုန်သော အကြင် အမျိုးတို့သည် ရှိကုန်၏၊ အကြင် ရဟန်းသည် ထိုသို့သဘောရှိကုန်သော သေက္ခ ဟု သမုတ်အပ်ပြီးသော အမျိုးတို့၌ ရှေးအခါက

http://www.dhammadownload.com



မပင့်ဖိတ်ပဲ ခဲဖွယ်ကိုသော်ရင်း ဘောဇဉ်ကိုသော်ရင်း မိမိလက်ဖြင့်ခံယူ၍ ခဲမူလည်း ခဲငြား အံ့၊ စားမူလည်း စားငြားအံ့၊ ထိုရဟန်းသည် ငါ့သျှင်တို့ငါသည် ကဲ့ရဲ့အပ် မလျောက်ပတ်သော ပါဋိဒေသနီ အာပတ်သို့ရောက်ပြီ၊ ထိုအာပတ်ကို ပြောကြားပါ၏ ဟု ပြောကြားရမည်" ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

ဤသို့လျှင် မြတ်စွာဘုရားသည် ရဟန်းတို့အား ဤသိက္ခာပုဒ်ကို ပညတ်တော်မူ၏။

၅၆၅။ ထိုအခါ ရဟန်းတပါးသည် ထိုအမျိုး၏အိမ်သို့ ကပ်ရောက်သော ဆရာဖြစ်၏။ ထိုအခါ ထိုရဟန်းသည် နံနက်အချိန်၌ သင်္ကန်းကိုပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူပြီးလျှင် ထိုအမျိုးသို့ချဉ်းကပ်၍ ခင်းထားသောနေရာ၌ ထိုင်နေ၏။ ထိုအခါ၌ ထိုရဟန်းသည် နာဖျားနေ၏၊ ထိုအခါ လူတို့သည် "အသျှင်ဘုရား ဘုန်းပေးတော်မူပါလော့" ဟု ထိုရဟန်းအား လျှောက်ကုန်၏။

ထို့နောက် ရဟန်းသည် "သေက္ခ ဟု သမုတ်အပ်ပြီးသော အမျိုးတို့၌ မပင့်ဖိတ်ပဲ ခဲဖွယ်ကို သော်ရင်း ဘောဇဉ်ကိုသော်ရင်း မိမိလက်ဖြင့် ခံယူ၍ ခဲခြင်းစားခြင်းကို မြတ်စွာဘုရား မြစ်ပယ်တော်မူသောကြောင့် မအပ်" ဟု တွေးတောမှု သံသယကုက္ကုစ္စ ရှိသည်ဖြစ်၍ မခံယူပဲ နေ၏၊ ဆွမ်းခံသွား ခြင်းငှါလည်း မတတ်နိုင်သောကြောင့် ဆွမ်းပြတ်လေ၏။ ထိုအခါ ထိုရဟန်းသည် ကျောင်းအရံသို့ သွား၍ ရဟန်းတို့အား ဤအကြောင်းကို ပြောကြား၏။ ရဟန်းတို့သည် မြတ်စွာဘုရားအား ဤ အကြောင်းကို လျှောက်ကြကုန်၏။ ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် တရားစကားကို ဟောတော်မူ၍ ရဟန်းတို့ကို..."ရဟန်းတို့ နာဖျားသောရဟန်းသည် သေက္ခ ဟု သမုတ်ထားသော အမျိုးတို့၌ ခဲဖွယ်ဘောဇဉ်ကို မိမိလက်ဖြင့် ခံယူ၍ ခဲခြင်း စားခြင်းငှါ ခွင့်ပြုတော် မူ၏" ဟု မိန့်တော်မူ၏။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

၁၄၄။ ၃-(ဂ) ၅၆၆။ **"သေက္ခ ဟု သမုတ်အပ်ကုန်သော အကြင် အမျိုးတို့သည် ရှိကုန်၏၊ အကြင်ရဟန်းသည် ထိုသို့သဘောရှိကုန်သော သေက္ခ ဟု သမုအပ်ပြီးသော အမျိုးတို့၌ ရှေး အခါက မပင့်ဖိတ်ပဲ မနာမဖျားမူ၍ ခဲဖွယ်ကို သော်ရင်း ဘောဇဉ်ကိုသော်ရင်း မိမိလက်ဖြင့် ခံယူ၍ ခဲမူလည်းခဲငြားအံ့၊ စားမူလည်း စားငြားအံ့၊ ထိုရဟန်းသည် ငါ့သျှင်တို့ ငါသည် ကဲ့ရဲ့အပ် မလျောက်ပတ်သော ပါဋိဒေသနီ အာပတ်သို့ရောက်ပြီ၊ ထိုအာပတ်ကို ပြောကြား ပါ၏ ဟု ပြောကြားရမည်"** ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

## ၃-တတိယ ပါဋိဒေသနီသိက္ခာပုဒ် အဖွင့်

၅၆၇။ **သေက္ခ ဟု သမုတ်အပ်ကုန်သော အကြင် အမျိုးတို့သည် ရှိကုန်၏** ဟူရာ၌ သေက္ခ ဟု သမုတ်အပ်ကုန်သော အမျိုး မည်သည် သဒ္ဓါတရားအားဖြင့် ပွါးများ၍ ပစ္စည်းဥစ္စာအားဖြင့်ကား ဆုတ်ယုတ်သော အမျိုးအား ဉတ္တိဒုတိယကံဖြင့် သေက္ခသမုတိကို ပေးအပ်၏။

**အကြင်** ဟူသည် အကြင်သို့ သဘောရှိသော။ပ။

**ရဟန်း** ဟူသည်။ပ။ ဤအရာ၌ ဤဉတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သူကို "ရဟန်း" ဟူ၍ အလိုရှိအပ်၏။

http://www.dhammadownload.com



ထိုသို့သဘောရှိကုန်သော သေက္ခ ဟု သမုတ်အပ်ပြီးသော အမျိုးတို့၌ ဟူသည် ဤသို့သဘော ရှိသော သေက္ခ ဟု သမုတ်အပ်ပြီးသောအမျိုးတို့၌။

မပင့်ဖိတ်ပဲ မည်သည် ယနေ့အလို့ငှါသော်ရင်း နက်ဖြန်အလို့ငှါသော်ရင်း မပင့်ဖိတ်ပဲ အိမ်ဥပစာ သို့ သက်ရောက်မှ ပင့်ဖိတ်၏၊ ဤသို့ပင့်ဖိတ်ခြင်းသည် ပင့်ဖိတ်သည်မမည်။

ပင့်ဖိတ်ခြင်း မည်သည် ယနေ့အလို့ငှါသော်ရင်း နက်ဖြန်အလို့ငှါသော်ရင်း ပင့်ဖိတ်ထား၏၊အိမ် ဥပစာသို့ မသက်မရောက်မီ ပင့်ဖိတ်၏၊ ဤသို့ပင့်ဖိတ်ခြင်းသည် ပင့်ဖိတ်သည်မည်၏။

မနာမဖျားမူ၍ မည်သည် ဆွမ်းခံလှည့်လည်ခြင်းငှါ စွမ်းနိုင်၏။

နာဖျားသော မည်သည် ဆွမ်းခံလှည့်လည်ခြင်းငှါ မစွမ်းနိုင်။

ခဲဖွယ် မည်သည် ဘောဇဉ်ငါးပါး ယာမကာလိက သတ္တာဟကာလိက ယာဝဇီဝိကကို ဖယ်ထား ၍ အကြွင်းသည် ခဲဖွယ်မည်၏။

ဘောဇဉ် မည်သည် ထမင်း မုယောမုံ့ မုံ့လုံး ငါး အမဲအားဖြင့် ငါးပါးသော ဘောဇဉ်တို့တည်း။

"မပင့်ဖိတ်ပဲ မနာမဖျားမူ၍ ခဲမည်စားမည်" ဟု ခံယူအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ မျိုတိုင်း မျိုတိုင်း ပါဋိဒေသနီအာပတ် သင့်၏။

၅၆၇။ သေက္ခ ဟု သမုတ်အပ်ပြီးသော အမျိုး၌ သေက္ခ ဟု သမုတ်အပ်ပြီ ဟု အမှတ်ရှိသည်ဖြစ် ၍ မပင့်ဖိတ်ပဲ မနာမဖျားမူ၍ ခဲဖွယ်ကိုသော်ရင်း ဘောဇဉ်ကိုသော်ရင်း မိမိလက်ဖြင့် ခံယူ၍ ခဲမူလည်း ခဲအံ့၊ စားမူလည်း စားအံ့၊ ပါဋိဒေသနီ အာပတ် သင့်၏။

သေက္ခ ဟု သမုတ်အပ်ပြီးသော အမျိုး၌ ယုံမှားရှိသည် ဖြစ်၍။ပ။ သေက္ခ ဟု သမုတ်အပ် ပြီးသော အမျိုး၌ သေက္ခ ဟု မသမုတ်ရသေး ဟု အမှတ်ရှိသည်ဖြစ်၍ မပင့်ဖိတ်ပဲ မနာမဖျားမူ၍ ခဲဖွယ်ကိုသော်ရင်း ဘောဇဉ်ကိုသော်ရင်း မိမိလက်ဖြင့် ခံယူ၍ ခဲမူလည်းခဲအံ့၊ စားမူလည်းစားအံ့ ပါဋိဒေသနီ အာပတ် သင့်၏။

ယာမကာလိက သတ္တာဟကာလိက ယာဝဇီဝိက တို့ကို အာဟာရအလို့ငှါ ခံယူအံ့၊ ဒုက္ကဋ် အာပတ် သင့်၏။ မျိုတိုင်းမျိုတိုင်း ဒုက္ကဋ်အာပတ် သင့်၏။

သေက္ခ ဟု မသမုတ်ရသေးသော အမျိုး၌ သေက္ခ ဟု သမုတ်ထားပြီ ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ် အာပတ် သင့်၏။ သေက္ခ ဟု မသမုတ်ရသေးသောအမျိုး၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ သေက္ခ ဟု မသမုတ်ရသေးသောအမျိုး၌ သေက္ခ ဟု မသမုတ်ရသေး ဟု အမှတ်ရှိအံ့၊ အာပတ် မသင့်။

၅၆၈။ ပင့်ဖိတ်သော ရဟန်းအားရင်း၊ နာဖျားသော ရဟန်းအားရင်း၊ အာပတ် မသင့်၊ ပင့်ဖိတ် သောရဟန်း နာဖျားသော ရဟန်းတို့၏ စားကြွင်းကိုစားအံ့၊ အာပတ် မသင့်၊ အခြားသော အမျိုး၏ ထမင်းကို ထိုသေက္ခ ဟု သမုတ်ထားသော အမျိုးအိမ်၌ ခင်းကျင်းစီမံတည်ထားအံ့၊ အိမ်မှထုတ်ဆောင် ၍ ပေးလှူကုန်အံ့၊ အာပတ် မသင့်။

http://www.dhammadownload.com



အမြဲဆွမ်းလှူခြင်း၊ စာရေးတံချ၍ ဆွမ်းလှူခြင်း၊ ပက္ခိကဘတ် 'လဆန်းပက္ခ လဆုတ်ပက္ခ လှူသောဆွမ်း'၊ ဥပေါသထိကဘတ် 'ဥပုသ်နေ့လှူသောဆွမ်း'၊ ပါဋိပဒိကဘတ် 'အထွက်တရက်နေ့ လှူသော' ဆွမ်းတို့၌ အာပတ် မသင့်။

ယာမကာလိက သတ္တာဟကာလိက ယာဝဇီဝိကတို့ကို "အကြောင်းရှိခဲ့သော် စားပါလော့" ဟု ပေးလှူအံ့၊ အာပတ် မသင့်၊ ရူးသောရဟန်း စသည်၊ အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

တတိယ ပါဋိဒေသနီသိက္ခာပုဒ် ပြီး၏။

---

## ၄-စတုတ္ထ ပါဋိဒေသနီသိက္ခာပုဒ်

၅၇၀။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သက္ကတိုင်း ကပိလဝတ်ပြည် နိဂြောဓာရုံ ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ သာကီဝင်မင်းတို့၏ ကျွန်တို့သည် (ခရီးလမ်းကို) ပိတ်ဆို့ထားကုန်၏။

သာကီဝင် မင်းသမီးတို့သည် တောကျောင်းတို့၌ ဆွမ်းလုပ်ကျွေးခြင်းငှါ အလိုရှိကုန်၏။ သာကီဝင် မင်းတို့၏ ကျွန်တို့သည် "သာကီဝင် မင်းသမီးတို့သည် တောကျောင်းတို့၌ ဆွမ်းကျွေးခြင်းငှါ အလိုရှိကုန်သတတ်" ဟု ကြား၍ လမ်းခရီး၌ ထကြွသောင်းကျန်းကုန်၏။ သာကီဝင်မင်းသမီးတို့သည် မွန်မြတ်သော ခဲဖွယ်ဘောဇဉ်တို့ကို ယူ၍ တောကျောင်းတို့သို့ သွားကုန်သည်ရှိသော် သာကီဝင်မင်းတို့၏ ကျွန်တို့သည် ထွက်လတ်၍ သာကီဝင်မင်းသမီးတို့ကို လုလည်း လုယက်ကုန်၏၊ ဖျက်လည်း ဖျက်ဆီးကုန်၏။ သာကီဝင်မင်းတို့သည် ထွက်၍ ထိုခိုးသူတို့ကို ခိုးရာပါပစ္စည်းနှင့် တကွ ဖမ်းယူပြီးလျှင် "အဘယ့်ကြောင့် အသျှင်ကောင်းတို့သည် ကျောင်းအရပ်၌ ခိုးသူတို့ နေကြသည်ကို မပြောကြားကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ရဟန်းတို့သည် သာကီဝင်မင်းတို့၏ ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုကြသော စကားကို ကြား ကြသည်သာတည်း။ ထိုအခါ ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် တရားစကားကို ဟောတော်မူ၍ ရဟန်းတို့ကို "ရဟန်းတို့ သို့ဖြစ်လျှင် သံဃာတော်၏ ကောင်းပါပြီ ဟု ဝန်ခံကျင့်သုံးရန် ။ပ။ အကျိုးထူး ဆယ်ပါးတို့ကို အစွဲပြု၍ ရဟန်းတို့အား သိက္ခာပုဒ်ကို ပညတ်တော်မူမည်" ဟု မိန့်တော်မူ၏။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

**(က) "ကြောက်ရွံ့ဖွယ်ရှိသည် ဟု သမုတ်အပ်သော ဘေးအန္တရာယ်နှင့်တကွဖြစ်သော အကြင် တောကျောင်းတို့သည် ရှိကုန်၏၊ အကြင် ရဟန်းသည် ထိုသို့ သဘောရှိသော ကျောင်းတို့၌ ရှေးက မကြားမသိစေအပ်ပဲ ခဲဖွယ်ကိုသော်၎င်း ဘောဇဉ်ကိုသော်၎င်း အရံ၏အတွင်း၌ မိမိ လက်ဖြင့် ခံယူ၍ ခဲမူလည်း ခဲငြားအံ့၊ စားမူလည်း စားငြားအံ့၊ ထိုရဟန်းသည် ငါသျှင်တို့ ငါသည် ကဲ့ရဲ့အပ် မလျောက်ပတ်သော ပါဋိဒေသနီအာပတ်သို့ ရောက်ပြီ၊ ထိုအာပတ်ကို ပြောကြားပါ၏ ဟု ပြောကြားရမည်" ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။**

ဤသို့လျှင် မြတ်စွာဘုရားသည် ရဟန်းတို့အား ဤသိက္ခာပုဒ်ကို ပညတ်တော်မူ၏။

http://www.dhammadownload.com



၅၇၁။ ထိုအခါ၌ ရဟန်းတပါးသည် တောကျောင်းတို့၌ နေဖျား၏၊ လူတို့သည် ခဲဖွယ်ဘောဇဉ်တို့ကို ယူ၍ တောကျောင်းသို့သွားပြီးလျှင် "အသျှင်ဘုရား ဘုဉ်းပေးတော်မူပါလော့" ဟု ထိုရဟန်းအား လျှောက်ကုန်၏။ ထိုအခါ ထိုရဟန်းသည် "တောကျောင်းတို့၌ ခဲဖွယ်ဘောဇဉ်တို့ကို မိမိလက်ဖြင့် ခံယူ၍ ခဲခြင်း စားခြင်းကို မြတ်စွာဘုရား မြစ်ပယ်တော်မူသောကြောင့် မအပ်" ဟု တွေးတောမှု 'သံသယကုက္ကုစ္စ' ရှိသည်ဖြစ်၍ မခံယူပဲနေ၏၊ ဆွမ်းခံဝင်ခြင်းငှါလည်း မတတ်နိုင်သဖြင့် ဆွမ်းပြတ်၏။

ထိုအခါ ထိုရဟန်းသည် ရဟန်းတို့အား ဤအကြောင်းကို ပြောကြား၏။ ရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် တရားစကားကို ဟောတော်မူ၍ ရဟန်းတို့ကို "ရဟန်းတို့ တောကျောင်းတို့၌ နေဖျားသော ရဟန်းသည် ရှေးက မကြားမသိစေအပ်ပဲ ခဲဖွယ်ဘောဇဉ်တို့ကို မိမိလက်ဖြင့် ခံယူ၍ ခဲခြင်း စားခြင်းငှါ ခွင့်ပြုတော်မူ၏" ဟု မိန့်တော်မူ၏။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

၁၄၅။ ၄-(ခ)၅၇၂။ **"ကြောက်ရွံ့ဖွယ်ရှိသည် ဟု သမုတ်အပ်သော ဘေးဘျမ်းနှင့် တကွ ဖြစ်သော အကြင် တောကျောင်းတို့သည် ရှိကုန်၏၊ အကြင်ရဟန်းသည် ထိုသို့သဘောရှိသော ကျောင်းတို့၌ ရှေးကမကြားမသိစေအပ်ပဲ ခဲဖွယ်ကိုသော်၎င်း ဘောဇဉ်ကိုသော်၎င်း အရံ၏ အတွင်း၌ မိမိလက်ဖြင့်ခံယူ၍ မနာမဖျားပဲ ခဲမူလည်း ခဲငြားအံ့၊ စားမူလည်း စားငြားအံ့၊ ထိုရဟန်းသည် ငါ့သျှင်တို့ ငါသည် ကဲ့ရဲ့အပ် မလျှောက်ပတ်သော ပါဋိဒေသနီအာပတ်သို့ရောက်ပြီ၊ ထိုအာပတ်ကို ပြောကြားပါ၏ ဟု ပြောကြားရမည်"** ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

## ၄-စတုတ္ထ ပါဋိဒေသနီသိက္ခာပုဒ် အဖွင့်

၅၇၃။ **အကြင် တောကျောင်းတို့သည် ရှိကုန်၏** ဟူရာ၌ **တောကျောင်း** မည်သည် အယုတ်အားဖြင့် ကုပ်လုပ်လေးတာ အပြန်ငါးရာကွာသော ကျောင်းတည်း။

**ကြောက်ရွံ့ဖွယ် ရှိသည်** မည်သည် အရံ၌၎င်း အရံ၏ ဥပစာ၌၎င်း ခိုးသူတို့ ဝင်ရာအရပ်သည် ထင်ရှား၏၊ စားရာအရပ်သည် ထင်ရှား၏၊ တည်ရာအရပ်သည် ထင်ရှား၏၊ နေရာအရပ်သည် ထင်ရှား၏၊ အိပ်ရာအရပ်သည် ထင်ရှား၏။

**ဘေးဘျမ်းနှင့်တကွ ဖြစ်သော** မည်သည် အရံ၌၎င်း အရံ၏ဥပစာ၌၎င်း လူတို့ကို ခိုးသူတို့သတ်ခြင်းတို့လည်း ထင်ရှားကုန်၏၊ လုယက်ခြင်းတို့လည်း ထင်ရှားကုန်၏၊ ရိုက်နှက်ခြင်းတို့လည်း ထင်ရှားကုန်၏။

**အကြင်** ဟူသည် အကြင်သို့ သဘောရှိသော။ပ။

**ရဟန်း** ဟူသည်။ပ။ ဤအရာ၌ ဤဉတ်တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သူကို "ရဟန်း" ဟူ၍ အလိုရှိအပ်၏။

**ထိုသို့ သဘောရှိသော ကျောင်းတို့၌** ဟူသည် ဤသို့ သဘောရှိသော ကျောင်းတို့၌။

**မကြားမသိစေအပ်ပဲ** မည်သည် သီတင်းသုံးဖော် ငါးယောက်တို့အား ကြားသိစေအံ့၊ ဤသို့သိစေခြင်းသည် မကြားမသိစေအပ်သည်ပင် မည်၏၊ အရံကို၎င်း အရံ၏ ဥပစာကို၎င်း ဖယ်ထား၍ ကြားသိစေအံ့၊ ဤသို့သိစေခြင်းသည်လည်း **မကြားမသိစေအပ်သည်ပင် မည်၏**။

http://www.dhammadownload.com



**ကြားသိစေအပ်သော** မည်သည် အမှတ်မရှိ တစုံတယောက်သောမိန်းမ ယောကျ်ားသည် အရံသို့ရင်း အရံ၏ဥပစာသို့ရင်း လာပြီးလျှင် "အသျှင်ဘုရား ခဲဖွယ်ဘောဇဉ်တို့ကို ဤမည်သော ရဟန်းအတွက် ယူဆောင်လာကြပါလိမ့်မည်" ဟု ပြောကြားအံ့၊ အကယ်၍ ကြောက်ရွံ့ဖွယ်ရှိမူ "ကြောက်ရွံ့ဖွယ်ရှိ၏" ဟု ပြောကြားရမည်၊ အကယ်၍ ဘေးရန်ရှိမူ "ဘေးရန်ရှိ၏" ဟု ပြောကြားရမည်။

"အသျှင်ဘုရား ရှိပါစေ ယူဆောင်လာကြပါလိမ့်မည်" ဟု ဆိုအံ့၊ လူတို့သည် ဤအနီးအနား၌ သွားလာနေကြသဖြင့် ရှောင်ဖယ်နေကုန်ဦးလော့" ဟု ခိုးသူတို့ကို ပြောဆိုထိုက်၏။

ယာဂုနှင့်စပ်လျဉ်း၍ ကြားသိစေရာ၌ ထိုယာဂု၏ အခြံအရံ (အပိုပါလာသမျှ) ကိုလည်း ဆောင်ယူခဲ့အံ့၊ ဤအလုံးစုံသည် ကြားသိစေအပ်သည် မည်၏။

ထမင်းနှင့်စပ်လျဉ်း၍ ကြားသိစေရာ၌ ထိုထမင်း၏ အခြံအရံ (အပိုပါလာသမျှ) ကိုလည်း ဆောင်ယူခဲ့အံ့၊ ဤအလုံးစုံသည် ကြားသိစေအပ်သည် မည်၏။

ခဲဖွယ်နှင့်စပ်လျဉ်း၍ ကြားသိစေရာ၌ ထိုခဲဖွယ်၏ အခြံအရံ (အပိုပါလာသမျှ) ကိုလည်း ဆောင်ယူခဲ့အံ့၊ ဤအလုံးစုံသည် ကြားသိစေအပ်သည် မည်၏။

အမျိုးနှင့်စပ်လျဉ်း၍ ကြားသိစေရာ၌ ထိုအမျိုး၌ အကြင်သူသည် ခဲဖွယ်ဘောဇဉ်တို့ကို ဆောင်ယူလာခဲ့အံ့၊ ဤအလုံးစုံသည် ကြားသိစေအပ်သည် မည်၏၊ ရွာနှင့် စပ်လျဉ်း၍ ကြားသိစေရာ၌ ထိုရွာ၌ အကြင်သူသည် ခဲဖွယ်ဘောဇဉ်တို့ကို ဆောင်ယူလာခဲ့အံ့၊ ဤအလုံးစုံသည် ကြားသိစေအပ်သည် မည်၏၊ အသင်းအဖွဲ့နှင့်စပ်လျဉ်း၍ ကြားသိစေရာ၌ ထိုအသင်းအဖွဲ့၌ အကြင်သူသည် ခဲဖွယ်ဘောဇဉ်တို့ကို ဆောင်ယူလာခဲ့အံ့၊ ဤအလုံးစုံသည် ကြားသိစေအပ်သည် မည်၏။

ခဲဖွယ် မည်သည် ဘောဇဉ်ငါးပါး ယာမကာလိက သတ္တာဟကာလိက ယာဝဇီဝိကကို ဖယ်ထား၍ အကြွင်းသည် ခဲဖွယ် မည်၏။

ဘောဇဉ် မည်သည် ထမင်း မုယော မုံ့ မုံ့လုံး ငါး အမဲ အားဖြင့် ငါးပါးသော ဘောဇဉ်တို့တည်း။

အရံတွင်း မည်သည် အရံရှိသော ကျောင်း၏ အရံ၏ အတွင်းတည်း၊ အရံမရှိသော ကျောင်း၏ ဥပစာတည်း။

**မနာမဖျားပဲ** မည်သည် ဆွမ်းခံသွားခြင်းငှါ တတ်နိုင်၏။

**နာဖျားသော** မည်သည် ဆွမ်းခံသွားခြင်းငှါ မတတ်နိုင်။

မကြားမသိစေအပ်ပဲ မနာမဖျားမူ၍ "ခဲမည် စားမည်" ဟု ခံယူအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ မျိုတိုင်း မျိုတိုင်း ပါဋိဒေသနီ အာပတ် သင့်၏။

၅၃၄။ မကြားမသိစေရာ၌ မကြားမသိစေအပ် ဟု အမှတ်ရှိသည် ဖြစ်၍ ခဲဖွယ်ဘောဇဉ်တို့ကို အရံတွင်း၌ မိမိလက်ဖြင့် ခံယူ၍ မနာမဖျားပဲ ခဲမူလည်း ခဲအံ့၊ စားမူလည်း စားအံ့၊ ပါဋိဒေသနီအာပတ် သင့်၏။

မကြားမသိစေရာ၌ ယုံမှားရှိသည်ဖြစ်၍ ခဲဖွယ်ဘောဇဉ်တို့ကို အရံတွင်း၌ မိမိလက်ဖြင့် ခံယူ၍ မနာမဖျားပဲ ခဲမူလည်း ခဲအံ့၊ စားမူလည်း စားအံ့၊ ပါဋိဒေသနီအာပတ် သင့်၏။

http://www.dhammadownload.com



မကြားမသိစေရာ၌ ကြားသိစေအပ်ပြီ ဟု အမှတ်ရှိသည်ဖြစ်၍ ခဲဖွယ်ဘောဇဉ်တို့ကို အရံတွင်း၌ မိမိလက်ဖြင့် ခံယူ၍ မနာမဖျားပဲ ခဲမူလည်း ခဲအံ့၊ စားမူလည်း စားအံ့၊ ပါဋိဒေသနီအာပတ် သင့်၏။

ယာမကာလိက သတ္တာဟကာလိက ယာဝဇီဝိကတို့ကို အာဟာရအလို့ငှါ ခံယူအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ မျိုတိုင်း မျိုတိုင်း ဒုက္ကဋ်အာပတ် သင့်၏။

ကြားသိစေပြီးရာ၌ မကြားမသိစေရသေး ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ကြားသိစေပြီးရာ၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ကြားသိစေပြီးရာ၌ ကြားသိစေအပ်ပြီ ဟု အမှတ်ရှိအံ့၊ အာပတ် မသင့်။

၅၇၅။ ကြားသိစေရာ၌ရင်း၊ နာဖျားသော ရဟန်းအားရင်း၊ အာပတ် မသင့်၊ ကြားသိစေသော ရဟန်း နာဖျားသော ရဟန်းတို့၏ စားကြွင်းကို စားအံ့၊ အရံပ၌ ခံယူခဲ့၍ အရံတွင်း၌ စားအံ့၊ ထို အရံ၌ဖြစ်သော အမြစ် အခေါက် အရွက် အပွင့် အသီးတို့ကို စားအံ့၊ယာမကာလိက သတ္တာဟကာလိက ယာဝဇီဝိကတို့ကို အကြောင်းရှိခဲ့သော် စားအံ့၊ အာပတ် မသင့်၊ ရူးသော ရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

စတုတ္ထ ပါဋိဒေသနိ သိက္ခာပုဒ် ပြီး၏။

အသျှင်တို့ လေးပါးကုန်သော ပါဋိဒေသနီအာပတ်တို့ကို အကျဉ်းအားဖြင့် ပြဆိုအပ်ပြီးပါကုန်ပြီ။ ထိုအာပတ်တို့၌ အသျှင်တို့ကို မေးပါ၏၊ အာပတ်မှ စင်ကြယ်ကြပါကုန်၏လော၊ နှစ်ကြိမ်မြောက်လည်း မေးပါ၏၊ အာပတ်မှ စင်ကြယ်ကြပါကုန်၏လော၊ သုံးကြိမ်မြောက်လည်း မေးပါ၏၊ အာပတ်မှ စင်ကြယ်ကြပါကုန်၏လော၊ အသျှင်တို့သည် ဤပါဋိဒေသနီအာပတ်တို့၌ အာပတ်မှ စင်ကြယ်ကြပါကုန်၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏။ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤပါဋိဒေသနီ အာပတ်မှ စင်ကြယ်သည့် အဖြစ်ကို သိမှတ်ရပါသည်။

**ပါဋိဒေသနီအခဏ်း ပြီး၏။**

http://www.dhammadownload.com

# ၇-သေခိယအခန်း

## ၁-ပရိမဏ္ဍလဝဂ် ၁-ပဌမသိက္ခာပုဒ်

အသျှင်တို့ သေခိယ အမည်ရှိကုန်သော 'သင်အပ် ကျင့်အပ် အားထုတ်အပ်ကုန်သော' ဤ သိက္ခာပုဒ်တို့သည် သရုပ်အားဖြင့် ပြဆိုအပ်သည့် အဖြစ်သို့ ရောက်ကုန်၏။

၅၇၆။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံ ဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ရှေ့မှရင်း နောက်မှရင်း တွဲရရွဲချလျက် (သင်းပိုင်ကို) ဝတ်ကုန်၏။ လူတို့သည် "အဘယ့်ကြောင့် သာကီဝင် မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့သည် ကာမစည်းစိမ်ကို ခံစားသော လူတို့ကဲ့သို့ ရှေ့မှ ရင်း နောက်မှရင်း တွဲရရွဲချလျက် (သင်းပိုင်ကို) ဝတ်ကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ရဟန်းတို့သည် ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုကြသော လူတို့၏ စကားကို ကြားကြသည်သာ တည်း။ အလိုနည်းသော ရဟန်းတို့သည် "အဘယ့်ကြောင့် ဆဗ္ဗဂ္ဂီရဟန်းတို့သည် ရှေ့မှရင်း နောက်မှ ရင်း တွဲရရွဲချလျက် ဝတ်ကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ ထိုအခါ ထိုရဟန်းတို့သည် ဆဗ္ဗဂ္ဂီရဟန်းတို့ကို များစွာသော အကြောင်းဖြင့် ကဲ့ရဲ့ပြစ်တင်ကြပြီးလျှင် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ထိုအခါ မြတ်စွာဘုရားသည် ဤ အကြောင်းအရာကြောင့် တရားစကားကို ဟောတော်မူ၍ ရဟန်းသံဃာကို စည်းဝေးစေပြီးလျှင် ဆဗ္ဗဂ္ဂီရဟန်းတို့ကို—

"ရဟန်းတို့ သင်တို့သည် ရှေ့မှရင်း နောက်မှရင်း တွဲရရွဲချလျက် (သင်းပိုင်ကို) ဝတ်ကုန်၏ ဟူသည် မှန်သလော" ဟု [illegible] မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ သင်တို့သည် အဘယ့်ကြောင့် ရှေ့မှရင်း နောက်မှရင်း တွဲရရွဲချလျက် (သင်းပိုင်ကို) ဝတ်ကုန်ဘိသနည်း။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ ဤ (သင်တို့ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

၁၄၆။ ၁-"ထက်ဝန်းကျင်မှ အဝန်းညီစွာသင်းပိုင်ကို ဝတ်အံ့ ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်" ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

ချက်အဝန်း ပုဆစ်ဒူးဝန်းတို့ကို ဖုံးလွှမ်း၍ ထက်ဝန်းကျင်မှ အဝန်းညီစွာ ဝတ်အပ်၏။

http://www.dhammadownload.com



အကြောင်း ရဟန်းသည် (သိက္ခာပုဒ်၌) မရိုသေခြင်းကို စွဲ၍ ရှေ့မှသော်၎င်း နောက်မှသော်၎င်း တွဲရရွဲချလျက် ဝတ်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

စေတနာမရှိသောရဟန်း သတိမေ့လျော့သောရဟန်း မသိသောရဟန်း နာဖျားသောရဟန်း အား အာပတ် မသင့်၊ ဘေးရန်တို့ကြောင့် အာပတ် မသင့်၊ ရူးသောရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

ပဌမသိက္ခာပုဒ် ပြီး၏။

---

## ၁-ပရိမဏ္ဍလဝဂ် ၂-ဒုတိယသိက္ခာပုဒ်

၅၇၇။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံ ဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ရှေ့မှရင်း နောက်မှရင်း တွဲရရွဲချလျက် ရုံကုန်၏။ပ။

**၁၄၇။ ၂-"ထက်ဝန်းကျင်မှ အဝန်းညီစွာ ကိုယ်ဝတ်သင်္ကန်းကိုရုံအံ့ ဟု ကျင့်ကြံအားထုတ်မှု ကို ပြုရမည်" ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။**

ရှေ့နောက်အစွန်းနှစ်ခုတို့ကို အညီအညွတ်ပြု၍ ထက်ဝန်းကျင်မှ အဝန်းညီစွာ ရုံအပ်၏။

အကြောင်းရဟန်းသည် (သိက္ခာပုဒ်၌) မရိုသေခြင်းကို စွဲ၍ ရှေ့မှသော်၎င်း နောက်မှသော်၎င်း တွဲရရွဲချလျက် ရုံအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

စေတနာမရှိသောရဟန်း သတိမေ့လျော့သောရဟန်း မသိသောရဟန်း နာဖျားသောရဟန်း အား အာပတ် မသင့်၊ ဘေးရန်တို့ကြောင့် အာပတ် မသင့်၊ ရူးသောရဟန်း အစလက်ဦးလွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

ဒုတိယသိက္ခာပုဒ် ပြီး၏။

---

## ၁-ပရိမဏ္ဍလဝဂ် ၃-တတိယသိက္ခာပုဒ်

၅၇၈။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံ ဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ကိုယ်ကိုဖော် လျက် ရွာတွင်း၌သွားကုန်၏။ပ။

**၁၄၈။ ၃-"(ထည်လက်ကောက်ဝတ်တို့ကို) ကောင်းစွာဖုံးလွှမ်းလျက် ရွာတွင်း၌ သွားအံ့ ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်" ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။**

ကောင်းစွာဖုံးလွှမ်းသည်ဖြစ်၍ ရွာတွင်း၌သွားလာအပ်၏။ အကြောင်း ရဟန်းသည် (သိက္ခာပုဒ်၌) မရိုသေခြင်းကို စွဲ၍ ကိုယ်ကိုဖော်လျက် ရွာတွင်း၌သွားလာအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

စေတနာမရှိသောရဟန်း သတိမေ့လျော့သောရဟန်း မသိသောရဟန်း နာဖျားသောရဟန်း အား အာပတ် မသင့်၊ ဘေးရန်တို့ကြောင့် အာပတ် မသင့်၊ ရူးသောရဟန်း အစလက်ဦးလွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

တတိယသိက္ခာပုဒ် ပြီး၏။

http://www.dhammadownload.com



## ၁-ပရိမဏ္ဍလဝဂ် ၄-စတုတ္ထသိက္ခာပုဒ်

၅၇၉။ ဘုန်းတော်ကြီးသောမြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံ ဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ကိုယ်ကိုဖော် လျက် ရွာတွင်း၌ နေထိုင်ကုန်၏။ပ။

၁၄၉။ ၄-"(လည်လက်ကောက်ဝတ်တို့ကို) ကောင်းစွာ ဖုံးလွှမ်းလျက် ရွာတွင်း၌ နေထိုင် အံ့ ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်" ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

ကောင်းစွာဖုံးလွှမ်းသည်ဖြစ်၍ ရွာတွင်း၌ နေထိုင်အပ်၏။

အကြင်ရဟန်းသည် (သိက္ခာပုဒ်၌) မရိုသေခြင်းကို စွဲ၍ ကိုယ်ကို ဖော်လျက် ရွာတွင်း၌နေထိုင် အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

စေတနာမရှိသောရဟန်း သတိမေ့လျော့သောရဟန်း မသိသောရဟန်း နာဖျားသောရဟန်း နေခြင်းငှါ ကပ်သောရဟန်း 'ရွာတွင်း၌ ခေတ္တတည်းခိုနေသောရဟန်း' အား အာပတ် မသင့်၊ ဘေးရန်တို့ကြောင့် အာပတ် မသင့်၊ ရူးသောရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

စတုတ္ထသိက္ခာပုဒ် ပြီး၏။

---

## ၁-ပရိမဏ္ဍလဝဂ် ၅-ပဋ္ဌမသိက္ခာပုဒ်

၅၈၀။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ် သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် လက်ခြေတို့ကို ကစားလျက် ရွာတွင်း၌ သွားကုန်၏။ပ။

၁၅၀။ ၅-"ကိုယ်ခန္ဓာကို ကောင်းစွာ စောင့်ရှောက်လျက် ရွာတွင်း၌ သွားအံ့ ဟု ကျင့်ကြံ အားထုတ်မှုကို ပြုရမည်" ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

ကိုယ်ခန္ဓာကို ကောင်းစွာ စောင့်စည်းသည်ဖြစ်၍ ရွာတွင်း၌ သွားအပ်၏။

အကြင် ရဟန်းသည် (သိက္ခာပုဒ်၌) မရိုသေခြင်းကို စွဲ၍ လက်ခြေတို့ကို ကစားလျက် ရွာတွင်း၌ သွားအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

စေတနာမရှိသောရဟန်း သတိမေ့လျော့သောရဟန်း မသိသောရဟန်း နာဖျားသောရဟန်း ရူးသောရဟန်း အစလက်ဦးလွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

ပဉ္စမသိက္ခာပုဒ် ပြီး၏။

http://www.dhammadownload.com



## ၁-ပရိမဏ္ဍလဝဂ် ၆-ဆဋ္ဌသိက္ခာပုဒ်

၅၇၁။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် လက်ခြေတို့ကို ကစားလျက် ရွာတွင်း၌ နေတိုင်ကုန်၏။ပ။

၁၅၁။ ၆-"ကာယကို ကောင်းစွာ စောင့်စည်းလျက် ရွာတွင်း၌ နေထိုင်အံ့ ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်" ဤသို့ (ပြုကြကုန်လော့ ဟု မိန့်တော်မူ၏)။

ကာယကို ကောင်းစွာ စောင့်စည်းသည်ဖြစ်၍ ရွာတွင်း၌ နေထိုင်အပ်၏။ အကြင်ရဟန်းသည် (သိက္ခာပုဒ်၌) မရိုသေခြင်းကို စွဲ၍ လက်ခြေတို့ကို ကစားလျက် ရွာတွင်း၌ နေထိုင်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

စေတနာမရှိသောရဟန်း သတိမေ့လျော့သောရဟန်း မသိသောရဟန်း နာဖျားသောရဟန်း ရူးသောရဟန်း အစလက်ဦး လွန်ကျူးသောရဟန်းတို့အားလည်း အာပတ် မသင့်။

ဆဋ္ဌသိက္ခာပုဒ် ပြီး၏။

---

## ၁-ပရိမဏ္ဍလဝဂ် ၇-သတ္တမသိက္ခာပုဒ်

၅၇၂။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ထိုထိုအရပ်သို့ ကြည့်ရှုကုန်လျက် ရွာတွင်း၌ သွားကုန်၏။ပ။

၁၅၂။ ၇-"မျက်လွှာချလျက် ရွာတွင်း၌သွားအံ့ ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်" ဤသို့ (ပြုကြကုန်လော့ ဟု မိန့်တော်မူ၏)။

မျက်လွှာချလျက် ထမ်းပိုးတပြန် 'လေးတောင်ခန့်' မျှကို ကြည့်သည်ဖြစ်၍ ရွာတွင်း၌ သွားအပ်၏။

အကြင် ရဟန်းသည် (သိက္ခာပုဒ်၌) မရိုသေခြင်းကို စွဲ၍ ထိုထိုအရပ်သို့ ကြည့်လျက် ရွာတွင်း၌ သွားအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

စေတနာမရှိသောရဟန်း သတိမေ့လျော့သောရဟန်း မသိသောရဟန်း နာဖျားသောရဟန်းအား အာပတ် မသင့်၊ ဘေးရန်တို့ကြောင့် အာပတ် မသင့်၊ ရူးသောရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

သတ္တမသိက္ခာပုဒ် ပြီး၏။

---

## ၁-ပရိမဏ္ဍလဝဂ် ၈-အဋ္ဌမသိက္ခာပုဒ်

၅၇၃။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ထိုထိုအရပ်သို့ ကြည့်ရှုကုန်လျက် ရွာတွင်း၌ နေထိုင်ကုန်၏။ပ။

http://www.dhammadownload.com



၁၅၃။ ၈-"မျက်လွှာချလျက် ရွာတွင်း၌ နေထိုင်အံ့ ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်" ဤသို့ (ပြုကြကုန်လော့ ဟု မိန့်တော်မူ၏)။

မျက်လွှာချလျက် ထမ်းပိုးတပြန် 'လေးတောင်ခန့်' မျှကို ကြည့်သည်ဖြစ်၍ ရွာတွင်း၌ နေထိုင်အပ်၏။

အကြင် ရဟန်းသည် (သိက္ခာပုဒ်၌) မရိုသေခြင်းကို စွဲ၍ ထိုထိုအရပ်သို့ ကြည့်ရှုလျက် ရွာတွင်း၌ နေထိုင်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

စေတနာမရှိသောရဟန်း သတိမေ့လျော့သောရဟန်း မသိသောရဟန်း နာဖျားသော ရဟန်းအား အာပတ် မသင့်၊ ဘေးရန်တို့ကြောင့် အာပတ် မသင့်၊ ရူးသောရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

အဋ္ဌမသိက္ခာပုဒ် ပြီး၏။

---

## ၁-ပရိမဏ္ဍလဝဂ် ၉-နဝမသိက္ခာပုဒ်

၁၅၄။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် သင်္ကန်းကို ပင့်လျက် ရွာတွင်း၌ သွားကုန်၏။ပ။

၁၅၄။ ၉-"သင်္ကန်းကို ပင့်လျက် ရွာတွင်း၌မသွားအံ့ ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်" ဤသို့ (ပြုကြကုန်လော့ ဟု မိန့်တော်မူ၏)။

သင်္ကန်းကို ပင့်လျက် ရွာတွင်း၌ မသွားအပ်။

အကြင် ရဟန်းသည် (သိက္ခာပုဒ်၌) မရိုသေခြင်းကို စွဲ၍ တဖက်မှ ဖြစ်စေ နှစ်ဖက်လုံးမှ ဖြစ်စေ၊ သင်္ကန်းကိုမ၍ ရွာတွင်း၌ သွားအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

စေတနာမရှိသောရဟန်း သတိမေ့လျော့သောရဟန်း မသိသောရဟန်း နာဖျားသောရဟန်းအား အာပတ် မသင့်၊ ဘေးရန်တို့ကြောင့် အာပတ် မသင့်၊ ရူးသော ရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

နဝမသိက္ခာပုဒ် ပြီး၏။

---

## ၁-ပရိမဏ္ဍလဝဂ် ၁၀-ဒသမသိက္ခာပုဒ်

၁၅၅။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသော အခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် သင်္ကန်းကို ပင့်လျက် ရွာတွင်း၌ နေထိုင်ကုန်၏။ပ။

၁၅၅။ ၁၀-"သင်္ကန်းကို ပင့်လျက် ရွာတွင်း၌ မနေထိုင်အံ့ ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်" ဤသို့ (ပြုကြကုန်လော့ ဟု မိန့်တော်မူ၏)။

http://www.dhammadownload.com



သက်န်းကို ပင့်လျက် ရွာတွင်း၌မနေထိုင်အပ်။ အကြင် ရဟန်းသည် (သိက္ခာပုဒ်၌) မရိုသေခြင်းကို စွဲ၍တဖက်မှဖြစ်စေ နှစ်ဖက်လုံးမှ ဖြစ်စေ၊ သင်္ကန်းကို ပင့်၍ ရွာတွင်း၌ နေထိုင်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

စေတနာမရှိသောရဟန်း သတိမေ့လျော့သောရဟန်း မသိသောရဟန်း နာဖျားသောရဟန်း နေခြင်းငှါကပ်သောရဟန်း 'ရွာတွင်း၌ ခေတ္တတည်းခိုနေသောရဟန်း' အား အာပတ် မသင့်၊ ဘေးရန်တို့ကြောင့် အာပတ် မသင့်၊ ရူးသောရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

ဒသမသိက္ခာပုဒ် ပြီး၏။

ပဌမပရိမဏ္ဍလသိက္ခာပုဒ် ပြီး၏။

---

## ၂-ဥဇ္ဇဂ္ဃိကဝဂ် ၁-ပဌမသိက္ခာပုဒ်

၂၈၆။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ပြင်းစွာ ရယ်မောလျက် ရွာတွင်း၌ သွားကုန်၏။ပ။

**၁၅၆။ ၁၁-"ပြင်းစွာ ရယ်မောလျက် ရွာတွင်း၌ မသွားအံ့ ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်" ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။**

ပြင်းစွာ ရယ်မောလျက် ရွာတွင်း၌ မသွားအပ်။

အကြင် ရဟန်းသည် (သိက္ခာပုဒ်၌) မရိုသေခြင်းကို စွဲ၍ ပြင်းစွာ ရယ်မောလျက် ရွာတွင်း၌ သွားအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

စေတနာမရှိသောရဟန်း သတိမေ့လျော့သောရဟန်း မသိသောရဟန်း နာဖျားသောရဟန်း ပြင်းစွာ ရယ်မောဖွယ် အကြောင်းရှိခဲ့သော် ပြုံးရုံမျှ ပြုံးအံ့၊ အာပတ် မသင့်၊ ဘေးရန်တို့ကြောင့် အာပတ် မသင့်၊ ရူးသော ရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

ပဌမသိက္ခာပုဒ် ပြီး၏။

---

## ၂-ဥဇ္ဇဂ္ဃိကဝဂ် ၂-ဒုတိယသိက္ခာပုဒ်

၂၈၇။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ပြင်းစွာ ရယ်မောလျက် ရွာတွင်း၌ နေထိုင်ကုန်၏။ပ။

**၁၅၇။ ၁၂-"ပြင်းစွာ ရယ်မောလျက် ရွာတွင်း၌ မနေထိုင်အံ့ ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်" ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။**

ပြင်းစွာ ရယ်မောလျက် ရွာတွင်း၌ မနေထိုင်အပ်။

http://www.dhammadownload.com



အကြင် ရဟန်းသည် (သိက္ခာပုဒ်၌) မရှိသေခြင်းကို စွဲ၍ ပြင်းစွာ ရယ်မောလျက် ရွာတွင်း၌ နေထိုင်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

စေတနာ မရှိသောရဟန်း သတိမေ့လျော့သောရဟန်း မသိသောရဟန်း နာဖျားသောရဟန်း အား အာပတ် မသင့်၊ ပြင်းစွာ ရယ်မောဖွယ် အကြောင်းရှိခဲ့သော် ပြုံးရုံမျှ ပြုံးအံ့၊ အာပတ် မသင့်၊ ဘေးရန်တို့ကြောင့် အာပတ် မသင့်၊ ရူးသောရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

ဒုတိယသိက္ခာပုဒ် ပြီး၏။

---

## ၂-ဥဇ္ဇဂ္ဃိကဝဂ် ၃-တတိယသိက္ခာပုဒ်

၅၈၈။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံ ဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် စူးရှကျယ် လောင်သောအသံကို ပြုလျက် ရွာတွင်း၌ သွားကုန်၏။ပ။

**၅၈၈။ ၁၃-"ငယ်သော 'ဖြည်းညှင်းသော' အသံရှိသည်ဖြစ်၍ ရွာတွင်း၌ သွားအံ့ ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်" ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။**

ငယ်သော 'ဖြည်းညှင်းသော' အသံရှိသည်ဖြစ်၍ ရွာတွင်း၌ သွားအပ်၏။

အကြင် ရဟန်းသည် (သိက္ခာပုဒ်၌) မရှိသေခြင်းကို စွဲ၍ စူးရှကျယ်လောင်သော အသံကို ပြုလျက် ရွာတွင်း၌ သွားအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

စေတနာမရှိသောရဟန်း သတိမေ့လျော့သောရဟန်း မသိသောရဟန်း နာဖျားသောရဟန်း အား အာပတ် မသင့်၊ ဘေးရန်တို့ကြောင့် အာပတ် မသင့်၊ ရူးသောရဟန်း အစလက်ဦး လွန်ကျူး သော ရဟန်းတို့အားလည်း အာပတ် မသင့်။

တတိယသိက္ခာပုဒ် ပြီး၏။

---

## ၂-ဥဇ္ဇဂ္ဃိကဝဂ် ၄-စတုတ္ထသိက္ခာပုဒ်

၅၈၉။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံ ဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် စူးရှကျယ် လောင်သော အသံကိုပြုလျက် ရွာတွင်း၌ နေထိုင်ကုန်၏။ပ။

**၅၅၉။ ၁၄-"ငယ်သော 'ဖြည်းညှင်းသော' အသံရှိသည်ဖြစ်၍ ရွာတွင်း၌ နေထိုင်အံ့ ဟု ကျင့်ကြံ အားထုတ်မှုကိုပြုရမည်" ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။**

http://www.dhammadownload.com



ငယ်သော 'ဖြည်းညှင်းသေ ' အသံရှိသည်ဖြစ်၍ ရွာတွင်း၌နေထိုင်အပ်၏။

အကြင် ရဟန်းသည် (သိက္ခာပုဒ်၌) မရိုသေခြင်းကိုစွဲ၍ စူးရှကျယ်လောင်သော အသံကို ပြုလျက် ရွာတွင်း၌ နေထိုင်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

စေတနာမရှိသောရဟန်း။ပ။ အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

စတုတ္ထသိက္ခာပုဒ် ပြီး၏။

---

## ၂-ဥဇ္ဇဂ္ဃိကဝဂ် ၅-ပဉ္စမသိက္ခာပုဒ်

၅၉၀။ ဘုန်တော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ကိုယ်ကို ယိမ်းယိုင်ကာ လှုပ်၍ လှုပ်၍ ရွာတွင်း၌ သွားကုန်၏။ပ။

၁၆၀။ ၁၅-"ကိုယ်ကို လှုပ်၍လှုပ်၍ ရွာတွင်း၌ မသွားအံ့ ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်"ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

ကိုယ်ကို လှုပ်၍ လှုပ်၍ ရွာတွင်း၌ မသွားအပ်။

ကိုယ်ကို ထိမ်းသိမ်း၍ 'ဖြောင့်စွာထား၍ ' သွားအပ်၏။

အကြင် ရဟန်းသည် (သိက္ခာပုဒ်၌) မရိုသေခြင်းကို စွဲ၍ ကိုယ်ကို ယိမ်းယိုင်ကာ လှုပ်၍လှုပ်၍ ရွာတွင်း၌ သွားအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

စေတနာမရှိသောရဟန်း။ပ။ အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

ပဉ္စမသိက္ခာပုဒ် ပြီး၏။

---

## ၂-ဥဇ္ဇဂ္ဃိကဝဂ် ၆-ဆဋ္ဌသိက္ခာပုဒ်

၅၉၁။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ကိုယ်ကို ယိမ်းယိုင်ကာ လှုပ်၍ လှုပ်၍ ရွာတွင်း၌ ထိုင်နေကုန်၏။ပ။

၁၆၁။ ၁၆-"ကိုယ်ကို လှုပ်၍လှုပ်၍ ရွာတွင်း၌ မနေထိုင်အံ့ ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်"ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

ကိုယ်ကို လှုပ်၍ လှုပ်၍ ရွာတွင်း၌ မနေထိုင်အပ်၊ ကိုယ်ကို ထိန်းသိမ်း၍ 'ဖြောင့်စွာထား၍' နေထိုင်အပ်၏။

http://www.dhammadownload.com



အကြင် ရဟန်းသည် (သိက္ခာပုဒ်၌) မရိုသေခြင်းကိုစွဲ၍ ကိုယ်ကို ယိမ်းယိုင်ကာ လှုပ်၍ လှုပ်၍ ရွာတွင်း၌နေထိုင်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

စေတနာမရှိသောရဟန်း သတိမေ့လျော့သောရဟန်း မသိသောရဟန်း နာဖျားသောရဟန်း နေခြင်းငှါ ချဉ်းကပ်သောရဟန်း 'ရွာတွင်း၌ ခေတ္တတည်းခိုနေသော ရဟန်း' အား အာပတ် မသင့်၊ ဘေးရန်တို့ကြောင့် အာပတ် မသင့်၊ ရူးသောရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းတို့အား လည်း အာပတ် မသင့်။

ဆဋ္ဌသိက္ခာပုဒ် ပြီး၏။

---

## ၂-ဥဇ္ဇဂ္ဃိကဝဂ် ၇-သတ္တမသိက္ခာပုဒ်

၅၉၂။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံ ဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် လက်မောင်းကို ဝှေ့ယမ်းကာ လှုပ်၍ လှုပ်၍ ရွာတွင်း၌ သွားကုန်၏။ပ။

၁၆၂။ ၁၇-"လက်မောင်းကို လှုပ်၍လှုပ်၍ ရွာတွင်း၌မသွားအံ့ ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်" ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

လက်မောင်းကို လှုပ်၍ လှုပ်၍ ရွာတွင်း၌ မသွားအပ်၊ လက်မောင်းကို ထိန်းသိမ်း၍ 'မလှုပ် မရှက်ထား၍' သွားအပ်၏။

အကြင် ရဟန်းသည် (သိက္ခာပုဒ်၌) မရိုသေခြင်းကိုစွဲ၍ လက်မောင်းကို ဝှေ့ယမ်းကာ လှုပ်၍ လှုပ်၍ ရွာတွင်း၌ သွားအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

စေတနာမရှိသောရဟန်း။ပ။ အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

သတ္တမသိက္ခာပုဒ် ပြီး၏။

---

## ၂-ဥဇ္ဇဂ္ဃိကဝဂ် ဂ-အဋ္ဌမသိက္ခာပုဒ်

၅၉၃။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံ ဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် လက်မောင်းကို ဝှေ့ယမ်းကာ လှုပ်၍ လှုပ်၍ ရွာတွင်း၌ နေထိုင်ကုန်၏ ။ပ။

၁၆၃။ ၁ဂ-"လက်မောင်းကို လှုပ်၍လှုပ်၍ ရွာတွင်း၌ မနေထိုင်အံ့ ဟု ကျင့်ကြံအားထုတ် မှုကိုပြုရမည်" ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

လက်မောင်းကို လှုပ်၍ လှုပ်၍ ရွာတွင်း၌ မနေထိုင်အပ်၊ လက်မောင်းကို ထိန်းသိမ်း၍ 'မလှုပ် မရှက်ထား၍' နေထိုင်အပ်၏။

http://www.dhammadownload.com



အကြင် ရဟန်းသည် (သိက္ခာပုဒ်၌) မရိုသေခြင်းကိုစွဲ၍ လက်မောင်းကို ဝှေ့ယမ်းကာ လှုပ်၍ လှုပ်၍ ရွာတွင်း၌ နေထိုင်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

စေတနာမရှိသောရဟန်း သတိမေ့လျော့သောရဟန်း မသိသောရဟန်း နာဖျားသောရဟန်း နေခြင်း၌ ချဉ်းကပ်သောရဟန်း 'ရွာတွင်း၌ ခေတ္တတည်းခိုနေသော ရဟန်း' အား အာပတ် မသင့်၊ ဘေးရန်တို့ကြောင့် အာပတ် မသင့်၊ ရူးသောရဟန်း အစလက်ဦး လွန်ကျူးသောရဟန်းတို့အား လည်း အာပတ် မသင့်။

အဋ္ဌမသိက္ခာပုဒ် ပြီး၏။

---

## ၂-ဥဇ္ဇဂ္ဃိကဝဂ် ၉-နဝမသိက္ခာပုဒ်

၅၉၄။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံ ဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ဦးခေါင်းကို ယိမ်းယိုင်ကာ လှုပ်၍လှုပ်၍ ရွာတွင်း၌ သွားကုန်၏။ပ။

၁၆၄။ ၁၉-"ဦးခေါင်းကို လှုပ်၍လှုပ်၍ ရွာတွင်း၌ မသွားအံ့ ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်" ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

ဦးခေါင်းကို လှုပ်၍လှုပ်၍ ရွာတွင်း၌ မသွားအပ်၊ ဦးခေါင်းကို ထိန်းသိမ်း၍ 'မလှုပ်မရှက် ဖြောင့်စွာထား၍' သွားအပ်၏။

အကြင် ရဟန်းသည် (သိက္ခာပုဒ်၌) မရိုသေခြင်းကိုစွဲ၍ ဦးခေါင်းကိုယိမ်းယိုင်ကာ လှုပ်၍ လှုပ်၍ ရွာတွင်း၌ သွားအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

စေတနာမရှိသောရဟန်း။ပ။ အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

နဝမသိက္ခာပုဒ် ပြီး၏။

---

## ၂-ဥဇ္ဇဂ္ဃိကဝဂ် ၁၀-ဒသမသိက္ခာပုဒ်

၅၉၅။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံ ဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ဦးခေါင်းကို ယိမ်းယိုင်ကာ လှုပ်၍လှုပ်၍ ရွာတွင်း၌ နေထိုင်ကုန်၏။ပ။

၁၆၅။ ၂၀-"ဦးခေါင်းကို လှုပ်၍လှုပ်၍ ရွာတွင်း၌ မနေထိုင်အံ့ ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်" ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

ဦးခေါင်းကို လှုပ်၍လှုပ်၍ ရွာတွင်း၌ မနေထိုင်အပ်၊ ဦးခေါင်းကို ထိန်းသိမ်း၍ 'မလှုပ်မရှက် ဖြောင့်စွာထား၍' နေထိုင်အပ်၏။

http://www.dhammadownload.com



အကြင် ရဟန်းသည် (သိက္ခာပုဒ်၌) မရှိသေခြင်းကိုစွဲ၍ ဦးခေါင်းကို ယိမ်းယိုင်ကာ လှုပ်၍ လှုပ်၍ ရွာတွင်း၌ နေထိုင်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

စေတနာမရှိသောရဟန်း သတိမေ့လျော့သောရဟန်း မသိသောရဟန်း နာဖျားသောရဟန်း နေခြင်းငှါချဉ်းကပ်သော ရဟန်း 'ရွာတွင်း၌ ခေတ္တတည်ခိုနေသော ရဟန်း' အား အာပတ် မသင့်၊ ဘေးရန်တို့ကြောင့် အာပတ် မသင့်၊ ရူးသောရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းတို့အား လည်း အာပတ် မသင့်။

ဒသမသိက္ခာပုဒ် ပြီး၏။

ဒုတိယဥဇ္ဇဂ္ဃိကဝဂ် ပြီး၏။

---

## ၃-ခမ္ဘကတဝဂ် ၁-ပဌမသိက္ခာပုဒ်

၅၉၆။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ခါးထောက်၍ ရွာတွင်း၌ သွားကုန်၏။ပ။

၁၆၆။ ၂၁-"ခါးထောက်၍ ရွာတွင်း၌ မသွားအံ့ ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်" ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

ခါးထောက်၍ ရွာတွင်း၌ မသွားအပ်။

အကြင် ရဟန်းသည် (သိက္ခာပုဒ်၌) မရှိသေခြင်းကိုစွဲ၍ တဖက်ဖြင့် ဖြစ်စေ နှစ်ဖက်လုံးဖြင့်ဖြစ်စေ ခါးထောက်၍ ရွာတွင်း၌ သွားအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

စေတနာမရှိသောရဟန်း။ပ။ အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

ပဌမသိက္ခာပုဒ် ပြီး၏။

---

## ၃-ခမ္ဘကတဝဂ် ၂-ဒုတိယသိက္ခာပုဒ်

၅၉၇။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ခါးထောက်၍ ရွာတွင်း၌ နေထိုင်ကုန်၏။ပ။

၁၆၇။ ၂၂-"ခါးထောက်၍ ရွာတွင်း၌ မနေထိုင်အံ့ ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်" ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

ခါးထောက်၍ ရွာတွင်း၌ မနေထိုင်အပ်။

အကြင် ရဟန်းသည် (သိက္ခာပုဒ်၌) မရှိသေခြင်းကိုစွဲ၍ တဖက်ဖြင့်ဖြစ်စေ နှစ်ဖက်လုံးဖြင့်ဖြစ်စေ ခါးထောက်၍ ရွာတွင်း၌ နေထိုင်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

http://www.dhammadownload.com



စေတနာမရှိသောရဟန်း သတိမေ့လျော့သောရဟန်း မသိသောရဟန်း နာဖျားသောရဟန်း နေခြင်း၄ါ ချဉ်းကပ်သောရဟန်း 'ရွာတွင်း၌ ခေတ္တတည်းခိုနေသောရဟန်း' အား အာပတ် မသင့်၊ ဘေးရန်တို့ကြောင့် အာပတ် မသင့်၊ ရူးသောရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းတို့ အားလည်း အာပတ် မသင့်။

ဒုတိယသိက္ခာပုဒ် ပြီး၏။

---

## ၃-ခမ္ဘကတဝဂ် ၃-တတိယသိက္ခာပုဒ်

၅၉၈။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ခေါင်းမြီးခြုံ၍ ရွာတွင်း၌ သွားကုန်၏။ပ။

**၁၆၈။ ၂၃-"ခေါင်းမြီးခြုံ၍ ရွာတွင်း၌ မသွားအံ့ ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်" ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။**

ခေါင်းမြီးခြုံ၍ ရွာတွင်း၌ မသွားအပ်။

အကြင် ရဟန်းသည် (သိက္ခာပုဒ်၌) မရိုသေခြင်းကိုစွဲ၍ ခေါင်းမြီးခြုံ၍ ရွာတွင်း၌ သွားအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

စေတနာမရှိသောရဟန်း။ပ။ အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

တတိယသိက္ခာပုဒ် ပြီး၏။

---

## ၃-ခမ္ဘကတဝဂ် ၄-စတုတ္ထသိက္ခာပုဒ်

၅၉၉။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ခေါင်းမြီးခြုံ၍ ရွာတွင်း၌ နေထိုင်ကုန်၏။ပ။

**၁၆၉။ ၂၄-"ခေါင်းမြီးခြုံ၍ ရွာတွင်း၌ မနေထိုင်အံ့ ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်" ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။**

ခေါင်းမြီးခြုံ၍ ရွာတွင်း၌ မနေထိုင်အပ်။

အကြင် ရဟန်းသည် (သိက္ခာပုဒ်၌) မရိုသေခြင်းကို စွဲ၍ ခေါင်းမြီးခြုံ၍ ရွာတွင်း၌ နေထိုင်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

http://www.dhammadownload.com



စေတနာမရှိသောရဟန်း သတိမေ့လျော့သောရဟန်း မသိသောရဟန်း နာဖျားသောရဟန်း နေခြင်းငှါ ချဉ်းကပ်သောရဟန်း 'ရွာတွင်း၌ ခေတ္တတည်းခိုနေသောရဟန်း' အား အာပတ် မသင့်၊ ဘေးရန်တို့ကြောင့် အာပတ် မသင့်၊ ရူးသောရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းတို့အား လည်း အာပတ် မသင့်။

စတုတ္ထသိက္ခာပုဒ် ပြီး၏။

---

## ၃-ခမ္ဘကတဝဂ် ၅-ပဉ္စမသိက္ခာပုဒ်

၆၀၀။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ဘဝါးစွန်းဖြင့် နင်း၍ ရွာတွင်း၌ သွားကုန်၏။ပ။

၁၇၀။ ၂၅-"ဘဝါးစွန်းဖြင့် နင်း၍ ရွာတွင်း၌ မသွားအံ့ ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်" ဤသို့(ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

ဘဝါးစွန်းဖြင့် နင်း၍ ရွာတွင်း၌ မသွားအပ်။

အကြင် ရဟန်းသည် (သိက္ခာပုဒ်၌) မရိုသေခြင်းကို စွဲ၍ ဘဝါးစွန်းဖြင့် နင်း၍ သွားအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

စေတနာမရှိသောရဟန်း။ပ။ အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

ပဉ္စမသိက္ခာပုဒ် ပြီး၏။

---

## ၃-ခမ္ဘကတဝဂ် ၆-ဆဋ္ဌသိက္ခာပုဒ်

၆၀၁။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဆဗ္ဗဂ္ဂီရ[illegible]တို့သည် အာယောဂ ပတ်ဖွဲ့၍ ရွာတွင်း၌ နေထိုင်ကုန်၏။ပ။

၁၇၁။ ၂၆-"အာယောဂပတ်ဖွဲ့၍ ရွာတွင်း၌ မနေထိုင်အံ့ ဟု ကျင့်ကြံ[illegible]းထုတ်မှုကို ပြုရမည်" ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

အာယောဂပတ်ဖွဲ့၍ ရွာတွင်း၌ မနေထိုင်အပ်။

အကြင် ရဟန်းသည် (သိက္ခာပုဒ်၌) မရိုသေခြင်းကို စွဲ၍ (ဒူးကိုသိုင်းလျက် လက်ချင်းရက်သော)လက် အာယောဂပတ်ဖွဲ့သဖြင့်ရင်း၊ (မြင်းခေါင်း ကျောက်ဆစ် အဝတ်ရစ်[illegible]) ပုဆိုး အာယောဂပတ်ဖွဲ့သဖြင့်ရင်း၊ ရွာတွင်း၌ နေထိုင်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

http://www.dhammadownload.com



စေတနာမရှိသောရဟန်း သတိမေ့လျော့သောရဟန်း မသိသောရဟန်း နာဖျားသောရဟန်း နေခြင်းငှါ ချဉ်းကပ်သောရဟန်း 'ရွာတွင်း၌ ခေတ္တတည်းခိုနေသောရဟန်း' အား အာပတ် မသင့်၊ ဘေးရန်ပုဂ္ဂိုလ်ကြောင့် အာပတ် မသင့်၊ ရူးသောရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

ဆဌသိက္ခာပုဒ် ပြီး၏။

---

## ၃-ခမ္ဘကတဝဂ် ၇-သတ္တမသိက္ခာပုဒ်

၆၀၂။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် စွန့်ပစ်လိုသကဲ့သို့ ဆွမ်းကို မရိုမသေ ခံယူကုန်၏။ပ။

**၁၇၂။ ၂၇-"ဆွမ်းကို ရိုသေစွာ ခံယူအံ့ ဟု ကျင့်ကြံ အားထုတ်မှုကို ပြုရမည်" ဤသို့** (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

ဆွမ်းကို ရိုသေစွာ ခံယူအပ်၏။

အကြင် ရဟန်းသည် (သိက္ခာပုဒ်၌) မရိုသေခြင်းကို စွဲ၍ စွန့်ပစ်လိုသကဲ့သို့ ဆွမ်းကို မရိုမသေ ခံယူအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

စေတနာမရှိသောရဟန်း။ပ။ အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

သတ္တမသိက္ခာပုဒ် ပြီး၏။

---

## ၃-ခမ္ဘကတဝဂ် ၈-အဋ္ဌမသိက္ခာပုဒ်

၆၀၃။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ထိုထိုအရပ်သို့ ကြည့်လျက် ဆွမ်းကို ခံယူသဖြင့် လောင်းသည်တို့ကိုလည်း မသိလိုက်ကုန် လွန်စေသည် 'ကန်တော့သည်' တို့ကိုလည်း မသိလိုက်ကုန်။ပ။

**၁၇၃။ ၂၈-"သပိတ်၌ အမှတ်ထားသည်ဖြစ်၍ ဆွမ်းကို ခံယူအံ့ ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်"** ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

သပိတ်၌ အမှတ်ထားသည်ဖြစ်၍ သာလျှင် ဆွမ်းကို ခံယူအပ်၏။

အကြင် ရဟန်းသည် (သိက္ခာပုဒ်၌) မရိုသေခြင်းကို စွဲ၍ ထိုထိုအရပ်သို့ ကြည့်ရှုလျက် ဆွမ်းကို ခံယူအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

စေတနာမရှိသောရဟန်း။ပ။ ရူးသောရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

အဋ္ဌမသိက္ခာပုဒ် ပြီး၏။

http://www.dhammadownload.com



## ၃-ခမ္ဘကတဝဂ် ၉-နဝမသိက္ခာပုဒ်

၆၀၄။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ဆွမ်းခံဝင်ရာတွင် ဟင်းလျာကိုသာလျှင် များစွာ ခံယူကုန်၏။ပ။

၁၇၄။ ၂၉-"ဟင်းနှင့် ညီမျှသော ဆွမ်းကိုခံယူအံ့ ဟု ကျင့်ကြံ အားထုတ်မကို ပြုရမည်" ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

ဟင်း မည်သည် လက်ကော်ရ ပဲနောက်ဟင်း လက်ကော်ရ ပဲကြီးဟင်း ဟူသော ဟင်း နှစ်မျိုးတို့တည်း။ (ပဲနောက် ပဲကြီး ) ဟင်းနှင့် ညီမျှသော ဆွမ်းကိုသာလျှင် ခံယူအပ်၏။

အကြင် ရဟန်းသည် (သိက္ခာပုဒ်၌) မရိုသေခြင်းကို စွဲ၍ ဟင်းကိုသာလျှင် များစွာခံယူအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

စေတနာမရှိသောရဟန်း သတိမေ့လျော့သောရဟန်း မသိသောရဟန်း နာဖျားသောရဟန်းအား အာပတ် မသင့်၊ အရသာ ရှိသော ငါး အမဲ စသော ဟင်းရည်၌ အာပတ် မသင့်။

ဆွေမျိုးတော်သူ ပင့်ဖိတ်သော သူတို့၏ ဟင်းကို ခံယူသောရဟန်း သူတပါး အကျိုးငှါ ခံယူသောရဟန်း မိမိဥစ္စာဖြင့် ခံယူသောရဟန်းအား အာပတ် မသင့်၊ ဘေးရန်တို့ကြောင့် အာပတ် မသင့်၊ ရူးသောရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

နဝမသိက္ခာပုဒ် ပြီး၏။

---

## ၃-ခမ္ဘကတဝဂ် ၁၀-ဒသမသိက္ခာပုဒ်

၆၀၅။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ဆွမ်းကို မောက်တက်လာအောင် ခံယူကုန်၏။ပ။

၁၇၅။ ၃၀-"ဆွမ်းကို သပိတ်အတွင်း အနားရေးနှင့် ညီမျှရုံ ခံယူအံ့ ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်" ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

ဆွမ်းကို သပိတ်အတွင်း အနားရေးနှင့် ညီမျှရုံ ခံယူအပ်၏။

အကြင် ရဟန်းသည် (သိက္ခာပုဒ်၌) မရိုသေခြင်းကိုစွဲ၍ ဆွမ်းကို မောက်တက်လာအောင် ခံယူအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

စေတနာမရှိသောရဟန်း သတိမေ့လျော့သောရဟန်း မသိသောရဟန်းအား အာပတ် မသင့်၊ ဘေးရန်တို့ကြောင့် အာပတ် မသင့်၊ ရူးသောရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

ဒသမသိက္ခာပုဒ် ပြီး၏။

တတိယခမ္ဘကတဝဂ် ပြီး၏။

http://www.dhammadownload.com



## ၄-သက္ကစ္စဝဂ် ၁-ပဌမသိက္ခာပုဒ်

၆၀၆။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဋ္ဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ဆွမ်းကို မစားလိုသကဲ့သို့ မရိုမသေ စားကုန်၏။ပ။

၁၇၆။ ၃၁-"ဆွမ်းကို ရိုသေစွာ စားအံ့ ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်" ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

ဆွမ်းကို ရိုသေစွာ စားအပ်၏။

အကြင် ရဟန်းသည်(သိက္ခာပုဒ်၌)မရိုသေခြင်းကိုစွဲ၍ ဆွမ်းကို မရိုမသေ စားအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

စေတနာမရှိသောရဟန်း သတိမေ့လျော့သောရဟန်း မသိသောရဟန်း နာဖျားသောရဟန်းအား အာပတ် မသင့်၊ ဘေးရန်တို့ကြောင့် အာပတ် မသင့်၊ ရူးသောရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

ပဌမသိက္ခာပုဒ် ပြီး၏။

---

## ၄-သက္ကစ္စဝဂ် ၂-ဒုတိယသိက္ခာပုဒ်

၆၀၇။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဋ္ဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ထိုထိုအရပ်သို့ ကြည့်လျက် ဆွမ်းစားသဖြင့် လောင်းသည်တို့ကိုလည်း မသိလိုက်ကုန် လွန်စေသည် ကန်တော့သည်တို့ကိုလည်း မသိလိုက်ကုန်။ပ။

၁၇၇။ ၃၂-"သပိတ်၌ အမှတ်ထားသည်ဖြစ်၍ ဆွမ်းကို စားအံ့ ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်" ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

သပိတ်၌ အမှတ်ထားသည်ဖြစ်၍ ဆွမ်းကို စားအပ်၏။

အကြင် ရဟန်းသည် (သိက္ခာပုဒ်၌) မရိုသေခြင်းကို စွဲ၍ ထိုထိုအရပ်သို့ ကြည့်ရှုလျက် ဆွမ်းကို စားအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

စေတနာမရှိသောရဟန်း။ပ။ အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

ဒုတိယသိက္ခာပုဒ် ပြီး၏။

http://www.dhammadownload.com



## ၄-သက္ကစ္စဝဂ် ၃-တတိယသိက္ခာပုဒ်

၆၀၇။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ထိုထိုအရပ်၌ သုံးသပ်၍ 'ဟိုတစ သည်တစ ယူလျက်' ဆွမ်းကိုစားကုန်၏။ပ။

၁၇၈။ ၃၃-"ဆွမ်းကို အစဉ်အတိုင်း စားအံ့ ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်" ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

ဆွမ်းကို အစဉ်အတိုင်းစားအပ်၏။

အကြင် ရဟန်းသည် (သိက္ခာပုဒ်၌) မရိုသေခြင်းကိုစွဲ၍ ထိုထိုအရပ်၌ သုံးသပ်လျက် 'ဟိုတစ သည်တစ ယူလျက်' ဆွမ်းကို စားအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

စေတနာ မရှိသောရဟန်း သတိမေ့လျော့သောရဟန်း မသိသောရဟန်း နာဖျားသောရဟန်းအား အာပတ် မသင့်၊ သူတပါးတို့အား ပေးလို၍ သုံးသပ်အံ့၊ သူတပါး၏ သပိတ်ခွက်၌ လောင်းထည့်လို၍သုံးသပ်အံ့၊ အာပတ် မသင့်၊ လက်သုပ်ဟင်းလျာ၌ရှိရင်း ဘေးရန်တို့ကြောင့်ရှိရင်း အာပတ် မသင့်၊ ရူးသောရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

တတိယသိက္ခာပုဒ် ပြီး၏။

---

## ၄-သက္ကစ္စဝဂ် ၄-စတုတ္ထသိက္ခာပုဒ်

၆၀၈။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ဆွမ်းစားကုန်သည်ရှိသော် ဟင်းကိုသာလျှင် များစွာစားကုန်၏။ပ။

၁၇၉။ ၃၄-"ဆွမ်းကို ဟင်းနှင့် ညီမျှရုံသာလျှင် စားအံ့ ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်" ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

ဟင်း မည်သည် လက်ကော်ရပဲနောက်ဟင်း လက်ကော်ရ ပဲကြီးဟင်း ဟူသော ဟင်းနှစ်မျိုးတို့တည်း၊ ဆွမ်းကိုဟင်းနှင့် ညီမျှရုံသာလျှင် စားအပ်၏။

အကြင် ရဟန်းသည် (သိက္ခာပုဒ်၌) မရိုသေခြင်းကိုစွဲ၍ ဟင်းကိုသာလျှင် များစွာစားအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

စေတနာမရှိသောရဟန်း သတိမေ့လျော့သောရဟန်း မသိသောရဟန်း နာဖျားသောရဟန်းအား အာပတ် မသင့်၊ အရသာရှိသော ငါးအမဲစသော ဟင်းရည်၌ အာပတ် မသင့်။

ဆွေမျိုးတော်သူ ပင့်ဖိတ်သောသူတို့၏ဟင်းကို များစွာစားအံ့၊ မိမိဥစ္စာဖြင့် ဟင်းကို များစွာစားအံ့၊ ဘေးရန်တို့ကြောင့် စားအံ့၊ အာပတ် မသင့်၊ ရူးသောရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

စတုတ္ထသိက္ခာပုဒ် ပြီး၏။

http://www.dhammadownload.com



## ၄-သက္ကစ္စဝဂ် ၅-ပဉ္စမသိက္ခာပုဒ်

၆၁၀။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံ ဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ဆွမ်းကို အလယ်ထိပ်မှ နှိပ်၍ စားကုန်၏။ပ။

**၁၈၀။ ၃၅-"ဆွမ်းကို အလယ်ထိပ်မှနှိပ်၍ မစားအံ့ ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်"** ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

ဆွမ်းကို အလယ်ထိပ်မှ နှိပ်၍ မစားအပ်။

အကြင် ရဟန်းသည် (သိက္ခာပုဒ်၌) မရိုသေခြင်းကိုစွဲ၍ ဆွမ်းကို အလယ်ထိပ်မှ နှိပ်၍စားအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

စေတနာမရှိသောရဟန်း သတိမေ့လျော့သောရဟန်း မသိသောရဟန်း နာဖျားသောရဟန်း အား အာပတ် မသင့်၊ စားကြွင်းအနည်းငယ်ကို တပေါင်းတည်းစုရုံးလျက် နှိပ်၍စားအံ့၊ အာပတ် မသင့်၊ ဘေးရန်တို့ကြောင့် အာပတ် မသင့်၊ ရူးသောရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းတို့ အားလည်း အာပတ် မသင့်။

ပဉ္စမသိက္ခာပုဒ် ပြီး၏။

---

## ၄-သက္ကစ္စဝဂ် ၆-ဆဋ္ဌသိက္ခာပုဒ်

၆၁၁။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံ ဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ဟင်းရိုးရိုးကို ၎င်း သားငါးဟင်းကို၎င်း များစွာအလိုရှိသောကြောင့် ဆွမ်းဖြင့် ဖုံးလွှမ်းကုန်၏။ပ။

**၁၈၁။ ၃၆-"ဟင်းရိုးရိုးကို၎င်း သားငါးဟင်းကို၎င်း များစွာအလိုရှိသောကြောင့် ဆွမ်းဖြင့် မဖုံးလွှမ်းအံ့ ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်"** ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

ဟင်းရိုးရိုးကို၎င်း သားငါးဟင်းကို၎င်း များစွာအလိုရှိသောကြောင့် ဆွမ်းဖြင့် မဖုံးလွှမ်းအပ်။

အကြင် ရဟန်းသည် (သိက္ခာပုဒ်၌) မရိုသေခြင်းကိုစွဲ၍ ဟင်းရိုးရိုးကို၎င်း သားငါးဟင်းကို၎င်း များစွာအလိုရှိသောကြောင့် ဆွမ်းဖြင့် ဖုံးလွှမ်းအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

စေတနာမရှိသောရဟန်း သတိမေ့လျော့သောရဟန်း မသိသောရဟန်းအား အာပတ် မသင့်၊ ပစ္စည်းရှင်တို့သည် ဖုံးလွှမ်း၍ပေးကုန်အံ့၊ များစွာအလိုမရှိပဲ ဖုံးလွှမ်းအံ့၊ အာပတ် မသင့်၊ ဘေးရန်တို့ ကြောင့် အာပတ် မသင့်၊ ရူးသောရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

ဆဋ္ဌသိက္ခာပုဒ် ပြီး၏။

http://www.dhammadownload.com



## ၄-သက္ကစ္စဝဂ် ၇-သတ္တမသိက္ခာပုဒ်

၆၁၂။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ဟင်းကိုင်း ထမင်းကိုင်း မိမိအကျိုးငှါ တောင်း၍စားကုန်၏။

လူတို့သည် "အဘယ့်ကြောင့် ဆဗ္ဗဂ္ဂီရဟန်းတို့သည် ဟင်းကိုင်း ထမင်းကိုင်း မိမိအကျိုးငှါ တောင်း၍ စားကုန်ဘိသနည်း၊ အဘယ်သူသည် ချိုမြိန်ကောင်းမြတ်သော အရသာကို မနှစ်ခြိုက်ပဲ ရှိအံ့နည်း၊ အဘယ်သူသည် သာယာဖွယ် အရသာကို မနှစ်သက်ပဲ ရှိအံ့နည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ရဟန်းတို့သည် ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုကြသော ထိုလူတို့၏စကားကို ကြားကြသည်သာတည်း၊ အလိုနည်းသော ရဟန်းတို့သည် "အဘယ့်ကြောင့် ဆဗ္ဗဂ္ဂီရဟန်းတို့သည် ဟင်းကိုင်း ထမင်းကိုင်း မိမိအကျိုးငှါ တောင်း၍ စားကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ သင်တို့သည် ဟင်းကိုင်း ထမင်းကိုင်း မိမိအကျိုးငှါ တောင်း၍ စားကုန်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ သင်တို့သည် အဘယ့်ကြောင့် ဟင်းကိုင်း ထမင်းကိုင်း မိမိအကျိုးငှါ တောင်း၍စားကုန်ဘိသနည်း။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ ဤ (သင်တို့ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

**(က) "ဟင်းကိုင်း ထမင်းကိုင်း မိမိအကျိုးငှါတောင်း၍ မစားအံ့ ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်"** ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

ဤသို့လျှင် မြတ်စွာဘုရားသည် ရဟန်းတို့အား ဤသိက္ခာပုဒ်ကို ပညတ်တော်မူ၏။

၆၁၃။ ထိုအခါ ရဟန်းတို့သည် နာဖျားကုန်၏၊ သူနာမေးသော ရဟန်းတို့သည် "ငါ့သျှင်တို့ ကျန်းမာကြပါ၏လော၊ မျှတကြပါ၏လော" ဟု နာဖျားသော ရဟန်းတို့အား မေးကုန်၏၊ ငါ့သျှင်တို့ ငါတို့သည် ရှေးအခါ၌ ဟင်းကိုင်း ထမင်းကိုင်း မိမိအကျိုးငှါ တောင်း၍စားကြရသဖြင့် ကျန်းမာကြပါ၏၊ သို့ရာတွင် ယခုအခါ၌ "မြတ်စွာဘုရားသည် မြစ်ပယ်တော်မူသောကြောင့် မအပ်" ဟု တွေးတောမှု 'သံသယကုက္ကုစ္စ' ရှိသည်ဖြစ်၍ မတောင်းကြရသဖြင့် မကျန်းမာကြပါ ဟု ဆိုကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ပ။

http://www.dhammadownload.com



"ရဟန်းတို့ နာဖျားသောရဟန်းအား ဟင်းကိုင်း ထမင်းကိုင်း မိမိအတွက် တောင်း၍စားခြင်းငှါ ခွင့်ပြုတော်မူ၏" ဟု မိန့်တော်မူ၏။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

၁၈၂။ ၃၇-(ခ) **"ဟင်းကိုင်း ထမင်းကိုင်း မနာမဖျားပဲ မိမိအကျိုးငှါ (ငါ)တောင်း၍ မစားအံ့ ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်"** ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

ဟင်းကိုင်း ထမင်းကိုင်း မနာမဖျားသော ရဟန်းသည် မိမိအကျိုးငှါ တောင်း၍ မစားအပ်။

အကြင် ရဟန်းသည် (သိက္ခာပုဒ်၌)မရိုသေခြင်းကို စွဲ၍ ဟင်းကိုင်း ထမင်းကိုင်း မနာမဖျားပဲ မိမိအကျိုးငှါ တောင်း၍ စားအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

စေတနာမရှိသောရဟန်း သတိမေ့လျော့သောရဟန်း မသိသောရဟန်း နာဖျားသောရဟန်း ဆွေမျိုးတော်သူ ပင့်ဖိတ်သောသူတို့၏ ထမင်းဟင်းကို တောင်းစားသောရဟန်း သူတပါးအကျိုးငှါ တောင်းသောရဟန်း မိမိကပ္ပိယဥစ္စာဖြင့်လဲလှယ်၍ စားသောရဟန်းအား အာပတ် မသင့်၊ ဘေးရန်တို့ကြောင့် အာပတ် မသင့်၊ ရူးသောရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

သတ္တမသိက္ခာပုဒ် ပြီး၏။

---

## ၄-သက္ကစ္စဝဂ် ၈-အဋ္ဌမသိက္ခာပုဒ်

၆၁၄။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ကဲ့ရဲ့ပြစ်တင်လိုသဖြင့် သူတပါးတို့၏ သပိတ်ကို ကြည့်ကုန်၏။ပ။

၁၈၃။ ၃၈-**"ကဲ့ရဲ့ပြစ်တင်လိုသဖြင့် သူတပါးတို့၏ သပိတ်ကို (ငါ) မကြည့်အံ့ ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်"** ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

ကဲ့ရဲ့ပြစ်တင်လိုသဖြင့် သူတပါးတို့၏ သပိတ်ကို မကြည့်အပ်။

အကြင် ရဟန်းသည် (သိက္ခာပုဒ်၌) မရိုသေခြင်းကိုစွဲ၍ ကဲ့ရဲ့ပြစ်တင်လိုသဖြင့် သူတပါးတို့၏ သပိတ်ကို ကြည့်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

စေတနာမရှိသောရဟန်း သတိမေ့လျော့သောရဟန်း မသိသောရဟန်းအား အာပတ် မသင့်၊ ပေးလှူအံ့ဟူ၍ရင်း ပေးလှူစေအံ့ဟူ၍ရင်း ကြည့်ရှုအံ့၊ အာပတ် မသင့်၊ ကဲ့ရဲ့ပြစ်တင်ခြင်းကို အလိုမရှိသော ရဟန်းအား အာပတ် မသင့်၊ ဘေးရန်တို့ကြောင့် အာပတ် မသင့်၊ ရူးသောရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

**အဋ္ဌမသိက္ခာပုဒ် ပြီး၏။**

http://www.dhammadownload.com



## ၄-သက္ကစ္စဝဂ် ၉-နဝမသိက္ခာပုဒ်

၆၁၅။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ကြီးစွာသော ဆွမ်းလုပ်ကို ပြုကုန်၏။ပ။

၁၇၄။ ၃၉-"မကြီးလွန်းသော ဆွမ်းလုပ်ကို ပြုအံ့ ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်" ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

မကြီးလွန်းသော ဆွမ်းလုပ်ကို ပြုအပ်၏။

အကြင် ရဟန်းသည် (သိက္ခာပုဒ်၌) မရိုသေခြင်းကိုစွဲ၍ ကြီးစွာသော ဆွမ်းလုပ်ကို ပြုအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

စေတနာမရှိသောရဟန်း သတိမေ့လျော့သောရဟန်း မသိသောရဟန်း နာဖျားသောရဟန်းတို့အား အာပတ် မသင့်၊ ခဲဖွယ်၌ရှင်း သစ်သီးကြီးငယ်၌ရှင်း လက်သုပ်ဟင်းလျာ၌ရှင်း အာပတ် မသင့်၊ ဘေးရန်တို့ကြောင့် အာပတ် မသင့်၊ ရူးသောရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

နဝမသိက္ခာပုဒ် ပြီး၏။

---

## ၄-သက္ကစ္စဝဂ် ၁၀-ဒသမသိက္ခာပုဒ်

၆၁၆။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ရှည်သော ဆွမ်းလုပ်ကို ပြုကုန်၏။ပ။

၁၇၅။ ၄၀-"ဆွမ်းလုပ်ကို ဝိုင်းဝန်းညီညွတ်စွာ ပြုအံ့ ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်" ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

ဆွမ်းလုပ်ကို ဝန်းဝိုင်းညီညွတ်စွာ ပြုလုပ်အပ်၏။

အကြင် ရဟန်းသည် (သိက္ခာပုဒ်၌) မရိုသေခြင်းကို စွဲ၍ ရှည်သော ဆွမ်းလုပ်ကို ပြုအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

စေတနာမရှိသောရဟန်း သတိမေ့လျော့သောရဟန်း မသိသောရဟန်း နာဖျားသောရဟန်းတို့အား အာပတ် မသင့်၊ ခဲဖွယ် သစ်သီး ကြီးငယ် လက်သုပ်ဟင်းလျာတို့၌လည်း အာပတ် မသင့်၊ ဘေးရန်တို့ကြောင့်လည်း အာပတ် မသင့်၊ ရူးသောရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

ဒသမသိက္ခာပုဒ် ပြီး၏။

**စတုတ္ထသက္ကစ္စဝဂ် ပြီး၏။**

http://www.dhammadownload.com



## ၅-ကဗဠဝဂ် ၁-ပဌမသိက္ခာပုဒ်

၆၁၇။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ဆွမ်းလုပ်မရောက်မီ ခံတွင်းကို ဖွင့်ဟကုန်၏။ပ။

၁၈၆။ ၄၁-"ဆွမ်းလုပ်မရောက်မီ ခံတွင်းကို မဖွင့်အံ့ ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်" ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

ဆွမ်းလုပ် မရောက်မီ ခံတွင်းကို မဖွင့်အပ်။

အကြင် ရဟန်းသည် (သိက္ခာပုဒ်၌) မရိုသေခြင်းကို စွဲ၍ ဆွမ်းလုပ်မရောက်မီ ခံတွင်းကို ဖွင့်ဟအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

စေတနာမရှိသောရဟန်း။ပ။ အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ်မသင့်။

ပဌမသိက္ခာပုဒ် ပြီး၏။

---

## ၅-ကဗဠဝဂ် ၂-ဒုတိယသိက္ခာပုဒ်

၆၁၈။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ဆွမ်းစားသည်ရှိသော် လက်အားလုံးကို ခံတွင်း 'ပါးစပ်' ၌ ထည့်ကုန်၏။ပ။

၁၈၇။ ၄၂-"ဆွမ်းစားသည်ရှိသော် လက်အားလုံးကို ခံတွင်း၌ မထည့်အံ့ ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်" ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

ဆွမ်းစားသော ရဟန်းသည် လက်အားလုံးကို ခံတွင်း၌ မထည့်အပ်။

အကြင် ရဟန်းသည် (သိက္ခာပုဒ်၌) မရိုသေခြင်းကိုစွဲ၍ ဆွမ်းစားသည်ရှိသော် လက်အားလုံးကို ခံတွင်း၌ ထည့်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

စေတနာမရှိသောရဟန်း။ပ။ အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ်မသင့်။

ဒုတိယသိက္ခာပုဒ် ပြီး၏။

---

## ၅-ကဗဠဝဂ် ၃-တတိယသိက္ခာပုဒ်

၆၁၉။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ဆွမ်းလုပ်နှင့်တကွသော ခံတွင်းဖြင့် စကားပြောဆိုကုန်၏။ပ။

http://www.dhammadownload.com



**၁၇၇။ ၄၃-"ဆွမ်းလုပ်နှင့်တကွသော ခံတွင်းဖြင့် စကားမဆိုအံ့ ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်"** ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

ဆွမ်းလုပ်နှင့်တကွသော ခံတွင်းဖြင့် စကားမပြောမဆိုအပ်။

အကြင် ရဟန်းသည် (သိက္ခာပုဒ်၌) မရိုသေခြင်းကိုစွဲ၍ ဆွမ်းလုပ်နှင့်တကွသော ခံတွင်းဖြင့် စကားပြောဆိုအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

စေတနာမရှိသောရဟန်း။ပ။ အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

တတိယသိက္ခာပုဒ် ပြီး၏။

---

## ၅-ကဗဠဝဂ် ၄-စတုတ္ထသိက္ခာပုဒ်

၆၂၀။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ဆွမ်းလုပ်ကို မြှောက်ကာ မြှောက်ကာ စားကုန်၏။ပ။

**၁၇၈။ ၄၄-"ဆွမ်းလုပ်ကို မြှောက်ကာ မြှောက်ကာ မစားအံ့ ဟု ကျင့်ကြံ အားထုတ်မှုကို ပြုရမည်"** ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

ဆွမ်းလုပ်ကို မြှောက်ကာ မြှောက်ကာ မစားအပ်။

အကြင် ရဟန်းသည် (သိက္ခာပုဒ်၌) မရိုသေခြင်းကို စွဲ၍ ဆွမ်းလုပ်ကို မြှောက်ကာ မြှောက်ကာ စားအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

စေတနာမရှိသောရဟန်း သတိမေ့လျော့သောရဟန်း မသိသောရဟန်း နာဖျားသောရဟန်းတို့အား အာပတ် မသင့်၊ ခဲဖွယ် သစ်သီးကြီးငယ်တို့၌လည်း အာပတ် မသင့်၊ ဘေးရန်တို့ကြောင့်လည်း အာပတ် မသင့်၊ ရူးသောရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

စတုတ္ထသိက္ခာပုဒ် ပြီး၏။

---

## ၅-ကဗဠဝဂ် ၅-ပဉ္စမသိက္ခာပုဒ်

၆၂၁။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ဆွမ်းလုပ်ကို ကိုက်ဖြတ်ကာ ကိုက်ဖြတ်ကာ စားကုန်၏။ပ။

**၁၇၉။ ၄၅-"ဆွမ်းလုပ်ကို ကိုက်ဖြတ်ကာ ကိုက်ဖြတ်ကာ မစားအံ့ ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်"** ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

ဆွမ်းလုပ်ကို ကိုက်ဖြတ်ကာ ကိုက်ဖြတ်ကာ မစားအပ်။

http://www.dhammadownload.com



အကြင် ရဟန်းသည် (သိက္ခာပုဒ်၌) မရိုသေခြင်းကို စွဲ၍ ဆွမ်းလုပ်ကို ကိုက်ဖြတ်ကာ ကိုက်ဖြတ်ကာ စားအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

စေတနာမရှိသောရဟန်း သတိမေ့လျော့သောရဟန်း မသိသောရဟန်း နာဖျားသောရဟန်းတို့အား အာပတ် မသင့်၊ ခဲဖွယ် သစ်သီးကြီးငယ် လက်သုပ်ဟင်းလျာတို့၌လည်း အာပတ် မသင့်၊ ဘေးရန်တို့ကြောင့်လည်း အာပတ် မသင့်၊ ရူးသောရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

ပဉ္စမသိက္ခာပုဒ် ပြီး၏။

---

## ၅-ကဗဠဝဂ် ၆-ဆဋ္ဌသိက္ခာပုဒ်

၆၂၂။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် (မျောက်ကဲ့သို့) ပါးစောင်၌ ထား၍ စားကုန်၏။ပ။

၁၉၁။ ၄၆-"ပါးစောင်၌ထား၍ မစားအံ့ ဟု ကျင့်ကြံ အားထုတ်မှုကို ပြုရမည်" ဤသို့ (ပြုကြကုန်လော့ ဟု မိန့်တော်မူ၏)။

ပါးစောင်၌ထား၍ မစားအပ်။

အကြင် ရဟန်းသည် (သိက္ခာပုဒ်၌) မရိုသေခြင်းကိုစွဲ၍ ပါးစောင် တဖက်၌ဖြစ်စေ ပါးစောင် နှစ်ဖက်လုံး၌ဖြစ်စေ ထားလျက် စားအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

စေတနာမရှိသောရဟန်း သတိမေ့လျော့သောရဟန်း မသိသောရဟန်း နာဖျားသောရဟန်းတို့အား အာပတ် မသင့်၊ သစ်သီးကြီးငယ်တို့၌လည်း အာပတ် မသင့်၊ ဘေးရန်တို့ကြောင့်လည်း အာပတ် မသင့်၊ ရူးသောရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

ဆဋ္ဌသိက္ခာပုဒ် ပြီး၏။

---

## ၅-ကဗဠဝဂ် ၇-သတ္တမသိက္ခာပုဒ်

၆၂၃။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် လက်ကို ခါလျက် ခါလျက် စားကုန်၏။ပ။

၁၉၂။ ၄၇-"လက်ကို ခါလျက် ခါလျက် မစားအံ့ ဟု ကျင့်ကြံ အားထုတ်မှုကို ပြုရမည်" ဤသို့ (ပြုကြကုန်လော့ ဟု မိန့်တော်မူ၏)။

လက်ကို ခါလျက် ခါလျက် မစားအပ်။

အကြင် ရဟန်းသည် (သိက္ခာပုဒ်၌) မရိုသေခြင်းကိုစွဲ၍ လက်ကို ခါလျက် ခါလျက် စားအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

http://www.dhammadownload.com



စေတနာမရှိသောရဟန်း သတိမေ့လျော့သောရဟန်း မသိသောရဟန်း နာဖျားသောရဟန်း တို့အား အာပတ် မသင့်၊ အမှိုက်ကိုစွန့်လို၍ လက်ကိုခါအံ့၊ ဘေးရန်တို့ကြောင့် လက်ကိုခါအံ့၊ အာပတ် မသင့်၊ ရူးသောရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

သတ္တမသိက္ခာပုဒ် ပြီး၏။

---

## ၅-ကဗဠဝဂ် ၈-အဋ္ဌမသိက္ခာပုဒ်

၆၂၄။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံ ဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ဆွမ်းလုံးကို ကြဲကာ ကြဲကာ စားကုန်၏။ပ။

၁၉၃။ ၄၈-"ဆွမ်းလုံးကို ကြဲကာ ကြဲကာ မစားအံ့ ဟု ကျင့်ကြံ အားထုတ်မှုကို ပြုရမည်" ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

ဆွမ်းလုံးကို ကြဲကာ ကြဲကာ မစားအပ်။

အကြင် ရဟန်းသည် (သိက္ခာပုဒ်၌) မရိုသေခြင်းကိုစွဲ၍ ဆွမ်းလုံးကို ကြဲကာ ကြဲကာ စားအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

စေတနာမရှိသောရဟန်း သတိမေ့လျော့သောရဟန်း မသိသောရဟန်း နာဖျားသောရဟန်း တို့အား အာပတ် မသင့်၊ အမှိုက်ကို စွန့်လို၍ ဆွမ်းလုံးကိုကြဲစွန့်မိအံ့၊ အာပတ် မသင့်၊ ဘေးရန်တို့ ကြောင့်လည်း အာပတ် မသင့်၊ ရူးသောရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

အဋ္ဌမသိက္ခာပုဒ် ပြီး၏။

---

## ၅-ကဗဠဝဂ် ၉-နဝမသိက္ခာပုဒ်

၆၂၅။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံ ဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် လျှာကို ထုတ်ကာ ထုတ်ကာ စားကုန်၏။ပ။

၁၉၄။ ၄၉-"လျှာကို ထုတ်ကာ ထုတ်ကာ မစားအံ့ ဟု ကျင့်ကြံ အားထုတ်မှုကို ပြုရမည်" ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

လျှာကို ထုတ်ကာ ထုတ်ကာ မစားအပ်။

http://www.dhammadownload.com



အကြင် ရဟန်းသည် (သိက္ခာပုဒ်၌) မရိုသေခြင်းကိုစွဲ၍ လျှာကို ထုတ်ကာ ထုတ်ကာ စားအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

စေတနာမရှိသောရဟန်း။ပ။ အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

နဝမသိက္ခာပုဒ် ပြီး၏။

---

## ၅-ကဗဠဝဂ် ၁၀-ဒသမသိက္ခာပုဒ်

၆၂၆။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံ ဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ပြင့်ပြင့်အသံ ပြု၍ စားကုန်၏။ပ။

၁၉၅။ ၅၀-"ပြင့်ပြင့်အသံပြု၍ မစားအံ့ ဟု ကျင့်ကြံ အားထုတ်မှုကို ပြုရမည်" ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

ပြင့်ပြင့်အသံကိုပြု၍ မစားအပ်။

အကြင် ရဟန်းသည် (သိက္ခာပုဒ်၌) မရိုသေခြင်းကိုစွဲ၍ ပြင့်ပြင့်အသံပြု၍ စားအံ့၊ ဒုက္ကဋ် အာပတ် သင့်၏။

စေတနာမရှိသောရဟန်း။ပ။ အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

ဒသမသိက္ခာပုဒ် ပြီး၏။

ပဉ္စမကဗဠဝဂ် ပြီး၏။

---

## ၆-သုရုသုရုဝဂ် ၁-ပဌမသိက္ခာပုဒ်

၆၂၇။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ပုဏ္ဏားတယောက်သည် သံဃာအလို့ငှါ သောက်ဖွယ်နို့ ရည်'နို့အေး' ကို စီရင်ထားလေ၏။ ရဟန်းတို့သည် ရှုတ်ရှုတ်အသံပြု၍ နို့အေးကို သောက်ကုန်၏၊ ကချေသည် ဖြစ်ဘူးသော ရဟန်းတပါးက "ဤသံဃာအားလုံးသည် အအေးဒဏ်* ထိခိုက်နေယောင်တကား" ဟု ပြောဆို၏။

အလိုနည်းသော ရဟန်းတို့သည် "အဘယ့်ကြောင့် ရဟန်းသည် သံဃာကိုအကြောင်းပြု၍ ရယ် ရွှင်ဖွယ်ကို ပြုဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်း သင်သည် သံဃာကို အကြောင်းပြု၍ ရယ်ရွှင်ဖွယ်ကိုပြု၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်၏)။

---

* သီတိကတော ထိ သီတပိဠိတော (ဋီကာ)

http://www.dhammadownload.com



ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ (မင်္ဂဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား သင်သည် အဘယ့်ကြောင့် သံဃာကိုအကြောင်းပြု၍ ရယ်ရွှင်ဖွယ်ကို ပြုဘိသနည်း။ (မင်္ဂဖိုလ်မှ) အချည်းနှီးဖြစ်သောယောကျ်ား ဤ (သင်ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါရှင်း။ပ။ ကဲ့ရဲ့တော်မူပြီးလျှင် ဟာရားစကားကို ဟောတော်မူ၍ ရဟန်းတို့ကို—

"ရဟန်းတို့ ဘုရား တရား သံဃာနှင့် စပ်လျဉ်း၍ ရယ်ရွှင်ဖွယ်ကို မပြုအပ်၊ ပြုသော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏" ဟု မိန့်တော်မူ၏။

ထိုအခါ မြတ်စွာဘုရားသည် ထိုရဟန်းကို များစွာသောအကြောင်းတို့ဖြင့် ကဲ့ရဲ့ ပြစ်တင်တော်မူပြီးလျှင် ကိုယ်တိုင်ပြုစုမွေးမြူရန်ခက်ခဲခြင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

၁၉၆။ ၅၁-"ရှုတ်ရှုတ်အသံပြု၍ မစားအံ့ ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်" ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

ရှုတ်ရှုတ်အသံပြု၍ မစားအပ်။

အကြင် ရဟန်းသည် (သိက္ခာပုဒ်၌) မရိုသေခြင်းကိုစွဲ၍ ရှုတ်ရှုတ်အသံ[illegible] ဒုက္ကဋ် အာပတ် သင့်၏။

စေတနာမရှိသောရဟန်း။ပ။ အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

ပဥ္စမသိက္ခာပုဒ် ပြီး၏။

---

## ၆-သုရုသုရုဝဂ် ၂-ဒုတိယသိက္ခာပုဒ်

၆၂၈။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် လက်ကို လျက်ကာ လျက်ကာ စားကုန်၏။ပ။

၁၉၇။ ၅၂-"လက်ကို လျက်ကာ လျက်ကာ မစားအံ့ ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်" ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

လက်ကို လျက်ကာ လျက်ကာ မစားအပ်။

အကြင် ရဟန်းသည် (သိက္ခာပုဒ်၌) မရိုသေခြင်းကို စွဲ၍ လက်ကို လျက်ကာ လျက်ကာ စားအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

စေတနာမရှိသောရဟန်း။ပ။ အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

ဒုတိယသိက္ခာပုဒ် ပြီး၏။

http://www.dhammadownload.com


## ၆-သုရုသုရုဝဂ် ၃-တတိယသိက္ခာပုဒ်

၆၂၉။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံ ဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် သပိတ်ကို ခြစ်ကာ ခြစ်ကာ စားကုန်၏။ပ။

**၁၉၀။ ၅၃-"သပိတ်ကို ခြစ်ကာ ခြစ်ကာ မစားအံ့ ဟု ကျင့်ကြံ အားထုတ်မှုကို ပြုရမည်"** ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

သပိတ်ကို ခြစ်ကာ ခြစ်ကာ မစားအပ်။

အကြင် ရဟန်းသည် (သိက္ခာပုဒ်၌) မရိုသေခြင်းကို စွဲ၍ သပိတ်ကို ခြစ်ကာ ခြစ်ကာ စားအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

စေတနာမရှိသောရဟန်း သတိမေ့လျော့သောရဟန်း နာဖျားသောရဟန်းတို့အား အာပတ် မသင့်၊ အနည်းငယ်သော စားကြွင်းကို တပေါင်းတည်း စုရုံးကာ ခြစ်၍စားအံ့၊ အာပတ် မသင့်၊ ဘေးရန်တို့ကြောင့်လည်း အာပတ် မသင့်၊ ရူးသောရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းတို့ အားလည်း အာပတ် မသင့်။

တတိယသိက္ခာပုဒ် ပြီး၏။

---

## ၆-သုရုသုရုဝဂ် ၄-စတုတ္ထသိက္ခာပုဒ်

၆၃၀။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံ ဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် နှုတ်ခမ်းကို လျက်ကာ လျက်ကာ စားကုန်၏။ပ။

**၁၉၁။ ၅၄-"နှုတ်ခမ်းကို လျက်ကာ လျက်ကာ မစားအံ့ ဟု ကျင့်ကြံအားထုတ်မှုကို ပြုရ မည်"** ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

နှုတ်ခမ်းကို လျက်ကာ လျက်ကာ မစားအပ်။

အကြင် ရဟန်းသည် (သိက္ခာပုဒ်၌) မရိုသေခြင်းကို စွဲ၍ နှုတ်ခမ်းကို လျက်ကာ လျက်ကာ စားအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

စေတနာမရှိသောရဟန်း။ပ။ အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

စတုတ္ထသိက္ခာပုဒ် ပြီး၏။

http://www.dhammadownload.com


## ၆-သုရုသုရုဝဂ် ၅-ပဥ္စမသိက္ခာပုဒ်

၆၃၁။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဘဂ္ဂတိုင်း သံသုမာရဂိရိမြို့ သား သမင်တို့အား ဘေးမဲ့ပေးရာ ဘေသကဠာတော၌ သီတင်းသုံး နေတော်မူသောအခါ ရဟန်းတို့သည် ကောကနဒ မည်သော ပြာသာဒ်၌ ဆွမ်းစသည် ပေကျံသောလက်ဖြင့် သောက်ရေခွက်ကို ကိုင်ကုန်၏။

လူတို့သည် "အဘယ့်ကြောင့် သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့သည် ကာမစည်းစိမ်ကို ခံစားသော လူတို့ကဲ့သို့ ဆွမ်းစသည် ပေကျံသော လက်ဖြင့် သောက်ရေခွက်ကို ကိုင်ကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ရဟန်းတို့သည် ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုကြသော လူတို့၏စကားကို ကြားကြသည်သာတည်း။ အလိုနည်းသော ရဟန်းတို့သည် "အဘယ့်ကြောင့် ဆွမ်းစသည် ပေကျံသော လက်ဖြင့် သောက်ရေခွက်ကို ကိုင်ကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ ရဟန်းတို့သည် ဆွမ်းစသည် ပေကျံသော လက်ဖြင့် သောက်ရေခွက်ကို ကိုင်ကုန်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ (မင်ဖိုလ်မှ) အချည်းနှီးဖြစ်သော တိုယောကျ်ားတို့သည် အဘယ့်ကြောင့် ဆွမ်းစသည် ပေကျံသော လက်ဖြင့် သောက်ရေခွက်ကို ကိုင်ကုန်ဘိသနည်း။ ရဟန်းတို့ ဤ (ရဟန်းတို့ ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ ရှင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

**၂၀၀။ ၅၅-"ဆွမ်းစသည် ပေကျံသောလက်ဖြင့် သောက်ရေခွက်ကို မကိုင်အံ့ ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်"** ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

ဆွမ်း စသည် ပေကျံသော လက်ဖြင့် သောက်ရေခွက်ကို မကိုင်အပ်။

အကြင် ရဟန်းသည် (သိက္ခာပုဒ်၌) မရိုသေခြင်းကို စွဲ၍ ဆွမ်းစသည် ပေကျံသော လက်ဖြင့် သောက်ရေခွက်ကို ကိုင်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

စေတနာမရှိသောရဟန်း သတိမေ့လျော့သောရဟန်း မသိသောရဟန်း နာဖျားသောရဟန်းတို့အား အာပတ် မသင့်၊ ဆေးကြောအံ့ဟူ၍သော်၎င်း ဆေးကြောစေအံ့ဟူ၍သော်၎င်း ကိုင်အံ့၊ ဘေးရန်တို့ကြောင့်ကိုင်အံ့၊ အာပတ် မသင့်၊ ရူးသောရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

ပဥ္စမသိက္ခာပုဒ် ပြီး၏။

---

## ၆-သုရုသုရုဝဂ် ၆-ဆဋ္ဌသိက္ခာပုဒ်

၆၃၂။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဘဂ္ဂတိုင်း သံသုမာရဂိရိမြို့ သား သမင်တို့အား ဘေးမဲ့ပေးရာ ဘေသကဠာတော၌ သီတင်းသုံး နေတော်မူသောအခါ ရဟန်းတို့သည် ကောကနဒ မည်သော ပြာသာဒ်၌ ဆွမ်းလုံးနှင့်တကွသော သပိတ်ဆေးရေကို ရွာတွင်း၌ စွန့်ကုန်၏။

http://www.dhammadownload.com



လူတို့သည် "အဘယ့်ကြောင့် သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့သည် ကာမစည်းစိမ်ကို ခံစားသော လူတို့ကဲ့သို့ ဆွမ်းလုံးနှင့်တကွသော သပိတ်ဆေးရေကို ရွာတွင်း၌ စွန့်ကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ရဟန်းတို့သည် ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုကြသော ထိုလူတို့၏ စကားကို ကြားကြသည်သာတည်း။ အလိုနည်းသော ရဟန်းတို့သည် "အဘယ့်ကြောင့် ရဟန်းတို့သည် ဆွမ်းလုံးနှင့် တကွသော သပိတ်ဆေးရေကို ရွာတွင်း၌ စွန့်ကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ ရဟန်းတို့သည် ဆွမ်းလုံးနှင့်တကွသော သပိတ်ဆေးရေကို ရွာတွင်း၌ စွန့်ကုန်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ (မင်္ဂဖိုလ်မှ) အချည်းနှီးဖြစ်သော ထိုယောက်ျားတို့သည် ဆွမ်းလုံးနှင့်တကွသော သပိတ်ဆေးရေကို အဘယ့်ကြောင့် ရွာတွင်း၌ စွန့်ကုန်ဘိသနည်း။ ရဟန်းတို့ ဤ (ရဟန်းတို့ ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ ရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

**၂၀၁။ ၅၆-"ဆွမ်းလုံးနှင့်တကွသော သပိတ်ဆေးရေကို ရွာတွင်း၌ မစွန့်အံ့ ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်" ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။**

ဆွမ်းလုံးနှင့်တကွသော သပိတ်ဆေးရေကို ရွာတွင်း၌ မစွန့်အပ်။

အကြင် ရဟန်းသည် (သိက္ခာပုဒ်၌) မရိုသေခြင်းကို စွဲ၍ ဆွမ်းလုံးနှင့် တကွသော သပိတ်ဆေးရေကို ရွာတွင်း၌ စွန့်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

စေတနာမရှိသောရဟန်း သတိမေ့လျော့သောရဟန်း မသိသောရဟန်း နာဖျားသောရဟန်းအား အာပတ် မသင့် (ဆွမ်းလုံးကို) ထုတ်ယူ၍ရင်း (ဆွမ်းလုံးကို) ချေခွဲ၍ရင်း (ထွေးခံ လက်ဆေးခံဖြင့်) ခံယူ၍ရင်း (ရွာပသို့) ထုတ်ဆောင်၍ရင်း စွန့်အံ့၊ အာပတ် မသင့်၊ ဘေးရန်တို့ကြောင့်လည်း အာပတ် မသင့်၊ ရူးသောရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

ဆဋ္ဌသိက္ခာပုဒ် ပြီး၏။

---

## ၆-သုရုသုရုဝဂ် ၇-သတ္တမသိက္ခာပုဒ်

၆၃၇။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ထီးကိုင်ထားသူအား တရားဟောကုန်၏။ အလိုနည်းသော ရဟန်းတို့သည် "အဘယ့်ကြောင့် ဆဗ္ဗဂ္ဂီရဟန်းတို့သည် ထီးကိုင်ထားသူအား တရားဟောကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

http://www.dhammadownload.com



"ရဟန်းတို့ သင်တို့သည် ထီးကိုင်ထားသူအား တရားဟောကုန်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ (မင်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ သင်တို့သည် အဘယ့်ကြောင့် ထီးကိုင်ထားသူအား တရားဟောကုန်ဘိသနည်း။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ ဤ (သင်တို့ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ ရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

**(က) "ထီးကိုင်ထားသူအား တရားမဟောအံ့ ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်" ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။**

ဤသို့လျှင် မြတ်စွာဘုရားသည် ရဟန်းတို့အား ဤသိက္ခာပုဒ်ကို ပညတ်တော်မူ၏။

၆၃၄။ ထိုစဉ်အခါ၌ ရဟန်းတို့သည် ထီးကိုင်ထားသော နာဖျားသူအား တရားဟောခြင်းငှါ မအပ် ဟု တွေးတောမှု 'သံသယကုက္ကုစ္စ' ရှိကြကုန်၏။ လူတို့သည် "အဘယ့်ကြောင့် သာကီဝင် မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့သည် ထီးကိုင်ထားသော နာဖျားသောသူအား တရားမဟောကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ရဟန်းတို့သည် ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုကြသော ထိုလူတို့၏စကားကို ကြားကြားသတည်း။ ထိုအခါ ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် တရားစကားကိုဟောတော်မူ၍ ရဟန်းတို့ကို "ရဟန်းတို့ ထီးကိုင်ထားသော နာဖျားသူအား တရားဟောခြင်းငှါ ခွင့်ပြုတော်မူ၏" ဟု မိန့်တော်မူ၏။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

**၂၀၂။ ၅၇-(ခ) "ထီးကိုင်ထားသော မနာမဖျားသူအား တရားကို မဟောအံ့ ဟု ကျင့်ကြံ အားထုတ်မှုကို ပြုရမည်"** ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

**ထီး** မည်သည် ဝါးခြမ်းစိတ်တို့ဖြင့် ဝန်းပိုင်းစွာ ခရိုင်ဖွဲ့ထားသောထီးဖြူ ဖြာထီး သစ်ရွက်ထီး အားဖြင့် သုံးမျိုးရှိ၏။

**တရား** မည်သည် ဘုရားဟောတရား သာဝကဟောတရား ရသေ့ဟောတရား နတ်ဟောတရား အဋ္ဌကထာနှင့် စပ်သောတရား ပါဠိတော်နှင့် စပ်သောတရားတည်း။

**ဟောငြားအံ့** ဟူသည် ပုဒ်ဖြင့်ဟောအံ့၊ ပုဒ်တိုင်း ပုဒ်တိုင်း ဒုက္ကဋ်အာပတ် သင့်၏။ အက္ခရာဖြင့် ဟောအံ့၊ အက္ခရာတိုင်း အက္ခရာတိုင်း ဒုက္ကဋ်အာပတ် သင့်၏။

ထီးကိုင်ထားသော မနာမဖျားသူအား တရားကို မဟောအပ်။

http://www.dhammadownload.com

အကြင် ရဟန်းသည် (သိက္ခာပုဒ်၌) မရိုသေ ခြင်းကိုစွဲ၍ ထီးကိုင်ထားသော မနာမဖျားသူအား တရားကိုဟောအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

စေတနာမရှိသောရဟန်း။ပ။ အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

သတ္တမသိက္ခာပုဒ် ပြီး၏။

---

## ၆-သုရှသုရဝဂ် ၈-အဋ္ဌမသိက္ခာပုဒ်

၆၃၅။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံ ဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် တုတ်ကိုင်ထား သော သူအား တရားဟောကုန်၏။ပ။

**၂၀၃။ ၅၈-"တုတ်ကိုင်ထားသော မနာမဖျားသူအား တရားမဟောအံ့ ဟု ကျင့်ကြံ အားထုတ်မှုကို ပြုရမည်" ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။**

တုတ် မည်သည် အလယ်အလတ် ဖြစ်သော ယောကျ်ား၏ လေးတောင်ရှိသော တုတ်တည်း။ ထိုလေးတောင်ထက် ရှည်လျှင် တုတ်မမည်၊ လေးတောင်အောက် တိုလျှင်လည်း တုတ်မမည်၊ တုတ် ကိုင်ထားသော မနာမဖျားသူအား မဟောအပ်။

အကြင် ရဟန်းသည်(သိက္ခာပုဒ်၌) မရိုသေခြင်းကိုစွဲ၍ တုတ်ကိုင်ထားသော မနာမဖျားသူအား တရားဟောအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

စေတနာမရှိသောရဟန်း။ပ။ အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

အဋ္ဌမသိက္ခာပုဒ် ပြီး၏။

---

## ၆-သုရှသုရဝဂ် ၉-နဝမသိက္ခာပုဒ်

၆၃၆။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံ ဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ဓားကိုင်ထား သော သူအား တရားဟောကုန်၏။ပ။

**၂၀၄။ ၅၉-"ဓားကိုင်ထားသော မနာမဖျားသူအား တရားမဟောအံ့ ဟု ကျင့်ကြံ အားထုတ်မှုကို ပြုရမည်" ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။**

**ဓား** မည်သည် ထိုးခုတ်ရန်ဖြစ်သော တဖက်အသွားရှိသောဓား နှစ်ဖက်အသွားရှိသော ဓားတည်း။ ဓားကိုင်ထားသော မနာမဖျားသူအား တရားမဟောအပ်။

အကြင် ရဟန်းသည် (သိက္ခာပုဒ်၌) မရိုသေခြင်းကိုစွဲ၍ ဓားကိုင်ထားသော မနာမဖျားသူအား တရားဟောအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

http://www.dhammadownload.com



စေတနာမရှိသောရဟန်း။ပ။ အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

နဝမသိက္ခာပုဒ် ပြီး၏။

---

## ၆-သုရုသုရုဝဂ် ၁၀-ဒသမသိက္ခာပုဒ်

၆၃၇။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် လက်နက်ကိုင်ထားသော သူအား တရားဟောကုန်၏။ပ။

**၂၀၅။ ၆၀-"လက်နက်ကိုင်ထားသော မနာမဖျားသူအား တရားမဟောအံ့ ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်"** ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

**လက်နက်** မည်သည် မြားညှို့ရှိသော လေးလက်နက် 'အလယ်ကောက်သော ထမ်းပိုးတံနှင့်တူသော လင်းလေး' မြားညှို့မရှိသော လေးလက်နက် 'အရိုးဖောက်ထွင်းသော တူးလေး' တည်း။

လက်နက်ကိုင်ထားသော မနာမဖျားသူအား တရားမဟောအပ်။

အကြင် ရဟန်းသည် (သိက္ခာပုဒ်၌) မရိုသေခြင်းကိုစွဲ၍ လက်နက်ကိုင်ထားသော မနာမဖျားသော သူအား တရားဟောအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

စေတနာမရှိသောရဟန်း။ပ။ အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

ဒသမသိက္ခာပုဒ် ပြီး၏။

ဆဋ္ဌသုရုသုရုဝဂ် ပြီး၏။

---

## ၇-ပါဒုကဝဂ် ၁-ပဌမသိက္ခာပုဒ်

၆၃၈။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ခြေနင်းစီးသောသူအား တရားဟောကုန်၏။ပ။

**၂၀၆။ ၆၁-"ခြေနင်းစီးသော မနာမဖျားသူအား တရားမဟောအံ့ ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်"** ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

ခြေနင်းစီးသော မနာမဖျားသူအား တရားမဟောအပ်။

အကြင် ရဟန်းသည် (သိက္ခာပုဒ်၌) မရိုသေခြင်းကို စွဲ၍ နင်းသောသူအား ဖြစ်စေ၊ စွပ်သော သူအားဖြစ်စေ (ဖနောင့်ပိုင်းမျှ) ချွတ်သောသူအားဖြစ်စေ မနာမဖျားသူအား တရားကို ဟောအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

စေတနာမရှိသောရဟန်း။ပ။ အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

ပဌမသိက္ခာပုဒ် ပြီး၏။

http://www.dhammadownload.com



## ၇-ပါဒုကဝဂ် ၂-ဒုတိယသိက္ခာပုဒ်

၆၃၉။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ဘိနပ်စီးသော သူအား တရားဟောကုန်၏။ပ။

၂၀၇။ ၆၂-"ဘိနပ်စီးသော မနာမဖျားသူအား တရားမဟောအံ့ ဟု ကျင့်ကြံအားထုတ်မှုကိုပြုရမည်" ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

ဘိနပ်စီးသော မနာမဖျားသူအား တရားမဟောအပ်။

အကြင် ရဟန်းသည် (သိက္ခာပုဒ်၌) မရိုသေခြင်းကိုစွဲ၍ နင်းသောသူအားဖြစ်စေ စွပ်သောသူအားဖြစ်စေ (ဖနောင့်ပိုင်းမျှ) ချွတ်သောသူအားဖြစ်စေ မနာမဖျားသူအား တရားဟောအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

စေတနာမရှိသောရဟန်း။ပ။ အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ်မသင့်။

ဒုတိယသိက္ခာပုဒ် ပြီး၏။

---

## ၇-ပါဒုကဝဂ် ၃-တတိယသိက္ခာပုဒ်

၆၄၀။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ယာဉ်စီးသောသူအား တရားဟောကုန်၏။ပ။

၂၀၈။ ၆၃-"ယာဉ်စီးသော မနာမဖျားသူအား တရားမဟောအံ့ ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်" ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

ယာဉ် မည်သည် ပေါင်းချုပ် ရထား လှည်း သံလျင်း ထမ်းစင် ပုဆိုးသံလျင်းတည်း။

ယာဉ်စီးသော မနာမဖျားသူအား တရားမဟောအပ်။

အကြင် ရဟန်းသည် (သိက္ခာပုဒ်၌) မရိုသေခြင်းကိုစွဲ၍ ယာဉ်စီးသော မနာမဖျားသူအား တရားဟောအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

စေတနာမရှိသောရဟန်း။ပ။ အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ်မသင့်။

တတိယသိက္ခာပုဒ် ပြီး၏။

---

## ၇-ပါဒုကဝဂ် ၄-စတုတ္ထသိက္ခာပုဒ်

၆၄၁။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် အိပ်ရာ၌ နေသောသူအား တရားဟောကုန်၏။ပ။

http://www.dhammadownload.com



**၂၀၉။ ၆၄-"အိပ်ရာ၌ နေသော မနာမဖျားသူအား တရားမဟောအံ့ ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်" ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။**

အိပ်ရာ၌နေသော မနာမဖျားသူအား တရားမဟောအပ်။

အကြင် ရဟန်းသည် (သိက္ခာပုဒ်၌) မရိုသေခြင်းကိုစွဲ၍ အယုတ်သဖြင့် မြေ၌သော်လည်း အိပ်နေသော မနာမဖျားသူအား တရားဟောအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

စေတနာမရှိသောရဟန်း။ပ။ အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ်မသင့်။

စတုတ္ထသိက္ခာပုဒ် ပြီး၏။

---

## ၇-ပါဒုကဝဂ် ၅-ပဉ္စမသိက္ခာပုဒ်

၆၄၂။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် လက်အာယောဂပတ် ပုဆိုးအာယောဂပတ် ဖွဲ့လျက်ထိုင်နေသော သူအား တရားဟောကုန်၏။ပ။

**၂၁၀။ ၆၅-"အာယောဂပတ်ဖွဲ့လျက် ထိုင်နေသော မနာမဖျားသူအား တရားမဟောအံ့ ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်" ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။**

အာယောဂပတ်ဖွဲ့လျက် ထိုင်နေသော မနာမဖျားသူအား တရားမဟောအပ်။

အကြင် ရဟန်းသည် (သိက္ခာပုဒ်၌) မရိုသေခြင်းကိုစွဲ၍ လက်အာယောဂပတ်ဖွဲ့လျက်ရင်း ပုဆိုးအာယောဂပတ်ဖွဲ့လျက်ရင်း ထိုင်နေသော မနာမဖျားသူအား တရားဟောအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

စေတနာမရှိသောရဟန်း။ပ။ အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ်မသင့်။

ပဉ္စမသိက္ခာပုဒ် ပြီး၏။

---

## ၇-ပါဒုကဝဂ် ၆-ဆဋ္ဌသိက္ခာပုဒ်

၆၄၃။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ဦးရစ်ပေါင်းသောသူအား တရားဟောကုန်၏။ပ။

**၂၁၁။ ၆၆-"ဦးရစ်ပေါင်းသော မနာမဖျားသူအား တရားမဟောအံ့ ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်" ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။**

ဦးရစ်ပေါင်းသူ မည်သည် ဆံစကိုမမြင်စေမူ၍ (ဦးခေါင်းကို) ရစ်ပတ်ထားသူတည်း။

ဦးရစ်ပေါင်းသော မနာမဖျားသူအား တရားမဟောအပ်။

http://www.dhammadownload.com



အကြင် ရဟန်းသည် (သိက္ခာပုဒ်၌) မရိုသေခြင်းကြောင့် ဦးရစ်ပေါင်းသော မနာမဖျားသူအား တရားဟောအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

စေတနာမရှိသောရဟန်း သတိမေ့လျော့သောရဟန်း မသိသောရဟန်း နာဖျားသောရဟန်းတို့အား အာပတ် မသင့်၊ ဆံစကိုဖော်စေ၍ဟောအံ့၊ အာပတ် မသင့်၊ ဘေးရန်တို့ကြောင့်လည်း အာပတ် မသင့်၊ ရူးသောရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

ဆဋ္ဌသိက္ခာပုဒ် ပြီး၏။

---

## ၇-ပါဒုကဝဂ် ၇-သတ္တမသိက္ခာပုဒ်

၆၄၄။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဋ္ဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ဦးခေါင်းခြုံသောသူအား တရားဟောကုန်၏။ပ။

၂၁၂။ ၆၇-"**ဦးခေါင်းခြုံသော မနာမဖျားသူအား တရားမဟောအံ့ ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်**" ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

**ဦးခေါင်းခြုံထားသူ** မည်သည် ခေါင်းနှင့်တကွ ခြုံထားသူကိုဆို၏။ဦးခေါင်းခြုံသော မနာမဖျားသူအား တရားမဟောအပ်။

အကြင် ရဟန်းသည် (သိက္ခာပုဒ်၌) မရိုသေခြင်းကြောင့် ဦးခေါင်းခြုံသော မနာမဖျားသူအား တရားဟောအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

စေတနာမရှိသောရဟန်း သတိမေ့လျော့သောရဟန်း မသိသောရဟန်း နာဖျားသောရဟန်းတို့အား အာပတ် မသင့်၊ ဦးခေါင်းကို ဖော်စေ၍ ဟောအံ့၊ အာပတ် မသင့်၊ ဘေးရန်တို့ကြောင့် အာပတ် မသင့်၊ ရူးသောရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

သတ္တမသိက္ခာပုဒ် ပြီး၏။

---

## ၇-ပါဒုကဝဂ် ၈-အဋ္ဌမသိက္ခာပုဒ်

၆၄၅။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဋ္ဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် မြေ၌ထိုင်နေ၍ နေရာ၌ ထိုင်နေသူအား တရားဟောကုန်၏။ပ။

၂၁၃။ ၆၈-"**မြေ၌ထိုင်နေ၍ နေရာ၌ထိုင်နေသော မနာမဖျားသူအား တရားမဟောအံ့ ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်**" ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

မြေ၌ထိုင်နေ၍ နေရာ၌ ထိုင်နေသော မနာမဖျားသူအား တရားမဟောအပ်။

http://www.dhammadownload.com



အကြင် ရဟန်းသည် (သိက္ခာပုဒ်၌) မရှိသေခြင်းကိုစွဲ၍ မြေ၌ထိုင်နေ၍ နေရာ၌ထိုင်နေသော မနာမဖျားသူအား တရားဟောအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

စေတနာမရှိသောရဟန်း။ပ။ အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

အဋ္ဌမသိက္ခာပုဒ် ပြီး၏။

---

## ၇-ပါဒုကဝဂ် ၉-နဝမသိက္ခာပုဒ်

၆၄၆။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံ ဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် နိမ့်သော နေရာ၌ ထိုင်နေ၍ မြင့်သောနေရာ၌ ထိုင်နေသူအား တရားဟောကုန်၏။ပ။

အလိုနည်းသော ရဟန်းတို့သည် "အဘယ့်ကြောင့် ဆဗ္ဗဂ္ဂီရဟန်းတို့သည် နိမ့်သောနေရာ၌ ထိုင်နေ၍ မြင့်သောနေရာ၌ ထိုင်နေသူအား တရားဟောကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချ ကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ သင်တို့သည် နိမ့်သောနေရာ၌ ထိုင်နေ၍ မြင့်သောနေရာ၌ ထိုင်နေသော သူအား တရားဟောကုန်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ သင်တို့သည် အဘယ့်ကြောင့် နိမ့်သောနေရာ၌ ထိုင်နေ၍ မြင့်သောနေရာ၌ ထိုင်နေသူ အား တရားဟောကုန်ဘိသနည်း။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ ဤ (သင်တို့ပြုမိ သော အမှု) သည် မကြည်ညိုသေးသောသူတို့အား ကြည်ညိုစေခြင်းငှါ၎င်း။ပ။ ကဲ့ရဲ့တော်မူ၍ တရား စကားကို ဟောတော်မူပြီးလျှင် ရဟန်းတို့ကို မိန့်တော်မူ၏။

၆၄၇။ ရဟန်းတို့ "ရှေး၌ဖြစ်ဘူးသည်ကား ဗာရာဏသီပြည်၌ ဒွန်းစဏ္ဍားတယောက်၏မယား သည် ကိုယ်ဝန်ရှိလေ၏။ ရဟန်းတို့ ထိုအခါ ဒွန်းစဏ္ဍားမသည် 'အရှင်သား အကျွန်ုပ်သည် ကိုယ်ဝန် ရှိသဖြင့် သရက်သီးကိုစားလိုပါ၏' ဟု ထိုဒွန်းစဏ္ဍား ယောကျ်ားအား ပြောဆို၏။ သရက်သီးမရှိ၊ သရက်သီးချိန်ကာလမဟုတ် ဟု (ဆိုလေသော်) 'သရက်သီးကို မစားရလျှင် သေရလိမ့်မည်' ဟု (ပြောဆို၏)။

ထိုစဉ်အခါ၌ မင်း၏သရက်ပင်သည် အမြဲသီးလျက်နေ၏။ ရဟန်းတို့ ထိုအခါ ဒွန်းစဏ္ဍားသည် သရက်ပင်သို့ ချဉ်းကပ်ပြီးလျှင် တက်၍ပုန်းအောင်းနေ၏။ ရဟန်းတို့ ထိုအခါ မင်းသည် ပုရောဟိတ် ပုဏ္ဏားနှင့်အတူ သရက်ပင်သို့ ချဉ်းကပ်ပြီးလျှင် မြင့်သောနေရာ၌ နေလျက် မန္တန်ကို သင်ယူ၏။

ရဟန်းတို့ ထိုအခါ ဒွန်းစဏ္ဍားအား ဤသို့ အကြံဖြစ်၏။

'မင်းသည် မြင့်သောနေရာ၌ ထိုင်၍ မန္တန်ကို သင်ယူဘိ၏၊ ဤမင်းကား အလွန်လျှင် တရား ကင်းမဲ့လေစွ။ ပုဏ္ဏားသည် နိမ့်သောနေရာ၌ထိုင်၍ မြင့်သော နေရာ၌ ထိုင်သောမင်းအား မန္တန် ကို သင်ဘိ၏၊ ဤပုဏ္ဏားသည်လည်း တရားမဲ့လေစွ။ ငါသည် မိန်းမကြောင့် မင်း၏သရက်သီး

http://www.dhammadownload.com



ကို ခိုးယူမိ၏၊ ငါသည်လည်း တရားမဲ့သူဖြစ်ခဲ့၏။ ဤလူအားလုံး * သည် စည်းကမ်းမဲ့သူတွေ ချည်းသာတည်း'။

ဤသို့ ကြံစည်ပြီးနောက် (ထိုဒွန်းစဏ္ဍားသည်) မင်းနှင့် ပုဏ္ဏားကြား၌သာလျှင် သစ်ပင်မှလျော ချ၏။

ပုဏ္ဏားသည် မတရားသဖြင့် မန္တန်ကိုပို့ချ၏၊ မင်းသည်လည်း မတရားသဖြင့် မန္တန်ကို သင်ယူ၏၊ ဤမင်းပုဏ္ဏား နှစ်ဦးလုံးတို့သည်ပင်လျှင် အကျိုးကိုမသိကုန်။ ဤမင်းပုဏ္ဏား နှစ်ဦးလုံးတို့သည် ပင်လျှင် အကြောင်းကို မမြင်ကြကုန် ဟု (ဒွန်းစဏ္ဍားက ဆို၏)။

(ဟယ်ဒွန်းစဏ္ဍား) ငါသည် အမဲဟင်းလျာဖြင့် ပြွမ်းသော စင်ကြယ်သည့် သလေးထမင်းကို စားနေရ၏။ ထို့ကြောင့် အရိယာတို့ ချီးမွမ်းအပ်သော တရား၌ ငါမကျင့်သတည်း ဟု (ပုဏ္ဏားက ဆို၏)။

ပုဏ္ဏား (သင်) ရရှိထားသောဥစ္စာ (သင်) ရရှိထားသော အခြံအရံတို့သည် စက်ဆုပ်ဖွယ်သာဖြစ်ကုန်၏။ ထိုရရှိထားသော ဥစ္စာအခြံအရံတို့သည် (နောင်သံသရာ၌လည်း) အပါယ်ကျကြောင်း အသက်မွေးမှုဖြစ်၍ (ယခုဘဝ၌လည်း) မတရားကျင့်ကြောင်း အသက်မွေးမှုတို့သာ ဖြစ်ကုန်၏။

ပုဏ္ဏားကြီး (ဤအရပ်မှ) ထွက်ပြေးလေလော့။ သင်တို့မှ တပါးသော အခြားသောသတ္တဝါတို့သည်လည်း ချက်ပြုတ် (စားသောက်ကြကုန်၏)။ ကျောက်ခဲသည် အိုးကိုခွဲသကဲ့သို့ သင်ကျင့်လျက်ရှိသော တရားမဲ့ အကျင့်သည် အသင့်ကို မခွဲပါစေလင့်" ဟု (ဒွန်းစဏ္ဍားက ဆို၏)။

ရဟန်းတို့ ငါသည် ဒွန်းစဏ္ဍားဖြစ်သော ထိုအခါ၌လည်း နိမ့်သောနေရာ၌ထိုင်၍မြင့်သောနေရာ၌ ထိုင်နေသူအား မန္တန်ကိုပို့ချခြင်းကို မနှစ်သက်။ ယခုအခါ၌ကား အဘယ်ဆိုဖွယ်ရာ ရှိတော့အံ့နည်း၊ နိမ့်သောနေရာ၌ ထိုင်၍ မြင့်သောနေရာ၌ ထိုင်သူအား တရားဟောခြင်းသည် မနှစ်သက်ဖွယ်သာ ဖြစ်လတ္တံ့။ ရဟန်းတို့ ဤ (သင်တို့ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ ရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

**၂၁၄။ ၆၉-"နိမ့်သောနေရာ၌ ထိုင်နေ၍ မြင့်သောနေရာ၌ ထိုင်နေသော မနာမဖျားသူအား တရားကို မဟောအံ့ ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်" ဤသို့** (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

နိမ့်သောနေရာ၌ထိုင်၍ မြင့်သောနေရာ၌ ထိုင်နေသော မနာမဖျားသူအား တရားမဟောအပ်။

အကြင် ရဟန်းသည် (သိက္ခာပုဒ်၌) မရိုသေခြင်းကို စွဲ၍ နိမ့်သောနေရာ၌ ထိုင်၍ မြင့်သော နေရာ၌ ထိုင်နေသော မနာမဖျားသော သူအား တရားဟောအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

စေတနာမရှိသောရဟန်း။ပ။ အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

နဝမသိက္ခာပုဒ် ပြီး၏။

---

* သဗ္ဗမိဒံ စရိမံကတန္တိ ဟတ္ထေပနရိပတိဘိ သဗ္ဗော အယံလောကော သက်ရံကတော နိမရိယာဒေါ၊ ဤသည်ဖြင့် ဖွင့်ပြသော အဋ္ဌကထာနှင့် အညီတည်း။

http://www.dhammadownload.com



## ၇-ပါဒုကဝဂ် ၁၀-ဒသမသိက္ခာပုဒ်

၆၄၇။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ထိုင်နေသောသူအား ရပ်လျက် တရားဟောကုန်၏။ပ။

**၂၁၅။ ၇၀-"ထိုင်နေသော မနာမဖျားသူအား ရပ်လျက် တရားကိုမဟောအံ့ ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်"** ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

ထိုင်နေသော မနာမဖျားသူအား ရပ်လျက် တရားမဟောအပ်။

အကြင် ရဟန်းသည် (သိက္ခာပုဒ်၌) မရိုသေခြင်းကို စွဲ၍ ထိုင်နေသော မနာမဖျားသူအား ရပ်လျက် တရားဟောအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

စေတနာမရှိသောရဟန်း။ပ။ အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ်မသင့်။

ဒသမသိက္ခာပုဒ် ပြီး၏။

---

## ၇-ပါဒုကဝဂ် ၁၁-ဧကာဒသမသိက္ခာပုဒ်

၆၄၈။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ရှေ့ကသွားသောသူအား နောက်ကလိုက်လျက် တရားကိုဟောကုန်၏။ပ။

**၂၁၆။ ၇၁-"ရှေ့ကသွားသော မနာမဖျားသူအား နောက်ကလိုက်လျက် တရားကိုမဟောအံ့ ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်"** ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

ရှေ့ကသွားသော မနာမဖျားသူအား နောက်ကလိုက်၍ တရားမဟောအပ်။

အကြင် ရဟန်းသည် (သိက္ခာပုဒ်၌) မရိုသေခြင်းကိုစွဲ၍ ရှေ့ကသွားသော မနာမဖျားသူအား နောက်ကလိုက်လျက် တရားဟောအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

စေတနာမရှိသောရဟန်း။ပ။ အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ်မသင့်။

ဧကာဒသမသိက္ခာပုဒ် ပြီး၏။

---

## ၇-ပါဒုကဝဂ် ၁၂-ဒွါဒသမသိက္ခာပုဒ်

၆၅၀။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ခရီးလမ်းအတိုင်း သွားသောသူအား ခရီးလမ်းမဟုတ်ပဲ သွားလျက် တရားဟောကုန်၏။ပ။

http://www.dhammadownload.com



**၂၁၇။ ၇၂-"ခရီးလမ်းအတိုင်း သွားသော မနာမဖျားသူအား ခရီးလမ်းမဟုတ်ပဲ သွားလျက် တရားမဟောအံ့ ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်"** ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

ခရီးလမ်းဖြင့်သွားသော မနာမဖျားသူအား ခရီးလမ်းမဟုတ်ပဲ သွားလျက် တရားမဟောအပ်။

အကြင် ရဟန်းသည် (သိက္ခာပုဒ်၌) မရိုသေခြင်းကိုစွဲ၍ ခရီးလမ်းဖြင့်သွားသော မနာမဖျားသူအား ခရီးလမ်းမဟုတ်ပဲ သွားလျက် တရားဟောအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

စေတနာမရှိသောရဟန်း။ပ။ အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ်မသင့်။

ဒွါဒသမသိက္ခာပုဒ် ပြီး၏။

---

## ၇-ပါဒုကဝဂ် ၁၃-တေရသမသိက္ခာပုဒ်

၆၅၁။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ကျင်ကြီးကိုရင်း ကျင်ငယ်ကိုရင်း ရပ်လျက် စွန့်ကုန်၏။ပ။

**၂၁၈။ ၇၃-"ကျင်ကြီးကိုရင်း ကျင်ငယ်ကိုရင်း မနာမဖျားပဲ ရပ်လျက် မစွန့်အံ့ ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်"** ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

ကျင်ကြီးကိုရင်း ကျင်ငယ်ကိုရင်း မနာမဖျားပဲ ရပ်လျက် မစွန့်အပ်။

အကြင် ရဟန်းသည် (သိက္ခာပုဒ်၌) မရိုသေခြင်းကိုစွဲ၍ ကျင်ကြီးကိုရင်း ကျင်ငယ်ကိုရင်း မနာမဖျားပဲ ရပ်လျက် စွန့်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

စေတနာမရှိသောရဟန်း။ပ။ အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ်မသင့်။

တေရသမသိက္ခာပုဒ် ပြီး၏။

---

## ၇-ပါဒုကဝဂ် ၁၄-စုဒ္ဒသမသိက္ခာပုဒ်

၆၅၂။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် စိမ်းသော မြက်သစ်ပင်ရှိရာ၌ ကျင်ကြီးကိုရင်း ကျင်ငယ်ကိုရင်း တံထွေးကိုရင်း စွန့်ကုန်၏။ပ။

**၂၁၉။ ၇၄-"စိမ်းသော မြက်သစ်ပင်ရှိရာ၌ ကျင်ကြီးကိုရင်း ကျင်ငယ်ကိုရင်း တံထွေးကိုရင်း မနာမဖျားပဲ မစွန့်အံ့ ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်"** ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

စိမ်းသော မြက်သစ်ပင်ရှိရာ၌ ကျင်ကြီးကိုရင်း ကျင်ငယ်ကိုရင်း တံထွေးကိုရင်း မနာမဖျားပဲ မစွန့်အပ်။

http://www.dhammadownload.com



အကြင် ရဟန်းသည် (သိက္ခာပုဒ်၌) မရိုသေခြင်းကိုစွဲ၍ စိမ်းသော မြက်သစ်ပင်ရှိရာ၌ ကျင်ကြီးကိုင်ငး ကျင်ငယ်ကိုင်ငး တံထွေးကိုင်ငး မနာမဖျားပဲ စွန့်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

စေတနာမရှိသောရဟန်း သတိမေ့လျော့သောရဟန်း မသိသောရဟန်း နာဖျားသောရဟန်း တို့အား အာပတ် မသင့်။

စိမ်းသော မြက်သစ်ပင်မရှိရာ၌ စွန့်သော ကျင်ကြီး ကျင်ငယ် တံထွေးသည် စိမ်းသော မြက်သစ်ပင်ရှိရာသို့ လွှမ်းမိုးသွားအံ့၊ အာပတ် မသင့်၊ ဘေးရန်တို့ကြောင့် အာပတ် မသင့်၊ ရူးသော ရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

စုဒ္ဒသမသိက္ခာပုဒ် ပြီး၏။

---

## ၇-ပါဒုကဝဂ် ၁၅-ပန္နရသမသိက္ခာပုဒ်

၆၅၇။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ကျင်ကြီးကိုင်ငး ကျင်ငယ်ကိုင်ငး တံထွေးကိုင်ငး ရေ၌ စွန့်ကုန်၏။

လူတို့သည် "အဘယ့်ကြောင့် သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့သည် ကာမစည်းစိမ်ကို ခံစားသော သူတို့ကဲ့သို့ ကျင်ကြီးကိုင်ငး ကျင်ငယ်ကိုင်ငး တံထွေးကိုင်ငး ရေ၌ စွန့်ကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ရဟန်းတို့သည် ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုကြသော ထိုလူတို့၏ စကားကို ကြားကြသည် သာတည်း။ အလိုနည်းသော ရဟန်းတို့သည် "အဘယ့်ကြောင့် ဆဗ္ဗဂ္ဂီရဟန်းတို့သည် ကျင်ကြီး ကိုင်ငး ကျင်ငယ်ကိုင်ငး တံထွေးကိုင်ငး ရေ၌ စွန့်ကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ သင်တို့သည် ကျင်ကြီးကိုင်ငး ကျင်ငယ်ကိုင်ငး တံထွေးကိုင်ငး ရေ၌ စွန့်ကုန်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ သင်တို့သည် အဘယ့်ကြောင့် ကျင်ကြီးကိုင်ငး ကျင်ငယ်ကိုင်ငး တံထွေးကိုင်ငး ရေ၌ စွန့်ကုန်ဘိသနည်း။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ ဤ (သင်တို့ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ ရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

(က) **"ကျင်ကြီးကိုင်ငး ကျင်ငယ်ကိုင်ငး တံထွေးကိုင်ငး ရေ၌ မစွန့်အံ့ ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်"** ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

ဤသို့လျှင် မြတ်စွာဘုရားသည် ရဟန်းတို့အား ဤသိက္ခာပုဒ်ကို ပညတ်တော်မူ၏။

http://www.dhammadownload.com



၆၅၄။ ထိုစဉ်အခါ၌ နာဖျားသော ရဟန်းတို့သည် ကျောင်းကြီးကိုင်း ကျောင်းငယ်ကိုင်း တံထွေးကိုင်း ရေ၌ စွန့်ခြင်းငှါ မအပ် ဟု တွေးတောမှု 'သံသယကုက္ကုစ္စ' ရှိသည်ဖြစ်၍ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် တရားစကားကို ဟောတော်မူ၍ ရဟန်းတို့ကို "ရဟန်းတို့ နာဖျားသော ရဟန်းသည် ကျောင်းကြီးကိုင်း ကျောင်းငယ်ကိုင်း တံထွေးကိုင်း ရေ၌ စွန့်ခြင်းငှါ ခွင့်ပြုတော်မူ၏" ဟု မိန့်တော်မူ၏။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

**၂၂၀။ ၇၅-(ခ) "ကျောင်းကြီးကိုင်း ကျောင်းငယ်ကိုင်း တံထွေးကိုင်း မနာမဖျားပဲ ရေ၌ မစွန့်အံ့ ဟု ကျင့်ကြံအားထုတ်မှုကိုပြုရမည်"** ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

မနာမဖျားပဲ ကျောင်းကြီးကိုင်း ကျောင်းငယ်ကိုင်း တံထွေးကိုင်း ရေ၌ မစွန့်အပ်။

အကြင် ရဟန်းသည် (သိက္ခာပုဒ်၌) မရိုသေခြင်းကို စွဲ၍ မနာမဖျားပဲ ကျောင်းကြီးကိုင်း ကျောင်းငယ်ကိုင်း တံထွေးကိုင်း ရေ၌စွန့်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

စေတနာမရှိသောရဟန်း မသိသောရဟန်း နာဖျားသော ရဟန်းတို့အား အာပတ် မသင့်၊ ကြည်းကုန်း၌စွန့်သော ကျောင်းကြီးကျောင်းငယ် တံထွေးသည် ရေသို့ သက်ဆင်းအံ့၊ အာပတ် မသင့်၊ ဘေးရန်တို့ကြောင့်လည်း အာပတ် မသင့်၊ ရူးသောရဟန်း စိတ်ပျံ့လွင့်သောရဟန်း ဝေဒနာနှိပ်စက်သောရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းတို့အားလည်း အာပတ် မသင့်။

ပန္နရသမသိက္ခာပုဒ် ပြီး၏။

သတ္တမပါဒုကဝဂ် ပြီး၏။

အသျှင်တို့ သေခိယ သိက္ခာပုဒ်တို့ကို သရုပ်အားဖြင့် ပြဆိုအပ်ပြီးပါကုန်ပြီ၊ ထိုသေခိယ သိက္ခာပုဒ်တို့၌ အသျှင်တို့ကို မေးပါ၏၊ အာပတ်မှ စင်ကြယ်ကြပါကုန်၏လော၊ နှစ်ကြိမ်မြောက်လည်း မေးပါ၏၊ အာပတ်မှ စင်ကြယ်ကြ ပါကုန်၏လော၊ သုံးကြိမ်မြောက်လည်း မေးပါ၏၊ အာပတ်မှ စင်ကြယ်ကြ ပါကုန်၏လော၊ အသျှင်တို့သည် ဤသေခိယ သိက္ခာပုဒ်တို့၌ အာပတ်မှ စင်ကြယ်ကြပါကုန်၏။ ထို့ကြောင့် ဆိတ်ဆိတ်နေကုန်၏၊ ဤသို့ ဆိတ်ဆိတ် နေသဖြင့် ဤအာပတ်မှ စင်ကြယ်သည့် အဖြစ်ကို သိမှတ်ရပါသည်။

သေခိယအခန်း ပြီး၏။

---

## ၈-အဓိကရဏသမထ

အသျှင်တို့ အဓိကရုဏ်းတို့ကို ငြိမ်းစေနိုင်သော ဤတရားခုနစ်ပါးတို့သည် သရုပ်အားဖြင့် ပြဆိုအပ်သည်၏ အဖြစ်သို့ ရောက်ကုန်၏။

၂၂၁။ ၁-၆၅၅။ ဖြစ်တိုင်း ဖြစ်တိုင်းသော (လေးပါးသော) အဓိကရုဏ်းတို့ကို ငြိမ်းစေခြင်းငှါ အထူးသဖြင့်ငြိမ်းစေခြင်းငှါ သမ္မုခါဝိနည်း 'မျက်မှောက် အဓိကရုဏ်း ငြိမ်းကြောင်းတရား' ကို ပေးရမည်။

http://www.dhammadownload.com



၂၂၂။ ၂-သတိဝိနည်း 'ရဟန္တာ ပုဂ္ဂိုလ်အား သတိပေးရသော ဝိနည်း'ကို ပေးရမည်။

၂၂၃။ ၃-အမူဠှဝိနည်း 'ရူးသွပ်သော ရဟန်းတို့အား သတိရခိုက် ပေးရသော ဝိနည်း' ကို ပေးရမည်။

၂၂၄။ ၄-ပဋိညာယကာရေတဗ္ဗသမထ'ဝန်ခံသဖြင့် ပြုအပ်သော သမထ' ကို ပြုရမည်။

၂၂၅။ ၅-ယေဘုယျသိကာသမထ 'ဓမ္မဝါဒီ ပုဂ္ဂိုလ်များရာသို့ လိုက်၍ ဆုံးဖြတ်ရသော သမထဓမ္မ' ကို ပြုရမည်။

၂၂၆။ ၆-တဿပါပိယသိကာယသမထ 'ယုတ်မာသော ရဟန်းအား ပြုရသောဝိနည်း'ကို ပြုရမည်။

၂၂၇။ ၇-တိဏဝတ္ထာရက သမထ 'မစင်ကို မြက်ဖြင့် ဖုံးလွှမ်းသကဲ့သို့ အာပတ်ကို ဖုံးဖိထားရသော ဝိနည်းကံ' ကို ပြုရမည်။

အသျှင်တို့ အဓိကရုဏ်းတို့ကို ငြိမ်းစေနိုင်သော တရားခုနစ်ပါးတို့ကို သရုပ်အားဖြင့် ပြဆိုအပ်ပြီးပါကုန်ပြီ၊ ထိုအဓိကရဏသမထတို့၌ အသျှင်တို့ကို မေးပါ၏၊ အာပတ်မှ စင်ကြယ်ကြပါကုန်၏လော၊ နှစ်ကြိမ်မြောက်လည်းမေးပါ၏၊ အာပတ်မှ စင်ကြယ်ကြပါကုန်၏လော၊ သုံးကြိမ်မြောက်လည်း မေးပါ၏၊ အာပတ်မှ စင်ကြယ်ကြပါကုန်၏လော၊ အသျှင်တို့သည် အဓိကရဏသမထတို့၌ အာပတ်မှ စင်ကြယ်ကြပါကုန်၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေကုန်၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤအာပတ်မှ စင်ကြယ်သည့်အဖြစ်ကို သိမှတ်ရပါသည်။

အဓိကရဏသမထအခဏ်း ပြီး၏။

အသျှင်တို့ နိဒါန်းကို သရုပ်အားဖြင့် ပြဆိုအပ်ပြီးပါပြီ၊ ပါရာဇိကအာပတ် လေးပါးတို့ကို သရုပ်အားဖြင့် ပြဆိုအပ်ပြီးပါကုန်ပြီ၊ သံဃာဒိသိသ်အာပတ် တဆဲ့သုံးပါးတို့ကို သရုပ်အားဖြင် ပြဆိုအပ်ပြီးပါကုန်ပြီ၊ အနိယတအာပတ် နှစ်ပါးတို့ကို သရုပ်အားဖြင့် ပြဆိုအပ်ပြီးပါကုန်ပြီ၊ နိဿဂ္ဂိ ပါစိတ် အာပတ် သုံးဆယ်တို့ကို သရုပ်အားဖြင့် ပြဆိုအပ်ပြီးပါကုန်ပြီ၊ သုဒ္ဓပါစိတ်အာပတ် ကိုးဆယ်နှစ်ပါးတို့ကို သရုပ်အားဖြင့် ပြဆိုအပ်ပြီးပါကုန်ပြီ၊ ပါဋိဒေသနီ အာပတ်လေးပါးတို့ကို သရုပ်အားဖြင့် ပြဆိုအပ်ပြီးပါကုန်ပြီ၊ သေခိယအာပတ်တို့ကို သရုပ်အားဖြင့် ပြဆိုအပ်ပြီးပါကုန်ပြီ၊ အဓိကရုဏ်းငြိမ်းကြောင်း တရားခုနစ်ပါးတို့ကို သရုပ်အားဖြင့် ပြဆိုအပ်ပြီးပါကုန်ပြီ၊ ဤမျှ အတိုင်းအရှည်ရှိသော သိက္ခာပုဒ်သည် ထိုမြတ်စွာဘုရား၏ ပါတိမောက်၌ လာ၍ ပါတိမောက်၌ အကျုံးဝင်၏၊ လခွဲတိုင်း လခွဲတိုင်း သရုပ်အားဖြင့် ပြခြင်းသို့ ရောက်၏၊ ထိုနှစ်ရာ့နှစ်ဆယ်ခုနစ်သွယ်သော သိက္ခာပုဒ်တို့၌ အလုံးစုံသော ရဟန်းတို့သည်အညီအညွတ် ဝမ်းမြောက်ဝမ်းသာ ခိုက်ရန်ငြင်းခုံခြင်း မရှိကြကုန်ပဲ ကျင့်အပ်သတည်း။

မဟာဝိဘင်း ပြီး၏။

ဘိက္ခုဝိဘင်းပါဠိတော်မြန်မာပြန် ပြီးပြီ။

http://www.dhammadownload.com

http://www.dhammadownload.com

# ဘိက္ခုနီဝိဘင်းပါဠိတော်မြန်မာပြန်

## ၁—ပါရာဇိက အခဏ်း

### ၅-ပဌမပါရာဇိကသိက္ခာပုဒ်

၆၅၆။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ မိဂါရသူဌေး၏မြေးဖြစ်သော သာဠှသည် ဘိက္ခုနီ 'ရဟန်းမိန်းမ' သံဃာ၏ကျောင်းကို ဆောက်လုပ်လို၍ ဘိက္ခုနီမတို့ထံသို့ ချဉ်းကပ်ပြီးလျှင်—

"အသျှင်မတို့ အကျွန်ုပ်သည် ဘိက္ခုနီသံဃာ၏ကျောင်းကို ဆောက်လုပ်လိုပါ၏၊ အကျွန်ုပ်အား အမှုသစ်ကို စီမံတတ်သော ဘိက္ခုနီမကို ပေးကုန်လော့" ဟု လျှောက်၏။

ထိုစဉ်အခါ၌ နန္ဒာ နန္ဒဝတီ သုန္ဒရီနန္ဒာ ထုလ္လနန္ဒာ ဤညီအစ်မ လေးယောက်တို့သည် ဘိက္ခုနီမတို့ထံ၌ ရဟန်းဖြစ်ကြကုန်၏။ ထိုလေးယောက်တို့တွင် သုန္ဒရီနန္ဒာ ဘိက္ခုနီမသည် ငယ်စဉ်ကရဟန်းဖြစ်၏၊ အဆင်းလှ၍ ရှုချင်ဖွယ် ကြည်ညိုဖွယ်ရှိ၏၊ ပညာရှိ၍ စွမ်းရည်သတ္တိနှင့်လည်း ပြည့်စုံ၏၊ ထက်မြက်သော ဉာဏ်ပညာလည်း ရှိ၏၊ လိမ္မာဖျပ်လတ်၍ ပျင်းရိခြင်းလည်းမရှိ၊ ထိုထိုအမှု၌ အကြောင်းကို စုံစမ်းခြင်းနှင့် ပြည့်စုံ၍ ပြုလုပ်စီမံခြင်းငှါလည်း စွမ်းနိုင်၏၊ ထိုအခါ ဘိက္ခုနီသံဃာသည် သုန္ဒရီနန္ဒာ ဘိက္ခုနီမကို သမုတ်ပြီးလျှင် မိဂါရသူဌေး၏ မြေး သာဠှအား အမှုသစ်ပြုလုပ်မည့် ဘိက္ခုနီမကိုပေး၏။

ထိုအခါ သုန္ဒရီနန္ဒာ ဘိက္ခုနီမသည် "ပဲခွပ်ကိုပေးလော့၊ ပုဆိန်ကိုပေးလော့၊ ဒေါင်းမကိုပေးလော့၊ ပေါက်တူးကိုပေးလော့၊ ဆောက်ကိုပေးလော့" ဟု (တောင်းရန်) မိဂါရသူဌေး၏မြေး သာဠှ၏အိမ်သို့ မကြာမကြာ သွား၏၊ မိဂါရသူဌေး၏မြေး သာဠှသည်လည်း ပြုပြီးသောအရာ မပြုရသေးသောအရာကို သိရန် ဘိက္ခုနီမတို့ကျောင်းသို့ မကြာမကြာပင်သွား၏၊ ထိုသုန္ဒရီနန္ဒာနှင့် သာဠှတို့သည် မပြတ်တွေ့မြင်ရခြင်းကြောင့် နှောင်ဖွဲ့သော (အချစ်) စိတ် ရှိကြကုန်၏။

ထိုနောက် မိဂါရသူဌေး၏မြေး သာဠှသည် သုန္ဒရီနန္ဒာဘိက္ခုနီမကို ဖျက်ဆီးရန် အခွင့်မရသဖြင့် ထိုဖျက်ဆီးရေး အလို့ငှါသာလျှင် ဘိက္ခုနီသံဃာအား ဆွမ်းလုပ်ကျွေး၏။

ထိုအခါ မိဂါရသူဌေး၏မြေး သာဠှသည် ဆွမ်းစားစရပ်၌ နေရာခင်းသည်ရှိသော် "ဤမျှလောက်သော ဘိက္ခုနီမတို့သည် အသျှင်မသုန္ဒရီနန္ဒာထက် ကြီးကုန်၏" ဟု နှလုံးသွင်း၍ တခုသောအရပ်၌ နေရာခင်းထား၏၊ "ဤမျှလောက်သောဘိက္ခုနီမတို့သည် အသျှင်မသုန္ဒရီနန္ဒာအောက်ငယ်ကုန်၏" ဟု နှလုံးသွင်း၍ တခုသောအရပ်၌ နေရာခင်းထား၏၊ ဖုံးကွယ်သောထောင့်ကြား နေရာတခု၌ကား သုန္ဒရီနန္ဒာဘိက္ခုနီမအတွက် နေရာခင်းထား၏၊ "ဘိက္ခုနီမကြီးတို့က ဘိက္ခုနီမငယ်တို့ထံ (သုန္ဒရီနန္ဒာ) ထိုင်နေ၏" ဟု သိနိုင်လောက်သော အခြင်းအရာဖြင့်၎င်း "ဘိက္ခုနီမငယ်တို့ကလည်း ဘိက္ခုနီမကြီးတို့အထံ၌ (သုန္ဒရီနန္ဒာ) ထိုင်နေ၏" ဟု သိနိုင်လောက်သော အခြင်းအရာဖြင့်၎င်း သာဠှသည် နေရာခင်းထား၏။

http://www.dhammadownload.com


ထိုနောက် မိဂါရသူဌေး၏မြေး သာဠှသည် "အသျှင်မတို့ ဆွမ်းစားချိန်တန်ပါပြီ ဆွမ်းပြင်ပြီးပါပြီ"ဟု ဘိက္ခုနီသံဃာအား အခါကို လျှောက်ကြားစေ၏။

သုန္ဒရီနန္ဒာဘိက္ခုနီမသည်ကား "မိဂါရသူဌေး၏မြေး သာဠှသည် ကောင်းမှုကုသိုလ်ကို များစွာလိုလား တောင့်တ၍ ဘိက္ခုနီသံဃာအား ဆွမ်းလုပ်ကျွေးသည်မဟုတ်၊ ထိုသာဠှသည် ငါ့ကိုဖျက်ဆီးလို၍၊ အကယ်၍ ငါသွားအံ့၊ ငါ့အားဖောက်ပြန်သောအသံဖြစ်လတ္တံ့" ဟု (မှတ်သား၍) အနီးနေတပည့်ဖြစ်သော ဘိက္ခုနီမကို "သွားချေ ငါ့အတွက်ဆွမ်းကိုဆောင်ယူခဲ့လော့၊ ထိုသာဠှသည် ငါ့ကိုမေးခဲ့လျှင်'နာဖျားနေ၏' ဟူ၍ ပြောကြားလော့"ဟု (စေလွှတ်လိုက်၏)။ "ကောင်းပါပြီအသျှင်မ" ဟု ဆို၍ ထိုရဟန်းမိန်းမသည် သုန္ဒရီနန္ဒာဘိက္ခုနီမအား ဝန်ခံ၏။

ထိုအခါ မိဂါရသူဌေး၏မြေး သာဠှသည် တံခါးမုခ် အပြင်ဘက်၌ရပ်လျက်"အသျှင်မတို့ အသျှင်မသုန္ဒရီနန္ဒာသည် အဘယ်မှာနည်း၊ အသျှင်မတို့ အသျှင်မသုန္ဒရီနန္ဒာသည် အဘယ်မှာနည်း" ဟု သုန္ဒရီနန္ဒာ ဘိက္ခုနီမကိုသာ မေးသည်ရှိသော် သုန္ဒရီနန္ဒာ ဘိက္ခုနီမ၏ အနီးနေတပည့်ဖြစ်သော ဘိက္ခုနီမက "ဒါယကာ နာဖျားနေပါ၏၊ ဆွမ်းကိုသာလျှင် ဆောင်ယူသွားပါအံ့" ဟု မိဂါရသူဌေး၏မြေး သာဠှအား ပြော၏။

ထိုအခါ မိဂါရသူဌေး၏မြေး သာဠှသည် "အသျှင်မသုန္ဒရီနန္ဒာ လာခြင်းအကျိုးငှါသာ ဘိက္ခုနီသံဃာအား ငါ ဆွမ်းလုပ်ကျွေးခြင်းဖြစ်သည်" ဟု (အောက်မေ့၍) "ဘိက္ခုနီမ အပေါင်းအားဆွမ်းလုပ်ကျွေးကြကုန်လော့" ဟု လူတို့ကို စေခိုင်းပြီးလျှင် ဘိက္ခုနီမကျောင်းသို့ ချဉ်းကပ်၏။

ထိုအခိုက် သုန္ဒရီနန္ဒာဘိက္ခုနီမသည် မိဂါရသူဌေး၏မြေး သာဠှကို မြော်လင့်လျက် အရံ၀ တံခါးမှုခ်၌ ရပ်နေ၏၊ သုန္ဒရီနန္ဒာဘိက္ခုနီမသည် မိဂါရသူဌေး၏မြေး သာဠှလာနေသည်ကို အဝေးကပင်လျှင် မြင်၍ ကျောင်းတွင်းသို့ဝင်ပြီးလျှင် ခေါင်းမြီးခြုံလျက် ညောင်စောင်းပေါ်၌ ငလျောင်းစက်နေ၏။

ထိုအခါ မိဂါရသူဌေး၏မြေး သာဠှသည် သုန္ဒရီနန္ဒာဘိက္ခုနီမထံသို့ ချဉ်းကပ်ပြီးလျှင် "အသျှင်မသင်၏ မချမ်းသာခြင်းသည် အဘယ်ပါနည်း၊ သင်သည် အဘယ့်ကြောင့် လျောင်းစက်နေဘိသနည်း" ဟု သုန္ဒရီနန္ဒာဘိက္ခုနီမအား မေး၏။ "ဒါယကာ မလိုလား မနှစ်သက်သူကို လိုလားနှစ်သက်နေရသော မိန်းမအား ဤအတိုင်းပင် ဖြစ်တတ်ပါ၏" ဟု ပြောဆို၏။

"အသျှင်မ အကျွန်ုပ်သည် သင့်ကို အဘယ့်ကြောင့် မလိုလားမနှစ်သက်ပဲ ရှိအံ့နည်း သို့ရာတွင် အကျွန်ုပ်သည် သင့်ကို ဖျက်ဆီးရန်အခွင့်မရခဲ့ပါ" ဟု (ဆိုကာ) (ကာယသံသဂ္ဂရာဂ) စွတ်စိုသဖြင့် (ကာယသံသဂ္ဂရာဂ) စွတ်စိုသော သုန္ဒရီနန္ဒာဘိက္ခုနီမနှင့် အတူ ကိုယ်လက်နှီးနှောခြင်းသို့ ရောက်၏။

ထိုစဉ်အခါ၌ အိုမင်းမစွမ်းသော ဘိက္ခုနီမကြီးတပါးသည် ခြေနာသောကြောင့် သုန္ဒရီနန္ဒာဘိက္ခုနီမ၏အနီး၌ လျောင်းနေ၏။ ထိုဘိက္ခုနီမအိုကြီးသည် (ကာယသံသဂ္ဂရာဂ) စွတ်စိုသော မိဂါရသူဌေး၏မြေး သာဠှကို (ကာယသံသဂ္ဂရာဂ) စွတ်စိုသော သုန္ဒရီနန္ဒာ ဘိက္ခုနီမနှင့်အတူ ကိုယ်လက်နှီးနှောခြင်းသို့ ရောက်နေသည်ကိုတွေ့မြင်၍ "အဘယ့်ကြောင့်အသျှင်မသုန္ဒရီနန္ဒာသည် (ကာယသံသဂ္ဂရာဂ) စွတ်စိုသည်ဖြစ်၍ (ကာယသံသဂ္ဂရာဂ) စွတ်စိုသောယောကျ်ား၏ ကိုယ်လက်နှီးနှောခြင်းကို သာယာနှစ်သက် ဘိသနည်း" ဟု ကဲ့ရဲ့၏၊ ရှုတ်ချ၏၊ အပြစ်ပြ ပြောဆို၏။

ထိုအခါ ဘိက္ခုနီမအိုကြီးသည် ရဟန်းမိန်းမတို့အား ဤအကြောင်းကို ပြောကြား၏။ အလိုနည်းကုန်သော ရောင့်ရဲလွယ်ကုန်သော ရှက်တတ်၍ ကုက္ကုစ္စရှိကုန်သော သိက္ခာသုံးပါးကို လိုလားကုန်သောရဟန်းမိန်းမတို့သည် "အဘယ့်ကြောင့် အသျှင်မ သုန္ဒရီနန္ဒာ သည် (ကာယသံသဂ္ဂရာဂ)စွတ်စို

http://www.dhammadownload.com



သည်ဖြစ်၍ (ကာယသံသဂ္ဂရာဂ) စွတ်စိုသောယောကျ်ား၏ ကိုယ်လက်နှီးနှောခြင်းကို နှစ်သက်သာယာဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ထိုနောက် ထိုရဟန်းမိန်းမတို့သည် ရဟန်းယောကျ်ားတို့အား ဤအကြောင်းကို လျှောက်ကြကုန်၏။ အလိုနည်းကုန်သော ရောင့်ရဲလွယ်ကုန်သော ရှက်တတ်၍ ကုက္ကုစ္စ ရှိကုန်သော သိက္ခာသုံးပါးကို လိုလားကုန်သော ထိုရဟန်းယောကျ်ားတို့သည်လည်း "အဘယ့်ကြောင့် သုန္ဒရီနန္ဒာဘိက္ခုနီမသည် (ကာယသံသဂ္ဂရာဂ) စွတ်စိုသည်ဖြစ်၍ (ကာယသံသဂ္ဂရာဂ) စွတ်စိုသော ယောကျ်ား၏ ကိုယ်လက်နှီးနှောခြင်းကို သာယာနှစ်သက်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ထိုအခါ ထိုရဟန်းတို့သည် သုန္ဒရီနန္ဒာ ဘိက္ခုနီမကို များစွာသော အကြောင်းဖြင့် ကဲ့ရဲ့ပြစ်တင်ကြပြီးလျှင် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် ရဟန်းအပေါင်းကို စည်းဝေးစေပြီးလျှင် ရဟန်းတို့ကို—

"ရဟန်းတို့ သုန္ဒရီနန္ဒာ ဘိက္ခုနီမသည် (ကာယသံသဂ္ဂရာဂ) စွတ်စိုသည် ဖြစ်၍ (ကာယသံသဂ္ဂရာဂ) စွတ်စိုသော ယောကျ်ား၏ ကိုယ်လက်နှီးနှောခြင်းကို သာယာနှစ်သက်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏၊ "ရဟန်းတို့ သုန္ဒရီနန္ဒာ ဘိက္ခုနီမ၏ ဤ (ပြုမိသော အမှု) သည် ဘိက္ခုနီမတို့အား မလျှောက်ပတ် မလျော်ကန် မသင့်တင့်၊ ဘိက္ခုနီမတို့၏ အပြုအမူ မဟုတ် မအပ် မပြုသင့်။ ရဟန်းတို့ အဘယ့်ကြောင့် သုန္ဒရီနန္ဒာ ဘိက္ခုနီမသည် (ကာယသံသဂ္ဂရာဂ) စွတ်စိုသည်ဖြစ်၍ (ကာယသံသဂ္ဂရာဂ) စွတ်စိုသော ယောကျ်ား၏ ကိုယ်လက်နှီးနှောခြင်းကို သာယာဘိသနည်း။ ရဟန်းတို့ ဤ (သုန္ဒရီနန္ဒာ ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါလည်းကောင်း ကြည်ညိုပြီးသော သူတို့အားလည်း တိုး၍ ကြည်ညိုစေခြင်းငှါလည်းကောင်း မဖြစ်နိုင်ပေ။

ရဟန်းတို့ အမှန်စင်စစ် ဤ (သုန္ဒရီနန္ဒာ ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အားလည်း မကြည်ညိုစေခြင်းငှါလည်းကောင်း ကြည်ညိုပြီးသော သူအချို့တို့အားလည်း အကြည်ညိုပျက်စေခြင်းငှါလည်းကောင်း ဖြစ်ပေ၏" ဟု (ကဲ့ရဲ့တော်မူ၏)။

ထိုအခါ မြတ်စွာဘုရားသည် သုန္ဒရီနန္ဒာ ဘိက္ခုနီမကို များစွာသော အကြောင်းဖြင့် ကဲ့ရဲ့ပြစ်တင်တော်မူပြီးလျှင် ကိုယ်တိုင်ပြုစုမွေးမြူရန် ခက်ခဲခြင်း၊ သူတပါးတို့က ပြုစုမွေးမြူရန် ခက်ခဲခြင်း၊ အလိုကြီးခြင်း မရောင့်ရဲခြင်း အပေါင်းအဖော်၌ မက်မောခြင်း ပျင်းရိခြင်းတို့၏ ကျေးဇူးမဲ့စကားကို မိန့်တော်မူ၍ များစွာသော အကြောင်းဖြင့် ကိုယ်တိုင်ပြုစု မွေးမြူလွယ်ခြင်း သူတပါးတို့က ပြုစုမွေးမြူလွယ်ခြင်း အလိုနည်းခြင်း ရောင့်ရဲလွယ်ခြင်း ကိလေသာကို ခေါင်းပါးစေခြင်း ကိလေသာကို ခါထုတ်ခြင်း ကြည်ညိုဖွယ်ရှိခြင်း ကိလေသာကို မဆည်းပူးခြင်း ဝီရိယဖြင့် အားထုတ်ခြင်းတို့၏ ဂုဏ်ကျေးဇူးကို မိန့်တော်မူပြီးလျှင် ရဟန်းတို့အား ထိုအဖြစ်အပျက်နှင့် လျှောက်ပတ်လျော်ညီသော တရားစကားကို ဟောကြားတော်မူပြီးနောက် ရဟန်းတို့ကို—

http://www.dhammadownload.com



## ဝိနည်းပညတ်ကြောင်း ၁၀-ပါး

"ရဟန်းတို့ သို့ဖြစ်လျှင် (၁) ဘိက္ခုနီမတို့အတွက် သံဃာတော်၏ ကောင်းပါပြီ ဟု ဝန်ခံကျင့်သုံးရန် (၂) သံဃာတော်များ ချမ်းသာစေရန် (၃) အကျင့်သီလ ဖောက်ဖျက်သူတို့ကို နှိပ်နင်းရန် (၄) အကျင့်သီလကို ချစ်မြတ်နိုးသော ဘိက္ခုနီမတို့ ချမ်းသာစွာ နေနိုင်ရန် (၅) မျက်မှောက်၌ ဖြစ်ကုန်သော ဆင်းရဲအထူးတို့ကို စောင့်စည်းရန် (၆) နောင်ဖြစ်လတ္တံ့သော ဆင်းရဲအထူးတို့ကို ပယ်ရှားရန် (၇) မကြည်ညိုသေးသော သူတို့ကို ကြည်ညိုစေရန် (၈) ကြည်ညိုပြီးသော သူတို့ကို တိုး၍ ကြည်ညိုစေရန် (၉) သူတော်ကောင်းတရား 'သာသနာသုံးရပ်' တည်တံ့ရန် (၁၀) ဝိနည်း 'စည်းမျဉ်း ဥပဒေ' ကို ချီးမြှောက်ရန် ဟူသော အကျိုးထူးဆယ်ပါးတို့ကို အစွဲပြု၍ သိက္ခာပုဒ်ကို ပညတ်တော်မူမည်" ဟု မိန့်တော်မူ၏။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

၅-*၆၅၇။ "အကြင်ဘိက္ခုနီမသည် (ကာယသံသဂ္ဂရာဂ) စွတ်စိုသည်ဖြစ်၍ (ကာယသံသဂ္ဂရာဂ) စွတ်စိုသော ယောကျ်ားပုဂ္ဂိုလ်၏ (မိမိ၏) ညှပ်ရိုးအောက်နှင့် ပုဆစ်ဒူးဝန်း အထက်၌ ရှေးရှုသုံးသပ်ခြင်းကိုသော်ရင်း ထိုမှဤမှ သုံးသပ်ခြင်းကိုသော်ရင်း ကိုင်ခြင်းကိုသော်ရင်း တို့ထိခြင်းကိုသော်ရင်း ဖိညှပ်ခြင်းကိုသော်ရင်း သာယာငြားအံ့၊ ဤ ဘိက္ခုနီမသည်လည်း ပုဆစ်ဒူးဝန်းအထက်၌ သုံးသပ်သည်ကို သာယာသည်ဖြစ်၍ (ဥဗ္ဘဇာဏုမဏ္ဍလိက မည်သော) ပါရာဇိကအာပတ် သင့်၏။ ဘိက္ခုနီမကောင်းတို့နှင့်အတူတကွ ပေါင်းသင်းရခြင်း မရှိ" ဤသို့ (ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)။

## ၅-ပဉ္စမပါရာဇိကသိက္ခာပုဒ် အဖွင့်

၆၅၈။ အကြင် ဟူသည် အကြင်သို့သော အသွင် ပုံသဏ္ဌာန် သဘော အမှုကိစ္စ အမျိုး ဇာတ် အမည် အနွယ် အလေ့အကျင့် အနေအထိုင် ကျက်စားရာရှိသော ဆယ်ဝါရပြီးသော ဘိက္ခုနီမကြီး ဖြစ်စေ ငါးဝါမရသေးသော ဘိက္ခုနီမငယ် ဖြစ်စေ ငါးဝါရ၍ ဆယ်ဝါမပြည့်သော ဘိက္ခုနီမအလတ် ဖြစ်စေ ဤအလုံးစုံသော ဘိက္ခုနီမမျိုးကို အကြင် ဟု ဆိုအပ်၏။

## ဘိက္ခုနီ 'ရဟန်းမိန်းမ' ခေါ်နိုင်ခြင်း ၁၂-ပါး

ဘိက္ခုနီမ ဟူသည် (၁) (အရိယာ သူတော်ကောင်းတို့၏ တောင်းခြင်းဖြင့်) တောင်းတတ်သောကြောင့် ဘိက္ခုနီမ (၂) ဆွမ်းခံခြင်း အကျင့်သို့ ကပ်ရောက်တတ်သောကြောင့် ဘိက္ခုနီမ (၃) ဆုတ်ဖြတ်ပြီးသော အဝတ်ကို ဝတ်ရုံတတ်သောကြောင့် ဘိက္ခုနီမ (၄) ဘိက္ခုနီ ဟု သမုတ်ခြင်းကြောင့် ဘိက္ခုနီမ (၅) ဘိက္ခုနီ ဟု ဝန်ခံခြင်းကြောင့် ဘိက္ခုနီမ (၆) ဘိက္ခုနီမ လာလော့ 'ဟေ ဘိက္ခုနီ' ဟူသော ဘုရားစကားတော်ဖြင့် ဖြစ်သောကြောင့် ဘိက္ခုနီမ (၇) သရဏဂုံသုံးပါးတို့ဖြင့် ပဉ္စင်းဖြစ်သောကြောင့် ဘိက္ခုနီမ (၈) ကောင်းသော (သီလစသည်နှင့် ပြည့်စုံသော) ကြောင့် ဘိက္ခုနီမ (၉) (သီလ စသော) အနှစ်သာရရှိသောကြောင့် ဘိက္ခုနီမ (၁၀) (သိက္ခာသုံးပါးကို) ကျင့်ဆဲဖြစ်သောကြောင့် ဘိက္ခုနီမ (၁၁) (သိက္ခာသုံးပါးကို) ကျင့်ပြီးဖြစ်သောကြောင့် ဘိက္ခုနီမ

---

* ဘိက္ခုနီ အသာဓာရဏ ပါရာဇိကအတွက် ပဉ္စမပင်ဖြစ်သော်လည်း သာဓာရဏ အသာဓာရဏ ပါရာဇိက (၈) ပါးတွင် (၅) ခုမြောက်ဖြစ်၍ သိက္ခာပုဒ်တွင် (၅) ဂဏန်းထိုးသည်၊ နောက်၌လည်း ဤအတူမှတ်ပါ။

http://www.dhammadownload.com



(၁၂) ညီညွတ်သော နှစ်ဖက်သံဃာသည် သိစေခြင်း 'ဉတ်' လျှင် လေးကြိမ်မြောက်သော ကံဖြင့် မပျက်မကွက် မြတ်စွာဘုရား အဆုံးအမအား ထိုက်တန်စွာ ပဉ္စင်းဖြစ်စေအပ်သောကြောင့် ဘိက္ခုနီမ မည်၏။

ထိုတဆယ့်နှစ်မျိုးသော ဘိက္ခုနီမတို့တွင် အကြင် ဘိက္ခုနီမသည် ညီညွတ်သော နှစ်ဖက်သံဃာသည် သိစေခြင်း 'ဉတ်' လျှင် လေးကြိမ်မြောက်သော ကံဖြင့် မပျက်မကွက် မြတ်စွာဘုရား အဆုံးအမအား ထိုက်တန်စွာ ပဉ္စင်းဖြစ်စေအပ်၏၊ ဤဘိက္ခုနီမကို ဤ (ပါရာဇိက) အရာ၌ "ဘိက္ခုနီမ" ဟူ၍ အလိုရှိအပ်၏။

**စွတ်စိုသည်ဖြစ်၍** မည်သည် တပ်မက် နှစ်သက်ခြင်းရှိသည်ဖြစ်၍ ငဲ့ကွက်ခြင်း ရှိသည်ဖြစ်၍ ရာဂနှောင်ဖွဲ့သော အချစ်စိတ် ရှိသည်ဖြစ်၍။

**စွတ်စိုသော** မည်သည် တပ်နှစ်သက်ခြင်းရှိသော ငဲ့ကွက်ခြင်းရှိသော ရာဂနှောင်ဖွဲ့သော အချစ် စိတ်ရှိသော။

**ယောကျ်ားပုဂ္ဂိုလ်** မည်သည် ဘီလူးယောကျ်ားမဟုတ် ပြိတ္တာယောကျ်ားမဟုတ် လူယောင်ဖန်ဆင်းသော တိရစ္ဆာန် ယောကျ်ားမဟုတ် ကိုယ်လက်နှီးနှောမှုကို ပြုကျင့်ခြင်းငှါ သိကြားလိမ္မာစွမ်းနိုင်သော လူယောကျ်ားသာတည်း။

**ညှပ်ရိုးအောက်** ဟူသည် ညှပ်ရိုးမှအောက်ပင်တည်း။

**ပုဆစ်ဒူးဝန်းအထက်** ဟူသည် ပုဆစ်ဒူးဝန်းမှ အထက်ပင်တည်း။

**ရှေးရှုသုံးသပ်ခြင်း** မည်သည် သုံးသပ်ကာမျှတည်း။

**ထိုမှဤမှ သုံးသပ်ခြင်း** မည်သည်၊ ထိုမှ ဤမှ ရွေ့ရှားခြင်းတည်း။

**ကိုင်ခြင်း** မည်သည် ကိုင်တွယ်ကာမျှတည်း။

**တို့ထိခြင်း** မည်သည် ထိကာမျှတည်း။

**ဖိညှပ်ခြင်းကိုလည်း သာယာငြားအံ့** ဟူသည် အင်္ဂါကြီးငယ်ကို ဆုပ်ကိုင်၍ ဖိညှပ်ခြင်းကို သာယာနှစ်သက်၏။

**ဤဘိက္ခုနီမသည်လည်း** ဟူသည် ရှေးဖြစ်သော မေထုန်ပါရာဇိက စသည်တို့သို့ ရောက်သော ရဟန်းမိန်းမကို ထောက်၍ဆိုအပ်၏။

**ပါရာဇိကအာပတ် သင့်၏** ဟူသည် ဥပမာအားဖြင့် ဦးခေါင်းပြတ်ပြီးသော ယောကျ်ားသည် ထိုဦးခေါင်းနှင့် ခန္ဓာကိုယ်ကို ပြန်၍ဆက်စပ်သော်လည်း အသက်ရှင်ဘို့ရာ မဖြစ်နိုင်သကဲ့သို့ ဤအတူ ဤဘိက္ခုနီမသည် ကာယသံသဂ္ဂရာဂ စွတ်စိုသည်ဖြစ်၍ ကာယသံသဂ္ဂရာဂ စွတ်စိုသောယောကျ်ား၏ ညှပ်ရိုးမှ အောက် ပုဆစ်ဒူးဝန်းမှ အထက်ကို ရှေးရှု သုံးသပ်ခြင်းကိုရင်း ထိုမှဤမှ သုံးသပ်ခြင်းကိုရင်း ကိုင်ခြင်းကိုရင်း တို့ထိခြင်းကိုရင်း ဖိညှပ်ခြင်းကိုရင်း သာယာနှစ်သက်သောကြောင့် ဘိက္ခုနီမ မဟုတ်တော့ပေ၊ သာကီဝင်မင်းသမီး ဘုရားသမီးတော် မဟုတ်တော့ပေ၊ ထို့ကြောင့် သာသနာတော်မှ ဆုံးရှုံးခြင်းသို့ ရောက်၏ ဟု ဆိုရ၏။

**ဘိက္ခုနီမကောင်းတို့နှင့် အတူတကွ ပေါင်းသင်းရခြင်းမရှိ** ဟူရာ၌ **ပေါင်းသင်းခြင်း** မည်သည် အတူတကွ ဝိနည်းကံပြုမှု အတူတကွ ပါတိမောက်ရွတ်ပြမှု တူမျှသောကျင့်ကြံနေထိုင်မှုတည်း၊ ဤအလုံးစုံသည် ပေါင်းသင်းခြင်းမည်၏။ ထိုပေါင်းသင်းခြင်းသည် ထို (ပါရာဇိကကျသော) ဘိက္ခုနီမနှင့် အတူ မရှိတော့ပေ၊ ထို့ကြောင့် ဘိက္ခုနီမကောင်းတို့နှင့် အတူတကွ ပေါင်းသင်းရခြင်း မရှိ ဟု ဆိုရ၏။

http://www.dhammadownload.com



၆၅၉။ နှစ်ဦး နှစ်ဖက်လုံး (ကာယသံသဂ္ဂရာဂ) စွတ်စိုသည်ရှိသော် ညှပ်ရိုးအောက်နှင့် ပုဆစ်ဒူးဝန်းအထက်၌ ကိုယ်ဖြင့်ကိုယ်ကို သုံးသပ်အံ့၊ ပါရာဇိကအာပတ် သင့်၏။ ကိုယ်ဖြင့် ကိုယ်နှင့်စပ်သော ဝတ္ထုကို သုံးသပ်အံ့၊ ထုလ္လစ္စဉ်းအာပတ် သင့်၏။

ကိုယ်နှင့်စပ်သော ဝတ္ထုဖြင့် ကိုယ်ကိုသုံးသပ်အံ့၊ ထုလ္လစ္စဉ်းအာပတ် သင့်၏။ ကိုယ်နှင့်စပ်သော ဝတ္ထုဖြင့် ကိုယ်နှင့်စပ်သော ဝတ္ထုကို သုံးသပ်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

စွန့်လွှတ်အပ်သော ဝတ္ထုဖြင့် ကိုယ်ကိုသုံးသပ်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ စွန့်လွှတ်အပ်သော ဝတ္ထုဖြင့် ကိုယ်နှင့်စပ်သော ဝတ္ထုကို သုံးသပ်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ စွန့်လွှတ်အပ်သော ဝတ္ထုဖြင့် စွန့်လွှတ်အပ်သော ဝတ္ထုကို သုံးသပ်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ညှပ်ရိုးမှအထက် ပုဆစ်ဒူးဝန်းမှ အောက်ကို ကိုယ်ဖြင့်ကိုယ်ကို သုံးသပ်အံ့၊ ထုလ္လစ္စဉ်းအာပတ် သင့်၏။ ကိုယ်ဖြင့်ကိုယ်နှင့်စပ်သော ဝတ္ထုကို သုံးသပ်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ကိုယ်နှင့်စပ်သော ဝတ္ထုဖြင့် ကိုယ်ကိုသုံးသပ်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ကိုယ်နှင့်စပ်သော ဝတ္ထုဖြင့် ကိုယ်နှင့်စပ်သော ဝတ္ထုကို သုံးသပ်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

စွန့်လွှတ်အပ်သော ဝတ္ထုဖြင့် ကိုယ်ကိုသုံးသပ်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ စွန့်လွှတ်အပ်သော ဝတ္ထုဖြင့် ကိုယ်နှင့်စပ်သော ဝတ္ထုကိုသုံးသပ်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ စွန့်လွှတ်အပ်သော ဝတ္ထုဖြင့် စွန့်လွှတ်အပ်သော ဝတ္ထုကို သုံးသပ်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

၆၆၀။ တဦးတဖက်သာလျှင် (ကာယသံသဂ္ဂရာဂ) စွတ်စိုသည်ရှိသော် ညှပ်ရိုးအောက် ပုဆစ်ဒူးဝန်းအထက်၌ ကိုယ်ဖြင့် ကိုယ်ကိုသုံးသပ်အံ့၊ ထုလ္လစ္စဉ်းအာပတ် သင့်၏။ ကိုယ်ဖြင့် ကိုယ်နှင့်စပ်သော ဝတ္ထုကို သုံးသပ်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ကိုယ်နှင့်စပ်သော ဝတ္ထုဖြင့် ကိုယ်ကိုသုံးသပ်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ကိုယ်နှင့်စပ်သောဝတ္ထုဖြင့် ကိုယ်နှင့်စပ်သော ဝတ္ထုကို သုံးသပ်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

စွန့်လွှတ်အပ်သော ဝတ္ထုဖြင့် ကိုယ်ကိုသုံးသပ်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ စွန့်လွှတ်အပ်သော ဝတ္ထုဖြင့် ကိုယ်နှင့်စပ်သော ဝတ္ထုကို သုံးသပ်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ စွန့်လွှတ်အပ်သော ဝတ္ထုဖြင့် စွန့်လွှတ်အပ်သော ဝတ္ထုကို သုံးသပ်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ညှပ်ရိုးအထက်နှင့် ပုဆစ်ဒူးဝန်း အောက်၌ ကိုယ်ဖြင့်ကိုယ်ကို သုံးသပ်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ကိုယ်ဖြင့် ကိုယ်နှင့်စပ်သောဝတ္ထုကို သုံးသပ်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ကိုယ်နှင့်စပ်သော ဝတ္ထုဖြင့် ကိုယ်ကိုသုံးသပ်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ကိုယ်နှင့်စပ်သောဝတ္ထုဖြင့် ကိုယ်နှင့်စပ်သောဝတ္ထုကို သုံးသပ်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

စွန့်လွှတ်အပ်သော ဝတ္ထုဖြင့် ကိုယ်ကိုသုံးသပ်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ စွန့်လွှတ်အပ်သော ဝတ္ထုဖြင့် ကိုယ်နှင့်စပ်သော ဝတ္ထုကို သုံးသပ်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ စွန့်လွှတ်အပ်သော ဝတ္ထုဖြင့် စွန့်လွှတ်အပ်သော ဝတ္ထုကိုသုံးသပ်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

၆၆၁။ နှစ်ဦးနှစ်ဖက်လုံးပင်လျှင် (ကာယသံသဂ္ဂရာဂ) စွတ်စိုသည်ရှိသော် ဘီလူး ပြိတ္တာ ပဏ္ဍုက်နှင့် လူယောင်ဖန်ဆင်းသော တိရစ္ဆာန်တို့၏ ညှပ်ရိုးအောက်နှင့် ပုဆစ်ဒူးဝန်းမှ အထက်၌ ကိုယ်ဖြင့်ကိုယ်ကိုသုံးသပ်အံ့၊ ထုလ္လစ္စဉ်းအာပတ် သင့်၏။ ကိုယ်ဖြင့် ကိုယ်နှင့်စပ်သော ဝတ္ထုကို သုံးသပ်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

http://www.dhammadownload.com



ကိုယ်နှင့်စပ်သော ဝတ္ထုဖြင့် ကိုယ်ကိုသုံးသပ်အံ့၊ ဒုက္កဋ်အာပတ် သင့်၏။ ကိုယ်နှင့်စပ်သောဝတ္ထုဖြင့် ကိုယ်နှင့်စပ်သော ဝတ္ထုကို သုံးသပ်အံ့၊ ဒုက္កဋ်အာပတ် သင့်၏။

စွန့်လွှတ်အပ်သော ဝတ္ထုဖြင့် ကိုယ်ကိုသုံးသပ်အံ့၊ ဒုက္កဋ်အာပတ် သင့်၏။ စွန့်လွှတ်အပ်သော ဝတ္ထုဖြင့် ကိုယ်နှင့်စပ်သော ဝတ္ထုကို သုံးသပ်အံ့၊ ဒုက္កဋ်အာပတ် သင့်၏။ စွန့်လွှတ်အပ်သော ဝတ္ထုဖြင့် စွန့်လွှတ်အပ်သော ဝတ္ထုကို သုံးသပ်အံ့၊ ဒုက္កဋ်အာပတ် သင့်၏။

ညှပ်ရိုးအထက်နှင့် ပုဆစ်ဒူးဝန်းအောက်၌ ကိုယ်ဖြင့်ကိုယ်ကို သုံးသပ်အံ့၊ ဒုက္កဋ်အာပတ် သင့်၏။ ကိုယ်ဖြင့် ကိုယ်နှင့်စပ်သောဝတ္ထုကို သုံးသပ်အံ့၊ ဒုက္កဋ်အာပတ် သင့်၏။

ကိုယ်နှင့်စပ်သောဝတ္ထုဖြင့် ကိုယ်ကိုသုံးသပ်အံ့၊ ဒုက္កဋ်အာပတ် သင့်၏။ ကိုယ်နှင့်စပ်သော ဝတ္ထုဖြင့် ကိုယ်နှင့်စပ်သောဝတ္ထုကို သုံးသပ်အံ့၊ ဒုက္កဋ်အာပတ် သင့်၏။

စွန့်လွှတ်အပ်သော ဝတ္ထုဖြင့် ကိုယ်ကိုသုံးသပ်အံ့၊ ဒုက္កဋ်အာပတ် သင့်၏။ စွန့်လွှတ်အပ်သော ဝတ္ထုဖြင့် ကိုယ်နှင့်စပ်သော ဝတ္ထုကို သုံးသပ်အံ့၊ ဒုက္កဋ်အာပတ် သင့်၏။ စွန့်လွှတ်အပ်သောဝတ္ထုဖြင့် စွန့်လွှတ်အပ်သော ဝတ္ထုကို သုံးသပ်အံ့၊ ဒုက္កဋ်အာပတ် သင့်၏။

၆၆၂။ တဦးတဖက်သာလျှင်(ကာယသံသဂ္ဂရာဂ)စွတ်စိုသည်ရှိသော် ညှပ်ရိုးအောက်နှင့် ပုဆစ်ဒူးဝန်းအထက်၌ ကိုယ်ဖြင့် ကိုယ်ကိုသုံးသပ်အံ့၊ ဒုက္កဋ်အာပတ် သင့်၏။ ကိုယ်ဖြင့်ကိုယ်နှင့်စပ်သော ဝတ္ထုကိုသုံးသပ်အံ့၊ ဒုက္កဋ်အာပတ် သင့်၏။

ကိုယ်နှင့်စပ်သော ဝတ္ထုဖြင့် ကိုယ်ကိုသုံးသပ်အံ့၊ ဒုက္កဋ်အာပတ် သင့်၏။ ကိုယ်နှင့်စပ်သောဝတ္ထုဖြင့် ကိုယ်နှင့်စပ်သော ဝတ္ထုကို သုံးသပ်အံ့၊ ဒုက္កဋ်အာပတ် သင့်၏။

စွန့်လွှတ်အပ်သော ဝတ္ထုဖြင့် ကိုယ်ကို သုံးသပ်အံ့၊ ဒုက္កဋ်အာပတ် သင့်၏။ စွန့်လွှတ်အပ်သော ဝတ္ထုဖြင့် ကိုယ်နှင့်စပ်သော ဝတ္ထုကို သုံးသပ်အံ့၊ ဒုက္កဋ်အာပတ် သင့်၏။ စွန့်လွှတ်အပ်သော ဝတ္ထုဖြင့် စွန့်လွှတ်အပ်သော ဝတ္ထုကို သုံးသပ်အံ့၊ ဒုက္កဋ်အာပတ် သင့်၏။

ညှပ်ရိုးအထက်နှင့် ပုဆစ်ဒူးဝန်းအောက်၌ ကိုယ်ဖြင့် ကိုယ်ကိုသုံးသပ်အံ့၊ ဒုက္កဋ်အာပတ် သင့်၏။ ကိုယ်ဖြင့် ကိုယ်နှင့်စပ်သော ဝတ္ထုကို သုံးသပ်အံ့၊ ဒုက္កဋ်အာပတ် သင့်၏။

ကိုယ်နှင့်စပ်သော ဝတ္ထုဖြင့် ကိုယ်ကို သုံးသပ်အံ့၊ ဒုက္កဋ်အာပတ် သင့်၏။ ကိုယ်နှင့်စပ်သော ဝတ္ထုဖြင့် ကိုယ်နှင့်စပ်သောဝတ္ထုကို သုံးသပ်အံ့၊ ဒုက္កဋ်အာပတ် သင့်၏။

စွန့်လွှတ်အပ်သော ဝတ္ထုဖြင့် ကိုယ်ကိုသုံးသပ်အံ့၊ ဒုက္កဋ်အာပတ် သင့်၏။ စွန့်လွှတ်အပ်သော ဝတ္ထုဖြင့် ကိုယ်နှင့်စပ်သော ဝတ္ထုကို သုံးသပ်အံ့၊ ဒုက္កဋ်အာပတ် သင့်၏။ စွန့်လွှတ်အပ်သော ဝတ္ထုဖြင့် စွန့်လွှတ်အပ်သော ဝတ္ထုကို သုံးသပ်အံ့၊ ဒုက္កဋ်အာပတ် သင့်၏။

၆၆၃။ စိတ်စေတနာမရှိသော ဘိက္ခုနီမ သတိမေ့လျော့သော ဘိက္ခုနီမ မသိသော ဘိက္ခုနီမ မသာယာသော ဘိက္ခုနီမ ရူးသောဘိက္ခုနီမ စိတ်ပျံ့လွင့်သော ဘိက္ခုနီမ ဝေဒနာ နှိပ်စက်သော ဘိက္ခုနီမ အစလက်ဦး လွန်ကျူးသော ဘိက္ခုနီမတို့အားလည်း အာပတ် မသင့်။

ပဌမပါရာဇိကသိက္ခာပုဒ် ပြီး၏။

---

## ၆-ဒုတိယပါရာဇိကသိက္ခာပုဒ်

၆၆၄။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ သုန္ဒရီနန္ဒာ ဘိက္ခုနီမသည် မိဂါရ

http://www.dhammadownload.com



သူဌေး၏ မြေး သာဠကြောင့် ကိုယ်ဝန်ရှိ၏၊ ကိုယ်ဝန်နုစဉ်ကာလပတ်လုံး ဖုံးကွယ်၍ ထားပြီးနောက် ကိုယ်ဝန်ရင့်သောအခါ လူထွက်၍ သားဖွား၏။

ဘိက္ခုနီမတို့သည် "အသျှင်မ သုန္ဒရီနန္ဒာသည်ကား လူထွက်၍ မကြာမြင့်မီပင်လျှင် သားဖွား၏၊ အသို့နည်း ထိုသုန္ဒရီနန္ဒာသည် ဘိက္ခုနီမဖြစ်စဉ်ကပင်လျှင် ကိုယ်ဝန်ရှိ‌ေလသလော" ဟု ထုလ္လနန္ဒာ ဘိက္ခုနီမကို မေးကြကုန်၏။

အသျှင်မတို့ ဤသို့ ဟင်တိုင်း မှန်ပေ၏ ဟု (ဆို၏)။

အသျှင်မ သင်သည် သိပါလျက် ပါရာဇိက အာပတ်သင့်သော ဘိက္ခုနီမကို အဘယ့်ကြောင့် ကိုယ်တိုင်လည်း မစောဒနာဘိသနည်း၊ အပေါင်းအသင်း ဂိုဏ်းအားလည်း မပြောကြားဘိသနည်း ဟု (ဆိုကုန်၏)။

ထိုသုန္ဒရီနန္ဒာ၏ ကျေးဇူးမဲ့သည် အကျွန်ုပ်၏ ကျေးဇူးမဲ့သာတည်း၊ ထိုသုန္ဒရီနန္ဒာ၏ အကျော် အစောမဲ့သည် အကျွန်ုပ်၏ အကျော်အစောမဲ့သာတည်း၊ ထိုသုန္ဒရီနန္ဒာ၏ အခြံအရံမဲ့သည် အကျွန်ုပ် ၏ အခြံအရံမဲ့သာတည်း၊ ထိုသုန္ဒရီနန္ဒာ၏ လာဘ်မဲ့သည် အကျွန်ုပ်၏ လာဘ်မဲ့သာတည်း၊ အသျှင်မတို့ အကျွန်ုပ်သည် မိမိ၏ ကျေးဇူးမဲ့ကို မိမိ၏ အကျော်အစောမဲ့ကို မိမိ၏ အခြံအရံမဲ့ကို မိမိ၏ လာဘ်မဲ့ကို သူတပါးတို့အား အဘယ်မှာ ပြောကြားနိုင်ပါအံ့နည်း ဟု (ဆို၏)။

အလိုနည်းသော ဘိက္ခုနီမတို့သည် "အသျှင်မ ထုလ္လနန္ဒာသည် ပါရာဇိက အာပတ်သင့်သော ဘိက္ခုနီမကို သိလျက် အဘယ့်ကြောင့် ကိုယ်တိုင် မူလည်း မစောဒနာဘိသနည်း၊ အပေါင်းအသင်း ဂိုဏ်းအားလည်း မပြောကြားဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ထိုအခါ ထိုဘိက္ခုနီမတို့သည် ရဟန်းယောကျ်ားတို့အား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် ရဟန်းအပေါင်းကို စည်းဝေးစေပြီး လျှင် တရားစကားကို ဟောကြားတော်မူ၍ ရဟန်းတို့ကို—

"ရဟန်းတို့ ထုလ္လနန္ဒာဘိက္ခုနီမသည် သိလျက် ပါရာဇိကအာပတ်သင့်သော ဘိက္ခုနီမကို မိမိ ကိုယ်တိုင်လည်း မစောဒနာ၊ ဂိုဏ်းအားလည်း မပြောကြား ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်း တော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ အဘယ့်ကြောင့် ထုလ္လနန္ဒာဘိက္ခုနီမသည် သိလျက် ပါရာဇိက အာပတ်သင့်သော ဘိက္ခုနီမကို ကိုယ်တိုင်လည်း မစော ဒနာ ဂိုဏ်းအားလည်း မပြောကြားဘိသနည်း။

ရဟန်းတို့ ဤ (ထုလ္လနန္ဒာ ဘိက္ခုနီမ ပြုမိသောအမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

**၆-၆၆၅။ "အကြင် ဘိက္ခုနီမသည် သိလျက် ပါရာဇိကအာပတ် သင့်သော ဘိက္ခုနီမ ကို ကိုယ်တိုင်လည်း မစောဒနာငြားအံ့၊ ဂိုဏ်းအားလည်း မပြောကြားငြားအံ့၊ အကြင်အခါ၌ ထိုပါရာဇိကကျပြီးသော ဘိက္ခုနီမသည် (မိမိအသွင်၌) တည်နေသည်သော်လည်း ဖြစ်ရာ၏၊ စုတေသည် သော်လည်း ဖြစ်ရာ၏၊ ဖျက်ဆီးအပ်သည်သော်လည်း ဖြစ်ရာ၏၊ တိတ္ထိကျောင်းသို့**

http://www.dhammadownload.com



ပြောင်းရွှေ့သည်သော်လည်း ဖြစ်ရာ၏၊ ထိုအခါ ထိုသိသော ဘိက္ခုနီမသည် 'အသျှင်မတို့ ထိုညီမသည် ဤသို့ သဘောလည်းရှိ၏၊ ဤသို့ သဘောလည်းရှိ၏ ဟု ရှေးဦးကပင် အကျွန်ုပ် သိခဲ့ပါ၏၊ သို့သော်လည်း ကိုယ်တိုင် မစောဒနာမိပါ၊ ဂိုဏ်းအားလည်း မပြောကြားမိပါ' ဟု နောက်မှပြောဆိုငြားအံ့၊ ဤဘိက္ခုနီမသည်လည်း အပြစ်ကိုဖုံးလွှမ်းသည်ဖြစ်၍ (ဝဇ္ဇပဋိစ္ဆာဒိကမည်သော) ပါရာဇိက အာပတ် သင့်၏။ ဘိက္ခုနီမကောင်းတို့နှင့် အတူတကွ ပေါင်းသင်းရခြင်းမရှိ"ဤသို့ (ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)။

## ၆-ဒုတိယပါရာဇိကသိက္ခာပုဒ် အဖွင့်

၆၆၆။ အကြင် ဟူသည် အကြင်သို့ သဘောရှိသော။ပ။

ဘိက္ခုနီမ ဟူသည်။ပ။ ဤအရာ၌ ဤဉတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ရောက်သော မိန်းမကို "ဘိက္ခုနီမ" ဟူ၍ အလိုရှိအပ်၏။

သိ၏ မည်သည် ကိုယ်တိုင်သော်လည်း သိ၏၊ သူတပါးတို့သော်လည်း ထိုဘိက္ခုနီမအား ပြောကြားကုန်၏၊ ထိုဘိက္ခုနီမကသော်လည်း ပြောကြား၏။

ပါရာဇိကအာပတ် သင့်သော ဟူသည် ပါရာဇိကအာပတ် ရှစ်ပါးတို့တွင် တပါးပါးသော ပါရာဇိက အာပတ် သင့်၏။

ကိုယ်တိုင်လည်း မစောဒနာငြားအံ့ ဟူသည် မိမိသည် မစောဒနာငြားအံ့။

ဂိုဏ်းအားလည်း မပြောကြားငြားအံ့ ဟူသည် တပါးသော ဘိက္ခုနီမတို့အား မပြောကြားငြားအံ့။

အကြင်အခါ၌ ထိုပါရာဇိကကျပြီးသော ဘိက္ခုနီမသည် (မိမိအသွင်၌) တည်နေသည်သော်လည်း ဖြစ်ရာ၏၊ စုတေသည်သော်လည်း ဖြစ်ရာ၏ ဟူရာ၌ တည်နေသည် မည်သည် မိမိအသွင်၌ တည်နေသည်ကို ဆို၏။

စုတေသည် မည်သည် သေလွန်ခြင်းကို ဆို၏။

ဖျက်ဆီးအပ်သည် မည်သည် ကိုယ်တိုင်သော်လည်း လူထွက်၏၊ သူတပါးတို့သည်မူလည်း ဖျက်ဆီးအပ်၏ 'လူထွက်စေအပ်၏'။

တိတ္ထိကျောင်းသို့ ပြောင်းရွှေ့သည် မည်သည် တိတ္ထိကျောင်းကို ပြောင်းရွှေ့နေထိုင်ခြင်းကိုဆို၏။

ထိုသိသော ဘိက္ခုနီမ မည်သည် "အသျှင်မတို့ ထိုညီမသည် ဤသို့သဘောလည်း ရှိ၏၊ ဤသို့ သဘောလည်း ရှိ၏" ဟု ရှေးဦးကပင် ကျွန်ုပ် သိခဲ့ပါ၏ ဟု နောက်မှ ဤသို့ ဆိုငြားအံ့။

သို့သော်လည်း ကိုယ်တိုင် မစောဒနာမိပါ ဟူသည် ကိုယ်တိုင်လည်း မစောဒနာငြားအံ့။

ဂိုဏ်းအားလည်း မပြောကြားမိပါ ဟူသည် တပါးသော ဘိက္ခုနီမတို့အား မပြောကြားမိပါ။

ဤဘိက္ခုနီမသည်လည်း ဟူသည် ရှေးပါရာဇိက ကျသော ဘိက္ခုနီမတို့ကို ထောက်၍ ဆိုအပ်၏။

ပါရာဇိကအာပတ် သင့်၏ ဟူသည် ဥပမာအားဖြင့် အညှာမှ ကြွေကျသော သစ်ရွက်ဟောင်းသည် တဖန်ပြန်၍ စိမ်းရှင်ခြင်းငှါ မထိုက်သကဲ့သို့ ဤအတူ ဘိက္ခုနီမသည် ပါရာဇိက အာပတ်သင့်သော ဘိက္ခုနီမကို သိလျက် ကိုယ်တိုင်သော်လည်း မစောဒနာအံ့၊ ဂိုဏ်းအားလည်း မပြောကြားအံ့ ဟု

http://www.dhammadownload.com



ဝန်ချကာမျှ၌ ဘိက္ခုနီမ မဟုတ်၊ သာကီဝင်မင်းသမီး ဘုရားသမီးတော် မဟုတ်တော့ပေ၊ ထိုကြောင့် သာသနာတော်မှ ဆုံးရှုံးခြင်းသို့ ရောက်၏ ဟု ဆိုရ၏။

**ဘိက္ခုနီမကောင်းတို့နှင့် အတူတကွ ပေါင်းသင်းရခြင်း မရှိ** ဟူရာ၌ ပေါင်းသင်းခြင်း မည်သည် အတူတကွ ဝိနည်းကံပြုမှု အတူတကွ ပါတိမောက် ရွတ် 'ပြ' မှု တူမျှသော ကျင့်ကြံနေထိုင်မှုတည်း၊ ဤအလုံးစုံသည် ပေါင်းသင်းခြင်းမည်၏။ ထိုပေါင်းသင်းခြင်းသည် ထိုဘိက္ခုနီမနှင့် အတူမရှိတော့ပေ၊ ထို့ကြောင့် ဘိက္ခုနီမ ကောင်းတို့နှင့် အတူတကွ ပေါင်းသင်းရခြင်း မရှိ ဟု ဆိုရ၏။

၆၆၇။ "သံဃာ၏ ခိုက်ရန်ဖြစ်မှုသော်၎င်း၊ ငြင်းခုံမှုသော်၎င်း စကားအမျိုးမျိုးကို ယူခြင်းသော်၎င်း စကားအမျိုးမျိုး ပြောဆိုမှုသော်၎င်း ဖြစ်လတ္တံ့" ဟု (နှလုံးသွင်း၍) မပြောကြားငြားအံ့၊ "သံဃာ၏ ကွဲပြားမှုသော်၎င်း သံဃာ၏(ကွဲပြားရန်)အရေးသော်၎င်း ဖြစ်လတ္တံ့" ဟု (နှလုံးသွင်း၍) မပြောကြားငြားအံ့၊ "ဤဘိက္ခုနီမသည် ခက်ထန်၏၊ ကြမ်းတမ်း၏၊ အသက်အန္တရာယ်ကိုသော်၎င်း၊ သာသနာတော်၏ အန္တရာယ်ကိုသော်၎င်း ပြုလတ္တံ့" ဟု (နှလုံးသွင်း၍) မပြောကြားအံ့၊ **သင့်လျော်**သော အခြားဘိက္ခုနီမတို့ကို မမြင်၍ မပြောကြားအံ့၊ မဖုံးမကွယ်လိုပဲ မပြောကြားအံ့၊ **မိမိ၏** အမှု ဖြင့်သာလျှင် ထင်ရှားလတ္တံ့ ဟု (နှလုံးသွင်း၍) မပြောကြားအံ့၊ အာပတ် မသင့်။

ရူးသော ဘိက္ခုနီမ အစလက်ဦး လွန်ကျူးသော ဘိက္ခုနီမအား အာပတ် မသင့်။

ဒုတိယပါရာဇိကသိက္ခာပုဒ် ပြီး၏။

---

## ၇-တတိယပါရာဇိကသိက္ခာပုဒ်

၆၆၈။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံ ဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ထုလ္လနန္ဒာ ဘိက္ခုနီမသည် ညီညွတ်သော သံဃာက နှင်ထုတ်ထားသော လင်းတသတ်မျိုး၌ ဖြစ်ဘူးသည့် အရိဋ္ဌရဟန်းသို့ အစဉ်လိုက်၏။ အလိုနည်းသော ဘိက္ခုနီမတို့သည် "အဘယ့်ကြောင့် အသျှင်မ ထုလ္လနန္ဒာသည် ညီညွတ်သော **သံဃာ**က နှင်ထုတ်ထားသော လင်းတသတ်မျိုး၌ ဖြစ်ဘူးသည့် အရိဋ္ဌရဟန်းသို့ အစဉ်လိုက်လေဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ ထုလ္လနန္ဒာ ဘိက္ခုနီမသည် ညီညွတ်သော သံဃာက နှင်ထုတ်ထားသော **လင်းတ** သတ်မျိုး၌ ဖြစ်ဘူးသည့် အရိဋ္ဌရဟန်းသို့ အစဉ်လိုက်၏ ဟူသည် မှန်သလော" ဟု **စိစစ် မေးမြန်း** တော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ ထုလ္လနန္ဒာ **ဘိက္ခုနီမ** သည် အဘယ့်ကြောင့် ညီညွတ်သော သံဃာက နှင်ထုတ်ထားသော လင်းတသတ်မျိုး၌ ဖြစ်ဘူးသည့် အရိဋ္ဌရဟန်းသို့ အစဉ်လိုက်ဘိသနည်း။ ရဟန်းတို့ ဤ (ထုလ္လနန္ဒာ ပြုမိသော အမှု) သည် မကြည်ညို သေးသော သူတို့အား ကြည်ညိုစေခြင်းငှါ၎င်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

**၇-၆၆၉။ "အကြင် ဘိက္ခုနီမသည် ညီညွတ်သောသံဃာက ဟုတ်မှန်သော သဘောဝိနည်း မြတ်စွာဘုရားအာဏာတော် 'ဥက္ခေပနီယကံ' ဖြင့် နှင်ထုတ်ထားသော ရှိသေခြင်းမရှိသော**

http://www.dhammadownload.com



မသွင်းရသေးသော အပေါင်းအဖော်မပြုရသေးသော ထိုရဟန်းသို့အတုလိုက်၍ ကျင့်ငြားအံ့၊ ထိုဘိက္ခုနီမကို အခြားဘိက္ခုနီမတို့က 'အသျှင်မ ဤရဟန်းကို ညီညွတ်သော သံဃာက ဟုတ်မှန်သောသဘောဝိနည်း မြတ်စွာဘုရားအာဏာတော် 'ဥက္ခိတ္တကမ္မဝါစာ' ဖြင့် နှင်ထုတ်ထား၏၊ ဤရဟန်းသည် ရိုသေခြင်းမရှိ၊ ဤရဟန်းကို (သံဃာ့ဘောင်သို့) မသွင်းရသေး၊ အပေါင်းအဖော်မပြုရသေး၊ အသျှင်မ ဤရဟန်းသို့ အတုလိုက်၍ မကျင့်ပါလင့်' ဟု ပြောဆိုရာ၏၊ ဤသို့လျှင် ထိုဘိက္ခုနီမသည် (အခြား) ဘိက္ခုနီမတို့က ပြောဆိုထားပါလျက် ရှေးနည်းအတူသာလျှင် ချီးမြှောက်ငြားအံ့၊ ထိုဘိက္ခုနီမကို (အခြား) ဘိက္ခုနီမတို့က ထိုအယူကို စွန့်စေခြင်းငှါ သုံးကြိမ်တိုင်အောင် ဆိုဆုံးမရမည်၊ သုံးကြိမ်တိုင်အောင် ဆိုဆုံးမသည်ရှိသော် ထိုအယူကို အကယ်၍ စွန့်ငြားအံ့၊ ဤသို့စွန့်ခြင်းသည် ကောင်း၏၊ အကယ်၍ မစွန့်ငြားအံ့၊ ဤဘိက္ခုနီမသည်လည်း နှင်ထုတ်ထားသော ရဟန်းသို့ အတုလိုက် ကျင့်သည်ဖြစ်၍ (ဥက္ခိတ္တာနုဝတ္တိက မည်သော) ပါရာဇိကအာပတ် သင့်၏။ ဘိက္ခုနီမကောင်းတို့နှင့် အတူတကွ ပေါင်းသင်းရခြင်းမရှိ" ဤသို့ (ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)။

## ၇-တတိယပါရာဇိကသိက္ခာပုဒ် အဖွင့်

၆၇၀။ **အကြင်** ဟူသည် အကြင်သို့ သဘောရှိသော။ပ။

**ဘိက္ခုနီမ** ဟူသည်။ပ။ ဤအရာ၌ ဤဉတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သော မိန်းမကို "ဘိက္ခုနီမ" ဟူ၍ အလိုရှိအပ်၏။

**ညီညွတ်သော သံဃာ** မည်သည် တူသော ပေါင်းသင်းခြင်းရှိသော တသိမ်တည်း၌ တည်သော သံဃာတည်း။

**နှင်ထုတ်ထားသော ရဟန်း** မည်သည် အာပတ်ကို မရှုခြင်း မကုစားခြင်း မိစ္ဆာအယူကို မစွန့်ခြင်းတို့ကြောင့် နှင်ထုတ်ထားသော ရဟန်းတည်း။

**ဟုတ်မှန်သောသဘော ဝိနည်းဖြင့်** ဟူသည် အကြင် ဟုတ်မှန်သော တရားသဘောဖြင့် အကြင် စောဒနာသာရဏာဝိနည်းဖြင့်။

**မြတ်စွာဘုရား အာဏာတော် 'ဥက္ခိတ္တကမ္မဝါစာ' ဖြင့်** ဟူသည် မာန်ငါးပါးကို အောင်တော်မူသော မြတ်စွာဘုရား၏ အာဏာတော်ဟူသော ဥက္ခိတ္တကမ္မဝါစာနှင့် သစ္စာလေးပါးကို သိတော်မူသော မြတ်စွာဘုရား၏ အာဏာတော် ဟူသော ဥက္ခိတ္တကမ္မဝါစာဖြင့်။

**ရိုသေခြင်းမရှိ** မည်သည် သံဃာကိုရင်း ဂိုဏ်းကိုရင်း ပုဂ္ဂိုလ်ကိုရင်း ကံကိုရင်း မရိုသေ။

**မသွင်းရသေးသော** မည်သည် ဥက္ခေပနိယကံဖြင့် နှင်ထုတ်ထား၍ သံဃာ့ဘောင်သို့မသွင်းအပ်သေးသော ရဟန်းတည်း။

**အပေါင်းအဖော် မပြုရသေးသော** မည်သည် အတူပေါင်းသင်းနေထိုင်ကုန်သော ရဟန်းတို့ကို အပေါင်းအဖော် ဟု ဆိုအပ်ကုန်၏၊ ထိုပေါင်းဖော်ခြင်းသည် ထိုရဟန်းတို့နှင့် အတူတကွ (ထိုရဟန်းအား) မရှိ။ ထို့ကြောင့် အပေါင်းအဖော်မပြုရသေး ဟု ဆိုရ၏။

**ထိုရဟန်းသို့ အတုလိုက်၍ ကျင့်ငြားအံ့** ဟူသည် ထိုနှင်ထုတ်ခံရသော ရဟန်းသည် အကြင်သို့သော အယူရှိ၏၊ အကြင်သို့သော နှစ်သက်ခြင်းရှိ၏၊ အကြင်သို့သော အလိုရှိ၏၊ ထိုဘိက္ခုနီမသည်လည်း ထိုသို့သော အယူရှိ၏၊ ထိုသို့သော နှစ်သက်ခြင်း ရှိ၏၊ ထိုသို့သော အလိုရှိ၏။

http://www.dhammadownload.com



**ထိုဘိက္ခုနီမသည်** ဟူသည် အကြင် ဥက္ခေပနီယကံဖြင့် နှင်ထုတ်ထားသော ရဟန်းသို့ အတုလိုက်၍ ကျင့်သော ဘိက္ခုနီမတည်း။

**ဘိက္ခုနီမတိသည်** ဟူသည် အခြားသော ဘိက္ခုနီမတို့သည်။

မြင်ကုန် ကြားကုန်သော ထိုဘိက္ခုနီမတို့သည် "အသျှင်မ ဤရဟန်းကို ညီညွတ်သော သံဃာသည် ဟုတ်မှန်သော သဘော ဝိနည်း မြတ်စွာဘုရား၏ အာဏာတော် 'ဥက္ခေပနီယကံ' ဖြင့် နှင်ထုတ်ထား၏၊ ဤရဟန်းသည် ရိုသေခြင်းမရှိ၊ မသွင်းအပ်သေး၊ အပေါင်းအဖော်မလုပ်ရသေး၊ အသျှင်မ ဤရဟန်းသို့ အတုလိုက်၍ မကျင့်ပါလင့်" ဟု ပြောဆိုရမည်။

နှစ်ကြိမ်မြောက်လည်း ပြောဆိုရမည်၊ သုံးကြိမ်မြောက်လည်း ပြောဆိုရမည်၊ အကယ်၍ စွန့်အံ့၊ ဤသို့ စွန့်ခြင်းသည် ကောင်း၏၊ အကယ်၍ မစွန့်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ကြား၍ မပြောဆိုကုန်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ထိုဘိက္ခုနီမကို သံဃာအလယ်သို့လည်း ဆွဲငင်၍ "အသျှင်မ ဤရဟန်းကို ညီညွတ်သော သံဃာက ဟုတ်မှန်သော သဘောဝိနည်း မြတ်စွာဘုရား၏ အာဏာတော် 'ဥက္ခေပနီယကံ' ဖြင့် နှင်ထုတ်ထား၏၊ ဤရဟန်းသည် ရိုသေခြင်းမရှိ၊ ဤရဟန်းကို မသွင်းရသေး၊ အပေါင်းအဖော် မပြုရသေး၊ အသျှင်မသည် ထိုရဟန်းသို့ အတုလိုက်၍ မကျင့်ပါလင့်" ဟု ပြောဆိုရမည်။

နှစ်ကြိမ်မြောက်လည်း ပြောဆိုရမည်၊ သုံးကြိမ်မြောက်လည်း ပြောဆိုရမည်၊ အကယ်၍ စွန့်အံ့၊ ဤသို့စွန့်ခြင်းသည် ကောင်း၏၊ အကယ်၍ မစွန့်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ထိုဘိက္ခုနီမကို ကောင်းစွာ ဆိုဆုံးမရမည်၊ ရဟန်းတို့ ဤသို့လျှင် ကောင်းစွာ ဆိုဆုံးမရမည်၊ ကျမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ဘိက္ခုနီမသည် သံဃာကို သိစေရမည်။

၆၇၁။ "အသျှင်မတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤမည်သော ဘိက္ခုနီမသည် ညီညွတ်သော သံဃာက ဟုတ်မှန်သောသဘော ဝိနည်း မြတ်စွာဘုရား အာဏာတော်ဟူသော 'ဥက္ခေပနီယကံ'ဖြင့် နှင်ထုတ်ထားသော ရိုသေခြင်းမရှိသော မသွင်းရသေးသော အပေါင်းအဖော်မပြုရသေးသော ထိုရဟန်းသို့ အတုလိုက်၍ ကျင့်၏၊ ထိုဘိက္ခုနီမသည် ထိုဝတ္ထုကို မစွန့်၊ သံဃာအား လျောက်ပတ်သော အခါရှိသော် သံဃာသည် အကယ်၍ ဖြစ်ငြားအံ့၊ သံဃာသည် ဤမည်သော ဘိက္ခုနီမအား ထိုဝတ္ထုကို စွန့်စေခြင်းငှါ ကောင်းစွာဆိုဆုံးမရာ၏။ ဤကား သိစေခြင်းတည်း။

အသျှင်မတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤမည်သော ဘိက္ခုနီမသည် ညီညွတ်သော သံဃာက ဟုတ်မှန်သော သဘောဝိနည်း မြတ်စွာဘုရား၏ အာဏာတော်ဟူသော 'ဥက္ခေပနီယကံ' ဖြင့် နှင်ထုတ်ထားသော ရိုသေခြင်းမရှိသော မသွင်းရသေးသော အပေါင်းအဖော် မပြုလုပ်ရသေးသော ရဟန်းသို့ အတုလိုက်၍ကျင့်၏၊ ထိုဘိက္ခုနီမသည် ထိုဝတ္ထုကို မစွန့်၊ သံဃာသည် ဤမည်သော ဘိက္ခုနီမကို ထိုဝတ္ထုကို စွန့်စေခြင်းငှါ 'ဥက္ခေပနီယကံ' ဖြင့် ကောင်းစွာ ဆိုဆုံးမ၏၊ အကြင် အသျှင်မအား ဤမည်သော ဘိက္ခုနီမကို ထိုဝတ္ထုကို စွန့်ခြင်းငှါ ဆိုဆုံးမခြင်းကို နှစ်သက်ခြင်းရှိ၏၊ ထိုအသျှင်မသည် ဆိတ်ဆိတ်နေရာ၏၊ အကြင်အသျှင်မအား နှစ်သက်ခြင်းမရှိ၊ ထိုအသျှင်မသည် ပြောဆိုရာ၏၊ နှစ်ကြိမ်မြောက်လည်း ဤအကြောင်းကို ပြောဆိုပါ၏။ပ။ သုံးကြိမ်မြောက်လည်း ဤအကြောင်းကို ပြောဆိုပါ၏။ပ။

http://www.dhammadownload.com



သံဃာသည် ဤမည်သော ဘိက္ခုနီမကို ထိုဝတ္ထုကို စွန့်စေခြင်းငှါ ကောင်းစွာ ဆိုဆုံးမအပ်ပြီ၊ သံဃာအား နှစ်သက်ခြင်းရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ "ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့်အဖြစ်ကို သိမှတ်ရပါသည်" ဟု (သိစေရမည်)။

ဉတ်၏အဆုံး၌ ဒုက္ကဋ်အာပတ် သင့်၏။ ကမ္မဝါစာ နှစ်ကြိမ်တို့၏ အဆုံး၌ ထုလ္လစ္စဉ်း အာပတ်သင့်၏။ ကမ္မဝါစာ အဆုံး၌ကား ပါရာဇိကအာပတ် သင့်၏။

**ဤဘိက္ခုနီမသည်လည်း** ဟူသည် ရှေးဖြစ်သော ပါရာဇိကအာပတ် သင့်သော ဘိက္ခုနီမကို ထောက်၍ဆိုအပ်၏။

**ပါရာဇိကအာပတ် သင့်၏** ဟူသည် ဥပမာအားဖြင့် ထူထဲကြီးမားသော ကျောက်ဖျာကြီးသည် နှစ်ဖြာနှစ်စိတ် ကွဲသည်ရှိသော် တဖန်ပြန်၍မစပ်နိုင်သကဲ့သို့ ဤအတူသာလျှင် ဘိက္ခုနီမသည် သုံးကြိမ်မြောက်အောင် 'ဉတ်ကမ္မဝါစာ' ဖြင့် ဆိုဆုံးမသည် ရှိသော် အယူကို မစွန့်အံ့၊ ဘိက္ခုနီမ မဟုတ်၊ သာကီဝင်မင်းသမီး ဘုရားသမီးတော် မဟုတ်တော့ပေ၊ ထို့ကြောင့် သာသနာတော်မှ ဆုံးရှုံးခြင်းသို့ ရောက်၏ ဟု ဆိုရ၏။

**ဘိက္ခုနီမကောင်းတို့နှင့် အတူတကွ ပေါင်းသင်းရခြင်းမရှိ** ဟူရာ၌ ပေါင်းသင်းခြင်း မည်သည် အတူတကွ ဝိနည်းကံပြုမှု အတူတကွ ပါတိမောက် ရွတ် 'ပြ' မှု တူမျှသော ကျင့်ကြံနေထိုင်မှုတည်း၊ ဤအလုံးစုံသည် ပေါင်းသင်းခြင်းမည်၏။ ထိုပေါင်းသင်းခြင်းသည် ထိုဘိက္ခုနီမနှင့် အတူမရှိတော့ပေ၊ ထို့ကြောင့်ဘိက္ခုနီမကောင်းတို့နှင့် အတူတကွ ပေါင်းသင်းရခြင်း မရှိ ဟု ဆိုရ၏။

၆၇၂။ ဓမ္မကံ၌ ဓမ္မကံ ဟု အမှတ်ရှိသည်ဖြစ်၍ အယူကိုမစွန့်အံ့၊ ပါရာဇိကအာပတ် သင့်၏။ ဓမ္မကံ၌ ယုံမှားရှိသည်ဖြစ်၍ အယူကိုမစွန့်အံ့၊ ပါရာဇိကအာပတ် သင့်၏။ ဓမ္မကံ၌ အဓမ္မကံ ဟု အမှတ်ရှိသည်ဖြစ်၍ အယူကို မစွန့်အံ့၊ ပါရာဇိကအာပတ် သင့်၏။

အဓမ္မကံ၌ ဓမ္မကံ ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ အဓမ္မကံ၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ အဓမ္မကံ၌ အဓမ္မကံ ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

၆၇၃။ ဉတ်ကမ္မဝါစာဖြင့် မဆုံးမရသော ဘိက္ခုနီမ အယူကို စွန့်သော ဘိက္ခုနီမ ရူးသောဘိက္ခုနီမ အစလက်ဦး လွန်ကျူးသော ဘိက္ခုနီမတို့အားလည်း အာပတ် မသင့်။

တတိယပါရာဇိကသိက္ခာပုဒ် ပြီး၏။

---

## ဂ-စတုတ္ထပါရာဇိကသိက္ခာပုဒ်

၆၇၄။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဆဗ္ဗဂ္ဂီဘိက္ခုနီမတို့သည် ကာယသံသဂ္ဂရာဂ စွတ်စိုသည်ဖြစ်၍ ကာယသံသဂ္ဂရာဂ စွတ်စိုသော ယောကျ်ား၏ ထိုမသူတော်အကျင့်ကို မှီဝဲခြင်းအကျိုးငှါ လက်ကိုကိုင်ခြင်းကိုလည်း သာယာကုန်၏၊ သင်္ကန်းစွန်းကို ကိုင်ခြင်းကိုလည်း သာယာကုန်၏၊ အတူလည်း ရပ်ကုန်၏၊ အတူလည်း စကားပြောကုန်၏၊ ချိန်းချက်ရာ အရပ်သို့လည်း သွားကုန်

http://www.dhammadownload.com



၏၊ ယောကျ်ား၏ ရှေးရှုလာခြင်းကိုလည်း သာယာကုန်၏၊ ဖုံးကွယ်ရာသို့လည်း လိုက်၍ဝင်ကုန်၏၊ ကိုယ်ကိုလည်း အနီးသို့ဆောင်ကုန်၏။

အလိုနည်းသော ဘိက္ခုနီမတို့သည် "အဘယ့်ကြောင့် ဆဗ္ဗဂ္ဂီ ဘိက္ခုနီမတို့သည် ကာယသံသဂ္ဂရာဂ စွတ်စိုသည်ဖြစ်၍ ကာယသံသဂ္ဂရာဂ စွတ်စိုသောယောကျ်ား၏ မသူတော်အကျင့်ကို မှီဝဲခြင်းအကျိုးငှါ လက်ကိုကိုင်ခြင်းကိုလည်း သာယာကုန်ဘိသနည်း၊ သင်္ကန်းစွန်းကို ကိုင်ခြင်းကိုလည်း သာယာကုန်ဘိသနည်း၊ အတူလည်းရပ်ကုန်ဘိသနည်း၊ အတူလည်း ပြောဆိုကုန်ဘိသနည်း၊ ချိန်းချက်ရာအရပ်သို့လည်း သွားကုန်ဘိသနည်း၊ ယောကျ်ား၏ ရှေးရှုလာခြင်းကိုလည်း သာယာကုန်ဘိသနည်း၊ ဖုံးကွယ်ရာအရပ်သို့လည်း လိုက်၍ဝင်ကုန်ဘိသနည်း၊ ကိုယ်ကိုလည်း အနီးသို့ဆောင်ကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ ဆဗ္ဗဂ္ဂီဘိက္ခုနီမတို့သည် ကာယသံသဂ္ဂရာဂ စွတ်စိုသည်ဖြစ်၍ ကာယသံသဂ္ဂရာဂ စွတ်စိုသော ထိုယောကျ်ား၏ မသူတော်အကျင့်ကို မှီဝဲခြင်းငှါ လက်ကိုကိုင်ခြင်းကိုလည်း သာယာကုန်၏၊ သင်္ကန်းစွန်းကို ကိုင်ခြင်းကိုလည်း သာယာကုန်၏၊ အတူလည်း ရပ်ကုန်၏၊ အတူလည်း စကားပြောကုန်၏၊ ချိန်းချက်ရာအရပ်သို့လည်း သွားကုန်၏၊ ယောကျ်ား၏ ရှေးရှုလာခြင်းကိုလည်း သာယာကုန်၏၊ ဖုံးကွယ်ရာအရပ်သို့လည်း လိုက်၍ဝင်ကုန်၏၊ ကိုယ်ကိုလည်း အနီးသို့ ဆောင်ကုန်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ အဘယ့်ကြောင့် ဆဗ္ဗဂ္ဂီ ဘိက္ခုနီမတို့သည် ကာယသံသဂ္ဂရာဂ စွတ်စိုသည်ဖြစ်၍ ကာယသံသဂ္ဂရာဂ စွတ်စိုသော ယောကျ်ား၏ ထိုမသူတော်အကျင့်ကို မှီဝဲခြင်းအကျိုးငှါ လက်ကိုကိုင်ခြင်းကိုလည်း သာယာကုန်ဘိသနည်း၊ သင်္ကန်းစွန်းကို ကိုင်ခြင်းကိုလည်း သာယာကုန်ဘိသနည်း၊ အတူလည်း ရပ်ကုန်ဘိသနည်း၊ အတူလည်းစကားပြောကုန်ဘိသနည်း၊ ချိန်းချက်ရာအရပ်သို့လည်း သွားကုန်ဘိသနည်း၊ ယောကျ်ား၏ ရှေးရှုလာခြင်းကိုလည်း သာယာကုန်ဘိသနည်း၊ ဖုံးကွယ်ရာအရပ်သို့လည်း လိုက်၍ဝင်ကုန်ဘိသနည်း၊ ကိုယ်ကိုလည်း အနီးသို့ ဆောင်ကုန်ဘိသနည်း။ ရဟန်းတို့ ဤ(ဆဗ္ဗဂ္ဂီဘိက္ခုနီမတို့ ပြုမိသော အမှု) သည် မကြည်ညိုသေးသောသူတို့အား ကြည်ညိုစေခြင်းငှါ ရှိငြား။ပ။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

၈-၆၇၅။ **"အကြင် ဘိက္ခုနီမသည် ကာယသံသဂ္ဂရာဂ စွတ်စိုသည်ဖြစ်၍ ကာယသံသဂ္ဂရာဂဖြင့် စွတ်စိုသော ယောကျ်ား၏ ထိုမသူတော်အကျင့်ကို မှီဝဲခြင်းငှါ လက်ကို ကိုင်ခြင်းကိုမူလည်း သာယာငြားအံ့၊ သင်္ကန်းစွန်းကို ကိုင်ခြင်းကိုမူလည်း သာယာငြားအံ့၊ အတူမူလည်း ရပ်ငြားအံ့၊ အတူမူလည်း စကားပြောငြားအံ့၊ ချိန်းချက်ရာ အရပ်သို့မူလည်း သွားငြားအံ့၊ ယောကျ်ား၏ ရှေးရှုလာခြင်းကိုမူလည်း သာယာငြားအံ့၊ ဖုံးကွယ်ရာ အရပ်သို့မူလည်း လိုက်၍ ဝင်ငြားအံ့၊ ကိုယ်ကိုမူလည်း အနီးသို့ ဆောင်ငြားအံ့၊ ဤဘိက္ခုနီမသည်လည်း အကြောင်းရှစ်ပါး ရှိသည်ဖြစ်၍ (အဋ္ဌဝတ္ထုကမည်သော) ပါရာဇိကအာပတ် သင့်၏။ ဘိက္ခုနီမ ကောင်းတို့နှင့်အတူတကွပေါင်းသင်းရခြင်းမရှိ"** ဤသို့ (ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)။

http://www.dhammadownload.com



## ဂ-စတုတ္ထပါရာဇိကသိက္ခာပုဒ် အဖွင့်

၆၇၆။ **အကြင်** ဟူသည် အကြင်သို့ သဘောရှိသော။ပ။

**ဘိက္ခုနီမ** ဟူသည်။ပ။ ဤအရာ၌ ဤဥတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သော မိန်းမကို "ဘိက္ခုနီမ" ဟူ၍ အလိုရှိအပ်၏။

**ကာယသံသဂ္ဂရာဂ စွတ်စိုသည်ဖြစ်၍** မည်သည် တပ်နှစ်သက်ခြင်း ရှိသည်ဖြစ်၍ ငဲ့ကွက်ခြင်း ရှိသည်ဖြစ်၍ ရာဂနှောင်ဖွဲ့သော အချစ်စိတ် ရှိသည်ဖြစ်၍။

**ကာယသံသဂ္ဂရာဂဖြင့် စွတ်စိုသော** မည်သည် တပ်နှစ်သက်ခြင်းရှိသော ငဲ့ကွက်ခြင်းရှိသော ရာဂနှောင်ဖွဲ့သော အချစ်စိတ်ရှိသော။

**ယောကျ်ားပုဂ္ဂိုလ်** မည်သည် ဘီလူးယောကျ်ားမဟုတ်၊ ပြိတ္တာ ယောကျ်ားမဟုတ်၊ လူယောင်ဖန်ဆင်းသော တိရစ္ဆာန်ယောကျ်ားမဟုတ်၊ ကိုယ်လက် နှီးနှောမှုကို ပြုကျင့်ခြင်းငှါ သိကြားလိမ္မာ စွမ်းနိုင်သော လူယောကျ်ားသာတည်း။

**လက်ကို ကိုင်ခြင်းကိုမူလည်း သာယာငြားအံ့** ဟူရာ၌ **လက်** မည်သည်ကား တံတောင်ဆစ်ကို အစပြု၍ လက်သည်းဖျားတိုင်အောင်သော ကိုယ်၏ အစိတ်အပိုင်းတည်း၊ ဤ မသူတော်တို့၏ အကျင့်ကို မှီဝဲခြင်းငှါ ညှပ်ရိုးအထက်နှင့် ပုဆစ်ဒူးဝန်းအောက်၌ ကိုင်ခြင်းကို သာယာအံ့၊ ထုလ္လစ္စဉ်းအာပတ် သင့်၏။

**သင်္ကန်းစွန်းကို ကိုင်ခြင်းကိုမူလည်း သာယာငြားအံ့** ဟူသည် ဤ မသူတော်အကျင့်ကို မှီဝဲခြင်းငှါ ကိုယ်ဝတ်ကိုဖြင့် ကိုယ်ရုံကိုဖြင့် ကိုင်ခြင်းကို သာယာအံ့၊ ထုလ္လစ္စဉ်းအာပတ် သင့်၏။

**အတူမူလည်း ရပ်ငြားအံ့** ဟူသည် ဤ မသူတော်အကျင့်ကို မှီဝဲခြင်းငှါ ယောကျ်ား၏ နှစ်တောင့်ထွာအတွင်း၌ ရပ်အံ့၊ ထုလ္လစ္စဉ်းအာပတ် သင့်၏။

**အတူမူလည်း ပြောဆိုငြားအံ့** ဟူသည် ဤ မသူတော်အကျင့်ကို မှီဝဲခြင်းငှါ ယောကျ်ား၏ နှစ်တောင့်ထွာအတွင်း၌ ရပ်လျက် စကားပြောဆိုငြားအံ့၊ ထုလ္လစ္စဉ်းအာပတ် သင့်၏။

**ချိန်းချက်ရာအရပ်သို့မူလည်း သွားငြားအံ့** ဟူသည် ဤ မသူတော်အကျင့်ကို မှီဝဲခြင်းငှါ ယောကျ်ားက "ဤမည်သော အရပ်သို့ လာပါလော့" ဟု ချိန်းချက်၍ သွားအံ့၊ ခြေလှမ်းတိုင်း ခြေလှမ်းတိုင်း ဒုက္ကဋ်အာပတ် သင့်၏။ ယောကျ်ား၏ နှစ်တောင့်ထွာအတွင်းသို့ ရောက်သည်ရှိသော် ထုလ္လစ္စဉ်းအာပတ် သင့်၏။

**ယောကျ်ား၏ ရှေးရှုလာခြင်းကိုမူလည်း သာယာငြားအံ့** ဟူသည် ဤမသူတော်အကျင့်ကို မှီဝဲခြင်းငှါယောကျ်ား၏ ရှေးရှုလာခြင်းကို သာယာအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ နှစ်တောင့်ထွာအတွင်းသို့ဝင်သည်ရှိသော် ထုလ္လစ္စဉ်းအာပတ် သင့်၏။

**ဖုံးကွယ်ရာ အရပ်သို့မူလည်း လိုက်၍ ဝင်ငြားအံ့** ဟူသည် ဤ မသူတော်အကျင့်ကို မှီဝဲခြင်းငှါ တစုံတခုဖုံးကွယ်သောနေရာသို့ ဝင်ကာမျှ၌ ထုလ္လစ္စဉ်းအာပတ် သင့်၏။

**ကိုယ်ကိုမူလည်း အနီးသို့ဆောင်ငြားအံ့** ဟူသည် ဤ မသူတော်အကျင့်ကို မှီဝဲခြင်းငှါ ယောကျ်ား၏ နှစ်တောင့်ထွာအတွင်း၌ ရပ်လျက် ကိုယ်ကို အနီးသို့ဆောင်အံ့၊ ထုလ္လစ္စဉ်း အာပတ် သင့်၏။

http://www.dhammadownload.com


ဤ ဘိက္ခုနီမသည်လည်း ဟူသည် ရှေးပါရာဇိကအာပတ် သင့်သော ဘိက္ခုနီမတို့ကို ထောက်၍ ဆိုအပ်၏။

**ပါရာဇိကအာပတ် သင့်၏** ဟူသည် ဥပမာအားဖြင့် လည်ဆစ်ပြတ်ပြီးသော ထန်းပင်သည် တဖန် စည်ပင်ပြန့်ပွါးခြင်းငှါ မထိုက်သကဲ့သို့ ဤအတူသာလျှင် ရဟန်းမိန်းမသည် ရှစ်ခုမြောက်သော အကြောင်းဝတ္ထုကို ပြည့်စေသော် ဘိက္ခုနီမ မဟုတ် သာကီဝင်မင်းသမီး ဘုရားသမီးတော် မဟုတ်တော့ပေ၊ ထို့ကြောင့် သာသနာတော်မှ ဆုံးရှုံးခြင်းသို့ ရောက်၏ ဟု ဆိုရ၏။

**ဘိက္ခုနီမကောင်းတို့နှင့် အတူတကွ ပေါင်းသင်းရခြင်းမရှိ** ဟူရာ၌ **အတူတကွ ပေါင်းသင်းခြင်း** မည်သည်အတူတကွ ဝိနည်းကံ ပြုမှု အတူတကွ ပါတိမောက် ရွတ် 'ပြ' မှု တူမျှသော ကျင့်ကြံနေထိုင်မှုတည်း၊ ဤအလုံးစုံသည် ပေါင်းသင်းခြင်း မည်၏၊ ထိုပေါင်းသင်းခြင်းသည် ထိုဘိက္ခုနီမနှင့် အတူတကွ မရှိ တော့ပေ၊ ထို့ကြောင့် ဘိက္ခုနီမ ကောင်းတို့နှင့်အတူတကွပေါင်းသင်းရခြင်း မရှိ ဟု ဆိုရ၏။

၆၇၄။ စိတ်စေတနာမရှိသော ဘိက္ခုနီမ သတိမေ့လျော့သော ဘိက္ခုနီမ မသိသော ဘိက္ခုနီမ မသာယာသော ဘိက္ခုနီမ ရူးသောဘိက္ခုနီမ စိတ်ပျံ့လွင့်သော ဘိက္ခုနီမ ဝေဒနာနှိပ်စက်သော ဘိက္ခုနီမ အစလက်ဦး လွန်ကျူးသော ဘိက္ခုနီမတို့အားလည်း အာပတ် မသင့်။

စတုတ္ထပါရာဇိကသိက္ခာပုဒ် ပြီး၏။

အသျှင်မတို့ ပါရာဇိကအာပတ်ရှစ်ပါးတို့ကို သရုပ်အားဖြင့် ပြဆိုအပ်ပြီးပါကုန်ပြီ၊ အကြင် ဘိက္ခုနီမသည် ယင်း ပါရာဇိက အာပတ်ရှစ်ပါးတို့တွင် အာပတ်တပါးပါးသို့ ရောက်သော် ရှေး (လူ သာမဏေမ သိက္ခမာန်ဖြစ်စဉ်)အခါ၌ ဘိက္ခုနီမတို့နှင့် အတူတကွ ပေါင်းသင်းဆက်ဆံမှုကို မရသကဲ့သို့ ထိုအတူ ထိုဘိက္ခုနီမသည် (ပါရာဇိကကျပြီးသော) နောက်အခါ၌လည်း ဘိက္ခုနီမတို့နှင့် အတူတကွ ပေါင်းသင်းဆက်ဆံမှုကို မရ၊ သာသနာတော်မှ ဆုံးရှုံးခြင်းသို့ရောက်၏၊ ဘိက္ခုနီမကောင်းတို့နှင့် အတူတကွ ပေါင်းသင်းရခြင်း မရှိတော့ပေ။

ထိုပါရာဇိက အာပတ်ရှစ်ပါးတို့၌ အသျှင်မတို့ကို မေးပါ၏၊ အာပတ်မှ စင်ကြယ်ကြပါကုန်၏လော၊ နှစ်ကြိမ်မြောက်လည်း မေးပါ၏၊ အာပတ်မှ စင်ကြယ်ကြပါကုန်၏လော၊ သုံးကြိမ်မြောက်လည်း မေးပါ၏၊ အာပတ်မှ စင်ကြယ်ကြပါကုန်၏လော၊ အသျှင်မတို့သည် ဤပါရာဇိကအာပတ်တို့၌ အာပတ်မှ စင်ကြယ်ကြပါကုန်၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေကြကုန်၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤအာပတ်မှ စင်ကြယ်သည့်အဖြစ်ကို သိမှတ်ရပါသည်။

ဘိက္ခုနီဝိဘင်း၌ ပါရာဇိကအခန်း ပြီး၏။

http://www.dhammadownload.com

# ၂-သံဃာဒိသိသ်အခန်း

## ၁-ပဌမသံဃာဒိသိသ်သိက္ခာပုဒ်

အသျှင်မတို့ တဆယ့်ခုနစ်ပါးကုန်သော ဤသံဃာဒိသိသ် အာပတ်တို့သည် သရုပ်အားဖြင့် ပြဆို အပ်သည်၏အဖြစ်သို့ ရောက်ကုန်၏။

၆၇၈။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံ ဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဥပါသကာတယောက်သည် ဘိက္ခုနီ သံဃာအား ဘဏ္ဍာတိုက်ကို ပေးလှူပြီးနောက် ကွယ်လွန်လေ၏၊ ထိုဥပါသကာအား သားနှစ်ယောက် ရှိသည့်အနက် တယောက်သည် သဒ္ဓါတရားမရှိ မကြည်ညို၊ တယောက်ကား သဒ္ဓါတရားရှိ၏ ကြည်ညို ၏၊ ထိုသားနှစ်ယောက်တို့သည် အဖမှ လာသော ဥစ္စာနှစ်ကို ခွဲဝေကုန်၏။ ထိုအခါ သဒ္ဓါတရား မရှိ သော မကြည်ညိုသောသူက သဒ္ဓါတရားရှိသော ကြည်ညိုသောသူကို "ငါတို့အား ဘဏ္ဍာတိုက်သည် ရှိ၏၊ ထိုဘဏ္ဍာတိုက်ကို ခွဲဝေကြစို့" ဟု ပြောဆိုလာသည် ရှိသော် ထိုသဒ္ဓါတရားရှိသော ကြည်ညိုသော သူက ထိုသဒ္ဓါတရားမရှိသော မကြည်ညိုသောသူကို "အမောင် ဤသို့ မဆိုလင့်၊ ငါတို့၏ အဖသည် ဘိက္ခုနီသံဃာအား ပေးလှူထားပြီ" ဟု ပြောဆို၏။

နှစ်ကြိမ်မြောက်လည်း ထိုသဒ္ဓါတရားမရှိသော မကြည်ညိုသော သူက ထိုသဒ္ဓါတရားရှိသော ကြည်ညိုသောသူကို "ငါတို့အား ဘဏ္ဍာတိုက်သည်ရှိ၏၊ ထိုဘဏ္ဍာတိုက်ကို ခွဲဝေကြစို့" ဟု ဆို၏။ ထိုအခါ သဒ္ဓါတရားရှိသော ကြည်ညိုသောသူက ထိုသဒ္ဓါတရားမရှိသော မကြည်ညိုသောသူကို "အမောင် ဤသို့မဆိုပါလင့်၊ ငါတို့၏ အဖသည် ဘိက္ခုနီ သံဃာအား ပေးလှူထားပြီ" ဟု ဆို၏။

သုံးကြိမ်မြောက်လည်း ထိုသဒ္ဓါတရားမရှိသော မကြည်ညိုသော သူက ထိုသဒ္ဓါတရားရှိသော ကြည် ညိုသောသူကို "ငါတို့အား ဘဏ္ဍာတိုက်သည် ရှိ၏၊ ထိုဘဏ္ဍာတိုက်ကို ခွဲဝေကြစို့" ဟု ဆို၏။ ထိုအခါ သဒ္ဓါတရားရှိသော ကြည်ညိုသောသူက "အကယ်၍ ငါပိုင်ဖြစ်ခဲ့ပါမူ ငါသည်လည်း ဘိက္ခုနီ သံဃာ အား ပေးလှူအံ့" ဟု (နှလုံးသွင်း၍) "ခွဲဝေကြစို့" ဟု ထိုသဒ္ဓါတရားမရှိသော မကြည်ညိုသော သူအား ပြောဆိုပြီးနောက် ခွဲဝေသောအခါ (ထိုဘဏ္ဍာတိုက်သည်) ထိုသဒ္ဓါတရားမရှိသော မကြည် ညိုသောသူထံသို့ ရောက်ခဲ့၏။

ထိုအခါ ထိုသဒ္ဓါတရားမရှိသော မကြည်ညိုသောသူသည် ဘိက္ခုနီမတို့ထံသို့ ချဉ်းကပ်၍ "အသျှင်မတို့ ထွက်ကုန်လော့၊ အကျွန်ုပ်၏ ဘဏ္ဍာတိုက်တည်း" ဟု စကားဆိုသည်ရှိသော် ထုလ္လနန္ဒာ ဘိက္ခုနီမသည် "အမောင် ဤသို့ မဆိုပါလင့် သင်တို့၏ အဖသည် ဘိက္ခုနီ သံဃာအား ပေးလှူထား ပြီး ဖြစ်ပါသည်" ဟု ထိုယောကျ်ားအား ပြောဆို၏။ လှူပြီး မလှူရသေး ဟု ငြင်းခုံလျက် တရား ဆုံးဖြတ်သော အမတ်ကြီးတို့ကို မေးသဖြင့် "အသျှင်မတို့ ဘိက္ခုနီ သံဃာအား ပေးလှူထားပြီး ဟု အဘယ်သူသည် သိသနည်း" ဟု အမတ်ကြီးတို့က မေးကုန်၏။

ဤသို့မေးသည်ရှိသော် ထုလ္လနန္ဒာ ဘိက္ခုနီမသည် "အမောင်တို့ အသိသက်သေထား၍ ပေးလှူ စွန့်ကြဲသော အလှူကို သင်အမတ်ကြီးတို့သည် မြင်လည်းမြင်ဘူးသလော ကြားလည်းကြားဘူး သလော" ဟု ထိုအမတ်ကြီးတို့အား ပြောဆို၏။

http://www.dhammadownload.com



ထိုအခါ အမတ်ကြီးတို့က "အသျှင်မတို့သည် မှန်သောစကားကို ဆိုကုန်၏"ဟု ထိုဘဏ္ဍာတိုက်ကို ဘိက္ခုနီသံဃာပိုင် ပြုကြကုန်၏။ ထိုယောကျ်ားသည် ရှုံးသောကြောင့် ဤခေါင်းတုံးဦးပြည်း အမျိုးယုတ်မ တို့သည် ဘိက္ခုနီမ မဟုတ်ကုန်၊ "အဘယ့်ကြောင့် ငါတို့၏ ဘဏ္ဍာတိုက်ကို လုယက်ကုန်ဘိသနည်း" ဟု ကဲ့ရဲ့၏၊ ရှုတ်ချ၏၊ အပြစ်ပြ ပြောဆို၏။

ထုလ္လနန္ဒာဘိက္ခုနီမသည် အမတ်ကြီးတို့အား ဤအကြောင်းကို ပြောကြားသဖြင့် အမတ်ကြီးတို့က ထိုယောကျ်ားကို ဒဏ်ထားကုန်၏။ ထိုအခါ ဒဏ်ထားခံရသော ထိုယောကျ်ားသည် ဘိက္ခုနီမတို့ ကျောင်းအနီး၌ တက္ကတွန်းကျောင်းကို ဆောက်လုပ်စေ၍ တက္ကတွန်းတို့အား "ထိုဘိက္ခုနီမတို့ကို ဆဲရေးတိုင်းထွာကြကုန်လော့" ဟု တိုက်တွန်း၏။ ထုလ္လနန္ဒာ ဘိက္ခုနီမသည် အမတ်ကြီးတို့အား ဤအကြောင်းကို ပြောကြားပြန်သဖြင့် အမတ်ကြီးတို့က ထိုယောကျ်ားကို နှောင်ဖွဲ့စေကုန်၏။

လူအပေါင်းတို့က "ဘိက္ခုနီမတို့သည် ရှေးဦးစွာဘဏ္ဍာတိုက်ကို လုယက်ကုန်၏၊ နှစ်ကြိမ်မြောက် ဒဏ်ထားစေကုန်၏၊ သုံးကြိမ်မြောက် နှောင်ဖွဲ့စေကုန်၏၊ ယခုအခါ၌မူကား သတ်စေကုန်လတ္တံ့" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ဘိက္ခုနီမတို့သည် ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုကြသော ထိုလူတို့၏စကားကို ကြားကုန်၏။ အလိုနည်းသော ဘိက္ခုနီမတို့သည် "အဘယ့်ကြောင့် အသျှင်မ ထုလ္လနန္ဒာသည်ငြင်းခုံရန်ပွါး (တရားတွေ့လျက်) နေဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ ထိုအခါ ထို ဘိက္ခုနီမတို့သည် ရဟန်းယောကျ်ားတို့အား ဤအကြောင်းကို လျှောက်ကြကုန်၏။ပ။

"ရဟန်းတို့ ထုလ္လနန္ဒာဘိက္ခုနီမသည် ငြင်းခုံရန်ပွါး (တရားတွေ့) လျက် နေ၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ အဘယ့်ကြောင့် ထုလ္လနန္ဒာဘိက္ခုနီမသည် ငြင်းခုံရန်ပွါး(တရားတွေ့) လျက် နေဘိသနည်း။ ရဟန်းတို့ ဤ (ထုလ္လနန္ဒာ ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

**၉။ ၁-၆၇၉။ "အကြင် ဘိက္ခုနီမသည် သူကြွယ်နှင့်သော်၎င်း သူကြွယ်သားနှင့်သော်၎င်း ကျွန်နှင့်သော်၎င်း အမှုလုပ်နှင့်သော်၎င်း အယုတ်အားဖြင့် ရဟန်းပရိဗိုဇ်နှင့်သော်၎င်း ငြင်းခုံရန်ပွါး (တရားတွေ့၍) နေငြားအံ့၊ ဤဘိက္ခုနီမသည် ရှေးဦး လွန်ကျူးဆဲ ခဏ၌ သင့်သည်ဖြစ်၍ (သံဃာမှ) နှင်ထုတ်စေတတ်သော သံဃာဒိသိသ် အာပတ်သို့ ရောက်၏"** ဤသို့ (ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)။

## ၁-ပဌမသံဃာဒိသိသ်သိက္ခာပုဒ် အဖွင့်

၆၈၀။ **အကြင်** ဟူသည် အကြင်သို့ သဘောရှိသော။ပ။

**ဘိက္ခုနီမ** ဟူသည်။ပ။ ဤအရာ၌ ဤဉတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သော မိန်းမကို 'ဘိက္ခုနီမ' ဟု အလိုရှိအပ်၏။

http://www.dhammadownload.com



ဖြင်းခံရန်ပွဲါး (တရားတွေ့လျက်) မည်သည် တရားတွေ့ခြင်းကို ဆို၏။

သူကြွယ် မည်သည် အိမ်၌အုပ်စိုး၍နေသော တစုံတယောက်သော သူတည်း။

သူကြွယ်၏သား မည်သည် တစုံတယောက်သော သားညီအစ်ကိုတို့တည်း။

ကျွန် မည်သည် အိမ်၌ ပေါက်ဖွားသောကျွန် ငွေဝယ်ကျွန် သုံ့ရကျွန်တည်း။

အမှုလုပ် မည်သည် သူရင်းငှါး ဟု ဝန်ခံသော သူတည်း။

ရဟန်းပရိဗိုဇ် မည်သည် ရဟန်းယောကျ်ား ရဟန်းမိန်းမ သိက္ခမာန် သာမဏေ သာမဏေမိန်းမမှတပါး တစုံတယောက် ပရိဗိုဇ်၌ အကျုံးဝင်သော သူတည်း။

"တရားတွေ့အံ့" ဟူ၍ အဖော်ကိုလည်း ရှာအံ့၊ သွားမူလည်း သွားအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ တယောက်သော သူအား ပြောကြားအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ အဖော်အား ပြောကြားအံ့၊ ထုလ္လစ္စည်း အာပတ် သင့်၏။ တရားတွေ့ခြင်း အဆုံး၌ သံဃာဒိသိသ်အာပတ် သင့်၏။

ရှေးဦး လွန်ကျူးဆဲ ခဏ၌ သင့်သည်ဖြစ်၍ ဟူသည် ဝတ္ထုကို လွန်ကျူး၍ ကျင့်သည်နှင့် တပြိုင်နက် အာပတ် သင့်၏။ ဥ တ်ကမ္မဝါစာဖြင့် ဆိုဆုံးမခြင်းကြောင့် အာပတ်သင့်သည် မဟုတ်။

နှင်ထုတ်စေတတ် ဟူသည် သံဃာမှ နှင်ထုတ်စေတတ်၏။

သံဃာဒိသိသ် အာပတ် ဟူသည် သံဃာသည်သာလျှင် ထိုအာပတ်၏ မာနတ်ကို ပေးရ၏၊ အရင်းသို့ ငင်ရ၏၊ အဗ္ဘာန်သွင်းရ၏၊ ဘိက္ခုနီမ နှစ်ပါးသုံးပါးသည်ငှင်း တပါးသည်ငှင်း မာနတ်ကို မပေးရ အရင်းသို့ မငင်ရ အဗ္ဘာန်မသွင်းရ၊ ထိုကြောင့် သံဃာဒိသိသ် ဟူ၍ ဆိုအပ်၏၊ (သံဃာဒိသိသ် ဟူသော အမည်သည်) ထိုအာပတ်အပေါင်း၏ အမည်သာလျှင်တည်း၊ ထိုကြောင့်လည်း "သံဃာဒိသိသ်" ဟု ဆိုအပ်၏။

၆၈၁။ လူအပေါင်းတို့က တရားသူကြီးထံသို့ ဆွဲငင်သောကြောင့် သွားအံ့ အစောင့်အရှောက်ကို တောင်းအံ့ မရည်စူးပဲ ပြောကြားအံ့၊ အာပတ် မသင့်၊ ရူးသောဘိက္ခုနီမ အစလက်ဦး လွန်ကျူးသော ဘိက္ခုနီမတို့အားလည်းအာပတ် မသင့်။

ပဌမသံဃာဒိသိသ်သိက္ခာပုဒ် ပြီး၏။

## ၂-ဒုတိယသံဃာဒိသိသ်သိက္ခာပုဒ်

၆၈၂။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ် သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဝေသာလီပြည်၌ လိစ္ဆဝီမင်းတဦး၏ မယားသည် လင်ကိုလွန်၍ ကျင့်လေ၏ 'လင်မြောင်ထား၍ ပျော်ပါးပြုကျင့်နေ၏'။ ထိုအခါ လိစ္ဆဝီမင်းက "ထိုအမှုမှ ကြဉ်ရှောင်ပါလော့၊ သင်၏ အကျိုးမဲ့ကို ပြုရလိမ့်မည်" ဟု ထိုမိန်းမအား ဆို၏။ ဤသို့ ပြောဆိုပါသော်လည်း မနာယူချေ။

ထိုစဉ်အခါ ဝေသာလီပြည်၌ လိစ္ဆဝီမင်းအပေါင်းသည် တစုံတခုသော ပြုဖွယ်ကိစ္စဖြင့် စည်းဝေး၏။ ထိုအခါ လိစ္ဆဝီမင်းသည် ထိုလိစ္ဆဝီမင်းတို့အား "အမောင်တို့ အကျွန်ုပ်အား တယောက်သော မိန်းမကို ခွင့်ပြုကုန်လော့" ဟု ဆို၏။

ထိုမိန်းမသည် အဘယ်အမည်ရှိသနည်း ဟု (မေးကြကုန်၏)။

http://www.dhammadownload.com



**အကျွန်ုပ်၏ မယားသည် (ကျွန်ုပ်ကို) လွန်၍ ကျင့်နေပါ၏၊ ထိုမိန်းမကို သတ်ပါအံ့ ဟု (ဆို၏)။** (သင့်မယားကို သင်ပင်) သိလော့ ဟု (ဆိုကြကုန်၏)။

ထိုမိန်းမသည် "ငါ့လင်က ငါ့ကို သတ်လိုသတတ်" ဟု ကြားသောကြောင့် အဖိုးတန် ဥစ္စာဘဏ္ဍာကို ယူ၍ သာဝတ္ထိပြည်သို့ သွားပြီးလျှင် တိတ္ထိတို့ထံသို့ ချဉ်းကပ်၍ ရဟန်းအဖြစ်ကို တောင်းလေ၏။ တိတ္ထိတို့သည် ရဟန်းပြုပေးခြင်းငှါ အလိုမရှိကုန်။ ဘိက္ခုနီမတို့ထံသို့ ချဉ်းကပ်၍ ရဟန်းအဖြစ်ကို တောင်း၏။ ဘိက္ခုနီမတို့ကလည်း ရဟန်းပြုပေးခြင်းငှါ အလိုမရှိကုန်။ ထုလ္လနန္ဒာဘိက္ခုနီမထံသို့ ချဉ်းကပ်၍ ဥစ္စာဘဏ္ဍာကို ပြကာ ရဟန်းအဖြစ်ကို တောင်းပြန်၏။ ထုလ္လနန္ဒာဘိက္ခုနီမသည်ကား ဥစ္စာဘဏ္ဍာကို ယူ၍ ရဟန်းပြုပေးလေ၏။

ထိုအခိုက်တွင် လိစ္ဆဝီမင်းသည် ထိုမိန်းမကို ရှာဖွေသည်ရှိသော် သာဝတ္ထိပြည်သို့ သွား၍ ဘိက္ခုနီမတို့ထံ၌ ရဟန်းပြုနေသည်ကို မြင်သောအခါ ပသေနဒီကောသလမင်းကြီးထံသို့ ချဉ်းကပ်၍ ပသေနဒီကောသလမင်းကြီးအား—

"မင်းမြတ် အကျွန်ုပ်၏ မယားသည် အဖိုးတန် ဥစ္စာဘဏ္ဍာကိုယူ၍ သာဝတ္ထိပြည်သို့ ရောက်နေပါ၏၊ မင်းမြတ်သည် ထိုမိန်းမကို ခွင့်ပြုတော်မူပါလော့" ဟု သံတော်ဦး တင်၏။

အချင်း သို့ဖြစ်လျှင် စုံစမ်းရှာဖွေ၍ ပြောကြားလော့ ဟု (မိန့်ဆို၏)။

မင်းမြတ် ဘိက္ခုနီမတို့ထံ၌ ရဟန်းပြု၍ နေသည်ကို တွေ့မြင်ပါ၏ ဟု (လျှောက်ဆို၏)။

အချင်း အကယ်၍ ဘိက္ခုနီမတို့ထံ၌ ရဟန်းပြုနေပါမူ ထိုမိန်းမကို တစုံတခု ပြုလုပ်ခွင့်မရတော့ပြီ၊ မြတ်စွာဘုရားသည် တရားတော်ကို ကောင်းစွာ ဟောထားတော်မူအပ်၏၊ ဝဋ်ဆင်းရဲ၏ အဆုံးကို ပြုဖို့ရန် မြတ်သော အကျင့်ကို ကောင်းစွာ ကျင့်ပါစေ ဟု (ဆို၏)။

ထိုအခါ လိစ္ဆဝီမင်းသည် "အဘယ့်ကြောင့် ဘိက္ခုနီမတို့သည် ခိုးသူမကို ရဟန်းပြုပေးဘိသနည်း" ဟု ကဲ့ရဲ့၏၊ ရှုတ်ချ၏၊ အပြစ်ပြု ပြောဆို၏။ ဘိက္ခုနီမတို့သည် ကဲ့ရဲ့ရှုတ်ချ အပြစ်ပြု ပြောဆိုသော ထို လိစ္ဆဝီမင်း၏ စကားကို ကြားကြသည်သာတည်း။ အလိုနည်းသော ဘိက္ခုနီမတို့သည် "အဘယ့်ကြောင့် အသျှင်မထုလ္လနန္ဒာသည် ခိုးသူမကို ရဟန်းပြုပေးဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြု ပြောဆိုကြကုန်၏။ ထိုအခါ ထိုဘိက္ခုနီမတို့သည် ရဟန်းယောကျ်ားတို့အား ဤအကြောင်းကို ပြောကြားကုန်၏။ပ။

"ရဟန်းတို့ ထုလ္လနန္ဒာ ဘိက္ခုနီမသည် ခိုးသူမကို ရဟန်းပြုပေး၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။ပ။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ အဘယ့်ကြောင့် ထုလ္လနန္ဒာ ဘိက္ခုနီမသည် ခိုးသူမကို ရဟန်းပြုပေးဘိသနည်း။ ရဟန်းတို့ ဤ (ထုလ္လနန္ဒာ ပြုမိသော အမှု)သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုခြင်းငှါ ရှိရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

**၁၀။ ၂-၆၇၃။ "အကြင် ဘိက္ခုနီမသည် သတ်ထိုက်သူ ဟု ထင်ရှားသော ခိုးသူမကို သိလျက် မင်းကိုသော်၎င်း သံဃာကိုသော်၎င်း (အတတ်သည်) ဂိုဏ်းကိုသော်၎င်း (ကောင်းမှုပြုသူ) လူ့အသင်း အဖွဲ့ကိုသော်၎င်း (ကုန်သည်) အစည်းအရုံးကိုသော်၎င်း မပန်ကြားမူ၍**

http://www.dhammadownload.com



ရဟန်းပြုဘူးသော မိန်းမကို ဖယ်ထား၍ရဟန်းပြုပေးငြားအံ့၊ ဤဘိက္ခုနီမသည်လည်း ရှေးဦး လွန်ကျူးဆဲခဏ၌ သင့်သည်ဖြစ်၍ (သံဃာမှ) နှင်ထုတ်စေတတ်သော သံဃာဒိသိသ် အာပတ်သို့ ရောက်၏" ဤသို့ (ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)။

## ၂-ဒုတိယသံဃာဒိသိသ်သိက္ခာပုဒ် အဖွင့်

၆၈၄။ အကြင် ဟူသည် အကြင်သို့ သဘောရှိသော။ပ။

ဘိက္ခုနီမ ဟူသည်။ပ။ ဤအရာ၌ ဤဉတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သော မိန်းမကို "ဘိက္ခုနီမ" ဟူ၍ အလိုရှိအပ်၏။

သိ၏ မည်သည် ကိုယ်တိုင်သော်လည်း သိ၏၊ သူတပါးတို့ကသော်လည်း ထိုရဟန်းမိန်းမအား ပြောကြားကြကုန်၏၊ ထိုဘိက္ခုနီမကမူလည်း ပြောကြား၏။

ခိုးသူမ မည်သည် ငါးပဲ ငါးပဲထက်အလွန် ထိုက်တန်သော အရှင်မပေးသည့် ဥစ္စာကို ခိုးလိုသော စိတ်ဖြင့် ခိုးယူသော မိန်းမသည် ခိုးသူမ မည်၏။

သတ်ထိုက်သူ မည်သည် အကြင်အမှုကို ပြုသောကြောင့် သတ်ထိုက်သော အဖြစ်သို့ ရောက်သူ တည်း။

ထင်ရှားသော မည်သည် အခြားသော လူတို့ထက်"ဤမိန်းမသည် သတ်ထိုက်၏"ဟု ထင်ရှား၏။

မပန်ကြားမူ၍ ဟူသည် မပြောမကြားမူ၍။

မင်း မည်သည် အကြင်အရပ်၌ မင်းသည် ဆုံးမအုပ်ချုပ်၏၊ ထိုအရပ်၌ မင်းကို ပန်ကြားရမည်။

သံဃာ မည်သည် ဘိက္ခုနီမ သံဃာကို ဆိုအပ်၏၊ ဘိက္ခုနီသံဃာကို ပန်ကြားရမည်။

ဂိုဏ်း မည်သည် အကြင်အရပ်၌ ဂိုဏ်းသည် ဆုံးမအုပ်ချုပ်၏၊ ထိုအရပ်၌ဂိုဏ်းကိုပန်ကြားရမည်။

အသင်းအဖွဲ့ မည်သည် အကြင်အရပ်၌ အသင်းအဖွဲ့သည် ဆုံးမအုပ်ချုပ်၏၊ ထိုအရပ်၌ အသင်း အဖွဲ့ကို ပန်ကြားရမည်။

အစည်းအရုံး မည်သည် အကြင်အရပ်၌ အစည်းအရုံးသည် အုပ်ချုပ်၏၊ ထိုအရပ်၌ အစည်းအရုံး ကို ပန်ကြားရမည်။

ရဟန်းပြုဘူးသောမိန်းမကိုဖယ်ထား၍ ဟူသည် ရဟန်းပြုဘူးသော မိန်းမကို ကြဉ်၍။

ရဟန်းပြုဘူးသောမိန်းမ မည်သည် တိတ္ထိတို့ဘောင်၌ ရဟန်းပြုဘူးသော မိန်းမ အခြားသော ဘိက္ခုနီမတို့ဘောင်၌ ရဟန်းပြုဘူးသော မိန်းမအားဖြင့် နှစ်ပါးတို့တည်း။

ရဟန်းပြုဘူးသော မိန်းမကို ကြဉ်၍ ရဟန်းပြုပေးအံ့ ဟု ဂိုဏ်းကိုသော်၎င်း ဆရာမကိုသော်၎င်း သပိတ်ကိုသော်၎င်း သင်္ကန်းကိုသော်၎င်း ရှာအံ့ သိမ်ကိုသော်လည်း သမုတ်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ဉတ်ထားအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ကမ္မဝါစာနှစ်ကြိမ်တို့၏ အဆုံး၌ ထုလ္လစ္စည်းအာပတ် သင့်၏။ ကမ္မဝါစာ၏ အဆုံး၌ ဥပဇ္ဈာယ် ဆရာမအား သံဃာဒိသိသ် အာပတ် သင့်၏။ ဂိုဏ်းအားရင်း ကမ္မဝါစာ ဆရာမအားရင်း ဒုက္ကဋ်အာပတ် သင့်၏။

ဤဘိက္ခုနီမသည်လည်း ဟူသည် ရှေးသံဃာဒိသိသ် အာပတ်သင့်သော ဘိက္ခုနီမကို ထောက်၍ ဆိုအပ်၏။

http://www.dhammadownload.com



**ရှေးဦး လွန်ကျူးစဲ ခဏ၌ သင့်သည်ဖြစ်၍** ဟူသည် ဝတ္ထုကို လွန်ကျူးသည်နှင့် တပြိုင်နက် အာပတ် သင့်၏။ ၃ တ်ကမ္မဝါစာဖြင့် ဆိုဆုံးမသောကြောင့် အာပတ်သင့်သည် မဟုတ်။

**နှင်ထုတ်စေတတ်သော** ဟူသည် သံဃာမှ နှင်ထုတ်စေတတ်၏။

**သံဃာဒိသိသ်** ဟူသည် ။ပ။ ထိုကြောင့်လည်း သံဃာဒိသိသ် ဟူ၍ ဆိုအပ်၏။

၆၇၅။ ခိုးသူမ၌ ခိုးသူမ ဟု အမှတ်ရှိလျက် ရဟန်းပြုဘူးသူကို ထား၍ ပဉ္စင်းခံပေးအံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။ ခိုးသူမ၌ ယုံမှားရှိလျက် ရဟန်းပြုဘူးသူကို ထား၍ ပဉ္စင်းခံပေးအံ့၊ ဒုက္ကဋ် အာပတ် သင့်၏။ ခိုးသူမ၌ ခိုးသူမ မဟုတ် ဟု အမှတ်ရှိလျက် ရဟန်းပြုဘူးသူကို ထား၍ ပဉ္စင်းခံပေးအံ့၊ အာပတ် မသင့်။

ခိုးသူမ မဟုတ်သည်၌ ခိုးသူမ ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ခိုးသူမ မဟုတ်သည်၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ခိုးသူမ မဟုတ်သည်၌ ခိုးသူမ မဟုတ် ဟု အမှတ်ရှိလျက် ပဉ္စင်းခံပေးအံ့၊ အာပတ် မသင့်။

၆၇၆။ မသိ၍ ပဉ္စင်းခံပေးအံ့၊ ပန်ကြား၍ ပဉ္စင်းခံပေးအံ့၊ ရဟန်းပြုဘူးသော မိန်းမကို ပဉ္စင်းခံပေးအံ့၊ အာပတ် မသင့်၊ ရူးသော ဘိက္ခုနီမ အစလက်ဦး လွန်ကျူးသော ဘိက္ခုနီမတို့အားလည်း အာပတ် မသင့်။

ဒုတိယသံဃာဒိသိသ်သိက္ခာပုဒ် ပြီး၏။

---

## ၃-တတိယသံဃာဒိသိသ်သိက္ခာပုဒ်

၆၇၇။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဘဒ္ဒါကာပိလာနီ၏ အနီးနေ တပည့်ဖြစ်သော ဘိက္ခုနီမသည် အခြားဘိက္ခုနီမနှင့် ခိုက်ရန်ငြင်းခုံ၍ ဆွေမျိုးရှိရာရွာသို့ သွားလေ၏။

ဘဒ္ဒါကာပိလာနီသည် ထိုဘိက္ခုနီမကို မမြင်သဖြင့် "ဤမည်သော ဘိက္ခုနီမသည် အဘယ်မှာနည်း မမြင်ပါတကား" ဟု ဘိက္ခုနီမတို့အား မေးလေ၏။ အသျှင်မ (အခြား) ဘိက္ခုနီမတို့နှင့် ခိုက်ရန်ငြင်းခုံပြီးနောက် မမြင်တော့ပါ ဟု ဆိုသည်ရှိသော် အမိတို့ ဤမည်သော ရွာ၌ ထိုဘိက္ခုနီမ၏ ဆွေမျိုးရှိ၏၊ ထိုရွာသို့ သွား၍ စုံစမ်း ရှာဖွေကြကုန်လော့ ဟု ဆို၏။

ဘိက္ခုနီမတို့သည် ထိုရွာသို့သွား၍ ထိုဘိက္ခုနီမကို တွေ့မြင်သောအခါ "အသျှင်မ သင်သည် အဘယ့်ကြောင့် တယောက်ထီးထည်း လာဘိသနည်း၊ အသို့နည်း ဖျက်ဆီးမခံရလေသလော" ဟု မေးကုန်၏။

အသျှင်မတို့ ဖျက်ဆီးခံရပါ၏ ဟု (ဆို၏)။ အလိုနည်းသော ဘိက္ခုနီမတို့သည် "အဘယ့်ကြောင့် ဘိက္ခုနီမသည် တယောက်ထီးထည်း ရွာတပါးသို့ သွားလေဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ ဘိက္ခုနီမသည် တယောက်ထီးထည်း ရွာတပါးသို့ သွား၏ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

http://www.dhammadownload.com



ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ အဘယ့်ကြောင့် ဘိက္ခုနီမသည် တယောက်ထီးထည်း ရွာတပါးသို့ သွားဘိသနည်း။ ရဟန်းတို့ ဤ (ဘိက္ခုနီမပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါငှါ မဟုတ်။ပ။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

(က) **"အကြင် ဘိက္ခုနီမသည် တယောက်ထီးထည်း ရွာတပါးသို့ သွားငြားအံ့၊ ဤဘိက္ခုနီမ သည်လည်း ရှေးဦးလွန်ကျူးဆဲခဏ၌ သင့်သည်ဖြစ်၍ (သံဃာမှ) နှင်ထုတ်စေတတ်သော သံဃာဒိသိသ် အာပတ်သို့ ရောက်၏"** ဤသို့ (ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)။

ဤသို့လျှင် မြတ်စွာဘုရားသည် ရဟန်းမိန်းမတို့အား ဤသိက္ခာပုဒ်ကို ပညတ်တော်မူ၏။

၆၇၇။ ထိုစဉ်အခါ၌ ဘိက္ခုနီမနှစ်ယောက်တို့သည် သာကေတမြို့မှ သာဝတ္ထိပြည်သို့ ခရီးရှည် သွားကုန်၏၊ လမ်းခရီး၏အကြား၌ မြစ်ကို ဖြတ်ကူးရသဖြင့် လှေသမားတို့သို့ ချဉ်းကပ်ပြီးလျှင် "ဒါယကာတို့ တောင်းပန်ပါ၏၊ ငါတို့ကို ကူးတို့ပို့ပါကုန်လော့" ဟု ဆိုကုန်၏။

"အသျှင်မတို့ တကြိမ်တည်း နှစ်ဦးလုံးပို့ခြင်းငှါ မတတ်နိုင်ပါ" ဟု ဆို၍ တယောက်သောလှေ သမားသည် တယောက်သော ဘိက္ခုနီမကို ကူးတို့ပို့၏၊ ကူးပြီးသောလှေသမားက ကူးပြီးသော ဘိက္ခုနီမကို ဖျက်ဆီး၍ မကူးရသေးသော လှေသမားက မကူးရသေးသော ဘိက္ခုနီမကို ဖျက်ဆီး၏။

ထိုဘိက္ခုနီမနှစ်ယောက်တို့သည် နောက်၌ အတူသွား၍ (ဤသို့အချင်းချင်း) မေးကြကုန်၏။

"အသျှင်မ ဖျက်ဆီးမခံရပါသလော" ဟု မေး၏။

အသျှင်မ ဖျက်ဆီးခံရပါသည် ဟု (ဆို၏)။

"အသျှင်မ သင့်ကိုလည်း မဖျက်ဆီးပါသလော" ဟု (မေး၏)။

အသျှင်မ ဖျက်ဆီးပါ၏ ဟု (ဆို၏)။

ထိုအခါ ဘိက္ခုနီမတို့သည် သာဝတ္ထိပြည်သို့ သွား၍ ဘိက္ခုနီမတို့အား ဤအကြောင်းကို ပြော ကြားကုန်၏။ အလိုနည်းသော ဘိက္ခုနီမတို့သည် "အဘယ့်ကြောင့် ဘိက္ခုနီမသည် တယောက်ထီး ထည်း မြစ်တဖက်သို့ ကူးဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြော ပြောဆိုကြကုန်၏။ ထိုအခါ ထိုဘိက္ခုနီမတို့သည် ရဟန်းယောကျ်ားတို့အား ဤအကြောင်းကို ပြောကြားကုန်၏။ ရဟန်း ယောကျ်ားတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ပ။

"ရဟန်းတို့ ဘိက္ခုနီမသည် တယောက်ထီးထည်း မြစ်တဖက်သို့ ကူး၏ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ အဘယ့်ကြောင့် ဘိက္ခုနီမသည် တယောက်ထီးထည်း မြစ်တဖက်သို့ ကူးဘိသနည်း။ ရဟန်းတို့ ဤ (ဘိက္ခုနီမတို့ ပြု မိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ မဟုတ်။ပ။

http://www.dhammadownload.com



ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

(ခ) **"အကြင် ဘိက္ခုနီမသည် တယောက်ထီးထည်း ရွာတပါးသို့သော်လည်း သွားငြားအံ့၊ တယောက်ထီးထည်း မြစ်တဖက်သို့သော်လည်း ကူးငြားအံ့၊ ဤဘိက္ခုနီမသည်လည်း ရှေးဦးလွန်ကျူးဆဲခဏ၌ သင့်သည်ဖြစ်၍ (သံဃာမှ) နှင်ထုတ်စေတတ်သော သံဃာဒိသိသ်အာပတ်သို့ ရောက်၏"** ဤသို့ (ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)။

ဤသို့လျှင် မြတ်စွာဘုရားသည် ဘိက္ခုနီမတို့အား ဤသိက္ခာပုဒ်ကို ပညတ်တော်မူ၏။

၆၇၉။ ထိုစဉ်အခါ၌ များစွာသော ဘိက္ခုနီမတို့သည် ကောသလတိုင်း သာဝတ္ထိပြည် ဇနပုဒ်တို့၌ သွားသည်ရှိသော် ညချမ်းအခါ၌ ရွာတရွာသို့ ရောက်ကုန်၏။ ထိုဘိက္ခုနီမတို့တွင် တယောက်သော ဘိက္ခုနီမသည် အဆင်းလှ၏၊ ရှုချင်ဖွယ်ရှိ၏၊ ကြည်ညိုဖွယ်ရှိ၏၊ တယောက်သော ယောကျ်ားသည် ထိုဘိက္ခုနီမကို မြင်သည်နှင့်တပြိုင်နက် နှောင်ဖွဲ့သော (အချစ်) စိတ် ဖြစ်ပေါ်လာသဖြင့် ထိုဘိက္ခုနီမတို့အတွက် အိပ်ယာခင်းပေးသည်ရှိသော် ထိုအဆင်းလှသူ ဘိက္ခုနီမအတွက်မူကား တခုသောနေရာ၌ အိပ်ရာကိုခင်းပေး၏။ ထိုအခါ ထိုဘိက္ခုနီမသည် "ဤယောကျ်ားကား ရာဂထိုးကျင့်နှိပ်စက်၏၊ ည၌ အခါ အကယ်၍လာငြားအံ့၊ ငါ့အား ဖောက်ပြန်သောအသံ ဖြစ်လတ္တံ့" ဟု မှတ်သား၍ ဘိက္ခုနီမတို့ကို မပန်ကြားပဲ ဒါယကာတဦး၏အိမ်သို့ သွား၍အိပ်၏။

ထိုနောက် ထိုယောကျ်ားသည် ည၌အခါလာ၍ ထိုအဆင်းလှသူ ဘိက္ခုနီမကို ရှာသည်ရှိသော် (အခြား) ဘိက္ခုနီမတို့ကို ထိခိုက်မိလေ၏။ ဘိက္ခုနီမတို့သည် ထိုအဆင်းလှသူ ဘိက္ခုနီမကို မမြင်ကြသောကြောင့် "ထိုဘိက္ခုနီမသည် မချွတ်ကေန် ယောကျ်ားနှင့်အတူ ထွက်သွားလေပြီ" ဟု ပြောဆိုကြကုန်၏။

ထိုဘိက္ခုနီမသည် ထိုည၌လွန်သောအခါ (အဖော်) ဘိက္ခုနီမတို့ထံသို့ ချဉ်းကပ်လာရာ (အဖော်) ဘိက္ခုနီမတို့က "အသျှင်မ အဘယ့်ကြောင့် ယောကျ်ားနှင့်အတူ ထွက်သွားသနည်း" ဟု ထိုအဆင်းလှသူ ဘိက္ခုနီမအား ပြောဆိုကုန်၏။ "အသျှင်မတို့ အကျွန်ုပ်သည်ကား ယောကျ်ားနှင့်အတူ ထွက်သွားသည်မဟုတ်ပါ" ဟု ဆို၍ (အဖော်) ဘိက္ခုနီမတို့အား ဤအကြောင်းကို ပြောကြား၏။

အလိုနည်းသော ဘိက္ခုနီမတို့သည် "အဘယ့်ကြောင့် ဘိက္ခုနီမသည် ည၌အခါ၌ တယောက်ထီးထည်း အဖော်နှင့် ကင်းကွာ၍နေဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ ပ။

"ရဟန်းတို့ ဘိက္ခုနီမသည် ည၌အခါ၌ တယောက်ထီးထည်း အဖော်နှင့် ကင်းကွာ၍ နေ၏ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ အဘယ့်ကြောင့် ဘိက္ခုနီမသည် ည၌အခါ၌ တယောက်ထီးထည်း အဖော်နှင့် ကင်းကွာ၍ နေဘိသနည်း။ ရဟန်းတို့ ဤ (ဘိက္ခုနီမပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ ရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

(ဂ) **"အကြင် ဘိက္ခုနီမသည် တယောက်ထီးထည်း ရွာတပါးသို့သော်လည်း သွားငြားအံ့၊ တယောက်ထီးထည်း မြစ်တဖက်သို့သော်လည်း ကူးငြားအံ့၊ တယောက်ထီးထည်း ည၌အခါ၌**

http://www.dhammadownload.com



**အဖော်နှင့်ကင်း၍မူလည်း နေငြားအံ့၊ ဤဘိက္ခုနီမသည်လည်း ရှေးဦးလွန်ကျူးဆဲခဏ၌ သင့်သည် ဖြစ်၍ (သံဃာမှ) နှင်ထုတ်စေတတ်သော သံဃာဒိသိသ် အာပတ်သို့ ရောက်၏"** ဤသို့ (ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)။

ဤသို့လျှင် မြတ်စွာဘုရားသည် ဘိက္ခုနီမတို့အား ဤသိက္ခာပုဒ်ကို ပညတ်တော်မူ၏။

၆၉၀။ ထိုစဉ်အခါ၌ များစွာသော ဘိက္ခုနီမတို့သည် ကောသလတိုင်း သာဝတ္ထိပြည် ဇနပုဒ်တို့၌ ခရီးရှည် သွားကုန်၏။ ထိုဘိက္ခုနီမတို့တွင် ဘိက္ခုနီမ တပါးသည် ကျင်ကြီးနှိပ်စက်လျက်ရှိသော ကြောင့် တယောက်ထီးတည်း ကျန်ရစ်၍ နောက်မှ လိုက်လာ၏။ လူတို့သည် ထိုဘိက္ခုနီမကို တွေ့မြင်၍ ဖျက်ဆီးကြကုန်၏။ ထိုအခါ၌ ထိုဘိက္ခုနီမသည် (အဖော်) ဘိက္ခုနီမတို့ထံသို့ ချဉ်းကပ်လာရာ (အဖော်) ဘိက္ခုနီမတို့က "အသျှင်မ သင်သည် အဘယ့်ကြောင့် တယောက်ထီးထည်း နောက်ချန်ရှ်၍ နေသနည်း သင်သည် ဖျက်ဆီးမခံရပါသလော" ဟု ထိုဘိက္ခုနီမအား မေးကုန်၏။ အသျှင်မတို့ ဖျက်ဆီးခံရပါ၏ ဟု (ဆို၏)။

အလိုနည်းသော ဘိက္ခုနီမတို့သည် "အဘယ့်ကြောင့် ဘိက္ခုနီမသည် တယောက်ထီးထည်း အပေါင်းအသင်းမှ ချန်ရစ်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ ဘိက္ခုနီမသည် တယောက်ထီးထည်း အပေါင်းအသင်းမှ ချန်ရစ်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ အဘယ့်ကြောင့် ဘိက္ခုနီမသည် တယောက်ထီးထည်း အပေါင်းအသင်းမှ ချန်ရစ်ဘိသနည်း။ ရဟန်းတို့ ဤ (ဘိက္ခုနီမ ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ ၎င်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

၁၁။ ၃-(ဃ) ၆၉၁။ **"အကြင် ဘိက္ခုနီမသည် တယောက်ထီးထည်း ရွာတပါးသို့ သော်လည်း သွားငြားအံ့၊ တယောက်ထီးထည်း မြစ်တဖက်သို့သော်လည်း ကူးငြားအံ့၊ တယောက်ထီးထည်း ညဉ့်အခါ၌ အဖော်နှင့်ကင်း၍မူလည်း နေငြားအံ့၊ တယောက်ထီးထည်း အပေါင်းအသင်းမှသော်လည်း နောက်ချန်ရစ်ငြားအံ့၊ ဤဘိက္ခုနီမသည်လည်း ရှေးဦး လွန်ကျူးဆဲခဏ၌ သင့်သည်ဖြစ်၍ (သံဃာမှ) နှင်ထုတ်စေတတ်သော သံဃာဒိသိသ် အာပတ်သို့ ရောက်၏"** ဤသို့ (ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)။

## ၃-တတိယသံဃာဒိသိသ်သိက္ခာပုဒ် အဖွင့်

၆၉၂။ အကြင် ဟူသည် အကြင်သို့ သဘောရှိသော။ပ။
**ဘိက္ခုနီမ ဟူသည်**။ပ။ ဤအရာ၌ ဤဉတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သော မိန်းမကို "ဘိက္ခုနီမ" ဟူ၍ အလိုရှိအပ်၏။

**တယောက်ထီးထည်း ရွာတပါးသို့သော်လည်း သွားငြားအံ့** ဟူသည် အရံအတားရှိသော ရွာ၏ အရံအတားကို ပဌမခြေလှမ်းကို လွန်စေသော ဘိက္ခုနီမအား ထုလ္လစ္စဉ်းအာပတ် သင့်၏။ ဒုတိယ

http://www.dhammadownload.com



ခြေလှမ်းကို လွန်စေသော ဘိက္ခုနီမအား သံဃာဒိသိသ် အာပတ် သင့်၏။ အရံအတားမရှိသော ရွာ၏ ဥပစာကို ပဌမခြေလှမ်းကို လွန်စေသော ဘိက္ခုနီမအား ထုလ္လစ္စည်း အာပတ် သင့်၏။ ဒုတိယ ခြေလှမ်းကို လွန်စေသော ဘိက္ခုနီမအား သံဃာဒိသိသ် အာပတ် သင့်၏။

**တယောက်ထီးထည်း မြစ်တဖက်သို့သော်လည်း ကူးငြားအံ့** ဟူရာ၌ မြစ်မည်သည်ကား အဝန်း သုံးပါး ညီစွာ ဖုံးလွှမ်း၍ တနေရာရာမှ ကူးသော ဘိက္ခုနီမ၏ ကိုယ်ဝတ်သင်းပိုင်သည် ရေစွတ်၏ (ဤအရာသည် မြစ်မည်၏)။ ပဌမ ခြေတဖက်ဖြင့် ကူးသော ဘိက္ခုနီမအား ထုလ္လစ္စည်းအာပတ် သင့်၏။ ဒုတိယ ခြေတဖက်ဖြင့် ကူးသော ဘိက္ခုနီမအား သံဃာဒိသိသ် အာပတ် သင့်၏။

**တယောက်ထီးထည်း ညဉ့်အခါ၌ အဖော်နှင့်ကင်း၍မူလည်း နေငြားအံ့** ဟူသည် အဖော် ဘိက္ခုနီမ၏ နှစ်တောင့်ထွာအရပ်ကို စွန့်ဆဲဖြစ်သော ဘိက္ခုနီမအား အရုဏ်တက်သည်နှင့် တပြိုင်နက် ထုလ္လစ္စည်းအာပတ် သင့်၏။ စွန့်ပြီး ဖြစ်လျှင် သံဃာဒိသိသ် အာပတ် သင့်၏။

**တယောက်ထီးထည်းအပေါင်းအသင်းမှသော်လည်းနောက်ချန်ရစ်ငြားအံ့** ဟူသည် ရွာမရှိသော တော၌ အဖော်ဘိက္ခုနီမ မြင်နိုင်ကြားနိုင်လောက်သော အရပ်ကို စွန့်ဆဲဖြစ်သော ဘိက္ခုနီမအား ထုလ္လစ္စည်းအာပတ် သင့်၏။ စွန့်ပြီးဖြစ်လျှင် သံဃာဒိသိသ် အာပတ် သင့်၏။

**ဤဘိက္ခုနီမသည်လည်း** ဟူသည် ရှေးအာပတ်သင့်ပြီးသော ဘိက္ခုနီမတို့ကို ထောက်၍ ဆိုအပ်၏။

**ရှေးဦး လွန်ကျူးဆဲ ခဏ၌ သင့်သည်ဖြစ်၍** ဟူသည် ဝတ္ထုကို လွန်ကျူးသည်နှင့် တပြိုင်နက် အာပတ် သင့်၏။ ဥတ္တကမ္မဝါစာဖြင့် ဆိုဆုံးမခြင်းကြောင့် အာပတ်သင့်သည် မဟုတ်။

**နှင်ထုတ်စေတတ်သော** ဟူသည် သံဃာမှ နှင်ထုတ်စေတတ်သော။

**သံဃာဒိသိသ်** ဟူသည် ။ပ။ ထို့ကြောင့်လည်း သံဃာဒိသိသ် ဟူ၍ ဆိုအပ်၏။

၆၉၃။ အဖော် ဘိက္ခုနီမသည် ဖဲသွားသော်၎င်း လူထွက်သော်၎င်း သေသော်၎င်း တိတ္ထိ ကျောင်းသို့ ပြောင်းရွှေ့သော်၎င်း အာပတ် မသင့်၊ ဘေးရန်တို့ကြောင့် အာပတ် မသင့်၊ ရူးသော ဘိက္ခုနီမ အစလက်ဦး လွန်ကျူးသော ဘိက္ခုနီမတို့အားလည်း အာပတ် မသင့်။

တတိယသံဃာဒိသိသ်သိက္ခာပုဒ် ပြီး၏။

---

## ၄-စတုတ္ထသံဃာဒိသိသ် သိက္ခာပုဒ်

၆၉၄။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံ ဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ စဏ္ဍကာဠီဘိက္ခုနီမသည် ငြင်းခုံ ရန်ပွါး ဆန့်ကျင်ဘက် စကားကို ဆိုတတ်သည့်ပြင် စကားများ၍ သံဃာ့ အဓိကရုဏ်းကိုလည်း ပြုတတ် ၏။ ထုလ္လနန္ဒာ ဘိက္ခုနီမသည် ထိုဘိက္ခုနီမအား ကံပြုသည်ရှိသော် ကန့်ကွက် တားမြစ်၏။

ထိုစဉ်အခါ၌ ထုလ္လနန္ဒာ ဘိက္ခုနီမသည် တစုံတခုသော ပြုဖွယ်ကိစ္စဖြင့် ရွာငယ်သို့ သွားခိုက် ဘိက္ခုနီသံဃာသည် "ထုလ္လနန္ဒာ ဘိက္ခုနီမ ဖဲသွားလေပြီ" ဟု စဏ္ဍကာဠီ ဘိက္ခုနီမအား အာပတ်ကို

http://www.dhammadownload.com



မရှုခြင်းကြောင့် နှင်ထုတ်လေ၏။ ထုလ္လနန္ဒာ ဘိက္ခုနီမသည် ရွာငယ်၌ ထိုပြုဖွယ်ကိစ္စကို ပြီးဆုံးစေကာ တဖန် သာဝတ္ထိပြည်သို့ ပြန်လာလေ၏။

စဏ္ဍကာဠီဘိက္ခုနီမသည် ပြန်လာသော ထုလ္လနန္ဒာ ဘိက္ခုနီမအား နေရာကိုလည်း ခင်းမပေး၊ မခြေဆေးရေ ခြေဆေးအင်းပျဉ် ခြေပွတ်အိုးခြမ်းကိုလည်း အနီး၌ ယူမထား၊ ခရီးဦးကြိုဆို၍ သပိတ် သင်္ကန်းကိုလည်း လှမ်းမယူ၊ သောက်ရေဖြင့်လည်း မမေးမြန်း၊ သောက်ရေကိုလည်း မဆက်ကပ်၊ ထုလ္လနန္ဒာဘိက္ခုနီမသည် စဏ္ဍကာဠီဘိက္ခုနီမအား—

"အသျှင်မ သင်သည် ငါလာနေပါလျက် အဘယ့်ကြောင့် နေရာကို မခင်းပါသနည်း ခြေဆေးရေ ခြေဆေးအင်းပျဉ် ခြေပွတ်အိုးခြမ်းကို မထားပါသနည်း ခရီးဦး ကြိုဆို၍ သပိတ် သင်္ကန်းကို လှမ်းမယူပါသနည်း သောက်ရေဖြင့်လည်း မမေးမြန်းပါသနည်း သောက်ရေကိုလည်း မဆက်ကပ်ပါသနည်း" ဟု မေး၏။

အသျှင်မ အကျွန်ုပ်အား ကိုးကွယ်ရာမဲ့ရန် အကြောင်းဖြစ်ပေါ် လျက်ရှိပါ၏ ဟု (လျှောက်၏)။

အသျှင်မ သင်သည် အဘယ့်ကြောင့် ကိုးကွယ်ရာမဲ့ ဖြစ်ရပါသနည်း ဟု (မေးသောအခါ) အသျှင်မ အကျွန်ုပ်အား ဤဘိက္ခုနီမတို့က "ဤစဏ္ဍကာဠီဘိက္ခုနီမသည် ကိုးကွယ်ရာမရှိ ထင်ရှားသူ မဟုတ်၊ ဤစဏ္ဍကာဠီ ဘိက္ခုနီမအတွက် တားမြစ်ကန့်ကွက်မည့်ဘိက္ခုနီမ တစုံတယောက်မျှ မရှိတော့ပြီ" ဟု (နှုတ်ပိုက်၍) အာပတ်ကို မရှုခြင်းကြောင့် နှင်ထုတ်ပါကုန်၏ ဟု (လျှောက်၏)။

ထုလ္လနန္ဒာဘိက္ခုနီမက "ထိုဘိက္ခုနီမတို့သည် မိုက်မဲကုန်၏၊ ထိုဘိက္ခုနီမတို့သည် မလိမ္မာကုန်၊ ကံကိုလည်း ကံ၏အပြစ်ကိုလည်း ကံ၏ပျက်စီးခြင်းကိုလည်း ကံ၏ပြည့်စုံခြင်းကိုလည်း မသိကြကုန်၊ ငါတို့သည်ကား ကံကိုလည်း ကံ၏အပြစ်ကိုလည်း ကံ၏ပျက်စီးခြင်းကိုလည်း ကံ၏ပြည့်စုံခြင်းကိုလည်း သိကုန်၏၊ ငါတို့သည် မပြုရသေးသော ကံကိုလည်း ပြုစေကုန်အံ့ ပြုထားပြီး ကံကိုလည်း ပျက်စေကုန်အံ့" ဟု ပြောဆို၍ အလျင်အမြန် ဘိက္ခုနီသံဃာကို စည်းဝေးစေပြီးလျှင် စဏ္ဍကာဠီဘိက္ခုနီမကို သွင်းလေ၏။

အလိုနည်းသော ဘိက္ခုနီမတို့သည် "အဘယ့်ကြောင့် အသျှင်မ ထုလ္လနန္ဒာသည် ညီညွတ်သော သံဃာက ဟုတ်မှန်သောသဘော ဝိနည်း မြတ်စွာဘုရား အာဏာတော် 'ဥက္ခေပနီယကံ' ဖြင့် နှင်ထုတ်ထားသော ဘိက္ခုနီမကို ကံပြုသော သံဃာအား မပန်ကြားမူ၍ ဂိုဏ်း၏ အလိုကို သိအောင် မပြုပဲ သွင်းလေဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ ပ။

"ရဟန်းတို့ ထုလ္လနန္ဒာ ဘိက္ခုနီမသည် ညီညွတ်သော သံဃာက ဟုတ်မှန်သော သဘော ဝိနည်း မြတ်စွာဘုရား၏ အာဏာတော် 'ဥက္ခေပနီယကံ' ဖြင့် နှင်ထုတ်ထားသော ဘိက္ခုနီမကို ကံပြုသော သံဃာအား မပန်ကြားမူ၍ ဂိုဏ်း၏ အလိုကို သိအောင် မပြုပဲ သွင်း၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ အဘယ့်ကြောင့် ထုလ္လနန္ဒာဘိက္ခုနီမသည် ညီညွတ်သော သံဃာက ဟုတ်မှန်သော သဘော ဝိနည်း မြတ်စွာဘုရား၏ အာဏာတော် 'ဥက္ခေပနီယကံ' ဖြင့် နှင်ထုတ်ထားသော ဘိက္ခုနီမကို ကံပြုသော သံဃာအား မပန်

http://www.dhammadownload.com



ကြားမူ၍ ဂိုဏ်း၏ အလိုကို သိအောင် မပြုပဲ သင်္ဃလေဘိသနည်း။ ရဟန်းတို့ ဤ (ထုလ္လနန္ဒာ ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ ရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

၁၂။ ၄-၆၉၅။ "အကြင် ဘိက္ခုနီမသည် ညီညွတ်သော သံဃာက ဟုတ်မှန်သော သဘော ဝိနည်း မြတ်စွာဘုရား၏ အာဏာတော် 'ဥတ်ကမ္ပဝါစာ' ဖြင့် နှင်ထုတ်ထားသော ဘိက္ခုနီမကို ကာရကသံဃာအား မပန်မကြားမူ၍ ဂိုဏ်း၏ အလိုကို သိအောင် မပြုပဲ သွင်းငြားအံ့၊ ဤ ဘိက္ခုနီမသည်လည်း ရှေးဦးလွန်ကျူးဆဲဇောဋ္ဌ သင့်သည်ဖြစ်၍ (သံဃာမှ) နှင်ထုတ်စေတတ်သော သံဃာဒိသိသ် အာပတ်သို့ ရောက်၏" ဤသို့ (ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)။

## ၄-စတုတ္ထသံဃာဒိသိသ်သိက္ခာပုဒ် အဖွင့်

၆၉၆။ အကြင် ဟူသည် အကြင်သို့ သဘောရှိသော။ပ။

ဘိက္ခုနီမ ဟူသည်။ပ။ ဤအရာ၌ ဤဥတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သော မိန်းမကို "ဘိက္ခုနီမ" ဟူ၍ အလိုရှိအပ်၏။

ညီညွတ်သောသံဃာ မည်သည် အတူပေါင်းဖော်ခြင်းရှိသော တသိမ်တည်း၌ တည်သော သံဃာ တည်း။

နှင်ထုတ်ထားသော မည်သည် အာပတ်ကို မရှုခြင်းကြောင့်ရင်း မကုစားခြင်းကြောင့်ရင်း မစွန့် ခြင်းကြောင့်ရင်း နှင်ထုတ်ထားသော။

ဟုတ်မှန်သောသဘော ဝိနည်း ဟူသည် အကြင် ဟုတ်မှန်သော သဘောဖြင့် အကြင်စောဒနာ သာရဏာဝိနည်းဖြင့်။

မြတ်စွာဘုရား၏ အာဏာတော် 'ဥတ်ကမ္ပဝါစာ' ဖြင့် ဟူသည် မာရ်ငါးပါးကို အောင်တော်မူ သော မြတ်စွာဘုရား၏ အာဏာတော် 'ဥတ်ကမ္ပဝါစာ' နှင့် သစ္စာလေးပါးတရားကို သိတော်မူသော မြတ်စွာဘုရား၏ အာဏာတော် 'ဥတ်ကမ္ပဝါစာ' ဖြင့်။

ကာရကသံဃာအား မပန်မကြားမူ၍ ဟူသည် ကံပြုသော သံဃာအားမပန်ကြားပဲ။

ဂိုဏ်း၏ အလိုကို သိအောင် မပြုပဲ ဟူသည် ဂိုဏ်း၏ အလိုကို သိအောင်မပြုပဲ။

သွင်းအံ့ ဟု အပေါင်းအသင်းကိုလည်း ရအံ့၊ သိမ်ကိုသော်လည်း သမုတ်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ဉတ်၏အဆုံး၌ ဒုက္ကဋ်အာပတ် သင့်၏။ ကမ္မဝါစာ နှစ်ကြိမ်တို့၏ အဆုံး၌ ထုလ္လစ္စဉ်းအာပတ် သင့်၏။ ကမ္မဝါစာ၏ အဆုံး၌ သံဃာဒိသိသ်အာပတ် သင့်၏။

ဤဘိက္ခုနီမသည်လည်း ဟူသည် ရှေးအာပတ်သင့်ပြီးသော ဘိက္ခုနီမတို့ကို ထောက်၍ ဆိုအပ် ၏။

ရှေးဦး လွန်ကျူးဆဲဇောဋ္ဌ သင့်သည်ဖြစ်၍ ဟူသည် ဝတ္ထုကို လွန်ကျူးသည်နှင့် တပြိုင်နက် အာပတ် သင့်၏၊ ဥတ်ကမ္မဝါစာဖြင့် ဆိုဆုံးမခြင်းကြောင့် အာပတ်သင့်သည် မဟုတ်။

http://www.dhammadownload.com



**နှင်ထုတ်စေတတ်သော** ဟူသည် သံဃာမှ နှင်ထုတ်စေတတ်သော။

**သံဃာဒိသိသ်** ဟူသည်။ပ။ ထို့ကြောင့်လည်း သံဃာဒိသိသ် ဟူ၍ ဆိုအပ်၏။

၆၉၇။ မမွက်၌ မမွက် ဟု အမှတ်ရှိသည်ဖြစ်၍ သွင်းအံ့၊ သံဃာဒိသိသ်အာပတ် သင့်၏။ မမွက်၌ ယုံမှားရှိသည်ဖြစ်၍ သွင်းအံ့၊ သံဃာဒိသိသ်အာပတ် သင့်၏။ မမွက်၌ အမမွက် ဟု အမှတ်ရှိသည်ဖြစ်၍ သွင်းအံ့၊ သံဃာဒိသိသ်အာပတ် သင့်၏။

အခမ္မက်၌ မမွက် ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ အခမ္မက်၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ အခမ္မက်၌ အခမ္မက် ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

၆၉၈။ ကံပြုသော သံဃာကို ပန်ကြား၍ သွင်းအံ့၊ ဂိုဏ်း၏အလိုကို သိအောင် ပြု၍ သွင်းအံ့၊ ဝတ်ကျင့်ဆဲ ဘိက္ခုနီမကို သွင်းအံ့၊ ကံပြုသော သံဃာ ထင်ရှားမရှိ၍ သွင်းအံ့၊ အာပတ် မသင့်၊ ရူးသော ဘိက္ခုနီမ အစလက်ဦး လွန်ကျူးသော ဘိက္ခုနီမတို့အားလည်း အာပတ် မသင့်။

**စတုတ္ထသံဃာဒိသိသ်သိက္ခာပုဒ် ပြီး၏။**

---

## ၅-ပဥ္စမသံဃာဒိသိသ်သိက္ခာပုဒ်

၆၉၉။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံ ဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ သုန္ဒရီနန္ဒာ ဘိက္ခုနီမသည် အဆင်း လှ၍ ရှုချင်ဖွယ် ကြည်ညိုဖွယ် ရှိ၏။ လူဘို့သည် ဆွမ်းစားစရပ်၌ သုန္ဒရီနန္ဒာ ဘိက္ခုနီမကိုမြင်၍ ရာဂ စိုစွတ်သည် ဖြစ်၍ ရာဂ စိုစွတ်သော သုန္ဒရီနန္ဒာ ဘိက္ခုနီမအား အလွန်ကောင်းမွန်သော ဘောဇဉ် တို့ကို ပေးလှူကုန်၏။ သုန္ဒရီနန္ဒာ ဘိက္ခုနီမသည် အလိုရှိသလောက် သုံးဆောင်ရ၍ အခြား ဘိက္ခုနီ မတို့အား စိတ်တိုင်းကျ မရကုန်။

အလိုနည်းသော ဘိက္ခုနီမတို့သည် "အဘယ့်ကြောင့် အသျှင်မ သုန္ဒရီနန္ဒာသည် ရာဂ စိုစွတ်လျက် ရာဂစိုစွတ်သော ယောကျ်ား ပုဂ္ဂိုလ်၏ လက်မှ ခဲဖွယ်ဘောဇဉ်ကို မိမိလက်ဖြင့် ခံယူ၍ ခဲလေဘိသနည်း စားလေဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ သုန္ဒရီနန္ဒာ ဘိက္ခုနီမသည် ရာဂစိုစွတ်လျက် ရာဂစိုစွတ်သော ယောကျ်ား ပုဂ္ဂိုလ်၏ လက်မှ ခဲဖွယ်ဘောဇဉ်ကို မိမိလက်ဖြင့် ခံယူ၍ ခဲ၏ စား၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်း တော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ အဘယ့်ကြောင့် သုန္ဒရီ နန္ဒာသည် ရာဂ စိုစွတ်လျက် ရာဂ စိုစွတ်သော ယောကျ်ားပုဂ္ဂိုလ်၏ လက်မှ ခဲဖွယ်ဘောဇဉ်ကို မိမိ လက်ဖြင့်ခံယူ၍ ခဲလေဘိသနည်း စားလေဘိသနည်း။ ရဟန်းတို့ ဤ (သုန္ဒရီနန္ဒာ ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ ရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

၁၃။ ၅-၇၀၀။ **"အကြင် ဘိက္ခုနီမသည် ရာဂစိုစွတ်သည်ဖြစ်၍ ရာဂစိုစွတ်သော ယောကျ်ား ပုဂ္ဂိုလ်၏ လက်မှ ခဲဖွယ်ဘောဇဉ်ကို မိမိလက်ဖြင့် ခံယူ၍ ခဲမူလည်း ခဲငြားအံ့ စားမူလည်း စား**

http://www.dhammadownload.com



ပြောအပ်၊ ဤဘိက္ခုနီမသည်လည်း ရှေးဦးလွန်ကျူးဆဲခဏ၌ သင့်သည်ဖြစ်၍ (သံဃာမှ) နှင်ထုတ်စေတတ်သော သံဃာဒိသိသ် အာပတ်သို့ ရောက်၏" ဤသို့ (ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)။

## ၅-ပဉ္စမသံဃာဒိသိသ်သိက္ခာပုဒ် အဖွင့်

၇၀၁။ အကြင် ဟူသည် အကြင်သို့ သဘောရှိသော။ပ။

ဘိက္ခုနီမ ဟူသည်။ပ။ ဤအရာ၌ ဤဉတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သော မိန်းမကို "ဘိက္ခုနီမ" ဟူ၍ အလိုရှိအပ်၏။

ရာဂစိုစွတ်သည် ဖြစ်၍ မည်သည် တပ်နှစ်သက်သည် ဖြစ်၍ ငဲ့ကွက်ခြင်း ရှိသည်ဖြစ်၍ ရာဂနှောင်ဖွဲ့သော အချစ်စိတ် ရှိသည်ဖြစ်၍။

ရာဂစိုစွတ်သော မည်သည် တပ်နှစ်သက်သော ငဲ့ကွက်ခြင်းရှိသော ရာဂနှောင်ဖွဲ့သော အချစ်စိတ် ရှိသော။

ယောကျ်ားပုဂ္ဂိုလ် မည်သည် ဘီလူးယောကျ်ား မဟုတ် ပြိတ္တာယောကျ်ားမဟုတ် တိရစ္ဆာန်ယောကျ်ားမဟုတ်၊ တပ်နှစ်သက်ခြင်းငှါ သိကြားလိမ္မာ စွမ်းနိုင်သော လူယောကျ်ားတည်း။

ခဲဖွယ် မည်သည် ဘောဇဉ် ငါးပါးနှင့် ရေဒန်ပူတို့ကို ထား၍ အကြွင်းသည် ခဲဖွယ် မည်၏။

ဘောဇဉ် မည်သည် ထမင်း မုယော်မုံ့ မုံ့လုံး ငါး အမဲ ဟူသော ဘောဇဉ်ငါးပါးတို့တည်း။

"ခဲမည် စားမည်" ဟု ခံယူအံ့၊ ထုလ္လစ္စဉ်းအာပတ် သင့်၏။ မျိုတိုင်း မျိုတိုင်း သံဃာဒိသိသ် အာပတ် သင့်၏။

ဤဘိက္ခုနီမသည်လည်း ဟူသည် ရှေးအာပတ်သင့်သော ဘိက္ခုနီမတို့ကို ထောက်၍ ဆိုအပ်၏။

ရှေးဦး လွန်ကျူးဆဲခဏ၌ သင့်သည်ဖြစ်၍ ဟူသည် ဝတ္ထုကို လွန်ကျူးသည်နှင့် တပြိုင်နက် အာပတ် သင့်၏၊ ဉတ်ကမ္မဝါစာဝါဖြင့် ဆိုဆုံးမခြင်းကြောင့် အာပတ် သင့်သည်မဟုတ်။

နှင်ထုတ်စေတတ်သော ဟူသည် သံဃာမှ နှင်ထုတ်စေတတ်သော။

သံဃာဒိသိသ် ဟူသည်။ပ။ ထိုကြောင့်လည်း သံဃာဒိသိသ် ဟူ၍ ဆိုအပ်၏။

၇၀၂။ ရေဒန်ပူကိုခံယူအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ တဦးတဖက်မှ ရာဂစိုစွတ်ရာ၌ "ခဲမည်စားမည်" ဟု ခံယူအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ မျိုတိုင်းမျိုတိုင်း ထုလ္လစ္စဉ်းအာပတ် သင့်၏။ ရေဒန်ပူကို ခံယူအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ နှစ်ဦးလုံး ရာဂစိုစွတ်ရာ၌ ဘီလူး ပြိတ္တာ ပဏ္ဍုက် လူယောင်ဆောင်သောတိရစ္ဆာန်တို့၏လက်မှ "ခဲမည်စားမည်" ဟု ခံယူအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ မျိုတိုင်းမျိုတိုင်း ထုလ္လစ္စဉ်းအာပတ် သင့်၏။ ရေဒန်ပူကို ခံယူအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ တဦးတဖက်မှ ရာဂစိုစွတ်ရာ၌ "ခဲမည်စားမည်" ဟု ခံယူအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ မျိုတိုင်းမျိုတိုင်း ဒုက္ကဋ်အာပတ် သင့်၏။ ရေဒန်ပူကို ခံယူအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

၇၀၃။ နှစ်ဦးနှစ်ဖက်မှ ရာဂမစိုစွတ်ကုန်အံ့၊ ရာဂမစိုစွတ် ဟု သိသည်ဖြစ်၍ ခံယူအံ့၊ အာပတ် မသင့်၊ ရူးသောဘိက္ခုနီမ အစလက်ဦး လွန်ကျူးသော ဘိက္ခုနီမတို့အားလည်း အာပတ် မသင့်။

ပဉ္စမသံဃာဒိသိသ်သိက္ခာပုဒ် ပြီး၏။

http://www.dhammadownload.com



## ၆-ဆငွသံဃာဒိသိသ်သိက္ခာပုဒ်

၇၀၄။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဋ္ဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ သုန္ဒရီနန္ဒာ ဘိက္ခုနီမသည် အဆင်းလှ၍ရှုချင်ဖွယ် ကြည်ညိုဖွယ်ရှိ၏။ လူတို့သည် ဆွမ်းစားစရပ်၌ သုန္ဒရီနန္ဒာ ဘိက္ခုနီမကိုမြင်၍ ရာဂစိုစွတ်ကုန်သည်ဖြစ်၍ သုန္ဒရီနန္ဒာဘိက္ခုနီမအား အလွန်ကောင်းမွန်သော ဘောဇဉ်တို့ကို ပေးလှူကုန်၏။ သုန္ဒရီနန္ဒာ ဘိက္ခုနီမသည်ကား မအပ် ဟု တွေးတောမူ 'သံသယကုက္ကုစ္စ' ရှိသည်ဖြစ်၍ မခံယူချေ။

(အနီး၌) ကပ်လျက်ရှိနေသော ဘိက္ခုနီမသည် သုန္ဒရီနန္ဒာ ဘိက္ခုနီမအား "အသျှင်မသည် အဘယ့်ကြောင့် မခံယူဘိသနည်း" ဟု ပြောဆို၏။

အသျှင်မ ရာဂစိုစွတ်သော သူတို့ပါတည်း ဟု (ဆို၏)။

အသျှင်မ သင်သည်လည်း ရာဂစိုစွတ်ပါသလော ဟု (မေးသောအခါ)

ငါသည်ကား ရာဂမစိုစွတ်ပါ ဟု (ဆို၏)။

အသျှင်မ ဤယောကျ်ားသည် ရာဂစိုစွတ်သည်ဖြစ်စေ မစိုစွတ်သည်ဖြစ်စေ သင့်အား အဘယ်သို့ ပြုနိုင်လတ္တံ့နည်း၊ အသျှင်မ ငါတိုက်တွန်းပါ၏၊ သင်သည် ရာဂမစိုစွတ်သောကြောင့် ဤယောကျ်ားက သင့်အား လှူဒါန်းသော ခဲဖွယ်ဘောဇဉ်ကို မိမိလက်ဖြင့် ခံယူ၍ ခဲမူလည်းခဲလော့ စားမူလည်း စားလော့ ဟု (ဆို၏)။

အလိုနည်းသော ဘိက္ခုနီမတို့သည် "အဘယ့်ကြောင့် ဘိက္ခုနီမသည် အသျှင်မ ဤယောကျ်ားသည် ရာဂစိုစွတ်သည်ဖြစ်စေ မစိုစွတ်သည်ဖြစ်စေ သင့်အား အဘယ်သို့ ပြုနိုင်လတ္တံ့နည်း၊ အသျှင်မ ငါတိုက်တွန်းပါ၏၊ သင်သည် ရာဂမစိုစွတ်သောကြောင့် ဤယောကျ်ားက သင့်အားလှူဒါန်းသော ခဲဖွယ်ဘောဇဉ်ကို မိမိလက်ဖြင့် ခံယူ၍ ခဲမူလည်းခဲလော့၊ စားမူလည်းစားလော့" ဟု ဆိုဘိသနည်း ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ ဘိက္ခုနီမသည် 'အသျှင်မ ဤယောကျ်ားသည် ရာဂစိုစွတ်သည်ဖြစ်စေ မစိုစွတ်သည်ဖြစ်စေ သင့်အား ဘယ်သို့ပြုနိုင်လတ္တံ့နည်း၊ အသျှင်မ ငါတိုက်တွန်းပါ၏၊ သင်သည် ရာဂမစိုစွတ်သောကြောင့် ဤယောကျ်ားက သင့်အားလှူဒါန်းသော ခဲဖွယ်ဘောဇဉ်ကို မိမိလက်ဖြင့် ခံယူ၍ ခဲမူလည်း ခဲလော့ စားမူလည်း စားလော့' ဟု ပြောဆို၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ ဘိက္ခုနီမသည် အဘယ့်ကြောင့် "အသျှင်မ ဤယောကျ်ားသည် ရာဂစိုစွတ်သည်ဖြစ်စေ မစိုစွတ်သည်ဖြစ်စေသင့်အား အဘယ်သို့ ပြုနိုင်လတ္တံ့နည်း၊ အသျှင်မ ငါတိုက်တွန်းပါ၏၊ သင်သည် ရာဂမစိုစွတ်သောကြောင့် ဤယောကျ်ားက သင့်အား လှူဒါန်းသော ခဲဖွယ်ဘောဇဉ်ကို မိမိလက်ဖြင့် ခံယူ၍ ခဲမူလည်းခဲလော့၊ စားမူလည်း စားလော့" ဟု ပြောဆိုဘိသနည်း။ ရဟန်းတို့ ဤ (ဘိက္ခုနီမ ပြုမိသော အမှု) သည် မကြည်ညိုသေးသောသူတို့အား ကြည်ညိုစေခြင်းငှါ ရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

**၁၄။ ၆-၇၀၅။ "အကြင် ဘိက္ခုနီမသည် 'အသျှင်မ ဤယောကျ်ားသည် ရာဂစိုစွတ်သည်ဖြစ်စေ မစိုစွတ်သည်ဖြစ်စေ သင့်အား အဘယ်သို့ ပြုနိုင်လတ္တံ့နည်း၊ အသျှင်မ ငါတိုက်တွန်းပါ၏၊**

http://www.dhammadownload.com



သင်သည် ရာဂမစိုစွတ်သောကြောင့် ဤယောကျ်ားက သင့်အား လှူဒါန်းသော ခဲဖွယ်ဘောဇဉ်ကို မိမိလက်ဖြင့် ခံယူ၍ ခဲမှုလည်း ခဲလော့ စားမှုလည်း စားလော့' ဟု ပြောဆိုငြားအံ့၊ ဤဘိက္ခုနီမသည်လည်း ရှေးဦးလွန်ကျူးဆဲခဏ၌ သင့်သည် ဖြစ်၍ (သံဃာမှ) နှင်ထုတ်စေတတ်သော သံဃာဒိသိသ် အာပတ်သို့ ရောက်၏" ဤသို့ (ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)။

## ၆-ဆဋ္ဌသံဃာဒိသိသ်သိက္ခာပုဒ် အဖွင့်

၇၀၆။ အကြင် ဟူသည် အကြင်သို့ သဘောရှိသော။ပ။

**ဘိက္ခုနီမ** ဟူသည်။ပ။ ဤအရာ၌ ဤဉတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သော မိန်းမကို "ဘိက္ခုနီမ" ဟူ၍ အလိုရှိအပ်၏။

**ဤသို ပြောဆိုငြားအံ့** ဟူသည် "အသျှင်မ ဤယောကျ်ားသည် ရာဂစိုစွတ်သည်မူလည်းဖြစ်စေ မစိုစွတ်သည်မူလည်းဖြစ်စေ အသင့်အား အဘယ်သို့ပြုနိုင်လတ္တံ့နည်း၊ အသျှင်မ ငါတိုက်တွန်းပါ၏၊ သင်သည်ရာဂမစိုစွတ်သောကြောင့် ဤယောကျ်ားက သင့်အား လှူဒါန်းသော ခဲဖွယ်ဘောဇဉ်ကို မိမိလက်ဖြင့် ခံယူ၍ ခဲမှုလည်းခဲလော့ စားမှုလည်းစားလော့" ဟု တိုက်တွန်းအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ထိုဘိက္ခုနီမစကားဖြင့် "ခဲမည်စားမည်" ဟု ခံယူအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ မျိုတိုင်းမျိုတိုင်း ထုလ္လစ္စဉ်းအာပတ် သင့်၏။ စားပြီးသည်အဆုံး၌ သံဃာဒိသိသ် အာပတ် သင့်၏။

**ဤဘိက္ခုနီမသည်လည်း** ဟူသည် ရှေးအာပတ်သင့်သော ဘိက္ခုနီမတို့ကို ထောက်၍ဆိုအပ်၏။

**ရှေးဦးလွန်ကျူးဆဲခဏ၌ သင့်သည်ဖြစ်၍** ဟူသည် ဝတ္ထုကို လွန်ကျူးသည်နှင့် တပြိုင်နက် အာပတ် သင့်၏၊ ဉတ်ကမ္မဝါစာဖြင့် ဆိုဆုံးမခြင်းကြောင့် အာပတ် သင့်သည် မဟုတ်။

**နှင်ထုတ်စေတတ်သော** ဟူသည် သံဃာမှ နှင်ထုတ်စေတတ်သော။

**သံဃာဒိသိသ်** ဟူသည်။ပ။ ထိုကြောင့်လည်း သံဃာဒိသိသ်ဟူ၍ ဆိုအပ်၏။

ရေဒန်ပူကို "ခံယူပါလော့" ဟု တိုက်တွန်းအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ထိုဘိက္ခုနီမ၏ စကားဖြင့် "ခံမည်စားမည်" ဟု ခံယူအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

၇၀၇။ တဦးတဖက်မှ ရာဂဖြင့်စိုစွတ်ရာ၌ ဘီလူးပြိတ္တာ ပဏ္ဍုက် လူယောင်ဆောင်သောတိရစ္ဆာန်တို့၏လက်မှ ခဲဖွယ်ဘောဇဉ်ကို "ခဲပါစားပါလော့" ဟု တိုက်တွန်းအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ထိုဘိက္ခုနီမ၏စကားဖြင့် "ခဲမည်စားမည်" ဟု ခံယူအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ မျိုတိုင်းမျိုတိုင်း ဒုက္ကဋ်အာပတ် သင့်၏။ စားပြီးသည်၏အဆုံး၌ ထုလ္လစ္စဉ်းအာပတ် သင့်၏။ရေဒန်ပူကို "ခံယူပါလော့" ဟု တိုက်တွန်းအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ထိုဘိက္ခုနီမစကားဖြင့် "ခံမည်စားမည်" ဟု ခံယူအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

၇၀၈။ "ရာဂမစိုစွတ်" ဟု သိသည်ဖြစ်၍ တိုက်တွန်းအံ့၊ "အမျက်ထွက်သည်ဖြစ်၍မခံယူ" ဟု (နှလုံးပြု၍) တိုက်တွန်းအံ့၊ "အမျိုး'ဒါယကာ'ကို အစဉ်သနားသဖြင့် မခံမယူ" ဟု (နှလုံးပြု၍) တိုက်တွန်းအံ့၊ အာပတ် မသင့်၊ ရူးသောဘိက္ခုနီမ အစလက်ဦး လွန်ကျူးသော ဘိက္ခုနီမတို့အားလည်း အာပတ် မသင့်။

ဆဋ္ဌသံဃာဒိသိသ်သိက္ခာပုဒ် ပြီး၏။

http://www.dhammadownload.com



## ၁၀-ဒသမသံဃာဒိသိသ် သိက္ခာပုဒ်

၇၀၉။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ စဏ္ဍကာဠီဘိက္ခုနီမသည် ဘိက္ခုနီမတို့နှင့် ခိုက်ရန်ဖြစ်ပြီးလျှင် အမျက်ထွက်၍ နှလုံးမသာသောကြောင့် "မြတ်စွာဘုရားကို စွန့်ပါ၏၊ တရားကို စွန့်ပါ၏၊ သံဃာကိုစွန့်ပါ၏၊ အကျင့်သိက္ခာကိုစွန့်ပါ၏၊ သာကီဝင်မင်းသမီး ဘုရားသမီးတော်ဖြစ်သော ဤဘိက္ခုနီမတို့သည်သာလျှင် ဘိက္ခုနီမတို့လော၊ ရှက်တတ်၍ ကုက္ကုစ္စရှိသော အကျင့်သိက္ခာကို လိုလားသူ အခြားဘိက္ခုနီမတို့သည်လည်း ရှိကုန်သေး၏၊ ငါသည် ထိုဘိက္ခုနီမတို့၏အထံ၌ မြတ်သောအကျင့်ကို ကျင့်အံ့" ဟု ပြောဆို၏။

အလိုနည်းသော ဘိက္ခုနီမတို့သည် "အဘယ့်ကြောင့် အသျှင်မ စဏ္ဍကာဠီသည် အမျက်ထွက်၍ နှလုံးမသာသောကြောင့် 'မြတ်စွာဘုရားကို စွန့်ပါ၏။ပ။ အကျင့်သိက္ခာကို စွန့်ပါ၏၊ သာကီဝင် မင်းသမီး ဘုရားသမီးတော်ဖြစ်သော ဤဘိက္ခုနီမတို့သည်သာလျှင် ဘိက္ခုနီမတို့လော၊ ရှက်တတ်၍ ကုက္ကုစ္စ ရှိသော အကျင့်သိက္ခာကို လိုလားသူ အခြားဘိက္ခုနီမတို့သည်လည်း ရှိကုန်သေး၏၊ ငါသည် ထိုဘိက္ခုနီမတို့၏ အထံ၌ မြတ်သောအကျင့်ကို ကျင့်တော့အံ့' ဟု ဆိုဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ စဏ္ဍကာဠီ ဘိက္ခုနီမသည် အမျက်ထွက်၍ နှလုံးမသာသောကြောင့် 'မြတ်စွာဘုရားကို စွန့်ပါ၏။ပ။ အကျင့်သိက္ခာကို စွန့်ပါ၏၊ သာကီဝင် မင်းသမီး ဘုရားသမီးတော်ဖြစ်သော ဤဘိက္ခုနီမတို့သည်သာလျှင် ဘိက္ခုနီမတို့လော၊ ရှက်တတ်၍ ကုက္ကုစ္စရှိသော အကျင့်သိက္ခာကိုလိုလားသူ အခြားဘိက္ခုနီမတို့သည်လည်း ရှိကုန်သေး၏၊ ငါသည် ထိုဘိက္ခုနီမတို့၏ အထံ၌ မြတ်သောအကျင့်ကို ကျင့်တော့အံ့' ဟု ပြောဆို၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။

ရဟန်းတို့ အဘယ့်ကြောင့် စဏ္ဍကာဠီဘိက္ခုနီမသည် အမျက်ထွက်၍ နှလုံးမသာသောကြောင့် "ဘုရားကို စွန့်ပါ၏။ပ။ အကျင့်သိက္ခာကို စွန့်ပါ၏။ သာကီဝင် မင်းသမီး ဘုရားသမီးတော်ဖြစ်သော ဤဘိက္ခုနီမတို့သည်သာလျှင် ဘိက္ခုနီမတို့လော၊ ရှက်တတ်၍ ကုက္ကုစ္စရှိသော အကျင့်သိက္ခာကို လိုလားသူ အခြားဘိက္ခုနီမတို့သည်လည်း ရှိကုန်သေး၏၊ငါသည် 'ထိုဘိက္ခုနီမတို့၏ အထံ၌ မြတ်သော အကျင့်ကို ကျင့်တော့အံ့" ဟု ဆိုဘိသနည်း။ ရဟန်းတို့ ဤ (စဏ္ဍကာဠီ ပြုမိသော အမှု)သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ၎င်း။ပ။

ရဟန်းတို့ ဤသို့လျှင်ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

**၁၀။ ၁၀-၇၁၀။ "အကြင် ဘိက္ခုနီမသည် အမျက်ထွက်၍ နှလုံးမသာသောကြောင့် 'ဘုရားကို စွန့်ပါ၏၊ တရားကို စွန့်ပါ၏၊ သံဃာကို စွန့်ပါ၏၊ အကျင့်သိက္ခာကို စွန့်ပါ၏၊ သာကီဝင် မင်းသမီး ဘုရားသမီးတော်ဖြစ်သော ဤဘိက္ခုနီမတို့သည်သာလျှင် ဘိက္ခုနီမတို့လော၊ ရှက်တတ်၍ ကုက္ကုစ္စရှိသော အကျင့်သိက္ခာကို လိုလားသူ အခြားဘိက္ခုနီမတို့သည်လည်း ရှိကုန်သေး၏၊ ငါသည် ထိုဘိက္ခုနီမတို့၏ အထံ၌ မြတ်သောအကျင့်ကို ကျင့်တော့အံ့' ဟု ပြောငြားအံ့။**

http://www.dhammadownload.com


ထိုဘိက္ခုနီမကို ဘိက္ခုနီမတို့သည် 'အသျှင်မ အမျက်ထွက်၍ နှလုံးမသာသောကြောင့် ဘုရားကို စွန့်ပါ၏၊ တရားကို စွန့်ပါ၏၊ သံဃာကို စွန့်ပါ၏၊ သာကီဝင်မင်းသမီး ဘုရားသမီးတော် ဖြစ်သော ဤဘိက္ခုနီမတို့သည် သာလျှင် ဘိက္ခုနီမတို့လော၊ ရှက်တတ်၍ ကုက္ကုစ္စရှိသော အကျင့်သိက္ခာကို လိုလားသူ အခြားဘိက္ခုနီမတို့သည်လည်း ရှိကုန်သေး၏၊ ငါသည် ထိုဘိက္ခုနီမတို့၏ အထံ၌ မြတ်သောအကျင့်ကို ကျင့်တော့အံ့ ဟု မပြောဆိုပါလင့်၊ အသျှင်မ မွေ့လျော်ပါလော့၊ မြတ်စွာဘုရားသည် တရားတော်ကို ကောင်းစွာ ဟောထားတော်မူ၏၊ ဆင်းရဲ၏ အဆုံးကို ပြုရန် အလို့ငှါ အကျင့်မြတ်ကို ကောင်းစွာ ကျင့်လော့' ဟု ပြောဆိုဆုံးမရာ၏၊ ဤသို့လျှင် ထိုဘိက္ခုနီမကို (အခြား) ဘိက္ခုနီမတို့က ပြောဆိုဆုံးမပါလျက် ထိုရှေးအတူသာလျှင် ချီးမြှောက်ငြားအံ့၊ ထိုဘိက္ခုနီမကို ဘိက္ခုနီမတို့သည် သုံးကြိမ်တိုင်အောင် ထိုအယူကို စွန့်စေခြင်းငှါ ဉတ်ကမ္မဝါစာဖြင့် ကောင်းစွာ ဆိုဆုံးမရမည်၊ သုံးကြိမ်တိုင်အောင် ဉတ်ကမ္မဝါစာဖြင့် ဆိုဆုံးမအပ်သည်ဖြစ်၍ ထိုအယူကို အကယ်၍ စွန့်ငြားအံ့၊ ဤသို့ စွန့်ခြင်းသည် ကောင်း၏။ အကယ်၍ မစွန့်ငြားအံ့၊ ဤဘိက္ခုနီမသည်လည်း သုံးကြိမ်တိုင်အောင် ဉတ်ကမ္မဝါစာဖြင့် ဆိုဆုံးမသည်၏ အခြားမဲ့၌ သင့်သည်ဖြစ်၍ (သံဃာမှ) နှင်ထုတ်စေတတ်သော သံဃာဒိသိသ် အာပတ်သို့ ရောက်၏" ဤသို့ (ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)။

## ၁၀-ဒသမသံဃာဒိသိသ်သိက္ခာပုဒ် အဖွင့်

၇၁၁။ အကြင် ဟူသည် အကြင်သို့ သဘောရှိသော။ပ။

ရဟန်း ဟူသည်။ပ။ ဤအရာ၌ ဤဉတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သော မိန်းမကို "ဘိက္ခုနီမ" ဟူ၍ အလိုရှိအပ်၏။

အမျက်ထွက်၍ နှလုံးမသာသောကြောင့် ဟူသည် မမွေ့လျော်သော စိတ် ရှိသည်ဖြစ်၍ ထိခိုက်သောစိတ်ရှိသည်ဖြစ်၍ ငြောင့်ကဲ့သို့ ဖြစ်သော စိတ်ရှိသည်ဖြစ်၍။

ဤသို့ပြောဆိုငြားအံ့ ဟူသည် ဘုရားကို စွန့်ပါ၏။ပ။ အကျင့်သိက္ခာကို စွန့်ပါ၏၊ သာကီဝင်မင်းသမီး ဘုရားသမီးတော်ဖြစ်သော ဤဘိက္ခုနီမတို့သည် သာလျှင် ဘိက္ခုနီမတို့လော၊ ရှက်တတ်၍ ကုက္ကုစ္စရှိသော အကျင့်သိက္ခာကို လိုလားသူ အခြားဘိက္ခုနီမတို့သည်လည်း ရှိကုန်သေး၏၊ ငါသည် ထိုဘိက္ခုနီမတို့၏ အထံ၌ အကျင့်မြတ်ကို ကျင့်တော့အံ့ ဟု ပြောဆို၏။

ထိုဘိက္ခုနီမကို ဟူသည် ဤသို့ ပြောလေ့ရှိသော ဘိက္ခုနီမကို။

ဘိက္ခုနီမတို့က ဟူသည် အခြားသော ဘိက္ခုနီမတို့သည်။

မြင်ကုန် ကြားကုန်သော ဘိက္ခုနီမတို့သည် "အသျှင်မ အမျက်ထွက်၍ နှလုံးမသာသောကြောင့် မြတ်စွာဘုရားကို စွန့်ပါ၏။ပ။ အကျင့်သိက္ခာကို စွန့်ပါ၏၊ သာကီဝင်မင်းသမီး ဘုရားသမီးတော် ဖြစ်သော ဤဘိက္ခုနီမတို့သည်သာလျှင် ဘိက္ခုနီမတို့လော၊ ရှက်တတ်၍ ကုက္ကုစ္စရှိသော အကျင့်သိက္ခာကို လိုလားသူ အခြားဘိက္ခုနီမတို့သည်လည်း ရှိကုန်သေး၏၊ ငါသည် ထိုဘိက္ခုနီမတို့၏ အထံ၌မြတ်သောအကျင့်ကို ကျင့်တော့အံ့ ဟု မဆိုပါလင့်၊ အသျှင်မ မွေ့လျော်ပါလော့၊ မြတ်စွာဘုရားသည်တရားတော်ကို ကောင်းစွာ ဟောထားတော်မူ၏၊ ဆင်းရဲ၏ အဆုံးကို ပြုရန် အလို့ငှါ အကျင့်မြတ်ကို ကောင်းစွာ ကျင့်ပါလော့" ဟု ပြောဆို ဆုံးမရမည်။

http://www.dhammadownload.com



နှစ်ကြိမ်မြောက်လည်း ပြောဆိုဆုံးမရမည်။သုံးကြိမ်မြောက်လည်း ပြောဆိုဆုံးမရမည်။ အကယ်၍ အယူကို စွန့်အံ့၊ ဤသို့ စွန့်ခြင်းသည် ကောင်း၏၊ အကယ်၍ အယူကို မစွန့်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ကြား၍ မပြောမဆိုကုန်အံ၊ ဒုက္ကဋ်အာပတ် သင့်၏။ ထိုဘိက္ခုနီမကို သံဃာအလယ်သို့လည်း ဆွဲငင်၍ "အသျှင်မ အမျက်ထွက်၍ နှလုံးမသာသောကြောင့် 'ဘုရားကို စွန့်ပါ၏။ပ။ အကျင့်သိက္ခာကို စွန့်ပါ၏၊ သာကီဝင် မင်းသမီး ဘုရားသမီးတော်ဖြစ်သော ဤဘိက္ခုနီမတို့သည်သာလျှင် ဘိက္ခုနီမတို့လော၊ ရှက်တတ်၍ ကုက္ကုစ္စရှိသော အကျင့်သိက္ခာကို လိုလားသူ အခြားဘိက္ခုနီမတို့သည်လည်း ရှိကုန်သေး၏၊ ငါသည် ထိုဘိက္ခုနီမတို့၏ အထံ၌ မြတ်သောအကျင့်ကို ကျင့်တော့အံ့' ဟု မဆိုပါလင့်၊ အသျှင်မ မွေ့လျော်ပါလော့၊ မြတ်စွာဘုရားသည် တရားတော်ကို ကောင်းစွာ ဟောထားတော်မူ၏၊ ဆင်းရဲ၏ အဆုံးကိုပြုရန် အလို့ငှါ အကျင့်မြတ်ကို ကောင်းစွာ ကျင့်ပါလော့" ဟု ပြောဆို ဆုံးမရမည်။

နှစ်ကြိမ်မြောက်လည်း ပြောဆိုဆုံးမရမည်။ သုံးကြိမ်မြောက်လည်း ပြောဆိုဆုံးမရမည်။ အအကယ်၍ အယူကို စွန့်အံ့၊ ဤသို့ စွန့်ခြင်းသည် ကောင်း၏၊ အကယ်၍ အယူကို မစွန့်အံ့၊ဒုက္ကဋ်အာပတ် သင့်၏။ ထိုဘိက္ခုနီမကို ဉတ်ကမ္မဝါစာဖြင့် ကောင်းစွာ ဆုံးမရမည်။

ရဟန်းတို့ ဤသို့လျှင် ဉတ်ကမ္မဝါစာဖြင့် ကောင်းစွာ ဆိုဆုံးမရမည်၊ ကျွမ်းကျင် လိမ္မာ၍ စွမ်းရည်ရှိသော ဘိက္ခုနီမသည် သံဃာကို သိစေရမည်။

၃၁၂။ "အသျှင်မတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤမည်သောဘိက္ခုနီမသည် အမျက်ထွက်၍ နှလုံးမသာသောကြောင့် 'ဘုရားကို စွန့်ပါ၏၊ တရားကို စွန့်ပါ၏၊ သံဃာကို စွန့်ပါ၏၊ အကျင့်သိက္ခာကို စွန့်ပါ၏၊ သာကီဝင်မင်းသမီး ဘုရားသမီးတော်ဖြစ်သော ဤဘိက္ခုနီမတို့သည် သာလျှင် ဘိက္ခုနီမတို့လော၊ ရှက်တတ်၍ ကုက္ကုစ္စရှိသော အကျင့်သိက္ခာကို လိုလားသူ အခြားဘိက္ခုနီမတို့သည်လည်း ရှိကုန်သေး၏၊ ငါသည် ထိုဘိက္ခုနီမတို့၏ အထံ၌ မြတ်သောအကျင့်ကို ကျင့်အံ့' ဟု ပြောဆို၏၊ ထိုဘိက္ခုနီမသည် ထိုဝတ္ထုကို မစွန့်၊ သံဃာအား လျော်ကန်သင့်သော အခါရှိသော ကာလသည် အကယ်၍ ဖြစ်ငြားအံ့၊ သံဃာသည် ဤမည်သော ဘိက္ခုနီမကို ထိုဝတ္ထုကို စွန့်စေခြင်းငှါ ဉတ်ကမ္မဝါစာဖြင့် ကောင်းစွာ ဆိုဆုံးမရာ၏၊ ဤကား သိစေခြင်းတည်း။

အသျှင်မတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤမည်သော ဘိက္ခုနီမသည် အမျက်ထွက်၍ နှလုံးမသာသောကြောင့် 'ဘုရားကို စွန့်ပါ၏။ပ။ အကျင့်သိက္ခာကို စွန့်ပါ၏၊ သာကီဝင်မင်းသမီး ဘုရားသမီးတော်ဖြစ်သော ဤဘိက္ခုနီမတို့သည်သာလျှင် ဘိက္ခုနီမတို့လော၊ ရှက်တတ်၍ ကုက္ကုစ္စ ရှိသော အကျင့်သိက္ခာကို လိုလားသူ အခြားဘိက္ခုနီမတို့သည်လည်း ရှိကုန်သေး၏၊ ငါသည် ထိုဘိက္ခုနီမတို့၏အထံ၌ မြတ်သောအကျင့်ကို ကျင့်အံ့' ဟု ပြောဆို၏၊ ထိုဘိက္ခုနီမသည် ထိုဝတ္ထုကို မစွန့်၊ သံဃာသည် ဤမည်သော ဘိက္ခုနီမကို ထိုဝတ္ထုကို စွန့်စေခြင်းငှါ ဉတ်ကမ္မဝါစာဖြင့် ကောင်းစွာ ဆိုဆုံးမ၏၊ ဤမည်သော ဘိက္ခုနီမကို ထိုဝတ္ထုကို စွန့်စေခြင်းငှါ ဉတ်ကမ္မဝါစာဖြင့် ကောင်းစွာဆိုဆုံးမခြင်းကို အကြင်အသျှင်မအား နှစ်သက်ခြင်းရှိ၏၊ ထိုအသျှင်မသည် ဆိတ်ဆိတ်နေရာ၏၊ အကြင် အသျှင်မအား နှစ်သက်ခြင်း မရှိ၊ ထိုအသျှင်မသည် ပြောဆိုရာ၏၊ နှစ်ကြိမ်မြောက်လည်း ဤအကြောင်းကို ပြောဆိုပါ၏။ပ။ သုံးကြိမ်မြောက်လည်း ဤအကြောင်းကို ပြောဆိုပါ၏။ပ။

http://www.dhammadownload.com



သံဃာသည် ဤမည်သော ဘိက္ခုနီမအား ထိုအယူကို စွန့်စေခြင်းငှါ ဉတ်ကမ္မဝါစာဖြင့် ကောင်းစွာ ဆိုဆုံးမအပ်ပြီ၊ သံဃာအား နှစ်သက်ခြင်းရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့် အဖြစ်ကို သိမှတ်ရပါသည်" ဟု (သိစေရမည်)။

ဉတ်၏အဆုံး၌ ဒုက္ကဋ်အာပတ် သင့်၏။ ကမ္မဝါစာ နှစ်ကြိမ်၏ အဆုံး၌ ထုလ္လစ္စဉ်း အာပတ် သင့်၏။ ကမ္မဝါစာ၏အဆုံး၌ သံဃာဒိသိသ် အာပတ် သင့်၏။ သံဃာဒိသိသ် အာပတ်သင့်သော ဘိက္ခုနီမအား ဉတ်၏အဆုံး၌ သင့်သောဒုက္ကဋ် ကမ္မဝါစာနှစ်ကြိမ်တို့၏အဆုံး၌ သင့်သော ထုလ္လစ္စဉ်းအာပတ် တို့သည် ငြိမ်းကုန်၏။

**ဤဘိက္ခုနီမသည်လည်း** ဟူသည် ရှေးအာပတ်သင့်သော ဘိက္ခုနီမတို့ကို ထောက်၍ ဆိုအပ်၏။

**သုံးကြိမ်တိုင်အောင်** ဟူသည် သုံးကြိမ်မြောက်အောင် ဉတ်ကမ္မဝါစာဖြင့် ဆိုဆုံးမသောကြောင့် သင့်၏၊ ဝတ္ထုကိုလွန်ကျူးသည်နှင့် တပြိုင်နက် သင့်သည်မဟုတ်။

**နှင်ထုတ်စေတတ်သော** ဟူသည် သံဃာမှနှင်ထုတ်စေတတ်သော။

**သံဃာဒိသိသ်** ဟူသည်။ပ။ ထို့ကြောင့်လည်း သံဃာဒိသိသ်ဟူ၍ ဆိုအပ်၏။

၇၁၃။ ဓမ္မကံ၌ ဓမ္မကံ ဟု အမှတ်ရှိသည်ဖြစ်၍ အယူကို မစွန့်အံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။ ဓမ္မကံ၌ ယုံမှားရှိသည်ဖြစ်၍ အယူကို မစွန့်အံ့၊ သံဃာဒိသိသ်အာပတ် သင့်၏။ ဓမ္မကံ၌ အဓမ္မကံ ဟု အမှတ်ရှိသည်ဖြစ်၍ အယူကို မစွန့်အံ့၊ သံဃာဒိသိသ်အာပတ် သင့်၏။

အဓမ္မကံ၌ ဓမ္မကံ ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ အဓမ္မကံ၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ အဓမ္မကံ၌ အဓမ္မကံ ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

၇၁၄။ ဉတ်ကမ္မဝါစာဖြင့် မဆိုဆုံးမရသော ဘိက္ခုနီမ အယူကို စွန့်သောဘိက္ခုနီမ ရူးသော ဘိက္ခုနီမ အစလက်ဦး လွန်ကျူးသော ဘိက္ခုနီမတို့အားလည်း အာပတ် မသင့်။

ဒသမသံဃာဒိသိသ်သိက္ခာပုဒ် ပြီး၏။

---

## ၁၁-ဧကာဒသမသံဃာဒိသိသ်သိက္ခာပုဒ်

၇၁၅။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ စဏ္ဍကာဠီ ဘိက္ခုနီမသည် တစုံတခုသော အဓိကရုဏ်း၌ ရှုံးသဖြင့် အမျက်ထွက်၍ နှလုံးမသာသောကြောင့် "ဘိက္ခုနီမတို့သည် ဆန္ဒာဂတိသို့လည်းလိုက်ကုန်၏၊ ဘိက္ခုနီမတို့သည် ဒေါသာဂတိသို့လည်း လိုက်ကုန်၏၊ ဘိက္ခုနီမတို့သည် မောဟာဂတိသို့လည်း လိုက်ကုန်၏၊ ဘိက္ခုနီမတို့သည် ဘယာဂတိသို့လည်း လိုက်ကုန်၏" ဟု ပြောဆို၏။

အလိုနည်းသော ဘိက္ခုနီမတို့သည် "အဘယ်ကြောင့် အသျှင်မ စဏ္ဍကာဠီဘိက္ခုနီမသည် တစုံတခုသော အဓိကရုဏ်း၌ ရှုံးသဖြင့် အမျက်ထွက်၍ နှလုံးမသာသောကြောင့် ဘိက္ခုနီမတို့သည် ဆန္ဒာဂတိသို့လည်း လိုက်ကုန်၏။ပ။ ဘိက္ခုနီမတို့သည် ဘယာဂတိသို့လည်း လိုက်ကုန်၏" ဟု ပြောဆိုဘိသနည်း ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။ "ရဟန်းတို့ စဏ္ဍကာဠီ ဘိက္ခုနီမသည် တစုံတခုသော အဓိကရုဏ်း၌ရှုံးသဖြင့် အမျက်ထွက်၍ နှလုံးမသာသောကြောင့် 'ဘိက္ခုနီမတို့

http://www.dhammadownload.com



သည် ဆန္ဒာဂတိသို့လည်း လိုက်ကုန်၏။ပ။ ဘိက္ခုနီမတို့သည် ဘယာဂတိသို့လည်း လိုက်ကုန်၏’ ဟု ပြောဆို၏ဟူသည် မှန်သလော” ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ အဘယ့်ကြောင့် စဏ္ဍကာဠီဘိက္ခုနီမသည် တစုံတခုသော အဓိကရုဏ်း၌ ရှုံးသဖြင့် အမျက်ထွက်၍ နှလုံးမသာသော ကြောင့် “ဘိက္ခုနီမတို့သည် ဆန္ဒာဂတိသို့လည်း လိုက်ကုန်၏။ပ။ ဘိက္ခုနီမတို့သည် ဘယာဂတိသို့ လည်း လိုက်ကုန်၏” ဟု ပြောဆိုဘိသနည်း။ ရဟန်းတို့ ဤ (စဏ္ဍကာဠီဘိက္ခုနီမ ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ ဖြစ်ခြင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

၁၉။ ၁၁-၇၁၆။ **“အကြင် ဘိက္ခုနီမသည် တစုံတခုသော အဓိကရုဏ်း၌ ရှုံးသဖြင့် အမျက်ထွက်၍ နှလုံးမသာသောကြောင့် ‘ဘိက္ခုနီမတို့သည် ဆန္ဒာဂတိသို့လည်း လိုက်ကုန်၏။ ဘိက္ခုနီမတို့သည် ဒေါသာဂတိသို့လည်း လိုက်ကုန်၏။ ဘိက္ခုနီမတို့သည် မောဟာဂတိသို့လည်း လိုက်ကုန်၏။ ဘိက္ခုနီမတိသည် ဘယာဂတိသို့လည်း လိုက်ကုန်၏’ ဟု ပြောဆိုငြားအံ့၊ ထိုဘိက္ခုနီမကို အခြားဘိက္ခုနီမတို့က ‘အသျှင်မ တစုံတခုသော အဓိကရုဏ်း၌ ရှုံးသဖြင့် အမျက်ထွက်၍ နှလုံးမသာသောကြောင့် ဘိက္ခုနီမတို့သည် ဆန္ဒာဂတိသို့လည်း လိုက်ကုန်၏။ ဘိက္ခုနီမတို့သည် ဒေါသာဂတိသို့လည်း လိုက်ကုန်၏။ ဘိက္ခုနီမတို့သည် မောဟာဂတိသို့လည်းလိုက်ကုန်၏။ ဘိက္ခုနီမတို့သည် ဘယာဂတိသို့လည်း လိုက်ကုန်၏ ဟု မဆိုပါလင့်၊ အသျှင်မသည်သာလျှင် ဆန္ဒာဂတိသို့လည်း လိုက်ရာ၏၊ ဒေါသာဂတိသို့လည်း လိုက်ရာ၏၊ မောဟာဂတိသိလည်း လိုက်ရာ၏၊ ဘယာဂတိသို့လည်း လိုက်ရာ၏’ ဟု ပြောဆိုဆုံးမရာ၏။ ဤသို့လျှင် ထိုဘိက္ခုနီမကို (အခြား) ဘိက္ခုနီမတို့က ဆိုဆုံးမအပ်သည် ဖြစ်လျက် ရှေးနည်းအတူသာလျှင် ပြုမူငြားအံ့၊ ထိုဘိက္ခုနီမကို ဘိက္ခုနီမတို့က သုံးကြိမ်တိုင်အောင်ထိုအယူကို စွန့်စေခြင်းငှါ ဉတ်ကမ္မဝါစာဖြင့် ကောင်းစွာ ဆိုဆုံးမအပ်၏၊ သုံးကြိမ်တိုင်အောင် ဉတ်ကမ္မဝါစာဖြင့် ဆိုဆုံးမအပ်သည်ရှိသော် ထိုအယူကို အကယ်၍ စွန့်ငြားအံ့၊ ဤသို့ စွန့်ခြင်းသည် ကောင်း၏၊ အကယ်၍ မစွန့်ငြားအံ့၊ ဤဘိက္ခုနီမ သည်လည်း သုံးကြိမ်ကိုင်အောင် ဉတ်ကမ္မဝါစာဖြင့် ဆိုဆုံးမသည်၏ အဆုံး၌ သင့်သည်ဖြစ်၍ (သံဃာမှ) နှင်ထုတ်စေတတ်သော သံဃာဒိသိသ် အာပတ် သို့ ရောက်၏”** ဤသို့ (ပြကြစေကုန် လော့ ဟု မိန့်တော်မူ၏)။

## ၁၁-ကောဒသမသံဃာဒိသိသ်သိက္ခာပုဒ် အဖွင့်

၇၁၇။ အကြင် ဟူသည် အကြင်သို့ သဘောရှိသော။ပ။

ဘိက္ခုနီမ ဟူသည်။ပ။ ဤအရာ၌ ဤဉတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သော မိန်းမကို “ဘိက္ခုနီမ” ဟူ၍ အလိုရှိအပ်၏။

တစုံတခုသော အဓိကရုဏ်း၌ ဟူရာ၌ အဓိကရုဏ်း မည်သည် ဝိဝါဒါဓိကရုဏ်း အနုဝါဒါဓိကရုဏ်း အာပတ္တာဓိကရုဏ်း ကိစ္စာဓိကရုဏ်း ဟူ၍ အဓိကရုဏ်း လေးပါးတို့တည်း။

ရှုံးသဖြင့် မည်သည် မနိုင်သည်ကို ဆိုရ၏။

http://www.dhammadownload.com



အမျက်ထွက်၍ နှလုံးမသာသောကြောင့် ဟူသည် မမွေ့လျော်သော စိတ်ရှိသည်ဖြစ်၍ ထိခိုက်သော စိတ်ရှိသည်ဖြစ်၍ ငြောင့်ကဲ့သို့ဖြစ်သော စိတ်ရှိသည်ဖြစ်၍။

ဤသို့ပြောဆိုငြားအံ့ ဟူသည် ဘိက္ခုနီမတို့သည် ဆန္ဒာဂတိသို့လည်း လိုက်ကုန်၏။ပ။ ဘိက္ခုနီမတို့သည် ဘယာဂတိသို့လည်း လိုက်ကုန်၏ ဟု ပြောဆိုငြားအံ့။

ဧဝံဘိက္ခုနီမကို ဟူသည် ဤသို့ပြောဆိုလေ့ရှိသော ဘိက္ခုနီမကို ။

ဘိက္ခုနီမတို့က ဟူသည် အခြားသော ဘိက္ခုနီမတို့သည်။

မြင်ကုန် ကြားကုန်သော ဘိက္ခုနီမတို့က "အသျှင်မ တစုံတခုသော အဓိကရုဏ်း၌ ရှုံးသဖြင့် အမျက်ထွက်၍ နှလုံးမသာသောကြောင့် 'ဘိက္ခုနီမတို့သည် ဆန္ဒာဂတိသို့လည်း လိုက်ကုန်၏။ပ။ ဘိက္ခုနီမတို့သည် ဘယာဂတိသို့လည်း လိုက်ကုန်၏' ဟု မပြောဆိုပါလင့်၊ အသျှင်မ သည်သာလျှင် ဆန္ဒာဂတိသို့လည်း လိုက်ရာ၏။ပ။ ဘယာဂတိသို့လည်း လိုက်ရာ၏" ဟု ပြောဆိုဆုံးမရမည်။ နှစ်ကြိမ်မြောက်လည်း ပြောဆိုဆုံးမရမည်။ သုံးကြိမ်မြောက်လည်း ပြောဆိုဆုံးမရမည်။ အကယ်၍ အယူကို စွန့်အံ့၊ ဤသို့အယူကိုစွန့်ခြင်းသည် ကောင်း၏၊ အကယ်၍ အယူကို မစွန့်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ကြား၍ မပြောဆိုအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ထိုဘိက္ခုနီမကို သံဃာအလယ်သို့လည်း ဆွဲငင်၍ "အသျှင်မ တစုံတခုသော အဓိကရုဏ်း၌ရှုံးသဖြင့် အမျက်ထွက်၍ နှလုံးမသာသောကြောင့် 'ဘိက္ခုနီမတို့သည် ဆန္ဒာဂတိသို့လည်း လိုက်ကုန်၏။ပ။ ဘိက္ခုနီမတို့သည် ဘယာဂတိသို့လည်း လိုက်ကုန်၏' ဟု မပြောဆိုပါလင့်၊ အသျှင်မသည်သာလျှင် ဆန္ဒာဂတိသို့လည်း လိုက်ရာ၏။ပ။ ဘယာဂတိသို့လည်း လိုက်ရာ၏" ဟု ပြောဆိုဆုံးမရမည်။ နှစ်ကြိမ်မြောက်လည်း ပြောဆိုဆုံးမရမည်။ သုံးကြိမ်မြောက်လည်း ပြောဆိုဆုံးမရမည်။ အကယ်၍ အယူကို စွန့်အံ့၊ ဤသို့အယူကိုစွန့်ခြင်းသည် ကောင်း၏၊ အကယ်၍ အယူကိုမစွန့်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ထိုဘိက္ခုနီမကို ဉတ်ကမ္မဝါစာဖြင့် ကောင်းစွာဆိုဆုံးမရမည်။

ရဟန်းတို့ ဤသို့လျှင် ဆိုဆုံးမရမည်၊ ကျမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ဘိက္ခုနီမသည် သံဃာကို သိစေရမည်။

၇၁၇။ "အသျှင်မတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤမည်သော ဘိက္ခုနီမသည် တစုံတခုသော အဓိကရုဏ်း၌ ရှုံးသဖြင့် အမျက်ထွက်၍ နှလုံးမသာသောကြောင့် 'ဘိက္ခုနီမတို့သည် ဆန္ဒာဂတိသို့လည်း လိုက်ကုန်၏။ပ။ ဘိက္ခုနီမတို့သည် ဘယာဂတိသို့လည်း လိုက်ကုန်၏' ဟု ပြောဆို၏၊ ထိုဘိက္ခုနီမသည် ထိုအယူကိုမစွန့်၊ သံဃာအား လျောက်ပတ်သော အခါရှိသော်သည် အကယ်၍ ဖြစ်ငြားအံ့၊ သံဃာသည် ဤမည်သော ဘိက္ခုနီမအား ထိုအယူကို စွန့်စေခြင်းငှါ ဉတ်ကမ္မဝါစာဖြင့် ကောင်းစွာဆိုဆုံးမရာ၏၊ ဤကား သိစေခြင်းတည်း။

အသျှင်မတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤမည်သော ဘိက္ခုနီမသည် တစုံတခုသော အဓိကရုဏ်း၌ ရှုံးသဖြင့် အမျက်ထွက်၍ နှလုံးမသာသောကြောင့် 'ဘိက္ခုနီမတို့သည် ဆန္ဒာဂတိသို့လည်း လိုက်ကုန်၏။ပ။ ဘိက္ခုနီမတို့သည် ဘယာဂတိသို့လည်း လိုက်ကုန်၏' ဟု ပြောဆို၏၊ ထိုဘိက္ခုနီမသည် ထိုအယူကိုမစွန့်၊ သံဃာသည် ဤမည်သော ဘိက္ခုနီမကို ထိုအယူကိုစွန့်စေခြင်းငှါ ဉတ်ကမ္မဝါစာဖြင့် ကောင်းစွာ ဆိုဆုံးမ၏၊ ဤမည်သော ဘိက္ခုနီမအား ထိုအယူကိုစွန့်စေခြင်းငှါ ဉတ်ကမ္မဝါစာဖြင့် ဆိုဆုံးမခြင်းကို အကြင် အသျှင်မ

http://www.dhammadownload.com



အား နှစ်သက်ခြင်းရှိ၏၊ ထိုအသျှင်မသည် ဆိတ်ဆိတ်နေရာ၏၊ အကြင်အသျှင်မအား နှစ်သက်ခြင်းမရှိ၊ ထိုအသျှင်မသည် ပြောဆိုရာ၏၊ နှစ်ကြိမ်မြောက်လည်း ဤအကြောင်းကို ပြောဆိုပါ၏။ပ။ သုံးကြိမ်မြောက်လည်း ဤအကြောင်းကို ပြောဆိုပါ၏။ပ။

သံဃာသည် ဤမည်သော ဘိက္ခုနီမအား ထိုအယူကိုစွန့်စေခြင်းငှါ ဥတ်ကမ္မဝါစာဖြင့် ကောင်းစွာဆိုဆုံးမအပ်ပြီ၊ သံဃာအား နှစ်သက်ခြင်းရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့် အဖြစ်ကို သိမှတ်ရပါသည်" ဟု (သိစေရမည်)။

ဥတ်၏အဆုံး၌ ဒုက္ကဋ်အာပတ် သင့်၏။ ကမ္မဝါစာ နှစ်ကြိမ်တို့၏ အဆုံး၌ ထုလ္လစ္စဉ်းအာပတ် သင့်၏။ ကမ္မဝါစာ၏ အဆုံး၌ သံဃာဒိသိသ် အာပတ် သင့်၏။

သံဃာဒိသိသ် အာပတ် သင့်သော ဘိက္ခုနီမအား ဥတ်၏အဆုံး၌ သင့်သောဒုက္ကဋ် ကမ္မဝါစာ နှစ်ကြိမ်တို့၏အဆုံး၌ သင့်သော ထုလ္လစ္စဉ်းအာပတ် တို့သည် ငြိမ်းကုန်၏။

**ဤဘိက္ခုနီမသည်လည်း** ဟူသည် ရှေးအာပတ်သင့်သော ဘိက္ခုနီမတို့ကို ထောက်၍ဆိုအပ်၏။

**သုံးကြိမ်တိုင်အောင်** ဟူသည် သုံးကြိမ်တိုင်အောင် ဥတ်ကမ္မဝါစာဖြင့် ဆိုဆုံးမခြင်းကြောင့် သင့်၏၊ ဝတ္ထုကို လွန်ကျူးသည်နှင့်တပြိုင်နက် သင့်သည်မဟုတ်။

**နှင်ထုတ်စေတတ်သော** ဟူသည် သံဃာမှ နှင်ထုတ်စေတတ်သော။

**သံဃာဒိသိသ်** ဟူသည်။ပ။ ထို့ကြောင့်လည်း သံဃာဒိသိသ် ဟူ၍ ဆိုအပ်၏။

၇၁၉။ ဓမ္မကံ၌ ဓမ္မကံ ဟု အမှတ်ရှိသည်ဖြစ်၍ အယူကိုမစွန့်အံ့၊ သံဃာဒိသိသ်အာပတ် သင့်၏။ ဓမ္မကံ၌ ယုံမှားရှိသည်ဖြစ်၍ အယူကို မစွန့်အံ့၊ သံဃာဒိသိသ်အာပတ် သင့်၏။

ဓမ္မကံ၌ အဓမ္မကံ ဟု အမှတ်ရှိသည်ဖြစ်၍ အယူကို မစွန့်အံ့၊ သံဃာဒိသိသ်အာပတ် သင့်၏။

အဓမ္မကံ၌ ဓမ္မကံ ဟု အမှတ်ရှိအံ့၊ ဒုက္កဋ်အာပတ် သင့်၏။ အဓမ္မကံ၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ အဓမ္မကံ၌ အဓမ္မကံ ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

၇၂၀။ ဥတ်ကမ္မဝါစာဖြင့် မဆိုဆုံးမရသေးသောဘိက္ခုနီမ အယူကိုစွန့်သော ဘိက္ခုနီမ ရူးသောဘိက္ခုနီမ အစလက်ဦး လွန်ကျူးသော ဘိက္ခုနီမတို့အားလည်း အာပတ် မသင့်။

ကောဒသမသံဃာဒိသိသ်သိက္ခာပုဒ် ပြီး၏။

---

## ၁၂-ဒုတိယသမသံဃာဒိသိသ်သိက္ခာပုဒ်

၇၂၁။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ထုလ္လနန္ဒာ ဘိက္ခုနီမ၏ အနီးနေတပည့် ဘိက္ခုနီမတို့သည် လူတို့နှင့်ရောနှောကာ ယုတ်မာသောအကျင့် ယုတ်မာသော ကျော်စောသံ 'မကောင်းသတင်း' ယုတ်မာသော အသက်မွေးခြင်း ရှိလျက် ဘိက္ခုနီသံဃာအား ညှဉ်းဆဲပြီးလျှင် အချင်းချင်းအပြစ်ကို ဖုံးလွှမ်းလျက် နေကုန်၏။

http://www.dhammadownload.com



အလိုနည်းသော ဘိက္ခုနီမတို့သည် "အဘယ့်ကြောင့် ဘိက္ခုနီမတို့သည် လူတို့နှင့်ရောနှောကာ ယုတ်မာသောအကျင့် ယုတ်မာသော ကျော်စောသံ ယုတ်မာသော အသက်မွေးခြင်းရှိလျက် ဘိက္ခုနီသံဃာအား ညှဉ်းဆဲပြီးလျှင် အချင်းချင်းအပြစ်ကို ဖုံးလွှမ်းလျက် နေကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ ဘိက္ခုနီမတို့သည် လူတို့နှင့် ရောနှောကာ ယုတ်မာသောအကျင့် ယုတ်မာသော ကျော်စောသံ ယုတ်မာသော အသက်မွေးခြင်းရှိလျက် ဘိက္ခုနီ သံဃာအား ညှဉ်းဆဲပြီးလျှင် အချင်းချင်း အပြစ်ကို ဖုံးလွှမ်းလျက် နေကုန်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ ဘိက္ခုနီမတို့သည် အဘယ့်ကြောင့် လူတို့နှင့်ရောနှောကာ ယုတ်မာသောအကျင့် ယုတ်မာသော ကျော်စောသံ ယုတ်မာသောအသက်မွေးခြင်းရှိလျက် ဘိက္ခုနီသံဃာအား ညှဉ်းဆဲပြီးလျှင် အချင်းချင်း အပြစ်ကို ဖုံးလွှမ်းလျက်နေကုန်ဘိသနည်း။ ရဟန်းတို့ ဤ (ဘိက္ခုနီမတို့ ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

**၂၀။ ၁၂-၇၂၂။ ဘိက္ခုနီမတို့သည်သာလျှင် လူတို့နှင့် ရောနှောကာ ယုတ်မာသောအကျင့် ယုတ်မာသော ကျော်စောသံ ယုတ်မာသော အသက်မွေးခြင်းရှိလျက် ဘိက္ခုနီသံဃာအား ညှဉ်းဆဲပြီးလျှင် အချင်းချင်း အပြစ်ကို ဖုံးလွှမ်းလျက် နေကုန်၏၊ ထိုဘိက္ခုနီမတို့ကို အခြား ဘိက္ခုနီမတို့က 'ညီမ အစ်မ တို့သည် လူတို့နှင့် ရောနှောကာ ယုတ်မာသော အကျင့် ယုတ်မာသော ကျော်စောသံ ယုတ်မာသော အသက်မွေးခြင်း ရှိလျက် ဘိက္ခုနီသံဃာအား ညှဉ်းဆဲပြီးလျှင် အချင်းချင်း အပြစ်ကို ဖုံးလွှမ်းလျက် နေကုန်၏၊ အသျှင်မတို့ ဆိတ်ငြိမ်စွာနေကုန်လော့၊ ညီမ အစ်မတို့၏ ဆိတ်ငြိမ်စွာနေခြင်းကိုသာလျှင် သံဃာက ချီးမွမ်း၏' ဟု ပြောဆိုရာ၏။ ဤသို့လျှင် ထိုဘိက္ခုနီမတို့ကို အခြားသော ဘိက္ခုနီမတို့က ပြောဆိုအပ်ပါလျက် ရှေးနည်းအတူသာလျှင် ချီးမြှောက်ပြောဆိုကုန်ငြားအံ့၊ ထိုဘိက္ခုနီမတို့ကို အခြား ဘိက္ခုနီမတို့က သုံးကြိမ်တိုင်အောင် ထိုအယူကို စွန့်စေခြင်းငှါ ဉတ်ကမ္မဝါစာဖြင့် ကောင်းစွာ ဆိုဆုံးမရမည်၊ သုံးကြိမ်တိုင်အောင် ဉတ်ကမ္မဝါစာဖြင့် ဆိုဆုံးမအပ်သော် ထိုအယူကို အကယ်၍ စွန့်ကုန်အံ့၊ ဤသို့ စွန့်ခြင်းသည်ကောင်း၏၊ အကယ်၍ မစွန့်ကုန်အံ့၊ ဤဘိက္ခုနီမတို့သည်လည်း သုံးကြိမ်တိုင်အောင် ဉတ်ကမ္မဝါစာဖြင့် ဆိုဆုံးမသည်၏ အဆုံး၌ သင့်သည်ဖြစ်၍ (သံဃာမှ) နှင်ထုတ်စေတတ်သော သံဃာဒိသိသ်အာပတ်သို့ ရောက်ကုန်၏"** ဤသို့ (ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)။

## ၁၂-ဒွါဒသမသံဃာဒိသိသ်သိက္ခာပုဒ် အဖွင့်

၇၂၃။ ဘိက္ခုနီမတို့သည်သာလျှင် ဟူသည် ပဋ္ဌင်းဖြစ်သော ဘိက္ခုနီမတို့ကို ဆိုအပ်ကုန်၏။

လူတို့နှင့်ရောနှောကာ နေကုန်၏ ဟူရာ၌ ရောနှောခြင်း မည်သည် ရဟန်းတို့အား မလျှောက်ပတ်သော ကိုယ်မှု နှုတ်မှုဖြင့် ရောနှော၍နေကုန်၏။

http://www.dhammadownload.com



**ယုတ်မာသော အကျင့်ရှိလျက်** ဟူသည် ယုတ်မာသောအကျင့်နှင့် ပြည့်စုံကုန်၏။

**ယုတ်မာသော ကျော်စောသံ ရှိလျက်** ဟူသည် ယုတ်မာသော ကျော်စောသံဖြင့်'မကောင်းသတင်း' ဖြင့် ပြန့်နှံ့ ကျော်ကြားကုန်၏။

**ယုတ်မာသော အသက်မွေးခြင်း ရှိလျက်** ဟူသည် ယုတ်မာသော မှားသော အသက်မွေးခြင်းဖြင့် အသက်မွေးခြင်းကို ပြုကုန်၏။

**ဘိက္ခုနီသံဃာအား ညှဉ်းဆဲပြီးလျှင်** ဟူသည် အချင်းချင်း၏ကံကို ပြုသည်ရှိသော် တားမြစ်ကန့်ကွက်ကုန်၏။

**အချင်းချင်းအပြစ်ကိုဖုံးလွှမ်းလျက်** ဟူသည် အချင်းချင်း အပြစ်ကို ဖုံးလွှမ်းကုန်၏။

**ထိုဘိက္ခုနီမတို့ကို** ဟူသည် လူတို့နှင့်ရောနှော၍ နေသော ဘိက္ခုနီမတို့ကို။

**ဘိက္ခုနီမတို့က** ဟူသည် အခြားသော ဘိက္ခုနီမတို့သည်။

မြင်ကုန် ကြားကုန်သော ဘိက္ခုနီမတို့က "ညီမ အစ်မတို့သည် လူတို့နှင့်ရောနှောကာ ယုတ်မာသော အကျင့် ယုတ်မာသော ကျော်စောသံ ယုတ်မာသော အသက်မွေးခြင်းရှိလျက် ဘိက္ခုနီသံဃာအား ညှဉ်းဆဲပြီးလျှင် အချင်းချင်း အပြစ်ကို ဖုံးလွှမ်းလျက် နေကုန်၏၊အသျှင်မတို့ ဆိတ်ငြိမ်စွာနေကုန်လော့၊ ညီမအစ်မတို့၏ ဆိတ်ငြိမ်စွာ နေခြင်းကိုသာလျှင် သံဃာက ချီးမွမ်း၏" ဟု ပြောဆိုဆုံးမရမည်။

နှစ်ကြိမ်မြောက်လည်း ပြောဆိုဆုံးမရမည်၊ သုံးကြိမ်မြောက်လည်း ပြောဆိုဆုံးမရမည်။ အကယ်၍ အယူကိုစွန့်ကုန်အံ့၊ ဤသို့စွန့်ခြင်းသည် ကောင်း၏၊ အကယ်၍ အယူကိုမစွန့်ကုန်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ကြား၍မပြောမဆိုကုန်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ထိုဘိက္ခုနီမတို့ကို သံဃာအလယ်သို့လည်း ဆွဲငင်၍ "ညီမအစ်မတို့သည် လူတို့နှင့် ရောနှောကာ ယုတ်မာသောအကျင့် ယုတ်မာသော ကျော်စောသံ ယုတ်မာသော အသက်မွေးခြင်း ရှိလျက် ဘိက္ခုနီသံဃာအား ညှဉ်းဆဲပြီးလျှင် အချင်းချင်းအပြစ်ကို ဖုံးလွှမ်းလျက် နေကုန်၏၊ အသျှင်မတို့ ဆိတ်ငြိမ်စွာနေကုန်လော့၊ ညီမအစ်မတို့၏ ဆိတ်ငြိမ်စွာ နေခြင်းကိုသာလျှင် သံဃာက ချီးမွမ်း၏" ဟု ပြောဆိုဆုံးမရမည်။

နှစ်ကြိမ်မြောက်လည်း ပြောဆို ဆုံးမရမည်။ သုံးကြိမ်မြောက်လည်း ပြောဆိုဆုံးမရမည်။ အကယ်၍ အယူကို စွန့်ကုန်အံ့၊ ဤသို့ စွန့်ခြင်းသည် ကောင်း၏၊ အကယ်၍ အယူကို မစွန့်ကုန်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ထိုဘိက္ခုနီမတို့ကို ဉတ်ကမ္မဝါစာဖြင့် ကောင်းစွာ ဆိုဆုံးမရမည်။

ရဟန်းတို့ ဤသို့လျှင် ကောင်းစွာ ဆိုဆုံးမရမည်၊ ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ဘိက္ခုနီမသည် သံဃာကို သိစေရမည်။

၇၂၄။ "အသျှင်မတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤမည် ဤမည်သော ဘိက္ခုနီမတို့သည် လူတို့နှင့် ရောနှောကာ ယုတ်မာသောအကျင့် ယုတ်မာသော ကျော်စောသံ ယုတ်မာသော အသက်မွေးခြင်းရှိလျက် ဘိက္ခုနီသံဃာအား ညှဉ်းဆဲပြီးလျှင် အချင်းချင်း အပြစ်ကို ဖုံးလွှမ်းလျက် နေကုန်၏၊ ထိုဘိက္ခုနီမတို့သည် ထိုအယူကို မစွန့်ကုန်၊ သံဃာအား လျောက်ပတ်သော အခါရှိသော် ကံသည် အကယ်၍ ဖြစ်ငြားအံ့၊ သံဃာသည်

http://www.dhammadownload.com



ဤမည် ဤမည်သော ဘိက္ခုနီမတို့ကို ထိုအယူကို စွန့်စေခြင်းငှါ ဉတ်ကမ္မဝါစာဖြင့် ကောင်းစွာ ဆိုဆုံးမရာ၏၊ ဤကား သိစေခြင်းတည်း။

အသျှင်မတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤမည် ဤမည်သော ဘိက္ခုနီမတို့သည် လူတို့နှင့် ရောနှောကာ ယုတ်မာသော အကျင့် ယုတ်မာသော ကျော်စောသံ ယုတ်မာသော အသက်မွေးခြင်းရှိလျက် ဘိက္ခုနီသံဃာအား ညှဉ်းဆဲပြီးလျှင် အချင်းချင်း အပြစ်ကို ဖုံးလွှမ်းလျက် နေကုန်၏၊ ထိုဘိက္ခုနီမတို့သည် ထိုအယူကို မစွန့်ကုန်၊ သံဃာသည် ဤမည် ဤမည်သော ဘိက္ခုနီမတို့ကို ထိုအယူကို စွန့်စေခြင်းငှါ ဉတ်ကမ္မဝါစာဖြင့် ကောင်းစွာ ဆိုဆုံးမ၏၊ ဤမည် ဤမည်သော ဘိက္ခုနီမတို့ကို ထိုအယူကို စွန့်စေခြင်းငှါ ဉတ်ကမ္မဝါစာဖြင့် ကောင်းစွာ ဆိုဆုံးမခြင်းကို အကြင်အသျှင်မအား နှစ်သက်ခြင်းရှိ၏၊ ထိုအသျှင်မသည် ဆိတ်ဆိတ်နေရာ၏၊ အကြင် အသျှင်မအား နှစ်သက်ခြင်းမရှိ၊ ထိုအသျှင်မသည် ပြောဆိုရာ၏။ နှစ်ကြိမ်မြောက်လည်း ဤအကြောင်းကိုပြောဆိုပါ၏။ပ။ သုံးကြိမ်မြောက်လည်း ဤအကြောင်းကို ပြောဆို ပါ၏။ပ။ သံဃာသည် ဤမည် ဤမည်သော ဘိက္ခုနီမတို့ကို ထိုအယူကို စွန့်စေခြင်းငှါ ဉတ်ကမ္မဝါစာဖြင့် ကောင်းစွာ ဆိုဆုံးမအပ်ကုန်ပြီ၊ သံဃာအား နှစ်သက်ခြင်း ရှိ၏၊ ထို့ကြောင့်ဆိတ်ဆိတ်နေ၏၊ ဤသို့ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့်အဖြစ်ကို သိမှတ်ရပါသည်" ဟု (သိစေရမည်)။

ဉတ်၏အဆုံး၌ ဒုက္ကဋ်အာပတ် သင့်၏၊ ကမ္မဝါစာ နှစ်ကြိမ်တို့၏ အဆုံး၌ ထုလ္လစ္စဉ်း အာပတ် သင့်၏။ ကမ္မဝါစာ၏ အဆုံး၌ သံဃာဒိသိသ် အာပတ် သင့်၏။

သံဃာဒိသိသ် အာပတ်သင့်သော ဘိက္ခုနီမတို့အား ဉတ်၏ အဆုံး၌ သင့်သော ဒုက္ကဋ် ကမ္မဝါစာ နှစ်ကြိမ်တို့၏ အဆုံး၌ သင့်သော ထုလ္လစ္စဉ်း အာပတ်တို့သည် ငြိမ်းကုန်၏၊ နှစ်ယောက် သုံးယောက် သောဘိက္ခုနီမတို့ကို တပြိုင်နက် ဆိုဆုံးမရမည်၊ ထို့ထက်ပိုလွန်သော ဘိက္ခုနီမတို့ကို မဆုံးမရ။

**ဤဘိက္ခုနီမတို့သည်လည်း** ဟူသည် ရှေးအာပတ်သင့်သော ဘိက္ခုနီမတို့ကို ထောက်၍ ဆိုအပ်ကုန်၏။

**သုံးကြိမ်တိုင်အောင်** ဟူသည် သုံးကြိမ်တိုင်အောင် ဉတ်ကမ္မဝါစာဖြင့် ဆိုဆုံးမခြင်းကြောင့် သင့်ကုန်၏၊ ဝတ္ထုကို လွန်ကျူးသည်နှင့် တပြိုင်နက် သင့်သည် မဟုတ်ကုန်။

**နှင်ထုတ်စေတတ်သော** ဟူသည် သံဃာမှ နှင်ထုတ်စေတတ်သော။

**သံဃာဒိသိသ်** ဟူသည် ။ပ။ ထို့ကြောင့်လည်း သံဃာဒိသိသ် ဟူ၍ ဆိုအပ်၏။

၇၂၅။ ဓမ္မကံ၌ ဓမ္မကံ ဟု အမှတ်ရှိသည်ဖြစ်၍ အယူကို မစွန့်ကုန်အံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။ ဓမ္မကံ၌ ယုံမှားရှိသည်ဖြစ်၍ အယူကို မစွန့်ကုန်အံ့၊ သံဃာဒိသိသ်အာပတ် သင့်၏။ ဓမ္မကံ၌ အဓမ္မကံ ဟု အမှတ်ရှိသည်ဖြစ်၍ အယူကို မစွန့်ကုန်အံ့၊ သံဃာဒိသိသ်အာပတ် သင့်၏။

အဓမ္မကံ၌ ဓမ္မကံ ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ အဓမ္မကံ၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ အဓမ္မကံ၌ အဓမ္မကံ ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

၇၂၆။ ဉတ်ကမ္မဝါစာဖြင့် မဆိုဆုံးမရသော ဘိက္ခုနီမ အယူကို စွန့်သော ဘိက္ခုနီမ ရူးသော ဘိက္ခုနီမ အစလက်ဦး လွန်ကျူးသော ဘိက္ခုနီမတို့အားလည်း အာပတ် မသင့်။

ဒွါဒသမသံဃာဒိသိသ်သိက္ခာပုဒ် ပြီး၏။

http://www.dhammadownload.com



## ၁၃-တေရသမသံဃာဒိသိသ်သိက္ခာပုဒ်

၃၂၃။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ထုလ္လနန္ဒာ ဘိက္ခုနီမသည် သံဃာက ဥက္ခိတ္တကမ္မဝါစာဖြင့် ဆိုဆုံးမအပ်ပြီးသော ဘိက္ခုနီမတို့ကို—

"အသျှင်မတို့ သင်တို့သည် လူတို့နှင့် ရောနှောရ၍သာလျှင် နေကုန်လော့၊ သင်တို့သည် တသီးတခြားစီ မနေကုန်လင့်၊ ဤသို့သော အကျင့် ဤသို့သော ကျော်စောသံ ဤသို့သော အသက်မွေးခြင်း ရှိကုန်လျက် ဘိက္ခုနီသံဃာအား ညှဉ်းဆဲပြီးလျှင် အချင်းချင်း အပြစ်ကို ဖုံးလွှမ်းတတ်သော အခြားဘိက္ခုနီမတို့သည်လည်း သံဃာ၌ ရှိကုန်၏၊ ထိုဘိက္ခုနီမတို့ကိုမူကား သံဃာက တစုံတရာမျှ မပြောမဆိုပဲ သင်တို့ကိုသာလျှင် မထေမဲ့မြင် ပြုသဖြင့်ရှင်း နှိပ်စက်သဖြင့်ရှင်း သည်းမခံသဖြင့်ရှင်း နိုင်ထက်စီးနင်း ပြောဆိုသဖြင့်ရှင်း (အသျှင်မတို့) အားနည်းသဖြင့်ရှင်း ညီမ အစ်မတို့ သည်သာလျှင် လူတို့နှင့်ရောနှောကာ ယုတ်မာသောအကျင့် ယုတ်မာသော ကျော်စောသံ ယုတ်မာသော အသက်မွေးခြင်းရှိလျက် ဘိက္ခုနီသံဃာအား ညှဉ်းဆဲပြီးလျှင် အချင်းချင်း အပြစ်ကို ဖုံးလွှမ်းကုန်၏၊ အသျှင်မတို့ ဆိတ်ငြိမ်စွာ နေကုန်လော့၊ ညီမ အစ်မတို့၏ ဆိတ်ငြိမ်စွာ နေခြင်းကိုသာလျှင် သံဃာသည် ချီးမွမ်း၏" ဟု ဤသို့ပြောဆိုသည် ဟု ပြောဆို၏။

အလိုနည်းသော ဘိက္ခုနီမတို့သည် "အဘယ့်ကြောင့် အသျှင်မ ထုလ္လနန္ဒာသည် သံဃာက ဥက္ခိတ္တကမ္မဝါစာဖြင့် ဆိုဆုံးမအပ်ပြီးသော ဘိက္ခုနီမတို့ကို အသျှင်မတို့ သင်တို့သည် လူတို့နှင့် ရောနှောသည်ဖြစ်၍သာလျှင် နေကုန်လော့၊ သင်တို့သည် တသီးတခြားစီ မနေကုန်လင့်၊ အခြားဘိက္ခုနီမတို့ သည်လည်း သံဃာ၌ ရှိကုန်၏။ပ။ အသျှင်မတို့ ဆိတ်ငြိမ်စွာ နေကုန်လော့၊ ညီမအစ်မတို့၏ ဆိတ်ငြိမ်စွာနေခြင်းကိုသာလျှင် သံဃာကချီးမွမ်း၏" ဟု သံဃာက ဆိုသည်ဟူ၍ ပြောဆိုဘိသနည်း ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ ထုလ္လနန္ဒာ ဘိက္ခုနီမသည် သံဃာက ဥက္ခိတ္တကမ္မဝါစာဖြင့် ဆိုဆုံးမအပ်ပြီးသော ဘိက္ခုနီမတို့ကို 'အသျှင်မတို့ သင်တို့သည် လူတို့နှင့် ရောနှောသည် ဖြစ်၍သာလျှင် နေကုန်လော့၊ သင်တို့သည် တသီးတခြားစီ မနေကုန်လင့်၊ ဤသို့သော အကျင့် ဤသို့သော ကျော်စောသံ ဤသို့သော အသက်မွေးခြင်း ရှိကုန်လျက် ဘိက္ခုနီသံဃာအား ညှဉ်းဆဲပြီးလျှင် အချင်းချင်း အပြစ်ကို ဖုံးလွှမ်းတတ်သော အခြား ဘိက္ခုနီမတို့သည်လည်း သံဃာ၌ ရှိကုန်၏၊ ထိုဘိက္ခုနီမတို့ကိုမူကား သံဃာသည် တစုံတရာမျှ မပြောမဆိုပဲ သင်တို့ကိုသာလျှင် မထီမဲ့မြင်ပြုသဖြင့်ရှင်း နှိပ်စက်သဖြင့်ရှင်း သည်းမခံသဖြင့်ရှင်း နိုင်ထက်စီးနင်း ပြောဆိုသဖြင့်ရှင်း (အသျှင်မတို့) အားနည်းသဖြင့်ရှင်း ညီမ အစ်မတို့သည်သာလျှင် လူတို့နှင့်ရောနှောကာ ယုတ်မာသော အကျင့် ယုတ်မာသော ကျော်စောသံ ယုတ်မာသော အသက်မွေးခြင်း ရှိကုန်လျက် ဘိက္ခုနီသံဃာအား ညှဉ်းဆဲပြီးလျှင် အချင်းချင်း အပြစ်ကို ဖုံးလွှမ်းကုန်၏၊ အသျှင်မတို့ ဆိတ်ငြိမ်စွာ နေကုန်လော့၊ ညီမ အစ်မတို့၏ ဆိတ်ငြိမ်စွာ နေခြင်းကိုသာလျှင် သံဃာသည် ချီးမွမ်း၏' ဟု သံဃာက ဆိုသည် ဟူ၍ ပြောဆိုချက်သည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဝိ-မြန် ၂-၂၃

http://www.dhammadownload.com



ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ အဘယ့်ကြောင့် ထုလ္လနန္ဒာ ဘိက္ခုနီမသည် သံဃာက ဥတ်ကမ္မဝါစာဖြင့် ဆိုဆုံးမအပ်ပြီးသော ဘိက္ခုနီမတို့ကို "အသျှင်မတို့ သင်တို့သည် လူတို့နှင့် ရောနှောသည် ဖြစ်၍သာလျှင် နေကုန်လော့၊ သင်တို့သည် တသီးတခြားစီ မနေကုန်လင့်၊ အခြား ဘိက္ခုနီမတို့သည်လည်း သံဃာ၌ ရှိကုန်၏။ပ။ အသျှင်မတို့ ဆိတ်ငြိမ်စွာ နေကုန်လော့၊ ညီမ အစ်မတို့၏ ဆိတ်ငြိမ်စွာ နေခြင်းကိုသာလျှင် သံဃာသည် ချီးမွမ်း၏" ဟု သံဃာက ဆိုသည်ဟူ၍ ပြောဆိုဘိသနည်း။ ရဟန်းတို့ ဤ (ထုလ္လနန္ဒာပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ ရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

၂၁။ ၁၃-၇၂၈။ "အကြင် ဘိက္ခုနီမသည် 'အသျှင်မတို့ သင်တို့သည် လူတို့နှင့် ရောနှောသည်ဖြစ်၍ သာလျှင် နေကုန်လော့၊ သင်တို့သည် တသီးတခြားစီ မနေကုန်လင့်၊ ဤသို့သော အကျင့် ဤသို့သော ကျော်စောသံ ဤသို့သော အသက်မွေးခြင်း ရှိကုန်လျက် ဘိက္ခုနီသံဃာအား ညှဉ်းဆဲပြီးလျှင် အချင်းချင်း အပြစ်ကို ဖုံးလွှမ်းတတ်ကုန်သော အခြား ဘိက္ခုနီမတို့လည်လည်း သံဃာ၌ ရှိကုန်၏၊ သံဃာသည် ထိုဘိက္ခုနီမတို့ကို တစုံတရာမျှ မပြောမဆိုပဲ သင်တို့ကိုသာလျှင် မထီမဲ့မြင် ပြုသဖြင့်ရင်း နှိပ်စက်သဖြင့်ရင်း သည်းမခံသဖြင့်ရင်း နိုင်ထက်စီးနင်းပြောသဖြင့်ရင်း (အသျှင်မတို့) အားနည်းသဖြင့်ရင်း ညီမ အစ်မတို့သည်သာလျှင် လူတို့နှင့် ရောနှောကာ ယုတ်မာသော အကျင့် ယုတ်မာသော ကျော်စောသံ ယုတ်မာသော အသက်မွေးခြင်း ရှိကုန်လျက် ဘိက္ခုနီသံဃာအား ညှဉ်းဆဲပြီးလျှင် အချင်းချင်း အပြစ်ကို ဖုံးလွှမ်းတတ်ကုန်၏၊ အသျှင်မတို့ ဆိတ်ငြိမ်စွာ နေကုန်လော့၊ ညီမ အစ်မတို့၏ ဆိတ်ငြိမ်စွာ နေခြင်းကိုသာလျှင် သံဃာသည် ချီးမွမ်း၏' ဟု သံဃာက ဆိုသည်ဟူ၍ ပြောငြားအံ့၊ ထို ဘိက္ခုနီမကို အခြားဘိက္ခုနီမတို့က 'အသျှင်မတို့ သင်တို့သည် လူတို့နှင့် ရောနှောသည်ဖြစ်၍ သာလျှင် နေကုန်လော့၊ သင်တို့သည် တသီးတခြားစီမနေကုန်လင့်၊ ဤသို့သော အကျင့် ဤသို့သော ကျော်စောသံ ဤသို့သော အသက်မွေးခြင်း ရှိကုန်လျက် ဘိက္ခုနီသံဃာအား ညှဉ်းဆဲပြီးလျှင် အချင်းချင်း အပြစ်ကို ဖုံးလွှမ်းတတ်ကုန်သော အခြားဘိက္ခုနီမတို့သည်လည်း သံဃာ၌ ရှိကုန်၏၊ သံဃာသည် ထိုဘိက္ခုနီမတို့ကို တစုံတရာမျှ မပြောမဆိုပဲ သင်တို့ကိုသာလျှင် မထီမဲ့မြင် ပြုသဖြင့်ရင်း နှိပ်စက်သဖြင့်ရင်း သည်းမခံသဖြင့်ရင်း နိုင်ထက်စီးနင်းပြောသဖြင့်ရင်း (အသျှင်မတို့) အားနည်းသဖြင့်ရင်း ညီမ အစ်မတို့သည်သာလျှင်လူတို့နှင့် ရောနှောကာ ယုတ်မာသော အကျင့် ယုတ်မာသော ကျော်စောသံ ယုတ်မာသော အသက်မွေးခြင်းရှိကုန်လျက် ဘိက္ခုနီသံဃာအား ညှဉ်းဆဲပြီးလျှင် အချင်းချင်း အပြစ်ကို ဖုံးလွှမ်းတတ်ကုန်၏၊ အသျှင်မတို့ ဆိတ်ငြိမ်စွာ နေကုန်လော့၊ ညီမ အစ်မတို့၏ ဆိတ်ငြိမ်စွာ နေခြင်းကိုသာလျှင် သံဃာသည် ချီးမွမ်း၏' ဟု သံဃာက ဆိုသည် ဟူ၍ မဆိုပါလင့် ဟု ဆိုရာ၏။ ဤသို့လျှင် ထိုဘိက္ခုနီမကို အခြားဘိက္ခုနီမတို့သည် ဆိုဆုံးမပါလျက် ရှေးနည်းအတူသာလျှင် ပြုမူငြားအံ့၊ ထိုဘိက္ခုနီမကို ဘိက္ခုနီမတို့သည် သုံးကြိမ်တိုင်အောင် ထိုအယူကို စွန့်စေခြင်းငှါ ဥတ်ကမ္မဝါစာဖြင့် ကောင်းစွာ ဆိုဆုံးမရမည်၊ သုံးကြိမ်တိုင်အောင် ဥတ်ကမ္မဝါစာဖြင့် ဆိုဆုံးမအပ်သော် ထိုအယူကို အကယ်၍ စွန့်ငြားအံ့၊ ဤသို့ စွန့်ခြင်းသည် ကောင်း၏၊ အကယ်၍ မစွန့်ငြားအံ့၊ ဤဘိက္ခုနီမသည်လည်း သုံးကြိမ်တိုင်အောင် ဥတ်ကမ္မဝါစာဖြင့် ဆိုအုံးမသည်၏ အဆုံး၌သင့်သည်ဖြစ်၍ (သံဃာမှ) နှင်ထုတ်စေတတ်သော သံဃာဒိသိသ် အာပတ်သို့ ရောက်၏" ဤသို့ (ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)။

http://www.dhammadownload.com



## ၁၃-တေရသမသံဃာဒိသိသ်သိက္ခာပုဒ် အဖွင့်

၇၂၉။ အကြင် ဟူသည် အကြင်သို့ သဘောရှိသော။ပ။

ဘိက္ခုနီမ ဟူသည်။ပ။ ဤအရာ၌ ဤဉ္စ တ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သော မိန်းမကို "ဘိက္ခုနီမ" ဟူ၍ အလိုရှိအပ်၏။

ဤသို့ ပြောဆိုငြားအံ့ ဟူသည် အသျှင်မတို့ သင်တို့သည် လူတို့နှင့် ရောနှောသည် ဖြစ်၍သာလျှင် နေကုန်လော့၊ သင်တို့သည် တသီးတခြား စီ မနေကုန်လင့်၊ ဤသို့သောအကျင့် ဤသို့သောကျော်စောသံ ဤသို့သော အသက်မွေးခြင်း ရှိကုန်လျက် ဘိက္ခုနီမ သံဃာအား ညှဉ်းဆဲပြီးလျှင် အချင်းချင်း အပြစ်ကို ဖုံးလွှမ်းကုန်သော အခြားဘိက္ခုနီမတို့သည်လည်း ရှိကုန်၏၊ ထိုဘိက္ခုနီမတို့ကို သံဃာသည် တစုံတရာမျှ မပြောမဆို။

သင်တို့ကိုသာလျှင် မထီမဲ့မြင် ပြုသဖြင့် ဟူသည် အထင်အမြင် သေးသဖြင့် 'အောက်တန်းစား အနေထား၍ သိခြင်းဖြင့်'။

နှိပ်စက်သဖြင့် ဟူသည် နှိပ်စက်သည့် အဖြစ်ဖြင့်။

သည်းမခံသဖြင့် ဟူသည် မျက်မုန်းကျိုးသဖြင့်။

နိုင်ထက်စီးနင်းပြောသဖြင့် ဟူသည် နိုင်ထက်စီးနင်း ပြောသည့် အဖြစ်ဖြင့်။

အားနည်းသဖြင့် ဟူသည် အသင်းအပင်းမရှိသည့် အဖြစ်ဖြင့်။

"ညီမအစ်မတို့သည်သာလျှင် လူတို့နှင့်ရောနှောကာ ယုတ်မာသောအကျင့် ယုတ်မာသော ကျော်စောသံ ယုတ်မာသော အသက်မွေးခြင်းရှိကုန်လျက် ဘိက္ခုနီမသံဃာအား ညှဉ်းဆဲပြီးလျှင် အချင်းချင်း အပြစ်ကိုဖုံးလွှမ်းကုန်၏၊ အသျှင်မတို့ ဆိတ်ငြိမ်စွာနေကုန်လော့၊ ညီမ အစ်မတို့၏ ဆိတ်ငြိမ်စွာနေခြင်းကို သာလျှင် သံဃာကချီးမွမ်း၏" ဟု သံဃာက ဆိုသည်ဟူ၍ ပြောဆို၏။

ထိုဘိက္ခုနီမကို ဟူသည် ဤသို့ပြောဆိုလေ့ရှိသော ဘိက္ခုနီမကို။

ဘိက္ခုနီမတို့သည် ဟူသည် အခြားဘိက္ခုနီမတို့သည်။

မြင်ကုန် ကြားကုန်သော ဘိက္ခုနီမတို့က "အသျှင်မတို့ သင်တို့သည် လူတို့နှင့် ရောနှောသည် ဖြစ်၍သာလျှင် နေကုန်လော့၊ သင်တို့သည် တသီးတခြားစီ မနေကုန်လင့်၊ အခြားဘိက္ခုနီမတို့သည်လည်း သံဃာ၌ ရှိကုန်၏။ပ။ အသျှင်မတို့ ဆိတ်ငြိမ်စွာ နေကုန်လော့၊ ညီမအစ်မတို့၏ ဆိတ်ငြိမ်စွာနေခြင်းကိုသာလျှင် သံဃာသည်ချီးမွမ်း၏" ဟု သံဃာက ဆိုသည်ဟူ၍ မပြောဆိုပါလင့် ဟု ပြောဆိုရမည်။

နှစ်ကြိမ်မြောက်လည်း ပြောဆိုရမည်။ သုံးကြိမ်မြောက်လည်း ပြောဆိုရမည်၊ အကယ်၍ အယူကို စွန့်အံ့၊ ဤသို့စွန့်ခြင်းသည်ကောင်း၏၊ အကယ်၍ အယူကိုမစွန့်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ကြား၍မပြောမဆိုကုန်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ထိုဘိက္ခုနီမကို သံဃာအလယ်သို့လည်း ဆွဲငင်၍ "အသျှင်မ ဤသို့မဆိုပါလင့်၊ အသျှင်မတို့ သင်တို့သည် လူတို့နှင့် ရောနှောသည်ဖြစ်၍သာလျှင် နေကုန်လော့၊ သင်တို့သည် တသီးတခြားစီ မနေကုန်လင့်၊ သံဃာ၌ အခြားဘိက္ခုနီမတို့သည်လည်း ရှိကုန်၏။ပ။ အသျှင်မတို့ ဆိတ်ငြိမ်စွာနေ

http://www.dhammadownload.com



ကုန်လော့၊ ညီမအစ်မတို့၏ ဆိတ်ငြိမ်စွာ နေခြင်းကိုသာလျှင် သံဃာသည် ချီးမွမ်း၏” ဟု သံဃာက ဆိုသည်ဟူ၍ မပြောဆိုပါလင့် ဟု ဆိုဆုံးမရမည်။

နှစ်ကြိမ်မြောက်လည်း ပြောဆိုရမည်။ သုံးကြိမ်မြောက်လည်း ပြောဆိုရမည်၊ အကယ်၍အယူကိုစွန့်အံ့၊ ဤသို့စွန့်ခြင်းသည် ကောင်း၏၊ အကယ်၍ အယူကိုမစွန့်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ထိုဘိက္ခုနီမကို ဉတ်ကမ္မဝါစာဖြင့် ကောင်းစွာဆိုဆုံးမရမည်။

ရဟန်းတို့ ဤသို့လျှင် ဉတ်ကမ္မဝါစာဖြင့် ဆိုဆုံးမရမည်၊ ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ဘိက္ခုနီမသည် သံဃာကို သိစေရမည်။

၇၃၀။ “အသျှင်မတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤမည်သော ဘိက္ခုနီမသည် သံဃာက ‘ဉတ်ကမ္မဝါစာ’ဖြင့် ဆိုဆုံးမအပ်ပြီးသော ဘိက္ခုနီမတို့ကို ‘အသျှင်မတို့ သင်တို့သည် လူတို့နှင့် ရောနှောသည်ဖြစ်၍သာလျှင် နေကုန်လော့၊ သင်တို့သည် တသီးတခြားစီ မနေကုန်လင့်၊ ဤသို့သော အကျင့် ဤသို့သော ကျော်စောသံ ဤသို့သော အသက်မွေးခြင်း ရှိကုန်လျက် ဘိက္ခုနီသံဃာအား ညှဉ်းဆဲပြီးလျှင် အချင်းချင်းအပြစ်ကို ဖုံးလွှမ်းတတ်သော အခြားဘိက္ခုနီမတို့သည်လည်း သံဃာ၌ ရှိကုန်၏၊ သံဃာသည် ထိုဘိက္ခုနီမတို့ကို တစုံတရာမျှ မပြောမဆိုပဲ သင်တို့ကိုသာလျှင် မထေမဲ့မြင်ပြုသဖြင့်၎င်း နှိပ်စက်သဖြင့်၎င်း သည်းမခံသဖြင့်၎င်း နိုင်ထက်စီးနင်း ပြောဆိုသဖြင့်၎င်း (အသျှင်မတို့) အားနည်းသဖြင့်၎င်း ညီမအစ်မတို့သည်သာလျှင် လူတို့နှင့် ရောနှောကာ ယုတ်မာသောအကျင့် ယုတ်မာသော ကျော်စောသံ ယုတ်မာသော အသက်မွေးခြင်းရှိကုန်လျက် ဘိက္ခုနီသံဃာအား ညှဉ်းဆဲပြီးလျှင် အချင်းချင်း အပြစ်ကို ဖုံးလွှမ်းတတ်ကုန်၏၊ အသျှင်မတို့ ဆိတ်ငြိမ်စွာနေကုန်လော့၊ ညီမအစ်မတို့၏ ဆိတ်ငြိမ်စွာ နေခြင်းကိုသာလျှင် သံဃာသည် ချီးမွမ်း၏’ ဟု သံဃာက ဆိုသည်ဟူ၍ ပြောဆို၏။ ထိုဘိက္ခုနီမသည် ထိုအယူကိုမစွန့်၊ သံဃာအား လျောက်ပတ်သော အခါရှိသော ကံသည် အကယ်၍ ဖြစ်ငြားအံ့၊ သံဃာသည် ဤမည်သော ဘိက္ခုနီမကို ထိုအယူကို စွန့်စေခြင်းငှါ ဉတ်ကမ္မဝါစာဖြင့်ကောင်းစွာ ဆိုဆုံးမ၏၊ ဤကား သိစေခြင်းတည်း။

အသျှင်မတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ “ဤမည်သော ဘိက္ခုနီမသည် သံဃာက ဆိုဆုံးမအပ်ပြီးသော ဘိက္ခုနီမတို့ကို ‘အသျှင်မတို့ သင်တို့သည် လူတို့နှင့် ရောနှောသည် ဖြစ်၍သာလျှင် နေကုန်လော့၊ သင်တို့သည် တသီးတခြားစီ မနေကုန်လင့်၊ ဤသို့သော အကျင့် ဤသို့သော ကျော်စောသံ ဤသို့သော အသက်မွေးခြင်းရှိကုန်လျက် ဘိက္ခုနီသံဃာအား ညှဉ်းဆဲပြီးလျှင် အချင်းချင်းအပြစ်ကို ဖုံးလွှမ်းတတ်သော အခြားဘိက္ခုနီမတို့သည်လည်း သံဃာ၌ ရှိကုန်၏၊ သံဃာသည် ထိုဘိက္ခုနီမတို့ကို တစုံတရာမျှ မပြောမဆိုပဲ သင်တို့ကိုသာလျှင် မထေမဲ့မြင်ပြုသဖြင့်၎င်း နှိပ်စက်သဖြင့်၎င်း သည်းမခံသဖြင့်၎င်း နိုင်ထက်စီးနင်းပြောသဖြင့်၎င်း (အသျှင်မတို့) အားနည်းသဖြင့်၎င်း ညီမအစ်မတို့သည်သာလျှင် လူတို့နှင့်ရောနှောကာ ယုတ်မာသော အကျင့် ယုတ်မာသော ကျော်စောသံ ယုတ်မာသော အသက်မွေးခြင်းရှိကုန်လျက် ဘိက္ခုနီသံဃာအား ညှဉ်းဆဲပြီးလျှင် အချင်းချင်း အပြစ်ကို ဖုံးလွှမ်းတတ်ကုန်၏၊ အသျှင်မတို့ ဆိတ်ငြိမ်စွာ နေကုန်လော့၊ ညီမအစ်မတို့၏ ဆိတ်ငြိမ်စွာ နေခြင်းကိုသာလျှင် သံဃာသည် ချီးမွမ်း၏’ ဟု သံဃာက ဆိုသည်ဟူ၍ ပြောဆို၏။ ထိုဘိက္ခုနီမသည် ထိုအယူကို မစွန့်၊ သံဃာသည် ဤမည်သော ဘိက္ခုနီမကို ထိုအယူကို စွန့်စေခြင်းငှါ ကောင်းစွာ ဆိုဆုံးမ၏၊ ဤမည်သော ဘိက္ခုနီမအား ထိုအယူကို စွန့်စေခြင်းငှါ ကောင်းစွာ ဆိုဆုံးမသည်ကို

http://www.dhammadownload.com



အကြင် အသျှင်မအား နှစ်သက်ခြင်းရှိ၏၊ ထိုအသျှင်မသည် ဆိတ်ဆိတ်နေရာ၏၊ အကြင် အသျှင်မအား နှစ်သက်ခြင်း မရှိ၊ ထိုအသျှင်မသည် ပြောဆိုရာ၏၊ နှစ်ကြိမ်မြောက်လည်း ဤအကြောင်းကို ပြောဆိုပါ၏။ပ။ သုံးကြိမ်မြောက်လည်း ဤအကြောင်းကို ပြောဆိုပါ၏။ပ။

သံဃာသည် ဤမည်သော ဘိက္ခုနီမကို ထိုအယူကို စွန့်စေခြင်းငှါ ကောင်းစွာ ဆိုဆုံးမအပ်ပါပြီ၊သံဃာအား နှစ်သက်ခြင်းရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့် အဖြစ်ကို သိမှတ်ရပါသည်” ဟု (သိစေရမည်)။

ဉတ်၏အဆုံး၌ ဒုက္ကဋ်အာပတ် သင့်၏။ ကမ္မဝါစာ နှစ်ကြိမ်တို့၏ အဆုံး၌ ထုလ္လစ္စည်းအာပတ် သင့်၏။ ကမ္မဝါစာ၏အဆုံး၌ သံဃာဒိသိသ်အာပတ် သင့်၏။ သံဃာဒိသိသ် အာပတ်သို့ ရောက်သော ဘိက္ခုနီမအား ဉတ်၏အဆုံး၌ သင့်သော ဒုက္ကဋ် ကမ္မဝါစာနှစ်ကြိမ်တို့၏ အဆုံး၌ သင့်သော ထုလ္လစ္စည်း အာပတ်တို့သည် ငြိမ်းကုန်၏။

**ဤဘိက္ခုနီမသည်လည်း** ဟူသည် ရှေးအာပတ်သင့်သော ဘိက္ခုနီမတို့ကို ထောက်၍ ဆိုအပ်၏။

**သုံးကြိမ်တိုင်အောင်** ဟူသည် သုံးကြိမ်းတိုင်အောင် ဉတ်ကမ္မဝါစာဖြင့် ဆိုဆုံးမခြင်းကြောင့် သင့်၏၊ ဝတ္ထုကိုလွန်ကျူးသည်နှင့် တပြိုင်နက် သင့်သည် မဟုတ်။

**နှင်ထုတ်စေတတ်သော** ဟူသည် သံဃာမှ နှင်ထုတ်စေတတ်သော။

**သံဃာဒိသိသ်** ဟူသည် ထိုအာပတ်အတွက် သံဃာသည်သာလျှင် မာနတ်ပေးရ၏၊ အရင်းသို့ ငင်ရ၏၊ အဗ္ဘာန် သွင်းရ၏၊ ဘိက္ခုနီမ နှစ်ပါးသုံးပါးသည်၎င်း တဦးတယောက်သည်၎င်း မာနတ်မပေးရ၊ အရင်းသို့ မငင်ရ၊ အဗ္ဘာန် မသွင်းရ၊ ထို့ကြောင့် “သံဃာဒိသိသ်” ဟူ၍ ဆိုအပ်၏၊ (သံဃာဒိသိသ် ဟူသော အမည်သည်) ထိုအာပတ်အပေါင်း၏ အမည်သာလျှင်တည်း၊ ထို့ကြောင့်လည်း “သံဃာဒိသိသ်” ဟူ၍ ဆိုအပ်၏။

၇၃၁။ ဓမ္မကံ၌ ဓမ္မကံ ဟု အမှတ်ရှိသည်ဖြစ်၍ အယူကို မစွန့်အံ့၊ သံဃာဒိသိသ်အာပတ် သင့်၏။

ဓမ္မကံ၌ ယုံမှားရှိသည်ဖြစ်၍ အယူကို မစွန့်အံ့၊ သံဃာဒိသိသ်အာပတ် သင့်၏။

ဓမ္မကံ၌ အဓမ္မကံ ဟု အမှတ်ရှိသည်ဖြစ်၍ အယူကို မစွန့်အံ့၊ သံဃာဒိသိသ်အာပတ် သင့်၏။

အဓမ္မကံ၌ ဓမ္မကံ ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ အဓမ္မကံ၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ အဓမ္မကံ၌ အဓမ္မကံ ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

၇၃၂။ ဉတ်ကမ္မဝါစာဖြင့် မဆိုဆုံးမရသေးသော ဘိက္ခုနီမ အယူကို စွန့်သောဘိက္ခုနီမ ရူးသောဘိက္ခုနီမ အစလက်ဦး လွန်ကျူးသော ဘိက္ခုနီမတို့အားလည်း အာပတ် မသင့်။

တေရသမသံဃာဒိသိသ်သိက္ခာပုဒ် ပြီး၏။

---

## သတ္တရသကဏ္ဍ နိဂုံး

အသျှင်မတို့ ရှေးဦးစွာ လွန်ကျူးသော ခဏ၌ သင့်ကုန်သော အာပတ်ကိုးပါး သုံးကြိမ်တိုင်အောင် ဉတ်ကမ္မဝါစာဖြင့် ဆုံးမပြီးနောက်၌ သင့်သော အာပတ်ရှစ်ပါးအားဖြင့် ဤတဆယ့်ခုနစ်ပါးသော သံဃာဒိသိသ်အာပတ်တို့ကို သရုပ်အားဖြင့် ပြဆိုအပ်ပြီးပါကုန်ပြီ၊ ဘိက္ခုနီမသည် ယင်းတဆယ့်

http://www.dhammadownload.com



ခုနစ်ပါးတို့တွင် တပါးပါးသိလည်း သင့်ရောက်၍ ရဟန်းယောကျ်ားသံဃာ ဘိက္ခုနီသံဃာဟူသော သံဃာနှစ်မျိုး၌ တဆယ့်ငါးရက်တို့ပတ်လုံး ကျင့်ခြင်း 'ပက္ခမာနတ်' ကို ကျင့်ရမည်။

ထိုပက္ခမာနတ် ကျင့်ပြီးသော ဘိက္ခုနီမကို ဘိက္ခုနီသံဃာ နှစ်ကျိပ်အရေအတွက်ရှိသော သိမ်၌ အဗ္ဘာန် သွင်းရမည်၊ ဘိက္ခုနီသံဃာသည် တပါးယုတ်သော နှစ်ကျိပ်ဖြင့်သော်လည်း ထိုဘိက္ခုနီမကို အဗ္ဘာန်သွင်းငြားအံ့၊ ထိုဘိက္ခုနီမသည်လည်း အဗ္ဘာန် သွင်းအပ်သည် မမည်၊ (အဗ္ဘာန် သွင်းပေးသော) ထိုဘိက္ခုနီမတို့ကိုလည်း ကဲ့ရဲ့အပ်ကုန်၏။ ဤသည်ကား ထို (သံဃာဒိသိသ် သင့်ရာ) ၌ လိုက်နာရမည့် အကျင့်တည်း။

ထိုသံဃာဒိသိသ်အာပတ်တို့၌ အသျှင်မတို့ကို မေးပါ၏၊ အာပတ်မှ စင်ကြယ်ကြပါကုန်၏လော၊ နှစ်ကြိမ်မြောက်လည်း မေးပါ၏၊ အာပတ်မှ စင်ကြယ်ကြပါကုန်၏လော၊ သုံးကြိမ်မြောက်လည်း မေးပါ၏၊ အာပတ်မှ စင်ကြယ်ကြပါကုန်၏လော၊ အသျှင်မတို့သည် ဤ (တဆယ့်ခုနစ်ပါးသော သံဃာဒိသိသ်အာပတ်) တို့၌ အာပတ်မှ စင်ကြယ်ကြပါ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေကြကုန်၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤအာပတ်မှ စင်ကြယ်သည့် အဖြစ်ကို သိမှတ်ရပါသည်။

သတ္တရသကဏ် 'တဆယ့်ခုနစ်ခု' အခဏ်း ပြီး၏။

ဘိက္ခုနီဝိဘင်း သံဃာဒိသိသ်အခဏ်း ပြီး၏။

---

## မှတ်ချက်

ပဌမ ဒုတိယစသော အစဉ်သည် ဘိက္ခုနီအသာဓာရဏ သိက္ခာပုဒ် အစဉ်များဖြစ်သည်။ သာဓာရဏ အသာဓာရဏ အရော အားဖြင့် ဘိက္ခုနီသံဃာဒိသိသ် ၁၇-ပါး အစဉ်မှာ—(၁)ပဌမ, (၂)ဒုတိယ, (၃)တတိယ, (၄)စတုတ္ထ, (၅)ပဉ္စမ, (၆)ဆဋ္ဌ, (၇)သဉ္စရိတ္တ*, (၈)ပဌမ ဒုဋ္ဌဒေါသ*, (၉)ဒုတိယ ဒုဋ္ဌဒေါသ*, (၁၀)ဒသမ, (၁၁)ဧကာဒသမ, (၁၂)ဒွါဒသမ, (၁၃)တေရသမ, (၁၄)သံဃဘေဒ*, (၁၅)ဘေဒါနုဝတ္တက*, (၁၆)ဒုဗ္ဗစ*, (၁၇)ကုလဒူသက*, တို့ ဖြစ်သည်။ သာဓာရဏသိက္ခာပုဒ်များကို ခဃားပွင့် ပြထားသည်။

http://www.dhammadownload.com

# ၃-နိဿဂ္ဂိအခဏ်း

## ၁-ပတ္တဝဂ် - ၁-ပဌမသိက္ခာပုဒ်

အသျှင်မတို့ သုံးသယ်သော ဤနိဿဂ္ဂိပါစိတ်အာပတ်တို့သည် သရုပ်အားဖြင့် ပြဆိုအပ်သည်၏ အဖြစ်သို့ ရောက်ကုန်၏။

၇၃၃။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဆဗ္ဗဂ္ဂီဘိက္ခုနီမတို့သည် များစွာသော သပိတ်တို့ကို စုဆောင်းကြကုန်၏။ ကျောင်းစဉ် လှည့်လည်ကြကုန်သော လူတို့သည် မြင်ကြ၍ "ဘိက္ခုနီမတို့သည် များစွာသော သပိတ်တို့ကို အဘယ့်ကြောင့် စုဆောင်းကြကုန်ဘိသနည်း၊ ဘိက္ခုနီမတို့သည် သပိတ်ကုန်သွယ်ခြင်းကိုသော်လည်း ပြုကုန်လတ္တံ့၊ အိုးခွက်ဈေးဆိုင်ကိုသော်လည်း ခင်းကြကုန်လတ္တံ့" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ဘိက္ခုနီမတို့သည် ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုကြသော ထိုလူတို့၏ စကားကို ကြားကြသည်သာတည်း၊ အလိုနည်းသော ဘိက္ခုနီမတို့က "ဆဗ္ဗဂ္ဂီဘိက္ခုနီမတို့သည် သပိတ်ကို အဘယ့်ကြောင့် စုဆောင်းကြကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ ဆဗ္ဗဂ္ဂီဘိက္ခုနီမတို့သည် သပိတ်ကို စုဆောင်းကြကုန်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ ဆဗ္ဗဂ္ဂီ ဘိက္ခုနီမတို့သည် သပိတ်ကို အဘယ့်ကြောင့် စုဆောင်းကြကုန်ဘိသနည်း။ ရဟန်းတို့ ဤ (ဆဗ္ဗဂ္ဂီဘိက္ခုနီမတို့ ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ မဟုတ်။ပ။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

၂၆။ ၁-၇၃၄။ **"အကြင် ဘိက္ခုနီမသည် သပိတ်ကို စုဆောင်းငြားအံ့၊ (ထိုဘိက္ခုနီမအား) နိဿဂ္ဂိပါစိတ် အာပတ် သင့်၏"** ဤသို့ (ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)။

### ၁-ပဌမသိက္ခာပုဒ် အဖွင့်

၇၃၅။ အကြင် ဟူသည် အကြင်သို့ သဘောရှိသော။ပ။

**ဘိက္ခုနီမ** ဟူသည်။ပ။ ဤအရာ၌ ဤဉတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သော မိန်းမကို "ဘိက္ခုနီမ" ဟူ၍ အလိုရှိအပ်၏။

**သပိတ်** မည်သည် သံသပိတ် မြေသပိတ် ဟူ၍ သပိတ် နှစ်မျိုးတို့တည်း။

သပိတ်အရွယ် ပမာဏတို့သည် အကြီးစား ဥက္ကဋ္ဌသပိတ် အလတ်စား မဇ္ဈိမသပိတ် အငယ်စား ဩမကသပိတ် ဟု သုံးစားတို့တည်း။

**အကြီးစား ဥက္ကဋ္ဌသပိတ်** မည်သည် ဆန်တခွက်ချက် ထမင်း ၎င်း၏ လေးပုံတပုံ ခဲဖွယ်နှင့် ရင်းအားလျော်သော ဟင်းလျာကို ယူနိုင်၏။

http://www.dhammadownload.com



အလတ်စား မဇ္ဈိမသပိတ် မည်သည် ဆန်တစလယ်ချက် ထမင်း ၎င်း၏ လေးပုံတပုံ ခဲဖွယ်နှင့် ၎င်းအားလျော်သော ဟင်းလျာကို ယူနိုင်၏။

အငယ်စား ဩမကသပိတ် မည်သည် ဆန်တလမယ်ချက် ထမင်း ၎င်း၏ လေးပုံတပုံ ခဲဖွယ်နှင့် ၎င်းအားလျော်သော ဟင်းလျာကို ယူနိုင်၏။

ထို့ထက် ကြီးမူ သပိတ်မဟုတ်၊ ထို့အောက် ငယ်မူ သပိတ်မဟုတ်။

စုဆောင်းငြားအံ့ ဟူသည် အဓိဋ္ဌာန် မတင် ဝိကပ္ပနာ မပြုပဲ (ထားခြင်းတည်း)။

နိဿဂ္ဂိ ဖြစ်၏ ဟူသည် အရုဏ်တက်သည်နှင့် တပြိုင်နက် စွန့်ခြင်းဝိနည်းကံ ရှိ၏၊ သံဃာအား ဖြစ်စေ ဂိုဏ်းအားဖြစ်စေ ဘိက္ခုနီမ တဦးဦးအားဖြစ်စေ စွန့်ရမည်၊ ရဟန်းတို့ ဤသို့ စွန့်ရမည်။

ထိုဘိက္ခုနီမသည် သံဃာသို့ ချဉ်းကပ်၍ လက်ဝဲတဖက် ပခုံးထက်၌ ကေသီကို စမွယ်တင်လျက် ကြီးကုန်သော ဘိက္ခုနီမတို့၏ ခြေတို့ကို ရှိခိုးပြီးလျှင် ဆောင့်ကြောင့်ထိုင်ကာ လက်အုပ်ချီ၍ "အသျှင်မတို့ အကျွန်ုပ်၏ ဤသပိတ်သည် ညဥ့်လွန်သောကြောင့် စွန့်ခြင်းဝိနည်းကံ ရှိပါ၏၊ အကျွန်ုပ်သည် ဤသပိတ်ကို သံဃာအား စွန့်ပါ၏" ဟု ဆိုရာ၏။

စွန့်ပြီးနောက် အာပတ်ကို ဒေသနာ ကြားရမည်၊ ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ဘိက္ခုနီမသည် အာပတ်ကို ခံယူရမည်၊ စွန့်ပြီးသပိတ်ကို—

"အသျှင်မတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤမည်သော ဘိက္ခုနီမ၏ သပိတ်ကို စွန့်ခြင်း ဝိနည်းကံရှိ၍ သံဃာအား စွန့်အပ်ပါ၏၊ သံဃာအား လျောက်ပတ်သော အခါ ရှိသော် ကံသည် အကယ်၍ ဖြစ်ငြားအံ့၊ သံဃာသည် ဤသပိတ်ကို ဤမည်သော ဘိက္ခုနီမအား ပေးရာ၏" ဟု (ဆို၍) ပြန်ပေးရမည်။

ထိုဘိက္ခုနီမသည် များစွာသော ဘိက္ခုနီမတို့ထံသို့ ချဉ်းကပ်၍ လက်ဝဲတဖက် ပခုံးထက်၌ ကေသီကို စမွယ်တင်၍ ကြီးကုန်သော ဘိက္ခုနီမတို့၏ ခြေတို့ကို ရှိခိုးပြီးလျှင် ဆောင့်ကြောင့်ထိုင်ကာ လက်အုပ်ချီလျက် "အသျှင်မတို့ အကျွန်ုပ်၏ ဤသပိတ်သည် ညဥ့်လွန်၍ စွန့်ခြင်း ဝိနည်းကံ ရှိပါ၏၊ အကျွန်ုပ်သည် ဤသပိတ်ကို အသျှင်မတို့အား စွန့်ပါ၏" ဟု ပြောဆိုရာ၏၊ စွန့်ပြီးနောက် အာပတ်ကို ဒေသနာ ကြားရမည်၊ ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ဘိက္ခုနီမသည် အာပတ်ကို ခံယူရမည်၊ စွန့်ပြီးသပိတ်ကို—

"အသျှင်မတို့ အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤမည်သော ဘိက္ခုနီမ၏ သပိတ်ကို စွန့်ခြင်း ဝိနည်းကံ ရှိ၍ အသျှင်မတို့အား စွန့်အပ်ပါပြီ၊ အသျှင်မတို့အား လျောက်ပတ်သော အခါ ရှိသော် ကံသည် အကယ်၍ ဖြစ်ငြားအံ့၊ အသျှင်မတို့သည် ဤသပိတ်ကို ဤမည်သော ဘိက္ခုနီမအား ပေးကုန်ရာ၏" ဟု (ဆို၍) ပြန်ပေးရမည်။

ထိုဘိက္ခုနီမသည် ဘိက္ခုနီမ တယောက်ထံသို့ ချဉ်းကပ်၍ လက်ဝဲတဖက် ပခုံးထက်၌ ကေသီကို စမွယ်တင်ပြီးလျှင် ဆောင့်ကြောင့်ထိုင်ကာ လက်အုပ်ချီလျက် "အသျှင်မ အကျွန်ုပ်၏ ဤသပိတ်သည် ညဥ့်လွန်သဖြင့် စွန့်ခြင်း ဝိနည်းကံ ရှိပါ၏၊ အကျွန်ုပ်သည် ဤသပိတ်ကို အသျှင်မအား စွန့်ပါ၏" ဟု ဆိုရာ၏။

စွန့်ပြီးနောက် အာပတ်ကို ဒေသနာ ကြားရမည်၊ ထိုဘိက္ခုနီမသည် အာပတ်ကို ခံယူရမည် "ဤသပိတ်ကို အသျှင်မအား ပေးပါ၏" ဟု ဆို၍ စွန့်ပြီး သပိတ်ကို ပြန်ပေးရမည်။

http://www.dhammadownload.com



၃၃၆။ ညဉ့်လွန်ရာ၌ လွန်၏ ဟု အမှတ်ရှိအံ့၊ နိဿဂ္ဂိပါစိတ်အာပတ် သင့်၏။ ညဉ့်လွန်ရာ၌ ယုံမှားရှိအံ့၊ နိဿဂ္ဂိပါစိတ်အာပတ် သင့်၏။ ညဉ့်လွန်ရာ၌ မလွန် ဟု အမှတ်ရှိအံ့၊ နိဿဂ္ဂိပါစိတ် အာပတ် သင့်၏။

အဓိဋ္ဌာန် မတင်ရသေးသည်၌ အဓိဋ္ဌာန် တင်ပြီး ဟု အမှတ်ရှိအံ့၊ နိဿဂ္ဂိပါစိတ်အာပတ် သင့်၏။ ဝိကပ္ပနာ မပြုရသေးသည်၌ ဝိကပ္ပနာ ပြုပြီး ဟု အမှတ်ရှိအံ့၊ နိဿဂ္ဂိပါစိတ် အာပတ် သင့်၏။ မစွန့်ရသေးသည်၌ စွန့်ပြီး ဟု အမှတ်ရှိအံ့၊ နိဿဂ္ဂိပါစိတ်အာပတ် သင့်၏။ မပျောက်ပျက်ရာ၌ ပျောက်ပျက်၏ ဟု အမှတ်ရှိအံ့၊ မပျက်စီးရာ၌ ပျက်စီး၏ ဟု အမှတ်ရှိအံ့၊ မကွဲမကျေရာ၌ ကွဲကျေ၏ ဟု အမှတ်ရှိအံ့၊ မလုယက်ရာ၌ လုယက်၏ ဟု အမှတ်ရှိအံ့၊ နိဿဂ္ဂိပါစိတ်အာပတ် သင့်၏။

စွန့်ခြင်း ဝိနည်းကံရှိသော သပိတ်ကို မစွန့်ပဲ သုံးဆောင်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ညဉ့်မလွန်ရာ၌ လွန်၏ ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ညဉ့်မလွန်ရာ၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ညဉ့်မလွန်ရာ၌ မလွန် ဟု အမှတ်ရှိအံ့၊ အာပတ် မသင့်။

၃၃၇။ အရုဏ်၏ အတွင်း၌ အဓိဋ္ဌာန် တင်အံ့ ဝိကပ္ပနာပြုအံ့ စွန့်အံ့ ပျောက်ပျက်အံ့ ပျက်စီးအံ့ ကွဲအံ့ လုယက်၍ ယူကုန်အံ့ အကျွမ်းဝင်၍ ယူကုန်အံ့၊ အာပတ် မသင့်၊ ရူးသောဘိက္ခုနီမ အစလက်ဦး လွန်ကျူးသော ဘိက္ခုနီမတို့အားလည်း အာပတ် မသင့်။

ထိုအခါ၌ ဆဗ္ဗဂ္ဂီ ဘိက္ခုနီမတို့သည် စွန့်ပြီး သပိတ်ကို ပြန်၍ မပေးကုန်၊ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏၊ ရဟန်းတို့ စွန့်ပြီးသပိတ်ကို ပြန်ပေးရမည်၊ ပြန်မပေးသော ဘိက္ခုနီမအား ဒုက္ကဋ်အာပတ် သင့်၏ ဟု မိန့်တော်မူ၏။

ပဌမသိက္ခာပုဒ် ပြီး၏။

---

## ၁-ပတ္တဝဂ် ၂-ဒုတိယသိက္ခာပုဒ်

၃၃၈။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ များစွာသော ဘိက္ခုနီမတို့သည် ရွာကျောင်း၌ ဝါကို ကပြီးကုန်သော် ဝတ်အကျင့် ဣရိယာပုထ်နှင့် ပြည့်စုံကြကုန်လျက် အဝတ်ညစ်နွမ်း သင်္ကန်းလည်း ခေါင်းပါးကုန်သည်ဖြစ်၍ သာဝတ္ထိ ပြည်သို့ သွားကုန်၏။ ဒါယကာတို့သည် ထိုဘိက္ခုနီမတို့ကို မြင်၍ "ဤဘိက္ခုနီမတို့သည် ဝတ်အကျင့်နှင့်လည်း ပြည့်စုံကုန်၏၊ ဣရိယာပုထ်နှင့်လည်း ပြည့်စုံကုန်၏၊ အဝတ်လည်း ညစ်နွမ်းကုန်၏၊ သင်္ကန်းလည်း ခေါင်းပါးကုန်၏၊ ဤဘိက္ခုနီမတို့သည် အလုယက် ခံရသူများ ဖြစ်ကြပေမည်" ဟု (နှလုံးသွင်း၍) ဘိက္ခုနီ သံဃာအား အခါမဲ့ သင်္ကန်းကို ပေးလှူကုန်၏။

ထုလ္လနန္ဒာဘိက္ခုနီမသည် "ငါတို့အား ကထိန်ခင်းထားပြီးဖြစ်၍ အခါတွင်းသင်္ကန်းတည်း" ဟု ဆောက်တည်ကာ ဝေဘန်စေ၏။ ဒါယကာတို့သည် ထိုဘိက္ခုနီမတို့ကို မြင်၍ "အသျှင်မတို့သည် သင်္ကန်းကို ရပါ၏လော" ဟု မေးကုန်၏။ ဒါယကာတို့ ငါတို့သည် သင်္ကန်းကို မရပါ၊ အသျှင်မ ထုလ္လနန္ဒာသည် "ငါတို့အား ကထိန်ခင်းထားပြီးဖြစ်၍ အခါတွင်းသင်္ကန်းတည်း" ဟု ဆောက်တည်ကာ ဝေဘန်စေပြီ ဟု ပြောဆိုကုန်၏။

http://www.dhammadownload.com



ဒါယကာတို့သည် "အဘယ့်ကြောင့် အသျှင်မထုလ္လနန္ဒာသည် အခါမဲ့ သင်္ကန်းကို 'အခါတွင်းသင်္ကန်း' ဟု ဆောက်တည်ကာ ဝေဘန်စေဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ဘိက္ခုနီမတို့သည် ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုကြသော ထိုဒါယကာတို့၏ စကားကိုကြားကြသည်သာတည်း။ အလိုနည်းသော ဘိက္ခုနီမတို့သည် "အဘယ့်ကြောင့် အသျှင်မ ထုလ္လနန္ဒာသည် အခါမဲ့သင်္ကန်းကို 'အခါတွင်းသင်္ကန်း' ဟု ဆောက်တည်ကာ ဝေဘန်စေဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ထိုအခါ ထိုဘိက္ခုနီမတို့သည် ရဟန်းယောကျ်ားတို့အား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းယောကျ်ားတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ပ။ "ရဟန်းတို့ ထုလ္လနန္ဒာဘိက္ခုနီမသည် အခါမဲ့သင်္ကန်းကို 'အခါတွင်းသင်္ကန်း' ဟု ဆောက်တည်ကာ ဝေဘန်စေ၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ အဘယ့်ကြောင့် ထုလ္လနန္ဒာ ဘိက္ခုနီမသည် အခါမဲ့သင်္ကန်းကို "အခါတွင်းသင်္ကန်း" ဟု ဆောက်တည်ကာ ဝေဘန်စေဘိသနည်း။ ရဟန်းတို့ ဤ (ထုလ္လနန္ဒာဘိက္ခုနီမ ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ ရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

၂၇။ ၂-၇၃၉။ "အကြင် ဘိက္ခုနီမသည် အခါမဲ့သင်္ကန်းကို 'အခါတွင်းသင်္ကန်း' ဟု ဆောက်တည်ကာ ဝေဘန်စေငြားအံ့၊ (ထိုဘိက္ခုနီမအား) နိဿဂ္ဂိ ပါစိတ်အာပတ် သင့်၏" ဤသို့ (ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)။

## ၂-ဒုတိယသိက္ခာပုဒ် အဖွင့်

၇၄၀။ အကြင် ဟူသည် အကြင်သို့ သဘောရှိသော။ပ။

ဘိက္ခုနီမ ဟူသည်။ပ။ ဤအရာ၌ ဤဉာတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သော မိန်းမကို "ဘိက္ခုနီမ" ဟူ၍ အလိုရှိအပ်၏။

အခါမဲ့သင်္ကန်း မည်သည် ကထိန်မခင်းသည်ရှိသော် တဆယ့်တလအတွင်း၌ ဖြစ်ပေါ်သော သင်္ကန်းတည်း၊ ကထိန်ခင်းသည်ရှိသော် ခုနစ်လအတွင်း၌ ဖြစ်ပေါ်သော သင်္ကန်းတည်း၊ အခါတွင်း၌ သော်လည်း ရည်စူး၍ လှူသောသင်္ကန်းတည်း၊ ဤသို့သော သင်္ကန်းသည် အခါမဲ့သင်္ကန်းမည်၏။

အခါမဲ့သင်္ကန်းကို အခါတွင်းသင်္ကန်း ဟု ဆောက်တည်၍ ဝေဘန်စေအံ့၊ လုံ့လပယောဂတိုင်း ဒုက္ကဋ်အာပတ် သင့်၏။ ရခြင်းကြောင့် စွန့်ခြင်းဝိနည်းကံရှိ၏။ သံဃာအားသော်၎င်း၊ ဂိုဏ်းအားသော်၎င်း ဘိက္ခုနီမတယောက်အား သော်၎င်း စွန့်ရမည်၊ ရဟန်းတို့ ဤသို့စွန့်ရမည်။ပ။

"အသျှင်မတို့ ဤအခါမဲ့သင်္ကန်းကို 'အခါတွင်းသင်္ကန်း' ဟု ဆောက်တည်ကာ အကျွန်ုပ်ဝေဘန်စေအပ်သောကြောင့် စွန့်ခြင်း ဝိနည်းကံရှိပါ၏၊ အကျွန်ုပ်သည် ဤသင်္ကန်းကို သံဃာအား စွန့်ပါ၏" ဟု။ပ။ ပေးရာ၏ ဟု။ပ။ ပေးကုန်ရာ၏ ဟု။ပ။ အသျှင်မအား ပေးပါ၏ ဟု (ပြန်ပေးရမည်)။

http://www.dhammadownload.com



၇၄၁။ အခါမဲ့သင်္ကန်းကို အခါမဲ့သင်္ကန်း ဟု အမှတ်ရှိသည်ဖြစ်၍ "အခါတွင်းသင်္ကန်း" ဟု ဆောက်တည်ကာ ဝေဘန်စေအံ့၊ နိဿဂ္ဂိပါစိတ်အာပတ် သင့်၏။ အခါမဲ့သင်္ကန်းကို ယုံမှားရှိသည်ဖြစ်၍ "အခါတွင်းသင်္ကန်း" ဟု ဆောက်တည်ကာ ဝေဘန်စေအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ အခါမဲ့သင်္ကန်းကို အခါတွင်းသင်္ကန်း ဟု အမှတ်ရှိသည်ဖြစ်၍ "အခါတွင်းသင်္ကန်း" ဟု ဆောက်တည်ကာ ဝေဘန်စေအံ့၊ အာပတ် မသင့်။

အခါတွင်းသင်္ကန်းကို အခါမဲ့သင်္ကန်း ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ အခါတွင်းသင်္ကန်း၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ အခါတွင်းသင်္ကန်းကို အခါတွင်းသင်္ကန်း ဟု အမှတ်ရှိအံ့၊ အာပတ် မသင့်။

၇၄၂။ အခါမဲ့သင်္ကန်းကို အခါတွင်းသင်္ကန်း ဟု အမှတ်ရှိသည်ဖြစ်၍ ဝေဘန်စေအံ့၊ အခါတွင်းသင်္ကန်းကို အခါတွင်းသင်္ကန်း ဟု အမှတ်ရှိသည်ဖြစ်၍ ဝေဘန်စေအံ့၊ အာပတ် မသင့်၊ ရူးသောဘိက္ခုနီမ အစလက်ဦး လွန်ကျူးသော ဘိက္ခုနီမတို့အားလည်း အာပတ် မသင့်။

ဒုတိယသိက္ခာပုဒ် ပြီး၏။

---

## ၁-ပတ္တဝဂ် ၃-တတိယသိက္ခာပုဒ်

၇၄၃။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ထုလ္လနန္ဒာဘိက္ခုနီမသည် အခြားဘိက္ခုနီမတယောက်နှင့်အတူ သင်္ကန်းဖလှယ်၍ သုံးဆောင်၏။ ထိုအခါထိုဘိက္ခုနီမသည် ထိုသင်္ကန်းကို ခေါက်၍ထား၏။ ထုလ္လနန္ဒာဘိက္ခုနီမသည် ထိုဘိက္ခုနီမကို "အသျှင်မ ငါနှင့်သင်ဖလှယ်ထားသော သင်္ကန်းသည် အဘယ်မှာနည်း" ဟု ဆို၏။

ထိုအခါ ဘိက္ခုနီမသည် သင်္ကန်းကိုထုတ်၍ ထုလ္လနန္ဒာဘိက္ခုနီမအား ပြ၏။ ထုလ္လနန္ဒာဘိက္ခုနီမက "အသျှင်မ သင်၏သင်္ကန်းကိုယူလော့၊ ငါ၏သင်္ကန်းကို ဆောင်ခဲ့လော့၊ သင်၏သင်္ကန်းသည် သင့်ဥစ္စာသာဖြစ်၍ ငါ၏သင်္ကန်းသည်လည်း ငါ့ဥစ္စာသာတည်း၊ ငါ၏သင်္ကန်းကို ဆောင်ခဲ့လော့၊ မိမိသင်္ကန်းကို ပြန်ယူလော့" ဟု ထိုဘိက္ခုနီမအား ပြောဆို၍ (သင်္ကန်းကို) လုယူလေ၏။

ထိုနောက် ထိုဘိက္ခုနီမသည် အခြားဘိက္ခုနီမတို့အား ဤအကြောင်းကို ပြောကြား၏။ အလိုနည်းသော ဘိက္ခုနီမတို့သည် "အဘယ့်ကြောင့် အသျှင်မထုလ္လနန္ဒာ ဘိက္ခုနီမသည် အခြားဘိက္ခုနီမနှင့်အတူ သင်္ကန်းဖလှယ်ပြီးမှ လုယက်ယူငင်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြောဆိုကြကုန်၏။

ထိုအခါ ထိုဘိက္ခုနီမတို့သည် ရဟန်းယောကျ်ားတို့အား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းယောကျ်ားတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ပ။

"ရဟန်းတို့ ထုလ္လနန္ဒာ ဘိက္ခုနီမသည် အခြားဘိက္ခုနီမနှင့်အတူ သင်္ကန်းဖလှယ်ပြီးမှ လုယက်ယူငင်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

http://www.dhammadownload.com



ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ အဘယ့်ကြောင့် ထုလ္လနန္ဒာဘိက္ခုနီမသည် အခြားဘိက္ခုနီမနှင့်အတူ သက်န်းကို ဖလှယ်ပြီးမှ လုယက်ယူငင်ဘိသနည်း။ ရဟန်းတို့ ဤ (ထုလ္လနန္ဒာဘိက္ခုနီမ ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ ရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

၂၈။ ၃-၇၄၄။ "အကြင် ဘိက္ခုနီမသည် အခြားဘိက္ခုနီမနှင့်အတူ သက်န်းကို ဖလှယ်ပြီးနောက် 'အသျှင်မ သင်၏ သင်္ကန်းကို ယူလော့၊ ငါ၏ သင်္ကန်းကို ဆောင်ခဲ့လော့၊ သင်၏ သက်န်းသည် သင့်ဥစ္စာသာလျှင် ဖြစ်၍ ငါ၏ သက်န်းသည်လည်း ငါ့ဥစ္စာသာလျှင်တည်း၊ ငါ၏ သက်န်းကို ဆောင်ခဲ့လော့၊ မိမိသင်္ကန်းကို ပြန်ယူလော့' ဟု ပြောဆို၍ (သင်္ကန်းကို) လုယူမှုလည်း လုယူငြားအံ့၊ လုယူစေမှုလည်း လုယူစေငြားအံ့၊ (ထိုဘိက္ခုနီမအား) နိဿဂ္ဂိပါစိတ်အာပတ် သင့်၏" ဤသို့ (ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)။

## ၃-တတိယသိက္ခာပုဒ် အဖွင့်

၇၄၅။ အကြင် ဟူသည် အကြင်သို့ သဘောရှိသော။ပ။

ဘိက္ခုနီမ ဟူသည်။ပ။ ဤအရာ၌ ဤဥတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သော မိန်းမကို "ဘိက္ခုနီမ" ဟူ၍ အလိုရှိအပ်၏။

ဘိက္ခုနီမနှင့်အတူ ဟူသည် အခြားဘိက္ခုနီမနှင့်အတူ။

သက်န်း မည်သည် သင်္ကန်းခြောက်တည်တို့တွင် အငယ်ဆုံးအားဖြင့် ဝိကပ္ပနာလောက်သော သက်န်းတမျိုးမျိုးတည်း။

ဖလှယ်၍ ဟူသည် သက်န်းအနည်းငယ်ဖြင့် သက်န်းအများကိုရင်း သက်န်းအများဖြင့် သက်န်း အနည်းကိုရင်း ဖလှယ်၏။

လုယူငြားအံ့ ဟူသည် ကိုယ်တိုင် လုယက် ယူငင်ငြားအံ့၊ နိဿဂ္ဂိပါစိတ်အာပတ် သင့်၏။

လုယူစေငြားအံ့ ဟူသည် အခြားသူကို စေခိုင်းအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ တကြိမ်သာ စေခိုင်းပါလျက် အကြိမ်များစွာ လုယက်ယူငင်အံ့၊ စွန့်ခြင်းဝိနည်းကံရှိ၏။ သံဃာအားသော်ရင်း ဂိုဏ်းအားသော်ရင်း ဘိက္ခုနီမတယောက်အား သော်ရင်း စွန့်ရမည်။

ရဟန်းတို့ ဤသို့ စွန့်ရမည်။ပ။

"အသျှင်မတို့ ဤသင်္ကန်းသည် ဘိက္ခုနီမနှင့်အတူ သင်္ကန်းကို ဖလှယ်ပြီးမှ အကျွန်ုပ် လုယက် ယူငင်ထားသောကြောင့် စွန့်အပ်ပါသည်၊ အကျွန်ုပ်သည် သံဃာအား ဤသင်္ကန်းကို စွန့်ပါ၏" ဟု (ဆို၍) စွန့်ရမည်။ပ။ ပေးရာ၏ ဟု။ပ။ ပေးကုန်ရာ၏ ဟု။ပ။ အသျှင်မအား ပေးပါ၏ ဟု (ပြန်ပေး ရမည်)။

၇၄၆။ ဘိက္ခုနီမ၌ ဘိက္ခုနီမ ဟု အမှတ်ရှိသည်ဖြစ်၍ သက်န်းဖလှယ်ပြီးမှ လုယူမှုလည်း လုယူအံ့၊ လုယူစေမှုလည်း လုယူစေအံ့၊ နိဿဂ္ဂိပါစိတ်အာပတ် သင့်၏။

http://www.dhammadownload.com



ဘိက္ခုနီမ၌ ယုံမှားရှိသည်ဖြစ်၍ သင်္ကန်းကို ဖလှယ်ပြီးမှ လုယူမှုလည်း လုယူအံ့၊ လုယူစေမှုလည်း လုယူစေအံ့၊ နိဿဂ္ဂိပါစိတ်အာပတ် သင့်၏။

ဘိက္ခုနီမ၌ ဘိက္ခုနီမ မဟုတ် ဟု အမှတ်ရှိသည်ဖြစ်၍ သင်္ကန်းကို ဖလှယ်ပြီးမှ လုယူမှုလည်း လုယူအံ့၊ လုယူစေမှုလည်း လုယူစေအံ့၊ နိဿဂ္ဂိပါစိတ်အာပတ် သင့်၏။

အခြား ပရိက္ခရာ ဖလှယ်ပြီးမှ လုယူအံ့၊ လုယူစေအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ဘိက္ခုနီမ မဟုတ်သော သူနှင့် အတူ သင်္ကန်းကိုဖြစ်စေ အခြားပရိက္ခရာကို ဖြစ်စေ ဖလှယ်ပြီးမှ လုယူမှုလည်း လုယူအံ့၊ လုယူစေမှုလည်း လုယူစေအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ဘိက္ခုနီမ မဟုတ်သူ၌ ဘိက္ခုနီမ ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ဘိက္ခုနီမ မဟုတ်သူ၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ဘိက္ခုနီမ မဟုတ်သူ၌ ဘိက္ခုနီမ မဟုတ် ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

၄၄၃။ ထိုဘိက္ခုနီမကပေးမှုလည်း ပေးအံ့၊ ထိုဘိက္ခုနီမနှင့် အကျွမ်းဝင်၍ မှုလည်း ယူအံ့၊ အာပတ် မသင့်၊ ရူးသောဘိက္ခုနီမ အစလက်ဦး လွန်ကျူးသော ဘိက္ခုနီမတို့အားလည်း အာပတ် မသင့်။

တတိယသိက္ခာပုဒ် ပြီး၏။

---

## ၁-ပတ္တဝဂ် ၄-စတုတ္ထသိက္ခာပုဒ်

၄၄၄။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ် သူဌေး၏ အရံ ဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ထုလ္လနန္ဒာဘိက္ခုနီမသည် နာဖျား၏။ ထိုအခါ ဥပါသကာတယောက်သည် ထုလ္လနန္ဒာ ဘိက္ခုနီမထံသို့ ချဉ်းကပ်ပြီးလျှင် "အသျှင်မ သင့်အား အဘယ်သို့သော မချမ်းသာခြင်း ဖြစ်ပါသနည်း၊ အဘယ်အရာကို ယူဆောင်ခဲ့ရမည်နည်း" ဟု ထုလ္လနန္ဒာ ဘိက္ခုနီမအား ပြောဆို၏။ ဒါယကာ ငါသည် ထောပတ်ကို အလိုရှိ၏ ဟု (ဆို၏)။

ထိုအခါ ဥပါသကာသည် ဈေးသည်တဦး၏ အိမ်မှ အသပြာဖြင့် ထောပတ်ကို ယူဆောင်လာခဲ့၍ ထုလ္လနန္ဒာ ဘိက္ခုနီမအား ပေးလှူ၏။ ထုလ္လနန္ဒာ ဘိက္ခုနီမသည် "ဒါယကာ ငါသည် ထောပတ်ကို အလိုမရှိ ဆီကိုသာ အလိုရှိ၏" ဟု ဆိုပြန်၏။

ထိုအခါ ဥပါသကာသည် ဈေးသည်ထံသို့ ချဉ်းကပ်ပြန်၍ ထိုဈေးသည်ကို "အမောင် အသျှင်မ ထုလ္လနန္ဒာက ထောပတ်ကို အလိုမရှိ ဆီကိုသာ အလိုရှိသတတ် သင်၏ထောပတ်ကို ပြန်ယူလော့၊ အကျွန်ုပ်အား ဆီကိုသာပေးလော့" ဟု ဆို၏။ အမောင် အကျွန်ုပ်တို့သည် ရောင်းပြီးသော ဘဏ္ဍာကို အကယ်၍ တဖန် ပြန်ယူအံ့၊ အဘယ်အခါ အကျွန်ုပ်တို့ ဘဏ္ဍာကို ရောင်းရတော့အံ့နည်း၊ ထောပတ်ဖိုး ဖြင့် ထောပတ်ကို ယူပြီးပြီ၊ ဆီဖိုးယူခဲ့ပါ၊ ဆီကို ရလိမ့်မည် ဟု (ဈေးသည်က) ဆို၏။

ထိုအခါ ထိုဥပါသကာသည် "အဘယ့်ကြောင့် အသျှင်မ ထုလ္လနန္ဒာသည် အခြားဝတ္ထုကို တောင်းပြီးမှ အခြားဝတ္ထုကို တောင်းလေဘိသနည်း" ဟု ကဲ့ရဲ့၏၊ ရှုတ်ချ၏၊ အပြစ်ပြ ပြောဆို၏။ ဘိက္ခုနီမတို့သည် ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုသော ထိုဥပါသကာ၏ စကားကို ကြားကြသည် သာတည်း။

http://www.dhammadownload.com



အလိုနည်းသော ဘိက္ခုနီမတို့သည် ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။ ထိုအခါ ထိုဘိက္ခုနီမတို့သည် ရဟန်းယောကျ်ားတို့အား ဤအကြောင်းကို လျှောက်ကြကုန်၏။ ရဟန်းယောကျ်ားတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ပ။

"ရဟန်းတို့ ထုလ္လနန္ဒာဘိက္ခုနီမသည် အခြားဝတ္ထုကို တောင်းပြီးမှ အခြားဝတ္ထုကို တောင်းပြန်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ အဘယ့်ကြောင့် ထုလ္လနန္ဒာ ဘိက္ခုနီမသည် အခြားဝတ္ထုကို တောင်းပြီးမှ အခြားဝတ္ထုကို တောင်းလေဘိသနည်း။ ရဟန်းတို့ ဤ (ထုလ္လနန္ဒာဘိက္ခုနီမ ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ၊ ငြင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

၂၉။ ၄-၇၄၉။ **"အကြင် ဘိက္ခုနီမသည် အခြားဝတ္ထုကို တောင်းပြီးမှ အခြားဝတ္ထုကို တောင်းငြားအံ့၊ (ထိုဘိက္ခုနီမအား) နိဿဂ္ဂိပါစိတ် အာပတ် သင့်၏"** ဤသို့ (ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)။

## ၄-စတုတ္ထသိက္ခာပုဒ် အဖွင့်

၇၅၀။ အကြင် ဟူသည် အကြင်သို့ သဘောရှိသော။ပ။

**ဘိက္ခုနီမ** ဟူသည်။ပ။ ဤအရာ၌ ဤဥတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သော မိန်းမကို "ဘိက္ခုနီမ" ဟူ၍ အလိုရှိအပ်၏။

**အခြားဝတ္ထုကို တောင်းပြီးမှ** ဟူသည် တစုံတခုသော ဝတ္ထုကို တောင်းပြီး၍။

**အခြားဝတ္ထုကို တောင်းငြားအံ့** ဟူသည် ထိုဝတ္ထုမှတပါး အခြားဝတ္ထုကိုတောင်းအံ့၊ အားထုတ်ခြင်းကြောင့် ဒုက္ကဋ်အာပတ် သင့်၏။ ရခြင်းကြောင့် စွန့်ခြင်းဝိနည်းကံ ရှိ၏။ သံဃာအားသော်၎င်း၊ ဂိုဏ်းအားသော်၎င်း ဘိက္ခုနီမတယောက်အား သော်၎င်း စွန့်ရမည်၊ ရဟန်းတို့ ဤသို့ စွန့်ရမည်။ပ။

"အသျှင်မတို့ ဤဝတ္ထုသည် အခြားဝတ္ထုကို တောင်းပြီးမှ အခြားဝတ္ထုကို အကျွန်ုပ်တောင်းသောကြောင့် စွန့်အပ်ပါသည်၊ အကျွန်ုပ်သည် ဤဝတ္ထုကို သံဃာအား စွန့်ပါ၏" ဟု (ဆို၍) စွန့်ရမည်။ပ။ ပေးရာ၏ ဟု။ ပ။ ပေးကုန်ရာ၏ ဟု ။ပ။ အသျှင်မအား ပေးပါ၏ ဟု (ပြန်ပေးရမည်)။

၇၅၁။ အခြားဝတ္ထု၌ အခြားဝတ္ထု ဟု အမှတ်ရှိသည်ဖြစ်၍ အခြားဝတ္ထုကို တောင်းအံ့၊ နိဿဂ္ဂိပါစိတ်အာပတ် သင့်၏။

အခြားဝတ္ထု၌ ယုံမှားရှိသည်ဖြစ်၍ အခြားဝတ္ထုကိုတောင်းအံ့၊ နိဿဂ္ဂိ ပါစိတ်အာပတ် သင့်၏။

အခြားဝတ္ထု၌ အခြားဝတ္ထုမဟုတ် ဟု အမှတ်ရှိသည်ဖြစ်၍ အခြားဝတ္ထုကိုတောင်းအံ့၊ နိဿဂ္ဂိပါစိတ်အာပတ် သင့်၏။

http://www.dhammadownload.com



အခြားဝတ္ထု မဟုတ်သည်၌ အခြားဝတ္ထု ဟု အမှတ်ရှိသည်ဖြစ်၍ အခြားဝတ္ထုမဟုတ်သည်ကို တောင်းအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

အခြားဝတ္ထုမဟုတ်သည်၌ ယုံမှားရှိသည်ဖြစ်၍ အခြားဝတ္ထုမဟုတ်သည်ကို တောင်းအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

အခြားဝတ္ထု မဟုတ်သည်၌ အခြားဝတ္ထုမဟုတ် ဟု အမှတ်ရှိအံ့၊ အာပတ် မသင့်။

၇၅၂။ ထို(တောင်းရင်း) ဝတ္ထုကိုသာလျှင် (ထပ်မံ) တောင်းအံ့၊ (တောင်းရင်းဝတ္ထုမှတပါး) အခြားဝတ္ထုကိုလည်း တောင်းပြန်အံ့၊ အကျိုးအာနိသင်ကိုပြ၍ တောင်းအံ့၊ အာပတ် မသင့်၊ ရူးသော ဘိက္ခုနီမ အစလကဦး လွန်ကျူးသော ဘိက္ခုနီမတို့အားလည်း အာပတ် မသင့်။

စတုတ္ထသိက္ခာပုဒ် ပြီး၏။

---

## ၁-ပတ္တဝဂ် ၅-ပဉ္စမသိက္ခာပုဒ်

၇၅၃။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ထုလ္လနန္ဒာ ဘိက္ခုနီမသည် နာဖျား၏။

ထိုအခါ ဥပါသကာတယောက်သည် ထုလ္လနန္ဒာဘိက္ခုနီမထံသို့ ချဉ်းကပ်ပြီးလျှင် "အသျှင်မ ကျန်းမာပါ၏လော မျှတပါ၏လော" ဟု ထုလ္လနန္ဒာ ဘိက္ခုနီမအား မေး၏။ ဒါယကာ မကျန်းမာပါ၊ မမျှတပါ ဟု (ပြောဆို၏)။ အသျှင်မ ဤမည်သော ဈေးသည်၏အိမ်၌ အသပြာကိုထားပါအံ့၊ ထိုဈေးသည်အိမ်မှ အလိုရှိရာဝတ္ထုကို ဆောင်ယူစေပါလော့ ဟု (ဆို၏)။

ထုလ္လနန္ဒာ ဘိက္ခုနီမသည် "သိက္ခမာန်မသွားချေ၊ ဤမည်သော ဈေးသည်၏အိမ်မှ အသပြာဖြင့် ဆီကို ဆောင်ယူခဲ့လော့" ဟု သိက္ခမာန်မတယောက်ကို စေလွှတ်လိုက်၏။ ထိုအခါ သိက္ခမာန်မသည် ထိုဈေးသည်၏အိမ်မှ အသပြာဖြင့် ဆီကိုဆောင်ယူခဲ့၍ ထုလ္လနန္ဒာဘိက္ခုနီမအား ပေး၏၊ ထုလ္လနန္ဒာ ဘိက္ခုနီမသည် သိက္ခမာန်မ ငါသည် ဆီကိုအလိုမရှိ ငါသည် ထောပတ်ကို အလိုရှိ၏ ဟု ဆို၏။

ထိုအခါ ထိုသိက္ခမာန်မသည် ထိုဈေးသည်ထံသို့ ချဉ်းကပ်ပြီးလျှင် "ဒါယကာ အသျှင်မသည် ဆီကိုအလိုမရှိ၊ ထောပတ်ကိုသာ အလိုရှိသတတ်၊ သင်၏ဆီကို ပြန်ယူလော့ ငါ့အား ထောပတ်ကိုပေးလော့" ဟု ထိုဈေးသည်အား ပြောဆို၏၊ အသျှင်မ အကျွန်ုပ်တို့သည် ရောင်းပြီးဘဏ္ဍာကို အကယ်၍ တဖန်ပြန်ယူအံ့၊ အဘယ်အခါ အကျွန်ုပ်တို့ ဘဏ္ဍာကို ရောင်းရတော့အံ့နည်း၊ ဆီဖိုးဖြင့်ဆီကိုယူပြီးပြီ၊ ထောပတ်ဖိုးယူခဲ့ပါ၊ ထောပတ်ကို ရလိမ့်မည် ဟု (ဆို၏)။

ထိုအခါ သိက္ခမာန်မသည် ငိုလျက်ရပ်နေ၏၊ ဘိက္ခုနီမတို့သည် ထိုသိက္ခမာန်မကို "သိက္ခမာန်မ သင်သည် အဘယ့်ကြောင့် ငိုဘိသနည်း" ဟု မေးကုန်၏။ ထိုအခါ ထိုသိက္ခမာန်မသည် ဘိက္ခုနီမတို့အား ဤအကြောင်းကိုပြောကြား၏။ အလိုနည်းသော ဘိက္ခုနီမတို့သည် "အဘယ့်ကြောင့် အသျှင်မ ထုလ္လနန္ဒာသည် အခြားဝတ္ထုကို ဝယ်စေပြီးမှ အခြားဝတ္ထုကို ဝယ်စေပြန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

"ရဟန်းတို့ ထုလ္လနန္ဒာ ဘိက္ခုနီမသည် အခြားဝတ္ထုကို ဝယ်စေပြီးမှ အခြားဝတ္ထုကို ဝယ်စေပြန်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

http://www.dhammadownload.com



မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ အဘယ့်ကြောင့် ထုလ္လနန္ဒာဘိက္ခုနီမသည် အခြားဝတ္ထုကိုဝယ်စေပြီးမှ အခြားဝတ္ထုကို ဝယ်စေပြန်ဘိသနည်း။ ရဟန်းတို့ ဤ (ထုလ္လနန္ဒာဘိက္ခုနီမ ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ ၎င်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

၃၀။ ၅-၇၅၄။ **"အကြင် ဘိက္ခုနီမသည် အခြားဝတ္ထုကို ဝယ်စေပြီးမှ အခြားဝတ္ထုကို ဝယ်စေငြားအံ့၊ (ထိုဘိက္ခုနီမအား) နိဿဂ္ဂိ ပါစိတ် အာပတ် သင့်၏"** ဤသို့ (ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)။

## ၅-ပဉ္စမသိက္ခာပုဒ် အဖွင့်

၇၅၅။ အကြင် ဟူသည် အကြင်သို့ သဘောရှိသော။ပ။

**ဘိက္ခုနီမ** ဟူသည်။ပ။ ဤအရာ၌ ဤဉတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သော မိန်းမကို "ဘိက္ခုနီမ" ဟူ၍ အလိုရှိအပ်၏။

**အခြားဝတ္ထုကို ဝယ်စေပြီးမှ** ဟူသည် တစ်တခုသော ဝတ္ထုကို ဝယ်စေပြီး၍။

**အခြားဝတ္ထုကို ဝယ်စေငြားအံ့** ဟူသည် ထိုဝတ္ထုမှတပါး အခြားဝတ္ထုကို ဝယ်စေအံ့၊ ယွံ့လ ပယောဂကြောင့် ဒုက္ကဋ်အာပတ် သင့်၏။ ရခြင်းကြောင့် စွန့်ခြင်းဝိနည်းကံရှိ၏၊ သံဃာအားသော်၎င်း ဂိုဏ်းအားသော်၎င်း ဘိက္ခုနီမတယောက်အားသော်၎င်း စွန့်ရမည်။

ရဟန်းတို့ ဤသို့စွန့်ရမည်။ပ။

"အသျှင်မ ဤဝတ္ထုသည် အခြားဝတ္ထုကိုဝယ်စေပြီးမှ အခြားဝတ္ထုကို အကျွန်ုပ်ဝယ်စေသောကြောင့် စွန့်အပ်ပါသည်၊ အကျွန်ုပ်သည် သံဃာအား ဤဝတ္ထုကို စွန့်ပါ၏"။ပ။ ပေးရာ၏ ဟု ။ပ။ ပေးကုန်ရာ၏ ဟု ။ပ။ အသျှင်မအား ပေးပါ၏ ဟု (ပြန်ပေးရမည်)။

၇၅၆။ အခြားဝတ္ထု၌ အခြားဝတ္ထု ဟု အမှတ်ရှိသည်ဖြစ်၍ အခြားဝတ္ထုကို ဝယ်စေအံ့၊ နိဿဂ္ဂိ ပါစိတ်အာပတ် သင့်၏။

အခြားဝတ္ထု၌ ယုံမှားရှိသည်ဖြစ်၍ အခြားဝတ္ထုကို ဝယ်စေအံ့၊ နိဿဂ္ဂိပါစိတ်အာပတ် သင့်၏။

အခြားဝတ္ထု၌ အခြားဝတ္ထု မဟုတ် ဟု အမှတ်ရှိသည်ဖြစ်၍ အခြားဝတ္ထုကို ဝယ်စေအံ့၊ နိဿဂ္ဂိ ပါစိတ်အာပတ် သင့်၏။

အခြားဝတ္ထုမဟုတ်ရာ၌ အခြားဝတ္ထု ဟု အမှတ်ရှိသည်ဖြစ်၍ အခြားဝတ္ထုမဟုတ်သည်ကို ဝယ်စေအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

အခြားဝတ္ထု မဟုတ်ရာ၌ ယုံမှားရှိသည်ဖြစ်၍ အခြားဝတ္ထု မဟုတ်သည်ကို ဝယ်စေအံ့၊ ဒုက္ကဋ် အာပတ် သင့်၏။

အခြားဝတ္ထုမဟုတ်ရာ၌ အခြားဝတ္ထု မဟုတ် ဟု အမှတ်ရှိသည်ဖြစ်၍ ဝယ်စေအံ့၊ အာပတ် မသင့်။

http://www.dhammadownload.com



၇၅၇။ ထို (ဝယ်ခစရင်း) ဝတ္ထုကိုသာလျှင် (ထပ်မံ) ဝယ်စေအံ့၊ (ဝယ်စေရင်း ဝတ္ထုမှတပါး) အခြားဝတ္ထုကိုလည်း (တဖန်) ဝယ်စေအံ့၊ အကျိုးအာနိသင်ကို ပောပြ၍ ဝယ်စေအံ့၊အာပတ် မသင့်၊ ရူးသောဘိက္ခုနီမ အစလက်ဦး လွန်ကျူးသော ဘိက္ခုနီမတို့အားလည်း အာပတ် မသင့်။

ပဥ္စမသိက္ခာပုဒ် ပြီး၏။

---

## ၁-ပတ္တဝဂ်၊ ၆-ဆဋ္ဌသိက္ခာပုဒ်

၇၅၈။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဥပါသကာတို့သည် ဘိက္ခုနီသံဃာ၏ သက်န်းအလို့ငှါ သဘောတူ စုဆောင်းပြီးနောက် အထည်သည်တဦး၏အိမ်၌ ပရိက္ခာရကိုထားပြီးလျှင် ဘိက္ခုနီမတို့ထံသို့ ချဉ်းကပ်ပြီး၍ "အသျှင်မတို့ ဤမည်သော အထည်သည်၏အိမ်၌ သက်န်းအလို့ငှါ ပရိက္ခာရကို ထားပြီးပါပြီ၊ ထိုအိမ်မှ သက်န်းကို ဆောင်ယူစေ၍ ခွဲဝေကုန်လော့" ဟု လျှောက်ကုန်၏။

ဘိက္ခုနီမတို့သည် ထိုပရိက္ခာရဖြင့် ဆေးကိုဝယ်စေပြီးလျှင် သုံးဆောင်ကုန်၏။ဥပါသကာတို့သည် သိ၍ "အဘယ့်ကြောင့် ဘိက္ခုနီမတို့သည် အခြားပစ္စည်းအတွက် ရည်စူးချက်ရှိသော သံဃိကပရိက္ခာရဖြင့် အခြားဝတ္ထုကို ဝယ်စေဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ဘိက္ခုနီမတို့သည် ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုကြသော ထိုဥပါသကာတို့၏ စကားကို ကြားကြသည်သာတည်း။ အလိုနည်းသော ဘိက္ခုနီမတို့သည် "အဘယ့်ကြောင့် ဘိက္ခုနီမတို့သည် အခြားပစ္စည်းအတွက် ရည်စူးချက်ရှိသော သံဃိကပရိက္ခာရဖြင့် အခြားဝတ္ထုကို ဝယ်စေကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ ဘိက္ခုနီမတို့သည် အခြားပစ္စည်းအတွက် ရည်စူးချက်ရှိသော သံဃိကပရိက္ခာရဖြင့် အခြားဝတ္ထုကို ဝယ်စေ၏ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ အဘယ့်ကြောင့် ဘိက္ခုနီမတို့သည် အခြားပစ္စည်းအတွက် ရည်စူးချက်ရှိသော သံဃိကပရိက္ခာရဖြင့် အခြားဝတ္ထုကို ဝယ်စေကုန်ဘိသနည်း။ ရဟန်းတို့ ဤ (ဘိက္ခုနီမတို့ ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အားကြည်ညိုစေခြင်းငှါ ရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

**၃၁။ ၆-၇၅၉။ "အကြင် ဘိက္ခုနီမသည် အခြားပစ္စည်းအတွက် ရည်စူးချက်ရှိသော သံဃိကပရိက္ခာရဖြင့် အခြားဝတ္ထုကို ဝယ်စေငြားအံ့၊ (ထိုဘိက္ခုနီမအား)နိဿဂ္ဂိပါစိတ်အာပတ် သင့်၏" ဤသို့ (ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)။**

http://www.dhammadownload.com



## ၆-ဆဋ္ဌသိက္ခာပုဒ် အဖွင့်

၇၆၀။ အကြင် ဟူသည် အကြင်သို့ သဘောရှိသော။ပ။

ဘိက္ခုနီမ ဟူသည်။ပ။ ဤအရာ၌ ဤဥ တ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သော မိန်းမကို "ဘိက္ခုနီမ" ဟူ၍ အလိုရှိအပ်၏။

အခြားပစ္စည်းအတွက် ရည်စူးချက်ရှိသော ပရိက္ခာရဖြင့် ဟူသည် အခြားဝတ္ထုပစ္စည်းကျိုးလို့ငှါ လှူအပ်သော ပရိက္ခာရဖြင့်။

သံဃိက ဟူသည် သံဃာအား လှူသော ပစ္စည်းတည်း၊ ဂိုဏ်းအား လှူသော ပစ္စည်းမဟုတ်၊ သိက္ခမာန်မ တယောက်အား လှူသောပစ္စည်းမဟုတ်။

အခြားဝတ္ထုကို ဝယ်စေပြောအံ့ ဟူသည် ရည်ညွှန်း၍ လှူသော ပစ္စည်းဝတ္ထုမှတပါး အခြား ပစ္စည်း ဝတ္ထုကို ဝယ်စေအံ့၊ လုံ့လပယောဂကြောင့် ဒုက္ကဋ်အာပတ် သင့်၏။ ရခြင်းကြောင့် စွန့်ခြင်း ဝိနည်းကံ ရှိ၏။ သံဃာအားသော်၎င်း ဂိုဏ်းအားသော်၎င်း ဘိက္ခုနီမတယောက်အားသော်၎င်း စွန့်ရမည်။

ရဟန်းတို့ ဤသို့ စွန့်ရမည်။ပ။

"အသျှင်မတို့ တခုသော ပစ္စည်းအတွက် ရည်စူးချက် ရှိသော သံဃိက ပရိက္ခာရဖြင့် အခြား ဝတ္ထုကို အကျွန်ုပ် ဝယ်စေအပ်သည်ဖြစ်၍ စွန့်အပ်ပါ၏။ အကျွန်ုပ်သည် ဤဝတ္ထုကို သံဃာအား စွန့်ပါ၏" ဟု ။ပ။ ပေးရာ၏ ဟု ။ပ။ ပေးကုန်ရာ၏ ဟု ။ပ။ အသျှင်မအား ပေးပါ၏ ဟု (ပြန်ပေးရမည်)။

၇၆၁။ အခြားပစ္စည်းအတွက် ဖြစ်သော ဝတ္ထု၌ အခြားပစ္စည်းအတွက်ဖြစ်သော ဝတ္ထု ဟု အမှတ်ရှိသည်ဖြစ်၍ အခြားဝတ္ထုကို ဝယ်စေအံ့၊ နိဿဂ္ဂိပါစိတ်အာပတ် သင့်၏။

အခြားပစ္စည်းအတွက် ဖြစ်သော ဝတ္ထု၌ ယုံမှားရှိသည်ဖြစ်၍ အခြားဝတ္ထုကို ဝယ်စေအံ့၊ နိဿဂ္ဂိ ပါစိတ်အာပတ် သင့်၏။

အခြားပစ္စည်းအတွက် ဖြစ်သော ဝတ္ထု၌ အခြားပစ္စည်းအတွက် ဖြစ်သောဝတ္ထုမဟုတ် ဟု အမှတ် ရှိသည်ဖြစ်၍ အခြားဝတ္ထုကို ဝယ်စေအံ့၊ နိဿဂ္ဂိပါစိတ်အာပတ် သင့်၏။

စွန့်ပြီးဝတ္ထုကို ရသောအခါ လှူရင်း တိုင်းသို့ ပြန်ပို့ရမည်။

အခြားပစ္စည်းအတွက် ဖြစ်သော ဝတ္ထုမဟုတ်ရာ၌ အခြားပစ္စည်းအတွက် ဖြစ်သော ဝတ္ထု ဟု အမှတ်ရှိသည်ဖြစ်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

အခြားပစ္စည်းအတွက် ဖြစ်သော ဝတ္ထုမဟုတ်ရာ၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

အခြားပစ္စည်းအတွက်ဖြစ်သော ဝတ္ထုမဟုတ်ရာ၌ အခြားပစ္စည်းအတွက်ဖြစ်သော ဝတ္ထုမဟုတ် ဟု အမှတ်ရှိအံ့၊ အာပတ် မသင့်။

၇၆၂။ အကြွင်းကို ဆောင်အံ့၊ ဥစ္စာရှင်တို့ကို ပန်ကြား၍ ဆောင်အံ့၊ ဘေးရန်တို့ကြောင့် ဆောင်အံ့၊ အာပတ် မသင့်၊ ရူးသောဘိက္ခုနီမ အစလက်ဦး လွန်ကျူးသော ဘိက္ခုနီမတို့အားလည်း အာပတ် မသင့်။

ဆဋ္ဌသိက္ခာပုဒ် ပြီး၏။

http://www.dhammadownload.com



## ၁-ပတ္တဝဂ် ၇-သတ္တမသိက္ခာပုဒ်

၇၆၃။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ် သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဥပါသကာတို့သည် ဘိက္ခုနီသံဃာ၏ သက်နှင်းအလို့ငှါ သဘောတူ စုဆောင်းပြီးနောက် အထည်သည်တဦး၏ အိမ်၌ ပရိက္ခာရကို ထားပြီးလျှင် ဘိက္ခုနီမတို့ထံသို့ ချဉ်းကပ်ပြီး၍ "အသျှင်မတို့ ဤမည်သော အထည်သည်၏ အိမ်၌ သက်နှင်းအလို့ငှါ ပရိက္ခာရကို ထားပြီးပါပြီ၊ ထိုအိမ်မှ သက်နှင်းကို ဆောင်ယူစေ၍ ခွဲဝေကုန်လော့" ဟု လျှောက်ကြကုန်၏။

ဘိက္ခုနီမတို့သည် ထိုပရိက္ခာရဖြင့်ရှင်း ကိုယ်တိုင်တောင်းသော ပရိက္ခာရဖြင့်ရှင်း ဆေးကို ဝယ်စေပြီးလျှင် သုံးဆောင်ကုန်၏။ ဥပါသကာတို့သည် သိ၍ "အဘယ့်ကြောင့် ဘိက္ခုနီမတို့သည် အခြားပစ္စည်းအတွက် ရည်စူးချက်ရှိသော သံဃိက ပရိက္ခာရဖြင့်ရှင်း ကိုယ်တိုင်တောင်းသော ပရိက္ခာရဖြင့်ရှင်း အခြား ဝတ္ထုကို ဝယ်စေကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ ဘိက္ခုနီမတို့သည် အခြားပစ္စည်းအတွက် ရည်စူးချက် ရှိသော သံဃိက ပရိက္ခာရဖြင့်ရှင်း ကိုယ်တိုင်တောင်းသော ပရိက္ခာရဖြင့်ရှင်း အခြားဝတ္ထုကို ဝယ်စေကုန်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ အဘယ့်ကြောင့် ဘိက္ခုနီမတို့သည် အခြားပစ္စည်းအတွက် ရည်စူးချက်ရှိသော သံဃိကပရိက္ခာရဖြင့်ရှင်း၊ ကိုယ်တိုင်တောင်းသော ပရိက္ခာရဖြင့်ရှင်း၊ အခြားဝတ္ထုကို ဝယ်စေကုန်ဘိသနည်း။ ရဟန်းတို့ ဤ (ဘိက္ခုနီမတို့ ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါရှင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

**၃၂။ ၇-၇၆၄။ "အကြင် ဘိက္ခုနီမသည် အခြား ပစ္စည်းအတွက် ရည်စူးချက်ရှိသော သံဃိက ပရိက္ခာရဖြင့်ရှင်း ကိုယ်တိုင်တောင်းသော ပရိက္ခာရဖြင့်ရှင်း အခြားဝတ္ထုကို ဝယ်စေငြားအံ့၊ (ထိုဘိက္ခုနီမအား) နိဿဂ္ဂိပါစိတ် အာပတ် သင့်၏" ဤသို့ (ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)။**

## ၇-သတ္တမသိက္ခာပုဒ် အဖွင့်

၇၆၅။ အကြင် ဟူသည် အကြင်သို့ သဘောရှိသော။ပ။

**ဘိက္ခုနီမ** ဟူသည်။ပ။ ဤအရာ၌ ဤဉ တ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သော မိန်းမကို "ဘိက္ခုနီမ" ဟူ၍ အလိုရှိအပ်၏။

**အခြားပစ္စည်းအတွက် ရည်စူးချက်ရှိသော ပရိက္ခာရဖြင့်** ဟူသည် အခြားဝတ္ထုပစ္စည်းအကျိုးငှါ လှူအပ်သော ပရိက္ခာရဖြင့်။

**သံဃိက** ဟူသည် သံဃာအား လှူသော ပစ္စည်းတည်း၊ ဂိုဏ်းအား လှူသော ပစ္စည်းမဟုတ်၊ ဘိက္ခုနီမတယောက်အား လှူသောပစ္စည်းမဟုတ်။

**ကိုယ်တိုင်တောင်းသော** ဟူသည် ကိုယ်တိုင်တောင်း၍။

http://www.dhammadownload.com


အခြားဝတ္ထုကို ဝယ်စေခြင်းအံ့ ဟူသည် ရည်ညွှန်း၍လှူသော ပစ္စည်းဝတ္ထုမှတပါး အခြားပစ္စည်းဝတ္ထုကို ဝယ်စေအံ့၊ လုံ့လပယောဂကြောင့် ဒုက္ကဋ်အာပတ် သင့်၏။ ရခြင်းကြောင့် စွန့်ခြင်းဝိနည်းကံ ရှိ၏။

သံဃာအားသော်၎င်း၊ ဂိုဏ်းအားသော်၎င်း၊ ဘိက္ခုနီမ တယောက်အားသော်၎င်း စွန့်ရမည်။ ရဟန်းတို့ ဤသို့ စွန့်ရမည်။ပ။

"အသျှင်မတို့ ဤဝတ္ထုသည် အခြားပစ္စည်းအတွက် ရည်စူးချက်ရှိသော သံဃိက ပရိက္ခာရာဖြင့်၎င်း ကိုယ်တိုင်တောင်းသော ပရိက္ခာရာဖြင့်၎င်း အကျွန်ုပ် ဝယ်စေအပ်သည်ဖြစ်၍ စွန့်အပ်ပါ၏၊ အကျွန်ုပ်သည် ဤဝတ္ထုကို သံဃာအား စွန့်ပါ၏" ဟု ။ပ။ ပေးရာ၏ ဟု ။ပ။ ပေးကုန်ရာ၏ ဟု ။ပ။ အသျှင်မအား ပေးပါ၏ ဟု (ပြန်ပေးရမည်)။

၇၆၆။ အခြားပစ္စည်းအတွက် ဖြစ်သော ဝတ္ထု၌ အခြားပစ္စည်းအတွက်ဖြစ်သော ဝတ္ထု ဟု အမှတ်ရှိသည်ဖြစ်၍ အခြားဝတ္ထုကို ဝယ်စေအံ့၊ နိဿဂ္ဂိပါစိတ်အာပတ် သင့်၏။

အခြား ပစ္စည်းအတွက်ဖြစ်သော ဝတ္ထု၌ ယုံမှားရှိသည်ဖြစ်၍ အခြားဝတ္ထုကို ဝယ်စေအံ့၊ နိဿဂ္ဂိပါစိတ်အာပတ် သင့်၏။

အခြားပစ္စည်းအတွက် ဖြစ်သော ဝတ္ထု၌ အခြားပစ္စည်းအတွက် ဖြစ်သော ဝတ္ထုမဟုတ် ဟု အမှတ်ရှိသည်ဖြစ်၍ အခြားဝတ္ထုကို ဝယ်စေအံ့၊ နိဿဂ္ဂိပါစိတ်အာပတ် သင့်၏။

စွန့်ပြီးဝတ္ထုကို ရသောအခါ လှူရင်းတိုင်းသို့ ပြန်ပို့ရမည်။

အခြားပစ္စည်းအတွက်ဖြစ်သော ဝတ္ထုမဟုတ်ရာ၌ အခြားပစ္စည်းအတွက် ဖြစ်သော ဝတ္ထု ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

အခြားပစ္စည်းအတွက်ဖြစ်သော ဝတ္ထုမဟုတ်ရာ၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

အခြားပစ္စည်းအတွက်ဖြစ်သော ဝတ္ထုမဟုတ်ရာ၌ အခြားပစ္စည်းအတွက်ဖြစ်သော ဝတ္ထုမဟုတ် ဟု အမှတ်ရှိအံ့၊ အာပတ် မသင့်။

၇၆၇။ အကြွင်းကိုဆောင်အံ့၊ ဥစ္စာရှင်တို့ကိုပန်ကြား၍ ဆောင်အံ့၊ ဘေးရန်တို့ကြောင့်ဆောင်အံ၊ အာပတ် မသင့်၊ ရူးသောဘိက္ခုနီမ အစလက်ဦး လွန်ကျူးသော ဘိက္ခုနီမတို့အားလည်း အာပတ် မသင့်။

သတ္တမသိက္ခာပုဒ် ပြီး၏။

---

## ၁-ပတ္တဝဂ် ၈-အဋ္ဌမသိက္ခာပုဒ်

၇၆၈။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ အသင်းတခု၏ ပရိဝုဏ်၌ နေသော ဘိက္ခုနီမတို့သည် ယာဂုဖြင့် ပင်ပန်းကုန်၏ 'ယာဂုရှားပါးကုန်၏'။

http://www.dhammadownload.com



ထိုအခါ ထိုအသင်းသည် ဘိက္ခုနီမတို့၏ ယာဂုအလို့ငှါ သဘောတူ စုဆောင်းပြီးနောက် ဈေးသည်တဦး၏အိမ်၌ ပရိက္ခာရကိုထားပြီးလျှင် ဘိက္ခုနီမတို့ထံသို့ ချဉ်းကပ်ပြီး၍ "အသျှင်မတို့ ဤမည်သော ဈေးသည်အိမ်၌ ယာဂုအလို့ငှါ ပရိက္ခာရကို ထားအပ်ပြီးပါပြီ၊ ထိုအိမ်မှ ဆန်ကိုယူဆောင်စေပြီးလျှင် ယာဂုချက်၍ သုံးဆောင်ကုန်လော့" ဟု လျှောက်၏။

ဘိက္ခုနီမတို့သည် ထိုပရိက္ခာရဖြင့် ဆေးကိုဝယ်စေ၍ သုံးဆောင်ကုန်၏။ ထိုအခါ ထိုအသင်းသည် သိ၍ "အဘယ့်ကြောင့် ဘိက္ခုနီမတို့သည် အခြားပစ္စည်းအတွက် ရည်စူးချက်ရှိသော အများပိုင် ပရိက္ခာရဖြင့် အခြားဝတ္ထုကို ဝယ်စေကုန်ဘိသနည်း" ဟု ကဲ့ရဲ့၏၊ ရှုတ်ချ၏၊ အပြစ်ပြ ပြောဆို၏။ပ။

"ရဟန်းတို့ ဘိက္ခုနီမတို့သည် အခြားပစ္စည်းအတွက် ရည်စူးချက်ရှိသော အများပိုင် ပရိက္ခာရဖြင့် အခြားဝတ္ထုကို ဝယ်စေ၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ အဘယ့်ကြောင့် ဘိက္ခုနီမတို့သည် အခြားပစ္စည်းအတွက် ရည်စူးချက်ရှိသော အများပိုင် ပရိက္ခာရဖြင့် အခြားဝတ္ထုကို ဝယ်စေကုန်ဘိသနည်း။ ရဟန်းတို့ ဤ (ဘိက္ခုနီမတို့ ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ ရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

၃၃။ ဂ-၇၆၉။ "အကြင် ဘိက္ခုနီမသည် အခြားပစ္စည်းအတွက် ရည်စူးချက် ရှိသော အများပိုင် ပရိက္ခာရဖြင့် အခြားဝတ္ထုကို ဝယ်စေငြားအံ့၊ (ထိုဘိက္ခုနီမအား) နိဿဂ္ဂိပါစိတ် အာပတ် သင့်၏" ဤသို့ (ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)။

## ဂ-အဋ္ဌမသိက္ခာပုဒ် အဖွင့်

၇၇၀။ အကြင် ဟူသည် အကြင်သို့ သဘောရှိသော။ပ။

**ဘိက္ခုနီမ** ဟူသည်။ပ။ ဤအရာ၌ ဤဥ တ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သော မိန်းမကို "ဘိက္ခုနီမ" ဟူ၍ အလိုရှိအပ်၏။

**အခြားပစ္စည်းအတွက် ရည်စူးချက်ရှိသော ပရိက္ခာရဖြင့်** ဟူသည် အခြားဝတ္ထုပစ္စည်း အကျိုးငှါ လှူအပ်သော ပရိက္ခာရဖြင့်။

**အများပိုင်** ဟူသည် ဂိုဏ်းအဖွဲ့အား လှူသောပစ္စည်းတည်း သံဃာအား လှူသောပစ္စည်း မဟုတ်၊ ဘိက္ခုနီမတယောက်အားလှူသော ပစ္စည်းမဟုတ်။

**အခြားဝတ္ထုကိုဝယ်စေငြားအံ့** ဟူသည် ရည်ညွှန်း၍လှူသော ပစ္စည်းဝတ္ထုမှတပါး အခြားပစ္စည်း ဝတ္ထုကို ဝယ်စေအံ့၊ လဲလှယ်ပယောဂကြောင့် ဒုက္ကဋ်အာပတ် သင့်၏။ ရခြင်းကြောင့် စွန့်ခြင်း ဝိနည်းကံ ရှိ၏။

http://www.dhammadownload.com



သံဃာအားသော်၎င်း ဂိုဏ်းအားသော်၎င်း ဘိက္ခုနီမတယောက်အားသော်၎င်း စွန့်ရမည်။

ရဟန်းတို့ ဤသို့စွန့်ရမည်။ပ။

"အသျှင်မတို့ ဤဝတ္ထုသည် အခြားပစ္စည်းအတွက် ရည်စူးချက်ရှိသော အများပိုင် ပရိက္ခရာဖြင့် အကျွန်ုပ် ဝယ်စေအပ်သည်ဖြစ်၍ စွန့်အပ်ပါ၏။ အကျွန်ုပ်သည် သံဃာအား ဤဝတ္ထုကို စွန့်ပါ၏" ဟု။ပ။ ပေးရာ၏ ဟု ။ပ။ ပေးကုန်ရာ၏ ဟု ။ပ။ အသျှင်မအား ပေးပါ၏ ဟု (ပြန်ပေးရမည်)။

၇၇၁။ အခြားပစ္စည်းအတွက်ဖြစ်သော ဝတ္ထု၌ အခြားပစ္စည်းအတွက်ဖြစ်သော ဝတ္ထု ဟု အမှတ်ရှိသည်ဖြစ်၍ အခြားဝတ္ထုကို ဝယ်စေအံ့၊ နိဿဂ္ဂိပါစိတ်အာပတ် သင့်၏။

အခြားပစ္စည်းအတွက်ဖြစ်သော ဝတ္ထု၌ ယုံမှားရှိသည်ဖြစ်၍ အခြားဝတ္ထုကို ဝယ်စေအံ့၊ နိဿဂ္ဂိပါစိတ်အာပတ် သင့်၏။

အခြားပစ္စည်းအတွက်ဖြစ်သော ဝတ္ထု၌ အခြားပစ္စည်းအတွက် ဖြစ်သော ဝတ္ထုမဟုတ် ဟု အမှတ်ရှိသည်ဖြစ်၍ အခြားဝတ္ထုကို ဝယ်စေအံ့၊ နိဿဂ္ဂိပါစိတ်အာပတ် သင့်၏။

စွန့်ပြီးဝတ္ထုကို ရသောအခါ လှူရင်းတိုင်းသို့ ပြန်ပို့ရမည်။

အခြားပစ္စည်းအတွက်ဖြစ်သော ဝတ္ထုမဟုတ်ရာ၌ အခြားပစ္စည်းအတွက်ဖြစ်သော ဝတ္ထု ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

အခြားပစ္စည်းအတွက်ဖြစ်သော ဝတ္ထုမဟုတ်ရာ၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

အခြားပစ္စည်းအတွက်ဖြစ်သော ဝတ္ထုမဟုတ်ရာ၌ အခြားပစ္စည်း အတွက်ဖြစ်သော ဝတ္ထုမဟုတ် ဟု အမှတ်ရှိအံ့၊ အာပတ် မသင့်။

၇၇၂။ အကြွင်းကိုဆောင်အံ့၊ ဥစ္စာရှင်တို့ကို ပန်ကြား၍ ဆောင်အံ့၊ ဘေးရန်တို့ကြောင့် ဆောင်အံ့၊ အာပတ် မသင့်၊ ရူးသောဘိက္ခုနီမ အစလက်ဦး လွန်ကျူးသော ဘိက္ခုနီမတို့အားလည်း အာပတ် မသင့်။

အဋ္ဌမသိက္ခာပုဒ် ပြီး၏။

---

## ၁-ပတ္တဝဂ် ၉-နဝမသိက္ခာပုဒ်

၇၇၃။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ အသင်းတခု၏ ပရိဝုဏ်၌နေသော ဘိက္ခုနီမတို့သည် ယာဂုဖြင့် ပင်ပန်းကုန်၏ 'ယာဂုရှားပါးကုန်၏'။

ထိုအခါ ထိုအသင်းသည် ဘိက္ခုနီမတို့၏ ယာဂုအလို့ငှါ သဘောတူ စုဆောင်းပြီးနောက်ဈေးသည်တဦး၏အိမ်၌ ပရိက္ခရာကိုထားပြီးလျှင် ဘိက္ခုနီမတို့ထံသို့ ချဉ်းကပ်၍ "အသျှင်မတို့ ဤမည်သော ဈေးသည်အိမ်၌ ယာဂုအလို့ငှါ ပရိက္ခရာကို ထားအပ်ပါပြီ၊ ထိုဈေးသည်၏အိမ်မှ ဆန်ကို ဆောင်ယူစေ၍ ယာဂုချက်ပြီးလျှင် သုံးဆောင်ကုန်လော့" ဟု လျှောက်၏။

http://www.dhammadownload.com



ဘိက္ခုနီမတို့သည် ထိုပရိက္ခာရာဖြင့်ရင်း ကိုယ်တိုင်တောင်းသော ပရိက္ခာရာဖြင့်ရင်း ဆေးကိုဝယ်စေ၍ သုံးဆောင်ကုန်၏။ ထိုအသင်းသည် သိ၍ "အဘယ့်ကြောင့် ဘိက္ခုနီမတို့သည် အခြားပစ္စည်း အတွက် ရည်စူးချက်ရှိသော အများပိုင် ပရိက္ခာရာဖြင့်ရင်း ကိုယ်တိုင်တောင်းသော ပရိက္ခာရာဖြင့်ရင်း အခြားဝတ္ထုကို ဝယ်စေကုန်ဘိသနည်း" ဟု ကဲ့ရဲ့၏၊ ရှုတ်ချ၏၊ အပြစ်ပြ ပြောဆို၏။ပ။

"ရဟန်းတို့ ဘိက္ခုနီမတို့သည် အခြားပစ္စည်းအတွက် ရည်စူးချက်ရှိသော အများပိုင် ပရိက္ခာရာဖြင့်ရင်း ကိုယ်တိုင်တောင်းသော ပရိက္ခာရာဖြင့်ရင်း အခြားဝတ္ထုကို ဝယ်စေကုန်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ အဘယ့်ကြောင့် ဘိက္ခုနီမတို့သည် အခြားပစ္စည်းအတွက် ရည်စူးချက်ရှိသော အများပိုင် ပရိက္ခာရာဖြင့်ရင်း ကိုယ်တိုင်တောင်းသော ပရိက္ခာရာဖြင့်ရင်း အခြားဝတ္ထုကို ဝယ်စေကုန်ဘိသနည်း။ ရဟန်းတို့ ဤ (ဘိက္ခုနီမတို့ ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ ရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

၃၄။ ၉-၇၇၄။ "အကြင် ဘိက္ခုနီမသည် အခြားပစ္စည်းအတွက် ရည်စူးချက်ရှိသော အများပိုင် ပရိက္ခာရာဖြင့်ရင်း ကိုယ်တိုင်တောင်းသော ပရိက္ခာရာဖြင့်ရင်း အခြားဝတ္ထုကို ဝယ်စေငြားအံ့၊ (ထိုဘိက္ခုနီမအား) နိဿဂ္ဂိပါစိတ် အာပတ် သင့်၏" ဤသို့ (ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)။

## ၉-နဝမသိက္ခာပုဒ် အဖွင့်

၇၇၅။ အကြင် ဟူသည် အကြင်သို့ သဘောရှိသော။ပ။

ဘိက္ခုနီမ ဟူသည်။ပ။ ဤအရာ၌ ဤဉတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သော မိန်းမကို "ဘိက္ခုနီမ" ဟူ၍ အလိုရှိအပ်၏။

**အခြားပစ္စည်းအတွက် ရည်စူးချက်ရှိသော ပရိက္ခာရာဖြင့်** ဟူသည် အခြားဝတ္ထုပစ္စည်း အကျိုးငှါ လှူအပ်သော ပရိက္ခာရာဖြင့်။

**အများပိုင်** ဟူသည် ဂိုဏ်းအဖွဲ့အား လှူသော ပစ္စည်းတည်း၊ သံဃာအား လှူသော ပစ္စည်း မဟုတ်၊ ဘိက္ခုနီမ တယောက်အား လှူသောပစ္စည်းမဟုတ်။

**ကိုယ်တိုင်တောင်းသော** ဟူသည် ကိုယ်တိုင်တောင်း၍။

**အခြားဝတ္ထုကို ဝယ်စေငြားအံ့** ဟူသည် ရည်ညွှန်း၍လှူသော ပစ္စည်းဝတ္ထုမှတပါး အခြားပစ္စည်း ဝတ္ထုကို ဝယ်စေအံ့၊ လုံ့လပယောဂကြောင့် ဒုက္ကဋ်အာပတ် သင့်၏။ ရခြင်းကြောင့် စွန့်ခြင်း ဝိနည်းကံ ရှိ၏။ သံဃာအားသော်ရင်း ဂိုဏ်းအားသော်ရင်း ဘိက္ခုနီမတယောက်အားသော်ရင်း စွန့်ရမည်။

ရဟန်းတို့ ဤသို့ စွန့်ရမည်။ပ။

"အသျှင်မတို့ ဤဝတ္ထုသည် အခြားပစ္စည်းအတွက် ရည်စူးချက်ရှိသော အများပိုင် ပရိက္ခာရာဖြင့်ရင်း ကိုယ်တိုင်တောင်းသော ပရိက္ခာရာဖြင့်ရင်း အကျွန်ုပ် ဝယ်စေအပ်သည်ဖြစ်၍ စွန့်အပ်ပါ၏၊ အကျွန်ုပ်

http://www.dhammadownload.com



သည် ဤဝတ္ထုကို သံဃာအား စွန့်ပါ၏" ဟု။ပ။ ပေးရာ၏ ဟု။ပ။ ပေးကုန်ရာ၏ ဟု။ပ။ အသျှင်မ အား ပေးပါ၏ ဟု (ပြန်ပေးရမည်)။

၇၇၆။ အခြားပစ္စည်းအတွက် ဖြစ်သော ဝတ္ထု၌ အခြားပစ္စည်းအတွက် ဖြစ်သော ဝတ္ထု ဟု အမှတ်ရှိသည်ဖြစ်၍ အခြားဝတ္ထုကို ဝယ်စေအံ့၊ နိဿဂ္ဂိပါစိတ်အာပတ် သင့်၏။

အခြားပစ္စည်းအတွက်ဖြစ်သော ဝတ္ထု၌ ယုံမှားရှိသည်ဖြစ်၍ အခြားဝတ္ထုကို ဝယ်စေအံ့၊ နိဿဂ္ဂိ ပါစိတ်အာပတ် သင့်၏။

အခြားပစ္စည်းအတွက်ဖြစ်သော ဝတ္ထု၌ အခြားပစ္စည်းအတွက်ဖြစ်သော ဝတ္ထုမဟုတ် ဟု အမှတ် ရှိသည်ဖြစ်၍ အခြားဝတ္ထုကို ဝယ်စေအံ့၊ နိဿဂ္ဂိပါစိတ်အာပတ် သင့်၏။

စွန့်ပြီးဝတ္ထုကို ရသောအခါ လှူရင်းတိုင်းသို့ ပြန်ပို့ရမည်။

အခြားပစ္စည်းအတွက်ဖြစ်သော ဝတ္ထုမဟုတ်ရာ၌ အခြားပစ္စည်းအတွက်ဖြစ်သော ဝတ္ထု ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

အခြားပစ္စည်းအတွက်ဖြစ်သော ဝတ္ထုမဟုတ်ရာ၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

အခြားပစ္စည်းအတွက်ဖြစ်သော ဝတ္ထုမဟုတ်ရာ၌ အခြားပစ္စည်းအတွက် ဖြစ်သော ဝတ္ထုမဟုတ် ဟု အမှတ်ရှိအံ့၊ အာပတ် မသင့်။

၇၇၇။ အကြွင်းကိုဆောင်အံ့၊ ဥစ္စာရှင်တို့ကို ပန်ကြား၍ဆောင်အံ့၊ ဘေးရန်တို့ကြောင့် ဆောင် အံ့၊ အာပတ် မသင့်၊ ရူးသောဘိက္ခုနီမ အစလက်ဦး လွန်ကျူးသော ဘိက္ခုနီမတို့အားလည်း အာပတ် မသင့်။

နဝမသိက္ခာပုဒ် ပြီး၏။

---

## ၁-ပတ္တဝဂ် ၁၀-ဒသမသိက္ခာပုဒ်

၇၇၈။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံ ဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ထုလ္လနန္ဒာဘိက္ခုနီမသည် အကြား အမြင်များ၍ အပြောကောင်း၏၊ တရားဟောခြင်း၌လည်း ရဲရင့်၍ စွမ်းရည်သတ္တိရှိ၏၊ များစွာသော လူတို့သည် ထုလ္လနန္ဒာဘိက္ခုနီမကို ဆည်းကပ်ကုန်၏။

ထိုစဉ်အခါ၌ ထုလ္လနန္ဒာဘိက္ခုနီမ၏ ပရိဝုဏ်သည် ပျက်စီးသဖြင့် လူတို့သည် ထုလ္လနန္ဒာ ဘိက္ခုနီမ ကို "အသျှင်မ အဘယ့်ကြောင့် သင်၏ပရိဝုဏ်သည် ပျက်စီးသနည်း" ဟု မေးကုန်၏။ ဒါယကာတို့ ပေးလှူမည့်သူတို့လည်း မရှိကုန်၊ ပြုပြင်ပေးမည့် သူတို့လည်း မရှိကုန် ဟု ဆို၏။ ထိုအခါ ထိုလူတို့သည် ထုလ္လနန္ဒာဘိက္ခုနီမ၏ ပရိဝုဏ်အလို့ငှါ သဘောတူ စုဆောင်းပြီးနောက် ထုလ္လနန္ဒာ ဘိက္ခုနီမအား ပရိက္ခာရကို ပေးလှူကုန်၏။

ထုလ္လနန္ဒာ ဘိက္ခုနီမသည် ထိုပရိက္ခာရဖြင့်ငွေ ကိုယ်တိုင်တောင်းသော ပရိက္ခာရဖြင့်ငွေ ဆေးကို ဝယ်စေ၍ သုံးဆောင်၏။ လူတို့သည် သိ၍ "အဘယ့်ကြောင့် အသျှင်မ ထုလ္လနန္ဒာသည် အခြားပစ္စည်း

http://www.dhammadownload.com



အတွက် ရည်စူးချက်ရှိသော ပုဂ္ဂလိက ပရိက္ခာရာဖြင့်ငှင်း ကိုယ်တိုင်တောင်းသော ပရိက္ခာရာဖြင့်ငှင်း အခြားဝတ္ထုကို ဝယ်စေဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြု ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ ထုလ္လနန္ဒာဘိက္ခုနီမသည် အခြားပစ္စည်းအတွက် ရည်စူးချက်ရှိသော ပုဂ္ဂလိက ပရိက္ခာရာဖြင့်ငှင်း ကိုယ်တိုင်တောင်းသော ပရိက္ခာရာဖြင့်ငှင်း အခြားဝတ္ထုကို ဝယ်စေ၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ အဘယ့်ကြောင့် ထုလ္လနန္ဒာ ဘိက္ခုနီမသည် အခြားပစ္စည်းအတွက် ရည်စူးချက်ရှိသော ပုဂ္ဂလိကပရိက္ခာရာဖြင့်ငှင်း ကိုယ်တိုင်တောင်းသော ပရိက္ခာရာဖြင့်ငှင်း အခြားဝတ္ထုကို ဝယ်စေဘိသနည်း။ ရဟန်းတို့ ဤ (ထုလ္လနန္ဒာ ဘိက္ခုနီမ ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ ရှိုင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

၃၅။ ၁၀-၇၇၉။ "အကြင် ဘိက္ခုနီမသည် အခြားပစ္စည်းအတွက် ရည်စူးချက်ရှိသော ပုဂ္ဂလိက ပရိက္ခာရာဖြင့်ငှင်း ကိုယ်တိုင်တောင်းသော ပရိက္ခာရာဖြင့်ငှင်း အခြားဝတ္ထုကို ဝယ်စေငြားအံ့၊ (ထိုဘိက္ခုနီမအား) နိဿဂ္ဂိပါစိတ် အာပတ် သင့်၏" ဤသို့ (ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)။

## ၁၀-ဒသမသိက္ခာပုဒ် အဖွင့်

၇၈၀။ အကြင် ဟူသည် အကြင်သို့ သဘောရှိသော။ပ။

ဘိက္ခုနီမ ဟူသည်။ပ။ ဤအရာ၌ ဤဥ တ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သော မိန်းမကို "ဘိက္ခုနီမ" ဟူ၍ အလိုရှိအပ်၏။

အခြားပစ္စည်းအတွက် ရည်စူးချက်ရှိသော ပရိက္ခာရာဖြင့် ဟူသည် အခြားဝတ္ထုပစ္စည်း အကျိုးငှါ လှူအပ်သော ပရိက္ခာရာဖြင့်။

ပုဂ္ဂလိက ဟူသည် ဘိက္ခုနီမတယောက်အား လှူသော ပစ္စည်းတည်း၊ သံဃာအားလှူသော ပစ္စည်းမဟုတ်၊ ဂိုဏ်းအား လှူသော ပစ္စည်းမဟုတ်။

ကိုယ်တိုင်တောင်းသော ဟူသည် ကိုယ်တိုင်တောင်း၍။

အခြားဝတ္ထုကို ဝယ်စေငြားအံ့ ဟူသည် ရည်ညွှန်း၍လှူသော ဝတ္ထု ပစ္စည်းမှတပါး အခြား ပစ္စည်း ဝတ္ထုကို ဝယ်စေအံ့၊ လုံ့လပယောဂကြောင့် ဒုက္កဋ်အာပတ် သင့်၏။ ရခြင်းကြောင့် စွန့်ခြင်း ဝိနည်းကံ ရှိ၏။

သံဃာအားသော်၎င်း ဂိုဏ်းအားသော်၎င်း ဘိက္ခုနီမတယောက်အား သော်၎င်း စွန့်ရမည်။

ရဟန်းတို့ ဤသို့ စွန့်ရမည်။ပ။

http://www.dhammadownload.com



"အသျှင်မတို့ ဤဝတ္ထုသည် အခြားပစ္စည်းအတွက် ရည်စူးချက်ရှိသော ပုဂ္ဂလိက ပရိက္ခာရာဖြင့်ရင်း ကိုယ်တိုင်တောင်းသော ပရိက္ခာရာဖြင့်ရင်း အကျွန်ုပ်ဝယ်စေအပ်သည်ဖြစ်၍ စွန့်အပ်ပါ၏၊ အကျွန်ုပ်သည် ဤဝတ္ထုကို သံဃာအား စွန့်ပါ၏" ဟု။ပ။ ပေးရာ၏ ဟု။ပ။ ပေးကုန်ရာ၏ ဟု။ပ။ အသျှင်မအား ပေးပါ၏ ဟု (ပြန်ပေးရမည်)။

၇၈၁။ အခြားပစ္စည်းအတွက်ဖြစ်သော ဝတ္ထု၌ အခြားပစ္စည်းအတွက်ဖြစ်သော ဝတ္ထု ဟု အမှတ်ရှိသည်ဖြစ်၍ အခြားဝတ္ထုကို ဝယ်စေအံ့၊ နိဿဂ္ဂိပါစိတ်အာပတ် သင့်၏။

အခြားပစ္စည်းအတွက်ဖြစ်သော ဝတ္ထု၌ ယုံမှားရှိသည်ဖြစ်၍ အခြားဝတ္ထုကို ဝယ်စေအံ့၊ နိဿဂ္ဂိပါစိတ်အာပတ် သင့်၏။

အခြားပစ္စည်းအတွက်ဖြစ်သော ဝတ္ထု၌ အခြားပစ္စည်း အကျိုးငှါ လှူအပ်သော ဝတ္ထုမဟုတ် ဟု အမှတ်ရှိသည်ဖြစ်၍ အခြားဝတ္ထုကို ဝယ်စေအံ့၊ နိဿဂ္ဂိပါစိတ်အာပတ် သင့်၏။

စွန့်ပြီးဝတ္ထုကို ရသောအခါ လှူရင်းတိုင်းသို့ ပြန်ပို့ရမည်။

အခြားပစ္စည်းအတွက်ဖြစ်သော ဝတ္ထုမဟုတ်ရာ၌ အခြားပစ္စည်းအတွက်ဖြစ်သော ဝတ္ထု ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

အခြားပစ္စည်းအတွက်ဖြစ်သော ဝတ္ထုမဟုတ်ရာ၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

အခြားပစ္စည်း အကျိုးငှါ လှူအပ်သော ဝတ္ထုမဟုတ်ရာ၌ အခြားပစ္စည်းအကျိုးငှါ လှူအပ်သော ဝတ္ထုမဟုတ် ဟု အမှတ်ရှိအံ့၊ အာပတ် မသင့်။

၇၈၂။ အကြွင်းကိုဆောင်အံ့၊ ဥစ္စာရှင်တို့ကို ပန်ကြား၍ ဆောင်အံ့၊ ဘေးရန်တို့ကြောင့် ဆောင်အံ့၊ အာပတ် မသင့်၊ ရူးသောဘိက္ခုနီမ အစလက်ဦး လွန်ကျူးသော ဘိက္ခုနီမတို့အားလည်း အာပတ် မသင့်။

ဒသမသိက္ခာပုဒ် ပြီး၏။

---

## ၁၁-ကောဒသမသိက္ခာပုဒ်

၇၈၃။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ထုလ္လနန္ဒာဘိက္ခုနီမသည် အကြားအမြင်များ၍ အပြောကောင်း၏၊ တရားဟောခြင်းငှါလည်း ရဲရင့်၍ စွမ်းရည်သတ္တိရှိ၏။

ထိုအခါ ပသေနဒီကောသလမင်းကြီးသည် ချမ်းအေးသောအခါ၌ အဖိုးများစွာထိုက်သော ကမ္ဗလာကိုခြုံကာ ထုလ္လနန္ဒာဘိက္ခုနီမထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် တခုသောနေရာ၌ ထိုင်နေ၏၊ တခုသောနေရာ၌ ထိုင်နေပြီးသော ပသေနဒီကောသလမင်းကြီးကို ထုလ္လနန္ဒာဘိက္ခုနီမသည်တရားစကားဖြင့် (အကျိုးစီးပွါးကို) သိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန်ရွှင်လန်းစေ၏။

http://www.dhammadownload.com



ထိုအခါ ထုလ္လနန္ဒာဘိက္ခုနီမက တရားစကားဖြင့် (အကျိုးစီးပွါးကို) သိမြင်စေ၍ (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန်ရှင်လန်းစေပြီးသော် ပသေနဒီကောသလ မင်းကြီးသည် "အသျှင်မ အလိုရှိရာဝတ္ထုကို ပြောဆိုပါလော့" ဟု ထုလ္လနန္ဒာ ဘိက္ခုနီမအား လျှောက်၏။ မင်းမြတ် သင်သည် အကျွန်ုပ်အား အကယ်၍လှူလိုပါမူ ဤကမ္ဗလာ 'သက္ကလတ်' ကို ပေးလှူလော့ ဟု ဆိုသဖြင့် ပေးလှူခဲ့ပြီးနောက် နေရာမှထပြီးလျှင် ရှိခိုး၍ အရိုအသေပြုကာ ဖဲခွါ သွားလေ၏။

လူတို့သည် "ဤဘိက္ခုနီမတို့သည် အလိုကြီးကုန်၏၊ မရောင့်ရဲကုန်၊ အဘယ့်ကြောင့် မင်းကြီး၏ ကမ္ဗလာကို တောင်းကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ဘိက္ခုနီမတို့သည် ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုကြသော ထိုလူတို့၏စကားကို ကြားကြသည် သာတည်း။ အလိုနည်းသော ဘိက္ခုနီမတို့သည်"အဘယ့်ကြောင့် အသျှင်မ ထုလ္လနန္ဒာသည် မင်းကြီး၏ ကမ္ဗလာကို တောင်းလေဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ ထုလ္လနန္ဒာဘိက္ခုနီမသည် မင်းကြီး၏ ကမ္ဗလာကို တောင်း၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ အဘယ့်ကြောင့် ထုလ္လနန္ဒာဘိက္ခုနီမသည် မင်းကြီး၏ ကမ္ဗလာကိုတောင်းလေဘိသနည်း။ ရဟန်းတို့ ဤ (ထုလ္လနန္ဒာ ဘိက္ခုနီမ ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ ရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

၃၆။ ၁၁-၇၈၄။ **"လေးသော ခြုံထည်ကို တောင်းသော ဘိက္ခုနီမသည် လေးကံသထိုက်သော ခြုံထည်ကို တောင်းရမည်၊ ထို့ထက်အလွန်(အဖိုးထိုက်သော ခြုံထည်ကို)တောင်းငြားအံ့၊ (ထိုဘိက္ခုနီမအား) နိဿဂ္ဂိပါစိတ် အာပတ် သင့်၏"** ဤသို့ (ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)။

## ၁၁-ကောဒသမသိက္ခာပုဒ် အဖွင့်

၇၈၅။ **လေးသောခြုံထည်** မည်သည် ချမ်းအေးသောအချိန်၌ (အသုံးပြုသော) ခြုံထည် ထထည်ထည်တည်း။

**တောင်းသောဘိက္ခုနီမသည်** ဟူသည် သိစေသော ဘိက္ခုနီမသည်။

**လေးကံသထိုက်သော ခြုံထည်ကို တောင်းရမည်** ဟူသည် တဆယ့်ခြောက်သပြာထိုက်သော ခြုံထည်ကို တောင်းရမည်။

**ထို့ထက်အလွန် (အဖိုးထိုက်သောခြုံထည်ကို) တောင်းငြားအံ့** ဟူသည် ထို့ထက်ပိုလွန်၍ (အဖိုးထိုက်သောခြုံထည် ကို) သိစေအံ့။

လုံ့လပယောဂကြောင့် ဒုက္ကဋ်အာပတ် သင့်၏။ ရခြင်းကြောင့် စွန့်ခြင်းဝိနည်းကံရှိ၏။

http://www.dhammadownload.com



သံဃာအားသော်ရင်း ဂိုဏ်းအားသော်ရင်း ဘိက္ခုနီမတယောက်အားသော်ရင်း စွန့်ရမည်၊ ရဟန်းတို့ ဤသို့ စွန့်ရမည်။ပ။

"အသျှင်မတို့ ဤခြုံထည်သည် လေးကံသ 'တဆယ့်ခြောက်သပြာ' ထက်အလွန် အကျန်ုပ် တောင်းအပ်သည် ဖြစ်၍ စွန့်အပ်ပါ၏၊ အကျွန်ုပ်သည် ဤခြုံထည်ကို သံဃာအား စွန့်ပါ၏" ဟု ။ပ။ ပေးရာ၏ ဟု။ပ။ ပေးကုန်ရာ၏ ဟု။ပ။ အသျှင်မအား ပေးပါ၏ ဟု (ပြန်ပေးရမည်)။

၇၈၆။ လေးကံသထက် လွန်သည်၌ လွန်၏ ဟု အမှတ်ရှိသည်ဖြစ်၍ တောင်းအံ့၊ နိဿဂ္ဂိပါစိတ် အာပတ် သင့်၏။

လေးကံသထက်လွန်သည်၌ ယုံမှားရှိသည်ဖြစ်၍ တောင်းအံ့၊ နိဿဂ္ဂိပါစိတ်အာပတ် သင့်၏။

လေးကံသထက် လွန်သည်၌ ယုတ်လျော့၏ ဟု အမှတ်ရှိသည်ဖြစ်၍ တောင်းအံ့၊ နိဿဂ္ဂိပါစိတ် အာပတ် သင့်၏။

လေးကံသအောက် ယုတ်လျော့သည်၌ ပိုလွန်၏ ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

လေးကံသအောက် ယုတ်လျော့သည်၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

လေးကံသအောက် ယုတ်လျော့သည်၌ ယုတ်လျော့၏ ဟု အမှတ်ရှိ၍ တောင်းအံ့၊ အာပတ် မသင့်။

၇၈၇။ လေးကံသအတိုင်းအရှည်ရှိသော ခြုံထည်ကို တောင်းအံ့၊ လေးကံသအောက် ယုတ်လျော့သော အတိုင်းအရှည်ရှိသော ခြုံထည်ကို တောင်းအံ့၊ အဆွေအမျိုးတော်သူတို့ကို တောင်းအံ့၊ ဖိတ်ထားသူတို့ကို တောင်းအံ့၊ သူတပါးအကျိုးငှါ တောင်းအံ့၊ မိမိဥစ္စာဖြင့် ဝယ်စေအံ့၊ အဖိုးများစွာထိုက်သော ခြုံထည်ကို တောင်းစေလိုသော သူအထံ၌ အဖိုးအနည်းငယ်ထိုက်သော ခြုံထည်ကို တောင်းအံ့၊ အာပတ် မသင့်၊ ရူးသောဘိက္ခုနီမ အစလက်ဦး လွန်ကျူးသော ဘိက္ခုနီမတို့အားလည်း အာပတ် မသင့်။

ကောသေယ်သိက္ခာပုဒ် ပြီး၏။

---

## ၁-ပတ္တဝဂ် ၁၂-ခွဲဒသမသိက္ခာပုဒ်

၇၈၈။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ထုလ္လနန္ဒာဘိက္ခုနီမသည် အကြားအမြင်များ၍ အပြောကောင်း၏၊ တရားဟောခြင်းငှါလည်း ရဲရင့်၍ စွမ်းရည်သတ္တိရှိ၏။

ထိုအခါ ပသေနဒီ ကောသလမင်းကြီးသည် ပုဆိုးတ်သောအခါ၌ အဖိုးများစွာထိုက်သော ခေါမတိုင်းဖြစ် အထည်ကိုခြုံ၍ ထုလ္လနန္ဒာဘိက္ခုနီမထံသို့ ချဉ်းကပ်ပြီးလျှင် ရှိခိုး၍ တခုသောနေရာ၌ ထိုင်နေ၏၊ တခုသော နေရာ၌ထိုင်နေပြီးသော ပသေနဒီ ကောသလမင်းကြီးကို ထုလ္လနန္ဒာဘိက္ခုနီမသည် တရားစကားဖြင့် (အကျိုးစီးပွါးကို) သိမြင်စေ၍ (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန်ရွှင်လန်းစေ၏။

http://www.dhammadownload.com



ထိုအခါ ထုလ္လနန္ဒာ ဘိက္ခုနီမက တရားစကားဖြင့် (အကျိုးစီးပွါးကို) သိမြင်စေ၍ (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန်ရွှင်လန်းစေပြီးသော် ပသေနဒီ ကောသလ မင်းကြီးသည် "အသျှင်မ အလိုရှိရာ ဝတ္ထုကို ပြောဆိုပါလော့" ဟု ထုလ္လနန္ဒာ ဘိက္ခုနီမအား လျှောက်၏၊ မင်းမြတ် သင်သည် အကျွန်ုပ်အား အကယ်၍ လှူလိုပါမူ ဤခေါမတိုင်းဖြစ် ခြုံထည်ကို ပေးလှူပါလော့ ဟု ဆိုသဖြင့် လှူခဲ့ပြီးနောက် နေရာမှ ထပြီးလျှင် ရှိခိုး၍ အရိုအသေပြုကာ ဖဲခွါသွား၏။

လူတို့သည် "ဤဘိက္ခုနီမတို့သည် အလိုကြီးကုန်၏၊ မရောင့်ရဲကုန်၊ အဘယ့်ကြောင့် မင်းကြီး၏ ခေါမတိုင်းဖြစ် ခြုံထည်ကို တောင်းကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ဘိက္ခုနီမတို့သည် ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုကြသော ထိုလူတို့၏ စကားကို ကြားကြသည်သာတည်း။ အလိုနည်းသော ဘိက္ခုနီမတို့သည် "အဘယ့်ကြောင့် အသျှင်မ ထုလ္လနန္ဒာသည် မင်းကြီး၏ ခေါမတိုင်းဖြစ် ခြုံထည်ကို တောင်းလေဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ ထုလ္လနန္ဒာ ဘိက္ခုနီမသည် မင်းကြီး၏ ခေါမတိုင်းဖြစ် ခြုံထည်ကို တောင်း၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ အဘယ့်ကြောင့် ထုလ္လနန္ဒာ ဘိက္ခုနီမသည် မင်းကြီး၏ ခေါမတိုင်းဖြစ် ခြုံထည်ကို တောင်းလေဘိသနည်း။ ရဟန်းတို့ ဤ (ထုလ္လနန္ဒာဘိက္ခုနီမ ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ ၎င်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

၉၇။ ၁၂-၇၈၉။ "ပေါ်ပါးသော ခြုံထည်ကို တောင်းသော ဘိက္ခုနီမသည် နှစ်ကံသခွဲ အလွန်ဆုံးတန်သော ခြုံထည်ကို တောင်းရမည်၊ ထိုထက်အလွန် (အဖိုးထိုက်သော ခြုံထည်ကို) တောင်းငြားအံ့၊ (ထိုဘိက္ခုနီမအား) နိဿဂ္ဂိပါစိတ် အာပတ် သင့်၏" ဤသို့ (ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)။

## ၁၂-ဒွါဒသမသိက္ခာပုဒ် အဖွင့်

၇၉၀။ ပေါ့ပါးသော ခြုံထည် မည်သည် ပူအိုက်သော အခါ၌ ခြုံသော အထည်တည်း။

တောင်းသော ဘိက္ခုနီမသည် ဟူသည် သိစေသော ဘိက္ခုနီမသည်။

နှစ်ကံသခွဲ အလွန်ဆုံးတန်သော ခြုံထည်ကို တောင်းရမည် ဟူသည် ဆယ်သပြာ ထိုက်သော ခြုံထည်ကို တောင်းရမည်။

ထိုထက် အလွန် (အဖိုးထိုက်သော ခြုံထည်ကို) တောင်းငြားအံ့ ဟူသည် ထို့ထက် အလွန် သိစေအံ့။

http://www.dhammadownload.com



လုံ့လပယောဂကြောင့် ဒုက္ကဋ်အာပတ် သင့်၏။ ရခြင်းကြောင့် စွန့်ခြင်း ဝိနည်းကံ ရှိ၏။

သံဃာအားသော်၎င်း ဂိုဏ်းအားသော်၎င်း ဘိက္ခုနီမတယောက်အားသော်၎င်း စွန့်ရမည်။

ရဟန် တို့ ဤသို့ စွန့်ရမည်။ပ။

"အသျှင်မတို့ ဤခြုံထည်သည် နှစ်ကံသခွဲထက် အလွန် အကျွန်ုပ် တောင်းအပ်သည်ဖြစ်၍ စွန့်အပ်ပါ၏၊ အကျွန်ုပ်သည် ဤခြုံထည်ကို သံဃာအား စွန့်ပါ၏" ဟု။ပ။ ပေးရာ၏ ဟု။ပ။ ပေးကုန်ရာ၏ ဟု။ပ။ အသျှင်မအား ပေးပါ၏ ဟု (ပြန်ပေးရမည်)။

၇၉၁။ နှစ်ကံသခွဲထက် လွန်သည်၌ ပိုလွန်၏ ဟု အမှတ်ရှိသည်ဖြစ်၍ တောင်းအံ့၊ နိဿဂ္ဂိပါစိတ် အာပတ် သင့်၏။

နှစ်ကံသခွဲထက် လွန်သည်၌ ယုံမှားရှိသည်ဖြစ်၍ တောင်းအံ့၊ နိဿဂ္ဂိပါစိတ် အာပတ် သင့်၏။

နှစ်ကံသခွဲထက် လွန်သည်၌ ယုတ်လျော့၏ ဟု အမှတ်ရှိသည်ဖြစ်၍ တောင်းအံ့၊ နိဿဂ္ဂိ ပါစိတ် အာပတ် သင့်၏။

နှစ်ကံသခွဲအောက် ယုတ်လျော့သည်၌ ပိုလွန်၏ ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

နှစ်ကံသခွဲအောက် ယုတ်လျော့သည်၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

နှစ်ကံသခွဲအောက် ယုတ်လျော့သည်၌ ယုတ်လျော့၏ ဟု အမှတ်ရှိအံ့၊ အာပတ် မသင့်။

၇၉၂။ နှစ်ကံသခွဲတန် အတိုင်းအရှည်ရှိသော ခြုံထည်ကိုတောင်းအံ့၊ နှစ်ကံသခွဲတန်အောက် ယုတ်လျော့သော အတိုင်းအရှည်ရှိသော ခြုံထည်ကို တောင်းအံ့၊ အဆွေအမျိုးတော်သူတို့ကို တောင်းအံ့၊ ဖိတ်ထားသူတို့ကို တောင်းအံ့၊ သူတပါးအကျိုးငှါ တောင်းအံ့၊ မိမိဥစ္စာဖြင့် ဝယ်စေအံ့၊ အဖိုးများစွာ ထိုက်သော ခြုံထည်ကို တောင်းစေလိုသူထံ၌ အဖိုးအနည်းငယ်ထိုက်သော ခြုံထည်ကို တောင်းအံ့၊ အာပတ် မသင့်၊ ရူးသော ဘိက္ခုနီမ အစလက်ဦး လွန်ကျူးသော ဘိက္ခုနီမတို့အားလည်း အာပတ် မသင့်။

ဒွါဒသမသိက္ခာပုဒ် ပြီး၏။

အသျှင်မတို့ သုံးဆယ်သော နိဿဂ္ဂိပါစိတ်အာပတ်တို့ကို သရုပ်အားဖြင့် ပြဆိုအပ်ပြီးပါကုန်ပြီ၊ ထိုနိဿဂ္ဂိပါစိတ်အာပတ်တို့၌ အသျှင်မတို့ကို မေးပါ၏၊ အာပတ်မှ စင်ကြယ်ကြပါကုန်၏လော၊ နှစ်ကြိမ်မြောက်လည်း မေးပါ၏၊ အာပတ်မှ စင်ကြယ်ကြပါကုန်၏လော၊ သုံးကြိမ်မြောက်လည်း မေးပါ၏၊ အာပတ်မှ စင်ကြယ်ကြပါကုန်၏လော၊ သုံးဆယ်သော ပါစိတ်အာပတ်တို့၌ အသျှင်မတို့သည် အာပတ်မှ စင်ကြယ်ကြပါ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေကြကုန်၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤအာပတ်မှ စင်ကြယ်သည့်အဖြစ်ကို သိမှတ်ရပါသည်။

ဘိက္ခုနီဝိဘင်း၌ နိဿဂ္ဂိအခဏ်း ပြီး၏။

---

မှာထားချက်

ဤဘိက္ခုနီ နိဿဂ္ဂိပါစိတ် ၃၀-တို့တွင် ယခုပြခဲ့ပြီး အသာဓာရဏ-၁၂-ပါးနှင့် ပုရာဏစီဝရ စီဝရပဋိဂ္ဂဟဏ ကောသိယ သုဒ္ဓကာဠက ဒွေဘာဂ ဆဗ္ဗဿ နိသီဒနသန္ထတ ဧဠကလောမ ဧဠကလောမဓောဝါပန ပတ္တ ဝဿိကသာဋိက အာရညက သိက္ခာပုဒ်မှတပါး ကျန်သော ဘိက္ခုသာဓာရဏ သိက္ခာပုဒ် ၁၈-ပါး၊ နှစ်ရပ်ပေါင်း ဘိက္ခုနီ နိဿဂ္ဂိပါစိတ် ၃၀-ဖြစ်သည်။

http://www.dhammadownload.com

# ၄-ဘိက္ခုနီပါစိတ်အခဏ်း

## ၁-လသုဏဝဂ် ၁-ပဌမသိက္ခာပုဒ်

အသျှင်မတို့ တရာ့ခြောက်ဆယ့်ခြောက်ပါးသော ဤပါစိတ်အာပတ်တို့သည် သရုပ်အားဖြင့် ပြဆိုအပ်သည်၏အဖြစ်သို့ ရောက်ကုန်၏။

၇၉၃။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံ ဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဥပါသကာတဦးသည် ကြက်သွန် အလိုရှိသော အသျှင်မတို့အား "အကျွန်ုပ်သည် ကြက်သွန် (အလှူခံရန်) ဖိတ်ကြားပါ၏" ဟု ဘိက္ခုနီသံဃာအား ဘိတ်ကြားထား၏၊ "အကယ်၍ ဘိက္ခုနီမတို့သည် လာကုန်အံ့၊ ဘိက္ခုနီမ တပါးတပါးအား ကြက်သွန် နှစ်ဖုတ် သုံးဖုတ်တို့ကို ပေးလှူဘိလော့" ဟု ကြက်သွန်ခင်း စောင့်သူ ကိုလည်း စေခိုင်းမှာထား၏။

ထိုအခါ သာဝတ္ထိပြည်၌ ပွဲသဘင်ဖြစ်၍ ဆောင်ယူခဲ့တိုင်းသော ကြက်သွန်သည် ကုန်ခြင်းသို့ ရောက်၏။ ဘိက္ခုနီမတို့သည် ထိုဥပါသကာထံသို့ ချဉ်းကပ်၍ "ဒါယကာ ကြက်သွန် အလိုရှိ၏" ဟု ပြောဆိုကုန်၏။ အသျှင်မတို့ မရှိပါ၊ ဆောင်ယူခဲ့တိုင်းသော ကြက်သွန်သည် ကုန်ပါပြီ၊ ကြက်သွန်ခင်း သို့ ကြွတော်မူကြပါလော့ ဟု (လျှောက်၏)။

ထုလ္လနန္ဒာဘိက္ခုနီမသည် ကြက်သွန်ခင်းသို့ သွား၍ အတိုင်းအရှည်ကို မသိပဲ များစွာသော ကြက်သွန်တို့ကို ဆောင်ယူစေ၏။ ကြက်သွန်ခင်းစောင့်သူသည် "အဘယ့်ကြောင့် ဘိက္ခုနီမတို့သည် အတိုင်းအရှည်ကို မသိပဲ များစွာသော ကြက်သွန်ကို ဆောင်ယူစေကုန်ဘိသနည်း" ဟု ကဲ့ရဲ့၏၊ ရှုတ်ချ၏၊ အပြစ်ပြ ပြောဆို၏။

ဘိက္ခုနီမတို့သည် ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုသော ထိုကြက်သွန်ခင်း စောင့်သူ၏ စကားကို ကြားကြသည်သာတည်း။ အလိုနည်းသော ဘိက္ခုနီမတို့သည် "အဘယ့်ကြောင့် အသျှင်မ ထုလ္လနန္ဒာသည် အတိုင်းအရှည်ကို မသိပဲ များစွာသောကြက်သွန်ကို ဆောင်ယူစေဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ ထုလ္လနန္ဒာဘိက္ခုနီမသည် အတိုင်းအရှည်ကို မသိပဲ များစွာသော ကြက်သွန်ကို ဆောင်ယူစေ၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ အဘယ့်ကြောင့် ထုလ္လနန္ဒာဘိက္ခုနီမသည် အတိုင်းအရှည်ကိုမသိပဲ များစွာသော ကြက်သွန်ကို ဆောင်ယူစေဘိ သနည်း။ ရဟန်းတို့ ဤ (ထုလ္လနန္ဒာဘိက္ခုနီမ ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ ရင်း။ပ။ တရားစကားကို ဟောကြားတော်မူ၍ ရဟန်းတို့ကို—

ရဟန်းတို့ ရှေးကဖြစ်ဘူးသည်ကား ထုလ္လနန္ဒာဘိက္ခုနီမသည် ပုဏ္ဏားတဦး၏ မယားဖြစ်ဘူး၍ (သူ့အား) နန္ဒာ နန္ဒဝတီ သုန္ဒရီနန္ဒာ ဟူသော သမီးသုံးယောက်တို့လည်း ရှိကုန်၏။

http://www.dhammadownload.com



ရဟန်းတို့ ထိုအခါ ထိုပုဏ္ဏားသည် သေလွန်၍ ဟင်္သာငှက်မျိုးတခု၌ဖြစ်၏. ထိုဟင်္သာငှက်၏ အတောင်တို့သည် အလုံးစုံ ရွှေဖြင့်ပြီးကုန်၏၊ ထိုဟင်္သာသည် ထိုမိသားတစုတို့အား အတောင်တခုစီ ပေး၏။

ရဟန်းတို့ ထိုအခါ ထုလ္လနန္ဒာဘိက္ခုနီမသည် "ဤဟင်္သာသည် ငါတို့အား တယောက်လျှင် အတောင်တခုစီ ပေး၏" ဟု နှလုံးသွင်း၍ ထိုဟင်္သာမင်းကို ဖမ်းပြီးလျှင် အတောင်မရှိသည်ကိုပြုလေ၏ 'တခုမကျန်အကုန်နုတ်ယူလေ၏'၊ တဖန်ပေါက်လာသော ထိုဟင်္သာမင်း၏ အတောင်တို့သည် အဖြူချည်းဖြစ်လေကုန်၏။

"ရဟန်းတို့ ထိုအခါ၌လည်း ထုလ္လနန္ဒာဘိက္ခုနီမသည် လောဘကြီးလွန်းသောကြောင့် ရွှေမှဆုံးရှုံးခဲ့ရ၏၊ ယခုအခါ၌မူကား ကြက်သွန်မှ ဆုံးရှုံးရလတ္တံ့" ဟု မိန့်တော်မူ၏။

ရရှိသော ဝတ္ထုပစ္စည်းဖြင့် နှစ်သက် ရောင့်ရဲရမည်၊ မှန်ပေစွ၊ လောဘကြီးလွန်းခြင်းသည် ယုတ်မာ၏၊ ဟင်္သာမင်းကို ဖမ်း၍ (အတောင်ကို အကုန်နုတ်ယူသောကြောင့်) ရွှေမှဆုံးရှုံး ယုတ်လျော့ရလေသတည်း။

ထိုအခါ မြတ်စွာဘုရားသည် ထုလ္လနန္ဒာ ဘိက္ခုနီမကို များစွာသော အကြောင်းဖြင့် ကဲ့ရဲ့ပြစ်တင်တော်မူပြီးလျှင် ကိုယ်တိုင် ပြုစုမွေးမြူရန် ခက်ခဲခြင်း၊ပ။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

**၅၆။ ၁-၇၉၄။ "အကြင် ဘိက္ခုနီမသည် ကြက်သွန်ကို စားငြားအံ့၊ (ထိုဘိက္ခုနီမအား) ပါစိတ်အာပတ် သင့်၏"** ဤသို့ (ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)။

## ၁-ပဌမသိက္ခာပုဒ် အဖွင့်

၇၉၅။ **အကြင်** ဟူသည် အကြင်သို့ သဘောရှိသော၊ပ။

**ဘိက္ခုနီမ** ဟူသည်၊ပ။ ဤအရာ၌ ဤဥတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သော မိန်းမကို "ဘိက္ခုနီမ" ဟူ၍ အလိုရှိအပ်၏။

**ကြက်သွန်** မည်သည် မဂဓတိုင်း၌ဖြစ်သော ကြက်သွန်ကို ဆိုအပ်၏။ "စားမည်" ဟု ခံယူအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ မျိုတိုင်းမျိုတိုင်း ပါစိတ်အာပတ် သင့်၏။

၇၉၆။ ကြက်သွန်၌ ကြက်သွန် ဟု အမှတ်ရှိသည်ဖြစ်၍ စားအံ့၊ ပါစိတ်အာပတ် သင့်၏။ ကြက်သွန်၌ ယုံမှားရှိသည်ဖြစ်၍ စားအံ့၊ ပါစိတ်အာပတ် သင့်၏။ ကြက်သွန်၌ ကြက်သွန်မဟုတ် ဟု အမှတ်ရှိသည်ဖြစ်၍ စားအံ့၊ ပါစိတ်အာပတ် သင့်၏ ။

ကြက်သွန်မဟုတ်သည်၌ ကြက်သွန် ဟု အမှတ်ရှိသည်ဖြစ်၍ စားအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ကြက်သွန်မဟုတ်သည်၌ ယုံမှားရှိသည်ဖြစ်၍ စားအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ကြက်သွန်မဟုတ်သည်၌ **ကြက်သွန်မဟုတ် ဟု အမှတ်ရှိသည်ဖြစ်၍ စားအံ့၊ အာပတ် မသင့်။**

http://www.dhammadownload.com



၇၉၇။ ကြက်သွန်ဝါ၌ငင်း ကြက်သွန်နီ၌ငင်း ကြက်သွန်စိမ်း၌ငင်း အငြှောင်မရှိ (ဥတလုံး) ကြက်သွန်ဖြူ၌ငင်း ကျက်ပြီး ဟင်း၌ငင်း ကျက်ပြီးစားမဲဟင်း၌ငင်း ဆီကျက်၌ငင်း ဆီးယို၌ငင်း လက်သုပ် ဟင်းလျာ၌ငင်း အာပတ် မသင့်၊ ရူးသောဘိက္ခုနီမ အစလက်ဦး လွန်ကျူးသော ဘိက္ခုနီမတို့ အားလည်း အာပတ် မသင့်။

ပဌမသိက္ခာပုဒ် ပြီး၏။

---

## ၁-လသုဏဝဂ် ၂-ဒုတိယသိက္ခာပုဒ်

၇၉၈။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဆဗ္ဗဂ္ဂီဘိက္ခုနီမတို့သည် ကျဉ်းမြောင်း လျှို့ဝှက်ရာအရပ်၌ အမွေးကို ပယ်နုတ်စေ၍ အစိရဝတီမြစ်၌ ပြည့်တန်ဆာမတို့နှင့်အတူ ရေချိုးဆိပ်တခုတည်း၌ (အဝတ်မဆီး) အချည်းနှီး ရေချိုးကုန်၏။

ပြည့်တန်ဆာမတို့သည် "အဘယ့်ကြောင့် ဘိက္ခုနီမတို့သည် ကာမဂုဏ်ကို ခံစားသော လူမိန်းမတို့ကဲ့သို့ ကျဉ်းမြောင်း လျှို့ဝှက်ရာအရပ်၌ အမွေးကို ပယ်နုတ်စေကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ဘိက္ခုနီမတို့သည် ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုကြသော ထိုပြည့်တန်ဆာမတို့၏ စကားကို ကြားကြသည်သာတည်း။ အလိုနည်းသော ဘိက္ခုနီမတို့သည် "အဘယ့်ကြောင့် ဆဗ္ဗဂ္ဂီဘိက္ခုနီမတို့သည် ကျဉ်းမြောင်းလျှို့ဝှက်ရာအရပ်၌ အမွေးကို ပယ်နုတ်စေကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ ဆဗ္ဗဂ္ဂီဘိက္ခုနီမတို့သည် ကျဉ်းမြောင်းလျှို့ဝှက်ရာ အရပ်၌ အမွေးကို ပယ်နုတ်စေကုန်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ အဘယ့်ကြောင့် ဆဗ္ဗဂ္ဂီဘိက္ခုနီမတို့သည် ကျဉ်းမြောင်း လျှို့ဝှက်ရာအရပ်၌ အမွေးကို ပယ်နုတ်စေကုန်ဘိသနည်း။ ရဟန်းတို့ ဤ (ဆဗ္ဗဂ္ဂီဘိက္ခုနီမတို့ ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ ငင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

**၅၇။ ၂-၇၉၉။ "အကြင် ဘိက္ခုနီမသည် ကျဉ်းမြောင်းလျှို့ဝှက်ရာအရပ်၌ အမွေးကို ပယ်နုတ်စေငြားအံ့၊ (ထိုဘိက္ခုနီမအား) ပါစိတ်အာပတ် သင့်၏"** ဤသို့ (ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)။

## ၂-ဒုတိယသိက္ခာပုဒ် အဖွင့်

၈၀၀။ အကြင် ဟူသည် အကြင်သို့ သဘောရှိသော။ပ။

**ဘိက္ခုနီမ** ဟူသည်။ပ။ ဤအရာ၌ ဤဉတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သော မိန်းမကို "ဘိက္ခုနီမ" ဟူ၍ အလိုရှိအပ်၏။

http://www.dhammadownload.com



ကျဉ်းမြောင်းလျှိုဝှက်ရာအရပ် မည်သည် လက်ကတီး 'ကျိုင်းကြား' နှစ်ဖက်တို့သည်ငင်း ကျင်ငယ်စွန့်ရာအင်္ဂါသည်ငင်းတည်း။

ပယ်နုတ်စေခြင်းအံ့ ဟူသည် အမွေးတပင်ကိုသော်လည်း ပယ်နုတ်စေအံ့၊ ပါစိတ်အာပတ် သင့်၏။ အမွေးများစွာတို့ကိုသော်လည်း ပယ်နုတ်စေအံ့၊ ပါစိတ်အာပတ် သင့်၏။

၈၀၁။ အနာဟူသော အကြောင်းကြောင့် ပယ်နုတ်စေအံ့၊ အာပတ် မသင့်၊ ရူးသောဘိက္ခုနီမ အစလက်ဦး လွန်ကျူးသော ဘိက္ခုနီမတို့အားလည်း အာပတ် မသင့်။

ဒုတိယသိက္ခာပုဒ် ပြီး၏။

---

## ၁-လသုဏဝဂ် ၃-တတိယသိက္ခာပုဒ်

၈၀၂။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဘိက္ခုနီမ နှစ်ဦးတို့သည် မမွေ့လျော်သဖြင့် တိုက်ခန်းသို့ ဝင်ပြီးလျှင် (မိန်းမကိုယ်) အပြင်ကို ပုတ်ခတ်ကုန်၏။ ဘိက္ခုနီမတို့သည် အသံကြောင့် ပြေး လာ၍ "အသျှင်မတို့ သင်တို့သည် အဘယ့်ကြောင့် ယောကျ်ားနှင့်အတူ ကျူးလွန် ပျော်ပါးကုန်ဘိသနည်း" ဟု ထိုဘိက္ခုနီမတို့အား ဆိုကုန်၏။ "အသျှင်မတို့ အကျွန်ုပ်တို့သည် ယောကျ်ားနှင့်အတူ မကျူးလွန် မပျော်ပါးပါကုန်" ဟု (ဆို၍) ဘိက္ခုနီမတို့အား ဤအကြောင်းကိုပြောကြားကုန်၏။

အလိုနည်းသောဘိက္ခုနီမတို့သည် "အဘယ်ကြောင့် ဘိက္ခုနီမတို့သည် (မိန်းမကိုယ်) အပြင်ကို ပုတ်ခတ်ကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ ဘိက္ခုနီမတိသည် (မိန်းမကိုယ်) အပြင်ကို ပုတ်ခတ်ကုန်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ အဘယ့်ကြောင့် ဘိက္ခုနီမတို့သည် (မိန်းမကိုယ်) အပြင်ကို ပုတ်ခတ်ကုန်ဘိသနည်း။ ရဟန်းတို့ ဤ (ဘိက္ခုနီမတို့ ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါငင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

၅၈။ ၃-၈၀၃။ "(မိန်းမကိုယ်) အပြင်ကို ပုတ်ခတ်ခြင်းကြောင့် ပါစိတ်အာပတ် သင့်၏" ဤသို့ (ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)။

http://www.dhammadownload.com



## ၃-တတိယသိက္ခာပုဒ် အဖွင့်

၇၀၄။ (မိန်းမကိုယ်)အပြင်ကို ပုတ်ခတ်ခြင်း မည်သည် အတွေ့ကို သာယာနှစ်သက်သည်ဖြစ်၍ အယုတ်အားဖြင့် ကြာရွက်ဖြင့်သော်လည်း ကျင်ငယ် စွန့်ရာ အင်္ဂါ၌ ပုတ်ခတ်ငြားအံ့၊ ပါစိတ်အာပတ် သင့်၏။

၇၀၅။ အနာဟူသော အကြောင်းကြောင့် ပုတ်ခတ်ငြားအံ့၊ အာပတ် မသင့်၊ အစလက်ဦး လွန်ကျူးသော ဘိက္ခုနီမတို့အားလည်း အာပတ် မသင့်။

တတိယသိက္ခာပုဒ် ပြီး၏။

---

## ၁-လသုဏဝဂ် ၄-စတုတ္ထသိက္ခာပုဒ်

၇၀၆။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံ ဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ မင်းမောင်းမဟောင်းတဦးသည် ဘိက္ခုနီမတို့ထံ၌ ရဟန်းပြုလေ၏။

ဘိက္ခုနီမတဦးသည် မမွေ့လျော်သဖြင့် ထိုဘိက္ခုနီမထံသို့ ချဉ်းကပ်၍ "အသျှင်မ သင်တို့ကို မင်းသည် အလွန်ကြာမြင့်မှ သွားလာ 'ပေါင်းဖော်' ၏၊ သင်တို့သည် (ရာဂကို သည်းခံခြင်းငှါ) အဘယ်သို့လျှင် စွမ်းဆောင်နိုင်ကုန်သနည်း" ဟု ထိုဘိက္ခုနီမအား မေး၏။

အသျှင်မ ပြေပြစ်ချောမောသော ချိပ်တောင့်ဖြင့် (ရာဂကို သည်းခံခြင်းငှါ) စွမ်းဆောင်နိုင်ကုန် ၏ ဟု (ဆို၏)။

အသျှင်မ ပြေပြစ်ချောမောသော ချိပ်တောင့်ကား အဘယ်သို့ပါနည်း ဟု (မေးသည်ရှိသော်) ထိုဘိက္ခုနီမသည် ထိုမေးလာသော ဘိက္ခုနီမအား ပြေပြစ်ချောမောသော ချိပ်တောင့်အကြောင်းကို ပြောကြား၏။

ထိုအခါ ထိုဘိက္ခုနီမသည် ပြေပြစ်ချောမောသော ချိပ်တောင့်ကို ယူငင် 'အသုံးချ'ပြီးနောက် ရေမဆေးမိပဲ တခုသော အရပ်၌ စွန့်ပစ်ထား၏။ ဘိက္ခုနီမတို့သည် ယင်တရုံးရုံးဖြစ်နေသည်ကိုမြင်၍ "ဤအမှုသည် အဘယ်ဘိက္ခုနီမ၏ အမှုပေနည်း" ဟု မေးသဖြင့် ထိုဘိက္ခုနီမက "ဤအမှုသည် အကျွန်ုပ်၏ အမှုပါတည်း" ဟု (ပြောဆို၏)။

အလိုနည်းသော ဘိက္ခုနီမတို့သည် "အဘယ့်ကြောင့် ဘိက္ခုနီမသည် ချောမော ပြေပြစ်သော ချိပ်တောင့်ကို ယူငင် 'အသုံးချ' ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန် ၏။ပ။

"ရဟန်းတို့ ဘိက္ခုနီမသည် ပြေပြစ်ချောမောသော ချိပ်တောင့်ကို ယူငင် 'အသုံးချ' ၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

http://www.dhammadownload.com



ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ အဘယ့်ကြောင့် ဘိက္ခုနီမသည် ပြေပြစ်ချောမောသော ချိပ်တောင့်ကို ယူငင် 'အသုံးချ' ဘိသနည်း။ ရဟန်းတို့ ဤ (ဘိက္ခုနီမ ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

၃၉။ ၄-၁၀၇။ "ပြေပြစ်ချောမောသော ချိပ်တောင့်ကို အသုံးပြုခြင်းကြောင့် ပါစိတ် အာပတ် သင့်၏" ဤသို့ (ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)။

## ၄-စတုတ္ထသိက္ခာပုဒ် အဖွင့်

၁၀၈။ ပြေပြစ်ချောမောသော ချိပ်တောင့် မည်သည် ချိပ်တောင့် သစ်သားတောင့် မှုံညက်တောင့် မြေညက်တောင့်တည်း။

**အသုံးပြုခြင်းကြောင့်** ဟူသည် အတွေ့ကို သာယာနှစ်သက်သည်ဖြစ်၍ အယုတ်သဖြင့် ကြာရွက်ကိုလည်း ကျင်ငယ်ပေါက်သို့ သွင်းငြားအံ့၊ ပါစိတ်အာပတ် သင့်၏။

၁၀၉။ အနာဟူသော အကြောင်းကြောင့် သွင်းအံ့၊ အာပတ် မသင့်၊ ရူးသော ဘိက္ခုနီမ အစလက်ဦး လွန်ကျူးသော ဘိက္ခုနီမတို့အားလည်း အာပတ် မသင့်။

စတုတ္ထသိက္ခာပုဒ် ပြီး၏။

---

## ၁-လသုဏဝဂ် ၅-ပဉ္စမသိက္ခာပုဒ်

၁၁၀။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သက္ကတိုင်း ကပိလဝတ်ပြည် နိဂြောဓရုံကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ မဟာပဇာပတိဂေါတမီသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် လေအောက်၌ ရပ်တည်နေ၏။ "ဘုန်းတော်ကြီးသော မြတ်စွာဘုရား မိန်းမ မည်သည်ကား အနံ့ဆိုး ရှိပါ၏" ဟု လျှောက်၏။

ထိုအခါ မြတ်စွာဘုရားသည် "ဘိက္ခုနီမတို့သည် စင်ကြယ်အောင် ရေဖြင့် သန့်စင်ကြစေကုန်လော့" ဟု မိန့်တော်မူ၍ မဟာပဇာပတိ ဂေါတမီကို တရားစကားဖြင့် (အကျိုးစီးပွါးကို) သိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန်ရွှင်လန်းစေပြီးသော် ထိုမဟာပဇာပတိဂေါတမီသည် မြတ်စွာဘုရားကို ရှိခိုး၍ အရိုအသေပြုပြီးလျှင် ဖဲခွါသွားလေ၏။

ထိုအခါ မြတ်စွာဘုရားသည် ဤသို့သော အကြောင်းအရာကြောင့် တရားစကားကို ဟောတော်မူ၍ ရဟန်းတို့ကို "ရဟန်းတို့ ဘိက္ခုနီမတို့အား စင်ကြယ်အောင်ရေဖြင့် သန့်စင်စေခြင်းငှါ ခွင့်ပြုတော်မူ၏" ဟု မိန့်တော်မူ၏။

ထိုစဉ်အခါ၌ ဘိက္ခုနီမတယောက်သည် "မြတ်စွာဘုရားသည် စင်ကြယ်အောင်ရေဖြင့် သန့်စင်ခြင်းကို ခွင့်ပြုတော်မူ၏" ဟု အလွန်နက်စွာ စင်ကြယ်အောင် ရေဖြင့် သန့်စင်ခြင်းကြောင့် ကျင်ငယ်ပေါက် (မိန်းမကိုယ်) ၌ အနာဖြစ်လေ၏။

http://www.dhammadownload.com



ထိုအခါ ထိုဘိက္ခုနီမသည် ဘိက္ခုနီမတို့အား ဤအကြောင်းကို ပြောကြား၏။ အလိုနည်းသော ဘိက္ခုနီမတို့သည် "အဘယ့်ကြောင့် ဘိက္ခုနီမသည် အလွန်နက်စွာ စင်ကြယ်အောင် ရေဖြင့် သန့်စင် စေဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ ဘိက္ခုနီမသည် အလွန်နက်စွာ စင်ကြယ်အောင် ရေဖြင့် သန့်စင်စေ၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ရဟန်းတို့ အဘယ့်ကြောင့် ဘိက္ခုနီ မသည် အလွန်နက်စွာ စင်ကြယ်အောင် ရေဖြင့် သန့်စင်စေဘိသနည်း။ ရဟန်းတို့ ဤ(ဘိက္ခုနီမ ပြုမိ သော အမှု) သည် မကြည်ညိုသေးသောသူတို့အား ကြည်ညိုစေခြင်းငါ့ငှါ။ပ။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

**၆၀။ ၅-၁၁၁။ "စင်ကြယ်အောင် ရေဖြင့် သန့်စင်သော ဘိက္ခုနီမသည် လက်နှစ်ဆစ် အတိုင်းအရှည်ရှိသော အရပ်တိုင်ရုံသာ ဆေးရမည်၊ ထိုအတိုင်းအရှည်ကို လွန်စေသော ဘိက္ခုနီမ အား ပါစိတ်အာပတ် သင့်၏"** ဤသို့ (ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)။

## ၅-ပဌမသိက္ခာပုဒ် အဖွင့်

၁၁၂။ စင်ကြယ်အောင် ရေဖြင့်သန့်စင်သော ဟူသည် ကျင်ငယ်ပေါက် (မိန်းမကိုယ်) ကို ရေ ဆေးခြင်းကို ဆိုရ၏။

**သန့်စင်သော ဘိက္ခုနီမ** ဟူသည် ရေဆေးခြင်းကိုပြုသော ဘိက္ခုနီမတည်း။

**လက်နှစ်ဆစ် အတိုင်းအရှည်ရှိသော အရပ်တိုင်ရုံသာဆေးရမည်** ဟူသည် လက်နှစ်ချောင်းတို့၌ လက်နှစ်ဆစ်အတိုင်းအရှည်ရှိသော အရပ်တိုင်ရုံသာ ဆေးရမည်။

**ထိုအတိုင်းအရှည်ကို လွန်စေသောဘိက္ခုနီမအား** ဟူသည် အတွေ့ကိုသာယာနှစ်သက်၍ အယုတ် သဖြင့် တဆံခြည်ဖျားမျှလည်း လွန်စေအံ့၊ ပါစိတ်အာပတ် သင့်၏။

၁၁၃။ လက်နှစ်ဆစ်ထက် ပိုလွန်သည်၌ ပိုလွန်၏ ဟု အမှတ်ရှိသည်ဖြစ်၍ ဆေးအံ့၊ ပါစိတ် အာပတ် သင့်၏။ လက်နှစ်ဆစ်ထက် ပိုလွန်သည်၌ ယုံမှားရှိသည်ဖြစ်၍ ဆေးအံ့၊ ပါစိတ်အာပတ် သင့်၏။ လက်နှစ်ဆစ်ထက် ပိုလွန်သည်၌ ယုတ်လျော့၏ ဟု အမှတ်ရှိသည်ဖြစ်၍ ဆေးအံ့၊ ပါစိတ် အာပတ် သင့်၏။

လက်နှစ်ဆစ်အောက် ယုတ်လျော့သည်၌ လွန်၏ ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ လက် နှစ်ဆစ်အောက် ယုတ်လျော့သည်၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ လက်နှစ်ဆစ်အောက် ယုတ် လျော့သည်၌ ယုတ်လျော့၏ ဟု အမှတ်ရှိအံ့၊ အာပတ် မသင့်။

၁၁၄။ လက်နှစ်ဆစ်အောက် အတိုင်းအရှည် တိုင်ရုံသာဆေးအံ့၊ လက်နှစ်ဆစ် အတိုင်းအရှည် အောက် ယုတ်လျော့၍ ဆေးအံ့၊ အနာဟူသော အကြောင်းကြောင့် ဆေးအံ့၊ အာပတ် မသင့်၊ ရူးသောဘိက္ခုနီမ အာသက်ဦး လွန်ကျူးသော ဘိက္ခုနီမတို့အားလည်း အာပတ် မသင့်။

http://www.dhammadownload.com



## ၁-လသုဏဝဂ် ၆-ဆဋ္ဌသိက္ခာပုဒ်

၈၁၅။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ အာရောဟန္တ မည်သော အမတ်ကြီးသည် ရဟန်းယောကျ်ားတို့၏ အထံ၌ ရဟန်းပြု၍ ထိုအမတ်ကြီး၏ မယားဟောင်းသည်ကား ဘိက္ခုနီမတို့ ထံ၌ ဘိက္ခုနီမ ပြု၏။

ထိုစဉ်အခါ၌ ထိုရဟန်းသည် ထိုဘိက္ခုနီမထံ၌ ဆွမ်းစားခြင်းကို ပြု၏။ ထိုအခါ ဘိက္ခုနီမသည် ဆွမ်းစားနေဆဲဖြစ်သော ရဟန်းအား သောက်ရေခွက်ကိုင်ကာ ယပ်လေခပ်လျက် အနီး၌ တည်၍ စည်းလွန် ကမ်းလွန် 'သားပြော မယားပြော' ပြောဆို၏။

ထိုအခါ ထိုရဟန်းသည် "နှမ ဤသို့ မပြုပါလင့်၊ ဤအမှုသည် မအပ်" ဟု ထိုဘိက္ခုနီမကို ပြစ်တင်မောင်းမဲ၏၊ "သင်သည်ရှေးက ငါ့ကို ထိုထိုဤဤ ပြုလုပ်ခဲ့ပါလျက် ယခုအခါ၌ကား ဤမျှလောက်ကိုပင် သည်းမခံနိုင်" ဟု သောက်ရေခွက်ဖြင့် ဦးခေါင်းကို ပေါက်ပြီးလျှင် ယပ်ဖြင့် ရိုက်နှက် ပုတ်ခတ်၏။ အလိုနည်းသော ဘိက္ခုနီမတို့သည် "အဘယ့်ကြောင့် ဘိက္ခုနီမသည် ရဟန်းယောကျ်ားအား ရိုက်နှက်ပုတ်ခတ်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြော ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ ဘိက္ခုနီမသည် ရဟန်းယောကျ်ားအား ရိုက်နှက် ပုတ်ခတ်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ အဘယ့်ကြောင့် ဘိက္ခုနီမသည် ရဟန်းယောကျ်ားကို ရိုက်နှက် ပုတ်ခတ်လေဘိသနည်း။ ရဟန်းတို့ ဤ (ဘိက္ခုနီမ ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ ရှိရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

**၆၁။ ၆-၈၁၆။ "အကြင် ဘိက္ခုနီမသည် ဆွမ်းစားဆဲ ဖြစ်သော ရဟန်းယောကျ်ားအား သောက်ရေဖြင့်သော်ရင်း ယပ်လေခပ်သဖြင့်သော်ရင်း လုပ်ကျွေးပြုစုငြားအံ့၊ (ထိုဘိက္ခုနီမအား) ပါစိတ်အာပတ် သင့်၏"** ဤသို့ (ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)။

## ၆-ဆဋ္ဌသိက္ခာပုဒ် အဖွင့်

၈၁၇။ အကြင် ဟူသည် အကြင်သို့ သဘောရှိသော။ပ။

**ဘိက္ခုနီမ** ဟူသည်။ပ။ ဤအရာ၌ ဤဉတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သော မိန်းမကို "ဘိက္ခုနီမ" ဟူ၍ အလိုရှိအပ်၏။

**ရဟန်းယောကျ်ားအား** ဟူသည် ပဥ္စင်းဖြစ်သော ရဟန်းယောကျ်ားအား။

**ဆွမ်းစားဆဲ ဖြစ်သော** ဟူသည် ဘောဇဉ်ငါးပါးတို့တွင် တပါးပါးသော ဘောဇဉ်ကို စားနေသော ရဟန်းယောကျ်ားအား။

http://www.dhammadownload.com



သောက်ရေ မည်သည် အလုံးစုံသော သောက်ရေတည်း။

ယပ် မည်သည် အလုံးစုံသော ယပ်တည်း။

လုပ်ကျွေးပြုစုငြားအံ့ ဟူသည် နှစ်တောင့်ထွာ ဟတ္ထပါသ် အတွင်း၌ တည်အံ့၊ ပါစိတ်အာပတ် သင့်၏။

၈၁၈။ ရဟန်း၌ ရဟန်း ဟု အမှတ်ရှိသည်ဖြစ်၍ သောက်ရေဖြင့်သော်ငြင်း ယပ်လေခပ်သဖြင့်သော်ငြင်း လုပ်ကျွေးပြုစုငြားအံ့၊ ပါစိတ်အာပတ် သင့်၏။ ရဟန်း၌ ယုံမှားရှိသည်ဖြစ်၍ သောက်ရေဖြင့်သော်ငြင်း ယပ်လေခပ်သဖြင့်သော်ငြင်း လုပ်ကျွေးပြုစုငြားအံ့၊ ပါစိတ်အာပတ် သင့်၏။ ရဟန်း၌ ရဟန်း မဟုတ် ဟု အမှတ်ရှိသည်ဖြစ်၍ သောက်ရေဖြင့်သော်ငြင်း ယပ်လေခပ်သဖြင့်သော်ငြင်း လုပ်ကျွေးပြုစုငြားအံ့၊ ပါစိတ်အာပတ် သင့်၏။

ဟတ္ထပါသ်ကို စွန့်၍ လုပ်ကျွေးပြုစုအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ခဲဖွယ်ကို ခဲသော ရဟန်းအား လုပ်ကျွေးပြုစုအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ရဟန်းမဟုတ်သူအား လုပ်ကျွေးပြုစုအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ရဟန်း မဟုတ်သူ၌ ရဟန်း ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ရဟန်းမဟုတ်သူ၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ရဟန်းမဟုတ်သူ၌ ရဟန်း မဟုတ် ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

၈၁၉။ ပေးလှူအံ့၊ ပေးလှူစေအံ့၊ ရဟန်းမဟုတ်သူကို စေခိုင်းအံ့၊ အာပတ် မသင့်၊ ရူးသော ဘိက္ခုနီမ အစလက်ဦး လွန်ကျူးသော ဘိက္ခုနီမတို့အားလည်း အာပတ် မသင့်။

ဆဋ္ဌသိက္ခာပုဒ် ပြီး၏။

---

## ၁-လသုဏဝဂ် ၇-သတ္တမသိက္ခာပုဒ်

၈၂၀။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဘိက္ခုနီမတို့သည် ကောက်သိမ်းချိန်၌ စပါးစိမ်းကို တောင်း၍ မြို့သို့ ဆောင်ယူလာကုန်၏။ တံခါးတည်ရာအရပ်၌ "(တံခါးစောင့်တို့က) အသျှင်မတို့ အဖို့ 'အစု' ကို ပေးကုန်လော့" ဟု ဆိုကာ နှောင့်ယှက်၍ လွှတ်လိုက်ကုန်၏။

ထိုအခါ ထိုဘိက္ခုနီမတို့သည် ကျောင်းသို့သွား၍ ဘိက္ခုနီမတို့အား ဤအကြောင်းကို ပြောကြားကုန်၏။ အလိုနည်းသော ဘိက္ခုနီမတို့သည် "အဘယ့်ကြောင့် ဘိက္ခုနီမတို့သည် စပါးစိမ်းကို တောင်းကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ ဘိက္ခုနီမတို့သည် စပါးစိမ်းကို တောင်းကုန်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

http://www.dhammadownload.com



ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲတော်မူ၏။ပ။ ရဟန်းတို့ အဘယ့်ကြောင့် ဘိက္ခုနီမတို့သည် စပါးစိမ်းကို တောင်းကုန်ဘိသနည်း။ ရဟန်းတို့ ဤ (ဘိက္ခုနီမတို့ ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ ရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

၆၂။ ၇-၈၂၁။ အကြင် ဘိက္ခုနီမသည် စပါးစိမ်းကိုတောင်း၍သော်ငြား တောင်းစေ၍ သော်ငြား လှော်၍သော်ငြား လှော်စေ၍သော်ငြား ထောင်း၍သော်ငြား တောင်းစေ၍သော် ငြား ချက်၍သော်ငြား ချက်စေ၍သော်ငြား သုံးဆောင်ငြားအံ့၊ (ထိုဘိက္ခုနီမအား) ပါစိတ် အာပတ် သင့်၏" ဤသို့ (ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)။

## ၇-သတ္တမသိက္ခာပုဒ် အဖွင့်

၈၂၂။ အကြင် ဟူသည် အကြင်သို့ သဘောရှိသော။ပ။

ဘိက္ခုနီမ ဟူသည်။ပ။ ဤအရာ၌ ဤဉ တ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သော မိန်းမကို "ဘိက္ခုနီမ"ဟူ၍ အလိုရှိအပ်၏။

စပါးစိမ်း မည်သည် သလေး 'ကောက်ကြီး' ကောက်လပ် 'ကောက်ကြမ်း' မုယော 'ဗာလီ' နတ်ကောက် 'ဂျုံ' ဆတ် ပြောင်း လူး တို့တည်း။

တောင်း၍ ဟူသည် ကိုယ်တိုင်တောင်း၍။

တောင်းစေ၍ ဟူသည် သူတပါးကို တောင်းစေ၍ ။

လှော်၍ ဟူသည် ကိုယ်တိုင် လှော်၍ ။

လှော်စေ၍ ဟူသည် သူတပါးကို လှော်စေ၍ ။

ထောင်း၍ ဟူသည် ကိုယ်တိုင် ထောင်း၍။

ထောင်းစေ၍ ဟူသည် သူတပါးကို ထောင်းစေ၍ ။

ချက်၍ ဟူသည် ကိုယ်တိုင်ချက်၍ ။

ချက်စေ၍ ဟူသည် သူတပါးကို ချက်စေ၍။

"သုံးဆောင်အံ့" ဟု နှလုံးသွင်း၍ ခံယူအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ မျိုတိုင်းမျိုတိုင်း ပါစိတ် အာပတ် သင့်၏။

၈၂၃။ အနာဟူသော အကြောင်းကြောင့် တောင်းအံ့၊ ပဲမျိုး (ဟင်းသီးဟင်းရွက်) ကိုတောင်း အံ့၊ အာပတ် မသင့်၊ ရူးသော၊ဘိက္ခုနီမ အစလက်ဦး လွန်ကျူးသော ဘိက္ခုနီမတို့အားလည်း အာပတ် မသင့်။

သတ္တမသိက္ခာပုဒ် ပြီး၏။

http://www.dhammadownload.com



## ၁-လသုဏာဝဂ် ၈-အဋ္ဌမသိက္ခာပုဒ်

၈၂၄။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ပုဏ္ဏားတယောက်သည် မင်း၏ အခွန်အတုတ်ကို (လက်ဝယ်) ထားရှိလျက် "ထိုကြေးစားရာထူးကိုသာလျှင် တောင်းအံ့" ဟု (နှလုံးသွင်း၍) ဦးခေါင်းလျှော် ရေချိုးပြီးလျှင် ဘိက္ခုနီမတို့ကျောင်းနားသို့ကပ်၍ မင်းအိမ်သို့သွားလေ၏။ ဘိက္ခုနီမတပါးသည် အိုးကင်း၌ ကျင်ကြီးကိုစွန့်၍ နံရံတဖက်၌ စွန့်ပစ်လေသော် ပုထိုပုဏ္ဏား၏ ဦးခေါင်းပေါ်ကို လောင်းမိလေ၏။

ထိုအခါ ထိုပုဏ္ဏားသည် "ဤဦးပြည်းမျိုးဖျက်မတို့သည် ဘိက္ခုနီမတို့ မဟုတ်ကုန်၊ အဘယ့်ကြောင့် ကျင်ကြီးအိုးကင်းဖြင့် ဦးခေါင်းပေါ်ကို လောင်းကုန်ဘိသနည်း၊ ဤမျိုးဖျက်မတို့၏ ကျောင်းကို မီးတိုက်အံ့" ဟု မီးစကိုယူ၍ ကျောင်းတွင်းသို့ ဝင်၏။

ဥပါသကာတယောက်သည် ကျောင်းမှထွက်လာသည်ရှိသော် မီးစကိုင်လျက် ကျောင်းတွင်းသို့ ဝင်လာသောပုဏ္ဏားကိုမြင်၍ "အချင်း သင်သည် အဘယ့်ကြောင့် မီးစကိုကိုင်၍ ကျောင်းတွင်းသို့ ဝင်ဘိသနည်း" ဟု မေး၏။

အချင်း အကျွန်ုပ်ကို ဤဦးပြည်းမျိုးဖျက်မတို့သည် ကျင်ကြီးအိုးကင်းဖြင့် ဦးခေါင်းကိုပစ်ခတ်ကုန်၏၊ ဤမျိုးဖျက်မတို့၏ကျောင်းကို မီးတိုက်အံ့ ဟု (ဆို၏)။ အချင်းပုဏ္ဏား သွားချေ ဤအမှုသည် ကောင်းမြတ်သော မင်္ဂလာတည်း၊ တထောင်သော ဆုလာဘ်ကိုရလတ္တံ့၊ ထိုကြေးစားရာထူးကိုလည်း ရလတ္တံ့ ဟု (ဆို၏)။

ထိုနောက် ထိုပုဏ္ဏားသည် ဦးခေါင်းလျှော် ရေချိုး၍ မင်းအိမ်သို့သွားသည်ရှိသော် တထောင်သောဆုလာဘ်ကို ရလေ၏ ထိုကြေးစားရာထူးကိုလည်း ရလေ၏။ ထိုအခါ ထိုဥပါသကာသည် ကျောင်းတွင်းသို့ဝင်၍ ဘိက္ခုနီမတို့အား ဤအကြောင်းကို ပြောကြား၍ ရှုတ်ချ၏။ အလိုနည်းသော ဘိက္ခုနီမတို့သည် "အဘယ့်ကြောင့် ဘိက္ခုနီမတို့သည် ကျင်ကြီးကို နံရံတဖက်၌ စွန့်ကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ ဘိက္ခုနီမတို့သည် ကျင်ကြီးကိုနံရံတဖက်၌ စွန့်ကုန်၏ ဟူသည် မှန်သလော" ဟု စိစစ်မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ အဘယ့်ကြောင့် ဘိက္ခုနီမ တို့သည် ကျင်ကြီးကိုနံရံတဖက်၌ စွန့်ကုန်ဘိသနည်း။ ရဟန်းတို့ ဤ (ဘိက္ခုနီမတို့ ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ ရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

၆၃။ ၈-၈၂၅။ "အကြင် ဘိက္ခုနီမသည် ကျင်ကြီးကိုသော်ရင်း၊ ကျင်ငယ်ကိုသော်ရင်း၊ အမှိုက်ကိုသော်ရင်း၊ စားကြွင်းကိုသော်ရင်း၊ နံရံတဖက်၌သော်ရင်း၊ တန်တိုင်းတဖက်၌သော်ရင်း၊ စွန့်မူလည်း စွန့်ငြားအံ့၊ စွန့်စေမူလည်း စွန့်စေငြားအံ့၊ (ထိုဘိက္ခုနီမအား) ပါစိတ်အာပတ် သင့်၏" ဤသို့ (ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)။

http://www.dhammadownload.com



## ၈-အင္ဂမသိက္ခာပုဒ် အဖွင့်

၇၂၆။ အကြင် ဟူသည် အကြင်သို့ သဘောရှိသော။ပ။

ဘိက္ခုနီမ ဟူသည်။ပ။ ဤအရာ၌ ဤဉ တ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သော မိန်းမကို "ဘိက္ခုနီမ" ဟူ၍ အလိုရှိအပ်၏။

ကျင်ကြီး မည်သည် မစင်ကို ဆို၏။

ကျင်ငယ် မည်သည် ဆီးကို ဆို၏။

အမှိုက် မည်သည် တံမြက်ချေးစုကို ဆို၏။

စားကြွင်း မည်သည် စားဖတ်တို့သည်ငှင်း၊ အရိုးတို့သည်ငှင်း၊ လုတ်ဆေးရေသည်ငှင်းတည်း။

နံရံ မည်သည် အုတ်နံရံ ကျောက်နံရံ သစ်သားနံရံ ဟူ၍ နံရံသုံးပါးတို့တည်း။

တန်တိုင်း မည်သည် အုတ်တန်တိုင်း ကျောက်တန်တိုင်း သစ်သားတန်တိုင်း ဟူ၍ တန်တိုင်း သုံးပါးတို့တည်း။

နံရံတဖက်၌ ဟူသည် နံရံ၏ ထိုမှာဖက် 'ပြင်ဖက်' တည်း။

တန်တိုင်းတဖက်၌ ဟူသည် တန်တိုင်း၏ ထိုမှာဖက် 'ပြင်ဖက်' တည်း။

စွန့်ငြားအံ့ ဟူသည် ကိုယ်တိုင်စွန့်အံ့၊ ပါစိတ်အာပတ် သင့်၏။

စွန့်စေငြားအံ့ ဟူသည် သူတပါးကိုစေခိုင်းအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ တကြိမ်တခါသာ စေခိုင်း ပါလျက် အကြိမ်များစွာ စွန့်အံ့၊ ပါစိတ်အာပတ် သင့်၏။

၇၂၇။ ကြည့်ရှု၍ စွန့်အံ့၊ မသုံးဆောင်သော အရပ်၌ စွန့်အံ့၊ အာပတ် မသင့်၊ ရူးသော ဘိက္ခုနီမ အစလက်ဦး လွန်ကျူးသော ဘိက္ခုနီမတို့အားလည်း အာပတ် မသင့်။

အင္ဂမသိက္ခာပုဒ် ပြီး၏။

---

## ၁-လသုဏဝဂ် ၉-နဝမသိက္ခာပုဒ်

၇၂၈။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံ ဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ပုဏ္ဏားတယောက်၏ မုယော 'ဗာလီ' ခင်းသည် ဘိက္ခုနီမတို့၏ ကျောင်းကို အမှီပြုကာ ဖြစ်လျက်ရှိ၏။ ဘိက္ခုနီမတို့သည် ကျင်ကြီးကိုငှင်း ကျင်ငယ်ကိုငှင်း အမှိုက်ကိုငှင်း စားကြွင်းကိုငှင်း လယ်၌ စွန့်ကုန်၏။

ထိုအခါ ထိုပုဏ္ဏားသည် "အဘယ့်ကြောင့် ဘိက္ခုနီမတို့သည် ငါတို့၏ မုယော 'ဗာလီ' ခင်းကို ဖျက်ဆီးကုန်ဘိသနည်း" ဟု ကဲ့ရဲ့၏၊ ရှုတ်ချ၏၊ အပြစ်ပြ ပြောဆို၏။ ဘိက္ခုနီမတို့သည် ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုသော ထိုပုဏ္ဏား၏ စကားကို ကြားကြသည်သာတည်း။

http://www.dhammadownload.com



အလိုနည်းသော ဘိက္ခုနီမတို့သည် "အဘယ့်ကြောင့် ဘိက္ခုနီမတို့သည် ကျင်ကြီးကိုငှင်း ကျင်ငယ်ကိုငှင်း အမှိုက်ကိုငှင်း စားကြွင်းကိုငှင်း စိမ်းရှင်သော မြက်သစ်ပင်ရှိရာအရပ်၌ စွန့်ကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ ဘိက္ခုနီမတို့သည် ကျင်ကြီးကိုငှင်း ကျင်ငယ်ကိုငှင်း အမှိုက်ကိုငှင်း စားကြွင်းကိုငှင်း စိမ်းရှင်သော မြက်သစ်ပင်ရှိရာအရပ်၌ စွန့်ကုန်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ အဘယ့်ကြောင့် ဘိက္ခုနီမတို့သည် ကျင်ကြီးကိုသော်ငှင်း ကျင်ငယ်ကိုသော်ငှင်း အမှိုက်ကိုသော်ငှင်း စားကြွင်းကိုသော်ငှင်း စိမ်းရှင်သော မြက်သစ်ပင်ရှိရာအရပ်၌ စွန့်ကုန်ဘိသနည်း။ ရဟန်းတို့ ဤ (ဘိက္ခုနီမတို့ ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ မဟုတ်ပေ။ပ။

ရဟန်းတို့ ဤသို့သျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

**ဖြ၄။ ၉-၇၂၉ "အကြင် ဘိက္ခုနီမသည် ကျင်ကြီးကိုသော်ငှင်း ကျင်ငယ်ကိုသော်ငှင်း အမှိုက်ကိုသော်ငှင်း စား ကြွင်းကိုသော်ငှင်း စိမ်းရှင်သော မြက်သစ်ပင်ရှိရာအရပ်၌ စွန့်မူလည်း စွန့်ငြားအံ့၊ စွန့်စေမူလည်း စွန့်စေငြားအံ့၊ (ထိုဘိက္ခုနီမအား) ပါစိတ်အာပတ် သင့်၏"** ဤသို့ (ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)။

## ၉-နဝမသိက္ခာပုဒ် အဖွင့်

၇၃၀။ **အကြင်** ဟူသည် အကြင်သို့ သဘောရှိသော။ပ။

**ဘိက္ခုနီမ** ဟူသည်။ပ။ ဤအရာ၌ ဤဉ တ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သော မိန်းမကို "ဘိက္ခုနီမ" ဟူ၍ အလိုရှိအပ်၏။

**ကျင်ကြီး** မည်သည် မစင်ကို ဆို၏။

**ကျင်ငယ်** မည်သည် ဆီးကို ဆို၏။

**အမှိုက်** မည်သည် တံမြက်ချေးစုကို ဆို၏။

**စားကြွင်း** မည်သည် စားဖတ်တို့သည်ငှင်း၊ အရိုးတို့သည်ငှင်း၊ လုတ်ဆေးရည်သည် ငှင်းတည်း။

**စိမ်းရှင်သော မြက်သစ်ပင်** မည်သည် ကောက်မျိုးသည်ငှင်း ပဲမျိုးသည်ငှင်း လူတို့ စိုက်ပျိုးသော အတွင်းအပ အသုံးအဆောင်သည်ငှင်းတည်း။

**စွန့်ငြားအံ့** ဟူသည် ကိုယ်တိုင် စွန့်ငြားအံ့၊ ပါစိတ်အာပတ် သင့်၏။

**စွန့်စေငြားအံ့** ဟူသည် သူတပါးကိုစေခိုင်းအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

တကြိမ်တခါသော စေခိုင်းပါလျက် အကြိမ်များစွာ စွန့်အံ့၊ ပါစိတ်အာပတ် သင့်၏။

http://www.dhammadownload.com



၇၃၁။ စိမ်းရှင်သော မြက်သစ်ပင်ရှိရာအရပ်၌ စိမ်းရှင်သော မြက်သစ်ပင်ရှိ၏ ဟု အမှတ်ရှိသည်ဖြစ်၍ စွန့်မူလည်း စွန့်အံ့၊ စွန့်စေမူလည်း စွန့်စေအံ့၊ ပါစိတ်အာပတ် သင့်၏။

စိမ်းရှင်သော မြက်သစ်ပင် ရှိရာအရပ်၌ ယုံမှားရှိသည်ဖြစ်၍ စွန့်မူလည်း စွန့်အံ့၊ စွန့်စေမူလည်း စွန့်စေအံ့၊ ပါစိတ်အာပတ် သင့်၏။

စိမ်းရှင်သော မြက်သစ်ပင်ရှိရာအရပ်၌ စိမ်းရှင်သော မြက်သစ်ပင်ရှိရာ အရပ်မဟုတ် ဟု အမှတ်ရှိသည်ဖြစ်၍ စွန့်မူလည်း စွန့်အံ့၊ စွန့်စေမူလည်း စွန့်စေအံ့၊ ပါစိတ်အာပတ် သင့်၏။

စိမ်းရှင်သော မြက်သစ်ပင်ရှိရာအရပ် မဟုတ်သည်၌ စိမ်းရှင်သော မြက်သစ်ပင်ရှိ၏ ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

စိမ်းရှင်သော မြက်သစ်ပင်ရှိရာအရပ် မဟုတ်သည်၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

စိမ်းရှင်သော မြက်သစ်ပင်ရှိရာအရပ် မဟုတ်သည်၌ စိမ်းရှင်သော မြက်သစ်ပင်ရှိရာအရပ် မဟုတ် ဟု အမှတ်ရှိအံ့၊ အာပတ် မသင့်။

၇၃၂။ ကြည့်ရှု၍ စွန့်အံ့၊ လယ်ကန်သင်း၌ စွန့်အံ့၊ ဥစ္စာရှင်တို့ကို ပန်ကြား၍ စွန့်အံ့၊ အာပတ်မသင့်၊ ရူးသော ဘိက္ခုနီမှ အစလက်ဦး လွန်ကျူးသော ဘိက္ခုနီမတို့အားလည်း အာပတ် မသင့်။

နဝမသိက္ခာပုဒ် ပြီး၏။

---

## ၁-လသုဏဝဂ် ၁၀-ဒသမသိက္ခာပုဒ်

၇၃၃။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ရှဉ့်နက်တို့အား အစာကျွေးရာဖြစ်သော ဝေဠုဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ရာဇဂြိုဟ်ပြည်၌ တောင်ထိပ်ပွဲသဘင်ဖြစ်ပေါ်လေ၏။ ဆဗ္ဗဂ္ဂီ ဘိက္ခုနီမတို့သည် တောင်ထိပ်ပွဲသဘင်ကို ကြည့်ရှုခြင်းငှါ သွားကုန်၏။ လူတို့သည် "အဘယ့်ကြောင့် ဘိက္ခုနီမတို့သည် ကာမဂုဏ်ချမ်းသာကို ခံစားသော လူမိန်းမတို့ကဲ့သို့ ကခြင်းကိုငှင်း သီဆိုခြင်းကိုငှင်း တီးမှုတ်ခြင်းကိုငှင်း ကြည့်ရှုနားထောင်ခြင်းငှါ လာကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ဘိက္ခုနီမတို့သည် ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုကြသော ထိုလူတို့၏ စကားကို ကြားကြသည်သာတည်း။ အလိုနည်းသော ဘိက္ခုနီမတို့သည် "အဘယ့်ကြောင့် ဆဗ္ဗဂ္ဂီ ဘိက္ခုနီမတို့သည် ကခြင်းကိုငှင်း သီဆိုခြင်းကိုငှင်း တီးမှုတ်ခြင်းကိုငှင်း ကြည့်ရှုနားထောင်ခြင်းငှါ သွားကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ ဆဗ္ဗဂ္ဂီ ဘိက္ခုနီမတို့သည် ကခြင်းကိုငှင်း သီဆိုခြင်းကိုငှင်း တီးမှုတ်ခြင်းကိုငှင်း ကြည့်ရှုနားထောင်ခြင်းငှါ သွားကုန်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ အဘယ့်ကြောင့် ဆဗ္ဗဂ္ဂီ ဘိက္ခုနီမတို့သည် ကခြင်းကိုငှင်း သီဆိုခြင်းကိုငှင်း တီးမှုတ်ခြင်းကိုငှင်း ကြည့်ရှု နားထောင်

http://www.dhammadownload.com


ခြင်းငှါ သွားကုန်ဘိသနည်း။ ရဟန်းတို့ ဤ (ဆဗ္ဗဂ္ဂီ ဘိက္ခုနီမတို့ ပြုမိသော အမှု) သည် မကြည်ညို သေးသော သူတို့အား ကြည်ညိုစေခြင်းငှါရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

၆၅။ ၁၀-၇၃၄။ "အကြင် ဘိက္ခုနီမသည် ကခြင်းကိုသော်ရင်း သီဆိုခြင်းကိုသော်ရင်း **တီးမှုတ်ခြင်းကိုသော်ရင်း ကြည့်ရှုနားထောင်ခြင်းငှါ သွားငြားအံ့၊ (ထိုဘိက္ခုနီမအား) ပါစိတ်အာပတ် သင့်၏"** ဤသို့ (ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)။

## ၁၀-ဒသမသိက္ခာပုဒ် အဖွင့်

၇၃၅။ အကြင် ဟူသည် အကြင်သို့ သဘောရှိသော။ပ။

**ဘိက္ခုနီမ** ဟူသည်။ပ။ ဤအရာ၌ ဤဥ တ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သော မိန်းမကို "ဘိက္ခုနီမ" ဟူ၍ အလိုရှိအပ်၏။

**ကခြင်း** မည်သည် အလုံးစုံသော ကခြင်းတည်း။

**သီဆိုခြင်း** မည်သည် အလုံးစုံသော သီဆိုခြင်းတည်း။

**တီးမှုတ်ခြင်း** မည်သည် အလုံးစုံသော တီးမှုတ်ခြင်းတည်း။

၇၃၆။ ကြည့်ရှုနားထောင်ခြင်းငှါ သွားအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ အကြင် အရပ်၌ ရပ်လျက် ကြည့်ရှုမှုလည်း ကြည့်ရှုအံ့၊ နားထောင်မှုလည်း နားထောင်အံ့၊ ပါစိတ်အာပတ် သင့်၏။ မြင်ကြား လောက်သော နေရာကို စွန့်၍ အဖန်တလဲလဲ ကြည့်ရှုမှုလည်း ကြည့်ရှုအံ့၊ နားထောင်မှုလည်း နား ထောင်အံ့၊ပါစိတ်အာပတ် သင့်၏။ တမျိုး တမျိုးစီ ကြည့်ရှုနားထောင်ခြင်းငှါ သွားအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

အကြင် အရပ်၌ ရပ်လျက် ကြည့်ရှုမှုလည်း ကြည့်ရှုအံ့၊ နားထောင်မှုလည်း နားထောင်အံ့၊ ပါစိတ်အာပတ် သင့်၏။ မြင်ကြားလောက်သော နေရာကို စွန့်၍ အဖန်တလဲလဲ ကြည့်ရှုမှုလည်း ကြည့် ရှုအံ့၊ နားထောင်မှုလည်း နားထောင်အံ့၊ ပါစိတ်အာပတ် သင့်၏။

၇၃၇။ အရံတွင်း၌ ရပ်၍ ကြည့်ရှုမှုလည်း ကြည့်ရှုအံ့၊ နားထောင်မှုလည်း နားထောင်အံ့၊ ဘိက္ခုနီမ ရပ်နေရာ ထိုင်နေရာ အိပ်နေရာ အရပ်သို့လာ၍ ကမှုလည်း ကကုန်အံ့၊ သီဆိုမှုလည်း သီဆို ကုန်အံ့၊ တီးမှုတ်မှုလည်း တီးမှုတ်ကုန်အံ့၊ ခရီးရင်ဆိုင်သွားစဉ် ကြည့်ရှုမှုလည်း ကြည့်ရှုအံ့၊ နားထောင် မှုလည်း နားထောင်အံ့၊ အကြောင်းကိစ္စရှိသော် သွား၍ ကြည့်ရှုမှုလည်း ကြည့်ရှုအံ့၊ နားထောင် မှုလည်း နားထောင်အံ့၊ အာပတ် မသင့်၊ ဘေးရန်တို့ကြောင့်လည်း အာပတ် မသင့်၊ ရူးသော ဘိက္ခုနီမ အစလုပ်ဦး လွန်ကျူးသော ဘိက္ခုနီမတို့အားလည်း အာပတ် မသင့်။

ဒသမသိက္ခာပုဒ် ပြီး၏။

ပဉ္စမလသုဏဝဂ် ပြီး၏။

http://www.dhammadownload.com



## ၂-အန္ဓကာရဝဂ် ၁-ပဌမသိက္ခာပုဒ်

၇၃၇။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဘဒ္ဒကာပိလာနီ၏ အနီးနေတပည့် ဘိက္ခုနီမ၏ ဆွေမျိုးဖြစ်သူ ယောကျ်ားသည် (မိမိနေရာ) ရွာငယ်မှ တစုံတခုသော ပြုဖွယ်ကိစ္စဖြင့် သာဝတ္ထိပြည်သို့ သွား၏။ ထိုအခါ ဘိက္ခုနီမသည် ယောကျ်ားနှင့်အတူ ဆီမီးမထွန်းသော ညဉ့်မှောင်မိုက်ထည်း၌ တယောက်ချင်းချင်း ရပ်လည်းရပ်၏၊ စကားလည်း ပြော၏။

အလိုနည်းသော ဘိက္ခုနီမတို့သည် "အဘယ့်ကြောင့် ဘိက္ခုနီမသည် ဆီမီးမထွန်းသော ညဉ့်မှောင်မိုက်အည်း၌ ယောကျ်ားနှင့်အတူ တယောက်ချင်းချင်း ရပ်လည်း ရပ်ဘိသနည်း၊ စကားလည်း ပြောဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ ဘိက္ခုနီမသည် ဆီမီးမထွန်းသော ညဉ့်မှောင်မိုက်ထည်း၌ ယောကျ်ားနှင့်အတူ တယောက်ချင်းချင်း ရပ်လည်း ရပ်၏၊ စကားလည်း ပြော၏ ဟူသည်မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ အဘယ့်ကြောင့် ဘိက္ခုနီမသည် ဆီမီးမထွန်းသော ညဉ့်မှောင်မိုက်ထည်း၌ ယောကျ်ားနှင့်အတူ တယောက်ချင်းချင်း ရပ်သည်း ရပ်ဘိသနည်း စကားလည်း ပြောဆိုဘိသနည်း။ ရဟန်းတို့ ဤ (ဘိက္ခုနီမ ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ မရ။ပ။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

**၆၆။ ၁၁-၇၃၉။ "အကြင် ဘိက္ခုနီမသည် ဆီမီးမထွန်းသော ညဉ့်မှောင်မိုက်ထည်း၌ ယောကျ်ားနှင့်အတူ တယောက်ချင်းချင်း ရပ်မှုလည်း ရပ်ငြားအံ့၊ စကားပြောဆိုမှုလည်း ပြောဆိုငြားအံ့၊ (ထိုဘိက္ခုနီမအား) ပါစိတ်အာပတ် သင့်၏"** ဤသို့ (ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)။

## ၁-ပဌမသိက္ခာပုဒ် အဖွင့်

၇၄၀။ **အကြင်** ဟူသည် အကြင်သို့ သဘောရှိသော။ပ။

**ဘိက္ခုနီမ** ဟူသည်။ပ။ ဤအရာ၌ ဤဉတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သော မိန်းမကို "ဘိက္ခုနီမ" ဟူ၍ အလိုရှိအပ်၏။

**ညဉ့်မှောင်မိုက်ထည်း၌** ဟူသည် နေဝင်သောအခါ၌။

**ဆီမီးမထွန်းသော** ဟူသည် အလင်းရောင် မရှိသော။

**ယောကျ်ား** မည်သည် ဘီလူး ယောကျ်ားမဟုတ်၊ ပြိတ္တာ ယောကျ်ားမဟုတ်၊ တိရစ္ဆာန် ယောကျ်ားမဟုတ်၊ ရပ်တည်ခြင်း စကားပြောခြင်းငှါ စွမ်းနိုင်သော သိကြားလိမ္မာသူ လူယောကျ်ား တည်း။

**အတူ** ဟူသည် တပေါင်းတည်း။

http://www.dhammadownload.com



တယောက်ချင်းချင်း ဟူသည် ယောကျ်ားသည်ရင်း၊ ဘိက္ခုနီမသည်ရင်း ဖြစ်၏။

ရပ်မူလည်း ရပ်ခြားအံ့ ဟူသည် ယောကျ်ား၏ (နှစ်တောင့်ထွာ)' ဟတ္ထပါသ်အတွင်း၌ ရပ်အံ့ ပါစိတ်အာပတ် သင့်၏။

စကားပြောဆိုမူလည်း ပြောဆိုခြားအံ့ ဟူသည် ယောကျ်ား၏ (နှစ်တောင့်ထွာ) ဟတ္ထပါသ် အတွင်း၌ ရပ်လျက် ပြောဆိုအံ့၊ ပါစိတ်အာပတ် သင့်၏။

(နှစ်တောင့်ထွာ) ဟတ္ထပါသ်ကို စွန့်၍ ရပ်မူလည်း ရပ်အံ့၊ စကားပြောမူလည်း ပြောအံ့၊ ဒုက္ကဋ် အာပတ် သင့်၏။

ဘီလူး ပြိတ္တာ ပဏ္ဍုက် လူယောင်ဆောင်သော တိရစ္ဆာန်နှင့်အတူ ရပ်မူလည်း ရပ်အံ့၊စကားပြော မူလည်း ပြောအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

၈၄၁။ သိကြား လိမ္မာသော အဖော်တဦးဦးရှိအံ့၊ ဆိတ်ကွယ်ရာကို မငဲ့အံ့၊ တခြားကို နှလုံးသွင်း ၍ ရပ်မူလည်း ရပ်အံ့၊ စကားပြောမူလည်း ပြောအံ့၊ အာပတ် မသင့်၊ ရူးသော ဘိက္ခုနီမ အစလုက်ဦး လွန်ကျူးသော ဘိက္ခုနီမတို့အားလည်း အာပတ် မသင့်။

ပဌမသိက္ခာပုဒ် ပြီး၏။

---

## ၂-အန္ဓကာရဝဂ် ၂-ဒုတိယသိက္ခာပုဒ်

၈၄၂။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံ ဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဘဒ္ဒကာပိလာနီ၏ အနီးနေ တပည့် ဖြစ်သော ဘိက္ခုနီမ၏ ဆွေမျိုးဖြစ်သူ ယောကျ်ားသည် (မိမိနေရာ) ရွာငယ်မှ တစုံတခုသော ပြုဖွယ် ကိစ္စဖြင့် သာဝတ္ထိပြည်သို့ သွား၏။

ထိုအခါ ဘိက္ခုနီမသည် "မြတ်စွာဘုရားသည် ဆီမီးမထွန်းသော ညဉ့်မှောင်မိုက်ထည်း၌ ယောကျ်ားနှင့်အတူ တယောက်ချင်းချင်း ရပ်ခြင်း စကားပြောခြင်းကို မြစ်တားတော်မူ၏" ဟု (နှလုံး သွင်း၍) ထိုယောကျ်ားနှင့်ပင် အတူ ဖုံးကွယ်သောအရပ်၌ တယောက်ချင်းချင်း ရပ်လည်း ရပ်၏၊ စကားလည်း ပြော၏။

အလိုနည်းသော ဘိက္ခုနီမတို့သည် "အဘယ့်ကြောင့် ဘိက္ခုနီမတို့သည် ဖုံးကွယ်သောအရပ်၌ ယောကျ်ားနှင့်အတူ တယောက်ချင်းချင်း ရပ်လည်း ရပ်လေဘိသနည်း၊ စကားလည်း ပြောလေဘိ သနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ ဘိက္ခုနီမသည် ဖုံးကွယ်သော အရပ်၌ ယောကျ်ားနှင့်အတူ တယောက်ချင်းချင်း ရပ်လည်း ရပ်၏၊ စကားလည်း ပြော၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ အဘယ့်ကြောင့် ဘိက္ခုနီမသည် ဖုံးကွယ်သော အရပ်၌ ယောကျ်ားနှင့်အတူ တယောက်ချင်းချင်း ရပ်လည်း ရပ်လေဘိ သနည်း၊ စကားလည်း ပြောလေဘိသနည်း။ ရဟန်းတို့ ဤ (ဘိက္ခုနီမ ပြုမိသော အမှု) သည် မကြည် ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ ရင်း။ပ။

http://www.dhammadownload.com



ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

၆၇။ ၁၂-၈၄၃။ "အကြင် ဘိက္ခုနီမသည် ဖုံးကွယ်သော အရပ်၌ ယောကျ်ားနှင့်အတူ တယောက်ချင်းချင်း ရပ်မှုလည်း ရပ်ငြားအံ့၊ စကားပြောမှုလည်း ပြောငြားအံ့၊ (ထိုဘိက္ခုနီမအား) ပါစိတ်အာပတ် သင့်၏" ဤသို့ (ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)။

## ၂-ဒုတိယသိက္ခာပုဒ် အဖွင့်

၈၄၄။ အကြင် ဟူသည် အကြင်သို့ သဘောရှိသော။ပ။

**ဘိက္ခုနီမ** ဟူသည်။ပ။ ဤအရာ၌ ဤဉတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သော မိန်းမကို "ဘိက္ခုနီမ" ဟူ၍ အလိုရှိအပ်၏။

**ဖုံးကွယ်သောအရပ်** မည်သည် နံရံတံခါးရွက် ဖျာ တင်းတိမ် ကန့်လန့်ကာ သစ်ပင် တိုင် ကလားတခုခုဖြင့် ဖုံးကွယ်၏။

**ယောကျ်ား** မည်သည် ဘီလူးယောကျ်ားမဟုတ် ပြိတ္တာယောကျ်ားမဟုတ် တိရစ္ဆာန်ယောကျ်ားမဟုတ် ရပ်ခြင်း စကားပြောခြင်းငှါ သိကြားလိမ္မာ စွမ်းနိုင်သူ လူယောကျ်ားတည်း။

**အတူ** ဟူသည် တပေါင်းတည်း။

**တယောက်ချင်းချင်း** ဟူသည် ယောကျ်ားသည်ငှင်း ဘိက္ခုနီမသည်ငှင်း ဖြစ်၏။

**ရပ်မှုလည်း ရပ်ငြားအံ့** ဟူသည် ယောကျ်ား၏ (နှစ်တောင့်ထွာ) ဟတ္ထပါသ် အတွင်း၌ ရပ်တည်အံ့၊ ပါစိတ်အာပတ် သင့်၏။

**စကားပြောမှုလည်း ပြောငြားအံ့** ဟူသည် ယောကျ်ား၏(နှစ်တောင့်ထွာ)ဟတ္ထပါသ်အတွင်း၌ ရပ်တည်လျက် ပြောဆိုအံ့၊ ပါစိတ်အာပတ် သင့်၏။

(နှစ်တောင့်ထွာ) ဟတ္ထပါသ်ကို စွန့်၍ မှုလည်း ရပ်အံ့၊ စကားပြောမှုလည်း ပြောအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ဘီလူး ပြိတ္တာ ပဏ္ဍုက် လူယောင်ဆောင်သော တိရစ္ဆာန်နှင့် ရပ်မှုလည်း ရပ်အံ့၊ ပြောမှုလည်း ပြောအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

၈၄၅။ တစုံတယောက်သော သိကြားလိမ္မာသူ အဖော်ရှိအံ့၊ ဆိတ်ကွယ်ခြင်းကို မငဲ့အံ့၊ တခြားကို နှလုံးသွင်း၍ ရပ်မှုလည်း ရပ်အံ့၊ စကားပြောမှုလည်း ပြောအံ့၊ အာပတ် မသင့်၊ ရူးသော ဘိက္ခုနီမ အစလက်ဦး လွန်ကျူးသော ဘိက္ခုနီမတို့အားလည်း အာပတ် မသင့်။

ဒုတိယသိက္ခာပုဒ် ပြီး၏။

---

## ၂-အန္ဓကာရဝဂ် ၃-တတိယသိက္ခာပုဒ်

၈၄၆။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဘဒ္ဒကာပိလာနီ၏ အနီးနေ တပည့်ဖြစ်သော ဘိက္ခုနီမ၏ ဆွေမျိုးဖြစ်သူ ယောကျ်ားသည် (မိမိနေသော) ရွာငယ်မှ တစုံတခုသော ပြုဖွယ်ကိစ္စဖြင့် သာဝတ္ထိပြည်သို့ သွား၏။

http://www.dhammadownload.com



ထိုအခါ ဘိက္ခုနီမသည် "မြတ်စွာဘုရားသည် ဖုံးကွယ်သော နေရာ၌ ယောကျ်ားနှင့်အတူ တယောက်ချင်းချင်း ရပ်ခြင်း စကားပြောခြင်းကို မြစ်တားတော်မူ၏" ဟု (နှလုံးသွင်း၍) ထို ယောကျ်ားနှင့် အတူ လွင်တီးခေါင်၌ တယောက်ချင်းချင်း ရပ်လည်း ရပ်၏၊ စကားလည်း ပြော၏။

အလိုနည်းသော ဘိက္ခုနီမတို့သည် "အဘယ့်ကြောင့် ဘိက္ခုနီမသည် လွင်တီးခေါင်၌ ယောကျ်ားနှင့်အတူ တယောက်ချင်းချင်း ရပ်လည်း ရပ်လေဘိသနည်း၊ စကားလည်း ပြောလေဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ ဘိက္ခုနီမသည် လွင်တီးခေါင်၌ ယောကျ်ားနှင့်အတူ တယောက်ချင်းချင်း ရပ်လည်း ရပ်၏၊ စကားလည်း ပြော၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ အဘယ့်ကြောင့် ဘိက္ခုနီမသည် လွင်တီးခေါင်၌ ယောကျ်ားနှင့်အတူ တယောက်ချင်းချင်း ရပ်လည်း ရပ်လေဘိသနည်း၊ စကားလည်း ပြောလေဘိသနည်း။ ရဟန်းတို့ ဤ (ဘိက္ခုနီမ ပြုမိသော အမှု) သည် မကြည်ညိုသေး သော သူတို့အား ကြည်ညိုစေခြင်းငှါ ရှိရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

ဗိ။ ၁၃-၈၄၇။ **"အကြင် ဘိက္ခုနီမသည် လွင်တီးခေါင်၌ ယောကျ်ားနှင့်အတူ တယောက် ချင်းချင်း ရပ်မူလည်း ရပ်ငြားအံ့၊ စကားမူလည်း ပြောငြားအံ့၊ (ထိုဘိက္ခုနီမအား) ပါစိတ် အာပတ် သင့်၏"** ဤသို့ (ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)။

## ၃-တတိယသိက္ခာပုဒ် အဖွင့်

၈၄၈။ **အကြင်** ဟူသည် အကြင်သို့ သဘောရှိသော။ပ။

**ဘိက္ခုနီမ** ဟူသည်။ပ။ ဤအရာ၌ ဤဉတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သော မိန်းမကို "ဘိက္ခုနီမ" ဟူ၍ အလိုရှိအပ်၏။

**လွင်တီးခေါင်** မည်သည် နံရံ တံခါးရွက် ဖျာ တင်းတိမ် ကန့်လန့်ကာ သစ်ပင် တိုင် ကလား တခုခုဖြင့် ဖုံးကွယ်ခြင်း မရှိသော အရပ်တည်း။

**ယောကျ်ား** မည်သည် ဘီလူးယောကျ်ားမဟုတ် ပြိတ္တာယောကျ်ားမဟုတ် တိရစ္ဆာန် ယောကျ်ား မဟုတ်၊ ရပ်ခြင်း စကားပြောခြင်းငှါ စွမ်းနိုင်သော သိကြားလိမ္မာသူ လူယောကျ်ားတည်း။

**အတူ** ဟူသည် တပေါင်းတည်း။

**တယောက်ချင်းချင်း** ဟူသည် ယောကျ်ားသည်၎င်း ဘိက္ခုနီမသည်၎င်း ဖြစ်၏။

**ရပ်မူလည်း ရပ်ငြားအံ့** ဟူသည် ယောကျ်ား၏ (နှစ်တောင့်ထွာ) ဟတ္ထပါသ်၌ ရပ်အံ့၊ ပါစိတ် အာပတ် သင့်၏။

http://www.dhammadownload.com



စကားမှုလည်း ပြောပြောအံ့ ဟူသည် ယောကျ်ား၏ (နှစ်တောင့်ထွာ) ဟတ္ထပါသ် အတွင်း၌ ရပ်လျက် ပြောဆိုအံ့၊ ပါစိတ်အာပတ် သင့်၏။

(နှစ်တောင့်ထွာ) ဟတ္ထပါသ်ကို စွန့်၍ ရပ်မှုလည်း ရပ်အံ့၊ ပြောမှုလည်း ပြောအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ဘီလူး ပြိတ္တာ ပဏ္ဍုက် လူယောင်ဆောင်သော တိရစ္ဆာန်နှင့်အတူ ရပ်မှုလည်း ရပ်အံ့၊ ပြောမှုလည်း ပြောဆိုအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

၇၄၉။ သိကြားလိမ္မာသူ အဖော်တဦး ရှိအံ့၊ ဆိတ်ကွယ်ခြင်းကို မငဲ့အံ့၊ တခြားကို နှလုံးသွင်း၍ ရပ်မှုလည်း ရပ်အံ့၊ စကားမှုလည်း ပြောဆိုအံ့၊ အာပတ် မသင့်၊ ရူးသောဘိက္ခုနီမ အစလက်ဦး လွန်ကျူးသော ဘိက္ခုနီမတို့အားလည်း အာပတ် မသင့်။

တတိယသိက္ခာပုဒ် ပြီး၏။

---

## ၂-အန္ဓကာရဝဂ် ၄-စတုတ္ထသိက္ခာပုဒ်

၇၅၀။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ထုလ္လနန္ဒာ ဘိက္ခုနီမသည် လမ်းမကြီး၌ရှင်း ထုတ်ချင်း မထွင်းသော ခရီး၌ရှင်း ခရီးလမ်းဆုံ၌ရှင်း ယောကျ်ားနှင့်အတူ တယောက်ချင်းချင်း ရပ်လည်းရပ်၏၊ စကားလည်းပြော၏၊ နားရင်းသို့ကပ်၍ တိုးတိုးသာသာလည်း ပြောဆို၏၊ အဖော်ဖြစ်သော ဘိက္ခုနီမကိုလည်း ပြန်လွှတ်လိုက်၏။

အလိုနည်းသော ဘိက္ခုနီမတို့သည် "အသျှင်မ ထုလ္လနန္ဒာသည် လမ်းမကြီး၌ရှင်း ထုတ်ချင်း မထွင်းသော ခရီး၌ရှင်း ခရီးလမ်းဆုံ၌ရှင်း အဘယ့်ကြောင့် ယောကျ်ားနှင့်အတူ တယောက်ချင်းချင်း ရပ်လေဘိသနည်း၊ စကားလည်း ပြောလေဘိသနည်း၊ နားရင်း၌ကပ်၍ တိုးတိုးသာသာလည်း ပြောဆိုဘိသနည်း၊ အဖော်ဖြစ်သော ဘိက္ခုနီမကိုလည်း ပြန်လွှတ်လိုက်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ ထုလ္လနန္ဒာ ဘိက္ခုနီမသည် လမ်းမကြီး၌ရှင်း ထုတ်ချင်းမထွင်းသော ခရီး၌ရှင်း ခရီးလမ်းဆုံ၌ရှင်း ယောကျ်ားနှင့်အတူ တယောက်ချင်းချင်း ရပ်လည်းရပ်၏၊ စကားလည်း ပြော၏၊ နားရင်းသို့ကပ်၍ တိုးတိုးသာသာလည်း ပြောဆို၏၊ အဖော်ဘိက္ခုနီမကိုလည်း ပြန်လွှတ်လိုက်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ အဘယ့်ကြောင့် ထုလ္လနန္ဒာ ဘိက္ခုနီမသည် လမ်းမကြီး၌ရှင်း ထုတ်ချင်းမထွင်းသော ခရီး၌ရှင်း ခရီးလမ်းဆုံ၌ရှင်း ယောကျ်ားနှင့်အတူ တယောက်ချင်းချင်း ရပ်လည်းရပ်လေဘိသနည်း၊ စကားလည်း ပြောလေဘိသနည်း၊ နားရင်း၌ကပ်၍ တိုးတိုးသာသာလည်း ပြောဆိုဘိသနည်း၊ အဖော်ဘိက္ခုနီမကိုလည်း ပြန်

http://www.dhammadownload.com



လွှတ်လိုက်ဘိသနည်း။ ရဟန်းတို့ ဤ (ထုလ္လနန္ဒာဘိက္ခုနီမ ပြုမိသော အမှု) သည် မကြည်ညို သေးသော သူတို့အား ကြည်ညိုစေခြင်းငှါ ရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

၆၉။ ၁၅-၈၅၁။ "အကြင် ဘိက္ခုနီမသည် လမ်းမကြီး၌သော်၎င်း ထုတ်ချင်းမထွင်းသော ခရီး၌သော်၎င်း ခရီးလမ်းဆုံ၌သော်၎င်း ယောကျ်ားနှင့်အတူ တယောက်ချင်းချင်း ရပ်မူလည်း ရပ်ငြားအံ့၊ စကားပြောမူလည်း ပြောငြားအံ့၊ နားရင်း၌ကပ်၍ တိုးတိုးသာသာမူလည်း ပြောဆိုငြားအံ့၊ အဖော်ဘိက္ခုနီမကိုမူလည်း ပြန်လွှတ်လိုက်ငြားအံ့၊ (ထိုဘိက္ခုနီမအား) ပါစိတ်အာပတ် သင့်၏" ဤသို့ (ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)။

## ၄-စတုတ္ထသိက္ခာပုဒ် အဖွင့်

၈၅၂။ အကြင် ဟူသည် အကြင်သို့ သဘောရှိသော။ပ။

ဘိက္ခုနီမ ဟူသည်။ပ။ ဤအရာ၌ ဤဥတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သော မိန်းမကို "ဘိက္ခုနီမ" ဟူ၍ အလိုရှိအပ်၏။

လမ်းမကြီး မည်သည် ရထားလမ်း ခရီးကို ဆို၏။

ထုတ်ချင်းမထွင်းသောခရီး မည်သည် ဝင်လမ်းအတိုင်း ပြန်ထွက်ရသော ခရီးတည်း။

ခရီးလမ်းဆုံ မည်သည် လမ်းဆုံလမ်းခွကို ဆို၏။

ယောကျ်ား မည်သည် ဘီလူးယောကျ်ားမဟုတ် ပြိတ္တာယောကျ်ားမဟုတ် တိရစ္ဆာန်ယောကျ်ား မဟုတ် ရပ်ခြင်း စကားပြောခြင်းငှါ စွမ်းနိုင်သော သိကြားလိမ္မာသူ လူယောကျ်ားတည်း။

အတူ ဟူသည် တပေါင်းတည်း။

တယောက်ချင်းချင်း ဟူသည် ယောကျ်ားသည်၎င်း ဘိက္ခုနီမသည်၎င်း ဖြစ်၏။

ရပ်မူလည်းရပ်ငြားအံ့ ဟူသည် ယောကျ်ား၏ (နှစ်တောင့်ထွာ) ဟတ္ထပါသ်၌ ရပ်အံ့၊ ပါစိတ် အာပတ် သင့်၏။

စကားပြောမူလည်း ပြောငြားအံ့ ဟူသည် ယောကျ်ား၏ (နှစ်တောင့်ထွာ) ဟတ္ထပါသ်၌ ရပ်၍ ပြောဆိုအံ့၊ ပါစိတ်အာပတ် သင့်၏။

နားရင်း၌ကပ်၍ တိုးတိုးသာသာမူလည်း ပြောဆိုငြားအံ့ ဟူသည် ယောကျ်ား၏ နားအနီး၌ ပြောငြားအံ့၊ ပါစိတ်အာပတ် သင့်၏။

အဖော်ဘိက္ခုနီမကိုမူလည်း ပြန်လွှတ်လိုက်ငြားအံ့ ဟူသည် မလျော်သောအကျင့်ကို ကျင့်လို၍ အဖော်ဘိက္ခုနီမကို ပြန်လွှတ်လိုက်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

မြင်လောက်ကြားလောက်သော အရပ်ကို စွန့်ဆဲဘိက္ခုနီမအား ဒုက္ကဋ်အာပတ် သင့်၏။ စွန့်ပြီး သော် ပါစိတ်အာပတ် သင့်၏။

http://www.dhammadownload.com



(နှစ်တောင့်ထွာ) ဟတ္ထပါသ်ကို စွန့်၍ ရပ်မှုလည်း ရပ်အံ့၊ စကားပြောမှုလည်း ပြောအံ့၊ ဒုက္ကဋ် အာပတ် သင့်၏။

ဘိလူး ပြိတ္တာ ပဏ္ဍုက် လူယောင်ဆောင်သော တိရစ္ဆာန် ယောကျ်ားနှင့်အတူ ရပ်မှုလည်း ရပ်အံ့၊ စကားပြောမှုလည်း ပြောဆိုအံ့၊ ဒုက္ကဋ် အာပတ် သင့်၏။

၇၅၃။ သိကြားလိမ္မာသူ အဖော်တစ်ဦးဦးရှိအံ့၊ ဆိတ်ကွယ်ခြင်းကို မငဲ့အံ့၊ အာရုံတပါးကို နှလုံးသွင်း၍ ရပ်မှုလည်းရပ်အံ့၊ စကားပြောမှုလည်း ပြောဆိုအံ့၊ မလျှော်သော အကျင့်ကို မကျင့်လိုပဲ ကိစ္စရှိသဖြင့် အဖော်ဘိက္ခုနီမကို ပြန်လွှတ်လိုက်အံ့၊ အာပတ် မသင့်၊ ရူးသောဘိက္ခုနီမ အစလက်ဦး လွန်ကျူးသော ဘိက္ခုနီမတို့အားလည်း အာပတ် မသင့်။

စတုတ္ထသိက္ခာပုဒ် ပြီး၏။

---

## ၂-အန္ဓကာရဝဂ် ၅-ပဉ္စမသိက္ခာပုဒ်

၇၅၄။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဘိက္ခုနီမ တယောက်သည် ဒါယကာတဦး၏ အမြဲဆွမ်းဝတ်ရှိသော ဆရာ ဘိက္ခုနီမ ဖြစ်လေ၏။

ထိုအခါ ထိုဘိက္ခုနီမသည် နံနက်အခါ၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူလျက် ထို ဒါယကာအိမ်သို့ ချဉ်းကပ်ပြီးလျှင် နေရာထိုင်ခင်းပေါ်၌ ကောင်းစွာထိုင်ပြီးသော် အိမ်ရှင်တို့ကို မပန် ကြားပဲ ပြန်သွားလေ၏။

ထိုဒါယကာ၏ ကျွန်မသည် အိမ်ကိုတံမြက်လှည်းသည်ရှိသော် ထိုနေရာထိုင်ကို အိုးခွက်ကြား၌ ထည့်သွင်း ထားလေ၏။ လူတို့သည် ထိုနေရာထိုင်ကို မမြင်သည်ရှိသော် "အသျှင်မ ထိုနေရာထိုင်သည် အဘယ်မှာနည်း" ဟု ဘိက္ခုနီမအား မေးကုန်၏၊ ဒါယကာတို့ ငါသည် ထိုနေရာထိုင်ကို မမြင်မိပါ ဟု ဆို၏၊ "အသျှင်မ ထိုနေရာထိုင်ကို ပေးပါလော့" ဟု ဖြောဆိုရေရွတ်၍ ဆွမ်းဝတ်ကို ဖြတ်ကုန်၏။

ထိုနောက် ထိုလူတို့သည် အိမ်ကို သုတ်သင်သည်ရှိသော် ထိုနေရာထိုင်ကို အိုးခွက်ကြား၌တွေ့ကြ၍ ထိုဘိက္ခုနီမကို ကန်တော့ပြီးလျှင် တည်မြဲဆွမ်းဝတ်ကို တည်ထားပြန်ကုန်၏။

ထိုအခါ ထိုဘိက္ခုနီမသည် ဘိက္ခုနီမတို့အား ဤအကြောင်းကို ပြောကြားလေ၏။ အလိုနည်းသော ဘိက္ခုနီမတို့သည် "ဘိက္ခုနီမသည် နံနက်အခါ၌ ဒါယကာတို့အိမ်သို့ ချဉ်းကပ်၍ နေရာထိုင်၌ ထိုင်ပြီးလျှင် အဘယ့်ကြောင့် အိမ်ရှင်တို့ကို မပန်ကြားပဲ ဖဲသွားလေဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ ဘိက္ခုနီမသည် နံနက်အခါ၌ ဒါယကာတို့အိမ်သို့ ချဉ်းကပ်၍ နေရာထိုင်၌ ထိုင်ပြီး လျှင် အိမ်ရှင်တို့ကိုမပန်ကြားပဲ ဖဲသွား၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ ဘိက္ခုနီမသည် နံနက် အခါ၌ ဒါယကာတို့အိမ်သို့ ချဉ်းကပ်၍ နေရာထိုင်၌ ထိုင်နေပြီးလျှင် အဘယ့်ကြောင့် အိမ်ရှင်တို့ကို

http://www.dhammadownload.com



မပန်ကြားပဲ ဖဲသွား လေဘိသနည်း။ ရဟန်းတို့ ဤ(ဘိက္ခုနီမ ပြုမိသော အမှု)သည် မကြည်ညိုသေး သောသူတို့အား ကြည်ညိုစေခြင်းငှါရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

၇၀။ ၁၅-၈၅။ "အကြင် ဘိက္ခုနီမသည် နံနက်အခါ၌ ဒါယကာတို့အိမ်တို့သို့ ချဉ်းကပ်၍ နေရာထိုင်၌ ထိုင်ပြီးလျှင် အိမ်ရှင်တို့ကို မပန်ကြားပဲ ဖဲသွားငြားအံ့၊ (ထိုဘိက္ခုနီမအား) ပါစိတ် အာပတ် သင့်၏" ဤသို့(ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)။

## ၅-ပဌမသိက္ခာပုဒ် အဖွင့်

၈၅၆။ အကြင် ဟူသည် အကြင်သို့ သဘောရှိသော။ပ။

**ဘိက္ခုနီမ** ဟူသည်။ပ။ ဤအရာ၌ ဤဉတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သော မိန်းမကို "ဘိက္ခုနီမ" ဟူ၍ အလိုရှိအပ်၏။

**နံနက်အခါ၌** မည်သည် အရုဏ်တက်သည်ကစ၍ မွန်းတည့်တိုင်အောင်သော အခါတည်း။

**ဒါယကာ** မည်သည် မင်း ပုဏ္ဏား ကုန်သည် သူဆင်းရဲအားဖြင့် ဒါယကာလေးမျိုး ရှိကုန်၏။

**ချဉ်းကပ်၍** ဟူသည် ထိုအရပ်သို့ သွား၍။

**နေရာထိုင်** မည်သည် တင်ပျဉ်ခွေလောက်သော နေရာထိုင်ကို ဆိုလို၏။

**ထိုင်ပြီးလျှင်** ဟူသည် ထိုနေရာထိုင်၌ ထိုင်နေပြီး၍။

**အိမ်ရှင်တို့ကို မပန်ကြားပဲ ဖဲသွားငြားအံ့** ဟူသည် ထိုအိမ်၌ နားလည်သောသူကို မပန်ကြားမူ၍ မိုးမစွတ်ဆုအရပ် တံစက်မြိတ်ကို လွန်စေသော ဘိက္ခုနီမအား ပါစိတ်အာပတ် သင့်၏။ လွင်တီးခေါင်၌ ဥပစာကို လွန်စေသော ဘိက္ခုနီမအား ပါစိတ်အာပတ် သင့်၏။

၈၅၇။ မပန်ကြားရသေးသည်၌ မပန်ကြားရသေး ဟု အမှတ်ရှိသည်ဖြစ်၍ ဖဲသွားအံ့၊ ပါစိတ် အာပတ် သင့်၏။ မပန်ကြားရသေးသည်၌ ယုံမှားရှိသည်ဖြစ်၍ ဖဲသွားမူ ပါစိတ်အာပတ် သင့်၏။ မပန်ကြားရသေးသည်၌ ပန်ကြားပြီး ဟု အမှတ်ရှိ၍ ဖဲသွားအံ့၊ ပါစိတ်အာပတ် သင့်၏။

တင်ပျဉ်မခွေလောက်သော နေရာထိုင်၌ ဒုက္ကဋ်အာပတ် သင့်၏။

ပန်ကြားပြီးသည်၌ မပန်ကြားရသေး ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ပန်ကြားပြီးသည်၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ပန်ကြားပြီးသည်၌ ပန်ကြားပြီး ဟု အမှတ်ရှိအံ့၊ အာပတ် မသင့်။

၈၅၈။ ပန်ကြား၍ သွားအံ့၊ မရွေ့ပြောင်းနိုင်သော နေရာထိုင်ဖြစ်အံ့၊ နာဖျားသောသူ ဖြစ်အံ့၊ ဘေးရန်တို့ကြောင့် ဖြစ်အံ့၊ အာပတ် မသင့်၊ ရူးသောဘိက္ခုနီမ အစလက်ဦး လွန်ကျူးသော ဘိက္ခုနီမ တို့အားလည်း အာပတ် မသင့်။

ပဌမသိက္ခာပုဒ် ပြီး၏။

http://www.dhammadownload.com



## ၂-အန္ဓကာရဝဂ် ၆-ဆဋ္ဌသိက္ခာပုဒ်

၇၅၉။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ထုလ္လနန္ဒာဘိက္ခုနီမသည် နေလွဲသောအခါ ဒါယကာတို့အိမ်တို့သို့ ချဉ်းကပ်၍ အိမ်ရှင်တို့ကို မပန်ကြားပဲ နေရာထိုင်၌ ထိုင်လည်းထိုင်၏။ အိပ်လည်းအိပ်၏။

လူဘို့သည် ထုလ္လနန္ဒာဘိက္ခုနီမကို ရှက်နိုးကုန်သည်ဖြစ်၍ နေရာထိုင်၌ ထိုင်လည်းမထိုင်ကုန်၊ အိပ်လည်း မအိပ်ကုန်၊ လူတို့သည် "အဘယ့်ကြောင့် အသျှင်မထုလ္လနန္ဒာသည် နေလွဲသောအခါ ဒါယကာတို့အိမ်တို့သို့ ချဉ်းကပ်၍ အိမ်ရှင်တို့ကို မပန်ကြားပဲ၊ နေရာထိုင်၌ ထိုင်လည်း ထိုင်လေဘိသနည်း၊ အိပ်လည်းအိပ်လေဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ဘိက္ခုနီမတို့သည် ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုကြသော ထိုလူတို့၏ စကားကို ကြားကြသည်သာတည်း။ အလိုနည်းသော ဘိက္ခုနီမတို့သည် "အဘယ့်ကြောင့် အသျှင်မထုလ္လနန္ဒာသည် နေလွဲသောအခါ ဒါယကာတို့ အိမ်တို့သို့ ချဉ်းကပ်၍ အိမ်ရှင်တို့ကို မပန်ကြားပဲ၊ နေရာထိုင်၌ ထိုင်လည်း ထိုင်လေဘိသနည်း၊ အိပ်လည်းအိပ်လေဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ ထုလ္လနန္ဒာဘိက္ခုနီမသည် နေလွဲသောအခါ ဒါယကာတို့ အိမ်တို့သို့ ချဉ်းကပ်၍ အိမ်ရှင်တို့ကို မပန်ကြားပဲ နေရာထိုင်၌ ထိုင်လည်းထိုင်၏၊ အိပ်လည်းအိပ်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ အဘယ့်ကြောင့် ထုလ္လနန္ဒာဘိက္ခုနီမသည် နေလွဲသောအခါ ဒါယကာတို့ အိမ်တို့သို့ သွား၍ အိမ်ရှင်တို့ကို မပန်ကြားပဲ နေရာထိုင်၌ ထိုင်လည်းထိုင်လေဘိသနည်း၊ အိပ်လည်းအိပ်လေဘိသနည်း။ ရဟန်းတို့ ဤ (ထုလ္လနန္ဒာဘိက္ခုနီမ ပြုမိသော အမှု)သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ ရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

၇၁။ ၁၆-၈၆၀။ **"အကြင် ဘိက္ခုနီမသည် နေလွဲသောအခါ ဒါယကာတို့ အိမ်တို့သို့ ချဉ်းကပ်၍ အိမ်ရှင်တို့ကို မပန်ကြားပဲ နေရာထိုင်၌ ထိုင်မူလည်း ထိုင်ငြားအံ့၊ အိပ်မူလည်း အိပ်ငြားအံ့၊ (ထိုဘိက္ခုနီမအား) ပါစိတ်အာပတ် သင့်၏"** ဤသို့ (ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)။

### ၆-ဆဋ္ဌသိက္ခာပုဒ် အဖွင့်

၈၆၁။ အကြင် ဟူသည် အကြင်သို့ သဘောရှိသော။ပ။

ဘိက္ခုနီမ ဟူသည်။ပ။ ဤအရာ၌ ဤဥတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သော မိန်းမကို "ဘိက္ခုနီမ" ဟူ၍ အလိုရှိအပ်၏။

http://www.dhammadownload.com



နေလွဲသောအခါ မည်သည် မွန်းတည့်လွန်သည်မှ နေဝင်တိုင်အောင် အခါတည်း။

ဒါယကာ မည်သည် မင်း ပုဏ္ဏား ကုန်သည် သူဆင်းရဲအားဖြင့် ဒါယကာ လေးမျိုးတို့တည်း။

ချဉ်းကပ်၍ ဟူသည် ထိုအရပ်သို့ သွား၍။

အိမ်ရှင်တို့ကို မပန်ကြားပဲ ဟူသည် ထိုအိမ်၌ ပေးပိုင်သူကို မပန်မကြားပဲ။

နေရာထိုင် မည်သည် တင်ပျဉ်ခွေလောက်သော နေရာကို ဆိုလို၏။

ထိုင်မူလည်း ထိုင်ခြင်းအုံ့ ဟူသည် ထိုနေရာ၌ ထိုင်အံ့၊ ပါစိတ်အာပတ် သင့်၏။

အိပ်မူလည်း အိပ်ခြင်းအံ့ ဟူသည် ထိုနေရာ၌ အိပ်အံ့၊ ပါစိတ်အာပတ် သင့်၏။

၈၆၂။ မပန်ကြားရသေးသည်၌ မပန်ကြားရသေး ဟု အမှတ်ရှိသည်ဖြစ်၍ နေရာထိုင်၌ ထိုင်မူလည်း ထိုင်အံ့၊ အိပ်မူလည်း အိပ်အံ့၊ ပါစိတ်အာပတ် သင့်၏။

မပန်ကြားရသေးသည်၌ ယုံမှားရှိသည်ဖြစ်၍ နေရာထိုင်၌ ထိုင်မူလည်း ထိုင်အံ့၊ အိပ်မူလည်း အိပ်အံ့၊ ပါစိတ်အာပတ် သင့်၏။

မပန်ကြားရသေးသည်၌ ပန်ကြားပြီး ဟု အမှတ်ရှိသည်ဖြစ်၍ နေရာထိုင်၌ ထိုင်မူလည်း ထိုင်အံ့၊ အိပ်မူလည်း အိပ်အံ့၊ ပါစိတ်အာပတ် သင့်၏။

တင်ပျဉ် မခွေလောက်သော နေရာ၌ ဒုက္ကဋ်အာပတ် သင့်၏။

ပန်ကြားပြီးသည်၌ မပန်ကြားရသေး ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ပန်ကြားပြီးသည်၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ပန်ကြားပြီးသည်၌ ပန်ကြားပြီး ဟု အမှတ်ရှိအံ့၊ အာပတ် မသင့်။

၈၆၃။ နေရာထိုင်၌ ပန်ကြား၍ ထိုင်မူလည်း ထိုင်အံ့၊ အိပ်မူလည်း အိပ်အံ့၊ အာပတ် မသင့်၊ အမြဲခင်းထားသော နေရာထိုင်၌ အာပတ် မသင့်၊ နာဖျားသော သူအားလည်း အာပတ် မသင့်၊ ဘေးရန်တို့ကြောင့်လည်း အာပတ် မသင့်၊ ရူးသောဘိက္ခုနီမ အစလက်ဦး လွန်ကျူးသော ဘိက္ခုနီမတို့အားလည်း အာပတ် မသင့်။

ဆဋ္ဌသိက္ခာပုဒ် ပြီး၏။

---

## ၂-အန္ဓကာရဝဂ် ၇-သတ္တမသိက္ခာပုဒ်

၈၆၄။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ် သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ များစွာသော ဘိက္ခုနီမတို့သည် ကောသလတိုင်း ဇနပုဒ်တို့၌ သာဝတ္ထိပြည်သို့ သွားသည်ရှိသော် ညဲချမ်းအခါ၌ ရွာတရွာသို့ ရောက်၍ ပုဏ္ဏားတယောက် အိမ်သို့ ချဉ်းကပ်ပြီးလျှင် အခွင့်တောင်းကုန်၏။

http://www.dhammadownload.com



ထိုအခါ ပုဏ္ဏေးမသည် "အသျှင်မတို့ ပုဏ္ဏားလာသည်တိုင်အောင် ငံ့လင့်ကြပါဦး" ဟု ထိုဘိက္ခုနီမတို့အား လျှောက်၏။ ဘိက္ခုနီမတို့သည် "ပုဏ္ဏားလာသည်တိုင်အောင် နေဦးမည်" ဟု အိပ်ရာကိုဖြန့်ခင်း၍ အချို့က ထိုင်၍ အချို့က အိပ်ကုန်၏။

ထိုနောက် ပုဏ္ဏားသည် ညဦးအခါလာ၍ "ဤမိန်းမတို့သည် အဘယ်သူတို့နည်း" ဟု ပုဏ္ဏေးမအား မေးမြန်းသဖြင့် အရှင် ဘိက္ခုနီမတို့ပါတည်း ဟု ဆို၏၊ "ဤ ဦးပြည်း အမျိုးဖျက်မတို့ကို နှင်ထုတ်ကုန်လော့" ဟု ဆို၍ အိမ်မှ နှင်ထုတ်လေ၏။ ထိုအခါ ထိုဘိက္ခုနီမတို့သည် သာဝတ္ထိပြည်သို့ သွား၍ ဘိက္ခုနီမတို့အား ဤအကြောင်းကို ပြောကြားကုန်၏။

အလိုနည်းသော ဘိက္ခုနီမတို့သည် "အဘယ့်ကြောင့် ဘိက္ခုနီမတို့သည် အခါမဲ့၌ ဒါယကာတို့ အိမ်တို့သို့ ချဉ်းကပ်၍ အိမ်ရှင်တို့ကို မပန်ကြားပဲ အိပ်ရာ နေရာကို ဖြန့်ခင်းပြီးလျှင် ထိုင်လည်း ထိုင်ကုန်ဘိသနည်း၊ အိပ်လည်း အိပ်ကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ ဘိက္ခုနီမတို့သည် အခါမဲ့၌ ဒါယကာတို့ အိမ်တို့သို့ ချဉ်းကပ်၍ အိမ်ရှင်တို့ကို မပန်ကြားပဲ အိပ်ရာနေရာကို ဖြန့်ခင်း၍ ထိုင်လည်း ထိုင်ကုန်၏၊ အိပ်လည်း အိပ်ကုန်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့၊ အဘယ့်ကြောင့် ဘိက္ခုနီမတို့သည် အခါမဲ့၌ ဒါယကာတို့ အိမ်တို့သို့ ချဉ်းကပ်၍ အိမ်ရှင်တို့ကို မပန်ကြားပဲ အိပ်ရာ နေရာကို ဖြန့်ခင်း၍ အိပ်လည်း အိပ်ကုန်ဘိသနည်း၊ ထိုင်လည်း ထိုင်ကုန်ဘိသနည်း။ ရဟန်းတို့ ဤ(ဘိက္ခုနီမတို့ ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ ရှင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

**၄၂။ ၁၇-၈၆၅။ "အကြင် ဘိက္ခုနီမသည် အခါမဲ့၌ ဒါယကာတို့အိမ်တို့သို့ ချဉ်းကပ်၍ အိမ်ရှင်တို့ကို မပန်ကြားပဲ အိပ်ရာနေရာကို ဖြန့်ခင်း၍သော်ငြင်း၊ ဖြန့်ခင်းစေ၍သော်ငြင်း၊ ထိုင်မူလည်း ထိုင်ငြားအံ့၊ အိပ်မူလည်း အိပ်ငြားအံ့၊ (ထိုဘိက္ခုနီမအား) ပါစိတ်အာပတ် သင့်၏" ဤသို့ (ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)။**

## ၇-သတ္တမသိက္ခာပုဒ် အဖွင့်

၈၆၆။ **အကြင်** ဟူသည် အကြင်သို့ သဘောရှိသော။ပ။

**ဘိက္ခုနီမ** ဟူသည်။ပ။ ဤအရာ၌ ဤဉတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သော မိန်းမကို "ဘိက္ခုနီမ" ဟူ၍ အလိုရှိအပ်၏။

**အခါမဲ့** မည်သည် နေဝင်သည်မှ အရုဏ်တက်တိုင်အောင် အချိန်တည်း။

**ဒါယကာ** မည်သည် မင်း ပုဏ္ဏား ကုန်သည် သူဆင်းရဲအားဖြင့် ဒါယကာ လေးမျိုးတို့တည်း။

**ချဉ်းကပ်၍** ဟူသည် ထိုအရပ်သို့ သွား၍။

http://www.dhammadownload.com



**အိမ်ရှင်တို့ကို မပန်ကြားပဲ**ဟူသည် ထိုအိမ်၌ ပေးပိုင်သူကို မပန်ကြားပဲ။

**အိပ်ရာ နေရာ မည်သည်** အယုတ်သဖြင့် သစ်ရွက်အခင်းသည်လည်း အိပ်ရာ နေရာ မည်၏။

**ဖြန့်ခင်း၍** ဟူသည် ကိုယ်တိုင် ဖြန့်ခင်း၍။

**ဖြန့်ခင်းစေ၍** ဟူသည် သူတပါးကို ဖြန့်ခင်းစေ၍။

**ထိုင်မူလည်း ထိုင်ငြားအံ့** ဟူသည် ထိုနေရာ၌ ထိုင်အံ့၊ ပါစိတ်အာပတ် သင့်၏။

**အိပ်မူလည်း အိပ်ငြားအံ့** ဟူသည် ထိုနေရာ၌ အိပ်အံ့၊ ပါစိတ်အာပတ် သင့်၏။

ဂ၆၇။ မပန်ကြားရသေးသည်၌ မပန်ကြားရသေး ဟု အမှတ်ရှိသည်ဖြစ်၍ အိပ်ရာ နေရာကို ခင်း၍သော်၎င်း ခင်းစေ၍သော်၎င်း ထိုင်မူလည်း ထိုင်အံ့ အိပ်မူလည်း အိပ်အံ့၊ပါစိတ်အာပတ် သင့်၏။

မပန်ကြားရသေးသည်၌ ယုံမှားရှိသည်ဖြစ်၍ အိပ်ရာ နေရာကို ခင်း၍သော်၎င်း ခင်းစေ၍သော်၎င်း ထိုင်မူလည်း ထိုင်အံ့၊ အိပ်မူလည်း အိပ်အံ့၊ ပါစိတ်အာပတ် သင့်၏။

မပန်ကြားရသေးသည်၌ ပန်ကြားပြီး ဟု အမှတ်ရှိသည်ဖြစ်၍ အိပ်ရာနေရာကို ခင်း၍သော်၎င်း ခင်းစေ၍သော်၎င်း ထိုင်မူလည်း ထိုင်အံ့၊ အိပ်မူလည်း အိပ်အံ့၊ ပါစိတ်အာပတ် သင့်၏။

ပန်ကြားပြီးသည်၌ မပန်ကြားရသေး ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ပန်ကြားပြီးသည်၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ပန်ကြားပြီးသည်၌ ပန်ကြားပြီး ဟု အမှတ်ရှိအံ့၊ အာပတ် မသင့်။

ဂ၆ဂ။ ပန်ကြား၍ အိပ်ရာ နေရာကို ဖြန့်ခင်း၍သော်၎င်း ဖြန့်ခင်းစေ၍သော်၎င်း ထိုင်မူလည်း ထိုင်အံ့၊ အိပ်မူလည်း အိပ်အံ့၊ အာပတ် မသင့်၊ နာဖျားသောသူအားလည်း အာပတ် မသင့်၊ ဘေးရန်တို့ကြောင့်လည်း အာပတ် မသင့်၊ ရူးသော ဘိက္ခုနီမ အစလက်ဦး လွန်ကျူးသော ဘိက္ခုနီမတို့အားလည်း အာပတ် မသင့်။

သတ္တမသိက္ခာပုဒ် ပြီး၏။

---

## ၂-အန္ဓကာရဝဂ် ဂ-အဋ္ဌမသိက္ခာပုဒ်

ဂ၆၉။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံ ဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဘဒ္ဒါကာပိလာနီ၏ အနီးနေ တပည့် ဘိက္ခုနီမသည် ဘဒ္ဒါကာပိလာနီကို ရှိသေစွာ လုပ်ကျွေး၏၊ ဘဒ္ဒါကာပိလာနီက "အသျှင်မတို့ ဤ ဘိက္ခုနီမသည် အကျွန်ုပ်ကို ရိုသေစွာ လုပ်ကျွေး၏၊ အကျွန်ုပ်သည် ဤဘိက္ခုနီမအား သင်္ကန်းကို ပေးအံ့" ဟု ဘိက္ခုနီမတို့အား ပြောဆို၏။

ထိုအခါ ထိုဘိက္ခုနီမသည် "အသျှင်မတို့ အကျွန်ုပ်သည် အသျှင်မကို ရိုသေစွာ မလုပ်ကျွေး သတတ်၊ အသျှင်မသည် အကျွန်ုပ်အား သင်္ကန်းကို မပေးလိုသတတ်" ဟု အယူအဆလွဲခြင်း အထင်မှား ခြင်းဖြင့် သူတပါးကို စောင်းမြောင်း ကဲ့ရဲ့၏။

http://www.dhammadownload.com



အလိုနည်းသော ဘိက္ခုနီမတို့သည် "အဘယ့်ကြောင့် ဘိက္ခုနီမသည် အယူအဆလွဲခြင်း အထင်မှားခြင်းဖြင့် သူတပါးကို စောင်းမြောင်းကဲ့ရဲ့ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်တို့ ဘိက္ခုနီမသည် အယူအဆလွဲခြင်း အထင်မှားခြင်းဖြင့် သူတပါးကို စောင်းမြောင်း ကဲ့ရဲ့၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ အဘယ့်ကြောင့် ဘိက္ခုနီမသည် အယူအဆလွဲခြင်း အထင်မှားခြင်းဖြင့် သူတပါးကို စောင်းမြောင်းကဲ့ရဲ့ဘိသနည်း။ ရဟန်းတို့ ဤ (ဘိက္ခုနီမ ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ ရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

၇၃။ ၁၈-၇၇၀။ "အကြင် ဘိက္ခုနီမသည် အယူအဆလွဲခြင်း အထင်မှားခြင်းဖြင့် သူတပါးကို စောင်းမြောင်းကဲ့ရဲ့ငြားအံ့၊ (ထိုဘိက္ခုနီမအား) ပါစိတ်အာပတ် သင့်၏" ဤသို့ (ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)။

## ၈-အဋ္ဌမသိက္ခာပုဒ် အဖွင့်

၇၇၁။ အကြင် ဟူသည် အကြင်ကဲ့သို့ သဘောရှိသော။ပ။

ဘိက္ခုနီမ ဟူသည်။ပ။ ဤအရာ၌ ဤဉတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သော မိန်းမကို "ဘိက္ခုနီမ" ဟူ၍ အလိုရှိအပ်၏။

**အယူအဆလွဲခြင်းဖြင့်** ဟူသည် တမျိုးတမည် ယူဆခြင်းဖြင့်။

**အထင်မှားခြင်းဖြင့်** ဟူသည် တမျိုးတမည် ထင်မှတ်ခြင်းဖြင့်။

**သူတပါးကို** ဟူသည် ဘိက္ခုနီမကို ကဲ့ရဲ့ပြစ်တင်အံ့၊ ပါစိတ်အာပတ် သင့်၏။

၇၇၂။ ဘိက္ခုနီမ၌ ဘိက္ခုနီမ ဟု အမှတ်ရှိသည်ဖြစ်၍ ကဲ့ရဲ့ပြစ်တင်အံ့၊ ပါစိတ်အာပတ် သင့်၏။

ဘိက္ခုနီမ၌ ယုံမှားရှိသည်ဖြစ်၍ ကဲ့ရဲ့ပြစ်တင်အံ့၊ ပါစိတ်အာပတ် သင့်၏။

ဘိက္ခုနီမ၌ ဘိက္ခုနီမ မဟုတ် ဟု အမှတ်ရှိသည်ဖြစ်၍ ကဲ့ရဲ့ပြစ်တင်အံ့၊ ပါစိတ်အာပတ် သင့်၏။

လူသာမဏေကို ကဲ့ရဲ့ပြစ်တင်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ဘိက္ခုနီမ မဟုတ်သည်၌ ဘိက္ခုနီမ ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ဘိက္ခုနီမ မဟုတ်သည်၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ဘိက္ခုနီမ မဟုတ်သည်၌ ဘိက္ခုနီမ မဟုတ် ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

http://www.dhammadownload.com



၇၇၃။ ရွှေးသော ဘိက္ခုနီမ အစလက်ဦး လွန်ကျူးသော ဘိက္ခုနီမတို့အားလည်း အာပတ် မသင့်။

အဋ္ဌမသိက္ခာပုဒ် ပြီး၏။

---

## ၂-အန္ဓကာရဝဂ် ၉-နဝမသိက္ခာပုဒ်

၇၇၄။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံ ဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဘိက္ခုနီမတို့သည် မိမိတို့ပစ္စည်းကို မမြင်ကုန်သည်ဖြစ်၍ "အသျှင်မ ငါတို့၏ပစ္စည်းကို မြင်ပါသလော" ဟု စဏ္ဍကာဠီ ဘိက္ခုနီမအား မေးကုန်၏။ စဏ္ဍကာဠီ ဘိက္ခုနီမက "ငါသည် ခိုးသူမလော၊ ငါသည် အလဇ္ဇီမလော၊ မိမိ၏ ပစ္စည်းကို မမြင်သော အသျှင်မတို့က 'အသျှင်မ ငါတို့၏ပစ္စည်းကို မြင်ပါသလော' ဟု ငါ့အား မေးကုန်၏၊ အသျှင်မတို့ ငါသည် အကယ်၍ သင်တို့၏ပစ္စည်းကို ယူမိပါအံ့၊ ဘိက္ခုနီမ မဟုတ်သည် ဖြစ်ရပါလို၏။ သာသနာတော်မှ ရွေ့လျောရပါလို၏၊ ငရဲ၌ ဖြစ်ရပါလို၏၊ ငါ့ကို ဤသို့ မဟုတ်မမှန် ပြောဆိုသော ဘိက္ခုနီမသည်လည်း ဘိက္ခုနီမ မဟုတ်သည် ဖြစ်ပါစေ၊ သာသနာတော်မှ ရွေ့လျော ပါစေ၊ ငရဲ၌ ဖြစ်ပါစေ" ဟု (ကျိန်ဆဲ၍) ကဲ့ရဲ့၏၊ ရှုတ်ချ၏၊ အပြစ်ပြ ပြောဆို၏။

အလိုနည်းသော ဘိက္ခုနီမတို့သည် "အဘယ့်ကြောင့် အသျှင်မ စဏ္ဍကာဠီသည် မိမိကိုယ်ကိုရင်း သူတပါးကိုရင်း ငရဲဖြင့်ရင်း သာသနာတော်ဖြင့်ရင်း ကျိန်ဆဲဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ စဏ္ဍကာဠီ ဘိက္ခုနီမသည် မိမိကိုယ်ကိုရင်း သူတပါးကိုရင်း ငရဲဖြင့်ရင်း သာသနာ တော်ဖြင့်ရင်း ကျိန်ဆဲ၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ အဘယ့်ကြောင့် စဏ္ဍကာဠီ ဘိက္ခုနီမသည် မိမိကိုယ်ကိုရင်း သူတပါးကိုရင်း ငရဲဖြင့်ရင်း သာသနာတော်ဖြင့်ရင်း ကျိန်ဆဲ ဘိသနည်း။ ရဟန်းတို့ ဤ (စဏ္ဍကာဠီ ဘိက္ခုနီမ ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ ရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့

၁၄၉။ ၁၉-၇၇၅။ "အကြင် ဘိက္ခုနီမသည် မိမိကိုယ်ကိုရင်း သူတပါးကိုရင်း ငရဲဖြင့်ရင်း သာသနာတော်ဖြင့်ရင်း ကျိန်ဆဲငြားအံ့၊ (ထိုဘိက္ခုနီမအား) ပါစိတ်အာပတ် သင့်၏" ဤသို့ (ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)။

## ၉-နဝမသိက္ခာပုဒ် အဖွင့်

၇၇၆။ **အကြင်** ဟူသည် အကြင်သို့ သဘောရှိသော။ပ။

**ဘိက္ခုနီမ** ဟူသည်။ပ။ ဤအရာ၌ ဤဥတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သော မိန်းမကို "ဘိက္ခုနီမ" ဟူ၍ အလိုရှိအပ်၏။

http://www.dhammadownload.com



မမိကိုယ်ကို ဟူသည် မိမိကိုယ်တိုင်။

သူတပါးကို ဟူသည် ရဟန်းဖြစ်သူကို ငရဲဖြင့်ရင်း သာသနာတော်ဖြင့်ရင်း ကျိန်ဆဲအံ့၊ ပါစိတ် အာပတ် သင့်၏။

၇၇၇။ ဘိက္ခုနီမဌ် ဘိက္ခုနီမ ဟု အမှတ်ရှိသည်ဖြစ်၍ ငရဲဖြင့်ရင်း သာသနာတော်ဖြင့်ရင်း ကျိန်ဆဲအံ့၊ ပါစိတ်အာပတ် သင့်၏။

ဘိက္ခုနီမဌ် ယုံမှားရှိသည်ဖြစ်၍ ငရဲဖြင့်ရင်း သာသနာတော်ဖြင့်ရင်း ကျိန်ဆဲအံ့၊ ပါစိတ်အာပတ် သင့်၏။

ဘိက္ခုနီမဌ် ဘိက္ခုနီမ မဟုတ် ဟု အမှတ်ရှိသည်ဖြစ်၍ ငရဲဖြင့်ရင်း သာသနာတော်ဖြင့်ရင်း ကျိန်ဆဲအံ့၊ ပါစိတ်အာပတ် သင့်၏။

တိရစ္ဆာန်အမျိုးဖြင့်ရင်း ပြိတ္တာအမျိုးဖြင့်ရင်း ဘုန်းကံမဲ့သူ လူ အဖြစ်ဖြင့်ရင်း ကျိန်ဆဲအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ လူသာမဏေကို ကျိန်ဆဲအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ဘိက္ခုနီမ မဟုတ်သူဌ် ဘိက္ခုနီမ ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ဘိက္ခုနီမ မဟုတ်သူဌ် ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ဘိက္ခုနီမ မဟုတ်သူဌ် ဘိက္ခုနီမ ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ် အာပတ် သင့်၏။

၇၇၈။ အနက်ကို ရှေးရှုသော ဘိက္ခုနီမ ပါဠိကို ရှေးရှုသော ဘိက္ခုနီမ ဆုံးမခြင်းကို ရှေးရှုသော ဘိက္ခုနီမ ရူးသောဘိက္ခုနီမ အစလက်ဦး လွန်ကျူးသော ဘိက္ခုနီမတို့အားလည်း အာပတ် မသင့်။

နဝမသိက္ခာပုဒ် ပြီး၏။

---

## ၂-အန္ဓကာရဝဂ် ၁၀-ဒသမသိက္ခာပုဒ်

၇၇၉။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံ ဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ စဏ္ဍကာဠီ ဘိက္ခုနီမသည် ဘိက္ခုနီမ တို့နှင့်အတူ ခိုက်ရန်ဖြစ်သဖြင့် မိမိကိုယ်ကို ထု၍ထု၍ ငိုကြွေး၏။

အလိုနည်းသော ဘိက္ခုနီမတို့သည် "အဘယ့်ကြောင့် စဏ္ဍကာဠီ ဘိက္ခုနီမသည် မိမိကိုယ်ကို ထု၍ထု၍ ငိုဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ စဏ္ဍကာဠီ ဘိက္ခုနီမသည် မိမိကိုယ်ကို ထု၍ထု၍ ငို၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

http://www.dhammadownload.com



၇၇၃။ ရှုးသော ဘိက္ခုနီမ အစလက်ဦး လွန်ကျူးသော ဘိက္ခုနီမတို့အားလည်း အာပတ်မသင့်။

အဋ္ဌမသိက္ခာပုဒ် ပြီး၏။

---

## ၂-အန္ဓကာရဝဂ် ၉-နဝမသိက္ခာပုဒ်

၇၇၄။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဘိက္ခုနီမတို့သည် မိမိတို့ပစ္စည်းကို မမြင်ကုန်သည်ဖြစ်၍ "အသျှင်မ ငါတို့၏ပစ္စည်းကို မြင်ပါသလော" ဟု စဏ္ဍကာဠီ ဘိက္ခုနီမအား မေးကုန်၏။ စဏ္ဍကာဠီ ဘိက္ခုနီမက "ငါသည် ခိုးသူမလော၊ ငါသည် အလဇ္ဇီမလော၊ မိမိ၏ ပစ္စည်းကို မမြင်သော အသျှင်မတို့က 'အသျှင်မ ငါတို့၏ပစ္စည်းကို မြင်ပါသလော' ဟု ငါ့အား မေးကုန်၏၊ အသျှင်မတို့ ငါသည် အကယ်၍ သင်တို့၏ပစ္စည်းကို ယူမိပါအံ့၊ ဘိက္ခုနီမ မဟုတ်သည် ဖြစ်ရပါလို၏။ သာသနာတော်မှ ရွေလျောရပါလို၏၊ ငရဲ၌ ဖြစ်ရပါလို၏၊ ငါ့ကို ဤသို့ မဟုတ်မမှန် ပြောဆိုသော ဘိက္ခုနီမသည်လည်း ဘိက္ခုနီမ မဟုတ်သည် ဖြစ်ပါစေ၊ သာသနာတော်မှ ရွေလျောပါစေ၊ ငရဲ၌ ဖြစ်ပါစေ" ဟု (ကျိန်ဆဲ၍) ကဲ့ရဲ့၏၊ ရှုတ်ချ၏၊ အပြစ်ပြ ပြောဆို၏။

အလိုနည်းသော ဘိက္ခုနီမတို့သည် "အဘယ့်ကြောင့် အသျှင်မ စဏ္ဍကာဠီသည် မိမိကိုယ်ကိုရင်း သူတပါးကိုရင်း ငရဲဖြင့်ရင်း သာသနာတော်ဖြင့်ရင်း ကျိန်ဆဲဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ စဏ္ဍကာဠီ ဘိက္ခုနီမသည် မိမိကိုယ်ကိုရင်း သူတပါးကိုရင်း ငရဲဖြင့်ရင်း သာသနာတော်ဖြင့်ရင်း ကျိန်ဆဲ၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ အဘယ့်ကြောင့် စဏ္ဍကာဠီ ဘိက္ခုနီမသည် မိမိကိုယ်ကိုရင်း သူတပါးကိုရင်း ငရဲဖြင့်ရင်း သာသနာတော်ဖြင့်ရင်း ကျိန်ဆဲဘိသနည်း။ ရဟန်းတို့ ဤ (စဏ္ဍကာဠီ ဘိက္ခုနီမ ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ ရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့-

၇၄။ ၁၉-၈၇၅။ "အကြင် ဘိက္ခုနီမသည် မိမိကိုယ်ကိုရင်း သူတပါးကိုရင်း ငရဲဖြင့်ရင်း သာသနာတော်ဖြင့်ရင်း ကျိန်ဆဲငြားအံ့၊ (ထိုဘိက္ခုနီမအား) ပါစိတ်အာပတ် သင့်၏" ဤသို့ (ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)။

### ၉-နဝမသိက္ခာပုဒ် အဖွင့်

၈၇၆။ အကြင် ဟူသည် အကြင်သို့ သဘောရှိသော။ပ။

ဘိက္ခုနီမ ဟူသည်။ပ။ ဤအရာ၌ ဤဥဘတောသံဃ၌ တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သော မိန်းမကို "ဘိက္ခုနီမ" ဟူ၍ အလိုရှိအပ်၏။

http://www.dhammadownload.com



မိမိကိုယ်ကို ဟူသည် မိမိကိုယ်တိုင်။

သူတပါးကို ဟူသည် ရဟန်းဖြစ်သူကို ငရဲဖြင့်ရင်း သာသနာတော်ဖြင့်ရင်း ကျိန်ဆဲအံ့၊ ပါစိတ် အာပတ် သင့်၏။

၇၇၇။ ဘိက္ခုနီမ၌ ဘိက္ခုနီမ ဟု အမှတ်ရှိသည်ဖြစ်၍ ငရဲဖြင့်ရင်း သာသနာတော်ဖြင့်ရင်း ကျိန်ဆဲအံ့၊ ပါစိတ်အာပတ် သင့်၏။

ဘိက္ခုနီမ၌ ယုံမှားရှိသည်ဖြစ်၍ ငရဲဖြင့်ရင်း သာသနာတော်ဖြင့်ရင်း ကျိန်ဆဲအံ့၊ ပါစိတ်အာပတ် သင့်၏။

ဘိက္ခုနီမ၌ ဘိက္ခုနီမ မဟုတ် ဟု အမှတ်ရှိသည်ဖြစ်၍ ငရဲဖြင့်ရင်း သာသနာတော်ဖြင့်ရင်း ကျိန်ဆဲအံ့၊ ပါစိတ်အာပတ် သင့်၏။

တိရစ္ဆာန်အမျိုးဖြင့်ရင်း ပြိတ္တာအမျိုးဖြင့်ရင်း ဘုန်းကံမဲ့သူ လူ့အဖြစ်ဖြင့်ရင်း ကျိန်ဆဲအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ လူသာမဏေကို ကျိန်ဆဲအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ဘိက္ခုနီမ မဟုတ်သူ၌ ဘိက္ခုနီမ ဟု အမှတ်ရှိအံ့၊ ဒုက္កဋ်အာပတ် သင့်၏။ ဘိက္ခုနီမ မဟုတ်သူ၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ဘိက္ခုနီမ မဟုတ်သူ၌ ဘိက္ခုနီမ ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ် အာပတ် သင့်၏။

၇၇၈။ အနက်ကို ရှေးရှုသော ဘိက္ခုနီမ ပါဠိကို ရှေးရှုသော ဘိက္ခုနီမ ဆုံးမခြင်းကို ရှေးရှုသော ဘိက္ခုနီမ ရူးသောဘိက္ခုနီမ အစလက်ဦး လွန်ကျူးသော ဘိက္ခုနီမတို့အားလည်း အာပတ် မသင့်။

နဝမသိက္ခာပုဒ် ပြီး၏။

---

## ၂-အန္ဓကာရဝဂ် ၁၀-ဒသမသိက္ခာပုဒ်

၇၇၉။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံ ဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ စဏ္ဍကာဠီ ဘိက္ခုနီမသည် ဘိက္ခုနီမ တို့နှင့်အတူ ခိုက်ရန်ဖြစ်သဖြင့် မိမိကိုယ်ကို ထု၍ထု၍ ငိုကြွေး၏။

အလိုနည်းသော ဘိက္ခုနီမတို့သည် "အဘယ့်ကြောင့် စဏ္ဍကာဠီ ဘိက္ခုနီမသည် မိမိကိုယ်ကို ထု၍ထု၍ ငိုဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ စဏ္ဍကာဠီ ဘိက္ခုနီမသည် မိမိကိုယ်ကို ထု၍ထု၍ ငို၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

http://www.dhammadownload.com



ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ အဘယ့်ကြောင့် စဏ္ဍကာဠီဘိက္ခုနီမသည် မိမိကိုယ်ကို ထု၍ထု၍ ငိုဘိသနည်း။ ရဟန်းတို့ ဤ(စဏ္ဍကာဠီ ဘိက္ခုနီမ ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့၊

၇၅။ ၂၀-၈၈၀။ **"အကြင် ဘိက္ခုနီမသည် မိမိကိုယ်ကို ထု၍ထု၍ ငိုကြွေးငြားအံ့၊ (ထိုဘိက္ခုနီမအား) ပါစိတ်အာပတ် သင့်၏"** ဤသို့ (ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)။

## ၁၀-ဒသမသိက္ခာပုဒ် အဖွင့်

၈၈၁။ အကြင် ဟူသည် အကြင်သို့ သဘောရှိသော။ပ။

**ဘိက္ခုနီမ ဟူသည်**။ပ။ ဤအရာ၌ ဤဉတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သော မိန်းမကို "ဘိက္ခုနီမ" ဟူ၍ အလိုရှိအပ်၏။

**မိမိကိုယ်ကို ဟူသည်** မိမိကိုယ်တိုင်။

ထု၍ထု၍ ငိုအံ့၊ ပါစိတ်အာပတ် သင့်၏။ ထုသာထု၍ မငိုအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ငိုသာငို၍ မထုအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

၈၈၂။ ဆွေမျိုး၏ ပျက်စီးခြင်း စည်းစိမ်၏ ပျက်စီးခြင်း ရောဂါဟူသော ပျက်စီးခြင်းတို့နှင့် တွေ့ထိသဖြင့် မထုပဲ ငိုအံ့၊ အာပတ် မသင့်၊ ရူးသောဘိက္ခုနီမ အစလက်ဦး လွန်ကျူးသော ဘိက္ခုနီမ တို့အားလည်း အာပတ် မသင့်။

ဒသမသိက္ခာပုဒ် ပြီး၏။

ဒုတိယအန္ဓကာရဝဂ် ပြီး၏။

---

## ၃-နဂ္ဂဝဂ် ၁-ပဌမသိက္ခာပုဒ်

၈၈၃။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံ ဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ များစွာသော ဘိက္ခုနီမတို့သည် အစိရဝတီမြစ်ရှိ ရေဆိပ်တခုတည်း၌ ပြည့်တန်ဆာမတို့နှင့်အတူ အဝတ်မဝတ်ပဲ ရေချိုးကုန်၏။

ပြည့်တန်ဆာမတို့က "အသျှင်မတို့ ငယ်ရွယ်သူဖြစ်သော သင်တို့အား အကျင့်မြတ်ကို ကျင့် သဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ ကာမဂုဏ် စည်းစိမ်ကို ခံစားသင့်သည် မဟုတ်ပါလော၊ အိုမင်းသော အခါ၌ အကျင့်မြတ်ကို ကျင့်ရကုန်လတ္တံ့၊ ဤသို့ကျင့်လျှင် သင်တို့အား အကျိုးနှစ်ပါးတို့သည် သိမ်း ပိုက်ရပြီးဖြစ်ကုန်လတ္တံ့" ဟု ထိုဘိက္ခုနီမတို့အား ပြက်ရယ်ပြုကုန်၏။ ဘိက္ခုနီမတို့သည် ပြည့်တန်ဆာ မတို့ ပြက်ရယ်ပြုသောကြောင့် မျက်နှာမသာ ဖြစ်ကုန်၏။

ထိုအခါ ထိုဘိက္ခုနီမတို့သည် ကျောင်းသို့သွား၍ အခြားဘိက္ခုနီမတို့အား ဤအကြောင်းကို ပြောကြားကုန်၏။ ဘိက္ခုနီမတို့သည် ရဟန်းယောကျ်ားတို့အား ဤအကြောင်းကို ပြောကြား ကုန်၏။

ရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

http://www.dhammadownload.com



ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် တရားစကားကို ဟောတော်မူ၍ ရဟန်းတို့ကို ရဟန်းတို့ သို့ဖြစ်လျှင် သံဃာတော်၏ကောင်းပါပြီ ဟု ဝန်ခံကျင့်သုံးရန် သံဃာတော်များ ချမ်းသာစေရန်။ပ။ ဝိနည်းစဉ်းမျဉ်း'ဥပဒေ'ကို ချီးမြှောက်ရန်ဟူသော အကျိုးထူး ဆယ်ပါးတို့ကို အစွဲပြု၍ ဘိက္ခုနီမတို့အား သိက္ခာပုဒ်ကို ပညတ်တော်မူမည် ဟု မိန့်တော်မူ၏။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

၇၆။ ၂၁-၈၈၄။ "အကြင် ဘိက္ခုနီမသည် အဝတ်မဝတ်ပဲ ရေချိုးငြားအံ့၊ (ထိုဘိက္ခုနီမ အား) ပါစိတ်အာပတ် သင့်၏" ဤသို့ (ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)။

## ၁-ပဌမသိက္ခာပုဒ် အဖွင့်

၈၈၅။ အကြင် ဟူသည် အကြင်သို့ သဘောရှိသော။ပ။

**ဘိက္ခုနီမ ဟူသည်**။ပ။ ဤအရာ၌ ဤဉတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သော မိန်းမကို "ဘိက္ခုနီမ" ဟူ၍ အလိုရှိအပ်၏။

**အဝတ်မဝတ်ပဲ ရေချိုးငြားအံ့ ဟူသည်** သင်းပိုင်ကိုလည်းမဝတ် ကိုယ်ဝတ်ကိုလည်းမရုံပဲ ရေချိုး အံ့၊ လုံ့လပယောဂကြောင့် ဒုက္ကဋ်အာပတ် သင့်၏။ ရေချိုးပြီးသည်၏ အဆုံး၌ ပါစိတ်အာပတ် သင့်၏။

၈၈၆။ သင်္ကန်းကို ခိုးသွားလုယက်ခံရသော ဘိက္ခုနီမ သင်္ကန်းပျောက်သော ဘိက္ခုနီမတို့အား အာပတ် မသင့်၊ ဘေးရန်တို့ကြောင့်လည်း အာပတ် မသင့်၊ ရူးသောဘိက္ခုနီမ၊ အစလက်ဦး လွန်ကျူး သော ဘိက္ခုနီမတို့အားလည်း အာပတ် မသင့်။

ပဌမသိက္ခာပုဒ် ပြီး၏။

---

## ၃-နဂ္ဂဝဂ် ၂-ဒုတိယသိက္ခာပုဒ်

၈၈၇။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံ ဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ မြတ်စွာဘုရားသည် ဘိက္ခုနီမ တို့အား ရေသနုပ်ကို ခွင့်ပြုတော်မူ၏၊ ဆဗ္ဗဂ္ဂီဘိက္ခုနီမတို့သည် "ရေသနုပ်ကို မြတ်စွာဘုရားခွင့်ပြုတော် မူ၏" ဟု အတိုင်းအထွာ ပမာဏ မရှိသော ရေသနုပ်တို့ကို ဆောင်ကုန်၏၊ ရှေ့မှငင်း နောက်မှငင်း ဆွဲငင်၍ လှည့်လည်ကုန်၏။

အလိုနည်းသောဘိက္ခုနီမတို့သည် "အဘယ့်ကြောင့် ဆဗ္ဗဂ္ဂီဘိက္ခုနီမတို့သည် အတိုင်းအထွာ ပမာဏမရှိသော ရေသနုပ်တို့ကို ဆောင်ကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ ဆဗ္ဗဂ္ဂီဘိက္ခုနီမတို့သည် အတိုင်းအထွာ ပမာဏမရှိသော ရေသနုပ်တို့ကို ဆောင်ကုန် ၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

http://www.dhammadownload.com



ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ အဘယ့်ကြောင့် ဆဗ္ဗဂ္ဂီဘိက္ခုနီမတို့သည် အတိုင်းအထွာ ပမာဏမရှိသော ရေသနုပ်တို့ကို ဆောင်ကုန်ဘိသနည်း။ ရဟန်းတို့ ဤ (ဆဗ္ဗဂ္ဂီဘိက္ခုနီမတို့ ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ မဟုတ်။ပ။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

၇၇။ ၂၂-၁၁၀။ "ရေသနုပ်ကိုပြုလိုသော ဘိက္ခုနီမသည် ပမာဏနှင့်ယှဉ်သော ရေသနုပ်ကို ပြုရမည်၊ ဤဆိုလတ္တံ့သည်ကား ထိုရေသနုပ်၌ ပမာဏတည်း၊ မြတ်စွာဘုရား အထွာတော်ဖြင့် အလျားလေးထွာ အနံနှစ်ထွာတို့တည်း၊ ထိုပမာဏကို လွန်စေသော ဘိက္ခုနီမအား ဖြတ်ခြင်း ဝိနည်းကံရှိသော ပါစိတ်အာပတ် သင့်၏" ဤသို့ (ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)။

## ၂-ဒုတိယသိက္ခာပုဒ် အဖွင့်

၁၁၉။ ရေသနုပ် မည်သည် ဝတ်လျက်ရေချိုးရသော အဝတ်တည်း။

ပြုလိုသောဘိက္ခုနီမ ဟူသည် ပြုလုပ်သော ဘိက္ခုနီမသည်ငှင်း ပြုလုပ်စေသော ဘိက္ခုနီမသည်ငှင်း ပမာဏနှင့်ယှဉ်သော ရေသနုပ်ကို ပြုလုပ်ရမည်၊ ဤဆိုလတ္တံ့သည်ကား ထိုရေသနုပ်၌ ပမာဏတည်း၊ မြတ်စွာဘုရား အထွာတော်ဖြင့် အလျား လေးထွာ အနံ နှစ်ထွာတို့တည်း၊ ထိုပမာဏထက် လွန်၍ ပြုလုပ်မူလည်း ပြုလုပ်အံ့၊ ပြုလုပ်စေမူလည်း ပြုလုပ်စေအံ့၊ လုံ့လပယောဂကြောင့် ဒုက္ကဋ် အာပတ် သင့်၏။ ရခြင်းကြောင့် ဖြတ်၍ ပါစိတ်အာပတ်ကို ဒေသနာကြားရမည်။

၁၉၀။ မိမိပြု၍ မပြီးသေးသည်ကို မိမိသည်ပင် ပြီးဆုံးစေအံ့၊ ပါစိတ်အာပတ် သင့်၏။ မိမိပြု၍ မပြီးသေးသည်ကို သူတပါးတို့ကို ပြီးဆုံးစေအံ့၊ ပါစိတ်အာပတ် သင့်၏။

သူတပါးတို့ပြု၍ မပြီးသေးသည်ကို မိမိသည်ပင် ပြီးဆုံးစေအံ့၊ ပါစိတ်အာပတ် သင့်၏၊ သူတပါးတို့ ပြု၍ မပြီးသေးသည်ကို သူတပါးတို့ကိုပင်လျှင် ပြီးဆုံးစေအံ့၊ ပါစိတ်အာပတ် သင့်၏။

သူတပါးအကျိုးငှါ ပြုလုပ်မူလည်း ပြုလုပ်အံ့၊ ပြုလုပ်စေမူလည်း ပြုလုပ်စေအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

သူတပါး ပြုလုပ်ထားသည်ကိုရ၍ သုံးဆောင်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

၁၉၁။ ပမာဏနှင့်ယှဉ်သော ရေသနုပ်ကိုပြုအံ့၊ ပမာဏအောက် ယုတ်လျော့သော ရေသနုပ်ကို ပြုအံ့၊ သူတပါး ပြုလုပ်ထားသည့် ပမာဏထက်လွန်သော ရေသနုပ်ကိုရသဖြင့် ဖြတ်၍ သုံးဆောင်အံ့၊ အာပတ် မသင့်။

ဗိတာန်မျက်နှာကြက် မြေအခင်း တင်းတိမ် ကန့်လန့်ကာ ဘုံလျို 'ဖုံ' ခေါင်းအုံးတို့ကို ပြုအံ့၊ အာပတ် မသင့်၊ ရူးသောဘိက္ခုနီမ အစလက်ဦး လွန်ကျူးသော ဘိက္ခုနီမတို့အားလည်း အာပတ် မသင့်။

ဒုတိယသိက္ခာပုဒ် ပြီး၏။

http://www.dhammadownload.com



## ၃-နဂ္ဂဝဂ် ၃-တတိယသိက္ခာပုဒ်

၇၉၂။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဘိက္ခုနီမ တယောက်သည် သင်္ကန်းလျှာ ပုဆိုးက အဖိုးများစွာထိုက်ပါလျက် သင်္ကန်းကိုမူ ဆိုးဝါးစွာ ချုပ်လုပ်ထားလေ၏။ ထုလ္လနန္ဒာဘိက္ခုနီမသည် ထိုဘိက္ခုနီမကို—

"အသျှင်မ သင်၏ ဤသင်္ကန်းလျှာပုဆိုးက ကောင်းပါ၏၊ သို့ရာတွင် သင်္ကန်းကိုမူကား ဆိုးဝါးစွာ ချုပ်လုပ်ထား၏" ဟု ပြောဆို၏။

အသျှင်မ ချုပ်ရိုးကိုဖြေပါအံ့၊ ချုပ်ပေးပါမည်လော ဟု (မေး၏)။

အသျှင်မ (အိမ်း) ချုပ်ပေးပါမည် ဟု (ဆို၏)။

ထိုအခါ ထိုဘိက္ခုနီမသည် သင်္ကန်းကိုဖြေပြီးနောက် ထုလ္လနန္ဒာဘိက္ခုနီမအား ပေး၏။ ထုလ္လနန္ဒာ ဘိက္ခုနီမသည် "ချုပ်မည် ချုပ်မည်" ဟု ဆိုလျက် ချုပ်လည်း မချုပ် ချုပ်ဘို့ရန်လည်း ကြောင့်ကြ မပြုချေ။

ထိုအခါ ထိုဘိက္ခုနီမသည် အခြားဘိက္ခုနီမတို့အား ဤအကြောင်းကို ပြောကြား၏။ အလိုနည်းသော ဘိက္ခုနီမတို့သည် "အဘယ့်ကြောင့် အသျှင်မ ထုလ္လနန္ဒာသည် ဘိက္ခုနီမ၏သင်္ကန်းကို ချုပ်ရိုးဖြေခိုင်းပြီးမှ မချုပ်လေဘိသနည်း ချုပ်ဘို့ရန်လည်း ကြောင့်ကြမပြုလေဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ ထုလ္လနန္ဒာ ဘိက္ခုနီမသည် ဘိက္ခုနီမ၏ သင်္ကန်းကို ချုပ်ရိုးဖြေခိုင်းပြီးမှ ချုပ်လည်း မချုပ် ချုပ်ဘို့ရန်လည်း ကြောင့်ကြမပြု ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ အဘယ့်ကြောင့် ထုလ္လနန္ဒာ ဘိက္ခုနီမသည် ဘိက္ခုနီမ၏ သင်္ကန်းကို ချုပ်ရိုးဖြေခိုင်းပြီးမှ မချုပ်လေဘိသနည်း ချုပ်ဘို့ရန် လည်း ကြောင့်ကြမပြုလေဘိသနည်း။ ရဟန်းတို့ ဤ (ထုလ္လနန္ဒာ ဘိက္ခုနီမ ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ ဖြစ်ခြင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

**၇၈။ ၂၃-၇၉၃။ "အကြင် ဘိက္ခုနီမသည် ဘိက္ခုနီမ၏ သင်္ကန်းကို ချုပ်ရိုးဖြေ၍ငြင်း ချုပ်ရိုးဖြေစေ၍ငြင်း နှောင်အခါ၌ အန္တရာယ်မရှိပဲ လေးငါးရက်ကိုထား၍ (ကိုယ်တိုင်လည်း) မချုပ်ငြားအံ့၊ (သူတပါးကို) ချုပ်စေရန်လည်း ကြောင့်ကြမပြုငြားအံ့၊ (ထိုဘိက္ခုနီမအား) ပါစိတ်အာပတ် သင့်၏"** ဤသို့ (ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)။

## ၃-တတိယသိက္ခာပုဒ် အဖွင့်

၇၉၄။ **အကြင်** ဟူသည် အကြင်သို့ သဘောရှိသော။ပ။

**ဘိက္ခုနီမ** ဟူသည်။ပ။ ဤအရာ၌ ဤဉတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သော မိန်းမကို "**ဘိက္ခုနီမ**" ဟူ၍ အလိုရှိအပ်၏။

http://www.dhammadownload.com



**ဘိက္ခုနီမ၏** မည်သည် အခြားဘိက္ခုနီမ၏။

**သင်္ကန်း** မည်သည် သင်္ကန်းခြောက်ထည်တို့တွင် တထည်ထည်သော သင်္ကန်းတည်း။

**ချုပ်ရိုးဖြေ၍** ဟူသည် ကိုယ်တိုင် ချုပ်ရိုးဖြေ၍။

**ချုပ်ရိုးဖြေစေ၍** ဟူသည် သူတပါးကို ဖြေစေ၍။

**ထိုဘိက္ခုနီမသည် နောက်အခါ၌ အန္တရာယ် မရှိပဲ** ဟူသည် အန္တရာယ် မရှိခဲ့သော်။

**မချုပ်ငြားအံ့** ဟူသည် ကိုယ်တိုင် မချုပ်ငြားအံ့။

**ချုပ်စေရန် ကြောင့်ကြ မပြုငြားအံ့** ဟူသည် သူတပါးကို မစေခိုင်းငြားအံ့။

**လေးရက် ငါးရက် ကိုထား၍** ဟူသည် လေးရက် ငါးရက်ကို ကြဉ်၍။

"ကိုယ်တိုင်လည်း မချုပ်အံ့၊ သူတပါးကိုလည်း ချုပ်စေရန် ကြောင့်ကြမပြုတော့အံ့" ဟု ဝန်ချကာမျှ၌ ပါစိတ်အာပတ် သင့်၏။

၇၉၅။ ဘိက္ခုနီမ၌ ဘိက္ခုနီမ ဟု အမှတ်ရှိသည်ဖြစ်၍ သင်္ကန်းကို ချုပ်ရိုးဖြေ၍ငြင်း ချုပ်ရိုးဖြေစေ၍ငြင်း ထိုဘိက္ခုနီမသည် နောက်အခါ၌ အန္တရာယ်မရှိပဲ လေးရက် ငါးရက်ကို ထား၍ ကိုယ်တိုင်လည်း မချုပ်ပဲ သူတပါးကိုလည်း ချုပ်စေရန် ကြောင့်ကြမပြုအံ့၊ ပါစိတ်အာပတ် သင့်၏။

ဘိက္ခုနီမ၌ ယုံမှားရှိသည်ဖြစ်၍ သင်္ကန်းကို ချုပ်ရိုးဖြေ၍ငြင်း ချုပ်ရိုးဖြေစေ၍ငြင်း ထိုဘိက္ခုနီမသည် နောက်အခါ၌ အန္တရာယ် မရှိပဲ လေးရက် ငါးရက်ကို ထား၍ ကိုယ်တိုင်လည်း မချုပ်ပဲ သူတပါးကိုလည်း ချုပ်စေရန် ကြောင့်ကြမပြုအံ့၊ ပါစိတ်အာပတ် သင့်၏။

ဘိက္ခုနီမ၌ ဘိက္ခုနီမ ဟု အမှတ်ရှိသည်ဖြစ်၍ သင်္ကန်းကို ဖြေ၍ငြင်း ဖြေစေ၍ငြင်း ထိုဘိက္ခုနီမသည် နောက်အခါ၌ အန္တရာယ် မရှိပဲ လေးရက် ငါးရက်ကို ထား၍ ကိုယ်တိုင်လည်း မချုပ်ပဲ သူတပါးကိုလည်း ချုပ်စေရန် ကြောင့်ကြမပြုအံ့၊ ပါစိတ်အာပတ် သင့်၏။

အခြားသော ပရိက္ခာရကို ဖြေ၍ငြင်း ဖြေစေ၍ငြင်း ထိုဘိက္ခုနီမသည် နောက်အခါ၌ အန္တရာယ် မရှိပဲ လေးရက် ငါးရက်ကို ထား၍ ကိုယ်တိုင်လည်း မချုပ်ပဲ သူတပါးကိုလည်း ချုပ်စေရန်ကြောင့်ကြ မပြုအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ဘိက္ခုနီမ မဟုတ်သူ၏ သင်္ကန်းကိုငြင်း အခြားသော ပရိက္ခာရကိုငြင်း ဖြေ၍ငြင်း ဖြေစေ၍ငြင်း ထိုဘိက္ခုနီမသည် နောက်အခါ၌ အန္တရာယ် မရှိပဲ လေးရက် ငါးရက်ကို ထား၍ ကိုယ်တိုင်လည်း မချုပ်ပဲ သူတပါးကိုလည်း ချုပ်စေရန် ကြောင့်ကြမပြုအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ဘိက္ခုနီမ မဟုတ်သူ၌ ဘိက္ခုနီမ ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ဘိက္ခုနီမ မဟုတ်သူ၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ဘိက္ခုနီမ မဟုတ်သူ၌ ဘိက္ခုနီမ မဟုတ် ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

၇၉၆။ အန္တရာယ် ရှိအံ့၊ ရှာဖွေ၍ မရအံ့၊ ပြုနေစဉ်ပင် လေးရက် ငါးရက်ကို လွန်စေအံ့၊ အာပတ် မသင့်၊ နာဖျားသော ဘိက္ခုနီမအားလည်း အာပတ် မသင့်၊ ဘေးရန်တို့ကြောင့်လည်း အာပတ် မသင့်၊ ရူးသော ဘိက္ခုနီမ အစလက်ဦး လွန်ကျူးသော ဘိက္ခုနီမတို့အားလည်း အာပတ် မသင့်။

**တတိယသိက္ခာပုဒ် ပြီး၏။**

http://www.dhammadownload.com



## ၃-နဂ္ဂဝဂ် ၄-စတုတ္ထသိက္ခာပုဒ်

၇၉၇။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ် သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဘိက္ခုနီမတို့သည် အခြား ဘိက္ခုနီမတို့၏ လက်၌ သက်န်းကိုထားခဲ့၍ သင်းပိုင် ကိုယ်ဝတ်ဖြင့်သာလျှင် ဇနပုဒ်၌ လှည့်လည် ဖဲသွားကုန်၏။

ထိုသက်န်းတို့သည် ကြာမြင့်စွာ ထားသောကြောင့် မှိုတက်ကုန်၏။ ထိုဘိက္ခုနီမတို့သည် ထိုသက်န်းတို့ကို နေလှန်းကုန်၏။ အခြားဘိက္ခုနီမတို့ကို "အသျှင်မတို့ (ချွေးစိုသော နေရာ၌) မှိုတက်သော ဤသက်န်းတို့သည် အဘယ်သူ၏ သက်န်းတို့နည်း" ဟု နေလှမ်းသော ထိုဘိက္ခုနီမတို့အား မေးကုန်၏။

ထိုအခါ ထိုဘိက္ခုနီမတို့သည် အခြား ဘိက္ခုနီမတို့အား ဤအကြောင်းကို ပြောကြားကုန်၏။ အလိုနည်းသော ဘိက္ခုနီမတို့သည် "အဘယ့်ကြောင့် ဘိက္ခုနီမတို့သည် အခြားဘိက္ခုနီမတို့၏ လက်၌ သက်န်းကို ထား၍ သင်းပိုင် ကိုယ်ဝတ်ဖြင့် ဇနပုဒ်၌ လှည့်လည် ဖဲသွားကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ ဘိက္ခုနီမတို့သည် အခြား ဘိက္ခုနီမတို့၏ လက်၌ သက်န်းကိုထား၍ သင်းပိုင် ကိုယ်ဝတ်ဖြင့် ဇနပုဒ်၌ လှည့်လည် ဖဲသွားကုန်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ အဘယ့်ကြောင့် ဘိက္ခုနီမတို့သည် အခြား ဘိက္ခုနီမတို့၏ လက်၌ သက်န်းကို ထား၍ သင်းပိုင် ကိုယ်ဝတ်ဖြင့် ဇနပုဒ်၌ လှည့်လည်ဖဲသွားကုန်ဘိသနည်း။ ရဟန်းတို့ ဤ (ဘိက္ခုနီမတို့ ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ ရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

**၇၉၈။ ၂၄-၇၉၈။ "အကြင် ဘိက္ခုနီမသည် သင်္ကန်းလှည့်လည်ဝတ်ခြင်းကို ငါးရက်ထက် လွန်စေငြားအံ့၊ (ထိုဘိက္ခုနီမအား) ပါစိတ်အာပတ် သင့်၏"** ဤသို့ (ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)။

## ၄-စတုတ္ထသိက္ခာပုဒ် အဖွင့်

၇၉၉။ အကြင် ဟူသည် အကြင်သို့ သဘောရှိသော။ပ။

**ဘိက္ခုနီမ** ဟူသည်။ပ။ ဤအရာ၌ ဤဥတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သော မိန်းမကို "ဘိက္ခုနီမ" ဟူ၍ အလိုရှိအပ်၏။

**သင်္ကန်းလှည့်လည် ဝတ်ခြင်းကို ငါးရက်ထက် လွန်စေငြားအံ့** ဟူသည် ငါးရက်မြောက်သောနေ့၌ သင်္ကန်းငါးထည်တို့ကို မဝတ် မရုံ နေမလှမ်းအံ့၊ ငါးရက်မြောက်သော နေ့ကို လွန်စေအံ့၊ ပါစိတ်အာပတ် သင့်၏။

၈၀၀။ ငါးရက်ထက် ပိုလွန်သည်၌ ပိုလွန်၏ ဟု အမှတ်ရှိအံ့၊ ပါစိတ်အာပတ် သင့်၏။ ငါးရက်ထက် ပိုလွန်သည်၌ ယုံမှားရှိအံ့၊ ပါစိတ်အာပတ် သင့်၏။ ငါးရက်ထက် ပိုလွန်သည်၌ မပိုလွန် ဟု အမှတ်ရှိအံ့၊ ပါစိတ်အာပတ် သင့်၏။

http://www.dhammadownload.com



ငါးရက်ထက် မပိုလွန်သေးသည်၌ ပိုလွန်၏ ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ငါးရက်ထက် မပိုလွန်သည်၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ငါးရက်ထက် မပိုလွန်သည်၌ မပိုလွန် ဟု အမှတ်ရှိအံ့၊ အာပတ် မသင့်။

၉၀၁။ ငါးရက်မြောက်သော နေ့၌ သင်္ကန်းငါးထည်တို့ကို ဝတ်မှုလည်း ဝတ်အံ့ ရုံမှုလည်း ရုံအံ့ နေလှမ်းမှုလည်း နေလှမ်းအံ့၊ အာပတ် မသင့်၊ နာဖျားသော ဘိက္ခုနီမအားလည်း အာပတ် မသင့်၊ ဘေးရန်တို့ကြောင့်လည်း အာပတ် မသင့်၊ ရူးသော ဘိက္ခုနီမ အစလက်ဦး လွန်ကျူးသော ဘိက္ခုနီမ တို့အားလည်း အာပတ် မသင့်။

စတုတ္ထသိက္ခာပုဒ် ပြီး၏။

---

## ၃-နဂ္ဂဝဂ် ၅-ပဌမသိက္ခာပုဒ်

၉၀၂။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံ ဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဘိက္ခုနီမတယောက်သည် ဆွမ်းခံ လှည့်လည်ပြီးနောက် စိုသော သင်္ကန်းကို ဖြန့်ထား၍ ကျောင်းတွင်းသို့ ဝင်လေ၏၊ အခြားဘိက္ခုနီမ တယောက်သည် ထိုသင်္ကန်းကိုဝတ် ရုံ၍ ရွာတွင်းသို့ ဆွမ်းခံဝင်၏။

ထိုသင်္ကန်းရှင် ဘိက္ခုနီမသည် ထွက်လာ၍ "အသျှင်မတို့ အကျွန်ုပ်၏ သင်္ကန်းကို မြင်ကုန်သ လော"ဟု အခြားဘိက္ခုနီမတို့အား မေး၏၊ အခြားဘိက္ခုနီမတို့သည် ထိုဘိက္ခုနီမအား ဤအကြောင်း ကို ပြောကြားကုန်၏။

ထိုအခါ (သင်္ကန်းရှင်) ဘိက္ခုနီမသည် "အဘယ့်ကြောင့် ဘိက္ခုနီမသည် အကျွန်ုပ်၏ သင်္ကန်းကို မပန်ကြားပဲ ဝတ်ရုံဘိသနည်း" ဟု ကဲ့ရဲ့၏၊ ရှုတ်ချ၏၊ အပြစ်ပြ ပြောဆို၏၊ ထိုဘိက္ခုနီမသည် ဘိက္ခုနီမ တို့အား ဤအကြောင်းကို ပြောကြားလေ၏။

အလိုနည်းသော ဘိက္ခုနီမတို့သည် "အဘယ့်ကြောင့် အခြား ဘိက္ခုနီမသည် ဘိက္ခုနီမ၏ သင်္ကန်းကို မပန်ကြားပဲ ဝတ်ရုံလေဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆို ကြကုန်၏။ပ။

"ရဟန်းတို့ ဘိက္ခုနီမသည် အခြားဘိက္ခုနီမ၏ သင်္ကန်းကို မပန်ကြားပဲ ဝတ်ရုံ၏ ဟူသည် မှန် သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ အဘယ့်ကြောင့် ဘိက္ခုနီမသည် အခြားဘိက္ခုနီမ၏ သင်္ကန်းကို မပန်ကြားပဲ ဝတ်ရုံလေဘိသနည်း။ ရဟန်းတို့ ဤ (ဘိက္ခုနီမ ပြုမိသော အမှု)သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ ရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

**၈၀။ ၂၅-၉၀၃။ "အကြင် ဘိက္ခုနီမသည် ပြောင်းလဲ 'ပြန်ပေး' ရမည့် (သူတပါးပိုင်) သင်္ကန်းကို ဆောင်ငြားအံ့၊ (ထိုဘိက္ခုနီမအား) ပါစိတ်အာပတ် သင့်၏" ဤသို့ (ပြကြစေ ကုန်လော့ ဟု မိန့်တော်မူ၏)။**

http://www.dhammadownload.com



## ၅-ပဥ္စမသိက္ခာပုဒ် အဖွင့်

၉၀၄။ အကြင် ဟူသည် အကြင်သို့ သဘောရှိသော။ပ။

ဘိက္ခုနီမ ဟူသည်။ပ။ ဤအရာ၌ ဤဉတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သော မိန်းမကို "ဘိက္ခုနီမ" ဟူ၍ အလိုရှိအပ်၏။

ပြောင်းရွှေ့ 'ပြန်ပေး' ရမည့် (သူတပါးပိုင်) သက်န်း မည်သည် အခြားဘိက္ခုနီမ၏ သင်္ကန်း ငါးထည်တို့တွင် တထည်ထည်သော သင်္ကန်းတည်း၊ ထိုသင်္ကန်းရှင်မက မပေးပဲသော်၎င်း ထိုသင်္ကန်းရှင်မကို မပန်ကြားပဲသော်၎င်း ဝတ်မူလည်း ဝတ်အံ့၊ ရုံမူလည်း ရုံအံ့၊ ပါစိတ်အာပတ် သင့်၏။

၉၀၅။ ဘိက္ခုနီမ၌ ဘိက္ခုနီမ ဟု အမှတ်ရှိသည်ဖြစ်၍ ပြောင်းရွှေ့'ပြန်ပေး' ရမည့်(သူတပါးပိုင်) သင်္ကန်းကိုဆောင်အံ့၊ ပါစိတ်အာပတ် သင့်၏။

ဘိက္ခုနီမ၌ ယုံမှားရှိသည်ဖြစ်၍ ပြောင်းရွှေ့ 'ပြန်ပေး' ရမည့် (သူတပါးပိုင်) သင်္ကန်းကို ဆောင်အံ့၊ ပါစိတ်အာပတ် သင့်၏။

ဘိက္ခုနီမ၌ ဘိက္ခုနီမ မဟုတ် ဟု အမှတ်ရှိသည်ဖြစ်၍ ပြောင်းရွှေ့ 'ပြန်ပေး' ရမည့် (သူတပါးပိုင်) သင်္ကန်းကိုဆောင်အံ့၊ ပါစိတ်အာပတ် သင့်၏။

ဘိက္ခုနီမ မဟုတ်သူ၏ ပြောင်းရွှေ့ 'ပြန်ပေး' ရမည့်သင်္ကန်းကိုဆောင်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ဘိက္ခုနီမ မဟုတ်သူ၌ ဘိက္ခုနီမ ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ဘိက္ခုနီမ မဟုတ်သူ၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ဘိက္ခုနီမ မဟုတ်သူ၌ ဘိက္ခုနီမ မဟုတ် ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

၉၀၆။ ထိုဘိက္ခုနီမကသော်လည်း ပေးအံ့၊ ထိုဘိက္ခုနီမကိုသော်လည်း ပန်ကြား၍ ဝတ်မူလည်း ဝတ်အံ့၊ ရုံမူလည်း ရုံအံ့၊ အာပတ် မသင့်၊ သင်္ကန်းကို အလုယက်ခံရသော ဘိက္ခုနီမ သင်္ကန်းပျောက်သော ဘိက္ခုနီမတို့အားလည်း အာပတ် မသင့်။

ဘေးရန်တို့ကြောင့်လည်း အာပတ် မသင့်၊ ရူးသော ဘိက္ခုနီမ အစလက်ဦးလွန်ကျူးသော ဘိက္ခုနီမတို့အားလည်း အာပတ် မသင့်။

ပဉ္စမသိက္ခာပုဒ် ပြီး၏။

---

## ၃-နဂ္ဂဝဂ် ၆-ဆဋ္ဌသိက္ခာပုဒ်

၉၀၇။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ထုလ္လနန္ဒာ ဘိက္ခုနီမ၏ အလုပ်အကျွေး ဒါယကာသည် ထုလ္လနန္ဒာ ဘိက္ခုနီမကို "အသျှင်မ ဘိက္ခုနီ သံဃာအား သင်္ကန်းလှူပါကုန်အံ့" ဟု လျှောက်၏။ ထုလ္လနန္ဒာ ဘိက္ခုနီမသည် "သင်တို့သည် ကိစ္စများကုန်၏ ပြုဖွယ်များကုန်၏" ဟု (ဆို၍) အန္တရာယ်ကို ပြုလေ၏။

http://www.dhammadownload.com



ထိုစဉ်အခါ၌ ထိုဒါယကာ၏ အိမ်ကို မီးလောင်လေ၏။ ထိုသူတို့သည် "အဘယ့်ကြောင့် အသျှင်မ ထုလ္လနန္ဒာသည် ငါတို့ အလှူဝတ္ထု၏ အန္တရာယ်ကို ပြုလေဘိသနည်း၊ စည်းစိမ်ဂေဟာင်းမှ နှစ်ပါးတို့မှ ကာ 'လစ်ဟင်း' ဖြစ်ရကုန်၏" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ဘိက္ခုနီမတို့သည် ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုကြသော ထိုလူတို့၏ စကားကို ကြားကြသည် သာတည်း။ အလိုနည်းသော ဘိက္ခုနီမတို့သည် "အဘယ့်ကြောင့် အသျှင်မ ထုလ္လနန္ဒာသည် ဂိုဏ်း (ဘိက္ခုနီသံဃာ) ၏ သင်္ကန်းလာဘ်ကို အန္တရာယ် ပြုလေဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ ထုလ္လနန္ဒာ ဘိက္ခုနီမသည် ဂိုဏ်း၏ သင်္ကန်းလာဘ်ကို အန္တရာယ် ပြု၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ အဘယ့်ကြောင့် ထုလ္လနန္ဒာဘိက္ခုနီမသည် ဂိုဏ်း၏ သင်္ကန်းလာဘ်ကို အန္တရာယ် ပြုလေဘိသနည်း။ ရဟန်းတို့ ဤ(ထုလ္လ နန္ဒာ ဘိက္ခုနီမ ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

**၈၁။ ၂၆-၉၀၈။ "အကြင် ဘိက္ခုနီမသည် ဂိုဏ်း၏ သင်္ကန်းလာဘ်ကို အန္တရာယ်ပြုခြားအံ့၊ (ထိုဘိက္ခုနီမအား) ပါစိတ်အာပတ် သင့်၏"** ဤသို့ (ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)။

## ၆-ဆင္ဃသိက္ခာပုဒ် အဖွင့်

၉၀၉။ **အကြင်** ဟူသည် အကြင်သို့ သဘောရှိသော။ပ။

**ဘိက္ခုနီမ** ဟူသည်။ပ။ ဤအရာ၌ ဤဥ တ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သော မိန်းမကို "ဘိက္ခုနီမ" ဟူ၍ အလိုရှိအပ်၏။

**ဂိုဏ်း** မည်သည် ဘိက္ခုနီ သံဃာကို ဆိုလို၏။

**သင်္ကန်း** မည်သည် သင်္ကန်း ခြောက်ထည်တို့တွင် အယုတ်ဆုံးအားဖြင့် ဝိကပ္ပနာလောက်သော တထည်ထည်သော သင်္ကန်းတည်း။

**အန္တရာယ် ပြုခြားအံ့** ဟူသည် "အဘယ့်ကြောင့် ဤသင်္ကန်းကို ပေးလှူကုန်ရာသနည်း" ဟု အန္တရာယ် ပြုအံ့၊ ပါစိတ်အာပတ် သင့်၏။

အခြား ပရိက္ခရာကို အန္တရာယ် ပြုအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

များစွာသော ဘိက္ခုနီမတို့၏ရင်း ဘိက္ခုနီမတယောက်၏ရင်း လူသာမဏေ၏ရင်း သင်္ကန်းကို ဖြစ်စေ အခြားပရိက္ခရာကို ဖြစ်စေ အန္တရာယ်ပြုအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

၉၁၀။ အကျိုးအာနိသင်ကိုပြ၍ တားမြစ်အံ့၊ အာပတ် မသင့်၊ ရူးသောဘိက္ခုနီမ အစလက်ဦး လွန်ကျူးသော ဘိက္ခုနီမတို့အားလည်း အာပတ် မသင့်။

ဆင္ဃသိက္ခာပုဒ် ပြီး၏။

http://www.dhammadownload.com


## ၃-နဂ္ဂဝဂ် ၇-သတ္တမသိက္ခာပုဒ်

၉၁၁။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဘိက္ခုနီသံဃာအား အခါမဲ့ သင်္ကန်း ဖြစ်ပေါ်လေ၏။

ထိုအခါ ဘိက္ခုနီသံဃာသည် ထိုသင်္ကန်းကို ဝေခြမ်းလို၍ စည်းဝေး၏။ ထိုစဉ်အခါ၌ ထုလ္လနန္ဒာ ဘိက္ခုနီမ၏ အနီးနေ တပည့် ဘိက္ခုနီမတို့သည် အရပ်တပါးသို့ ဖဲသွားနေကုန်၏။ ထုလ္လနန္ဒာ ဘိက္ခုနီမသည် "အသျှင်မတို့ အခြား ဘိက္ခုနီမတို့သည် အရပ်တပါးသို့ ဖဲသွားဆဲဖြစ်၍ သင်္ကန်းကို မဝေခြမ်းသင့်သေး" ဟု ဆို၍ သင်္ကန်းဝေခြမ်းရေးကို ထိုဘိက္ခုနီမတို့အား တားမြစ်လေ၏။

အခြားဘိက္ခုနီမတို့သည် သင်္ကန်းကို မဝေခြမ်းသေး ဟု နှလုံးသွင်း၍ အရပ်တပါးသို့ ဖဲသွားကုန်၏။ ထုလ္လနန္ဒာ ဘိက္ခုနီမသည် အနီးနေ တပည့် ဘိက္ခုနီမတို့ ပြန်လာသည်ရှိသော် သင်္ကန်းကို ဝေခြမ်းစေ၏။

အလိုနည်းသော ဘိက္ခုနီမတို့သည် "အဘယ့်ကြောင့် အသျှင်မ ထုလ္လနန္ဒာသည် တရားနှင့် လျော်ညီသော သင်္ကန်းဝေခြမ်းရေးကို တားမြစ်လေဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ ထုလ္လနန္ဒာ ဘိက္ခုနီမသည် တရားနှင့်လျော်ညီသော သင်္ကန်းဝေခြမ်းရေးကို တားမြစ်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ အဘယ့်ကြောင့် ထုလ္လနန္ဒာ ဘိက္ခုနီမသည် တရားနှင့်လျော်ညီသော သင်္ကန်းဝေခြမ်းရေးကို တားမြစ်လေဘိသနည်း။ ရဟန်းတို့ ဤ (ထုလ္လနန္ဒာ ဘိက္ခုနီမ ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညို စေခြင်းငှါ ရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

**၈၂။ ၂၇-၉၁၂။ "အကြင် ဘိက္ခုနီမသည် တရားနှင့်လျော်ညီသော သင်္ကန်းဝေခြမ်းရေးကို တားမြစ်ငြားအံ့၊ (ထိုဘိက္ခုနီမအား) ပါစိတ်အာပတ် သင့်၏"** ဤသို့ (ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)။

## ၇-သတ္တမသိက္ခာပုဒ် အဖွင့်

၉၁၃။ **အကြင်** ဟူသည် အကြင်သို့ သဘောရှိသော။ပ။

**ဘိက္ခုနီမ** ဟူသည်။ပ။ ဤအရာ၌ ဤဉတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သော မိန်းမကို "ဘိက္ခုနီမ" ဟူ၍ အလိုရှိအပ်၏။

**တရားနှင့်လျော်ညီသော သင်္ကန်းဝေခြမ်းရေး** မည်သည် ဘိက္ခုနီသံဃာသည် အညီအညွတ် စည်းဝေး၍ ဝေခြမ်း၏။

http://www.dhammadownload.com



တားမြစ်ငြားအံ့ ဟူသည် "အဘယ့်ကြောင့် ဤသက်နိုးကို ဝေခြမ်းရသနည်း" ဟု တားမြစ်ငြားအံ့၊ ပါစိတ်အာပတ် သင့်၏။

၉၁၄။ တရားနှင့်လျော်ညီသည်၌ တရားနှင့် လျော်ညီ၏ ဟု အမှတ်ရှိသည်ဖြစ်၍ တားမြစ်အံ့၊ ပါစိတ်အာပတ် သင့်၏။ တရားနှင့်လျော်ညီသည်၌ ယုံမှားရှိသည်ဖြစ်၍ တားမြစ်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။တရားနှင့် လျော်ညီသည်၌ တရားနှင့် မလျော်ညီ ဟု အမှတ်ရှိ၍ တားမြစ်အံ့၊ အာပတ် မသင့်။

တရားနှင့် မလျော်ညီသည်၌ တရားနှင့် လျော်ညီ ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ တရားနှင့် မလျော်ညီသည်၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ တရားနှင့် မလျော်ညီသည်၌ တရားနှင့် မလျော်ညီ ဟု အမှတ်ရှိအံ့၊ အာပတ် မသင့်။

၉၁၅။ အကျိုးအာနိသင်ကိုပြ၍ တားမြစ်အံ့၊ အာပတ် မသင့်၊ ရူးသော ဘိက္ခုနီမ အစလက်ဦး လွန်းကျူးသော ဘိက္ခုနီမတို့အားလည်း အာပတ် မသင့်။

သတ္တမသိက္ခာပုဒ် ပြီး၏။

---

## ၃-နဂ္ဂဝဂ် ဂ-အင္ဂမသိက္ခာပုဒ်

၉၁၆။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ထုလ္လနန္ဒာ ဘိက္ခုနီမသည် ကစေသူ ကချေသည်တို့နှင့် ကျွမ်းသမား မျက်လှည့်သမား အိုးစည်သမားတို့အား "ပရိသတ် အလယ်၌ ငါ၏ ဂုဏ်ကို ချီးကျူးပြောဆိုကြပါလော့" ဟု (ဆို၍) ရဟန်း (အသုံးအဆောင်) သက်နိုးကို ပေးလေ၏။

ကစေသူ ကချေသည် တို့နှင့် ကျွမ်းသမား မျက်လှည့်သမား အိုးစည်သမားတို့က "အသျှင်မ ထုလ္လနန္ဒာသည် အကြားအမြင် များ၍ အပြောအဟော ကောင်း၏၊ တရားဟောခြင်း၌ ရဲရင့်၏ စွမ်းရည်သတ္တိရှိ၏၊ အသျှင်မ ထုလ္လနန္ဒာအား လှူဒါန်းကြကုန်လော့၊ အသျှင်မ ထုလ္လနန္ဒာအား အရို အသေ ပြုကြကုန်လော့" ဟု ထုလ္လနန္ဒာ ဘိက္ခုနီမ၏ ဂုဏ်ကို ပရိသတ် အလယ်၌ ချီးကျူးပြောဆိုကုန်၏။

အလိုနည်းသော ဘိက္ခုနီမတို့သည် "အဘယ့်ကြောင့် အသျှင်မ ထုလ္လနန္ဒာသည် လူဝတ်ကြောင်အား ရဟန်း (အသုံးအဆောင်) သက်နိုးကို ပေးလေဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ ထုလ္လနန္ဒာ ဘိက္ခုနီမသည် ရဟန်း (အသုံးအဆောင်) သက်နိုးကို ပေး၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ အဘယ့်ကြောင့် ထုလ္လနန္ဒာဘိက္ခုနီမသည် လူဝတ်ကြောင်အား ရဟန်း (အသုံးအဆောင်) သက်နိုးကို ပေးလေဘိ

http://www.dhammadownload.com



သနည်း။ ရဟန်းတို့ ဤ (ထုလ္လနန္ဒာဘိက္ခုနီမ ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

၇၃။ ၂၈-၉၁၇။ **"အကြင် ဘိက္ခုနီမသည် လူဝတ်ကြောင်အားရင်း ပရိဗိုဇ်ယောကျ်ားအားရင်း ပရိဗိုဇ်မအားရင်း ရဟန်း (အသုံးအဆောင်) သက်န်းကိုပေးငြားအံ့၊ (ထိုဘိက္ခုနီမအား) ပါစိတ်အာပတ် သင့်၏"** ဤသို့ (ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)။

## ၈-အဋ္ဌမသိက္ခာပုဒ် အဖွင့်

၉၁၈။ **အကြင်** ဟူသည် အကြင်သို့ သဘောရှိသော။ပ။

**ဘိက္ခုနီမ** ဟူသည်။ပ။ ဤအရာ၌ ဤဉတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သော မိန်းမကို "ဘိက္ခုနီမ" ဟူ၍ အလိုရှိအပ်၏။

**လူဝတ်ကြောင်** မည်သည် အိမ်၌နေသူ တယောက်ယောက်တည်း။

**ပရိဗိုဇ်ယောကျ်ား** မည်သည် ရဟန်း သာမဏေတို့မှတပါး ပရိဗိုဇ်အဖြစ်သို့ရောက်သူ တယောက် ယောက်တည်း။

**ပရိဗိုဇ်မ** မည်သည် ဘိက္ခုနီမ သိက္ခမာန် သာမဏေမတို့မှတပါး ပရိဗိုဇ်မအဖြစ်သို့ရောက်သူ မိန်းမတယောက်ယောက်တည်း။

**ရဟန်း (အသုံးအဆောင်) သက်န်း** မည်သည် ကပ္ပဗိန္ဒုထိုးသော သက်န်းကို ဆိုလို၏၊ ပေးအံ့၊ ပါစိတ်အာပတ် သင့်၏။

၉၁၉။ အမိ အဖတို့အား ပေးအံ့၊ အခိုက်အတန့်ပေးအံ့၊ အာပတ် မသင့်၊ ရူးသော ဘိက္ခုနီမ အစ လက်ဦး လွန်ကျူးသော ဘိက္ခုနီမတို့အားလည်း အာပတ် မသင့်။

အဋ္ဌမသိက္ခာပုဒ် ပြီး၏။

---

## ၃-နဂ္ဂဝဂ် ၉-နဝမသိက္ခာပုဒ်

၉၂၀။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ် သူဌေး၏ အရံ ဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ထုလ္လနန္ဒာဘိက္ခုနီမ၏ အလုပ် အကျွေး ဒါယကာသည် "အသျှင်မ အကျွန်ုပ်တို့သည် အကယ်၍ တတ်နိုင်ပါမူ ဘိက္ခုနီသံဃာအား သက်န်းလှူပါကုန်အံ့" ဟု ထုလ္လနန္ဒာ ဘိက္ခုနီမအား ပြောဆို၏။

ထိုစဉ်အခါ၌ ဝါမှထပြီးသော ဘိက္ခုနီမတို့သည် သက်န်းဝေခြမ်းလိုကုန်သည်ဖြစ်၍ စည်းဝေး ကုန်၏၊ ထုလ္လနန္ဒာ ဘိက္ခုနီမသည် "အသျှင်မတို့ ငံ့လင့်ကုန်ဦးလော့၊ ဘိက္ခုနီသံဃာအား သက်န်း၌ မြော်လင့်ချက် ရှိသေး၏" ဟု ထိုဘိက္ခုနီမတို့အား ပြောဆို၏။

http://www.dhammadownload.com



ဘိက္ခုနီမတို့က "အသျှင်မ သွားပါချေ၊ (မြေ့ာ်လင့်ချက်ရှိသော) သင်္ကန်းကို သိအောင်ပြုပါချေလော့" ဟု ထုလ္လနန္ဒာ ဘိက္ခုနီမအား ပြောဆိုကုန်၏။ ထုလ္လနန္ဒာ ဘိက္ခုနီမသည် ထိုဒါယကာအထံ သို့ချဉ်းကပ်ပြီးလျှင် "ဒါယကာတို့ ဘိက္ခုနီသံဃာအား သင်္ကန်းကို လှူကုန်လော့" ဟု ထိုလူတို့အား ဆို၏၊ အသျှင်မ "အကျွန်ုပ်တို့သည် ဘိက္ခုနီသံဃာအား သင်္ကန်းလှူခြင်းငှါ မတတ်နိုင်တော့ပါကုန်" ဟု လျှောက်ကုန်၏။

ထုလ္လနန္ဒာဘိက္ခုနီမသည် ဘိက္ခုနီမတို့အား ဤအကြောင်းကို ပြောကြား၏၊ အလိုနည်းသော ဘိက္ခုနီမတို့သည် "အဘယ့်ကြောင့် အသျှင်မ ထုလ္လနန္ဒာသည် သင်္ကန်းမြေ့ာ်လင့်ချက် မသေချာပဲ သင်္ကန်းကာလကို လွန်စေဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ ထုလ္လနန္ဒာဘိက္ခုနီမသည် သင်္ကန်းမြေ့ာ်လင့်ချက် မသေချာပဲ သင်္ကန်းကာလကိုလွန်စေ၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ အဘယ့်ကြောင့် ထုလ္လနန္ဒာဘိက္ခုနီမသည် သင်္ကန်းမြေ့ာ်လင့်ချက် မသေချာပဲ သင်္ကန်းကာလကို လွန်စေဘိသနည်း။ ရဟန်းတို့ ဤ (ထုလ္လနန္ဒာဘိက္ခုနီမ ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ ငှါ၊ ဝ။ပ။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

**၈၄။ ၂၉-၉၂၁။ "အကြင် ဘိက္ခုနီမသည် သင်္ကန်းမြေ့ာ်လင့်ချက် မသေချာပဲ သင်္ကန်း ကာလကို လွန်စေငြားအံ့၊ (ထိုဘိက္ခုနီမအား) ပါစိတ်အာပတ် သင့်၏" ဤသို့ (ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)။**

## ၉-နဝမသိက္ခာပုဒ် အဖွင့်

၉၂၂။ အကြင် မည်သည် အကြင်သို့ သဘောရှိသော။ပ။

**ဘိက္ခုနီမ** ဟူသည်။ပ။ ဤအရာ၌ ဤဥ တ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သော မိန်းမကို "ဘိက္ခုနီမ" ဟူ၍ အလိုရှိအပ်၏။

**သင်္ကန်းမြေ့ာ်လင့်ချက်မသေချာပဲ** မည်သည် "အကယ်၍ အကျွန်ုပ်တို့ တတ်နိုင်ပါက လှူပါကုန်အံ့၊ ပြုပါကုန်အံ့" ဟု နှုတ်မြွက်ထား၏။

**သင်္ကန်းကာလ** မည်သည် ကထိန်မခင်းလျှင် မိုးဥတု၏ နောက်ဆုံးလ ကထိန်ခင်းလျှင် ငါးလတို့ တည်း။

**သင်္ကန်းကာလကို လွန်စေငြားအံ့** ဟူသည် ကထိန်မခင်းလျှင် မိုးဥတု၏ နောက်ဆုံးနေ့ကို လွန်စေအံ့၊ ပါစိတ်အာပတ် သင့်၏။ ကထိန်ခင်းလျှင်ကား ကထိန်နုတ်သော နေ့ကို လွန်စေအံ့၊ ပါစိတ်အာပတ် သင့်၏။

http://www.dhammadownload.com



၉၂၃။ မသေချာသော သက်န်း၌ မသေချာသော သက်န်း ဟု အမှတ်ရှိသည်ဖြစ်၍ သက်န်း ကာလကို လွန်စေအံ့၊ ပါစိတ်အာပတ် သင့်၏။

မသေချာသော သက်န်း၌ ယုံမှားရှိသည်ဖြစ်၍ သက်န်းကာလကို လွန်စေအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

မသေချာသော သက်န်း၌ မသေချာသော သက်န်းမဟုတ် ဟု အမှတ်ရှိသည်ဖြစ်၍ သက်န်း ကာလကို လွန်စေအံ့၊ အာပတ် မသင့်။

သေချာသောသက်န်း၌ မသေချာသော သက်န်း ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။မသေ ချာသော သက်န်း၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ မသေချာသော သက်န်း၌ သေချာသော သက်န်း ဟု အမှတ်ရှိအံ့၊ အာပတ် မသင့်။

၉၂၄။ အကျိုးအာနိသင်ကိုပြ၍ တားမြစ်အံ့၊ အာပတ် မသင့်၊ ရူးသော ဘိက္ခုနီမ အစလက်ဦး လွန်ကျူးသော ဘိက္ခုနီမတို့ အားလည်း အာပတ် မသင့်။

နဝမသိက္ခာပုဒ် ပြီး၏။

---

## ၃-နဂ္ဂဝဂ် ၁၀-ဒသမသိက္ခာပုဒ်

၉၂၅။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံ ဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဥပါသကာတယောက်သည် သံဃာ ကို ရည်စူး၍ ကျောင်းကို ဆောက်လုပ်ထားစေ၏၊ ထိုဥပါသကာသည် ကျောင်းလွှတ် သာဓုခေါ်ပွဲ 'ကျောင်းလှူပူဇော်ပွဲ' ၌ နှစ်ဖက်သော သံဃာအား အခါမဲ့သက်န်းကို ပေးလှူလို၏။

ထိုစဉ်အခါ၌ နှစ်ဖက်သော သံဃာသည် ကထိန်ခင်းထားပြီး ဖြစ်၏။ ထိုအခါ ဥပါသကာသည် သံဃာသို့ချဉ်းကပ်၍ ကထိန်နုတ်ရန် တောင်းပန်လေ၏။ မြတ်စွာဘုရားအား ဤအကြောင်းကို မလျှောက်ကြကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် တရားစကားကို ဟောတော်မူ၍ ရဟန်းတို့ကို-ရဟန်းတို့ ကထိန်နုတ်ခြင်းငှါ ခွင့်ပြုတော်မူ၏ ဟု မိန့်တော်မူ၏။

ရဟန်းတို့ ဤသို့လျှင် ကထိန်နုတ်ရမည် ကျမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်။

၉၂၆။ "အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ သံဃာ အား လျောက်ပတ်သော အခါရှိသော် သံဃာသည် ကထိန်ကို နုတ်ရာ၏၊ ဤကား သိစေခြင်းတည်း။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ သံဃာသည် ကထိန်ကိုနုတ်၏၊ ကထိန်နုတ်ခြင်းကို အကြင် အသျှင်အား နှစ်သက်ခြင်းရှိ၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင်အသျှင်အား နှစ်သက်ခြင်းမရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

http://www.dhammadownload.com



သံဃာသည် ကထိန်ကို နုတ်အပ်ပြီ၊ သံဃာအား နှစ်သက်ခြင်းရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့် အဖြစ်ကို သိမှတ်ရပါသည်"ဟု (သိစေ ရမည်)။

၉၂၇။ ထိုအခါ ဥပါသကာသည် ဘိက္ခုနီသံဃာသို့ချဉ်းကပ်၍ ကထိန်နုတ်ရန် တောင်းပန်၏။ ထုလ္လနန္ဒာဘိက္ခုနီမသည် "ငါတို့အား သင်္ကန်းဖြစ်ပေါ်လတ္တံ့" ဟု (နှလုံးသွင်း၍) ကထိန်နုတ်ခြင်းကို တားမြစ်လေ၏။

ထိုအခါ ဥပါသကာသည် "အဘယ့်ကြောင့် ဘိက္ခုနီမတို့သည် ငါတို့အား ကထိန်နုတ်ခွင့် မပေး ကုန်ဘိသနည်း" ဟု ကဲ့ရဲ့၏၊ ရှုတ်ချ၏၊ အပြစ်ပြ ပြောဆို၏။

ဘိက္ခုနီမတို့သည် ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုသော ထိုဥပါသကာ၏ စကားကို ကြားကြသည် သာတည်း။ အလိုနည်းသော ဘိက္ခုနီမတို့သည် "အဘယ့်ကြောင့် အသျှင်မ ထုလ္လနန္ဒာသည် တရားနှင့် လျော်ညီသော ကထိန်နုတ်ခြင်းကို တားမြစ်လေဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ ထုလ္လနန္ဒာဘိက္ခုနီမသည် တရားနှင့် လျော်ညီသော ကထိန်နုတ်ခြင်းကို တားမြစ်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ကုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ အဘယ့်ကြောင့် ထုလ္လနန္ဒာဘိက္ခုနီမသည် တရားနှင့်လျော်ညီသော ကထိန်နုတ်ခြင်းကို တားမြစ်ဘိသနည်း။ ရဟန်းတို့ ဤ (ထုလ္လနန္ဒာဘိက္ခုနီမ ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ ရှင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

၈၅။ ၃၀-၉၂၈။ "အကြင် ဘိက္ခုနီမသည် တရားနှင့်လျော်ညီသော ကထိန်နုတ်ခြင်းကို တားမြစ်ငြားအံ့၊ (ထိုဘိက္ခုနီမအား) ပါစိတ်အာပတ် သင့်၏" ဤသို့ (ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)။

## ၁၀-ဒသမသိက္ခာပုဒ် အဖွင့်

၉၂၉။ **အကြင်** ဟူသည် အကြင်သို့ သဘောရှိသော။ပ။

**ဘိက္ခုနီမ** ဟူသည်။ပ။ ဤအရာ၌ ဤဥတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သော မိန်းမကို "ဘိက္ခုနီမ" ဟူ၍ အလိုရှိအပ်၏။

**တရားနှင့်လျော်ညီသော ကထိန်နုတ်ခြင်း** မည်သည် ညီညွတ်သော ဘိက္ခုနီမ သံဃာသည် စည်းဝေး၍ နုတ်၏။

**တားမြစ်ငြားအံ့** ဟူသည် "အဘယ့်ကြောင့် ဤကထိန်ကို နုတ်ရအံ့နည်း" ဟု တားမြစ်အံ့၊ ပါစိတ်အာပတ် သင့်၏။

http://www.dhammadownload.com



၉၃၀။ ဓမ္မကံ၌ ဓမ္မကံ ဟု အမှတ်ရှိသည်ဖြစ်၍ တားမြစ်အံ့၊ ပါစိတ်အာပတ် သင့်၏။ ဓမ္မကံ၌ ယုံမှားရှိသည်ဖြစ်၍ တားမြစ်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ဓမ္မကံ၌ အဓမ္မကံ ဟု အမှတ်ရှိသည်ဖြစ်၍ တားမြစ်အံ့၊ အာပတ် မသင့်။

အဓမ္မကံ၌ ဓမ္မကံ ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ အဓမ္မကံ၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ အဓမ္မကံ၌ အဓမ္မကံ ဟု အမှတ်ရှိအံ့၊ အပတ် မသင့်။

၉၃၁။ အကျိုးအာနိသင်ကိုပြ၍ တားမြစ်အံ့၊ အာပတ် မသင့်၊ ရူးသောဘိက္ခုနီမ အစလက်ဦး လွန်ကျူးသော ဘိက္ခုနီမတို့အားလည်း အာပတ် မသင့်။

ဒသမသိက္ခာပုဒ် ပြီး၏။

တတိယနဂ္ဂဝဂ် ပြီး၏။

---

## ၄-တုဝဋ္ဋဝဂ် ၁-ပဌမသိက္ခာပုဒ်

၉၃၂။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဘိက္ခုနီမ နှစ်ယောက်တို့သည် တညောင်စောင်း 'တခင်း' ထည်း၌ အိပ်ကုန်၏။

ကျောင်းစဉ်လှည့်လည်သောလူတို့မြင်ကြသဖြင့် "အဘယ့်ကြောင့် ဘိက္ခုနီမနှစ်ယောက်တို့သည် ကာမဂုဏ် ချမ်းသာကိုခံစားသော လူမိန်းမတို့ကဲ့သို့ တညောင်စောင်းထည်း၌ အိပ်ကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ဘိက္ခုနီမတို့သည် ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုကြသော ထိုလူတို့၏စကားကို ကြားကြသည်သာတည်း။ အလိုနည်းသော ဘိက္ခုနီမတို့သည် "အဘယ့်ကြောင့် ဘိက္ခုနီမနှစ်ယောက်တို့သည် တညောင်စောင်းထည်း၌ အိပ်ကြကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ ဘိက္ခုနီမ နှစ်ယောက်တို့သည် တညောင်စောင်း 'တခင်း' ထည်း၌ အိပ်ကုန်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ အဘယ့်ကြောင့် ဘိက္ခုနီမနှစ်ယောက်တို့သည် တညောင်စောင်း 'တခင်း' ထည်း၌ အိပ်ကုန်ဘိသနည်း။ ရဟန်းတို့ ဤ(ဘိက္ခုနီမတို့ပြု မိသော အမှု)သည် မကြည်ညိုသေးသောသူတို့အား ကြည်ညိုစေခြင်းငှါရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

**၈၆။ ၃၁-၉၃၃။ "အကြင် ဘိက္ခုနီမတို့သည် တညောင်စောင်း 'တခင်း' ထည်း၌ နှစ်ယောက်အိပ်ကုန်ငြားအံ့၊ (ထိုဘိက္ခုနီမတို့အား) ပါစိတ်အာပတ် သင့်၏" ဤသို့ (ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)။**

http://www.dhammadownload.com



## ၁-ပဌမသိက္ခာပုဒ် အဖွင့်

၉၃၄။ အကြောင် ဟူသည် အကြောင်သို့ သဘောရှိသော။ပ။

**ဘိက္ခုနီမတို့သည်** ဟူသည် ပဥ္စင်းဖြစ်သောမိန်းမတို့ကို ဆိုလို၏။

**တညောင်စောင်း 'တခင်း' တည်း၌ နှစ်ယောက် အိပ်ကုန်ငြားအံ့** ဟူသည် တယောက်အိပ်သည် ရှိသော် အခြားတယောက်လည်းအိပ်အံ့၊ ပါစိတ်အာပတ် သင့်၏။

နှစ်ယောက်လုံးတို့မူလည်း အိပ်ကုန်အံ့၊ ပါစိတ်အာပတ် သင့်၏။ ထပြီး၍ အဖန်ဖန် အိပ်ကုန်အံ့၊ ပါစိတ်အာပတ် သင့်၏။

၉၃၅။ တယောက် အိပ်သည်ရှိသော် အခြားတယောက်က ထိုင်နေမူ အာပတ် မသင့်၊ နှစ်ယောက်လုံး ထိုင်နေကုန်မူ အာပတ် မသင့်၊ ရူးသောဘိက္ခုနီမ အစလက်ဦး လွန်ကျူးသော ဘိက္ခုနီမတို့အားလည်း အာပတ် မသင့်။

ပဌမသိက္ခာပုဒ် ပြီး၏။

---

## ၄-တုဝဋ္ဋဝဂ် ၂-ဒုတိယသိက္ခာပုဒ်

၉၃၆။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဘိက္ခုနီမနှစ်ယောက်တို့သည် တခင်း တခုံထည်း အိပ်ကုန်၏။

ကျောင်းစဉ်လှည့်လည်သော လူတို့မြင်ကြသဖြင့် "အဘယ့်ကြောင့် ဘိက္ခုနီမနှစ်ယောက်တို့သည် ကာမဂုဏ်စည်းစိမ်ချမ်းသာကို ခံစားသော လူမိန်းမကဲ့သို့ တခင်းထည်း တရုံးထည်း အိပ်ကြကုန်ဘိ သနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ဘိက္ခုနီမတို့သည် ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုကြသော ထိုလူတို့၏ စကားကို ကြားကြသည် သာတည်း။ အလိုနည်းသော ဘိက္ခုနီမတို့သည် "အဘယ့်ကြောင့် ဘိက္ခုနီမနှစ်ယောက်တို့သည် တခင်းထည်း တရုံထည်း အိပ်ကြကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ ဘိက္ခုနီမ နှစ်ယောက်တို့သည် တခင်းထည်း တရုံထည်း အိပ်ကုန်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ အဘယ့်ကြောင့် ဘိက္ခုနီမ နှစ်ယောက်တို့သည် တခင်းထည်း တရုံထည်း အိပ်ကုန်ဘိသနည်း။ ရဟန်းတို့ (ဤဘိက္ခုနီမ တို့ ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

၇၇။ ၃၂-၉၃၇။ **"အကြင် ဘိက္ခုနီမတို့သည် တခင်းတရုံထည်း နှစ်ယောက်အိပ်ကုန်ငြားအံ့၊ (ထိုဘိက္ခုနီမတို့အား) ပါစိတ်အာပတ် သင့်၏"** ဤသို့ (ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)။

http://www.dhammadownload.com



## ၂-ဒုတိယသိက္ခာပုဒ် အဖွင့်

၉၃၈။ အကြဲင် ဟူသည် အကြင်သို့ သဘောရှိသော။ပ။

ဘိက္ခုနီမတို့သည် ဟူသည် ပဉ္စင်းဖြစ်သော မိန်းမတို့ကို ဆိုလို၏။

တခင်းတရံထည်း နှစ်ယောက် အိပ်ကုန်ငြားအံ့ ဟူသည် ထိုအဝတ်ကိုသာလျှင် ဖြန့်ခင်း၍ ထို အဝတ်ကိုသာ ခြုံရုံကုန်အံ့၊ ပါစိတ်အာပတ် သင့်၏။

၉၃၉။ တခင်းတရံထည်း၌ တခင်းတရံထည်း ဟု အမှတ်ရှိသည်ဖြစ်၍ အိပ်ကုန်အံ့၊ပါစိတ်အာပတ် သင့်၏။ တခင်းတရံထည်း၌ ယုံမှားရှိသည်ဖြစ်၍ အိပ်ကုန်အံ့၊ ပါစိတ်အာပတ် သင့်၏။ တခင်းတရံ ထည်း၌ အခင်းအရုံအသီးသီး ဟု အမှတ်ရှိသည်ဖြစ်၍ အိပ်ကုန်အံ့၊ ပါစိတ်အာပတ် သင့်၏။

တခင်းထည်း၌ ခြုံထည်အသီးသီး ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ အခင်းအသီးသီး၌ တရုံထည်း ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ အခင်းအရုံအသီးသီး၌ တခင်းတရုံထည်း ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ အခင်းအရုံ အသီးသီး၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ အခင်းအရုံအသီးသီး၌ အခင်းအရုံအသီးသီး ဟု အမှတ်ရှိအံ့၊ အာပတ် မသင့်။

၉၄၀။ အပိုင်းအခြားပြု၍ အိပ်ကုန်အံ့၊ အာပတ် မသင့်၊ ရူးသော ဘိက္ခုနီမ အစလက်ဦးလွန် ကျူးသော ဘိက္ခုနီမတို့အားလည်း အာပတ် မသင့်။

ဒုတိယသိက္ခာပုဒ် ပြီး၏။

---

## ၄-တုဝဋ္ဋဝဂ် ၃-တတိယသိက္ခာပုဒ်

၉၄၁။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံ ဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ထုလ္လနန္ဒာဘိက္ခုနီမသည် အကြား အမြင်များ၍ အဟောအပြော ကောင်း၏၊ တရားဟောခြင်းငှါလည်း ရဲရင့်၍ စွမ်းရည်ရှိ၏၊ ဘဒ္ဒါ ကာပိလာနီသည်လည်း အကြားအမြင်များ၍ အဟောအပြော ကောင်း၏၊ တရားဟောခြင်းငှါလည်း ရဲရင့်၍ စွမ်းရည်ရှိ၏၊ မှန်မြတ်သူဟူ၍လည်း ချီးမွမ်းအပ်၏။

လူတို့သည် "အသျှင်မ ဘဒ္ဒါကာပိလာနီသည် အကြားအမြင်များ၍ အပြောအဟော ကောင်း ၏၊ တရားဟောခြင်းငှါလည်း ရဲရင့်၍ စွမ်းရည်ရှိ၏၊ မှန်မြတ်သူဟူ၍လည်း ချီးမွမ်းအပ်၏" ဟု ဘဒ္ဒါ ကာပိလာနီကို ရှေးဦးစွာဆည်းကပ်၍ နောက်မှ ထုလ္လနန္ဒာ ဘိက္ခုနီမကို ဆည်းကပ်ကုန်၏။

ထုလ္လနန္ဒာ ဘိက္ခုနီမသည် မနာလိုအားကြီးသဖြင့် "ကြော်ငြာခြင်း ဂုဏ်ဖော်ခြင်းများသော ဤဘိက္ခုနီမတို့သာ အလိုနည်းကုန်သတတ် ရောင့်ရဲကုန်သတတ် ဆိတ်ငြိမ်ကုန်သတတ် ရောနှောမှု မရှိ ကြကုန်သတတ်" ဟု (ဆိုကာ) ဘဒ္ဒါကာပိလာနီ၏ ရှေ့မှ စင်္ကြံ လည်း သွား၏၊ ရပ်လည်း ရပ်၏၊ ထိုင် လည်း ထိုင်၏၊ အိပ်လည်း အိပ်၏၊ သင်လည်း သင်၏၊ သင်စေလည်း သင်စေ၏၊ ရွတ်ဖတ် သရဇ္ဈာယ် ခြင်းကိုလည်း ပြု၏။

http://www.dhammadownload.com



အလိုနည်းသော ဘိက္ခုနီမတို့သည် "အဘယ့်ကြောင့် အသျှင်မ ထုလ္လနန္ဒာသည် အသျှင်မ ဘဒ္ဒါကာပိလာနီအား စေတနာရှိသည်ဖြစ်၍ မချမ်းမြေ့အောင် ပြုလေဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ ထုလ္လနန္ဒာ ဘိက္ခုနီမသည် ဘဒ္ဒါကာပိလာနီအား စေတနာရှိသည်ဖြစ်၍ မချမ်းမြေ့အောင် ပြု၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ အဘယ့်ကြောင့် ထုလ္လနန္ဒာ ဘိက္ခုနီမသည် ဘဒ္ဒါကာပိလာနီအား စေတနာရှိသည်ဖြစ်၍ မချမ်းမြေ့အောင် ပြုဘိသနည်း။ ရဟန်းတို့ ဤ (ထုလ္လနန္ဒာ ဘိက္ခုနီမ ပြုမိသော အမှု)သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ ရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

၈၈။ ၃၃-၉၄၂။ "အကြင် ဘိက္ခုနီမသည် ဘိက္ခုနီမအား စေတနာနှင့်စေ့ဆော်၍ မချမ်းမြေ့အောင် ပြုငြားအံ့၊ (ထိုဘိက္ခုနီမအား) ပါစိတ်အာပတ် သင့်၏" ဤသို့ (ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)။

## ၃-တတိယသိက္ခာပုဒ် အဖွင့်

၉၄၃။ အကြင် ဟူသည် အကြင်သို့ သဘောရှိသော။ပ။

ဘိက္ခုနီမ ဟူသည်။ပ။ ဤအရာ၌ ဤဉတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သော မိန်းမကို "ဘိက္ခုနီမ" ဟူ၍ အလိုရှိအပ်၏။

ဘိက္ခုနီမအား ဟူသည် အခြား ဘိက္ခုနီမအား။

စေတနာနှင့်စေ့ဆော်၍ ဟူသည် သိလျက် အသေအချာ သိလျက် စေ့ဆော်၍ လွှမ်းမိုး၍ လွန်ကျူးခြင်းတည်း။

မချမ်းမြေ့အောင် ပြုငြားအံ့ ဟူသည် "ဤသို့ ပြုသဖြင့် ဤဘိက္ခုနီမအား မချမ်းမြေ့မှုသည် ဖြစ်လတ္တံ့" ဟု (နှလုံးသွင်း၍) မပန်ကြားပဲ ရှေ့မှ သွားမူလည်း သွားအံ့၊ ရပ်မူလည်း ရပ်အံ့၊ ထိုင်မူလည်း ထိုင်အံ့၊ အိပ်မူလည်း အိပ်အံ့၊ သင်မူလည်း သင်အံ့၊ သင်စေမူလည်း သင်စေအံ့၊ ရွတ်ဖတ် သရဇ္ဈာယ်ခြင်းကိုမူလည်း ပြုအံ့၊ ပါစိတ်အာပတ် သင့်၏။

၉၄၄။ ဘိက္ခုနီမ၌ ဘိက္ခုနီမ ဟု အမှတ်ရှိသည်ဖြစ်၍ စေတနာရှိလျက် မချမ်းမြေ့အောင် ပြုအံ့၊ ပါစိတ်အာပတ် သင့်၏။

ဘိက္ခုနီမ၌ ယုံမှားရှိသည်ဖြစ်၍ စေတနာရှိလျက် မချမ်းမြေ့အောင် ပြုအံ့၊ ပါစိတ် အာပတ် သင့်၏။

ဘိက္ခုနီမ၌ ဘိက္ခုနီမ မဟုတ် ဟု အမှတ်ရှိသည်ဖြစ်၍ စေတနာရှိလျက် မချမ်းမြေ့အောင် ပြုအံ့၊ ပါစိတ်အာပတ် သင့်၏။

http://www.dhammadownload.com



ဘိက္ခုနီမ မဟုတ်သူ၌ စေတနာရှိလျက် မချမ်းမြေ့အောင် ပြုအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ဘိက္ခုနီမ မဟုတ်သူ၌ ဘိက္ခုနီမ ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ဘိက္ခုနီမ မဟုတ်သူ၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ဘိက္ခုနီမ မဟုတ်သူ၌ ဘိက္ခုနီမ မဟုတ် ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ် အာပတ် သင့်၏။

၉၄၅။ မချမ်းမြေ့အောင် မပြုလိုပဲ ပန်ကြားလျက် ရှေ့မှ သွားမူလည်း သွားအံ့၊ ရပ်မူလည်း ရပ်အံ့၊ ထိုင်မူလည်း ထိုင်အံ့၊ အိပ်မူလည်း အိပ်အံ့၊ သင်မူလည်း သင်အံ့၊ သင်စေမူလည်း သင်စေအံ့၊ ရွတ်ဖတ်သရဇ္ဈာယ်ခြင်းကိုသော်လည်း ပြုအံ့၊ အာပတ် မသင့်၊ ရူးသော ဘိက္ခုနီမ အစလက်ဦး လွန်ကျူးသော ဘိက္ခုနီမအားလည်း အာပတ် မသင့်။

တတိယသိက္ခာပုဒ် ပြီး၏။

---

## ၄-တုဝဋ္ဋဝဂ် ၄-စတုတ္ထသိက္ခာပုဒ်

၉၄၆။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံ ဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ထုလ္လနန္ဒာ ဘိက္ခုနီမသည် ဆင်းရဲ နေသော အတူနေ ဘိက္ခုနီမကို မလုပ်ကျွေး မပြုစု၊ လုပ်ကျွေးပြုစုစေခြင်းငှါလည်း ကြောင့်ကြမစိုက်။

အလိုနည်းသော ဘိက္ခုနီမတို့သည် "အဘယ့်ကြောင့် အသျှင်မ ထုလ္လနန္ဒာသည် ဆင်းရဲနေသော အတူနေ ဘိက္ခုနီမကို ကိုယ်တိုင်လည်း မလုပ်ကျွေး မပြုစုသနည်း၊ လုပ်ကျွေးပြုစုစေခြင်းငှါလည်း ကြောင့်ကြမစိုက်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ ထုလ္လနန္ဒာ ဘိက္ခုနီမသည် ဆင်းရဲနေသော အတူနေ ဘိက္ခုနီမကို မလုပ်ကျွေး၊ သူတပါးကို လုပ်ကျွေးစေခြင်းငှါလည်း ကြောင့်ကြမစိုက် ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်း တော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ အဘယ့်ကြောင့် ထုလ္လနန္ဒာ ဘိက္ခုနီမသည် ဆင်းရဲနေသော အတူနေ ဘိက္ခုနီမကို မလုပ်ကျွေးဘိသနည်း၊ လုပ်ကျွေး စေခြင်းငှါလည်း ကြောင့်ကြမစိုက်ဘိသနည်း။ ရဟန်းတို့ ဤ (ထုလ္လနန္ဒာ ဘိက္ခုနီမ ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ ရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

**၇၉။ ၃၄-၉၄၇။ "အကြင် ဘိက္ခုနီမသည် ဆင်းရဲနေသော အတူနေ ဘိက္ခုနီမကို မလုပ် ကျွေး မပြုစု ငြားအံ့၊ လုပ်ကျွေး ပြုစု စေခြင်းငှါလည်း ကြောင့်ကြမစိုက်ငြားအံ့၊ (ထိုဘိက္ခုနီမ အား) ပါစိတ်အာပတ် သင့်၏" ဤသို့ (ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)။**

http://www.dhammadownload.com



## ၄-စတုတ္ထသိက္ခာပုဒ် အဖွင့်

၉၄၀။ **အကြွင်** ဟူသည် အကြွင်းသို့ သဘောရှိသော။ပ။

**ဘိက္ခုနီမ** ဟူသည်။ပ။ ဤအရာ၌ ဤဥတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သော မိန်းမကို "ဘိက္ခုနီမ" ဟူ၍ အလိုရှိအပ်၏။

**ဆင်းရဲနေသော** မည်သည် နာဖျားသည်ကို ဆိုလိုသ်။

**အတူနေ ဘိက္ခုနီမ** မည်သည် အတူနေ တပည့်မကို ဆိုလိုၦ်။

**မလုပ်ကျွေး 'မပြုစု' ငြားအံ့** ဟူသည် ကိုယ်တိုင် မလုပ်ကျွေး 'မပြုစု' ငြားအံ့။

**လုပ်ကျွေးပြုစုစေခြင်းငှါလည်း ကြောင့်ကြ မစိုက်ငြားအံ့** ဟူသည် အခြားသူကို မစေခိုင်း ငြားအံ့။

"ငါသည် မလုပ်ကျွေး 'မပြုစု' သူတပါးကိုလည်း လုပ်ကျွေး 'ပြုစု' စေခြင်းငှါ အားမထုတ်တော့ အံ့" ဟု ဝန်ချကာချဖြင့် ပါစိတ်အာပတ် သင့်၏။

အနီးနေ တပည့်မကိုသော်၎င်း လူ့ သာမဏေမကိုသော်၎င်း ကိုယ်တိုင်မလုပ်ကျွေး 'မပြုစု'ဘဲ၊ လုပ်ကျွေး 'ပြုစု' စေခြင်းငှါလည်း ကြောင့်ကြမစိုက်ငြားအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

၉၄၉။ အန္တရာယ်ရှိသော်၎င်း လုပ်ကျွေး 'ပြုစု' သူတို ရှာဖွေမရသော်၎င်း အာပတ် မသင့်၊ နာဖျားသော ဘိက္ခုနီမအားရင်း ဘေးရန်တို့ကြောင့်၎င်း အာပတ် မသင့်၊ ရူးသော ဘိက္ခုနီမ အစ လက်ဦး လွန်ကျူးသော ဘိက္ခုနီမတို့အားလည်း အာပတ် မသင့်။

စတုတ္ထသိက္ခာပုဒ် ပြီး၏။

---

## ၄-တုဝဋ္ဋဝဂ် ၅-ပဌမသိက္ခာပုဒ်

၉၅၁။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံ ဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဘဒ္ဒါကာပိလာနီသည် သာကေတ မြို့၌ ဝါကပ်နေ၏။ ထိုဘဒ္ဒါကာပိလာနီသည် တစုံတခုသော ပြုဖွယ် ကိစ္စက အရေးတကြီး လုံ့ဆော် အပ်သည်ဖြစ်၍ "အသျှင်မ ထုလ္လနန္ဒာသည် အကျွန်ုပ်အား အကာယ်၍ ကျောင်းပေ ပါအံ့၊ အကျွန်ုပ် သည် သာဝတ္ထိပြည်သို့ လာချင်ပါ၏" ဟု ထုလ္လနန္ဒာ ဘိက္ခုနီမထံသို့ တမန်ကို စေလွှတ်လိုက်၏။

ထုလ္လနန္ဒာ ဘိက္ခုနီမသည် "လာသာ လာလှည့် ပေးပါအံ့" ဟု ပြောဆို၏။ ထိုအခါ ဘဒ္ဒါကာပိ လာနီသည် သာကေတမြို့မှ သာဝတ္ထိပြည်သို့ လာလေ၏။ ထုလ္လနန္ဒာ ဘိက္ခုနီမသည် ဘဒ္ဒါကာပိလာနီ အား ကျောင်းကိုပေး၏။

ထိုစဉ်အခါ၌ ထုလ္လနန္ဒာ ဘိက္ခုနီမသည် အကြားအမြင်များ၍ အဟောအပြောကောင်း၏၊တရား ဟောခြင်းငှါလည်း ရဲရင့်၍ စွမ်းရည်ရှိ၏။ ဘဒ္ဒါကာပိလာနီသည်လည်း အကြားအမြင်များ၍ အဟော အပြော ကောင်း၏၊ တရားဟောခြင်းငှါလည်း ရဲရင့်၍ စွမ်းရည်ရှိ၏၊ မှန်မြတ်သည် ဟူ၍လည်း ချီးမွမ်း အပ်၏။

http://www.dhammadownload.com



လူဘိုသည် “အသျှင်မ ဘဒ္ဒါကာပိလာနီသည် အကြားအမြင်များ၍ အပြောအပြောကောင်း၏၊ တရားဟောခြင်းငှါလည်း ရဲရင့်၍ စွမ်းရည်ရှိ၏၊ မှန်မြတ်သည် ဟူ၍လည်း ချီးမွမ်းအပ်၏” ဟု ဘဒ္ဒါကာပိလာနီကို ရှေးဦးစွာ ဆည်းကပ်၍ နောက်မှ ထုလ္လနန္ဒာ ဘိက္ခုနီမကို ဆည်းကပ်ကုန်၏။

ထုလ္လနန္ဒာ ဘိက္ခုနီမသည် မနာလိုအားကြီးသဖြင့် “ကြော်ငြာခြင်း ဂုဏ်ဖော်ခြင်း များသော ဤဘိက္ခုနီမတို့သာ အလိုနည်းကုန်သတတ် ရောင့်ရဲကုန်သတတ် ဆိတ်ငြိမ်ကုန်သတတ် ရောနှောမှု မရှိကြကုန်သတဲ့” ဟု ဆိုကာ အမျက်ထွက်သဖြင့် နှလုံးမသာ၍ ဘဒ္ဒါကာပိလာနီကို ကျောင်းမှ ဆွဲထုတ်လေ၏။

အလိုနည်းသော ဘိက္ခုနီမတို့သည် “အဘယ့်ကြောင့် အသျှင်မ ထုလ္လနန္ဒာသည် အသျှင်မဘဒ္ဒါကာပိလာနီအား ကျောင်းကို ပေးပြီးမှ အမျက်ထွက်သဖြင့် နှလုံးမသာ၍ ဆွဲထုတ်ဘိသနည်း” ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြော ပြောဆိုကြကုန်၏။ပ။

“ရဟန်းတို့ ထုလ္လနန္ဒာ ဘိက္ခုနီမသည် ဘဒ္ဒါကာပိလာနီအား ကျောင်းကို ပေးပြီးမှ အမျက်ထွက်သဖြင့် နှလုံးမသာ၍ ကျောင်းမှ ဆွဲထုတ်၏ ဟူသည် မှန်သလော” ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ အဘယ့်ကြောင့် ထုလ္လနန္ဒာ ဘိက္ခုနီမသည် ဘဒ္ဒါကာပိလာနီအား ကျောင်းကို ပေးပြီးမှ အမျက်ထွက်သဖြင့် နှလုံးမသာ၍ ဆွဲထုတ်ဘိသနည်း။ ရဟန်းတို့ ဤ (ထုလ္လနန္ဒာ ဘိက္ခုနီမ ပြုမိသော အမှု) သည် မကြည်ညိုသေးသောသူတို့အား ကြည်ညိုစေခြင်းငှါ ရင်း။ပ။

ရဟန်းတို့ ဤသို့သျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

၉၀။ ၃၅-၉၅၁။ “အကြင် ဘိက္ခုနီမသည် (အခြား) ဘိက္ခုနီမအား ကျောင်းကိုပေးပြီးမှ အမျက်ထွက်သဖြင့် နှလုံးမသာ၍ ဆွဲထုတ်မူလည်း ဆွဲထုတ်ငြားအံ့၊ ဆွဲထုတ်စေမူလည်း ဆွဲထုတ်စေငြားအံ့၊ (ထိုဘိက္ခုနီမအား) ပါစိတ်အာပတ် သင့်၏” ဤသို့ (ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)။

## ၅-ပဉ္စမသိက္ခာပုဒ် အဖွင့်

၉၅၂။ အကြင် ဟူသည် အကြင်သို့ သဘောရှိသော။ပ။

**ဘိက္ခုနီမ** ဟူသည်။ပ။ ဤအရာ၌ ဤဉတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သော မိန်းမကို “ဘိက္ခုနီမ” ဟူ၍ အလိုရှိအပ်၏။

**ဘိက္ခုနီမအား** ဟူသည် အခြား ဘိက္ခုနီမအား။

**ကျောင်း** မည်သည် တံခါးရွက်အဆွဲရှိသော ကျောင်းကို ဆိုလို၏။

**ပေးပြီးမှ** ဟူသည် ကိုယ်တိုင် ပေးပြီးနောက်။

**အမျက်ထွက်သဖြင့် နှလုံးမသာ၍** ဟူသည် မမွေ့လျော်သော စိတ်ရှိသည်ဖြစ်၍ ထိခိုက်သော စိတ်ရှိသည်ဖြစ်၍ ငြောင့်ကဲ့သို့ ဖြစ်သော စိတ်ရှိသည်ဖြစ်၍။

http://www.dhammadownload.com



ဆွဲထုတ်ခြင်းအံ့ ဟူသည် တိုက်ခန်းထည်း၌ ဆွဲကိုင်၍ ကျောင်းဦးသို့ ဆွဲထုတ်အံ့၊ ပါစိတ်အာပတ် သင့်၏။

ကျောင်းဦး၌ ဆွဲကိုင်၍ အပသို့ ဆွဲထုတ်အံ့၊ ပါစိတ်အာပတ် သင့်၏။

ပယောဂတချက်သည်းဖြင့် များစွာသော တံခါးတို့ကိုလည်း လွန်စေအံ့၊ ပါစိတ်အာပတ် သင့်၏။

ဆွဲထုတ်စေခြင်းအံ့ ဟူသည် သူတပါးကို စေခိုင်းအံ့၊ ပါစိတ်အာပတ် သင့်၏။

တကြိမ်သာခိုင်းစေလျက် များစွာသော တံခါးတို့ကိုလည်း လွန်စေအံ့၊ ပါစိတ်အာပတ် သင့်၏။

၉၅၃။ ဘိက္ခုနီမ၌ ဘိက္ခုနီမ ဟု အမှတ်ရှိသည်ဖြစ်၍ ကျောင်းကိုပေးပြီးမှ အမျက်ထွက်သဖြင့် နှလုံးမသာ၍ ဆွဲထုတ်မှုလည်း ဆွဲထုတ်အံ့၊ ဆွဲထုတ်စေမှုလည်း ဆွဲထုတ်စေအံ့၊ ပါစိတ်အာပတ် သင့်၏။

ဘိက္ခုနီမ၌ ယုံမှားရှိသည်ဖြစ်၍ ကျောင်းကို ပေးပြီးမှ အမျက်ထွက်သဖြင့် နှလုံးမသာ၍ ဆွဲထုတ်မှုလည်း ဆွဲထုတ်အံ့၊ ဆွဲထုတ်စေမှုလည်း ဆွဲထုတ်စေအံ့၊ ပါစိတ်အာပတ် သင့်၏။

ဘိက္ခုနီမ၌ ဘိက္ခုနီမ မဟုတ်ဟု အမှတ်ရှိသည်ဖြစ်၍ ကျောင်းကိုပေးပြီးမှ အမျက်ထွက်သဖြင့် နှလုံးမသာ၍ ဆွဲထုတ်မှုလည်း ဆွဲထုတ်အံ့၊ ဆွဲထုတ်စေမှုလည်း ဆွဲထုတ်စေအံ့၊ ပါစိတ်အာပတ် သင့်၏။

ထိုဘိက္ခုနီမ၏ ပရိက္ခရာကို ဆွဲထုတ်မှုလည်း ဆွဲထုတ်အံ့၊ ဆွဲထုတ်စေမှုလည်း ဆွဲထုတ်စေအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

တံခါးရွက်အဖွဲ့မရှိသော ကျောင်းမှ ဆွဲထုတ်မှုလည်း ဆွဲထုတ်အံ့၊ ဆွဲထုတ်စေမှုလည်း ဆွဲထုတ်စေအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ထိုဘိက္ခုနီမ၏ ပရိက္ခရာကို ဆွဲထုတ်မှုလည်း ဆွဲထုတ်အံ့၊ ဆွဲထုတ်စေမှုလည်း ဆွဲထုတ်စေအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ဘိက္ခုနီမ မဟုတ်သူကို တံခါးရွက် အဖွဲ့ရှိသော ကျောင်းမှ ၎င်း တံခါးရွက်အဖွဲ့မရှိသောကျောင်းမှ၎င်း ဆွဲထုတ်မှုလည်း ဆွဲထုတ်အံ့၊ ဆွဲထုတ်စေမှုလည်း ဆွဲထုတ်စေအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ထိုသူ၏ ပရိက္ခရာကို ဆွဲထုတ်မှုလည်း ဆွဲထုတ်အံ့၊ ဆွဲထုတ်စေမှုလည်း ဆွဲထုတ်စေအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ဘိက္ခုနီမ မဟုတ်သူ၌ ဘိက္ခုနီမ ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ဘိက္ခုနီမ မဟုတ်သူ၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ဘိက္ခုနီမ မဟုတ်သူ၌ ဘိက္ခုနီမ မဟုတ် ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ် အာပတ် သင့်၏။

၉၅၄။ အလဇ္ဇီဘိက္ခုနီမကို ဆွဲထုတ်သော်၎င်း ဆွဲထုတ်စေသော်၎င်း ထိုဘိက္ခုနီမ၏ ပရိက္ခရာကို ဆွဲထုတ်သော်၎င်း ဆွဲထုတ်စေသော်၎င်း ရူးသော ဘိက္ခုနီမကို ဆွဲထုတ်သော်၎င်း ဆွဲထုတ်စေသော်၎င်း ထိုဘိက္ခုနီမ၏ ပရိက္ခရာကို ဆွဲထုတ်သော်၎င်း ဆွဲထုတ်စေသော်၎င်း ခိုက်ရန် ပြုတတ်သော ဘိက္ခုနီမကို

http://www.dhammadownload.com



ငြင်းခုံတတ်သော ဘိက္ခုနီမကို ဆန့်ကျင်ဘက် စကားကို ဆိုတတ်သော ဘိက္ခုနီမကို စကားများအောင် ပြုတတ်သော ဘိက္ခုနီမကို သံဃာ၌ အဓိကရုဏ်းပြုတတ်သော ဘိက္ခုနီမကို ဆွဲထုတ်သော်ငြားဆွဲထုတ်စေသော်ငြား ထိုဘိက္ခုနီမ၏ ပရိက္ခရာကို ဆွဲထုတ်သော်ငြား ဆွဲထုတ်စေသော်ငြား ကောင်းမွန်စွာ မကျင့်သော အနီးနေ တပည့်မကိုဖြစ်စေ အတူနေတပည့်မကိုဖြစ်စေ ဆွဲထုတ်သော်ငြား ဆွဲထုတ်စေသော်ငြား ထိုဘိက္ခုနီမ၏ ပရိက္ခရာကို ဆွဲထုတ်သော်ငြား ဆွဲထုတ်စေသော်ငြား အာပတ် မသင့်၊ ရူးသော ဘိက္ခုနီမ အစလက်ဦး လွန်ကျူးသော ဘိက္ခုနီမတို့အားလည်း အာပတ် မသင့်။

ပဌမသိက္ခာပုဒ် ပြီး၏။

---

## ၄-တုဝဋ္ဋဝဂ် ၆-ဆဋ္ဌသိက္ခာပုဒ်

၉၅၅။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ စဏ္ဍကာဠီဘိက္ခုနီမသည် သူကြွယ်နှင့်ငြား သူကြွယ်၏သားနှင့်ငြား ရောနှော၍ နေ၏။

အလိုနည်းသော ဘိက္ခုနီမတို့သည် "အဘယ့်ကြောင့် အသျှင်မ စဏ္ဍကာဠီသည် သူကြွယ်နှင့်ငြား သူကြွယ်၏သားနှင့်ငြား ရောနှော၍ နေဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ စဏ္ဍကာဠီဘိက္ခုနီမသည် သူကြွယ်နှင့်ငြား သူကြွယ်၏သားနှင့်ငြား ရောနှော၍ နေ၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ အဘယ့်ကြောင့် စဏ္ဍကာဠီဘိက္ခုနီမသည် သူကြွယ်နှင့်ငြား သူကြွယ်၏သားနှင့်ငြား ရော နှော၍ နေဘိသနည်း။ ရဟန်းတို့ ဤ (စဏ္ဍကာဠီဘိက္ခုနီမ ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ ငြင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

**၉၁။ ၃၆-၉၅၆။ "အကြင် ဘိက္ခုနီမသည် သူကြွယ်နှင့်ငြား သူကြွယ်၏သားနှင့်ငြား ရောနှော၍ နေငြားအံ့၊ ထိုဘိက္ခုနီမအား (အခြား) ဘိက္ခုနီမတို့က 'အသျှင်မ သူကြွယ်နှင့်ငြား သူကြွယ်၏သားနှင့်ငြား ရောနှော၍ မနေပါလင့်၊ အသျှင်မ လွတ်လွတ်ကင်းကင်း နေပါလော့၊ ညီမ၏ လွတ်လွတ်ကင်းကင်း နေခြင်းကိုသာလျှင် သံဃာကချီးမွမ်း၏' ဟု ပြောဆိုဆုံးမရာ၏။ ဤသို့လျှင် ထိုဘိက္ခုနီမသည် (အခြား) ဘိက္ခုနီမတို့ ဆုံးမအပ်ပါလျက် ထိုရှေးနည်းအတူပင် ပြုမူငြားအံ့၊ ထိုဘိက္ခုနီမကို (အခြား) ဘိက္ခုနီမတို့သည် ထိုအယူကို စွန့်စေခြင်းငှါ သုံးကြိမ်တိုင်အောင် ကောင်းစွာဆုံးမရမည်၊ သုံးကြိမ်တိုင်အောင် ဆုံးမအပ်သည်ရှိသော် ထိုအယူကို အကယ်၍ စွန့်ငြားအံ့၊ ဤသို့စွန့်ခြင်းသည် ကောင်း၏၊ အကယ်၍ မစွန့်ငြားအံ့၊ (ထိုဘိက္ခုနီမအား) ပါစိတ်အာပတ် သင့်၏" ဤသို့ (ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)။**

http://www.dhammadownload.com



## ၆-ဆဋ္ဌသိက္ခာပုဒ် အဖွင့်

၉၅၇။ အကြင် ဟူသည် အကြင်သို့ သဘောရှိသော။ပ။

ဘိက္ခုနီမ ဟူသည်။ပ။ ဤအရာ၌ ဤဉတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သော မိန်းမကို "ဘိက္ခုနီမ" ဟူ၍-အလိုရှိအပ်၏။

ရောနှော၍ မည်သည် မလျော်သော ကိုယ်အမှုအရာ နှုတ်အမှုအရာဖြင့် ရောနှောလျက်။

သူကြွယ် မည်သည် အိမ်ကို စိုးအုပ်၍ နေသူ တယောက်ယောက်တည်း။

သူကြွယ်၏သား မည်သည် သားဖြစ်သူ ညီအစ်ကိုဖြစ်သူ တယောက်ယောက်တည်း။

ထိုဘိက္ခုနီမကို ဟူသည် အကြင်ရောနှောသော ဘိက္ခုနီမကို။

ဘိက္ခုနီမတို့သည် ဟူသည် အခြားသော ဘိက္ခုနီမတို့သည်။

မြင်ကုန် ကြားကုန်သော ဘိက္ခုနီမတို့က "အသျှင်မ သူကြွယ်နှင့်၎င်း သူကြွယ်၏သားနှင့်၎င်း ရောနှော၍ မနေပါလင့်၊ အသျှင်မ လွတ်လွတ်ကင်းကင်း နေပါလော့၊ ညီမ၏ လွတ်လွတ်ကင်းကင်း နေခြင်းကိုသာလျှင် သံဃာက ချီးမွမ်း၏" ဟု ပြောဆိုဆုံးမရမည်။

နှစ်ကြိမ်မြောက်လည်း ပြောဆိုဆုံးမရမည်။ သုံးကြိမ်မြောက်လည်း ပြောဆိုဆုံးမရမည်။ အကယ်၍ အယူကို စွန့်အံ့၊ ဤသို့ စွန့်ခြင်းသည် ကောင်း၏၊ အကယ်၍ အယူကို မစွန့်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ကြား၍ မပြောဆိုကုန်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ထိုဘိက္ခုနီမကို သံဃာ့အလယ်သို့လည်း ဆွဲခေါ်၍"အသျှင်မ သူကြွယ်နှင့်၎င်း သူကြွယ်၏သားနှင့်၎င်း ရောနှော၍ မနေပါလင့်၊ အသျှင်မ လွတ်လွတ်ကင်းကင်းနေပါလော့၊ ညီမ၏ လွတ်လွတ်ကင်းကင်း နေခြင်းကိုသာ လျှင် သံဃာက ချီးမွမ်း၏" ဟု ပြောဆိုဆုံးမရမည်။

နှစ်ကြိမ်မြောက်လည်း ပြောဆိုဆုံးမရမည်။ သုံးကြိမ်မြောက်လည်း ပြောဆိုဆုံးမရမည်။ အကယ်၍ အယူကို စွန့်အံ့၊ဤသို့ စွန့်ခြင်းသည် ကောင်း၏၊ အကယ်၍ မစွန့်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ထိုဘိက္ခုနီမကို ကောင်းစွာ ဉတ်ကမ္မဝါစာဖြင့် ဆုံးမရမည်၊ ရဟန်းတို့ ဤသို့လျှင် ကောင်းစွာ ဉတ်ကမ္မဝါစာဖြင့် ဆုံးမရမည်။ ကျွမ်းကျင် လိမ္မာ၍ စွမ်းရည်ရှိသော ဘိက္ခုနီမသည် သံဃာကို သိစေရမည်။

၉၅၈။ "အသျှင်မတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤမည်သော ဘိက္ခုနီမသည် သူကြွယ်နှင့်၎င်း သူကြွယ်၏သားနှင့်၎င်း ရောနှော၍ နေ၏၊ ထိုဘိက္ခုနီမသည် ထိုအယူကို မစွန့်၊ သံဃာအား လျောက်ပတ်သော အခါ ရှိသောကာလသည် အကယ်၍ ဖြစ်ငြားအံ့၊ သံဃာသည် ဤမည်သော ဘိက္ခုနီမကို ထိုအယူကို စွန့်စေခြင်းငှါ ကောင်းစွာ ဉတ်ကမ္မဝါစာဖြင့် ဆိုဆုံးမရာ၏၊ ဤကား သိစေခြင်းတည်း။

အသျှင်မတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤမည်သော ဘိက္ခုနီမသည် သူကြွယ်နှင့်၎င်း သူကြွယ်၏ သားနှင့်၎င်း ရောနှော၍ နေ၏၊ထိုဘိက္ခုနီမသည် ထို အယူကို မစွန့်၊ သံဃာသည် ဤမည်သော ဘိက္ခုနီမကို ထိုအယူကို စွန့်စေခြင်းငှါ ဆုံးမ၏၊ ဤ

http://www.dhammadownload.com



မည်သော ဘိက္ခုနီမအား ထိုအယူကို စွန့်စေခြင်းငှါ ဆုံးမသည်ကို အကြောင်းအသျှင်မအား နှစ်သက်ခြင်း၏။ ထိုနှစ်သက်သောအသျှင်မသည် ဆိတ်ဆိတ်နေရာ၏၊ အကြောင်း အသျှင်မအား နှစ်သက်ခြင်း မရှိ၊ ထိုမနှစ်သက်သော အသျှင်မသည် ပြောဆိုရာ၏။ နှစ်ကြိမ်မြောက်လည်း ဤအကြောင်းကို ပြောဆိုပါ၏။ပ။ သုံးကြိမ်မြောက်လည်း ဤအကြောင်းကို ပြောဆိုပါ၏။ပ။

သံဃာသည် ဤမည်သော ဘိက္ခုနီမကို ထိုအယူကို စွန့်စေခြင်းငှါ ကောင်းစွာ ဆိုဆုံးမအပ်ပြီ၊ သံဃာအား နှစ်သက်ခြင်းရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့်အဖြစ်ကို သိမှတ်ရပါသည် ဟု (သိစေရမည်)။

ဉတ်၏ အဆုံး၌ ဒုက္ကဋ်အာပတ် သင့်၏၊ ကမ္မဝါစာ နှစ်ကြိမ်တို့၏ အဆုံး၌ ဒုက္ကဋ်အာပတ် သင့်၏၊ ကမ္မဝါစာ၏ အဆုံး၌ ပါစိတ်အာပတ် သင့်၏။

၉၅၉။ ဓမ္မကံ၌ ဓမ္မကံ ဟု အမှတ်ရှိသည်ဖြစ်၍ အယူကို မစွန့်အံ့၊ ပါစိတ်အာပတ် သင့်၏။ ဓမ္မကံ၌ ယုံမှားရှိသည်ဖြစ်၍ အယူကို မစွန့်အံ့၊ ပါစိတ်အာပတ် သင့်၏။ ဓမ္မကံ၌ အဓမ္မကံ ဟု အမှတ်ရှိသည်ဖြစ်၍ မစွန့်အံ့၊ ပါစိတ်အာပတ် သင့်၏။

အဓမ္မကံ၌ ဓမ္မကံ ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ အဓမ္မကံ၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ အဓမ္မကံ၌ အဓမ္မကံ ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

၉၆၀။ ဉတ်ကမ္မဝါစာဖြင့် မဆုံးမရသေးသော ဘိက္ခုနီမ အယူကို စွန့်သော ဘိက္ခုနီမ ရူးသော ဘိက္ခုနီမ အစလက်ဦး လွန်ကျူးသော ဘိက္ခုနီမတို့အားလည်း အာပတ် မသင့်။

ဆဋ္ဌသိက္ခာပုဒ် ပြီး၏။

---

## ၄-တုဝဋ္ဋဝဂ် ၇-သတ္တမသိက္ခာပုဒ်

၉၆၁။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဘိက္ခုနီမတို့သည် ကြောက်ရွံ့ဖွယ်ရှိသည် ဟု သမုတ်အပ်သော ဘေးဘျမ်းနှင့်တကွ ဖြစ်သော (မိမိ) နိုင်ငံအတွင်း၌ အဖော်ကုန်သည် မပါပဲ ဒေသစာရီ လှည့်လည်သွားလာကြသဖြင့် (သူတို့ကို) သေသောက်ကြူးတို့သည် ဖျက်ဆီးကုန်၏။

အလိုနည်းသော ဘိက္ခုနီမတို့သည် "အဘယ့်ကြောင့် ဘိက္ခုနီမတို့သည် ကြောက်ရွံ့ဖွယ်ရှိသည် ဟု သမုတ်အပ်သော ဘေးဘျမ်းနှင့် တကွဖြစ်သော (မိမိ) နိုင်ငံအတွင်း၌ အဖော်ကုန်သည် မပါပဲ ဒေသစာရီ လှည့်လည် သွားလာဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ ဘိက္ခုနီမတို့သည် ကြောက်ရွံ့ဖွယ် ရှိသည် ဟု သမုတ်အပ်သော ဘေးဘျမ်းနှင့်တကွ ဖြစ်သော (မိမိ) နိုင်ငံအတွင်း၌ အဖော်ကုန်သည် မပါပဲ ဒေသစာရီ လှည့်လည်သွားလာကုန်၏ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

http://www.dhammadownload.com



ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ အဘယ့်ကြောင့် ဘိက္ခုနီမတို့သည် ကြောက်ရွံ့ဖွယ် ရှိသည် ဟု သမုတ်အပ်သော ဘေးဘျမ်းနှင့်တကွ ဖြစ်သော (မိမိ) နိုင်ငံအတွင်း၌ အဖော်ကုန်သည် မပါပဲ ဒေသစာရီ လှည့်လည် သွားလာကုန်ဘိသနည်း။ ရဟန်းတို့ ဤ(ဘိက္ခုနီမတို့ ပြုမိသော အမှု)သည် မကြည်ညိုသေးသော သူကိုအား ကြည်ညိုစေခြင်းငှါရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

၉၂။ ၃၇-၉၆၂။ **"အကြင် ဘိက္ခုနီမသည် ကြောက်ရွံ့ဖွယ်ရှိသည် ဟု သမုတ်အပ်သော ဘေးဘျမ်းနှင့်တကွဖြစ်သော (မိမိ)နိုင်ငံအတွင်း၌ အဖော်ကုန်သည်မပါပဲ ဒေသစာရီ လှည့်လည်သွားလာငြားအံ့၊ (ထိုဘိက္ခုနီမအား) ပါစိတ်အာပတ် သင့်၏"ဤသို့(ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)။**

## ၇-သတ္တမသိက္ခာပုဒ် အဖွင့်

၉၆၃။ **အကြင်** ဟူသည် အကြင်သို့ သဘောရှိသော။ပ။

**ဘိက္ခုနီမ** ဟူသည်။ပ။ ဤအရာ၌ ဤဥတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သော မိန်းမကို "ဘိက္ခုနီမ" ဟူ၍ အလိုရှိအပ်၏။

**(မိမိ) နိုင်ငံအတွင်း၌** ဟူသည် မိမိနေရင်း မင်း၏ နိုင်ငံ၌။

**ကြောက်ရွံ့ဖွယ်ရှိသည် ဟု သမုတ်အပ်သော** မည်သည် ထိုလမ်းခရီး၌ ခိုးသူတို့၏ ဝင်ရာအရပ် စားရာအရပ် တည်ရာအရပ် ထိုင်ရာအရပ် အိပ်ရာအရပ်တို့သည် ထင်ရှားကုန်၏။

**ဘေးဘျမ်းနှင့်တကွဖြစ်သော** မည်သည် ထိုလမ်းခရီး၌ ခိုးသူတို့က လူတို့ကို သတ်ခြင်း လုယက်ခြင်း ပုတ်ခတ်ခြင်းတို့သည် ထင်ရှားကုန်၏။

**အဖော်ကုန်သည်မပါပဲ** မည်သည် အဖော်ကုန်သည်နှင့် ကင်း၍။

**ဒေသစာရီလှည့်လည်ငြားအံ့** ဟူသည် ကြက်တပျံ့ ကျရာဖြစ်သောရွာ၌ ရွာကြားတိုင်း ရွာကြားတိုင်း ပါစိတ်အာပတ် သင့်၏။ ရွာမရှိသော တောခရီး၌ ယူဇနာခွဲတိုင်း ယူဇနာခွဲတိုင်း ပါစိတ်အာပတ် သင့်၏။

၉၆၄။ အဖော်ကုန်သည်နှင့်တကွ သွားအံ့၊ ဘေးရန်မရှိသောအရပ်၊ ကြောက်ရွံ့ဖွယ်မရှိသော အရပ်၌ သွားအံ့၊ဘေးရန်ဘိုခကြောင့် သွားအံ့၊အာပတ် မသင့်၊ ရူးသောဘိက္ခုနီမ အစလက်ဦး လွန်ကျူးသော ဘိက္ခုနီမတို့အားလည်း အာပတ် မသင့်။

သတ္တမသိက္ခာပုဒ် ပြီး၏။

---

## ၄-တုဝဋ္ဋဝဂ် ၈-အဋ္ဌမသိက္ခာပုဒ်

၉၆၅။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဘိက္ခုနီမတို့သည် ကြောက်ရွံ့ဖွယ်

http://www.dhammadownload.com



ရှိသည် ဟု သမုတ်အပ်သော ဘေးဘျမ်းနှင့်တကွ ဖြစ်သော တိုင်းတပါး၌ အဖော်ကုန်သည် မပါပဲ ဒေသစာရီ လှည့်လည် သွားလာကြသဖြင့် (သူတို့ကို) သေသောက်ကြူးတို့သည် ဖျက်ဆီးကုန်၏။

အသို့နည်းသော ဘိက္ခုနီမတို့သည် "အဘယ့်ကြောင့် ဘိက္ခုနီမတို့သည် ကြောက်ရွံ့ဖွယ်ရှိသည် ဟု သမုတ်အပ်သော ဘေးဘျမ်းနှင့်တကွ ဖြစ်သော တိုင်းတပါး၌ အဖော်ကုန်သည် မပါပဲ ဒေသစာရီ လှည့်လည် သွားလာကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ ဘိက္ခုနီမတို့သည် ကြောက်ရွံ့ဖွယ်ရှိသည် ဟု သမုတ်အပ်သော ဘေးဘျမ်းနှင့်တကွ ဖြစ်သော တိုင်းတပါး၌ အဖော်ကုန်သည် မပါပဲ ဒေသစာရီ လှည့်လည်သွားလာကုန်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ အဘယ့်ကြောင့် ဘိက္ခုနီမတို့သည် ကြောက်ရွံ့ဖွယ် ရှိသည် ဟု သမုတ်အပ်သော ဘေးဘျမ်းနှင့်တကွဖြစ်သော တိုင်းတပါး၌ အဖော်ကုန်သည် မပါပဲ ဒေသစာရီ လှည့်လည်သွားလာကုန်ဘိသနည်း။ ရဟန်းတို့ ဤ (ဘိက္ခုနီမတို့ ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ ရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

**၉၃။ ၃၈-၉၆၆။ "အကြင် ဘိက္ခုနီမသည် ကြောက်ရွံ့ဖွယ်ရှိသည် ဟု သမုတ်အပ်သော ဘေးဘျမ်းနှင့်တကွ ဖြစ်သော တိုင်းတပါး၌ အဖော်ကုန်သည် မပါပဲ ဒေသစာရီ လှည့်လည် သွားလာငြားအံ့၊ (ထိုဘိက္ခုနီမအား) ပါစိတ်အာပတ် သင့်၏" ဤသို့ (ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)။**

## ၈-အဋ္ဌမသိက္ခာပုဒ် အဖွင့်

၉၆၇။ **အကြင်** ဟူသည် အကြင်သို့ သဘောရှိသော။ပ။

**ဘိက္ခုနီမ** ဟူသည်။ပ။ ဤအရာ၌ ဤဥတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သော မိန်းမကို "ဘိက္ခုနီမ" ဟူ၍ အလိုရှိအပ်၏။

**တိုင်းတပါး၌** ဟူသည် မိမိနေရင်း မင်း၏ နိုင်ငံမှတပါးသော မင်း၏နိုင်ငံ၌။

**ကြောက်ရွံ့ဖွယ်ရှိသည် ဟု သမုတ်အပ်သော** မည်သည် ထိုလမ်းခရီး၌ ခိုးသူတို့၏ ဝင်ရာအရပ် စားရာအရပ် တည်ရာအရပ် ထိုင်ရာအရပ် အိပ်ရာအရပ်တို့သည် ထင်ရှားကုန်၏။

**ဘေးဘျမ်းနှင့်တကွဖြစ်သော** မည်သည် ထိုလမ်းခရီး၌ ခိုးသူတို့က လူတို့ကို သတ်ခြင်း လုယက်ခြင်း ပုတ်ခတ်ခြင်းတို့သည် ထင်ရှားကုန်၏။

**အဖော်ကုန်သည် မပါပဲ** မည်သည် အဖော်ကုန်သည်နှင့် ကင်း၍။

**ဒေသစာရီလှည့်လည် သွားလာငြားအံ့** ဟူသည် ကြက်တပျံကျရာဖြစ်သော ရွာ၌ ရွာကြားတိုင်း ရွာကြားတိုင်း ပါစိတ်အာပတ် သင့်၏။

http://www.dhammadownload.com



ရွာမရှိသော တောခရီး၌ ယူဇနာခွဲတိုင်း ယူဇနာခွဲတိုင်း ပါစိတ်အာပတ် သင့်၏။

၉၆၈။ အဖော်ကုန်သည်နှင့်တကွ သွားအံ့၊ ဘေးရန်မရှိသော အရပ် ကြောက်ရွံ့ဖွယ်မရှိသော အရပ်၌သွားအံ့၊ ဘေးရန်တို့ကြောင့် သွားအံ့၊ အာပတ် မသင့်၊ ရူးသောဘိက္ခုနီမ အစလက်ဦး လွန်ကျူးသော ဘိက္ခုနီမတို့အားလည်း အာပတ် မသင့်။

အဋ္ဌမသိက္ခာပုဒ် ပြီး၏။

---

## ၄-တုဝဋ္ဋဝဂ် ၉-နဝမသိက္ခာပုဒ်

၉၆၉။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ရှဉ့်နက်တို့အား အစာကျွေးရာ ဖြစ်သော ဝေဠုဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဘိက္ခုနီမတို့သည် မိုးတွင်း၌ ဒေသစာရီ လှည့်လည် သွားလာကုန်၏။

လူ ဘို့သည် "အဘယ့်ကြောင့် ဘိက္ခုနီမတို့သည် မိုးတွင်း၌ ဒေသစာရီ လှည့်လည် သွားလာကုန်ဘိသနည်း၊ စိမ်းစိုသော မျက်တို့ ကို နင်းနယ်ကာ တခုသော ဣန္ဒြေ အသက်ကို ညှဉ်းဆဲ၍ များစွာ သော ငယ်သော ပိုးမွှားသတ္တဝါတို့ ကို ဖျက်ဆီးကုန်လျက် သွားလာကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချ ကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ဘိက္ခုနီမတို့သည် ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုကြသော ထိုလူတို့၏ စကားကို ကြားကြ သည်သာတည်း။ အသိုနည်းသော ဘိက္ခုနီမတို့သည် "အဘယ့်ကြောင့် ဘိက္ခုနီမတို့သည် မိုးတွင်း၌ ဒေသစာရီ လှည့်သည် သွားလာကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြ ကုန်၏။ပ။

"ရဟန်းတို့ ဘိက္ခုနီမတို့သည် မိုးတွင်း၌ ဒေသစာရီ လှည့်လည်သွားလာကုန်၏ ဟူသည် မှန်သလော"ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ အဘယ့်ကြောင့် ဘိက္ခုနီမတို့သည် မိုးတွင်း၌ ဒေသစာရီ လှည့်လည် သွားလာကုန်ဘိသနည်း။ရဟန်းတို့ ဤ (ဘိက္ခုနီမ တို့ ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါပင်း။ပ။

ရဟန်းတို့ ဤ သို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

**၉၄။ ၃၉-၉၇၀။ "အကြင် ဘိက္ခုနီမသည် မိုးတွင်း၌ ဒေသစာရီ လှည့်လည် သွားလာ ငြားအံ့၊ (ထိုဘိက္ခုနီမအား) ပါစိတ်အာပတ် သင့်၏"** ဤသို့ (ပြကြစေကုန်လော့ ဟု မိန့်တော် မူ၏)။

## ၉-နဝမသိက္ခာပုဒ် အဖွင့်

၉၇၁။ အကြင် ဟူသည် အကြင်သို့ သဘောရှိသော။ပ။

**ဘိက္ခုနီမ ဟူသည်**။ပ။ ဤအရာ၌ ဤဉတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သော မိန်းမကို "ဘိက္ခုနီမ" ဟူ၍ အလိုရှိအပ်၏။

http://www.dhammadownload.com



မိုးတွင်း၌ ဟူသည် ပုရိမဝါ သို့မဟုတ် ပစ္ဆိမဝါဖြစ်သော သုံးလပတ်လုံး မနေမူ၍။

**ဒေသစာရီလှည့်လည်သွားလာခြင်းအံ့** ဟူသည် ကြက်တပျံကျရာဖြစ်သော ရွာ၌ ရွာကြားတိုင်း ရွာကြားတိုင်း ပါစိတ်အာပတ် သင့်၏။ ရွာမရှိသော တောခရီး၌ ယူဇနာခွဲတိုင်း ယူဇနာခွဲတိုင်း ပါစိတ်အာပတ် သင့်၏။

၉၇၂။ ခုနစ်ရက်အတွင်း၌ ပြုဖွယ်ကိစ္စကြောင့် သွားအံ့၊ တစုံတယောက်သော သူသည် နှိပ်စက်သဖြင့် သွားအံ့၊ ဘေးရန်တို့ကြောင့် သွားအံ့၊ အာပတ် မသင့်၊ ရူးသောဘိက္ခုနီမ အစလက်ဦး လွန်ကျူးသော ဘိက္ခုနီမတို့အားလည်း အာပတ် မသင့်။

နဝမသိက္ခာပုဒ် ပြီး၏။

---

## ၄-တုဝဋ္ဋဝဂ် ၁၀-ဒသမသိက္ခာပုဒ်

၉၇၃။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ရှဉ့်နက်တို့အား အစာကျွေးရာဖြစ်သော ဝေဠုဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဘိက္ခုနီတို့သည် ရာဇဂြိုဟ်ပြည်၌ မိုးလပတ်လုံးနေ၍ ထိုရာဇဂြိုဟ်ပြည်၌ပင်လျှင် ဆောင်းရာသီ နွေရာသီပါ အခါခပ်သိမ်း နေကုန်၏။

လူတို့သည် "ဘိက္ခုနီမတို့အား အရပ်မျက်နှာတို့သည် ကျဉ်းမြောင်း လေကုန်သလော၊ မှောင်ကျနေကုန်သလော၊ ဤဘိက္ခုနီမတို့အား အရပ်မျက်နှာတို့သည် မထင်လာကုန်" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ဘိက္ခုနီမတို့သည် ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုကြသော ထိုလူတို့၏ စကားကို ကြားကြသည်သာတည်း။ ထိုအခါ ထိုဘိက္ခုနီမတို့သည် ရဟန်းယောကျ်ားတို့အား ဤအကြောင်းကို ပြောကြားကုန်၏။ ရဟန်းယောကျ်ားတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် တရားစကားကို ဟောတော်မူ၍ "ရဟန်းတို့ သို့ဖြစ်လျှင် သံဃာတော်၏ ကောင်းပါပြီ ဟု ဝန်ခံကျင့်သုံးရန်။ပ။ သူတော်ကောင်းတရား 'သဒ္ဓမ္မ'၏ တည်မြဲရန် ဝိနည်း 'စည်းမျဉ်းဥပဒေ' ကို ချီးမြှောက်ရန်ဟူသော အကျိုးထူးဆယ်ပါးတို့ကို အစွဲပြု၍ ဘိက္ခုနီမတို့အား သိက္ခာပုဒ်ကို ပညတ်တော် မူမည်" ဟု မိန့်တော်မူ၏။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

၉၅။ ၄၀-၉၇၄။ **"အကြင် ဘိက္ခုနီမသည် ဝါကျွတ်ပြီးသည်ရှိသော် ခရီးဒေသစာရီ မသွားငြားအံ့၊ အယုတ်အားဖြင့် ငါးယူဇနာ ခြောက်ယူဇနာမျှလည်း မသွားငြားအံ့၊** (ထိုဘိက္ခုနီမအား) **ပါစိတ်အာပတ် သင့်၏"** ဤသို့ (ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)။

### ၁၀-ဒသမသိက္ခာပုဒ် အဖွင့်

၉၇၅။ **အကြင်** ဟူသည် အကြင်သို့ သဘောရှိသော။ပ။

**ဘိက္ခုနီမ ဟူသည်**။ပ။ ဤအရာ၌ ဤဉတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သော မိန်းမကို "ဘိက္ခုနီမ" ဟူ၍ အလိုရှိအပ်၏။

http://www.dhammadownload.com



ဝါကျွတ်ပြီးသောဘိက္ခုနီမ မည်သည် ပုရိမဝါ သို့မဟုတ် ပစ္ဆိမဝါ သုံးလပတ်လုံးနေပြီးသော ဘိက္ခုနီမတည်း၊ "အယုတ်အားဖြင့် ငါးယူဇနာ ခြောက်ယူဇနာတို့ တိုင်ရုံမျှလည်း ခရီးမသွားအံ့" ဟု ဝန်ချကာချ၍ ပါစိတ်အာပတ် သင့်၏။

၉၇၆။ အန္တရာယ်ရှိသော် အဖော် ဘိက္ခုနီမကို ရှာဖွေမရသော် အာပတ် မသင့်၊ နာဖျားသော ဘိက္ခုနီမအားလည်း အာပတ် မသင့်၊ ဘေးရန်တို့ကြောင့်လည်း အာပတ် မသင့်၊ ရူးသော ဘိက္ခုနီမ အစလက်ဦး လွန်ကျူးသော ဘိက္ခုနီမတို့အားလည်း အာပတ် မသင့်။

ဒသမသိက္ခာပုဒ် ပြီး၏။

စတုတ္ထတုဝဋ္ဋဝဂ် ပြီး၏။

---

## ၅-စိတ္တာဂါရဝဂ် ၁-ပဌမသိက္ခာပုဒ်

၉၇၇။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံ ဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ပသေနဒီကောသလ မင်းကြီး၏ ဥယျာဉ်ဘွင်းရှိ ပြာသာဒ်တော်၌ ဥာဏ်စွမ်းပြ ပန်းချီကားကို ပြုလုပ်စီရင်ထားသဖြင့် များစွာသော လူတို့သည် ပြတိုက်ကို ကြည့်ရှုရန် သွားကုန်၏။

ဆဗ္ဗဂ္ဂီဘိက္ခုနီမတို့သည်လည်း ပြတိုက်တော်ကို ကြည့်ရှုရန် သွားကုန်၏။ လူတို့သည် "အဘယ့် ကြောင့် ဘိက္ခုနီမတို့သည် ကာမဂုဏ်ချမ်းသာကို ခံစားသော လူမိန်းမတို့ကဲ့သို့ ပြတိုက်တော်ကို ကြည့်ရှုရန် သွားကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ဘိက္ခုနီမတို့သည် ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုကြသော ထိုလူတို့၏ စကားကို ကြားကြသည် သာတည်း။ အလိုနည်းသော ဘိက္ခုနီမတို့သည် "အဘယ့်ကြောင့် ဆဗ္ဗဂ္ဂီဘိက္ခုနီမတို့သည် ပြတိုက်ကို ကြည့်ရှုရန် သွားကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ ဆဗ္ဗဂ္ဂီဘိက္ခုနီမတို့သည် ပြတိုက်ကို ကြည့်ရှုရန် သွားကုန်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ အဘယ့်ကြောင့် ဆဗ္ဗဂ္ဂီ ဘိက္ခုနီမတို့သည် ပြတိုက်ကို ကြည့်ရှုရန် သွားကုန်ဘိသနည်း။ ရဟန်းတို့ ဤ (ဆဗ္ဗဂ္ဂီဘိက္ခုနီမတို့ ပြုမိ သော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ၊ ငြင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

၉၆။ ၅၁-၉၇၈။ "အကြင် ဘိက္ခုနီမသည် မင်းကွန်းကိုသော်ရင်း ပြတိုက်ကိုသော်ရင်း အရံကိုသော်ရင်း ဥယျာဉ်ကိုသော်ရင်း ရေကန်ကိုသော်ရင်း ကြည့်ရှုခြင်းငှါ သွားငြားအံ့၊ (ထိုဘိက္ခုနီမအား) ပါစိတ်အာပတ် သင့်၏" ဤသို့ (ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)။

http://www.dhammadownload.com



## ၁-ပဌမသိက္ခာပုဒ် အဖွင့်

၉၇၉။ အကြင် ဟူသည 'အကြင်သို့ သဘောရှိသော။ပ။

ဘိက္ခုနီမ ဟူသည်။ပ။ ဤအရာ၌ ဤဉ တ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သော မိန်းမကို "ဘိက္ခုနီမ" ဟူ၍ အလိုရှိအပ်၏။

မင်းကွန်း မည်သည် တစုံတခုသောအရပ်၌ မင်း၏ရှင်မြူးပျော်ပါး ကစားမွေ့လျော်ရန် အလို့ငှါ ပြုလုပ်စီရင်ထားသော စံအိမ်တော်တည်း။

ပြတိုက် မည်သည် တစုံတခုသော အရပ်၌ လူအပေါင်းတို့၏ ရှင်မြူးပျော်ပါး ကစားမွေ့လျော်ရန် အလို့ငှါ ပြုလုပ်စီရင်ထားသော အိမ်တည်း။

အခံ မည်သည် တစုံတခုသော အရပ်၌ လူအပေါင်းတို့၏ ရှင်မြူးပျော်ပါး ကစားမွေ့လျော်ရန် အလို့ငှါ ပြုလုပ်စီရင်ထားသော အရံတည်း။

ဥယျာဉ် မည်သည် တစုံတခုသော အရပ်၌ လူအပေါင်းတို့၏ ရှင်မြူးပျော်ပါး ကစားမွေ့လျော်ရန် အလို့ငှါ ပြုလုပ်စီရင်ထားသော ဥယျာဉ်တည်း။

ရေကန် မည်သည် တစုံတခုသော အရပ်၌ လူအပေါင်းတို့၏ ရှင်မြူးပျော်ပါး ကစားမွေ့လျော်ရန် အလို့ငှါ ပြုလုပ်စီရင်ထားသော ရေကန်တည်း။

၉၈၀။ ကြည့်ရှုခြင်းငှါသွားအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ မြင်ရာမှ ရပ်၍ ကြည့်အံ့၊ ပါစိတ်အာပတ် သင့်၏။ မြင်လောက်သော အရပ်ကို စွန့်၍ အဖန်ဖန် ကြည့်အံ့၊ ပါစိတ်အာပတ် သင့်၏။

တခုခုကြည့်ရှုခြင်းငှါသွားအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ မြင်ရာမှရပ်၍ကြည့်အံ့၊ ပါစိတ်အာပတ် သင့်၏။ မြင်လောက်သော အရပ်ကိုစွန့်၍ အဖန်ဖန်ကြည့်အံ့၊ ပါစိတ်အာပတ် သင့်၏။

၉၈၁။ အရံအတွင်း၌ ရပ်၍ကြည့်အံ့၊ သွားစဉ်လာစဉ်ကြည့်အံ့၊ အကြောင်းကိစ္စရှိ၍ သွားသော အခါ ကြည့်အံ့၊ အာပတ် မသင့်၊ ဘေးရန်တို့ကြောင့်လည်း အာပတ် မသင့်၊ ရူးသောဘိက္ခုနီမ အစ လကဦး လွန်ကျူးသော ဘိက္ခုနီမတို့အားလည်း အာပတ် မသင့်။

ပဌမသိက္ခာပုဒ် ပြီး၏။

---

## ၅-စိတ္တာဂါရဝဂ် ၂-ဒုတိယသိက္ခာပုဒ်

၉၈၂။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံ ဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဘိက္ခုနီမတို့သည် မြင့်လွန်းသော နေရာ*ကိုရင်း ပလ္လင်+ကိုရင်း သုံးဆောင်ကုန်၏။

လူတို့သည် ကျောင်းစဉ်လှည့်လည်သည်ရှိသော် တွေ့မြင်၍ "အဘယ့်ကြောင့် ဘိက္ခုနီမတို့သည် ကာမဂုဏ်ချမ်းသာကိုခံစားသော လူမိန်းမတို့ကဲ့သို့ မြင့်လွန်းသော နေရာကိုရင်း ပလ္လင်ကိုရင်း သုံးဆောင်ကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

---

* မြတ်စွာဘုရားလက်ရှစ်သစ်ပမာဏထက်လွန်သော ညောင်စောင်းအင်းပျဉ်။

\+ ခြေထောက်တို့၌သားရဲရုပ်တပ်ထားသောနေရာ။

http://www.dhammadownload.com



ဘိက္ခုနီမတို့သည် ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုကြသော ထိုလူတို့၏ စကားကို ကြားကြသည်သာတည်း။ အလိုနည်းသော ဘိက္ခုနီမတို့သည် "အဘယ့်ကြောင့် ဘိက္ခုနီမတို့သည် မြင့်လွန်းသော နေရာကိုင်း ပလ္လင်ကိုင်း သုံးဆောင်ကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ ဘိက္ခုနီမတို့သည် မြင့်လွန်းသော နေရာကိုင်း ပလ္လင်ကိုင်း သုံးဆောင်ကုန်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ အဘယ့်ကြောင့် ဘိက္ခုနီမတို့သည် မြင့်လွန်းသော နေရာကိုင်း ပလ္လင်ကိုင်း သုံးဆောင်ကုန်ဘိသနည်း။ ရဟန်းတို့ ဤ (ဘိက္ခုနီမတို့ ပြုမိသော အမှု) သည် မကြည်ညိုသေးသောသူတို့အား ကြည်ညိုစေခြင်းငှါ ရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

**၉၇၂။ ၄၂-၉၇၃။ "အကြင် ဘိက္ခုနီမသည် မြင့်လွန်းသော နေရာကိုင်း ပလ္လင်ကိုင်း သုံးဆောင်ငြားအံ့၊ (ထိုဘိက္ခုနီမအား) ပါစိတ်အာပတ် သင့်၏"** ဤသို့ (ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)။

## ၂-ဒုတိယသိက္ခာပုဒ် အဖွင့်

၉၇၄။ **အကြင်** ဟူသည် အကြင်သို့ သဘောရှိသော။ပ။

**ဘိက္ခုနီမ** ဟူသည်။ပ။ ဤအရာ၌ ဤဉတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သော မိန်းမကို "ဘိက္ခုနီမ" ဟူ၍ အလိုရှိအပ်၏။

**မြင့်လွန်းသောနေရာ** မည်သည် အတိုင်းအရှည် ပမာဏထက် ပိုလွန်သော ညောင်စောင်းကို ဆိုလိုသည်။

**ပလ္လင်** မည်သည် သားရဲရုပ်တို့ဖြင့် ပြုလုပ်ထားသည့် မအပ်ကောင်းသောနေရာတည်း။

**သုံးဆောင်ငြားအံ့** ဟူသည် ထိုမြင့်လွန်းသော နေရာပလ္လင်၌ ထိုင်သော်ရင်း အိပ်သော်ရင်း ပါစိတ်အာပတ် သင့်၏။

၉၇၅။ မြင့်လွန်းသောနေရာ၏ အခြေတို့ကိုဖြတ်၍ သုံးဆောင်အံ့၊ ပလ္လင်၏ သားရဲရုပ်တို့ကို ဖျက်ဆီး၍ သုံးဆောင်အံ့၊ အာပတ် မသင့်၊ ရူးသောဘိက္ခုနီမ အစလက်ဦး လွန်ကျူးသော ဘိက္ခုနီမတို့အားလည်း အာပတ် မသင့်။

ဒုတိယသိက္ခာပုဒ် ပြီး၏။

---

## ၅-စိတ္တာဂါရဝဂ် ၃-တတိယသိက္ခာပုဒ်

၉၇၆။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဆဗ္ဗဂ္ဂီ ဘိက္ခုနီမတို့သည် ဖိုင်း'ချည်' ငင်ကုန်၏။ လူတို့သည် ကျောင်းစဉ်လှည့်လည်ကုန်သည်ရှိသော် မြင်၍ "အဘယ့်ကြောင့် ဘိက္ခုနီမ

http://www.dhammadownload.com



တို့သည် ကာမဂုဏ်စည်းစိမ်ကိုခံစားသော လူမိန်းမတို့ကဲ့သို့ ဖိုင်း'ချည်' ငင်ကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ဘိက္ခုနီမတို့သည် ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုကြသော ထိုလူတို့၏ စကားကို ကြားကြသည်သာတည်း။ အလိုနည်းသော ဘိက္ခုနီမတို့သည် "အဘယ့်ကြောင့် ဆဗ္ဗဂ္ဂီဘိက္ခုနီမတို့သည် ဖိုင်း'ချည်' ငင်ကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ ဆဗ္ဗဂ္ဂီဘိက္ခုနီမတို့သည် ဖိုင်း'ချည်'ငင်ကုန်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု(လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ အဘယ့်ကြောင့် ဆဗ္ဗဂ္ဂီဘိက္ခုနီမတို့သည် ဖိုင်း'ချည်'ငင်ကုန်ဘိသနည်း။ ရဟန်းတို့ ဤ(ဆဗ္ဗဂ္ဂီဘိက္ခုနီမတို့ ပြုမိသော အမှု)သည် မကြည်ညိုသေးသောသူတို့အား ကြည်ညိုစေခြင်းငှါ မဖြစ်။ပ။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

၉၈၊ ၅၃-၉၈၇။ **"အကြင် ဘိက္ခုနီမသည် ဖိုင်း'ချည်' ငင်ငြားအံ့၊ (ထိုဘိက္ခုနီမအား) ပါစိတ်အာပတ် သင့်၏"** ဤသို့ (ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)။

## ၃-တတိယသိက္ခာပုဒ် အဖွင့်

၉၈၈။ **အကြင်** ဟူသည် အကြင်သို့ သဘောရှိသော။ပ။

**ဘိက္ခုနီမ** ဟူသည်။ပ။ ဤအရာ၌ ဤဉတ္တိစတုတ္ထကံဖြင့် ရဟန်း အဖြစ်သို့ ရောက်သော မိန်းမကို "ဘိက္ခုနီမ" ဟူ၍ အလိုရှိအပ်၏။

**ဖိုင်း'ချည်'** မည်သည် နာနတ်ချည် ဝါချည် သားမွေးချည် ပိုက်ဆံလျှော်ချည် ဘန်ချည် ဟူ၍ ချည်ခြောက်မျိုးရှိ၏။

**ငင်ငြားအံ့** ဟူသည် ကိုယ်တိုင်ငင်အံ့၊ ဝင်ရိုးတွင်ချည်မျှင်ရစ်တိုင်း ပါစိတ်အာပတ် သင့်၏။

၉၈၉။ ငင်ပြီးသောချည်ကို ငင်ပြန်အံ့အာပတ် မသင့်၊ ရူးသောဘိက္ခုနီမ အစလက်ဦး လွန်ကျူးသော ဘိက္ခုနီမတို့အားလည်း အာပတ် မသင့်။

တတိယသိက္ခာပုဒ် ပြီး၏။

---

## ၅-စိတ္တာဂါရဝဂ် ၄-စတုတ္ထသိက္ခာပုဒ်

၉၉၀။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဘိက္ခုနီမတို့သည် လူ့မှုကိစ္စကို ပြုလုပ်ကုန်၏။ အလိုနည်းသောဘိက္ခုနီမတို့သည် "အဘယ့်ကြောင့် ဘိက္ခုနီမတို့သည် လူ့မှုကိစ္စကို ပြုလုပ်ကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

http://www.dhammadownload.com



"ရဟန်းတို့ ဘိက္ခုနီမတို့သည် လူမှုကိစ္စကိုပြုလုပ်ကုန်၏ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ အဘယ့်ကြောင့် ဘိက္ခုနီမတို့သည် လူမှုကိစ္စကိုပြုလုပ်ကုန်ဘိသနည်း။ ရဟန်းတို့ ဤ(ဘိက္ခုနီမတို့ ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ ရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

**၉၉၀။ ၄၄-၉၉၁။ "အကြင် ဘိက္ခုနီမသည် လူမှုကိစ္စကိုပြုလုပ်ငြားအံ့၊ (ထိုဘိက္ခုနီမအား) ပါစိတ်အာပတ် သင့်၏"** ဤသို့ (ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)။

## ၄-စတုတ္ထသိက္ခာပုဒ် အဖွင့်

၉၉၂။ **အကြင်** ဟူသည် အကြင်သို့ သဘောရှိသော။ပ။

**ဘိက္ခုနီမ** ဟူသည်။ပ။ ဤအရာ၌ ဤဥတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သော မိန်းမကို "ဘိက္ခုနီမ" ဟူ၍ အလိုရှိအပ်၏။

**လူမှုကိစ္စ** မည်သည် လူတို့၏ ယာဂုကိုသော်ရင်း ထမင်းသော်ရင်း ခဲဖွယ်ကိုသော်ရင်း ချက်ပြုတ်အံ့၊ ပုဆိုးကိုသော်ရင်း ဦးရစ်ခေါင်းပေါင်းကိုသော်ရင်း လျှော်ဖွပ်အံ့၊ ပါစိတ်အာပတ် သင့်၏။

၉၉၃။ သံဃာအတွက် လူတို့စီရင်သော ယာဂုအဖျော်၌ရင်း၊ သံဃာ၏ဆွမ်း၌သော်ရင်း၊ စေတီအား ပူဇော်ရာ၌ရင်း၊ အာပတ် မသင့်၊ မိမိအမှုကိစ္စကို ပြုလုပ်ပေးသူ၏ ယာဂုထမင်း ခဲဖွယ်ကို ချက်ပြုတ်အံ့၊ ပုဆိုးဦးရစ် ခေါင်းပေါင်းကိုလည်း လျှော်ပေးအံ့၊ အာပတ် မသင့်၊ ရူးသောဘိက္ခုနီမ အစလက်ဦး လွန်ကျူးသော ဘိက္ခုနီမတို့အားလည်း အာပတ် မသင့်။

စတုတ္ထသိက္ခာပုဒ် ပြီး၏။

---

## ၅-စိတ္တာဂါရဝင် ၅-ပဥ္စမသိက္ခာပုဒ်

၉၉၄။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဘိက္ခုနီမတယောက်သည် ထုလ္လနန္ဒာဘိက္ခုနီမထံသို့ ချဉ်းကပ်၍ "အသျှင်မ လာလော့ ဤအဓိကရုဏ်းကို ငြိမ်းစေပါလော့" ဟု ဆို၏။ ထုလ္လနန္ဒာဘိက္ခုနီမသည် ကောင်းပါပြီ ဟု ဝန်ခံ၍ ငြိမ်းလည်းမငြိမ်းစေ ငြိမ်းစေခြင်းငှါလည်း ကြောင့်ကြမစိုက် ထိုအခါ ထိုဘိက္ခုနီမသည် ဘိက္ခုနီမတို့အား ဤအကြောင်းကို ပြောကြား၏။

အလိုနည်းသော ဘိက္ခုနီမတို့သည် "အဘယ့်ကြောင့် အသျှင်မ ထုလ္လနန္ဒာသည် ဘိက္ခုနီမကို 'အသျှင်မလာလော့၊ ဤအဓိကရုဏ်းကိုငြိမ်းစေပါလော့' ဟု ဆိုလာသည်ရှိသော် ကောင်းပါပြီ ဟု

http://www.dhammadownload.com



ဝန်ခံထားလျက် ငြိမ်းလည်းမငြိမ်းစေဘိသနည်း၊ ငြိမ်းစေခြင်းငှါလည်း ကြောင့်ကြမစိုက် ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

ရဟန်းတို့ ထုလ္လနန္ဒာ ဘိက္ခုနီမသည် ဘိက္ခုနီမက "အသျှင်မ လာလော့ ဤ အဓိကရုဏ်းကို ငြိမ်းစေပါလော့" ဟု ဆိုလာသည်ရှိသော် ကောင်းပါပြီ ဟု ဝန်ခံထားလျက် "ငြိမ်းလည်း မငြိမ်းစေ ငြိမ်းစေခြင်းငှါလည်း ကြောင့်ကြမစိုက် ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ အဘယ့်ကြောင့် ထုလ္လနန္ဒာ ဘိက္ခုနီမသည် ဘိက္ခုနီမက "အသျှင်မ လာလော့ ဤအဓိကရုဏ်းကို ငြိမ်းစေပါလော့" ဟု ဆိုလာသည်ရှိသော် ကောင်းပါပြီ ဟု ဝန်ခံလျက် ငြိမ်းလည်း မငြိမ်းစေဘိသနည်း၊ ငြိမ်းစေခြင်းငှါလည်း ကြောင့်ကြမစိုက်ဘိသနည်း။ ရဟန်းတို့ ဤ (ထုလ္လနန္ဒာ ဘိက္ခုနီမ ပြုမိသော အမှု) သည် မကြည်ညို သေးသော သူတို့အား ကြည်ညိုစေခြင်းငှါ ရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

၁၀၀။ ၄၅-၉၈၅။ "အကြင် ဘိက္ခုနီမသည် ဘိက္ခုနီမက 'အသျှင်မ လာလော့၊ ဤအဓိကရုဏ်းကို ငြိမ်းစေပါလော့' ဟု ဆိုလာသည်ရှိသော် 'ကောင်းပါပြီ' ဟု ဝန်ခံလျက် ထိုဘိက္ခုနီမသည် နောက်အခါ၌ အန္တရာယ်မရှိပဲ ငြိမ်းလည်း မငြိမ်းစေငြားအံ့၊ ငြိမ်းစေခြင်းငှါလည်း ကြောင့်ကြမစိုက်ငြားအံ့၊ (ထိုဘိက္ခုနီမအား) ပါစိတ်အာပတ် သင့်၏" ဤသို့ (ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)။

## ၅-ပဉ္စမသိက္ခာပုဒ် အဖွင့်

၉၈၆။ အကြင် ဟူသည် အကြင်သို့ သဘောရှိသော။ပ။

**ဘိက္ခုနီမ** ဟူသည်။ပ။ ဤအရာ၌ ဤဉပသမ္ပဒကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သော မိန်းမကို "ဘိက္ခုနီမ" ဟူ၍ အလိုရှိအပ်၏။

**ဘိက္ခုနီမက** ဟူသည် အခြားသော ဘိက္ခုနီမက။

**အဓိကရုဏ်း** မည်သည် ဝိဝါဒါဓိကရုဏ်း အနုဝါဒါဓိကရုဏ်း အာပတ္တာဓိကရုဏ်း ကိစ္စာဓိကရုဏ်း ဟူ၍ အဓိကရုဏ်း လေးမျိုး ရှိ၏။

**အသျှင်မ လာလော့ ဤအဓိကရုဏ်းကို ငြိမ်းစေပါလော့** ဟူသည် အသျှင်မ လာလော့ ဤအဓိကရုဏ်းကို ဆုံးဖြတ်ပေးပါလော့။

**ထိုဘိက္ခုနီမသည် နောက်အခါ၌ အန္တရာယ်မရှိပဲ** ဟူသည် အန္တရာယ် မရှိခဲ့သော်။

**မငြိမ်းစေငြားအံ့** ဟူသည် ကိုယ်တိုင်မငြိမ်းစေငြားအံ့။

**ငြိမ်းစေခြင်းငှါလည်း ကြောင့်ကြမစိုက်ငြားအံ့** ဟူသည် သူတပါးကိုမစေခိုင်းငြားအံ့။

"မငြိမ်းစေတော့အံ့ ငြိမ်းစေခြင်းငှါကြောင့်ကြမစိုက်တော့အံ့" ဟု ဝန်ချကာမျှ၌ ပါစိတ်အာပတ် **သင့်၏**။

http://www.dhammadownload.com



၉၉၇။ ဘိက္ခုနီမ၌ ဘိက္ခုနီမ ဟု အမှတ်ရှိသည်ဖြစ်၍ အဓိကရုဏ်းကို မငြိမ်းစေအံ့၊ ငြိမ်းစေခြင်းငှါလည်း ကြောင့်ကြမစိုက်အံ့၊ ပါစိတ်အာပတ် သင့်၏။

ဘိက္ခုနီမ၌ ယုံမှားရှိသည်ဖြစ်၍ အဓိကရုဏ်းကို မငြိမ်းစေအံ့၊ ငြိမ်းစေခြင်းငှါလည်း ကြောင့်ကြမစိုက်အံ့၊ ပါစိတ်အာပတ် သင့်၏။

ဘိက္ခုနီမ၌ ဘိက္ခုနီမ မဟုတ် ဟု အမှတ်ရှိသည်ဖြစ်၍ အဓိကရုဏ်းကိုမငြိမ်းစေအံ့၊ ငြိမ်းစေခြင်းငှါလည်း ကြောင့်ကြမစိုက်အံ့၊ ပါစိတ်အာပတ် သင့်၏။

လူသာမဏေ၏ အဓိကရုဏ်းကို မငြိမ်းစေအံ့၊ ငြိမ်းစေခြင်းငှါလည်း ကြောင့်ကြမစိုက်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

လူသာမဏေ၌ ဘိက္ခုနီမ ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ လူသာမဏေ၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ လူသာမဏေ၌ လူသာမဏေ ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

၉၉၈။ အန္တရာယ်ရှိအံ့၊ ရှာဖွေ၍ မရအံ့၊ အာပတ် မသင့်၊ နာဖျားသူအားလည်း အာပတ် မသင့်၊ ဘေးရန်တို့ကြောင့်လည်း အာပတ် မသင့်၊ ရူးသောဘိက္ခုနီမ အစလက်ဦး လွန်ကျူးသော ဘိက္ခုနီမတို့အားလည်း အာပတ် မသင့်။

ပဥ္စမသိက္ခာပုဒ် ပြီး၏။

---

## ၅-စိတ္တာဂါရဝဂ် ၆-ဆဋ္ဌသိက္ခာပုဒ်

၉၉၉။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ထုလ္လနန္ဒာဘိက္ခုနီမသည် ကစေသူ ကချေသည်တို့နှင့် ကျွမ်းသမား မျက်လှည့်သမား အိုးစည်သမား တို့အား "ငါ၏ဂုဏ်ကို ပရိသတ်အလယ်၌ ချီးကျူးပြောဆိုကုန်လော့" ဟု (ဆို၍) မိမိလက်ဖြင့် ခဲဖွယ်ဘောဇဉ်ကို ပေး၏။

ကစေသူ ကချေသည် ကျွမ်းသမား မျက်လှည့်သမား အိုးစည်သမားတို့သည် ထုလ္လနန္ဒာဘိက္ခုနီမ၏ ဂုဏ်ကို ပရိသတ်အလယ်၌ "အသျှင်မ ထုလ္လနန္ဒာသည် အကြားအမြင်များ၏၊ အပြောကောင်း၏၊တရားစကားကို ပြောခြင်းငှါလည်း ရဲရင့်၍ စွမ်းရည်ရှိ၏၊ အသျှင်မအား လှူဒါန်းကြကုန်လော့၊ အသျှင်မအား အရိုအသေပြုကြကုန်လော့" ဟု ချီးကျူး ပြောဆိုကုန်၏။

အလိုနည်းသော ဘိက္ခုနီမတို့သည် "အဘယ့်ကြောင့် အသျှင်မထုလ္လနန္ဒာသည် လူဝတ်ကြောင်အား မိမိလက်ဖြင့် ခဲဖွယ်ဘောဇဉ်ကို ပေးဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ ထုလ္လနန္ဒာဘိက္ခုနီမသည် လူဝတ်ကြောင်အား မိမိလက်ဖြင့် ခဲဖွယ်ဘောဇဉ်ကို ပေး၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

http://www.dhammadownload.com



ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ အဘယ့်ကြောင့် ထုလ္လနန္ဒာဘိက္ခုနီမသည် လူဝတ်ကြောင်အား မိမိလက်ဖြင့် ခဲဖွယ်ဘောဇဉ်ကို ပေးဘိသနည်း။ ရဟန်းတို့ ဤ (ထုလ္လနန္ဒာ ဘိက္ခုနီမ ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ ရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

**၁၀၁၁။ ၄၆-၁၀၀၀။ "အကြင် ဘိက္ခုနီမသည် လူဝတ်ကြောင်အားရင်း ပရိဗိုဇ်ယောကျ်ားအားရင်း ပရိဗိုဇ်မအားရင်း မိမိလက်ဖြင့် ခဲဖွယ်ဘောဇဉ်ကို ပေးငြားအံ့၊ (ထိုဘိက္ခုနီမအား) ပါစိတ်အာပတ် သင့်၏"** ဤသို့ (ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)။

## ၆-ဆဋ္ဌသိက္ခာပုဒ် အဖွင့်

၁၀၀၁။ **အကြင်** ဟူသည် အကြင်သို့ သဘောရှိသော။ပ။

**ဘိက္ခုနီမ** ဟူသည်။ပ။ ဤအရာ၌ ဤဉတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သော မိန်းမကို "ဘိက္ခုနီမ" ဟူ၍ အလိုရှိအပ်၏။

**လဝတ်ကြောင်** မည်သည် အိမ်နေသူ တဦးတယောက်တည်း။

**ပရိဗိုဇ်ယောကျ်ား** မည်သည် ရဟန်းယောကျ်ား သာမဏေယောကျ်ားမှတပါး ပရိဗိုဇ်အဖြစ်သို့ ရောက်သူ တဦးဦးတည်း။

**ပရိဗိုဇ်မ** မည်သည် ဘိက္ခုနီမ သိက္ခမာန် သာမဏေမတို့မှ တပါး ပရိဗိုဇ်မ အဖြစ်သို့ ရောက်သူ တဦးဦးတည်း။

**ခဲဖွယ်** မည်သည် ဘောဇဉ် ငါးပါး ရေ တံပူတို့မှ အကြွင်းသည် ခဲဖွယ် မည်၏။

**ဘောဇဉ်** မည်သည် ထမင်း မုယောမုံ့ မုံ့လုံး ငါး အမဲသားဖြင့် ဘောဇဉ် ငါးပါးတို့တည်း။

**ပေးငြားအံ့** ဟူသည် ကိုယ် ကိုယ်နှင့်စပ်သောဝတ္ထု စွန့်လွှတ်လိုက်သောဝတ္ထုဖြင့် ပေးအံ့၊ ပါစိတ်အာပတ် သင့်၏။ ရေဒန်ပူကိုပေးအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

၁၀၀၂။ အပေးသာခိုင်း၍ ကိုယ်တိုင်မပေးအံ့၊ အနီး၌ချထား၍ ပေးအံ့၊ အပလိမ်းကျံဖွယ်ကို ပေးအံ့၊ အာပတ် မသင့်၊ ရူးသောဘိက္ခုနီမ အစလက်ဦး လွန်ကျူးသော ဘိက္ခုနီမတို့အားလည်း အာပတ် မသင့်။

ဆဋ္ဌသိက္ခာပုဒ် ပြီး၏။

---

## ၅-စိတ္တာဂါရဝဂ် ၇-သတ္တမသိက္ခာပုဒ်

၁၀၀၃။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ထုလ္လနန္ဒာ ဘိက္ခုနီမသည် ဥဘုန်း သင်္ကန်းကိုမစွန့်လွှတ်ပဲ သုံးဆောင်သဖြင့် အခြားဥတုလာသော ဘိက္ခုနီမတို့သည် မရကြကုန်။

http://www.dhammadownload.com



အလိုနည်းသော ဘိက္ခုနီမတို့သည် "အဘယ့်ကြောင့် အသျှင်မထုလ္လနန္ဒာသည် ဥတုနှီးသက်န်းကို မစွန့်လွှတ်ပဲ သုံးဆောင်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ ထုလ္လနန္ဒာ ဘိက္ခုနီမသည် ဥတုနှီးသက်န်းကို မစွန့်လွှတ်ပဲ သုံးဆောင်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ အဘယ့်ကြောင့် ထုလ္လနန္ဒာဘိက္ခုနီမသည် ဥတုနှီးသက်န်းကို မစွန့်လွှတ်ပဲ သုံးဆောင်ဘိသနည်း။ ရဟန်းတို့ ဤ (ထုလ္လနန္ဒာ ဘိက္ခုနီမ ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ ရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

**၁၀၂။ ၄၇-၁၀၀၄။ "အကြင် ဘိက္ခုနီမသည် ဥတုနှီး သက်န်းကို မစွန့်လွှတ်ပဲ သုံးဆောင်ငြားအံ့၊ (ထိုဘိက္ခုနီမအား) ပါစိတ်အာပတ် သင့်၏"** ဤသို့ (ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)။

## ၇-သတ္တမသိက္ခာပုဒ် အဖွင့်

၁၀၀၅။ **အကြင်** ဟူသည် အကြင်သို့ သဘောရှိသော။ပ။

**ဘိက္ခုနီမ** ဟူသည်။ပ။ ဤအရာ၌ ဤဥ တ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သော မိန်းမကို "ဘိက္ခုနီမ" ဟူ၍ အလိုရှိအပ်၏။

**ဥတုနှီး သက်န်း** မည်သည် ဥတုလာသော ဘိက္ခုနီမတို့သည် သုံးဆောင်ကြစေကုန် ဟု (ရည်ရွယ်လျက်) လှူထားသော သက်န်းတည်း။

**မစွန့်လွှတ်ပဲ သုံးဆောင်ငြားအံ့** ဟူသည် နှစ်ညဥ့် သုံးညဥ့်တို့ သုံးဆောင်ပြီးနောက် လေးရက်မြောက်နေ့၌ ဖွပ်လျှော်ပြီးလျှင် ဘိက္ခုနီမ သိက္ခမာန် သာမဏေမတို့အား မစွန့်လွှတ်ပဲ သုံးဆောင်အံ့၊ ပါစိတ်အာပတ် သင့်၏။

၁၀၀၆။ မစွန့်လွှတ်ရသေးသည်၌ မစွန့်လွှတ်ရသေး ဟု အမှတ်ရှိ၍ သုံးဆောင်အံ့၊ ပါစိတ်အာပတ် သင့်၏။

မစွန့်လွှတ်ရသေးသည်၌ ယုံမှားရှိသည်ဖြစ်၍ သုံးဆောင်အံ့၊ ပါစိတ်အာပတ် သင့်၏။

မစွန့်လွှတ်ရသေးသည်၌ စွန့်လွှတ်ပြီး ဟု အမှတ်ရှိသည်ဖြစ်၍ သုံးဆောင်အံ့၊ ပါစိတ်အာပတ် သင့်၏။

စွန့်လွှတ်ပြီးသည်၌ မစွန့်လွှတ်ရသေး ဟု အမှတ်ရှိအံ့၊ ဒုက္កဋ်အာပတ် သင့်၏။ စွန့်လွှတ်ပြီးသည်၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ စွန့်လွှတ်ပြီးသည်၌ စွန့်လွှတ်ပြီး ဟု အမှတ်ရှိအံ့၊ အာပတ် မသင့်။

http://www.dhammadownload.com



၁၀၀၇။ စွန့်လွှတ်ပြီးမှ သုံးဆောင်အံ့၊ တဖန် အလှည့်ကျသဖြင့် သုံးဆောင်အံ့၊ ဥတုလာသ အခြားဘိက္ခုနီမတို့ မရှိကုန်အံ့၊အာပတ် မသင့်၊ သင်္ကန်းအလုခံရသော ဘိက္ခုနီမ သင်္ကန်းပျောက်သော ဘိက္ခုနီမတို့အား အာပတ် မသင့်၊ ဘေးရန်တို့ကြောင့်လည်း အာပတ် မသင့်၊ ရူးသောဘိက္ခုနီမ အစလက်ဦး လွန်ကျူးသော ဘိက္ခုနီမတို့အားလည်း အာပတ် မသင့်။

သတ္တမသိက္ခာပုဒ် ပြီး၏။

---

## ၅-စိတ္တာဂါရဝဂ် ၈-အဋ္ဌမသိက္ခာပုဒ်

၁၀၀၈။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ထုလ္လနန္ဒာဘိက္ခုနီမသည် ကျောင်းကို မစွန့်ပဲ ဒေသစာရီ ဖဲသွား၏။

ထိုစဉ်အခါ၌ ထုလ္လနန္ဒာဘိက္ခုနီမ၏ ကျောင်းသည် မီးလောင်သဖြင့် ဘိက္ခုနီမတို့က "အသျှင်မတို့ ပစ္စည်းဘဏ္ဍာကို သယ်ယူထုတ်ဆောင်ကြစို့" ဟု ဆိုကုန်၏။

အချို့သော ဘိက္ခုနီမတို့ကမူ "အသျှင်မတို့ ငါတို့သည် မသယ်ယူ မထုတ်ဆောင်လိုကုန် ပစ္စည်း ဥစ္စာ တစုံတခု ပျောက်ခဲ့သော် အလုံးစုံသော ပစ္စည်း ဘဏ္ဍာအတွက် ငါတို့ကို မေးစိစစ်လတ္တံ့" ဟု ဆိုကုန်၏။

ထုလ္လနန္ဒာဘိက္ခုနီမသည် တဖန် ထိုကျောင်းသို့ ပြန်လာ၍ "အသျှင်မတို့ ပစ္စည်းဘဏ္ဍာကို သယ်ယူထုတ်ဆောင်ကြသည် မဟုတ်ပါလော" ဟု ဘိက္ခုနီမတို့အား မေးသဖြင့် အသျှင်မ အကျွန်ုပ်တို့သည် မသယ်ယူ မထုတ်ဆောင်ပါကုန် ဟု ပြောဆိုကုန်၏။

ထုလ္လနန္ဒာ ဘိက္ခုနီမသည် "အဘယ့်ကြောင့် ဘိက္ခုနီမတို့သည် ကျောင်းကို မီးလောင်နေပါလျက် ပစ္စည်းဘဏ္ဍာကို မသယ်ယူ မထုတ်ဆောင်ကုန်ဘိသနည်း" ဟု ကဲ့ရဲ့၏၊ ရှုတ်ချ၏၊ အပြစ်ပြ ပြောဆို၏။

အလိုနည်းသော ဘိက္ခုနီမတို့သည် "အဘယ့်ကြောင့် အသျှင်မ ထုလ္လနန္ဒာသည် ကျောင်းကို မစွန့်ပဲ ဒေသစာရီ ဖဲသွားလေဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ ထုလ္လနန္ဒာ ဘိက္ခုနီမသည် ကျောင်းကို မစွန့်ပဲ ဒေသစာရီ ဖဲသွား၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ အဘယ့်ကြောင့် ထုလ္လနန္ဒာဘိက္ခုနီမသည် ကျောင်းကို မစွန့်ပဲ ဒေသစာရီ ဖဲသွားဘိသနည်း။ ရဟန်းတို့ ဤ (ထုလ္လနန္ဒာ ဘိက္ခုနီမ ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ ရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

**၁၈၃။ ၄၈-၁၀၀၉။ "အကြင် ဘိက္ခုနီမသည် ကျောင်းကိုမစွန့်ပဲ ဒေသစာရီ ဖဲသွားငြားအံ့၊ (ထိုဘိက္ခုနီမအား) ပါစိတ်အာပတ် သင့်၏" ဤသို့ (ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)။**

http://www.dhammadownload.com



## ဂ-အဋ္ဌမသိက္ခာပုဒ် အဖွင့်

၁၀၁၀။ အကြောင် ဟူသည် အကြောင်းသို့ သဘောရှိသော။ပ။

ဘိက္ခုနီမ ဟူသည်။ပ။ ဤအရာ၌ ဤဥတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သော မိန်းမကို "ဘိက္ခုနီမ" ဟူ၍ အလိုရှိအပ်၏။

ကျောင်း မည်သည် တံခါးရွက် အဖွဲ့ရှိသော ကျောင်းကို ဆိုလို၏။

မစွန့်ပဲ ဒေသစာရီ ဖဲသွားငြားအံ့ ဟူသည် ဘိက္ခုနီမအားသော်၎င်း သိက္ခမာန်အားသော်၎င်း သာမဏေမအားသော်၎င်း မစွန့်ပဲ အရံရှိသော ကျောင်း၏ အရံကို လွန်စေသော ဘိက္ခုနီမအား ပါစိတ်အာပတ် သင့်၏။ အရံမရှိသော ကျောင်း၏ ဥပစာကို လွန်စေသော ဘိက္ခုနီမအား ပါစိတ် အာပတ် သင့်၏။

၁၀၁၁။ မစွန့်ရသေးသည်၌ မစွန့်ရသေး ဟု အမှတ်ရှိသည်ဖြစ်၍ ဖဲသွားအံ့၊ ပါစိတ်အာပတ် သင့်၏။ မစွန့်ရသေးသည်၌ ယုံမှားရှိသည်ဖြစ်၍ ဖဲသွားအံ့၊ ပါစိတ်အာပတ် သင့်၏။ မစွန့်ရသေးသည်၌ စွန့်ထားပြီး ဟု အမှတ်ရှိသည်ဖြစ်၍ ဖဲသွားအံ့၊ ပါစိတ်အာပတ် သင့်၏။

တံခါးရွက်အဖွဲ့မရှိသော ကျောင်းကို မစွန့်ပဲ ဖဲသွားအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ စွန့်ထားပြီးသည်၌ မစွန့်ရသေး ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ စွန့်ထားပြီးသည်၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ စွန့်ထားပြီးသည်၌ စွန့်ထားပြီး ဟု အမှတ်ရှိအံ့၊ အာပတ် မသင့်။

၁၀၁၂။ စွန့်ပြီးမှ ဖဲသွားအံ့၊ အန္တရာယ်ရှိ၍ ဖဲသွားအံ့၊ ရှာဖွေ၍မရအံ့၊ အာပတ် မသင့်၊ နာဖျားသော ဘိက္ခုနီမအားလည်း အာပတ် မသင့်၊ ဘေးရန်တို့ကြောင့်လည်း အာပတ် မသင့်၊ ရူးသော ဘိက္ခုနီမ အစလက်ဦး လွန်ကျူးသော ဘိက္ခုနီမတို့အားလည်း အာပတ် မသင့်။

အဋ္ဌမသိက္ခာပုဒ် ပြီး၏။

---

## ၅-စိတ္တာဂါရဝဂ် ၉-နဝမသိက္ခာပုဒ်

၁၀၁၃။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံ ဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဆဋ္ဌဂ္ဂီဘိက္ခုနီမတို့သည် တိရစ္ဆာန ဝိဇ္ဇာ* 'ဗီလာအတတ်' ကို သင်ယူကုန်၏။

လူတို့သည် "အဘယ့်ကြောင့် ဘိက္ခုနီမတို့သည် ကာမဂုဏ်ချမ်းသာကို ခံစားသော လူမိန်းမတို့ ကဲ့သို့ ဗီလာအတတ်ကို သင်ယူကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြ ကုန်၏၊

ဘိက္ခုနီမတို့သည် ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုကြသော ထိုလူတို့၏ စကားကို ကြားကြသည် သာတည်း။ အလိုနည်းသော ဘိက္ခုနီမတို့သည် "အဘယ့်ကြောင့် ဆဗ္ဗဂ္ဂီ ဘိက္ခုနီမတို့သည် ဗီလာ အတတ်ကို သင်ယူကုန်ဘိသနည်း။ပ။

---

* ဤ၌ တိရစ္ဆာနဝိဇ္ဇာ ဟူသည် နတ်ရွာနိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်နှင့် ဆန့်ကျင်ဖက် အတတ်တည်း။

http://www.dhammadownload.com



"ရဟန်းတို့ ဆဗ္ဗဂ္ဂီဘိက္ခုနီမတို့သည် တိရစ္ဆာနဝိဇ္ဇာ 'ဗီလာအတတ်' ကို သင်ယူကြကုန်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ အဘယ့်ကြောင့် ဆဗ္ဗဂ္ဂီ ဘိက္ခုနီမတို့သည် တိရစ္ဆာနဝိဇ္ဇာ 'ဗီလာအတတ်' ကို သင်ယူကုန်ဘိသနည်း။ ရဟန်းတို့ ဤ (ဆဗ္ဗဂ္ဂီ ဘိက္ခုနီမတို့ ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ ရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

**၁၀၄။ ၄၉-၁၀၁၄။ "အကြင် ဘိက္ခုနီမသည် တိရစ္ဆာနဝိဇ္ဇာ 'ဗီလာအတတ်' ကို သင်ယူ ငြားအံ့၊ (ထိုဘိက္ခုနီမအား) ပါစိတ်အာပတ် သင့်၏"** ဤသို့ (ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)။

## ၉-နဝမသိက္ခာပုဒ် အဖွင့်

၁၀၁၅။ **အကြင်** ဟူသည် အကြင်သို့ သဘောရှိသော။ပ။

**ဘိက္ခုနီမ** ဟူသည်။ပ။ ဤအရာ၌ ဤဥတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သော မိန်းမကို "ဘိက္ခုနီမ" ဟူ၍ အလိုရှိအပ်၏။

**တိရစ္ဆာနဝိဇ္ဇာ 'ဗီလာအတတ်'** မည်သည် သာသနာ၏ ပြင်ပဖြစ်သော အကျိုးမဲ့နှင့် စပ်လျဉ်း သည့် အတတ် တစုံတခုတည်း။

**သင်ယူငြားအံ့** ဟူသည် ပုဒ်ဖြင့်သင်ယူအံ့၊ ပုဒ်တိုင်းပုဒ်တိုင်း ပါစိတ်အာပတ် သင့်၏။ အက္ခရာဖြင့် သင်ယူအံ့၊ အက္ခရာတိုင်း အက္ခရာတိုင်း ပါစိတ်အာပတ် သင့်၏။

၁၀၁၆။ စာရေးခြင်းအတတ်ကို သင်ယူအံ့၊ ဆောင်ထားခြင်းငှါ သင်ယူအံ့၊ လုံခြုံစေခြင်းအကျိုး ငှါ အရံအတားအတတ်ကို သင်ယူအံ့၊ အာပတ် မသင့်၊ ရူးသောဘိက္ခုနီမ အစလက်ဦး လွန်ကျူးသော ဘိက္ခုနီမတို့အားလည်း အာပတ် မသင့်။

နဝမသိက္ခာပုဒ် ပြီး၏။

---

## ၅-စိတ္တာဂါရဝဂ် ၁၀-ဒသမသိက္ခာပုဒ်

၁၀၁၇။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံ ဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဆဗ္ဗဂ္ဂီဘိက္ခုနီမတို့သည် တိရစ္ဆာန ဝိဇ္ဇာ 'ဗီလာအတတ်' ကို ပို့ချသင်ပေးကုန်၏။

လူတို့သည် "အဘယ့်ကြောင့် ဘိက္ခုနီမတို့သည် ကာမဂုဏ်ချမ်းသာကို ခံစားသော လူမိန်းမတို့ ကဲ့သို့ တိရစ္ဆာနဝိဇ္ဇာ 'ဗီလာအတတ်' ကို ပို့ချသင်ပေးကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

http://www.dhammadownload.com



ဘိက္ခုနီမတို့သည် ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုကြသော ထိုလူတို့၏ စကားကို ကြားကြသည်သာတည်း။ အလိုနည်းသော ဘိက္ခုနီမတို့သည် "အဘယ့်ကြောင့် ဆဗ္ဗဂ္ဂီဘိက္ခုနီမတို့သည် တိရစ္ဆာနဝိဇ္ဇာ 'ဖီလာအတတ်' ကို ပို့ချသင်ပေးကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ ဆဗ္ဗဂ္ဂီဘိက္ခုနီမတို့သည် တိရစ္ဆာနဝိဇ္ဇာ 'ဖီလာအတတ်' ကို ပို့ချသင်ပေးကုန်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ အဘယ့်ကြောင့် ဆဗ္ဗဂ္ဂီဘိက္ခုနီမတို့သည် တိရစ္ဆာနဝိဇ္ဇာ 'ဖီလာအတတ်' ကို ပို့ချ သင်ပေးကုန်ဘိသနည်း။ ရဟန်းတို့ ဤ (ဆဗ္ဗဂ္ဂီ ဘိက္ခုနီမတို့ ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ ရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

၁၀၅။ ၅၀-၁၀၁၈။ "အကြင် ဘိက္ခုနီမသည် တိရစ္ဆာနဝိဇ္ဇာ 'ဖီလာအတတ်' ကို ပို့ချ သင်ပေးငြားအံ့၊ (ထိုဘိက္ခုနီမအား) ပါစိတ်အာပတ် သင့်၏" ဤသို့ (ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)။

## ၁၀-ဒသမသိက္ခာပုဒ် အဖွင့်

၁၀၁၉။ အကြင် ဟူသည် အကြင်သို့ သဘောရှိသော။ပ။

ဘိက္ခုနီမ ဟူသည်။ပ။ ဤအရာ၌ ဤဥတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သော မိန်းမကို "ဘိက္ခုနီမ" ဟူ၍ အလိုရှိအပ်၏။

တိရစ္ဆာနဝိဇ္ဇာ 'ဖီလာအတတ်' မည်သည် သာသနာ၏ ပြင်ပဖြစ်သော အကျိုးမဲ့နှင့် စပ်လျဉ်းသည့် အတတ်တစုံတခုတည်း။

ပို့ချသင်ပေးငြားအံ့ ဟူသည် ပုဒ်ဖြင့် ပို့ချသင်ပေးငြားအံ့၊ ပုဒ်တိုင်း ပုဒ်တိုင်း ပါစိတ်အာပတ် သင့်၏။ အက္ခရာဖြင့် ပို့ချသင်ပေးငြားအံ့ အက္ခရာတိုင်း အက္ခရာတိုင်း ပါစိတ်အာပတ် သင့်၏။

၁၀၂၀။ စာရေးခြင်းအတတ်ကို ပို့ချသင်ပေးအံ့၊ ဆောင်ထားစေရန် ပို့ချသင်ပေးအံ့၊ လုံခြုံစေခြင်းအကျိုးငှါ အရံအတားအတတ်ကို ပို့ချသင်ပေးအံ့၊ အာပတ် မသင့်၊ ရူးသောဘိက္ခုနီမ အစလက်ဦး လွန်ကျူးသော ဘိက္ခုနီမတို့အားလည်း အာပတ် မသင့်။

ဒသမသိက္ခာပုဒ် ပြီး၏။

ပဉ္စမစိတ္တာဂါရဝဂ် ပြီး၏။

http://www.dhammadownload.com



### ၆-အာရာမဝဂ် ၁-ပဌမသိက္ခာပုဒ်

၁၀၂၁။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံ ဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ များစွာသော ရဟန်းတို့သည် ရွာ ကျောင်း၌ သင်္ကန်းတထည်တည်းသာ ဝတ်ကုန်လျက် သင်္ကန်းချုပ်နေကြကုန်၏။

ဘိက္ခုနီမတို့သည် မပန်ကြားပဲ အရံအတွင်းသို့ ဝင်၍ ထိုသင်္ကန်းချုပ်သော ရဟန်းတို့ အထံသို့ ချဉ်းကပ်ကုန်၏။ ရဟန်းတို့သည် "အဘယ့်ကြောင့် ဘိက္ခုနီမတို့သည် မပန်ကြားပဲ အရံတွင်းသို့ ဝင်ကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ ပ။

"ရဟန်းတို့ ဘိက္ခုနီမတို့သည် မပန်ကြားပဲ အရံတွင်းသို့ ဝင်ကုန်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ အဘယ့်ကြောင့် ဘိက္ခုနီမတို့သည် မပန်ကြားပဲ အရံတွင်းသို့ ဝင်ကုန်ဘိသနည်း။ ရဟန်းတို့ ဤ (ဘိက္ခုနီမတို့ ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

**(က) "အကြင် ဘိက္ခုနီမသည် မပန်ကြားပဲ အရံအတွင်းသို့ဝင်ငြားအံ့၊ (ထို ဘိက္ခုနီမအား ပါစိတ်အာပတ် သင့်၏" ဤသို့** (ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)။

ဤသို့လျှင် မြတ်စွာဘုရားသည် ဘိက္ခုနီမတို့အား ဤသိက္ခာပုဒ်ကို ပညတ်တော်မူ၏။

၁၀၂၂။ ထိုစဉ်အခါ၌ ရဟန်းတို့သည် ထိုကျောင်းမှ ဖဲသွားကုန်၏။ ဘိက္ခုနီမတို့သည် "အသျှင် ကောင်းတို့ ဖဲသွားကုန်ပြီ" ဟု အရံတွင်းသို့ မသွားကုန်။ ထိုအခါ ရဟန်းတို့သည် ထိုကျောင်းသို့တဖန် ပြန်လာကုန်၏။ ဘိက္ခုနီမတို့သည် "အသျှင်ကောင်းတို့ ပြန်လာကုန်ပြီ" ဟု ပန်ကြား၍ အရံတွင်းသို့ ဝင်ပြီးလျှင် ထိုရဟန်းတို့ အထံသို့ချဉ်းကပ်၍ ရှိခိုးပြီးနောက် တခုသောနေရာ၌ နေကုန်၏။

တခုသောနေရာ၌ နေသော ဘိက္ခုနီမတို့ကို ထိုရဟန်းတို့က "နှမ သင်တို့သည် အဘယ့်ကြောင့် အရံကို တံမြက်မလှည်းကုန်ဘိသနည်း၊ သောက်ရေ သုံးဆောင်ရေကို မတည်ထားကုန်ဘိသနည်း" ဟု ဆိုကုန်၏။ "အသျှင်တို့ အရံတွင်းသို့ မပန်ကြားပဲ မဝင်ရ" ဟု သိက္ခာပုဒ်ကို မြတ်စွာဘုရား ပညတ်တော် မူ၏။ ထို့ကြောင့် အကျွန်ုပ်တို့သည် အရံတွင်းသို့ မလာကြပါကုန် ဟု လျှောက်ကြကုန်၏။

မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ပ။ ရဟန်းတို့ ထင်ရှားရှိသော ရဟန်းကို ပန်ကြား၍ အရံတွင်းသို့ ဝင်ခြင်းငှါ ခွင့်ပြုတော်မူ၏ ဟု မိန့်တော်မူ၏။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

**(ခ) "အကြင် ဘိက္ခုနီမသည် ထင်ရှားရှိသော ရဟန်းကို မပန်ကြားပဲ အရံတွင်းသို့ ဝင်ငြားအံ့၊ (ထို ဘိက္ခုနီမအား) ပါစိတ်အာပတ် သင့်၏" ဤသို့** (ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)။

ဤသို့လျှင် မြတ်စွာဘုရားသည် ဘိက္ခုနီမတို့အား ဤသိက္ခာပုဒ်ကို ပညတ်တော်မူ၏။

http://www.dhammadownload.com



၁၀၂၃။ ထိုစဉ်အခါ၌ ရဟန်းတို့သည် ထိုကျောင်းမှ ဖဲသွားပြီးနောက် ထိုကျောင်းသို့ပင် တဖန် ပြန်လာကြကုန်၏။ ဘိက္ခုနီမတို့သည် "အသျှင်ကောင်းတို့ ဖဲသွားကုန်ပြီ" ဟု မပန်ကြားပဲ အရံတွင်းသို့ ဝင်ကုန်၏။ မြတ်စွာဘုရားသည် 'ထင်ရှားရှိသော ရဟန်းကို မပန်ကြားပဲ အရံတွင်းသို့ မဝင်ရ' ဟု သိက္ခာပုဒ်ကို ပညတ်ထားတော်မူ၏။ သို့သော်လည်း ငါတို့သည် ထင်ရှားရှိသော ရဟန်းကို မပန်ကြားပဲ အရံတွင်းသို့ ဝင်မိကြလေပြီ၊ အသို့နည်း ငါတို့အား ပါစိတ်အာပတ် သင့်သလော" ဟု ထိုဘိက္ခုနီမတို့အား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်ကုန်၏။

မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် တရားစကားကို ဟောတော်မူ၍ ရဟန်းတို့ကို မိန့်တော်မူ၏။ပ။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

**၁၀၆။ ၅၁-(ဂ) ၁၀၂၄။ "အကြင် ဘိက္ခုနီမသည် သိလျက် ရဟန်းရှိသော အရံတွင်းသို့ မပန်ကြားပဲ ဝင်ငြားအံ့၊ (ထိုဘိက္ခုနီမအား) ပါစိတ်အာပတ် သင့်၏" ဤသို့ (ပြကြစေကုန် လော့ ဟု မိန့်တော်မူ၏)။**

## ၁-ပဌမသိက္ခာပုဒ် အဖွင့်

၁၀၂၅။ အကြင် ဟူသည် အကြင်သို့ သဘောရှိသော။ပ။

**ဘိက္ခုနီမ** ဟူသည်။ပ။ ဤအရာ၌ ဤဉတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သော မိန်းမကို "ဘိက္ခုနီမ" ဟူ၍ အလိုရှိအပ်၏။

**သိ၏** မည်သည် ကိုယ်တိုင်သော်လည်း သိ၏၊ သူတပါးတို့ကမူလည်း ထိုဘိက္ခုနီမအား ပြောကြားကုန်၏၊ ထိုရဟန်းတို့ကမူလည်း ပြောကြားကုန်၏။

ရဟန်းရှိသော အရံတွင်း မည်သည် အကြင်အရံ၌ ရဟန်းတို့သည် သစ်ပင်ရင်း၌သော်လည်း နေကုန်၏၊ (ထိုအရပ်တည်း)။

**မပန်ကြားပဲ အရံတွင်းသို့ ဝင်ငြားအံ့** ဟူသည် ရဟန်းကိုဖြစ်စေ သာမဏေကိုဖြစ်စေ အရံစောင့် ကို ဖြစ်စေ မပန်ကြားပဲ အရံရှိသော ကျောင်း၏ အရံအတားကို လွန်စေသော ဘိက္ခုနီမအား ပါစိတ် အာပတ် သင့်၏။ အရံမရှိသော ကျောင်း၏ ဥပစာသို့ သက်သော ဘိက္ခုနီမအား ပါစိတ်အာပတ် သင့်၏။

၁၀၂၆။ ရဟန်းရှိသော အရံတွင်း၌ ရဟန်းရှိသော အရံတွင်း ဟု အမှတ်ရှိသည်ဖြစ်၍ ထင်ရှား ရှိသော ရဟန်းကို မပန်ကြားပဲ အရံတွင်းသို့ ဝင်အံ့၊ ပါစိတ်အာပတ် သင့်၏။

ရဟန်းရှိသော အရံတွင်း၌ ယုံမှားရှိသည်ဖြစ်၍ ထင်ရှားရှိသော ရဟန်းကို မပန်ကြားပဲ အရံတွင်း သို့ ဝင်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ရဟန်းရှိသော အရံတွင်း၌ ရဟန်းမရှိ ဟု အမှတ်ရှိသည် ဖြစ်၍ ထင်ရှားရှိသော ရဟန်းကို မပန် ကြားပဲ အရံတွင်းသို့ ဝင်အံ့၊ အာပတ် မသင့်။

http://www.dhammadownload.com



ရဟန်းမရှိသော အရံ၌ ရဟန်းရှိ၏ ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ရဟန်းမရှိသော အရံ၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ရဟန်းမရှိသော အရံ၌ ရဟန်း မရှိ ဟု အမှတ်ရှိအံ့၊ အာပတ် မသင့်။

၁၀၂၇။ ထင်ရှားရှိသော ရဟန်းကို ပန်ကြား၍ ဝင်အံ့၊ ရဟန်း ထင်ရှားမရှိသောကြောင့် မပန်ကြားပဲ ဝင်အံ့၊ ရှေးဦးဝင်နှင့်သော ဘိက္ခုနီမတို့၏ ခေါင်းဆောင်မှုကို ကြည့်ရှု၍*ဝင်သွားအံ့၊ ဘိက္ခုနီမတို့ စည်းဝေးနေရာအရပ်သို့ သွားအံ့၊ အရံဖြင့် (ဖြတ်သန်းသွားရသော) လမ်းရိုးဖြစ်အံ့၊ အာပတ် မသင့်၊ နာဖျားသော ဘိက္ခုနီမတို့အားလည်း အာပတ် မသင့်၊ ဘေးရန်တို့ကြောင့်လည်း အာပတ် မသင့်၊ ရူးသော ဘိက္ခုနီမ အစလက်ဦး လွန်ကျူးသော ဘိက္ခုနီမတို့အားလည်း အာပတ် မသင့်။

ပဌမသိက္ခာပုဒ် ပြီး၏။

---

## ၆-အာရာမဝဂ် ၂-ဒုတိယသိက္ခာပုဒ်

၁၀၂၈။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဝေသာလီပြည် မဟာဝုန်တော ပြာသာဒ်ဆောင် ပေါက်သော ကျောင်းကြီး၌ သီတင်းသုံး နေတော်မူသောအခါ အသျှင်ဥပါလိ၏ ဥပဇ္ဈာယ်ဆရာဖြစ်သော အသျှင်ကပ္ပိတကသည် သင်းချိုင်း၌ နေ၏။

ထိုစဉ်အခါ၌ ဆဗ္ဗဂ္ဂီဘိက္ခုနီမတို့တွင် သီတင်းကြီး ဖြစ်သော ဘိက္ခုနီမသည် ကွယ်လွန်လေ၏။ ဆဗ္ဗဂ္ဂီဘိက္ခုနီမတို့သည် ထိုဘိက္ခုနီမ (ရုပ်အလောင်း) ကို ယူဆောင်၍ အသျှင်ကပ္ပိတက၏ ကျောင်းအနီး၌ မီးသင်္ဂြိုဟ်၍ စေတီပြုလုပ်ပြီးနောက် ထိုစေတီသို့ သွား၍ ငိုကြကုန်၏။

ထိုအခါ အသျှင်ကပ္ပိတကသည် ထိုငိုသံနှိပ်စက်သဖြင့် စေတီကို ဖျက်ဆီး၍ ကစဉ့်ကရဲ ဖြန့်ကြဲထားလေ၏။ ဆဗ္ဗဂ္ဂီဘိက္ခုနီမတို့သည် "ဤကပ္ပိတကသည် ငါတို့ အသျှင်မ၏စေတီကို ဖျက်ဆီး၏၊ ယခုပင်လျှင် ထိုကပ္ပိတကကို သတ်ကြစို့" ဟု တိုင်ပင်ကြကုန်၏။ ဘိက္ခုနီမတပါးက အသျှင်ဥပါလိအား ဤအကြောင်းကို လျှောက်၏။ အသျှင်ဥပါလိသည် အသျှင်ကပ္ပိတကအား ဤအကြောင်းကို လျှောက်၏။

ထိုအခါ အသျှင်ကပ္ပိတကသည် ကျောင်းမှထွက်၍ တိမ်းရှောင် ပုန်းကွယ်နေရလေ၏။ ထို့နောက် ဆဗ္ဗဂ္ဂီဘိက္ခုနီမတို့သည် အသျှင်ကပ္ပိတက၏ ကျောင်းသို့ ချဉ်းကပ်ကြပြီးလျှင် အသျှင်ကပ္ပိတက၏ ကျောင်းကို ကျောက်ခဲ မြေစိုင်ခဲတို့ဖြင့် လွှမ်းဖိစေ၍ "ကပ္ပိတကသည် သေလေပြီ" ဟု ထင်မှတ်ကာ ဖဲသွားကုန်၏။

ထို့နောက် အသျှင်ကပ္ပိတကသည် ထိုညဥ့်လွန်သော နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ် သင်္ကန်းကို ယူပြီးလျှင် ဝေသာလီပြည်သို့ ဆွမ်းခံဝင်လေ၏။ ဆဗ္ဗဂ္ဂီဘိက္ခုနီမတို့သည် အသျှင်ကပ္ပိတက ဆွမ်းခံလှည့်လည်နေသည်ကိုမြင်၍ "ဤကပ္ပိတကသည် အသက်ရှင်နေသေး၏၊ အဘယ်သူသည် ငါတို့၏

---

* သိသာနုလောကိကာတိ ပဌမံ ပဝိသန္တိနံ ဘိက္ခုနီနံ သီသံ အနုလောကေန္တိ ပဝိသတိ၊ အနုဒပတ္တိ (အဋ္ဌကထာ)

http://www.dhammadownload.com



တိုင်ပင်ချက်ကို ဖျက်ဆီးလေသနည်း" ဟု ပြောဆိုကုန်၏။ ဆဗ္ဗဂ္ဂီဘိက္ခုနီမတို့သည် "အသျှင်ဥပါလိ မထေရ်သည် ငါတို့၏ တိုင်ပင်ချက်ကို ဖျက်ဆီးလေသတတ်" ဟု ကြားကုန်၏။

ထိုဘိက္ခုနီမတို့သည် အသျှင်ဥပါလိမထေရ်ကို "ဖန်ရည်စွန်းသော ဆတ္တာသည်တို့၏ အဝတ်ကို ဝတ်၍ အညစ်အကြေးကို သုတ်သင်ပေးရသည့် ဤဇာတ်ညံ့သူ (ဥပါလိ) သည် အဘယ့်ကြောင့် ငါတို့၏ တိုင်ပင်ချက်ကို ဖျက်ဆီးလေဘိသနည်း" ဟု ဆဲရေးကုန်၏။

အလိုနည်းသော ဘိက္ခုနီမတို့သည် "အဘယ့်ကြောင့် ဆဗ္ဗဂ္ဂီဘိက္ခုနီမတို့သည် အသျှင်ဥပါလိကို ဆဲရေးကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ ဆဗ္ဗဂ္ဂီဘိက္ခုနီမတို့သည် ဥပါလိကို ဆဲရေးကုန်၏ ဟူသည် မှန်သလော" ဟု စိစစ် **မေးမြန်းတော်မူ၏**။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ အဘယ့်ကြောင့် ဆဗ္ဗဂ္ဂီဘိက္ခုနီမတို့သည် ဥပါလိကို ဆဲရေးကုန်ဘိသနည်း။ ရဟန်းတို့ ဤ (ဆဗ္ဗဂ္ဂီဘိက္ခုနီမတို့ ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ ရှိရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

၁၀၇။ ၅၂-၁၀၂၉။ **"အကြင် ဘိက္ခုနီမသည် ရဟန်းကို ဆဲရေးမူလည်း ဆဲရေး‌ငြားအံ့၊ ခြိမ်းခြောက်မူလည်း ခြိမ်းခြောက်ငြားအံ့၊ (ထိုဘိက္ခုနီမအား) ပါစိတ်အာပတ် သင့်၏"** ဤသို့ (ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)။

## ၂-ဒုတိယသိက္ခာပုဒ် အဖွင့်

၁၀၃၀။ **အကြင်** ဟူသည် အကြင်သို့ သဘောရှိသော။ပ။

**ဘိက္ခုနီမ** ဟူသည်။ပ။ ဤအရာ၌ ဤဥ ဘ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သော မိန်းမကို "ဘိက္ခုနီမ" ဟူ၍ အလိုရှိအပ်၏။

**ရဟန်းကို** ဟူသည် ပဉ္စင်းဖြစ်သော သူကို။

**ဆဲရေးငြားအံ့** ဟူသည် ဆဲရေးခြင်း အကြောင်းဆယ်မျိုးတို့ဖြင့် သော်လည်း ဆဲရေးအံ့၊ ထို ဆဲရေးခြင်း ဆယ်မျိုးတို့တွင် တမျိုးမျိုးဖြင့်သော်လည်း ဆဲရေးအံ့၊ ပါစိတ်အာပတ် သင့်၏။

**ခြိမ်းခြောက်ငြားအံ့** ဟူသည် ဘေးကိုပြအံ့၊ ပါစိတ်အာပတ် သင့်၏။

၁၀၃၁။ ရဟန်း၌ ရဟန်း ဟု အမှတ်ရှိသည်ဖြစ်၍ ဆဲရေးမူလည်း ဆဲရေးအံ့၊ ခြိမ်းခြောက်မူလည်း ခြိမ်းခြောက်အံ့၊ ပါစိတ်အာပတ် သင့်၏။

ရဟန်း၌ ယုံမှားရှိသည် ဖြစ်၍ ဆဲရေးမူလည်း ဆဲရေးအံ့၊ ခြိမ်းခြောက်မူလည်း ခြိမ်းခြောက်အံ့၊ ပါစိတ်အာပတ် သင့်၏။

http://www.dhammadownload.com



ရဟန်း၌ ရဟန်း မဟုတ် ဟု အမှတ်ရှိသည် ဖြစ်၍ ဆဲရေးမှုလည်း ဆဲရေးအံ့၊ ခြိမ်းခြောက်မှုလည်း ခြိမ်းခြောက်အံ့၊ ပါစိတ်အာပတ် သင့်၏။

ရဟန်းမဟုတ်သူကို ဆဲရေးမှုလည်း ဆဲရေးအံ့၊ ခြိမ်းခြောက်မှုလည်း ခြိမ်းခြောက်အံ့၊ ဒုက္ကဋ် အာပတ် သင့်၏။

ရဟန်း မဟုတ်သူ၌ ရဟန်း ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ရဟန်း မဟုတ်သူ၌ ယုံမှား ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ရဟန်း မဟုတ်သူ၌ ရဟန်းမဟုတ် ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

၁၀၃၂။ အနက်ကို ရှေးရှုသော ဘိက္ခုနီမ ပါဠိကို ရှေးရှုသော ဘိက္ခုနီမ အဆုံးအမကို ရှေးရှု သော ဘိက္ခုနီမ ရူးသောဘိက္ခုနီမ အစလက်ဦး လွန်ကျူးသော ဘိက္ခုနီမတို့အားလည်း အာပတ် မသင့်။

ဒုတိယသိက္ခာပုဒ် ပြီး၏။

---

## ၆-အာရာမဝဂ် ၃-တတိယသိက္ခာပုဒ်

၁၀၃၃။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံ ဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ စဏ္ဍကာဠီဘိက္ခုနီမသည် ခိုက်ရန် ဖြစ်တတ်၏၊ ငြင်းခုံရန်ပွါး ဆန့်ကျင်ဖက်စကားကို ဆိုတတ်သည့်ပြင် စကားများ၍ သံဃာ့အဓိကရုဏ်း ကိုလည်း ပြုတတ်၏၊ ထုလ္လနန္ဒာဘိက္ခုနီမသည် ထိုဘိက္ခုနီမအား ကံပြုသည်ရှိသော် ကန့်ကွက် တားမြစ် ၏။

ထိုစဉ်အခါ၌ ထုလ္လနန္ဒာ ဘိက္ခုနီမသည် တစုံတခုသော ပြုဖွယ်ကိစ္စဖြင့် ရွာငယ်သို့သွားခိုက် ဘိက္ခုနီသံဃာသည် "ထုလ္လနန္ဒာဘိက္ခုနီမ ဖဲသွားပြီ" ဟု စဏ္ဍကာဠီဘိက္ခုနီမအား အာပတ်ကို မရှု ခြင်းကြောင့် နှင်ထုတ်၏။

ထုလ္လနန္ဒာ ဘိက္ခုနီမသည် ရွာငယ်၌ ထိုပြုဖွယ်ကိစ္စကို ပြီးဆုံးစေပြီးလျှင် တဖန် သာဝတ္ထိပြည်သို့ ပြန်လာ၏။ စဏ္ဍကာဠီဘိက္ခုနီမသည် ပြန်လာသော ထုလ္လနန္ဒာဘိက္ခုနီမအား နေရာကိုမခင်းပေး ခြေဆေးရေ ခြေဆေးအင်းပျဉ် ခြေပွတ်အိုးခြမ်းကိုလည်း အနီး၌ ယူမထား ခရီးဦးကြိုဆို၍ သပိတ် သင်္ကန်းကိုလည်း လှမ်းမယူ သောက်ရေဖြင့်လည်း မမေးမြန်း 'သောက်ရေကိုလည်း မဆက်ကပ်'။

ထုလ္လနန္ဒာ ဘိက္ခုနီမသည် စဏ္ဍကာဠီဘိက္ခုနီမအား

"အသျှင်မ သင်သည် ငါလာနေပါလျက် အဘယ့်ကြောင့် နေရာကို မခင်းပါသနည်း၊ ခြေဆေးရေ ခြေဆေးအင်းပျဉ် ခြေပွတ်အိုးခြမ်းကို မထားပါသနည်း၊ ခရီးဦးကြိုဆို၍ သပိတ်သင်္ကန်းကို လှမ်းမယူ ပါသနည်း၊ သောက်ရေဖြင့် မမေးမြန်းပါသနည်း၊ 'သောက်ရေကိုလည်း မဆက်ကပ်ပါသနည်း' " ဟု မေး၏။

အသျှင်မ အကျွန်ုပ်မှာ ကိုးကွယ်ရာ မဲ့ဘို့ရန် အကြောင်းဖြစ်လျက် ရှိပါ၏ ဟု (လျှောက်၏)။

အသျှင်မ သင်သည် အဘယ့်ကြောင့် ကိုးကွယ်ရာမဲ့ ဖြစ်ရပါသနည်း ဟု (မေး၏)။

http://www.dhammadownload.com



အသျှင်မ အကျွန်ုပ်အား ဤဘိက္ခုနီမတို့က "ဤစဏ္ဍကာဠီသည် ကိုးကွယ်ရာမရှိ ထင်ရှားသူမဟုတ် စဏ္ဍကာဠီအတွက် တားမြစ်ကန့်ကွက်မည့် ဘိက္ခုနီမသည် တစ်ပါးတယောက်မျှ မရှိတော့ပြီ" ဟု (နှလုံးသွင်း၍) အာပတ်ကို မရှုခြင်းကြောင့် နှင်ထုတ်ပါကုန် ဟု (ပြောဆို၏)။

ထုလ္လနန္ဒာဘိက္ခုနီမက "ထိုဘိက္ခုနီမတို့သည် မိုက်မဲကုန်၏၊ ထိုဘိက္ခုနီမတို့သည် မလိမ္မာကုန်၊ ထိုဘိက္ခုနီမတို့သည် ကံကိုငြင်း ကံ၏အပြစ်ကိုငြင်း ကံ၏ပျက်စီးခြင်းကိုငြင်း ကံ၏ပြည့်စုံခြင်းကိုငြင်း မသိကြကုန်" ဟု ဂိုဏ်းကို ကြမ်းတမ်းစွာ ရေရွတ်ပြောဆို၏။

အလိုနည်းသော ဘိက္ခုနီမတို့သည် "အဘယ့်ကြောင့် အသျှင်မ ထုလ္လနန္ဒာ သည် ဂိုဏ်းကို ကြမ်းတမ်းစွာ ရေရွတ်ပြောဆိုဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ ထုလ္လနန္ဒာ ဘိက္ခုနီမသည် ဂိုဏ်းကိုကြမ်းတမ်းစွာ ရေရွတ်ပြောဆို၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရားဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ အဘယ့်ကြောင့် ထုလ္လနန္ဒာဘိက္ခုနီမသည် ဂိုဏ်းကို ကြမ်းတမ်းစွာ ရေရွတ်ပြောဆိုဘိသနည်း။ ရဟန်းတို့ ဤ(ထုလ္လနန္ဒာဘိက္ခုနီမ ပြုမိသော အမှု)သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

၁၀၈။ ၅၃-၁၀၃၄။ "အကြင် ဘိက္ခုနီမသည် ကြမ်းတမ်းစွာ ဂိုဏ်းကို ရေရွတ် ပြောဆိုငြားအံ့၊ (ထိုဘိက္ခုနီမအား) ပါစိတ်အာပတ် သင့်၏" ဤသို့ (ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)။

## ၃-တတိယသိက္ခာပုဒ် အဖွင့်

၁၀၃၅။ အကြင် ဟူသည် အကြင်သို့ သဘောရှိသော။ပ။

**ဘိက္ခုနီမ** ဟူသည်။ပ။ ဤအရာ၌ ဤဥတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သော မိန်းမကို "ဘိက္ခုနီမ" ဟု အလိုရှိအပ်၏။

**ကြမ်းတမ်းစွာ** မည်သည် အမျက်ထွက်ခြင်းကို ဆိုလိုသည်။

**ဂိုဏ်း** မည်သည် ဘိက္ခုနီမ သံဃာကို ဆိုလို၏။

**ရေရွတ်ငြားအံ့** ဟူသည် "ထိုဘိက္ခုနီမတို့သည် မိုက်ကုန်၏၊ မလိမ္မာကုန်၊ ထိုဘိက္ခုနီမတို့သည် ကံကိုငြင်း ကံ၏အပြစ်ကိုငြင်း ကံ၏ပျက်စီးခြင်းကိုငြင်း ကံ၏ပြည့်စုံခြင်းကိုငြင်း မသိကြကုန်" ဟု ရေရွတ်အံ့၊ ပါစိတ်အာပတ် သင့်၏။

များစွာသော ဘိက္ခုနီမတို့ကိုသော်ငြားး တယောက်သော ဘိက္ခုနီမကိုသော်ငြင်း လူသာမဏေကိုသော်ငြင်း ရေရွတ်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

http://www.dhammadownload.com



၁၀၃၆။ အနက်ကို ရေးရှုသောဘိက္ခုနီမ ပါဠိကို ရေးရှုသောဘိက္ခုနီမ ဆုံးမခြင်းကို ရေးရှုသော ဘိက္ခုနီမ ရူးသောဘိက္ခုနီမ အစလက်ဦး လွန်ကျူးသော ဘိက္ခုနီမတို့အားလည်း အာပတ် မသင့်။

တတိယသိက္ခာပုဒ် ပြီး၏။

---

## ၆-အာရာမဝဂ် ၄-စတုတ္ထသိက္ခာပုဒ်

၁၀၃၇။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသော အခါ ပုဏ္ဏားတယောက်သည် ဘိက္ခုနီမတို့ကို ပင့်ဖိတ်၍ ဆွမ်းကျွေး၏။ ဘိက္ခုနီမတို့သည် ဆွမ်းစားစဉ် တော်ပြီ တန်ပြီ ဟု တားမြစ်၍ (အခြား) ဒါယကာတို့ အိမ်သို့သွားပြီးလျှင် အချို့ကစား၍ အချို့က ဆွမ်းကို ယူသွားကုန်၏။

ထိုနောက် ပုဏ္ဏားသည် "အမောင်တို့ အကျွန်ုပ်သည် ဘိက္ခုနီမ တို့ကို (ဆွမ်းဖြင့်) ရောင့်ရဲစေပါပြီ၊ လာကုန်လော့၊ သင်တို့ကိုလည်း (ကျွေးမွေး) ရောင့်ရဲစေအံ့" ဟု အိမ်နီးချင်းတို့အား ပြောဆို၏၊ ထိုအိမ်နီးချင်းတို့သည်—

"ပုဏ္ဏား သင်သည် အဘယ်သို့လျှင် အကျွန်ုပ်တို့ကို ရောင့်ရဲစေအံ့နည်း၊ သင်ပင့်ဖိတ်ထားသော ဘိက္ခုနီမတို့သည်ပင် ငါတို့၏အိမ်သို့လာပြီးလျှင် အချို့ကစား၍ အချို့ကဆွမ်းကို ယူသွားကုန်၏" ဟု ပြောဆိုကုန်၏။

ထိုအခါ ထိုပုဏ္ဏားသည် "အဘယ့်ကြောင့် ဘိက္ခုနီမတို့သည် ငါတို့၏အိမ်၌ စားပြီးဖြစ်လျက် အခြားအိမ်၌ စားကြကုန်ဘိသနည်း။ ငါသည်လည်း အလိုရှိသလောက် ပေးလှူခြင်းငှါ မစွမ်းနိုင်သလော" ဟု ကဲ့ရဲ့၏၊ ရှုတ်ချ၏၊ အပြစ်ပြ ပြောဆို၏။

ဘိက္ခုနီမတို့သည် ကဲ့ရဲ့ ရှုတ်ချ အပြစ်ပြ ပြောဆိုသော ပုဏ္ဏား၏ စကားကို ကြားကြသည်သာတည်း။ အလိုနည်းသော ဘိက္ခုနီမတို့သည် "အဘယ့်ကြောင့် ဘိက္ခုနီမတို့သည် ဆွမ်းစားစဉ် တော်ပြီ တန်ပြီ ဟု မြစ်၍ အခြားအိမ်၌ စားကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ ဘိက္ခုနီမတို့သည် ဆွမ်းစားစဉ် တော်ပြီ တန်ပြီ ဟု မြစ်၍ အခြားအိမ်၌ စားကုန်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ အဘယ့်ကြောင့် ဘိက္ခုနီမတို့သည် ဆွမ်းစားစဉ် တော်ပြီတန်ပြီ ဟု မြစ်၍ အခြားအိမ်၌ စားကုန်ဘိသနည်း။ ရဟန်းတို့ ဤ (ဘိက္ခုနီမတို့ ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါမှုင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

**၁၀၃၈။ ၅၄-၁၀၃၀။ "အကြင် ဘိက္ခုနီမသည် ပင့်ဖိတ်ထားပြီးမှုရင်း တော်ပြီတန်ပြီ ဟု တားမြစ်ပြီးမှုရင်း ခဲဖွယ်ကိုဖြစ်စေ ဘောဇဉ်ကိုဖြစ်စေ ခဲမူလည်း ခဲငြားအံ့၊ စားမူလည်း စားငြားအံ့၊ (ထိုဘိက္ခုနီမအား) ပါစိတ်အာပတ် သင့်၏"** ဤသို့ (ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)။

http://www.dhammadownload.com



## ၄-စတုတ္ထသိက္ခာပုဒ် အဖွင့်

၁၀၃၉။ အကြင် ဟူသည် အကြင်သို့ သဘောရှိသော။ပ။

ဘိက္ခုနီမ ဟူသည်။ပ။ ဤအရာ၌ ဤဥ တ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သော မိန်းမကို "ဘိက္ခုနီမ" ဟူ၍ အလိုရှိအပ်၏။

ပင့်ဖိတ်ထားပြီး မည်သည် ဘောဇဉ်ငါးပါးတို့တွင် တပါးပါးသော ဘောဇဉ်ဖြင့် ပင့်ဖိတ်ခြင်းတည်း။

မြစ်ပယ်ထားပြီး မည်သည် စားဆဲသည် ထင်ရှား၏၊ ဘောဇဉ်သည် ထင်ရှား၏၊ ဘိက္ခုနီမ၏ နှစ်တောင့်ထွာ (ဟတ္ထပါသ်) အတွင်း၌ ရပ်တည်၏၊ ရှေးရှုဆောင်၏၊ မြစ်ပယ်ခြင်းသည် ထင်ရှား၏။

ခဲဖွယ် မည်သည် ဘောဇဉ် ငါးပါးတို့ကိုရင်း ယာဂုကိုရင်း ယာမကာလိက သတ္တာဟကာလိက ယာဝဇီဝိကကိုရင်း ထား၍ အကျန်းသည် ခဲဖွယ်မည်၏။

ဘောဇဉ် မည်သည် ထမင်း မုယောမုံ့ မုံ့လုံး ငါး အမဲဟင်းလျာ ဟူသော ဤဘောဇဉ် ငါးပါးတို့တည်း။

"ခဲမည် စားမည်" ဟု ခံယူအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ မျိုတိုင်း မျိုတိုင်း ပါစိတ်အာပတ် သင့်၏။

၁၀၄၀။ ပင့်ဖိတ်ထားပြီးသည်၌ ပင့်ဖိတ်ထားပြီး ဟု အမှတ်ရှိသည်ဖြစ်၍ ခဲဖွယ်ဘောဇဉ်ကို ခဲမူလည်း ခဲအံ့ စားမူလည်း စားအံ့၊ ပါစိတ်အာပတ် သင့်၏။

ပင့်ဖိတ်ထားပြီးသည်၌ ယုံမှားရှိသည်ဖြစ်၍ ခဲဖွယ်ဘောဇဉ်ကို ခဲမူလည်း ခဲအံ့ စားမူလည်း စားအံ့၊ ပါစိတ်အာပတ် သင့်၏။

ပင့်ဖိတ်ထားပြီးသည်၌ မပင့်ဖိတ်ရသေး ဟု အမှတ်ရှိသည်ဖြစ်၍ ခဲဖွယ်ဘောဇဉ်ကို ခဲမူလည်း ခဲအံ့ စားမူလည်း စားအံ့၊ ပါစိတ်အာပတ် သင့်၏။

ယာမကာလိက သတ္တာဟကာလိက ယာဝဇီဝိကတို့ကို အာဟာရအလို့ငှါ ခံယူအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ မျိုတိုင်း မျိုတိုင်း ဒုက္ကဋ်အာပတ် သင့်၏။

၁၀၄၁။ ပင့်ဖိတ်ထားသည်ဖြစ်၍ ပဝါရိတ်မသင့်ပဲ 'မတားမြစ်ပဲ' ယာဂုကို သောက်အံ့၊ ပင့်ဖိတ်သူ ဥစ္စာရှင်တို့ကို ပန်ကြား၍ စားအံ့၊ ယာမကာလိက သတ္တာဟကာလိက ယာဝဇီဝိကတို့ကို အကြောင်းရှိခဲ့သော် စားအံ့၊ အာပတ် မသင့်၊ ရူးသော ဘိက္ခုနီမ အစလက်ဦး လွန်ကျူးသော ဘိက္ခုနီမတို့အားလည်း အာပတ် မသင့်။

စတုတ္ထသိက္ခာပုဒ် ပြီး၏

---

## ၆-အာရာမဝဂ် ၅-ပဥ္စမသိက္ခာပုဒ်

၁၀၄၂။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဘိက္ခုနီမတပါးသည် သာဝတ္ထိပြည် ခရီးလမ်းဆုံတခု၌ ဆွမ်းအလို့ငှါ လှည့်လည်သည်ရှိသော် ဒါယကာ တဦး၏ အိမ်သို့ ချဉ်းကပ်ပြီးလျှင်

http://www.dhammadownload.com



ခင်းထားသော နေရာ၌ ထိုင်နေ၏။ ထိုအခါ ထိုလူတို့သည် ထိုဘိက္ခုနီမကို ဆွမ်းကျွေးပြီးလျှင် "အသျှင်မ အခြားဘိက္ခုနီမတို့လည်း လာကြပါစေ" ဟု ပြောဆိုကုန်၏။

ထိုအခါ ထိုဘိက္ခုနီမက "အဘယ်သို့လျှင် (အခြား) ဘိက္ခုနီမတို့သည် မလာကုန်ရာအံ့နည်း" ဟု (ကြံစည်၍) ဘိက္ခုနီမတို့ထံသို့ ချဉ်းကပ်ပြီးလျှင် "အသျှင်မတို့ ဤမည်သောအရပ်၌ ခွေးတို့သည် ဆိုးကုန်၏၊ နွားလားသည် ကြမ်းတမ်း၏၊ ရွံ့ညွှန်ထူထပ်သော အရပ်လည်း ဖြစ်၏၊ ထိုအရပ်သို့ မသွားကြကုန်လင့်" ဟု (ပြောဆို၏)။

ဘိက္ခုနီမတပါးသည်လည်း ထိုခရီးလမ်းဆုံ၌ပင် ဆွမ်းခံလှည့်လည်သည်ရှိသော် ထိုဒါယကာအိမ်သို့ ချဉ်းကပ်ပြီးလျှင် ခင်းထားသော နေရာ၌ ထိုင်နေ၏။ ထိုအခါ လူတို့သည် ဘိက္ခုနီမကို ဆွမ်းကျွေးပြီးနောက် "အသျှင်မ အဘယ့်ကြောင့် ဘိက္ခုနီမတို့သည် မလာကုန်သနည်း" ဟု မေးသဖြင့် ဤအကြောင်းကို ထိုလူတို့အား ပြောကြား၏။

လူတို့သည် "အဘယ့်ကြောင့် ဘိက္ခုနီမသည် ဒါယကာ၌ ဝန်တိုသူ ဖြစ်လေဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြော ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ ဘိက္ခုနီမသည် ဒါယကာ၌ ဝန်တို၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ အဘယ့်ကြောင့် ဘိက္ခုနီမသည် ဒါယကာ၌ ဝန်တိုဘိသနည်း။ ရဟန်းတို့ ဤ (ဘိက္ခုနီမ ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ ဓိုင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

**၁၁၀။ ၅၅-၁၀၄၃။ "အကြင် ဘိက္ခုနီမသည် အမျိုး 'ဒါယကာ' ၌ ဝန်တိုသူ ဖြစ်ငြားအံ့၊ (ထိုဘိက္ခုနီမအား) ပါစိတ်အာပတ် သင့်၏" ဤသို့ (ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)။**

## ၅-ပဉ္စမသိက္ခာပုဒ် အဖွင့်

၁၀၄၄။ အကြင် ဟူသည် အကြင်သို့ သဘောရှိသော။ပ။

**ဘိက္ခုနီမ** ဟူသည်။ပ။ ဤအရာ၌ ဤဉတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သော မိန်းမကို "ဘိက္ခုနီမ" ဟူ၍ အလိုရှိအပ်၏။

**အမျိုး 'ဒါယကာ'** မည်သည် မင်း ပုဏ္ဏား ကုန်သည် သူဆင်းရဲ ဟူ၍ ဒါယကာ လေးမျိုးရှိ၏။

**ဝန်တိုသူ ဖြစ်ငြားအံ့** ဟူသည် "အဘယ်သို့လျှင် (အခြား) ဘိက္ခုနီမတို့သည် မလာကုန်ရာအံ့နည်း" ဟု (ကြံစည်၍) ဘိက္ခုနီမတို့၏ အထံ၌ ဒါယကာ၏ ဂုဏ်မဲ့ကို ပြောဆိုအံ့၊ ပါစိတ်အာပတ်သင့်၏။ ဒါယကာထံ၌လည်း ဘိက္ခုနီမတို့၏ ဂုဏ်မဲ့ကို ပြောဆိုအံ့၊ ပါစိတ်အာပတ် သင့်၏။

၁၀၄၅။ ဒါယကာ၌ ဝန်တိုခြင်း မရှိပဲ ထင်ရှားရှိသော အပြစ်ကိုသာလျှင် ပြောကြားအံ့၊ အာပတ် မသင့်၊ ရူးသော ဘိက္ခုနီမ အစလက်ဦး လွန်ကျူးသော ဘိက္ခုနီမတို့အားလည်း အာပတ် မသင့်။

ပဉ္စမသိက္ခာပုဒ် ပြီး၏။

http://www.dhammadownload.com



## ၆-အာရာမဝဂ် ၆-ဆင္ဃသိက္ခာပုဒ်

၁၀၄၆။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ များစွာသော ဘိက္ခုနီမတို့သည် ရွာကျောင်း၌ ဝါဆိုကပ်ပြီးနောက် သာဝတ္ထိပြည်သို့ သွားကုန်၏။ ဘိက္ခုနီမတို့က "အသျှင်မတို့သည် အဘယ်အရပ်၌ ဝါဆို ထကုန်သနည်း၊ အဆုံးအမ ဩဝါဒသည် ပြည့်စုံပါ၏လော" ဟု ထိုဘိက္ခုနီမတို့အား မေးကုန်၏။

အသျှင်မတို့ ထိုအရပ်၌ ရဟန်းမရှိပါ၊ အဘယ်မှာ အဆုံးအမ ပြည့်စုံပါအံ့နည်း ဟု (ဆိုကုန်၏)။ အလိုနည်းသော ဘိက္ခုနီမတို့သည် "အဘယ့်ကြောင့် ဘိက္ခုနီမတို့သည် ရဟန်းမရှိသော ကျောင်း၌ ဝါကပ်နေကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ ဘိက္ခုနီမတို့သည် ရဟန်းမရှိသော ကျောင်း၌ ဝါကပ်ကုန်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ အဘယ့်ကြောင့် ဘိက္ခုနီမတို့သည် ရဟန်းမရှိသော ကျောင်း၌ ဝါကပ်နေကုန်ဘိသနည်း။ ရဟန်းတို့ ဤ (ဘိက္ခုနီမတို့ ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ ရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

**၁၁၁။ ၅၆-၁၀၄၇။ "အကြင် ဘိက္ခုနီမသည် (ယူဇနာခွဲအတွင်း) ရဟန်းမရှိသော ကျောင်း၌ ဝါကပ်နေငြားအံ့၊ (ထိုဘိက္ခုနီမအား) ပါစိတ်အာပတ် သင့်၏" ဤသို့ (ပြကြစေ** ကုန်လော့ ဟု မိန့်တော်မူ၏)။

## ၆-ဆင္ဃသိက္ခာပုဒ် အဖွင့်

၁၀၄၈။ အကြင် ဟူသည် အကြင်သို့ သဘောရှိသော။ပ။

**ဘိက္ခုနီမ** ဟူသည်။ပ။ ဤအရာ၌ ဤဥတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သော မိန်းမကို "ဘိက္ခုနီမ" ဟူ၍ အလိုရှိအပ်၏။

ရဟန်းမရှိသောကျောင်း မည်သည် အဆုံးအမခံခြင်းငှါရင်း ဥပုသ်မေးခြင်း စသော သံဝါသ အကျိုးငှါရင်း သွားရန် မစွမ်းနိုင်။

"ဝါကပ်နေအံ့" ဟု နှလုံးသွင်း၍ အိပ်ရာနေရာကို ခင်းအံ့၊ သောက်ရေ သုံးရေကို တည်ထားအံ့၊ ပရိဝုဏ်ကို တံမြက်လှည်းအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ အရုဏ်တက်သည်နှင့် တပြိုင်နက် ပါစိတ်အာပတ် သင့်၏။

၁၀၄၉။ ဘိက္ခုနီမ ဝါကပ်ပြီးမှ ရဟန်းတို့သည် အရပ်တပါးသို့ ဖဲသွားကုန်အံ့၊ လူထွက်ကုန်အံ့၊ သေကျေပျက်စီးကုန်အံ့၊ တိတ္ထိကျောင်းသို့ ပြောင်းရွှေ့ နေထိုင်ကုန်အံ့၊ အာပတ် မသင့်။ ဘေးရန်တို့ကြောင့်လည်း အာပတ် မသင့်၊ ရူးသောဘိက္ခုနီမ အစလက်ဦး လွန်ကျူးသော ဘိက္ခုနီမတို့အားလည်း အာပတ် မသင့်။

ဆင္ဃသိက္ခာပုဒ် ပြီး၏။

http://www.dhammadownload.com



## ၆-အာရာမဝဂ် ၇-သတ္တမသိက္ခာပုဒ်

၁၀၅၀။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ များစွာသော ဘိက္ခုနီမတို့သည် ရွာကျောင်း၌ ဝါဆိုပြီးနောက် သာဝတ္ထိပြည်သို့ သွားကုန်၏။

ဘိက္ခုနီမတို့က ထိုဘိက္ခုနီမတို့အား "အသျှင်မတို့သည် အဘယ်အရပ်၌ ဝါဆိုကုန်သနည်း၊ ရဟန်းသံဃာကို ဖိတ်ကြားထားပါပြီလော" ဟု မေးသဖြင့် အသျှင်မတို့ အကျွန်ုပ်တို့သည် ရဟန်းသံဃာကို ဖိတ်ကြား မထားပါကုန် ဟု ပြောဆိုကုန်၏။

အလိုနည်းသော ဘိက္ခုနီမတို့သည် "အဘယ့်ကြောင့် ဘိက္ခုနီမတို့သည် ဝါဆိုပြီးကုန်သည်ရှိသော် ရဟန်းသံဃာကို ဖိတ်ကြားမထားကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ ဘိက္ခုနီမတို့သည် ဝါဆိုသည်ရှိသော် ရဟန်းသံဃာကို ဖိတ်ကြား မထားကုန်ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ အဘယ့်ကြောင့် ဘိက္ခုနီမတို့သည် ဝါဆိုသည်ရှိသော် ရဟန်းသံဃာကို ဖိတ်ကြား မထားကုန်ဘိသနည်း။ ရဟန်းတို့ ဤ(ဘိက္ခုနီမတို့ ပြုမိသော အမှု)သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

**၁၁၂။ ၅၇-၁၀၅၁။ "အကြင် ဘိက္ခုနီမသည် ဝါဆိုသည်ရှိသော် နှစ်ဖက်သံဃာ၌ မြင်ခြင်း ကြားခြင်း ယုံမှားခြင်း ဤအကြောင်းသုံးပါးတို့ဖြင့် မဖိတ်ကြားငြားအံ့၊ (ထိုဘိက္ခုနီမအား) ပါစိတ်အာပတ် သင့်၏"** ဤသို့ (ပြကြစေကုန်ငှလော့ ဟု မိန့်တော်မူ၏)။

## ၇-သတ္တမသိက္ခာပုဒ် အဖွင့်

၁၀၅၂။ **အကြင်** ဟူသည် အကြင်သို့ သဘောရှိသော။ပ။

**ဘိက္ခုနီမ** ဟူသည်။ပ။ ဤအရာ၌ ဤဥတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သော မိန်းမကို "ဘိက္ခုနီမ" ဟူ၍ အလိုရှိအပ်၏။

**ဝါဆိုသည်ရှိသော်** မည်သည် ပုရိမဝါ သို့မဟုတ် ပစ္ဆိမဝါ သုံးလပတ်လုံး နေပြီးသော်....

"နှစ်ဖက်သံဃာ၌ မြင်ခြင်း ကြားခြင်း ယုံမှားခြင်း ဤ အကြောင်းသုံးပါးတို့ဖြင့် မဖိတ်တော့အံ့" ဟု ဝန်ချကာမျှ၌ ပါစိတ်အာပတ် သင့်၏။

၁၀၅၃။ အန္တရာယ်ရှိအံ့၊ အဖော်ဘိက္ခုနီမကို ရှာ၍ မရအံ့၊ အာပတ် မသင့်၊ နာဖျားသော ဘိက္ခုနီမအားလည်း အာပတ် မသင့်၊ ဘေးရန်တို့ကြောင့်လည်း အာပတ် မသင့်၊ ရူးသောဘိက္ခုနီမ အစလက်ဦး လွန်ကျူးသော ဘိက္ခုနီမတို့အားလည်း အာပတ် မသင့်။

**သတ္တမသိက္ခာပုဒ် ပြီး၏။**

http://www.dhammadownload.com



## ၆-အာရာမဝဂ် ဂ-အဠမသိက္ခာပုဒ်

၁၀၅၄။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သက္ကတိုင်း ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ဘိက္ခုနီမကျောင်းသို့ သွား၍ ဆဗ္ဗဂ္ဂီဘိက္ခုနီမတို့ကို ဆုံးမကုန်၏။

ဘိက္ခုနီမတို့သည် ဆဗ္ဗဂ္ဂီဘိက္ခုနီမတို့ကို "အသျှင်မတို့ လာကုန်လော့၊ အဆုံးအမ ခံယူရာအရပ်သို့ သွားကုန်အံ့" ဟု ပြောဆိုကုန်၏။ အသျှင်မတို့ အဆုံးအမ ခံယူရန်အတွက် အကျွန်ုပ်တို့ သွားကြရကုန်ရာ၏။ (သို့ရာတွင်) အသျှင်ဆဗ္ဗဂ္ဂီ ရဟန်းတို့ကိုယ်တိုင် ဤအရပ်သို့သာလျှင် လာရောက်၍ အကျွန်ုပ်တို့ကို ဆုံးမကြပါသည် ဟု (ဆဗ္ဗဂ္ဂီဘိက္ခုနီမတို့က) ပြောဆိုကုန်၏။

အလိုနည်းသော ဘိက္ခုနီမတို့သည် "အဘယ့်ကြောင့် ဆဗ္ဗဂ္ဂီဘိက္ခုနီမတို့သည် အဆုံးအမခံယူရာအရပ်သို့ မသွားကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ ဆဗ္ဗဂ္ဂီဘိက္ခုနီမတို့သည် အဆုံးအမခံယူရာအရပ်သို့ မသွားကုန် ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ အဘယ့်ကြောင့် ဆဗ္ဗဂ္ဂီဘိက္ခုနီမတို့သည် အဆုံးအမခံယူရာအရပ်သို့ မသွားကုန်ဘိသနည်း။ ရဟန်းတို့ ဤ(ဆဗ္ဗဂ္ဂီဘိက္ခုနီမတို့ ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ ရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

**၁၁၃။ ၅ဂ-၁၀၅၅။ "အကြင် ဘိက္ခုနီမသည် အဆုံးအမ ခံယူခြင်းငှါရင်း ဥပုသ်စသော သံဝါသအကျိုးငှါရင်း မသွားငြားအံ့၊ (ထိုဘိက္ခုနီမအား) ပါစိတ်အာပတ် သင့်၏" ဤသို့ (ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)။**

## ဂ-အဠမသိက္ခာပုဒ် အဖွင့်

၁၀၅၆။ **အကြင်** ဟူသည် အကြင်သို့ သဘောရှိသော။ပ။

**ဘိက္ခုနီမ** ဟူသည်။ပ။ ဤအရာ၌ ဤဉတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သော မိန်းမကို "ဘိက္ခုနီမ" ဟူ၍ အလိုရှိအပ်၏။

**အဆုံးအမ** မည်သည် ဂရုဓမ္မတရား ရှစ်ပါးတို့တည်း။

**သံဝါသ 'ပေါင်းဖော်ခြင်း'** မည်သည် အတူတကွ ကံပြုမှု အတူတကွ ပါတိမောက်ပြမှု အတူတကွ ကျင့်ကြံနေထိုင်မှုတည်း။

"အဆုံးအမ ခံခြင်းငှါသော်ရင်း (ဥပုသ်စသော) သံဝါသ အကျိုးငှါသော်ရင်း မသွားတော့အံ့" ဟု ဝန်ချကာမျှ၌ ပါစိတ်အာပတ် သင့်၏။

http://www.dhammadownload.com



၁၀၅၇။ အန္တရာယ်ရှိအံ့၊ အဖော်ဘိက္ခုနီမကို ရှာ၍မရအံ့၊ အာပတ် မသင့်၊ နာဖျားသော ဘိက္ခုနီမအားလည်း အာပတ် မသင့်၊ ဘေးရန်တို့ကြောင့်လည်း အာပတ် မသင့်၊ ရူးသောဘိက္ခုနီမ အစလက်ဦး လွန်ကျူးသော ဘိက္ခုနီမတို့အားလည်း အာပတ် မသင့်။

အဋ္ဌမသိက္ခာပုဒ် ပြီး၏။

---

## ၆-အာရာမဝဂ် ၉-နဝမသိက္ခာပုဒ်

၁၀၅၈။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဘိက္ခုနီမတို့သည် ဥပုသ်နေ့ကိုလည်း မမေးကုန်၊ အဆုံးအမကိုလည်း မတောင်းကုန်၊ ရဟန်းတို့သည် "အဘယ့်ကြောင့် ဘိက္ခုနီမတို့သည် ဥပုသ်နေ့ကိုလည်း မမေးကုန်ဘိသနည်း၊ အဆုံးအမကိုလည်း မတောင်းကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ ဘိက္ခုနီမတို့သည် "ဥပုသ်နေ့ကိုလည်း မမေးကုန်၊အဆုံးအမကိုလည်း မတောင်းကုန်" ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ အဘယ့်ကြောင့် ဘိက္ခုနီမတို့သည် ဥပုသ်နေ့ကိုလည်း မမေးကုန်ဘိသနည်း၊ အဆုံးအမကိုလည်း မတောင်းကုန်ဘိသနည်း။ ရဟန်းတို့ ဤ (ဘိက္ခုနီမတို့ ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်ကို ပြကြစေကုန်လော့။

**၁၁၄။ ၅၉-၁၀၅၉။ "လခွဲတကြိမ် ဘိက္ခုနီမသည် ရဟန်းသံဃာမှ ဥပုသ်နေ့မေးခြင်းကိုရင်း အဆုံးအမခံယူရန် ချဉ်းကပ်တောင်းပန်ခြင်းကိုရင်း ဤတရားနှစ်ပါးတို့ကို တောင့်တရမည်၊ ထိုလခွဲတကြိမ်ကို လွန်စေသော ဘိက္ခုနီမအား ပါစိတ်အာပတ် သင့်၏"** ဤသို့ (ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)။

### နဝမသိက္ခာပုဒ် အဖွင့်

၁၀၆၀။ **လခွဲတကြိမ်** ဟူသည် ဥပုသ်နေ့တိုင်းတည်း။

**ဥပုသ်** မည်သည် စာတုဒ္ဒသီဥပုသ် ပန္နရသီဥပုသ် 'လပြည့်ဥပုသ် လကွယ်ဥပုသ်' ဟူ၍ ဥပုသ် နှစ်ပါးရှိကုန်၏။

**အဆုံးအမ** မည်သည် ဂရုဓမ်တရား ရှစ်ပါးတို့တည်း။

"ဥပုသ်နေ့ကိုလည်း မမေးတော့အံ့၊ အဆုံးအမကိုလည်း မတောင်းတော့အံ့" ဟု ဝန်ချကာမျှဖြင့် ပါစိတ်အာပတ် သင့်၏။

http://www.dhammadownload.com



၁၀၆၁။ အန္တရာယ်ရှိအံ့၊ အဖော်ဘိက္ခုနီမကို ရှာ၍ မရအံ့၊ အာပတ် မသင့်၊ နာဖျားသော ဘိက္ခုနီမအားလည်း အာပတ် မသင့်၊ ဘေးရန်တို့ကြောင့်လည်း အာပတ် မသင့်၊ ရူးသောဘိက္ခုနီမ အစလက်ဦး လွန်ကျူးသော ဘိက္ခုနီမတို့အားလည်း အာပတ် မသင့်။

နဝမသိက္ခာပုဒ် ပြီး၏။

---

## ၆-အာရာမဝဂ် ၁၀-ဒသမသိက္ခာပုဒ်

၁၀၆၂။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံ ဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဘိက္ခုနီမတယောက်သည် အောက် ခက်မနှစ်ဖြာ 'ပေါင်ချုံ' ၌ ပေါက်သော အိုင်းအမာဖုကို ယောကျ်ားနှင့်အတူ တယောက်ချင်းချင်း ဖောက်ခွဲစေ၏။

ထိုအခါ ထိုယောကျ်ားသည် ဘိက္ခုနီမကို ဖျက်ဆီးစော်ကားခြင်းငှါ လှုံလပြု၏၊ ထိုဘိက္ခုနီမ သည် ဖောက်ပြန်သော အသံကို ပြုသဖြင့် ဘိက္ခုနီမတို့သည် ပြေးလာကြကုန်ပြီးလျှင် "အသျှင်မ သင်သည် အဘယ့်ကြောင့် ဖောက်ပြန်သော အသံကို ပြုဘိသနည်း" ဟု ထိုဘိက္ခုနီမကို မေးကုန်၏။

ထိုအခါ ထိုဘိက္ခုနီမသည် အခြားဘိက္ခုနီမတို့အား ဤအကြောင်းကို ပြောကြား၏။ အလိုနည်း သော ဘိက္ခုနီမတို့သည် "အဘယ့်ကြောင့် ဘိက္ခုနီမသည် အောက်ခက်မ နှစ်ဖြာ 'ပေါင်ချုံ'၌ ပေါက် သော အိုင်းအမာဖုကို ယောကျ်ားနှင့်အတူ တယောက်ချင်းချင်း ဖောက်ခွဲစေဘိသနည်း" ဟု ကဲ့ရဲ့ ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ ဘိက္ခုနီမသည် အောက်ခက်မနှစ်ဖြာ 'ပေါင်ချုံ' ၌ ပေါက်သော အိုင်းအမာဖုကို ယောကျ်ားနှင့်အတူ တယောက်ချင်းချင်း ဖောက်ခွဲစေ၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်း တော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ အဘယ့်ကြောင့် ဘိက္ခုနီမသည် အောက်ခက်မနှစ်ဖြာ 'ပေါင်ချုံ' ၌ ပေါက်သော အိုင်းအမာဖုကို ယောကျ်ားနှင့်အတူ တယောက်ချင်းချင်း ဖောက်ခွဲစေဘိသနည်း။ ရဟန်းတို့ ဤ (ဘိက္ခုနီမ ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ ရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

**၁၁၅။ ၆၀-၁၀၆၃။ "အကြင် ဘိက္ခုနီမသည် အောက်ခက်မနှစ်ဖြာ 'ပေါင်ချုံ' ၌ ပေါက် သော အိုင်းအမာဖုကိုသော်၎င်း သွေးစုနာကိုသော်၎င်း သံဃာကိုဖြစ်စေ ဂိုဏ်းကိုဖြစ်စေ မပန် ကြားပဲ ယောကျ်ားနှင့်အတူ တယောက်ချင်းချင်း ခွဲမှုလည်း ခွဲစေအံ့၊ ဖောက်မှုလည်း ဖောက်စေအံ့၊ ဖန်ရေမှုလည်း ဆေးစေအံ့၊ ဆေးမှုလည်း လိမ်းစေအံ့၊ ကျပ်မှုလည်း စည်းစေအံ့၊ (ကျပ်စည်းထားသည်ကို)ဖြေမှုလည်း ဖြေစေအံ့၊ (ထိုဘိက္ခုနီမအား) ပါစိတ်အာပတ် သင့်၏" ဤသို့ (ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)။**

http://www.dhammadownload.com



## ၁၀-ဒသမသိက္ခာပုဒ် အဖွင့်

၁၀၆၄။ အကြွင် ဟူသည် အကြွင်သို့ သဘောရှိသော။ပ။

**ဘိက္ခုနီမ** ဟူသည်။ပ။ ဤအရာ၌ ဤဉ တ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သော မိန်းမကို "ဘိက္ခုနီမ" ဟူ၍ အလိုရှိအပ်၏။

**အောက်ခက်မနှစ်ဖြာ 'ပေါင်ခုံ'** မည်သည် ချက်အောက် ပုဆစ် ဒူးဝန်းအထက်ဖြစ်သော အရပ်တည်း။

**ပေါက်သော** ဟူသည် ထိုအရပ်၌ ဖြစ်ပေါ်လာသော အနာတည်း။

**အိုင်းအမာ** မည်သည် တစုံတခုသော အိုင်းအမာတည်း။

**သွေးစုနာ** မည်သည် တစုံတခုသော အနာတည်း။

**မပန်ကြားပဲ** ဟူသည် မမေးမြန်းမူ၍။

**သံဃာ** မည်သည် ဘိက္ခုနီ သံဃာကို ဆိုလို၏။

**ဂိုဏ်း** မည်သည် များစွာ (နှစ်ပါး သုံးပါး) သော ဘိက္ခုနီမတို့ကို ဆိုလို၏။

**ယောကျ်ား** မည်သည် ဘီလူးယောကျ်ားမဟုတ် ပြိတ္တာယောကျ်ားမဟုတ် တိရစ္ဆာန်ယောကျ်ား မဟုတ်၊ သိကြားလိမ္မာ၍ ဖျက်ဆီးခြင်းငှါ စွမ်းနိုင်သော လူယောကျ်ားတည်း။

**အတူ** ဟူသည် တပေါင်းတည်း။

**တယောက်ချင်းချင်း** ဟူသည် ယောကျ်ားသည်ငှင်း ဘိက္ခုနီမသည်ငှင်းတည်း။

၁၀၆၅။ "ခွဲပါလော့" ဟု စေခိုင်းအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ခွဲသည်ရှိသော် ပါစိတ်အာပတ် သင့်၏။

"ဖောက်ပါလော့" ဟု စေခိုင်းအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ဖောက်သည်ရှိသော် ပါစိတ်အာပတ် သင့်၏။

"ဖန်ရေဆေးပါလော့" ဟု စေခိုင်းအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ဖန်ရေဆေးသည်ရှိသော် ပါစိတ် အာပတ် သင့်၏။

"ဆေးလိမ်းပါလော့" ဟု စေခိုင်းအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ဆေးလိမ်းကျံသည်ရှိသော် ပါစိတ်အာပတ် သင့်၏။

"ကျပ်စည်းပါလော့" ဟု စေခိုင်းအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ကျပ်စည်းသည်ရှိသော် ပါစိတ် အာပတ် သင့်၏။

"ကျပ်စည်းထားသည်ကို ဖြေပါလော့" ဟု စေခိုင်းအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ကျပ်စည်းထား သည်ကို ဖြေသည်ရှိသော် ပါစိတ်အာပတ် သင့်၏။

http://www.dhammadownload.com



၁၀၆၆။ ပန်ကြားရ၍ ခွဲမှုလည်း ခွဲစေအံ့၊ ဖောက်မှုလည်း ဖောက်စေအံ့၊ ဖန်ရေမှုလည်း ဆေးစေအံ့၊ ဆေးမှုလည်း လိမ်းကျံစေအံ့၊ ကျပ်မှုလည်း စည်းစေအံ့၊ ကျပ်စည်းထားသည်ကိုမှုလည်း ဖြေစေအံ့၊ သိကြား လိမ္မာသူ အဖော်တဦးတယောက်သော်လည်း ရှိအံ့၊ အာပတ် မသင့်၊ ရူးသော ဘိက္ခုနီမ အစလက်ဦး လွန်ကျူးသော ဘိက္ခုနီမတို့အားလည်း အာပတ် မသင့်။

ဒသမသိက္ခာပုဒ် ပြီး၏။

ဆဋ္ဌအာရာမဝဂ် ပြီး၏။

---

## ၇-ဂဗ္ဘိနီဝဂ် ၁-ပဌမသိက္ခာပုဒ်

၁၀၆၇။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဘိက္ခုနီမတို့သည် ကိုယ်ဝန်ဆောင်မကို ရဟန်းပြု ပေးကုန်၏။ ထိုဘိက္ခုနီမသည် ဆွမ်းအလို့ငှါ လှည့်လည်၏။

လူတို့သည် "အသျှင်မအား ဆွမ်းကိုပေးလှူကုန်လော့၊ အသျှင်မသည်ကား လေးသော ကိုယ်ဝန်ရှိ၏" ဟု ဆိုကုန်၏။ လူတို့သည် "အဘယ့်ကြောင့် ဘိက္ခုနီမတို့သည် ကိုယ်ဝန်ဆောင်မကို ရဟန်းပြုပေးကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ဘိက္ခုနီမတို့သည် ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုကြသော ထိုလူတို့၏ စကားကို ကြားကြသည်သာတည်း။ အလိုနည်းသော ဘိက္ခုနီမတို့သည် "အဘယ့်ကြောင့် ဘိက္ခုနီမတို့သည် ကိုယ်ဝန်ဆောင်မကို ရဟန်းပြုပေးကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ ဘိက္ခုနီမတို့သည် ကိုယ်ဝန်ဆောင်မကို ရဟန်းပြုပေးကုန်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ အဘယ့်ကြောင့် ဘိက္ခုနီမတို့သည် ကိုယ်ဝန်ဆောင်မကို ရဟန်းပြုပေးကုန်ဘိသနည်း။ ရဟန်းတို့ ဤ (ဘိက္ခုနီမတို့ ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ ရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

**၁၁၆။ ၆၁-၁၀၆၈။ "အကြင် ဘိက္ခုနီမသည် ကိုယ်ဝန်ဆောင်မကို ရဟန်းပြုပေးငြားအံ့၊ (ထိုဘိက္ခုနီမအား) ပါစိတ်အာပတ် သင့်၏" ဤသို့ (ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)။**

### ၁-ပဌမသိက္ခာပုဒ် အဖွင့်

၁၀၆၉။ **အကြင်** ဟူသည် အကြင်သို့ သဘောရှိသော။ပ။

**ဘိက္ခုနီမ ဟူသည်**။ပ။ ဤအရာ၌ ဤဉတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သော မိန်းမကို "ဘိက္ခုနီမ" ဟူ၍ အလိုရှိအပ်၏။

http://www.dhammadownload.com



**ကိုယ်ဝန်ဆောင်မ** မည်သည် (ဝမ်း၌) ရောက်သော သတ္တဝါရှိသူ (မိန်းမ)ကို ဆိုအပ်၏။

**ရဟန်းပြုပေးငြားအံ့** ဟူသည် ပဉ္စင်းခံပေးငြားအံ့။

"ရဟန်းပြုပေးအံ့" ဟု နှလုံးသွင်း၍ ဂိုဏ်းကိုသော်၎င်း ဆရာမကိုသော်၎င်း သပိတ်ကိုသော်၎င်း သင်္ကန်းကိုသော်၎င်း ရှာဖွေအံ့၊ သိမ်ကိုသော်လည်း သမုတ်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ဉတ်၏အဆုံး၌ ဒုက္ကဋ်အာပတ် သင့်၏။ ကမ္မဝါစာနှစ်ကြိမ်တို့၏ အဆုံး၌ ဒုက္ကဋ်အာပတ် သင့်ကုန်၏။ ကမ္မဝါစာ၏ အဆုံး၌ ဥပဇ္ဈာယ်မအား ပါစိတ်အာပတ် သင့်၏။ ဂိုဏ်းနှင့် (ကမ္မဝါစာ) ဆရာမတို့အား ဒုက္ကဋ်အာပတ် သင့်၏။

၁၀၇၀။ ကိုယ်ဝန်ဆောင်မ၌ ကိုယ်ဝန်ဆောင်မ ဟု အမှတ်ရှိသည်ဖြစ်၍ ရဟန်းပြုပေးအံ့၊ ပါစိတ် အာပတ် သင့်၏။

ကိုယ်ဝန်ဆောင်မ၌ ယုံမှားရှိသည်ဖြစ်၍ ရဟန်းပြုပေးအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ကိုယ်ဝန်ဆောင်မ၌ ကိုယ်ဝန်ဆောင်မ မဟုတ် ဟု အမှတ်ရှိသည်ဖြစ်၍ ရဟန်းပြုပေးအံ့၊ အာပတ် မသင့်။

ကိုယ်ဝန်ဆောင်မ မဟုတ်သည်၌ ကိုယ်ဝန်ဆောင်မ ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ကိုယ်ဝန်ဆောင်မ မဟုတ်သည်၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ကိုယ်ဝန်ဆောင်မ မဟုတ်သည်၌ ကိုယ်ဝန်ဆောင်မ မဟုတ် ဟု အမှတ်ရှိအံ့၊ အာပတ် မသင့်။

၁၀၇၁။ ကိုယ်ဝန်ဆောင်မကို ကိုယ်ဝန်ဆောင်မ မဟုတ် ဟု အမှတ်ရှိသည်ဖြစ်၍ ရဟန်းပြုပေးအံ့၊ ကိုယ်ဝန်ဆောင်မ မဟုတ်သည်ကို ကိုယ်ဝန်ဆောင်မ မဟုတ် ဟု အမှတ်ရှိသည်ဖြစ်၍ ရဟန်းပြုပေးအံ့၊ အာပတ် မသင့်၊ ရူးသော ဘိက္ခုနီမ အစလက်ဦး လွန်ကျူးသော ဘိက္ခုနီမတို့အားလည်း အာပတ် မသင့်။

ပဌမသိက္ခာပုဒ် ပြီး၏။

---

## ၇-ဂဗ္ဘိနီဝဂ် ၂-ဒုတိယသိက္ခာပုဒ်

၁၀၇၂။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံ ဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဘိက္ခုနီမတို့သည် နို့စို့သားငယ် ရှိသော မိန်းမကို ရဟန်းပြုပေးကုန်၏။ ထိုဘိက္ခုနီမသည် ဆွမ်းအလို့ငှါ လှည့်လည်၏။

လူတို့သည် "အသျှင်မအား ဆွမ်းကို လှူကုန်လော့ အသျှင်မသည် အဖော်သားငယ်ရှိ၏" ဟု ဆိုကုန်၏။ လူတို့သည် "အဘယ့်ကြောင့် ဘိက္ခုနီမတို့သည် နို့စို့သားငယ်ရှိသော မိန်းမကို ရဟန်း ပြုပေးကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ဘိက္ခုနီမတို့သည် ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုကြသော ထိုလူတို့၏ စကားကို ကြားကြသည် သာတည်း။ အလိုနည်းသော ဘိက္ခုနီမတို့သည် "အဘယ့်ကြောင့် ဘိက္ခုနီမတို့သည် နို့စို့သားငယ်ရှိ သော မိန်းမကို ရဟန်းပြုပေးကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြ ကုန်၏။ပ။

http://www.dhammadownload.com



"ရဟန်းတို့ ဘိက္ခုနီမတို့သည် နို့စို့သားငယ်ရှိသော မိန်းမကို ရဟန်းပြုပေးကုန်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ အဘယ့်ကြောင့် ဘိက္ခုနီမတို့သည် နို့စို့သားငယ်ရှိသော မိန်းမကို ရဟန်းပြုပေးကုန်ဘိသနည်း။ ရဟန်းတို့ ဤ (ဘိက္ခုနီမတို့ ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ ရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

**၁၁၇။ ၆၂-၁၀၇၃။ "အကြင် ဘိက္ခုနီမသည် နို့စို့သားငယ်ရှိသော မိန်းမကို ရဟန်းပြုပေးငြားအံ့၊ (ထိုဘိက္ခုနီမအား) ပါစိတ်အာပတ် သင့်၏"** ဤသို့(ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)။

## ၂-ဒုတိယသိက္ခာပုဒ် အဖွင့်

၁၀၇၄။ **အကြင်** ဟူသည် အကြင်သို့ သဘောရှိသော။ပ။

**ဘိက္ခုနီမ** ဟူသည် ဤအရာ၌ ဤဥတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သော မိန်းမကို "ဘိက္ခုနီမ" ဟူ၍ အလိုရှိအပ်၏။

**နို့စို့သားငယ်ရှိသောမိန်းမ** မည်သည် အမိမူလည်း ဖြစ်စေ နို့ထိန်းမူလည်း ဖြစ်စေ (တယောက်ယောက်တည်း)။

**ရဟန်းပြုပေးငြားအံ့** ဟူသည် ပဉ္စင်းခံပေးငြားအံ့။

"ရဟန်းပြုပေးအံ့" ဟု ဂိုဏ်းကိုသော်၎င်း ဆရာမကိုသော်၎င်း သပိတ်ကိုသော်၎င်း သင်္ကန်းကိုသော်၎င်း ရှာဖွေအံ့၊ သိမ်ကိုသော်လည်း သမုတ်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ဉတ်၏ အဆုံး၌ ဒုက္ကဋ်အာပတ် သင့်၏။ ကမ္မဝါစာ နှစ်ကြိမ်တို့၏ အဆုံး၌ ဒုက္ကဋ်အာပတ် သင့်ကုန်၏။ ကမ္မဝါစာအဆုံး၌ ဥပဇ္ဈာယ်မအား ပါစိတ်အာပတ် သင့်၏။ ဂိုဏ်းနှင့် (ကမ္မဝါစာ) ဆရာမတို့အားကား ဒုက္ကဋ်အာပတ် သင့်၏။

၁၀၇၅။ နို့စို့သားငယ်ရှိသော မိန်းမ၌ နို့စို့သားငယ်ရှိသော မိန်းမ ဟု အမှတ်ရှိသည်ဖြစ်၍ ရဟန်းပြုပေးအံ့၊ ပါစိတ်အာပတ် သင့်၏။

နို့စို့သားငယ်ရှိသော မိန်းမ၌ ယုံမှားရှိသည်ဖြစ်၍ ရဟန်းပြုပေးအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

နို့စို့သားငယ်ရှိသော မိန်းမ၌ နို့စို့သားငယ် မရှိသော မိန်းမ ဟု အမှတ်ရှိသည်ဖြစ်၍ ရဟန်းပြုပေးအံ့၊ အာပတ် မသင့်။

နို့စို့သားငယ် မရှိသော မိန်းမ၌ နို့စို့သားငယ်ရှိသော မိန်းမ ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

နို့စို့သားငယ် မရှိသော မိန်းမ၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

နို့စို့သားငယ်မရှိသော မိန်းမ၌ နို့စို့သားငယ် မရှိသော မိန်းမ ဟု အမှတ်ရှိအံ့၊ အာပတ် မသင့်။

http://www.dhammadownload.com



၁၀၇၆။ နို့စို့သားငယ်ရှိသော မိန်းမကို နို့စို့သားငယ် မရှိသော မိန်းမ ဟု အမှတ်ရှိသည်ဖြစ်၍ ရဟန်းပြုပေးအံ့၊ နို့စို့သားငယ် မရှိသော မိန်းမကို နို့စို့သားငယ် မရှိသော မိန်းမ ဟု အမှတ်ရှိသည် ဖြစ်၍ ရဟန်းပြုပေးအံ့၊ အာပတ် မသင့်၊ ရူးသောဘိက္ခုနီမ အစလက်ဦး လွန်ကျူးသော ဘိက္ခုနီမတို့အားလည်း အာပတ် မသင့်။

ဒုတိယသိက္ခာပုဒ် ပြီး၏။

---

## ၇-ဂဗ္ဘိနီဝဂ် ၃-တတိယသိက္ခာပုဒ်

၁၀၇၇။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဘိက္ခုနီမတို့သည် နှစ်နှစ်ပတ်လုံး သိက္ခာပုဒ်ခြောက်ပါးကို ကျင့်ထားပြီးမဟုတ်သော သိက္ခမာန်ကို ရဟန်းပြုပေးကုန်၏။ ထိုဘိက္ခုနီမတို့သည် မိုက်မဲကုန်၏၊ မကျွမ်းကျင်ကုန်၊ အပ်မအပ်ကိုလည်း မသိကုန်။

အလိုနည်းသော ဘိက္ခုနီမတို့သည် "အဘယ့်ကြောင့် ဘိက္ခုနီမတို့သည် နှစ်နှစ်ပတ်လုံး သိက္ခာပုဒ်ခြောက်ပါးကို ကျင့်ထားပြီး မဟုတ်သော သိက္ခမာန်ကို ရဟန်း ပြုပေးကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ ဘိက္ခုနီမတို့သည် နှစ်နှစ်ပတ်လုံး သိက္ခာပုဒ်ခြောက်ပါးကို ကျင့်ထားပြီး မဟုတ်သော သိက္ခမာန်ကို ရဟန်းပြုပေးကုန်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ အဘယ့်ကြောင့် ဘိက္ခုနီမတို့သည် နှစ်နှစ်ပတ်လုံး သိက္ခာပုဒ်ခြောက်ပါးကို ကျင့်ထားပြီးမဟုတ်သော သိက္ခမာန်ကို ရဟန်းပြုပေးကုန်ဘိသနည်း။ ရဟန်းတို့ ဤ (ဘိက္ခုနီမတို့ ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ ရင်း။ပ။ ကဲ့ရဲ့တော်မူ၍ တရားစကားကို ဟောတော်မူပြီးလျှင် ရဟန်းတို့ကို—

"ရဟန်းတို့ သိက္ခမာန်အား နှစ်နှစ်ပတ်လုံး သိက္ခာပုဒ်ခြောက်ပါးကို ကျင့်ဘို့ရန် ဟူသော သိက္ခာသမ္မုတိ ပေးခြင်းငှါ ခွင့်ပြုတော်မူ၏" ဟု မိန့်တော်မူ၏။

ရဟန်းတို့ ဤသို့ ပေးရမည်၊ ထိုသိက္ခမာန်သည် သံဃာသို့ ချဉ်းကပ်၍ လက်ဝဲတဖက် ပခုံးထက်၌ ကေသိကို စမွယ်တင်လျက် ဘိက္ခုနီမတို့၏ ခြေတို့ကို ရှိခိုးပြီးလျှင် ဆောင့်ကြောင့်ထိုင်ကာ လက်အုပ်ချီလျက်—

"အသျှင်မတို့ အကျွန်ုပ်သည် ဤအမည်ရှိပါ၏၊ ဤမည်သော အသျှင်မ၏ သိက္ခမာန်ပါတည်း၊ အကျွန်ုပ်သည် သံဃာအား နှစ်နှစ်ပတ်လုံး သိက္ခာပုဒ်ခြောက်ပါးကို ကျင့်ဘို့ရန် ဟူသော သိက္ခာသမ္မုတိကို တောင်းပန်ပါ၏" ဟု လျှောက်ရမည်။

နှစ်ကြိမ်မြောက်လည်း တောင်းပန်ရမည်။ သုံးကြိမ်မြောက်လည်း တောင်းပန်ရမည်။ ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ဘိက္ခုနီမသည် သံဃာကို သိစေရမည်။

၁၀၇၈။ "အသျှင်မတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤမည်သော အသျှင်မ၏ ဤမည်သော သိက္ခမာန်သည် သံဃာအား နှစ်နှစ်ပတ်လုံး သိက္ခာပုဒ်

http://www.dhammadownload.com



ခြောက်ပါးကျင့်ရန် ဟူသော သိက္ခာသမ္မုတိကို တောင်း၏၊ သံဃာအား လျှောက်ပတ်သော အခါ ရှိသော ဂါသည် အကယ်၍ ဖြစ်ငြားအံ့၊ သံဃာသည် ဤမည်သော သိက္ခမာန်အား နှစ်နှစ်ပတ်လုံး သိက္ခာပုဒ်ခြောက်ပါး ကျင့်ရန် ဟူသော သိက္ခာသမ္မုတိကို ပေးရာ၏၊ ဤကား သိစေခြင်းတည်း။

အသျှင်မတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤမည်သော အသျှင်မ၏ ဤမည်သော သိက္ခမာန်သည် သံဃာအား နှစ်နှစ်ပတ်လုံး သိက္ခာပုဒ်ခြောက်ပါး ကျင့်ရန် ဟူသော သိက္ခာသမ္မုတိကို တောင်း၏၊ သံဃာသည် ဤမည်သော သိက္ခမာန်အား နှစ်နှစ်တို့ပတ်လုံး သိက္ခာပုဒ်ခြောက်ပါးကျင့်ရန် ဟူသော သိက္ခာသမ္မုတိကို ပေး၏၊ ဤမည်သော သိက္ခမာန်အား နှစ်နှစ်တို့ပတ်လုံး သိက္ခာပုဒ်ခြောက်ပါး ကျင့်ရန် ဟူသော သိက္ခာသမ္မုတိ ပေးခြင်းကို အကြင် အသျှင်မအား နှစ်သက်ခြင်း ရှိ၏၊ ထိုအသျှင်မသည် ဆိတ်ဆိတ်နေရာ၏၊ အကြင် အသျှင်မအား နှစ်သက်ခြင်းမရှိ၊ ထိုအသျှင်မသည် ပြောဆိုရာ၏။

သံဃာသည် ဤမည်သော သိက္ခမာန်အား နှစ်နှစ်တို့ပတ်လုံး သိက္ခာပုဒ်ခြောက်ပါး ကျင့်ရန် ဟူသော သိက္ခာသမ္မုတိကို ပေးအပ်ပြီ၊ သံဃာအား နှစ်သက်ခြင်းရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ် နေ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့် အဖြစ်ကို သိမှတ်ရပါသည် ဟု (သိစေရမည်)။

၁၀၇၉။ ထိုသိက္ခမာန်ကို-(၁) "အသက်သတ်ခြင်းမှ ကြဉ်ရှောင်ကြောင်း ဖြစ်သော သိက္ခာ ပုဒ်ကို နှစ်နှစ်တို့ပတ်လုံး မလွန်ကျူးအောင် ကျင့်သုံး ဆောက်တည်ပါ၏။

(၂) မပေးသည်ကိုယူခြင်းမှ ကြဉ်ရှောင်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို နှစ်နှစ်တို့ပတ်လုံး မလွန်ကျူးအောင် ကျင့်သုံး ဆောက်တည်ပါ၏။

(၃) မမြတ်သော အကျင့်မှ ကြဉ်ရှောင်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို နှစ်နှစ်တို့ပတ်လုံး မလွန်ကျူးအောင် ကျင့်သုံး ဆောက်တည်ပါ၏။

(၄) မဟုတ်မမှန် ပြောဆိုခြင်းမှ ကြဉ်ရှောင်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို နှစ်နှစ်တို့ပတ်လုံး မလွန်ကျူးအောင် ကျင့်သုံး ဆောက်တည်ပါ၏။

(၅) မူးယစ် မေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သေရည်အရက်ကို သောက်ခြင်းမှ ကြဉ်ရှောင်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို နှစ်နှစ်တို့ပတ်လုံး မလွန်ကျူးအောင် ကျင့်သုံး ဆောက်တည်ပါ၏။

(၆) နေလွဲညစာ စားခြင်းမှ ကြဉ်ရှောင်ကြောင်း ဖြစ်သော သိက္ခာပုဒ်ကို နှစ်နှစ်တို့ပတ်လုံး မလွန်ကျူးအောင် ကျင့်သုံး ဆောက်တည်ပါ၏" ဟု ဤသို့ဆိုလော့ ဟု ပြောဆိုရမည်။

ထိုအခါ မြတ်စွာဘုရားသည် ဘိက္ခုနီမတို့ကို များစွာသောအကြောင်းဖြင့် ကဲ့ရဲ့ပြစ်တင်တော် မူပြီးလျှင် ကိုယ်တိုင် ပြုစု မွေးမြူရန် ခက်ခဲခြင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

**၁၁၈။ ဖ၃-၁၀၈၀။ "အကြင် ဘိက္ခုနီမသည် နှစ်နှစ်တို့ပတ်လုံး သိက္ခာပုဒ်ခြောက်ပါး ကျင့်ထားပြီးမဟုတ်သော သိက္ခမာန်ကို ရဟန်းပြုပေးငြားအံ့၊ (ထိုဘိက္ခုနီမအား) ပါစိတ် အာပတ် သင့်၏" ဤသို့ (ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)။**

http://www.dhammadownload.com



## ၃-တတိယသိက္ခာပုဒ် အဖွင့်

၁၀၈၁။ အကြောင် ဟူသည် အကြောင်းသို့ သဘောရှိသော။ပ။

ဘိက္ခုနီမ ဟူသည်။ပ။ ဤအရာ၌ ဤဥ တ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သော မိန်းမကို "ဘိက္ခုနီမ" ဟူ၍ အလိုရှိအပ်၏။

နှစ်နှစ်တို့ပတ်လုံး ဟူသည် နှစ်နှစ်အပိုင်းအခြားတို့ ကာလ ပတ်လုံး။

ကျင့်ထားပြီး မဟုတ်သော မည်သည် သိက္ခာ 'အကျင့်' ကိုသော်လည်း မပေးရသေး၊ ပေးထားပြီး သိက္ခာ 'အကျင့်' သော်လည်း ပျက်၏။

ရဟန်းပြုပေးငြားအံ့ ဟူသည် ပဉ္စင်းခံပေးငြားအံ့။

"ရဟန်းပြုပေးအံ့" ဟု ဂိုဏ်းကိုသော်၎င်း ကမ္မဝါစာ ဆရာမကိုသော်၎င်း သပိတ်ကိုသော်၎င်း သင်္ကန်းကိုသော်၎င်း ရှာအံ့၊ သိမ်ကိုသော်လည်း သမုတ်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ဉ တ်၏ အဆုံး၌ ဒုက္ကဋ်အာပတ် သင့်၏။ ကမ္မဝါစာ နှစ်ကြိမ်တို့၏ အဆုံး၌ ဒုက္ကဋ်အာပတ် သင့်ကုန်၏။ ကမ္မဝါစာ၏ အဆုံး၌ ဥပဇ္ဈာယ်ဆရာမအား ပါစိတ်အာပတ် သင့်၏။ ဂိုဏ်းနှင့် (ကမ္မဝါစာ)ဆရာမတို့အားကား ဒုက္ကဋ်အာပတ် သင့်၏။

၁၀၈၂။ ဓမ္မကံ၌ ဓမ္မကံ ဟု အမှတ်ရှိသည်ဖြစ်၍ ရဟန်းပြုပေးအံ့၊ ပါစိတ်အာပတ် သင့်၏။ ဓမ္မကံ၌ ယုံမှားရှိသည်ဖြစ်၍ ရဟန်းပြုပေးအံ့၊ ပါစိတ်အာပတ် သင့်၏။ ဓမ္မကံ၌ အဓမ္မကံ ဟု အမှတ်ရှိသည်ဖြစ်၍ ရဟန်းပြုပေးအံ့၊ ပါစိတ်အာပတ် သင့်၏။

အဓမ္မကံ၌ ဓမ္မကံ ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ အဓမ္မကံ ၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ အဓမ္မကံ၌ အဓမ္မကံ ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

၁၀၈၃။ နှစ်နှစ်တို့ပတ်လုံး သိက္ခာပုဒ် ခြောက်ပါး ကျင့်ထားပြီး ဖြစ်သော သိက္ခမာန်ကို ရဟန်းပြုပေးအံ့၊ အာပတ် မသင့်၊ ရူးသောဘိက္ခုနီမ အစလက်ဦး လွန်ကျူးသော ဘိက္ခုနီမတို့အားလည်း အာပတ် မသင့်။

တတိယသိက္ခာပုဒ် ပြီး၏။

---

## ၇-ဂဗ္ဘိနီဝဂ် ၄-စတုတ္ထသိက္ခာပုဒ်

၁၀၈၄။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဘိက္ခုနီမတို့သည် နှစ်နှစ်တို့ပတ်လုံး သိက္ခာပုဒ်ခြောက်ပါး ကျင့်ထားပြီး ဖြစ်၍ သံဃာက မသမုတ်ရသေးသော သိက္ခမာန်ကို ရဟန်းပြုပေးကုန်၏။

ဘိက္ခုနီမတို့သည် "သိက္ခမာန်တို့ လာကြကုန်၊ ဤဝတ္ထုကို သိကုန်လော့၊ ဤဝတ္ထုကို ပေးကုန်လော့၊ ဤဝတ္ထုကို ဆောင်ခဲ့ကုန်လော့၊ ဤဝတ္ထုကို အလိုရှိ၏၊ ဤဝတ္ထုကို အပ်အောင် ပြုကုန်လော့" ဟု

http://www.dhammadownload.com



ဆိုကုန်၏။ ထိုသိက္ခမာန်တို့သည် "အသျှင်မတို့ အကျွန်ုပ်တို့သည် ဘိက္ခုနီမတို့တည်း" ဟု ပြောဆိုကုန်၏။

အလိုနည်းသော ဘိက္ခုနီမတို့သည် "အဘယ့်ကြောင့် ဘိက္ခုနီမတို့သည် နှစ်နှစ်တို့ပတ်လုံး သိက္ခာပုဒ်ခြောက်ပါး ကျင့်ထားပြီးဖြစ်၍ သံဃာက မသမုတ်ရသေးသော သိက္ခမာန်ကို ရဟန်းပြုပေးကြကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ ဘိက္ခုနီမတို့သည် နှစ်နှစ်တို့ပတ်လုံး သိက္ခာပုဒ်ခြောက်ပါး ကျင့်ထားပြီးဖြစ်၍ သံဃာက မသမုတ်ရသေးသော သိက္ခမာန်ကို ရဟန်းပြုပေးကုန်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ အဘယ့်ကြောင့် ဘိက္ခုနီမတို့သည် နှစ်နှစ်တို့ပတ်လုံး သိက္ခာပုဒ်ခြောက်ပါး ကျင့်ထားပြီး ဖြစ်၍ သံဃာက မသမုတ်ရသေးသော သိက္ခမာန်ကို ရဟန်းပြုပေးကုန်ဘိသနည်း။ ရဟန်းတို့ ဤ(ဘိက္ခုနီမတို့ ပြုမိသော အမှု)သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါရင်း။ပ။ ကဲ့ရဲ့တော်မူ၍ တရားစကားကို ဟောတော်မူပြီးလျှင် ရဟန်းတို့ကို—

"ရဟန်းတို့ နှစ်နှစ်တို့ပတ်လုံး သိက္ခာပုဒ်ခြောက်ပါး ကျင့်ထားပြီးဖြစ်သော သိက္ခမာန်အား ဝုဋ္ဌာနသမ္မုတိပေးခြင်းငှါ ခွင့်ပြုတော်မူ၏" ဟု မိန့်တော်မူ၏။

ရဟန်းတို့ ဤသို့ ပေးရမည်။

နှစ်နှစ်တို့ပတ်လုံး သိက္ခာပုဒ်ခြောက်ပါး ကျင့်ထားပြီးဖြစ်သော ထိုသိက္ခမာန်သည် သံဃာသို့ ချဉ်းကပ်၍ လက်ဝဲတဖက် ပခုံးထက်၌ ကေသီကို စမွယ်တင်လျက် ဘိက္ခုနီမတို့၏ ခြေတို့ကို ရှိခိုးပြီးလျှင် ဆောင့်ကြောင့်ထိုင်ကာ လက်အုပ်ချီလျက်—

"အသျှင်မတို့ အကျွန်ုပ်သည် ဤအမည် ရှိပါ၏၊ ဤမည်သော အသျှင်မ၏ နှစ်နှစ်တို့ပတ်လုံး သိက္ခာပုဒ်ခြောက်ပါး ကျင့်ထားပြီးဖြစ်သော သိက္ခမာန်ပါတည်း၊ အကျွန်ုပ်သည် သံဃာအား ဝုဋ္ဌာနသမ္မုတိ 'ရဟန်းပြုဘို့သမုတ်ခြင်းကို' တောင်းပန်ပါ၏" ဟု လျှောက်ရာ၏။ နှစ်ကြိမ်မြောက်လည်း တောင်းပန်ရမည်။ သုံးကြိမ်မြောက်လည်း တောင်းပန်ရမည်။

ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ဘိက္ခုနီမသည် သံဃာကို သိစေရမည်။

၁၀၈၅။ "အသျှင်မတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤမည်သော အသျှင်မ၏ နှစ်နှစ်တို့ပတ်လုံး သိက္ခာပုဒ် ခြောက်ပါး ကျင့်ထားပြီး ဖြစ်သူ ဤမည်သော သိက္ခမာန်သည် သံဃာအား ရဟန်းပြုဘို့ သမုတ်ခြင်းကို တောင်း၏၊ သံဃာအား လျောက်ပတ်သော အခါရှိသော် ကံသည် အကယ်၍ ဖြစ်ငြားအံ့၊ သံဃာသည် သိက္ခာပုဒ် ခြောက်ပါး ကျင့်ထားပြီးဖြစ်သူ ဤမည်သော သိက္ခမာန်အား ဝုဋ္ဌာနသမ္မုတိ 'ရဟန်းပြုဘို့ သမုတ်ခြင်း' ကို ပေးရာ၏၊ ဤကား သိစေခြင်းတည်း။

အသျှင်မတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤမည်သော အသျှင်မ၏ နှစ်နှစ်တို့ပတ်လုံး သိက္ခာပုဒ်ခြောက်ပါး ကျင့်ထားပြီး ဖြစ်သူ ဤမည်သော

http://www.dhammadownload.com



သိက္ခမာန်သည် သံဃာအား ရဟန်းပြုဘို့ရန် သမုတ်ခြင်းကို တောင်း၏၊ သံဃာသည် နှစ်နှစ်တို့ပတ်လုံး သိက္ခာပုဒ် ခြောက်ပါး ကျင့်ထားပြီး ဖြစ်သူ ဤမည်သော သိက္ခမာန်အား ဝုဋ္ဌာနသမ္မုတိ 'ရဟန်းပြုဘို့သမုတ်ခြင်းကို' ပေး၏၊ နှစ်နှစ်တို့ပတ်လုံး သိက္ခာပုဒ်ခြောက်ပါး ကျင့်ထားပြီး ဖြစ်သူ ဤမည်သော သိက္ခမာန်အား ဝုဋ္ဌာနသမ္မုတိ 'ရဟန်းပြုဘို့သမုတ်ခြင်း' ကို ပေးခြင်းကို အကြင် အသျှင်မအား နှစ်သက်ခြင်းရှိ၏၊ ထိုအသျှင်မသည် ဆိတ်ဆိတ်နေရာ၏၊ အကြင် အသျှင်မအား နှစ်သက်ခြင်းမရှိ၊ ထိုအသျှင်မသည် ပြောဆိုရာ၏။

သံဃာသည် နှစ်နှစ်တို့ပတ်လုံး သိက္ခာပုဒ်ခြောက်ပါး ကျင့်ပြီးဖြစ်သူ ဤမည်သော သိက္ခမာန်အား ဝုဋ္ဌာနသမ္မုတိ'ရဟန်းပြုဘို့သမုတ်ခြင်းကို' ပေးအပ်ပြီ၊ သံဃာအား နှစ်သက်ခြင်း ရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့် "အဖြစ်ကို သိမှတ်ရပါသည်" ဟု (သိစေရမည်)။

ထိုအခါ မြတ်စွာဘုရားသည် ထိုဘိက္ခုနီမတို့ကို များစွာသောအကြောင်းဖြင့် ကဲ့ရဲ့ပြစ်တင်တော်မူပြီးလျှင် ကိုယ်တိုင် ပြုစုမွေးမြူရန် ခက်ခဲခြင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

**၁၁၉။ ၆၄-၁၀၈၆။ "အကြင် ဘိက္ခုနီမသည် နှစ်နှစ်တို့ပတ်လုံး သိက္ခာပုဒ်ခြောက်ပါး ကျင့်ထားပြီးဖြစ်၍ သံဃာက မသမုတ်ရသေးသော သိက္ခမာန်ကို ရဟန်းပြုပေးငြားအံ့၊ (ထို ဘိက္ခုနီမအား) ပါစိတ်အာပတ် သင့်၏"** ဤသို့ (ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)။

## ၄-စတုတ္ထသိက္ခာပုဒ် အဖွင့်

၁၀၈၇။ အကြင် ဟူသည် အကြင်သို့ သဘောရှိသော။ပ။

**ဘိက္ခုနီမ** ဟူသည်။ပ။ ဤအရာ၌ ဤဥတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သော မိန်းမကို "ဘိက္ခုနီမ" ဟူ၍ အလိုရှိအပ်၏။

**နှစ်နှစ်တို့ပတ်လုံး** ဟူသည် နှစ်နှစ်အပိုင်းအခြားတို့ ကာလပတ်လုံး။

**ကျင့်ထားပြီးသော** မည်သည် သိက္ခာပုဒ်ခြောက်ပါး ကျင့်ထားပြီးသော။

**မသမုတ်ရသေးသော** မည်သည် ဉတ်လျှင် နှစ်ကြိမ်မြောက်သောကံဖြင့် ပဋ္ဌင်းခံခြင်း ငှါသမ္မုတိ မပေးရသေးသော။

**ရဟန်းပြုပေးငြားအံ့** ဟူသည် ပဋ္ဌင်းခံပေးငြားအံ့။

"ရဟန်းပြုပေးအံ့" ဟု ဂိုဏ်းကိုသော်၎င်း (ကမ္မဝါစာ) ဆရာမကိုသော်၎င်း သပိတ်ကိုသော်၎င်း သင်္ကန်းကိုသော်၎င်း ရှာအံ့၊ သိမ်ကိုသော်လည်း သမုတ်အံ့၊ ဒုက္កဋ်အာပတ် သင့်၏။

ဉတ်၏အဆုံး၌ ဒုက္កဋ်အာပတ် သင့်၏။ ကမ္မဝါစာ နှစ်ကြိမ်တို့၏ အဆုံး၌ ဒုက္កဋ်အာပတ် သင့်ကုန်၏။ ကမ္မဝါစာ၏အဆုံး၌ ဥပဇ္ဈာယ်မအား ပါစိတ်အာပတ် သင့်၏။ ဂိုဏ်းနှင့် (ကမ္မဝါစာ) ဆရာမတို့အားမူကား ဒုက္កဋ်အာပတ် သင့်၏။

http://www.dhammadownload.com



၁၀၈၈။ ဓမ္မကံ၌ ဓမ္မကံ ဟု အမှတ်ရှိသည်ဖြစ်၍ ရဟန်းပြုပေးအံ့၊ပါစိတ်အာပတ် သင့်၏။ ဓမ္မကံ၌ ယုံမှားရှိသည်ဖြစ်၍ ရဟန်းပြုပေးအံ့၊ ပါစိတ်အာပတ် သင့်၏။ ဓမ္မကံ၌ အဓမ္မကံ ဟု အမှတ်ရှိသည် ဖြစ်၍ရဟန်းပြုပေးအံ့၊ ပါစိတ်အာပတ် သင့်၏။

အဓမ္မကံ၌ ဓမ္မကံ ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ အဓမ္မကံ၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ အဓမ္မကံ၌ အဓမ္မကံ ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

၁၀၈၉။ နှစ်နှစ်တို့ပတ်လုံး သိက္ခာပုဒ်ခြောက်ပါး ကျင့်ထားပြီးဖြစ် ဉ်သံဃာကသမ္မုတိ ပေးထားပြီးသော သိက္ခမာန်ကို ရဟန်းပြုပေးအံ့၊ အာပတ် မသင့်၊ ရူးသောဘိက္ခုနီမ အစလက်ဦးလွန်ကျူးသော ဘိက္ခုနီမတို့အားလည်း အာပတ် မသင့်။

စတုတ္ထသိက္ခာပုဒ် ပြီး၏။

---

## ၇-ဝဂ္ဂနိဝဂ် ၅-ပဌမသိက္ခာပုဒ်

၁၀၉၀။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ် သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ ဘိက္ခုနီမတို့သည် ယောကျ်ားရဘူးသော တဆယ့်နှစ်နှစ် မပြည့်သေးသော မိန်းမကို ရဟန်းပြုပေးကုန်၏။

ထိုဘိက္ခုနီမတို့သည် အချမ်း အပူ ဆာလောင်ခြင်း မွတ်သိပ်ခြင်း မှက် ခြင် လေ နေပူ မြွေကင်း သန်းတို့၏ အတွေ့တို့ကို သည်းမခံနိုင်ကုန်၊ မကောင်းသဖြင့်ဆိုအပ် မကောင်းသဖြင့် ရောက်လာသော စကားတို့ကိုရင်း ကိုယ်၌ဖြစ်ဆဲဖြစ်သော ပြင်းထန်ကြမ်းကြုတ်ခါးစပ်ကျင်နာ မသာယာဖွယ် မနှစ်သက်ဖွယ် ဖြစ်သော သေလောက်သော ဆင်းရဲဝေဒနာတို့ကိုရင်း သည်းခံခြင်းသဘော မရှိကုန်။

အလိုနည်းသောဘိက္ခုနီမတို့သည် "အဘယ့်ကြောင့် ဘိက္ခုနီမတို့သည် ယောကျ်ားရဘူးသော တဆယ့်နှစ်နှစ်မပြည့်သေးသောမိန်းမကို ရဟန်းပြုပေးကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ ဘိက္ခုနီမတို့သည် ယောကျ်ားရဘူးသော တဆယ့်နှစ်နှစ် မပြည့်သေးသော မိန်းမကို ရဟန်းပြုပေးကုန်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ အဘယ့်ကြောင့် ဘိက္ခုနီမတို့သည် ယောကျ်ားရဘူးသော တဆယ့်နှစ်နှစ်မပြည့်သေးသော မိန်းမကို ရဟန်းပြုပေးကုန်ဘိသနည်း၊ ရဟန်းတို့ ယောကျ်ားရဘူးသော တဆယ့်နှစ်နှစ်မပြည့်သေးသောမိန်မသည် အချမ်း အပူ ဆာလောင်ခြင်း မွတ်သိပ်ခြင်း မှက်ခြင် လေ နေပူ မြွေ ကင်း သန်းတို့၏ အတွေ့တို့ကို သည်းခံနိုင်ခဲ၏၊ မကောင်းသဖြင့်ဆိုအပ် မကောင်းသဖြင့် ရောက်လာသော စကားတို့ကိုရင်း ကိုယ်၌ဖြစ်ဆဲဖြစ်သော ပြင်းထန်ကြမ်းကြုတ် ခါးစပ်ကျင်နာ မသာယာဖွယ် မနှစ်သက်ဖွယ် ဖြစ်သော သေလောက်သော ဆင်းရဲ ဝေဒနာတို့ကိုရင်း သည်းခံနိုင်သော သဘောမရှိ။

http://www.dhammadownload.com



ရဟန်းတို့ ယောကျ်ားရဘူးသော တဆယ့်နှစ်နှစ် ပြည့်ပြီးသော မိန်းမသည်သာလျှင် အချမ်းအပူ ဆာလောင်ခြင်း မွတ်သိပ်ခြင်း မှက် ခြင် လေ နေပူ မြွေ ကင်း သန်းတို့၏ အတွေ့တို့ကို သည်းခံနိုင်၏၊ မကောင်းသဖြင့်ဆိုအပ် မကောင်းသဖြင့်ရောက်လာသောစကားတို့ကိုလည်း ကိုယ်၌ ဖြစ်ဆဲဖြစ်သော ပြင်းထန်ကြမ်းကြုတ် ခါးစပ်ကျင်နာ မသာယာဖွယ် မနှစ်သက်ဖွယ်ဖြစ်သော သေလောက်သော ဆင်းရဲ ဝေဒနာတို့ကိုလည်း သည်းခံနိုင်သော သဘောရှိ၏။ ရဟန်းတို့ ဤ(ဘိက္ခုနီမတို့ ပြုမိသော အမှု) သည် မကြည်ညိုသေးသော်သူတို့အား ကြည်ညိုစေခြင်းငှါလည်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

၁၂၀။ ၆၅-၁၀၉၁။ **"အကြင် ဘိက္ခုနီမသည် ယောကျ်ားရဘူးသော တဆယ့်နှစ်နှစ် မပြည့် သေးသောမိန်းမကို ရဟန်းပြုပေးငြားအံ့၊ (ထိုဘိက္ခုနီမအား) ပါစိတ်အာပတ် သင့်၏"** ဤသို့ (ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)။

## ၅-ပဉ္စမသိက္ခာပုဒ် အဖွင့်

၁၀၉၂။ အကြင် ဟူသည် အကြင်သို့ သဘောရှိသော။ပ။

ဘိက္ခုနီမ ဟူသည် ။ပ။ ဤအရာ၌ ဤဥ တ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သော မိန်းမကို "ဘိက္ခုနီမ" ဟူ၍ အလိုရှိအပ်၏။

**တဆယ့်နှစ်နှစ် မပြည့်သေးသော မိန်းမ** မည်သည် တဆယ့်နှစ်နှစ်သို့ မရောက်သေးသော မိန်းမ တည်း။

**ယောကျ်ားရဘူးသောမိန်းမ** မည်သည် ယောကျ်ားတပါး သွားလာဘူးသော မိန်းမကို ဆိုလို၏။

**ရဟန်းပြုပေးငြားအံ့** ဟူသည် ပဉ္စင်းခံပေးငြားအံ့။

"ရဟန်းပြုလုပ်ပေးအံ့" ဟု ဂိုဏ်းကိုသော်လည်း (ကမ္မဝါစာ) ဆရာမကိုသော်လည်း သက်န်းကို သော်လည်း ရှာအံ့၊ သိမ်ကိုသော်လည်း သမုတ်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ဉ တ်၏အဆုံး၌ ဒုက္ကဋ်အာပတ် သင့်၏။ ကမ္မဝါစာ နှစ်ကြိမ်တို့၏ အဆုံး၌ ဒုက္ကဋ်အာပတ် သင့်ကုန်၏။ ကမ္မဝါစာ၏ အဆုံး၌ ဥပဇ္ဈာယ်မအား ပါစိတ်အာပတ် သင့်၏။

ဂိုဏ်းနှင့် (ကမ္မဝါစာ) ဆရာမတို့အား မှုကား ဒုက္ကဋ်အာပတ် သင့်၏။

၁၀၉၃။ တဆယ့်နှစ်နှစ် မပြည့်သေးသော မိန်းမ၌ တဆယ့်နှစ်နှစ် မပြည့်သေးသော မိန်းမ ဟု အမှတ်ရှိသည်ဖြစ်၍ ရဟန်းပြုပေးအံ့၊ ပါစိတ်အာပတ် သင့်၏။

တဆယ့်နှစ်နှစ် မပြည့်သေးသော မိန်းမ၌ ယုံမှားရှိသည်ဖြစ်၍ ရဟန်းပြုပေးအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

တဆယ့်နှစ်နှစ် မပြည့်သေးသော မိန်းမ၌ တဆယ့်နှစ်နှစ်ပြည့်၏ ဟု အမှတ်ရှိသည်ဖြစ်၍ ရဟန်း ပြုပေးအံ့၊ အာပတ် မသင့်။

http://www.dhammadownload.com



တဆယ့်နှစ်နှစ်ပြည့်ပြီးသော မိန်းမ၌ တဆယ့်နှစ်နှစ် မပြည့်သေး ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ် အာပတ် သင့်၏။

တဆယ့်နှစ်နှစ်ပြည့်ပြီးသော မိန်းမ၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

တဆယ့်နှစ်နှစ်ပြည့်ပြီးသော မိန်းမ၌ တဆယ့်နှစ်နှစ်ပြည့်ပြီး ဟု အမှတ်ရှိအံ့၊ အာပတ် မသင့်။

၁၀၉၄။ တဆယ့်နှစ်နှစ် မပြည့်သေးသော မိန်းမကို တဆယ့်နှစ်နှစ် ပြည့်ပြီး ဟု အမှတ်ရှိသည် ဖြစ်၍ ရဟန်းပြုပေးအံ့၊ တဆယ့်နှစ်နှစ် ပြည့်ပြီးသော မိန်းမကို တဆယ့်နှစ်နှစ်ပြည့်ပြီး ဟု အမှတ် ရှိသည်ဖြစ်၍ ရဟန်းပြုပေးအံ့၊ အာပတ် မသင့်၊ ရူးသောဘိက္ခုနီမ အစလက်ဦး လွန်ကျူးသော ဘိက္ခုနီမတို့အားလည်း အာပတ် မသင့်။

ပဉ္စမသိက္ခာပုဒ် ပြီး၏။

---

## ၇-ဝဇ္ဇိနီဝဂ် ၆-ဆဋ္ဌသိက္ခာပုဒ်

၁၀၉၅။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံ ဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဘိက္ခုနီမတို့သည် တဆယ့်နှစ်နှစ် ပြည့်ပြီး၍ ယောကျ်ားရဘူးသော နှစ်နှစ်တို့ပတ်လုံး သိက္ခာပုဒ်ခြောက်ပါး မကျင့်ရသေးသော မိန်းမ ကို ရဟန်းပြုပေးကုန်၏။

ထိုဘိက္ခုနီမတို့သည် မိုက်မဲကုန်၏၊ မကျွမ်းကျင်ကုန်၊ အပ်မအပ်ကိုလည်း မသိကုန်။ အလိုနည်း သော ဘိက္ခုနီမတို့သည် "အဘယ့်ကြောင့် ဘိက္ခုနီမတို့သည် တဆယ့်နှစ်နှစ်ပြည့်ပြီး၍ ယောကျ်ား ရဘူးသော နှစ်နှစ်တို့ပတ်လုံး သိက္ခာပုဒ်ခြောက်ပါး မကျင့်ရသေးသော မိန်းမကို ရဟန်းပြုပေးကုန် ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ ဘိက္ခုနီမတို့သည် တဆယ့်နှစ်နှစ်ပြည့်ပြီး၍ ယောကျ်ားရဘူးသော နှစ်နှစ်တို့ပတ်လုံး သိက္ခာပုဒ်ခြောက်ပါး မကျင့်ရသေးသော မိန်းမကို ရဟန်းပြုပေးကုန်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ အဘယ့်ကြောင့် ဘိက္ခု နီမတို့သည် တဆယ့်နှစ်နှစ်ပြည့်ပြီး၍ ယောကျ်ားရဘူးသော နှစ်နှစ်တို့ပတ်လုံး သိက္ခာပုဒ်ခြောက်ပါး မကျင့်ရသေးသော မိန်းမကို ရဟန်းပြုပေးကုန်ဘိသနည်း။ ရဟန်းတို့ ဤ (ဘိက္ခုနီမတို့ ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ ရင်း။ပ။ ကဲ့ရဲ့တော်မူ၍ တရား စကားကို ဟောတော်မူပြီးလျှင် ရဟန်းတို့ကို—

ရဟန်းတို့ တဆယ့်နှစ်နှစ်ပြည့်ပြီး၍ ယောကျ်ားရဘူးသော နှစ်နှစ်တို့ပတ်လုံး သိက္ခာပုဒ်ခြောက် ပါး မကျင့်ရသေးသောမိန်းမကို သိက္ခာသမ္မုတိပေးခြင်းငှါ ခွင့်ပြုတော်မူ၏ ဟု မိန့်တော်မူ၏။ ရဟန်းတို့ ဤသို့ ပေးရမည်၊ တဆယ့်နှစ်နှစ်ပြည့်ပြီး၍ ယောကျ်ားရဘူးသော ထိုမိန်မးသည် သံဃာသို့ ချဉ်းကပ်

http://www.dhammadownload.com



ပြီးလျှင် လက်ဝဲတဖက်ပခုံးထက်၌ ကေသီကို စမွယ်တင်၍ ဘိက္ခုနီမတို့ကို ရှိခိုးလျက် ဆောင့်ကြောင့် ထိုင်ပြီးကာ လက်အုပ်ချီလျက်—

"အသျှင်မတို့ အကျွန်ုပ်သည် ဤအမည် ရှိပါ၏၊ ဤမည်သော အသျှင်မ၏ တဆယ့်နှစ်နှစ် ပြည့်ပြီး၍ ယောကျ်ားရဘူးသူပါတည်း၊ အကျွန်ုပ်သည် သံဃာအား နှစ်နှစ်တို့ပတ်လုံး သိက္ခာပုဒ် ခြောက်ပါးတို့၌ သိက္ခာသမ္မုတိကို တောင်းပါ၏" ဟု လျှောက်ရာ၏။

နှစ်ကြိမ်မြောက်လည်း တောင်းရမည်။ သုံးကြိမ်မြောက်လည်း တောင်းရမည်။ ကျွမ်းကျင် လိမ္မာ၍ စွမ်းရည်ရှိသော ဘိက္ခုနီမသည် သံဃာကို သိစေရမည်။

၁၀၉၆။ "အသျှင်မတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤမည် သော အသျှင်မ၏ တဆယ့်နှစ်နှစ်ပြည့်ပြီး၍ ယောကျ်ားရဘူးသော ဤမည်သော မိန်းမသည် သံဃာအား နှစ်နှစ်တို့ပတ်လုံး သိက္ခာပုဒ်ခြောက်ပါး ကျင့်ဘို့ရန် သိက္ခာသမ္မုတိ တောင်း၏၊ သံဃာအား လျှောက်ပတ်သော အခါရှိသော် ကံသည် အကယ်၍ ဖြစ်ငြားအံ့၊ သံဃာသည် တဆယ့်နှစ်နှစ်ပြည့်ပြီး၍ ယောကျ်ားရဘူးသော ဤမည်သော မိန်းမအား နှစ်နှစ်တို့ပတ်လုံး သိက္ခာပုဒ်ခြောက်ပါးကျင့်ဘို့ရန် သိက္ခာသမ္မုတိကို ပေးရာ၏၊ ဤကား သိစေခြင်းတည်း။

အသျှင်မတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤမည်သော အသျှင် မ၏ တဆယ့်နှစ်နှစ် ပြည့်ပြီး၍ ယောကျ်ားရဘူးသော ဤမည်သော မိန်းမသည် သံဃာအား နှစ်နှစ်တို့ပတ်လုံး သိက္ခာပုဒ်ခြောက်ပါး ကျင့်ဘို့ရန် သိက္ခာသမ္မုတိကို တောင်း၏၊ သံဃာသည် တဆယ့်နှစ်နှစ်ပြည့်ပြီး၍ ယောကျ်ားရဘူးသော ဤမည်သော မိန်းမအား နှစ်နှစ်တို့ပတ်လုံး သိက္ခာပုဒ်ခြောက်ပါး ကျင့်ဘို့ရန် သိက္ခာသမ္မုတိကို ပေး၏၊ တဆယ့်နှစ်နှစ်ပြည့်ပြီး၍ ယောကျ်ား ရဘူးသော ဤမည်သော မိန်းမအား နှစ်နှစ်တို့ပတ်လုံး သိက္ခာပုဒ်ခြောက်ပါး ကျင့်ဘို့ရန် သိက္ခာ သမ္မုတိပေးခြင်းကို အကြင် အသျှင်မအား နှစ်သက်ခြင်းရှိ၏၊ ထိုအသျှင်မသည် ဆိတ်ဆိတ်နေ ရာ၏၊ အကြင် အသျှင်မအား နှစ်သက်ခြင်းမရှိ၊ ထိုအသျှင်မသည် ပြောဆိုရာ၏။

သံဃာသည် တဆယ့်နှစ်နှစ်ပြည့်ပြီး၍ ယောကျ်ားရဘူးသော ဤမည်သော မိန်းမအား နှစ်နှစ်တို့ပတ်လုံး သိက္ခာပုဒ်ခြောက်ပါး ကျင့်ဘို့ရန် သိက္ခာသမ္မုတိကို ပေးအပ်ပြီ၊ သံဃာအား နှစ်သက်ခြင်းရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့် အဖြစ်ကို သိမှတ်ရပါသည်" ဟု (သိစေရမည်)။

တဆယ့်နှစ်နှစ်ပြည့်ပြီး၍ ယောကျ်ားရဘူးသော ထိုမိန်းမကို—

(၁) "အသက်သတ်ခြင်းမှ ရှောင်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို နှစ်နှစ်တို့ပတ်လုံး မလွန်ကျူး အောင် ကျင့်သုံး ဆောက်တည်ပါ၏။ပ။ (၆) နေလွဲညစာစားခြင်းမှ ကြဉ်ရှောင်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို နှစ်နှစ်တို့ပတ်လုံး မလွန်ကျူးအောင် ကျင့်သုံး ဆောက်တည်ပါ၏" ဟု ဤသို့ ဆိုလော့ ဟု ပြောဆိုရမည်။

ထိုအခါ မြတ်စွာဘုရားသည် ထိုဘိက္ခုနီမတို့ကို များစွာသော အကြောင်းဖြင့် ကဲ့ရဲ့ပြစ်တင်တော် မူပြီးလျှင် ကိုယ်တိုင်ပြုစုမွေးမြူရန် ခက်ခဲခြင်း။ပ။

http://www.dhammadownload.com



ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

၁၂၁။ ၆၆-၁၀၉၇။ "အကြင် ဘိက္ခုနီမသည် တဆယ့်နှစ်နှစ်ပြည့်ပြီး၍ ယောကျ်ားရဘူးသော နှစ်နှစ်တို့ပတ်လုံး သိက္ခာပုဒ်ခြောက်ပါး ကျင့်ထားပြီးမဟုတ်သော မိန်းမကို ရဟန်းပြုပေးငြားအံ့၊ (ထိုဘိက္ခုနီမအား) ပါစိတ်အာပတ် သင့်၏" ဤသို့ (ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)။

## ၆-ဆဋ္ဌသိက္ခာပုဒ် အဖွင့်

၁၀၉၈။ အကြင် ဟူသည် အကြင်သို့ သဘောရှိသော။ပ။

ဘိက္ခုနီမ ဟူသည်။ပ။ ဤအရာ၌ ဤဉတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သော မိန်းမကို "ဘိက္ခုနီမ" ဟူ၍ အလိုရှိအပ်၏။

တဆယ့်နှစ်နှစ်ပြည့်ပြီး မည်သည် တဆယ့်နှစ်နှစ်သို့ ဝင်ရောက်ပြီးသော မိန်းမတည်း။

ယောကျ်ားရဘူးသောမိန်းမ မည်သည် ယောကျ်ားတပါး သွားလာဘူးသော မိန်းမကို ဆိုလို၏။
နှစ်နှစ်တို့ပတ်လုံး ဟူသည် နှစ်နှစ်အပိုင်းအခြားရှိသော ကာလပတ်လုံး။

ကျင့်ထားပြီး မဟုတ်သော မည်သည် အကျင့်သိက္ခာကိုသော်လည်း မပေးရသေး၊ ပေးထားပြီးဖြစ်သော အကျင့်သိက္ခာသည်သော်လည်း ပျက်၏။

ရဟန်းပြုပေးငြားအံ့ ဟူသည် ပဉ္စင်းခံပေးငြားအံ့။

"ရဟန်းပြုပေးအံ့" ဟု ဂိုဏ်းကိုသော်၎င်း (ကမ္မဝါစာ) ဆရာမကိုသော်၎င်း သပိတ်ကိုသော်၎င်း သင်္ကန်းကိုသော်၎င်း ရှာမှီးအံ့၊ သိမ်ကိုသော်လည်း သမုတ်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ဉတ်၏အဆုံး၌ ဒုက္ကဋ်အာပတ် သင့်၏။ ကမ္မဝါစာနှစ်ကြိမ်တို့၏အဆုံး၌ ဒုက္ကဋ်အာပတ် သင့်၏။ ကမ္မဝါစာ၏ အဆုံး၌ ဥပဇ္ဈာယ်မအား ပါစိတ်အာပတ် သင့်၏။ ဂိုဏ်းနှင့် (ကမ္မဝါစာ) ဆရာမတို့အားမူကား ဒုက္ကဋ်အာပတ် သင့်၏။

၁၀၉၉။ ဓမ္မကံ၌ ဓမ္မကံ ဟု အမှတ်ရှိသည်ဖြစ်၍ ရဟန်းပြုပေးအံ့၊ ပါစိတ်အာပတ် သင့်၏။ ဓမ္မကံ၌ ယုံမှားရှိသည်ဖြစ်၍ ရဟန်းပြုပေးအံ့၊ ပါစိတ်အာပတ် သင့်၏။ ဓမ္မကံ၌ အဓမ္မကံ ဟု အမှတ်ရှိသည်ဖြစ်၍ ရဟန်းပြုပေးအံ့၊ ပါစိတ်အာပတ် သင့်၏။

အဓမ္မကံ၌ ဓမ္မကံ ဟု အမှတ်ရှိသည်ဖြစ်၍ ရဟန်းပြုပေးအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ အဓမ္မကံ၌ ယုံမှားရှိသည်ဖြစ်၍ ရဟန်းပြုပေးအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ အဓမ္မကံ၌ အဓမ္မကံ ဟု အမှတ်ရှိသည်ဖြစ်၍ ရဟန်းပြုပေးအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

၁၁၀၀။ တဆယ့်နှစ်နှစ်ပြည့်ပြီး၍ ယောကျ်ားရဘူးသော နှစ်နှစ်တို့ပတ်လုံး သိက္ခာပုဒ်ခြောက်ပါး ကျင့်ထားပြီးသော မိန်းမကို ရဟန်းပြုပေးအံ့၊ အာပတ် မသင့်၊ ရူးသော ဘိက္ခုနီမ အစရှိသည့် လွန်ကျူးသော ဘိက္ခုနီမတို့အားလည်း အာပတ် မသင့်။

ဆဋ္ဌသိက္ခာပုဒ် ပြီး၏။

http://www.dhammadownload.com



## ၇-ဂဗ္ဘိနီဝဂ် ၇-သတ္တမသိက္ခာပုဒ်

၁၁၁၁။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဘိက္ခုနီမတို့သည် တဆယ့်နှစ်နှစ် ပြည့်ပြီး၍ ယောကျ်ားရဘူးသော နှစ်နှစ်တို့ပတ်လုံး သိက္ခာပုဒ်ခြောက်ပါး ကျင့်ထားပြီးသာဖြစ်၍ သံဃာက မသမုတ်ရသေးသော မိန်းမကို ရဟန်းပြုပေးကုန်၏။

ဘိက္ခုနီမတို့သည် "သိက္ခမာန်တို့ လာကြကုန်၊ ဤဝတ္ထုကို သိကုန်လော့၊ ဤဝတ္ထုကိုပေးကုန်လော့၊ ဤဝတ္ထုကိုဆောင်ခဲ့ကုန်လော့၊ ဤဝတ္ထုကို အလိုရှိ၏၊ ဤဝတ္ထုကို အပ်အောင် ပြုကုန်လော့" ဟု ဆိုကုန်၏။ ထိုမိန်းမတို့သည် "အသျှင်မတို့ ငါတို့သည် သိက္ခမာန်တို့ မဟုတ်ကုန်၊ ငါတို့သည်ကား ဘိက္ခုနီမတို့သာတည်း" ဟု ဆိုကုန်၏။

အလိုနည်းသော ဘိက္ခုနီမတို့သည် "အဘယ့်ကြောင့် ဘိက္ခုနီမတို့သည် တဆယ့်နှစ်နှစ်ပြည့်ပြီး၍ ယောကျ်ားရဘူးသော နှစ်နှစ်တို့ပတ်လုံး သိက္ခာပုဒ်ခြောက်ပါး ကျင့်ထားပြီးသာဖြစ်၍ သံဃာက မသမုတ်ရသေးသော မိန်းမကို ရဟန်းပြုပေးကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ ဘိက္ခုနီမတို့သည် တဆယ့်နှစ်နှစ်ပြည့်ပြီး၍ ယောကျ်ားရဘူးသော နှစ်နှစ်တို့ပတ်လုံး သိက္ခာပုဒ်ခြောက်ပါး ကျင့်ထားပြီးသာဖြစ်၍ သံဃာက မသမုတ်ရသေးသော သိက္ခမာန်ကို ရဟန်းပြုပေးကုန်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ အဘယ့်ကြောင့် ဘိက္ခုနီမတို့သည် တဆယ့်နှစ်နှစ်တို့ပတ်လုံး သိက္ခာပုဒ် ခြောက်ပါး ကျင့်ထားပြီးသာ ဖြစ်၍ သံဃာက မသမုတ်ရသေးသော သိက္ခမာန်ကို ရဟန်းပြုပေးကုန်ဘိသနည်း။ ရဟန်းတို့ ဤ (ဘိက္ခုနီမတို့ ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါရင်း။ပ။ ဟု ကဲ့ရဲ့တော်မူ၍ တရားစကားကိုဟောတော်မူပြီးလျှင် ရဟန်းတို့ကို—

"ရဟန်းတို့ တဆယ့်နှစ်နှစ်ပြည့်ပြီး၍ ယောကျ်ားရဘူးသော နှစ်နှစ်တို့ပတ်လုံး သိက္ခာပုဒ်ခြောက်ပါး ကျင့်ထားပြီးသော သိက္ခမာန်ကို ရဟန်းပြုရန် သမ္မုတိပေးခြင်းငှါ ခွင့်ပြုတော်မူ၏" ဟု မိန့်တော်မူ၏။

ရဟန်းတို့ ဤသို့ ပေးရမည်၊ တဆယ့်နှစ်နှစ် ပြည့်ပြီး၍ ယောကျ်ားရဘူးသော နှစ်နှစ်တို့ပတ်လုံး သိက္ခာပုဒ်ခြောက်ပါး ကျင့်ထားပြီးသော ထိုသိက္ခမာန်သည် သံဃာသို့ ချဉ်းကပ်ပြီးလျှင် လက်ဝဲ တဖက် ပခုံးထက်၌ ကေသီကို စမွယ်တင်၍ ဘိက္ခုနီမတို့၏ ခြေတို့ကို ရှိခိုး၍ ဆောင့်ကြောင့်ထိုင်ကာ လက်အုပ်ချီလျက်—

"အသျှင်မတို့ အကျွန်ုပ်သည် ဤအမည် ရှိပါ၏၊ ဤမည်သော အသျှင်မ၏ တဆယ့်နှစ်နှစ်ပြည့်ပြီး၍ ယောကျ်ားရဘူးသော နှစ်နှစ်တို့ပတ်လုံး သိက္ခာပုဒ်ခြောက်ပါး ကျင့်ထားပြီးသူ သိက္ခမာန်ပါတည်း၊ သံဃာအား ရဟန်းပြုဘို့ရန် သမုတ်ခြင်း 'ဝုဋ္ဌာနသမ္မုတိ'ကို တောင်းပါ၏" ဟု လျှောက်ရာ၏။

http://www.dhammadownload.com



နှစ်ကြိမ်မြောက်လည်း တောင်းရမည်။ သုံးကြိမ်မြောက်လည်း တောင်းရမည်။ ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ဘိက္ခုနီမသည် သံဃာကို သိစေရမည်။

၁၁၀၂။ "အသျှင်မတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤမည်သော အသျှင်မ၏ တဆယ့်နှစ်နှစ်ပြည့်ပြီး၍ ယောကျ်ားရဘူးသော နှစ်နှစ်တို့ပတ်လုံး သိက္ခာပုဒ် ခြောက်ပါးတို့၌ ကျင့်ထားပြီးသော ဤမည်သော သိက္ခမာန်သည် သံဃာကို ရဟန်းပြုဘို့ သမုတ်ခြင်း 'ဝုဋ္ဌာနသမ္မုတိ' ကို တောင်း၏၊ သံဃာအား လျောက်ပတ်သော အခါရှိသော် ကံသည် အကယ်၍ ဖြစ်ငြားအံ့၊ သံဃာသည် တဆယ့်နှစ်နှစ် ပြည့်ပြီး၍ ယောကျ်ားရဘူးသော နှစ်နှစ်တို့ပတ်လုံး သိက္ခာပုဒ်ခြောက်ပါး ကျင့်ထားပြီးသော ဤမည်သော သိက္ခမာန်အား ရဟန်းပြုဘို့ သမုတ်ခြင်း 'ဝုဋ္ဌာနသမ္မုတိ' ကို ပေးရာ၏၊ ဤကား သိစေခြင်းတည်း။

အသျှင်မတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤမည်သော အသျှင်မ၏ တဆယ့်နှစ်နှစ်ပြည့်ပြီး၍ ယောကျ်ားရဘူးသော နှစ်နှစ်တို့ပတ်လုံး သိက္ခာပုဒ် ခြောက်ပါး ကျင့်ထားပြီးသော ဤမည်သော သိက္ခမာန်သည် သံဃာအား ဝုဋ္ဌာနသမ္မုတိ ကို တောင်း၏၊ သံဃာသည် တဆယ့်နှစ်နှစ်ပြည့်ပြီး၍ ယောကျ်ားရဘူးသော နှစ်နှစ်တို့ပတ်လုံး သိက္ခာပုဒ်ခြောက်ပါး ကျင့်ထားပြီးသော ဤမည်သော သိက္ခမာန်အား ဝုဋ္ဌာနသမ္မုတိကို ပေး၏။

တဆယ့်နှစ်နှစ် ပြည့်ပြီး၍ ယောကျ်ားရဘူးသော နှစ်နှစ်တို့ပတ်လုံး သိက္ခာပုဒ်ခြောက်ပါး ကျင့်ထားပြီးသော ဤမည်သော သိက္ခမာန်အား ဝုဋ္ဌာနသမ္မုတိ ပေးခြင်းကို အကြင် အသျှင်မအား နှစ်သက်ခြင်း ရှိ၏၊ ထိုအသျှင်မသည် ဆိတ်ဆိတ်နေရာ၏၊ အကြင် အသျှင်မအား နှစ်သက်ခြင်း မရှိ၊ ထိုအသျှင်မသည် ပြောဆိုရာ၏။

သံဃာသည် တဆယ့်နှစ်နှစ်ပြည့်ပြီး၍ ယောကျ်ားရဘူးသော နှစ်နှစ်တို့ပတ်လုံး သိက္ခာပုဒ် ခြောက်ပါး ကျင့်ထားပြီးသော ဤမည်သော သိက္ခမာန်အား ဝုဋ္ဌာနသမ္မုတိကို ပေးအပ်ပြီ၊ သံဃာအား နှစ်သက်ခြင်းရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့်အဖြစ်ကို သိမှတ်ရပါသည်" ဟု (သိစေရမည်)။

ထိုအခါ မြတ်စွာဘုရားသည် ထိုဘိက္ခုနီမတို့ကို များစွာသော အကြောင်းဖြင့် ကဲ့ရဲ့ပြစ်တင်တော်မူပြီးလျှင် ကိုယ်တိုင်ပြုစုမွေးမြူရန် ခက်ခဲခြင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

၁၂၂။ ၆၇-၁၁၀၃။ "အကြင် ဘိက္ခုနီမသည် တဆယ့်နှစ်နှစ်ပြည့်ပြီး၍ ယောကျ်ားရဘူးသော နှစ်နှစ်တို့ပတ်လုံး သိက္ခာပုဒ်ခြောက်ပါး ကျင့်ထားပြီးသာဖြစ်၍ သံဃာက မသမုတ်ရသေးသော သိက္ခမာန်ကို ရဟန်းပြုပေးငြားအံ့၊ (ထိုဘိက္ခုနီမအား) ပါစိတ်အာပတ် သင့်၏" ဤသို့ (ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)။

http://www.dhammadownload.com



## ၇-သတ္တမသိက္ခာပုဒ် အဖွင့်

၁၁၀၄။ အကြင် ဟူသည် အကြင်သို့ သဘောရှိသော။ပ။

ဘိက္ခုနီမ ဟူသည်။ပ။ ဤအရာ၌ ဤဥတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သော မိန်းမကို "ဘိက္ခုနီမ" ဟူ၍ အလိုရှိအပ်၏။

တဆယ့်နှစ်နှစ်ပြည့်သော မည်သည် တဆယ့်နှစ်နှစ်သို့ ရောက်ပြီးသော မိန်းမတည်း။

ယောကျ်ားရဘူးသောမိန်းမ မည်သည် ယောကျ်ားတပါး သွားလာဘူးသော မိန်းမကို ဆိုလို၏။

နှစ်နှစ်တို့ပတ်လုံး ဟူသည် နှစ်နှစ်အပိုင်းအခြားရှိသော ကာလတို့ပတ်လုံး။

ကျင့်ထားပြီးသော မည်သည် သိက္ခာပုဒ်ခြောက်ပါးတို့၌ ကျင့်ထားပြီးသော မိန်းမတည်း။

မသမုတ်ရသေးသော မည်သည် ဥတ္တိဒုတိယကံဖြင့် ဝုဋ္ဌာနသမ္မုတိကို မပေးရသေးသူ သိက္ခမာန် ဖြစ်၏။

ရဟန်းပြုပေးငြားအံ့ ဟူသည် ပဥ္စင်းခံပေးငြားအံ့။

"ရဟန်းပြုပေးအံ့" ဟု ဂိုဏ်းကိုသော်၎င်း (ကမ္မဝါစာ) ဆရာမကိုသော်၎င်း သပိတ်ကိုသော်၎င်း သင်္ကန်းကိုသော်၎င်း ရှာဖွေအံ့၊ သိမ်ကိုသော်လည်း သမုတ်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ဉတ်၏ အဆုံး၌ ဒုက္ကဋ်အာပတ် သင့်၏။ ကမ္မဝါစာ နှစ်ကြိမ်တို့၏ အဆုံး၌ ဒုက္ကဋ်အာပတ် သင့်ကုန်၏။ ကမ္မဝါစာ၏ အဆုံး၌ ဥပဇ္ဈာယ်မအား ပါစိတ်အာပတ် သင့်၏။ ဂိုဏ်းနှင့် (ကမ္မဝါစာ) ဆရာမတို့အားကား ဒုက္ကဋ်အာပတ် သင့်၏။

၁၁၀၅။ ဓမ္မကံ၌ ဓမ္မကံ ဟု အမှတ်ရှိသည်ဖြစ်၍ ရဟန်းပြုပေးအံ့၊ ပါစိတ်အာပတ် သင့်၏။ ဓမ္မကံ၌ ယုံမှားရှိသည်ဖြစ်၍ ရဟန်းပြုပေးအံ့၊ ပါစိတ်အာပတ် သင့်၏။ ဓမ္မကံ၌ အဓမ္မကံ ဟု အမှတ်ရှိသည်ဖြစ်၍ ရဟန်းပြုပေးအံ့၊ ပါစိတ်အာပတ် သင့်၏။

အဓမ္မကံ၌ ဓမ္မကံ ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ အဓမ္မကံ၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ အဓမ္မကံ၌ အဓမ္မကံ ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

၁၁၀၆။ တဆယ့်နှစ်နှစ်ပြည့်ပြီး၍ ယောကျ်ားရဘူးသော နှစ်နှစ်တို့ပတ်လုံး သိက္ခာပုဒ် ခြောက်ပါး ကျင့်ထားပြီးသော သံဃာက သမုတ်ထားပြီးသော သိက္ခမာန်ကို ရဟန်းပြုပေးအံ့၊ အာပတ် မသင့်၊ ရူးသော ဘိက္ခုနီမ အစလက်ဦး လွန်ကျူးသော ဘိက္ခုနီမတို့အားလည်း အာပတ် မသင့်။

သတ္တမသိက္ခာပုဒ် ပြီး၏။

http://www.dhammadownload.com



## ၇-ဂဗ္ဘိနီဝဂ် ၈-အဋ္ဌမသိက္ခာပုဒ်

၁၁၀၇။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ထုလ္လနန္ဒာဘိက္ခုနီမသည် အတူနေ တပည့်မကို ရဟန်းပြုပေးပြီး၍ နှစ်နှစ်တို့ပတ်လုံး မိမိကိုယ်တိုင်လည်း မချီးမြှောက် သူတပါးကိုလည်း မချီးမြှောက်စေ။

ထိုဘိက္ခုနီမတို့သည် မိုက်မဲကုန်၏၊ မကျွမ်းကျင်ကုန်၊ အပ် မအပ်ကိုလည်း မသိကုန်။

အလိုနည်းသော ဘိက္ခုနီမတို့သည် "အဘယ့်ကြောင့် အသျှင်မ ထုလ္လနန္ဒာသည် အတူနေ တပည့်မကို ရဟန်းပြုပေးပြီး၍ နှစ်နှစ်တို့ပတ်လုံး မိမိကိုယ်တိုင်လည်း မချီးမြှောက် သူတပါးကိုလည်း မချီးမြှောက်စေဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ ထုလ္လနန္ဒာ ဘိက္ခုနီမသည် အတူနေ တပည့်မကို ရဟန်းပြုပေးပြီး၍ နှစ်နှစ်တို့ပတ်လုံး မိမိကိုယ်တိုင်လည်း မချီးမြှောက် သူတပါးကိုလည်း မချီးမြှောက်စေပဲ နေ၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ အဘယ့်ကြောင့် ထုလ္လနန္ဒာဘိက္ခုနီမသည် အတူနေတပည့်မကို ရဟန်းပြုပေးပြီး၍ နှစ်နှစ်တို့ပတ်လုံး ကိုယ်တိုင်လည်း မချီးမြှောက်လေဘိသနည်း၊ သူတပါးတို့ကိုလည်း မချီးမြှောက်စေဘိသနည်း။ ရဟန်းတို့ ဤ (ထုလ္လနန္ဒာဘိက္ခုနီမ ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ ရှင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

၁၂၃။ ၆၈-၁၁၀၈။ "အကြင် ဘိက္ခုနီမသည် အတူနေ ဘိက္ခုနီမကို ရဟန်းပြုပေးပြီး၍ နှစ်နှစ်တို့ပတ်လုံး (ကိုယ်တိုင်လည်း) မချီးမြှောက်ငြားအံ့၊ (သူတပါးကိုလည်း) မချီးမြှောက်စေငြားအံ့၊ (ထိုဘိက္ခုနီမအား) ပါစိတ်အာပတ် သင့်၏" ဤသို့ (ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)။

## ၈-အဋ္ဌမသိက္ခာပုဒ် အဖွင့်

၁၁၀၉။ အကြင် ဟူသည် အကြင်သို့ သဘောရှိသော။ပ။

ဘိက္ခုနီမ ဟူသည်။ပ။ ဤအရာ၌ ဤဉတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သော မိန်းမကို "ဘိက္ခုနီမ" ဟူ၍ အလိုရှိအပ်၏။

အတူနေ ဘိက္ခုနီမ ဟူသည် အတူနေလေ့ရှိသော တပည့်မကို ဆိုလို၏။

ရဟန်းပြုပေးပြီး၍ ဟူသည် ပဋ္ဌင်းခံပေးပြီး၍။

နှစ်နှစ်တို့ ပတ်လုံး ဟူသည် နှစ်နှစ်အပိုင်းအခြားရှိသော ကာလတို့ပတ်လုံး။

http://www.dhammadownload.com



**မိမိလည်း မချီးမြှောက်ငြားအံ့** ဟူသည် ပါဠိသင်ခြင်း အဋ္ဌကထာသင်ခြင်း သွန်သင်ခြင်း ဆုံးမခြင်းဖြင့် ကိုယ်တိုင်မချီးမြှောက်ငြားအံ့။

**မချီးမြှောက်စေငြားအံ့** ဟူသည် သူတပါးကို မစေခိုင်းငြားအံ့၊

"နှစ်နှစ်တို့ပတ်လုံး မိမိမူလည်း မချီးမြှောက်အံ့ သူတပါးကိုလည်း မချီးမြှောက်စေအံ့" ဟု ဝန်ချကာမျှ၌ ပါစိတ်အာပတ် သင့်၏။

၁၁၁၀။ အန္တရာယ်ရှိအံ့၊ ရှာ၍မရအံ့၊ အာပတ် မသင့်၊ နာဖျားသော ဘိက္ခုနီမအားလည်း အာပတ် မသင့်၊ ဘေးရန်တို့ကြောင့်လည်း အာပတ် မသင့်၊ ရူးသောဘိက္ခုနီမ အစလက်ဦး လွန်ကျူးသော ဘိက္ခုနီမတို့အားလည်း အာပတ် မသင့်။

အဋ္ဌမသိက္ခာပုဒ် ပြီး၏။

---

## ၇-ဂဗ္ဘိနီဝဂ် ၉-နဝမသိက္ခာပုဒ်

၁၁၁၁။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဘိက္ခုနီမတို့သည် နှစ်နှစ်တို့ပတ်လုံး ရဟန်းပြုပေးသော ဆရာမ 'ဥပဇ္ဈာယ်' နောက်သို့ မလိုက်ကုန်။

ထိုဘိက္ခုနီမတို့သည် မိုက်မဲကုန်၏၊ မကျွမ်းကျင်ကုန်၊ အပ် မအပ်ကိုလည်း မသိကုန်။

အလိုနည်းသော ဘိက္ခုနီမတို့သည် "အဘယ့်ကြောင့် ဘိက္ခုနီမတို့သည် နှစ်နှစ်တို့ပတ်လုံး ရဟန်းပြုပေးသော ဆရာမနောက်သို့ မလိုက်ကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ ဘိက္ခုနီမတို့သည် နှစ်နှစ်တို့ပတ်လုံး ရဟန်းပြုပေးသော ဆရာမနောက်သို့ မလိုက်ကုန် ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ အဘယ့်ကြောင့် ဘိက္ခုနီမတို့သည် နှစ်နှစ်တို့ပတ်လုံး ရဟန်းပြုပေးသော ဆရာမနောက်သို့ မလိုက်ကုန်ဘိသနည်း။ ရဟန်းတို့ ဤ (ဘိက္ခုနီမတို့ ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ ရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

၁၂၄။ ၆၉-၁၁၁၂။ "အကြင် ဘိက္ခုနီမသည် နှစ်နှစ်တို့ပတ်လုံး ရဟန်းပြုပေးသော ဆရာမနောက်သို့ မလိုက်ငြားအံ့၊ (ထိုဘိက္ခုနီမအား) ပါစိတ်အာပတ် သင့်၏" ဤသို့ (ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)။

http://www.dhammadownload.com



## ၉-နဝမသိက္ခာပုဒ် အဖွင့်

၁၁၁၃။ အကြင် ဟူသည် အကြင်သို့ သဘောရှိသော။ပ။

ဘိက္ခုနီမ ဟူသည်။ပ။ ဤအရာ၌ ဤဉတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သော မိန်းမကို "ဘိက္ခုနီမ" ဟူ၍ အလိုရှိအပ်၏။

ရဟန်းပြုပေးသော ဟူသည် ပဥ္စင်းခံပေးသော ရဟန်းမိန်းမတည်း။

ဆရာမ မည်သည် ဥပဇ္ဈာယ် ဆရာမကို ဆိုလို၏။

နှစ်နှစ်တို့ပတ်လုံး ဟူသည် နှစ်နှစ်အပိုင်းအခြားရှိသော ကာလတို့ပတ်လုံး။

နောက်သို့ မလိုက်ခြားအံ့ ဟူသည် ကိုယ်တိုင်မလုပ်ကျွေးပြုအံ့။

"နှစ်နှစ်တို့ပတ်လုံး မလုပ်ကျွေးအံ့" ဟု ဝန်ချကာမျှ၌ ပါစိတ်အာပတ် သင့်၏။

၁၁၁၄။ ဥပဇ္ဈာယ်မသည် မိုက်မဲသူသော်လည်း ဖြစ်စေ အလဇ္ဇီသော်လည်း ဖြစ်စေ အာပတ် မသင့်၊ နာဖျားသော ဘိက္ခုနီမအားလည်း အာပတ် မသင့်၊ ဘေးရန်တို့ကြောင့်လည်း အာပတ် မသင့်၊ ရူးသော ဘိက္ခုနီမ အစလက်ဦး လွန်ကျူးသော ဘိက္ခုနီမတို့အားလည်း အာပတ် မသင့်။

နဝမသိက္ခာပုဒ် ပြီး၏။

---

## ၇-ဂဗ္ဘိနီဝဂ် ၁၀-ဒသမသိက္ခာပုဒ်

၁၁၁၅။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံ ဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ထုလ္လနန္ဒာဘိက္ခုနီမသည် အတူနေ ကပည့်မကို ရဟန်းပြုပေးပြီးနောက် မိမိလည်း ခေါ်မသွား သူတပါးကိုလည်း ခေါ်မသွားစေ၊ လင် ဖြစ်သူက ဖမ်းယူသွား၏။

အလိုနည်းသော ဘိက္ခုနီမတို့သည် "အဘယ့်ကြောင့် အသျှင်မ ထုလ္လနန္ဒာသည် အတူနေ တပည့်မကို ရဟန်းပြုပေးပြီးနောက် မိမိလည်း ခေါ်မသွား သူတပါးကိုလည်းခေါ်မသွားစေဘိသနည်း၊ လင်ဖြစ်သူက ဖမ်းယူသွား၏၊ ဤဘိက္ခုနီမသည် အရပ်တပါးသို့ အကယ်၍ ဖဲသွားအံ့၊ လင်ဖြစ်သူက မဖမ်းမယူလေရာ" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ ထုလ္လနန္ဒာဘိက္ခုနီမသည် အတူနေတပည့်မကို ရဟန်းပြုပေးပြီးနောက် မိမိလည်း ခေါ်မသွား သူတပါးကိုလည်း ခေါ်မသွားစေ လင်ယောကျ်ားသည် ဖမ်းယူသွား၏ ဟူသည် မှန်သ လော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ အဘယ့်ကြောင့် ထုလ္လနန္ဒာဘိက္ခုနီမသည် အတူနေတပည့်မကို ရဟန်းပြုပေးပြီးနောက် မိမိလည်းခေါ်မသွား သူတပါးကို လည်းခေါ်မသွားစေဘိသနည်း လင်ဖြစ်သူက ဖမ်းယူသွားဘိ၏။ ရဟန်းတို့ ဤ (ထုလ္လနန္ဒာဘိက္ခုနီမ ပြုမိသော အမှု) သည် မကြည်ညိုသေးသောသူတို့အား ကြည်ညိုစေခြင်းငှါ ရှိရင်း။ပ။

http://www.dhammadownload.com



ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

၁၂၅။ ၇၀-၁၁၁၆။ "အကြင် ဘိက္ခုနီမသည် အတူနေ တပည့်မကို ရဟန်းပြုပေးပြီးနောက် အယုတ်သဖြင့် ခြောက်ယူဇနာ ငါးယူဇနာ ခရီးတို့သို့လည်းမိမိလည်း ခေါ် မသွားအံ့၊ သူတပါးကိုလည်း ခေါ် မသွားစေငြားအံ့၊ (ထိုဘိက္ခုနီမအား) ပါစိတ်အာပတ် သင့်၏" ဤသို့ (ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)။

## ၁၀-ဒသမသိက္ခာပုဒ် အဖွင့်

၁၁၁၇။ အကြင် ဟူသည် အကြင်သို့ သဘောရှိသော။ပ။

ဘိက္ခုနီမ ဟူသည်။ပ။ ဤအရာ၌ ဤဉတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သော မိန်းမကို "ဘိက္ခုနီမ" ဟူ၍ အလိုရှိအပ်၏။

အတူနေတပည့်မ မည်သည် အတူနေလေ့ရှိသော တပည့်မကို ဆိုလို၏။

ရဟန်းပြုပေးပြီးနောက် ဟူသည် ပဉ္စင်းခံပေးပြီးနောက်။

မိမိလည်းခေါ် မသွားအံ့ ဟူသည် ကိုယ်တိုင်ခေါ်၍ မသွားငြားအံ့။

သူတပါးကိုလည်းခေါ် မသွားစေအံ့ ဟူသည် သူတပါးကို မစေခိုင်းငြားအံ့။

"အယုတ်သဖြင့် ခြောက်ယူဇနာ ငါးယူဇနာခရီးတို့သို့လည်း မိမိလည်း ခေါ် မသွား သူတပါးကိုလည်း ခေါ် မသွားစေအံ့" ဟု ဝန်ချကာမျှ၌ ပါစိတ်အာပတ် သင့်၏။

၁၁၁၈။ အန္တရာယ်ရှိအံ့၊ အဖော်ဘိက္ခုနီမကိုရှာ၍ မရအံ့၊အာပတ် မသင့်၊နာဖျားသော ဘိက္ခုနီမလည်း အာပတ် မသင့်၊ ဘေးရန်တို့ကြောင့်လည်း အာပတ် မသင့်၊ ရူးသောဘိက္ခုနီမ အစလက်ဦး လွန်ကျူးသော ဘိက္ခုနီမတို့အားလည်း အာပတ် မသင့်။

ဒသမသိက္ခာပုဒ် ပြီး၏။

သတ္တမဂဗ္ဘိနီဝဂ် ပြီး၏။

---

## ၈-ကုမာရိဘူတဝဂ် ၁-ပဌမသိက္ခာပုဒ်

၁၁၁၉။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဘိက္ခုနီမတို့သည် အသက်နှစ်ဆယ် မပြည့်သေးသည့် သတို့သမီးပျိုဖြစ်သူ သာမဏေမကို ရဟန်းပြုပေးကုန်၏။

ထိုသာမဏေမတို့သည် အချမ်းအပူ ဆာလောင်ခြင်း မွတ်သိပ်ခြင်း မှက်ခြင် လေ နေပူ မြွေကင်းသန်းတို့၏ အတွေ့တို့ကို သည်းမခံနိုင်ကုန်၊ မကောင်းသဖြင့် ဆိုအပ် မကောင်းသဖြင့် ရောက်လာသော စကားတို့ကိုလည်း ကိုယ်၌ဖြစ်ဆဲဖြစ်သော ပြင်းထန်ကြမ်းကြုတ်ခါးစပ်ကျင်နာ မသာယာဖွယ် မနှစ်သက်ဖွယ်ဖြစ်သော သေလောက်သော ဆင်းရဲဝေဒနာတို့ကိုလည်း သည်းခံခြင်းသဘော မရှိကုန်သည်သာလျှင်တည်း။

http://www.dhammadownload.com



အ လိုနည်းသော ဘိက္ခုနီမတို့သည် "အဘယ့်ကြောင့် ဘိက္ခုနီမတို့သည် အသက်နှစ်ဆယ် မပြည့် သေးသည့် သတို့သမီးပျိုဖြစ်သူ သာမဏေမကို ရဟန်းပြုပေးကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချ ကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ ဘိက္ခုနီမတို့သည် အသက်နှစ်ဆယ်မပြည့်သေးသည့် သတို့သမီးပျိုဖြစ်သူ သာမဏေမ ကို ရဟန်းပြုပေးကုန်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ အဘယ့်ကြောင့် ဘိက္ခုနီမတို့သည် အသက်နှစ်ဆယ်မပြည့်သေးသည့် သတို့သမီးပျိုဖြစ်သူ သာမဏေမကို ရဟန်း ပြုပေးကုန် ဘိသနည်း။

ရဟန်းတို့ အသက်နှစ်ဆယ်မပြည့်သေးသည့် သတို့သမီးပျိုဖြစ်သူ သာမဏေမသည် အချမ်းအပူ ကို သည်းခံခြင်းသဘောမရှိ။ပ။ သေလောက်သော ဆင်းရဲဝေဒနာတို့ကို သည်းမခံနိုင်သောသဘော ရှိ၏။ ရဟန်းတို့ အသက်နှစ်ဆယ်ပြည့်ပြီးသော သတို့သမီးပျိုဖြစ်သူ သာမဏေမသည် အချမ်းအပူကို သည်းခံခြင်းသဘောရှိ၏။ပ။ သေလောက်သော ဆင်းရဲဝေဒနာတို့ကိုလည်း သည်းခံခြင်းသဘော ရှိ၏။ ရဟန်းတို့ ဤ (ဘိက္ခုနီမတို့ ပြုမိသော အမှု)သည် မကြည်ညိုသေးသောသူတို့အား ကြည်ညို စေခြင်းငှါရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

၁၂၆။ ၇၁-၁၁၂၀။ "**အကြင် ဘိက္ခုနီမသည် အသက်နှစ်ဆယ် မပြည့်သေးသည့် သတို့ သမီးပျိုဖြစ်သူ သမဏေမကို ရဟန်းပြုပေးငြားအံ့ (ထိုဘိက္ခုနီမအား) ပါစိတ်အာပတ် သင့်၏**" ဤသို့ (ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)။

## ၁-ပဌမသိက္ခာပုဒ် အဖွင့်

၁၁၂၁။ အကြင် ဟူသည် အကြင်သို့ သဘောရှိသော။ပ။

**ဘိက္ခုနီမ** ဟူသည်။ပ။ ဤအရာ၌ ဤဉတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သော မိန်းမကို "ဘိက္ခုနီမ" ဟူ၍ အလိုရှိအပ်၏။

**အသက်နှစ်ဆယ်မပြည့်သေးသော** မည်သည် အနှစ်နှစ်ဆယ်သို့ မရောက်သေးသော။

**သတို့သမီးပျိုဖြစ်သူ** မည်သည် သာမဏေမကို ဆိုလို၏။

**ရဟန်းပြုပေးငြားအံ့** ဟူသည် ပဉ္စင်းခံပေးငြားအံ့။

"ရဟန်းပြုပေးအံ့" ဟု ဂိုဏ်းကိုသော်၎င်း ဆရာမကိုသော်၎င်း သပိတ်ကိုသော်၎င်း သင်္ကန်းကို သော်၎င်း ရှာဖွေအံ့၊ သိမ်ကိုသော်လည်း သမုတ်အံ့၊ ဒုက္កဋ်အာပတ် သင့်၏။

ဉတ်၏အဆုံး၌ ဒုက္ကဋ်အာပတ် သင့်၏။ ကမ္မဝါစာ နှစ်ကြိမ်တို့၏အဆုံး၌ ဒုက္ကဋ်အာပတ် သင့်ကုန်၏။ ကမ္မဝါစာ၏အဆုံး၌ ဥပဇ္ဈာယ်မအား ပါစိတ်အာပတ် သင့်၏။ ဂိုဏ်းနှင့် (ကမ္မဝါစာ) ဆရာမတို့အားမူကား ဒုက္ကဋ်အာပတ် သင့်၏။

http://www.dhammadownload.com



၁၁၂၂။ အသက်နှစ်ဆယ် မပြည့်သေးသူ (သာမဏေမ) ၌ အသက်နှစ်ဆယ် မပြည့်သေး ဟု အမှတ်ရှိသည်ဖြစ်၍ ရဟန်းပြုပေးအံ့၊ ပါစိတ်အာပတ် သင့်၏။

အသက်နှစ်ဆယ် မပြည့်သေးသူ (သာမဏေမ) ၌ ယုံမှားရှိသည်ဖြစ်၍ ရဟန်းပြုပေးအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

အသက်နှစ်ဆယ် မပြည့်သေးသူ (သာမဏေမ) ၌ အသက်နှစ်ဆယ်ပြည့်ပြီး ဟု အမှတ်ရှိသည်ဖြစ်၍ ရဟန်းပြုပေးအံ့၊ အာပတ် မသင့်။

အသက်နှစ်ဆယ် ပြည့်ပြီးသူ (သာမဏေမ) ၌ အသက်နှစ်ဆယ်မပြည့်သေး ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ အသက်နှစ်ဆယ် ပြည့်ပြီးသူ (သာမဏေမ) ၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ အသက်နှစ်ဆယ် ပြည့်ပြီးသူ (သာမဏေမ) ၌ အသက်နှစ်ဆယ် ပြည့်ပြီးဟု အမှတ်ရှိအံ့၊ အာပတ် မသင့်။

၁၁၂၃။ အသက်နှစ်ဆယ် မပြည့်သေးသူ သာမဏေမကို အသက်နှစ်ဆယ်ပြည့်ပြီး ဟု အမှတ်ရှိသည်ဖြစ်၍ ရဟန်းပြုပေးအံ့၊ အသက်နှစ်ဆယ် ပြည့်ပြီးသူ (သာမဏေမ) ကို အသက်နှစ်ဆယ် ပြည့်ပြီး ဟု အမှတ်ရှိသည်ဖြစ်၍ ရဟန်းပြုပေးအံ့၊ အာပတ် မသင့်၊ ရူးသောဘိက္ခုနီမ အစလက်ဦး လွန်ကျူးသော ဘိက္ခုနီမတို့အားလည်း အာပတ် မသင့်။

ပဥ္စမသိက္ခာပုဒ် ပြီး၏။

---

## ၈-ကုမာရိဘူတဝဂ် ၂-ဒုတိယသိက္ခာပုဒ်

၁၁၂၄။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဘိက္ခုနီမတို့သည် အသက်နှစ်ဆယ်ပြည့်ပြီး၍ နှစ်နှစ်တို့ပတ်လုံး သိက္ခာပုဒ်ခြောက်ပါး မကျင့်ရသေးသော သတို့သမီးပျိုဖြစ်သူ သာမဏေမကို ရဟန်းပြုပေးကုန်၏။

ထိုဘိက္ခုနီမတို့သည် မိုက်မဲကုန်၏၊ မကျွမ်းကျင်ကုန်၊ အပ်မအပ်ကိုလည်း မသိကုန်။

အလိုနည်းသော ဘိက္ခုနီမတို့သည် "အဘယ့်ကြောင့် ဘိက္ခုနီမတို့သည် အသက်နှစ်ဆယ်ပြည့်ပြီး၍ နှစ်နှစ်တို့ပတ်လုံး သိက္ခာပုဒ်ခြောက်ပါး မကျင့်ရသေးသော သတို့သမီးပျိုဖြစ်သူ သာမဏေမကို ရဟန်းပြုပေး ကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ ဘိက္ခုနီမတို့သည် အသက်နှစ်ဆယ်ပြည့်ပြီး၍ နှစ်နှစ်တို့ပတ်လုံး သိက္ခာပုဒ်ခြောက်ပါး မကျင့်ရသေးသော သတို့သမီးပျိုဖြစ်သူ သာမဏေမကို ရဟန်းပြုပေးကုန်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ အဘယ့်ကြောင့် ဘိက္ခုနီမတို့သည် အသက်နှစ်ဆယ် ပြည့်ပြီး၍ နှစ်နှစ်တို့ ပတ်လုံး သိက္ခာပုဒ်ခြောက်ပါး မကျင့်ရသေး

http://www.dhammadownload.com



သော သတို့သမီးပျို ဖြစ်သူသာမဏေမကို ရဟန်းပြုပေးကုန်ဘိသနည်း။ ရဟန်းတို့ ဤ (ဘိက္ခုနီမတို့ ပြုပ်သော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါရင်း။ပ။ ကဲ့ရဲ့တော်မူ၍ တရားစကားကို ဟောတော်မူပြီးလျှင် ရဟန်းတို့ကို—

ရဟန်းတို့ တဆယ့်ရှစ်နှစ် ရှိပြီးသော သတို့သမီးပျိုဖြစ်သူ သာမဏေမကို နှစ်နှစ်တို့ပတ်လုံး သိက္ခာပုဒ် ခြောက်ပါးကျင့်ရန် ဟူသော သိက္ခာသမ္မုတိကို ပေးခြင်းငှါ ခွင့်ပြုတော်မူ၏ ဟု မိန့်တော်မူ၏။

ရဟန်းတို့ ဤသို့ပေးရမည်။

ထိုတဆယ့်ရှစ်နှစ် ရှိပြီးသော သတို့သမီးပျိုဖြစ်သူ သာမဏေမသည် သံဃာသို့ချဉ်းကပ်၍ လက်ဝဲ တဘက်ပခုံးထက်၌ ကေသီကို စမွယ်တင်၍ ဘိက္ခုနီမတို့၏ ခြေတို့ကို ရှိခိုးပြီးလျှင် ဆောင့်ကြောင့်ထိုင်ကာ လက်အုပ်ချီလျက်—

"အသျှင်မတို့ အကျွန်ုပ်သည် ဤအမည်ရှိပါ၏၊ ဤမည်သော အသျှင်မ၏ တဆယ့်ရှစ်နှစ် ရှိပြီးသော သတို့သမီးပျိုဖြစ်သူ သာမဏေမ ပါတည်း၊ အကျွန်ုပ်သည် နှစ်နှစ်တို့ပတ်လုံး သိက္ခာပုဒ် ခြောက်ပါး ကျင့်ရန်ဟူသော သိက္ခာသမ္မုတိကို သံဃာအား တောင်းပါ၏" ဟု လျှောက်ရာ၏။

နှစ်ကြိမ်မြောက်လည်း တောင်းရမည်။ သုံးကြိမ်မြောက်လည်း တောင်းရမည်။ ကျွမ်းကျင် လိမ္မာ၍ စွမ်းရည်ရှိသော ဘိက္ခုနီမသည် သံဃာကို သိစေရမည်။

၁၁၂၅။ "အသျှင်မတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤမည် သော အသျှင်မ၏ တဆယ့်ရှစ်နှစ် ရှိပြီးသော သတို့သမီးပျိုဖြစ်သူ ဤမည်သော သာမဏေမ သည် သံဃာကို နှစ်နှစ်တို့ပတ်လုံး သိက္ခာပုဒ်ခြောက်ပါး ကျင့်ရန် ဟူသော သိက္ခာသမ္မုတိကို တောင်း၏၊ သံဃာအား လျှောက်ပတ်သော အခါရှိသောက်သည် အကယ်၍ဖြစ်ခြင်းအံ့၊ သံဃာသည် တဆယ့်ရှစ်နှစ် ရှိပြီးသော သတို့သမီးပျိုဖြစ်သူ ဤမည်သော သာမဏေမအား နှစ်နှစ်ဘို့ပတ်လုံး သိက္ခာပုဒ်ခြောက်ပါး ကျင့်ရန်ဟူသော သိက္ခာသမ္မုတိကို ပေးရာ၏၊ ဤကား သိစေခြင်းတည်း။

အသျှင်မတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤမည်သော အသျှင်မ ၏ တဆယ့်ရှစ်နှစ် ရှိပြီးသော သတို့သမီးပျိုဖြစ်သူ ဤမည်သော သာမဏေမသည် သံဃာကို နှစ်နှစ်တို့ပတ်လုံး သိက္ခာပုဒ်ခြောက်ပါး ကျင့်ရန်ဟူသော သိက္ခာသမ္မုတိကို တောင်း၏၊ သံဃာ သည် တဆယ့်ရှစ်နှစ်ရှိပြီးသော သတို့သမီးပျိုဖြစ်သူ ဤမည်သော သာမဏေမအား နှစ်နှစ်တို့ ပတ်လုံး သိက္ခာပုဒ်ခြောက်ပါး ကျင့်ရန် ဟူသော သိက္ခာသမ္မုတိကို ပေး၏၊ တဆယ့်ရှစ်နှစ်ရှိပြီး သော သတို့သမီးပျိုဖြစ်သူ ဤမည်သော သာမဏေမအား နှစ်နှစ်တို့ပတ်လုံး သိက္ခာပုဒ်ခြောက် ပါးကျင့်ရန်ဟူသော သိက္ခာသမ္မုတိကို ပေးခြင်းကို အကြင်အသျှင်မအား နှစ်သက်ခြင်းရှိ၏၊ ထိုအသျှင်မသည် ဆိတ်ဆိတ်နေရာ၏၊ အကြင်အသျှင်မအား နှစ်သက်ခြင်းမရှိ၊ ထိုအသျှင်မသည် ပြောဆိုရာ၏။

သံဃာသည် တဆယ့်ရှစ်နှစ် ရှိပြီးသော သတို့သမီးပျိုဖြစ်သူ ဤမည်သော သာမဏေမအား နှစ်နှစ်တို့ပတ်လုံး သိက္ခာပုဒ်ခြောက်ပါး ကျင့်ရန်ဟူသော သိက္ခာသမ္မုတိကို ပေးအပ်ပြီ၊ သံဃာ

http://www.dhammadownload.com



အား နှစ်သက်ခြင်းရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့်အဖြစ်ကို သိမှတ်ရပါသည်" ဟု (သိစေရမည်)။

တဆယ့်ရှစ်နှစ် ရှိပြီးသော ထိုသတို့သမီးပျိုဖြစ်သူ သာမဏေမကို "အသက်သတ်ခြင်းမှ ကြဉ်ရှောင်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို နှစ်နှစ်တို့ပတ်လုံး မလွန်ကျူးအောင် ကျင့်သုံး ဆောက်တည်ပါ၏၊။ပ။ နေလွဲညစာစားခြင်းမှ ကြဉ်ရှောင်ကြောင်း ဖြစ်သော သိက္ခာပုဒ်ကို နှစ်နှစ်တို့ပတ်လုံး မလွန်ကျူးအောင် ကျင့်သုံး ဆောက်တည်ပါ၏" ဤသို့ ဆိုလော့ ဟု ပြောဆိုရမည်။

ထိုအခါ မြတ်စွာဘုရားသည် ထိုဘိက္ခုနီမတို့ကို များစွာသော အကြောင်းဖြင့် ကဲ့ရဲ့ပြစ်တင်တော်မူပြီးလျှင် ကိုယ်တိုင်ပြုစု မေးမြန်းရန် ခက်ခဲခြင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

၁၂၇၇။ ၇၂-၁၁၂၆။ **"အကြင် ဘိက္ခုနီမသည် အသက်နှစ်ဆယ်ပြည့်ပြီးသော နှစ်နှစ်တို့ပတ်လုံး သိက္ခာပုဒ်ခြောက်ပါး မကျင့်ရသေးသော သတို့သမီးပျိုဖြစ်သူ သာမဏေမကို ရဟန်းပြုပေးငြားအံ့၊ (ထိုဘိက္ခုနီမအား) ပါစိတ်အာပတ် သင့်၏"** ဤသို့ (ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)။

## ၂-ဒုတိယသိက္ခာပုဒ် အဖွင့်

၁၁၂၇။ အကြင် ဟူသည် အကြင်သို့ သဘောရှိသော။ပ။

**ဘိက္ခုနီမ** ဟူသည်။ပ။ ဤအရာ၌ ဤဉတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သော မိန်းမကို "ဘိက္ခုနီမ" ဟူ၍ အလိုရှိအပ်၏။

**အသက် နှစ်ဆယ်ပြည့်ပြီးသော** မည်သည် အနှစ်နှစ်ဆယ်သို့ ရောက်ပြီးသော သူတည်း။

**သတို့သမီးပျို ဖြစ်သူ** မည်သည် သာမဏေမကို ဆိုလို၏။

**နှစ်နှစ်တို့ပတ်လုံး** ဟူသည် နှစ်နှစ်အပိုင်းအခြားရှိသော ကာလပတ်လုံး။

**မကျင့်ရသေးသော** မည်သည် အကျင့်သိက္ခာကိုလည်း မပေးရသေး၊ ပေးထားပြီး ဖြစ်သော အကျင့်သိက္ခာလည်း ပျက်စီး၏။

**ရဟန်းပြုပေး ငြားအံ့** ဟူသည် ပဉ္စင်းခံပေးငြားအံ့။

"ရဟန်းပြုပေးအံ့" ဟု ဂိုဏ်းကိုသော်၎င်း ဆရာမကိုသော်၎င်း သပိတ်ကိုသော်၎င်း သင်္ကန်းကိုသော်၎င်း ရှာဖွေအံ့၊ သိမ်ကိုသော်လည်း သမုတ်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ဉတ်၏အဆုံး၌ ဒုက္ကဋ်အာပတ် သင့်၏။ ကမ္မဝါစာ နှစ်ကြိမ်တို့၏ အဆုံး၌ ဒုက္ကဋ်အာပတ် သင့်ကုန်၏။ ကမ္မဝါစာ၏ အဆုံး၌ ဥပဇ္ဈာယ်မအား ပါစိတ်အာပတ် သင့်၏။ ဂိုဏ်းနှင့် (ကမ္မဝါစာ) ဆရာမတို့အားမူကား ဒုက္ကဋ်အာပတ် သင့်၏။

၁၁၂၈။ ဓမ္မကံ၌ ဓမ္မကံ ဟု အမှတ်ရှိသည်ဖြစ်၍ ရဟန်းပြုပေးအံ့၊ ပါစိတ်အာပတ် သင့်၏။ ဓမ္မကံ၌ ယုံမှားရှိသည်ဖြစ်၍ ရဟန်းပြုပေးအံ့၊ ပါစိတ်အာပတ် သင့်၏။ ဓမ္မကံ၌ အဓမ္မကံ ဟု အမှတ်ရှိသည်ဖြစ်၍ ရဟန်းပြုပေးအံ့၊ ပါစိတ်အာပတ် သင့်၏။

http://www.dhammadownload.com



အစမွက်၌ စမွက် ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ အစမွက်၌ ယုံမှားရှိအံ့၊ ဒုက္ကဋ် အာပတ် သင့်၏။ အစမွက်၌ အစမွက် ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

၁၁၂၉။ အသက်နှစ်ဆယ် ပြည့်ပြီးသော နှစ်နှစ်တို့ပတ်လုံး သိက္ခာပုဒ်ခြောက်ပါး ကျင့်ထားပြီး သော သတို့သမီးပျိုဖြစ်သူ သာမဏေမကို ရဟန်းပြုပေးအံ့၊ အာပတ် မသင့်၊ ရူးသောဘိက္ခုနီမ အစလက်ဦး လွန်ကျူးသော ဘိက္ခုနီမတို့အားလည်း အာပတ် မသင့်။

ဒုတိယသိက္ခာပုဒ် ပြီး၏။

---

## ၈-ကုမာရီဘူတဝဂ် ၃-တတိယသိက္ခာပုဒ်

၁၁၃၀။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံ ဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဘိက္ခုနီမတို့သည် အသက်နှစ်ဆယ် ပြည့်ပြီးသော နှစ်နှစ်တို့ပတ်လုံး သိက္ခာပုဒ် ခြောက်ပါး ကျင့်ထားပြီး ဖြစ်၍ သံဃာက မသမုတ်ရသေး သော သတို့သမီးပျိုဖြစ်သူ သာမဏေမကို ရဟန်းပြုပေးကုန်၏။

ဘိက္ခုနီမတို့က "သိက္ခမာန်တို့ လာကုန်လော့၊ ဤဝတ္ထုကို သိကုန်လော့၊ ဤဝတ္ထုကို ပေးကုန် လော့၊ ဤဝတ္ထုကို ဆောင်ခဲ့ကုန်လော့၊ ဤဝတ္ထုကို အလိုရှိ၏၊ ဤဝတ္ထုကို အပ်အောင် ပြုကုန်လော့" ဟု ပြောဆိုကုန်၏။ ထိုမိန်းမတို့သည် "အသျှင်မတို့ ငါတို့သည်ကား သိက္ခမာန် မဟုတ်ကုန်၊ ငါတို့သည် ဘိက္ခုနီမတို့တည်း" ဟု ပြောဆိုကုန်၏။

အလိုနည်းသော ဘိက္ခုနီမတို့သည် "အဘယ့်ကြောင့် ဘိက္ခုနီမတို့သည် အသက်နှစ်ဆယ် ပြည့် ပြီးသော နှစ်နှစ်တို့ပတ်လုံး သိက္ခာပုဒ်ခြောက်ပါး ကျင့်ထားပြီး ဖြစ်၍ သံဃာက မသမုတ်ရသေးသော သတို့သမီးပျို ဖြစ်သူ သာမဏေမကို ရဟန်းပြုပေးကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ ဘိက္ခုနီမတို့သည် အသက်နှစ်ဆယ် ပြည့်ပြီးသော နှစ်နှစ်တို့ပတ်လုံး သိက္ခာပုဒ် ခြောက်ပါး ကျင့်ထားပြီးဖြစ်၍ သံဃာက မသမုတ်ရသေးသော သတို့သမီးပျိုဖြစ်သူ သာမဏေမကို ရဟန်းပြုပေးကုန်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ အဘယ့်ကြောင့် ဘိက္ခုနီမတို့သည် အသက်နှစ်ဆယ် ပြည့်ပြီးသော နှစ်နှစ်တို့ပတ်လုံး သိက္ခာပုဒ်ခြောက်ပါး ကျင့်ထားပြီး ဖြစ်၍ သံဃာက မသမုတ်ရသေးသော သတို့သမီးပျိုဖြစ်သူ သာမဏေမကို ရဟန်းပြုပေးကုန်ဘိ သနည်း။ ရဟန်းတို့ ဤ (ဘိက္ခုနီမတို့ ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ၎င်း။ပ။ ကဲ့ရဲ့တော်မူပြီး၍ တရားစကားကို ဟောတော်မူပြီးလျှင် ရဟန်းတို့ကို—

"ရဟန်းတို့ အသက်နှစ်ဆယ်ပြည့်ပြီးသော နှစ်နှစ်တို့ပတ်လုံး သိက္ခာပုဒ်ခြောက်ပါး ကျင့်ထားပြီး သော သတို့သမီးပျိုဖြစ်သူ သာမဏေမကို ရဟန်းပြုရန် သမုတ်ခြင်း 'ဝုဋ္ဌာနသမ္မုတိ'ကို ပေးခြင်းငှါ ခွင့် ပြုတော်မူ၏" ဟု မိန့်တော်မူ၏။

ရဟန်းတို့ ဤသို့ ပေးရမည်။

http://www.dhammadownload.com



အသက်နှစ်ဆယ်ပြည့်ပြီးသော နှစ်နှစ်တို့ ပတ်လုံး သိက္ခာပုဒ်ခြောက်ပါး ကျင့်ထားပြီးသော ထို သတို့သမီးပျိုဖြစ်သူ သာမဏေမသည် သံဃာသို့ ချဉ်းကပ်ပြီးလျှင် လက်ဝဲတဖက်ပခုံးထက်၌ ကေသီကို စမွယ်တင်၍ ဘိက္ခုနီမတို့၏ ခြေတို့ကို ရှိခိုးပြီးလျှင် ဆောင့်ကြောင့်ထိုင်ကာ လက်အုပ်ချီလျက်—

"အသျှင်မတို့ အကျွန်ုပ်သည် ဤအမည်ရှိပါ၏၊ ဤမည်သော အသျှင်မ၏ အသက် နှစ်ဆယ်ပြည့်ပြီးသော နှစ်နှစ်တို့ပတ်လုံး သိက္ခာပုဒ်ခြောက်ပါး ကျင့်ထားပြီး ဖြစ်သူ သာမဏေမ ပါတည်း၊ အကျွန်ုပ်သည် သံဃာအား ဝုဋ္ဌာနသမ္မုတိကို တောင်းပါ၏" ဟု လျှောက်ရမည်။

နှစ်ကြိမ်မြောက်လည်း တောင်းရမည်။ သုံးကြိမ်မြောက်လည်း တောင်းရမည်။ ကျွမ်းကျင် လိမ္မာ၍ စွမ်းရည်ရှိသော ဘိက္ခုနီမသည် သံဃာကို သိစေရမည်။

၁၁၃၁။ "အသျှင်မတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤ မည်သော အသျှင်မ၏ အသက်နှစ်ဆယ်ပြည့်ပြီးသော နှစ်နှစ်တို့ပတ်လုံး သိက္ခာပုဒ်ခြောက်ပါး ကျင့်ထားပြီးသော ဤမည်သော သတို့သမီးပျိုဖြစ်သူ သာမဏေမသည် သံဃာအား ဝုဋ္ဌာန သမ္မုတိကို တောင်း၏၊ သံဃာအား လျှောက်ပတ်သော အခါရှိသော် ကသည် အကယ်၍ ဖြစ် ငြားအံ့၊ သံဃာသည် အသက်နှစ်ဆယ်ပြည့်ပြီးသော နှစ်နှစ်တို့ပတ်လုံး သိက္ခာပုဒ်ခြောက်ပါး ကျင့်ထားပြီးသော ဤမည်သော သတို့သမီးပျိုဖြစ်သူ သာမဏေမအား ဝုဋ္ဌာနသမ္မုတိကို ပေးရာ၏၊ ဤကား သိစေခြင်းတည်း။

အသျှင်မတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤမည်သော အသျှင်မ၏ အသက်နှစ်ဆယ်ပြည့်ပြီးသော နှစ်နှစ်တို့ပတ်လုံး သိက္ခာပုဒ်ခြောက်ပါး ကျင့်ထား ပြီးသော ဤမည်သော သတို့သမီးပျိုဖြစ်သူ သာမဏေမသည် သံဃာအား ဝုဋ္ဌာနသမ္မုတိကို တောင်း၏၊ သံဃာသည် အသက်နှစ်ဆယ်ပြည့်ပြီးသော နှစ်နှစ်တို့ပတ်လုံး သိက္ခာပုဒ်ခြောက်ပါး ကျင့်ထားပြီးသော ဤမည်သော သတို့သမီးပျိုဖြစ်သူ သာမဏေမအား ဝုဋ္ဌာနသမ္မုတိကို ပေး၏၊ အသက်နှစ်ဆယ်ပြည့်ပြီးသော နှစ်နှစ်တို့ပတ်လုံး သိက္ခာပုဒ်ခြောက်ပါး ကျင့်ထားပြီး သော ဤမည်သော သတို့သမီးပျိုဖြစ်သူ သာမဏေမအား ဝုဋ္ဌာနသမ္မုတိပေးခြင်းကို အကြင် အသျှင်မအား နှစ်သက်ခြင်းရှိ၏၊ ထိုအသျှင်မသည် ဆိတ်ဆိတ်နေရာ၏၊ အကြင် အသျှင်မအား နှစ်သက်ခြင်းမရှိ၊ ထိုအသျှင်မသည် ပြောဆိုရာ၏။

သံဃာသည် အသက်နှစ်ဆယ်ပြည့်ပြီးသော နှစ်နှစ်တို့ပတ်လုံး သိက္ခာပုဒ်ခြောက်ပါး ကျင့် ထားပြီးသော ဤမည်သော သတို့သမီးပျိုဖြစ်သူ သာမဏေမအား ဝုဋ္ဌာနသမ္မုတိကို ပေးအပ်ပြီ၊ သံဃာအား နှစ်သက်ခြင်းရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤ နှစ်သက်သည့် အဖြစ်ကို သိမှတ်ရပါသည်" ဟု (သိစေရမည်)။

ထိုအခါ မြတ်စွာဘုရားသည် ထိုဘိက္ခုနီမတို့ကို များစွာသော အကြောင်းဖြင့် ကဲ့ရဲ့ပြစ်တင် တော်မူပြီးလျှင် ကိုယ်ဘိုင် ပြုစုမွေးမြူရန် ခက်ခဲခြင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

**၁၂၈။ ၇၃-၁၁၃၂။ "အကြင် ဘိက္ခုနီမသည် အသက်နှစ်ဆယ်ပြည့်ပြီးသော နှစ်နှစ်တို့ ပတ်လုံး သိက္ခာပုဒ်ခြောက်ပါး ကျင့်ထားပြီးဖြစ်၍ သံဃာက မသမုတ်ရသေးသေ သတို့သမီး**

http://www.dhammadownload.com



**ပျိုဖြစ်သူ သာမဏေမကို ရဟန်းပြုပေးငြားအံ့၊ (ထိုဘိက္ခုနီမအား) ပါစိတ်အာပတ် သင့်၏"** ဤသို့ (ပြကြမေကုန်လော့ ဟုမိန့်တော်မူ၏)။

## ၃-တတိယသိက္ခာပုဒ် အဖွင့်

၁၁၃၃။ အကြင် ဟူသည် အကြင်သို့ သဘောရှိသော။ပ။

**ဘိက္ခုနီမ** ဟူသည်။ပ။ ဤအရာ၌ ဤဥ တ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သော မိန်းမကို "ဘိက္ခုနီမ" ဟူ၍ အလိုရှိအပ်၏။

**အသက်နှစ်ဆယ်ပြည့်ပြီးသော** မည်သည် အနှစ်နှစ်ဆယ်သို့ ရောက်သော သူတည်း။

**သတို့သမီးပျိုဖြစ်သူ** မည်သည် သာမဏေမကို ဆိုလို၏။

**နှစ်နှစ်တို့ပတ်လုံး** ဟူသည် နှစ်နှစ်အပိုင်းအခြားရှိသော ကာလတို့ပတ်လုံး။

**ကျင့်ထားပြီးသော** မည်သည် သိက္ခာပုဒ်ခြောက်ပါးတို့၌ ကျင့်ထားပြီးသော။

**မသမုတ်ရသေးသော** မည်သည် ဉ တ္တိဒုတိယကံဖြင့် ဝုဋ္ဌာနသမ္မုတိ 'ရဟန်းပြုရန်သမုတ်ခြင်း' ကို မပေးရသေးသော။

**ရဟန်းပြုပေးငြားအံ့** ဟူသည် ပဉ္စင်းခံပေးငြားအံ့။

"ရဟန်းပြုပေးအံ့" ဟု ဂိုဏ်းကိုသော်၎င်း ဆရာမကိုသော်၎င်း သပိတ်ကိုသော်၎င်း သင်္ကန်းကို သော်၎င်း ရှာဖွေအံ့၊ သိမ်ကိုသော်လည်း သမုတ်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ဉ တ်၏ အဆုံး၌ ဒုက္ကဋ်အာပတ် သင့်၏။ ကမ္မဝါစာ နှစ်ကြိမ်တို့၏ အဆုံး၌ ဒုက္ကဋ်အာပတ် သင့်ကုန်၏။ ကမ္မဝါစာ၏ အဆုံး၌ ဥပဇ္ဈာယ်မအား ပါစိတ်အာပတ် သင့်၏။ ဂိုဏ်းနှင့် (ကမ္မဝါစာ) ဆရာမတို့အား မူကား ဒုက္ကဋ်အာပတ် သင့်ကုန်၏။

၁၁၃၄။ ဓမ္မကံ၌ ဓမ္မကံ ဟု အမှတ်ရှိသည်ဖြစ်၍ ရဟန်းပြုပေးအံ့၊ ပါစိတ်အာပတ် သင့်၏။ ဓမ္မကံ၌ ယုံမှားရှိသည်ဖြစ်၍ ရဟန်းပြုပေးအံ့၊ ပါစိတ်အာပတ် သင့်၏။ ဓမ္မကံ၌ အဓမ္မကံ ဟု အမှတ်ရှိသည် ဖြစ်၍ ရဟန်းပြုပေးအံ့၊ ပါစိတ်အာပတ် သင့်၏။

အဓမ္မကံ၌ ဓမ္မကံ ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ အဓမ္မကံ၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ အဓမ္မကံ၌ အဓမ္မကံ ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

၁၁၃၅။ အသက်နှစ်ဆယ်ပြည့်ပြီးသော နှစ်နှစ်တို့ပတ်လုံး သိက္ခာပုဒ်ခြောက်ပါး ကျင့်ထားပြီး သော သံဃာက သမုတ်ထားပြီးသော သတို့သမီးပျိုဖြစ်သူ သာမဏေမကို ရဟန်းပြုပေးအံ့၊ အာပတ် မသင့်၊ ရူးသောဘိက္ခုနီမ အစလက်ဦး လွန်ကျူးသော ဘိက္ခုနီမတို့အားလည်း အာပတ် မသင့်။

တတိယသိက္ခာပုဒ် ပြီး၏။

http://www.dhammadownload.com



## ၈-ကုမာရီဘူတဝဂ် ၄-စတုတ္ထသိက္ခာပုဒ်

၁၁၃၆။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဘိက္ခုနီမတို့သည် တဆယ့်နှစ်ဝါ မရပဲ (ဥပဇ္ဈာယ်ပြု၍) ရဟန်းပြုပေးကုန်၏။

ထိုဘိက္ခုနီမတို့သည် မိုက်မဲကုန်၏၊ မကျွမ်းကျင်ကုန်၊ အပ်မအပ်ကိုလည်း မသိကုန်၊ အတူနေ တပည့်မတို့သည်လည်း မိုက်မဲကုန်၏၊ မကျွမ်းကျင်ကုန်၊ အပ်မအပ်ကိုလည်း မသိကုန်။

အလိုနည်းသော ဘိက္ခုနီမတို့သည် "အဘယ့်ကြောင့် ဘိက္ခုနီမတို့သည် တဆယ့်နှစ်ဝါမရပဲ ရဟန်းပြုပေးကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ ဘိက္ခုနီမတို့သည် တဆယ့်နှစ်ဝါမရပဲ ရဟန်းပြုပေးကုန်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ အဘယ့်ကြောင့် ဘိက္ခုနီမတို့သည် တဆယ့်နှစ်ဝါမရပဲ ရဟန်းပြုပေးကုန်ဘိသနည်း။ ရဟန်းတို့ ဤ (ဘိက္ခုနီမတို့ ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ မဟုတ်။ပ။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

၁၂၉။ ၇၄-၁၁၃၇။ **"အကြင် ဘိက္ခုနီမသည် တဆယ့်နှစ်ဝါမရပဲ (ဥပဇ္ဈာယ်ပြု၍) ရဟန်းပြုပေးငြားအံ့၊ (ထိုဘိက္ခုနီမအား) ပါစိတ်အာပတ် သင့်၏"** ဤသို့ (ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)။

## ၄-စတုတ္ထသိက္ခာပုဒ် အဖွင့်

၁၁၃၈။ အကြင် ဟူသည် အကြင်သို့ သဘောရှိသော။ပ။

**ဘိက္ခုနီမ** ဟူသည်။ပ။ ဤအရာ၌ ဤဉတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သော မိန်းမကို "ဘိက္ခုနီမ" ဟူ၍ အလိုရှိအပ်၏။

**တဆယ့်နှစ်ဝါ မရပဲ** မည်သည် တဆယ့်နှစ်ဝါသို့ မရောက်သေးသူတည်း။

**ရဟန်းပြုပေးငြားအံ့** ဟူသည် ပဉ္စင်းခံပေးငြားအံ့။

"ရဟန်းပြုပေးအံ့" ဟု ဂိုဏ်းကိုသော်၎င်း ဆရာမကိုသော်၎င်း သပိတ်ကိုသော်၎င်း သင်္ကန်းကို သော်၎င်း ရှာဖွေအံ့၊ သိမ်ကိုသော်လည်း သမုတ်အံ့၊ ဒုက္កဋ်အာပတ် သင့်၏။

ဉတ်၏အဆုံး၌ ဒုက္ကဋ်အာပတ် သင့်၏။ ကမ္မဝါစာနှစ်ကြိမ်တို့၏ အဆုံး၌ ဒုက္ကဋ်အာပတ် သင့်ကုန်၏။ ကမ္မဝါစာ၏ အဆုံး၌ ဥပဇ္ဈာယ်မအား ပါစိတ်အာပတ် သင့်၏။ ဂိုဏ်းနှင့် (ကမ္မဝါစာ) ဆရာမတို့အား မူကား ဒုက္ကဋ်အာပတ် သင့်ကုန်၏။

http://www.dhammadownload.com



၁၁၃၉။ တဆယ့်နှစ်ဝါပြည့်ပြီးမှ ရဟန်းပြုပေးအံ့၊ အာပတ် မသင့်၊ ရူးသောဘိက္ခုနီမ အစ လက်ဦး လွန်ကျူးသော ဘိက္ခုနီမတို့အားလည်း အာပတ် မသင့်။

စတုတ္ထသိက္ခာပုဒ် ပြီး၏။

---

## ၈-ကုမာရီဘူတဝဂ် ၅-ပဉ္စမသိက္ခာပုဒ်

၁၁၄၀။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဘိက္ခုနီမတို့သည် တဆယ့်နှစ်ဝါသာ ပြည့်၍ သံဃာက မသမုတ်ရသေးပဲ (ဥပဇ္ဈာယ်ပြု၍) ရဟန်းပြုပေးကုန်၏။

ထိုဘိက္ခုနီမတို့သည် မိုက်မဲကုန်၏၊ မကျွမ်းကျင်ကုန်၊ အပ်မအပ်ကိုလည်း မသိကုန်၊ အတူနေ တပည့်မတို့သည်လည်း မိုက်မဲကုန်၏၊ မကျွမ်းကျင်ကုန်၊ အပ်မအပ်ကိုလည်း မသိကုန်။

အသိုနည်းသော ဘိက္ခုနီမတို့သည် "အဘယ့်ကြောင့် ဘိက္ခုနီမတို့သည် တဆယ့်နှစ်ဝါသာပြည့် ၍ သံဃာက မသမုတ်ရသေးပဲ ရဟန်းပြုပေးကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ ဘိက္ခုနီမတို့သည် တဆယ့်နှစ်ဝါသာပြည့်၍ သံဃာက မသမုတ်ရသေးပဲ ရဟန်း ပြုပေးကုန်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ အဘယ့်ကြောင့် ဘိက္ခုနီမတို့သည် တဆယ့်နှစ်ဝါသာပြည့်၍ သံဃာက မသမုတ်ရသေးပဲ ရဟန်းပြုပေးကုန်ဘိသနည်း။ ရဟန်းတို့ ဤ(ဘိက္ခုနီမတို့ပြုမိသော အမှု)သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ ၎င်း။ပ။ ကဲ့ရဲ့တော်မူ၍ တရားစကားကို ဟောတော်မူပြီးလျှင် ရဟန်းတို့ကို—

"ရဟန်းတို့ တဆယ့်နှစ်ဝါပြည့်ပြီးသော ဘိက္ခုနီမအား ဝုဋ္ဌာပနသမ္မုတိ ကို ပေးခြင်းငှါ ခွင့်ပြုတော်မူ၏" ဟု မိန့်တော်မူ၏။

ရဟန်းတို့ ဤသို့ ပေးရမည်။

တဆယ့်နှစ်ဝါပြည့်ပြီးသော ထိုဘိက္ခုနီမသည် သံဃာသို့ ချဉ်းကပ်ပြီးလျှင် လက်ဝဲတဖက်ပခုံး ထက်၌ ဧကသီကို စမွယ်တင်၍ သီတင်းကြီးဖြစ်ကုန်သော ဘိက္ခုနီမတို့၏ ခြေတို့ကို ရှိခိုးပြီးလျှင် ဆောင့်ကြောင့်ထိုင်ကာ လက်အုပ်ချီလျက်--

"အသျှင်မတို့ တဆယ့်နှစ်ဝါပြည့်ပြီးသော ဤမည်သော အကျွန်ုပ်သည် ဘိက္ခုနီ သံဃာအား ဝုဋ္ဌာပနသမ္မုတိကို တောင်းပါ၏" ဟု လျှောက်ရမည်။ နှစ်ကြိမ်မြောက်လည်း တောင်းရမည်။ သုံးကြိမ်မြောက်လည်း တောင်းရမည်။

---

* တဆယ့်နှစ်ဝါပြည့်ပြီးသော ဘိက္ခုနီမအား ဥပဇ္ဈာယ်ပြု၍ ရဟန်းခံပေးနိုင်ရန် ဉတ္တိဒုတိယကမ္မဝါစာဖြင့် သမုတ်ထားခြင်းကိုပင် ဝုဋ္ဌာပနသမ္မုတိ ဟု ခေါ်သည်။

http://www.dhammadownload.com



ထိုဘိက္ခုနီမကို သံဃာက "ဤဘိက္ခုနီမသည် ကျမ်းကျင်၏လော လဇ္ဇီမလော" ဟု ပိုင်းခြား ရမည်။ အကယ်၍ မိုက်လည်းမိုက်မဲအံ့၊ အလဇ္ဇီမလည်းဖြစ်အံ့၊ မပေးရ။ အကယ်၍ မိုက်မဲလျှင် လဇ္ဇီမ ဖြစ်သော်လည်း မပေးရ။ အကယ်၍ ကျမ်းကျင်သော်လည်း အလဇ္ဇီမဖြစ်အံ့၊ မပေးရ။ အကယ်၍ ကျမ်းကျင်လည်း ကျမ်းကျင်အံ့၊ သဇ္ဇီမလည်း ဖြစ်အံ့၊ ပေးရမည်။

ရဟန်းတို့ ဤသို့ပေးရမည်။ ကျမ်းကျင်လိမ္မာ၍ ထွမ်းရည်ရှိသော ဘိက္ခုနီမသည် သံဃာကို သိစေရမည်။

၁၁၃၁။ "အသျှင်မတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ တဆယ့်နှစ်ဝါပြည့်ပြီးသော ဤမည်သော ဘိက္ခုနီမသည် သံဃာအား ဝုဋ္ဌာပနသမ္မုတိကို တောင်း၏၊ သံဃာအား လျော်ကန်သော အခါရှိသော်သည် အကယ်၍ ဖြစ်ငြားအံ့၊ သံဃာသည် တဆယ့်နှစ်ဝါ ပြည့်ပြီးသော ဤမည်သော ဘိက္ခုနီမအား ဝုဋ္ဌာပနသမ္မုတိကို ပေးရာ၏၊ ဤကား သိစေခြင်းတည်း။

အသျှင်မတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ တဆယ့်နှစ်ဝါ ပြည့်ပြီး သော ဤမည်သော ဘိက္ခုနီမသည် သံဃာအား ဝုဋ္ဌာပနသမ္မုတိကို တောင်း၏၊ သံဃာသည် တဆယ့်နှစ်ဝါ ပြည့်ပြီးသော ဤမည်သော ဘိက္ခုနီမအား ဝုဋ္ဌာပနသမ္မုတိကို ပေး၏၊ တဆယ့်နှစ် ဝါပြည့်ပြီးသော ဤမည်သော ဘိက္ခုနီမအား ဝုဋ္ဌာပနသမ္မုတိ ပေးသည်ကို အကြင်အသျှင်မ အား နှစ်သက်ခြင်းရှိ၏၊ ထိုအသျှင်မသည် ဆိတ်ဆိတ်နေရာ၏၊ အကြင်အသျှင်မအား နှစ်သက် ခြင်းမရှိ၊ ထိုအသျှင်မသည် ပြောဆိုရာ၏။

သံဃာသည် တဆယ့်နှစ်ဝါ ပြည့်ပြီးသော ဤမည်သော ဘိက္ခုနီမအား ဝုဋ္ဌာပနသမ္မုတိကို ပေးအပ်ပြီ၊ သံဃာအား နှစ်သက်ခြင်းရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ဆိတ်ဆိတ်နေ သဖြင့် ဤနှစ်သက်သည့်အဖြစ်ကို သိမှတ်ရပါသည်" ဟု (သိစေရမည်)။

ထိုအခါ မြတ်စွာဘုရားသည် ထိုဘိက္ခုနီမတို့ကို များစွာသော အကြောင်းဖြင့် ကဲ့ရဲ့ပြစ်တင်တော် မူပြီးလျှင် ကိုယ်တိုင်ပြုစုမွေးမြူရန်ခက်ခဲခြင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

**၁၃၀။ ၇၅-၁၁၄၂။ "အကြင် ဘိက္ခုနီမသည် တဆယ့်နှစ်ဝါသာပြည့်၍ သံဃာကမသမုတ် ရသေးပဲ (ဥပဇ္ဈာယ်ပြု၍) ရဟန်းပြုပေးငြားအံ့၊ (ထိုဘိက္ခုနီမအား) ပါစိတ်အာပတ် သင့်၏"** ဤသို့ (ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)။

## ၅-ပဋ္ဌမသိက္ခာပုဒ် အဖွင့်

၁၁၄၃။ အကြင် ဟူသည် အကြင်သို့ သဘောရှိသော။ပ။

**ဘိက္ခုနီမ** ဟူသည်။ပ။ ဤအရာ၌ ဤဥတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သော မိန်းမကို "ဘိက္ခုနီမ" ဟူ၍ အလိုရှိအပ်၏။

**တဆယ့်နှစ်ဝါပြည့်ပြီးသော** မည်သည် တဆယ့်နှစ်ဝါသို့ ရောက်ပြီးသော သူတည်း။

http://www.dhammadownload.com



**မသမုတ်ရသေး** မည်သည် ဉတ္တိဒုတိယကံဖြင့် ဝုဋ္ဌာပနသမ္မုတိကို မပေးရသေး။

**ရဟန်းပြုပေးငြားအံ့** ဟူသည် ပဥ္စင်းခံပေးငြားအံ့။

"ရဟန်းပြုပေးအံ့" ဟု ဂိုဏ်းကိုသော်ရင်း ဆရာမကိုသော်ရင်း သပိတ်ကိုသော်ရင်း သင်္ကန်းကို သော်ရင်း ရှာဖွေအံ့၊ သိမ်ကိုသော်လည်း သမုတ်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ဉတ်၏အဆုံး၌ ဒုက္ကဋ်အာပတ် သင့်၏၊ ကမ္မဝါစာ နှစ်ကြိမ်တို့၏အဆုံး၌ ဒုက္ကဋ်အာပတ် သင့်ကုန်၏။ ကမ္မဝါစာ၏အဆုံး၌ ဥပဇ္ဈာယ်မအား ပါစိတ်အာပတ် သင့်၏။ ဂိုဏ်းနှင့် (ကမ္မဝါစာ) ဆရာမတို့အား မူကား ဒုက္ကဋ်အာပတ် သင့်ကုန်၏။

၁၁၄၄။ ဓမ္မကံ၌ ဓမ္မကံ ဟု အမှတ်ရှိသည်ဖြစ်၍ ရဟန်းပြုပေးအံ့၊ ပါစိတ်အာပတ် သင့်၏။ ဓမ္မကံ၌ ယုံမှားရှိသည်ဖြစ်၍ ရဟန်းပြုပေးအံ့၊ ပါစိတ်အာပတ် သင့်၏။ ဓမ္မကံ၌ အဓမ္မကံ ဟု အမှတ်ရှိသည် ဖြစ်၍ ရဟန်းပြုပေးအံ့၊ ပါစိတ်အာပတ် သင့်၏။

အဓမ္မကံ၌ ဓမ္မကံ ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ အဓမ္မကံ၌ ယုံမှားရှိအံ့၊ ဒုက္ကဋ် အာပတ် သင့်၏။ အဓမ္မကံ၌ အဓမ္မကံ ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

၁၁၄၅။ တဆယ့်နှစ်ဝါပြည့်၍ သံဃာက သမုတ်ထားသောကြောင့် ရဟန်းပြုပေးအံ့၊ အာပတ် မသင့်၊ ရူးသော ဘိက္ခုနီမ အစလက်ဦး လွန်ကျူးသော ဘိက္ခုနီမတို့အားလည်း အာပတ် မသင့်။

ပဥ္စမသိက္ခာပုဒ် ပြီး၏။

---

## ၈–ကုမာရိဘူတဝဂ် ၆–ဆဋ္ဌသိက္ခာပုဒ်

၁၁၄၆။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံ ဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ စဏ္ဍကာဠီ ဘိက္ခုနီမသည် ဘိက္ခုနီ သံဃာသို့ ချဉ်းကပ်ပြီးလျှင် ဝုဋ္ဌာပနသမ္မုတိကို တောင်း၏။

ထိုအခါ ဘိက္ခုနီသံဃာက ပိုင်းခြားပြီးနောက် "အသျှင်မ သင်သည် ဥပဇ္ဈာယ်ပြုလုပ်ရန်မတော် သေး" ဟု (ဆိုလျက်) ထိုစဏ္ဍကာဠီ ဘိက္ခုနီမအား ဝုဋ္ဌာပနသမ္မုတိကို မပေးပဲနေ၏။ စဏ္ဍကာဠီ ဘိက္ခုနီမသည် ကောင်းပါပြီ ဟု ဝန်ခံလေ၏။

ထိုစဉ်အခါ၌ ဘိက္ခုနီသံဃာသည် အခြားဘိက္ခုနီမတို့အား ဝုဋ္ဌာပနသမ္မုတိကို ပေးလေ၏။ စဏ္ဍကာဠီဘိက္ခုနီမသည် "ငါသာလျှင် မိုက်သလော ငါသာလျှင် အလဇ္ဇီမလော၊ သံဃာသည် ငါမှ တပါး အခြားဘိက္ခုနီမတို့အားမူကား ဝုဋ္ဌာပနသမ္မုတိကို ပေး၏၊ ငါ့အားသာလျှင် ဝုဋ္ဌာပနသမ္မုတိကို မပေးပဲ နေဘိ၏" ဟု ကဲ့ရဲ့၏၊ ရှုတ်ချ၏၊ အပြစ်ပြ ပြောဆို၏။

အလိုနည်းသော ဘိက္ခုနီမတို့သည် "အဘယ့်ကြောင့် အသျှင်မစဏ္ဍကာဠီသည် 'အသျှင်မ သင်သည် ဥပဇ္ဈာယ်ပြုလုပ်ရန် မတော်သေး' ဟု ဆိုသည်ရှိသော် ကောင်းပါပြီ ဟု ဝန်ခံလျက် နောက်မှ ကဲ့ရဲ့ရှုတ်ချခြင်းသို့ ရောက်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

http://www.dhammadownload.com



"ရဟန်းတို့ စဏ္ဍကာဠီ ဘိက္ခုနီမသည် "အသျှင်မ သင်သည် ဥပဇ္ဈာယ် ပြုလုပ်ရန် မတော်သေး" ဟု ဆိုအပ်သည်ရှိသော် ကောင်းပါပြီ ဟု ဝန်ခံပြီးလျှင် နောက်မှ ကဲ့ရဲ့ရှုတ်ချခြင်း သဘောသို့ ရောက်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ အဘယ့်ကြောင့် စဏ္ဍကာဠီဘိက္ခုနီမသည် "အသျှင်မ သင်သည် ဥပဇ္ဈာယ် ပြုလုပ်ရန် မတော်သေး" ဟု ဆိုအပ်သည် ရှိသော် ကောင်းပါပြီ ဟု ဝန်ခံပြီးလျက် နောက်မှ ကဲ့ရဲ့ရှုတ်ချခြင်းသဘောသို့ ရောက်ဘိသနည်း။ ရဟန်းတို့ ဤ (စဏ္ဍကာဠီဘိက္ခုနီမ ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညို စေခြင်းငှါ ရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

၁၃၁။ ၇၆-၁၁၄၇။ **"အကြင် ဘိက္ခုနီမသည် 'အသျှင်မ သင်သည် ဥပဇ္ဈာယ်ပြုလုပ်ရန် မတော်သေး' ဟု ဆိုသည်ရှိသော် ကောင်းပါပြီ ဟု ဝန်ခံပြီးလျက် နောက်မှ ကဲ့ရဲ့ရှုတ်ချခြင်း သဘောသို့ ရောက်ငြားအံ့၊ (ထိုဘိက္ခုနီမအား) ပါစိတ်အာပတ် သင့်၏"** ဤသို့ (ပြကြစေ ကုန်လော့ ဟု မိန့်တော်မူ၏)။

## ၆-ဆဋ္ဌသိက္ခာပုဒ် အဖွင့်

၁၁၄၈။ အကြင် ဟူသည် အကြင်သို့ သဘောရှိသော။ပ။

**ဘိက္ခုနီမ ဟူသည်**။ပ။ ဤအရာ၌ ဤဥ တ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သော မိန်းမကို "ဘိက္ခုနီမ" ဟူ၍ အလိုရှိအပ်၏။

**အသျှင်မ သင်သည် ဥပဇ္ဈာယ်ပြုလုပ်ရန် မတော်သေး ဟူသည်** အသျှင်မ သင်သည် ဥပဇ္ဈာယ် ပြုလုပ်ရန် မတော်သေး ဟု ဆိုသည်ရှိသော် ကောင်းပြီ ဟု ဝန်ခံပြီးလျက် နောက်မှ ကဲ့ရဲ့ရှုတ်ချခြင်းသို့ ရောက်ငြားအံ့၊ ပါစိတ်အာပတ် သင့်၏။

၁၁၄၉။ ပင်ကိုယ်အားဖြင့် ချစ်ခြင်း မုန်းခြင်း မသိခြင်း ကြောက်ခြင်း တို့ကြောင့် (ဥပဇ္ဈာယ် လုပ်မှု) ပြုသော သူကို ကဲ့ရဲ့ရှုတ်ချအံ့၊ အာပတ် မသင့်၊ ရူးသောဘိက္ခုနီမ အစလက်ဦး လွန်ကျူးသော ဘိက္ခုနီမတို့အားလည်း အာပတ် မသင့်။

ဆဋ္ဌသိက္ခာပုဒ် ပြီး၏။

---

## ၈-ကုမာရီဘူတဝဂ် ၇-သတ္တမသိက္ခာပုဒ်

၁၁၅၀။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံ ဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ သိက္ခမာန်တယောက်သည် ထုလ္လနန္ဒာ ဘိက္ခုနီမထံသို့ချဉ်းကပ်ပြီးလျှင် ပဉ္စင်းအဖြစ်ကို တောင်း၏။

http://www.dhammadownload.com



ထုလ္လနန္ဒာဘိက္ခုနီမသည် ထိုသိက္ခမာန်ကို "အသျှင်မ သင်သည် အကယ်၍ ငါ့အား သင်္ကန်းကို ပေးပါလျှင် သင့်ကို ငါရဟန်းပြုပေးအံ့" ဟု ဆိုပြီးနောက် ရဟန်းပြု မပေးချေ၊ ရဟန်းပြုပေးခြင်းငှါ လည်း ကြောင့်ကြမစိုက်ချေ။

ထိုအခါ ထိုသိက္ခမာန်သည် ဘိက္ခုနီမတို့အား ဤအကြောင်းကို ပြောကြား၏။ အလိုနည်းသော ဘိက္ခုနီမတို့သည် "အဘယ့်ကြောင့် အသျှင်မ ထုလ္လနန္ဒာသည် သိက္ခမာန်ကို 'အသျှင်မသင်သည် အကယ်၍ ငါ့အားသင်္ကန်းကို ပေးပါလျှင် သင့်ကို ငါရဟန်းပြုပေးအံ့' ဟု ဆိုပြီးနောက် ရဟန်းပြုမပေးဘိ သနည်း၊ ရဟန်းပြုပေးခြင်းငှါလည်း လုံ့လမပြုဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြော ဆိုကြကုန်၏။ပ။

"ရဟန်းတို့ ထုလ္လနန္ဒာ ဘိက္ခုနီမသည် သိက္ခမာန်ကို 'အသျှင်မ သင်သည် အကယ်၍ ငါ့အား သင်္ကန်းကိုပေးပါလျှင် သင့်ကို ငါရဟန်းပြုပေးအံ့' ဟု ဆိုပြီးနောက် ရဟန်းပြုမပေး၊ ရဟန်းပြုပေးခြင်း ငှါလည်း ကြောင့်ကြမစိုက် ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်တော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ အဘယ့်ကြောင့် ထုလ္လ နန္ဒာဘိက္ခုနီမသည် သိက္ခမာန်ကို "အသျှင်မ သင်သည် အကယ်၍ ငါ့အားသင်္ကန်းကိုပေးပါလျှင် သင့်ကို ငါရဟန်းပြုပေးအံ့" ဟု ဆိုပြီး၍ ရဟန်းပြုမပေးဘိသနည်း၊ ရဟန်းပြုပေးခြင်းငှါလည်း ကြောင့် ကြမစိုက်ဘိသနည်း။ ရဟန်းတို့ ဤ(ထုလ္လနန္ဒာဘိက္ခုနီမ ပြုမိသော အမှု)သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

၁၃၂။ ၇၇-၁၁၅၁။ "အကြင် ဘိက္ခုနီမသည် သိက္ခမာန်ကို 'အသျှင်မ သင်သည် အကယ်၍ ငါ့အားသင်္ကန်းကိုပေးပါလျှင် သင့်ကို ငါရဟန်းပြုပေးအံ့' ဟု ဆိုပြီးနောက် ထိုဘိက္ခုနီမသည် နောက်၌ အန္တရာယ်မရှိပဲ (ဥပဇ္ဈာယ်ပြု၍) ရဟန်းပြုမပေးငြားအံ့၊ ရဟန်းပြုပေးခြင်းငှါလည်း ကြောင့်ကြမစိုက်ငြားအံ့၊ (ထိုဘိက္ခုနီမအား) ပါစိတ်အာပတ် သင့်၏" ဤသို့ (ပြကြစေကုန် လော့ ဟု မိန့်တော်မူ၏)။

## ၇-သတ္တမသိက္ခာပုဒ် အဖွင့်

၁၁၅၂။ **အကြင်** ဟူသည် အကြင်သို့ သဘောရှိသော ။ပ။

**ဘိက္ခုနီမ** ဟူသည်။ပ။ ဤအရာ၌ ဤဉတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သော မိန်းမကို "ဘိက္ခုနီမ" ဟူ၍ အလိုရှိအပ်၏။

**သိက္ခမာန်** မည်သည် နှစ်နှစ်တို့ပတ်လုံး သိက္ခာပုဒ်ခြောက်ပါးကျင့်ထားပြီးသော မိန်းမတည်း။

**အသျှင်မ သင်သည် အကယ်၍ ငါ့အားသင်္ကန်းကိုပေးပါလျှင် သင့်ကို ငါရဟန်းပြုပေးအံ့** ဟူသည် ဤသို့ သင်္ကန်းပေးမှု သင့်ကိုငါပဉ္စင်းခံပေးအံ့။

**ထိုဘိက္ခုနီမသည် နောက်၌ အန္တရာယ်မရှိပဲ** ဟူသည် အန္တရာယ်မရှိခဲ့သော်။

http://www.dhammadownload.com


ရဟန်းပြုပေးခြင်းအံ့ ဟူသည် ကိုယ်တိုင်ရဟန်းပြုမပေးခြင်းအံ့။

ရဟန်းပြုပေးခြင်းငှါ ကြောင့်ကြမစိုက် ခြင်းအံ့ ဟူသည် သူတပါးကို မစေခိုင်းခြင်းအံ့။

"ရဟန်းပြုမပေးတော့အံ့၊ ရဟန်းပြုပေးခြင်းငှါလည်း လုံ့လမပြုတော့အံ့" ဟု ဝန်ချကာမျှ၌ ပါစိတ်အာပတ် သင့်၏။

၁၁၅၃။ အန္တရာယ်ရှိအံ့၊ ပျာဖွေမရအံ့၊ အာပတ် မသင့်၊ နာဖျားသောဘိက္ခုနီမအားလည်း အာပတ် မသင့်၊ ဘေးရန်တို့ကြောင့်လည်း အာပတ် မသင့်၊ ရူးသောဘိက္ခုနီမ အစလက်ဦး လွန်ကျူးသော ဘိက္ခုနီမတို့အားလည်း အာပတ် မသင့်။

သတ္တမသိက္ခာပုဒ် ပြီး၏။

---

## ၈-ကုမာရိဘူတဝဂ် ၈-အဋ္ဌမသိက္ခာပုဒ်

၁၁၅၄။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ သိက္ခမာန်တယောက်သည် ထုလ္လနန္ဒာ ဘိက္ခုနီမထံသို့ ချဉ်းကပ်၍ ပဉ္စင်းအဖြစ်ကိုတောင်း၏။

ထုလ္လနန္ဒာဘိက္ခုနီမသည် သိက္ခမာန်ကို "အသျှင်မ သင်သည် နှစ်နှစ်တိုင်ပတ်လုံး ငါ့နောက်သို့ လိုက်ခဲ့ပါလျှင် သင့်ကို ငါရဟန်းပြုပေးအံ့" ဟု ဆိုပြီးမှ ရဟန်းပြုမပေးချေ၊ ရဟန်းပြုပေးခြင်းငှါလည်း ကြောင့်ကြမစိုက်ချေ။

ထိုအခါ ထိုသိက္ခမာန်သည် ဘိက္ခုနီမတို့အား ဤအကြောင်းကို ပြောကြား၏။ အလိုနည်းသော ဘိက္ခုနီမတို့သည် "အဘယ့်ကြောင့် အသျှင်မ ထုလ္လနန္ဒာသည် သိက္ခမာန်ကို 'အသျှင်မ သင်သည် နှစ်နှစ်တိုင်ပတ်လုံး ငါ့နောက်သို့ လိုက်ခဲ့ပါလျှင် သင့်ကို ငါရဟန်းပြုပေးအံ့' ဟု ဆိုပြီးမှ ရဟန်းပြုမပေးဘိသနည်း၊ ရဟန်းပြုပေးခြင်းငှါလည်း ကြောင့်ကြမစိုက်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ ထုလ္လနန္ဒာဘိက္ခုနီမသည် သိက္ခမာန်ကို 'အသျှင်မ သင်သည် နှစ်နှစ်တိုင်ပတ်လုံး ငါ့နောက်သို့ လိုက်ခဲ့ပါလျှင် သင့်ကို ငါရဟန်းပြုပေးအံ့' ဟု ဆိုပြီးမှ ရဟန်းပြုမပေး၊ ရဟန်းပြုပေးခြင်း ငှါလည်း ကြောင့်ကြမစိုက် ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ အဘယ့်ကြောင့် ထုလ္လနန္ဒာဘိက္ခုနီမသည် သိက္ခမာန်ကို "အသျှင်မ သင်သည် နှစ်နှစ်တိုင်ပတ်လုံး ငါ့နောက်သို့လိုက်ခဲ့ပါလျှင် သင့်ကို ငါရဟန်းပြုပေးအံ့" ဟု ဆိုပြီးမှ ရဟန်းပြုမပေးဘိသနည်း၊ ရဟန်းပြုပေးခြင်းငှါလည်း ကြောင့်ကြမစိုက်ဘိသနည်း။ ရဟန်းတို့ ဤ (ထုလ္လနန္ဒာဘိက္ခုနီမ ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ ရင်း။ပ။

http://www.dhammadownload.com



ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

၁၃၃။ ၇၈-၁၁၅၅။ "အကြင် ဘိက္ခုနီမသည် သိက္ခမာန်ကို 'အသျှင်မသင်သည် နှစ်နှစ်တို့ ပတ်လုံး ငါ့နောက်သို့ လိုက်ခဲ့ပါလျှင် သင့်ကို ငါရဟန်းပြုပေးအံ့' ဟု ဆိုပြီးနောက် ထိုဘိက္ခုနီမ သည် အန္တရာယ်မရှိပဲ ရဟန်ပြုမပေးငြားအံ့၊ ရဟန်းပြုပေးခြင်းငှါလည်း ကြောင့်ကြမစိုက်ငြား အံ့၊ (ထိုဘိက္ခုနီမအား) ပါစိတ်အာပတ် သင့်၏" ဤသို့ (ပြကြစေကုန်လော့ ဟု မိန့်တော် မူ၏)။

## ၈-အဋ္ဌမသိက္ခာပုဒ် အဖွင့်

၁၁၅၆။ အကြင် ဟူသည် အကြင်သို့ သဘောရှိသော။ပ။

**ဘိက္ခုနီမ ဟူသည်**။ပ။ ဤအရာ၌ ဤဉတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သော မိန်းမကို "ဘိက္ခုနီမ" ဟူ၍ အလိုရှိအပ်၏။

**သိက္ခမာန် မည်သည်** နှစ်နှစ်တို့ပတ်လုံး သိက္ခာပုဒ်ခြောက်ပါး ကျင့်ထားပြီးသော မိန်းမတည်း။

**အသျှင်မ သင်သည် နှစ်နှစ်တို့ပတ်လုံး ငါ့နောက်သို့ လိုက်ခဲ့ပါလျှင် သင့်ကို ငါရဟန်းပြုပေးအံ့** ဟူသည် နှစ်နှစ်တို့ပတ်လုံး လုပ်ကျွေးခဲ့ပါလျှင် သင့်ကို ငါပဉ္စင်းခံပေးအံ့။

**ထိုဘိက္ခုနီမသည် ပြောဆိုပြီးနောက် အန္တရာယ် မရှိပဲ** ဟူသည် အန္တရာယ် မရှိခဲ့သော်။

**ရဟန်းပြုမပေးငြားအံ့** ဟူသည် ကိုယ်တိုင် ရဟန်းပြုမပေးအံ့။

**ရဟန်းပြုပေးခြင်းငှါ ကြောင့်ကြမစိုက်ငြားအံ့** ဟူသည် သူတပါးကို မစေခိုင်းအံ့။

"ရဟန်းပြုမပေးတော့အံ့၊ ရဟန်းပြုပေးခြင်းငှါလည်း ကြောင့်ကြမစိုက်တော့အံ့" ဟု ဝန်ချ ကာမျှ၌ ပါစိတ်အာပတ် သင့်၏။

၁၁၅၇။ အန္တရာယ်ရှိအံ့၊ ရှာဖွေမရအံ့၊ အာပတ် မသင့်၊ နာဖျားသော ဘိက္ခုနီမအားလည်း အာပတ် မသင့်၊ ဘေးရန်တို့ကြောင့်လည်း အာပတ် မသင့်၊ ရူးသောဘိက္ခုနီမ အစလက်ဦး လွန်ကျူး သော ဘိက္ခုနီမတို့အားလည်း အာပတ် မသင့်။

အဋ္ဌမသိက္ခာပုဒ် ပြီး၏။

---

## ၈-ကုမာရီဘူတဝဂ် ၉-နဝမသိက္ခာပုဒ်

၁၁၅၈။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံ ဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ထုလ္လနန္ဒာဘိက္ခုနီမသည် ယောကျ်ား ကြီး ယောကျ်ားငယ်တို့နှင့် ရောနှောသော (ယောကျ်ားတို့အတွက် *) သောကဝင်လျက်ရှိသော ကြမ်းတမ်းသူ စဏ္ဍကာဠီ သိက္ခမာန်ကို ရဟန်းပြုပေး၏။

---

* အထဝါယရံဝိယ ဃရသာမိကာ အယမ္ပိပုရိသသမာဂမံ အလဘမာနာ သောကံ အာဝိသတိ စသည်ဖြင့် ဖွင့်ပြသော အဋ္ဌကထာ နောက်နည်းနှင့် အညီတည်း။

http://www.dhammadownload.com



အလိုနည်းသော ဘိက္ခုနီမတို့သည် "အဘယ့်ကြောင့် အသျှင်မ ထုလ္လနန္ဒာသည် ယောကျ်ားကြီး ယောကျ်ားငယ်တို့နှင့် ရောနှောသော (ယောကျ်ားတို့အတွက်) သောကဝင်လျက်ရှိသော ကြမ်းတမ်းသူ စဏ္ဍကာဠီ သိက္ခမာန်ကို ရဟန်းပြုပေးဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ ထုလ္လနန္ဒာဘိက္ခုနီမသည် ယောကျ်ားကြီး ယောကျ်ားငယ်တို့နှင့် ရောနှောသော (ယောကျ်ားတို့အတွက်) သောကဝင်လျက်ရှိသော ကြမ်းတမ်းသော စဏ္ဍကာဠီ သိက္ခမာန်ကို ရဟန်းပြုပေး၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ အဘယ့်ကြောင့် ထုလ္လနန္ဒာဘိက္ခုနီမသည် ယောကျ်ားကြီး ယောကျ်ားငယ်တို့နှင့် ရောနှောသော (ယောကျ်ားတို့အတွက်) သောကဝင်လျက်ရှိသော ကြမ်းတမ်းသော စဏ္ဍကာဠီသိက္ခမာန်ကို ရဟန်းပြုပေးဘိသနည်း။ ရဟန်းတို့ ဤ (ထုလ္လနန္ဒာဘိက္ခုနီမ ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ ရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

**၁၃၄။ ၇၉-၁၁၅၉။ "အကြင် ဘိက္ခုနီမသည် ယောကျ်ားကြီး ယောကျ်ားငယ်တို့နှင့် ရောနှောသော (ယောကျ်ားတို့အတွက်) သောကဝင်လျက်ရှိသော ကြမ်းတမ်းသော သိက္ခမာန်ကို ရဟန်းပြုပေးငြားအံ့၊ (ထိုဘိက္ခုနီမအား) ပါစိတ်အာပတ် သင့်၏"** ဤသို့ (ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)။

## နဝမသိက္ခာပုဒ် အဖွင့်

၁၁၆၀။ အကြင် ဟူသည် အကြင်သို့ သဘောရှိသော။ပ။

**ဘိက္ခုနီမ** ဟူသည်။ပ။ ဤအရာ၌ ဤဉတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သော မိန်းမကို "ဘိက္ခုနီမ" ဟူ၍ အလိုရှိအပ်၏။

**ယောကျ်ားကြီး** မည်သည် အသက်နှစ်ဆယ်သို့ ရောက်ပြီးသူတည်း။

**ယောကျ်ားငယ်** မည်သည် အသက်နှစ်ဆယ်သို့ မရောက်သေးသော သူတည်း။

**ရောနှောခြင်း** မည်သည် မလျော်ပတ်သော ကိုယ်အမှုအရာ နှုတ်အမှုအရာဖြင့် ရောနှောစပ်ယှက်၏။

**ကြမ်းတမ်းသော** မည်သည် အမျက်ထွက်ခြင်းကို ဆိုလို၏။

**သောကဝင်လျက်ရှိသော** မည်သည် သူတပါးတို့အား ဆင်းရဲခြင်းကို ဖြစ်စေ၏၊ သောကသို့ ဝင်၏။

**သိက္ခမာန်** မည်သည် နှစ်နှစ်တို့ပတ်လုံး သိက္ခာပုဒ်ခြောက်ပါး ကျင့်ထားပြီးသော မိန်းမတည်း။

http://www.dhammadownload.com



ရဟန်းပြုပေးပြောအံ့ ဟူသည် ပဥ္စင်းခံပေးပြောအံ့။

"ရဟန်းပြုပေးအံ့" ဟု ဂိုဏ်းကိုသော်ရှင်း ဆရာမကိုသော်ရှင်း သပိတ်ကိုသော်ရှင်း သင်္ကန်းကိုသော်ရှင်း ရှာဖွေအံ့၊ သိမ်ကိုသော်လည်း သမုတ်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ဉတ်၏အဆုံး၌ ဒုက္ကဋ်အာပတ် သင့်၏။ ကမ္မဝါစာ နှစ်ကြိမ်တို့၏ အဆုံး၌ ဒုက္ကဋ်အာပတ် သင့်ကုန်၏။ ကမ္မဝါစာ၏ အဆုံး၌ ဥပဇ္ဈာယ်မအား ပါစိတ်အာပတ် သင့်၏။ ဂိုဏ်းနှင့် (ကမ္မဝါစာ) ဆရာမတို့အား မူကား ဒုက္ကဋ်အာပတ် သင့်ကုန်၏။

၁၁၆၁။ မသိ၍ ရဟန်းပြုပေးအံ့၊ အာပတ် မသင့်၊ ရူးသောဘိက္ခုနီမ အစလက်ဦး လွန်ကျူးသော ဘိက္ခုနီမတို့အားလည်း အာပတ် မသင့်။

နဝမသိက္ခာပုဒ် ပြီး၏။

---

## ဂ–ကုမာရီဘူတဝဂ် ၁၀–ဒသမသိက္ခာပုဒ်

၁၁၆၂။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ထုလ္လနန္ဒာ ဘိက္ခုနီမသည် အမိအဖတို့နှင့် လင်ယောကျ်ားတို့က ခွင့်မပြုသော သိက္ခမာန်ကို ရဟန်းပြုပေး၏။

အမိ အဖတို့နှင့် လင်ယောကျ်ားတို့က "အဘယ့်ကြောင့် အသျှင်မ ထုလ္လနန္ဒာသည် ငါတို့ခွင့်မပြုသော သိက္ခမာန်ကို ရဟန်းပြုပေးဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ဘိက္ခုနီမတို့သည် ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုကြသော အမိ အဖတို့နှင့် လင်ယောကျ်ားတို့၏ စကားကို ကြားကြသည်သာတည်း။ အလိုနည်းသော ဘိက္ခုနီမတို့သည် "အဘယ့်ကြောင့် အသျှင်မ ထုလ္လနန္ဒာသည် အမိအဖတို့နှင့် လင်ယောကျ်ားတို့က ခွင့်မပြုသော သိက္ခမာန်ကို ရဟန်းပြုပေးဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ ထုလ္လနန္ဒာ ဘိက္ခုနီမသည် အမိအဖတို့နှင့် လင်ယောကျ်ားတို့က ခွင့်မပြုသော သိက္ခမာန်ကို ရဟန်းပြုပေး၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ အဘယ့်ကြောင့် ထုလ္လနန္ဒာဘိက္ခုနီမသည် အမိ အဖတို့နှင့် လင်ယောကျ်ားတို့က ခွင့်မပြုသော သိက္ခမာန်ကို ရဟန်းပြုပေးဘိသနည်း။ ရဟန်းတို့ ဤ (ထုလ္လနန္ဒာဘိက္ခုနီမ ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ ရှင်း။ပ။

http://www.dhammadownload.com



ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

၁၁၅၃။ ၈၀-၁၁၆၃။ "အကြင် ဘိက္ခုနီမသည် အမိအဖတို့ကသော်၎င်း လင်ယောကျ်ားကသော်၎င်း ခွင့်မပြုသော သိက္ခမာန်ကို ရဟန်းပြုပေးငြားအံ့၊ (ထိုဘိက္ခုနီမအား) ပါစိတ်အာပတ် သင့်၏" ဤသို့ (ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)။

## ၁၀-ဒသမသိက္ခာပုဒ် အဖွင့်

၁၁၆၄။ အကြင် ဟူသည် အကြင်သို့ သဘောရှိသော။ပ။

ဘိက္ခုနီမ ဟူသည်။ပ။ ဤအရာ၌ ဤဉ တ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သော မိန်းမကို "ဘိက္ခုနီမ" ဟူ၍ အလိုရှိအပ်၏။

အမိ အဖ မည်သည် မွေးဖွားသူတို့ကို ဆိုလို၏။

လင်ယောကျ်ား မည်သည် သိမ်းပိုက်သောသခင်ကို ဆိုလို၏။

ခွင့်မပြုပဲ ဟူသည် မပန်ကြားမူ၍ ။

သိက္ခမာန် မည်သည် နှစ်နှစ်တိုင်အောင် သိက္ခာပုဒ်ခြောက်ပါး ကျင့်ထားပြီးသော မိန်းမတည်း။

ရဟန်းပြုပေးငြားအံ့ ဟူသည် ပဉ္စင်းခံပေးငြားအံ့။

"ရဟန်းပြုပေးအံ့" ဟု ဂိုဏ်းကိုသော်၎င်း ဆရာမကိုသော်၎င်း သပိတ်ကိုသော်၎င်း သင်္ကန်းကို သော်၎င်း ရှာဖွေအံ့၊ သိမ်ကိုသော်လည်း သမုတ်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ဉ တ်၏အဆုံး၌ ဒုက္ကဋ်အာပတ် သင့်၏။ ကမ္မဝါစာ နှစ်ခုတို့၏ အဆုံး၌ ဒုက္ကဋ်အာပတ် သင့်ကုန်၏။ ကမ္မဝါစာ၏အဆုံး၌ ဥပဇ္ဈာယ်မအားပါစိတ်အာပတ် သင့်၏။ ဂိုဏ်းနှင့်(ကမ္မဝါစာ) ဆရာမတို့အား မူကား ဒုက္ကဋ်အာပတ် သင့်ကုန်၏။

၁၁၆၅။ မသိ၍ ရဟန်းပြုပေးအံ့၊ ပန်ကြား၍ ရဟန်းပြုပေးအံ့၊ အာပတ် မသင့်၊ ရူးသော ဘိက္ခုနီမ အစလက်ဦးလွန်ကျူးသော ဘိက္ခုနီမတို့အားလည်း အာပတ် မသင့်။

ဒသမသိက္ခာပုဒ် ပြီး၏။

---

## ၈-ကုမာရိဘူတဝဂ် ၁၁-ဧကာဒသမသိက္ခာပုဒ်

၁၁၆၆။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံ ဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ထုလ္လနန္ဒာဘိက္ခုနီမသည် "သိက္ခမာန် ကို ရဟန်းပြုပေးအံ့" ဟု မထေရ်ဖြစ်သော ရဟန်းတို့ကို စည်းဝေးစေပြီးလျှင် များစွာသောခဲဖွယ် ဘော

http://www.dhammadownload.com



ဧဉ်ကိုမြင်၍ "အသျှင်တို့ အကျွန်ုပ်တို့သည် သိက္ခမာန်ကို ရဟန်းပြုပေးမည် မဟုတ်သေးပါ" ဟု (လျှောက်ကာ)မထေရ်ဖြစ်သောရဟန်းတို့ကို လွှတ်လိုက်ပြီးနောက် ဒေဝဒတ် ကောကာလိက ခဏ္ဍမိဖုရား၏သားဖြစ်သော ကဋမောဒကတိဿ သမုဒ္ဒဒတ္တတို့ကို စည်းဝေးစေ၍ သိက္ခမာန်ကို ရဟန်းပြုပေး၏။

အလိုနည်းသော ဘိက္ခုနီမတို့သည်"အဘယ့်ကြောင့် အသျှင်မထုလ္လနန္ဒာသည် သိုးပြီးသောဆန္ဒပေးခြင်းဖြင့် သိက္ခမာန်ကိုရဟန်းပြုပေးဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ ထုလ္လနန္ဒာဘိက္ခုနီမသည် သိုးပြီးသောဆန္ဒပေးခြင်းဖြင့် သိက္ခမာန်ကို ရဟန်းပြုပေး၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ အဘယ့်ကြောင့် ထုလ္လနန္ဒာဘိက္ခုနီမသည် သိုးပြီးသောဆန္ဒပေးခြင်းဖြင့် သိက္ခမာန်ကို ရဟန်းပြုပေးဘိသနည်း။ ရဟန်းတို့ ဤ(ထုလ္လနန္ဒာဘိက္ခုနီမ ပြုမိသော အမှု)သည် မကြည်ညိုသေးသောသူတို့အား ကြည်ညိုစေခြင်းငှါ ရှင်း။ပ။

ရဟန်းတို့ ဤသို့လျှင်ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

**၁၃၆။ ဂ၁-၁၁၆၇။ "အကြင် ဘိက္ခုနီမသည် သိုးပြီးသော ဆန္ဒပေးခြင်းဖြင့် သိက္ခမာန်ကို ရဟန်းပြုပေးငြားအံ့၊ (ထိုဘိက္ခုနီမအား) ပါစိတ်အာပတ် သင့်၏"** ဤသို့ (ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)။

## ၁၁-ကောဒသမသိက္ခာပုဒ် အဖွင့်

**၁၁၆၈။ အကြင်** ဟူသည် အကြင်သို့ သဘောရှိသော။ပ။

**ဘိက္ခုနီမ** ဟူသည်။ပ။ ဤအရာ၌ ဤဉတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သော မိန်းမကို "ဘိက္ခုနီမ" ဟူ၍ အလိုရှိအပ်၏။

**သိုးပြီးသော ဆန္ဒပေးခြင်းဖြင့်** ဟူသည် ပရိဝါသ် ထသွားသည်ရှိသော်။

**သိက္ခမာန်** ဟူသည် နှစ်နှစ်တို့ပတ်လုံး သိက္ခာပုဒ်ခြောက်ပါး ကျင့်ထားသော မိန်းမတည်း။

**ရဟန်းပြုပေးငြားအံ့** ဟူသည် ပဉ္စင်းခံပေးငြားအံ့။

"ရဟန်းပြုပေးအံ့" ဟု ဂိုဏ်းကိုသော်၎င်း ဆရာမကိုသော်၎င်း သပိတ်ကိုသော်၎င်း သင်္ကန်းကို သော်၎င်း ရှာဖွေအံ့၊ သိမ်ကိုသော်လည်း သမုတ်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ဉတ်၏အဆုံး၌ ဒုက္ကဋ်အာပတ် သင့်၏။ ကမ္မဝါစာနှစ်ကြိမ်တို့၏ အဆုံး၌ ဒုက္ကဋ်အာပတ် သင့်ကုန်၏။ ကမ္မဝါစာ၏အဆုံး၌ ဥပဇ္ဈာယ်မအား ပါစိတ်အာပတ် သင့်၏။ ဂိုဏ်းနှင့် (ကမ္မဝါစာ) ဆရာမတို့အားမူကား ဒုက္ကဋ်အာပတ် သင့်ကုန်၏။

http://www.dhammadownload.com



၁၁၆၉။ ပရိသတ် ထမသွားမီ ရဟန်းပြုပေးအံ့၊ အာပတ် မသင့်၊ ရူးသောဘိက္ခုနီမ **အစလက်ဦး** လွန်ကျူးသော ဘိက္ခုနီမတို့အားလည်း အာပတ် မသင့်။

ကောဒသမသိက္ခာပုဒ် ပြီး၏။

---

## ၈-ကုမာရိဘူတဝဂ် ၁၂-ဒွါဒသမသိက္ခာပုဒ်

၁၁၇၀။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံ ဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဘိက္ခုနီမတို့သည် နှစ်စဉ်ရဟန်း ပြုပေးသဖြင့် နေစရာ ကျောင်းသည် မလုံမလောက်ဖြစ်၏။

လူတို့သည် "အဘယ့်ကြောင့် ဘိက္ခုနီမတို့သည် နှစ်စဉ် ရဟန်းပြုပေးကုန်ဘိသနည်း၊ နေစရာ ကျောင်းသည် မလုံမလောက် ဖြစ်၏" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ဘိက္ခုနီမတို့သည် ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုကြသော ထိုလူတို့၏ စကားကို ကြားကြသည် သာတည်း။ အလိုနည်းသော ဘိက္ခုနီမတို့သည် "အဘယ့်ကြောင့် ဘိက္ခုနီမတို့သည် နှစ်စဉ် ရဟန်း ပြုပေးကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ ဘိက္ခုနီမတို့သည် နှစ်စဉ် ရဟန်းပြုပေးကုန်၏ ဟူသည် မှန်သလော" ဟု **စိစစ်** မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ အဘယ့်ကြောင့် ဘိက္ခုနီမတို့သည် နှစ်စဉ်ရဟန်းပြုပေးကုန်ဘိသနည်း။ ရဟန်းတို့ ဤ (ဘိက္ခုနီမတို့ ဖြုံမိသော **အမှု**) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

**၁၁၇၁။ ၈၂-၁၁၇၁။ "အကြင် ဘိက္ခုနီမသည် နှစ်စဉ် (ဥဈ္ဈာယ်ပြု၍) ရဟန်းပြုပေးငြားအံ့၊ (ထိုဘိက္ခုနီမအား) ပါစိတ်အာပတ် သင့်၏" ဤသို့ (ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)။**

## ၁၂-ဒွါဒသမသိက္ခာပုဒ်အဖွင့်

၁၁၇၂။ အကြင် ဟူသည် အကြင်သို့ သဘောရှိသော။ပ။

**ဘိက္ခုနီမ** ဟူသည်။ပ။ ဤအရာ၌ ဤဉတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သော မိန်းမကို "ဘိက္ခုနီမ" ဟူ၍ အလိုရှိအပ်၏။

**နှစ်စဉ်** ဟူသည် နှစ်တိုင်းတည်း။

**ရဟန်းပြုပေးငြားအံ့** ဟူသည် ပဉ္စင်းခံပေးငြားအံ့။

http://www.dhammadownload.com



"ရဟန်းပြုပေးအံ့" ဟု ဂိုဏ်းကိုသော်ရင်း ဆရာမကိုသော်ရင်း သဒ္ဓိတ်ကိုသော်ရင်း သင်္ကန်းကို သော်ရင်း ရှာဖွေအံ့၊ သိမ်ကိုသော်လည်း သမုတ်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ဉတ်၏အဆုံး၌ ဒုက္ကဋ်အာပတ် သင့်၏။ ကမ္မဝါစာနှစ်ကြိမ်တို့၏ အဆုံး၌ ဒုက္ကဋ်အာပတ် သင့်ကုန်၏။ ကမ္မဝါစာ၏ အဆုံး၌ ဥပဇ္ဈာယ်မအား ပါစိတ်အာပတ် သင့်၏။ ဂိုဏ်းနှင့် (ကမ္မဝါစာ) ဆရာမတို့အားမူကား ဒုက္ကဋ်အာပတ် သင့်ကုန်၏။

၁၁၇၃။ တနှစ်ခြား၍ ရဟန်းပြုပေးအံ့၊ အာပတ် မသင့်၊ ရူးသော ဘိက္ခုနီမ အစလက်ဦး လွန်ကျူးသော ဘိက္ခုနီမတို့အားလည်း အာပတ် မသင့်။

ဒွါဒသမ သိက္ခာပုဒ် ပြီး၏။

---

## ၈-ကုမာရီဘူတဝဂ် ၁၃-တေရသမသိက္ခာပုဒ်

၁၁၇၄။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဘိက္ခုနီမတို့သည် တနှစ်တည်း၌ သိက္ခမာန်နှစ်ယောက်တို့ကို ရဟန်းပြုပေးကုန်၏၊ နေစရာကျောင်းသည် ရှေးနည်းအတူသာလျှင် မလုံမလောက် ဖြစ်၏။

လူတို့သည် အဘယ့်ကြောင့် "ဘိက္ခုနီမတို့သည် တနှစ်တည်း၌ သိက္ခမာန်နှစ်ယောက်တို့ကို ရဟန်းပြုပေးကုန်ဘိသနည်း၊ နေစရာကျောင်းသည် ရှေးနည်းအတူသာလျှင် မလုံမလောက်" ဖြစ်၏ ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ဘိက္ခုနီမတို့သည် ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုကြသော ထိုလူတို့၏ စကားကို ကြားကြသည်သာတည်း။ အလိုနည်းသော ဘိက္ခုနီမတို့သည် "အဘယ့်ကြောင့် ဘိက္ခုနီမတို့သည် တနှစ်တည်း၌ သိက္ခမာန်နှစ်ယောက်တို့ကို ရဟန်းပြုပေးကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ ဘိက္ခုနီမတို့သည် တနှစ်တည်း၌ သိက္ခမာန် နှစ်ယောက်တို့ကို ရဟန်းပြုပေးကုန်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ ဘိက္ခုနီမတို့သည် အဘယ့်ကြောင့် တနှစ်တည်း၌ သိက္ခမာန်နှစ်ယောက်တို့ကို ရဟန်းပြုပေးကုန်ဘိသနည်း။ ရဟန်းတို့ ဤ (ဘိက္ခုနီမတို့ ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ မဟုတ်။ပ။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

၁၁၇၅။ ၈၃-၁၁၇၅။ "အကြင် ဘိက္ခုနီမသည် တနှစ်တည်း၌ သိက္ခမာန် နှစ်ယောက်တို့ကို ရဟန်းပြုပေးငြားအံ့၊ (ထိုဘိက္ခုနီမအား) ပါစိတ်အာပတ် သင့်၏" ဤသို့ (ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)။

http://www.dhammadownload.com



## ၁၃-တေရသမသိက္ခာပုဒ် အဖွင့်

၁၁၇၆။ **အကြောင်** ဟူသည် အကြောင်းသို့ သဘောရှိသော။ပ။

**ဘိက္ခုနီမ ဟူသည်**။ပ။ ဤအရာ၌ ဤဥတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သော မိန်းမကို "ဘိက္ခုနီမ" ဟူ၍ အလိုရှိအပ်၏။

**တနှစ်တည်း၌ ဟူသည်** တခုတည်းသော နှစ်၌။

**သိက္ခမာန်နှစ်ယောက်တို့ကို ရဟန်းပြုပေးခြင်းအံ့ ဟူသည်** သိက္ခမာန် နှစ်ယောက်တို့ကို ပဥ္စင်းခံပေးအံ့။

"သိက္ခမာန် နှစ်ယောက်တို့ကို ရဟန်းပြုပေးအံ့" ဟု ဂိုဏ်းကိုသော်၎င်း ဆရာမကိုသော်၎င်း သပိတ်ကိုသော်၎င်း သင်္ကန်းကိုသော်၎င်း ရှာဖွေအံ့၊ သိမ်ကိုသော်လည်း သမုတ်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ဥတ်၏အဆုံး၌ ဒုက္ကဋ်အာပတ် သင့်၏၊ ကမ္မဝါစာ နှစ်ကြိမ်တို့၏ အဆုံး၌ ဒုက္ကဋ်အာပတ် သင့်ကုန်၏။ ကမ္မဝါစာ၏အဆုံး၌ ဥပဇ္ဈာယ်မအား ပါစိတ်အာပတ် သင့်၏။ ဂိုဏ်းနှင့် (ကမ္မဝါစာ) ဆရာမတို့အား မူကား ဒုက္ကဋ်အာပတ် သင့်ကုန်၏။

၁၁၇၇။ တနှစ်ခြားရှိ ရဟန်းပြုပေးအံ့၊ အာပတ် မသင့်၊ ရူးသောဘိက္ခုနီမ အစလက်ဦး လွန်ကျူးသော ဘိက္ခုနီမတို့အားလည်း အာပတ် မသင့်။

တေရသမသိက္ခာပုဒ် ပြီး၏။

အဋ္ဌမ ကုမာရီဘူတဝဂ် ပြီး၏။

---

## ၉-ဆတ္တုပါဟနဝဂ် ၁-ပဌမသိက္ခာပုဒ်

၁၁၇၈။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဆဗ္ဗဂ္ဂီဘိက္ခုနီမတို့သည် ထီးဘိနပ်ကို ဆောင်ကုန်၏ 'ဘိနပ်စီး ထီးဆောင်းကုန်၏'။

လူတို့သည် "အဘယ့်ကြောင့် ဘိက္ခုနီမတို့သည် ကာမဂုဏ်ချမ်းသာကို ခံစားသော လူမိန်းမတို့ကဲ့သို့ ထီး ဘိနပ်ကို ဆောင်ကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊အပြစ်ပြ ပြောဆိုကြကုန်၏။

ဘိက္ခုနီမတို့သည် ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုကြသော ထိုလူတို့၏ စကားကို ကြားကြသည်သာတည်း။ အလိုနည်းသော ဘိက္ခုနီမတို့သည် "အဘယ့်ကြောင့် ဆဗ္ဗဂ္ဂီဘိက္ခုနီမတို့သည် ထီး ဘိနပ်ကို ဆောင်ကုန်ဘိသနည်း ဟု" ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ ဆဗ္ဗဂ္ဂီဘိက္ခုနီမတို့သည် ထီး ဘိနပ်ကို ဆောင်ကုန်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

http://www.dhammadownload.com



ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ အသယ်ကြောင့် ဆဗ္ဗဂ္ဂီဘိက္ခုနီမတို့သည် ထီး ဘိနပ်ကိုဆောင်ကုန်ဘိသနည်း။ ရဟန်းတို့ ဤ (ဆဗ္ဗဂ္ဂီဘိက္ခုနီမတို့ ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

(က) **"အကြင် ဘိက္ခုနီမသည် ထီး ဘိနပ်ကို ဆောင်ငြားအံ့၊ (ထိုဘိက္ခုနီမအား) ပါစိတ်အာပတ် သင့်၏"** ဤသို့ (ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)။

ဤသို့လျှင် မြတ်စွာဘုရားသည် ဘိက္ခုနီမတို့အား ဤသိက္ခာပုဒ်ကို ပညတ်တော်မူ၏။

၁၁၇၉။ ထိုစဉ်အခါ၌ ဘိက္ခုနီမတယောက်သည် နာဖျား၏၊ ထိုဘိက္ခုနီမအား ထီး ဘိနပ်နှင့်ကင်း၍ ချမ်းသာမှု မဖြစ်သောကြောင့် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ပ။

"ရဟန်းဘို့ နာဖျားသော ဘိက္ခုနီမအား ထီး ဘိနပ်ကို ခွင့်ပြုတော်မူ၏" ဟု မိန့်တော်မူ၏။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

**၁၃၉။ ၈၄-(ခ) ၁၁၈၀။ "အကြင် ဘိက္ခုနီမသည် မနာမဖျားပဲ ထီး ဘိနပ်ကိုဆောင် 'ဘိနပ်စီး ထီးဆောင်း' ငြားအံ့၊ (ထိုဘိက္ခုနီမအား) ပါစိတ်အာပတ် သင့်၏"** ဤသို့ (ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)။

## ၁-ပဌမသိက္ခာပုဒ် အဖွင့်

၁၁၈၁။ **အကြင်** ဟူသည် အကြင်သို့ သဘောရှိသော။ပ။

**ဘိက္ခုနီမ** ဟူသည်။ပ။ ဤအရာ၌ ဤဉတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သော မိန်းမကို "ဘိက္ခုနီမ" ဟူ၍ အလိုရှိအပ်၏။

**မနာမဖျားပဲ** မည်သည် အကြင် ဘိက္ခုနီမအား ထီး ဘိနပ်နှင့်ကင်း၍ ချမ်းသာခြင်း ဖြစ်၏။

**နာဖျား** မည်သည် အကြင် ဘိက္ခုနီမအား ထီး ဘိနပ်နှင့် ကင်း၍ မချမ်းသာ။

**ထီး** မည်သည် ဝါးခြမ်းစိတ်တို့ဖြင့် ဝန်းဝိုင်းစွာ ခရိုင်ဖွဲ့ထားသော ထီးဖြူ ဖျာထီး သစ်ရွက်ထီး အားဖြင့် ထီးသုံးမျိုး ရှိ၏။

**ဆောင်ငြားအံ့** ဟူသည် တကြိမ်တခါပင် ဆောင်သော်လည်း ပါစိတ်အာပတ် သင့်၏။

၁၁၈၂။ မနာမဖျားပဲ မနာမဖျား ဟု အမှတ်ရှိသည်ဖြစ်၍ ထီး ဘိနပ်ကိုဆောင်အံ့၊ ပါစိတ်အာပတ် သင့်၏။

မနာမဖျားပဲ ယုံမှားရှိသည်ဖြစ်၍ ထီး ဘိနပ်ကိုဆောင်အံ့၊ ပါစိတ်အာပတ် သင့်၏။

မနာမဖျားပဲ နာဖျား၏ ဟု အမှတ်ရှိသည်ဖြစ်၍ ထီး ဘိနပ်ကို ဆောင်အံ့၊ ပါစိတ်အာပတ် သင့်၏။

http://www.dhammadownload.com



ထီးကိုသာ ဆောင်၍ ဘိနပ်ကို မဆောင်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ဘိနပ်ကိုသာဆောင်၍ ထီးကိုမဆောင်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

နာဖျားလျက် မနာမဖျား ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ နာဖျားလျက် ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ နာဖျားလျက် နာဖျား၏ ဟု အမှတ်ရှိအံ့၊ အာပတ် မသင့်။

၁၁၇၃။ နာဖျားသော ဘိက္ခုနီမအား အာပတ် မသင့်၊ အရံဥယျာဉ်ရင်း အင်္ဂါဥပစာဥ္စရင်း ဆောင်အံ့၊ အာပတ် မသင့်၊ ဘေးရန်တို့ကြောင့်လည်း အာပတ် မသင့်၊ ရူးသော ဘိက္ခုနီမ အစလက်ဦး လွန်ကျူးသော ဘိက္ခုနီမတို့အားလည်း အာပတ် မသင့်။

ပဉ္စမသိက္ခာပုဒ် ပြီး၏။

---

## ၉-ဆတ္တုပါဟနဝဂ် ၂-ဒုတိယသိက္ခာပုဒ်

၁၁၇၄။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံ ဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဆဗ္ဗဂ္ဂီ ဘိက္ခုနီမတို့သည် ယာဉ်ဖြင့် သွားကုန်၏။

လူတို့သည် "အဘယ့်ကြောင့် ဘိက္ခုနီမတို့သည် ကာမဂုဏ်စည်းစိမ်ကို ခံစားသော လူမိန်းမ တို့ကဲ့သို့ ယာဉ်ဖြင့် သွားကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ဘိက္ခုနီမတို့သည် ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုကြသော ထိုလူတို့၏ စကားကို ကြားကြသည် သာတည်း။ အလိုနည်းသော ဘိက္ခုနီမတို့သည် "အဘယ့်ကြောင့် ဆဗ္ဗဂ္ဂီ ဘိက္ခုနီမတို့သည် ယာဉ်ဖြင့် သွားကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ ဆဗ္ဗဂ္ဂီ ဘိက္ခုနီမတို့သည် ယာဉ်ဖြင့် သွားကုန်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ အဘယ့်ကြောင့် ဆဗ္ဗဂ္ဂီ ဘိက္ခုနီမတို့သည် ယာဉ်ဖြင့် သွားကုန်ဘိသနည်း၊ ရဟန်းတို့ ဤ (ဆဗ္ဗဂ္ဂီဘိက္ခုနီမတို့ ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

(က) "အကြင် ဘိက္ခုနီမသည် ယာဉ်ဖြင့်သွားငြားအံ့၊ (ထိုဘိက္ခုနီမအား) ပါစိတ် အာပတ် သင့်၏" ဤသို့ (ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)။

ဤသို့သျှင် မြတ်စွာဘုရားသည် ဘိက္ခုနီမတို့အား ဤသိက္ခာပုဒ်ကို ပညတ်တော်မူ၏။

http://www.dhammadownload.com



၁၁၇၅။ ထိုစဉ်အခါ၌ ဘိက္ခုနီမတယောက်သည် နာဖျား၍ ခြေဖြင့် သွားခြင်းငှါမတတ်နိုင်။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ပ။ ရဟန်းတို့ နာဖျားသော ဘိက္ခုနီမအား ယာဉ်ကိုခွင့်ပြုတော်မူ၏ ဟု မိန့်တော်မူ၏။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

**၁၄၀။ ၈၅-(ခ)၁၁၇၆။ "အကြင် ဘိက္ခုနီမသည် မနာမဖျားပဲ ယာဉ်ဖြင့်သွားငြားအံ့၊ (ထိုဘိက္ခုနီမအား) ပါစိတ်အာပတ် သင့်၏"** ဤသို့ (ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)။

## ၂-ဒုတိယသိက္ခာပုဒ် အဖွင့်

၁၁၇၇။ **အကြင်** ဟူသည် အကြင်သို့ သဘောရှိသော။ပ။

**ဘိက္ခုနီမ** ဟူသည်။ပ။ ဤအနက်၌ ဤဉတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သော မိန်းမကို "ဘိက္ခုနီမ" ဟူ၍ အလိုရှိအပ်၏။

**မနာမဖျားပဲ** မည်သည် ခြေဖြင့်သွားခြင်းငှါ စွမ်းနိုင်၏။

**နာဖျား** မည်သည် ခြေဖြင့် သွားခြင်းငှါ မစွမ်းနိုင်။

**ယာဉ်** မည်သည် ပေါင်းချုပ် ရထား လှည်း သန်လျင်း ထန်းစင် ပုဆိုးသံလျင်း တို့တည်း။

**သွားငြားအံ့** ဟူသည် တကြိမ်တခါပင်လည်း သွားအံ့၊ ပါစိတ်အာပတ် သင့်၏။

၁၁၇၈။ မနာမဖျားပဲ မနာမဖျား ဟု အမှတ်ရှိသည်ဖြစ်၍ ယာဉ်ဖြင့် သွားအံ့၊ ပါစိတ်အာပတ် သင့်၏။

မနာမဖျားပဲ ယုံမှားရှိသည်ဖြစ်၍ ယာဉ်ဖြင့် သွားအံ့၊ ပါစိတ်အာပတ် သင့်၏။

မနာမဖျားပဲ နာဖျား၏ ဟု အမှတ်ရှိသည်ဖြစ်၍ ယာဉ်ဖြင့် သွားအံ့၊ ပါစိတ်အာပတ် သင့်၏။

နာဖျားလျက် မနာမဖျား ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

နာဖျားလျက် ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

နာဖျားလျက် နာဖျား၏ ဟု အမှတ်ရှိအံ့၊ အာပတ် မသင့်။

၁၁၇၉။ နာဖျားသော ဘိက္ခုနီမအား အာပတ် မသင့်၊ ဘေးရန်တို့ကြောင့် အာပတ် မသင့်၊ ရူးသောဘိက္ခုနီမ အစလက်ဦး လွန်ကျူးသော ဘိက္ခုနီမတို့အားလည်း အာပတ် မသင့်။

ဒုတိယသိက္ခာပုဒ် ပြီး၏။

---

## ၉-ဆတ္တုပါဟနဝဂ် ၃-တတိယသိက္ခာပုဒ်

၁၁၈၀။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဘိက္ခုနီမတပါးသည် မိန်းမတယောက်၏ ဆရာဘိက္ခုနီမ ဖြစ်၏။

http://www.dhammadownload.com

ထိုအခါ ထိုမိန်းမသည် "အသျှင်မ ဤခါးကြိုးတန်ဆာကို ဤမည်သော မိန်းမအား ပေးလိုက်ပါလော့" ဟု ထိုဘိက္ခုနီမအား ပြောဆို၏။

ထိုအခါ ထိုဘိက္ခုနီမသည် "အကယ်၍ ငါသည် သပိတ်ဖြင့်ယူသွားအံ့၊ ငါ့အား ဖောက်ပြန်သောအသံ*ဖြစ်ရလတ္တံ့" ဟု ခါး၌စွပ်၍သွား၏။ ထိုခါးကြိုးချည်မျှင်တို့သည် ပြတ်သည်ရှိသော် ခရီးလမ်းမ၌ (ကျောက်ချက်ရတနာတို့သည်) ဖရိုဖရဲ ပြန့်ကြဲကုန်၏။

လူတို့သည် "အဘယ့်ကြောင့် ဘိက္ခုနီမတို့သည် ကာမဂုဏ်ချမ်းသာကို ခံစားသော လူမိန်းမတို့ကဲ့သို့ ခါးကြိုးတန်ဆာကို ဆောင်ကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ဘိက္ခုနီမတို့သည် ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုကြသော ထိုလူတို့၏ စကားကို ကြားကြသည်သာတည်း။ အလိုနည်းသော ဘိက္ခုနီမတို့သည် "အဘယ့်ကြောင့် ဘိက္ခုနီမသည် ခါးကြိုးတန်ဆာကို ဆောင်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ ဘိက္ခုနီမသည် ခါးကြိုးတန်ဆာကို ဆောင်၏ ဟူသည် မှန်သလော" ဟု စိစစ်မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ အဘယ့်ကြောင့် ဘိက္ခုနီမသည် ခါးကြိုးဘန်ဆာကို ဆောင်ဘိသနည်း။ ရဟန်းတို့ ဤ (ဘိက္ခုနီမ ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ ရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

၁၄၁။ ဂ၆-၁၁၈၁။ **"အကြင် ဘိက္ခုနီမသည် ခါးကြိုးတန်ဆာကို ဆောင်ငြားအံ့၊ (ထိုဘိက္ခုနီမအား) ပါစိတ်အာပတ် သင့်၏"** ဤသို့(ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)။

## ၃-တတိယသိက္ခာပုဒ် အဖွင့်

၁၁၈၂။ **အကြင်** ဟူသည် အကြင်သို့ သဘောရှိသော။ပ။

**ဘိက္ခုနီမ** ဟူသည်။ပ။ ဤအရာ၌ ဤဉတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သော မိန်းမကို "ဘိက္ခုနီမ" ဟူ၍ အလိုရှိအပ်၏။

**ခါးကြိုးတန်ဆာ** မည်သည် ခါး၌ ဆင်မြန်းသော တန်ဆာတခုခုတည်း။

**ဆောင်ငြားအံ့** ဟူသည် တကြိမ်တခါသော်လည်း ဆောင်ငြားအံ့။ ပါစိတ်အာပတ် သင့်၏။

၁၁၈၃။ အနာပတ္တိ ဟူသော အကြောင်းကြောင့် အာပတ် မသင့်၊ ခါးစီးကြိုး သက်သက်ကို ဆောင်အံ့၊ အာပတ် မသင့်၊ ရူးသောဘိက္ခုနီမ အစလက်ဦး လွန်ကျူးသော ဘိက္ခုနီမတို့အားလည်း အာပတ် မသင့်။

တတိယသိက္ခာပုဒ် ပြီး၏။

---

* ကျောက်ချက်ရတနာဖြင့် သပိတ်ကို ပွတ်တိုက်မိသောအသံ။

http://www.dhammadownload.com



## ၉-ဆဋ္ဌုပါဟနဝဂ် ၄-စတုတ္ထသိက္ခာပုဒ်

၁၁၉၄။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဆဗ္ဗဂ္ဂီဘိက္ခုနီမတို့သည် လူမိန်းမတို့၏ အဆင်တန်ဆာကို ဆောင်ကုန်၏။

လူတို့သည် "အဘယ့်ကြောင့် ဘိက္ခုနီမတို့သည် ကာမဂုဏ်စည်းစိမ်ကို ခံစားသော လူမိန်းမတို့ကဲ့သို့ လူမိန်းမတို့၏ အဆင်တန်ဆာကို ဆောင်ကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ဘိက္ခုနီမတို့သည် ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုသော ထိုလူတို့၏ စကားကို ကြားကြသည်သာတည်း။ အလိုနည်းသော ဘိက္ခုနီမတို့သည် " အဘယ့်ကြောင့် ဆဗ္ဗဂ္ဂီ ဘိက္ခုနီမတို့သည် လူမိန်းမတို့၏ အဆင်တန်ဆာကို ဆောင်ကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆို ကြကုန်၏။ပ။

"ရဟန်းတို့ ဆဗ္ဗဂ္ဂီဘိက္ခုနီမတို့သည် လူမိန်းမတို့၏ အဆင်တန်ဆာကို ဆောင်ကုန်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ အဘယ့်ကြောင့် ဆဗ္ဗဂ္ဂီဘိက္ခုနီမတို့သည် လူမိန်းမတို့၏အဆင်တန်ဆာကို ဆောင်ကုန်ဘိသနည်း။ ရဟန်းတို့ ဤ (ဆဗ္ဗဂ္ဂီဘိက္ခုနီမတို့ ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ ရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့သို့ ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

**၁၄၂။ ၈၇-၁၁၉၅။ "အကြင် ဘိက္ခုနီမသည် လူမိန်းမတို့၏ အဆင်တန်ဆာကို ဆောင်ငြားအံ့၊ (ထိုဘိက္ခုနီမအား) ပါစိတ်အာပတ် သင့်၏" ဤသို့ (ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)။**

## ၄-စတုတ္ထသိက္ခာပုဒ် အဖွင့်

၁၁၉၆။ အကြင် ဟူသည် အကြင်သို့ သဘောရှိသော။ပ။

**ဘိက္ခုနီမ** ဟူသည်။ပ။ ဤအရာ၌ ဤဉတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သော မိန်းမကို "ဘိက္ခုနီမ" ဟူ၍ အလိုရှိအပ်၏။

**လူမိန်းမတို့၏ အဆင်တန်ဆာ** မည်သည် ခေါင်းစွပ်တန်ဆာ လည်ဆွဲတန်ဆာ လက်ဝတ်တန်ဆာ ခြေဝတ်တန်ဆာ ခါးစည်းတန်ဆာတို့ဘည်း။

**ဆောင်ငြားအံ့** ဟူသည် တကြိမ်တခါသော်လည်း ဆောင်အံ့၊ ပါစိတ်အာပတ် သင့်၏။

၁၁၉၇။ အနာဟူသောအကြောင်းကြောင့် အာပတ် မသင့်၊ ရူးသောဘိက္ခုနီမ အစလက်ဦး လွန်ကျူးသော ဘိက္ခုနီမတို့အားလည်း အာပတ် မသင့်။

**စတုတ္ထသိက္ခာပုဒ် ပြီး၏။**

http://www.dhammadownload.com



## ၉-ဆတ္တုပါဟနဝဂ် ၅-ပဥ္စမသိက္ခာပုဒ်

၁၁၉၈။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ် သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဆဗ္ဗဂ္ဂီဘိက္ခုနီမတို့သည် နံ့သာမှုန့် အရောင်တင်မှုန့်တို့ဖြင့် ရေချိုးကြကုန်၏။

လူတို့သည် "အဘယ့်ကြောင့် ဘိက္ခုနီမတို့သည် ကာမဂုဏ်စည်းစိမ်ကို ခံစားသော လူမိန်းမတို့ကဲ့သို့ နံ့သာမှုန့် အရောင်တင်မှုန့်တို့ဖြင့် ရေချိုးကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြောဆိုကြကုန်၏။

ဘိက္ခုနီမတို့သည် ကဲ့ရဲ့ ရှုတ်ချ အပြစ်ပြ ပြောဆိုကြသော ထိုလူတို့၏ စကား ကိုကြားကြသည်သာတည်း။ အလိုနည်းသော ဘိက္ခုနီမတို့သည် "အဘယ့်ကြောင့် ဆဗ္ဗဂ္ဂီဘိက္ခုနီမတို့သည် နံ့သာမှုန့် အရောင်တင် မှုန့်တို့ဖြင့် ရေချိုးကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ ဆဗ္ဗဂ္ဂီဘိက္ခုနီမတို့သည် နံ့သာမှုန့် အရောင်တင်မှုန့်တို့ဖြင့် ရေချိုးကြကုန်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ အဘယ့်ကြောင့် ဆဗ္ဗဂ္ဂီဘိက္ခုနီမတို့သည် နံ့သာမှုန့် အရောင်တင်မှုန့်တို့ဖြင့် ရေချိုးကုန်ဘိသနည်း။ ရဟန်းတို့ ဤ(ဆဗ္ဗဂ္ဂီဘိက္ခုနီမတို့ ပြုမိသော အမှု)သည် မကြည်ညိုသေးသောသူတို့အား ကြည်ညိုစေခြင်းငှါ ရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

**၁၄၃။ ၈၈-၁၁၉၉။ "အကြင် ဘိက္ခုနီမသည် နံ့သာမှုန့်အရောင်တင်မှုန့်တို့ဖြင့်ရေချိုးငြားအံ့၊ (ထိုဘိက္ခုနီမအား) ပါစိတ်အာပတ် သင့်၏" ဤသို့ (ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)။**

## ၅-ပဥ္စမသိက္ခာပုဒ် အဖွင့်

၁၂၀၀။ **အကြင်** ဟူသည် အကြင်သို့ သဘောရှိသော။ပ။

**ဘိက္ခုနီမ** ဟူသည်။ပ။ ဤအရာ၌ ဤဉတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သော မိန်းမကို "ဘိက္ခုနီမ" ဟူ၍ အလိုရှိအပ်၏။

**နံ့သာမှုန့်** မည်သည် တစုံတခုသော နံ့သာတည်း။

**အရောင်တင်မှုန့်** မည်သည် တစုံတခုသော အရောင်တင်မှုန့်တည်း။

**ရေချိုးငြားအံ့** ဟူသည် ရေချိုးအံ့။ ပယောဂတိုင်း ဒုက္ကဋ်အာပတ် သင့်၏။

ရေချိုးပြီးသည်၏အဆုံး၌ ပါစိတ် အာပတ် သင့်၏။

http://www.dhammadownload.com



၁၂၁၁။ အနာဟူသော အကြောင်းကြောင့် အာပတ်မသင့်၊ ရူးသောဘိက္ခုနီမ အစလက်ဦး လွန်ကျူးသော ဘိက္ခုနီမတို့အားလည်း အာပတ် မသင့်။

ပဉ္စမသိက္ခာပုဒ် ပြီး၏။

---

## ၉-ဆတ္တုပါဟနဝဂ် ၆-ဆဋ္ဌသိက္ခာပုဒ်

၁၂၁၂။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ် သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဆဗ္ဗဂ္ဂီ ဘိက္ခုနီမတို့သည် (အနံ့ဖြင့်) ထုံထားသော နှမ်းမှုန့်ညက်ဖြင့် ရေချိုးကုန်၏။

လူတို့သည် "အဘယ့်ကြောင့် ဘိက္ခုနီမတို့သည် ကာမဂုဏ်စည်းစိမ်ကို ခံစားသောလူမိန်းမတို့ ကဲ့သို့ (အနံ့ဖြင့်) ထုံထားသော နှမ်းမှုန့်ညက်ဖြင့် ရေချိုးကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ဘိက္ခုနီမတို့သည် ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုကြသော ထိုလူတို့၏ စကားကို ကြားကြသည် သာတည်း။ အလိုနည်းသော ဘိက္ခုနီမတို့သည် "အဘယ့်ကြောင့် ဆဗ္ဗဂ္ဂီဘိက္ခုနီမတို့သည် (အနံ့ဖြင့်) ထုံထားသောနှမ်းမှုန့်ညက်ဖြင့် ရေချိုးကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆို ကြကုန်၏။ပ။

"ရဟန်းတို့ ဆဗ္ဗဂ္ဂီဘိက္ခုနီမတို့သည် (အနံ့ဖြင့်) ထုံထားသော နှမ်းမှုန့်ညက်ဖြင့် ရေချိုးကုန်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ရဟန်းတို့ အဘယ့်ကြောင့် ဆဗ္ဗဂ္ဂီ ဘိက္ခုနီမတို့သည် (အနံ့ဖြင့်) ထုံထားသော နှမ်းမှုန့်ညက်ဖြင့် ရေချိုးကုန်ဘိသနည်း။ ရဟန်းတို့ ဤ (ဆဗ္ဗဂ္ဂီဘိက္ခုနီမတို့ ပြုမိသောအမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ ရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

၁၄၄။ ၈၉-၁၂၁၃။ "အကြင် ဘိက္ခုနီမသည် (အနံ့ဖြင့်) ထုံထားသော နှမ်းမှုန့်ညက်ဖြင့် ရေချိုးငြားအံ့၊ (ထိုဘိက္ခုနီမအား) ပါစိတ်အာပတ် သင့်၏" ဤသို့ (ပြကြစေကုန်လော ဟု မိန့် တော်မူ၏)။

## ၆-ဆဋ္ဌသိက္ခာပုဒ် အဖွင့်

၁၂၁၄။ **အကြင်** ဟူသည် အကြင်သို့ သဘောရှိသော်။ပ။

**ဘိက္ခုနီမ** ဟူသည်။ပ။ဤအရာ၌ ဤဉတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သော မိန်းမကို "ဘိက္ခုနီမ" ဟူ၍ အလိုရှိအပ်၏။

**ထုံထားသော** မည်သည် တစုံတခုသော အနံ့ဖြင့် ထုံထားသော။

http://www.dhammadownload.com



နှမ်းမန့်ညက် မည်သည် နှမ်းတို့ဖြင့် ပြုလုပ်ထားသော အမှုန့်ကိုဆိုလို၏။

ရေချိုးငြားအံ့ ဟူသည် ရေချိုး၏။ ပယောဂတိုင်း ဒုက္ကဋ်အာပတ် သင့်၏။ ရေချိုးပြီးသည်၏ အဆုံး၌ ပါစိတ်အာပတ် သင့်၏။

၁၂၀၅။ အနာဟူသော အကြောင်းကြောင့် အာပတ် မသင့်၊ ပြကတေ့နှမ်းမှုန့်ဖြင့် ရေချိုးအံ့ အာပတ် မသင့်၊ရူးသောဘိက္ခုနီမ အစလက်ဦး လွန်ကျူးသော ဘိက္ခုနီတို့အားလည်း အာပတ် မသင့်။

ဆဋ္ဌသိက္ခာပုဒ် ပြီး၏။

---

## ၉-ဆတ္တုပါဟနဝဂ် ၇-သတ္တမသိက္ခာပုဒ်

၁၂၀၆။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဘိက္ခုနီမတို့သည် အခြားဘိက္ခုနီမကို ပွတ်လည်း ပွတ်သပ်စေကုန်၏ ဆုပ်လည်း ဆုပ်နယ်စေကုန်၏။

ကျောင်းစဉ် လှည့်လည်သော လူတို့သည် မြင်သဖြင့် "အဘယ့်ကြောင့် ဘိက္ခုနီမတို့သည် ကာမဂုဏ် ငည်းစိမ်ကို ခံစားသော လူမိန်းမတို့ကဲ့သို့ ဘိက္ခုနီမကို ပွတ်လည်း ပွတ်သပ်စေကုန်ဘိသနည်း၊ ဆုပ်လည်း ဆုပ်နယ်စေကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ဘိက္ခုနီမတို့သည် ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုကြသော ထိုလူတို့၏ စကားကို ကြားကြသည်သာတည်း။ အလိုနည်းသော ဘိက္ခုနီမတို့သည် "အဘယ့်ကြောင့် ဘိက္ခုနီမတို့သည် ပွတ်လည်း ပွတ်သပ်စေကုန်ဘိသနည်း၊ ဆုပ်လည်း ဆုပ်နယ်စေကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ ဘိက္ခုနီမတို့သည် ဘိက္ခုနီမကို ပွတ်လည်း ပွတ်သပ်စေကုန်၏၊ ဆုပ်လည်း ဆုပ်နယ်စေကုန်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ အဘယ့်ကြောင့် ဘိက္ခုနီမတို့သည် (အခြား) ဘိက္ခုနီမကို ပွတ်လည်း ပွတ်သပ်စေကုန်ဘိသနည်း၊ ဆုပ်လည်း ဆုပ်နယ်စေကုန်ဘိသနည်း။ ရဟန်းတို့ ဤ (ဘိက္ခုနီမတို့ ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

၁၅၅။ ၉၀-၁၂၀၇။ "အကြင် ဘိက္ခုနီမသည် ဘိက္ခုနီမကို ပွတ်လည်း ပွတ်သပ်စေငြားအံ့၊ ဆုပ်လည်း ဆုပ်နယ်စေငြားအံ့၊ (ထိုဘိက္ခုနီမအား) ပါစိတ်အာပတ် သင့်၏" ဤသို့ (ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)။

http://www.dhammadownload.com



## ၇-သတ္တမသိက္ခာပုဒ် အဖွင့်

၁၂၀၇။ အကြွင် ဟူသည် အကြွင်းသို့ သဘောရှိသော။ပ။

ဘိက္ခုနီမ ဟူသည်။ပ။ ဤအရာ၌ ဤဥ တ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သော မိန်းမကို "ဘိက္ခုနီမ" ဟူ၍ အလိုရှိအပ်၏။

ဘိက္ခုနီမကို ဟူသည် အခြားသော ဘိက္ခုနီမကို။

ပွတ်လည်း ပွတ်သပ်စေငြားအံ့ ဟူသည် ပွတ်သပ်စေအံ့၊ ပါစိတ်အာပတ် သင့်၏။

ဆုပ်လည်း ဆုပ်နယ်စေငြားအံ့ ဟူသည် ဆုပ်နယ်စေအံ့၊ ပါစိတ်အာပတ် သင့်၏။

၁၂၀၉။ နာဖျားသော ဘိက္ခုနီမအား အာပတ် မသင့်၊ ဘေးရန်တို့ကြောင့်လည်း အာပတ် မသင့်၊ ရူးသော ဘိက္ခုနီမ အစလက်ဦး လွန်ကျူးသော ဘိက္ခုနီမတို့အားလည်း အာပတ် မသင့်။

သတ္တမသိက္ခာပုဒ် ပြီး၏။

---

## ၉-ဆတ္တုပါဟနဝဂ် ၈-၉-၁၀-အဋ္ဌမ နဝမ ဒသမသိက္ခာပုဒ်

၁၂၁၀။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဘိက္ခုနီမတို့သည် သိက္ခမာန်ကို ပွတ်လည်း ပွတ်သပ်စေကုန်၏ ဆုပ်လည်း ဆုပ်နယ်စေကုန်၏။ပ။

သာမဏေမကို ပွတ်လည်း ပွတ်သပ်စေကုန်၏ ဆုပ်လည်း ဆုပ်နယ်စေကုန်၏။ပ။

လူမိန်းမကို ပွတ်လည်း ပွတ်သပ်စေကုန်၏ ဆုပ်လည်းဆုပ်နယ်စေကုန်၏။ပ။

ကျောင်းစဉ် လှည့်လည်ကြသော လူတို့သည် မြင်ကြသဖြင့် "အဘယ့်ကြောင့် ဘိက္ခုနီမတို့သည် ကာမဂုဏ်စည်းစိမ်ကို ခံစားသော လူမိန်းမတို့ကဲ့သို့ လူမိန်းမကို ပွတ်လည်း ပွတ်သပ်စေကုန်ဘိသနည်း၊ ဆုပ်လည်း ဆုပ်နယ်စေကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ဘိက္ခုနီမတို့သည် ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုကြသော ထိုလူတို့၏ စကားကို ကြားကြသည် သာတည်း။ အလိုနည်းသော ဘိက္ခုနီမတို့သည် "အဘယ့်ကြောင့် ဘိက္ခုနီမတို့သည် လူမိန်းမကို ပွတ်လည်း ပွတ်သပ်စေကုန်ဘိသနည်း၊ ဆုပ်လည်း ဆုပ်နယ်စေကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ ဘိက္ခုနီမတို့သည် လူမိန်းမကို ပွတ်လည်း ပွတ်သပ်စေကုန်၏ ဆုပ်လည်း ဆုပ်နယ်စေကုန်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ အဘယ့်ကြောင့် ဘိက္ခုနီမတို့သည် လူမိန်းမကို ပွတ်လည်း ပွတ်သပ်စေကုန်ဘိသနည်း၊ ဆုပ်လည်း ဆုပ်နယ်စေကုန်ဘိ

http://www.dhammadownload.com


သနည်း။ ရဟန်းတို့ ဤ(ဘိက္ခုနီမတို့ ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

၁၄၆-၇-၈။ ၉၁-၂-၃-၁၂၁၁။ **"အကြင် ဘိက္ခုနီမသည် သိက္ခမာန်မကို။ပ။ သာမဏေမကို။ပ။ လူမိန်းမကို ပွတ်လည်းပွတ်သပ်စေခြင်းအံ့၊ ဆုပ်လည်းဆုပ်နယ်စေခြင်းအံ့၊ (ထိုဘိက္ခုနီမအား) ပါစိတ်အာပတ် သင့်၏"** ဤသို့ (ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)။

## ၈-၉-၁၀-အဋ္ဌမ နဝမ ဒသမသိက္ခာပုဒ် အဖွင့်

၁၂၁၂။ **အကြင်** ဟူသည် အကြင်သို့ သဘောရှိသော။ပ။

**ဘိက္ခုနီမ** ဟူသည်။ပ။ ဤအရာ၌ ဤဉတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သော မိန်းမကို "ဘိက္ခုနီမ" ဟူ၍ အလိုရှိအပ်၏။

**သိက္ခမာန်** မည်သည် နှစ်နှစ်တို့ပတ်လုံး သိက္ခာပုဒ်ခြောက်ပါး ကျင့်ထားပြီးသော မိန်းမတည်း။

**သာမဏေမ** မည်သည် ဆယ်ပါးသော သိက္ခာရှိသော မိန်းမတည်း။

**လူမိန်းမ** မည်သည် အိမ်၌ နေသော လူမိန်းမကို ဆိုလို၏။

**ပွတ်လည်း ပွတ်သပ်စေခြင်းအံ့** ဟူသည် ပွတ်သပ်စေအံ့၊ ပါစိတ်အာပတ် သင့်၏။

**ဆုပ်လည်း ဆုပ်နယ်စေခြင်းအံ့** ဟူသည် ဆုပ်နယ်စေအံ့၊ ပါစိတ်အာပတ် သင့်၏။

၁၂၁၃။ အနာဟူသော အကြောင်းကြောင့် အာပတ် မသင့်၊ ဘေးရန်တို့ကြောင့် အာပတ် မသင့်၊ ရူးသောဘိက္ခုနီမ အစလက်ဦး လွန်ကျူးသော ဘိက္ခုနီမတို့အားလည်း အာပတ် မသင့်။

အဋ္ဌမ နဝမ ဒသမသိက္ခာပုဒ် ပြီး၏။

---

## ၉-ဆတ္တုပါဟနဝဂ် ၁၁-ကောဒသမသိက္ခာပုဒ်

၁၂၁၄။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဘိက္ခုနီမတို့သည် ရဟန်း၏ရှေ့မှ မပန်ကြားပဲ နေရာ၌ ထိုင်နေကုန်၏။

ရဟန်းတို့သည် "အဘယ့်ကြောင့် ဘိက္ခုနီမတို့သည် ရဟန်း၏ရှေ့မှ မပန်ကြားပဲ နေရာ၌ ထိုင်ကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ ဘိက္ခုနီမတို့သည် ရဟန်း၏ရှေ့မှ မပန်ကြားပဲ နေရာ၌ ထိုင်ကုန်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

http://www.dhammadownload.com



ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ အဘယ့်ကြောင့် ဘိက္ခုနီမတို့သည် ရဟန်း၏ရှေ့မှ မပန်ကြားပဲ နေရာ၌ ထိုင်ကုန်ဘိသနည်း။ ရဟန်းတို့ ဤ (ဘိက္ခုနီမတို့ ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

၁၄၉။ ၉၄-၁၂၁၅။"အကြင် ဘိက္ခုနီမသည် ရဟန်း၏ရှေ့မှ မပန်ကြားပဲ နေရာ၌ ထိုင်ငြားအံ့၊ (ထိုဘိက္ခုနီမအား) ပါစိတ်အာပတ် သင့်၏" ဤသို့ (ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)။

## ၁၁-ကောဒသမသိက္ခာပုဒ် အဖွင့်

၁၂၁၆။ **အကြင်** ဟူသည် အကြင်သို့ သဘောရှိသော။ပ။

**ဘိက္ခုနီမ** ဟူသည်။ပ။ ဤအရာ၌ ဤဉ တ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သော မိန်းမကို "ဘိက္ခုနီမ" ဟူ၍ အလိုရှိအပ်၏။

**ရဟန်း၏ရှေ့မှ** ဟူသည် ပဥ္စင်းဖြစ်သူ၏ရှေ့မှ။

**မပန်ကြားမူ၍** ဟူသည် မပြောမကြားမူ၍။

**နေရာ၌ထိုင်ငြားအံ့** ဟူသည် အယုတ်သဖြင့် မြေ၌သော်လည်း ထိုင်အံ့၊ ပါစိတ်အာပတ် သင့်၏။

၁၂၁၇။ မပန်ကြားရသေးသည်၌ မပန်ကြားရသေး ဟု အမှတ်ရှိသည်ဖြစ်၍ နေရာ၌ထိုင်အံ့၊ ပါစိတ်အာပတ် သင့်၏။

မပန်ကြားရသေးသည်၌ ယုံမှားရှိသည်ဖြစ်၍ နေရာ၌ထိုင်အံ့၊ ပါစိတ်အာပတ် သင့်၏။

မပန်ကြားရသေးသည်၌ ပန်ကြားပြီး ဟု အမှတ်ရှိသည်ဖြစ်၍ နေရာ၌ထိုင်အံ့၊ ပါစိတ်အာပတ် သင့်၏။

ပန်ကြားပြီးသည်၌ မပန်ကြားရသေး ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ပန်ကြားပြီးသည်၌ ယုံမှားရှိအံ့၊ အာပတ် မသင့်။

၁၂၁၈။ ပန်ကြား၍ နေရာ၌ထိုင်အံ့၊ အာပတ် မသင့်၊ နာဖျားသော ဘိက္ခုနီမအားလည်း အာပတ် မသင့်၊ ဘေးရန်တို့ကြောင့်လည်း အာပတ် မသင့်၊ ရူးသောဘိက္ခုနီမ အစလက်ဦး၊ လွန်ကျူးသော ဘိက္ခုနီမတို့အားလည်း အာပတ် မသင့်။

ကောဒသမသိက္ခာပုဒ် ပြီး၏။

---

## ၉-ဆတ္တုပါဟနဝဂ် ၁၂-ဒွါဒသမသိက္ခာပုဒ်

၁၂၁၉။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဘိက္ခုနီမတို့သည် အခွင့်မတောင်းပဲ ရဟန်းကို ပြဿနာမေးကုန်၏။

http://www.dhammadownload.com



ရဟန်းတို့သည် "အဘယ့်ကြောင့် ဘိက္ခုနီမဟူသည် ခွင့်မတောင်းပဲ ရဟန်းကို ပြဿနာ မေးကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ ဘိက္ခုနီမတို့သည် ခွင့်မတောင်းပဲ ရဟန်းကို ပြဿနာမေးကုန်၏ ဟူသည် မှန်သ သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ အဘယ့်ကြောင့် ဘိက္ခုနီမတို့သည် ခွင့်မတောင်းပဲ ရဟန်းကို ပြဿနာမေးကုန်ဘိသနည်း။ ရဟန်းတို့ ဤ (ဘိက္ခုနီမတို့ ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ ရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

၁၅၀။ ၉၅-၁၂၂၀။ "အကြင် ဘိက္ခုနီမသည် ခွင့်မတောင်းပဲ ရဟန်းကို ပြဿနာမေးငြား အံ့၊ (ထိုဘိက္ခုနီမအား) ပါစိတ်အာပတ် သင့်၏" ဤသို့ (ပြကြစေကုန်လော့ ဟု မိန့်တော် မူ၏)။

### ၁၂-ဒွါဒသမသိက္ခာပုဒ် အဖွင့်

၁၂၂၁။ အကြင် ဟူသည် အကြင်သို့ သဘောရှိသော။ပ။

ဘိက္ခုနီမ ဟူသည်။ပ။ ဤအရာ၌ ဤဥပသမ္ပဒာတ်ဖြင့် ရဟန်းအဖြစ်သို့ ရောက်သော မိန်းမကို "ဘိက္ခုနီမ" ဟူ၍ အလိုရှိအပ်၏။

ခွင့်မတောင်းပဲ ဟူသည် မပန်မကြားပဲ။

ရဟန်းကို ဟူသည် ပဉ္စင်းဖြစ်သူကို။

ပြဿနာကို မေးငြားအံ့ ဟူသည် သုတ္တန်၌ အခွင့်တောင်းပြီးမှ ဝိနည်းကိုဖြစ်စေ အဘိဓမ္မာကို ဖြစ်စေ မေးအံ့၊ ပါစိတ်အာပတ် သင့်၏။

ဝိနည်း၌ အခွင့်တောင်းပြီးမှ သုတ္တန်ကိုဖြစ်စေ အဘိဓမ္မာကိုဖြစ်စေ မေးအံ့၊ ပါစိတ်အာပတ် သင့်၏။

အဘိဓမ္မာ၌ အခွင့်တောင်းပြီးမှ သုတ္တန်ကိုဖြစ်စေ ဝိနည်းကိုဖြစ်စေ မေးအံ့၊ ပါစိတ်အာပတ် သင့်၏။

၁၂၂၂။ မပန်ကြားရသေးသည့်၌ မပန်ကြားရသေး ဟု အမှတ်ရှိသည်ဖြစ်၍ ပြဿနာကို မေးအံ့၊ ပါစိတ်အာပတ် သင့်၏။

မပန်ကြားရသေးသည့်၌ ယုံမှားရှိသည်ဖြစ်၍ ပြဿနာကို မေးအံ့၊ ပါစိတ်အာပတ် သင့်၏။

မပန်ကြားရသေးသည့်၌ ပန်ကြားပြီး ဟု အမှတ်ရှိသည်ဖြစ်၍ ပြဿနာကို မေးအံ့၊ ပါစိတ် အာပတ် သင့်၏။

http://www.dhammadownload.com


ပန်ကြားပြီးသည်၌ မပန်ကြားရသေး ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ပန်ကြားပြီးသည်၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ပန်ကြားပြီးသည်၌ ပန်ကြားပြီး ဟု အမှတ်ရှိအံ့၊ အာပတ် မသင့်။

၁၂၂၃။ ခွင့်တောင်း၍ မေးအံ့၊ မရည်ညွှန်းမူ၍ ခွင့်တောင်းပြီးလျှင် တစုံတရာ၌မေးအံ့၊ အာပတ် မသင့်၊ ရူးသော ဘိက္ခုနီမ အစလက်ဦး လွန်ကျူးသော ဘိက္ခုနီမတို့အားလည်း အာပတ် မသင့်။

ဒွါဒသမသိက္ခာပုဒ် ပြီး၏။

---

## ၉-ဆတ္တုပါဟနဝဂ် ၁၃-တေရသမသိက္ခာပုဒ်

၁၂၂၄။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဘိက္ခုနီမ တယောက်သည် ရင်လွှမ်းတဘက်မပါပဲ ရွာသို့ဆွမ်းခံဝင်၏။

ထို ဘိက္ခုနီမ၏ ဒုကုဋ်သင်္ကန်းတို့သည် ခရီးလမ်းမှ၌ လေပွေတိုက်၍ လှင့်ပါးကုန်၏။ လူအပေါင်းတို့သည် "အသျှင်မ၏ သားမြတ်တို့သည် လှပတင့်တယ်ကုန်၏" ဟု ကြွေးကြော်ကုန်၏။

ထိုဘိက္ခုနီမသည် ထိုလူတို့က ပြက်ရယ်ပြုကြသဖြင့် မျက်နှာမသာဖြစ်၏။ ထိုဘိက္ခုနီမသည် ကျောင်းသို့ သွားပြီးလျှင် (အခြား) ဘိက္ခုနီမတို့အား ဤအကြောင်းကို ပြောကြား၏။

အလိုနည်းသော ဘိက္ခုနီမတို့သည် "အဘယ့်ကြောင့် ဘိက္ခုနီမသည် ရင်လွှမ်းတဘက်မပါပဲ ရွာသို့ ဝင်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏။ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ ဘိက္ခုနီမသည် ရင်လွှမ်းတဘက်မပါပဲ ရွာသို့ ဝင်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏။)

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲတော်မူ၏။ပ။ ရဟန်းတို့ အဘယ့်ကြောင့် ဘိက္ခုနီမသည် ရင်လွှမ်းတဘက်မပါပဲ ရွာသို့ ဝင်ဘိသနည်း။ ရဟန်းတို့ ဤ (ဘိက္ခုနီမ ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

**၁၅၁။ ၉၆*-၁၂၂၅။ "အကြင် ဘိက္ခုနီမသည် ရင်လွှမ်းတဘက်မပါပဲ ရွာသို့ ဝင်ငြားအံ့၊ (ထိုဘိက္ခုနီမအား) ပါစိတ်အာပတ် သင့်၏" ဤသို့ (ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)။**

## ၁၃-တေရသမသိက္ခာပုဒ် အဖွင့်

၁၂၂၆။ **အကြင်** ဟူသည် အကြင်သို့ သဘောရှိသော။ပ။

---

* ရဟန်းမိန်းမများနှင့်သာ ဆက်ဆံသောပါစိတ်-၉၆။ ရဟန်းယောကျ်ားများနှင့်လည်း ဆက်ဆံသော ပါစိတ်-၇၀။ ပေါင်း ဘိက္ခုနီပါစိတ် ၁၆၆-ပါး ဖြစ်သည်။

http://www.dhammadownload.com



**ဘိက္ခုနီမ** ဟူသည်။ပ။ ဤအရာ၌ ဤဥတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သော မိန်းမကို "ဘိက္ခုနီမ" ဟူ၍ အလိုရှိအပ်၏။

**ရင်လွှမ်းတဘက်မပါပဲ** ဟူသည် ရင်လွှမ်းတန်ဆာနှင့်ကင်း၍။

**ရင်လွှမ်းတဘက်** မည်သည် ညှပ်ရိုးအောက် ချက်အထက်ကို ဖုံးလွှမ်းခြင်းငှါ (အသုံးပြုသော အဝတ်တည်း)။

**ရွာသို့ဝင်ငြားအံ့** ဟူသည် အရံအတားရှိသော ရွာ၏ အရံအတားကို လွန်စေသော ဘိက္ခုနီမ အား ပါစိတ်အာပတ် သင့်၏။

အရံအတား မရှိသောရွာ၏ ဥပစာသို့သက်ဝင်သော ဘိက္ခုနီမအား ပါစိတ်အာပတ် သင့်၏။

၁၂၂၇။ သက်နုံးကို လုယက်ခံရသော ဘိက္ခုနီမ သင်္ကန်းပျောက်သော ဘိက္ခုနီမ နာဖျားသော ဘိက္ခုနီမ သတိမေ့လျော့သော ဘိက္ခုနီမ မသိသော ဘိက္ခုနီမတို့အား အာပတ် မသင့်၊ ဘေးရန်တို့ ကြောင့်ရင်လွှမ်း တဘက်မပါပဲ ရွာသို့ဝင်အံ့၊ အာပတ် မသင့်၊ ရူးသောဘိက္ခုနီမ အစလက်ဦးလွန်ကျူး သော ဘိက္ခုနီမတို့အားလည်း အာပတ် မသင့်။

တေရသမသိက္ခာပုဒ် ပြီး၏။

နဝမဆတ္တုပါယနဝဂ် ပြီး၏။

အသျှင်မတို့ တရာ့ခြောက်ဆယ်ခြောက်ပါးသော ပါစိတ်အာပတ်ကိုတို့ သရုပ်အားဖြင့် ပြဆိုပြီးပါ ကုန်ပြီ၊ ထိုတရာ့ခြောက်ဆယ်ခြောက်ပါးသော ပါစိတ်အာပတ်တို့၌ အသျှင်မတို့ကို မေးပါ၏၊ အာပတ် မှ စင်ကြယ်ကြပါကုန်၏လော၊ နှစ်ကြိမ်မြောက်လည်းမေးပါ၏၊ အာပတ်မှ စင်ကြယ်ကြပါကုန်၏လော၊ သုံးကြိမ်မြောက်လည်းမေးပါ၏၊ အာပတ်မှ စင်ကြယ်ကြပါကုန်၏လော၊ အသျှင်မတို့သည် ဤပါစိတ် အာပတ်တို့၌ အာပတ်မှစင်ကြယ်ကြပါကုန်၏။ ထို့ကြောင့် ဆိတ်ဆိတ်နေကုန်၏၊ ဤသို့ ဆိတ်ဆိတ်နေ သဖြင့် ဤစင်ကြယ်သည့်အဖြစ်ကို သိမှတ်ရပါသည်။

ဘိက္ခုနီဝိဘင်း၌ ပါစိတ်အခဏ်း ပြီး၏။

---

## ၅-ပါဋိဒေသနီအခဏ်း ၁-ပဌမပါဋိဒေသနီသိက္ခာပုဒ်

အသျှင်မတို့ ဤရှစ်ပါးသော ပါဋိဒေသနီ အာပတ်တို့သည် သရုပ်အားဖြင့် ပြဆိုအပ်သည်၏ အဖြစ်သို့ ရောက်ကုန်၏။

၁၂၂၈။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံ ဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဆဗ္ဗဂ္ဂီဘိက္ခုနီမတို့သည် ထောပတ်ကို တောင်း၍ သုံးဆောင်ကုန်၏။

လူတို့သည် "အဘယ့်ကြောင့် ဘိက္ခုနီမတို့သည် ထောပတ်ကိုတောင်း၍ သုံးဆောင်ကုန်ဘိ သနည်း၊ အဘယ်သူသည် ချိုမြိန်သောအရသာကို မနှစ်သက်ပဲရှိအံ့နည်း၊ အဘယ်သူသည် သာယာ ဖွယ်ဖြစ်သော အရသာကို မမြိန်ရှက်ပဲရှိအံ့နည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြ ကုန်၏။

http://www.dhammadownload.com



ဘိက္ခုနီမတို့သည် ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုကြသော ထိုလူတို့၏စကားကို ကြားကြသည် သာတည်း။ အလိုနည်းသော ဘိက္ခုနီမတို့သည် "အဘယ့်ကြောင့် ဆဗ္ဗဂ္ဂီဘိက္ခုနီမတို့သည် ထောပတ်ကို တောင်း၍ သုံးဆောင်ကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ ဆဗ္ဗဂ္ဂီဘိက္ခုနီမတို့သည် ထောပတ်ကို တောင်း၍ သုံးဆောင်ကြကုန်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ အဘယ့်ကြောင့် ဆဗ္ဗဂ္ဂီ ဘိက္ခုနီမတို့သည် ထောပတ်ကိုတောင်း၍ သုံးဆောင်ကုန်ဘိသနည်း။ ရဟန်းတို့ ဤ(ဆဗ္ဗဂ္ဂီဘိက္ခုနီမ တို့ ပြုမိသော အမှု)သည် မကြည်ညိုသေးသောသူတို့အား ကြည်ညိုစေခြင်းငှါ၎င်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

**(က) "အကြင် ဘိက္ခုနီမသည် ထောပတ်ကိုတောင်း၍ သုံးဆောင်ငြားအံ့၊ ထိုဘိက္ခုနီမ သည် အသျှင်မတို့ အကျွန်ုပ်သည် ကဲ့ရဲ့အပ် မလျှောက်ပတ်သော ပါဋိဒေသနီအာပတ်သို့ ရောက်ပြီ၊ ထိုအာပတ်ကို ပြောကြားပါ၏ ဟု ပြောကြားရမည်"** ဤသို့ (ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)။

ဤသို့လျှင် မြတ်စွာဘုရားသည် ဘိက္ခုနီမတို့အား ဤသိက္ခာပုဒ်ကို ပညတ်တော်မူ၏။

၁၂၂၉။ ထိုအခါ ဘိက္ခုနီမတို့သည် နာဖျားကုန်၏၊ သူနာမေးသောဘိက္ခုနီတို့သည် နာဖျား သော ဘိက္ခုနီမတို့ကို "အသျှင်မတို့ ကျန်းမာကြပါ၏လော၊ မျှတကြပါ၏လော" ဟု မေးကြကုန်၏။

အသျှင်မတို့ အကျွန်ုပ်တို့သည် ရှေးအခါ၌ ထောပတ်ကိုတောင်း၍ စားကြကုန်၏၊ ထိုကြောင့် အကျွန်ုပ်တို့အား ချမ်းသာမှုဖြစ်ပါ၏၊ သို့ရာတွင် ယခုအခါ၌ "မြတ်စွာဘုရား မြစ်ပယ်တော်မူသော ကြောင့် မအပ်" ဟု တွေးတောမှု'သံသယကုက္ကုစ္စ'ရှိကုန်သည်ဖြစ်၍ မတောင်းကြပါကုန်၊ ထိုကြောင့် အကျွန်ုပ်တို့အား ကျန်းမာမှုမဖြစ်ပါ ဟု ဆိုကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက် ကြကုန်၏။ပ။

"ရဟန်းတို့ နာဖျားသော ဘိက္ခုနီမအား ထောပတ်ကို တောင်း၍ သုံးဆောင်စေခြင်းငှါ ခွင့်ပြု တော်မူ၏" ဟု မိန့်တော်မူ၏။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

၂၂၂။ ၁-(ခ)၁၂၃၀။ **"အကြင် ဘိက္ခုနီမသည် မနာမဖျားပဲ ထောပတ်ကိုတောင်း၍ သုံးဆောင်ငြားအံ့၊ ထိုဘိက္ခုနီမသည် အသျှင်မတို့ အကျွန်ုပ်သည် ကဲ့ရဲ့အပ်မလျှောက်ပတ်သော ပါဋိဒေသနီအာပတ်သို့ ရောက်ပြီ၊ ထိုအာပတ်ကို ပြောကြားပါ၏ ဟု ပြောကြားရမည်"** ဤသို့ (ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)။

http://www.dhammadownload.com



## ၁-ပဌမပါဋိဒေသနီသိက္ခာပုဒ် အဖွင့်

၁၂၃၁။ အကြင် ဟူသည် အကြင်သို့ သဘောရှိသော။ပ။

**ဘိက္ခုနီမ** ဟူသည်။ပ။ ဤအရာ၌ ဤဉ တ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သော မိန်းမကို "ဘိက္ခုနီမ" ဟူ၍ အလိုရှိအပ်၏။

**မနာမဖျားပဲ** ဟူသည် ထောပတ်နှင့်ကင်း၍ ချမ်းသာမှုဖြစ်၏။

**နာဖျား** မည်သည် ထောပတ်နှင့်ကင်း၍ ချမ်းသာမှုမဖြစ်။

**ထောပတ်** မည်သည် နွားနို့ထောပတ် ဆိတ်နို့ထောပတ် ကျွဲနို့ထောပတ် အသားအပ်သော သတ္တဝါတို့မှ ဖြစ်သော ထောပတ်တည်း။

မနာမဖျားပဲမိမိ၏အကျိုးငှါတောင်းအံ့ပယောဂကြောင့် ဒုက္ကဋ်အာပတ် သင့်၏။ရခြင်းကြောင့် "သုံးဆောင်မည်"ဟု ခံယူအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ မျိုတိုင်းမျိုတိုင်း ပါဋိဒေသနီ အာပတ် သင့်၏။

၁၂၃၂။ မနာမဖျားပဲ မနာမဖျား ဟု အမှတ်ရှိသည်ဖြစ်၍ ထောပတ်ကိုတောင်း၍ သုံးဆောင်အံ့၊ ပါဋိဒေသနီအာပတ် သင့်၏။

မနာမဖျားပဲ ယုံမှားရှိသည်ဖြစ်၍ ထောပတ်ကိုတောင်း၍ သုံးဆောင်အံ့၊ ပါဋိဒေသနီအာပတ် သင့်၏။

မနာမဖျားပဲ နာဖျား၏ ဟု အမှတ်ရှိသည်ဖြစ်၍ ထောပတ်ကိုတောင်း၍ သုံးဆောင်အံ့၊ ပါဋိဒေသနီ အာပတ် သင့်၏။

နာဖျားလျက် မနာမဖျား ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ နာဖျားလျက် ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏၊ နာဖျားလျက်နာဖျား၏ ဟု အမှတ်ရှိအံ့၊ အာပတ် မသင့်။

၁၂၃၃။ နာဖျားသောဘိက္ခုနီမအား အာပတ် မသင့်၊ နာဖျားစဉ်က ထောပတ်ကို တောင်းပြီးလျှင် မနာမဖျားသောအခါ စားအံ့၊ သူနာမ၏ စားကြွင်းကိုစားအံ့၊ ဆွေမျိုးတော်သူ ပင့်ဖိတ်သူတို့၏ အထံမှ တောင်း၍ စားအံ့၊ သူတပါးအကျိုးငှါတောင်းအံ့၊ မိမိဥစ္စာဖြင့်ဝယ်အံ့၊အာပတ် မသင့်၊ ရူးသော ဘိက္ခုနီမ အစလက်ဦး လွန်ကျူးသော ဘိက္ခုနီမတို့အားလည်း အာပတ် မသင့်။

ပဌမပါဋိဒေသနီသိက္ခာပုဒ် ပြီး၏။

---

## ၂-ဒုတိယစသော ပါဋိဒေသနီသိက္ခာပုဒ်များ

၁၂၃၄။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဆဗ္ဗဂ္ဂီဘိက္ခုနီမတို့သည် ဆီကို တောင်း၍ စားကြကုန်၏။ပ။

(၃) ပျားရည်ကိုတောင်း၍ စားကြကုန်၏။ပ။

(၄) တင်လဲကိုတောင်း၍ စားကြကုန်၏။ပ။

http://www.dhammadownload.com



(၅) ငါးကိုတောင်း၍ စားကြကုန်၏။ပ။

(၆) အမဲကိုတောင်း၍ စားကြကုန်၏။ပ။

(၇) နို့ရည်ကို တောင်း၍ စားကြကုန်၏။ပ။

(၈) နို့ဓမ်းကို တောင်း၍ စားကြကုန်၏။ပ။

လူတို့သည် "အဘယ့်ကြောင့် ဘိက္ခုနီမတို့သည် နို့ဓမ်းကိုတောင်း၍ စားကုန်ဘိသနည်း၊ အဘယ်သူသည် ချိုမြိန်သောအရသာကို မနှစ်သက်ပဲ ရှိအံ့နည်း၊ အဘယ်သူသည် ကောင်းမြတ်သော အရသာကို မမြိန်ရှက်ပဲရှိအံ့နည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ဘိက္ခုနီမတို့သည် ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုကြသော ထိုလူတို့၏စကားကို ကြားကြသည်သာတည်း။ အလိုနည်းသော ဘိက္ခုနီမတို့သည် "အဘယ့်ကြောင့် ဆဗ္ဗဂ္ဂီဘိက္ခုနီမတို့သည် နို့ဓမ်းကို တောင်း၍ စားကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ ဆဗ္ဗဂ္ဂီဘိက္ခုနီမတို့သည် နို့ဓမ်းကို တောင်း၍ စားကြကုန်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ အဘယ့်ကြောင့် ဆဗ္ဗဂ္ဂီဘိက္ခုနီမတို့သည် နို့ဓမ်းကို တောင်း၍ စားကုန်ဘိသနည်း၊ ရဟန်းတို့ ဤ (ဆဗ္ဗဂ္ဂီဘိက္ခုနီမတို့ ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ ရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

**(က) "အကြင် ဘိက္ခုနီမသည် နို့ဓမ်းကို တောင်း၍စားငြားအံ့၊ ထိုဘိက္ခုနီမအား အသျှင်မတို့ အကျွန်ုပ်သည် ကဲ့ရဲ့အပ် မလျှောက်ပတ်သော ပါဋိဒေသနီ အာပတ်သို့ ရောက်ပြီ၊ ထို အာပတ်ကို ပြောကြားပါ၏ ဟု ပြောကြားရမည်"** ဤသို့ (ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)။

ဤသို့လျှင် မြတ်စွာဘုရားသည် ဘိက္ခုနီမတို့အား ဤသိက္ခာပုဒ်ကို ပညတ်တော်မူ၏။

၁၂၃၅။ ထိုစဉ်အခါ၌ ဘိက္ခုနီမတို့သည် နာဖျားကုန်၏၊ သူနာမေးသောဘိက္ခုနီမတို့သည် နာဖျားသော ဘိက္ခုနီမတို့ကို "အသျှင်မတို့ ကျန်းမာကြပါ၏လော မျှတကြပါ၏လော" ဟု မေးကြကုန်၏။

အသျှင်မတို့ အကျွန်ုပ်တို့သည် ရှေးအခါ၌ နို့ဓမ်းကို တောင်း၍ စားရကုန်၏၊ ထို့ကြောင့် အကျွန်ုပ်တို့အား ကျန်းမာမှုဖြစ်ပါ၏၊ သို့ရာတွင် ယခုအခါ၌ "မြတ်စွာဘုရား မြစ်ပယ်တော်မူသောကြောင့် မအပ်" ဟု တွေးတောမှု 'သံသယကုက္ကုစ္စ' ရှိကုန်သည်ဖြစ်၍ မတောင်းကြပါကုန်၊ ထို့ကြောင့် အကျွန်ုပ်တို့အား ကျန်းမာမှု မဖြစ်ပါ ဟု ပြောဆိုကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

http://www.dhammadownload.com


ရဟန်းတို့ နာဖျားသော ဘိက္ခုနီမအား နို့ဓမ်းကို တောင်း၍ စားခြင်းငှါ ခွင့်ပြုတော်မူ၏ ဟု မိန့်တော်မူ၏။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

၂၂၉။ ၈-(ခ)၁၂၃၆။ "အကြင် ဘိက္ခုနီမသည် မနာမဖျားပဲ နို့ဓမ်းကို တောင်း၍ စားငြားအံ့၊ ထိုဘိက္ခုနီမသည် အသျှင်မတို့ အကျွန်ုပ်သည် ကဲ့ရဲ့အပ် မလျော်ကပ်သော ပါဋိဒေသနီ အာပတ်သို့ ရောက်ပါ၏၊ ထိုအာပတ်ကို ပြောကြားပါ၏ ဟု ပြောကြားရမည်" ဤသို့ (ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)။

## ၂-ဒုတိယစသော ပါဋိဒေသနီသိက္ခာပုဒ် အဖွင့်များ

၁၂၃၇။ အကြင် ဟူသည် အကြင်သို့ သဘောရှိသော။ပ။

ဘိက္ခုနီမ ဟူသည်။ပ။ ဤအရာ၌ ဤဥတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သော မိန်းမကို "ဘိက္ခုနီမ" ဟူ၍ အလိုရှိအပ်၏။

မနာမဖျား မည်သည် အကြင် ဘိက္ခုနီမအား နို့ဓမ်းနှင့်ကင်း၍ ချမ်းသာမှုဖြစ်၏၊ (ထိုဘိက္ခုနီမ တည်း)။

နာဖျား မည်သည် အကြင် ဘိက္ခုနီမအား နို့ဓမ်းနှင့်ကင်း၍ ချမ်းသာမှုမဖြစ်၊ (ထိုဘိက္ခုနီမ တည်း)။

ဆီ မည်သည် နှမ်းဆီ မုံညင်းဆီ သစ်မည်စည်ဆီ ကြက်ဆူဆီ အသားဆီတို့တည်း။

ပျားရည် မည်သည် ပျားငယ်'ယင်ပျား' ပျားရည်တည်း။

တင်လဲ မည်သည် ကြံမှဖြစ်သော တင်လဲတည်း။

ငါး မည်သည် ရေ၌ကျက်စားသော သတ္တဝါကို ဆိုလို၏။

အမဲ မည်သည် အပ်သော သတ္တဝါတို့၏ အသားတည်း။

နို့ရည် မည်သည် နွားနို့ ဆိတ်နို့ ကျွဲနို့ အသားအပ်သော သတ္တဝါတို့၏ နို့ရည်တည်း။

နို့ဓမ်း မည်သည် ထိုအသားအပ်သော သတ္တဝါတို့၏ နို့ဓမ်းတည်း။

မနာမဖျားပဲ မိမိအကျိုးငှါ တောင်းအံ့၊ ပယောဂကြောင့် ဒုက္ကဋ်အာပတ် သင့်၏။ ရခြင်းကြောင့် "စားမည်" ဟု ခံယူအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ မျိုတိုင်းမျိုတိုင်း ပါဋိဒေသနီအာပတ် သင့်၏။

၁၂၃၈။ မနာမဖျားပဲ မနာမဖျား ဟု အမှတ်ရှိသည်ဖြစ်၍ နို့ဓမ်းကို တောင်း၍ စားအံ့၊ ပါဋိဒေသနီ အာပတ် သင့်၏။

မနာမဖျားပဲ ယုံမှားရှိသည် ဖြစ်၍ နို့ဓမ်းကိုတောင်း၍ စားအံ့၊ ပါဋိဒေသနီ အာပတ် သင့်၏။ မနာမဖျားပဲ နာဖျား၏ ဟု အမှတ်ရှိသည်ဖြစ်၍ နို့ဓမ်းကိုတောင်း၍ စားအံ့၊ ပါဋိဒေသနီ အာပတ် သင့်၏။

http://www.dhammadownload.com



နာဖျားလျက် မနာမဖျား ဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ နာဖျားလျက် ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ နာဖျားလျက် နာဖျား၏ ဟု အမှတ်ရှိအံ့၊ အာပတ် မသင့်။

၁၂၃၉။ နာဖျားသော ဘိက္ခုနီမအား အာပတ် မသင့်၊ နာဖျားစဉ်က တောင်းပြီးလျှင် မနာမဖျားသောအခါ စားအံ့၊ သူနာမ၏ စားကြွင်းကို စားအံ့၊ ဆွေမျိုးတော်သူ ပင့်ဖိတ်သူတို့၏ အထံ၌ တောင်း၍စားအံ့၊ သူတပါးအကျိုးငှါ တောင်းအံ့၊ မိမိဥစ္စာဖြင့်ဝယ်အံ့၊ အာပတ် မသင့်၊ ရူးသော ဘိက္ခုနီမ အစလက်ဦး လွန်ကျူးသော ဘိက္ခုနီမတို့အားလည်း အာပတ် မသင့်။

အဋ္ဌမပါဋိဒေသနီသိက္ခာပုဒ် ပြီး၏။

အသျှင်မတို့ ဤရှစ်ပါးသော ပါဋိဒေသနီ အာပတ်တို့ကို သရုပ်အားဖြင့် ပြဆိုအပ်ပြီးပါကုန်ပြီ၊ ထိုပါဋိဒေသနီ အာပတ်တို့၌ အသျှင်မတို့ကိုမေးပါ၏၊ အာပတ်မှ စင်ကြယ်ကြပါကုန်၏လော၊ နှစ်ကြိမ်မြောက်လည်း မေးပါ၏၊ အာပတ်မှ စင်ကြယ်ကြပါကုန်၏လော၊ သုံးကြိမ်မြောက်လည်း မေးပါ၏၊ အာပတ်မှ စင်ကြယ်ကြပါကုန်၏လော၊ အသျှင်မတို့သည် ဤပါဋိဒေသနီ အာပတ်တို့၌ အာပတ်မှ စင်ကြယ်ကြပါကုန်၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေကုန်၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤအာပတ်မှ စင်ကြယ်သည့်အဖြစ်ကို သိမှတ်ရပါသည်။

ဘိက္ခုနီဝိဘင်း၌ ပါဋိဒေသနီအခဏ်း ပြီး၏။

http://www.dhammadownload.com

# ၆–သေခိယအခဏ်း

## ၁–ပရိမဏ္ဍလဝဂ်

အသျှင်မတို့ ဤသေခိယ သိက္ခာပုဒ်တို့သည် သရုပ်အားဖြင့် ပြဆိုအပ်သည်၏ အဖြစ်သို့ ရောက်ကုန်၏။

၁၂၄၀။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ် သူဌေး၏ အရံ ဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဆဗ္ဗဂ္ဂီဘိက္ခုနီမတို့သည် ရှေ့မှုရင်း နောက်မှုရင်း တွဲရရွဲချလျက် (သင်းပိုင်ကို) ဝတ်ကုန်၏။

လူတို့သည် "အဘယ့်ကြောင့် ဘိက္ခုနီမတို့သည် ကာမဂုဏ်စည်းစိမ်ကို ခံစားသောလူမိန်းမတို့ ကဲ့သို့ ရှေ့မှုရင်း နောက်မှုရင်း တွဲရရွဲချလျက်(သင်းပိုင်ကို)ဝတ်ကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချ ကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ဘိက္ခုနီမတို့သည် ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုကြသော ထိုလူတို့၏စကားကို ကြားကြသည် သာတည်း။ အလိုနည်းသော ဘိက္ခုနီမတို့သည် "အဘယ့်ကြောင့် ဆဗ္ဗဂ္ဂီဘိက္ခုနီမတို့သည် ရှေ့မှုရင်း နောက်မှုရင်း တွဲရရွဲချလျက် (သင်းပိုင်ကို) ဝတ်ကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ပ။

"ရဟန်းတို့ ဆဗ္ဗဂ္ဂီဘိက္ခုနီမတို့သည် ရှေ့မှုရင်း နောက်မှုရင်း တွဲရရွဲချလျက် (သင်းပိုင်ကို) ဝတ် ကုန်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ အဘယ့်ကြောင့် ဆဗ္ဗဂ္ဂီ ဘိက္ခုနီမတို့သည် ရှေ့မှုရင်း နောက်မှုရင်း တွဲရရွဲချလျက် (သင်းပိုင်ကို)ဝတ်ကုန်ဘိသနည်း။ ရဟန်းတို့ ဤ (ဆဗ္ဗဂ္ဂီဘိက္ခုနီမတို့ ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ ၎င်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

**၂၄၀။ ၁–"ထက်ဝန်းကျင်မှ အဝန်းညီစွာ သင်းပိုင်ကိုဝတ်အံ့ ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်"** ဤသို့ (ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)။

ချက်အဝန်း ပုဆစ်ဒူးဝန်းတို့ကို ဖုံးလွှမ်း၍ ထက်ဝန်းကျင်မှ အဝန်းညီစွာ ဝတ်အပ်၏။

အကြင်ဘိက္ခုနီမသည် သိက္ခာပုဒ်၌ မရိုသေခြင်းကိုစွဲ၍ ရှေ့မှုသော်ရင်း နောက်မှုသော်ရင်း တွဲရရွဲချလျက် ဝတ်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

စေတနာမရှိသော ဘိက္ခုနီမ သတိမေ့လျော့သော ဘိက္ခုနီမ မသိသောဘိက္ခုနီမ နာဖျားသော ဘိက္ခုနီမတို့အား အာပတ် မသင့်၊ ဘေးရန်တို့ကြောင့် အာပတ် မသင့်၊ ရူးသော ဘိက္ခုနီမ အစလက်ဦး လွန်ကျူးသော ဘိက္ခုနီမတို့အားလည်း အာပတ် မသင့်။ပ။

[အကျဉ်းချုံးအပ်ပြီ။]

http://www.dhammadownload.com



## ၇-ပါဒုကဝဂ်

၁၂၄၁။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဆဗ္ဗဂ္ဂီဘိက္ခုနီမတို့သည် ကျင်ကြီးကို၎င်း ကျင်ငယ်ကို၎င်း တံထွေးကို၎င်း ရေ၌ စွန့်ကုန်၏။

လူတို့သည် "အဘယ့်ကြောင့် ဘိက္ခုနီမတို့သည် ကာမဂုဏ်စည်းစိမ်ကို ခံစားသော လူမိန်းမတို့ကဲ့သို့ ကျင်ကြီးကို၎င်း ကျင်ငယ်ကို၎င်း တံထွေးကို၎င်း ရေ၌ စွန့်ကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ဘိက္ခုနီမတို့သည် ကဲ့ရဲ့ရှုတ်ချအပြစ်ပြ ပြောဆိုကြသော ထိုလူတို့၏ စကားကို ကြားကြသည်သာတည်း။ အလိုနည်းသော ဘိက္ခုနီမတို့သည် "အဘယ့်ကြောင့် ဆဗ္ဗဂ္ဂီဘိက္ခုနီမတို့သည် ကျင်ကြီးကို၎င်း ကျင်ငယ်ကို၎င်း တံထွေးကို၎င်း ရေ၌ စွန့်ကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ထိုအခါ ဘိက္ခုနီမတို့သည် ရဟန်းတို့အား ဤအကြောင်းကို ပြောကြားကုန်၏၊ ရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် ။ပ။ ရဟန်းတို့ကို—

"ရဟန်းတို့ ဆဗ္ဗဂ္ဂီဘိက္ခုနီမတို့သည် ကျင်ကြီးကို၎င်း ကျင်ငယ်ကို၎င်း တံထွေးကို၎င်း ရေ၌ စွန့်ကုန်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ အဘယ့်ကြောင့် ဆဗ္ဗဂ္ဂီဘိက္ခုနီမတို့သည် ကျင်ကြီးကို၎င်း ကျင်ငယ်ကို၎င်း တံထွေးကို၎င်း ရေ၌စွန့်ကုန်ဘိသနည်း။ ရဟန်းတို့ ဤ (ဆဗ္ဗဂ္ဂီဘိက္ခုနီမတို့ ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ၎င်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

(က) **"ကျင်ကြီးကို၎င်း ကျင်ငယ်ကို၎င်း တံထွေးကို၎င်း ရေ၌မစွန့်အံ့ ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်"** ဤသို့ (ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)

ထိုအခါ၌ နာဖျားသော ဘိက္ခုနီမတို့သည် ကျင်ကြီးကို၎င်း ကျင်ငယ်ကို၎င်း တံထွေးကို၎င်း ရေ၌ စွန့်ခြင်းငှါ မအပ် ဟု တွေးတောမှု 'သံသယကုက္ကုစ္စ' ရှိကုန်သည်ဖြစ်၍ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ပ။ ရဟန်းတို့ နာဖျားသော ဘိက္ခုနီမအား ကျင်ကြီးကို၎င်း ကျင်ငယ်ကို၎င်း တံထွေးကို၎င်း ရေ၌ စွန့်ခြင်းငှါ ခွင့်ပြုတော်မူ၏ ဟု မိန့်တော်မူ၏။

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

**၁၀၄။ ၇၅-(ခ) "ကျင်ကြီးကို၎င်း ကျင်ငယ်ကို၎င်း တံထွေးကို၎င်း မနာမဖျားပဲ ရေ၌ မစွန့်အံ့ ဟု ကျင့်ကြံအားထုတ်မှုကို ပြုရမည်"** ဤသို့ (ပြကြစေကုန်လော့ ဟု မိန့်တော်မူ၏)။

http://www.dhammadownload.com



မနာမဖျားပဲ ကျင်ကြီးကိုင်း ကျင်ငယ်ကိုင်း တံထွေးကိုင်း ရေ၌ မစွန့်အပ်။

အကြင် ဘိက္ခုနီမသည် (သိက္ခာပုဒ်၌) မရှိသေခြင်းကိုစွဲ၍ မနာမဖျားပဲ ကျင်ကြီးကိုင်း ကျင်ငယ်ကိုင်း တံထွေးကိုင်း ရေ၌ စွန့်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

စေတနာ မရှိသော ဘိက္ခုနီမ သတိမေ့လျော့သော ဘိက္ခုနီမ မသိသော ဘိက္ခုနီမ နာဖျားသော ဘိက္ခုနီမတို့အား အာပတ် မသင့်၊ ကြည်းကုန်း၌ စွန့်သော ကျင်ကြီး ကျင်ငယ် တံထွေးသည် ရေသို့ သက်ဆင်းအံ့၊ အာပတ် မသင့်၊ ဘေးရန်တို့ကြောင့် အာပတ် မသင့်၊ ရူးသော ဘိက္ခုနီမ စိတ်ပျံ့လွင့်သော ဘိက္ခုနီမ ဝေဒနာနှိပ်စက်သော ဘိက္ခုနီမ အစလက်ဦး လွန်ကျူးသော ဘိက္ခုနီမတို့အားလည်း အာပတ် မသင့်။

ပန္နရသမသိက္ခာပုဒ် ပြီး၏။

သတ္တမပါဒုကဝဂ် ပြီးပြီ။

အသျှင်မတို့ သေခိယသိက္ခာပုဒ်တို့ကို သရုပ်အားဖြင့် ပြဆိုအပ်ပြီးပါကုန်ပြီ၊ ထိုသေခိယသိက္ခာပုဒ်တို့၌ အသျှင်မတို့ကို မေးပါ၏၊ အာပတ်မှ စင်ကြယ်ကြပါကုန်၏လော၊ နှစ်ကြိမ်မြောက်လည်း မေးပါ၏၊ အာပတ်မှ စင်ကြယ်ကြပါကုန်၏လော၊ သုံးကြိမ်မြောက်လည်း မေးပါ၏၊ အာပတ်မှ စင်ကြယ်ကြပါကုန်၏လော၊ အသျှင်မတို့သည် ဤသေခိယ သိက္ခာပုဒ်တို့၌ အာပတ်မှ စင်ကြယ်ကြပါကုန်၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေကုန်၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤအာပတ်မှ စင်ကြယ်သည့်အဖြစ်ကို သိမှတ်ရပါသည်။

သေခိယအခန်း ပြီး၏။

---

## ၇-အဓိကရဏသမထ အခန်း။

အသျှင်မတို့ အဓိကရုဏ်းတို့ကို ငြိမ်းစေနိုင်သော ဤတရားခုနစ်ပါးတို့သည် သရုပ်အားဖြင့် ပြဆိုအပ်သည်၏ အဖြစ်သို့ ရောက်ကုန်၏။

၃၀၅။ ၁-၁၂၄၂။ ဖြစ်တိုင်း ဖြစ်တိုင်းသော (လေးပါးသော) အဓိကရုဏ်းတို့ကို ငြိမ်းစေခြင်းငှါ အထူးသဖြင့် ငြိမ်းစေခြင်းငှါ သမ္မုခါဝိနည်း 'မျက်မှောက်အဓိကရုဏ်းကို ငြိမ်းကြောင်းတရား' ကို ပေးရမည်။

၃၀၆။ ၂-သတိဝိနည်း 'ရဟန္တာပုဂ္ဂိုလ်အား သတိပေးရသော ဝိနည်း' ကို ပေးရမည်။

၃၀၇။ ၃-အမူဠှဝိနည်း 'ရူးသွပ်သော ဘိက္ခုနီမတို့အား သတိရခိုက် ပေးရသော ဝိနည်း' ကို ပေးရမည်။

၃၀၈။ ၄-ပဋိညာတကရဏဖြင့်သမထ 'ဝန်ခံခြင်းဖြင့် ပြုအပ်သော သမထ' ကို ပြုရမည်။

၃၀၉။ ၅-ယေဘုယျသိကာသမထ 'ဓမ္မဝါဒီ ပုဂ္ဂိုလ်များရာသို့လိုက်၍ ဆုံးဖြတ်ရသော သမထဓမ္မ' ကို ပြုရမည်။

http://www.dhammadownload.com



၃၁၀။ ၆-တဿပါပိယသိကာသမထ 'ယုတ်မာသော ဘိက္ခုနီမအား ပြုရသော ဝိနည်း' ကို ပြုရမည်။

၃၁၁။ ၇-တိဏဝတ္ထာရကသမထ 'မစင်ကို မြက်ဖြင့် ဖုံးလွှမ်းသကဲ့သို့ အာပတ်ကို ဖုံးဖိထားရသော ဝိနည်းကံ' ကို ပြုရမည်။

အသျှင်မတို့ အဓိကရဏ်းကို ငြိမ်းစေနိုင်သော တရားခုနစ်ပါးတို့ကို သရုပ်အားဖြင့် ပြဆိုအပ် ပြီးပါကုန်ပြီ၊ ထိုအဓိကရဏသမထတို့၌ အသျှင်မတို့ကို မေးပါ၏၊ အာပတ်မှ စင်ကြယ်ကြပါကုန်၏လော၊ နှစ်ကြိမ်မြောက်လည်း မေးပါ၏၊ အာပတ်မှ စင်ကြယ်ကြပါကုန်၏လော၊ သုံးကြိမ်မြောက်လည်း မေးပါ၏၊ အာပတ်မှ စင်ကြယ်ကြပါကုန်၏လော၊ အသျှင်မတို့သည် ဤအဓိကရဏသမထတို့၌ အာပတ်မှ စင်ကြယ်ကြပါကုန်၏။ ထို့ကြောင့် ဆိတ်ဆိတ်နေကုန်၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤအာပတ်မှ စင်ကြယ်သည့်အဖြစ်ကို သိမှတ်ရပါသည်။

အဓိကရဏသမထအခန်း ပြီး၏။

အသျှင်မတို့ နိဒါန်းကို သရုပ်အားဖြင့် ပြဆိုအပ်ပြီးပါကုန်ပြီ၊ ပါရာဇိက အာပတ်ရှစ်ပါးတို့ကို သရုပ်အားဖြင့် ပြဆိုအပ်ပြီးပါကုန်ပြီ၊ သံဃာဒိသိသ် အာပတ် တဆယ့်ခုနစ်ပါးတို့ကို သရုပ်အားဖြင့် ပြဆိုအပ်ပြီးပါကုန်ပြီ၊ နိဿဂ္ဂိယပါစိတ် အာပတ် သုံးဆယ်တို့ကို သရုပ်အားဖြင့် ပြဆိုအပ်ပြီးပါကုန်ပြီ၊ သုဒ္ဓပါစိတ်အာပတ် တရာ့ခြောက်ဆယ့်ခြောက်ပါးတို့ကို သရုပ်အားဖြင့် ပြဆိုအပ်ပြီးပါကုန်ပြီ၊ ပါဋိဒေသနီ အာပတ်ရှစ်ပါးတို့ကို သရုပ်အားဖြင့် ပြဆိုအပ်ပြီးပါကုန်ပြီ၊ သေခိယ အာပတ်တို့ကို သရုပ်အားဖြင့် ပြဆိုအပ်ပြီး ပါကုန်ပြီ၊ အဓိကရဏ်း ငြိမ်းကြောင်း တရား ခုနစ်ပါးတို့ကို သရုပ်အားဖြင့် ပြဆိုအပ်ပြီး ပါကုန်ပြီ၊ ဤမျှ အတိုင်းအရှည်ရှိသော သိက္ခာပုဒ်သည် ထိုမြတ်စွာဘုရား၏ ပါတိမောက်၌ လာ၍ ပါတိမောက်၌ အကျုံးဝင်၏၊ လခွဲတိုင်း လခွဲတိုင်း သရုပ်အားဖြင့် ပြခြင်းသို့ ရောက်၏၊ ထိုသိက္ခာပုဒ်တို့၌ အလုံးစုံသော ဘိက္ခုနီမတို့သည် အညီအညွတ် ဝမ်းမြောက်ဝမ်းသာ ရှိသည်ဖြစ်၍ ခိုက်ရန် ငြင်းခုံခြင်း မရှိကြကုန်ပဲ ကျင့်အပ်သတည်း။

ဘိက္ခုနီဝိဘင်း ပြီး၏။

## ပါစိတ်ပါဠိတော် မြန်မာပြန် ပြီးပြီ။

http://www.dhammadownload.com

http://www.dhammadownload.com

# ပါဠိတ်ပါဠိတော် မြန်မာပြန်

# မှတ်သားဖွယ် အက္ခရာစဉ်


| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ အ ] | |
| အကြီးစားဥက္ကဋ္ဌသပိတ် | ၃၅၉ |
| အကြင်မွန်မြတ်သောဘောဇဉ်တို့ | ၁၃၅ |
| အကြင်အမျိုးတို့သည် | ၂၆၁ |
| အကြောင်းတစုံတရာရှိငြားအံ့ | ၁၆၀ |
| အကြောင်းတပါးမရှိပဲ | ၇၁-၁၄၂-၂၂၁ |
| အကြောင်းရင်းမရှိပဲ | ၂၁၉ |
| အကယ်၍ ငါ့အား သက်န်းကိုပေးပါ လျှင် | ၅၀၃ |
| အက္ခရာတလုံးချင်းပြိုင် | ၂၉ |
| အခါကြီး 'မဟာသမယ' | ၁၁၆ |
| အခါမဲ့သင်္ကန်း | ၃၆၂ |
| အချင်းချင်းအပြစ်ကိုဖုံးလွှမ်းလျက် | ၃၅၁ |
| အချိန်အခါကို ကြည့်၍ | ၉၁-၁၀၁-၁၁၆ ၁၅၂-၁၇၇ |
| အခြားအကြောင်းမရှိပဲ | ၂၂၃ |
| အခြားဒါယကာအိမ်သို့ | ၁၅၂ |
| အခြားဝတ္ထုကိုတောင်းငြားအံ့ | ၃၆၆ |
| အခြားဝတ္ထုကို ဝယ်စေပြီးမှ | ၃၆၈ |
| အခြားဝတ္ထုကို ဝယ်စေငြားအံ့ | ၃၆၈ |
| အခြားဝတ္ထုကိုတောင်းပြီးမှ | ၃၆၆ |
| အငယ်စား ဩမကသပိတ် | ၃၆၀ |
| အစေ့မျိုးစေ့ | ၅၇ |
| အစည်းအရုံး | ၃၃၁ |
| အဆောတလျင်ပြောဆိုငြားအံ့ | ၈ |
| အဆင်းပျက်အောင်ပြုခြင်းသုံးမျိုး | ၁၇၉ |
| အဆစ်မျိုးစေ့ | ၅၇ |
| အဆုံးအမ | ၄၆၇ |
| အညွန့်မျိုးစေ့ | ၅၇ |
| အန္တရာယ်ပြုငြားအံ့ | ၄၂၀ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ အ ] | |
| အတိရိက်ဝိနည်းကံ | ၁၂၇ |
| အတူ | ၃၆-၁၄၆ |
| အတူတကွ | ၃၂-၃၁၅ |
| အတူနေတပည့်မ | ၄၉၆ |
| အတူနေဘိက္ခုနီမ | ၄၃၃-၄၈၇ |
| အတူမူလည်း အိပ်ငြားအံ့ | ၂၀၇-၃၂၇ |
| အတူမူလည်း သုံးဆောင်ငြားအံ့ | ၂၀၇ |
| အတူမူလည်း ပြောဆိုငြားအံ့ | ၃၂၅ |
| အတူလည်း အိပ်ငြားအံ့ | ၂၀၂ |
| အတူလည်း နေငြားအံ့ | ၂၀၂ |
| အတူသုံးဆောင်ငြားအံ့ | ၂၀၂ |
| အတတ် | ၁၁ |
| အထက်သို့ဆန်တက်သော | ၁၀၃ |
| အထင်မှားခြင်းဖြင့် | ၄၁၀ |
| အဓိကရုဏ်း | ၁၀၇-၄၄၈ |
| အဓွန့်ရှည်သောခရီးသို့ သွားသောအခါ | ၁၁၆ |
| အနာတို့သည် | ၁၁ |
| အနွယ် | ၁၀ |
| အပေါင်တွင် အခြေတပ်သောအင်းပျဉ် | ၇၅ |
| အပေါင်တွင်အခြေတပ်သောညောင်စောင်း | ၇၅ |
| အပေါင်းအသင်းမှုသော်လည်း နောက်ချန်ရစ်ငြားအံ့ | ၃၃၆ |
| အပေါင်းအဖော်မပြုရသေးသော | ၃၂၁ |
| အပြေအပြစ်ပြုခြင်းငှါ | ၇၇ |
| အဖော်ကုန်သည်မပါပဲ | ၄၃၉ |
| အဖော်ကုန်သည်နှင့် သွားအပ်သောခရီး | ၁၀၁ |
| အဖော်ဘိက္ခုနီမကိုမူလည်း ပြန်လွှတ် လိုက်ငြားအံ့ | ၄၀၃ |
| အဖန်တလဲလဲမေးမြန်းရမည် | ၂၁၀ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|


[ အ ]

အဖန်တလဲလဲစုံစမ်းဆင်ခြင်ရမည် ၂၁၀
အမာလွှမ်းသက်နိုး ၂၅၀
အမိအဖ ၅၀၈
အမဲ ၅၃၀
အမည်နာမ် ၁၀
အမိုးနှစ်ထပ် သုံးထပ်မိုးခြင်းကို ၇၇
အများပိုင် ၃၇၃
အမျက်ထွက်ကာ ၇၃
အမျက်ထွက်သဖြင့် ၄၃၄
အမျက်ထွက်သည်ဖြစ်၍ ၂၁၆
အမျက်ထွက်၍ နှလုံးမသာသောကြောင့် ၃၄၄
အမျိုးဇာတ် ၁၀
အမျိုးဒါယကာ ၄၆၄
အမျိုးအပိုင်းအခြား ၅၃
အမျိုးအိမ်သို့ကပ်သောရဟန်း ၁၂၄
အမြဲဖိတ်ကြားခြင်းကို ၁၅၅
အမြစ်မျိုးစေ့ ၅၇
အမှုလုပ် ၃၂၉
အမှိုက်စားကြွင်း ၃၉၄
အယုတ်သဖြင့်ရွာတပါးသို့လည်း ၁၆၁
အယူအဆလွဲခြင်းဖြင့် ၄၁၀
အရံ ၄၄၄
အရံတွင်း ၂၆၅
အရံအတွင်းနှင့် ၂၃၈
အရှိန်အစော်မဲ့ဂုဏ်သတင်းပျက်စေခြင်းကို ၁၃၀
အရောင်တင်မှုန့် ၅၁၈
အရိုးအစွယ် ၂၄၄
အလတ်စားမဇ္ဈိမသပိတ် ၃၆၀
အလုပ် ၁၁
အလုပ်လုပ်သောအခါ ၁၇၇
အလိုရှိသောရဟန်း ၁၂၄
အဝတ်မဝတ်ပဲရေချိုးငြားအံ့ ၄၁၄
အသက်နှစ်ဆယ်မပြည့်သေး ၁၉၂


| အက္ခရာစဉ် | စာမျက်နှာ |
|---|---|


[ အ ]

အသက်နှစ်ဆယ်ပြည့်ပြီးသော ၄၉၄
အသက်နှစ်ဆယ်မပြည့်သေးသော ၄၉၁
အသျှင်မ လာလော့ ၄၄၈
အသျှင်မ သင်သည် ၅၀၄
အသင်းအဖွဲ့ ၃၃၁
အသစ် ၁၇၉
အသွင် 'ပုံသဏ္ဌာန်' ၁၁
အသုံးပြုခြင်းကြောင့် ၃၈၈
အင်းပျဉ်၊ ခုံရှည်၊ ၆၆-၂၄၅
အပ်ကျည် ၁၈၃
အိပ်ခြင်းကိုပြုငြားအံ့ ၃၂-၃၆-၇၀
အိပ်မူလည်း အိပ်ငြားအံ့ ၄၀၇
အိပ်ရာ နေရာ ၃၂-၃၆-၆၈
အိပ်ရာ တိုက်ခန်း ၂၃၅
အိမ်ရှင်တို့ကို မပန်ကြားပဲ ၄၀၅
အောက်ခက်မနှစ်ဖြာပေါင်ချိ ၄၇၀
အောက်စွန်းကိုကြဉ်၍ ၂၄၅
အောက်သို့ စုံဆင်းသော ၁၀၄
အိုက်သောအခါ ၁၇၇
အိုင်းအမာ ၄၇၈

[ အာ ]

အာပတ်တို့သည် ၁၂
အာပတ်အပိုင်းအခြား ၅၂
အာမိသဟူသောအကြောင်းကြောင့် ၉၃
အာဟာရ ၁၃၁
အားနည်းသဖြင့် ၃၅၅

[ ဤ ]

ဤအဓိကရုဏ်းကို ငြိမ်းစေပါလော့ ၄၄၈
ဤကား ထိုဥစ္စာကို မေ့ကျန်ရစ်ရာ၌ ၂၃၉
ဤဘိက္ခုနီမသည်လည်း ၃၁၅
ဤသို့ခွဲဝေသုံးဆောင်ခြင်းသည် ၁၂၄
ဤသို့ပြုခြင်းသည် ထိုသိက္ခာပုဒ်ကို ၂၁၀
ဤသို့ပြောဆိုငြားအံ့ ၃၄၂-၃၅၅

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ ဥ ]** | |
| ဥတုနှီးသက်နှိုး | ၄၅၁ |
| ဥပဇ္ဈာယ်ပြုလုပ်ရန်မတော်သေး | ၅၀၂ |
| ဥပုသ် | ၄၆၈ |
| ဥယျာဉ် | ၄၄၄ |
| ဦးချို | ၂၄၄ |
| **[ က ]** | |
| ကခြင်း သီခြင်း | ၃၉၇ |
| ကာယသံသဂ္ဂရာဂဖြင့်စွတ်စိုသော | ၃၂၅ |
| ကာယသံသဂ္ဂရာဂဖြင့်စွတ်စိုသည်ဖြစ်၍ | ၃၂၅ |
| ကာရကသံဃာအား မပန်ကြားမူ၍ | ၃၃၈ |
| ကိလေသာကိုပယ်ခြင်း | ၄၄ |
| ကဲ့ရဲ့စေခြင်း | ၆၄ |
| ကောက်ယူငြားအံ့ | ၂၃၉ |
| ကိုင်ခြင်း | ၃၁၅ |
| ကိုယ်ကိုမူလည်း အနီးသို့ဆောင်ငြားအံ့ | ၃၂၅ |
| ကိုယ်တိုင်လည်းမစေ့ဒနာငြားအံ့ | ၃၁၉ |
| ကိုယ်တိုင်တောင်းသော | ၃၇၁ |
| ကိုယ်ဝန်ဆောင်မ | ၄၇၂ |
| ကျင်ကြီး ကျင်ငယ် | ၃၉၄ |
| ကျင့်ထားပြီးသော | ၄၇၈-၄၉၇ |
| ကျင့်ထားပြီးမဟုတ်သော | ၄၇၆-၄၈၃ |
| ကျင့်လိုသော | ၂၁၀ |
| ကျင့်လိုရာ၌ ကျင့်ဝတ်တည်း | ၂၁၀ |
| ကျင့်ဝတ်တည်း | ၁၂၄ |
| ကျဉ်းမြောင်းလျှို့ဝှက်ရာအရပ် | ၃၈၆ |
| ကျွန် | ၃၂၉ |
| ကျောင်း | ၄၅၃ |
| ကျောင်းပေးပြီးမှ | ၄၃၄ |
| ကြားသိစေအပ်သော | ၂၆၅ |
| ကြီးပွါးပြီး ကြီးပွါးဆဲဖြစ်သော | ၅၇ |
| ကြီးသောကျောင်း | ၇၇ |
| ကြက်သွန် | ၃၈၄ |
| ကြမ်းတမ်းစွာ | ၄၆၁ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ က ]** | |
| ကြမ်းတမ်းသော | ၅၀၆ |
| ကြောင့်ကြ မစိုက်ငြားအံ့ | ၄၃၃-၅၀၄ |
| ကြောက်ရွံ့ဖွယ်ရှိသည် | ၂၆၄ |
| ကြောက်ရွံ့ဖွယ်ရှိသည်ဟု | ၄၃၉ |
| **[ ခ ]** | |
| ခရီးရှည်သွားသောအခါ | ၁၇၇ |
| ခရီးလမ်းဆုံ | ၄၀၃ |
| ခါးကြိုးတန်ဆာ | ၅၁၆ |
| ခါးပန်းကြိုး | ၁၈၃ |
| ခဲဖွယ် | ၂၅၆-၃၄၀ |
| ခဲဖွယ်ဘောဇဉ် | ၁၂၇-၄၅၀ |
| ခင်း၍ ခင်းစေ၍ | ၆၆ |
| ခိုက်ရန်ဖြစ်ကုန်သော | ၂၂၂ |
| ခိုးသူမ | ၃၃၁ |
| ခိုးသူကုန်သည် | ၁၉၃ |
| ချီတက် | ၁၅၈ |
| ချောပစ်ဂုံးတိုက်ခြင်း | ၂၄ |
| ချက်၍ ချက်စေ၍ | ၃၉၂ |
| ချစ်ကျွမ်းဝင်သည်အားလျော်စွာ | ၂၂၇ |
| ချဉ်းကပ်၍ | ၉၁-၄၀၅ |
| ချိန်းချက်ရာအရပ်သို့လည်းသွားငြားအံ့ | ၃၂၅ |
| ချုပ်စေရန်လုံ့လမပြုငြားအံ့ | ၄၁၇ |
| ချုပ်ရိုးဖြေ၍ | ၄၁၇ |
| ခြိမ်းခြောက်ငြားအံ့ | ၄၅၉ |
| ခြောက်လှန့်ငြားအံ့ | ၁၇၀ |
| ခွင့်မတောင်းပဲ | ၅၂၄ |
| ခွင့်မပြုပဲ | ၅၀၈ |
| ချွတ်ယွင်းပြောဆိုအံ့ | ၈ |
| **[ ဂ ]** | |
| ဂဏာဘောဇဉ် | ၁၁၆ |
| ဂိုဏ်း | ၃၃၁-၄၆၁-၄၇၀ |
| ဂိုဏ်းအားလည်းမပြောကြားမိပါ | ၃၁၉ |

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ ဂ ]** | |
| ဂိုဏ်းအားလည်း မပြောကြားငြားအံ့ | ၃၁၉ |
| ဂိုဏ်း၏အလိုကို သိအောင်မပြုပဲ | ၃၃၈ |
| ဂိုဏ်း သင်္ကန်း | ၄၂၁ |
| **[ င ]** | |
| ငါ့သျှင် လာလော့ | ၁၄၂ |
| ငါး | ၁၃၆ |
| ငါးခွန်း ခြောက်ခွန်းထက်ပိုလွန်သော | ၃၉ |
| ငါးရက်ထက်လွန်စေငြားအံ့ | ၄၁၈ |
| ငင် ငြားအံ့ | ၄၄၆ |
| ငြင်းခုံရန်ပွါး | ၃၂၉ |
| ငြင်းခုံကုန်သော | ၂၂၂ |
| ငြိမ်းစေခြင်းငှါလည်း | ၄၄၈ |
| **[ စ ]** | |
| စကားတို့ဖြင့် | ၃၉ |
| စကားပြောဆိုမှုလည်း ပြောဆိုငြားအံ့ | ၃၉၉ |
| စကားသံကိုကြားလောက်ရာအနီးအရပ်၌ | ၂၂၃ |
| စပါးစိမ်း | ၃၉၂ |
| စမဲဟင်းလျာ | ၁၃၆ |
| စိမ်သော | ၂၅၈ |
| စီရင်၏ | ၁၀၆ |
| စုတေသည် | ၃၁၉ |
| စုတေသည်သော်လည်းဖြစ်ရာ၏ | ၃၁၉ |
| စုဆောင်းငြားအံ့ | ၃၆၀ |
| စေတနာရှိသည်ဖြစ်၍ | ၂၂၁ |
| စေတနာနှင့်စေ့ဆော်၍ | ၄၃၁ |
| စင်ကြယ်အောင်ရေဖြင့် သန့်စင်သော | ၃၈၉ |
| စစ်အင်္ဂါ | ၁၆၁ |
| စစ်ဆင်ပွဲ | ၁၆၁ |
| စစ်တပ် | ၁၅၈ |
| စစ်တပ်သို့သွားခြင်းငှါ | ၁၆၀ |
| စစ်ထိုးပွဲ | ၁၆၁ |
| စစ်သည် စစ်ဆေးပွဲ | ၁၆၁ |
| **[ စ ]** | |
| စိတ်၏ အပိတ်အပင်'နီဝရဏ'မှ ကင်းခြင်း | ၄၄ |
| စိမ်းသောဒကာကပ်ပဲ မရှိရာအရပ်၌ | ၇၇ |
| စိမ်းရှင်သော မြက်သစ်ပင် | ၃၉၅ |
| စွတ်စိုသော | ၃၁၅ |
| စွတ်စိုသည်ဖြစ်၍ | ၃၁၅ |
| စွပ်စွဲငြားအံ့ | ၂၁၉ |
| စွန့်ငြားအံ့ စွန့်စေငြားအံ့ | ၃၉၄-၃၉၅ |
| စွန့်ခြင်းမရှိသောရဟန်းနှင့်အတူ | ၂၀၂ |
| **[ ဆ ]** | |
| ဆန္ဒမပေးမူ၍ | ၂၂၆ |
| ဆရာမ | ၄၀၉ |
| ဆီဦ | ၁၃၅ |
| ဆီ ပျားရည် | ၅၃၀ |
| ဆီမီးမထွန်းသော | ၃၉၈ |
| ဆေးအပိုင်းအခြားရှိသော | ၁၅၅ |
| ဆေးဖြင့် ဖိတ်ကြားခြင်းကို | ၁၅၅ |
| ဆဲရေးခြင်း | ၁၂ |
| ဆဲရေးငြားအံ့ | ၄၅၉ |
| ဆွေမျိုးမတော်စပ်သော | ၉၆-၂၅၆ |
| ဆွဲထုတ်စေငြားအံ့ | ၄၃၅ |
| ဆွဲထုတ်ငြားအံ့ | ၄၃၅ |
| ဆွမ်းကိုကြည့်၍ | ၁၀၆ |
| ဆွမ်းစားစဉ် | ၁၂၇ |
| ဆွမ်းစားဆဲဖြစ်သော | ၃၉၀ |
| ဆွမ်းစားကုန်၏ | ၂၅၈ |
| ဆွမ်းစားပင့်ထား၍ | ၁၅၂ |
| ဆွမ်းစားပြီးသည်နောက် | ၁၅၂ |
| ဆွမ်းထင်ရှားရှိ၏ | ၁၅၂ |
| ဆွမ်းမစားမီရှေးအဘို့ | ၁၅၂ |
| ဆုံးမငြားအံ့ | ၈၄-၉၁ |
| ဆင်းရဲနေသော | ၄၃၃ |
| ဆန့်ကျင်သောစကားကို ဆိုကုန်သော | ၂၂၂ |
| ဆိပ်ကွယ်ရာအရပ် | ၁၀၈ |

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ ဆ ]** | |
| ဆုပ်လည်းဆုပ်နယ်စေငြားအံ့ | ၅၂၂ |
| ဆောက်လုပ်စေလိုသော | ၇၇ |
| ဆိုငြားအံ့ | ၉၃ |
| **[ ဈ ]** | |
| ဈာန်မဂ်ဖိုလ်တရား | ၄၃ |
| **[ ည ]** | |
| ဥာဏ်အမြင် | ၄၄ |
| ညီညွတ်သောသံဃာ | ၂၂၇-၃၂၁-၃၃၈- |
| ညှဉ်းမှောင်မိုက်၌ | ၃၉၈ |
| ညှစ်ညမ်းမှု ကိလေသာတို့သည် | ၁၁ |
| ညွှန့်အပိုင်းအခြားရှိသော | ၁၅၆ |
| ညဉ့်အခါ၌ အဖေါ်နှင့် ကင်း၍မှုလည်း နေငြားအံ့ | ၃၃၆ |
| ညွှတ်ပြီး | ၂၃၀ |
| ညွှန်အဆင်း | ၁၇၉ |
| ညှပ်ရိုးအောက် | ၃၁၅ |
| ညှိုသောအဆင်း | ၁၇၉ |
| ညောင်စောင်းခရှင် | ၆၆ |
| ညောင်စောင်း | ၂၄၅ |
| **[ တ ]** | |
| တဏှာဒွန်း | ၁၄၀ |
| တခုခုသောအဆင်းပျက်အောင်ပြုခြင်းတို့ | ၁၇၉ |
| တခင်းတချုံထည်း | ၄၃၀ |
| တစုံတခုသော အခိကရုဏ်း၌ | ၃၄၇ |
| တဆယ့်နှစ်ဝါ ပြည့်ပြီးသော | ၅၀၀ |
| ကဆယ့်နှစ်ဝါမရပဲ | ၄၉၈ |
| တဆယ့်နှစ်နှစ်ပြည့်ပြီးသော | ၄၈၃ |
| တဆယ့်နှစ်နှစ်မပြည့်သေးသောမိန်းမ | ၄၈၀ |
| တညောင်စောင်း 'တခရှင်' တည်း၌ | ၄၂၉ |
| တနှစ်တည်း၌ | ၅၁၂ |
| တဖန်ကံဖြစ်စေခြင်းငှါ | ၁၈၇ |
| **[ တ ]** | |
| တယောက်ချင်းချင်း | ၁၀၈-၁၄၈-၃၉၉-၄၀၇ |
| တယောက်ထီးတည်း | ၃၃၅ |
| တရား | ၃၀-၃၉ |
| တရားအားလျော်စွာ | ၁၈၇ |
| တရားတော်၌ မရှိသေခြင်း | ၁၆၉ |
| တရားနှင့်လျော်ညီသော သက်န်းဝေခြမ်းရေး | ၄၂၂ |
| တရားနှင့်လျော်သောကံ | ၂၂၄ |
| တရားနှင့်လျော်ညီစွာ | ၂၀၉ |
| တရားနှင့်လျော်ညီသောကထိန်နုတ်ခြင်း | ၄၂၇ |
| တိတ္ထိကျောင်းသို့ ပြောင်းရွှေ့သည် | ၃၁၉ |
| တိရစ္ဆာနဝိဇ္ဇာ 'ဖီလာအတတ်' | ၄၅၄ |
| တီးမှုတ်ခြင်း | ၃၉၇ |
| တူးငြားအံ့ | ၅၅ |
| တူးစေငြားအံ့ | ၅၅ |
| တံခါးခုံ | ၂၃၅ |
| တံခါးရွက်ကိုထားခြင်းငှါ | ၇၇ |
| တံခါးအိမ်တိုင်အောင် | ၇၇ |
| တံခါးခုံကိုလွန်စေငြားအံ့ | ၂၃၅ |
| တားမြစ်ငြားအံ့ | ၄၂၇ |
| တင်လဲ | ၁၃၅ |
| တင်လဲ ငါး | ၅၃၀ |
| တည်နေသည်သော်လည်းဖြစ်ရာ၏ | ၃၁၉ |
| တည်းခိုရာဌာနအတွင်းမှတပါး | ၂၃၈ |
| တည်းခိုရန်စရပ်၌ ဆွမ်း | ၁၁၁ |
| တန်တိုင်း | ၃၉၄ |
| တောင်း၍ တောင်းစေ၍ | ၃၉၂ |
| တိုင်ပင်၍ | ၁၉၃ |
| တိုင်ပင်ညီညွတ်၍ | ၁၀၁ |
| တိုင်းတပါး၌ | ၄၄၀ |
| တို့ထိခြင်း | ၃၁၅ |
| တိုးဝှေ့၍ | ၇၀ |
| တိုးတိုးသာသာမှုလည်း ပြောဆိုငြားအံ့ | ၄၀၃ |

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ ထ ]** | |
| ထိခိုက်နာကျင်အောင်ပြောဆိုခြင်း | ၁၀ |
| ထီးဆောင်းငြားအံ့ | ၅၁၃ |
| ထေ့ာပတ် | ၅၂၀ |
| ထင်ရှားသော | ၃၃၁ |
| ထင်ရှားမရှိ | ၁၅၂ |
| ယင်ရှား႔ရှိသောရဟန်း | ၂၄၂ |
| ထိပ်၌ အဘိသိက်သွန်းအပ်ပြီးသော | ၂၃၅ |
| ထိုအကြောင်းကိုသာလျှင် | ၁၄၂ |
| ထိုအတိုင်းအရှည်ကိုလွန်စေသော | ၃၀၉ |
| ထိုခံရာအရပ်မှဆောင်ပြီးလျှင် | ၂၄၅ |
| ထိုဘိက္ခုနီမတို့ကို | ၃၅၁ |
| ထိုဘိက္ခုနီမကို | ၄၃၇ |
| ထိုဘိက္ခုနီမသည် နောက်၌အန္တရာယ်မရှိပဲ | ၅၀၃ |
| ထိုမချမ်းသာခြင်းတည်းဟူသော | ၂၂၁ |
| ထိုမှ ဤမှသုံးသပ်ခြင်း | ၃၁၅ |
| ထိုရဟန်းကို | ၁၉၉ |
| ထိုရဟန်းသို့ အတူလိုက်၍ကျင့်ငြားအံ့ | ၃၂၁ |
| ထိုရဟန်းအား အာမိသကိုပေးစေ၍ | ၁၄၂ |
| ထိုလေးလထက်အလွန် သာယာငြားအံ့ | ၁၅၅ |
| ထိုသာမဏေသည် | ၂၀၆ |
| ထိုသို့သောဘိက္ခုနီမ | ၃၁၉ |
| ထိုသို့သဘောရှိသော အကြောင်းကို | ၁၇၃ |
| ထိုသို့သဘောရှိသော | ၁၅၀-၂၄၂ |
| ထိုသို့ မိစ္ဆာအယူရှိခြင်း | ၂၀၂ |
| ထိုသို့ သဘောရှိသော ကျောင်းတို့၌ | ၂၆၄ |
| ထို့ထက်အလွန် ခံယူငြားအံ့ | ၁၂၄ |
| ထို့ထက်အလွန် (အဘိုးထိုက်သော ခြုံထည်ကို) | ၃၇၉ |
| ထုတ်ချင်းမထွင်းသောခရီး | ၄၀၃ |
| ထုံထားသော | ၅၁၉ |
| ထောင်း၍ ထောင်းစေ၍ | ၃၉၂ |
| ထိုင်ပြီးလျှင် | ၄၀၅ |
| ထိုင်မှုလည်း ထိုင်ငြားအံ့ | ၄၀၇ |
| **[ ဒ ]** | |
| ဒါယကာ | ၄၀၅ |
| ဒါယကာအိမ် | ၁၅၂ |
| ဒါယကာတို့အိမ်၌ | ၂၅၀ |
| ဒေသစာရီလှည့်လည်ငြားအံ့ | ၄၃၉ |
| **[ န ]** | |
| နှလုံးမသာသဖြင့် | ၇၃ |
| နှလုံးမသာ၍ | ၄၃၄ |
| နှလုံးမသာသည်ဖြစ်၍ | ၂၁၆ |
| နာဖျားသောရဟန်း | ၁၁၁-၁၃၆ |
| နာဖျားသူ | ၁၇၃ |
| နာဖျားသော | ၂၈၂ |
| နာဖျားသောအခါ | ၁၇၇ |
| နိဿဂ္ဂိဖြစ်၏ | ၃၆၀ |
| နိသီဒိုင် | ၂၄၉ |
| နိသီဒိုင်အခင်း | ၁၀၃ |
| နေထိုင်ခြင်းကို ပြုငြားအံ့ | ၁၀၀ |
| နေရာမှထကာဖဲသွားငြားအံ့ | ၂၂၆ |
| နေရာထိုင် | ၄၀၅ |
| နေရာ၌ ထိုင်ငြားအံ့ | ၅၂၃ |
| နေလွဲသောအခါ | ၂၄၂-၄၀၇ |
| နေဝင်သည်တိုင်အောင် | ၀၉ |
| နံနက်အခါ၌ | ၄၀၅ |
| နံ့ရ | ၃၉၄ |
| နွားသာမွေး | ၅၁၀ |
| နွားဆိတ်ကွယ်ရာအရပ် | ၁၀၆ |
| နွားဆိတ်ကွယ်ရာ | ၁၄၆ |
| နွားရင်း၌ကပ်၍ | ၄၀၃ |
| နို့ စို့သားငယ်ရှိသောမိန်းမ | ၄၇၃ |
| နို့ရည် နို့ဓမ်း | ၁၃၆-၅၃၀ |
| နောက်အခါ၌ အန္တရာယ်မရှိပဲ | ၄၁၇-၄၄၀ |
| နောက်ထပ်ဖိတ်ကြားခြင်းကို | ၁၅၅ |
| နောက်ပုဒ်ပြိုင် | ၂၉ |
| နောက်မှ ရှုတ်ချခြင်းသဘောသို့ | ၂၂၀ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ န ]** | |
| နိုင်ထက်စီးနင်းပြောသဖြင့် | ၃၅၅ |
| နောက်သို့ မှည့်လှိုက်ငြားအံ့ | ၄၇၉ |
| နှင်ထုတ်စေတတ် | ၃၂၉ |
| နှင်ထုတ်စေတတ်သော | ၃၅၈ |
| နှင်ထုတ်ငြားအံ့ နှင်ထုတ်စေငြားအံ့ | ၈၃ |
| နှင်ထုတ်အပ်သော | ၃၃၇ |
| နှင်ထုတ်အပ်သောရဟန်း | ၃၂၀ |
| နှစ်ကသခွဲအလွန်ဆုံးတန်သော ခြုံထည်ကို | ၃၇၁ |
| နှစ်နှစ်တိုပတ်လုံး | ၄၈၆-၄၇၃-၄၉၈ |
| နှစ်နှစ်တိုပတ်လုံး ငါ့နောက်သို့လိုက်ခဲ့လျှင် | ၅၀၅ |
| နှစ်ညဉ့် သုံးညဉ့်ထက်အလွန် | ၃၂ |
| နှစ်ညဉ့် သုံးညဉ့်တိုပတ်လုံး | ၁၆၀ |
| နှစ်ယောက်အိပ်ငြားအံ့ | ၄၂၉ |
| နှစ်သပိတ် သုံးသပိတ်ပြည့်အောင် | ၁၂၄ |
| နှိပ်စက်သဖြင့် | ၃၅၅ |
| နှမ်းမုန့်ညက် | ၅၂၀ |
| **[ ပ ]** | |
| ပစ္စုဒ္ဒိုရ်မပြုခြင်း | ၁၇၁ |
| ပရမ္မရဘောဇဉ် | ၁၂၁ |
| ပရိဗိုဇ် | ၁၄၀ |
| ပရိဗိုဇ်မ | ၁၄၀-၄၂၄-၄၅၀ |
| ပရိဗိုဇ်ယောကျ်ား | ၄၂၄-၄၅၀ |
| ပလ္လင် | ၄၄၅ |
| ပါတိမောက်ကို ပြသည်ရှိသော် | ၂၁၄ |
| ပါတိမောက်ကို ပြဆိုသည်ရှိသော် | ၂၁၂ |
| ပါရာဇိကအာပတ် သင့်၏ | ၃၁၉ |
| ပါရာဇိကအာပတ် သင့်သော | ၃၁၅ |
| ပုဂ္ဂလိက | ၃၈၈ |
| ပုဂ္ဂိုလ်၌ မရှိသေခြင်း | ၁၆၉ |
| ပုဆစ်ဒူးဝန်းအထက် | ၃၁၅ |
| ပူသောအခါ | ၁၈၈ |
| ပေးအပ် | ၁၃၇ |
| **[ ပ ]** | |
| ပေးငြားအံ့ | ၁၄၀-၄၅၀ |
| ပေးပြီးနောက် | ၂၂၈ |
| ပေါ့ပါးသောခြုံထည် | ၃၇၁ |
| ပင်စည်မျိုးစေ့ | ၅၈ |
| ပင့်ဖိတ်ခြင်း | ၂၆၂ |
| ပင့်ဖိတ်ထားပြီး | ၄၆၃ |
| ပင့်ဖိတ်အပ်ကုန်သည်ဖြစ်၍ | ၂၅၇ |
| ပုတ်ခတ်ငြားအံ့ | ၂၁၆ |
| ပုဒ်ပြိုင် | ၂၉ |
| ပေါက်သော | ၄၈၀ |
| ပေါင်းသင်းရခြင်းမရှိ | ၃၁၅ |
| ပယ်နှုတ်စေငြားအံ့ | ၃၇၆ |
| ပွတ်လည်းပွတ်သပ်စေငြားအံ့ | ၅၂၂ |
| ပို့ချငြားအံ့ | ၃၀ |
| ပို့ချသင်ကြားပေးငြားအံ့ | ၄၅၅ |
| ပျားရည် | ၁၃၅ |
| ပြတိုက် | ၄၄၄ |
| ပြဿနာ | ၅၂၄ |
| ပြုဖွယ်ကိစ္စကိုကြည့်၍ | ၂၄၂ |
| ပြုရာသောဝတ်တည်း | ၂၃၉ |
| ပြုလုပ်စေငြားအံ့ | ၂၄၄ |
| ပြုလုပ်လိုသောရဟန်း | ၂၄၅ ၂၄၉ |
| ပြုလိုသောဘိက္ခုနီမ | ၃၁၅ |
| ပြေပြစ်ချောမောသောချိပ်တောင့် | ၃၇၇ |
| ပြောင်းရွှေပေးရမည့်(သူတပါးပိုင်) သက်နှီး | ၄၂၀ |
| **[ ဖ ]** | |
| ဖလှယ်၍ | ၃၆၄ |
| ဖိနှိပ်ခြင်းကိုယည်း သာယာငြားအံ့ | ၃၁၅ |
| ဖိ၍ အိပ်ငြားအံ့ | ၈၅ |
| ဖိ၍ ထိုင်ငြားအံ့ | ၈၅ |
| ဖိလာကန်လန်ကူးခြင်းကိုကြည့်၍ | ၁၀၄ |
| ဖဲသွားငြားအံ့ | ၄၀၅ |
| ဖဲသွားစေလိုခြင်းကိုသာ | ၈၀ |

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ ဖ ]** | |
| ဖဲသွားသော် | ၆၆ |
| ဖုံးကွယ်သောအရပ် | ၄၀၀ |
| ဖုံးကွယ်ရာအရပ်သို့မူလည်း | ၃၂၅ |
| ဖုံးလွှမ်းငြားအံ့ | ၁၈၉ |
| ဖုံးလွှမ်းသောနေရာ | ၁၄၆ |
| ဖိုလ်ကိုမျက်မှောက်ပြုခြင်း | ၄၄ |
| ဖျာအခင်း | ၆၆ |
| ဖျားနာသောရဟန်းမိန်းမ | ၉၁ |
| ဖျက်ဆီးအပ်သည် | ၃၁၉ |
| ဖျက်ဆီးထားပြီးသော သာမဏေ | ၂၀၇ |
| ဖြားယောင်းမူလည်း ဖြားယောင်းငြားအံ့ | ၂၀၇ |
| ဖြန့်ခင်း၍ ဖြန့်ခင်းစေ၍ | ၄၀၉ |
| **[ ဗ ]** | |
| ဗိုင်းချည် | ၄၄၆ |
| **[ ဘ ]** | |
| ဘိက္ခုနီမ | ၃၁၄ |
| ဘိက္ခုနီမတို့သည် | ၄၃၇ |
| ဘိက္ခုနီမတို့က | ၃၅၁ |
| ဘိက္ခုနီမနှင့်အတူ | ၃၆၄ |
| ဘိက္ခုနီမကောင်းတို့နှင့် | ၃၁၅ |
| ဘိက္ခုနီသံဃာအား ညွှင်းဆဲပြီးလျှင် | ၃၅၁ |
| ဘေးဘျမ်းနှင့်တကွဖြစ်၍ | ၁၀၁ |
| ဘေးဘျမ်းနှင့်တကွဖြစ်သော | ၄၃၉ |
| ဘေးရန်နှင့်တကွဖြစ်သော | ၂၆၄ |
| ဘောဇဉ် | ၂၅၆–၃၄၀ |
| ဘုံလျှို | ၆၆ |
| **[ မ ]** | |
| မကြား | ၃ |
| မကြားမသိစေအပ်ပဲ | ၂၆၄ |
| မချီးမြှောက်စေငြားအံ့ | ၄၈၈ |
| မချမ်းမြေ့အောင် ပြုငြားအံ့ | ၄၃၁ |
| မစွန့်ပဲဒေသစာရီဖဲသွားငြားအံ့ | ၄၅၃ |
| မစွန့်ပဲသုံးဆောင်ငြားအံ့ | ၄၅၁ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ မ ]** | |
| မငြိမ်းစေပဲ | ၄၄၈ |
| မတွေ့ | ၃ |
| မထိမဲ့မြင်ပြုသဖြင့် | ၃၅၅ |
| မနာဖျားသူ | ၁၇၃ |
| မနာဖျားသောရဟန်း ၀ | ၁၃၆ |
| မနာမဖျားပဲ | ၅၁၃-၅၂၈ |
| မနာမဖျားသောရဟန်း | ၁၁၁ |
| မနာမဖျားမူ၍ | ၂၆၂ |
| မပေးအပ် | ၁၃၈ |
| မပေးစေမူ၍ | ၁၄၂ |
| မပင့်ဖိတ်ပဲ | ၂၆၂ |
| မပန်ကြားပဲ | ၄၇၀ |
| မပန်ကြားမူ၍ | ၃၃၁-၅၂၃ |
| မပန်ကြားမူ၍လည်း ဖဲသွားငြားအံ့ | ၆၆ |
| မပန်ကြားပဲ အရံတွင်းသို့ဝင်ငြားအံ့ | ၄၅၇ |
| မမြင် | ၃ |
| မရိုသေခြင်း | ၁၆၉ |
| မလုပ်ကျွေး ‘မပြုစု’ငြားအံ့ | ၄၃၃ |
| မသမုတ်ရသေးသော | ၄၇၈-၄၉၇ |
| မသိ | ၃ |
| မသွင်းရသေးသော | ၃၂၃ |
| မသိမ်းစေငြားအံ့ | ၆၆ |
| မသိမ်းငြားအံ့ | ၆၆ |
| မာတုဂါမ | ၃၆-၃၉-၁၄၆-၁၈၄ |
| မိဖုရားရတနာမထွက်သေး | ၂၃၅ |
| မိမိကိုယ်ကို | ၄၁၂ |
| (မိမိ)နိုင်ငံအတွင်း၌ | ၄၃၉ |
| မိမိလည်းခေါ်မသွားအံ့ | ၄၉၀ |
| မိမိလည်းမချီးမြှောက်ငြားအံ့ | ၄၈၈ |
| မီးမွှေးငြားအံ့ | ၁၇၃ |
| မေးသည်မှ တပါးသောစကားကို | ၆၁ |
| မွှေးစေ ငြားအံ့ | ၁၇၃ |
| မှန်းလွဲသောအခါ | ၁၁၁ |
| မုံ့ကြော် မုံ့ရှက် | ၁၂၄ |

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ မ ]** | |
| မှုံကြွက်ကျစ် | ၁၂၄ |
| မှုံတို့ကို ခံယူအပ်ကုန်၏ | ၁၂၄ |
| မိုးတွင်း၌ | ၄၄၂ |
| မိုးရေခံသက်နိုး | ၂၅၂ |
| မျိုးစေ့မြက်သစ်ပင်အပေါင်း | ၅၇ |
| မျက်စိဆိတ်ကွယ်ရာအရပ် | ၁၀၀ |
| မျက်ကွယ်ဝိကပ္ပနာပြုခြင်း | ၁၀၁ |
| မျက်စိဆိတ်ကွယ်ရာ | ၁၄၆ |
| မျက်မှောက်ဝိကပ္ပနာပြုခြင်း | ၁၀၁ |
| မဂ်ကိုပွါးများခြင်း | ၅၄ |
| မြင်ကြားတွေ့သိ | ၃၃၁ |
| မြင့်လွန်းသောနေရာ | ၄၄၅ |
| မင်း | ၃ |
| မင်းကွန်း | ၄၄၄ |
| မင်းမထွက်သေး | ၂၄၅ |
| မင်းမျိုး | ၂၄၅ |
| မြစ်ခြင်း | ၁၂၇ |
| မြစ်တဘက်သို့သော်လည်း ကူးငြားအံ့ | ၃၃၆ |
| မြစ်ပယ်ထားပြီး | ၄၆၃ |
| မည်းနက်သောအဆင်း | ၁၇၉ |
| မြတ်စွာဘုရား၏ အာဏာတော် | ၃၃၀ |
| မြတ်စွာဘုရား၏ အာဏာတော် ဥတ် ကမ္မဝါစာဖြင့် | ၃၂၁ |
| မြတ်စွာဘုရား၏သက်နိုးတော်ပမာဏ | ၂၅၃ |
| မြတ်စွာဘုရား၏ လက်သစ်တော်ဖြင့် | ၂၄၅ |
| မြတ်သောအမျိုးဇာတ် | ၁၀ |
| မြတ်သောအမည်နာမ | ၁၀ |
| မြတ်သောအနွယ် | ၁၁ |
| မြတ်သောအလုပ် | ၁၁ |
| မြတ်သောအတတ် | ၁၁ |
| မြတ်သောဆဲရေးခြင်း | ၁၂ |
| (မိန်းမကိုယ်)အပြင်ကိုပုတ်ခတ်ခြင်း | ၃၀၇ |
| **[ ယ ]** | |
| ယောကျ်ား | ၁၉၀-၄၇၀ |
| ယောကျ်ားကြီး | ၅၀၆ |
| ယောကျ်ားငယ် | ၅၀၆ |
| ယောကျ်ားပုဂ္ဂိုလ် | ၃၁၅-၃၂၅-၃၄၀ |
| ယောကျ်ားရဘူးသောမိန်းမ | ၄၈၀ |
| ယပ် | ၃၉၁ |
| ယာဉ်သွားငြားအံ့ | ၅၁၅ |
| ယုတ်သောအမည်နာမ | ၁၀ |
| ယုတ်သောအနွယ် | ၁၀ |
| ယုတ်သောအလုပ် | ၁၁ |
| ယုတ်သောအတတ် | ၁၁ |
| ယုတ်သောဆဲရေးခြင်း | ၁၂ |
| ယုတ်သောအမျိုးဇာတ် | ၁၀ |
| ယုတ်မာသောအသက်မွေးခြင်းဖို့လျက် | ၃၅၁ |
| ယုတ်မာသောအကျင့်ရှိလျက် | ၃၅၁ |
| ယုတ်မာသောကျောင်စောသံရှိလျက် | ၃၅၁ |
| **[ ရ ]** | |
| ရတနာဟုသမုတ်အပ်သောဝတ္ထု | ၂၃၀ |
| ရဟန်းကို | ၄၅၉ |
| ရဟန်းမဟုတ်သူ | ၅၂ |
| ရဟန်းမဟုတ်သောသူ | ၂၉-၄၃ |
| ရဟန်း၏ရှေ့မှ | ၅၂၃ |
| ရဟန်းယောကျ်ားအား | ၃၉၀ |
| ရဟန်းကဆွမ်းလှူသောအခါ | ၁၁၆ |
| ရဟန်း(အသုံးအဆောင်)သက်နိုး | ၄၂၄ |
| ရဟန်းရှိသောအရံတွင်း | |
| ရဟန်းပြုဘူးသောမိန်းမကို ဖယ်ထား၍ | ၃၃၁ |
| ရဟန်းပြုပေးပြီးနောက် | ၄၉၀ |
| ရဟန်းပြုပေးပြီး၍ | ၄၈၇ |
| ရဟန်းပြုပေးငြားအံ့ | ၄၇၂ |
| ရဟန်းပြုပေးခြင်းငှါ | ၅၀၄ |
| ရဟန်းမိန်းမတို့ | ၈၄ |

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ ရ ] | |
| ရဟန်းမိန်းမကျောင်း | ၉၁ |
| ရဟန်းမိန်းမ | ၂၅၆ |
| ရဟန်းမရှိသောကျောင်း | ၄၆၅ |
| ရဟန်းပရိဗိုဇ် | ၃၂၉ |
| ရဟန်းတို့နှင့်အတူခွဲခဝ သုံးဆောင်အပ်၏ | ၁၂၄ |
| ရာဂစွတ်စိုသည်ဖြစ်၍ | ၃၄၀ |
| ရေကန် | ၄၄၄ |
| ရေရွတ်ငြားအံ့ | ၄၆၁ |
| ရေ၌မြူးထူးပျော်ပါးကစားခြင်း | ၁၆၇ |
| ရေဒန်ပူကိုကြဉ်၍ | ၁၃၈ |
| ရေချိုးငြားအံ့ | ၁၇၇-၅၁၈ |
| ရောနှောခြင်း | ၅၀၆ |
| ရောနှော၍ | ၄၃၇ |
| ရွာတွင်း | ၂၅၆ |
| ရွာသို့ဝင်ငြားအံ့ | ၅၂၆ |
| ရွာသို့သော်ရင်း-နိဂုံးသို့သော်ရင်း | ၁၄၂ |
| ရွာတပါးသို့သော်လည်း သွားငြားအံ့ | ၃၃၅ |
| ရွာတပါးသို့သော်လည်း | ၁၉၄ |
| ရွာတွင်းသို့ ဝင်ငြားအံ့ | ၂၄၂ |
| ရွှ ရှာဖွယ် ယုံမှားတွေးတောဖွယ် ရှိ၏ | ၁၀၁ |
| ရွှေဦးလွန်ကျူးဆဲခဏ၌ | ၃၂၉ |
| ရှေးကတင်ကြို၍ အသိမပေးပဲ | ၂၃၅ |
| ရှေးရှုဆောင်၍ ဖိတ်ငြားအံ့ | ၁၃၀ |
| ရှေးရှုလာခြင်းကိုမူလည်း | ၃၂၅ |
| ရှေးရှုသုံးသပ်ခြင်း | ၃၁၅ |
| ရှေးရှုဆောင်၍ ပင့်ဖိတ်ငြားအံ့ | ၁၂၄ |
| ရှေး၌လူတို့စီရင်အပ်သော | ၁၀၆ |
| ရှစ်သစ်အရှည်ရှိသော ညောင်စောင်း | ၂၄၅ |
| ရင်လွှမ်းတဘက် | ၅၂၆ |
| ရင်လွှမ်းတဘက်မပါပဲ | ၅၂၆ |
| ရပ်မူလည်းရပ်ငြားအံ့ | ၃၉၉ |
| ချပ်၍ စီရင်အပ်၏ | ၇၀ |
| ရည်ညွှန်းချက်ရှိသော ပရိက္ခရာဖြင့် | ၃၇၇ |
| [ ရ ] | |
| ရွှန်းရင်းသောအာပတ် | ၅၂-၁၈၉ |
| ရှိသေခြင်းမရှိ | ၃၂၁ |
| ရှူးသဖြင့် | ၃၄၇ |
| ရယ်မြူးလိုသည်ဖြစ်၍လည်း | ၁၈၃ |
| [ လ ] | |
| လခွဲအတွင်း၌ | ၁၇၇ |
| လခွဲတိုင်း လခွဲတိုင်း | ၂၁၄ |
| လာလာသမျှညွှဲသည်တို့ | ၁၁၁ |
| လာဘ်မည်သည် | ၂၂၈ |
| လုယူစေငြားအံ့ | ၃၆၄ |
| လုယူငြားအံ့ | ၃၆၄ |
| လူမိန်းမ | ၅၂၂ |
| လူဝတ်ကြောင် | ၄၅၀ |
| လူမှုကိစ္စ | ၄၄၇ |
| လူဝတ်ကြောင် | ၄၂၄ |
| လူမိန်းမတို့၏အဆင်တန်ဆာ | ၅၁၇ |
| လူယောကျ်ားကိုကြဉ်၍ | ၃၉ |
| လူတို့နှင့်ရောနှောကာနေကုန်၏ | ၃၅၀ |
| လူတို့၏ကုသိုလ်ကမ္မပထတရားဆယ်ပါး ထက် | ၄၃ |
| လေသာတံခါးရွက်ကို | ၇၇ |
| လေပြင်းထ၍ မိုးကျသောအခါ | ၁၇၇ |
| လေးလတို့ပတ်လုံး | ၁၅၅ |
| လေးကံသထိုက်သောခြုံထည် | ၃၇၉ |
| လေးသောခြုံထည် | ၃၇၉ |
| လေးရက်ငါးရက်ကိုထား၍ | ၄၁၇ |
| လဲလှယ်ခြင်းကိုကြဉ်၍ | ၉၆ |
| လက်ချောင်းထိုး | ၁၆၆ |
| လက်ကိုကိုင်ခြင်းကိုမူလည်း | ၃၂၅ |
| လက်နှစ်သစ်အတိုင်းအရှည်ရှိသော အရပ် | ၃၈၉ |
| လင်ယောကျ်ား | ၅၀၈ |
| လင်မယားနှစ်ယောက်သာရှိသောအိမ် | ၁၄၄ |

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
| --- | --- |
| **[ လ ]** | |
| လမ်းမကြီး | ၄၀၃ |
| လွင်တီးခေါင် | ၄၀၁ |
| လွန်မြတ်သော | ၄၃ |
| လျော့စီးသောအခါ | ၁၁၆ |
| လျော့၍ လျော့စေ၍ | ၃၉၂ |
| လွတ်လိုက်ကြွအံ့ | ၁၄၂ |
| လှည့်လည်ကြွအံ့ | ၁၅၂ |
| လှုံလို၍ | ၁၇၃ |
| လှူ ဆော်ကြွအံ့ | ၁၈၇ |
| လုပ်ကျွေးပြုစုကြွအံ့ | ၃၉၁ |
| လုပ်ကျွေးမှုလည်းလုပ်ကျွေးစေကြွအံ့ | ၂၀၇ |
| လုပ်ကျွေးပြုစုစေခြင်းငှါလည်း | ၄၃၃ |
| လိုက်၍ ဝင်ကြွအံ့ | ၃၂၅ |
| **[ ဝ ]** | |
| ဝါကျွတ်ပြီးသောဘိက္ခုနီမ | ၄၄၃ |
| ဝါမှထသည်ရှိသော် | ၄၆၆ |
| ဝိကပ္ပနာ | ၁၈၁ |
| ဝိနည်းတရားနှင့်အညီ မပြုရသေးခြင်း | ၂၀၂ |
| ဝိမောက္ခ | ၄၃ |
| ဝင်၍ ထိုင်နေကြွအံ့ | ၁၄၄ |
| ဝန်တိုသူဖြစ်ကြွအံ့ | ၄၆၄ |
| ဝှက်ထားကြွအံ့ | ၁၈၃ |
| **[ သ ]** | |
| သင်္ကန်း | ၁၈၂-၃၆၄ |
| သင်္ကန်းလှူသောအခါ | ၁၁၆-၁၅၂ |
| သင်္ကန်းချုပ်သောအခါ | ၁၁၆-၁၅၂ |
| သင်္ကန်းလှည့်လည်ဝတ်ခြင်းကို | ၄၁၈ |
| သင်္ကန်းကာလကို လွန်စေကြွအံ့ | ၄၂၅ |
| သင်္ကန်းမြှော်လင့်ချက်မသေချာပဲ | ၄၂၅ |
| သင်္ကန်းစွန်းကို ကိုင်ခြင်းကိုမူလည်း | ၃၂၅ |
| သတ္တဝါ | ၁၈၄ |
| သတို့သမီးပျိုဖြစ်သူ | ၄၉၁-၄၉၇ |
| **[ သ ]** | |
| သဒ္ဒါအပေါင်းပြိုင် | ၂၉ |
| သပိတ် | ၁၈၂ |
| သမာဓိ | ၄၃ |
| သမာပတ် | ၄၃ |
| သမုတ်အပ်သော | ၄၃၉ |
| သမ္မုတိမရပဲ | ၅၂-၈၄ |
| သမ္မုတိရသောရဟန်း | ၈၉ |
| သာမဏေ | ၁၈၁ |
| သာမဏေမ | ၁၇၉-၅၂၂ |
| သာယာအပ်၏ | ၁၅၅ |
| သာယာကြွအံ့ | ၃၂၅ |
| သိ၏ | ၁၀၆-၃၁၉-၃၃၁-၄၅၇ |
| သိက္ခမာန် | ၁၈၁-၅၀၃ |
| သိက္ခမာန်နှစ်ယောက်တို့ကို | ၅၁၂ |
| သိကြားလိမ္မာသူ | ၃၉ |
| သိလျက် မဟုတ်မမှန်ကိုပြောဆိုခြင်း | ၂ |
| သိအောင်ပြုရမည် | ၂၁၀ |
| သူကြွယ် | ၃၂၉-၄၃၇ |
| သူကြွယ်၏သား | ၃၂၉-၄၃၇ |
| သူတပါးကို | ၄၁၀ |
| သူတပါးကိုလည်း ခေါ်မသွားစေအံ့ | ၄၉၀ |
| သေအရက် | ၁၆၄ |
| သေက္ခဟုသမုတ်အပ်ကုန်သော | ၂၆၁ |
| သေစေလိုသောစေတနာရှိသည်ဖြစ်၍ | ၁၈၄ |
| သောကဝင်လျက်ရှိသော | ၅၀၆ |
| သံဃာ | ၃၃၁-၄၇၀ |
| သံဃာ၏ဥစ္စာ 'သံဃိက' | ၆၆ |
| သံဃာဒိသိသ်အာပတ် | ၃၂၉ |
| သံဃာဒိသိသ်အာပတ်ဖြင့် | ၂၁၉ |
| သံဃာကိုညှဉ်းဆဲခြင်း | ၆၁ |
| သံဃာ၌အဆုံးအဖြတ်စကား | ၂၆၂ |
| သံဃိက | ၃၇၀ |
| သံဃိကဖြစ်သော | ၂၂၇ |
| သံဃိကကျောင်း | ၆၈-၇၃ |

http://www.dhammadownload.com




| အကွရာစဉ် | စာမျက်နှာ |
|---|---|
| [ သ ] | |
| 'သံဝါသ'ပေါင်းဖေါ်ခြင်း | ၄၆၇ |
| (သွားသင့်သော)အကြောင်းကို ကြည့်၍ | ၁၅၈ |
| သင်တို့ကိုသာလျှင် | ၃၅၅ |
| သင်ယူငြားအံ့ | ၄၅၄ |
| သင့်ကို ငါရဟန်းပြုပေးအံ့ | ၅၀၃ |
| သတ်ဖြတ်ငြားအံ့ | ၁၈၄ |
| သတ်ထိုက်သူ | ၃၃၁ |
| သည်းမခံသဖြင့် | ၃၅၅ |
| သန့်စင်သောဘိက္ခုနီမ | ၃၈၉ |
| သေ့စုနာ | ၄၇၀ |
| သွန်းလောင်းစေငြားအံ့ | ၇၉ |
| သွန်းလောင်းငြားအံ့ | ၇၉ |
| သိမ်းထားရမည် | ၂၃၉ |

| အကွရာစဉ် | စာမျက်နှာ |
|---|---|
| [ သ ] | |
| သောက်ရေ | ၃၉၁ |
| သောက်ငြားအံ့ | ၁၆၅ |
| သုံးဆောင်ငြားအံ့ | ၄၄၅ |
| သုံးကြိမ်တိုင်အောင် | ၃၄၆-၃၅၇ |
| သိုမှီးသိမ်းဆည်းခြင်းကိုပြုခြင်း | ၁၃၃ |
| သို့သော်လည်းကိုယ်တိုင် မစေ့ဒနာမိပါ | ၃၁၉ |
| သိုးပြီးသောဆန္ဒပေးခြင်းဖြင့် | ၅၀၉ |
| [ ဟ ] | |
| ဟောငြားအံ့ | ၃၉ |
| ဟင်းလင်းအပြင်ရှိသောကုဋီ | ၇၅ |
| ဟုတ်မှန်သောသဘောဝိနည်း | ၃၃၈ |
| ဟုတ်မှန်သောသဘောဝိနည်းဖြင့် | ၃၂၁ |